http://www.dhammadownload.com

သကျသီဟနှင့် စ အ ဓမ္မာစရိယ
ဦးကောဝိဒါဘိဝံသ-၏


မစိုးရိမ်

# ပါရာဇိကဏ်အဖြေ

ပထမတွဲ

"မူပိုင်"
COPYRIGHT ALL RIGHTS RESERVED

ဓမ္မဒါန



(စတုတ္ထအကြိမ်)

ကောဇာ-၁၃၅၇၊ သာသနာ-၂၅၃၉၊ ခရစ်-၁၉၉၅။

http://www.dhammadownload.com

သကျသီဟနှင့် စ အ ဓမ္မာစရိယ
ဦးကောဝိဒါဘိဝံသ-၏

မစိုးရိမ်

# ပါရာဇိကဏ်အဋ္ဌ

ပထမတွဲ

“မူပိုင်”

COPYRIGHT ALL RIGHTS RESERVED

ဓမ္မဒါန



(စတုတ္ထအကြိမ်)

ကောဇာ-၁၃၅၇၊ သာသနာ-၂၅၃၉၊ ခရစ်-၁၉၉၅။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

မန္တလေးမြို့
မစိုးရိမ်ကျောင်းတိုက်
ပိဋကနယ္ယူပဒေသကျောင်းနာယက
သကျသီဟ, စေတိယင်္ဂဏနှင့် အစိုးရဂုဏ်ထူးဆောင် ဓမ္မာစရိယ
တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြု
ဦးကောဝိဒါဘိဝံသ
ရေးသားအပ်သော

# မစိုးရိမ်
# ပါဠိကျော်အဖြေ

## ပထမတွဲ

တတိယအကြိမ်
"မူပိုင်"

COPYRIGHT ALL RIGHTS RESERVED

ဓမ္မဒါန

သာသနာ ၂၅၃၉ ကောဇာ ၁၃၅၇ ခရစ်-၁၉၉၆

http://www.dhammadownload.com

စုပ်စောအာဘော်၊ ထုတ်မျှော်နှိုက်နဲ့၊ ဝက်ဝက်ကွဲအောင်၊
ဖြတ်ခွဲနှိုင်းဆ၊ ပက်နယ်ရှုလျက်၊ ဆရာ့လက်ဆုပ်၊
အတွင်းငုတ်သား၊ မှန်ထုပ်လျှို့ဝှက်၊ အသိခက်တိ၊
အနက်အဓိပ္ပာယ်၊ ကျဉ်းကျယ်ရဲ့ချုပ်၊ သရုပ်သကန်၊
ကျမ်းရိုးပွန်အောင်၊ နှုတ်ဝန်မလေး၊ စိန့်နှယ်သွေးလော။

(မဃဒေဝ)

ဘာသာရေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေခွင့်အမှတ် - ၄၇/၉၆ (၄)
စတုတ္ထအကြိမ် အုပ်ရေ (၂၀၀၀)
ထုတ်ဝေသူ - ဦးအောင်ကြီး(၀၉၈၆)
ရွှေပရပိုက်စာပေ
အမှတ် ၅၊ တင့်ဆန်းလမ်း၊ ဂွတ္တာလစ်၊ ရန်ကုန်
ပုံနှိပ်သူ - ဒေါ်သန်းမြင့် (၀၄၇၀၆)
အောင်ကိန်းအော့ဖ်ဆက်

http://www.dhammadownload.com



## ● အနက်ယောဇနာနည်းများ


| အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|
| နာမာပေက္ခအနက်ပေး | ၃–၄ |
| ပဌမံ တာဝ ရှိရာအနက်ပေး | ၁၈ |
| ဟောတာလက်ာရအနက် | ၈၀။၂၂၂ |
| ကတ္တားဖြည့်အနက် | ၃၅။ ၈၄ |
| ဥပမာနအသွင်းအထုတ် | ၁၀၁ |
| သဒ္ဒတ္ထအဓိပ္ပာယတ္ထ | ၁၁၁။ ၂၃၄ |
| ကြိယာပြင်၍အနက်ပေး | ၁၂၃ |
| ဣတိသဒ္ဒါနာမတ္ထ | ၁၂၅ |
| ဝုတ္တဋ္ဌေတအနက် | ၁၃၅ |
| ဌာနာနရူပအနက် | ၁၄၇ |
| သရူပပုစ္ဆာဝိသဇ္ဇနာ | ၁၇၃၊ ၅၅၇ |
| ဧတ္ထာဟ–အနက်ပေးနည်း | ၁၈၃ |
| ဥပမာလင်္ကာရအနက် | ၁၉၂ |
| အတ္ထောသမ္ဗန် | ၁၉၅၊ ၂၃၉ |
| ဓတ်ကိုဝိဘတ်စွဲ၊ ပုဒ်စွဲအနက်ပေးပုံ | ၁၉၉ |
| တတ္ထသိယာ၊ တွေသိယာအနက်ပေးနည်း | ၂၁၂–၃ |
| အနုသန္ဓေဝါကျနောက် “တတ္ထ” အနက် | ၂၄၇–၈ |
| ဣဒါနိအာဟအနက် | ၂၄၈ |
| တုလျတ်လိင်္ဂတ်၊ ပကတိဝိကတိ၊ အနိယတ်နိယတ် | ၂၄၉ |
| အပိစပုဒ်အနက်ယောဇနာနည်း | ၂၈၁ |
| အာကာရအသွင်းအထုတ်အနက်ပေးနည်း | ၃၇၇ |
| တတ္ထကိဠာပိဒ္ဓတတ္ထစွဲပုံ | ၅၀၇ |
| ဝုစ္စတေ၊ ဝုစ္စတိအနက်ပေးနည်း | ၅၇၈ |
| ဝါကျပရိဝတ္တနအနက်ပေး | ၆၉၆–၉ |
| သံဝဏ္ဏနာနှင့်အညီသံဝဏ္ဏေတဗ္ဗကိုအနက်ပေးပုံ စသည် | ၂၂၂ |

http://www.dhammadownload.com



## ● ဝါကျအကြောင်းနှင့်ကျမ်းတက်


| အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|
| အနိယတ်နိယတ်ဝါကျ | ၅ |
| အနိယတ်နိယာတ်ပဓာနကောက် | ၇ |
| ပက္ခ ပက္ခန္တရဝါကျ | ၆ |
| လဒ္ဓဂုဏဝါကျ | ၁၉၊၃၁၊၈၁၊၆၇၄ |
| လဒ္ဓဂုဏဝါကျကျမ်းတက် | ၂၁ |
| ဝိတ္ထာရဝါကျ | ၅၇၊၈၁၊၁၇၄ |
| သန္နာယဝါကျကျမ်းတက် | ၈၂ |
| ကာရဏနှင့်ဖလ | ၂၉-၃၀၊၁၇၄ |
| ကိဋ္ဌာပိယဒိပိကာမဋ္ဌဝါကျ | ၃၆၊၄၆၊၄၈၉၊၅၀၈ |
| တိကာ, ပဥ္စကကျမ်းတက်နည်း | ၄၀ |
| သမ္ဘာဝနာ ဂရဟာကိန်းသေနည်း | ၄၃ |
| ဝါကျာရမ္ဘဝါကျမှတ်ဖွယ် | ၄၄ |
| ဝါကျာရမ္ဘနှင့်ဥပန္យာသအထူး | ၄၄ |
| ဒဠှီကရဏဝါကျ | ၆၅၊ ၈၁၊ ၂၅၀ |
| နိဂမန နိဂမနိယဝါကျ | ၈၅-၆ |
| ဉာတိဝုတ္တံဟောတိဝါကျ | ၁၀၃ |
| ဝါစကပသင်္ဂ ဝါစ္စပသင်္ဂ (ဝါ) အတ္ထပသင်္ဂသဒ္ဒသင်္ဂ | ၁၁၃၊ ၃၈၂ |
| အတ္ထုဒ္ဓါရ၊အတ္ထုဒ္ဒေသ၊ဝိသေသ၊သာမညဝါကျ | ၁၇၆-၉ |
| ဓတ္တာဟဝါကျကျမ်းတက် | ၁၈၄ |
| ဓတ္တာဟ၊ဓတ္တသိယာ၊တတ္ထသိယာအထူး | ၁၈၅ |
| ပဒါဝဓိကန္တ ဝါကျာဝဓိကန္တ ကိန်းသေကျမ်းတက် | ၁၉၈-၂၀၀ |
| ဝိတ္ထာရနှင့်ဒိဋ္ဌိနောက်၌ဒသေတိဝါကျ | ၂၂၀ |
| ဋီကာသမတ္တေတိဖွင့်ပြလျှင် | ၂၂၃ |
| ဒသေတိဒီပေတိဝါကျမှတ်စရာ | ၂၃၁ |
| လက္ခဏအရစိဝါကျကျမ်းတက်စသည် | ၄၄၉-၄၅၁ |
| အနုသန္ဓေဝါကျနှင့်အဝယဝတ္ထုဝါကျကျမ်းတက်စသည် | ၄၁၆-၄ |
| ကိဋ္ဌာပိဝါကျဋီကာကျမ်းတက် | ၅၂၃ |

http://www.dhammadownload.com




| အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|
| လီနတ္ထ ရ၊ အန္တောလီနကျမ်းတက် | ၂၀၄-၅၊၅၁၉၊ ၆၆၄ စသည် |
| သမညစောဒနာ၊အညစောဒနာတက် | ၅၃၄ |
| ဝေဠိ ဝါကျ | ၅၀၆-၁ |
| အန္ဒယဇျတိရေကဝါကျမှတ်ဖွယ် | ၅၇၉ |
| ဝေဖလကျမ်းတက်နည်း | ၅၈၁-၂ |
| ပဋိသေဝပယ်ကျမ်းတက်ပုံ | ၅၈၂ |
| ဝေဠုပနဝါကျ | ၆၃၉ |
| ဗျတိရေကဒဋ္ဌိကရဏဝါကျ | ၆၉၉ |
| တပ္ပါကဋိကရဏဝါကျ | ၇၁၁-၃ |

(ဝါကျတိုင်း၌ ဝါကျခွဲနှင့် ကျမ်းတက်နည်းများ ဖော်ပြထားသည်။)

● ဉာသ်ကောက်နည်းမှတ်ဖွယ်

| | |
|---|---|
| အန္တ တ္ထဗာဟျတ္ထကောက်နှင့်ဉာသ်ကောက်ခေါ် ရခြင်းအကြောင်း | ၂၂ |
| အဘိဓေယျတ္ထကောက် | ၂၃ |
| သမာသ်တဒ္ဓိတ်ကောက်နှင့်သမ္ဗန် | ၅၆ |
| ကတ္တုသာဓနေသုံးမျိုးဉာသ်ကောက်နည်း | ၅၇-၆၀ |
| ဟေတုကတ္တုသာဓနေကောက်နည်း | ၇၀ |
| တဂ္ဂုဏ, အတဂ္ဂုဏဉာသ်ကောက်နည်း | ၈၀ |
| ဘာဝတဒ္ဓိတ်ဉာသ်ကောက်ကိန်းသေနည်း | ၈၉-၉၃ |
| ဗဟုဗ္ဗီဟိအသဃတ္ထိပုဒ်ဘောစီးရာ၌ | ၉၃-၄ |
| သုတ္တံပုဒ်ဉာသ်ကောက်အထူး | ၁၀၅-၆ |
| ကမ္မသာဓနေဉာသ်ကောက်နည်း | ၁၃၀ |
| ပစ္စယုပ္ပန္နဘောဟူသည် | ၁၃၁ |
| ဝိသေသနပုဒ်ဉာသ်ကောက်နည်း | ၁၈၀ |
| ဒသေဿော ပကာသေဿော ဒီပေဿော ဉာသ်ကောက် | ၂၅၂ |
| ကိတန္တ သမာသ်ဉာသ်ကောက်နည်း | ၄၆၆ |

(နံပါတ် ၄-အဖြေ၌ သမာသ်တဒ္ဓိတ် ကိတ်ပုဒ် အမျိုးမျိုးကို နည်းရလောက်အောင် ဉာသ်ကောက်ပြထားသည်။)

http://www.dhammadownload.com



## အထွေထွေမှတ်ဖွယ်များ


| အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|
| တာဝသဒ္ဒါ၏အနက် | ၁၈-၉ |
| ဒေသနာဟာရနေတ္တိ | ၂၅ |
| ပဒအန္တစသည်-ဖြေနည်းနှင့် တွာဒိပစ္စယန္တမှတ်ဖွယ် | ၃၄ |
| ပုရေဒိဗ္ဗတိသဒ္ဒါ၏ ကာလ | ၆၁ |
| ပဒဋ္ဌာနဟာရမှတ်ဖွယ် | ၇၅၊ ၂၈၅၊ ၃၂၇ |
| သဗ္ဗနာမ်ပုဒ်လိင်ဂိုဏ်း | ၁၀၇ |
| အာဏာရှင်ဘုရား | ၁၂၁ |
| စာဖြေရာ၌သတိပြုရန်နှင့်တောပစ္စယန္တ | ၁၃၂-၃ |
| သာသနဒါယာဒ သာသန်အမွေခံ | ၁၆၇ |
| သခ်ါတသဒ္ဒါဖြင့်ဖွင့်ရာ၌အာဘော် | ၁၉၁ |
| အာဘော်ကြံနည်းများ | ၂၄၄၊ ၂၆၃ စသည် |
| ဗဟုဗ္ဗီဟိအသဒ္ဒိသ၌ဥပစာ | ၂၅၄၊ ၅၁၇-၈ |
| မ်ဟန္တသဒ္ဒါ၏အတ္တုဒ္ဒါရ | ၂၂၆ |
| ဒသေတိဒီပေတိဥပစာ | ၂၅၉ |
| ဂုဏ်တော်ပွားများနည်းနှင့်ဘဂဝါအထူး | ၂၆၈ |
| ပုဒ်ကိုချန်လှပ်ဖွင့်ရာ၌အာဘော် | ၂၆၃ |
| ကမအမျိုးမျိုး | ၄၇၉ |
| ဝေဝစနာဟာရ | ၅၀၀-၁ |
| ပုဂ္ဂလာဓိဋ္ဌာန်ဖွင့်ရာ၌ဥပစာ | ၄၇၁ |
| သီသေနဖွင့်ရာ၌ဥပစာ | ၅၃၈ |
| ဘာဝပ္ပဓာန်ဟိတ်ပုဒ်မှတ်ဖွယ် | ၄၅၃-၄ |
| သမ္ပိဏ္ဍနသမုစ္စည်းအထူး | ၅၁၃ |
| အာယပြုရာဌာနများ | ၅၄၄ |
| သမ္ဘန္ဓသုံးမျိုးအထူး | ၇၁၃ |

http://www.dhammadownload.com

# ဂန္ထပြုတ္တိနိဒါန်း

**ဘာကြောင့်** ,မစိုးရိမ် သီလက္ခန် အဖြေ ၊၈၁အုပ် နောက်ဆုံး စာ

**ကြန့်ကြာရသလဲ** မျက်နှာ၌ မစိုးရိမ် ပါရာဇိကဏ်အဖြေ (ရိုက်တော့မည်)ဟု ကြေညာခဲ့စေကာမူ အကြောင်း အမျိုးမျိုးကြောင့် မရိုက်ဖြစ်ဘဲ နှောင့်နှေး ကြန့်ကြာ ခဲ့ရသည်။ အကြောင်း အမျိုးမျိုးဆိုရာတွင် "တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြုကိစ္စ"မှာ အဓိက အကြောင်းရင်း ဖြစ်၏။ တော်လှန်ရေးကောင်စီအစိုးရခေတ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် **မစိုးရိမ်ဆရာတော် ဘုရားကြီး** အား နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့ စုံစမ်းစစ်ဆေးရေးကော်မတီ အတွင်းရေးမှူး ဆရာဦးလှမောင် (ညွှန်မှူးချုပ်) ကိုယ်တိုင် မပြီးမပြတ်ရှိနေသော တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီးကို ဝိုင်းဝန်း ကူညီရေးသား ပေးပါမည့်အကြောင်း လျှောက်ထားလာသည်။[1] ဆရာတော် ဘုရားကြီးသည် မိမိ ကိုယ်တိုင် သဒ္ဒတ္ထရတနာဝလိ မဟာပါဠိ အဘိဓာန်ကျမ်းကို ရေးသား ပြုစုခဲ့ဖူး၍ အဘိဓာန်ကျမ်းစာ၏ သာသနာအတွက် အရေးပါအရာရောက် အားထားလောက်သော ကျမ်းစာဖြစ်သည်ကို မဆွကပင် သဘောတော် ပိုက်မိပြီးဖြစ်သဖြင့် လျှောက်ထားလာသည့် တာဝန်ကို လက်ခံတော်မူကာ မစိုးရိမ် စာချနာယကအဖွဲ့အား ယင်း တိပိဋက ပါဠိ မြန်မာ အဘိဓာန်ကျမ်း ရေးသားပြုစုပေးရန် အမိန့်ပေးတော်မူလေသည်။

အာဂတော ဘာရော န ဘာယိတဗ္ဗော–ဟု ဆိုရိုးရှိ၏။ ထိုက်တန်သဖြင့် ပေးအပ်လာသော တာဝန်ကို ရှောင်လွှဲ၍မရစကောင်းသည့်အပြင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ အမိန့်တော်ကို မည်သည့်အခါကမျှ မငြင်းဆန် မတော်လှန် မပယ်ရှား ဖူးသော နာယက စာချ ဘုန်းကြီးများမှာ အစဉ်တစိုက် ထမ်းဆောင်နေသည့် ကြီးလေးသော စာချတာဝန်နှင့်အတူ အဘိဓာန်ကျမ်းပြုတာဝန်ကိုပါ အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူကြရပြန်ပါသည်။

---

၁။ တိပိဋက၊ ဓာန်၊ အတွဲ–၅၊ နိဒါန်း၊ ကီ–ကြည့်။

http://www.dhammadownload.com



## နိဒါန်း

ပါဠိစာပေ သမိုင်းတွင် မှတ်တိုင် တစ်တိုင်အဖြစ် တည်ရှိရစ်မည့် အဘိဓာန်ကျမ်း ရေးသားမှု ကိစ္စကို သမန်ကာရှံကာသဘောထား၍မဖြစ်ပါ။ ပါဠိအဋ္ဌကထာဋီကာ အနုမဓုဂဏ္ဌိကျမ်းစုံညှိ၍ လည်းကောင်း၊ ဘာသန္တရ အဖွင့်ကျမ်းများနှင့် ချင့်ချိန်၍လည်းကောင်း၊ ထိုထိုအတတ်ပညာရှင်, အသိပညာရှင်များထံ သွားရောက်တွေ့ဆုံဆွေးနွေး၍လည်းကောင်း၊ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ကြိုးစားကြရသည်။ အမှားနည်းနိုင်သမျှ နည်းအောင်လည်း ဂရုပြုကြရသည်။ သို့ဖြင့် တစ်ကိုယ်ရေး ပါ+မြေကျမ်းစာကား (ရိုက်တော့မည်)ဟု ကြေညာထားပြီးကာမှ စာမူကြမ်းဘဝမှာပင် သောင်တင်နေပေတော့သည်။

**မရှောင်နိုင်သော ကိစ္စများ** အဘိဓာန်ရေးသားမှုကိစ္စ အတော်အတန် အသား ကျ၍ အားလပ်ခွင့်ကလေးများရလာသည့် (၁၃၃၄ တပို့တွဲလ) အချိန်တွင် စာမူကြမ်းကို မူချောဖြစ်အောင် စတင် ရေးသားပါသည်။ ၁-နှစ်လောက် အချိန်ယူ၍ အချော ကိုင်လျှင် ပြီးပြတ်နိုင်ပါ၏။ သို့တစေ စတင်အချောကိုင်သည့် နှစ်မှ ယခုနှစ် (၁၃၃၇ နှစ်)အတွင်း မည်သူမျှရှောင်လွှဲ၍ မရစကောင်းသော အာစရိယ ဗျူသန, ရဋ္ဌဂုရုဗျူသနကိစ္စကြီးများနှင့် ကြုံတွေ့နေရသဖြင့် နှောင့်နှေးလေးဖင့် အချိန်တွေ ကြာမြင့်မှ စာမူအချောသတ်နိုင်ပါတော့သည်။

**စီစဉ်ထားပုံ** ဤကျမ်းစာ စီစဉ် ထားပုံမှာ- ဗာဟိရ နိဒါန်း၌ အမေးအဖြေ အစုံလိုက်အစုံလိုက် ရေးသားထား၍ အဗ္ဗှန္တရိကနိဒါန်း (ဝေရဉ္ဇာကဏ္ဍ) တွင် မေးခွန်း မထည့်တော့ဘဲ အဖြေများ ကိုသာ ရေးသားထားသည်။ အစိုးရစာချတန်း၊ ပါရာဇိကဏ် အဋ္ဌကထာ မေးခွန်းမှာ.....

၁။ အနက်ယောဇနာ။ ၂။ ကျမ်းတက်ခြင်း၊ စာထွက်ခြင်း။ ၃။ ဝါကျခွဲ။ ၄။ ဝိဂ္ဂဟနှင့် ဉာသ်ကောက်။ ၅။ ပဒအန္တစသည်, သမာသပဒ စသည် မေးခြင်း၊ ဓာတ်ပစ္စည်း လိင်ဂိုဏ်း ကာရန္တတို့ကို မေးခြင်း၊ ဝိဘတ်နှင့် ဝိဘတ်အနက်မေးခြင်း။ ၆။ အဓိပ္ပာယ်နှင့် သံဝဏ္ဏနာ အမည်မေးခြင်း။ ၇။ ပါဠိအမှားအမှန်ကို ဆုံးဖြတ်စေခြင်း (ပါဌဝိနိစ္ဆယ) ၈။ နည်းနှင့်ဥပစာမေးခြင်း၊ ဥပမာန စတုက္ကမေးခြင်း။ ၉။ စုဏ္ဏိယပါဠိ

http://www.dhammadownload.com



စာစီစာကုံး မေးခြင်း။ ၁၀။ နေ့တွင်္ဂဟာရ ထုတ်ပုံ မေးခြင်း-တို့ ပါဝင်ရာ ဗာဟိရနိဒါန်း အမေးအဖြေကို လေ့လာခြင်းဖြင့် မေးခွန်းမေးပုံနှင့် ဖြေပုံကို သိလောက်ပါသည်။

## ၁။ အနက်ယောဇနာ

နာမာပေကွဲအနက်ပေးနည်းစသော အနက်ပေးနည်း အမျိုးမျိုးကို ဖော်ပြထားပါသည်။ (မှတ်သားဖွယ်ရာ မာတိကာကြည့်။) အထူးသဖြင့် အဖွင့်သံဝဏ္ဏနာနှင့်အညီ အဖွင့်ခံ သံဝဏ္ဏေတဗ္ဗပုဒ်ကို အနက်ယောဇနာခြင်း မပြုနိုင်လျှင် အဋ္ဌကထာ ကျမ်းစာလေ့လာခြင်း၏ လိုရင်း အနှစ်သာရသို့ မရောက်ပါ။ သို့ကြောင့် အဖွင့်သံဝဏ္ဏနာနှင့်အညီ အနက်ပေးပုံကို ကြိုးစား ရေးသားထားပါသည်။

## ၂။ ကျမ်းတက် ၃။ ဝါကျခွဲ

"ရာသီမနိုင် ဆေးမကိုင်နှင့်" ဆိုသလို "ဝါကျမနိုင်- စာမကိုင်နှင့်"ဟု ဆိုရပါမည်။ ဝါကျအသွားအလာ အနေအထား (ဝါကျဂတိ) ကို နားမလည်ဘဲ အဋ္ဌကထာ, ဋီကာကျမ်းစာများကို ကြည့်ရှု လေ့လာပို့ချမည်ဆိုလျှင် ပင်ပန်းဖွယ်သာ ဖြစ်မည်။

စာမေးပွဲဖြေဆိုရာ၌လည်း ဝါကျကို နားမလည်, မှန်မှန်ကန်ကန် မဆုံးဖြတ်နိုင်ဘဲ နံပါတ် ၂-ကျမ်းတက်ကို ဖြေလျှင် လွဲမည်သာ ဖြစ်၏။ ထိုကြောင့် စာချစဉ် မိမိတို့အသုံးပြု၍ အလွန်စာမြင်လွယ်သော တစ်ဝါကျစီ ဝါကျခွဲ, တစ်ဝါကျစီကျမ်းတက်နည်းကို ရေးသားဖော်ပြထားပါသည်။ စာဖြေရာ၌ကား သူ့ပုစ္ဆာနှင့်သူ တစ်သန့်စီ ဖြေရန်အတွက် အခက်အခဲရှိမည် မဟုတ်ပါ။

## အကျဉ်းရေး အကျယ်သိ

ထို-၍ (ထိုကိုထောက်၍) ဟု အကျဉ်းရေးသားထားလျှင် (ထို ဂ- ဝါကျကိုထောက်၍)စသည်အကျယ်သိရာ၏။ နာ၊ ၁၂၈-၌ ထို-၍ ခ- ဝါကျကား ပက္ခဝါကျ"ဟု ဆိုရာ၌ ထို ဂ-ဝါကျကို ထောက်၍ ခ-ဝါကျကား ပက္ခဝါကျ"ဟု အကျယ်သိပါ။ က-ခ-ဂ-စသည်ရှိရာတွင် ခ-ကိုထောက်၍

http://www.dhammadownload.com



က–ကို၊ ဂ–ကိုထောက်၍ ခ–ကို နားမည်ပေးခြင်းပင်တည်း။ ကျမ်းစာက် ရာ၌ (မပြုပြီလော–ကြောင့်)ဟု တွေ့လျှင် (မပြုပြီလောဟု သူမေးဖွယ် ရှိသောကြောင့်၊ သို့မဟုတ်။ သူစောဒနာဖွယ်ရှိသောကြောင့်)ဟု အရာဌာနလိုက်၍ အကျယ်ဖော်ပါ။ အဓိပ္ပာယ်ပြန်ရာ၌ (ကား) ဟု တွေ့လျှင် (အဓိပ္ပာယ်ကား)ဟု သိရာ၏။

## ၄–ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

အဋ္ဌကထာ,ဋီကာ,ဂဏ္ဌိနှင့် သဒ္ဒါကျမ်း အဘိဓာန်ဋီကာ သူစိ စသော ကျမ်းများမှ ဝိဂ္ဂဟအမျိုးမျိုးကို ဖော်ပြထားပါသည်။ ဉာဏ်ကောက်ရာ၌ ကိန်းသေ စည်းသေ နည်းများကို ရေးသားထားသဖြင့် ဉာဏ်ကောက်ရာ၌ အခက်အခဲများကို ကျော်လွှားနိုင်ပါလိမ့်မည်။ ဉာဏ်နည်းကို လေ့လာသောအခါ သဲအင်းဉာဏ်ကောက်ကို ကျေပွန်စွာ ကျက်မှတ်ပြီးမှ လေ့လာပါလျှင် မိမိ အကျဉ်းရေးသား ထားသည်ကို အကျယ်သိနိုင်ပါသည်။

ဥပမာ– နှာ။ ၄၅၂၌ "ဈာနံ.....ကားပထမဈာန်သည် မုချ" ဟု ကောက်ထားရာ "ဈာနံဟူသော ဝိသေသနပုဒ်အရကား ပထမဈာန်သည် မုချ အားဖြင့် ရ၏"ဟု အကျယ်ကောက်ရမည်။ ချဲ့ရေးရမည်။

(ယင်း၏၊ ယင်းတို့၏) တွေ့တိုင်း မုချအရကိုရှု၍ အကျယ်ဖော်ရမည်။ ဥပမာ– နှာ ၂၅၇–၌ (ယင်း၏ ဘုရားဒြဗ်နှင့် ဌာနဌာနီ)ဟု ဆိုရာ မုချ အရကိုရှု၍ (ယင်းမြင့်မြတ်သော မင်းမျိုး၏)ဟု အကျယ်ဖော်ပါ။

(ထို–ဖြင့် မှတ်အပ်သော) တွေ့လျှင် (ထိုမုချဌာနူပစာရဋ္ဌတို့ဖြင့် မှတ်အပ်သော) စသည် မုချကောက် ဥပစာကောက် ၂–ခုကိုရှု၍ အကျယ် မှတ်ရမည်။

ဥပမာ– နှာ ၂၆၁–၌ (ထိုမုချဌာနူပစာရဋ္ဌတို့ဖြင့် မှတ်အပ်သော) ဟု ရှိရာ အကျဉ်းရေးလျှင် (ထို–ဖြင့်မှတ်အပ်သော) ဟုပင် ရေးမည်။ နှာ ၂၄၁–၌ (ထိုမုချ ဖလူကာရဏူပစာတို့ဖြင့် မှတ်အပ်သော) ဟုရှိရာ အကျဉ်းရေး လျှင် (ထို–ဖြင့် မှတ်အပ်သော)ဟုပင် ရေးမည်။ စာသား ကျဉ်းသွားစေရန်၊ အတိုချုံးရေးသား ထားသည်ကို ဖော်နိုင်ရန် ဗာဟိရနိဒါန်းမှ ဉာဏ်

http://www.dhammadownload.com



ခကောက်များနှင့် သဲအင်းဥဒ်ကောက်ကို ကျွေပွန်စွာ လေ့ကျက်ပါဟု မှာကြားလိုပါသည်။

## ၅။ ဓာတုပစ္စယာဒိဝိဘာဂ

ပဒအန္တ စသည်-ဖြေဆိုခဲ့ပါဟုမေးလျှင် လည်းကောင်း၊ သမာသ ပဒ စသည် ဖြေဆိုခဲ့ပါဟု မေးလျှင်လည်းကောင်း ဖြေဆိုနည်းနှင့် ဓာတ် ပစ္စည်းစသည်ကို စုံစုံလင်လင် ဖော်ပြထားပါသည်။ နှာ-၃၄။ ၆၁။ ၁၀၇-စသည်ကြည့်။

## ၆။ အာဘောဂနှင့် သံဝဏ္ဏနာ

ဝါကျကောင်းမှန်သမျှ၌ အာဘော်သံဝဏ္ဏနာတို့ကို ရှင်းလင်းစွာ ရေးသားထား၍ အာဘော်ကြံနည်း အာဘော်ဖော်နည်းများကိုလည်း အကွက်ကျကျ ညွှန်ပြထားပါသည်။ နှာ-၁၉၁။ ၂၄၄ စသည်။

## ၇။ ပါဠိဝိနိစ္ဆယ

အဋ္ဌကထာ, ဋီကာ, ဂဏ္ဌိကျမ်းများကိုလည်းကောင်း၊ သဒ္ဒါကျမ်း, ဓာတ်ကျမ်း, အဘိဓာန်ဋီကာ စသောကျမ်းများကိုလည်းကောင်း၊ ဘာသန္တရ ကျမ်းဂန်များကိုလည်းကောင်း ထောက်ထားကိုးကား၍ ပါဠိအမှားအမှန်ကို နိုင်နိုင်မာမာ ဆုံးဖြတ်ချက်ချထားပါသည်။ နှာ။ ၁၁။ ၆၉၁-စသည်ကြည့်။

## ၈-နည်းနှင့်ဥပစာ

ဋီကာ, ဂဏ္ဌိကျမ်းများ၌ ဖွင့်ပြထားသော နည်းဥပစာများ၊ ယင်းတို့ကို နည်းမှီး၍ ဖြစ်သင့်သော နည်းဥပစာများ၊ ကိန်းသေ တွဲစပ်ဖြေဆိုရမည့် နည်းနှင့်ဥပစာများကို ဆိုရိုးကျရေးသားဖော်ပြထားပါသည်။ အထူးအားဖြင့် ဤနံပါတ်၌မေးနိုင်သော ဥပမာစတုက္ကထုတ်နည်းကိုလည်း သတိပြု မှတ်သား နိုင်ရန် ရှင်းလင်းစွာဖော်ပြထားပါသည်။

## ၁၀-နေတ္တိဟာရ

၉-နံပါတ် အတွက် အထူးရေးသားရန်မလိုပါ၊ တိုတိုနှင့် စာလုံးခက်သော ဝါကျများ (မေးဖို့ဝါကျ ဆင်ဖို့ကောင်းသောဝါကျ အနီးအပါးရှိ

http://www.dhammadownload.com



၉ါကျကို မေးတတ်သည်။) ကို သတိပြု မှတ်သားထားပါ။ ၁၀-နံပါတ် အတွက် ဆရာတော် ဗုဓ်ရေးသားသော ညောင်ကန် နေတွက်ကောက်ကို ကျက်ပါ။ ဤပါ+ဖြေကျမ်း၌ ရေးသားထားသည့် တရားကိုယ် ကောက်နည်း ကို လေ့လာ၍ မေးခွန်းနှင့် လျော်ကန်အောင် ဖြေဆိုရန်ဖြစ်ပါသည်။ ဤပထမအုပ်၌ ဝါကျအကြောင်းနှင့် ကျမ်းတက်နည်းများ၊ ဉာသ်ကောက် အကြောင်းများကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ရေးသားရပါသည်။ သို့ဖြစ်၍ နေတွက်ကောက်နည်းကို လျှော့၍ရေးသားထားရသည်ဖြစ်ရာ ဒုတိယအုပ်၌ အားစိုက်၍ရေးသားပါမည်။

**ကြည့်ရှုနည်း** သီ+ဖြေ နိဒါန်း၌ ရေးသားခဲ့သကဲ့သို့ပင် ရေးသား မှာထားရပါမည်။ အနက်ဉာဏ်မရှိ၊ အနက်မထင်လျှင် နည်းကောင်းများ, ကိန်းသေနည်းများ မည်မျှပင် ရေးသား ထားစေကာမူ ယင်းတို့ကိုနားလည်နိုင်မည်မဟုတ်ပါ။ သို့ကြောင့် ကြည့်ရှုမည့် အဋ္ဌကထာ ဝါကျကို ကျေညက်စွာ အနက်ထင်စေ၍ တစ်ဝါကျစီကျက်မှတ်လေ့လာရန် ဖြစ်ပါသည်။ မှတ်ချက်, ရှင်းလင်းချက်, အမှာအထားများ၊ ကျက်မှတ်စရာပါဠိ, ကဗျာ နိယံစသည်များသည် ဤကျမ်း၏ အသည်းနှလုံးပင်ဖြစ်ရာ ယင်းတို့ကို ကျော်လွှားမသွားဘဲ တစ်ဖြတ်စီ တစ်ကန့်စီ တစ်သန့်စီ ကျက်မှတ်လေ့လာပါဟု မှာထားလိုပါသည်။

**အာသီသ** သို့လေ့လာခြင်းဖြင့် အဋ္ဌရာပဒ အတ္ထကောသလ် ဝါကျ ဉာဏ်ရင့်သန်၍ ကိုးတန်သောလောကုတ္တရာ မြိုက်ရသာကို လျင်မြန်စွာသုံးဆောင်နိုင်ကြပါစေဟု မျှော်မှန်းတောင့်တမိပါသတည်း။

**မန္တလေးမြို့** **ဦးကောဝိဒါဘိဝံသ**

၁၃၃၈-ခုနှစ်၊ ကဆုန်လ။

☆

http://www.dhammadownload.com



# ကိုးကားမှီငြမ်းပြုသည့် ကျမ်းစာများနှင့် ကျမ်းညွှန်းသင်္ကေတ

☆

| ကျမ်းစာ | အညွှန်း |
|---|---|
| ပါရာဇိကပါဠိ | ဝိ၊ ၁။ |
| မူလပဏ္ဏာသပါဠိ | မ၊ ၁။ |
| သဂါထာဝဂ္ဂ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ | သံ၊ ၁။ |
| အင်္ဂုတ္တရပါဠိ (ပ) | အံ၊ ၁။ |
| ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပ) | ဝိ၊ ဋ္ဌ၊ ၁။ |
| ။ (ဒု) | ဝိ၊ ဋ္ဌ၊ ၂။ |
| ကင်္ခါဝိတရဏီအဋ္ဌကထာ | ကင်္ခါ၊ ဋ္ဌ။ |
| သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ | ဒီ၊ ဋ္ဌ၊ ၁။ |
| မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ | မ၊ ဋ္ဌ၊ ၁။ |
| အင်္ဂုတ္တရအဋ္ဌကထာ (ဒု) | အံ၊ ဋ္ဌ၊ ၂။ |
| အဋ္ဌသာလိနီအဋ္ဌကထာ | အဘိ၊ ဋ္ဌ၊ ၁။ |
| သမ္မောဟဝိနောဒနီ ဧဋ္ဌကထာ | အဘိ၊ ဋ္ဌ၊ ၂။ |
| ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ (ဒု) | ပဋိသံ၊ ဋ္ဌ၊ ၂။ |
| သာရတ္ထဒီပနီဋီကာ (ပ) | သာရတ္ထ၊ ၁။ |
| ။ (ဒု) | သာရတ္ထ၊ ၂။ |
| ။ (တ) | သာရတ္ထ၊ ၃။ |
| ဝိမတိဝိနောဒနီဋီကာ (ပ) | ဝိမတိ၊ ၁။ |
| ။ (ဒု) | ဝိမတိ၊ ၂။ |
| ဝဇိရဗုဒ္ဓိဋီကာ | ဝဇိရ။ |
| သီလက္ခန်ဋီကာသစ် (ပ) | သီ၊ ဋီ၊ သစ်၊ ၁။ |
| ။ (ဒု) | သီ၊ ဋီ၊ သစ်၊ ၂။ |
| သံယုတ္တဋီကာ (ပ) | သံ၊ ဋီ၊ ၁။ |
| မူလဋီကာ (ပ) | မူလဋီ၊ ၁။ |
| အနုဋီကာ (ပ) | အနုဋီ၊ ၁။ |
| အဘိဓမ္မာဝတာရဋီကာသစ် | ၎င်း |

http://www.dhammadownload.com

## (ဃ) ကျမ်းညွှန်းသင်္ကေတ

| ကျမ်းစာ | အညွှန်း |
|---|---|
| မဏိသာရမဉ္ဇူသာ (ပ) | မဏိမဉ္ဇူ၊ ၁။ |
| ။ (ဒု) | မဏိမဉ္ဇူ၊ ၂။ |
| အနုဒီပနီ | အနုဒီပနီ |
| အဘိဓမ္မတ္ထဝိဘာဝိနီ | ဋီကာကျော် |
| ပါရာဇိကဏ်ယောဇနာ | ပါရာ၊ ယော။ |
| အဋ္ဌသာလိနီယောဇနာ | အဋ္ဌသာ၊ ယော။ |
| သဒ္ဒနီတိဓာတုမာလာ | နီတိ၊ ဓာတု။ |
| သဒ္ဒနီတိသုတ္တမာလာ | နီတိ၊ သုတ္တ။ |
| သဒ္ဒနီတိပဒမာလာ | နီတိ၊ ပဒ။ |
| ဓာတွတ္ထသင်္ဂဟ | ဓာတွတ္ထသင်္ဂဟ |
| အဘိဓာနပ္ပဒီပိကာ | ဓာန်။ |
| ရှင်းဋီကာ | ဓာန်၊ ဋီ။ |
| ရှင်းသူစိ | သူစိ။ |
| မောဂ္ဂလ္လာနဏွာဒိဝုတ္တိ | မောဂ်၊ ဂု။ |
| မောဂ္ဂလ္လာန | မောဂ်၊ ၁-စသည် |
| မောဂ္ဂလ္လာနပဉ္စိကာ | မောဂ်၊ ပဉ္စိကာ။ |
| နိရုတ္တိဒီပနီ | နိရုတ္တိ |
| ပဒရူပသိဒ္ဓိ | ရူ။ |
| ရှင်းဋီကာ | ရူ၊ ဋီ။ |
| ကစ္စည်းသဒ္ဒါကျမ်း | ကစ္စည်း။ |
| နျာသ | ဉာသ် |
| ဂန္ထာဘရဏ | ဂန္ထာဘရဏ |
| ရှင်းဋီကာ | ဂန္ထာဘရဏဋီကာ |
| ဂန္ထဋ္ဌိပကရဏ | ဂန္ထဋ္ဌိ |
| သဒ္ဒတ္ထဘေဒစိန္တာ | ဘေဒစိန္တာ |
| ကစ္စာယနသာရ | ကစ္စာယနသာရ |
| ရှင်းဋီကာ | ကစ္စယနသာရဋီကာ |
| ကေကွရကောသ | ကေကွရကောသ |
| ရှင်းဋီကာ | ကေကွရကောသဋီကာ |

http://www.dhammadownload.com



| ကျမ်းစာ | အညွှန်း |
|---|---|
| ပါဠိရာဇိကဏ်ဆင်တဲဂဏ္ဍီ | ဆင်တဲဂဏ္ဍီ |
| ပါဠိရာဇိကဏ်ဂဏ္ဍီသစ် (၁) | ပါဠိ၊ ဂံ၊ သစ်၊ ၁။ |
| ။ (၃) | ပါဠိ၊ ဂံ၊ သစ်၊ ၂။ |
| သမ္ဗန္ဓစိန္တာဂဏ္ဍီ | သမ္ဗန္ဓစိန္တာဂဏ္ဍီ |
| ပါဠိရာဇိကဏ်အဋ္ဌကထာရွှေဥမင်နိသျ | သျှဟောင်း။ |
| မအူဆရာတော်နိသျရ | မအူသျ။ |
| သဲအင်းဥာဉ်ကောက် | သဲအင်းဥာဉ်ကောက် |
| ဗုဒ္ဓဝိသုဒ္ဓိစသောန္ရာသပဏ္ဏာ။ ဥာဉ်ကောက် | ဗုဒ္ဓဝိသုဒ္ဓိဥာဉ်ကောက် |
| တိပိဋကပါဠိမြန်မာအဘိဓာန် | တိပိဋက၊ ဓာန်။ |
| ပါဠိပဒပိဋကကျမ်းညွှန်း | ပါဠိပဒ။ |
| ရွှေရေးဆောင်နိယံ (စံကျောင်း) | ရွှေ |
| ဘုရားကြီးနိယံ | ဘုရားကြီး |
| ရှင်တိပိဋကနာဂနိယံ | တိပိဋက (ဝါ)ဟိစပန |
| တောင်တွင်းနိယံ | တောင်တွင်း(ဝါ) အာချုတ်သာမိ |
| တွင်းကြီးနိယံ | တွင်းကြီး |
| မာန်လည်ဆရာတော်နိယံ | မာန်လည် (ဝါ) မာန်။ |
| ရေစကြိုဆရာတော်နိယံ | ရေစကြို |
| အမည်မသိရှေးဆရာများနိယံ | ပေါရာဏ |
| သမ္ဗန္ဓစိန္တာဂဏ္ဍီကျမ်းလာနိယံ | မောင်းထောင် |
| မိမိရေးသားသောနိယံသစ် | (သစ်) |
| သဒ္ဒတ္ထောမ မဟာနိဓိ | ထောမ (ထောမနိဓိ) |
| အမရကောသ | အမရကောသ |

မဟောဓိရဋ္ဌီကာခေါ် အမရဝိဝေကဋီကာ=မဟောဓိရ

The Practical Sanskrit-English Dictionary (P.S.E.D.)
The Pali Text Society's Pali-English Dictionary(P-T-S)

http://www.dhammadownload.com

http://www.dhammadownload.com

## မစိုးရိမ်

# ပါရာဇိကကဏ်အဖြေ

## ပဌမ နှင့် ပဒိုညာဥ္

☆

ဒုက္ခေန ပိဠိတံ သတ္တံ၊
ဗုဒ္ဓော ဩရသ သူနုကံ။
ကရုဏာယတိ ယထာ တံ၊
ဝန္ဒေ ဟံ ကရုဏာကရံ။ ။
ဝန္ဒိတွာ သံကရိဿာမိ၊
အနုတ္တာနိကဝဏ္ဏနံ၊
သညာစိတော သောတာရေဟိ၊
နယကာမေဟိ ဘိက္ခုဏံ။ ။

ယောဗုဒ္ဓေါ၊ ကရုဏာပစ္စုအောင်လံထူ၍ နိဗ္ဗူကြွသွား အကြင်မြတ်ဘုရားသည်။ ဒုက္ခေန၊ ဇာတိစသား များစွာသော ဒုက္ခ အပေါင်းသည်။ ပိဠိတံ၊ ဝိုင်း၍ မပြတ်နှိပ်စက်အပ်သော။ ဩရသသူနုကံ၊ ရင်နှစ်သည်းချာသားတော် ရာဟုလာကို။ ကရုဏာယတိယထာ၊ ကြင်နာဆပွား ကရုဏာထားတော် မူသကဲ့သို့။ (ဇဝံ) ဤအတူ။ ဒုက္ခေန၊ ပဋိသန္ဓေအိုနာသေမှု ဒုက္ခအစုသည်။ ပိဠိတံ၊ နေ့ညဥ့်မစဲ အမြဲပင် နှိပ်စက်အပ်သော။ သတ္တံ၊ သနားစရာများသတ္တဝါ အပေါင်းကို။ ကရုဏာယတိ၊ ရာဟုလာသားထပ်တူထား၍ သနားကြင်နာတော်မူ၏။ ကရုဏာကရံ၊ သတ္တဝါ, သားမခွဲခြားဘဲ သနားကြင်နာ မဟာကရုဏာ၏ တည်ရာဖြစ်တော်မူသော။ တံဗုဒ္ဓံ၊ ကရုဏာပစ္စု အောင်လံထူ၍ နိဗ္ဗူကြွသွား ထိုမြတ်ဘုရားကို။ အဟံ၊ မစိုးရိမ်စာချ နာယကသမုတ် အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ မဟာကာရုံ ဤသည့်ဂုဏ်ကို အာရုံထပ်ထပ် စိတ်ဇောကပ်လျက် သောမနဿရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။

http://www.dhammadownload.com



ဝန္ဒိတွာ၊ မဟာကရုံ (လ) ရှိခိုးပြီး၍။ နယကာမေဟိ၊ ပါဠိအဋ္ဌကထာ ဋီကာစသား ကျမ်းဂန်များ၌ သွားမှုလွယ်ကူ ကြည့်မှုမပန်း ဝါဒစုံပြွမ်းသည့် နည်းလမ်းကို အလိုရှိကြပေကုန်သော။ သောတာရေဟိ၊ သာသနကုံရ ဓမ္မာစရိယ လောင်းများစွာသော တပည့်သံဃာအပေါင်းတို့က။ အဘိက္ခဏံ–သညာစိတော၊ စာနှင့်တစ်ဖုံ လူကြုံတစ်ဆင့် တွေ့လင့်ခါတိုင်း ဝိုင်း၍မပြတ် တိုက်တွန်းအပ် ပါသောကြောင့်။ ဝါ၊ တိုက်တွန်းအပ်သည်ဖြစ်၍။ ဝါ၊ တိုက်တွန်းအပ်သော။ အဟံ၊ မစိုးရိမ်စာချ နာယကသမုတ် အကျွန်ုပ်သည်။ အနုတ္တာနိကဝဏ္ဏနံ၊ ယခုခေတ်တွင် ခေတ်အမြင်ဖြင့် မပေါ်လွင်ငြား အဋ္ဌကထာစာသားကို ထင်ရှား ဆင့်ဆင့် ပေါ်အောင်ဖွင့်ပေပါရာဇိကဏ် ကျမ်းအဖြေကို။ ဝါ– အနုတ္တာနိကဝဏ္ဏနံ၊ အဋ္ဌကထာစဆုံး သိမ်းကျုံးမိမိ ကျမ်းကုန်ညှိ၍ ပြည့်ပြည့်စုံစုံ ကုံကုံငင ဖော်ပြပါသော မြန်မာ့ဝေါဟာ ပါရာဇိကဏ် ကျမ်းအဖြေစာကို။ သံကရိဿာမိ၊ ဂန္ထကာရ အမည်ရရန် မရည်သန်ဘဲ ရှုပြန်လွယ်မှု အာရုံပြု၍ ဂရုတစိုက် ရေးစီရင်လိုက်ပေအံ့သတည်း။

(ဥပမာနဖက်၌ ပိဋ္ဌိတံကို ပိဋ္ဌိတတ္တာဟု ဟိတ်ပြင်၍ "ဩရသသူန ကဿ၊ ကို။ ဝါ၊ ၏။ ဒုက္ခေန၊ သည်။ ပိဋ္ဌိတတ္တာ၊ ကြောင့်။ ဒုက္ခေန ပိဋ္ဌိတံ ဩရသသူနကံ ဗုဒ္ဓော ကရုဏာယတိ–ယထာဟု လည်းကောင်း၊ ဥပမေယျ ဘက်၌လည်း ထိုအတူ ဟိတ်ပြင်၍ "သတ္တဿ၊ ကို။ ဝါ၊ ၏။ ဒုက္ခေန ပိဋ္ဌိ တတ္တာ ဒုက္ခေန ပိဋ္ဌိတံ သတ္တံ ဗုဒ္ဓော ကရုဏာယတိ"ဟု လည်း အနက်ယောဇနာနိုင်သည်။ ဝိသုဒ္ဓိ၊ ၁။ ၃၀၈–၌ ကရုဏာယတိ။ အဘိ၊ ဋ္ဌ၊ ၂။ ၇၁–၌ ကရုဏာယန္တိ။ အဘိ၊ ဝိ။ ၂၈၆–၌ ကရုဏာယေယျဟု ရှိသည်။ နိရုတ္တိ၊ နှာ။ ၄၆၉–၌ ကရုဏာယတိကို ကရုဏံ ကရောတိ ဟု ဖွင့်သည်။ အပ၊ ၂။၂၂၇–၌ နမော တေ ကရုဏာကရ ဟု သုံးနှုန်း၍ ကရုဏာကရော မဟာကရုဏာယ ဥပ္ပတ္တိဋ္ဌာန ဘူတောဟု ဓာန်၊ ဋီ၊ နှာ။ ၁–ဆိုသည်။

"တံယထာသား၊ ရှိလငြားမူ၊ တံ–ကို အနက်ယူ။ ယထာတံမူ၊ တံ၏ အနက်၊ ထူးမထွက်" ဟု ဘုရားကြီး နိယံ ဆိုသော်လည်း ဤ၌ တံကား အနက်ရှိ (သာတ္ထက) ပုဒ်တည်း။ တံဗုဒ္ဓံ ဟုစွဲ။)

http://www.dhammadownload.com

# ဗ ၁ ဟိ ရ နိ ဒါ န

(က) ယော ကပ္ပကောဋီဟိပိ အပ္ပမေယျံ၊
ကာလံ ကရောန္တော အတိဒုက္ကရာနိ။
ခေဒံဂတော လောကဟိတာယ နာထော၊
နမော မဟာကာရုဏိကဿ တဿ။

(ခ) အသမ္ဗုဓံ ဗုဒ္ဓနိသေဝိတံ ယံ၊
ဘဝါဘဝံ ဂစ္ဆတိ ဇီဝ လောကော။
နမော အဝိဇ္ဇာဒိကိလေသဇာလ၊
ဝိဒ္ဓံသိနော ဓမ္မဝရဿ တဿ။ ။ဋ္ဌ။ ၁။

● (၁) (က) ဝါကျ၌ ကပ္ပကောဋီဟိ ပုဒ်ကို သချာပဓာန၊ သချေယျ ပဓာနအနက်၊ နာထောပုဒ်ကို ကေဝလဒဗ္ဗာပေက္ခ, သဂုဏာ ဒဗ္ဗာပေက္ခ အနက်ပေးပါ။

ဖြေ။ ။ကပ္ပကောဋီဟိ၊ ကမ္ဘာတို့၏ ကုဋေတို့ဖြင့်။ (သချာပဓာန အနက်။ ကပ္ပာနံ ကောဋိယော ကပ္ပကောဋိယော။ ဝဇီရ။ ၅-၆ ပါရာ၊ ယော။ ၁။)

ကပ္ပကောဋီဟိ၊ ကမ္ဘာသာလျှင်ဖြစ်သော ကုဋေတို့ဖြင့်၊ ကမ္ဘာပေါင်း ကုဋေတို့ဖြင့်။ (သချေယျပဓာနအနက်။ ဇာ၊ ဋီ အကိုး ပါရာဂဏ္ဌိသစ်၊ တိပိဋ္ကက၊ ဓာန်။ ၅။)

နာထော၊ မြတ်စွာဘုရားသည်။ (ကေဝလဒဗ္ဗာပေက္ခ။ ဝါ၊ အဂုဏာ ပေက္ခ။ ဝါ၊ နာမာပေက္ခ။) နာထော၊ ဝေနေယျတို့၏ စီးပွား ချမ်းသာကို မေတ္တာ၏ အစွမ်းဖြင့် တောင့်တတော်မူတတ်သော မြတ်စွာဘုရားသည်။ (သဂုဏာ ဒဗ္ဗာပေက္ခအနက်။ သာရတ္ထ၊ ၁။ ၈။ ဝိမတိ၊ ၁။ ၂။ သီ+ဖြေ၊ ၃၅- ၌ လည်း အကျယ်ရေးခဲ့ပြီ။)

**မှတ်ချက်။** ။ကပ္ပါနံ ကောဋိယောဟု တပ္ပုရိသ်ပြုခိုက် ကောဋိ ဟူသော နောက်ပုဒ်၌ သချာ သဒ္ဒာ ပြဋ္ဌာန်း သဖြင့် သချာ ပဓာနဟု ဆိုသည်။ ကပ္ပါဝေ ကောဋိယောဟု ကမ္မဓာရယ် ပြုခိုက် တစ်ကုဋေ အရေအတွက်

http://www.dhammadownload.com



ရှိသော ကမ္မာဟု ဆိုလိုသဖြင့် ကပ္ပါဟူသော သချေ်ယျ ပြဋ္ဌာန်းရကား သချေ်ယျ ပဓာနဟု ဆိုသည်။ ကေဝလ = ဂုဏ်မပါ ဂုဏ်ကို မငဲ့ကွက် သက်သက် + ဒဗ္ဗ = ဒြဗ်ကို + အပေက္ခ = ငဲ့၍ အနက်ပေးခြင်းမျိုး (ဥပမာ-ဗုဒ္ဓော = ဘုရား)ကို ကေဝလဒဗ္ဗာပေက္ခ။ ဝါ။ အဂုဏာပေက္ခ = ဒြဗ်ကို သာငဲ့။ နာမာပေက္ခ = နာမည်ကိုငဲ့သော အနက်ပေးနည်းဟု ဆိုသည်။ သဂုဏ = ဂုဏ်နှင့်တကွသော၊ ဒဗ္ဗ = ဒြဗ်ကို၊ အပေက္ခ = ငဲ့၍ အနက် ပေးခြင်းမျိုး (ဥပမာ၊ ဗုဒ္ဓော = သစ္စာ လေးပါးကို သိတော် မူသော မြတ်စွာဘုရား) ကို သဂုဏာဒဗ္ဗာပေက္ခ အနက် ပေးနည်းဟု မှတ်။ လိုရင်းမှာ ဝိဂြိုဟ်နက်မပါဘဲ ဒြဗ်သက်သက်ပေးလျှင် ကေဝလဒဗ္ဗာပေက္ခ။ ဝိဂြိုဟ်နက် ပါ၍ ဒြဗ်ထိအောင် ပေးလျှင် သဂုဏာဒဗ္ဗာပေက္ခတည်း။ နိုဿယ ပုဒ်၏ ဝိဂ္ဂဟကို သာရတ္ထ၊ ၁။ ၈။ ဝိမတိ၊ ၁။ ၂။ တို့၌ အများပင် ဆိုသေး၏။ အောက်ပါ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ အနက်ပေးနည်းကိုလည်း မှတ်သားပါလေဦး။

အပ္ပမေယျ၊ မနှိုင်းယှဉ်အပ်သော။ (သဒ္ဒတ္ထ။ န ပမိယတီတိ အပ္ပမေယျော၊ ဝဇိရ။ ၆။) ဝါ၊ မနှိုင်းယှဉ်နိုင်သော။ (အဓိပ္ပာယတ္ထ။ ပမေတုံ အသက္ကုဏေယျံ။ သာရတ္ထ။ ပ + မာ + ဏေယျ။ ဏေယျပစ္စည်း အရဟတ္ထ။)

* ဒြဗ်တွင်မျှ၊ ငဲ့တုံက၊ ကေဝလဒဗ္ဗာ။

ဂုဏ်နှင့်ဒဗ္ဗ၊ ငဲ့တုံက၊ သဂုဏာဒဗ္ဗာ။

(သမ္မန္တစိန္တာဂဏ္ဌိသစ်၊ ၃၉။)

---

● (၃) (က) (ခ)-ဝါကျတို့၌ ပါဝင်သော ဝါကျတို့၏ အမည်နှင့် (က) (ခ) ဝါကျတို့၏ အမည်များကို အကြောင်းပြ ဖြေဆိုပါ။

ဖြေ။ ။(က) ဝါကျ၌ ယောကပ္ပကောဋီဟိပိ (လ) နာထော တိုင် အောင်သော ဝါကျသည် "ယ- သဒ္ဒါဖြင့်မှတ်၍ ပြအပ်သော ကြောင့်" အနိယတ် (အနိယတ) ဝါကျ၊ နမော (လ) နာထော တိုင်အောင်သော

http://www.dhammadownload.com



ဝါကျသည် တသဒ္ဒါဖြင့်မှတ်၍ ပြအပ်သောကြောင့်" နိယတ် (နိယတ) ဝါကျမည်၏။ (က-ဝါကျ၌ ပါဝင်သော ဝါကျအမည်။)

(ခ) ဝါကျ၌ အသမ္ဗုဓ် (လ) ဗီဝလောကော တိုင်အောင် ဝါကျသည် "ယသဒ္ဒါဖြင့် မှတ်၍ ပြအပ်သောကြောင့်"အနိယတ် (အနိယတ) ဝါကျ၊ နမော (လ) တဿတိုင်အောင်သော ဝါကျသည် "တသဒ္ဒါဖြင့်မှတ်၍ ပြအပ်သောကြောင့်" နိယတ် (နိယတ) ဝါကျမည်၏။ (ခ-ဝါကျ၌ ပါဝင်သော ဝါကျအမည်)

(က) ဝါကျ၌ ယော, တဿဟု "အနိယတ်"နိယတ်၊

(ခ) ဝါကျ၌ ယံ, တဿဟု "အနိယတ်, နိယတ်ပြည့်စုံစွာပါသော ကြောင့်" (က) (ခ) ဝါကျတို့ကား ဥတ္တမ ဝါကျလည်း မည်ကုန်၏။

(ခ) ဝါကျသည် ဗုဒ္ဓပဏာမဟူသောအဖို့ (ပက္ခ)မှ တစ်မျိုးတစ်ပါးသော ဓမ္မပဏာမအဖို့ကို ပြသောကြောင့် ပက္ခန္တရဝါကျ၊ထို (ခ) ဝါကျကို ထောက်၍ (က) ဝါကျသည် ဗုဒ္ဓပဏာမ ဟူသော အဖို့ကို ပြသောကြောင့် ပက္ခဝါကျမည်၏။

မှတ်ချက်။ ။အကြောင်းပြ အမည်ပေးပါဟုမေးလျှင် ဤသို့ ဖြေပါ။ သာမန် (အကြောင်းပြမပါဘဲ) ဝါကျအမည်မေးလျှင်" "ကော်မာ အတွင်းရှိ အကြောင်းပြစကားရပ်ကို ချန်လှပ်ထားခဲ့ပါ။

## အနိယတ်, နိယတ်မှတ်ဖွယ်

ယော ယံ ယေန ယဿစသည် ယသဒ္ဒါဖြင့် မှတ်သားထားသော ဝါကျ မျိုးကို အနိယတ်ဝါကျ။ (ပုံစံ-ယဿ ရူပက္ခန္ဓော ဥပ္ပန္နော ဟောတိစသည်။) သောတံတေန တဿ စသည် တသဒ္ဒါဖြင့် မှတ်သားထားသောဝါကျမျိုးကို နိယတ်ဝါကျ (ပုံစံ-တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိစသည်။)ဟုဆိုသည်။

http://www.dhammadownload.com



ဤပဏ္ဏာမ ၂-ဂါထာကဲ့သို့ အနိယတ်, နိယတ် ၂-ပါးစုံပါသော ဝါကျမျိုးကား **ဥတ္တမဝါကျ။** နောက် (ဆိုလတ္တံ့) ဝါကျ၌ နိယတ်သာပါ၍ ရှေ့ (ဆိုပြီး) ဝါကျ၌ အနိယတ် မပါလျှင် **မဇ္ဈိမဝါကျ။** ရှေ့ဝါကျ၌ အနိယတ်သာပါ၍ နောက်ဝါကျ၌ နိယတ်မပါလျှင် **ဟီနဝါကျ** ဟုမှတ်။ (နိယံဝါဒ)။

တစ်နည်း-၂-ပါးစုံပါလျှင် **ဥတ္တမဝါကျ၊** ၂-ပါးစုံမပါဘဲ ရှေ့ဝါကျ၌သာ အနိယတ်ပါ၊ နောက်ဝါကျ၌ နိယတ်မပါ၊ ရှေ့ဝါကျ၌ အနိယတ်မပါသော ဝါကျမျိုးကား **ဟီနဝါကျ။**

(ဤကား အာစရိယဝါဒ၊ ၎င်းအလို မဇ္ဈိမဝါကျမရှိ။

## ပက္ခ, ပက္ခန္တရ မှတ်ဖွယ်

* * ဟီန မဇ္ဈိမ၊ ဥတ္တမ၊ ဝါကျသုံးပါးပြ။

အနိယတ် နှင့် နိယတ်နှစ်ပါး ရှိလငြားမူ၊ ဥတ္တမဝါကျ ဖြစ်မြဲထ။

နောက်၌ နိယတ်၊ မဇ္ဈိမှတ်။

ရှေ့အနိယတ်၊ ဟီနမှတ်။ **(ဟိ-စ-ပနနိယံ)**

ယ, တ ၂-ပါး၊ စုံလင်ငြား၊ မှတ်သား ဥတ္တမ။

ယ, တ ၂ ပါး မစုံငြား၊ မှတ်သားဟီနသာ။ (သစ်)

ပက္ခ = အဖို့။ ပက္ခ + အဖို့ + အန္တရ = တစ်မျိုးတစ်ပါး။ ဆိုခဲ့ပြီး အဖို့ (စကားရပ်) ကို ပက္ခ၊ ဆိုခဲ့ပြီးအဖို့ (စကားရပ်) မှ တစ်မျိုး တစ်ပါး ထူးခြားသော စကားရပ်ကို ပက္ခန္တရဟုဆိုသည်။ ပက္ခတော အဉ္ဉရံ အည ပက္ခန္တရံ။ (က) ဝါကျဖြင့် ဗုဒ္ဓပဏ္ဏာမပြ၍ (ခ) ဝါကျဖြင့် ဓမ္မပဏ္ဏာမ ပြသည်။ ဤသို့ (က) ပက္ခဝါကျ၊ (ခ) ပက္ခန္တရဝါကျ တို့သည် အကျဉ်းချုပ်ဆိုလိုရင်း (ပိဏ္ဍတ္ထ) ချင်း လုံးဝ မတူကြပါ။ ပိဏ္ဍတ္ထချင်း မတူမှုသည်ပင် ပက္ခန္တရဝါကျ၏ လက္ခဏာတစ်မျိုးတည်း။

http://www.dhammadownload.com



✝ အတ္ထုတ္တိပါဠိသေသော။ ဝိမတိ၊ ၁။ ၃။

✝ ကိဠိပက္ခံ ဂကထေတွာန၊
အညမ္ပိဝတ္တုမိစ္ဆတာ။
ဝုတ္တံ ယံ ပဏ္ဍိ မဇ္ဈေဝ၊
တံ ပက္ခန္တရ နာမကံ။ (ဂန္ထာဘရဏ)

* ပက္ခ ပက္ခန်၊ ဤ ၂-တန်၊ ကွဲပြန် ပိဏ္ဍတ္ထ။ (သဒ္ဒ)

---

● (၂) (က) ဝါကျ၌ ပဓာနကောက်၍ ကတ္တားပုဒ်သို့ သိသာ ရုံမျှ သဒ္ဒါထွက်ပြီးလျှင် (ခ) ဝါကျသို့ အနုသန္ဓေတက်ပါ။

ဖြေ။ ။(က) ဝါကျ၌ ပဓာနကား အတ္ထုပ္ပတ္တိသော ပါဠိသေသ တည်း။ အဓိပ္ပာယ်ကား "ဖြစ်စေသတည်း" ဟုလိုသော်။ (ပဓာနကောက်ပုံ။)

## အနုသန္ဓေထွက်

ဤသို့ (က) ဝါကျဖြင့် မဟာကရုဏာလျှင် အရင်းအကျဉ်းချုပ်ရှိသော အလုံးစုံသော သဗ္ဗညု ဂုဏ်တော်တို့ဖြင့် မြတ်စွာဘုရားကို ချီးမွမ်းပြီး၍။ ဝါ၊ ဗုဒ္ဓပဏ္ဏာမကိုပြပြီး၍ ယခုအခါ၌ တရားတော်ကို ချီးမွမ်းခြင်းငှာ။ ဝါ၊ ဓမ္မပဏ္ဏာမကို ပြခြင်းငှာ၊ (ခ) ဝါကျကိုမိန့်။ (မြန်မာဝေါဟာရဖြောင့်အောင် ငိုကာကို မြန်မာပြန်သည်။)

## ပဓာနကောက်မှတ်ဖွယ်

အနိယတ်, နိယတ်ဝါကျ ၂-မျိုးကွင် နိယတ်ဝါကျမှာသာ ပဓာနကောက်ရသည်။

* ယနိယတ်၊ တနိယတ်မှာ၊ ပဓာနှာ၊ နိယတ်မှာသာ
ကောက်မြဲ။ (သမ္ဗန္ဓစိန္တာဘဏ္ဍိသစ်)

= ဧဝံ ကရုဏာမုခေန သင်္ခေပတော သကလသဗ္ဗညု
ဂုဏေဟိ ဘဂဝန္တံ ထောမေတွာ ဣဒါနိ သဒ္ဓမ္မံ
ထောမေတုံ အသမ္ဘုန္တေ္တီအာဒိ မာဟ။ သာရတ္ထ၊
၁။ ၁၁။ ဝိမတိ၊ ၁။ ၃။

http://www.dhammadownload.com



● (၄) မဟာကာရုဏိကပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြ၍ အပေါင်း ဝစနတ္ထကိုသာ ဉာဏ်ကောက်ပါ။

ဖြေ။ ။**အစိတ် ဝစနတ္ထ။** ကိရတီတိ ကရုဏာ။ ကရုဏာယ နိယုတ္တော ကာရုဏိကော။ **အပေါင်းဝစနတ္ထ။** မဟန္တော ကာရုဏိကော မဟာကာရုဏိကော။

**အနက်ပေး။** ။မဟန္တော၊(ကရုဏာတော်ဖြင့်)မြတ်သော ကာရုဏိကော၊ ကရုဏာ၌ ယှဉ်တော်မူသော မြတ်စွာဘုရားတည်း။ ဣတိ၊ ကြောင့်။ မဟာကာရုဏိကော၊ မဟာကာရုဏိက မည်တော်မူ၏။

**ပုဒ်ခွဲ ။** ။ မဟန္တော ကာရုဏိကော ကား ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရယ်သမာသ်ဝိဂြိုဟ်၊ မဟာကရုဏိကောကား ယင်းသမာသ်ပုဒ်။ မဟန္တ ပုဒ်, ကာရုဏိကပုဒ်။

**အကောက်။** ။ မဟန္တ ဟူသော ဝိသေသနပုဒ် အရကား..... ကရုဏာတော်ဖြင့် မြတ်ခြင်း မဟန္တ ဘောဂုဏ်သည် မုချအားဖြင့် ရ၏။ ယင်းမဟန္တ ဘောဂုဏ်၏ ကရုဏာ၌ ယှဉ်တော်မူသော မြတ်စွာဘုရား ဒြဗ်နှင့် ဂုဏ်ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်, ဌာနူပစာအားဖြင့် ရ၏။ မဟာကာရုဏိကဟူသော သမာသ်ပုဒ်အရကား ထိုမုချဌာနူပစာရတ္ထတို့ဖြင့် မှတ်အပ်သော ကရုဏာဖြင့် မြတ်သော ကရုဏာ၌ ယှဉ်တော်မူသော မြတ်စွာဘုရားဒြဗ်ရ၏။

မဟာကာရုဏိကော = (ကရုဏာတော်ဖြင့်) မြတ် သော ကရုဏာ၌ ယှဉ်တော်မူသော မြတ်စွာဘုရား။ (ငုင်းဝိကပ်အလို အနက်)

**တစ်နည်း။** ။ ကရုဏာ ကရုဏာယနံ သီလံ ပကတိ
ဧတဿာတိ ကာရုဏိကော။ (အစိတ်, တဿီလထဒ္ဓိတ်
ဝစနတ္ထ၊ ကရုဏာပုဒ်+ဏ္ဏိကပစ္စည်း။)
မဟန္တော ကာရုဏိကော၊ မဟာကာရုဏိကော။
(အပေါင်း, ကမ္မဓာရယ်သမာသ် ဝစနတ္ထ။)

http://www.dhammadownload.com



မဟာကာရုဏိကော = မြတ်သော ကရုဏာဟူသော အလေ့သဘောရှိတော်မူသော မြတ်စွာဘုရား (ၒင်းဝိကပ်အလိုအနက်။)

တစ်နည်း။ ။မဟတီ ကရုဏာ မဟာကရုဏာ။ (အစိတ် ကမ္မဓာရယ်။) မဟာကရုဏာယ နိယုတ္တော မဟာကာရုဏိကော (အပေါင်း နိယုတ္တတဒ္ဓိတ်။)

မဟာကာရုဏိကော = မြတ်သော ကရုဏာ၌ ယှဉ်တော်မူသော မြတ်စွာဘုရား။ (ၒင်းဝိကပ်အလိုအနက်။)

တစ်နည်း။ ။မဟိတဗ္ဗာ ပူဇိတဗ္ဗာတိ မဟတီ။ မဟတီ ကရုဏာ မဟာကရုဏာ။ (အစိတ်။) မဟာကရုဏာ အဿအတ္ထိတိ မဟာ ကာရုဏိကော (အပေါင်း)

မဟာကာရုဏိကော = ပူဇော်အပ် (ချီးမွမ်းအပ်) သော ကရုဏာ ရှိတော်မူသော မြတ်စွာဘုရား။ (ၒင်းဝိကပ် အလိုအနက်။)

မှတ်ချက်။ ။သာရတ္ထ၊ ၁။ ၉ လာ မဟာကာရုဏိက သဒ္ဒါ ဝစနတ္ထတို့တည်း။ ကရုဏာသဒ္ဒါ၏ ဝစနတ္ထ, ရုပ်ပြီးပုံကို သီဖြေ၊ ၁၅-နှင့် သာရတ္ထ၊ ၁။ ၉။ ဝိမတိ၊ ၁၊ ၂-၃။ နီတိ၊ ဓာတု။ ၃၆၇-တို့၌ရှုလေ။

---

● (၅) နမောသဒ္ဒါသည် နာမ်, ဥပသာရ, နိပါတ်ပုဒ်ကြီး ၄-မျိုးတွင် မည်သည့်ပုဒ်မျိုးဖြစ်ကြောင်းဆုံးဖြတ်၍ ကောဋိသဒ္ဒါ၏ လိင်, ဂဏ, ကာရန္တ တို့ကိုလည်း ညွှန်ပြပါ။

ဖြေ။ ။(က) နမောကား ကိတ်နာမ်ပုဒ်။ (နမုဓာတ် ယုပစ္စည်း။) တစ်နည်း-နမောကား နိပါတ်ပုဒ်တည်း။

မှတ်ချက်။ ။ နမောကား နာမ်ဖြစ်မူ "နမော၊ ရှိခိုးခြင်းသည်။ အတ္တု၊ တည်း။ နမော၊ ရှိခိုးပါ၏"ဟုပေး၊ ပဌမန္တ တည်း။ နိပါတ်ဖြစ်မူ ပဌမန္တ၊ ဒုတိယန္တ၊ ၂-မျိုး။ ပဌမန္တ၌ နာမ်အတိုင်းအနက်ပေး။ ဒုတိယန္တ ဖြစ်မူ "နမော၊ ရှိခိုးခြင်းကို၊ ကရောမိ ပြုပါ၏"ဟုပေး။

(ခ) ကောဋိကား ဣတ္ထိလိင်, ရတ္တာဒိဂိုဏ်း ဣကာရန္တ။

http://www.dhammadownload.com



† နမု နမနေ၊ နမတိ၊ နမော၊ နတံ နတိ။ (လ) တွေ နမောတိပဒံ နိပါတောသုပိ လဗ္ဘတိ၊ တေနဟိ ပစ္စတ္တောပယောဂဝစနာနိ အဘိနန္ဒရူပါနိ ဒိဿန္တိ။ ဒေဝရာဇနမောယျတ္တု (ပဌမန္တ) နမော ကတွာ မဟေသိနော (ဒုတိယန္တ) တိ။ နီတိ၊ ဓာတု။ ။

† ဝန္ဒနေ နမော။ ဓာန်၊ ၁၁၅၄။

† ကောဏာ သချာဝိသေသမှိ၊ ဥက္ကံသေ ကောဋိနာရိယံ။ ဓာန်။ ၈၇၁။

---

● (၇) နာထော, နာဓောဟု ပါဠိမူကွဲရှိရာ မည်သည့်ပါဠိ မှန်ကြောင်းကို အကိုးအကားပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ။နာထ နာဓတေတိ ဓာတုဒွယံ ပဋ္ဌန္တိဟု နီတိ၊ဓာတု။ ။ ဆိုသောကြောင့် ပါဠိ၂-မျိုးလုံးသင့်ပါသည်။

## ပါဠိဝိနိစ္ဆယမှတ်ဖွယ်များ

**အလတ္တံ, အလဒ္ဓံ။** အလတ္တံကား အဟံကတ္တား၏ ကြိယာ၊ အမှယောဂ ဖြစ်၍ လဘဓာတ်နောင် အဇ္ဇတ္တနီ ဣံဝိဘတ်သက်၊ လဘဿ ဣ ဣံနံ ထ ထ္တံဖြင့် ဣံဝိဘတ်ကိုတ္တံပြု၊ အ-အက္ခရာလာ၍ ပြီးရကား "အလတ္တံ"ဟု ဒုတိယက္ခရာသာသင့်။ အဟံဟူသော ကတ္တားနှင့်မလျော်သောကြောင့် "အလဒ္ဓံ ကား မသင့်။ ဂံ၊ သစ်၊ ၁။ ၄၃။ ဂံ၊ ဟောင်း။ ၁၉။

**သဒ္ဓမ္မသံဝဏ္ဏနကောဝိဒေဟိ။** သံဝဏ္ဏီယတေ သံဝဏ္ဏနံ၊ (ဘာဝသာဓ် နပုလ္လိင်။) သဒ္ဓမ္မဿ သံဝဏ္ဏနံ သဒ္ဓမ္မသံဝဏ္ဏနံ၊ သဒ္ဓမ္မသံဝဏ္ဏနေ ကောဝိဒါ သဒ္ဓမ္မသံဝဏ္ဏနကောဝိဒါ (ပါရာ၊ ယော)ဟု ဝစနတ္ထပြု၍ သံဝဏ္ဏနသဒ္ဒါ နပုလ္လိင် အာကာရန္တဖြစ်သောကြောင့်လည်းကောင်း၊ သံဝဏ္ဏီယတေ ဧတာယာတိ သံဝဏ္ဏနာဟု ဝစနတ္ထပြု၍ သံဝဏ္ဏနာသဒ္ဒါ အာကာရန္တ ဖြစ်သော်လည်း ဆန္ဒာ နုရက္ခဏာအတွက် ရဿ ပြုထားသောကြောင့်လည်းကောင်း၊ သံဝဏ္ဏနံဟုရဿရှိသောပါဌ်သာသင့်သည်။ သာရတ္ထ၊ ၁။ ၁၈။ ဂံ၊ သစ်၊ ၁။ ၅၂-၃။

http://www.dhammadownload.com



**အဋ္ဌကထာ, အတ္ထကထာ။** ပိဋကနှောစသည်၌ကဲ့သို့ ထ္ထကိုဋ္ဌပြု၍ ပြီးသောကြောင့် သာရတ္ထအလို အဋ္ဌကထာ, သာသင့်သည်။

† အတ္တော ကထီယတိ ဧတာယာတိ . အတ္ထကထာ၊ သာဧဝ အဋ္ဌကထာ။ ထ္ထကာရဿ ဋ္ဌကာရံ ကတွာ။ သာရတ္ထ၊ ၁။ ၂၀။

တထာနံ ဋ္ဌယုတ္တံ။ အဋ္ဌကထာ၊ အတ္ထကထာဝါ။ နီတိ၊ သုတ္တ။ ၁၀၇-ကို ထောက်၍ ၂-ပါဌ်သင့်သည်။

သမ္မ၊ သမ္မာ (သမာရဘိဿံ)။ သမ္မာသဒ္ဒါ အာကာရန္တ နိပါတ် ဖြစ်သော်လည်း ဣန္ဒဝဇီရာဂါထာဖြစ်၍ ဆန္ဒာနုရက္ခဏာအလို့ငှာ ရဿ ပြုသောကြောင့် သမ္မ သာသင့်၊ သမ္မာ မသင့်။

† သမ္မာတိ ဝတ္တဗ္ဗေ ဂါထာဗန္ဓဝသေန ရဿဘာဝေါ ကတောတိ ဝေဒိတဗ္ဗော။ သာရတ္ထ၊ ၁။ ။

**အဋ္ဌကထာ အကံသု၊ အဋ္ဌကထာမကံသု။** အကံသု၌ မ-အာဂုံ မလာလျှင် အကံသုံသင့်။ မ အာဂုံလာလျှင် မ-ကံသုသင့်၊ အနက်တူပင်။

† အဋ္ဌကထာ အကံသူတိ အဋ္ဌကထာယော အကံသု။ ကတ္ထစိ အဋ္ဌကထာ မကံသူတိပိ ပါဌော ဒိဿတိ။ တတ္ထာပိ သောယေဝ ဝတ္တော။ မကာရောပန ပဒသန္ဓိဝသေန အာဂတောတိ ဒဋ္ဌဗ္ဗော။ သာရတ္ထ၊ ၁။ ၂၁။ ဝိမတိ၊ ၁။ ၇။

---

● (ဂ) မဟာကာရုဏိကဿ, လောကဟိတာယ ပုဒ်တို့၌ နည်း ဥပစာတို့ကို ဆိုရိုးကျရေးသားပါ။

**ဖြေ။** ။ ဌာနဿနာမံဌာနိမှိ ဥပစာရော ဝေါဟာရော ဌာနူ ပစာရော ဟူသော ဝစနတ္ထနှင့်အညီ ဌာန၏အမည်ကို ဌာနီ၌ တင်စား၍ ခေါ်ဝေါ်ခြင်း သည် ဌာနူပစာသဒ္ဒါမည်၏။ ပြုဂ်ကား-မဟာကာရုဏိ ကဿတည်း။ ဤပြယုဂ်၌ ဌာနဖြစ်သော မြတ်စွာဘုရား၏ 'မဟာကာရုဏိက' အမည်ကို ဌာနီဖြစ်သော မဟာကရုဏာတော်၌ တင်စား၍ ဌာနီဖြစ်သော မဟာကရုဏာတော်ကိုလည်း မဟာကာရုဏိကဟု ဆိုသောကြောင့် ဌာနူ

http://www.dhammadownload.com



ပစာသဒ္ဒာမည်၏။ (မဟာကာရုဏိကဖြင့်ဉာနဘုရား, ဉာနီမဟာကရုဏာ ၂-မျိုးလုံး ဟောနိုင်သည်ဟူလို)

ဉာနကိုဆိုသဖြင့် ဉာနီကိုလည်း ရသောနည်းသည် နာနန္တရိက နည်းမည်၏။ ပြယုဂ်ကား-မဟာ ကာရုဏိကဿတည်း။ ဤပြယုဂ်၌ မဟာကာရုဏိကဿ ဟူသောနည်းသည် မြတ်စွာဘုရား တည်းဟူသော ဉာနကိုဆိုသဖြင့် မဟာကရုဏာတည်းဟူသော ဉာနီကိုလည်း ရသောကြောင့် နာနန္တရိကနည်းမည်၏။

**မှတ်ချက်။** ။ ဉာနူပစာရရလျှင် နာနန္တရိကနည်း အမြဲရသည်။ ယင်း ဉပစာနှင့်နည်းတစ်တွဲမှတ်။

(ခ) အပေါင်း၏အမည်ကို အစိတ်၌တင်စား၍ ခေါ်ဝေါ်ခြင်းသည် ဧကဒေသူပစာသဒ္ဒာမည်၏။ ပြုဂ်ကား-လောကဟိတာယတည်း။ ဤပြုယုဂ်၌ အပေါင်းဖြစ်သော သတ္တလောက, သင်္ခါရလောက, ဩကာသလောက၏ လောကဟူသောအမည်ကို အစိတ်ဖြစ်သော သတ္တလောက၌ တင်စား၍- အစိတ်ဖြစ်သော သတ္တလောကကိုသာ ဤ၌ လောကဟု ဆိုသောကြောင့် ဧကဒေသူပစာသဒ္ဒာ (ဝါ) သမုဒါယူပစာသဒ္ဒာ မည်၏။

ဆောင်၍ယူအပ်သော အနက်ရှိသောနည်းသည် နေယျတ္ထနည်းမည်၏။ ကား-လောကဟိတာယတည်း။ ဤ၌ လောကဟိတာယဟူသော နည်းသည် လောကအရ သင်္ခါရလောက, ဩကာသလောကတို့ကို မယူရ၊ သတ္တလောကကိုသာယူရမည်ဟု ဆောင်၍သိအပ်သောအနက် ရှိသောကြောင့် နေယျတ္ထနည်းမည်၏။

ထိုဌ် ထင်သောအားဖြင့် ဤ၌ ခေါ်ဝေါ်အပ်သော နည်းသည် ရုဠ္ဟီနည်း မည်၏။ ကား..... လောက ဟိတာယတည်း။ ဤ၌ လောကဟိတာယ ဟူသောနည်းသည် သတ္တလောက, သင်္ခါရလောက, ဩကာသ လောကတည်း ဟူသော ထို၌ ထင်သောအားဖြင့် သတ္တလောကတည်း ဟူသော ဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ရုဠ္ဟီနည်း မည်၏။ (**ဓိဝလောကော**၌ လောကသဒ္ဒာကို လည်း လောကဟိတာယ၌ လောကသဒ္ဒာနှင့်အတူ နည်းဉပစာတင်ပါ။)

http://www.dhammadownload.com



**မှတ်ချက်။** ။သဒ္ဒာစစ်၌ ကေဒေသူပစာကို ဤကျမ်း၌ ကေဒေသျူပစာဟု သုံးထားသည်။ သို့မှသာလျှင် ကေဒေသူပစာ = အဝယဝူပစာနှင့် ခြားနားပေမည်။ ဥပစာဟူသည် သက်ဆိုင်ရာသဒ္ဒါတစ်ပါး (သဒ္ဒန္တရိက်) ကို ထောက်၍ ဖြစ်ပေါ်လာရသည်။ မဉ္စာ ယောသန္တိ ဆိုရာ၌ "ယောသန္တိ = ကြွေးကြော် ကုန်၏"ဟူသော သဒ္ဒန္တရိက်ကို ထောက်၍ မဉ္စာသဒ္ဒါ ဥပစာဖြစ်လာရသည်။ ညောင်စောင်းတွေကတော့ မကြွေးကြော်နိုင်၊ ညောင်စောင်းပေါ် နေသူတွေကသာ ကြွေးကြော်နိုင်သည်မဟုတ်လား။ "ဟိုဘက်အိမ်က တယ်ဆူညံပါကလား"ဟူသော မြန်မာစကား၏ ဥပစာစကားဖြစ်ပုံနှင့် နှိုင်းယှဉ်ကြည့်ပါလေ။

## နည်းဥပစာ မှတ်ဖွယ်များ

**ဗုဒ္ဓနိသေဝိတံ။** ဤပြယုဂ်၌ ဗုဒ္ဓနိသေဝိတံ ဟူသော နည်းသည် သဗ္ဗညုဘုရား တည်းဟူသော ပြဋ္ဌာန်းသည်ကို ဆိုသဖြင့် ပစ္စေကဗုဒ္ဓာ သာဝကတည်းဟူသော မပြဋ္ဌာန်းသည်ကိုလည်း ရသောကြောင့် ပဓာနနည်း မည်၏။

ဤပြယုဂ်၌ အစိတ်ဖြစ်သော သဗ္ဗညု ဘုရားရှင်၏ ဗုဒ္ဓဟူသော အမည်ကို အပေါင်း ဖြစ်သော သဗ္ဗညုဘုရား, ပစ္စေကဗုဒ္ဓာ, သာဝက တို့၌ တင်စား၍ သဗ္ဗညုဘုရား, ပစ္စေကဗုဒ္ဓာ, သာဝကတို့ကို ဗုဒ္ဓဟုဆိုသောကြောင့် ကေဒေသူပစာသဒ္ဒါ (ဝါ) အဝယဝူပစာသဒ္ဒါ မည်၏။

**မှတ်ချက်။** ။ပဓာနနည်း ရလျှင် ကေဒေသူပစာ = အဝယဝူပစာရသည်။ ကေဒေသူ+ ပဓာနနည်း တစ်တွဲမှတ်။

† ဥက္ကဋ္ဌ ပရိစ္ဆေဒဝသေန ဗုဒ္ဓနိသေဝိတန္တိ ဝုတ္တံ။ သာရတ္ထ။ ၁။ ၁၃။

**ဘဝါဘဝံ။** ဤပြယုဂ်၌ ဘဝဟူသောနည်းသည် ဆိုလတ္တံ့သော အဘာဝအရ ကြီးသောဘဝမှကြွင်းသော ငယ်သောဘဝကို ယူရသောကြောင့် ပါရိသေသ နည်းမည်၏။

**မှတ်ချက်။** ။ ဘဝ + အဘာဝ။ ဘ ၁သဒ္ဒါ ကြီးငယ် ဘဝ–၂ မျိုးလုံးကို ဟောနိုင်သော်လည်း အဘာဝ၌ အ,သဒ္ဒါက အကြီး (မဟန္တ) အနက်ကို ဟောသဖြင့် ၎င်းအနက်မှ ကြွင်းသော ငယ်သော ဘဝကိုသာ ရှေ့ဘဝသဒ္ဒါက ဟောတော့သည်။ ဖလာဖလစသည်၌ ကဲ့သို့ပင်တည်း။

http://www.dhammadownload.com



"ဤပြယုဂ်၌ အပေါင်းဖြစ်သော ကြီးသော ဘဝ, ငယ်သော ဘဝတို့၏ ဘဝဟူသော အမည်ကို အစိတ်ဖြစ်သော ငယ်သောဘဝ၌ တင်စား၍ အစိတ်ဖြစ်သော ငယ်သောဘဝကို ဘဝဟုဆိုသောကြောင့် ကေသျူပစာသဒ္ဒါ (ဝါ) သမုဒါယူပစာသဒ္ဒါမည်၏။

**မှတ်ချက်။** ။ ပါဠိသေသနည်း ရလျှင် ကေဒေသျူပစာ အမြဲရသည်။ ကေဒေသျူပစာရတိုင်းကား ပါဠိသေသနည်းမရ။ အပြန်အလှန်မရဟုမှတ်။ ကေဒေသူ= အဝယဝအတူ။ ကေဒေသျူ = သမုဒါယူ အတူမှတ်။

## သီလ သမာဓိ ပညာ ဝိမုတ္တိဉာဏ ပုဒ်တို့တွင်.....

**သမာဓိ၌ နည်းဥပစာ။** ။ ဤ – ၌ သမာဓိဟူသော နည်းသည် ပြဋ္ဌာန်းသော ကေဂ္ဂတာစျာန်ဟူသော သမာဓိကိုဆိုသဖြင့် မပြဋ္ဌာန်းသော သမာဓိနှင့် သမ္ပယုတ်ဖြစ်သော ပထမစျာန် စသည်ကိုလည်း ရသော ကြောင့် ပဓာနနည်း။

ဤ၌ အစိတ်ဖြစ်သော ကေဂ္ဂတာစျာနင်၏ သမာဓိဟူသော အမည်ကို အပေါင်းဖြစ်သော ကေဂ္ဂတာစျာနင်, ပထမစျာန်စသည်တို့၌ တင်စား၍ အပေါင်းဖြစ်သော ကေဂ္ဂတာစျာနင်, ပထမစျာန် စသည်ကိုလည်း ကေဂ္ဂတာဟု ဆိုသောကြောင့် ကေဒေသူပစာသဒ္ဒါ။

✝ သမာဓိတိ ပထဇ္ဈာနာဒိ။ သမာဓိသီသေန ဟိ ပထမဇ္ဈာနာဒယော ဝုတ္တာ။ သာရတ္ထ၊ ၁။ ၃။

**ပညာ၌နည်းဥပစာ။** ။ဤ၌ ပညာဟူသောနည်းသည် ဆိုလတ္တံ့ သော ဝိမုတ္တိအရ ဖိုလ်ပညာမှ ကြွင်းသော မဂ်ပညာကို ယူရသောကြောင့် ပါဠိသေသနည်း။ ။ဤ၌ အပေါင်းဖြစ်သော မဂ်ပညာ, ဖိုလ်ပညာ တို့၏ ပညာဟူသော အမည်ကို အစိတ်ဖြစ်သော မဂ်ပညာ၌ တင်စား၍ အစိတ်ဖြစ်သော မဂ်ပညာကို ပညာဟုဆိုသောကြောင့် ကေဒေသျူပစာသဒ္ဒါ။

✝ ပညာတိ မဂ္ဂပညာ။ ဝိမုတ္တီတိ ဖလံ။ သာရတ္ထ၊ ၁။ ၁၃။

http://www.dhammadownload.com



**ဝိမုတ္တိဉာဏဴ၌နည်း။** တစ်ခုကိုချေ၍ တစ်ခု ကြွင်းပြုသော နည်းသည် ဧကသေသ နည်းမည်၏။ ကား..... ဝိမုတ္တိစ ဝိမုတ္တိဉာဏဉ္စ ဝိမုတ္တိ ဉာဏံတည်း။ ဤ-၌ ဝိမုတ္တိဉာဏံဟူသောနည်းသည် ဝိမုတ္တိ သဒ္ဒာတစ်ခုကို ချေ၍ ဝိမုတ္တိ သဒ္ဒာတစ်ခု ကြွင်းပြုသောကြောင့် ဧကသေသ နည်းမည်၏။ (သာရတ္ထ၌ ဧကဒေသ သရူပေကသေသတူ၏။)

† ဝိမုတ္တိစ ဝိမုတ္တိဉာဏဉ္စ ဝိမုတ္တိ ဝိမုတ္တိဉာဏန္တိ ဝတ္တဗ္ဗေ ဧကဒေသ သရူပေကသေသနယေန ဝိမုတ္တိဉာဏန္တိ ဝုတ္တံ။ သာရတ္ထ၊ ၁။ ၁၃။ ဝိမတိ၊ ၁၊ ၄။

**ခေတ္တံ။** ။ဤ၌ အတူဖြစ်သော လယ်၏ ခေတ္တဟူသော အမည်ကို အတူရှိသော အရိယသံဃာ၌ တင်စား၍ အတူရှိသော အရိယသံဃာကို ခေတ္တံဟု ဆိုသောကြောင့် သဒိသူပစာသဒ္ဒာ။ (နေယျတ္ထနည်း၊ ရုဠှီ နည်းတွဲ။)

† ခေတ္တသဒိသတ္တာ ခေတ္တံ။ သာရတ္ထ၊ ၁။ ၁၃။ ဝိမတိ၊ ၁။ ၄။

**ရတနတ္တယံ။** ။ အပေါင်းဖြစ်သော ရတနာသုံးပါးအပေါင်း၏ ရတနတ္တယဟူသောအမည်ကို အစိတ်ဖြစ်သော ရတနာ ၁-ပါး ၁-ပါး၌ တင်စား၍ အစိတ်ဖြစ်သော ရတနာ ၁-ပါး, ၁-ပါးကို ရတနတ္တယံဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-သမုဒါယူပစာ။ ဂံ၊ သစ် ၁၊ ၄၀။

**ဟတန္တရာယ။** အကြောင်းကိုဆိုသဖြင့် အကျိုးကိုလည်း ရသော နည်းသည် နာန္တရိကနည်းမည်၏။ ကား- ဟတန္တရာယောတည်း။ ဤ၌ ဟတဟူသော နည်းသည် ပယ်သတ်အပ်သော ဥပပီဠက, ဥပစ္ဆေဒကကံ ဟူသောအကြောင်းကိုဆိုသဖြင့် ဒိဋ္ဌဓမ္မိကာဒိအနတ္ထ (အန္တရာယ်) ဟူသော အကျိုးကိုလည်းရသောကြောင့် နာန္တရိကနည်း။

ဤ၌ အကြောင်းဖြစ်သော ပယ်သတ်အပ် (ပယ်သတ်ထိုက်) သော ဥပပီဠက- ဥပစ္ဆေဒကကံတို့၏ ဟတဟူသောအမည်ကို အကျိုးဖြစ်သော ဒိဋ္ဌဓမ္မိကာဒိအနတ္ထ (အန္တရာယ်) ၌ တင်စား၍ အကျိုးဖြစ်သော ဒိဋ္ဌဓမ္မိကာဒိ အနတ္ထ (အန္တရာယ်)ကို ဟတဟုဆိုသောကြောင့် ကာရဏူပစာသဒ္ဒာ။

http://www.dhammadownload.com



**မှတ်ချက်။** ။ဟတော အန္တရာယော အဿာတိ ဟတန္တရာ ယောဝစနတ္တ၌ "ဟတ" သမာသ်ပုဒ်တစ်စိတ်မှာတင်သော် ကာရဏူ ရသည်။ ဟတ + အန္တရာယ (ဟတန္တရာယ) သမာသ်ပုဒ် ၂-ပုဒ်မှာ တင်လျှင် အကျိုးပယ်သတ်အပ်ပြီးသော ဒိဋ္ဌဓမ္မိကာဒိအနတ္ထ (အန္တရာယ်) ၏ ဟတန္တရာယအမည်ကိုအကြောင်း ဥပပီဠက, ဥပစ္ဆေဒကကံ၌တင်၍ ယင်းကံတို့ကို "ဟတအန္တရာယ"ဟု ဆိုသောကြောင့် "ဖလူပစာ" ရနိုင်သည်။ အညပုဒ်အရမှာ ဗုဒ္ဓဃောသ ရသည်ကိုသတိပြု။ **ကာရဏူပစာ နာနန္တရိကနည်း** တစ်တွဲမှတ်။

**ပုဗ္ဗာစရိယာနုဘာဝံ။** ။ ဤ၌ ပုဗ္ဗာစရိယာနုဘာဝံဟူသော နည်းသည် အကြောင်းဖြစ်သော ရှေးဆရာတို့၏ အစွမ်းသတ္တိတည်းဟူသော အကြောင်းကို ဆိုသဖြင့် အဋ္ဌကထာ တည်းဟူသော အကျိုးကိုလည်း ရသောကြောင့် နာနန္တရိကနည်း။

ဤ၌ အကြောင်း ဖြစ်သော ရှေးဆရာ တို့၏ အစွမ်း သတ္တိ၏ ပုဗ္ဗာစရိယာနုဘာဝံ အမည်ကို အကျိုးဖြစ်သော အဋ္ဌကထာ၌ တင်စား၍ အကျိုးဖြစ်သော အဋ္ဌကထာကို ပုဗ္ဗာစရိယာ နုဘာဝံဟုဆိုသောကြောင့် ကာရဏူပစာသဒ္ဒါ။ သာရတ္ထ၊ ၁။ ၁၇။ ဂံ၊ သစ်။ ၁၊ ၄၇။

**မဟာဝိဟာရဿ။** ။ ဤ၌ မဟာဝိဟာရ ဟူသော နည်းသည် ကျောင်းတိုက် တည်းဟူသော ဌာနကို ဆိုသဖြင့် ထိုကျောင်းတိုက်၌ နေသော ရဟန်း ထိုရဟန်းတို့နှင့် အယူဝါဒတူသော ရဟန်းတည်းဟူသော ဌာနီကိုလည်း ရသောကြောင့် နာနန္တရိကနည်း။

ဤ၌ ဌာနဖြစ်သော ကျောင်းတိုက်၏ မဟာဝိဟာရအမည်ကို ဌာနီဖြစ်သော ထိုကျောင်းတိုက်၌ နေသော ရဟန်း, ထိုရဟန်းတို့နှင့် အယူဝါဒတူသော ရဟန်းတို့၌တင်စား၍ ၎င်းတို့ကိုလည်း မဟာဝိဟာရဟု ဆိုသောကြောင့် ဌာနူပစာသဒ္ဒါ။ ဝိမတိ၊ ၁။ ၅။

**သီဟဠဒီပကေန။** ။ ဤ၌ အတူဖြစ်သော သီဟဠမင်းသား၏ သီဟဠဟူသောအမည်ကို အတူရှိသော ထိုမင်းသားနှင့် အနွယ်တူသူမင်း (ခတ္တိယ) တို့၌ တင်စား၍ ထိုမင်းသားနှင့် အနွယ်တူသူမင်းတို့ကိုလည်း သီဟဠဟုဆိုသောကြောင့် သဒိသူပစာသဒ္ဒါ။ (နေယျတ္ထနည်း၊ ရင်္ဂနည်း)

http://www.dhammadownload.com



ဤ၌ ဌာနီဖြစ်သော (သီဟဠမည်သူ) မင်းတို့၏ သီဟဠအမည်ကို ဌာနဖြစ်သော ကျွန်း၌ တင်စား၍ ဌာနဖြစ်သောကျွန်းကိုလည်း ,သီဟဠ ဟုဆိုသောကြောင့် ဌာနျူပစာ (ဌာနူပမဟုတ်) သဒ္ဒာ။ (နာနန္တ ရိကနည်း။)

သီဟဿ လာနတော ဂဟဏတော သီဟဠော။ သီဟကု မာရော။ (မုချပြ) တံဝံသဇာတတာယ (သဒ္ဒိသူပြ။) တမ္ပဏ္ဏိဒီပေ ခတ္တိယာနံ တေသံ နိဝါသတာယ (ဌာနျူပြ။) တမ္ပဏ္ဏိဒီပဿာပိ သီဟဠဘာဝေါဝေဒိတဗ္ဗော။ သာရတ္ထ၊ ၁။ ၁၉။

**သရီရံ။** အတူဖြစ်သော သတ္တသန္တာန်၏ သရီရအမည်ကို အတူရှိသော မဟာအဋ္ဌကထာကျမ်း၌တင် "သဒိသူပစာ"။ ဂံ၊ သစ်။ ၆၂။

**မဟာပစ္စရိယံ။** ဤ၌ ဌာနဖြစ်သော ဖောင်၏ ပစ္စရီအမည်ကို ဌာနီဖြစ်သော (ထိုဖောင်ပေါ်မှာ စီရင်သော) အဋ္ဌကထာ ကျမ်း၌ တင်စား၍ ဌာနီဖြစ်သော အဋ္ဌကထာကျမ်းကို ပစ္စရီဟုဆိုသောကြောင့် ဌာနူပစာသဒ္ဒာ။ (နာနန္တ ရိကနည်း။) သာရတ္ထ၊ ၁။ ၂၀။

**ကုရုန္ဒီနာမာဒီသု။** ဤ၌ ဌာနဖြစ်သော ကျောင်း၏ ကုရုန္ဒီ ဟူသောအမည်ကို ဌာနီဖြစ်သော (ထိုကျောင်းမှာ စီရင်သော) အဋ္ဌကထာ ကျမ်း၌ တင်စား၍ ဌာနီဖြစ်သော အဋ္ဌကထာ ကျမ်းကို ကုရုန္ဒီဟု ဆိုသော ကြောင့် ဌာနူပစာသဒ္ဒာ။ (နာနန္တ ရိကနည်း။)

တစ်စိတ်အားဖြင့် ခေါ်ဝေါ်အပ်သောနည်းသည် ဧကဒေသဝေါဟာရ နည်းမည်၏။ ကား..... ကုရုန္ဒီတည်း။ ဤ၌ ကုရုန္ဒီ ဟူသော နည်းသည် ကုရုန္ဒီဝလ္လိ ဝိဟာရဟူသော အမည်ကို တစ်စိတ် အားဖြင့် ခေါ်ဝေါ်အပ်သော ကြောင့် ဧကဒေသဝေါဟာရနည်းမည်၏။ သာရတ္ထ၊ ၁။ ၂၀။ ဝိမတိ။ ၁။၆။

**မှတ်ချက်။** ။ ဤ၌ ဌာနူပစာရတိုင်း ရနေကျ နာနန္တ ရိကနည်းနှင့် သီးသန့် ဤပုဒ်မှာသာ ရသော ဧကဒေသဝေါဟာရနည်း ၂-နည်းရသည်။

http://www.dhammadownload.com



(က) တတ္ထ တံ " ဝဏ္ဏယိဿံ ဝိနယ " န္တိ ဝုတ္တတ္တာ
ဝိနယော တာဝ ဝဝတ္ထပေတဗ္ဗော။

(ခ) တေနေတံ ဝုစ္စတိ ဝိနယောနာမ ဋ္ဌပိတ သကလ
ဝိနယပိဋကံ အဓိပ္ပေတန္တိ။

(ဂ) သံဝဏ္ဏနတ္ထံ ပနဿ အယံ မာတိကာ။ ဋ္ဌ။ ၄။

● (၁) က-ဝါကျဝယ် ဝိနယန္တိဋ္ဌ ဋ္ဌတိသဒ္ဒါကို အာကာရတ္ထ, ကမ္မတ္ထ၊ တာဝသဒ္ဒါ၏ အပါဒါန်နှင့် သမ္ဗန်၊ အနိယတ်တို့ ဖြည့်စွက်၍ အနက်ပေးပါ။

ဖြေ။ ။ တတ္ထ တာသုဂါထာသု၊ တို့၌။ တံဝဏ္ဏယိဿံ ဝိနယန္တိ၊ တံ ဝဏ္ဏယိဿံ ဝိနယံဟူ၍ (အာကာရတ္ထ)။

ဝါ၊ တံဝဏ္ဏယိဿံ ဝိနယန္တိ ဣမဿ ဝစနဿ၊ တံ ဝဏ္ဏယိဿံ ဝိနယံဟူသော ဤစကား၏၊ ဝါကို။ ဿာမညတော၊ ဖြင့်။ မယာ၊ သည်။ ဝုတ္တတ္တာ၊ ဆိုအပ်သည် ၏ အဖြစ်ကြောင့်။ ဝိနယော၊ သံဝဏ္ဏေတဗ္ဗ ဖြစ်သော ဝိနည်းကို။ အတ္ထသံဝဏ္ဏနတော၊ အနက်ကို ဖွင့်ကြောင်း အဋ္ဌကထာမှ (အပါဒါန်)။ ဝါ- အတ္ထသံဝဏ္ဏနဿ၊ ကထာ၏ (သမ္ဗန်)။ တာဝ၊ ရှေးဦးစွာ။ ယေန၊ အကြင်ကြောင့် (အနိယတ်)။ ဝဝတ္ထပေတဗ္ဗော၊ အသီးအခြား တည်စေအပ်၏။ (ဝိ+အဝ+ထာဓာတ်+ဏာပေတဗ္ဗ)။ ဝါ၊ အသီးအခြား ထားအပ်၏။ (ဝိ+အဝ+ဌပ+ဏာပေတဗ္ဗ) (သဒ္ဒတ္ထ)။ ဝါ၊ ဝဝတ္ထပေတဗ္ဗော၊ မှတ်သား အပ်၏။ (အဓိပ္ပါယတ္ထ။ ဋီကာ)

## တာဝသဒ္ဒါ၏ အနက်များ

(၁) ပဌမတ္ထ = ရှေးဦးစွာ။ (၂) ကမတ္ထ = အစဉ် အားဖြင့်၊ အစဉ်အတိုင်း။ (၃) ဝတ္တဗ္ဗန္တရာပေက္ခတ္ထ = မဆိုမီ၊ မဆိုခင်။ (၄) အနုညာတတ္ထ = ဖြစ်ပါစေ၊ ရှိပါစေ၊ ဖြစ်စေဦးတော့၊ ရှိစေဦးတော့။) (တာဝယုဇ္ဇတိ = သင့်တန် စေဦးတော့။)

http://www.dhammadownload.com



✝ ပဌမတ္တေ ကမတ္တေစ၊ ဝတ္တဗ္ဗဏ္ဏ ရာပေက္ခနေ။ အနညာတေ တေသွတ္တေသု၊ တာဝသဒ္ဒော ပဝတ္တတိ။

**(မဏိမဉ္ဇူ ၁။ ၃၀။)**

✝ တာဝသဒ္ဒော ပဌမန္တိ ကူမသို့ အတ္တေ ဝေဒိတဗ္ဗော။ (သာရတ္တ)

* ပဌမံ တာဝ၊ ရှိလတ်ကမူ၊ အပါဒါန်နှင့် သမ္ဗန် လာမြဲပေ။

**(တိပိဋက။ ၃၀။)**

---

● (၃) (၂) က–ခ–ဂ–ဝါကျတို့၏ အမည်ကို အကြောင်းပြ ရေးသား၍ ခ–ဝါကျကို ပုစ္ဆာတက်၊ ဂ–ဝါကျကို အနုသန္ဓေတက်ပါ။

ဖြေ။ ။အကြောင်းပြဝါကျခွဲ

ခ–ဝါကျသည် " ရအပ်သော အကျိုးကို ပြသောကြောင့် " လဒ္ဓဂုဏ (လဒ္ဓဂုဏ်) ဝါကျ မည်၏။ ထို ခ–ဝါကျကိုထောက်၍ က–ဝါကျသည် "အကြောင်း (ယုတ္တိ)ကို ပြသောကြောင့်" လဒ္ဓဂုဏီယဝါကျ မည်၏။

## လဒ္ဓဂုဏ်မှတ်ဖွယ်

လဒ္ဓ = ရအပ်သော + ဂုဏ = အကျိုး။ ရှေး (မူလ) အကြောင်း (ယုတ္တိ) ဝါကျကိုရေးသားပြီးနောက် ယင်းဝါကျကို ရေးသားလိုက်သဖြင့် ရရှိလာမည့် အကျိုးကိုပြလို၍ တစ်ဖန်တက်လာသော (မူလီ) ဝါကျမျိုးကို (လဒ္ဓဂုဏံ ဒီပကံ ဝါကျံ လဒ္ဓဂုဏ ဝါကျံ။ ဝါ။ လဒ္ဓဂုဏံ ဒီပေတိ ဧတေနာတိ လဒ္ဓဂုဏံအံရ) လဒ္ဓဂုဏဝါကျဟု ခေါ်သည်။

## လဒ္ဓဂုဏ်လက္ခဏာ (၁)

(၁) မူလစကားရပ်၏ အကျိုးရင်း, အနီးဆုံးအကျိုး မဟုတ်ဘဲ အကျိုးဆက်, ဝေးသောအကျိုးမျှ ဖြစ်ခြင်း။ (၂) အကြောင်း (ယုတ္တိ) သို့မဟုတ် အကျိုးရင်းနောက်၌ တက်လာခြင်း။ (၃) ဝေဒိတဗ္ဗံ, ဒဋ္ဌဗ္ဗံ ဝုစ္စတိ, ဝုတ္တံ စသည် (ယေဘုယျအားဖြင့်) ကမ္မရုပ်ကြိယာ အဆုံးထားခြင်းဟု ဤ ခ–ဝါကျ၌ လက္ခဏာ ၃–မျိုးကို ရှေးဦးစွာ မှတ်သားထားပါလေ။

http://www.dhammadownload.com



## ရှင်းလင်းချက်

တံ ဝဏ္ဏယိဿံ ဝိနယံ ဟူသော မူလပဋိညာဏ် စကားမှ က–ဝါကျအကျိုးစကားတစ်ရပ် ပေါက်ဖွားလာသည်။ က–ဝါကျမှ တစ်ဖန် ခ–ဝါကျ အကျိုးတစ်ရပ် ပေါ်ပေါက် လာပြန်သည်။ ထို့ကြောင့် ခ–ဝါကျ မှာ မူလ စကား၏ အကျိုးရင်း မဟုတ်၊ အကျိုးဆက်မျှသာ ဖြစ်သည်။

တံ ဝဏ္ဏယိဿံ ဝိနယံ (ဝိနည်းကိုဖွင့်မည်)ဟု ဆိုရာ ဘယ်ဝိနည်းကို ဖွင့်မည်နည်း၊ သံဝရ ဝိနည်းလား, ပဟာန ဝိနည်းလား ဟု သံသယဝင်ဖွယ် ဖြစ်သည်၊ သံသယကင်းအောင် ဝိနည်းကို ပိုင်းခြားသတ်မှတ်ရလိမ့်မည်၊ ဤသို့ ပိုင်းခြား သတ်မှတ် သင့်သော အရာဌာနမျိုး၌ ဝိနယော တာဝ ဝဝတ္ထပေတဗ္ဗော (ရှေးဦးစွာ ဝိနည်းကို ပိုင်းခြားသတ်မှတ်သင့်၏) ဟု ဆိုသော စကားသည် သူ့နေရာနှင့်သူ အံဝင်ခွင်ကျသော၊ အကြောင်းယုတ္တိ လုံလောက်သော စကားပင် ဖြစ်သည်။ ခ–ဝါကျမှာ ဤသို့အကျိုးဆက်ဖြစ်၍ အကြောင်းယုတ္တိလုံလောက်သော က–ဝါကျနောက်၌ တက်လာသည်။ တေနေတံ ဝုစ္စတိ ဟု ကမ္မရုပ်ကြိယာ အသုံးသက်၍လည်း ရေးသားထားသည်။ ထို့ကြောင့် ခ–ဝါကျကို လဒ္ဓဂုဏဝါကျဟုဆိုသည်။

* အကျိုးတစ်ပါး၊ ပြီးလတ်ငြားက၊ တစ်ပါးအကျိုး ပြီးရိုးတွေ့ကြုံ လဒ္ဓဂုဏ်။
* ကျိုးတစ်ဆက်မှ၊ ကျိုးဆက်ပြ၊ လဒ္ဓဂုဏ်မှတ်လေ။
* ယုတ္တိနောက်မှ၊ တက်တုံက၊ မှတ်ကြလဒ္ဓဂုဏ်။
* အကျိုးထိုင်ပြ၊ ဂုဏ်ဝါကျ၊ ကမ္မဆုံးထားကုန်။
* တေနေ တံ ဝုစ္စတိ၊ ပါဋ္ဌိတွေ့ကြုံ၊ လဒ္ဓဂုဏ်လည်းပြ၊ သာဓက။

(ရွှေ)

## လဒ္ဓဂုဏ်ကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် ပဏာမစသည်ပြသောဂါထာတို့၌ "တံဝဏ္ဏယိဿံ ဝိနယံ"ဟုဆိုခဲ့ပြီးသည်၏ အဖြစ်ကြောင့် ရှေးဦးစွာ ဝိနည်းကို ပိုင်းခြားမှတ်သားအပ်သောဟုဆို၏။ ထိုသို့ဆိုသဖြင့် ဆရာ့အား (မှာ)

http://www.dhammadownload.com



အဘာယ်ဂုဏ်ရှိပါသနည်း။ ဝါ။ အဘာယ်အကျိုးရှိသနည်း။ ရအပ်သော အကျိုးကို မပြပြီလော-ကြောင့် ခ-ဝါကျမိန့်။

ကား.....ခ-ဝါကျဖြင့် အလုံးစုံသော ဝိနည်းပိဋကကကို ဤတံဝဏ္ဏယိသံ ဝိနယံ ဟူသော စကား၌ ဝိနည်းမည်၏ ဟု အလိုရှိအပ်သတည် ဟု ပြဆိုခြင်း အကျိုး (ဂုဏ်) ရှိ၏ဟူ လိုသောဝ်။

**မှတ်ချက်။** ။ဤကျမ်းတက်၌ ပုစ္ဆာနှင့် အာဘော်ကို လဒ္ဓဂုဏ် ဝါကျတိုင်း အသုံးပြုနိုင်သည်။ သာမညပုစ္ဆာအာဘော်တို့တည်း။ ဝိသေသ (ဤဝါကျနှင့်သာသက်ဆိုင်သော) ပုစ္ဆာ အာဘော်တို့ကို ဆက်၍ရှုလေ။

## တစ်နည်းကျမ်းတက်

ဆရာ၊ ဆရာသည် လ-ဆို၏။ (ထပနာတူပြီ။) ထိုသို့ ဝိနည်းကို ရှေးဦးစွာမှတ်သဖြင့် အဘာယ်အကျိုးရှိပါသနည်း။ အကျိုးထူးမရှိလျှင်လည်း ဝန်ခံတိုင်းသာ ဖွင့်အပ်သည်မဟုတ်ပါလော..... ကြောင့် ခ-ဝါကျမိန့်။ ကြွင်းတူပြကြောင်းပြီ။ **(ဆင်တဲ။ ၃၇။)**

အကြောင်းပြဝါကျခွဲ

(ဂ) ဝါကျသည် "သံဝဏ္ဏေတဗ္ဗ ဝိနည်းဟူသော အဖို့မှတစ်မျိုး တစ်ပါးသော ယင်း၏မာတိကာကိုပြသောကြောင့် "ပက္ကန္တ ဝါကျ"။ ထို ဂ-ဝါကျကိုထောက်၍ ခ-ဝါကျသည် "သံဝဏ္ဏေတဗ္ဗ ဝိနည်းဟူသော အဖို့ကို ပြသောကြောင့်" ပက္ခဝါကျ။

## ဂ-ဝါကျ အနုသန္ဓေတက်

ဤသို့ ခ-ဝါကျဖြင့် သံဝဏ္ဏေတဗ္ဗဝိနည်းကို ပြပြီး၍ ယခုအခါ၌ သံဝဏ္ဏေတဗ္ဗဝိနည်း၏ အနက် (အတ္ထ)ကို မာတိကာထား၍ ဖွင့်ပြလိုရကား ဂ-ဝါကျမိန့်။ (သာရတ္ထ၊ ၁။ ၂၅။ ဝိမတိ၊ ၁။ ၉။)

---

● (၄) ဂ-ဝါကျ၌ မာတိကာသဒ္ဒါကို ဝစနတ္ထပြု၍ အန္တတ္ထ ဗာဟျတ္ထကွဲပြားအောင် ကောက်ခဲ့ပါ။

**ဖြေ။** ။ဝစနတ္ထ။ မာတာဝိယာတိ မာတိကာ။ (သရတ္ထ၊ ၁။ ၂၅။ ဝိမတိ၊ ၁။ ၉။)

http://www.dhammadownload.com



## အန္တတ္ထဗာဟျတ္ထကောက်

**အနက်။** မာတာဝိယ၊ အမိကဲ့သို့တည်း။ ဝါ။ အမိနှင့်တူသည်တည်း။ ဣတိ၊ ကြောင့်။ မာတိကာ၊ မည်၏။

**ပုဒ်ခွဲ။** မာတာဝိယာတိကား ဥပမာတဒ္ဓိတ်ဝိဂြိုဟ်၊ မာတိကာကား ဥပမာတဒ္ဓိတ်ပုဒ်၊ မာတုပုဒ်, ဏိကပစ္စည်း။

**အကောက်။** မာတုဟူသော တဒ္ဓိတ်ပုဒ်အရကား အမိဒြဗ်သည် မုချအားဖြင့် ရ၏။ ထိုအမိဒြဗ်၏ အကျဉ်းဥဒ္ဒေသဒြဗ်နှင့်သဒိသ သဒိသီအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ ဏိကပစ္စည်းအရကား ထိုမုချ ဌာနူပစာရတ္ထတို့ဖြင့် မှတ်အပ်သော အကျဉ်းဥဒ္ဒေသ (မာတိကာ) ဒြဗ်ရ၏။

**မှတ်ချက်။** ။ ဉာသ်ကောက်ရာ၌ ၁ အနက်ပေး။ ၂-ပုဒ်ခွဲ။ ၃-အကောက်ဟု ၃-မျိုးပါဝင်သည်ကို သတိပြု၍ကောက်ပါ။

* တဒ္ဓိတ်ဟူက၊ ပုဒ်အရ၊ မုချဌာနူလုပ်။

* ပစ္စည်းအတွက်၊ နောက်ပုဒ်နက်၊ ဆက်ဆက်အကောက်ထုတ်။

(သဲအင်းဉာသ်ကောက်)

## ဉာသ်ကောက်ဆိုသည်မှာ

အန္တတ္ထ, ဗာဟျတ္ထကောက်၊ ဝါ-ဝါစ္စတ္ထကောက်နှင့် ဉာသ်ကောက် မှာ အတူတူပင်။ ရှင်ဦးအုံ ..... နျာသဟူသည် ကစ္စည်း သဒ္ဒါကျမ်းကို ဖွင့်သော ကျမ်းတစ်ကျမ်းနာမည်ဖြစ်သည်။ ယင်းနျာသကို (ဥပနျာသကို ဥပညာသ ခေါ်သကဲ့သို့) ဉာသဟုလည်း ခေါ်သည်။ သမာသကို သမာသ်ဟုဆိုသကဲ့သို့ ဉာသကို ဉာသ်ဟုဆိုသည်။ ဤ ဉာသ်ကျမ်းပဏ္ဍာမဂါထာလာ "ဗုဒ္ဓံဝိသုဒ္ဓမဝိသုဒ္ဓိဓနေသ" စသော ပုဒ်တို့ကို ပုဒ်အရ၊ ဓာတ်အရ ပစ္စည်းအရ စသည် အန္တတ် ဗာဟျတ်ကွဲ ပြားအောင် ကောက်ပြထားသော ကျမ်းတစ်ကျမ်း ရှိ၏။ သို့ ကောက်ပြထားသောကြောင့် ယင်းကျမ်းကို **ဉာသ်ကောက်ကျမ်း** ဟု လည်းကောင်း၊ သို့ကောက်သော အကောက်ကိုလည်း **ဉာသ်ကောက်**ဟု လည်းကောင်း၊ ယင်းကို မှီး၍ ၄ ဘာက်နည်းကိုလည်း **ဉာသ်ကောက်နည်း**ဟု လည်းကောင်း ဆိုကြသည်။ ထိုကြောင့် အန္တတ္ထ, ဗာဟျတ္ထကောက်၊ ဝါ-ဝါစ္စတ္ထကောက်နှင့် ဉာသ်ကောက်မှာအတူတူပင်တည်း။

http://www.dhammadownload.com



**မှတ်ချက်။** ။ဗုဒ္ဓံ ဝိသုဒ္ဓံ စသော န္យာသ ပဏ္ဏာမ ဂါထာ အကောက်ကို မကာရလောပ ခင်ကြီးပျော်ရေးထားခဲ့သည်ဟု အစီအစဉ် ပြောရိုးရှိသည်။ အထောက်အထား မတွေ့ရသေး။

## အဘိဓေယျတ္ထကောက်

ဗုဒ္ဓံ ပုဒ်၌ ဓာတ်အရ ပစ္စည်းအရ အန္တတ် ဗာဟျတ် ကွဲပြားအောင် မကောက်ဘဲ ဗုဒ္ဓံအရ ဘုရားရှင်၏ဟု အရကောက်မျှကောက်ခြင်းကို အဘိဓေယျတ္ထကောက်ဟု ခေါ်သည်။ အဘိဓေယျတ္ထ (သရုပ်ကြား) သံဝဏ္ဏနာမျိုးတည်း။

---

● (၅) သံဝဏ္ဏနတ္ထံ ပုဒ်သည် မည်သည့်အနက်၌ မည်သည့် ဝိဘတ်ဆုံးသောပုဒ်မျိုး ဖြစ်ပါသနည်း၊ ဖော်ပြ၍ အဓိပ္ပေတံ သဒ္ဒာ၏ ဓာတ်အဖွင့်ပစ္စည်းတို့ကိုလည်း ညွှန်ပြပါ။

**ဖြေ။** ။ သံဝဏ္ဏနတ္ထံ၊ ဖွင့်ခြင်းငှာ။ ဤအလို သမ္ပဒါနတ္တ၌ စတုတ္ထီသ ဝိဘက် အဆုံးရှိသော ပုဒ်တည်း။ (အာယံစတုတ္ထေကသုတ်၌ "တု" သဒ္ဒာဖြင့် ထွံပြု။)

**တစ်နည်း။** ။ သံဝဏ္ဏနတ္ထံ၊ ဖွင့်ခြင်းအကျိုးငှာ- ဟုအနက်ပေး။ ဤအလို တဒတ္ထ၌ ပဥ္စမာဝိဘက် အဆုံးရှိသော ပုဒ်တည်း။ (အာလပနေစသုတ်၌ စ သဒ္ဒာဖြင့် ပဥ္စမာသက်။) ပါရာ၊ ဂုံ။ သစ်၊ ၁။ ၇၆။

(ခ) အဓိပ္ပေတံ = အဓိ+ပ+ဣဓာတ် X တ ပစ္စည်း။နိတိ၊ ဓာ။ ၂။

---

● (၇) က-ဝါကျ၌ ဝဝတ္ထပေတဗ္ဗော, ဝဝဋ္ဌပေတဗ္ဗောဟု ပါဌ် ၂- မျိုး ရှိရာ အဘယ်ပါဌ်မှန်ပါသနည်း၊ ယုတ္တိသွင်း၍ ရှင်းခဲ့ပါ။

**ဖြေ။** ။ ဝဝဋ္ဌပေတဗ္ဗောကား ဝိ + အဝ + ထပ + ဏေ + တဗ္ဗ တည်း။ ဝိ-၌ ဣသရကိုချေ၊ ဝ-ကို အသို့ကပ်၊ ထကို ဋ္ဌပြု၊ သဒိသ ဒွေဘော် ဋ္ဌပြု၍ ပြီးသောကြောင့် "ဝဝဋ္ဌပေတဗ္ဗ"ဟု ပါဌ်သင့်သည်။

**တစ်နည်း။** ။ ဝိ+အဝ+ထာ+ဏာပေ+တဗ္ဗ။ ထ-ကို ဋ္ဌ မပြန်ဘဲ ပြီးသင့်သလို ပြီးသောကြောင့်လည်းကောင်း ဝဝတ္ထာနံ ဝဝတ္ထိတံ စသော ပုဒ်တို့ကို မြင်ရသောကြောင့် လည်းကောင်း "ဝဝတ္ထပေတဗ္ဗော" ပါဌ်လည်းသင့်သည်။

http://www.dhammadownload.com



† ဝဝဋ္ဋပေတိ။ ဝေါဋ္ဌဗ္ဗနံ။ "ဝဋ္ဋစ" ဝိအဝထပနန္တိ သေဒေါ။

ဝဋ္ဋ ပုရိမေ သရလောပေါ ထသ္သ ဋဝတ္တံ ဝိသဒိသဘာဝေန ဒွိတ္တဉ္စ။ နီတိ၊ ဓာတု။ ၃၂၇။

† ထာ၊ ဂတိနိဝတ္တိယံ။ ထာတိ။ အဝတ္ထာ၊ဝဝတ္ထာနံ၊

ဝဝတ္ထိတံ။ နီတိ၊ ဓာတု။ ၆၈။

---

● (၁၀) က-ဝါကျ ဝုတ္တတ္တာပုဒ်၏ ကတ္တားတရားကို ယူ၍ ဒေသနာဟာရနေတ္တိထုတ်ပါ။

ဖြေ။ ။ (၁) ဝုတ္တတ္တာပုဒ်၏ ကတ္တားတရားကား မယာ အရ ရှင်ဗုဒ္ဓဃောသတည်း။ ယင်းအရ လောကီခန္ဓာ ၅-ပါးသည် "ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခံ အရိယသစ္စံ"ဟူသော ပါဠ်နှင့်အညီ ဒုက္ခသစ္စာမည်၏။ (လ) ဤသို့သစ္စာလေးပါးကိုဟောသတည်း။

(၂) ထိုလေးပါးတို့တွင် သမုဒယဖြင့် **အဿာဒ**ဖြစ်၏။ ဒုက္ခဖြင့် **အာဒီနဝ** ဖြစ်၏။ နိရောဓမဂ္ဂဖြင့် **နိဿရဏ** ဖြစ်၏။ ဣဒါနိ ဖလပဉ္စကသည် **ဖလ** မည်၏။ အတီတေ ဟေတဝေါ ပဉ္စ, ဣဒါနိ ဟေတုပဉ္စကသည် ဥပါယ မည်၏။ ခန္ဓာဟူသော လောကသည် အနိစ္စစသည်ဖြင့် မပြတ်နှိပ်စက်၏။ ထို့ကြောင့် ခန္ဓာဟူသောလောက၌ ငြီးငွေ့သဖြင့် ဒါနမယ စသည်ကို ပြုကြလတ်သော်ဟု စေခိုင်းတိုက်တွန်းခြင်းသည် **အာဏတ္တိ** မည်၏။ ဤသို့လျှင် ဝုတ္တတ္တာဟူသော ဒေသနာတော်သည် သစ္စာလေးပါ ကို ဟော၏။ ထိုသစ္စာလေးပါကိုဟောသော ဒေသနာ၌ အဿာဒစသည်ကို ဖွင့်ပြခြင်းသည် ဒေသနာ ဟာရမည်၏။

**မှတ်ချက်။** ဤကျမ်းနေတ္တိထုတ်ပြရာ၌ ပေယျာလမှန်သမျှကို ဆရာတော်ဖဝ်၏ "နေတ္တိဟာရတ္ထဒီပနီ"ကို ကြည့်ရှု၍ ပေယျာလဖော် ကျက်ပါလေ။ ပုဒ်တစ်ခုခု၏အရကို စတုသစ္စ ဒေသနာဟာရ သစ္စာတိုင်ရုံသာ ထုတ်ပါဟု မေးလျှင် (၁) စကားရပ်ကိုသာရေးပါ။

http://www.dhammadownload.com



## ဒေသနာဟာရနေတ္တိမှတ်ဖွယ်

ဒေသနာဟာရဟူသည် ဟောအပ် (ထုတ်ပြအပ်)သော တရား တို့ကို အဿာဒစသည် ဝေဘန်ခြင်းပင်တည်း။ ယင်းသည် (၁) ဟောအပ် သော ပုဒ်၏ တရားကိုယ်ကို အဿာဒစသည် ဝေဘန်ခြင်း "အဿဒါဒိ ဒေသနာဟာရ" (၂) သစ္စာထုတ်ပြခြင်း စတုသစ္စဒေသနာဟာရဟု ၂-မျိုး ရှိ၏။ ထိုတွင် အဿာဒစသည် ရှေးဦးစွာ ထုတ်ပြီးနောက် သစ္စာထုတ်လျှင် "အဿာဒါဒိဒေသနာဟာရ" မည်၏။ ရှေးဦးစွာ သစ္စာ ထုတ်ပြီးနောက် အဿာဒစသည်ထုတ်လျှင် စတုသစ္စ ဒေသနာဟာရ မည်၏။ စတုသစ္စဒေသနာဟာရထုတ်ရာ၌ သစ္စာတိုင်ရုံသာ ထုတ်ပါဟု မေးလျှင် အဿာဒ စသည် ဆက်၍ ဖြေဖွယ်မလိုဟု မှတ်ပါ။ များသောအားဖြင့် နာမ်တရားရသောပုဒ်များ၌ အဿာဒါဒိ ဒေသနာဟာရ မေးတတ်၍ ခန္ဓာ ငါးပါးရသော လောကော ဗုဒ္ဓေါ စသော ပုဒ်များ၌ စတုသစ္စ ဒေသနာဟာရထုတ်ပါဟု မေးတတ်သည်။ ဝုတ္တအရ အန္တုတ္တကိုအဿာဒါဒိ ဒေသနာဟာရနေတ္တိထုတ်ပါဟုမေးလျှင် ဒေသနာဉာဏ်ယူ၍ အောက်ပါ အတိုင်း ထုတ်ပါ။

## အဿာဒါဒိဒေသနာဟာရထုတ်ပုံအမြွက်

"ဝုတ္တ၌ အန္တုတ္တအရကား ဒေသနာဉာဏ်တည်း" ဒေသနာဉာဏ် သည် သာယာအပ်သော့ကြောင့် အဿာဒ မည်၏ စသည် အကောက် အတိုင်း ထုတ်ပါ။

---

(က) ဝုတ္တံ ယေန ယဒါ ယသ္မာ။ လ။ ဝိနယသံဝဏ္ဏနန္တိ။

(ခ) တတ္ထ ဝုတ္တံ ယေန ယဒါ၊ ယသ္မာတိဣဒံ တာဝဝစနံ "တေန သမယေန။ လ။ ဝိဟရတိ" တိ ဧဝမာဒိဝစနံ သန္ဓာယ ဝုတ္တံ။

(ဂ) ဣဒဉ္စိ ဗုဒ္ဓဿ ဘဂဝတော အတ္တပစ္စက္ခဝစနံ န ဟောတိ။

(ဃ) တသ္မာ ဝတ္တဗ္ဗမေတမိဒံ ဝစနံ ကေန ဝုတ္တံ ကဒါဝုတ္တံ ကသ္မာ ဝုတ္တန္တိ။

F-4 A

http://www.dhammadownload.com



(င) အာယသ္မတာ ဥပါလိထေရေန ဝုတ္တံ။

(စ) တဥ္စ ပန ပဌမ မဟာသံဂီတိကာလေ။ ဌ။ ၄။

● (၃) (၂) က- ခ- ဂ- ဃ- ဝါကျတို့၏ အမည်များကို အကြောင်းပြဖြေဆို၍ ခ- ဝါကျကို အနုသန္ဓေ, ဂ- ဝါကျကို ပုစ္ဆာ, ဃ- ဝါကျကို စောဒနာတက်ပါ။

**ဖြေ။** ။ **(၃) အကြောင်းပြဝါကျခွဲ။** (ခ) စသော ဝါကျသည် "ငုပ်ကျဉ်းသောအနက်ကို အကျယ်ချဲ့၍ ပြသောကြောင့်" ဝိတ္ထာရ ဝါကျ။ ထိုကိုထောက်၍ က- ဝါကျသည် "ငုပ်ကျဉ်းသော အနက်ကို ပြသောကြောင့် သင်္ခေပဝါကျ။

## ဝိတ္ထာရမှတ်ဖွယ်

ဝိတ္ထာရဝါကျ = အကျယ်ပြဝါကျ။ ရှေ့ (မူလ) ဝါကျ၌ သဒ္ဒါ အနက်စသည် ငုပ်ကျဉ်းသည်ကို ပေါ်အောင် ကျယ်အောင် ချဲ့ပြသော နောက် (မူလီ) ဝါကျမျိုးကို (ဝိတ္ထာရံ ဒီပကံ ဝါကျံအရ) ဝိတ္ထာရဝါကျဟု ခေါ်သည်။

ဝိတ္ထာရလက္ခဏာ။ ။ရှေ့ (မူလ) အကျဉ်းသင်္ခေပ ဝါကျနှင့် နောက် (မူလီ) အကျယ်ဝိတ္ထာရဝါကျတို့ စကားအဓိပ္ပာယ်ချင်း တူညီရမည်။

## ရှင်းလင်းချက်

က-ဝါကျဖြင့် တေနသမယေနစသောနိဒါန်း (သို့မဟုတ်) နိဒါန်း နှင့်တကွသော ဝိနည်းပိဋကတ်၏ မာတိကာ အကျဉ်းကိုလည်းကောင်း၊ ပဋိညာဏ်ကို လည်းကောင်း ပြသည်။ ယင်းတို့၏ အကျယ်ကို တတ္ထဝုတ္တံ စသည်ဖြင့် ဝိနယအဋ္ဌကထာတို့၌ ဖွင့်ပြသည်။ ဝုတ္တံယေနဟူသော မာတိကာ (အကျဉ်း) ကို အာယသ္မတာ ဥပါလိ ထေရေန ဝုတ္တံဟုလည်းကောင်း၊ ယဒါ ဟူသော မာတိကာ (အကျဉ်း)ကို တဥ္စပန ပဌမ မဟာသံဂီတိ ကာလေဟု လည်းကောင်း စသည်အကျယ်ဖွင့် ပြသည်။

**မှတ်ချက်။** ။ ထင်ရှား ( = တပ္ပါ ကင်္ဂီကရဏ ဝါကျ ) ချဲ့ ( = ဝိတ္ထာရဝါကျ) ပြ ( = ဒဠှီကရဏဝါကျ)တို့ကား ရှေ့မူလစကားနှင့် နောက်မူလီစကားရပ်တို့ အဓိပ္ပာယ်တူညီကြ၏။

http://www.dhammadownload.com



* ထင်ရှား, ချဲ့၊ မြဲ၊ နက်စွဲသုံးအင်၊ ရှေ့စကားနှင့် အတူပင်။ (ရှေ)

† သခေ်ပေနေ၀ ပုဗ္ဗတ္တော၊
ပစ္ဆိမေန ဝိတ္ထာရိတော။
ဟိ သဒ္ဒေါ ဇောတကော ဝုတ္တော၊
သာခါ ဘင်္ဂသမော ဟိ သော။

(ဂန္ထာဘရဏ။ ၁၀။)

## (၂) ခ-ဝါကျ အနုသန္ဓေတက်

ဤသို့ (က)-ဝါကျဖြင့် ဝိနယသံဝဏ္ဏနာ၏ မာတိကာ ၆-ပုဒ်နှင့် ပဋိညာဏ်ကိုပြဆိုပြီး၍ ယခုအခါ၌ ယင်းမာတိကာ ၆-ပုဒ်တွင် "ယေန, ယဒါ, ယသ္မာ ဟူသော မာတိကာ ၃-ပုဒ်၌ နိဒါန်းကို တစ်သီးတစ်ခြား ထုတ်ပြခြင်းငှာ တတ္ထ ဝုတ္တံစသော ခ-ဝါကျကိုမိန့်။

**မှတ်ချက်။** ··။ ဂ-သစ်, သျှသစ်တို့ ပဋိညာဏ်မပါဘဲ "မာတိကာကို ပြဆိုပြီး၍"ဟု ပုဗ္ဗာနုသန္ဓေထားသည်။" ဤ ပါ + ဖြေကျမ်း၌ "ကရိဿာမိ"ကိုမျှော်၍ ပဋိညာဏ်ကိုလည်း ပုဗ္ဗာနုသန္ဓေ၌ ထည့်သည်။ ဆိုခဲ့ပြီး အနုသန္ဓေကား သာရတ္ထ, ဝိမတိတို့အလို ခ-ဝါကျကိုသာ မျှော်၍ တက်သော အနုသန္ဓေဖြစ်သည်။ ယေန, ယဒါ, ယသ္မာ ဟူသော မာတိကာ ၃-ပုဒ်ကား တေန သမယေန စသည် ဥပါလိထေရ် သင်္ဂါယနာပွဲ၌ ရွတ်ဆိုသော နိဒါန်း၏ မာတိကာသာမှုချဖြစ်သည်၊ ဝိနယပိဋကတစ်ခုလုံး၏ မာတိကာ မဟုတ်ပါ။ သို့သော် နိဒါန်းသည်လည်း ဝိနယပိဋက၌ အကျုံးဝင်သည်၊ ယင်းနှင့်ဆက်စပ်သည်၊ ထို့ကြောင့် ဝိနယပိဋက၏ မာတိကာ ၆-ပုဒ်,ဟု က-ဝါကျ၌ ဆိုခဲ့သည်။ ယင်းမာတိကာ ၆-ပုဒ်တွင် ရှေ့ ၃-ပုဒ်ကား သန္နိဋ္ဌာယ ဘာသိတ ဖြစ်ကြောင်း ပြလိုပြန်သဖြင့် ခ- ဝါကျ တက်လာသည်။ သာရတ္ထ။ ဝိမတိတို့၌ အကျယ်ရှုလေ။ မာတိကာ ၆-ခုလုံး၏ အကျယ်ကို မျှော်၍တက်လျှင် "ဤသို့ က- ဝါကျဖြင့် ဝိနယ သံဝဏ္ဏနာ၏ မာတိကာ (ဥဒ္ဒေသ) အကျဉ်းကို ပြဆိုပြီး၍ ယခုအခါ၌ ယင်းမာတိကာ (ဥဒ္ဒေသ) အကျဉ်း၏ ပဒဘာဇနီ (နိဒ္ဒေသ, အကျယ်)ကို ပြလိုရကား တတ္ထစသည် မိန့်၏"ဟု တက်ပါ။

http://www.dhammadownload.com



† ဣဒါနိ ပန တံ့ ဝိသုံ နိဟရိတွာ ဒဿေတုံ တတ္ထဝုတ္တံ ယေနာတိ အာဒိမာဟ။ သာရတ္ထ၊ ၁။ ၂၅။ ဝိမတိ၊ ၁။ ၉။

## သန္နာယပြ ဝါကျပုစ္ဆာတက်ပုံ

ဆရာ၊ ဆရာသည် က– ဝါကျဖြင့် မာတိကာ ၆–ပုဒ်ကိုဆို၏။ ယင်းမာတိကာ ၆–ပုဒ်တို့တွင် ယေန, ယဒါ, ယသ္မာဟူသော မာတိကာ ၃–ပုဒ်ကို အလုံးစုံသော ဝိနည်းပိဋကကိုရည်၍ဆိုအပ်ပါသလော။ အဘယ်ကိုရည်၍ ယင်းမာတိကာ– ၃–ပုဒ်ကို ဆိုအပ်သနည်း ကြောင့် ခ– ဝါကျကိုမိန့်။ ကား.....ခ ဝါကျဖြင့် မာတိကာ ၆–ပုဒ်တို့တွင် ယေန, ယဒါ, ယသ္မာ မာတိကာ ၃–ပုဒ်ကို တေန သမယေန စသော (ဥပါလိထေရ် ရွတ်ဆို သည့်) နိဒါန်းစကားကိုရည်၍ ဆိုအပ်၏။ (အန္ဝယ)။ အလုံးစုံသော ဝိနည်းပိဋကကို ရည်ရွယ်ဆိုအပ်သည်မဟုတ် (ဗျတိရေက) ဟု ငါ ပြဆိုသတည်း။

**မှတ်ချက်။** ။ ဤကျမ်းတက် နည်းကား "သန္နာယ ဝုတ္တံ," သန္နာယာဟ" စသည် သန္နာယပြ ဝါကျမျိုး၌ စည်းသေကျမ်းတက် နည်းတည်း။ စ–(အဖြေ) ဝါကျ စကားကို ရှောင်၍ အာဘော်ပြ။ "ဝေမာဒိဝစနံ သန္နာယ ဝုတ္တံ = "အဖြေစကားကို "ကံ သန္နာယ ဝုတ္တံ"ဟု ပုစ္ဆာထုတ်ပါ။ ယင်းသန္နာယဝါကျမျိုးကို အဓိပ္ပာယ်ပြန်လျှင် အန္ဝယ, ဗျတိရေက ၂ မျိုး ပြန်ရသည်။

ယင်း ခ–ဝါကျ၌ ဣဒံ ဝစနံ ဟူသော ကံပုဒ်ကို ဝုတ္တံ၌စပ်။ ၎င်းကံပုဒ်ကို ဝုတ္တ ကံ ဟုမှတ်၊ ဝုတ္တ (ဟောသော) ကံတည်း။ ဝေမာဒိဝစနံ ဟူသော ကံပုဒ်ကိုကား "သန္နာယ"၌ စပ်။ ၎င်းကံပုဒ်ကို သန္နာယ ကံ ဟုမှတ်။ အဝုတ္တ (မဟော) ကံ။ သန္နာယကံကား ဝိသေသကံ၊ ဝုတ္တံကံကား သာမညကံတည်း။

* သန္နာယပြ၊ အန္ဝယနှင့်၊ ဗျတိရေကံ၊ ပြန်၍ရှိမြဲ ဆိုမလွဲ။
(တွင်းကြီး)

* သန္နာယဝုတ္တံ၊ ပုဒ် ၂–တန်၏ ကံမှုကွဲပြား၊ အထူးအားဖြင့် သန္နာယကံကား အဝုတ္တ၊ ဝုတ္တံ ကံကား ဝုတ္တ။ သန္နာယကံကား ဝိသေသ၊ ဝုတ္တံကံကား သာမညတည်း။ (ဘုရားကြီး)

http://www.dhammadownload.com



## (၃) အကြောင်းပြ ဝါကျခွဲ

ဂ ဝါကျသည် ခ-ဝါကျ စကားရပ်၏ အကြောင်းကို ပြသောကြောင့် "ကာရဏ" ဝါကျ။ ထိုကို ထောက်၍ ခ-ဝါကျသည် အကျိုးကိုပြသောကြောင့် "ဖလ" ဝါကျ။

## ကာရဏဝါကျနှင့် ဖလဝါကျမှတ်ဖွယ်

ကာရဏဝါကျ = အကြောင်းပြဝါကျ။ ရှေ့(မူလ)ဝါကျကို ခိုင်လုံသောအကြောင်းပြ၍ ထောက်ခံလိုသဖြင့် တက်လာသော နောက် (မူလီ) ဝါကျမျိုးကို (ကာရဏသူ ဒီပကံ ဝါကျံအရ) ကာရဏ ဝါကျဟု ခေါ်သည်။ ရှေ့မူလဝါကျကား အကြောင်းကိုထောက်၍ အကျိုးကို ပြသဖြင့် (ဖလသူ ဒီပကံ ဝါကျံအရ) ဖလဝါကျ အမည် ရပြန်သည်။ အကြောင်းမရှိက အကျိုးမပေါ်၊ အကျိုးမရှိကလည်း အကြောင်းမပေါ်၊ အကြောင်းနှင့် အကျိုးကား မည်သည့်အခါမျှ မကင်းနိုင်သည့် သဘာဝတရားများ ဖြစ်သည်။ ဤကိုရည်၍ မဏိဒီပ၌ "ယဒဂ္ဂေ နေဝ ဟေတုဘာဝသဒ္ဓိ၊ တဒဂ္ဂေန ဖလဘာဝသဒ္ဓိ၊ ယဒဂ္ဂေနစ ဖလဘာဝသဒ္ဓိ၊ တဒဂ္ဂေန ဟေတုဘာဝသိဒ္ဓိ"ဟု ဆိုသည်။ ကာရဏ ဝါကျကို ဟေတု ဝါကျဟုလည်း ခေါ်သည်။

**ဝါကျလက္ခဏာ။** ။ဖလဝါကျနောက်၌ ဣဒဥ္စိ, တဥ္စိ စသည် ဟိသဒ္ဒါနှင့် တက်လာတတ်သည်။ သို့တက်လာလျှင် ၎င်းဝါကျ အဆုံးနောက် ဝါကျ၌ တသ္မာ တေန စသည် ဟိတ် ပြပုဒ်ကို တွေ့ရမည်။ ဟိတ်ပြပုဒ်ကို တွေ့လျှင် ရှေ့ "ဟိ" သဒ္ဒါကို ဟိ = ယသ္မာ ပြင်၍ အနက်ပေး။ တသ္မာကို အကျိုးရင်း ခ– ဝါကျသို့ ပြန်စပ် အနက်ပေးရသည်။ သျှတို့၌ ဤသို့အနက်ပေးသည်ကို တွေ့လျှင်လည်း ကာရဏ ဝါကျ ဟုမှတ်။ ထို့ပြင် ယသ္မာ, တသ္မာ၊ ယေန, တေန၊ ယတော, တတော၊ စသည် အနိယတ် နိယတ်အစုံဖြင့်လည်း ရေးသားတတ်သည်။ ကာရဏ ဝါကျ, ဖလဝါကျ ၂–မျိုးတွင် ဖလကို ရှေ့ရေး၍ ကာရဏကို နောက်ထားလျှင် ၎င်းကာရဏ နောက်၌ အကျိုးပြ ဖလဝါကျတစ်ခုရှိတတ်သည်၊ ထိုဖလကား အကျိုးဆက် လဒ္ဓဂုဏ်သာတည်း။ ကာရဏာဝါကျရှေ့ထား၍ ဖလဝါကျ နောက်ထားကာ ကာရဏ ဖလအစုံ ရေးသည်လည်းရှိ၏။

http://www.dhammadownload.com



## ရှင်းလင်းချက်

မာတိကာ ၆+ပုဒ်တွင် ရှေ့ ၃ ပုဒ်ကို သန္တာယ ဘာသိတ ဖြစ်ကြောင်း ခ- ဝါကျကဆိုသည်။ (အနုသန္ဓေတက် ပြန်ကြည့်။) အဘယ်ကြောင့် သန္တာယဘာသိတ ဟုဆိုသနည်း မေးစရာ ဖြစ်လာသည်၊ ထိုကြောင့် ဂ- ဝါကျတက်လာပြန်သည်။ ၎င်း ဂ- ဝါကျ ကျမ်းတက်နှင့် ယှဉ်ကြည့်ပါ။

* အကျိုး၏နောက်၊ နိပါတ်ရောက်၊ မဖောက် ကာရဏာ။

(ရွှေ)

* တသ္မာတင်းလင်းရှိရာ၊ ရှေ့ "ဟိ" သဒ္ဒါကား၊ ကာရဏ သာများသတည်း။
* တသ္မာနောက်၊ ကျိုးရင်းရောက်၊ ရှေ့ထောက် "ဟိ" မှာ၊ အကြောင်းသာ။ (ရွှေ)

† ဟိ သဒ္ဒေါ ယသ္မာတိ အတ္ထော ဒဋ္ဌဗ္ဗော။ သာရတ္ထ၊ ၁။ ၂၆။ ဝိမတိ၊ ၁။ ၉။

† ဖလေစ ပဥ္စမံ ဝုတ္တော၊
ကီဒိသံ တဿ ကာရဏံ။
ပုစ္ဆိတွာ ကထနံ တဿ။
ပစ္ဆိမံ ကာရဏံ ဘဝေ။

(ဂန္ထာ ဘရဏ။ ၁၂။)

## (၂) ဂ-ဝါကျပုစ္ဆာတက်

ဆရာ၊ ဆရာသည် က- ဝါကျဖြင့် တေန သမယေန စသော နိဒါန်းစကားကို ရည်၍ မာတိကာ ၃-ပုဒ်ကို ငါ ဆိုအပ်သောဟု ဆို၏။ အဘယ်ကြောင့် နိဒါန်းကိုသာရည်၍ မာတိကာ ၃-ပုဒ်ကို ဆိုအပ်ပါသနည်း။ ယင်းနိဒါန်းစကားသည်လည်း မြတ်စွာဘုရား၏ မျက်မှောက်ဟော စကား (အတ္တပစ္စက္ခဝစန) ပင် မဟုတ်လော။ ( ဂ - ဝါကျ နဟောတိဌ် န ကိုပယ်ဖြုတ်၍ အာဘော်ပြု။ "ပရိဟာရ န မရှိက န-ကို သွင်း၊ န- ရှိလျှဉ်းက န-ကိုပယ်။")

http://www.dhammadownload.com



တစ်နည်း။ ။တစ်စုံတစ်ရာအကြောင်းမရှိက ယင်းသို့ မဆိုကောင်းသည် မဟုတ်လော။ ဝါ။ ယင်းသို့ဆိုရခြင်း၏အကြောင်းကို မပြပြီလော။ (ကာရဏ ဝါကျတိုင်း သုံးနိုင်သော အာဘော်။ ) ဤသို့ – ကြောင့် ဂ–ဝါကျမိန့်။

ကား.....ဂ–ဝါကျဖြင့် "ဤနိဒါန်းစကား၏ ဘုရားမျက်မှောက်ဟော စကားမဟုတ်သောကြောင့် တေန သမယေန စသော နိဒါန်းကို ရည်၍ မာတိကာ ၃–ပုဒ်ကိုဆို၏ဟု" ငါပြဆို၏ ဟူလိုသောဝ်။ (ခ–ဝါကျ ပြန်စပ်၍ ဘာသာပြန်။)

## (၃) အကြောင်းပြ ဝါကျခွဲ

ဃ–ဝါကျသည် " ရအပ်သော အကျိုးကို ပြသောကြောင့် " လဒ္ဓဂုဏ (လဒ္ဓဂုဏ်) ဝါကျ။ ထိုကိုထောက်၍ ဂ–ဝါကျသည် အကြောင်း (ယုတ္တိ) ကို ပြသောကြောင့် "လဒ္ဓဂုဏဳယဝါကျ"

## လဒ္ဓဂုဏ် လက္ခဏာ (၂)

ဤဒွိ ယသ္မာ မပါသော သီးခြားတသ္မာဖြင့် ရေးသားထားခြင်း၊ ဣဒဥ္စဝါကျကို အရင်းမူလ ခ–ဝါကျသို့ ပြန်စပ်ထားခြင်း ဤလက္ခဏာ ၂–မျိုးတို့၍မှတ်ပါ။ လဒ္ဓဂုဏ် လက္ခဏာ (၁)လည်း ကြည့်။

## ရှင်းလင်းချက်

ဃ ဝါကျ၌ တသ္မာကား " ယသ္မာ (လ) တသ္မာ " ဝါကျ၌တသ္မာလို အနိယတ် တိုက်ရိုက် တွဲဖက်ပါဝင်သော တသ္မာမျိုး မဟုတ်။ (ဟိ)–ကို ယသ္မာ လုန်သည်မှာလည်း သူနှင့် တိုက်ရိုက် မသက်ဆိုင်။ ခ–ဝါကျနှင့်သာ တိုက်ရိုက်သက်ဆိုင်သည်။ ထို့ကြောင့် ဤလို "တသ္မာ" မျိုးကို **သီးခြားတသ္မာမျိုး**၊ "ဟိ" မှတ်ပြ ဂ– ဝါကျကို မူလအကျိုးရင်း ခ– ဝါကျသို့ ပြန်စပ်သဖြင့် ဃ– ဝါကျ တသ္မာမှာ ခ–ဝါကျကို ထောက်၍ **"နောက်ဌာနတသ္မာမျိုး"**ဟု မှတ်ပါ။ ယင်းတသ္မာမျိုးဖြင့် ရေးသားထားသော ဝါကျကို လဒ္ဓဂုဏ် ဝါကျဟု ဆိုလိုသည်။

http://www.dhammadownload.com



* သီးခြားတသွာ ရှိလေရာ၊ မှတ်ပါလဒ္ဓဂုဏ်။
* အကြောင်းဟိမှန်၊ အရင်းပြန်၊ နောက်ဌာန် လဒ္ဓဂုဏ်။

(ရွှေ)

## (၂) ဃ- ဝါကျ စောဒနာတက်

ဆရာ၊ ဆရာသည် ဂ- ဝါကျဖြင့် ဤတေန သမယေန စသော နိဒါန်းစကားသည် ဘုရားမျက်မှောက်ဟော မဟုတ် ဟု ဆို၏။ ထိုသို့ဆိုသဖြင့် ဆရာ့အား အဘယ်ဂုဏ်ရှိပါသနည်း ။ဝါ။ အဘယ်အကျိုးရှိပါသနည်း။ ရအပ်သော အကျိုးကို မပြပြီလော။ (အကယ်၍အကြောင်းကိုသာ ပြ၍ အကျိုးကိုမပြချေသော် အကျိုးမရှိသော နိရတ္ထက ဒေါသရောက်ရာ၏) ဤသို့-ကြောင့် ဃ-ဝါကျမိန့်။

ကား...ဃ ဝါကျဖြင့် "မည်သူသည်ဟောအပ်သနည်း၊ မည်သည့် အခါဟောအပ်သနည်း၊ မည်သည့်အတွက် ဟောအပ်သနည်း ဟူသော စကားကို ပညာရှိပုဂ္ဂိုလ်တို့ ဆိုသင့်ဆိုထိုက်၏" ဟူသော အကျိုးကို ငါ ပြဆိုရကား (သင် စောဒကတင်သော နိရတ္ထကဒေါသ ငါ့အား မရောက်) ဟူလိုသောဝ်။

**မှတ်ချက်။** ။ လဒ္ဓဂုဏ်ဝါကျပုစ္ဆာတက်၌ ( ) ဤလက်သည်း ကွင်းတွင်းပါ ဒေါသာရောပန = ဒေါသတင် စကားရပ် ထည့်လျှင် စောဒနာတက်ဖြစ်သည်။ အဓိပ္ပာယ် ပြန်ရာ၌လည်း ( ) ကွင်းတွင်းပါ ဒေါသပရိဟာရ = ဒေါသဖြေ, ဒေါသချ စကားရပ်၌ ပုစ္ဆာတက်ထက်ပို လာသည်ကို သတိပြုပါလေ။

* လဒ္ဓဂုဏ၊ ဟူလကၤ၊ နိရတ္ထကတင်။ (သစ်)

## ပုစ္ဆာလွတ် ဝါကျ မှတ်ဖွယ်

င-ဝါကျသည် ဃ-ဝါကျကေန၊ ဝုတ္တံ ပုစ္ဆာ၏ အဖြေဝိသဇ္ဇနာပြ ပကၡ္ခရဝါကျ။ စ-ဝါကျကား ဃ-ဝါကျ ကဒါ ဝုတ္တံ ပုစ္ဆာ၏ အဖြေ ဝိသဇ္ဇနာပြ ပကၡ္ခရဝါကျ။

---

● (၄) အတ္တပစ္စက္ခဝဲစန် သဒ္ဒါကို အစိတ်အပေါင်း ဝိဂ္ဂဟ ပြ၍ အပေါင်းဝိဂ္ဂဟကိုသာ ဉာဏ်ကောက်ပါ။

http://www.dhammadownload.com



ဖြေ။ ။အစိတ်ဝိဂ္ဂဟ။ ပစ္စက္ခံ ကတွာ ဝုတ္တံ ဝစနံ ပစ္စက္ခ ဝစနံ။ အပေါင်းဝိဂ္ဂဟ။ အတ္တနော ပစ္စက္ခဝစနံ အတ္တပစ္စက္ခ ဝစနံ။

အနက်။ ပစ္စက္ခံ ကတွာ၊ မျက်မှောက်ပြု၍။ ဝုတ္တံ၊ ဟောအပ်သော။ ဝစနံ၊ စကားတည်း။ ပစ္စက္ခဝစနံ၊.....စကား။ အတ္တနော၊ မိမိ၏။ ပစ္စက္ခဝစနံ၊.....စကားတည်း။ အတ္တပစ္စက္ခဝစနံ၊ မိမိ၏.....စကား။

ပုဒ်ခွဲ ။ ။ဆဋ္ဌီတပ္ပုရိသ်သမာသ်။ အတ္တပုဒ် + ပစ္စက္ခဝစနပုဒ်။

အကောက်။ အတ္တ ဟူသော ဝိသေသန ပုဒ်အရကား မိမိဟူသော မြတ်စွာဘုရား ဒြဗ်သည် မုချအားဖြင့်ရ၏။

ယင်း မိမိဟူသော မြတ်စွာဘုရားဒြဗ်၏ မျက်မှောက်ပြု၍ ဟောတော်မူအပ်သော စကားဒြဗ်နှင့် ဧနက ဧညအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန် သည် ဥာနူပစာရတ္ထအားဖြင့်ရ၏။ အတ္တပစ္စက္ခ ဝစန ဟူသော သမာသ်ပုဒ်လုံး၏ အရကား ထိုမုချဥာနူပစာရတ္ထတို့ဖြင့် မှတ်အပ်သော မြတ်စွာဘုရား၏ မျက်မှောက်ပြု၍ ဟောတော်မူအပ်သော စကားဒြဗ်၊ ဝါ - ဘုရားရှင် ဟောတော်မူအပ်သော စကားဒြဗ်ရ၏။

မှတ်ချက်။ ဤကား "အတ္တနော ပစ္စက္ခံ ကတွာ ဝုတ္တ ဝစနံ ဟုဖွင့်သော သာရတ္ထ၊ ၁။ ၂၆ - အလိုတည်း" ဤအလို။ အတ္တပစ္စက္ခဝစနံ၊ မိမိ၏၊ ဝါ-ကိုယ်တော်၏ မျက်မှောက်ဟောအပ်သောစကား ဟု အနက်ပေး။ ဂဏ္ဌိပုဒ်အလို- အတ္တနော ဓရမာနကာလေ ဝုတ္တဝစနံ ဟု ဖွင့်သဖြင့် "ပစ္စက္ခေ ဓရမာနကာလေ ဝုတ္တံ ဝစနံ ပစ္စက္ခဝစနံ" အတ္တနော ပစ္စက္ခဝစနံ အတ္တပစ္စက္ခဝစနံဟုတွဲ။ အတ္တပစ္စက္ခဝစနံ၊ မိမိ၏၊ ဝါ - ကိုယ်တော်၏ မျက်မှောက်ကာလ၌၊ ဝါ-ထင်ရှားရှိသော ကာလ၌ ဟောအပ်သော စကားဟု အနက်ပေးလေ။ အကျယ်ကို ပါရာ၊ ဂံ၊ သစ်။ ၁။ ၇၈-ကြည့်။

---

● (၅) သန္တာယ, အာယသ္မတာပုဒ်တို့ကို ပဒစသည် ဝေဖန်ပါ။

ဖြေ။ ။ သန္တာယ ကား - နိပါတ်ပုဒ် (ပဒ)။ အာကာရန္တ (အန္တ)။ အလိင် (လိင်)။ ဂဏာဝိမုတ် (ဂဏ)။ ပဥ္စမာဝိဘတ် (ဝိဘတ်)။ ဧကဝုစ် (ဝုစ်)။

http://www.dhammadownload.com



အာယသ္မတာကား- တဒ္ဓိတ်နာမ်ပုဒ်။ ဥကာရန္တ။

ပုလ္လိင်။ ဂုဏဝါဒီဂိုဏ်း။ တတိယာဝိဘတ်။ ဧကဝုစ်။

## ပဒစသည်မှတ်ဖွယ်

ပဒစသည် ဝေဖန်ပါဟု မေးလျှင် အထက်ပါအတိုင်း ပဒ, အန္တ, လိင်, ဂဏ, ဝိဘတ်, ဝုစ် ဟု ၆-မျိုး ဖြေပါ။ အချို့က ဝိဘတ်, ဝုစ်၂-မျိုး ကိုဖြုတ်၍ ကျန် ၄-မျိုး ဖြေဟု ဆိုသည်။ ဝါဒန္တရ ဟု မှတ်။ ဝိဘတ္တိ အယုတ္တနိပါတ် ပုဒ်တို့၌ ကျန် ၄-မျိုးဖြေ၍ ဝိဘတ္တိယုတ္တ ပုဒ်မျိုး တို့၌ ၆-မျိုးဖြေသည်က ပို၍ပြည့်စုံသည်။

"စာတတ်အဟုတ်၊ ခေါ်သမုတ်၊ ပုဒ်ကြီး လေးပုဒ် ကျေကြစေ" ဟု ဆရာတို့ဆိုကြသည်။ ပါဠိ ပုဒ်တစ်ပုဒ်ကို တွေ့လျှင် နာမ်ပုဒ်လား၊ အာချာတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်လားဟု သိရန်လိုသည်။ သိဖို့ကြိုးစားရမည်။ နာမ်ပုဒ်ဟုသိကာမျှဖြင့် မပြီးသေး၊ နာမနာမ် (ရှဋ္ဌိနာမ်), သမာသ်နာမ်, တဒ္ဓိတ်နာမ် ကိတ်နာမ်စသည် ခွဲခြားသိရမည်၊ စာဖြေရာတွင်လည်း ခွဲ၍ ဖြေပါ။ အာချာတ်ပုဒ် စသည်တို့၌ကား စာတတ်ဖို့အတွက် အခန်းကဏ္ဍအလိုက် ကွဲပြားပါစေ။ စာဖြေရာ၌ မေးခွန်းအလိုက် ဖြေရန်သာ။ ပုဒ်ကြီးလေးပုဒ် မှတ်သားစရာများကို သဒ္ဒနီတိ သုတ္တမာလာ စတုပဒ ဝိဘာဂရှုလေ။

† တတ္ထ နာမိကပဒံ အာချာတပဒံ ဥပသဂ္ဂပဒံ နိပါတ ပဒန္တိ

စတ္တာရိ ဝါစောဂပေဒါနိနာမ ဟောန္တိ။ နီတိ၊ သုတ္တ။ ၃၅၈။

## တ္တာဒိပစ္စယန္တပုဒ် မှတ်ဖွယ်

သန္တာယ (သံ + ဓာ + တွာ ) ပုဒ်ကို နိပါတ်ပုဒ်ဟု ဖြေခဲ့သည်၊ ဓာတ်ပစ္စည်းဖြင့်ပြီးသော ပုဒ်ဖြစ်လျက် ဤကဲ့သို့ ဖြေသည်ကို သံသယ မရှိလင့်။ တဒ္ဓိတသမာသ (လ) တုနာဒိသုစသုတ်၌ အတဝေတုနာဒီသု ဟုဆိုသည်ကို သတိပြု။ တဝေ, တုံ, တုန, တွာန, တွာပစ္စည်း နှောင်း ရာဝယ် နာမ်မငဲ့ရ၊ ဝါ- ၎င်းပစ္စယန္တပုဒ်တို့ကို နာမ်မငဲ့ရဟု တားမြစ်ထားသဖြင့် ၎င်းပစ္စယန္တပုဒ်တို့ကို နိပါတ်ပုဒ်ဟု ဆိုရာရောက်သည်။ ထိုကြောင့် ၎င်းပုဒ်မျိုးကို ကိတ်နာမ်ပုဒ်ဟု မဖြေရ။ ရူပသိဒ္ဓိ၊ တဝေတုနာဒီသုကာ (၆၂၁) သုတ်ရှု။

http://www.dhammadownload.com



● (၇) င–ဝါကျ၌ ဥပါလိတ္ထေရေန, ဥပါလိ ထေရေနဟု ပါဠိ ၂–မျိုးရှိရာ ဒွေဘော်ရှိ ဥပါလိတ္ထေရေန ပါဠိသာမှန်ကန်ကြောင်း သဒ္ဒယုတ္တိပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ။ ရဿသရ ၃–လုံး အာအက္ခရာနောက်၌ ဝဂ် ဒုတိယက္ခရာ တွင် အသဒိသ ဒွေဘော် လာရမည့် သဒ္ဒစည်းကမ်းအရ ယသတ္ထေရော ပြယုဂ်ကဲ့သို့ ဒွေဘော်ရှိ ဥပါလိတ္ထေရေန ပါဠ်သာမှန်ကန်ပါသည်။

† ရဿာကာရတော ပရံ ဝဂ္ဂ ဒုတိယေသု (လ) ယသတ္ထေရော။

( ရူ။ ၄၂။ )

---

(က) တဠ ပန ပဌမ မဟာသံဂီတိကာလေ။

(ခ) ပဌမ မဟာသံဂီတိ နာမ ဧသော ကိဉ္စာပိ ပဉ္စသတိက သံဂီတိက္ခန္ဓကေ ဝုတ္တာ။

(ဂ) နိဒါနကောသလ္လတ္ထံ ပန တ္တာပိ ဏ္ဏမိနာ နယေန ဝေဒိ တဗ္ဗာ။ ဋ္ဌ။ ၄။

● (၁) ခ–ဝါကျကို သာမညာဓာရနှင့် ကတ္တားဖြည့်စွက်၍ လည်း ကောင်း၊ ဂ–ဝါကျကို ကံ ကတ္တားထည့်၍ လည်းကောင်း အနက် ပေးပါ။

ဖြေ။ ။(ခ) စ၊ ပြတ်ပြီးသော ရှေ့စကား၌ ဓောဒနာဖွယ်ကို ဆက်၍ ပြဆိုဦးအံ့။ ဧသော ပဌမ မဟာသံဂီတိနာမ၊ ဤပဌမမဟာသင်္ဂါ ယနာမည်သည်ကို။ စူဠဝဂ္ဂေ၊ စူဠဝဂ် (စူဠဝါ) ၌ (သာမညာ ဓာရ။) ပဉ္စသတိကသံဂီတိက္ခန္ဓကေ၊ ကဥ္။ ဓမ္မသင်္ဂါယကေဟိ၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာတင်ကြကုန်သော။ ပဉ္စဟိထေရသတေဟိ၊ အသျှင် မဟာကဿပ အမှူး ရှိကုန်သော ငါးရာ ကုန်သော မထေရ်တို့သည်။ (ကတ္တား။) ကိဉ္စာပိ ဝုတ္တာ၊ အကယ်၍ကား ဆိုအပ်ပြီး၏ ရှင့်။

(ဂ) ပန၊ ထိုသို့ပင်ဆိုအပ်ပြီးသော်လည်း။ နိဒါနကောသလ္လတ္ထံ၊ နိဒါန်း၌ လိမ္မာသောသူ၏ အဖြစ် တည်းဟူသော ဉာဏ် အကျိုးငှာ။ တ္တာပိ၊ ဤဗာဟိရနိဒါန်း၌လည်း။ ဝါ။ ဤအဋ္ဌကထာ အစ၌လည်း။ ဝါ။ ဤအဋ္ဌကထာ

http://www.dhammadownload.com



ဒွိလည်း။ ဣမိနာ နယေန၊ ဤဆိုအပ် လတ္တံ့သော နည်းဖြင့်။ သော ပဌမ မဟာသင်္ဂီတိနာမ။ ကို (ကံပုဒ်လိုက်) ပဏ္ဏိတောဟိ၊ တို့သည်။ (ကတ္တားထည့်။)။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

**မှတ်ချက်။** ။ စူဠဝဂ္ဂေကား .....သာမညာတရ၊ ပဉ္စသတိက သင်္ဂီတိက္ခန္ဓကေကား ဝိသေသာတရ။ အရာကျယ်လျှင် သာမည၊ အရာကျဉ်း လျှင် ဝိသေသ။

---

● (၃) (၂) က–ခ– ဂ– ဝါကျတို့၏ အမည်ကို အကြောင်းနှင့် တကွဖြေဆို၍ ခ–ဂ–ဝါကျကို နည်းထုံးကျကျ ထပနာတိက ပုစ္ဆာတက်ပါ။

**ဖြေ။** ။ အောက်ပါ "မှတ်ဖွယ်"ကို နားလည်အောင် လေ့လာက ဤပုစ္ဆာကို လွယ်ကူစွာ ဖြေနိုင်ပါလိမ့်မည်။

## ကိဉ္စာပိ, ယဒိပိ, ကာမဉ္စ ဝါကျမှတ်ဖွယ်

၁။ ကိဉ္စာပိ, ယဒိပိ, ကာမဉ္စ သဒ္ဒါတစ်မျိုးမျိုးဖြင့် ရေးသားထားသော ဝါကျသည် "စောဒကာဘောဂ" ဝါကျမည်၏။

**မှတ်ချက်။** မှတ်သားရာ၌ လွယ်ကူစေရန် ယင်း ကိဉ္စာပိ စသည် ချိသောဝါကျကို "ရှေ့ဝါကျ"ဟု မှတ်ပါ။

* ကိဉ္စာပိင့်၊ ပါဠ္ဌိတိုင်ရုံကား၊ တင်တုံအပြစ်၊ စိစစ်စောဒက၊ ဆရာပြသည့်၊ အာဘော်တည်း။ (ဘုရားကြီး)

† ကိဉ္စာပိ ယဒိပိ ယတ္ထ၊ ကာမဉ္စာပိ ရဝေါ ဘဝေ။ ပုဗ္ဗာစ စောဒကာဘောဂေါ၊ ဇာနိတဗ္ဗော တဟိံ + သဒါ။
ဂန္ထာဘရဏ (၆၁)

၂။ ယင်းရှေ့ဝါကျ၌ ကိဉ္စာပိ (ယဒိပိ, ကာမဉ္စ) ကို ပယ်ဖြုတ်၍ "နနု" သဒ္ဒါအစားထိုးရေးသားလိုက်လျှင် စတုက္ကထုတ်ရာ၌ "စောဒကာဘောဂ"

http://www.dhammadownload.com



(=စော+ဘော) ဝါကျဖြစ်၍ ကျမ်းတက်ရာ၌ "အာဘော်" ဖြစ်သည်။ ယင်းအာဘော်ကိုပင် ဟိတ်ပြင်ရေးလိုက်လျှင် "စောဒကာဘောဂဟိတ်" ဖြစ်ပြန်သည်။

**ရှင်းလင်းချက်။** ရှေ့ဝါကျ (ခ-ဝါကျ)၌ ကိဋ္ဌာပိအစား "နနု" လဲလှယ်၍ရေးလျှင် အောက်ပါအတိုင်း စော+ဘောနှင့် အာဘော်ဖြစ်လာသည်။

နနု ပဌမ မဟာသံဂီတိ နာမေသာ ပဥ္စသတိကက္ခန္ဓကေ ဝုတ္တာ။ (စော+ဘော)

ယင်းဝါကျကို ဟိတ်ဝါကျ ပြင်လိုက်လျှင် အောက်ပါအတိုင်း စောဒကာဘောဂဟိတ် ဖြစ်လာသည်။ အကျဉ်းအကျယ် ၂-မျိုး ရေးနိုင်သည်။

**အကျယ်** = ပဌမ မဟာသံဂီတိယာ နာမေတိဿာ (နာမ + ဧတိဿ) ပဥ္စသတိကက္ခန္ဓကေ ဝုတ္တတ္တာ။ (စောဒကာ ဘောဂဟိတ်)

အကျဉ်း = တသ္မာ။ (၎င်း)

* ကိဋ္ဌာပိပယ်၊ နနုလှယ်၊ မှတ်ဖွယ် စောဒကာဘောဂ။

ယင်းပါဌ်ကိုပင်၊ ဟိတ်ပုဒ်ပြင်၊ ဉာဏ်ယှဉ်ရေးကြ ဝိတ္တာရ။

ယင်းပါဌ်နောက်တွင်၊ တသ္မာယှဉ်၊ ဟိတ်ပင်အကျဉ်းပြ။ **(သစ်)**

၃။ ရှေ့ဝါကျနောက်၌ အထခေါ်သဒ္ဒာ, တထာပိသဒ္ဒာ, ပန သဒ္ဒာ ၃-မျိုးတွင် တစ်မျိုးမျိုးဖြင့် ရေးသားထားသော ဝါကျရှိရမည်။

**မှတ်ချက်။** မှတ်သားရာ၌ လွယ်ကူစေရန် ယင်းအထခေါ်စသည်ချိသောဝါကျကို **"နောက်ဝါကျ"**ဟု မှတ်ပါ။

ယင်းနောက်ဝါကျဖြင့် (က) ပရိဟာရာဘောဂ။
(ခ) ပရိဟာရ။
(ဂ) စောဒနာ။
(ဃ) ထပနာ။

ဤ ၄-မျိုးကိုပြသည်။ နောက်ဝါကျ၌ ဤ ၄-မျိုးကို ရှာရမည်ဟု မှတ်ပါ။ ဆရာတို့ကား ဥပလက္ခဏ နည်းအားဖြင့် ပရိ + ဘောကိုပြ၏ဟု ဆိုသည်။

http://www.dhammadownload.com



* ပန တထာပိ၊ စပ်ထိကြိယာ၊ တိုင်အောင်မှာကား..... ဆရာ ပရိဟာရ၊ ပြသည့်အာဘော်တည်း။ (ဘုရားကြီး)
* တထာပိ ပနာပိ သဒ္ဒါ၊ ယုဇ္ဇန္တေ တဒန္တ ရုံ၊ အထခေါ်တိပိ ဓောတေန္တိ၊ မတံ တေ ပရိဟာရကေ။ (ဂန္ထာဘရဏ။ ၆၂။)
* ပနရှိရာ၊ နောက်ဝါကျာ၌၊ ပရိဟာရာဘောဂ၊ ပရိဟာရနှင့်၊ စောဒနာစကား ကိုင်ထား ထပနာ၊ ဤလေးဖြာ၊ မှတ်ပါ ကိန်းသေနည်း။ (သစ်)

၄။ ( က ) **ပရိဟာရာဘောဂ။** ။ နောက် ဝါကျ၌ ပါဠိ ဘာသာဖြင့် " တွံ " မြန်မာဘာသာဖြင့် "အကျိုးမှာ" ဟူသော စကားရပ်၊ ပါဠိဘာသာဖြင့် " တော " "တာယ" စသည်။ မြန်မာဘာသာဖြင့် "ကြောင့်" "အဖြစ်ကြောင့်"ဟူသော စကားရပ်သည် "ပရိဟာရာဘောဂ" တည်း။ ယင်းကို ဟိတ်ပြင်လျှင် ပရိဟာရာဘောဂဟိတ်ဟု ခေါ်သည်။

**ရှင်းလင်းချက်။** ။နောက်ဝါကျ (ဂ-ဝါကျ)၌ "တွံ"ထိအောင် စကားရပ်ကို သဒ္ဒာစည်းကမ်းနှင့်အညီ နနထည့်ကာပြင်ဆင်၍လည်းကောင်း၊ မပြင်ဆင်ဘဲ ပါဠိရှိသည့် အတိုင်းလည်းကောင်း ရေးလျှင် ပရိ+ဘော ဖြစ်လာသည်။

**ပါဠိပြင်။** "နနုနိဒါနကောသလ္လတ္တာဟောတိ။ (ပရိ+ဘော)

**ပါဠိမပြင်။** နိဒါနကောသလ္လတ္တံ။ (ရှင်း)

**မှတ်ချက်။** ပဉ္စမ မဟာသင်္ဂီတိနာမ၊.....မည်သည်ကား။ နိဒါန ကောသလ္လတ္တာ၊ နိဒါန်း၌ လိမ္မာခြင်းအကျိုးရှိသည်။ ဟောတိနနု၊ ဖြစ်သည် မဟုတ်လော-ဟုအနက်ပေး။

ယင်းဝါကျကို ဟိတ် ဝါကျ ပြင်လိုက်လျှင် အောက်ပါ အတိုင်း ပရိဟာရာဘောဂဟိတ် ဖြစ်သည်။ အကျဉ်းအကျယ် ၂-မျိုး ရေးနိုင်သည်။

**အကျယ်။** နိဒါနကောသလ္လတ္တတ္တာ။ (ပရိဟာရာဘောဂဟိတ်)

**အကျဉ်း။** တသ္မာ။ (ရှင်း)

http://www.dhammadownload.com



* ထွဲ၊ တော–ကိုပယ်၊ နနုလှယ်၊ မှတ်ဖွယ်ပရိဟာရဘော။

* ယင်းပါဌ်ကိုပင်၊ ဟိတ်ပုဒ်ပြင်၊ ဉာဏ်ယှဉ်ရေးကြ၊ ဝိစ္ဆာရ။

* ယင်းပါဌ်နောက်တွင်၊ တသ္မာယှဉ်၊ ဟိတ်ပင်အကျဉ်းပြ။

၅။ နောက်ဝါကျဌ် ပရိ+ဘောမှ ကြွင်းကျန်သော စကားရပ်သည် (ခ) ပရိဟာရ။ (ဂ) စောဒနာ။ (ဃ) ထပနာ (၃)မျိုး ဖြစ်လာသည်။

(ခ) **ပရိဟာရ။** ဝါကျဌ်ရှိသည့် ပါဠိအတိုင်းထားလျှင် "ပရိဟာရ" ဖြစ်သည်။

"ဣတာပိ ဣမိနာ နယေန ဝေဒိတဗ္ဗာ။"

(ဂ။) **စောဒနာ။** အထ ကသ္မာ (သို့မဟုတ်) အထကိမတ္ထံ ဖြည့်စွက်၍ရေးလျှင် "စောဒနာ" ဖြစ်သည်။

"အထကသ္မာ (အထကိမတ္ထံ) ဣတာပိ ဣမိနာ နယေန ဝေဒိတဗ္ဗာ။"

**မှတ်ချက်။** နောက်ဝါကျဌ် "ထွံ"နှင့် ရှိလျှင် "အထကိမတ္ထံ" ဖြည့်စွက်၊ "တော" "တာယ" နှင့် ရှိလျှင် " အထကသ္မာ " ဖြည့်စွက်ရာ၏။

(ဃ) **ထပနာ။** ။ကိဉ္စာပိ စသည် ချီသော ဝါကျမျိုးကို ကျမ်းတက်လိုလျှင် နောက်ဝါကျဌ်ပင် ထပနာရှာ၍ ထားရမည်ဟု ကိန်းသေမှတ်ရာ၏။ သင့်လျော်သလို ထပနာထားပါ။ ထပနာထားပုံ.....

ဆရာ၊ ဆရာသည် "ဤအဋ္ဌကထာဌ်လည်း ဤနည်းဖြင့် (ပထမ သင်္ဂါယနာမည်သည်ကို) သိအပ်သောဟု ဆိုတော်မူ၏"ဟု ထပနာထား။ **မှတ်ချက်။** ။ ဤကော်မာအတွင်းရှိ စကားသည် (ခ) ပရိဟာရ စကား ဖြစ်ကြောင်း တွေ့ရမည်။ ဆိုခဲ့ပြီး စကားရပ်တို့ကို ကျေပွန်စွာ လေ့လာ ထားပါက အောက်ပါ ထပနာတိက, ထပနာပဉ္စက, စတုက္က, ဆက္က, အဋ္ဌကထုတ်ပုံတို့ကို လွယ်ကူစွာ သိနိုင်ပေသည်။

http://www.dhammadownload.com



## ထပနာတိကကျမ်းတက်

၁။ ထပနာ။ ။ ဆရာ၊ ဆရာသည် ဤအဌကထာ၌လည်း ဤနည်းဖြင့် ပဌမသင်္ဂါယနာ မည်သည်ကို သိအပ်သောဟု ဆိုတော်မူ၏။ (ဃ – ထပနာ ကြည့်။)

၂။ အာသော်။ ။ ဤပဌမ မဟာသင်္ဂါယနာမည်သည်ကို ပဉ္စသတိကခန္ဓက၌ ဆိုတော်မူအပ်ပြီးသည် မဟုတ်လော။ (၂-ကြည့်။)

၃။စောဒနာ။ အဘယ်အကျိုးငှာ ဤအဌကထာ၌လည်း ဤနည်းဖြင့် ပဌမသင်္ဂါယနာ မည်သည်ကို သိအပ်ပါသနည်း။ (ဂ–စောဒနာကြည့်)

မှတ်ချက်။ ၁။ ထပနာ။ ၂။ အာသော်။ ၃။ စောဒနာ (ပုစ္ဆာ) (၃) မျိုး ပါဝင်သဖြင့် ထပနာလျှင် ၃–ခုမြောက် ရှိရကား ထပနာတိကဟု ခေါ်သည်။ ခ–ဂ–ဝါကျကို နည်းထုံးကျကျ ကျမ်းတက်နည်း ပေတည်း။

## အဓိပ္ပာယ်ပြန်ပုံ

အဓိပ္ပာယ်ကား– ခ–ဂ–ဝါကျဖြင့် "ဤပဌမ မဟာသင်္ဂါယနာ မည်သည်ကို ပဉ္စသတိကခန္ဓက ၌ ဟောတော်မူအပ်သော်လည်း နိဒါန်း၌ လိမ္မာခြင်းအကျိုးငှာ၊ ဝါ–နိဒါန်း၌ လိမ္မာခြင်း အကျိုးရှိသော ဤပဌမ မဟာသင်္ဂါယနာမည်သည်ကို ဤအဌကထာ၌လည်း ဤနည်းဖြင့် သိအပ်၏ဟု ငါပြဆို၏ ဟူလိုသောဝ်။

မှတ်ချက်။ ဂ–ဝါကျ၌ "ပန" သဒ္ဒါကို အနက် ပြန်ရာတွင် ခ–ဝါကျအဓိပ္ပာယ်များ ပါဝင်စေလျက် ယင်း ဂ–ဝါကျ တစ်ဝါကျလုံး မြန်မာပြန်လိုက်လျှင် အဓိပ္ပာယ် ဖြစ်သွားကြောင်း တွေ့ရပေမည်။ ဤကား "ကိဉ္စာပိ၊ ကာမဉ္စ၊ ယဒိပိ၊ ဝါကျတိုင်း၊ ထပနာတိက တက်နည်း အဓိပ္ပာယ်ပြန်နည်းတည်း။ ထပနာပဉ္စကတက်ပုံကို ပါဠိမြန်မာသင့်လျော်သလိုရောစ၍ ရေးသားပါမည်။ အောက်၌ ဆက်လက်ရှုလေ။

## ထပနာ ပဉ္စကတက်ပုံ

၁။ ဆရာ၊ ဆရာသည် (လ) ဆိုတော်မူ၏။ (ထပနာတူ။)

၂။ ဤပဌမ (လ) မဟုတ်လော။ အာသော်တူ။ (ပါဠိထုတ်လို လျှင် စော+ဘော အတိုင်း ရေးပါ။)

http://www.dhammadownload.com



၃။ ဤပထမသင်္ဂါယနာမည်သည်ကို ပဥ္စသတိက ခန္ဓက၌ ဆိုအပ်ပြီးသည်၏ အဖြစ်ကြောင်း။ (စောဒကာ ဘောဂဟိတ်။ ပါဠိလို ထုတ်လိုလျှင် ၂။ ရှင်းလင်းချက်အတိုင်း အကျဉ်းအကျယ် ၂-မျိုးပေါင်း၍ "တဿာ ပထမမဟာသင်္ဂီတိယာနာမေ တိဿာ ပဥ္စသတိကက္ခန္ဓကေ ဝုတ္တတ္တာ" ဟု ထုတ်။)

**၄။ ထပနာ ပဋိက္ခေပ။** ဤအဋ္ဌကထာ၌လည်း ဤဆိုအပ်လတ္တံ့သော နည်းဖြင့် ပထမသင်္ဂါယနာမည်သည်ကို သိအပ်သောဟုမဆိုသင့်။ (ထပနာကို+ပယ် = ထပနာ+ပဋိက္ခေပ။ ပါဠိလို "ဣဓာပိ ဣမိနာ နယေန ဝေဒိတဗ္ဗာတိနဝတ္တဗ္ဗံ"ဟု ရေးပါ)

၅။ အဘယ်အကျိုးငှာ-(လ)သိအပ်ပါသနည်း။ (စောဒနာတု)

**မှတ်ချက်။** ၁။ ထပနာ။ ၂။ အာဘော်။ ၃။ စောဒနာဘောဂဟိတ်။ ၄။ ထပနာပဋိက္ခေပ။ ၅။ စောဒနာ (ပုစ္ဆာ) ၅-မျိုး ပါဝင်သဖြင့် ထပနာလျှင် ၅-ခုမြောက်ရှိရကား ထပနာပဥ္စကဟု ခေါ်သည်။ အဓိပ္ပာယ် ပြန်တူပြီ။

**အထူးသတိပြု။** ကိစ္စာပိစသည်ချီသော ယင်းဝါကျမျိုးကို နည်းထုံးကျကျ ကျမ်းတက်ခဲ့ပါဟု မေးတတ်သည်။ ဤအတိုင်း ဖြေနိုင်အောင် ကြိုးစားပါလေ။

## စတုက္က ထုတ်ပုံ

၁။ နနု ပဌမမဟာသင်္ဂီတိနာမေသာ ပဥ္စသတိကက္ခန္ဓကေ ဝုတ္တာ။

(စော+ဘော)

၂။ အထ ကိမတ္ထံ ဣဓာပိ ဣမိနာ နယေန ဝေဒိတဗ္ဗာ။

(စော) .

၃။ နနု နိဒါနကောသလ္လတ္ထာဟောတိ။ (ပရိ+ဘော)

၄။ ဣဓာပိ ဣမိနာ နယေန ဝေဒိတဗ္ဗာ။ (ပရိ)

http://www.dhammadownload.com



## ဆဋ္ဌထုတ်ပုံ

၁။ 'နနု ပဌမ-လ- ဝုတ္တာ။ (စော+ဘော)

၂။ (တသ္မာ ပဌမ မဟာသံဂီတိနာမေတိဿာ ပဉ္စသတိကက္ခန္ဓကေ

ဝုတ္တတ္တာ။ (စောဒကာ ဘောဂဟိတ်)

၃။ အထ ကိမ္ဗတ္ထံ (လ) ဝေဒိတဗ္ဗာ။ (စော)

၄။ နနု နိဒါနကောသလ္လတ္ထာ ဟောတိ။ (ပရိ+ဘော)

၅။ (တသ္မာ) နိဒါနကောသလ္လတ္ထတ္တာ။ (ပရိဟာရာဘောဂဟိတ်)

၆။ ဣစာပိ-(လ) ဝေဒိတဗ္ဗာ။ (ပရိ)

## အဋ္ဌက ထုတ်ပုံ

၁။ န နု ပဌမ-(လ) ဝုတ္တာ။ (စော+ဘော)

၂။ တသ္မာ ပဌမ- (လ) ဝုတ္တတ္တာ။ (စောဒကာဘောဂဟိတ်)

၃။ နိဒါရကောသလ္လတ္တေ သမာနေပိ (စောဒကလက္ခဏာအရုစိ)

၄။ ဣစာပိ ဣမိနာ နယေန ဝေဒိတဗ္ဗာတိ နဝတ္တဗ္ဗံ၊ အထ
ကိမတ္ထံ ဣစာပိ ဣမိနာ နယေန ဝေဒိတဗ္ဗာတိ ဝုတ္တံ။

၅။ နနု နိဒါနကောသလ္လတ္ထာ ဟောတိ။ (ပရိ+ဘော)

၆။ တသ္မာ နိဒါနကောသလ္လတ္ထတ္တာ။ (ပရိဟာရာဘောဂဟိတ်)

၇။ ပဌမ မဟာသံဂီတိယာနာမ တေိဿာယ ပဉ္စသတိကက္ခန္ဓ
ကေ ဝုတ္တာယပိ။ (ပရိဟာရ လက္ခဏာအရုစိ)

၈။ ဣစာပိ-(လ)ဝေဒိတဗ္ဗာတိ ဝုတ္တံ။

## ရှင်းလင်းချက်

စတုတ္ထထုတ်ရာ၌ စော+ဘော၊ ဆဋ္ဌထုတ်ရာ၌ စောဒကာဘောဂ ဟိတ်သည် အဋ္ဌကထုတ်ရာ၌ "ပရိဟာရ လက္ခဏာအရုစိ" (၇-နံပါတ်) ဖြစ်လာသည်။

* ပုဂ္ဂိုလ်စောဒက၊ ပြသည်ဟိတ်မှာ၊ ပရိဟာရ၊ ပုဂ္ဂလ၏၊
လက္ခဏာအရုစိဖြစ်မြဲ။ (ဘုံရားကြီး)

http://www.dhammadownload.com



စတုက္ကထုတ်ရာ၌ ပရိ+ဘော၊ ဆက္ကထုတ်ရာ၌ ပရိဟာရာ ဘောဂ ဟိတ်သည် အဋ္ဌကထုတ်ရာ၌ "ဓောဒကလက္ခဏာအရစိ" (၃-နံပါတ်) ဖြစ် လာသည်။

* ပရိဟာရ၊ ပြသည်ဟိတ်မှာ၊ ဓောဒကာ၏၊ လက္ခဏာအရစိ ဖြစ်မြဲ။ (ဘုရားကြီး)

## သမ္ဘာဝနာ ဂရဟာ ကိန်းသေနည်း

ကိဋ္ဌာပိစသောဝါကျ၌ ရှေ့ဝါကျ+နောက်ဝါကျဟု ၂-မျိုးရှိရာ မည်သည့်ဝါကျကို သမ္ဘာဝနာဝါကျ၊ ဝါ- အနုဂ္ဂဟတ္ထဝါကျ၊ မည်သည့် ဝါကျကို ဂရဟာဝါကျ၊ ဝါ အရစျတ္ထဝါကျဟုနာမည် ပေးရမည်နည်း။ အောက်ပါ ကိန်းသေနည်းအရ နာမည်ပေးရမည်ဟုမှတ်ပါလေ။

၁။ ရှေ့ဝါကျမှာ "န" ပါ၊ နောက် ဝါကျမှာ "န- မပါ" လျှင် ရှေ့ဝါကျ ဂရဟာဝါကျ၊ ဝါ အရစျတ္ထဝါကျ။ နောက်ဝါကျ သမ္ဘာဝနာဝါကျ၊ ဝါ-အနုဂ္ဂဟတ္ထဝါကျ။

၂။ ရှေ့မှာ "န-မပါ"၊ နောက်မှာ " န-ပါ " လျှင် ရှေ့သမ္ဘာဝနာ၊ နောက် ဂရဟာ။

၃။ ရှေ့မှာလဲ " န-မပါ "၊ နောက်မှာလဲ " န-မပါ "လျှင် ရှေ့သမ္ဘာဝနာ၊ နောက်ဂရဟာ။

၄။ ရှေ့မှာလဲ " န-ပါ "၊ နောက်မှာလဲ " န-ပါ " လျှင် ရှေ့သမ္ဘာဝနာ၊ နောက် ဂရဟာ။

## ခ-ဂ- ဝါကျ နာမည်ပေးပုံ

ခ-ဝါကျကား ဓောဒကာဘောဂဝါကျ။ ဝါ၊ သမ္ဘာဝနာ ဝါကျ။ ဝါ ၊ အနုဂ္ဂဟတ္ထဝါကျ။

ဂ-ဝါကျကား ပရိဟာရာဘောဂ, ပရိဟာရဝါကျ။ ဝါ၊ ဂရဟာ ဝါကျ။ ဝါ၊ အရစျတ္ထဝါကျ။

ခ-ဂ-၂-ဝါကျကား ရှေ့ က-ဝါကျ၌ ဓောဒနာဖွယ်ရှိ၍ ဆက် လက်ပြသောကြောင့် " ဝါကျာရမ္ဘဝါကျ " ထို ခ-ဂ-ဝါကျ ကို ထောက်၍ က-ဝါကျကား " အာရဒ္ဓ " ဝါကျ။

http://www.dhammadownload.com



**မှတ်ချက်။** ။ နံပါတ်(၃) ဝါကျခွဲမေးရာ၌ ဤအတိုင်း ဖြေရမည်ကို သတိပြု။ ဝါကျာရမ္ဘမှတ်ဖွယ်ကို ဆက်လက်၍ရှုပါလေ။

## ဝါကျာရမ္ဘဝါကျ မှတ်ဖွယ်

၃ ဝါကျာရမ္ဘ = ဝါကျ + အာရမ္ဘ။ ဝါကျ = မူလရှေ့ ဆိုခဲ့ပြီး ဝါကျကို+ အာရမ္ဘ = ဆက်လက် အားထုတ် ကြောင်း ဝါကျသည် (ဝါကျဿ ဝါကျေနဝါ အာရမ္ဘနံ ဝါကျာရမ္ဘော။ ပုဗ္ဗဝါကျဿ ပစ္ဆိမဝါကျေန အာရမ္ဘနန္တိ အတ္ထော။ ဂန္ထာဘရဏ၊ ဋီ။ ၁၃) ဝါကျရမ္ဘ ဝါကျမည်၏။

**ဝါကျလက္ခဏာ။** ။ မူလရှေ့ ဝါကျ၌ စေဒနာဖွယ်ရှိ၍ ဆက်လက်ပြသော ဝါကျမျိုးတည်း။ "သူကဝင်လာ၊ စောဒနာကို၊ ပယ်ခွာတတ်ဘိ၊ နိပါတ်ရှိ၊ မှတ်သိအာရမ္ဘာ" ဟု ရှေးဆရာတို့ဆိုကြသည်။

ပုဗ္ဗေဝုတ္တဿေဝတ္ထဿ၊ စောဒနာဟိ သိယာပုန။ ယံ ပရံ ဝတ္တုကာမဿ၊ ဝါကျာရမ္ဘောတိ ဘာသိတော။ ဂန္ထာဘရဏ။ ၁၁။

## အနုဒီပနီဝါဒ

ဝါကျာရမ္ဘောတိ စ မူလဝါကျေ ယံယံ ဝတ္တဗ္ဗံ အဝုတ္တံ တဿ တဿ ကထနတ္ထာယ အနုဝါကျဿ အာရမ္ဘော။

**အဓိပ္ပာယ်။** ။ မူလဝါကျ၌ ဆိုသင့် ဆိုထိုက်လျက် မဆိုလိုက်ရသေးသော စကား (စကားကျန်) ကို ဆက်လက် ပြဆိုသော အနုဝါကျ (နောက်ထပ်ဆင့်ဝါကျ) သည် ဝါကျာရမ္ဘမည်၏ ဟူလို။

## ဝါကျာရမ္ဘနှင့် ဥပန္យာသ

ဝါကျာရမ္ဘဝါကျနှင့် ဥပန္យာသ ( = ဥပညာသ) ဝါကျအတူတူဖြစ်ကြောင်း အောက်ပါအတိုင်း ဖွင့်ပြကြသည်။

† ဥပညာသောတိ စ ဝါကျာရမ္ဘော ဝုစ္စတိ။ သာရတ္ထ၊ ၁။ ၂၆။ ဝိမတိ၊ ၁။ ၁၀။

http://www.dhammadownload.com



† ဥပန္ယာသော ,သမုစ္စယော၊ စသဒ္ဒတ္ထော ဒွိဓာ မတော။

ဥပန္ယာသောနာမ ဝါကျာ၊ ရမ္ဘော ဝုစ္စတိ တညုနာ။ ဇာလိနီ။ ၂၇၁။

† ဝါကျာရမ္ဘောတိစ ဥပညာသော ဝုစ္စတိ။ ဂန္ဓာဘရဏ၊ ဋီ။ ၁၃။

မှတ်ချက်။ ။ ဥပန္ယာသ = ဥပ+နိ+အာသ။ ဥပဂန္တွာ နျာသိ တဗ္ဗောတိ ဥပန္ယာသော။ ဥပဂန္တွာ၊ မူလဝါကျ၏ အနီးသို့ကပ်၍၊ နျာသိတဗ္ဗော၊ အားထုတ်အပ်၏။ ဣတိ ဥပန္ယာသော။

ဥပညာသ = ဥပ+နိ+အာသ။ နိ-၌ ဣကို ယပြု၊ နှ-ကို ယသို့ကပ်၊ နျာကို ဉပြု၊ ဒွေဘော်ပြု၍ ဥပညာသပြီး၏။ ဥတုသော ညာသော ဥပညာ သော။ ဥတုသော၊ လွန်စွာ။ ညာသော၊ အားထုတ်အပ်၏။ စောဒက၏ စောဒနာကို ပယ်ဖျက်လို၍ အလွန်အားထုတ်အပ်သော ဝါကျတည်း။

## နိယံ ဆရာတို့ဝါဒ

စကားပြတ်ပြီးမှ ဆက်လျှင် ဝါကျာရမ္ဘ။ စကားမပြတ်သေးဘဲ ဆက်လာလျှင် ဥပန္ယာသ။

* ပြတ်ကြီးစင်းစင်း၊ စုဒ်ထုတ်လျင်းမှု၊ မှတ်ခြင်းဝါကျာရမ္ဘပြီ။

* မပြတ်စပ်ကာ စုဒ်ထုတ်ရာကား၊ ဥပန္ယာသ၊ မှတ်သားကြ။

ရှေးကထုံးမှီ ကျမ်းအညီ။

မှတ်ချက်။ ။ တစ်ဝါကျ နှစ်ဝါကျခြားပြီးမှဆက်လျှင် ဝါကျာရမ္ဘ။ ဝါကျမခြားမူ၍ဆက်လျှင် ဥပန္ယာသ။ (အာစရိယဝါဒ)။ နယရှေ့ သိန်းသောင်းနိယံ၌ " စကားပြတ်ပြီးမှ တက်လာသောစသဒ္ဒါကို ဝါကျာ ရမ္ဘအမည်ပေးလေ။ စကားမပြတ်ဘဲ စပ်ကာ စပ်ကာ တက်လာသော စသဒ္ဒါကို ဥပန္ယာသအမည်ပေးလေ" ဟုဆိုသည်။

## ပဌမ မဟာသင်္ဂီတိ နာမဝါကျ

က-ဝါကျ ပဌမ မဟာသင်္ဂီတိ ဟူသော စကားရပ်၌ စောဒနာဖွယ်ရှိ ၍ ခ- ဝါကျတက်လာသောကြောင့် ခ-ဝါကျကို ဝါကျရမ္ဘဝါကျ

http://www.dhammadownload.com



ဟုမှတ်။ က-ဝါကျကို အာရဒ္ဓ (အားထုတ်အပ်ပြီး-ရေးသားခဲ့ပြီး) ဝါကျဟုမှတ်။ စောဒနာပုံကို ကိဋ္ဌာပိမှတ်ဖွယ် ကျမ်းတက်ပုံကို ရှု၍သိလေ။

## ဝါကျနာမည် မှတ်ဖွယ်

ကိဋ္ဌာပိ, ယဒိပိ, ကာမဥ္စချီသောဝါကျ၊ လက္ခဏာအရစိ ဝါကျတို့ကား ယေဘုယျ အားဖြင့် ဝါကျာရမ္ဘ ဝါကျသာတည်း။ စောဒကာ ဘောဂစသည် ရနိုင်သည်ကို သတိပြုလေ။ သို့သော် နေရာဌာနသို့ လိုက်၍ အခြားနာမည်ရ ကိဋ္ဌာပိစသည် ဝါကျများလည်း ရှိသေးသည်။ မှန်၏။ဝေရဥ္ဇကဏ္ဍ။ နှာ။ ၁၀၈-၌ ကိဋ္ဌာပိ ကုဏ္ဍုဋိယာ ဝါကျကား သေယျထာပိ အဖွင့်မှ တစ်မျိုးတစ်ပါးသော ကုဏ္ဍုဋိယာ စသော ပုဒ်တို့ကို ဖွင့်သောကြောင့် ပက္ခန္တရဝါကျဖြစ်သည်ကို သတိပြုရာ၏။

**မှတ်ချက်။** ။ လက္ခဏာအရစိ ဝါကျမှတ်ဖွယ်ကို ဝေရဥ္ဇကဏ္ဍ၊ နှာ။ ၁၁၃-၄ကိလေသကာမပက္ခေဝါကျ၌စုံစုံလင်လင်တွေ့ရလတ္တံ့။

## ဤကျမ်း၌ အသုံးပြုမည့် နာမည်

ဝါကျာရမ္ဘ ဝါကျနှင့် ဥပန္ယာသ ၂-မျိုးရှိရာတွင် ဋီကာဝါဒသို့ လိုက်၍ ပြတ်ဆက်,မပြတ်ဆက် ၂-မျိုးလုံးအတွက် ဝါကျာရမ္ဘနာမည်ကိုသာ အသုံးပြု၍ ဝါကျခွဲမည်ဟု တင်ကြိုမှတ်သားထားပါလေ။

● (၄) ခ-ဝါကျ၌ ပဥ္စမ မဟာသံဂီတိပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထ ပြု၍ အပေါင်းဝစနတ္ထကိုသာ ဉာဉ်ကောက်ပါ။

**ဖြေ။ ။အစိတ် ဝစနတ္ထများ**

ယထာပစ္စယံ တတ္ထ တတ္ထ ဒေသိတတ္တာ ပညတ္တတ္တာစ ဝိပ္ပကိဏ္ဏာနံ ဓမ္မဝိနယာနံ သင်္ဂဟေတွာ ဂါယနံ ကထနံ သင်္ဂီတိ။ သာရတ္ထ၊ ၁။ ၂၆။

(အကြောင်းအားလျော်စွာ ထိုထိုအရပ်၌ ဟောကြားအပ် ပညတ်အပ်သောကြောင့် ဖရိုဖရဲပြန့်ကြဲကုန်သော ဓမ္မဝိနယ တို့ကို စုပေါင်း၍ ရွတ်ဆိုခြင်း။

http://www.dhammadownload.com



မဟိတဗ္ဗာ ပူဇိတဗ္ဗာတိ မဟာတိ။ မဟာတိ သံဂီတိ မဟာသံဂီတိ။ သာရတ္ထ၊ ၁။ ၂၇။

## အပေါင်း ဝစနတ္ထနှင့် ဉာသ်ကောက်

ပဌမာ မဟာသံဂီတိ ပဌမမဟာသံဂီတိ။ ပဌမာ၊ ရှေးဦးစွာသော။ မဟာသံဂီတိ၊ ပူဇော် အပ်သော သင်္ဂါယနာ။ ပဌမ မဟာသံဂီတိ၊ ရှေးဦးစွာသော ပူဇော် အပ်သော သင်္ဂါယနာ။ ပဌမာပုဒ်၊ မဟာသံဂီတိပုဒ်။

ပဌမာဟူသော ၊ ဝိသေသနပုဒ် အရကား ရှေးဦးစွာ ဟူသော ပဌမတ္ထဘောဂုဏ်သည်မှုချ။ ယင်း၏ ပူဇော်အပ်သော သင်္ဂါယနာနှင့်ဂုဏ် ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရတ္ထ။ ပဌမ မဟာသံဂီတိဟူသော သမာသ်ပုဒ်လုံး အရကား ထိုမှုချ ဌာနူပစာရတ္ထတို့ဖြင့် မှတ်အပ်သော ရှေးဦးစွာသော ပူဇော်အပ်သော သင်္ဂါယနာဒြဗ်ရ၏။

## ဘာဝသာဓနဉာသ်ကောက်မှတ်ဖွယ်

သံဂီတိ = သံ + ဂေ + တိ။ သံဟူသော ဥပသာရပုဒ် အရကား စုပေါင်းခြင်း သင်္ဂဟနဘော၊ ဝါ၊ ဓာတွတ္ထ ဝိသေသကဘောဂုဏ်ရ၏။ ဂေဓာတ်အရကား ရွတ်ဆိုခြင်းကြိယာ (ဝါ) အကြောင်းအားလျော်စွာ ထိုထိုအရပ်၌ ဟောအပ် ပညတ်အပ်သောကြောင့် ဖရို ဖရဲ ပြန့်ကြဲကုန် သော ဓမ္မဝိနယတို့ကို စုပေါင်း၍ ရွတ်ဆိုခြင်းဟူသော ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာတို့၏ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။ တိပစ္စည်း အရကား ဘာဝသာဓနတို့ သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် ဆိုအပ်ခဲ့ပြီးသော ရွတ်ဆိုခြင်းကြိယာ (ဝါ) အကြောင်း အားလျော်စွာ(လ)စိတ္တုပ္ပါဒ်ပင်ရ၏။

**မှတ်ချက်။** ။ က-ဝါကျ သံဂီတိပုဒ်မှာ ကာလပုဒ်ကိုငဲ့သည်။ ထိုကြောင့် "ယထာ ပစ္စယံ တတ္ထတတ္ထ ဒေသိတတ္တာ ပညတ္တတ္တာစ ဝိပ္ပ ကိဏ္ဏောဓမ္မဝိနယေသင်္ဂဟေတွာဂါယန္တိ ဧတ္တောတိ သံဂီတိ" ဟု အဓိကရဏသာဓ် ပြု။ ဂေဓာတ်အရ "အကြောင်းအားလျော်စွာ (လ) ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏" ဟု ကောက်။ အဓိကရဏတ္ထ – ထိုစိတ္တုပ္ပါဒ်အားတပ်သော သင်္ဂါယနာတင်ရာအချိန်ကာလ၏ ပကတူ ပနိဿယယသတ္တိ–ကောက်။

http://www.dhammadownload.com



တိပစ္စည်းအရ ပစ္စယဋ္ဌ "သင်္ဂါယနာတင်ချိန်" ကောက်။

## ဝိဂ္ဂဟ မှတ်ဖွယ်များ

နိဒါတိ ဒေသနံ ဒေသကာလာဒိ ဝသေန အဝိဒိတံ ဝိဒိတံ ကတွာ ဒဿေတီတိ နိဒါနံ။ (ဒေသနံ၊ ကို။ ဒေသကာလာဒိဝသေန၊ ဒေသ ကာလ စသည်တို့၏ အစွမ်းဖြင့်။ အဝိဒိတံ၊ မထင်ရှား သည်ကို ဝိဒိတံ ကတွာ၊ ထင်ရှားအောင်ပြု၍။ နိဒါတိ ဒဿေတိ၊ ပြတတ်၏။) ကုသလဿ ဘာဝေါ ကောသလ္လံ နိဒါနေ ကောသလ္လံ။နိဒါန ကောသလ္လံ သာရတ္ထ၊ ၁။ ၂၇။

---

● ကာလသဒ္ဒါ၏ ဓာတ်ပစ္စည်း ၊ သင်္ဂီတိသဒ္ဒါ၏ လိင်, ဂိုဏ်း ကာရန္တတို့ကို ဖော်ပြပါ။

ဖြေ။ ။ (က) ကလဓာတ်၊ ဏပစ္စည်း။

ကလျန္တေ သင်္ချာယန္တေ အာယုပ္ပမာဏာဒယော အနေနာတိ ကာလော။ ဓာန်၊ ဋီ။ ၆၆-၇။

ကာလယတီတိ ကာလော၊ ခိပတိ ဝိဒ္ဓံသယတီ သတ္တာနံ ဇီဝိတမိတိ အတ္ထော၊ ကလ ဝိက္ခေပေ။ ဝဇီရ။ ၅။

(ခ) သင်္ဂီတိ ကား.....ဣတ္ထိလိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ။ (ဣတ္ထိယမတိ ယဝေါဝ်။ ကစ္စည်း။)

---

● (၇) သင်္ဂီတိ, သင်္ဂီတိ၊ ပထမ, ပဥ္စမ ဟု ပါဠိအမျိုးမျိုး ရှိရာ အကိုးသာဓကပြ၍ အမှားအမှန်ဆုံးဖြတ်ပါ။

ဖြေ။ ။ (က) သင်္ဂီတိဟု မဓ္ဈေဒီဃရှိသော ပါဠိသာမှန်ပါသည်။ သာဓက-သင်္ဂီတိကား သံပုဗ္ဗ ဂေဓာတ်တိပစ္စည်း။ သဗ္ဗတ္ထ ဂေဂီ (ကစ္စည်း။ ၆၀၈။) ဂေဂီ တတီသု (နီတိ၊ သုတ္တ။ ၁၁၆၅။) ဖြင့် ဂေ-ဓာတ်ကို ဂီပြု၊ တစ်နည်း-ဂါပါနမိ (မောဂ် ၅။ ၁၁၅။) ဖြင့် ဂါဓာတ်၏ အာသရကို ဤပြု၍ ပြီးသော ကြောင့် သင်္ဂီတိ သာ သင့်။ သင်္ဂီတိ မသင့်။

http://www.dhammadownload.com



(ခ) ပထမလည်း သင့်။ သာဓက - ပုထ ပါဠိပဒိကပုဒ်, အမ ပစ္စည်း။ ပုထသဒ္ဒပုထုပထာမောဝါ (ကစ္စည်း။ ၆၆၆။)ဖြင့် ပုထကို ပထပြု အမ ပစ္စည်းသက်၍ ပြီးသောကြောင့် ပထမလည်း သင့်။ ထောမနိဓိ အဘိဓာန်၌လည်း "ပြထမ-တြိ၊ ပြထ + အမစ်၊ ပဓာနေအာဒျေစ " ဟု ဆိုသည်။

ပဌမလည်းသင့်။ သာဓက- အမပစ္စယေ ပဌာဒေသော ပဌမော (ရူ။ ၆၇၇။)လာသောကြောင့် အမပစ္စည်း နောင်းရာ၌ ပုထကိုပဌပြု၍ လည်းကောင်း၊ ပဌတော အမော (နီတိ၊ သုတ္တ။ ၁၁၂။) ဖြင့် ပုထ အာဒေသ ပဌနောက် အမပစ္စည်းသက်၍ ပြီးသောကြောင့် လည်းကောင်း၊ ပဌစရာ အမိမာ (မောဂ်၊ ၇။ ၁၃၃။)ဖြင့် ပဌ + ဓာတ် အမပစ္စည်းဖြင့် ပြီးသောကြောင့် လည်းကောင်း၊ ပဌမလည်းသင့်။ ၂-ပါဌ်သင့်။ ၂-ပါဌ်မှန်။

✝ ပဌိယတိ ဥစ္စာရိယတီတိ ပဌမံ = သေဌ္ဌံ။ (မောဂ်၊ ၇။ ၁၃၃)

## ပါဌ ဝိနိစ္ဆယ မှတ်ဖွယ်များ

**ပစ္စူသ၊ ပစ္စူသ။** ပတိ+ဦသဓာတ်+အပစ္စည်းဖြင့်ပြီးသောကြောင့် ပစ္စူသ သင့်။ ပစ္စုသ မသင့်။

**မှတ်ချက်။** ဥသ ရုဇာယံ၊ ပစ္စူသတိ တိမိရံ ဝိနာ သေတီတိ ပစ္စူသော။ (ဓာန်၊ ဋီ။ ၆၈။) ပတိ ပုဗ္ဗော ဦသ ရုဇာယံ၊ အ။ ပစ္စူသေတိ တိမိရန္တိ ပစ္စူသော။ သူစိ။ ဓာန်၊ ဋီအလို "ဥသ" ဓာတ်၊ သူစိအလို၊ "ဦသ" ဓာတ်ဟုကွဲပြားသည်ကိုတွေ့ရမည်။ ပါရာ၊ ဂဏ္ဌိသစ်၌ ဥသဓာတ်ရှိသော ဓာန်ဋီကိုမျှော်၍ ပစ္စုသ ဟု ဥရဿနှင့် မှန်ကြောင်း ဆုံးဖြတ်သည်။ နီတိ၊ ဓာတု၊ ဓာတွတ္ထသင်္ဂဟ စသော ပါဠိဓာတ်ကျမ်းတို့၌ ဥသ ရုဇာယံ ဟုရှိသည်။

ထောမနိဓိ၌ ပြတျူပ (ပု) ပြတျူ ပတိ ရုဇာတိ ကာမုကံ။ (ကာမုကံ၊ နံနက်မိုးသောက်ထဲ၌ ကာမ ခံစားသူကို။ ပြတျူပတိရုဇတိ၊ ရောဂါ ရစေတတ်၏။) ဟု ပတိ + ဦသ + က (အ) ဖြင့် ပြီးကြောင်းဆိုသည်။

ပါဠိဋီကာတို့အလို တိမိရံ၊ အမိုက်မှောင်ကို၊ ပစ္စူသတိ ဖျက်ဆီး တတ်၏ဟုပေး။

http://www.dhammadownload.com


**ယာဝဒေ။** **ယာဝဒေဝ။** ယာဝဒေကား ယာဝဒေဝ နှင့် အနက်တူနိပါတ်ဖြစ်သောကြောင့်လည်းကောင်း၊ ဋီကာတို့၌ ယာဝဒေဝ ဟူသော ပါဠ်လည်းရှိကြောင်းဆိုသောကြောင့်လည်းကောင်း၊ ယင်း ယာဝဒေဝ ပါဠ် မရှိသင့်ကြောင်း ဋီကာတို့၌တားမြစ်ချက် (တံ န သုန္ဒရံ၊ သော ဒုဋ္ဌပါဌော စသည်) မရှိသောကြောင့် လည်းကောင်း ၂-ပါဠ်လုံးသင့်သည်။

† ယာဝဒေ အာကင်္ခါမိတိ ယာဝဒေဝ အာကင်္ခါမိ၊ ယတ္တကံ ကာလံ ဣစ္ဆာမိတိအတ္ထော။ " ယာဝဒေဝါ " တိပိပါဌော။ ဝိမတိ၊ ၁။ ၁၂။ သာရတ္ထ၊ ၁။ ၄၀-၄၁။

**တဿကိမည်။ တဿမေကိမည်။** တဿကိမည်ဟုရှိလျှင် "တဿ အနုဂ္ဂဟာဿ၊ ထိုချီးမြှောက်ခြင်း၏။" ဟု အနက်ပေး။ တစ်နည်း။ တဿ မေ၊ ထိုငါ့အား ဟုအနက်ပေး။ "တဿမေဟုလည်း ရှိသည်။ တဿမေ၊ ထိုငါ့အား ဟုပင် အနက်ပေး။ ၂ ပါဠ်လုံးသင့်သည်။ သာရတ္ထ၊ ၁။ ၄၂။

**အာဏဏျံ။ အာနဏျံ။** ယင်းပုဒ်ကား န-ပုဒ် + ဣဏပုဒ် = နတ္ထိ ဣဏံ အဿာတိ အဏဏော ဟု ဝစနတ္ထပြု၊ နကိုအနပြု၊ တေသု ဝုဒ္ဓိသုတ်ဖြင့် နကို ဏ ပြု။ ဣကို အ-ပြု၍ "အဏဏ" ပြီးသည်။ အဏဏဿဘာဝေါ အာဏဏျံဟု ဘာဝတဒ္ဓိတ်ဆင့်။ အဏဏ + ဏျ - အာဏဏျ ဟုပြီးသည်။ အာဏဏျံရှိသော ပါဠ်သာသင့်သည်။

† နတ္ထိ ဣဏံ အဿာတိ အဏဏော။ တေသု ဝုဒ္ဓိတိအာဒိနာ နကာရိကာရာနံ ဏတ္တမတ္တဉ္စ။ (ရူ၊ နာ။ ၁၇၀။)

† အဏဏဿ ဘာဝေါ အာဏဏျံ။ (ရူ။ နာ ၂၃၆။)

---

● ၈။ ကုသိနာရာယံ၌ ဥပစာ၊ သမုတ္တာ မယံ တေန မဟာသမဏေန။ ဥပဒ္ဒုတာစ ဟောမ ဣဒံ ဝါကပ္ပတိ ဣဒံ ဝါ နကပ္ပတီတိ ၌ နည်းတို့ကိုဖော်ပြပါ။

ဖြေ။ ။ (က) အနီးရှိသော ကုသိနာရုံ ပြည်၏ ကုသိနာရာယံ အမည်ကို အနီးဖြစ်သော မလ္လာမင်းတို့၏ အင်ကြင်းတော အင်ကြင်းပင်

http://www.dhammadownload.com



အစုံတို့၏အလယ်အရပ်၌ တင်စား၍ ၎င်းအရပ်ကို ကုသိနာရုံ ပြည်ဟု ဆိုသောကြောင့် သမီပူပစာ။

(ခ) မဟာသမဏောနုပုဒ်သည် သုမုတ္တာစပ်နိုက် အပါဒါန်၊ ဥပဒ္ဓု တာစပ်နိုက် ကတ္တား၊ ယင်းသို့ ၂-ပုဒ် ငဲ့သောကြောင့် ကာကော လော ကနုနည်း။

† ကုသိနာရာယန္တိ ဝေံနာမဏော နုဂရေ။ သမိပတ္ထေစေတံ ဘုမ္မ ဝစနံ။ သာရတ္ထ၊ ၁။ ၂၈။ (ဝိမတိ၊ ၁။ ၁၀။)

† ကုသိနရုံ (သမန်းမြက်ရှိသူ- ကိုင်လာသူကို) ပဿိတ္ထာမာပိတံ ကုသိနာရုံ။ ဓာန်၊ ၄ီ။ ၂၀၀။ ၁။

## နည်းဥပစာ မှတ်ဖွယ်

**ပံသုကူလာနိ။** အစိတ်၏ (ချည်မျှင် အစိတ် အများ၏) ပံသုကူ လာနိ အမည်ကို အပေါင်း၌ (တစ်ထည်သော ပံသုကူသက်နိုး၌) တင်စား၍ ယင်းတစ်ထည်တည်း (အပေါင်း) ကိုပင် ပံသုကူလာနိဟု ဗဟုဝုစ်နှင့်ဆိုသော ကြောင့် ဧကဒေသူ ပစာ၊ ဝါ၊ အဝယဝူပစာ။

**ဥတ္တရိမနုဿဓမ္မေ အတ္တနာ သမသမဌပနေန။** ဥတ္တရိ မနုဿ ဓမ္မ၌ အတူထားခြင်းဟူသော အထင်ကိုဆိုသဖြင့် ဩဝါဒပေးရာ၊ တရား စကား ဟောပြောရာ အတူထားခြင်း ဟူသော အလုံးစုံကိုလည်း ရသောကြောင့် နိဒဿနနည်း မည်၏။

အစိတ်ဖြစ်သော ဥတ္တရိ မနုဿဓမ္မ၌ အတူထားခြင်း၏ "ဥတ္တရိ မနုဿဓမ္မေ အတ္တနာ သမသမဌပနေန" ဟူသောအမည်ကို အပေါင်း ဖြစ်သော ဥတ္တရိမနုဿဓမ္မ၌ အတူထားခြင်း ဩဝါဒပေးရာ တရား စကားဟောပြောရာ၌ အတူထားခြင်း၌ တင်စား၍ ဥတ္တရိ (လ) ဟော ပြောရာ၌ အတူထားခြင်းကို ဥတ္တရိ (လ) ဌပနေန ဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ- အဝယဝူပစာ။

† ထေ့ကိဥ္စာပိ ဧကမေဝ တံစီဝရံ၊ အနေကာဝယဝတ္တာ ပန ဗဟု ဝစနံ ကတန္တိ မဇ္ဈိမဂဏ္ဌိပဒေဝုတ္တံ။ သာရတ္ထ၊ ၁။ ၃၆။ ဝိမတိ ၁။ ၁၂)

http://www.dhammadownload.com



† ဓေတ္တစ "ဥတ္တရိမနုဿဓမ္မေ အတ္တနာ သမသမဋ္ဌပနေနာတိ ဣဒံ နိဒဿနမတ္တန္တိ ဝေဒိတဗ္ဗံ " သာရတ္ထ၊ ၁။ ၄၁။

---

(က) ကိဿ ပနထေရော ဧကေနူနမကာသီတိ။

(ခ) အာယသ္မတော အာနန္ဒတ္ထေရဿ ဩကာသကရဏတ္ထံ။

(ဂ) တေနာဟာယ သ္မတာ သဟာပိ ဝိနာပိ နသက္ကာ ဓမ္မသံဂီတိ ကာတုံ။

(ဃ) သောဟာယသ္မာ သေက္ခော သကရဏီယော၊ တသ္မာ သဟာပိ နသက္ကာ။

(င) ယသ္မာ ပနဿ ကိဉ္စိဒသဗလ ဒေသိတံ သုတ္တဂေယျာဒိကံ ဘဂဝတော အသမ္မုခါ ပဋိဂ္ဂဟိတံနာမ နတ္ထိ၊ တသ္မာ ဝိနာပိ နသက္ကာ။ ၄။ ၆။

● (၃) က– ခ– ဂ– ဃ– င– ဝါကျတို့ကို အကြောင်းပြ၍ အမည် ပေးပါ။

**ဖြေ။** ။က–ဝါကျသည် အမေးပုစ္ဆာကို ပြသောကြောင့် ပုစ္ဆာ (ဝါ–စောဒနာ) ဝါကျ။ ခ–ဝါကျသည် အဖြေ ဝိသဇ္ဇနာကို ပြသောကြောင့် ဝိသဇ္ဇနာ (ဝါ– ပရိဟာရ) ဝါကျ။ တစ်နည်း က– ဝါကျသည် အမေးပုစ္ဆာ ဟူသောအဖို့ကိုပြသောကြောင့် ပက္ခဝါကျ။ ခ– ဝါကျသည် အဖြေ ဝိသဇ္ဇနာဟူသော အဖို့တစ်မျိုးတစ်ပါးကိုပြသောကြောင့် ပက္ခန္တရ ဝါကျ။ တစ်နည်း–က ဝါကျသည် ကိံ သဒ္ဒါဖြင့် ပုစ္ဆာထုတ်သောကြောင့် "အယုတ္တစောဒနာ"ဝါကျ။ ခ–ဝါကျသည် ယုတ္တိနှင့်တကွ အဖြေကိုပြ သောကြောင့် "ယုတ္တပရိဟာရ" ဝါကျ။

**မှတ်ချက်။** ။ပက္ခန္တရ ဓောတကော + နသဒ္ဒောဟု သီ၊ ဋီ၊ သစ်၊ ၅၇–ဆိုသည်မှာ ရှေ့ဆိုခဲ့ပြီး ဝါကျများကိုထောက်၍ဆိုသည်။ ဆိုလတ္တံ့ ခ– ဝါကျကိုထောက်လျှင် က–ဝါကျ ပက္ခသာတည်း။

http://www.dhammadownload.com



† ကထံ ကဿ ကိမတ္တန္တိ။
လက္ခ အယုတ္တ စောဒနာ။
တေသု ယုတ္တပရိဟာရော။
ယုတ္တန္ဝောစ္စာဒိ လက္ခိတော။

(ဂန္ထာဘရဏ။ ၇၅။ ၇၇။)

ဂ–ဝါကျသည် " ဩကာသကာရဏ၏ အကြောင်းကိုပြသောကြောင့်" ကာရဏ ဝါကျ။ ထိုကိုထောက်၍ ခ–ဝါကျသည် "အကျိုးကိုပြသောကြောင့်" "ဖလဝါကျ"။

**မှတ်ချက်။** ဂ–ဝါကျကို ဂံ၊ သစ်၌ ယုတ္တိဒဋ္ဌိကရဏ၊ ဝါ၊ ကာရဏ ဟု ၂–မျိုးဆိုသည်။ သျှ၊ သစ်၌ ဝိတ္တာရ ယူသည်။ ရှင်အာနန္ဒာ ဝင်ခွင့်ရ အောင် တစ်ယောက် လျော့ထားသည်ဟု ခ– ဝါကျ၌ ဆိုခဲ့ရာ အဘယ် ကြောင့် ရှင်အာနန္ဒာအား ဝင်ခွင့်ပြုလိုရသနည်းဟု အကြောင်း မေးဖွယ် ရှိသည်။ ထိုကိုဖြေလို၍ ဂ–ဝါကျ တက်လာသည်။ ထိုကြောင့် ဂ–ဝါကျ ကို ကာရဏ ဝါကျလို့ပင် ယူဆသည်။ ကဿ ပနဿ ဩကာသ မကာသီတိ အာဟ " တေနာ "တိ အာဒိ။ ဟိသဒ္ဒော ကာရဏတ္ထေ။ သီ၊ ဋီ၊ ၁၊ သစ်။ ၅၇–ကိုလည်း ရှုလေ။

ဤဝါကျတို့၌ အနက်ပေးကျမ်းတက်တို့ကို။ သီ၊ ဖြေ ၌ ရေးပြီး ဖြစ်သည်၊ ထပ်ရေးက ကျမ်းလေးပါမည်။ ပါ၊ ဖြေ အတွက် သက်ဆိုင်ရာ ဉာဏ်ကောက်စသည် အကျယ်ရေးနိုင်ရန် ရေးပြီးတို့ကို ချန်လှပ်ထားခဲ့ ပါမည်။

ဃ–င ၂–ဝါကျသည် "ဂ–ဝါကျပါ သဟာပိ နသက္ကာ၊ ဝိနာပိ န သက္ကာတို့၏အကြောင်းကိုပြသောကြောင့် " ကာရဏဝါကျ။ ထိုကိုထောက်၍ ဂ–ဝါကျသည် အကျိုးကို ပြသောကြောင့် ဖလဝါကျ။

င–ဝါကျသည် " သဟာပိ န သက္ကာ၏ အကြောင်းမှ တစ်မျိုး တစ်ပါးသော ဝိနာပိ န သက္ကာ၏ အကြောင်းကို ပြသောကြောင့် " ပက္ခန္တရဝါကျ။ ဃ–ဝါကျသည် " သဟာပိ နသက္ကာ၏ အကြောင်းကိုပြ သောကြောင့် " ပက္ခဝါကျ။

http://www.dhammadownload.com



● (၄) ဃ-ဝါကျဒွိ သေက္ခောပုဒ်ကို ရသင့်သမျှ ဝစနတ္ထပြု၍ အသီးသီးဉာသ်ကောက်ပါ။

ဖြေ။ ။ဝစနတ္ထ။ သိက္ခတီတိ သေက္ခော။

ဉာသ်ကောက်။ ။ယောအာနန္ဒော၊ သည်။ သိက္ခတ္တယံ၊ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို။ သိက္ခတိ၊ ကျင့်ဆဲ, သင်ဆဲ ဖြစ်၏။ ဣတိသော သေက္ခော။

သိက္ခတိဟာ: ကတ္တုသာဓန ကိတ်ဝိပြိုဟ်၊ သေက္ခောကား ကတ္တုသာဓနကိတ်ပုဒ်၊ သိက္ခဓာတ် ဏပစ္စည်း။

သိက္ခဓာတ်အရကား သိက္ခာ ၃ - ပါးကို ကျင့်ဆဲ ဖြစ်သော ရှင်အာနန္ဒာ၏ သတိဝီရိယဉာဏ်စသည် ပြဋ္ဌာန်းသော, မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ္တုပ္ပါဒ်သည် မုချ.....၏။

ရှေးရှေး၌ဖြစ်သော ယောနိသော မနသိကာရ သပ္ပုရိသူပနိဿျ သဒ္ဓမ္မ သဝန စသည် သည် ဖလူပစာရတ္ထ၊ နောက် နောက်၌ ဖြစ်သော ဝိပဿနာ ပါဒကစိတ်, အနာဂါမိ မဂ်ဖိုလ် စိတ် စသည် သည် ကာရဏူ ပစာရတ္ထ။

ဏ-ပစ္စည်းအရကား ထိုမုချ ဖလူကာရဏူပစာရတ္ထတို့ဖြင့် မှတ်အပ်သော ရှင်အာနန္ဒာမထေရ်ဒြဗ်ရ၏။

တစ်နည်း ဝစနတ္ထ။ သိက္ခနံ သိက္ခာ (အစိတ်)။ သိက္ခာ သီလံ တဿာတိ သေက္ခော (အပေါင်း)။

ဉာသ်ကောက်။ တဿ၊ ထိုရှင်အနန္ဒာအား။ သိက္ခာ၊ ကျင့်ခြင်း ဟူသော၊ သီလံ၊ အလေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိသော သေက္ခော။

သိက္ခာ သီလံ တဿကား တဒ္ဓိတ ဝိဂြိုဟ်၊ သေက္ခော ကား တဒ္ဓိတ် တဒ္ဓိတ်ပုဒ်။ သိက္ခာပုဒ်၊ ဏပစ္စည်း။ -

သိက္ခာဟူသော တဒ္ဓိတ် ပုဒ်အရကား ကျင့်ခြင်း အလေ့သည် မုချ၏။ ယင်း ကျင့်ခြင်းအလေ့၏ ရှင်အာနန္ဒာဒြဗ်နှင့်ဂုဏ်ဂုဏော အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရတ္ထ။

http://www.dhammadownload.com



ဏာ ပစ္စည်း၏အရကား ထိုမုချဌာန္ဓပစာရတ္ထတို့ဖြင့် မှတ်အပ်သော ကျင့်ခြင်းအလေ့ရှိသော ရှင်အာနန္ဒာ ဒြဗ်ရ၏။

မှတ်ချက်။ ဤဒြိသေက္ခောကား ပံသုကူလံ ဓာရေတီတိ ပံသုကူ လိကောကဲ့သို့ တဒ္ဓိတ်တဿီလ။

✱ တဒ္ဓိတ်နှင့် ကြွတ်၊ ထိုနှစ်ပုဒ်လည်း ပြယုဂ်တဿီလထင်သတည်း။ (မာန်လည်နိုယ်)

**တစ်နည်း ဝစနတ္ထ။** ။ ( အရိယဇာတိယာ တီသု ) သိက္ခာသုဇာတော ဘဝေါ ဝါ သေက္ခော။

**ဉာသ်ကောက်။** ။ (အရိယဇာတိယာ၊ အရိယာဇာတ်အားဖြင့်၊ တီသု၊ ကုန်သော။ ) သိက္ခာသု၊ သီလသမာဓိ ပညာ သိက္ခာတို့၌။ ဇာတော၊ ဖြစ်သူတည်း။ ဝါ။ ဘဝေါ၊ ဖြစ်ထွန်း ကြီးပွားသူတည်း။ ဣတိသော သေက္ခော။

သိက္ခာသု ဇာတော ဘဝေါကား ဇာတ၊ ဝါ၊ ဘဝတဒ္ဓိတ်ဝိဂြိုဟ်၊ သေက္ခောကား ဇာတ၊ ဝါ၊ ဘဝတဒ္ဓိတ်ပုဒ်။ သိက္ခ + ဏာပစ္စည်း။

သိက္ခာဟူသော တဒ္ဓိတ်ပုဒ်အရကား သီလ, သမာဓိ, ပညာ သိက္ခာ ၃ ပါးသည် မုချ—၏။ ယင်း သိက္ခာ ၃–ပါး၏ ရှင်အာနန္ဒာ ဒြဗ်နှင့်ဂုဏ် ဂုဏအေအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည့် ဌာန္ဓပစာရတ္ထ=၏။

ဏာပစ္စည်းအရကား ထိုမုချဌာန္ဓပစာရတ္ထအားဖြင့် မှတ်အပ်သော အရိယာ ဇာတ်အားဖြင့် သိက္ခာ ၃–ပါးတို့၌ ဖြစ်ထွန်း ကြီးပွားသော ရှင်အနန္ဒာဒြဗ် ရ၏။

**တစ်နည်း ဝစနတ္ထ။** ။ ဣက္ခတိ တောယာတိ ဣက္ခာ။ မဂ္ဂဖလ သမ္မာဒိဋ္ဌိ။ (အစိတ်။ တောယ၊ ထိုမဂ္ဂဖလ သမ္မာဒိဋ္ဌိဖြင့်။ ဣက္ခတိ၊ ရှုတတ်၏။)

သဟ ဣက္ခာယာတိ သေက္ခော။ (ဣက္ခာယ သဟ ယော ဝတ္တတီတိ သေက္ခောဟု အကျယ်မှတ်။ အပေါင်း ဝိဂ္ဂဟ။)

http://www.dhammadownload.com



ဉာဏ်ကောက်။ ။ ယောအာနန္ဒော၊ သည်။ ဣက္ခာယ၊ မင်ဖိုလ် သမ္မာဒိဋ္ဌိနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ သော သေက္ခော။

သဟဣက္ခာယကား သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်ဝိဂြိုဟ်၊ သေက္ခော ကား ၎င်းသမာသ်ပုဒ်။ သဟပုဒ် ဣက္ခာပုဒ် ယ ပုဒ်။

သဟဣက္ခာဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ်လုံးအရကား မင်ဖိုလ် သမ္မာဒိဋ္ဌိနှင့်တကွဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်၊ ဝါ။ တကွ ဖြစ်သော မင်ဖိုလ် သမာဒိဋ္ဌိသည် မုချ-၏။ ထိုသဟဝတ္တန ဘောဂုဏ်၏၊ ဝါ- မင်ဖိုလ်သမာဒိဋ္ဌိ၏ ရှင်အာနန္ဒာဒြဗ်နှင့် ဂုဏ်ဂုဏဧဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရတ္ထ-၏။ ယ- ဟူသော အညပုဒ်အရကား ထိုမုချ ဌာနူပစာရတ္ထတို့ဖြင့် မှတ်အပ်သော မင်ဖိုလ်သမ္မာဒိဋ္ဌိနှင့်တကွဖြစ်သော ရှင်အာနန္ဒာဒြဗ်ရ၏။

## သမာသ်တဒ္ဓိတ်ကောက်နှင့် သမ္ဗန်မှတ်ဖွယ်

သမာသ်ဝိဂ္ဂဟ, တဒ္ဓိတ်ဝိဂ္ဂဟကို ဉာဏ်နည်းကောက်ရာ၌ ဥပစာကောက်မှန်သမျှ ဌာနူပစာချည်း " ဟု မှတ်ပါ။ (ဌာန္ဓျူပစာ ဟု အမှတ်များတတ်သည်။)

"သမ္ဗန္ဓိဒွယနိဿိတော" ဟု ဘောဒစိန္တာ။ ၃၅-၌ ဆိုသည့်ကို သတိ ပြုရာ၏။ ရှင်ဦးအံ့။ ရညော ပုတ္တော ရာဇပုတ္တော၌ မင်းဟူသော သမ္ဗန္ဓိ သားဟူသော သမ္ဗန္ဓိ ပုဒ် ၂-ခုကို (မင်း နှင့် သား တို့ ဇနက ဇညအဖြစ်ဖြင့် စပ်ခြင်း) သမ္ဗန်က မှီနေသည်။ သမ္ဗန္ဓိကား ဌာန၊ နိဿယ၊ သမ္ဗန်ကား ဌာနီ,နိဿိတ ဖြစ်သည်။ရာဇ+ ပုတ္တ ၂-ပုဒ်အရကောက်ရာ၌ ယင်းဌာနနိဿယ သမ္ဗန္ဓိ ၂ ပုဒ်အရဖြစ်သော မင်း နှင့် သား ဟူသော မုချအ်ရသာမက ရာဇ+ ပုတ္တ ၂-ပုဒ်မှ ထောက်၍သိရသော ဌာနီ, နိဿိတသမ္ဗန်ကိုလည်း ဌာနူပစာ အရကောက်ရသည်။ ထို့ကြောင့် ယင်းတို့ကို ဉာဏ်နည်းကောက်ရာ၌ ဥပစာကောက် မှန်သမျှ ဌာနူပစာချည်းဟု ကိန်းသေ မှတ်ရာ၏။ ဤကား သိခဲသတိ ထားခဲသဖြင့် အလွန်များတတ် ယောင်ဝါးဝါး ဖြစ်တတ်သော အရာပေတည်း။

http://www.dhammadownload.com



ဉာဉ်ကောက်ကား နည်းရကာ လွယ်ကူသလောက် နည်းမရက ခက်သည်။ "သေဝ္ဆော" ပုဒ်ကတ္တုသာဓနနှင့်စပ်လျဉ်း၍ ကိန်းသေနည်း ကိုလည်း ဆက်လက်မှတ်သားပါလေ။

## ကတ္တုသာဓန ဉာဉ်ကောက် မှတ်ဖွယ်

ယင်းပုဒ်မျိုး ဉာဉ်ကောက်ရာ၌ (၁) ပရမတ္ထ သဒ္ဒါလော။ (၂) ပညတ္တိ သဒ္ဒါလောဟု ဦးစွာ စဉ်းစားရမည်။

(၁) **ပရမတ္ထသဒ္ဒါ။** ပရမတ္ထ အားဖြင့်ထင်ရှားရှိသော။ စိတ္တ စေတသိက-ရူပ-နိဗ္ဗာန-ဖဿ-ဝေဒနာ-သညာ-စေတနာ-စသော ဝိဇ္ဇမာနပညတ္တိ သဒ္ဒါမျိုးကို ပရမတ္ထ သဒ္ဒါဟုမှတ်။ သင်္ဂဟ ပစ္စည်းပိုင်း ပညတ္တိသဒ္ဒါအခွဲကို သတိပြု။ ယင်းပရမတ္ထ သဒ္ဒါမျိုးကို ကတ္တုသာဓန ဝစနတ္တပြုလျှင် " သဒ္ဒါဝိဇ္ဇမာန၊ ဝိဂ္ဂြိုဟ် ပြက၊ ဓာတ်အရမှာ၊ လက္ခဏာ သဘာဝ၊ ကောက်ရမချို့၊ ပစ္စည်းတို့မှာ၊ လက္ခဏာဝန်၊ သဘာ ဝန်ကို။ ကေန်အရ ညွှန်းသတည်း" ဘုရားကြီးနိယံ အတိုင်း ဓာတ်အရ သတ္တိ, လက္ခဏာ, သဘာဝကောက်။ ပစ္စည်းအရ သတ္တိမန္တ၊ လက္ခဏာဝန္တ, သဘာဝဝန္တ ကောက်။ (နိယံတွင် သတ္တိနှင့် သတ္တိမန္တ ၂ မျိုး ဖြစ်ပါ၏။)

**ရှင်းလင်းချက်။** အာရမ္မဏံ စိန္တေတီတိ စိတ္တံ၊ ဝိဇာနာ တီတိ. အတ္ထော။ အဘိ၊ ဋ္ဌ ၁။ ၁၀၆။

ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ အာရမ္မဏံ၊ ကို။ စိန္တေတိ၊ ကြံစည်တတ် သိတတ်၏။ ဣတိတသ္မာ တံ ဓမ္မဇာတံ စိတ္တံ။

အာရမ္မဏံ စိန္တေတိကား ကတ္တုသာဓန ကိတ်ဝိဂ္ဂြိုဟ်၊ စိတ္တံကား ၎င်းကိတ်ပုဒ်။ စိန္တ ဓာတ် တပစ္စည်း။

စိန္တ ဓာတ်အရကား အာရုံကို ကြံစည်ခြင်းသိခြင်းအာရမ္မဏာ ဝိဇာနနသတ္တိလက္ခဏာ သဘာဝရ၏။ တပစ္စည်းအရကား သတ္တိမန္တ လက္ခဏာဝန္တ သဘာဝဝန္တဖြစ်သော စိတ်ဒြဗ်ရ၏။

ဤသို့ ဓာတ်အရ ပစ္စည်းအရ ခြားနားအောင် ကောက်ပါလေ။ "ဖဿ" ဆိုလျှင် ဖုသတီတိ ဖဿော၊ ဖုသဓာတ် + ဏပစ္စည်း။ ဖုသ

http://www.dhammadownload.com



ဓာတ် အရ အာရုံ၌ တွေ့ထိခြင်း ဖုဿန သတ္တိ လက္ခဏာ သဘာဝ ကောက်။ ဏာ ပစ္စည်း အရ သတ္တိမန္တ လက္ခဏာဝန္တ သဘာဝဝန္တ ဖြစ်သော ဖဿစေတသိက် ကောက်။

ဉာဉ်ကောက်ရာ၌ အလွယ်ဆုံး ပုဒ်မျိုးတည်း။ ပရမတ္ထသဒ္ဒါလည်းဖြစ်၊ ကတ္တုသာဓနလည်းဖြစ်၊ ဤအင်္ဂါ ၂-ပါးနှင့် ညီလျှင် ဤနည်းအတိုင်း ကောက်ပါလေတော့။

**(၂) ပညတ္တိသဒ္ဒါ။** ။ ပရမတ္ထအားဖြင့်ထင်ရှားမရှိသော ဘူမိ ပဗ္ဗတ, ဗုဒ္ဓ, ပုရိသ, ဣတ္ထိစသော,အဝိဇ္ဇမာနသဒ္ဒါမျိုးကားပညတ္တိ သဒ္ဒါတည်း။

ယင်း ပညတ္တိ သဒ္ဒါမျိုးကို ကတ္တုသာဓန ဝစနတ္ထ ပြုလျှင် (က) သဝိညာဏက=သက်ရှိလော။ (ခ) အဝိညာဏ=သက်မဲ့လောဟု စဉ်းစားရမည်။ ဥပမာ = ဗုဒ္ဓဆိုလျှင် သက်ရှိ။ ရက္ခဆိုလျှင် သက်မဲ့ စသည်။

**(က) သဝိညာဏက ပညတ္တိ ကတ္တုသာဓနပုဒ်မျိုးကို ဉာဉ်ကောက်** လိုသော်.....

"အဝိဇ္ဇမာနသဒ္ဒါ၊ ဝိဂြိုဟ်မှာကား၊ ပရမတ္ထ ဓာတ်အရ၊ ပစ္စည်း အရ ပညတ္တ "။ နိယံအရ ပရမတ္ထ သဘောတရားကို ဓာတ်၏အရ (ဓာတွတ္ထ) ကောက်။ ပညတ်တရားကို ပစ္စည်းအရ (ပစ္စယတ္ထ) ကောက်။

**ဥပမာ။** ။ သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါ = ဗုဓ+တ။ ဗုဓ = သိခြင်း = သဗ္ဗညုတဉာဏ် (ပရမတ္ထ) ကောက်။ တ = သိသူ = ဘုရား (ပညတ်)ကောက်။

တစ်ဖန်ဆက်၍ "မုချဖလူ၊ ကာရဏူ၊ လွယ်ကူသိစေမင်း။ ပစ္စုပ္ပန်မူ၊ မုချယူ၊ ရှေ့ဖလူ၊ ကာရဏူကို နောက်စိတ်သွင်း" နိယံကိုလည်း သတိပြုရမည်။

ယင်းပုဒ်မျိုးကို ကောက်ရာဝယ်။

(၁) မုချတ္ထကောက်။

(၂) ဖလူပစာရတ္ထကောက်။

(၃) ကာရဏူပစာရတ္ထကောက်။

(၄) ပစ္စယတ္ထ ကောက်ဟု ၄-မျိုး ကောက်ရမည်။

http://www.dhammadownload.com



(၁) ဗုဓ ခတ်အရ (ခတွတ္တ) သမ္ဗည္ခုတာဉာဏ်ကား ပစ္စုပ္ပန် မုချတ္တ။ ( ပစ္စုပ္ပန်မှုမုချယူ ) (၂) ယင်းဉာဏ် မပေါ်မီက ပေါ်ခဲ့သော ရှေးရှေး၌ ဖြစ်သော (ယင်းဉာဏ်၏ အကြောင်း) ပါရမီဉာဏ် ဝိပဿနာ ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကား ဖလူပစာရတ္တ။ (ရှေ့ဖလူ) (၃) ယင်း ဉာဏ်ပေါ်ပြီးနောက်မှ ပေါ်သော နော်က် နောက်၌ဖြစ်သော (ယင်း ဉာဏ်၏အကျိုး) ဣန္ဒြိယပရောပရိယတ္တိဉာဏ် အာသယာ နုသယ ဉာဏ် ဒေသနာဉာဏ်စသည်တို့ကား ကာရဏူပစာရတ္တ။ကာရဏူကိုနောက်စိတ်သွင်း။)

(၄) ဘုရားဒြဗ်ကား တပစ္စည်းအရ ပစ္စယတ္တ ပညတ်တည်း။ ရှေ့ ဖလူဆိုသည်မှာ ခတ်အရ ပစ္စုပ္ပန်မုချတရားမပေါ်မီကပေါ်ခဲ့သော ယင်း ပစ္စုပ္ပန်မုချတရား၏ အကြောင်းဖြစ်သော တရားများထည်း။

ယင်းအကြောင်းတရားများကို ပစ္စုပ္ပန် မုချအကျိုးမှ ထောက်၍ ဖလူပစာအားဖြင့် ကောက်ရသည်။

နောက်ကာရဏူ ဆိုသည်မှာကား ခတ်အရ ပစ္စုပ္ပန် မုချတရား ပေါ်ပြီးနောက် ပေါ်ပေါက်လာသော ယင်းပစ္စုပ္ပန်မုချတရား၏အကျိုးဖြစ်သော တရားများတည်း။ ယင်းအကျိုးတရားများကို ပစ္စုပ္ပန်မုချ အကြောင်းမှ ထောက်၍ ကာရဏူပစာအားဖြင့် ကောက်ရသည်။

ထင်ရှားစေဦးအံ့။ ပထမ ဇော ဒုတိယဇော တတိယဇော ၃-မျိုး တွင် ပ- ဇောသည် ဒု- ဇော၏ အကြောင်း (ကာရဏ) ရှေ့စိတ်။ ဒု- ဇော သည် အကျိုး (ဖလ) နောက်စိတ်။ ဒု ဇောသည် တ- ဇော၏ အကြောင်း (ကာရဏ) ရှေ့စိတ်။ တ- ဇောသည် အကျိုး (ဖလ) နောက်စိတ်။ ဤအစဉ်ကို ဦးစွာမှတ်သားပြီး ဒု-ဇောကို ပစ္စုပ္ပန်မုချ ကောက်သည်ဟု ဆိုကြစို့။ ယင်းသို့ ကောက်လျှင် ပ- ဇောသည် (ဒု- ဇောကို ထောက်၍) အကြောင်း ရှေ့စိတ်။ ဒု-ဇောသည် အကျိုး နောက်စိတ်။ ထို့ကြောင့် အကျိုး (ဖလ) နောက်စိတ်ကိုအကြောင်း ကာရဏ။ ရှေ့စိတ်၌ တင်စား၍ ရှေ့စိတ်ကို ဖလူပစာအားဖြင့် ကောက်သည်။ ထို့အတူ တ-ဇောကို ကာရဏူပစာအားဖြင့် ကောက်သည်။

http://www.dhammadownload.com



## (ခ) အဝိဉာဏကပည္စတ္တိကတ္တုသာဓနပုဒ်

ယင်းကို ဉာဏ်ကောက်လိုသော် ဓာတ်အရ ပရမတ္ထတရား၏ ဥပါဒ်ကောက်၊ ပစ္စည်းအရ ဥပ္ပါဒ၀န္တ ပညတ်တရားကောက်။

ပုံစံ။ ရုဟာတိတိ ရုက္ခော၊ ရုဟ + ခ–ပစ္စည်း။ ရုဟ ဓာတ် အရ အင်္ဂကလာပ်ရုပ် ဧ–ခု၏ ဥပါဒ်ရ၏။ ခ ပစ္စည်းအရ ဥပ္ပါဒ၀န္တ ဖြစ်သော သစ်ပင် ဒြဗ်ရ၏။ ဤသို့ ခွဲကောက်ပါလေ။

**မှတ်ချက်။** ထိုထိုဝါကျအဖြေ၌ တွေ့ရလတ္တံ့သော ကတ္တုသာဓန ဉာဏ်ကောက်များနှင့် နှိုင်းယှဉ်၍ မှတ်သားပါ။ အထူးအားဖြင့် "သုတ္တံ" ပုဒ်၏ ဉာဏ်ကောက်ကို တသီးတသန့် ကျက်မှတ်ပါ။ သူ့စနတော ဝါကျ အဖြေ၌ ရှုလေ။

## ဝိဂ္ဂဟ မှတ်ဖွယ်

သဟကရဏီယေနာတိ သကရဏီယော။ (ကရဏီယေန။ အထက် မဂ် ၃–ပါးဟူသော ပြုဖွယ်ကိစ္စနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ၏ဟုပေး။ သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိ။ အာနန္ဒာရ၏။) သာရတ္ထ၊ ၁။ ၄၆။ ကာရဏီယံ အဿအတ္ထီတိသကရဏီယော။ သဟကားဝိဇ္ဇမာနတ္ထ။ ပါရာ၊ဂံ။ သစ်။ ၁။ ၁၀၁။

---

● (၅) ဂ– ဝါကျ၌ နသက္ကာ မေ့သင်္ဂီတိ ကာတုံဝယ် မေ့ သင်္ဂီတိ သဒ္ဒါ၏ ဝိဘတ်ကို ဆုံးဖြတ်၍ ပုရေ အဓမ္မော ဒိပ္ပတိ၌ ဒိပ္ပတိသဒ္ဒါ၏ ကာလကိုလည်း ဖော်ပြပါ။

ဖြေ။ အတ္ထိ သက္ကာ လဗ္ဘာ ဣစ္စေတေ ပထမာယ။ နီတိ၊ သုတ္တ၊ နှာ။ ၃၇၉။ အရ သက္ကာကား ကတ္တားဟော ပထမန္တ နိပါတ်တည်း။ ယင်း သက္ကာကိုငဲ့၍ မေ့သင်္ဂီတိကား ပထမန္တကတ္တားတည်း။

**မှတ်ချက်။** ညဥ့်အခါမှောင်ထဲ၌ သားကို ခွေးအမှတ်ဖြင့် သတ် ပြီးနောက် သားမှန်း သိသော်လည်း ပြန်မရှင်၊ အသေကောင် အဖြစ်မှ ပြန်မပြောင်းလွဲတော့သကဲ့သို့ သက္ကာ ဟူသော ပဓာန ကြိယာကို ငဲ့၍ ပထမန္တကတ္တား ထားပြီးနောက်။ " ကာတုံ " အပဓာန ကြိယာကို ငဲ့၍

http://www.dhammadownload.com



ဓမ္မသင်္ဂီတိ ဟုဒုတိယန္တ ဝုတ္တကံစီရင်ဖွယ်မလိုတော့ဘဲ ပထမန္တ ကတ္တား အဖြစ်ဖြင့်စီရင်ထားသော ရုပ်သည် ပျက်စီးပြောင်းလွဲမှု မရှိတော့ချေ။

† သာ သညာယ ဟာတော ရတ္တော။
ပုတ္တော ဇီဝေ၊ ဝ ပေက္ခိတော။
ပဘာနေပိ နသခ္ခါရော၊
အပ္ပဘာနေပိ နသာတော။

**(ဘေဒစိန္တာ။ ၁၈၆။)**

## ဒိဗ္ဗတိသဒ္ဒာ၏ ကာလ

ဒိဗ္ဗတိကား ဝတ္တမာန် တိ ဝိဘတ်ဖြင့် ပြီးသော်လည်း ပစ္စုပ္ပန် မဟုတ်၊ ပုရေ သဒ္ဒာနှင့်ယှဉ်ခြင်းကြောင့် အနာဂတ် ကာလတည်း။

မှတ်ချက်။ အနာဂတေ၊ သန္တိကဋ္ဌေ၊ တထာတိတေ စိရန္တနေ။ ကာလဒွယေပိ ကဝိဟိ၊ ပုရာသဒ္ဒေါ နိပါတျတေ- သန္တိကဋ္ဌေ၊ နီးကပ်သော။ အနာဂတေ၊ အနာဂတ် ကာလ၌လည်းကောင်း၊ (အဝေးကြီး ဝေးသော အနာဂတ်မဟုတ်။) တထာ၊ ထိုမှ တစ်ပါး။ စိရန္တနေ၊ အလွန်ကြာလှသော။ အတီတေ၊ အတိတ် ကာလ၌လည်းကောင်း၊ ကာလဒွယေပိ၊ ယင်းကာလ ၂- ပါး၌လည်း။ ကဝိဟိ၊ တို့သည်။ ပုရာသဒ္ဒေါ၊ ကို။ (ပုရေ သဒ္ဒာလည်း နည်းတူ။) နိပါတျတေ၊ ကျရောက်စေအပ် သုံးစွဲ အပ်၏။ ဝဇီရ။ ၂၂၊

ပုရေ, ယာဝ, ပုရာသဒ္ဒာနှင့် ယှဉ်ရာ၌ အနာဂတ်ဝယ် ဝတ္တမာန်ကား နိစ္စ။ ကရဟိ, ကဒါ အယှဉ်၌လည်းကောင်း, ရအပ်လတ္တံ့သည်၌ လည်းကောင်း၊ (လစ္ဆာယံ) ကိံ သဒ္ဒါအယှဉ်၌လည်းကောင်း၊ အနာဂတ် ကာလဝယ် ဝတ္တမာန်ကား ဝိကပ် ဟု သဒ္ဒါငယ်၊ ရှင်းဋီကာတို့ ဆိုသည်။ ဒိဗ္ဗတိ စသည်ကို ဝတ္တမာနာ ပစ္စုပ္ပန္နေ သုတ်ဖြင့်ပင် ပစ္စုပ္ပန်ကာလ၌ ဝတ္တမာန် သက်၊ နောက်မှ ပုရေ ဟူသော သဒ္ဒန္တ ရိက်ကြောင့် အနာဂတ် ဟောသည်။ ပါရာ၊ ဂံ၊ သစ်၊ ၁၉၇။ "ယာဝ, ပုရေ, ပုရာ၊ သဒ္ဒာ၊ ၃-ပါး ယှဉ်ငြားသောခါ၊ နာဂတ်မှာ သက်ပါဝတ္တမာန်ကိုတည်း။" (ဘုရားကြီး နိယံ) အလို ဝတ္တမာနာ ပစ္စုပ္ပန္နေသုတ်၊ ယောဂဝိဘာဂဖြင့် အနာဂတ်ကာလ၌ ဝတ္တမာန် ဝိဘတ်သက်။

http://www.dhammadownload.com



✝ နိစ္စံ ယာ၀ ပုရာယောဂေ၊ ကဒါ ကရဟိကော ကွစိ။
လဇ္ဇာယ, မပိ ကိံ ၀ုတ္တေ။ ၀တ္တမာနာ ဘ၀ိဿတိ။
(ကစ္စာယနသာရဋီကာ)

---

● (၇) သေက္ခော၊ သေခေါ ဟု ပါဠိ ၂-မျိုး ရှိရာ သဒ္ဒယုတ္တိ ပြလျက် အမှားအမှန် ဆုံးဖြတ်ပါ။

ဖြေ။ ။ ဥပေက္ခာ၊ ဥပေခါကဲ့သို့ သံယုတ် "က"ကို မချေလျှင် သေက္ခော သင့်၊ "က"ကိုချေလျှင် သေခေါသင့်။ ၂-ချက်သင့်။

**မှတ်ချက်။** သံယုတ်မဲ့ပါဠိကို သုံးရိုး မပြုကြပါ။ သဒ္ဒနီတိလာ သဖြင့်သာ ရေးလိုက်ရသည်။ ဓမ္မသင်္ဂီတိ ကာတုံ၊ ဓမ္မသင်္ဂီတိံ ကာတုံလည်း မေးနိုင်သည်။ ၅-နံပါတ်ရှု၍ ဖြေပါ။

✝ သေက္ခော အသေက္ခော၊ က ကာရလောပေ
သေခေါ အသေခေါတိ. ရူပါနိ ဘ၀န္တိ။ နီတိ၊ ဓာ။ ၂၄။

---

● (၈) နသက္ကာ ဓမ္မသင်္ဂီတိ ကာတုံ၀ယ် ဓမ္မသင်္ဂီတိဒ္ဒ လည်းကောင်း၊ သုတ္တဂေယျာဒိကံဒ္ဒလည်းကောင်း၊ ရသောနည်းတို့ကို ဆိုရိုးကျ ရေးပါ။

ဖြေ။ ။ကျီးသည် မျက်စိတစ်ဘက်ဖြင့် အစာရန်သူနှစ်ပါးကိုကြည့် သကဲ့သို့ ၂- ပုဒ်ကိုငဲ့သောနည်းသည် ကာကောလောကန နည်းမည်၏။ ကား- နသက္ကာ ဓမ္မသင်္ဂီတိ ကာတုံတည်း။ ဤဒ္ဒ ဓမ္မသင်္ဂီတိဟူသော နည်းသည် (ပုဒ်သည်) ဓမ္မသင်္ဂီတိ၊ ကို။ ကာတုံ-ဟူ၍လည်းကောင်း၊ ဓမ္မသင်္ဂီတိ၊ သည် နသက္ကာဟူ၍လည်းကောင်း၊ ကာတုံ, နသက္ကာ နှစ်ပုဒ်ကို ငဲ့သောကြောင့် ကာကောလောကန နည်းမည်၏။

ကား.....သုတ္တဂေယျာဒိကံတည်း။ ဤဒ္ဒ-သုတ္တဂေယျာဒိကံ ဟူသော နည်းသည် သုတ္တဂေယျာဒိကံ၊ သုတ်ဂေယျစသည်ကို။ ပဋိဂ္ဂဟိတံနာမ၊ သင်အပ်သောမည်သည်ကို-ဟူ၍လည်းကောင်း၊သုတ္တဂေယျာဒိကံ၊ သည်။ နတ္ထိ၊

http://www.dhammadownload.com



မရှိ၊-ဟူ၍ လည်းကောင်း၊ ပဋိဂ္ဂဟိတံနာမ၊ နတ္ထိ ၂-ပုဒ်ကို ငဲ့သောကြောင့် ကာကောလောကနနည်းမည်၏။ (ယင်းနည်းကို ဂံ၊ သစ်၌ ကောလကာ ဝုတ္တိဟုလည်းဆိုသည်။

---

(က) ယဒိ စေ် သေက္ခောပိ သမာနော ဓမ္မသဂိတိယာ ဗဟု ကာရတ္တာ ထေရေန ဥစ္စိနိတဗ္ဗော အဿ။

(ခ) အထ ကသ္မာ နဥစ္စိနိတောတိ။

(ဂ) ပရူပဝါဒဝိဝဇ္ဇနတော။

(ဃ) ထေရော ဟိ အာယသ္မန္တေ အာနန္ဒေ အတိဝိယ ဝိဿတ္ထော အဟောသိ။

(င) တထာဟိ သိရသ္မိ (လ) ကုမာရကဝါဒေန ဩဝဒတိ။

(စ) သကျကု လပ္ပသုတောစာယံ (လ) စ္ဆန္ဒပိတုပုတ္တော။

(ဆ) တတြဟိ ဘိက္ခူ ဆန္ဒာဂမန့်ဝိယ (လ) ဥပဝဒေယျုံ။

(ဇ) တံ ပရူပဝါဒံ ဝိဝဇ္ဇန္တော (လ) န ဥစ္စိနိ။ ၄။ ၆။

● (၁) င-ဝါကျ၌ " နဝါယံ ကုမာရကော မတ္တ မညာသိ " ဝယ် ဝါသဒ္ဒါလို ပဒပူရဏတ္တ၊ ဝိဘာသတ္တကြံ၍ တစ်ဝါကျလုံး အနက် ပေးပါ။

**ဖြေ။** ။ အယံကုမာရကော၊ ဤ သတို့သားငယ်သည်။ (ဝါ) ဤသူငယ်သည်။ (ဤပဉ္စင်းငယ်သည်-ဟူလို)။ မတ္တံ၊ မိမိအတိုင်းအရှည်ကို ( ကိုယ့်ပမာဏကို )။ န အညာသိ၊ မသိတတ်၊ မသိတုံလေ၊ မသိတတ် လေစွ။ ( ဝါ-သဒ္ဒါအနက် သီးခြားမရှိ ပဒပူရဏ။ )

**တစ်နည်း။** အညာသိဝါ။ သိသည်လည်း ရှိ၏။ နဝါအညာသိ၊ မသိသည်လည်း ရှိ၏။ (ကြွင်းတူ။ ဝါ သဒ္ဒ ဝိဘာသတ္တ။)

**မှတ်ချက်။** ဝဇိရ။ ၂၂ ၌ ဝါသဒ္ဒ ဝိဘာသတ္တ ကြံသည်။ သာရတ္တ၊ ၁။ ၄၈-၌ ဝါသဒ္ဒော ပဒပူရဏောဟုဆို၍ ဝဇိရဝါဒကို ကောစိ ထိုးသည်။ က-ဝါကျ ယဒိစေ် စသည် စနစ်တကျ အနက်ပေး နည်းကို

http://www.dhammadownload.com



သီ+ဖြေ နှာ ၂၇–၂၈၌ အကျယ်ရေးပြီးဖြစ်သည်။တထာဟိချိ၅–ဝါကျ အပြန်အလှန်အနက်ပေးပုံကို သျှတို့၌ အကျယ် ရေးထားကြသည်။ ဤ၌ အကျယ်မရေးသာပြီ။

---

● (၃) (၂) က–မှ ဖ တိုင်အောင် ဝါကျတို့ကို အကြောင်းပြ အမည်ပေး၍ ဂ–ဝါကျ အနုသန္ဓေတက်၊ စ– ဝါကျပုစ္ဆာ တက်ပါ။

**ဖြေ။ ။အကြောင်းပြဝါကျခွဲ**

က–ဝါကျကား စောဒကာ၏ နှလုံးသွင်း (အာဘောဂ)ကို ပြသော ကြောင့် စောဒကာ ဘောဂ ဝါကျ၊ ဝါ– (အာဘောဂ သည်ပင် အကြောင်းဟေတုဖြစ်၍) စောဒက၏ အကြောင်းအာဘော်ကို ပြသော ကြောင့် စောဒကာဘောဂ ဟေတု ဝါကျ။

ခ – ဝါကျကား အမေးကိုပြသောကြောင့် စောဒနာ (ဝါ) ပုစ္ဆာ ဝါကျ။ ဝါ၊ စောဒကာဘောဂ ဖလဝါကျ။

**မှတ်ချက်။ ။သီ+ဖြေ။** နှာ ၂၉၊ ၃၀။ စတုက္ကထုတ်ပုံနှင့် လည်းကောင်း၊ ဤကျမ်းလာ ကိစ္စာပိ မှတ်ဖွယ်နှင့် လည်းကောင်း ယှဉ်ကြည့်ပါ။ ရှင်းသွားပါ လိမ့်မည်။ ၎င်း က– ခ– ဝါကျ တို့ကား ဆိုခဲ့ပြီး ယသ္မာ ပနသာ (လ) တသ္မာ ဝိနာပိ န သက္ကာ ဝါကျကို ထောက်လျှင် ဝါကျာရမ္ဘ ဝါကျ များဖြစ်ကြောင်းကိုလည်း သတိပြုပါ။

ဂ–ဝါကျသည် က–ခ ဝါကျတို့ကို ထောက်၍ ပရိဟာရ ပုဂ္ဂိုလ်၏ နှလုံးသွင်း ( အာဘောဂ) ဝါ–ယင်းပုဂ္ဂိုလ်၏ အကြောင်း ပြချက်နှင့် တကွ အဖြေပရိဟာရကို ပြသောကြောင့် ပရိဟာရာဘောဂ ဟေတုနှင့် တကွ ပရိဟာရ ( ဝိသဇ္ဇနာ ) ဝါကျတည်း။ (ပရိဟာရာဘောဂ, ပရိ ဟာရ ၂– မျိုးပါဝင်သည်ကို သတိပြု။)

ယင်း ဂ–ဝါကျသည်ပင် ဃ စသော အကျယ်ဝါကျကိုထောက်၍ အဖြေပရိဟာရ အကျဉ်းကို ပြသောကြောင့် သင်္ခေပဝါကျ။

ဃ–စသော ဝါကျသည် ဂ–ဝါကျကိုထောက်၍ အဖြေပရိဟာရ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရဝါကျ။

http://www.dhammadownload.com



**မှတ်ချက်။** ။ ပရူပဝါဒဝိဝဋ္ဋနတော ဟိတ် ( ဟေတုဝါကျ ) နောက်၌ ထေရောဟိ–ဟု ဟိနှင့်တက်လာသည်။ ဤသည်ကို " ဟေတု နောင်မှ၊ ဟိ နှင့် ပြ၊ ချဲ့မှုသည် ဝိတ္ထာပြီ "ဟု ဆိုသည်။ အကျဉ်း သင်္ခေပ, အကျယ်ဝိတ္ထာရတို့ စကားကျဉ်းမှု ကျယ်မှုသာ ကွာခြားသည်။ ပိဏ္ဍတ္ထ ချင်းကားတူသည်။ ဤ၌ ဂ – ပရူပဝါဒ ဝိဝဋ္ဋနတော ( န ဥစ္စိနိတော ပြန်စပ်) နှင့် ဇ–ဝါကျ တံ ပရူပဝါဒံ ပရိဝဇ္ဇေန္တော (လ) န ဥစ္စိနိကား ပိဏ္ဍတ္ထတူနေသည်ကို တွေ့ရမည်။ ထင်ရှား၊ ချဲ့မြဲ၊ နက်စွဲသုံးအင်၊ ရှေ့ စကားနှင့် အတူပင် (ထင်ရှား = တပ္ပါကဋိကရဏ ဝါကျ၊ ချဲ့ = ဝတ္ထာရ မြဲ= ဒဠှီကရဏ ဝါကျ) နိယံဆိုသည့်အတိုင်းပင်တည်း။ ဝါကျ ကြံရာ၌ အနီးကပ် ဝါကျကိုသာ မကြည့်ဘဲ အစိပ္ပာယ် ငုံမိအောင် လှမ်းမျှော်၍ ကြည့်ပါ ကြံပါလေ။ မူလ ဂ–ဝါကျ၊ မူလီ ဃ စသော ဝါကျခွဲပြီးနောက် မူလ ဂ–ဝါကျကိုလွှတ်ခဲ့ပြီး ဃ စသော ဝါကျတွင်သာ တစ်ဝါကျစီ ကြည့် လိုက်ပါ။ ယင်းသို့ကြည့်လိုက်လျှင်.....

င – ဝါကျသည် ဃ–ဝါကျ ( ရှင်မဟာကဿပသည် ရှင်အာနန္ဒာ နှင့် အလွန် အကျွမ်းဝင်သည်ဟူသော) စကားကို အသင့် ယုတ္တိအားဖြင့် ခိုင်မြဲစေတတ်သောကြောင့် ယုတ္တိ ဒဠှီကရဏ ဝါကျ။ ဃ – ဝါကျ ကား င–ဝါကျကိုထောက်၍ အသင့်ယုတ္တိ (င–ဝါကျစကားရပ်) ဖြင့် ခိုင်မြဲစေအပ် (ခိုင်မြဲအောင် ပြုအပ် ပြုခံရသောကြောင့်) ယုတ္တိဒဠှီယဝါကျ ဖြစ်ကြောင်း တွေ့ရမည်။

## ဒဠှီကရဏ ဝါကျ မှတ်ဖွယ်

ဒဠှီကရဏ = ဒဠှ = မြဲမြံအောင် + ကရဏ၊ ပြုကြောင်း (ကဗဠီ ကာရကဲ့သို့ ဤလာ)။ မြဲမြံအောင် ပြုကြောင်း မြဲမြံစေတတ် ခိုင်မြဲစေ တတ်သော ဝါကျကို "ဒဠှံ ကရောတိ ဧတေနာတိ ဒဠှီကရဏံ" ဟူသော ဝစနတ္ထအရ ဒဠှီကရဏဝါကျဟု ခေါ်သည်။

## ဒဠှီကရဏ အမျိုးအစားနှင့် လက္ခဏာ

**အမျိုးအစား။** ။ယင်းသည် အာဂမဒဠှီကရဏ, ယုတ္တိဒဠှီကရဏ ဟု ၂ – မျိုး၊ ထိုတွင် ရှေးမူလစကားကို ဘုရားဟော အာဂုံပါဠိအကိုးသာဓက စသည်ဖြင့် ခိုင်မြဲ ခိုင်ခံ့အောင် ပြုကြောင်း ဖြစ်သောနောက် မူလီ

http://www.dhammadownload.com



ဝါကျမျိုးသည် အာဂမဒဋ္ဌိကရဏဝါကျမည်၏။ ရှေ့မူလ စကားကို လောကကြောင်းဓမ္မကြောင်းစသည် အကြောင်း ယုတ္တိပြ၍ ခိုင်မြဲခိုင်ခံ့အောင်ပြုကြောင်း (ထောက်ခံကြောင်း) ဖြစ်သော နောက် မူလီဝါကျမျိုးသည် ယုတ္တိဒဋ္ဌိကရဏဝါကျမည်၏။

## ဝါကျလက္ခဏာ။

ယင်းမူလီ ဒဋ္ဌိကရဏဝါကျမျိုးသည် ရှေ့မူလဝါကျနှင့် ပိဏ္ဍတ္ထချင်း တူရခြင်း၊ မူလဝါကျစကားရပ်ကို အာဂုံ အကိုး သာကေဖြင့် ဖြစ်စေ, အကြောင်းယုတ္တိဖြင့်ဖြစ်စေ ခိုင်မြဲ ခိုင်ခံ့အောင် ထောက်ခံခြင်း ဤ လက္ခဏာ ၂-ပါးရှိရသည်။

## ရှင်းလင်းချက်

ဃ-ဝါကျက ရှင်မဟာကဿပနှင့် ရှင်အာနန္ဒာအလွန် အကျွမ်းဝင်သည်ဟုဆိုသည်။ အကျွမ်းဝင်ကြောင်း ဘယ်လို သိနိုင်သနည်း၊ ဘယ်လို ယုတ္တိရှိသနည်းဟု စကားကပ်ပြောလေ့ရှိသူ ဝိတဏ္ဍာဝါဒီ ( စောဒက ) ပုဂ္ဂိုလ်က ဆန့်ကျင်ဖက်စကားကပ်ပြောနိုင် စောဒနာနိုင်သည်။ ယင်းစောဒက ဃဝါကျစကားကို မခြောက်ခြား မလှုပ်ရှား မစောဒနာ နိုင်အောင် င-ဝါကျဖြင့် ဆံပင်ဖြူပေါက်နေသော ရှင်အာနန္ဒာကို ကလေးတစ်ယောက် ဆုံးမသလို ဆုံးမနိုင်သည်ကိုထောက်၍ အကျွမ်းဝင်ကြောင်းသိနိုင်သည်ဟု ဃ- ဝါကျစကားကို ထောက်ခံလိုက်သည်၊ စောဒကတင်လာမည့် ပြဿနာကို တင်ကြိုကာကွယ် ပယ်ဖျက်လိုက်သည် ဟူလို။

† ဒဋ္ဌိယေ ဝစနေ ဝုတ္တေ၊
ဩစိတျာ အာဂမေန စ။
ဒဋ္ဌိကရဏမေတဿ၊
ပစ္ဆိမံ ဒဋ္ဌိကရဏံ။
ဗုဒ္ဓါဒီနံ ဟိ ပါဠေန၊
ဝုတ္တံ အာဂမဒဋ္ဌိယံ၊
ကာရဏာ န ဓိရောဓေန၊
ဝုတ္တံ တံ ယုတ္တိနာမကံ (ဂန္ထာဘရဏ။ ၁၆။ ၁၇။)

http://www.dhammadownload.com



† ဟိ ထထာဟိ ဣစ္စေတေ ဒဠှီကရဏတ္ထေ။ နီတိ၊ သုတ္တ။ နှာ ၃၉၁

* ဝိတဏ်ခြောက်ခြား၊ မလှုပ်ရှားအောင်၊ ကိုးကားသက်သေ၊ ကြောင်းရှာဖွေ၍၊ အခြေတည်ရန်၊ နိပါတ်ပြန်၊ မြဲမြံဒဠှီသာ။ (ရေစကြို)

* တထာဟိမှာ၊ ဉာပကာ၊ ရုံခါ, ချဲ့, မြဲ စွဲ (ရွှေ)

## ယုတ္တိဒဠှီကရဏကျမ်းတက်နည်း

ဆရာ၊ ဆရာသည် ဃ–ဝါကျဖြင့် ရှင်မဟာ ကဿပသည် ရှင်အာနန္ဒာ၌ (နှင့်) အလွန်အကျွမ်းဝင်သော ဟုဆို၏။ ယင်း အကျွမ်းဝင်သည်ဟူသောစကား အဘယ်သို့သင့်မည်နည်း။ (ဒဠှီဟိပြ၊ စကားကျမှာ၊ ကိန္တိဖြာ၊ ယုတ္တာစုဒ်ကြကုန် နိယံ အရကိန္တိ ယုတ္တာ = အဘယ်သို့ သင့်မည် နည်းဟု ပုစ္ဆာထုတ်ပါ။) အသင့် ယုတ္တိ မရှိပြီလော၊ ဝါ၊ အသင့်ယုတ္တိကို မပြပြီလော.....ကြောင့် င–ဝါကျမိန့်။

**တစ်နည်း။** ဆရာ၊ ဆရာသည် (လ) ဆို၏။ ရှင်မဟာ ကဿပက ရှင်အာနန္ဒာကို ကလေးသူငယ်လိုဆုံးမနိုင်သော် ဆုံးမနိုင်ပါမူ ရှင်မဟာ ကဿပနှင့်ရှင်အာနန္ဒာ အကျွမ်းဝင်သည်ဟူသော ဆရာ့ ဃ–ဝါကျစကား သင့် တန်ရာ၏။ (ဒဠှီပရိကပ္ပ။ ဃ–င– စကား ၂–ရပ်စပ်၍ ထုတ်။) ယင်းသို့မဟုတ်က အဘယ်သို့ သင့်တန်ပါမည်နည်း၊ ဆရာ့ ဃ– ဝါကျစကား မသင့်သည်မဟုတ်လော.....ကြောင့် င–ဝါကျမိန့်။

**မှတ်ချက်။** သီ။ ဋီ သစ်။ ၁။ ၌ ကေန ဝိညာယတီတိ အာဟ တထာဟီတိအာဒိ ဟု ဉာပကဲ (ဝါ) ကာရဏ တက်သည်။ ယင်းအတက်ကို သီ ဖြေ နှာ ၂၈–၉ ၌ ရေးခဲ့ပြီ။ သီ၊ ဋီ၊ သစ်၌ပင် ဒဠှီ ကရဏ်ဝါ ဝေါဟု င–ဝါကျ ဒဠှီကရဏ ဟု တစ်နည်းဆိုသည်။ ယုတ္တိဒဠှီကရဏ ရသောဝါကျ ကာရဏအရများသည်။ ကာရဏ တိုင်းကား ယုတ္တိဒဠှီကရဏမရ။ အပြန်အလှန် မရဟူလို။

## ဝါကျခွဲ အဆက်

စ– ဝါကျသည် ပရုပဝါဒ ( စွပ်စွဲခြင်း ) ၏ အကြောင်းအဖို့ တစ်မျိုးတစ်ပါးကိုပြသောကြောင့် ပက္ခန္တရဝါကျ။ ထို စ–ဝါကျကိုထောက်၍

http://www.dhammadownload.com



ဃ- ဝါကျသည် စွပ်စွဲခြင်း၏ အကြောင်း အဖို့ကို ပြခဲ့သောကြောင့် ပက္ခဝါကျ။

မှတ်ချက်။ ဃ- ဝါကျဖြင့် အတိဝိယဝိသတ္တဟူသော ပရူပဝါဒ ၏ အကြောင်းကိုပြပြီးနောက် စ-ဝါကျဖြင့် သက္ကာယလပ္ပသုတော စသော ပရူပဝါဒ၏ အကြောင်း တစ်မျိုးတစ်ပါးကို ပြသည်။ ဃ-စသော ဝါကျ အားလုံးကို ဝိတ္တာရခွဲခဲ့သည်ကိုသတိပြု။ငင်းဝိတ္တာရထည်းတွင် ဒဋ္ဌိ,ပက္ခန္တ ရ စသည်အတွင်းငုပ်နေသည်။ ပရူပဝါဒ၏ အကြောင်းတို့ကို သိ၊ ဋီ၊ သစ်။ ၁၊ ၆၀-၌ ဃ ဝါကျ အကြောင်းတစ်ချက်၊ သက္ကာယလပ္ပသုတော တသ္မာ တစ်ချက်၊ တထာဂဿ ဘာတာစူဠပိတုပုတ္တော တစ်ချက်၊ ၃-မျိုးခွဲယူသည်။ ဤကျမ်း၌ ဝိနည်း ဋီကာတို့ အထူး မဖွင့်သဖြင့် ဃ-ဝါကျ အကြောင်း တစ်ချက်၊ စ-ဝါကျအကြောင်းတစ်ချက်၊ ၂-မျိုးသာ ယူသည်။

## စ-ဝါကျပုစ္ဆာတက်

ဆရာ၊ ဆရာသည် ဃ- ဝါကျ ဖြင့် ရှင်မဟာ ကဿပသည် ရှင် အာနန္ဒာ၌ (နှင့်) အလွန်ကျွမ်းဝင်သောဟု စွပ်စွဲခြင်း (ပရူပဝါဒ) ၏ အကြောင်းကို ဆို၏။

အလွန် အကျွမ်းဝင်ခြင်း ဟူသော စွပ်စွဲခြင်း (ပရူပဝါဒ) ၏ အကြောင်းတစ်မျိုး တစ်ပါးသာ ရှိပါသလော။ (အနုယာဘောဂ) ယင်းမှ တစ်ပါးသော စွပ်စွဲခြင်း (ပရူပဝါဒ) ၏ အကြောင်းရှိပါသလော။ (ဗျတိ ရေကာဘောဂ)။ ယင်းမှတစ်ပါးသောစွပ်စွဲခြင်း (ပရူပဝါဒ) ၏ အကြောင်း ကား အဘယ်နည်း—ကြောင့် စ-ဝါကျအမိန့်။ အဓိပ္ပာယ် စ-ဝါကျ ဘာသာ ပြန်ပါ။

## ဝါကျခွဲအဆက်

ဆ- ဝါကျသည် ဃ-စ ဝါကျတို့၌ (ပရူပဝါဒနှင့် ပရူပဝါဒ ဝိဝဓနကို ဆက်၍ မဖွင့်ပြတော့ပြီလော) စောဒနာဖွယ်ကို ဆက်လက် ပြသောကြောင့် ဝါကျာရမ္ဘ။ စ-ကား ဆ-ဝါကျကိုထောက်၍ အာရဒ္ဓ ဝါကျ။

http://www.dhammadownload.com



မှတ်ချက်။ ။ဋီကာတို့၌ တတြကိုသာ ဖွင့်၍ ဟိကို မဖွင့်။ အဋ္ဌကထာ၌ ဟိသဒ္ဒါမရှိ၍ မဖွင့် သလော။ သို့မဟုတ် ဟိ သဒ္ဒါ ပဒပူရဏ ဖြစ်၍ မဖွင့်သလော။ စဉ်းစားဖွယ် ဖြစ်၏။ ဂဏ္ဌိသစ်၌ ဟိ ပဒ ပူရဏ (ဝါ) အဝဓာရဏ၊ မညမာနာနှင့်ယှဉ် (မညမာနာဟိ- မညမာနာ ဧဝ) ဟုဆိုသည်။ ပါရာ၊ ယောနှင့် သျှ သစ်တို့၌ ဒဋ္ဌိ ကြံသည်။ ဂ-သင်္ခေပကို အကျယ်ချဲ့ပြရာ ဃ-စသော ဝါကျတွင် ဃ--ဖြင့် ပရူပဝါဒ၏ အကြောင်း စ-ဖြင့် ယင်းပရူပဝါဒအကြောင်း တစ်မျိုးကိုပြသည်။ ဆ-ဖြင့် ပရူပဝါဒကို ဖွင့်၍ ဇ-ဖြင့် ပရူပဝါဒ ဝိဝဋ္ဋနကိုဖွင့်သည်။ (နံပါတ် ၆-အဖြေနှင့်ယှဉ် ကြည့်ပါ။) သို့ဖြစ်၍ ဃ-င-စ၄ ဝါကျတို့ဖြင့် ဂ-ကို အကျယ်ဖွင့်ရာ မပြီးဆုံးသေး စကားမကုန် မပြည့်စုံသေးသဖြင့် စ,ဆ ဝါကျတို့ကို ဆက်ကာဖွင့်ဆိုရေးသားရပြန်သည်။ ထို့ကြောင့် ယင်း စ-ဆ-ဝါကျတို့ကို ဝါကျာရမ္ဘဟု ဆိုလိုက်ပေသည်။ ဇ-ဝါကျလည်း ဝါကျာရမ္ဘပင်ဖြစ်ကြောင်းသိသာပါပြီ။

---

● (၄) အာနန္ဒပုဒ်ကို ဝဝနတ္ထပြု၍ ဓာတွတ္ထ ပစ္စယတ္ထခြားနားအောင် ကောက်ပါ။

**ဖြေ။ ။ဝစနတ္ထ။** အာဘုသော နန္ဒတိ ဉာတကေ ပမောဒေ တီတိ အာနန္ဒော။

**ဉာဏ်ကောက်။** ယော၊ အကြင်သူသည်။ ဉာတကေ၊ ဆွေမျိုးတို့ကို။ အာဘုသော၊ လွန်စွာ။ နန္ဒတိ ပမောဒေတိ၊ ဝမ်းမြောက်စေတတ် ၏။ ဣတိတသ္မာသော အာနန္ဒော။

အာဘုသော နန္ဒတိ ဉာတကေ ပမောဒေတီတိကား ဟေတုကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ အာနန္ဒောကား ဟေတုကတ္တုသာဓနကိတ်ပုဒ်။ အာပုဗ္ဗနန္ဒဓာတ် အ ပစ္စည်း။

အာ ဥပသာရပုဒ်အရကား ဘုသတ္ထဘောဂဏ်သည် မုချ။

နန္ဒဓာတ်၏အရ သုဒ္ဓကတ္တုဋ္ဌ ကြိယာကား ဆွေမျိုးတို့၏ ပီတိသောမနဿပြဋ္ဌာန်းသော စတ္တုပ္ပါဒ်သည် မုချအားဖြင့် ရ၏။

ဟေတုကတ္တုဋ္ဌကြိယာအရကား ထိုဆွေမျိုးတို့၏ ပီတိသောမနဿ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် အား တပ် သော (ထိုစိတ္တုပ္ပါဒ် ဖြစ်ပေါ်လာ

http://www.dhammadownload.com



အောင် ကျေးဇူးပြုအကြောင်းခံသော၊ အာနန္တရိယပစ္စယ သတ္တိသည် ဖလူပစာရဝုတ္တိအားဖြင့်ရ၏။

အပစ္စည်း၏အရကား ထိုမုချဖလူပစာရဝုတ္တိ တို့ဖြင့် မှတ်အပ်သော အာနန္တရိယ်ရ၏။

## ဟေတုကတ္တုသာဓနကောက်မှတ်ဖွယ်

နန္ဒေတိ ဉာတကေ ပမောဒေတိ ဟူသော ဟေတု (ကာရိုက်) ဝါကျကို "တံ ဉာတကာ နန္ဒန္တိ" (တံ၊ ထိုသူကို။ ဉာတကာ၊ တို့သည်။ နန္ဒန္တိ၊ နှစ်သက်ဝမ်းမြောက်ကြကုန်၏)ဟု သုဒ္ဓဝါကျ ပြင်လိုက်ပါ။

ယင်းသာဓနကို ကောက်ရာ၌ သုဒ္ဓကတ္တုရှု၊ ဟေတု ကတ္တုရှု၊ မစ္ဆယရှု ဟု ၃-ချက်ကောက်ရမည်။ ယော အာဘုသော နန္ဒေတိ ဉာ တကေ ပမောဒေတိ ဟူသော ဟေတု (ကာရိုက်) ဝါကျတွင် ယောကား နှစ်သက်ဝမ်းမြောက်စေသူ = ဟေတု (ကာရိုက်) ကတ္တား၊ ဉာတကေကား နှစ်သက်ဝမ်းမြောက်သူ ဟေတု (ကာရိုက်) ကံ။ ယင်း ဉာတကေဟူသော ကာရိုက်သည် ဉာတကာ နန္ဒန္တိ ပမောဒန္တိ ဟူသော သုဒ္ဓ ဝါကျအခိုက်၌ ဉာတကာဟု သုဒ္ဓ ကတ္တား, ဓာတ် ကတ္တား ဖြစ်သည်။ ယင်းသို့လျှင် ဝါကျအမျိုးအစားသို့ လိုက်၍ ဟေတု (ကာရိုက်) ဝါကျတုန်းက ဉာတကေ ဟူသော အဝုတ္တ ဟေတု (ကာရိုက်) ကံသည် သုဒ္ဓ ဝါကျ၌ ဉာတကာဟု ဝုတ္တသုဒ္ဓကတ္တား ဖြစ်သည်ကို "ကာရိုက်ကံကား ဓာတ်ကတ္တား၊ မပြားဝုတ္တ အဝုတ္တတည်း။" ဟု ဆိုသည်။ သုဒ္ဓကတ္တုရှု အရ ကောက်လိုလျှင် ဟေတု (ကာရိုက်) ဝါကျတုန်းက ကာရိုက်ကံကိုကောက်။ ထို့ကြောင့် "ကာရိုက်ကမ္မ၊ ရှာတုံက၊ သုဒ္ဓကတ္တားသာလျှင်တည်း"ဟု ဆိုသည်။

ဟေတုကတ္တုရှု အတွက် ဟေတု (ကာရိုက်) ဝါကျတုန်းက "ယော" ဟူသော ဟေတုကတ္တားအရ တရားနှင့် သုဒ္ဓ ကတ္တားတို့ ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုသည်ကို ကောက်။ ပစ္စယတ္ထအရ ဟေတု ကတ္တား ဒြဗ်ကောက်ပါလေ။

http://www.dhammadownload.com



# ဝိဂ္ဂဟမှတ်ဖွယ်

သက္ယကုလပ္ပသုတ = သက္ယကုလေ ပသုတော ဇာတော သက္ယကုလပ္ပသုတော။ (သက္ယကုလေ၊ သာကီမျိုး၌။ ပသုတော = ဇာတော၊ ဖြစ်သူမွေးဖွားသူတည်း။) တစ်နည်း။ သက္ယကုလေန = သက္ယကုလဘာဝေန ပသုတော ပါကဋောသက္ယကုလပ္ပသုတော။ (သက္ယကုလေန = သက္ယကုလဘာဝေန၊ သာကီမျိုး၏အဖြစ်ဖြင့်။ ပသုတော ပါကဋော၊ ထင်ရှားသူတည်း။)

† သာကိယကုလေ ဇာတော, သာကိယ ကုလဘာဝေန ဝါ ပါကဋောစ။ သီ၊ ဋီ၊ သစ်။ ၁၊ ၆၁။

---

● (၅) ပလိတေသု ပုဒ်၏ ဓာတ်ပစ္စည်း၊ အာယသ္မာ ပုဒ်၏ လိင်ဂိုဏ်းကာရန္တ တို့ကို ရေးပါ။

ဖြေ။ ။ ပလိတ = ပစဓာတ် + က္လတ ပစ္စည်း။ (စကို လပြု။) တစ်နည်း:- ပါလ + က္လတ (အာကိုရဿပြု။) အာယသ္မာ = ပုလ္လိင်, ဂုဏဝါဒီဂိုဏ်း ဥကာရန္တ ။

† ပစ ပါကေ က္လတော၊ စဿ လတ္တဥ္စ။ ဓာန်၊ ဋီ။ ၂၅၁။ ပါလေ ရက္ခဏေ ဝါ ပါလီယတီတိ ပါလိတံ၊ အာဿ ရဿတ္တံ။ သူစိ။

---

● (၆) ဆ-ဇ ဝါကျတို့၌ အာဘော်တို့ကို သံဝဏ္ဏနာနှင့် တုံ့စပ်ဖော်ပြပါ။

ဖြေ။ ။ ဆ-ဝါကျ၌ ဘိက္ခုဖြင့် ပရူပဝါဒ ဝိဝဇ္ဇနတော ဝယ်ပရသဗ္ဗနာမ်ပုဒ်သည် ရဟန်းတို့ဒြဗ်ကိုစွဲသတည်း ဟုသိစေသည်။ (သဗ္ဗနာမ်လိင်ပုဒ်အစွဲကိုဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ။

ဗဟူ အသေက္ခာ (လ) ဥပဝဒေယျုံဖြင့် ပရူပဝါဒ ဝိဝဇ္ဇနတော ဝယ် ပရူပဝါဒကို ပရ+ဥပဝါဒဟု ပဒစ္ဆေဒပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဥပဝါဒ သဒ္ဒါ၏ ဝဒဓာတ်၏ အဖြစ်ကိုလည်းကောင်း[၂]။ ဥပဝါဒပုဒ်ကို ဥပဝဒနံ ဥပဝါဒေါဟု ဘာဝသာဓနပြု၍ (ဥပဝါဒကိတ်ပုဒ်ကို ကြိယာပြဋ္ဌာန်းသော အာချာတ်ပုဒ်နှင့် ဖွင့်သဖြင့်) စွပ်စွဲခြင်းကြိယာကို ယူရမည် ၏အဖြစ်ကိုလည်းကောင်း[၃]။ စွပ်စွဲပုံ=ဥပဝဒနာကာရကိုလည်းကောင်း[၄]။ သိစေသည်။

http://www.dhammadownload.com



(၁) သန္ဓိလိင်္ဂပဒ။ (၂) ဒုတိယာဓာတုပဒ။ (၃) အဘိဓေယျတ္ထ။ (၄) ဘာဝတ္ထ။

ဇ–ဝါကျ၌ တံပရူပဝါဒံ ပရိဝဇ္ဇေန္တောဖြင့် ပရူပဝါဒဝိဝဇ္ဇနတော ဝယ် ဝိဝဇ္ဇနပုဒ်ကို ဝိဝဇ္ဇေန္တောတိ ဝိဝဇ္ဇနော။ ဝါ–ဝိဝဇ္ဇတီတိ ဝိဝဇ္ဇနောဟု ( ဝိဝဇ္ဇေန္တော = ရှောင်ကြဉ်လို၏။ ) ကာမတ္ထ ကတ္တု သာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း[၁]။ ယုပစ္စည်း၏ ကတ္တု သာဓနေ၌ သက်သည်၏ အဖြစ်ကို လည်းကောင်း[၂]။ ယင်းအလိုဝိဝဇ္ဇနအရ ရှင်မဟာကဿပ ရသဖြင့် ဝိဝဇ္ဇနပုဒ်ကို ဘာဝပ္ပဓာန် ဘာဝလောပကြံရမည်၏ အဖြစ်ကို လည်းကောင်း[၃]။ (နေယျတ္ထ = သွယ်ဝိုက် အာဘော်၊) ပရူပဝါဒနှင့် ဝိဝဇ္ဇနကို ပရူပဝါဒဿဝိဝဇ္ဇနော (ယုပစ္စည်းကြောင့် ပရူပဝါဒဿကား ဆဋ္ဌီကံ) ဟု ကမ္မဋ္ဌ ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း[၄]။ သိစေသည်။

(၁) ဝိဂြိုဟ်ပြအဘိဓာနတ္ထ။ (၂) ဒုပစ္စယတ္ထ။ (၃) ဘာဝတ္ထ။
(၄) ဝိဂြိုဟ်ပြအဘိဓာနတ္ထ၊ သမာသ လိင်္ဂပဒ, သမာသ လိင်္ဂတ္ထ သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** ပရူပဝါဒ ဝိဝဇ္ဇန ဟူသော သင်္ခေပကို (ဘိက္ခု–လ) ဥပဝဒေယျုံ၊ တံပရူပဝါဒံ ဝိဝဇ္ဇေန္တော–ကိုမျှော်) ဝိတ္ထာရ ဝါကျများ နှင့်အညီ "ဥပဝဒနံ ဥပဝါဒေါ = စွပ်စွဲခြင်း။ ပရေသံ ဘိက္ခူနံ ဥပဝါ ဒေါ ပရူပဝါဒေါ။ ဝိဝဇ္ဇေန္တော ဝိဝဇ္ဇတီတိ ဝိဝဇ္ဇနော။ ပရူပ ဝါဒဿ၊ တစ်ပါးသော ရဟန်းတို့၏ စွပ်စွဲခြင်းကို။ ဝိဝဇ္ဇနော၊ ရှောင်ကြဉ် လိုသော သူ(မဟာကဿပ)။ ပရူပဝါဒဝိဝဇ္ဇနတော ကား ဟိတ်ဖြစ်၍ "ဟိတ် ကားသတ္တိ၊ ဖိုလ်ရှိဒြဗ် သာမန်မှတ် "အရ သတ္တိ ရအောင် ပရူပဝါဒ ဝိဝဇ္ဇနဘာဝတော ဟုဘာဝပ္ပဓာန် ဘာဝလောပကြံ။ " ပရူပဝါဒဝိဝဇ္ဇန တော၊ တစ်ပါးသောရဟန်းတို့၏ (မဟာကဿပနှယ် ထိပ်တန်း ရဟန်း တွေချန်ပြီး ရှင်အာနန္ဒာကိုမှ ခွေးကောက်ပလေ ဟူသော) စွပ်စွဲ မှုကို ရှောင်ကြဉ်လိုသည့်၏အဖြစ်ကြောင့် "ဟု ဝိတ္ထာရမျှော်၍ အနက်ပေး။ ပရိဝဇ္ဇေန္တော၊ ရှောင်ကြဉ်လိုဟု ပေးသည်မှာ အန္တသဒ္ဒါ ကာမတ္ထ။ သင်္ခေပကိုဝိတ္ထာရကြည့်၍ အာဘော်အနက်ဝိဂ္ဂဟ စသည် ကြံနည်းရစေရန် ရေးသားလိုက်သည်။ ဋီကာဖွင့်ကားမရှိ၊ အတ္တနောမတိမျှသာတည်း။

http://www.dhammadownload.com



† ယုတ္တာကတ္တရိ ဘာဝသို့။ ကစ္စာယနသာရ။ ၄၆။

* နာဂတ်နက်မှာ၊ မာနန္တ၊ ရံခါကတ္တမတ္တကို ထွန်းသတည်း။
(ဘုရားကြီး)

---

● (၇) က-ဝါကျ၌ ဗဟုကာရတ္တာ၊ ဗဟုပကာရတ္တာဟု ပုဒ်နှစ်မျိုးရှိရာ မည်သည့်ပါဌ်မှန်ကန်ပါသနည်း၊ ယုတ္တိသွင်း၍ ရှင်းခဲ့ပါ။

ဖြေ။ ။ဗဟုကာရတ္တာ ပါဌ် မှန်ပါသည်။ ဋီကာတို့၌ ဗဟုကာရတ္တာကို ဗဟုဥပကာရတ္တာဟု ဖွင့်သောကြောင့်လည်းကောင်း၊ အပ္ပကမ္ပိ ကတံ ကာရန်၌ကဲ့သို့ ကာရသဒ္ဒါ ဥပကာရအနက် ဟောသောကြောင့်လည်း ကောင်းတည်း။

† ဗဟုကာရတ္တာတိ ဗဟူပကာရတ္တာ။ ဥပကာရဝစနော ဟိ ကာရသဒ္ဒေါ။ အပ္ပကမ္ပိ ကတံ ကာရံ၊ ပုညံ ဟောတိ မဟပ္ဖလ" န္တိ အာဒီသုဝိယ။ သီ၊ ဋီ၊ သစ်။ ၁။ ၅၈-၉။ (-သာရတ္ထ၊ ၁။ ၄၆။ ဝိမတိ၊ ၁။ ၁၄။)

---

● (၈) ပရူပဝါဒဝိဝဇ္ဇနတော၌ ရနိုင်သော ဥပစာနည်း တို့ကို ရေးပါ။

ဖြေ။ ။ ဌာနဖြစ်သော ရှင်မဟာကဿပ၏ ပရူပဝါဒ ဝိဝဇ္ဇန အမည်ကို ဌာနီဖြစ်သော ပရူပဝါဒမှ ရှောင်ကြဉ်လိုခြင်း သမ္မာဆန္ဒ (သတ္တိ)၌ တင်စား၍ ပရူပဝါဒ (လ) သမ္မာဆန္ဒကို ပရူပဝါဒဝိဝဇ္ဇန ဟု ဆိုသောကြောင့် ဌာနူပစာ။ (နာနန္တရိက နည်းတည်း။ ရှေ့၌ တင်နည်း အကျယ် ရေးခဲ့ပြီ။)

**မှတ်ချက်။** ။ဘာဝပစ္စယ် ဘာဝလောပပုဒ်မျိုးကား ဒြဗ်ကို လွန်၍ သတ္တိကို ကောက်ရသည်။ ထိုကြောင့် ဒြဗ်ဌာန၏ အမည်ကို သတ္တိ = ဌာနီ၌တင်သည်။ ၆-အဖြေနှင့် ယှဉ်ကြည့်ပါ။

* ဘာဝလောပ၊ ဘာဝပစ္စယ်၊ တွေ့ကြုံပြန်၊ ကြံလေ ဌာနူ ပစာ။ (သစ်)

http://www.dhammadownload.com



● (၁၀) ဆ-ဝါကျ၌ ဆန္ဒာဂမန် ပုဒ်အရ တရားကိုယ်ကို ပဒဋ္ဌာနဟာရ နေတ္တိထုတ်ပါ။

ဖြေ။ ။ ပဒဋ္ဌာနာဟာရ ဟူသော်ကား– " ပဒဋ္ဌာနံ ဝိစာရေတိ ဓေတနာတိ ပဒဋ္ဌာနော " ဟူသော ဝစနတ္ထနှင့်အညီ သုတ်၌ ဟောအပ်သော တရား၏ ပဒဋ္ဌာန်ကို "ဩရုယှောရုယှ" "အာရုယှာရုယှ" အားဖြင့် စိစစ်ကြောင်းဖြစ်သောကြောင့် ပဒဋ္ဌာနဟာရမည်၏။

အဘယ်သို့ စိစစ်သနည်းဟူမူကား–ဆန္ဒာဂမန် ပုဒ်အရ လောဘပြဋ္ဌာန်းသောအကုသိုလ်စိတ်၏ ပဒဋ္ဌာန်ကား **အယောနိသောမနသိကာရ**တည်း။ ထို၏ ပဒဋ္ဌာန်ကား **အသဒ္ဓမ္မသဝနတည်း။** ထို၏– ကား အကုဏ္ဏ တည်း။ ထို၏–ကား **အသပ္ပုရိသူပနိဿယ** (ဗာလူပသေဝန) တည်း။ ထို၏–ကား **အနတ္တသမ္မာပဏိဓိ**တည်း။ ထို၏–ကား **အပ္ပဋိရူပဒေသဝါသ** တည်း။ ထို၏–ကား **ပုဗ္ဗေကတပုညတာ**တည်း။ (ပုဗ္ဗေကတပုညတာ၏ တရားကိုယ်မှာ သင်္ခါရဖြစ်သဖြင့်) ထို ပုဗ္ဗေ (လ) ပုညတာ၏ ပဒဋ္ဌာန်ကား အဝိဇ္ဇာတည်း။ ထို၏–ကား အာသဝတည်း။ ထို၏–ကား ဇရာမရဏ မုစ္ဆာတည်း။ ထို၏–ကား ဇာတိတည်း။ ထို၏–ကား ဘဝတည်း။ ထို၏–ကား ဥပါဒါန်တည်း။ ထို၏–ကား တဏှာတည်း။ ထို၏–ကား ဝေဒနာတည်း။ ထို၏–ကား ဖဿတည်း။ ထို၏–ကား သဠာယတနတည်း။ ထို၏–ကား နာမ်ရုပ်တည်း။ ထို၏–ကား ဝိညာဏ်တည်း။ ထို၏–ကား သင်္ခါရတည်း။ ထို၏–ကား အဝိဇ္ဇာတည်း။ ဤသို့ ဩရုယှောရုယှ အားဖြင့်လည်းကောင်း။

ထို လောဘပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်သည် ပစ္စုပ္ပန်၌ အဇ္ဈာနဝါဒဘေး၊ ပရာနုဝါဒ (ပရူပဝါဒ) ဘေး၊ သံသရာ၌ ဒုဂ္ဂတိဘေး၏ နီးစွာသော အကြောင်းတည်း။ တစ်နည်း– ထိုလောဘ (လ)သည် (တရားကိုယ် သင်္ခါရဖြစ်သဖြင့်) ဝိညာဏ်၏နီးစွာသော အကြောင်းတည်း။ ထို ဝိညာဏ်သည် နာမ်ရုပ်၏ နီးစွာသော အကြောင်းတည်း။ ထို–သည် သဠာယတန၏ နီးစွာသောအကြောင်းတည်း။ (ဖဿ, ဝေဒနာ, တဏှာဥပါဒါန်, ဘဝ, ဇာတိ ဇရာမရဏမုစ္ဆာ) ထိုဇရာမရဏမုစ္ဆာသည် အာသဝ၏ နီးစွာသော အကြောင်းတည်း။ ထို အာသဝသည် အဝိဇ္ဇာ၏ နီးစွာသော

http://www.dhammadownload.com



အကြောင်းတည်း။ ဤသို့ အာရုယှာရုယှအားဖြင့် လည်းကောင်း၊ ပဒဋ္ဌာန်ကို စိစစ်ခြင်းသည် ပဒဋ္ဌာနဟာရမည်၏ဟူလို။

## ပဒဋ္ဌာနဟာရမှတ်ဖွယ်

အာသန္နကာရဏံ ယန္တု၊ ပဒဋ္ဌာနန္တိ တံ မတံ (ဓာန်။ ၉၂။) ဟူလည်းကောင်း၊ ပဒဋ္ဌာနန္တိအာသန္နကာရဏံ (နေတ္တိ၊ ၄။ ၁၆)ဟု လည်းကောင်း ဆိုသည်။ ပဒ=အကြောင်း + ဌာန = အကြောင်း၊ ပဒဋ္ဌာန=အနီးကပ်ဆုံး အကြောင်း (ဝိသေသန ၂-ချက်ဆင့်) သည် ပဒဋ္ဌာန်မည်၏။ ထုတ်လိုသော ပုဒ်၏တရားကိုယ်ကိုရှာ၊ ယင်းတရားကိုယ်၏ အနီးကပ်ဆုံးအကြောင်း ထိုအကြောင်း၏ အနီးကပ်ဆုံးအကြောင်း အဆက်ဆက်ကို (ထို.....၏ ပဒဋ္ဌာန်ကား၊ဟု) အဆင့်ဆင့်ထုတ်ခြင်းသည် (တရားကိုယ်မှထောက်၍ အောက်ငံအောက် ဖြစ်ပေါ်ခဲ့ပြီး အကြောင်းသို့ သက်၍ ဆုတ်၍သွား သဖြင့်) ဩရုယှာရုယှဟာရ (ဩရုယှ + ဩရုယှ = အောက်သက်) မည်၏။ တရားကိုယ်ကို ပင်မ အကျိုးထား၍ အကြောင်းဘက်သို့ ဆုတ်သွားသော နည်းတည်း။

တရားကိုယ်၏ အနီးကပ်ဆုံးအကျိုး၊ ထိုအကျိုး၏ အနီးကပ်ဆုံး အကျိုး အဆက်ဆက်ကို (ထို.....သည် ထို.....၏ နီးစွာသော အကြောင်း တည်းဟု) အဆင့်ဆင့်ထုတ်ခြင်းသည် (တရားကိုယ်မှ ထောက်၍ အထက် အထက် ဖြစ်ပေါ်လတ္တံ့သော အကျိုးသို့ တက်သွားသဖြင့်) အာရုယှာရုယှာဟာရ (အာရုယှ+အာရုယှ = အထက်တက်) မည်၏။ တရားကိုယ်ကို ပင်မ အကြောင်းထား၍ အကျိုးဘက်သို့ တက်သွားသော နည်းတည်း။

ယင်း ဟာရထုတ်ရာ၌ တရားကိုယ်သည် ပဋိစ္စသမုပ္ပါဒ်သို့ ဝင်လျှင် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ကုန်အောင်လှည့်ထုတ်။ ဝီထိစိတ်သို့ဝင်လျှင် စိတ်အစဉ် အကြောင်းအကျိုး လှည့်ထုတ်။ ဤနည်းကို ပိုင်လျှင် ကြိယာ ၅-တန် (ကတ္တား ၅-တန်) ဘာဝဝိဘာဝ ထုတ်နည်းကိုလည်း ပိုင်တော့သည်သာ။

## ဆန္ဒာဂမနံပုဒ်မှတ်ဖွယ်

ဆန္ဒာဂမနံ = ဆန္ဒ + အာဂမနံ။ ဆန္ဒ၊ ချစ်ခြင်းကြောင့်၊ အာဂမနံ ပဝတ္တံ၊ ဖြစ်ခြင်း။ ချစ်ခြင်းကြောင့်ဖြစ်ခြင်း၊ ချစ်ခြင်းကြောင့်

http://www.dhammadownload.com



မပြုသင့်သည်ကို ပြုခြင်း။ (ယင်းအလို ဆန္ဒာ + အာဂမန်ကား ဝါကျ၊ သမာသ်ပုဒ်မဟုတ်။)

တစ်နည်း။ ။ဆန္ဒံ အာဂစ္ဆတိ· သမ္ပယောဂဝသေနာတိ ဆန္ဒာဂမန်။ ဆန္ဒံ၊ ကာမစ္ဆန္ဒသို့။ သမ္ပယောဂဝသေန၊ ယှဉ်ခြင်း၏ အစွမ်းဖြင့် အာဂစ္ဆတိ၊ ရောက်လာတတ်၏။ ဆန္ဒာဂတိလိုက်ခြင်းဟူလို။

တစ်နည်း။ အနနုရူပံ ဂမနံ အာဂမနံ။ ဆန္ဒေန အဂမနံ ဆန္ဒာဂမနံ။ ဆန္ဒ (အချစ်)ကြောင့် မတော်မလျော်ဖြစ်ခြင်း ပြုမိခြင်း။

✝ တထာပဝတ္တော အပါယဂမနီယော

အကုသလစိတ္တုပ္ပါဒေါ။ သာရတ္ထ။ ၁၊ ၄၉။

သီ၊ ဋီ၊ သစ်။ ၆၂။

---

## ပါဠိဝိနိစ္ဆယမှတ်ဖွယ်များ

ဥစ္စိနိတေန။ ဥစ္စိနိ၊ တေန။ ဥစ္စိနိတေနာတိ ဥစ္စိနိတွာ ဂဟိတေန ဟု (သာရတ္ထ၊ ၁။ ၅၀။ သီ၊ ဋီ၊ သစ်။ ၁။ ၆၃။) ဆိုသောကြောင့်လည်းကောင်း၊ ဥစ္စိနိတေန၊ ရွေးကောက်အပ် ရွေးချယ်အပ်ပြီးသော၊ ဝါ-ရွေးချယ်၍ ယူအပ်ပြီးသော၊ တေန အာယသ္မတာ၊ ထိုအရှင်အာနန္ဒာနှင့် ဟု အနက်ရသင့်သောကြောင့် လည်းကောင်း၊ ဥစ္စိနိ။ တေန ဟု ဝါကျခြား၍ရှိက နောက် တေနာယသ္မတာ ၌ တေန သဗ္ဗနာမ်ထပ်နေဖွယ် ရှိသောကြောင့် လည်းကောင်း၊ "ဥစ္စိနိတေန"ဟု တစ်ပုဒ်တည်းရှိသော ပါဠ်သာမှန်ပါသည်။

ပဟုတသေနာသနံ။ ပဟူတသေနာသနံ။ ပဟု သတ္တိယံ။ တော၊ ဥကာရာဂမော။ ပ ပုဗ္ဗော ဟူ သတ္တာယံ ဝါ ရသော ပဟုတော။ ပဟူတော ပိ၊ ဟု သူစိလာသောကြောင့် ၂-ချက်သင့်။

ဂိမှာနံ။ ဂိမ္ဟာနံ။ ဂိရ ဓာတ်+မ ပစ္စည်း၊ ရ ကို ဟပြု၊ ဟ နှင့် မ ဝဏ္ဏဝိပရိတ်ပြု (ရှေ့နောက်ပြန်) ၍ ဂိမှ ဟု ပြီးသောကြောင့် နံ ဝိဘတ် သက်၍ ဂိမှာနံ ရှိသော ပါဠ်သာသင့်သည်။

✝ ဂိရတိ ပိဠယတီတိ ဂိမှော၊ မော။

ရဿ ဟော ဝဏ္ဏဝိပရိယာယော။ ဓာန် ဋီ။

၈၈။ (-သူစိ။)

http://www.dhammadownload.com



**ပဗ္ဗေါဋ္ဌေတွာ၊ ပပ္ပေါဋ္ဌေတွာ။** ပ+ဖုဋ ဓာတ်။ တစ်နည်း။ ပ+ပုဋ။ ဖုဋ, ပုဋ ဓာတ် ၂-ပါးပင် ပပ္ပေါဋနံ = ခါတွက်ခြင်းအနက်ကို ဟောနိုင်သောကြောင့် ၂-ချက်သင့်။

† စုဋ ပုဋ ဖုဋ ဝိဘေဒေ။ စုဋ္ဋေတိ စုဋယတိ ပေါဋ္ဋေတိပေါဋ ယတိ ဖေါဋ္ဋေတိ ဖေါဋယတိ အင်္ဂုလိယော ဖေါဋ္ဋေတွာ။ နီတိ၊ ဓာ။ ၂၉၇။

**မာဏာဝေန။ မာနဝေန။** မနုနော အပစ္စံ မနုဿော။ ဇဝံ မာနဝေါ မာဏဝေါစ။ န ကာရဿ ဟိ ဏကာရေ ကတေ မာဏဝေါ ရူပံ သိဇ္ဈတိ။ နီတိ။ ဓာ။ ၂၆၄–ဆိုသောကြောင့် မာဏဝ၊ မာနဝ ၂-ပါဌ်သင့်။

**ဥက္ကာပေါ။ ဥက္ကလာပေါ။** ဥဇ္ဇိဋ္ဌော ကလာပေါ သမူဟော ဥက္ကာပေါ။ သူစိ။ ဥဇ္ဇိဋ္ဌော၊ စွန့်ပစ်အပ်သော။ ကလာပေါ သမူဟော၊ အပေါင်းဟည်းဟုအနက်ပေး။ ဥ+ ကလပ ဟူလိုလျက် က–၌ အ–သရကိုချေ။ က–ကို လာသို့ကပ်၍ "ဣလ္လေသ, သွေ့ဟ " တို့ကဲ့သို့ ဥက္ကာပ– ဟု ပြီးသည်။ ထိုကြောင့် ဥက္ကာပေါပါဌ်သာသင့်သည်။ (သီ၊ သစ်၊ ၁။ ၇၂ လည်းကြည့်။)

**ပရိဝေဏံ။ ပရိဝေနံ။** ပရိ + ဝေဏ + အ။ ပရိစ္ဆေဒဝသေန ဝေဏီယတိ ဒိဿတီတိ ပရိဝဏ်ံ။ သာရတ္ထ၊ ၁။ ၅၆ (သီ၊ ဋီ၊ သစ်၊ ၁။ ၇၂။) ကို ထောက်၍ ပရိဝေဏသင့်။

**သတ္တပဏ္ဏ။ သတ္တပဏ္ဏိ။ ဆတ္တပဏ္ဏ။ ဆတ္တပဏ္ဏိ** ၄-ချက်သင့်။ အရွက် ၇-ခု ထီးကဲ့သို့ရှိရကား သို့ခေါ်သည်။ ပါရာ၊ ဂံ သစ်၊ ၁။ ၁၂၁။

**မှတ်ချက်။** ။သတ္တ၊ ခုနစ်ခုသော + ပဏ္ဏ၊ အရွက်။ ဆတ္တ၊ ထီးကဲ့သို့သော+ပဏ္ဏ၊ အရွက်။

**ဝိသယဂန္ဓံ၊ ဝိသဂန္ဓံ။** ဝိသံ အာမဂန္ဓိယံ ( ဓာန်။ ၁၄၆ ) ဝိသ ဝိပ္ပယောဂ။ သော။ ဝိသံ ( ဝိသ + သ ) ဓာန်၊ ဋီအလို ဝိသဂန္ဓ သင့်။ ညှီစို့စို့ သားစိမ်း ငါးစိမ်းနံ့သည် ဝိသဂန္ဓမည်၏။ ရှင်အာနန္ဒာမှာ ကိလေသာမကုန်သေးသဖြင့် ကိလေသာနံ့ ညှီစို့စို့နံနေသေးသည်ဟု ဆိုလိုသည်။

http://www.dhammadownload.com



သီ၊ ဋီ၊ သစ်။ ၇၄-၅ အလို အနတ္တစေနတော ဝိသ သကာ သတာယ ကိလေသော ဝိသံ (အကျိုးမဲ့ကို ဖြစ်စေတတ်ခြင်းကြောင့် ကိလေသာသည် ဝိသ = အဆိပ်) တစ်နည်း။ အဆိပ်ပန်းစသည်၏ အနံ့နှင့် တူသောကြောင့် ကိလေသာသည်ပင် ဝိသဂန္ဓ မည်သည်ဟု ဝိသဂန္ဓ သင့်ကြောင်းဆိုသည်။ ဤအလိုဝိသဂန္ဓ၊ ကိလေသာ အဆိပ်နံ့-ဟု ပေး။

ထိုနောက် ဝိသဂန္ဓောနာမ ဝိရူပေါ၊ မံသာဒိဂန္ဓော၊ တံ သဒိသ တာယ ပန ကိလေသော။ ဝိသံသဒ္ဒေါ ဟိ ဝိရူပေတိ အဘိဓမ္မ ဋီကာယံ (မူလ၊ ဋီ၊ ၁။ ၁၅၀။) ဝုတ္တံဟုအဘိဓမ္မဋီကာကိုး၍ ဓာန်ဋီနှင့် အတူပင် ဆုံးဖြတ်ပြန်သည်။ ထိုကြောင့် ယင်းဋီကာအလို ၂-ချက်သင့်။

န ခေါပန မေတံ ပတိရူပံ "ယွာဟံ" "ယမဟံ" "ယာဟံ" ယွာဟန္တိ ယောအဟံ၊ ယန္တိ ဝါ ကိရိယာ ပရာမသနံ၊ သီ၊ ဋီ၊ သစ်။ ၇၅။ အလို ၂-ချက်သင့်။

ယမဟံဟူ၍လည်းကောင်း၊ ယာမဟံဟူ၍လည်းကောင်း ရှိရမည်၊ ယံ အဟံ ပုဒ်ဖြတ်။ ယွာဟံ. ဟုမရှိသင့်။ ယံ ကား ကြိယာ ပရာမသန။ ယံ ဂစ္ဆေယျ၊ အကြင် သွားခြင်းအံ့။ ဤကား ပါရာ၊ ဂံ၊ သစ်၊ ၁။ ၁၂၈ အလိုတည်း။

**နိမုဇ္ဇိတွာ။ နိမုဇ္ဇိတွာ။** နိပုဗ္ဗ မုဇ္ဇဓာတ် ညြသိဒနတ္ထ။ တတိယက္ခရာနှင့် နိမုဇ္ဇိတွာသင့်။ နိတိ။ ဓာတု။ ၄၉။

## နည်းဥပစာမှတ်ဖွယ်များ

**မဟာဂေါစရ။** အတူဖြစ်သော နွားစားကျက်၏ ဂေါစရအမည်ကို အတူရှိသော ဆွမ်းခံရာ အရပ်၌ တင်စား၍ အတူ ရှိသော ဆွမ်းခံရာ အရပ်ကို ဂေါစရ ဟု ဆိုသောကြောင့် သဒိသူပစာ။

† ဂါဝေါ စရန္တိ ဧတ္ထာတိ ဂေါစရော (နွားစားကျက်) ဂေါစရောဝိယာတိ ဂေါစရော။ (ဆွမ်းခံရာအရပ်။) သာရတ္ထ။ ၁။ ၅၀။ (သီ၊ ဋီ၊ သစ်။ ၁။ ၆၃။)

**စာရိကံပက္ကာမိ။** လှည့်လည်ခြင်းနှင့် ဖဲသွား ခြင်းတို့ မပြားဘဲ ပြားသကဲ့သို့ စာရိကံ ပက္ကာမိဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ။

http://www.dhammadownload.com



† စရဏံ စာရော၊ သောယေဝ စာရိကံ။ ပဏ္ဏာမိန့်အရ မထူး။ ဒီဝါဝိဟာရံ နိသီဒိကဲ့သို့ အဘေဒဘေဒူပစာ။ ပါရာ၊ ဂံ၊ သစ်၊ ၁။ ၁၁၃။

**ရာဇဂဟေအဠာရသဝိဟာရာ။** အနီးရှိသော ရာဇဂြိုဟ် မြို့၏ ရာဇဂဟအမည်ကိုအနီးဖြစ်သော ရာဇဂြိုဟ်၏ ပတ်ဝန်းကျင်အရပ် (ရာဇ ဂဟသာမန္တ)၌ တင် သမိပူပစာ။

† ရာဇဂဟံ ပရိဝါရေတွာ အဋ္ဌာရသ မဟာဝိဟာရာ ဟောန္တိ။ ဒီ၊ ဋ္ဌ၊ ၁။ ၉။

**အာသဝေဟိ စိတ္တံ ဝိမုစ္စိ။** အာသဝဟူသော အစိတ်ကိုမှတ်၍ ဆိုသဖြင့် အလုံးစုံသော ကိလေသာ, အလုံးစုံသော ပါပဓမ္မ အပေါင်း ကိုလည်း ရသောကြောင့် ဥပလက္ခဏာနည်း။

အစိတ်ဖြစ်သောအာသဝတို့၏ အာသဝေဟိ အမည်ကို အပေါင်း ဖြစ်သော အလုံးစုံသောကိလေသာ, အလုံးစုံသော ပါပဓမ္မ၌ တင်စား- ကေဒေသူပစာ။

† လက္ခဏာဝစနဉ္စေတံ အာသဝေဟီတိ။ တဒေကဋ္ဌာယ ပန သဗ္ဗေဟိ ကိလေသေဟိ သဗ္ဗေဟိ ပါပဓမ္မေဟိ စိတ္တံ ဝိမုစ္စတိ ယေဝ။ သာရတ္ထ၊ ၁။ ၅၈။

အရဟတ္တပတ္တိံ ဉာပေတုကာမော ဘိက္ခူဟိ သဒ္ဓိံ န ဂဏော။ ဘိက္ခူဟိ၊ ရဟန်းတို့ကို။ ဉာပေတုကာမော၊ သိစေလိုသည် ဖြစ်၍။ ဘိက္ခူဟိ၊ တို့နှင့် သဒ္ဓိံ၊ တကွ ဟု အနက်ပေး။ ဘိက္ခူဟိ ကား ဉာပေတုကာမော၊ သဒ္ဓိံ ၂-ချက်စပ်။ ကာကောလောကန နည်း။

---

(က) ကထံ ဓမ္မဝိနယဝသေန ဒုဝိဓံ။

(ခ) သဗ္ဗမေဝ စေတံ ဓမ္မော စေဝ ဝိနယောစာတိ သင်္ချံ ဂစ္ဆတိ။

(ဂ) တတ္ထ ဝိနယပိဋကံ ဝိနယော အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော။

http://www.dhammadownload.com



(ဃ) တေနေဝါဟ "ယန္နူန မယံ(လ)သင်္ဂါယေယျာမာတိ" "အဟံ ဥပါလိံ(လ)ပုစ္ဆေယျန္တိ" စ။

(င) ဓမ္မဝိနယ ဝဏ္ဏနာ ဒုတိယ။ ၄။ ၁၃။

---

● (၁) ခ-ဝါကျကို ဟိတ်သွင်း၍ (ဟေတာ လက္ခဏနည်း) အနက် ယောဇနာပါ။

ဖြေ။ ။ စ၊ အဖြေကိုဆိုဦးအံ့။ သဗ္ဗမေဝ၊ အလုံးစုံသာလျှင် ဖြစ်သော၊ ဗုဒ္ဓဝစနံ၊ ဘုရားစကားတော်သည်။ (ကိလေသဝိနယနေန၊ ကိလေသာတို့ကို ပယ်ဖျောက်နိုင်သောကြောင့်။) ဓမ္မောတိစေဝ၊ ဓမ္မဟူ၍ လည်းကောင်း။ (ယထာနုသိဋ္ဌံ၊ ဆုံးမတော်မူတိုင်း။ ပဋိပဇ္ဇမာနေ၊ ကျင့်သူတို့ကို။ အပါယပတနာဒိတော၊ အပါယ်ကျခြင်းစသည်မှ။ ဓာရဏေန၊ ဆောင်နိုင်သောကြောင့်။) ဓမ္မောတိစေဝ၊ ဓမ္မဟူ၍လည်းကောင်း။ (ကိလေသ ဝိနယနေန၊ ကိလေသာတို့ကိုပယ်ဖျောက်နိုင်သောကြောင့်)။ ဝိနယောတိစ၊ဝိနယဟူ၍ လည်းကောင်း၊ သဉ္ဇံ၊ ရေတွက်အပ်သည်၏အဖြစ်သို့၊ ဝါ၊ ရေတွက်ခြင်းသို့၊ ဂစ္ဆတိ၊ ရောက်၏။

မှတ်ချက်။ လက်သည်းကွင်း အနက်များမှာ ဟေတာလက္ခဏ အနက်များတည်း။ ယင်းဟေတာလက္ခဏအနက်ဖွင့်ပုံကို သာရတ္ထ။ ၁။ ၆၄။ ၅-၆ ရှုလေ။

---

● (၃) (၂) က-စသော ဝါကျအားလုံး၏ အမည်ကိုသာဖော်ပြ၍ ဂ-ဝါကျကို အနုသန္ဓေ၊ ဃ-ဝါကျကို နည်းထုံးကျကျ ပုစ္ဆာတက်ပါ။

ဖြေ။ ။ဝါကျအမည်များ။

ခ- ဝါကျသည် ဝိသဇ္ဇနာ = အဖြေဝါကျ။ ထိုကို ထောက်၍ က-ဝါကျသည် ပုစ္ဆာဝါကျ။

ဂ-ဝါကျသည် ဝိတ္ထာရဝါကျ။ ထိုကိုထောက်၍ က- ဝါကျသည် သခ်ေပ။

http://www.dhammadownload.com



ဃ– ဝါကျသည် အာဂမဒဋ္ဌ ကရဏဝါကျ။ ထိုကို ထောက်၍ ဂ– ဝါကျသည် အာဂမဒဋ္ဌယဝါကျ။

င– ဝါကျသည် နိဂမန (နိဂုံး) ဝါကျ။ ထိုကိုထောက်၍ ခ– ဂ ဃ– ဝါကျတို့သည် နိဂမနိယ၊ ဝါ၊ စုဏ္ဏိယဝါကျ။

## ဝါကျမှတ်ဖွယ်

ဂ– ဝါကျသည် ဝိနယနှင့် ဓမ္မသရုပ် အကျယ်ပြသောကြောင့် ဝိတ္ထာရ။ တတ္ထရှိတက်လာသည်ကိုလည်း သတိပြု။ ဃ–ဝါကျ၌ တေနေ ဝါဟရှိ၍ အကိုးသာဓကကိုပြသည်။ င–ဝါကျသည် ဇဝ် ရှိ၍ က–ဝါကျ စကားအတိုင်း နိဂုံးအုပ် အဆုံးသတ်ထားသည်။ ဇဝ် ရှိသောဝါကျကား ၁။ လဒ္ဓဂုဏ်။ ၂။ လဒ္ဓဒေါသ။ ၃။ နိဂုံး။ ၄။ သရုပ်ပြသရူပဒဿနဟု ၄–မျိုး ရှိရာတွင် ဤ၌ နိဂုံးတည်း။ အောက်ပါ နိယံများဖြင့် မှတ်သားပါလေ။

* သရူပတ္ထ၊ ချဲ့၍ပြ၊ မှတ်ကြဝိတ္ထာရာ။ (သစ်)
* နောက်ဝါကျ၌၊ တတ္ထရှိလျက်၊ စကားတက်မှု၊ မှတ်ယူ ဝိတ္ထာရ။ (ဘုရားကြီး)
* တေနေဝါဟ၊ ဉာပက၊ တဝဒဋ္ဌယာ။
* လဒ္ဓဂုဏ်ပြ၊ ဒေါသတဖုံ၊ နိဂုံတဖြာ၊ သရုပ်မှာ၊ လျှော်စွာ ဇဝ်ပြ။ (ရွှေ)

## ဂ–ဝါကျ အနုသန္ဓေတက်

ဤသို့ ခ–ဝါကျဖြင့် အလုံးစုံသော ဘုရားစကားတော် ဟူသမျှသည် (သာမညအားဖြင့်) ဓမ္မဝိနယ မည်သည်ချည်းဟု ပြတော်မူပြီး၍ ယခုအခါ၌ ဤ၌ လိုအပ်သော ဓမ္မဝိနယတို့ကို ထုတ်ပြခြင်းငှာ ဂ–ဝါကျ ကိုမိန့်။ (သာရတ္ထ၊ ၁။ ၆၄–၅။)

## ဃ–ဝါကျ ပုစ္ဆာတက်

ဆရာ၊ ဆရာသည် ဂ–ဝါကျဖြင့် ဓမ္မဝိနယ ၂–ပါးတွင် ဝိနည်းပိဋက သည် ဝိနယ၊ ယင်းမှကြွင်းသော ဘုရားစကားတော်သည် ဓမ္မ မည်သောဟု

http://www.dhammadownload.com



ဉာပျ, သာရျ, သကာဝစနကိုဆိုဓါ။ယင်း ဓမ္မဝိနယ ၂-ပါးတွင် (လ) ဓမ္မမည်သည် ဟူသော ဉာပျ, သာရျ, သကာဝစန၏ (ဝါ-ယင်းကို ခိုင်မြဲစေတတ်သော၊ ဝါ၊ ထောက်ခံသော) ဉာပက သာရကေ ပရဝစနကား အဘယ်နည်း။ ယင်း ဉာပျ, သာရျ, သကာဝစန၏ ဉာပက, သာရကေ ပရဝစနကို မပြပြီလော=ကြောင့် ဃ-ဝါကျမိန့်။

ကား- ဃ-ဝါကျဖြင့် ဉာပက၊ သာရကေ, ပရဝစနကို ငါပြဆိုသည် ဟူလို။

**မှတ်ချက်။** ။ ဒဠှိယ ဒဠှီကရဏ

ဉာပျ ဉာပက

သာရျ သာရကေ

သကာဝစန ပရဝစန

ဒဠှိယကိုပင် သိစေအပ်သောကြောင့် ဉာပျ၊ ပြီးစေအပ်သော ကြောင့် သာရျ၊ မိမိစကားဖြစ်၍ သကာဝစနဟု ပရိယာယ် သုံးသည်။ ဒဠှီ ကရဏကိုကား သိစေတတ်သောကြောင့် ဉာပက၊ ပြီးစေတတ် (ခိုင်မြဲစေတတ်၊ ထောက်ခံတတ်) သောကြောင့် သာရကေ။ လေးစားလောက်သူ သူတစ်ပါး စကားဖြစ်၍ ပရဝစနဟုဆိုသည်။ အာဂမဒဠှီဝါကျ တက်ရာ၌ သုံးရိုး စကားလုံးများတည်း။ သီ ဖြေ။ ၆၅-၆-လည်းကြည့်။

● (၄) ခ- ဝါကျ၌ ဓမ္မောပုဒ်ကို ဝစနတ္ထပြ၍ ဉာဏ်ကောက်ပါ။

---

ဖြေ။ ။**ဝစနတ္ထ။** ယထာနုသိဋ္ဌံ ပဋိပဇ္ဇမာနေ အပါယပတနာ ဒီတော ဓာရေတီတိ ဓမ္မော။

**ဉာဏ်ကောက်။** ယံဗုဒ္ဓဝစနံ၊ အကြင် ဘုရားစကား တော်သည်။ (ပိဋကသုံးပုံလုံးဟူလို။) ယထာနုသိဋ္ဌံ၊ ဆုံးမတော်မူသည့်အတိုင်း။ ပဋိပဇ္ဇမာနေ၊ ကျင့်ကုန်သော သတ္တဝါတို့ကို။ အပါယ ပတနာဒီတော၊ အပါယ်ကျခြင်းစသည်မှ။ ဓာရေတိ၊ ဆောင်တတ် ဆောင်နိုင်၏။ ဣတိ တသ္မာ ဓာရဏတ္တာ တံ ဗုဒ္ဓဝစနံ ဓမ္မော။

ဓာရေတိကား ကတ္တုသာဓန ကိတ်ဝိဂြိုဟ်၊ ဓမ္မောကား ကတ္တု သာဓန ကိတ်ပုဒ်၊ ဓရဓာတ်၊ ရမ္မပစ္စည်း။

http://www.dhammadownload.com



ဓရဓာတ် အရကား ဆုံးမတော်မူတိုင်း(လ) သတ္တဝါတို့ကို ဆောင်တတ်သော ဗုဒ္ဓဝစနၵ၏ ဥပါဒ်သည် မုချ။ ရမ္မ ပစ္စည်းအရကား ဥပ္ပါဒဝန္တ ဖြစ်သော ဗုဒ္ဓဝစနရ၏။ (အဝိညာဏ ပညတ္တိကတ္တုသာဓနကောက်။)

---

● (၅) အတ္တနာဝ အတ္တာနံ သမ္မန္နိ (ဝိ၊ ၄၊ ၁။ ၁၁) ၌ အတ္တနာ သည် မည်သည့်ပုဒ်မျိုးဖြစ်၍ အနက်မည်သို့ ပေးသင့်ကြောင်း ဆုံးဖြတ်ပါ။

ဖြေ။ ။ အတ္တနာကား ကိတ်နာမ်ပုဒ်၊ နာဝိဘတ်။ အတ္တနာဝ။ ကိုယ်တိုင်ပင်လျှင်။ ဝိသေသနတ္တပေး။ **တစ်နည်း။** အတ္တနာကား ဝိဘတ္တျန္တ ပတိရူပကနိပါတ်ပုဒ်။ အနက် ရှေ့အတိုင်းပင်။

**မှတ်ချက်။** ။ ယင်းပုဒ်နှင့် ပတ်သက်၍ မအူ သျ ၁၁၈–၁၂၀ ၌ အကျယ်ရေးသားထားသည်။ ဤ၌ကား သိ ဋီ၊ သစ်– အတိုင်းသာ ဖြေလိုက်သည်။

† "အတ္တနာ" တိဟိဣဒံ တတိယာ ဝိသေသနံ ဘဝတိ၊ တဋ္ဌ ပရေဟိ သမ္မန္နနံ နိဝတ္တေတိ၊ "အတ္တနာ" တိ ဝါ အယံ ဝိဘတ္တျန္တ ပတိရူပကော အဗျယသဒ္ဒေါ။ သီ၊ ဋီ၊ သစ်၊ ၁။ ၇၉–၈၀။

---

● (၈) သဗ္ဗံ တံ ကေရသံ ဝိမုတ္တိရသမေဝ ဟောတိ– ၌ ရသင့်သော ဥပစာကို ဖော်ပါ။

ဖြေ။ ။ အတူဖြစ်သော ရသာရုံ၏ ရသအမည်ကို အတူရှိသော အရဟတ္တဖိုလ် အရသာ၌ တင်၍ ယင်းကို ရသဟုဆိုသောကြောင့် သဒိသူပစာ။ ပါရာ၊ ဂံ၊ သစ်။ ၁၊ ၁၃၃။

**မှတ်ချက်။** ။ ဓမ္မဝိနယပုဒ်၌ရှိသော ပုညဉာဏသမ္ဘာရ၊ ဝေါဟလိဗဒ္ဓ နည်းတို့ကို နည်း (၄၀) ၌ ရှုလေ။ ဤဝိမုတ္တိရသပုဒ်ကို သီ၊ ဋီ၊ သစ်၊ ၁။ ၈၄–၅ ၌ "ဝိမုစ္စိတ္တာတိ ဝိမုတ္တိ၊ ရသိတဗ္ဗံ အဿာဒေတဗ္ဗန္တိ ရသံ၊ ဝိမုတ္တိသင်္ခါတံ ရသမေတဿာတိ ဝိမုတ္တိရသံ၊ အရဟတ္တဖလဿာဒန္တိ အတ္ထော "ဟု ဖွင့်၍ အာစရိယသာရိပုတ္တ (သာရတ္ထ) အလိုဟုဆိုသည်။ ၎င်းအဖွင့်အတိုင်းဆိုလျှင် သဒိသူပစာ ကြံဖွယ်မလိုချေ။

http://www.dhammadownload.com



(က) ဝိဝိဓ ဝိသေသနယတ္တာ၊ ဝိနယတောစေဝ ကာယဝါစာနံ၊
ဝိနယတ္ထဝိဒူဟိ အယံ။ ဝိနယော ဝိနယောတိ အက္ခာတော။
(ခ) ၁။ ဝိဝိဓာဟိ ဧတ္ထ (လ) ဝိဘင်္ဂါဒိပ္ပဘေဒါ နယာ၊
၂။ ဝိသေသဘူတာ စ (လ) အနုပညတ္တိနယာ၊
၃။ ကာယိကဝါစသိက (လ) ကာယံ ဝါစဉ္စ ဝိနေတိ၊
၄။ တသ္မာ ဝိဝိဓ နယတ္တာ (လ) ဝိနယောတိ အက္ခာတော။
(ဂ) တေနေတ မေတဿ (လ) ဝိနယော ဝိနယောတိ အက္ခာ
တော။ ဋ္ဌ။ ၁၅။

● (၁) ဂ– ဝါကျ၌ တေန သဗ္ဗနာမ် အစွဲနှင့် ဝုတ္တံ၏ ကတ္တားကို မှန်ကန်စွာ ဖော်ပြ၍ အနက်ပေးပါ။

ဖြေ။ ။ တေန ဝိဝိဓနယတ္တာဒိ ဟေတုနာ၊ ထို ဝိဝိဓနယတ္တာ အစရှိသော ဟိတ် ၃ ရပ်ဖြင့်။ သာရတ္ထ ၁၊ ၆၉။ ဝိမတိ၊ ၁။ ၁၈။

မှတ်ချက်။ ။ ဝါကျအမည်နှင့် တွဲဖက်၍ " တေန " အစွဲ ဝါဒစုံကို ၃–အဖြေရှု။

ဝုတ္တံ၏ ကတ္တား။ မယာ၊ ငါ(အဋ္ဌကထာဆရာ)သည်၊ ( ဝုတ္တံ၊ မိန့်အပ်သတည်း။)

မှတ်ချက်။ ။ ဝုတ္တံ၏ကတ္တားကို ယောဇနာ၌ ပဏ္ဍိတေဟိ ဟု ထည့်သည်။ အဋ္ဌသာလိနီ ဂဏ္ဌိသစ်၌ အာစရိယေဟိ ဟု ထည့်သည်။ မသင့်။ မအူသျှ။ ၁၅၀။

---

● (၃) က–ခ တို့၏ အမည်မျှကို လည်းကောင်း၊ ဂ–ဝါကျ၏ အမည်ကို အကြောင်းပြ၍လည်းကောင်း ဖော်ပြပါ။

ဖြေ။ ။ **ဝါကျအမည်များ**

ခ–ဝါကျကား ဝိတ္ထာရ၊ ထိုကိုထောက်၍ က–ဝါကျကား သခ်ေပ။

မှတ်ချက်။ ။ခ–ဝါကျ ၁–ဖြင့် က–ဝါကျ ဝိဝိဓနယတ္တာကိုချဲ့။ ၂– ဖြင့် ဝိသေသနယတ္တာကို၊ ၃– ဖြင့် ဝိနယတောစေဝ ကာယဝါစာနံကို ချဲ့သည်။ ထို့ကြောင့် ဝိသေသနယတ္တာ၏ အကျယ်ပြ ပက္ကရ။

http://www.dhammadownload.com


ထိုကိုထောက်၍ ၁–သည် ဝိဝိစေ့ယတ္တာ၏ အကျယ်ပြ ပက္ခ။ ၃–သည် ဝိနယတောစေဝ ကာယဝါစာနံ၏ အကျယ် ပက္ခန္တရ။ ထိုကို ထောက်၍ ၁–၂ တို့သည် ပက္ခ။ ခ–အပေါင်းဝါကျ။ ၎င်းတွင် ၁–၂–၃ အစိတ်ဝါကျများ ပါဝင်နေသည်။ ၎င်းအစိတ်တစ်ခုမှ တစ်ခုထောက်၍ပက္ခ၊ ပက္ခန္တရဖြစ်ပုံကို သိပါလေ။ "အပေါင်း၏နောက်၊ အစိတ်ရောက်၊ နက်ကောက် အဖို့စွဲ" "ပေါင်းပြီးစိတ်ပြ၊ ပက္ခန္တရ"တည်း။

၄–ဝါကျကား ဗုဒ္ဓနတ္တာ ဗုဒ္ဓတီတိ ဗုဒ္ဓေါကို ယောဘဂဝါ ဗုဇ္ဈတိ၊ ဣတိ တသ္မာ ဗုဒ္ဓနတ္တာ သော ဘဂဝါ ဗုဒ္ဓေါဟု ဖွင့်ရာ၌ " တသ္မာ ဗုဒ္ဓနတ္တာ သောဘဂဝါ ဗုဒ္ဓေါ " ကဲ့သို့ ဝစနယောတုနှင့် ဝစနယောတုဖလကို ပြသည်။ နောက်ဆုံး ဝစနယောတုဖလကို ရှု၍ "ဖလဝါကျ"ဟု အမည်ပေးပါ။

## အကြောင်းပြဝါကျခွဲ

ဂ–ဝါကျသည် ရှေ့မူလ ခ–ဝါကျ၌ ဆိုအပ်ပြီးသော အနက်ကိုပင် တစ်ပေါင်းတည်း တစ်ခုတည်း (အကျဉ်းချုံး၍) သွင်းရာပေါင်းရာဖြစ်သော ကြောင့် " နိဂမန " ဝါကျမည်၏။ ထိုကိုထောက်၍ ခ– ဝါကျသည် အကျယ် (အစိတ် အစိတ်) ကို ပြသောကြောင့် နိဂမနိယဝါကျ၊ ဝါ–စုဏ္ဏိယဝါကျမည်၏။

## နိဂမန မှတ်ဖွယ်

နိဂမန = နိ + ဂမု + ယု။ ရှေ့မူလဝါကျ၌ ဆိုအပ်ခဲ့ပြီးသော အနက်ကို တစ်ဖန်ထပ်၍ တစ်ပေါင်းတည်း တစ်စုတည်း (အကျဉ်းချုံး၍) သွင်းရာပေါင်းရာဖြစ်၍ နောက်နောက်မူလီဝါကျကို " နိဂမိယန္တိ အပ္ပိ ယန္တိ ကေတော ပဝေသိယန္တိ၊ သမ္ပိဏ္ဍိယန္တိ ဝါ ဧတ္ထာတိ နိဂမနန္တိ ဝုစ္စတိ ( မဏိမဥ္ဇူ ၁၊ ၁၇၉။)အရ "နိဂမန" (နိဂုံး) ဝါကျဟုခေါ်သည်။

## ဝါကျလက္ခဏာ

ယင်းဝါကျမျိုးသည် ဝိတ္ထာရ နောက်တွင် ရှိသည်။ ၁။ သံခိပ် (သင်္ခေပ)။ ၂။ ဝိတ္ထာရ။ ၃။ နိဂုံးဟုစဉ်လျက်ရှိတတ်သည်။ ဝိတ္ထာရ၏ရှေ့ မူလဝါကျ (အကျဉ်း) ကို သင်္ခေပခေါ်၍ ဝိတ္ထာရ၏နောက် အကျဉ်းသင်္ခေ

http://www.dhammadownload.com



ပကို နိဂုံးဟုခေါ်သည်။ သရုပ်ပြပါဠိတော်တို့၌ ဤ ၁-၂-၃ အစဉ်ကို တွေ့နိုင်သည်။ ဥပမာ (၀) ဆွမ်းအကျိုးကား ၅-ပါးတည်း။ (၂) ၅-ပါးဟူသော်ကား ၁၊ ၂၊ ၃၊ ၄၊ ၅တည်း။ (၃) ဤကား ဆွမ်းအကျိုးငါးပါး တည်း။ စသည်။ " သံခိပ်ဝါကျ၊ ပဓာနထုံး၊ စကားဆုံးက၊ ထိုဝါကျ၊ ဝိတ္ထာရချည်းသာ"ဟု ဆရာတို့ ဆိုရိုးပြုကြသည်။

† ဝုတ္တဿေဝ ဟိ အတ္ထဿ ပုန ဝစနံ နိဂမနံ။ ဥဒါန၊ ဋ္ဌ။ ၄၂။

† နိဂမနန္တိ အပ္ပနာ။ ဟိ.....နိဂမိယန္တိ အပ္ပိယန္တိ ဧတေန ပဝေသိယန္တိ, သမ္ပိဏ္ဍိယန္တိ ဝါ ဧတေနာတိ "နိဂမန" န္တိ ဝုစ္စတိ။ မဏိမဉ္ဇူ။

† အပ္ပေတုန္တိ နိဂမေတုံ။ အနုဋီ၊ ၁။ ၆၄။

## ဂ-ဝါကျအမည်ဝါဒန္တရနှင့် တေနအစွဲ

၁။ ဝိဝိဓာဒိစသော ဝါကျ၏ လက္ခဏာကို ပြလိုရကား တေနစသည်မိန့်။ ယင်းအလို– တေန၊ ဝိဝိဓနယတ္တာ စသော အကြောင်းဟုပေး။တစ်နည်း ၂။ အကြင်ဆိုအပ်ပြီးသော စကားကိုသာရည်၍ ရှေးအဋ္ဌကထာ ဆရာတို့ ဤဂါထာကိုမိန့်အပ်သတည်းဟု နှီးနှောပြခြင်းငှာ တေနစသည်မိန့်။ (ဒုဋီ။) အနက် အထက်နည်းအတိုင်းပင်။ ဤကား သီ၊ ဋီ၊ သစ်၊ ၁။ ၉၀။ ဂံ။ သစ်။ ၁၄၁-၂။ ၁၁၂၊ သစ် ၁၄၄-၅ ။ တို့၌ ဖော်ပြသော ဝါဒန္တရများတည်း၊ အကျယ်ကို ၎င်းကျမ်းတို့၌ကြည့်ပါ။

**မှတ်ချက်။** ။က-ခ-ဂ ဝါကျ ကျမ်းတက်ပုံကို သီ+ဖြေ ၃၅ ဂ ၌ အကျယ်ရေးသားခဲ့ပြီ။

---

● (၄) ဝိနယောပုဒ်ကို အဖွင့်နှင့်အညီ ဝစနတ္ထပြု၍ ဉာဏ်ကောက်ပါ။

**ဖြေ။** ။ ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော။ (ဝိဝိဓနယတ္တာနှင့်အညီ။)

http://www.dhammadownload.com



**ဉာဏ်ကောက်။** ဝေါ္ထ၊ အတ္ထပညတ်သညီ ပါဠိအစဉ်ဟူသော ဝိနည်းပိဋကဋ္ဌ်။ ဝိဝိဓာ၊ အထူးထူးအပြားပြားများစွာကုန်သော။ နယာ၊ ၅-ပါးသော ပါတိမောက္ခုဒ္ဒေသ, အာပတ် ၇-ဖုံ, မာတိကာ, ဝိဘင်းစသည် အပြားရှိကုန်သော နည်းတို့သည်။ သန္တိ၊ ကုန်၏။ ဣတိတသ္မာ ဝိနယော။

ဝိဝိဓာ နယာ ဧတ္ထ ကား တဒ္ဂုဏသံဝိညာဏ သတ္တမိ ဗဟုဗ္ဗီဟိ သမာသ်ဝိဂြိုဟ်၊ ဝိနယောကား ၎င်းသမာသ်ပုဒ်၊ ဝိပုဒ်+နယပုဒ်+ဧတပုဒ်။

ဝိ + နယဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံး အရကား အထူးထူး အပြားပြား များစွာ ကုန်သော ၅ - ပါးသော ပါတိမာက္ခုဒ္ဒေသ, အာပတ် ၇-ဖုံ, မာတိကာဝိဘင်း စသည် အပြားရှိကုန်သော နည်းတို့ ဒြဗ်သည် မုချအားဖြင့်ရ၏။ ထို.....နည်းတို့ ဒြဗ်၏ ဝိနည်းပိဋကဒြဗ်နှင့် ဂုဏ်ဂုဏေအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်ဌာန်နူပစာ အားဖြင့်ရ၏။ ဧတ္ထ ဟူသော အညပုဒ်အရကား ထိုမုချဌာနူပစာရတ္ထတို့ဖြင့် မှတ်အပ်သော အထူးထူးအပြားပြား များစွာကုန်သော ၅-ပါးသော ပါတိမောက္ခုဒ္ဒေသ အာပတ် ၇-ဖုံ, မာတိကာ ဝိဘင်း စသည် အပြားရှိကုန်သော နည်းတို့ ရှိသော ဝိနည်းပိဋကဒြဗ်ရ၏။ (ဝိဝိဓနယတ္တာ၏ အကျယ် ခ ၁-ဝါကျ ကြည့်ကောက်။) အကျဉ်းချုပ်ကား အထူးထူး အပြားပြားသော နည်းရှိသည့် ပိဋက ဟူလို။

**တစ်နည်း ဝစနတ္ထ။** ။ ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော။ (ဝိသေသနယတ္တာနှင့်အညီ။)'

**ဉာဏ်ကောက်။** ဧတ္ထ၌။ဝိသေသာ၊ ထူးကုန်သော။ နယာ၊ လောကဝဇ္ဇ သိက္ခာပုဒ်တို့၌ မူလပညတ်ကိုခိုင်မြဲအောင်ပြုခြင်း, ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်တို့၌ မူလပညက်ကို လျော့အောင် ပြုခြင်း အကျိုးရှိကုန်သော အနုပညတ် နည်းတို့သည်။ သန္တိ၊ ကုန်၏။ (ပုဒ်ခွဲရှေ့နည်း အတိုင်း)

ဝိ+နယဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား ထူးကုန်သော (အနက်အတိုင်း အကျယ်ရေး) အနုပညတ်နည်းတို့ ဒြဗ်သည် မုချ။ ထို..... နည်းတို့ဒြဗ်၏ ဝိနည်းပိဋက ဒြဗ်နှင့် ဂုဏ် ဂုဏေအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာရတ္ထ၊ ဧတဟူသော အညပုဒ်အရကား ထိုမုချဌာနူပစာရတ္ထတို့ဖြင့် မှတ်အပ်သော ထူးကုန်သော (အနက်အတိုင်း)အနုပညတ်နည်းတို့ရှိသော ဝိနည်းပိဋကဒြဗ်ရ၏။ (ဝိသေသနယတ္တာ၏ အကျယ် ၁-၂ ကြည့်ကောက်။ အကျဉ်းချုပ်ကား- ထူးသောနည်းရှိသည့် ပိဋကဟူလို)

http://www.dhammadownload.com



တစ်နည်း၀စနတ္ထ။ ကာယ၀ါစဒ္ဓ ဝိနေတီတိ ဝိနယော။ (ဝိနယ တောစေဝ ကာယ၀ါစာနံနှင့်အညီ။)

ဉာဉ်ကောက်။ ယံ ဝိနယပိဋကံ၊ အကြင် ဝိနည်း ပိဋကသည်။ ကာယဥ္စ။ ကာယဒွါရကိုလည်းကောင်း၊ ၀ါ-ကာယဒွါရ၌ ဖြစ်သော ကျူးလွန်မှုကိုလည်းကောင်း၊ ၀ါစဥ္စ၊ ၀စီဒွါရကိုလည်းကောင်း၊ ၀ါ-၀စီဒွါရဖြစ်သော လွန်ကျူးမှုကိုလည်းကောင်း၊ ဝိနေတိ၊ ဆုံးမတားမြစ်တတ်၏။ ဣတိတသ္မာ တံ ဝိနယပိဋကံ ဝိနယော။ ကာယံ၀ါစဥ္စ ဝိနေတီကား ကတ္တုသာဓန ကိတ် ဝိဂြိုဟ်၊ ဝိနယောကား ငင်းကိတ်ပုဒ်။ ဝိပုဗ္ဗနီဓာတ်+အ ပစ္စည်း။

ဝိဥပသာရပုဒ်အရကား ဓာတွတ္ထ ဝိသေသက ဘောဂုဏ်ရ၏။ (နီ = နယေ။ ဝိရှေ့ရှိသဖြင့် နိသေဓေ ဆုံးမတားမြစ်ခြင်းဟော၊ ဝိကား ဓာတွတ္ထဝိသေသက။) နီဓာတ်၏အရကား ကာယနှင့် ၀ါစာကိုဆုံးမတား မြစ်တတ်သော ဝိနည်းပိဋက၏ ဥပါဒ်သည်မှချ။ ဏပစ္စည်းအရကား ဥပ္ပါဒ၀န္တ ဖြစ်သော ဝိနည်းပိဋကရ၏။

## ဗဟုဗ္ဗီဟိဉာဉ်ကောက်မှတ်ဖွယ်

ဗဟုဗ္ဗီဟိသမာသ်ဉာဉ်ကောက်ရာ၌ တဂ္ဂုဏသံဝိညာဏလော၊ အတဂ္ဂုဏသံဝိညာဏလော သတိပြုရမည်။ ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရ နှင့်အညပုဒ်အရမပြားလျှင် တဂ္ဂုဏသံဝိညာဏ။ ပုံစံ လမ္ဗကဏ္ဏော။ လမ္ဗော အရ ရှည်သောနားနှင့် ပုဂ္ဂိုလ်အရမပြား။လမ္ဗကဏ္ဏော အာဂစ္ဆတိ = နား ရှည်သူလာ၏ဟုဆိုလျှင် "ရှည်သောနား"သည် တစ်သီးတစ်သန့် တစ်နေရာ၌ မကျန်ရစ်၊ ပုဂ္ဂိုလ်နှင့်အတူ လာပါသည်။ ဤပုဒ်မျိုးကို ကောက်လျှင် "လမ္ဗကဏ္ဏဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ်အရကား ရှည်သော နားဒြဗ် မှချ၊ ထို.....၏ ပုဂ္ဂိုလ်ဒြဗ်နှင့် အစိတ် အပေါင်း (နားက အစိတ်၊ လူက အပေါင်း)အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန္ဓာနုပစာ၊ ယ၊ ဟူသော အညပုဒ်အရကား ထိုဖြင့်မှတ်အပ်သော ရှည်သောနားရှိသူရ၏ဟုကောက်။

- ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရနှင့်အညပုဒ်အရပြားလျှင် အတဂ္ဂုဏ သံဝိညာဏ၊ ပုံစံ ဒိန္နသုင်္ကော။ဒိန္နော၊ တိုင်းသူ ပြည်သားများက) ပေးအပ် သော၊ သုင်္ကော၊ အခွန်အတုတ်သည် ယဿ၊ အကြင်မင်းအား။ အတ္တိ၊ ၏။

http://www.dhammadownload.com



အခွန်ဒြဗ်နှင့်မင်းဒြဗ်အရမတူ အရပြား။ ဒိန္နသုက်ော အာဂစ္ဆတိ = မင်းလာ၏ဟုဆိုလျှင် "အခွန်အတုတ်"သည် တစ်သီးတစ်သန့် တစ်နေရာ၌ ကျန်ရစ်လာ၏၊ မင်းနှင့်အတူပါမလာ။ ဤပုဒ်မျိုး ကောက်လျှင် ဒိန္နသုက် အရကား ပေးအပ်သောအခွန်အတုတ်ဒြဗ်မှုချ။ ထို ၏မင်းဒြဗ်နှင့် သံသာမိ..... သမ္ဗန္ဓာနုပစာ။ ယ-အညပုဒ်အရ မင်းဒြဗ်ရ၏ဟု ကောက်။ (ပေးအပ်သော အခွန်တုတ်ရှိသော မင်းဒြဗ်ရ၏ဟု သမာသ်ပုဒ်အရကိုပါ ရော၍မကောက်ရ။

**မှတ်ချက်။** သမာသ်ပုဒ် အညပုဒ်အရ မပြားသည်ကို သမာသ် ပုဒ်တွင် အညပုဒ်အရဝင်သည်။ အရပြားသည်ကို သမာသ်ပုဒ်တွင် အညပုဒ် အရမဝင်ဟုဆိုသည်။

* သမာသ်ပုဒ်တွင်၊ အညဝင်၊ ယင်းလျှင်တဂ္ဂုဏာ။

* သမာသ်အည၊ မဝင်က၊ အတဂ္ဂုဏာမှတ်ဘိ။

**မှတ်ချက်။** ဗဟုဗ္ဗီဟိသမာသ်ဉာဏ်ကောက်နည်းကို ရေးသားပြီး နောက် ဗဟုဗ္ဗီဟိပုဒ်ကိုဘောစီးရာ၌လည်းကောင်း၊ အဿတ္ထိတဒ္ဓိတ်ပုဒ်ကို ဘောစီး ရာ၌လည်းကောင်း ဘာဝပ္ပစာန်၊ ဘာဝလောပပုဒ်၌လည်းကောင်း ဉာဏ်ကောက် ပုံကို နားလည်စေရန် အတွက် အခြေခံဖြစ်သော ဘာဝတဒ္ဓိတ် ဉာဏ်ကောက် နည်းကို ရေးသားထားပါသည်။ ကြိုးစားကျက်မှတ်ပါလေ။

## ဘာဝတဒ္ဓိတ် ဉာဏ်ကောက်နည်း

ဘာဝတဒ္ဓိတ်သည်-

(၁) ဒဗ္ဗ ဘာဝတဒ္ဓိတ်။

(၂) ဂုဏ ။

(၃) ကြိယာ ။

(၄) နာမ ။

(၅) ဇာတိ ဘာဝတဒ္ဓိတ်ဟု ငါးမျိုးရှိသည်။ ထိုတွင်

## ဒဗ္ဗဘာဝတဒ္ဓိတ်၌ ဉာဏ်ကောက်ပုံ

(၁) ဝိသာဏီသဿ သာဝေါ ဝိသာဏီတ္တံကား ဒဗ္ဗဘာဝတဒ္ဓိတ် ပြယုဂ် တည်း။ ယင်း၌.....

http://www.dhammadownload.com



(က) ဝိသာဏ = ဦးချို။

(ခ) ဝိသာဏီ = ဦးချိုရှိသောနွား။

(ဂ) ဝိသာဏိတ္တံ = ဦးချိုရှိသော နွား၏ (ဝိသာဏီ သဒ္ဒါ၏) အဖြစ် = ဖြစ်ကြောင်းဟု ၃-မျိုးခွဲလိုက်ပါ။ ဝိသာဏ (ဦးချို) ကြောင့် နွားကို ဝိသာဏီ (ဦးချိုရှိသူ)ဟု ခေါ်သည်။ ဦးချိုမရှိက ဝိသာဏီဟု မခေါ်နိုင်။ (အခြားအမည် အမျိုးမျိုးသာ ခေါ်လို့ရမည်။) ထိုကြောင့် ဝိသာဏ (ဦးချိုဒြဗ်) သည် 'ဝိသာဏီ' သဒ္ဒါ ဖြစ်ပေါ်လာရခြင်း၏အကြောင်း ပဝတ္တ နိမိတ်တည်း။ "ဝိသာဏိဿ ဘာဝေါ ဝိသာဏိတ္တံ" ဟု ဝိသာဏီ (ဝိသာဏံ အဿ အတ္ထီတိ ဝိသာဏီ) အဿတ္ထိပုဒ်ပေါ် ဘောစီးသောအခါ ဘာဝအရ၊ ဝါ-တ္တ ပစ္စည်းအရ ဝိသာဏီသဒ္ဒါ ဖြစ်ပေါ်ကြောင်း၊ (ဝိသာဏမရှိလျှင် ဝိသာဏီ မဖြစ်နိုင်သည်ကို သတိပြု။) (က) ဝိသာဏကို ကောက်ရသည်။

## ဉာဏ်ကောက်ပုံကား

ဝိသာဏိဿ၊ ဦးချိုရှိသော နွားဒြဗ်၏၊ ဘာဝေါ၊ အဖြစ် (ဖြစ်ကြောင်း) တည်း။ ဝိသာဏိတ္တံ၊ဦးချိုရှိသော နွား၏ အဖြစ် (ဖြစ်ကြောင်း)။

ဝိသာဏိဿ ဘာဝေါကား ဘာဝတဒ္ဓိတ်ဝိဂြိုဟ်၊ ဝိသာဏိတ္တံကား ဘာဝတဒ္ဓိတ်ပုဒ်။ ဝိသာဏီပုဒ်+တ္တ ပစ္စည်း။

ဝိသာဏီ ဟူသော ဘာဝတဒ္ဓိတ်ပုဒ်အရကား ဦးချိုရှိသော နွား ဒြဗ်သည် မုချ။ ထိုဦးချိုရှိသော နွားဒြဗ်၏ ဦးချိုဒြဗ်နှင့် အပေါင်း အစိတ် အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဥာနူပစာ။ တ္တ ပစ္စည်းအရကား ထိုမုချ ဥာနူပစာရတ္တတို့ဖြင့် မှတ်အပ်သော ဦးချိုဒြဗ် (ဝိသာဏ) ရ၏။

**မှတ်ချက်။** ။ (က) နှင့်(ဂ) ဝိသာဏချည်း ရသဖြင့် အရတူနေ သည်ကို တွေ့ရမည်။ ဤနည်းအတိုင်း ၃-ချက်ခွဲ၍ မှန်ကန်စွာ ဉာဏ် ကောက်ပါ။ ယောင်ဝါးဝါးဖြစ်တတ်သည်။ ပိုက်ဆံ ရှိသူ၏အဖြစ်ဟု ဆို လျှင် (က) ပိုက်ဆံ၊ (ခ) ပိုက်ဆံရှိသူ။ (ဂ) ပိုက်ဆံရှိသူ၏ အဖြစ် ၃-မျိုး ခွဲ၍ (ဂ)အရ ဘာကိုရသနည်းဟုမေးလျှင် (က) ကို ရကြောင်း အထူးရှင်း ဖွယ် လိုမည်မထင်ပါ။ သိတန်လောက်ပြီ။ ကျန် ဘာဝတဒ္ဓိတ်တို့၌

http://www.dhammadownload.com



အကျဉ်းချုပ်မျှရေးပါမည်။ ပိုမို၍ ရှင်းလင်းစေရန်နှင့် ခြွင်းချက်အချို့ ကို သိစေရန် ဝိဝိဓဝိသေသနယတ္တ္တာနှင့် သောမနဿ ဉာဏ်ကောက်၌ရှု ပါလေ။

## ဂုဏဘာဝတဒ္ဓိတ်၌ ဉာဏ်ကောက်ပုံ

(၂) သုက္ကဿ ဘာဝေါ သုက္ကတ္တံကား ဂုဏဘာဝတဒ္ဓိတ်ပြယုဂ်တည်း။ ယင်း၌

(က) သုက္က = အဖြူဂုဏ်။

(ခ) သုက္က = ဖြူ သော (အဖြူ ဂုဏ်ရှိသော) နွားဒြဗ် (သုက္ကံ အဿ အတ္ထီတိ သုက္ကောဟု ဝိဂ္ဂဟပြု)

(ဂ) သုက္ကတ္တံ = ဖြူသော (အဖြူဂုဏ်ရှိသော) နွား၏ (နွားဟော သုက္ကသဒ္ဒါ၏) အဖြစ် = ဖြစ်ကြောင်းဟု ၃-မျိုး ခွဲလိုက်ပါ။

## ဉာဏ်ကောက်ပုံကား

သုက္ကဿ၊ ဖြူသော (အဖြူဂုဏ်ရှိသော) နွား၏။ ဘာဝေါ၊ အဖြစ် (ဖြစ်ကြောင်း)တည်း။ သုက္ကတ္တံ၊ အဖြစ် (ဖြစ်ကြောင်း) (အကျဉ်းချုပ် ကောက်မည်။)

သုက္က အရကား ဖြူသော နွားဒြဗ်သည်မှချ၊ ယင်း၏ အဖြူ ဂုဏ်နှင့် ဂုဏော ဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဌာနူပစာ။ တ္တ ပစ္စည်း အရကား ထို.....ဖြင့် မှတ်အပ်သော အဖြူဂုဏ်ရ၏။

**မှတ်ချက်။** ။ (က) သုက္ကနှင့် (ခ) သုက္က မမှားပါစေလင့်။

## ကြိယာဘာဝတဒ္ဓိတ် ကောက်နည်း

(၃) ဂန္တုဿ ဘာဝေါ ဂန္တုတ္တံကား ကြိယာဘာဝ တဒ္ဓိတ် ပြယုဂ်တည်း။ ယင်း၌.....

(က) ဂန္တု = သွားခြင်းကြိယာ။

(ခ) ဂန္တု = သွားတတ်သော နွာဒြဗ်။

http://www.dhammadownload.com



(ဂ) ဂန္တုတ္တံ = သွားတတ်သော နွားး၏ (ဂန္တု သဒ္ဒါ၏) အဖြစ် = ဖြစ်ကြောင်းဟု သုံးမျိုးခွဲ လိုက်ပါ။

## ဉာဏ်ကောက်ပုံကား

ဂန္တုဿ၊ သွားတတ်သော နွားဖြစ်သည်မှချ။ ယင်း၏ သွားခြင်း ကြိယာနှင့် ဂုဏော ဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ တ္တ ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော သွားခြင်းကြိယာရ၏။

## နာမဘာဝတဒ္ဓိတ် ဉာဏ်ကောက်ပုံ

(၄) စိတ္တဿ ဘာဝေါ စိတ္တတ္တံကား နာမဘာဝတဒ္ဓိတ် ပြယုဂ်တည်း။ ယင်း၌.....

(က) စိတ္တ = စိတ္တနာမည်။

(ခ) စိတ္တ = စိတ္တနာမည်ရှိသော နွားဖြစ် (စိတ္တံ အဿ အတ္ထီတိ စိတ္တံဟု ဝိဂ္ဂဟပြု။)

(ဂ) စိတ္တတ္တံ = စိတ္တနာမည်ရှိသော နွားဖြစ်၏ (စိတ္တသဒ္ဒါ၏) အဖြစ် (ဖြစ်ကြောင်း) ဟု ၃-မျိုး ခွဲလိုက်ပါ။

## ဉာဏ်ကောက်ပုံကား

စိတ္တဿ၊ စိတ္တအမည်ရှိသော နွား၏။ ဘာဝေါ၊ အဖြစ် (ဖြစ်ကြောင်း) တည်း။

စိတ္တအရကား စိတ္တနာမည်ရှိသော နွားဖြစ်သည် မှချ။ ယင်း၏ စိတ္တနာမည်နှင့် နာမီ နာမ၊ သညီ သညာအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ၊ တ္တ-ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော စိတ္တနာမည် ရ၏။

## ဇာတိဘာဝတဒ္ဓိတ် ဉာဏ်ကောက်ပုံ

(၅) ဂေါဿ ဘာဝေါ ဂေါတ္တံကား ဇာတိဘာဝ တဒ္ဓိတ် ပြယုဂ် တည်း။ ယင်း၌.....

(က) ဂေါ = နွားဇာတ်။

(ခ) ဂေါ = နွားဖြစ်။

http://www.dhammadownload.com



(ဂ) ဂေါတ္တံ = နွားဒြဗ်၏ (ဂေါသဒ္ဒါ၏) အဖြစ် (ဖြစ်ကြောင်း) ဟု ၃-မျိုးခွဲလိုက်ပါ။

## ဉာဉ်ကောက်ပုံကား

ဂေါဿ၊ နွားဒြဗ်၏။ ဘာဝေါ၊ အဖြစ်(ဖြစ်ကြောင်း)တည်း။

ဂေါအရကား နွားဒြဗ်သည် မုချ။ ယင်း၏ နွားဇာတ်နှင့် အဘေဒ ဘေဒ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ တ္တ ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော နွားဇာတ်ရ၏။

**မှတ်ချက်။** ။ ဤဘာဝတဒ္ဓိတ် ၅-မျိုး ဉာဉ်ကောက်ကို နားလည်မှသာ ဗဟုဗ္ဗိဟိ အပေါ်ဘောစီး, အဿတ္ထ အပေါ်ဘောစီးပုဒ်များ နှင့် ဘာဝပ္ပစာန, ဘာဝလောပ ပုဒ်များကို ဉာဉ်ကောက် တတ်မည်။ အဿတ္ထိတဒ္ဓိတ်ပုဒ် ဘောစီးရာ၌ ပြယုဂ်ကား။ ဝိသာဏီတ္တံ။ ပင်တည်း။ ဉာဉ်ကောက်ပုံ ရေးခဲ့ပြီ။ ဗဟုဗ္ဗိဟိ သမာသ်ဘောစီးရာ၌ ဉာဉ်ကောက် ပုံကို ဆက်၍ရှုလေ။

## ဝိဝိဓဝိသေသနယတ္တာ

ဝိဝိဓဝိသေသာနယာ ဧတ္ထာတိ ဝိဝိဓဝိသေသနယော။ ဧတ္ထဝိနယေ၊ ဤဝိနည်း၌။ ဝိဝိဓဝိသေသာ၊ အထူးထူးအပြားပြားကုန်သော ထူးကုန်သော။ နယာ၊ နည်းတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ သော ဝိနယော ဝိဝိဓ ဝိသေသနယော။ သတ္တမိ ဗဟုဗ္ဗိဟိ။ ဝိဝိဓဝိသေသပုဒ်=နယပုဒ်=ဧတပုဒ်။

ဝိဝိဓဝိသေသနယ ဟူသော ဗဟုဗ္ဗိဟိ သမာသ်ပုဒ်လုံးအရကား အထူးထူး အပြားပြားကုန်သောနည်း, ထူးသောနည်းတို့ဒြဗ်သည် မုချ။ (ဤကား အကျဉ်းမျှသာ။ ဝိနယပုဒ်ဉာဉ်ကောက်မှီး၍ အကျယ်ကောက်။ လေ။) ယင်း၏ ဝိနည်းဒြဗ်နှင့် ဌာနီ ဌာန, ဂုဏ် ဂုဏော အဖြစ်ဖြင့် စပ် ခြင်း သမ္ဗန်သည် ဌာနူပစာရတ္တ။ ဧတ ဟူသောအညပုဒ်အရကား ထိုမုချ ဌာနူပစာရတ္တတို့ဖြင့် မှတ်အပ်သော အထူးထူး အပြားပြားကုန်သောနည်း၊ ထူးကုန်သောနည်းတို့ရှိသော ဝိနည်းရ၏။

(က) ဝိဝိဓဝိသေသနယ (ဗဟုဗ္ဗိဟိသမာသ် ပုဒ်လုံးအရ=ပုဒ်ရင်းဟုမှတ်။)

http://www.dhammadownload.com



(ခ) ဝိဝိဓဝိသေသနယ (အညပုဒ်အရ = ဝိနည်းတည်း။)

(ဂ) ဝိဝိဓဝိသေသနယတ္တံ ၃-မျိုးခွဲလိုက်ပါ။

* ဗဟုဗ္ဗီဟိ၊ အဿတ္ထိတွင်၊ ဘောတင်စီးလတ်၊ သမာသ်တဒ္ဓိုတ်၊ ပုဒ်ရင်းကိုသာ၊ ရအပ်စွာ၊ အရာမျိုးခပ်သိမ်း-ဟူသော ဥပဒေသအရ (ခ) ဗဟုဗ္ဗီဟိသမာသ်ပေါ်တွင် (ဂ) ဘောစီးလိုက်သောအခါ ပုဒ်ရင်း ဖြစ်သော (က) ကို ပြန်ကောက်ရမည်ဟု ယေဘုယျမှတ်ရမည်။ (ခြွင်းချက်ကို "သောမနဿံ"ပုဒ်ဉာဏ်ကောက်၌ရှု။)

## ဉာဏ်ကောက်ပုံကား

ဝိဝိဓဝိသေသနယဿ ဘာဝေါ ဝိဝိဓဝိသေသနယတ္တံ။ ဝိဝိဓ-လ-နယဿ၊ ၏။ ဘာဝေါ၊ အဖြစ် (ဖြစ်ကြောင်း) တည်း။

ဝိဝိဓ-လ-နယ ဟူသော တဒ္ဓိတ်ပုဒ်အရကား အထူးထူး အပြားပြားသော နည်း၊ ထူးသောနည်းတို့ရှိသော ဝိနည်းဒြဗ်သည်မှချ။ ယင်း၏ အထူးထူး အပြားပြားသောနည်း၊ ထူးသောနည်းတို့နှင့် ဌာန ဌာနီ ဂုဏော ဂုဏ် အဖြစ်ဖြစ် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ တ္တ-ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော အထူးထူး အပြားပြားသောနည်း၊ ထူးသောနည်း-.....တို့ ရ၏။ (က-အရကို ပြန်ကောက်သည်။)

**မှတ်ချက်။** ။ ဗဟုဗ္ဗီဟိသမာသ်ပုဒ်ဘောစီးရာ၌ ဉာဏ်ကောက် ကို နားလည်လျှင် ဘာဝပ္ပစာန်၊ ဘာဝလောပ ဉာဏ်ကောက်နည်း မခက်တော့ပြီ။ ဆက်လက်၍ ရှုလေ။

## ဘာဝပ္ပစာန်ဉာဏ်ကောက်

ဝိနယနပုဒ်ကို "ဝိနေတီတိ ဝိနယနံ"ဟု ဝစနတ္ထပြုသဖြင့် ဆုံးမ တတ်သော ဝိနည်းဒြဗ်ရသည်။ ဝိနယနတော ဟိတ်ပုဒ်ကို "အက္ခာတော" ဟိတ်ဖိုလ်၌စပ်၍ အက္ခာတော အရလည်း ဟောအပ်သော ဝိနည်းဒြဗ်ပင် ရသည်။ ဤဟိတ်အရလည်း ဝိနည်းဒြဗ်၊ ဟိတ်ဖိုလ်အရလည်း ဝိနည်း ဒြဗ်ဖြစ်၍ ဟိတ်နှင့် ဟိတ်ဖိုလ်တူနေပေသည်။ "ဟိတ်ကားသတ္တိ၊ ဖိုလ်ရှိဒြဗ်၊ သာမန်မှတ်"ဟု နိယံဆိုရကား ဟိတ်အရ သတ္တိဂုဏ်သာလျှင် ပြဋ္ဌာန်း၍

http://www.dhammadownload.com



ဒြဗ်မပြဋ္ဌာန်းသင့်ချေ။ ထို့ကြောင့် အရကွဲစေရန် "ဝိနယနတော"ပုဒ်ကို ဘာဝပ္ပဓာန်၊ ဘာဝလောပ ကြံရသည်။ ယင်းသို့ ကြံမှသာ ဝိနယနတော ဟိတ်သည် ဆုံးမတတ်သည်၏ အဖြစ်ဟူသော ဂုဏ်ကိုရမည်။ ဟိတ်နှင့် ဟိတ်ဖိုလ် အရကွဲမည်။ ထို့ကြောင့် သီလက္ခန်ဋီကာသစ်၌၊ ဝိနယန တောတိ ဝိနယနဘာဝတော၊ ဘာဝပ္ပဓာနနိဒ္ဒေသောယံ, ဘာဝလောပေါဝါ-ဟု မိန့်သတည်း။

## ဉာဏ်ကောက်ပုံကား

ကာယံဝါစဥ္စဝိနေတီတိ ဝိနယံ။ ယံဝိနယပိဋကံ (လ) ယု ပစ္စည်း၏ အရကား ဥပ္ပါဒဝန္တဖြစ်သော ဝိနည်းပိဋကရ၏။ (ဤအထိ ကာယံ ဝါစဥ္စ ဝိနေတီတိ ဝိနယောအတိုင်းကောက်ပါ။) ဘာဝပ္ပဓာန်အတွက် ဆက်၍ ကောက်ပုံမှာ) ထိုသို့ပင် ရငြားသော်လည်း ဝိနယနပုဒ်၏ ဘာဝပ္ပဓာန, ဘာဝလောပဖြစ်သောကြောင့် ဆုံးမခြင်းကြိယာ ဟူသော နိဓာတ်၏ အရသည် ပဓာနအားဖြင့် ရ၏။

မှတ်ချက်။ ။ ဤသို့ဆက်၍ ကောက်ရသည်။ "ဝိနယနတော၊ ဆုံးမတတ်သည်၏အဖြစ်ကြောင့်" ဟူသော ဘာဝပ္ပဓာန် တဒ္ဓိတ်ဘော သည် "ဆုံးမခြင်းကြောင့်" ဟူသောကိတ်ဘာဝသာဓနှင့်တူကြောင်း တွေ့ရပေမည်။ အတူပင်ဟုမှတ်။ ပဌမရှာန်အဖွင့် ကိလေသာ ကာမက္ခေ ဝါကျ "ရှာနပဋိပက္ခတော " ပုဒ်ဉာဏ်ကောက်ကိုလည်း ရှုလေဦး။ ဘာဝပ္ပဓာန် မှတ်ဖွယ်ကို သီ+ဖြေ။ ၄၀ = ၄၃ ၌ အကျယ်ရေးခဲ့သည်။

## သောမနဿံဉာဏ်ကောက်

သောမနဿံပုဒ်၌ (က) သု+မန = ကောင်းသောစိတ်။

(ခ) သု + မန = ကောင်းသောစိတ်ရှိသူ (သုန္ဒရံ မနော တေဿာတိ သုမနော။)

(ဂ) ကောင်းသော စိတ်ရှိသူ၏အဖြစ် (ဖြစ်ကြောင်း)ဟု ဝိဘာဏီတွဲ စသည်နည်းတူ၃-မျိုးခွဲလိုက်ပါ။ ဉာဏ်ကောက်မည်ဆိုလျှင်-

သုမနဿ၊ ကောင်းသောစိတ်ရှိသူ၏။ ဘာဝေါ၊ အဖြစ် (ဖြစ် ကြောင်း) တည်း။ သုမနပုဒ် + ဏျ ပစ္စည်း။ သုမနဟူသော တဒ္ဓိတ်ပုဒ်

http://www.dhammadownload.com



အရကား ကောင်းသောစိတ်ရှိသူဖြစ်သည် မှချ။ ယင်း၏ ကောင်းသော စိတ်နှင့် ဥာန် ဥာနီ ဂုဏော ဂုဏ်အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဥာနူပစာ။ ဤ ပစ္စည်းအရကား ကောင်းသောစိတ်ရှိ၏ဟု ကောက်ရပေမည်။ ယင်းသို့ ကောက်ခြင်းသည် " ဗဟုဗ္ဗီဟိ (လ) အရာမျိုးခုပ်သိမ်း " ဥပဒေသနှင့် ညီသည်။ သို့သော်.....

မာနသိကသုခဝေဒနာ ယေတံ အဓိဝစနံ။ ဋီကာကျော်–၌ သော မနဿအရ မာနသိက သုခဝေဒနာကို ကောက်ထားသည်နှင့်ကား ဆန့် ကျင်နေပေသည်။ ဆက်၍ ရှင်းပါဦးအံ့။

သုမနော၊ ကောင်းသောစိတ်ရှိသောသူဟူရာ၌ ကောင်းသော စိတ် (သု + မန) သည် သုမနော ( ကောင်းသောစိတ်ရှိသူ ) နာမည်ရကြောင်း မှန်၏။ နီးသောအကြောင်းလည်း ဖြစ်၏။ သို့တစ်စေ မာနသိက သုခ ဝေဒနာ = စိတ်ချမ်းသာမှုမရှိလျှင် ကောင်းသောစိတ် (သု+မန) မဖြစ်နိုင်။ ကောင်းသောစိတ် (သု+မန) မဖြစ်လျှင် သုမနော (ကောင်းသောစိတ်ရှိသူ) နာမည်မရနိုင်ပါ။

ယင်းသို့ဆိုလျှင် သုမနော (ကောင်းသောစိတ်ရှိသူ) နာမည်ရ ကြောင်း ဖြစ်ကြောင်းကား မာနသိကသုခဝေဒနာ (စိတ်ချမ်းသာမှု) မရှိလျှင် မဖြစ်နိုင်ကြောင်း ထင်ရှား၏။ ထို့ကြောင့် သောမနဿံ = သုမနဿ ဘာဝေါ = ကောင်းသော စိတ်ရှိသူ၏ အဖြစ် (ဖြစ်ကြောင်း) အရ ယင်း တရားမရှိလျှင် ဘယ်နည်းနှင့်မျှ သုမနော အမည်မရနိုင်သည့် "မာနသိက သုခဝေဒနာ" ကို ကောက်ရမည်ဟု ဋီကာဆရာ ဖွင့်ဆိုခဲ့ပေသည်။ သို့ဆိုလျှင်–

(က) မာနသိက သုခဝေဒနာ။

(ခ) ကောင်းသောစိတ် (သု+မန (က–ကြောင့် ဖြစ်ပေါ်လာရသော တရား။)

(ဂ) ကောင်းသောစိတ်ရှိသူ (သုမနော)။

(ဃ) ကောင်းသောစိတ်ရှိသူ၏ အဖြစ် (ဖြစ်ကြောင်း) ဟု ၄–မျိုး ခွဲ၍ အောက်ပါအတိုင်း ဉာဏ်ကောက်ရမည်။

http://www.dhammadownload.com



သုမနဿ၊ ကောင်းသောစိတ်ရှိသောသူ၏၊ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ သုမနပုဒ်+ဏျ-ပစ္စည်း။

သုမန ဟူသော တဒ္ဓိတ်ပုဒ်အရကား ကောင်းသောစိတ်ရှိသောသူသည် မုချ။ ယင်း၏ မာနသိကသုခဝေဒနာနှင့် အကျိုးအကြောင်း အဖြစ် ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏျပစ္စည်းအရကား–ထို–ဖြင့် မှတ်အပ်သော ကောင်းသော စိတ်ရှိသူ၏ ဖြစ်ကြောင်း မာနသိက သုခဝေဒနာရ၏–ဟု ကောက်လေ။

---

● (၅) ဝိဝိဓပုဒ်ကို မည်သည့် ပုဒ်မျိုးဖြစ်သည်ဟု ဆုံးဖြတ်၍ ဝါစဋ္ဌ ဝါစဿဒ္ဓါ၏ လိင်,ဂဏ, ကာရန္တ တို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ။ ဝိဝိဓော၊ ဝိဝိဓော ဝိဓာ ယဿ ဝိဝိဓော (ဓာန်၊ ဋီ။ ၇၁၇) အရ ဗဟုဗ္ဗီဟိ သမာသ်ပုဒ်ဖြစ်ပါသည်။

ဝါစာကား ဣတ္ထိလိင်, ကညာဒိဂိုဏ်း, အာကာရန္တ တည်း။ ဥတ္တိဝါစာ ဂိရာ ဝါဏီ။ ဓာန်။ ၁၀၅ ကိုထောက်ပါ။

မှတ်ချက်။ အက္ခာတောကား အာ+ခါ+တ–တည်း။ ခါ ပကထနေ (ဆိုခြင်း) ချာ စ။ နီတိ၊ ဓာတု။ ၁၇။ ဝိဝိဓနေယတ္တာဝယ် ဝိဝိဓနေယပုဒ်၏ လိင်ဝုစ်ကိုမေးလျှင် "ဘာဝရှေ့ပုဒ်၊ ဘာဝယုဂ်၏။ လိင်ဝုစ်အရ၊ ရှာစစ်ကြသော်၊ လာထမယုတ်၊ သမ္ဗန်ပုဒ်နှင့်၊ လိင်ဝုစ်အရတူမြဲ" နိယံ အရ ဣမဿ ဝိနယဿ လာသမ္ဗန်အတိုင်း ပုလိင်ကေဝုစ်ဟုဖြေ။ သိ + ဖြေ ၎င်းဝါကျနှင့် ယှဉ်ကြည့်လေ။ ကြွင်းဟိတ်တို့၌ နည်းတူပင်။

---

● (၆) ခ–ဝါကျ ၁–၂–၃– တို့၌ အာဘော် သံဝဏ္ဏနာ တို့ကို ရေးသားပါ။

ဖြေ။ ။ (ခ) ဝါကျ ၁–၌ ဝိဝိဓ တွေ နယာဖြင့် ဝိနယောဝယ် ဝိသဒ္ဒါသည် အတိသယ, အဘာဝစသောအနက်တို့မဟော (ဗျတိရေက)။ ဝိဝိဓ = အထူးထူးအပြားပြားအနက်ကို ဟောသည်၏အဖြစ်ကို (အနွယ) လည်းကောင်း၁၊ ဝိနယောပုဒ်ကို "ဝိဝဓော နယော ဝိနယော"ဟု ကမ္မဓာရယ် သမာသ်ဝစနတ္ထမပြုရ (ဗျ)၊ ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယော ဟု သတ္တ

http://www.dhammadownload.com



မိဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို (နှ) ၎င်း၊၂ သိစေပါသည်။

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ, ဝါ-သမာသလိင်္ဂပဒတ္ထ။ ဝိဂြိုဟ်ပြ အဘိဓာနတ္ထသံဝဏ္ဏနာ။

**မှတ်ချက်။** ဝိနယောဒ္ဓ ဝိကို ဝိဝိဓာဖွင့်။ သံဝဏ္ဏနာဒ္ဓ ဓတ္ထ, တတ္ထ, ယတ္ထစသည် အာဓာရပုဒ်ပါလျှင် သံဝဏ္ဏေတဗ္ဗကို သတ္တမိဗဟုဗ္ဗိဟိ, အဿတ္ထိ, အဓိကရဏ သာခ် ၃-မျိုးတွင် တစ်မျိုးမျိုး လျော်စွာကြံရသည်။ ၎င်း တစ်မျိုးမျိုးကို ပြသည်ဟုမှတ်။

ခ ဒ္ဓ ပဋ္ဌဝိဓ (လ) ဝိဘင်္ဂါဒိပ္ပဘေဒါဖြင့် နယ အရ ပါတိမောက္ခုဒ္ဒေသ ၅-မျိုးအာပတ် ၇-ဖုံ မာတိကာဝိဘင်းစသည်ကိုယူရမည်ဟု သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထ သံဝဏ္ဏနာ။)

၂-ဒ္ဓ ဝိသေသဘူတာ အနုပညတ္တိနယာဖြင့် ဝိနယောဒ္ဓ ဝိ-သဒ္ဒါသည် အတိသယ, အဘာဝစသော အနက်တို့ကို မဟော (ဗျ) ဝိသေသ အထူးအနက်ကို ဟောသည်၏အဖြစ်ကို (နှ)၎င်း ဝိနယေ ပုဒ်ကို "ဝိသေသော နယော"ဟု ကမ္မဓာရယ် သမာသ်ဝစနတ္ထမပြုရ (ဗျ) ဝိသေသာ နယာ ဧတ္ထာတိ ဝိနယော"ဟု သတ္တမိဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို (နှ) လည်းကောင်း၊၂ နယ အရ အနုပညတ်နည်းကို ယူရမည်၏အဖြစ်ကို လည်းကောင်း၊၃ သိစေပါသည်။ (၁-ဝါကျမှ ၂-ဝါကျသို့ ဧတ္ထ လိုက်လာသည်ကို သတိပြု။)

(၁) ဥပသဂ္ဂလိင်္ဂတ္ထ။ (၂) သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ ဝါ-သမာသလိင်္ဂပဒတ္ထ ဝိဂြိုဟ်ပြ အဘိဓာနတ္ထ။ (၃) သရုပ်ကြား အဘိဓေယျတ္ထ။

၂-ဒ္ဓ ဒဠှီကမ္မသိထိလကရဏ ပယောဇနာဖြင့် အနုပညတ် နည်းသည် လောကဝဇ္ဇသိက္ခာပုဒ်တို့ဒ္ဓ မူလ ပညတ်ကို ခိုင်မြဲအောင် ပြုခြင်း ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်တို့ဒ္ဓ မူလပညတ်ကို လျော့အောင်ပြုခြင်း အကျိုးရှိသတည်းဟုသိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ။)

၃- ဒ္ဓ ဝိနေတိဖြင့် ဝိနယောဒ္ဓ အ ပစ္စည်းသည် ကမ္မသာဓနဒ္ဓ မသက် (ဗျ)။ ကတ္တုသာဓနဒ္ဓသက်သည်၏အဖြစ်ကို (နှ) လည်းကောင်း၊၁ ဝိနယော

http://www.dhammadownload.com



ပုဒ်ကို ဝိနေတဗ္ဗောတိ ဝိနယောဟု ကမ္မသာဓနေ ဝစနတ္တ မပြုရ (ဗျ)။ ဝိနတိတိ ဝိနယော ဟု ကတ္တုသာဓနေဝစနတ္တ ပြုရမည်၏ အဖြစ်ကို လည်းကောင်း (န္တ)[၂] သိစေပါသည်။

(၁) ဒုတိယပစ္စယတ္တ။ (၂) ဝိပြိုဟ်ပြအဘိဓာနတ္တ။

စေသကာယံဝါစဥ္စဖြင့် ဤဝိနည်းကား ကာယဝါစာ ၂-မျိုးလုံးကိုဆုံးမ သတည်း ဟု သိစေပါသည်။ (ဘာဝတ္တ။)

ကာယိကဝါစသိကအဇ္ဈာစာရဖြင့် ကာယံဝါစဥ္စဒ္ဒ ကာယ အရ ဥပစာရတ္တအားဖြင့် ကာယဒွါရ၌ဖြစ်သောလွန်ကျူးမှုကိုလည်းကောင်း[၁] ဝါစာအရ ဥပစာရတ္တအားဖြင့် ဝစီဒွါရ၌ဖြစ်သော လွန်ကျူးမှုကို လည်းကောင်း[၂] ယူရမည်ဟု သိစေပါသည်။

(၁) (၂) သရုပ်ကြားအဘိဓေယျတ္တ။

နိသေဓနတော်ဖြင့် ဝိနေတိ = ဆုံးမ၏ဟူသည် နိသေဓနေ = တားမြစ်မှုပင်တည်းဟု သိစေပါသည်။ (ဘာဝတ္တ။)

**မှတ်ချက်။** ။ (က) ဝါကျ အာဘော်ထက် အနည်းငယ်သာ ပိုသည်၊ (က) ဝါကျအာဘော်ကို သိ + ဖြေ (၄၃-၄၆)၌ ရေးခဲ့ပြီ။ ဝိသေသ ဘူတာစစေသဒ္ဒ စသဒ္ဒါတို့ကား ပက္ခန္တရဇောတကတို့တည်း။

---

● (၇) သိထိလ၊ သထလ၊ သိဋ္ဌိလဟု ပါဋ္ဌိအမျိုးမျိုးရှိရာ သာဓကပြ၍ အမှားအမှန်ဆုံးဖြတ်ပါ။

ဖြေ။ ။သိထိလ- သဟ ခမာယံ သဟိဿ သိထတ္တံ သဟိတု မလန္တိ သိထိလံ။ (မောဂ်၊ ၇။၁၉၁။) သဟဓာတ်ကိလ (က အနုဗန်ရှိ သော ဣလ) ပစ္စည်း၊ သဟကိုသိထပြု (သိထ+ဣလ) ဟူ၍ ပြီးသောကြောင့် သိထိလသင့်။

သထလ၊ သိဋ္ဌိလ- သထသေဋ္ဌိလ္လေ၊ ဘာထတိ သထလော ဟိ ပရိဗ္ဗဇော ဘိယ္ယော အာကိရတေ ရဇံ။ သိဋ္ဌိလောတိပါဋ္ဌိ ဒိဿတိ၊ တဒါ ဋ္ဌိကာရော မုဒ္ဓဇော ဂဟေတဗ္ဗော နိတိ၊ ဓာ။ ၇၄။ ယင်းအလို သထလ၊ သိဋ္ဌိလ ၂-• ပါဋ္ဌ်လည်းသင့်။

http://www.dhammadownload.com



● (ဂ) က-ဝါကျ အယံဝိနယောဒ္ဒိ နည်း၊ ၃-ဝါကျ ကာယံဝါစဥ္စ ဒ္ဒိ ဥပစာတို့ကို ရေးသားပါ။

ဖြေ။ ။ တစ်ခုသော ယက်ကန်းသားသည် နှစ်ထပ်သောချည် ဖြစ်သကဲ့သို့ တစ်ပုဒ်တည်းဖြစ်လျက် နှစ်နက်ကို ဟောစွမ်းနိုင်သော နည်းသည် "တန္တနည်း" မည်၏။ ကား။ အယံဝိနယောတည်း။ ဤ.....ဒ္ဒိ အယံ ဝိနယော ဟူသောနည်းသည် တစ်ပုဒ်တည်းဖြစ်လျက် အယံ ဝိနယော၊ ဤဝိနည်းကို။ အယံ ဝိနယော = ဣမဿ ဝိနယဿ။ ၏-ဤသို့ နှစ်နက်ဟောစွမ်းနိုင်သောကြောင့် "တန္တနည်း" မည်၏။

မှတ်ချက်။ ။အယံ ဝိနယောကို အက္ခာတော်ဒ္ဒိ စပ်နိုက် ကံ၊ ဝိဝိဓ (လ) ဝိနယနတော ဟိတ်ပုဒ်တို့ဒ္ဒိ စပ်နိုက် သမ္ဗန်။ ကံပေးနိုက် အပ ဓာန။ သမ္ဗန်ပေးနိုက် ပဓာနဟု နိယံ ဆိုသည်။ ဟိတ်သမ္ဗန်ခန်းနှင့် ယှဉ်တွဲကြည့်ပါ။ နှစ်ပုဒ်ကို ငဲ့သဖြင့် ကာကောလောကန နည်းလည်းကြံသင့်သည်။

* ကံနှင့် ကတ္တား၊ ပြန်ကြွားအပဓာန်၊ ၏ဟု ပြန်က ပဓာန၊ တန္တ နည်းယူလေ။ (ရွှေ။ ၄၈၂။)

ဥပစာ။ ။ ဌာန (အကြောင်း) ဖြစ်သော ကိုယ် (ကာယဒွါရ) ၏ ကာယံအမည်ကို ဌာနီ (အကျိုး) ဖြစ်သော ကိုယ်ဒ္ဒိဖြစ်စေ လွန်ကျူးမှု (ကာယိကအဇ္ဈာစာရ)ဒ္ဒိ တင်စား၍ ဌာနီ (အကျိုး) ဖြစ်သော ကိုယ် ဒ္ဒိ ဖြစ်သော လွန်ကျူးမှုကို ကာယံဟု ဆိုသောကြောင့် ဌာနူပစာ (ကာရဏူပစာ) မည်၏။

မှတ်ချက်။ ။ဝါစံကိုလည်း ဤအတိုင်း "ဌာန (အကြောင်း) နှုတ် (ဝစီဒွါရ)၏ ဝါစံ အမည်ကို ဌာနီ (အကျိုး) ဖြစ်သော ဝါစသိက အဇ္ဈာစာရဒ္ဒိ တင်လေ။ စာကျဉ်းစေရန် ဌာနူ ကာရဏူ ရောရေးလိုက်သည်။ ထုံးစံအတိုင်း "နာနန္တရိကနည်း" တည်း။ ကာယံကို ကာယိက အဇ္ဈာစာရ၊ ဝါစာကို ဝါစာသိက အဇ္ဈာစာရ ဖွင့်ခြင်းကား ဥပစာပြ အဖွင့်မျိုးတည်း။

http://www.dhammadownload.com



(က) အတ္တနံ့ သူစနတော (လ) အက္ခာတံ။

(ခ) ၁-တဥ္ဆိ အတ္တတ္တပရတ္တာဒိဘေဒေ အတ္ထေ သူစေတိ။

၂-သုဝုတ္တာ စေတ္ထ အတ္ထာ (လ) ဝုတ္တတ္တာ။

၃-သဝတိ စေတံ အတ္ထေ (လ) ဝုတ္တံ ဟောတိ။

၄-သူဒတိ စေတံ ဓေနုဝိယ ခီရံ၊ ပဂ္ဃရတီတိ ဝုတ္တံ ဟောတိ။

၅-သုဋ္ဌု စ နေ တာယတီ ရက္ခတီတိ ဝုတ္တံ ဟောတိ။

၆-သုတ္တသဘာဂဉ္စေတံ၊ ယထာဟိ တစ္ဆကာနံ ဝေမေတမ္ပိ ဝိညျနံ။ ယထာစ (လ)သင်္ဂဟိတာ အတ္ထာ။

(ဂ) တေန မေတဿ (လ) သုတ္တန္တိ အက္ခာတံ။ ဋ္ဌ။ ၁၅။

---

● (၁) ၃-ဝါကျကို ဥပမာန အသွင်း အထုတ်ပြ၍ အနက် ယောဇနာပါ။

**ဖြေ။** ။စ၊ ထိုမှတစ်ပါး။ သဿံ၊ ကောက်သည်။ ဖလံ၊ အသီး ကို။ သဝတိဝိယ၊ သီးသကဲ့သို့ (သဒ္ဒတ္ထ)။ ဝါ-ဖြစ်စေသကဲ့သို့ (အဓိပ္ပါယတ္ထ)။ တထာ၊ ထို့အတူ။ ဧတံသုတ္တံ၊ ဤသုတ်သည်။ အတ္ထေ၊ အကျိုးစီးပွားတို့ကို။ ဝါ-အနက်တို့ကို။ သဝတိ၊ သီးတတ်၏ (သဒ္ဒတ္ထ)။ ဝါ- ဖြစ်စေတတ်၏ (အဓိပ္ပါယတ္ထ)။ ဤကား ဥပမာနအတွင်းသွင်း၍ ယောဇနာခြင်း = ဥပမာနန္တောဂဓရဏယောဇနာတည်း။

**တစ်နည်း။** ။စ၊ တစ်ပါး၊ ဧတံသုတ္တံ၊ သည်။ အတ္ထေ၊ တို့ကို။ ဝါ-တို့ကို။ သဝတိ၊ ၏။ ဝါ-၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ သဿံ၊ သည်။ ဖလံ၊ ကို။ သဝတိဣဝ၊ သီးသကဲ့သို့တည်း။ ဝါ-ဖြစ်စေ သကဲ့သို့တည်း။ ဤကား ဥပမာနအပြင်ထုတ်၍ ယောဇနာခြင်း = ဥပမာန ဗဟိကရဏ ယောဇနာခြင်းတည်း။

**မှတ်ချက်။** ။"ပမာ ပမေ၊ ဤနှစ်ထွေ၊ ပမေ ပဓာနသာတည်း" ဆိုရိုးရှိသဖြင့် ဥပမေယျသည် ပဓာန၊ ဥပမာနသည် အပဓာန။ ၎င်းဝါကျ မျိုးကို ပဓာန အပဓာန အစဉ်ကျအောင် အနက်ပေးပါဟု မေးလျှင် ဥပမေယျမှစ၍ အနက်ပေးရသော ဥပမာနဗဟိကရဏ ယောဇနာအတိုင်း ဖြေပါ။ ပမာ ပမေ (ဥပမာန, ဥပမေယျ) ထင်ရှားစေလျက် အနက်ပေး

http://www.dhammadownload.com



ပါဟု မေးလျှင် ဥပမာနန္တောကရဏာယောဇနာအတိုင်း ဖြေပါ။ ၄-ဝါကျ၌ "ဓေနုဝိယ ခီရံ"ကိုလည်း ဤနည်းအတိုင်း ဥပမာန အသွင်းအထုတ်ပြု၍ ယောဇနာပါလေ။ သုတ္တံကို သံဝဏ္ဏနာ (အဖွင့်)နှင့်အညီ အနက်ယောဇနာ ပုံကို သီ+ဖြေ ၄၇-၈-၌ ရေးခဲ့ပြီ။

---

● (၃) က-ခ-ဂ- ဝါကျတို့၏အမည်မျှကို ရေးသား၍ ခ-ဝါကျ၌ ပါဝင်သော ဝါကျအသီးသီးတို့၏ အမည်များကို အကြောင်းနှင့် တကွ ဖော်ပြပြီးလျှင် ခ-စသော ဝါကျကို အနုသန္ဓေ၊ ၃-ဝါကျ၌ ဥပမာန ဝါကျကို အယုတ္တာဘောဂ ပုစ္ဆာတက်ပါ။

## ဖြေ။ ။ဝါကျအမည်များ

က-ကား သခေ်ပ။ ခ-ကား ဝိတ္ထာရ။ ဂ-ကား နိဂမန။ (ဝိနယ အဖွင့်နှင့် အတူပင်)။

## အကြောင်းပြဝါကျခွဲ

ခ-ဓါကျ၌ ၂-ဝါကျသည် အတ္ထာနံ သူစနတောဟိတ်၏ အကျယ်မှ တစ်ပါး သုဝုတ္တတော ဟိတ်၏ အကျယ်ကို ပြသောကြောင့် ပက္ခန္တရ။ ထိုကို ထောက်၍ ၁-ဝါကျသည် ပက္ခ။

၂-ဝါကျတွင် ဝေနေယျ (လ) ဝုတ္တတ္တာကား အကြောင်းကိုပြ သောကြောင့် ကာရဏ (ဉာပက)ဝါကျ။ ထိုကိုထောက်၍ သုဝုတ္တာ စေတ္တအတ္ထာကား ဖလဝါကျ။

† တေနေဝါဟ "ဝေနေယျ (လ) ဝုတ္တတ္တာ" တိ။ သာ္ဌရတ္ထ၊ ၁၊ ၇၀။

၃-ဝါကျကား ရှေ့ဟိတ် ၂-ပါး၏ အကျယ်မှတစ်ပါး သဝနတော ဟိတ်၏ အကျယ်ကို, ပြသောကြောင့် ပက္ခန္တရ။ ထိုကိုထောက်၍ ၁-၂ ဝါကျတို့ကား ပက္ခဝါကျ။

၃-ဝါကျတွင် သဿမိဝံ ဖလံကား နှိုင်းယှဉ်ကြောင်း ဖြစ်သော ကြောင့် ဥပမာနဝါကျ။ ထိုကိုထောက်၍ သဝတိ စေတံ အတ္တေကား နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျဝါကျ။

http://www.dhammadownload.com



၃-ဝါကျတွင် ပသဝတီတိ ဝုတ္တံဟောတိကား သဝတိဒ္ဒ သုဓာတ်၏ အနက်ငုပ်သည်ကို ဖော်ပြသောကြောင့် ဝိတ္ထာရ။ သဝတိ စေတံ အတ္တေကား ဓာတွတ္ထ ငုပ်သောကြောင့် သခေ်ပ။ (ငုပ်ကျဉ်းကား ချဲ့ဆိုသည့် အတိုင်း အနက်ငုပ်သည်ကို ဖော်သော ဝိတ္ထာရမျိုး) တစ်နည်း။ သဝတိဒ္ဒ သုဓာတ်သည် သဝန = ကြားနာခြင်း အနက်ကို ဟောသလောဟု ဓာတ်နက် လျှဉ်းပါးဖွယ် (ဓာတွတ္ထပသင်္ဂ) ရှိသဖြင့် ပသဝတိဟု ဓာတွတ္ထ ပသင်္ဂကို ပယ်ဖြေလို၍ တက်လာသောကြောင့် ဝါကျာရမ္ဘဝါကျ။ သဝတိ (လ) အတ္တေကား အာရဒ္ဓ။

## ဣတိဝုတ္တံ ဟောတိမှတ်ဖွယ်

ဝါကျ၏အဆုံးသတ်ဒ္ဒ ဣတိဝုတ္တံဟောတိ (ပဋ္ဌရတိတိဝုတ္တံ ဟောတိ) ဟု ရေးသားထားသည်ကို တွေ့ရလျှင် ယင်းဝါကျဖြင့် ပဒပိဏ္ဍတ္ထ (စကား ကျ)ကို ပြသည်ဟု မှတ်ရာ၏။ ယင်းဝါကျမျိုးကို ဝိတ္ထာရ, ဝါကျာရမ္ဘ ၂- မျိုးပင် ကြံနိုင်သည်။ "နေယျတ်သိုလှ၊ စကားကျ ကိုထောက်၍ မိမိကား ဝိတ္ထာရကို ပို၍ နှစ်သက်သည်။ ကျမ်းတက်ရာဒ္ဒကား ရှေ့ (မူလ) သဝတိ စေတံ အတ္တေ ဝါကျကို မြန်မာပြန်၍ ထပနာမထားဘဲ "ဆရာ၊ ဆရာသည် သဝတိ စေတံ အတ္တေဟုဆို၏။ ဤလို သဒ္ဒထပနာ (သဒ္ဒပဒတ္ထကထပနာ) ထား။ "ယင်းဝါကျဒ္ဒ သဝတိ သဒ္ဒါ၏ ပဒပိဏ္ဍတ္ထ (စကားကျ) ကား အဘယ်နည်း (ပုစ္ဆာ)။ ယင်းသဝတိသဒ္ဒါ၏ ပဒပိဏ္ဍတ္ထ (စကားကျ) ကို မပြဆိုပြီလော (အာဘော်) ဟု လည်းကောင်း၊ တစ်နည်း။ သဝတိဒ္ဒ သဝတိသဒ္ဒါ၏ အနက်ကားအဘယ်နည်း။ ယင်းသဝတိဒ္ဒ သုဓာတ်သည် သဝန = ကြားခြင်းအနက်ကို ဟောသလောဟု ဓာတွတ္ထပသင်္ဂ အားဖြင့်လည်းကောင်း၊ ၂-နည်း တက်နိုင်သည်။ ဤမှတ်ဖွယ်ကို ကြိုးစား၍ မှတ်ပါ၊ အလားတူ ဝါကျများစွာတွေ့ရမည်။

* (ဣတိ) ဝုတ္တံဟောတိ၊ သိဒ္ဓရိုက၊ နေယျတ်သိုလှ၊ စကားကျ။

(ရွှေ)

* ဣတိ ဝုတ္တံ၊ ဟောတိခံက၊ ပဒပိဏ္ဍတ္ထ၊ ဝိတ္ထာရတည်း။ (သစ်)

http://www.dhammadownload.com



## ဝါကျခွဲအဆက်

၄-ဝါကျကား ရှေ့ဟိတ် ၃-ပါး၏ အကျယ်မှတစ်ပါး သူဒနတော ဟိတ်၏ အကျယ်ကိုပြသောကြောင့် ပက္ခန္တရ။ ထိုကိုထောက်၍ ၁-၂-၃ ဝါကျတို့ကား ပက္ခ။

၄-ဝါကျ ပက္ခန္တရ၊ ထိုတွင် ပါဝင်သောဝါကျ။ ၅-ဝါကျ လည်း ပက္ခန္တရ၊ ထိုတွင်ပါဝင်သော ဝါကျများကို ၃-ဝါကျ အဖြေကို မှီး၍ အကျယ်သိလေ။

၆-ဝါကျကား ရှေ့ဟိတ် ၅-ပါး၏ အကျယ်မှ တစ်ပါး သုတ္တ သဘာဂတော ဟိတ်၏ အကျယ်ကိုပြသောကြောင့် ပက္ခန္တရ ဝါကျ။ ၁ (လ) ၅-ဝါကျတို့ကား ပက္ခဝါကျ။

၆-ဝါကျတွင် ယထာဟိ(လ) ဝိညုန့်။ ယထာစ (လ) သင်္ဂဟိတာ အတ္ထာ ၂-ဝါကျကား သုတ္တသဘာဂဋ္ဌေတံ ဝါကျ၌ သုတ္တ သဘာဂ (သုတ္တသဒိသ) တမျိုးချည်းနှင့်တူပုံကို အကျယ်ပြသောကြောင့် ဝိတ္ထာရ။ ထိုကိုထောက်၍ သုတ္တသဘာဂဋ္ဌေတံ ဝါကျကား သင်္ခေပဝါကျ။

ထိုဝိတ္ထာရ ၂-ဝါကျတွင် ယထာစ ဝါကျကား သုတ္တသဒ္ဒါပန်း သီတန်ချည်အနက်ဟော၍ ယင်းပန်းသီတန် ချည်နှင့်တူပုံ အကျယ်ကိုပြ သောကြောင့် ပက္ခန္တရ။ ယထာဟိဝါကျကား သုတ္တသဒ္ဒါ တမျိုးချည် အနက်ဟော၍ ယင်းတမျိုးချည်နှင့် တူပုံအကျယ်ပြသောကြောင့် ပက္ခ ဝါကျ။

† သုတ္တသဘာဂတံယေဝ ဒဿေန္တော အာဟ "ယထာဟိ" တိ အာဒိ (လ) ပ္ပကါဒါနိအညထာပိ သုတ္တသဘာဂတံ ဒဿေန္တော အာဟ "ယထာစာ" တိ အာဒိ။ သာရတ္ထ။ ၁၊ ၇၁။

**မှတ်ချက်။** ယထာဟိ, ယထာစဝါကျတို့၌ ဥပမာနဥပမေယျ စုံလင်စွာပါသဖြင့် ယင်းဝါကျတို့ကို တပွါ ကဋီ ကရဏကြံဖွယ် ရှိသော် လည်း ရှေ့ (မူလ) ဝါကျ၌ ပါပြီးဖြစ်သော ဥပမာန ကိုသာ ချဲ့ပြလို သဖြင့်တက်လာသည်။ ရှေ့ (မူလ) ဝါကျကို ဥပမာန ဥပမေယျဖြင့် ထင်

http://www.dhammadownload.com



ရှားအောင် ဖွင့်ပြခြင်းမဟုတ်သဖြင့် တပ္ပါ ကဋိကရဏာ ဟု မဆိုနိုင်ချေ။ ယထာပိ (လ) ပမာဏဝါကျကို ဥပမာန၊ ဝေမေတမ္ပိ ဝိညျုန်ကို ဥပမေယျ။ ယထာစ (လ) ဝိဒ္ဓံသိယန္တိကို ဥပမာန။ ဝေ မေတေန (လ) အတ္တာကို ဥပမေယျ ဝါကျဟုခွဲလေဦး။

## ခ–စသောဝါကျအနုသန္ဓေတက်

ဤသို့ က–ဝါကျဖြင့် သုတ္တမည်ခြင်း၏ အကြောင်းတို့ကို (ဂါထာဖြင့်) အကျဉ်းပြဆိုပြီး၍ ယခုအခါ၌ (ဂါထာ) အကျဉ်း၏ အနက်ကိုထင်ရှားပြခြင်းငှာ၊ ဝါ–ချဲ့ပြခြင်းငှာ ခ–စသော ဝါကျကိုမိန့်။

† ဣဒါနိ အတ္တာနံ သူစနတောတိ အာဒိဂါထာယ အတ္ထံပကာသေန္တော အာဟ တဦတိအာဒိ။ သာရတ္ထ၊ ၁။ ၆၉။

† တမတ္ထံ ဝိဝရတိ တဦတိအာဒိနာ။ သီ၊ ဋီ၊ သစ်၊ ၁။ ၉၀။

## အယုတ္တာဘောဂပုစ္ဆာတက်

ဆရာ၊ဆရာသည် သဝတိ စေတဲ အတ္တေဖြင့် အတ္တတို့ကိုသီးတတ်ဖြစ်စေတတ်သောဟုဆို၏။ အဘယ်ကဲ့သို့ သီးတတ်ဖြစ်စေတတ်ပါသနည်း။ (တက်လတ္တံ့ဝါကျ၌ သဿမိံ ဟုရှိသဖြင့် ကိမိံ သဝတိ– ဟု ပုစ္ဆာထုတ်။) သုတ္တ က အတ္တတို့ကို သီးတတ်ဖြစ်စေတတ်ပုံကို ဥပမာဖြင့် မပြပြီလော–ကြောင့် သဿမိံ ဖလံမိန့်။

ကား.....ကောက်သည် အသီးကို ဖြစ်စေတတ်သကဲ့သို့ သုတ္တသည် အတ္တတို့ကို သီးတတ်ဖြစ်စေတတ်၏ဟူလို။

**မှတ်ချက်။** ။ဤ၌ဥပမာ, ပမေ နှီးနှောပုံနှင့် ဋီကာ အဓိပ္ပာယ် ကို သိ+ဖြေ။ ၅၂–၃–၌ ရေးခဲ့ပြီ

---

● (၄) သုတ္တံပုဒ်ကို က–သံဝဏ္ဏနာနှင့်အညီ ဝစနတ္ထ ပြ၍ ဉာဏ်ကောက်ပါ။

**ဖြေ။** ။ဝစနတ္ထ။ အတ္တေ သူစေတီတိ သုတ္တံ။

**ဉာဏ်ကောက်။** ယံ ပိဋကံ၊ အကြင်ပိဋကသည်။ အတ္တေ၊ တို့ကို။ ဝါ–တို့ကို။ သုစေတိ၊ ပြတတ်၏။ ဣတိ တံ ပိဋကံ သုတ္တံ။

http://www.dhammadownload.com



သူစေတိကား ကတ္တုသာဓနေကိတ်ဝိဂြိုဟ်၊ သုတ္တံကား ကတ္တုသာဓနေ ကိတ်ပုဒ်။ သူစ ဓာတ် တ ပစ္စည်း။

သူစ ဓာတ် အရကား သုတ္တန်ပိဋက ဟူသော အပေါင်းပည္တ္တိ သဒ္ဒါ၏ ဝါစက သတ္တိသည် မုချ။ သုတ်, ဟူသော တံ, ဟူသော အစိတ်ပါရမတ္ထသဒ္ဒါ၏ပကတူပနိဿယသတ္တိသည် ဖလူပစာ။ တ–ပစ္စည်း အရကား ထိုမုချဖလူပစာရတ္တတို့ဖြင့် မှတ်အပ်သော သုတ္တန်ပိဋကဒြဗ်ရ၏။

● (၅) သဿ, ဓေနုသဒ္ဒါတို့၏ ဓာတ်, ပစ္စည်းကို ရေးသား၍ ၅–ဝါကျ၌ နေသဒ္ဒါ၏လိင်, ဂိုဏ်း, ကာရန်တို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ။ သဿ = သသဓာတ်+သပစ္စည်း။ **တစ်နည်း။** သ သဒ္ဒူပပဒ+ သိဓာတ်+အ ပစ္စည်း။ ဓေနု = ဓေဓာတ် + နုပစ္စည်း။ တစ်နည်း။ ဓာ ဓာတ် + နုပစ္စည်း။ (ဓာကို ဧပြု)။

† သသ ဂတိဟိံသာ ပါပုဏနေသု။ သော။ သသန္တိ ဗီဇန္တိ သတ္တာ ဧတေနာတိ သဿံ။ သေ ခေတ္တေ (လယ်၌) သေတိ ရုဟတီတိ ဝါ သဿံ။ သူစိ။

† ဓေ ပါနေ။ နု။ ဓယတိ ပိဝတိ ဣတော ခီရံ ပေါတကောတိ ဓေနု။ သူစိ။,

† ဓာရေတီတိ ဓေနု။ ဂါဝီ။ မောဂ်၊ ၇။ ၃၄။

နေသဒ္ဒါကား (အတ္တေကိုစွဲသဖြင့်) ပုလ္လိင်, ဤ၌ ပုရိသာဒိဂိုဏ်း, အကာရန္တ။

## သဗ္ဗနာမ်ပုဒ်လိင်ဂိုဏ်းမှတ်ဖွယ်

သဗ္ဗနာမ၊ ဟူလက၊ ဝုတ္တဝုစ္စမာနလိင်ယှဉ်ပြ–ဟူသော နိယံ၊ ပုလ္လိင်အရာ (ပုလ္လိင်ကိုစွဲရာ)၌ ပုရိသ သဒ္ဒါနည်းနည်းတူ၊ ဣတ္ထိလိင်အရာ၌ ကညာ သဒ္ဒါနည်းတူ၊ နပုလ္လိင်၌ စိတ္တ သဒ္ဒါနည်းတူ ပဒမာလာ စဉ်ရမည်ဟု မှာထားသောနိတိ၊ ပဒ။ ၃၅၉ တို့ကိုထောက်၍ သဗ္ဗနာမ်ပုဒ်ကိုစွဲရာ ပုဒ်၏ လိင်အတိုင်း ဆုံးဖြတ်ရမည်။ ဂိုဏ်းနှင့် ကာရန်မှာလည်း ပုလ္လိင်စွဲလျှင် ပုရိသာဒိဂိုဏ်း၊ အကာရန္တ။ ဣတ္ထိလိင်စွဲလျှင် ကညာဒိဂိုဏ်း၊ အာကာရန္တ။

http://www.dhammadownload.com



နပုလ္လိင်စွဲလျှင် စိတ္တာဒိဂိုဏ်း၊ အာကာရန္တ ဟုသာ ဆုံးဖြတ်ရမည်၊ ဖြေဆိုရမည်။ (သဗ္ဗနာမ်ဂိုဏ်းဟုမဖြေဆိုလင့်၊ သတိရှိစေ။)

---

● (၆) ခ–ဝါကျ ၁-မှ ၆-အထိဝါကျတို့၌ အာဘော် သံဝဏ္ဏနာကိုရေးသားပါ။

ဖြေ။ ။ ၁ – ဝါကျ၌ သူစေတိဖြင့် သူစနတော၌ သုစ ဓာတ်မဟုတ်၊သူစဓာတ်၏အဖြစ်ကိုလည်းကောင်း¹၊သူစန၌ ယု ပစ္စည်းသည် ကမ္မသာဓန၌မသက်၊ ကတ္တုသာဓန၌သက်သည်၏ အဖြစ်ကို လည်းကောင်း²၊ ယင်းသူစနပုဒ်ကို "သူစိတဗ္ဗန္တိ သူစနံ"ဟု ကမ္မသာဓနမပြုရ၊ "သူစေတီတိ သူစနံ"ဟု ကတ္တုသာဓနပြုရမည်၏အဖြစ်ကို လည်းကောင်း³ သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။

၃။ ဝိဂ္ဂြိုဟ်ပြအဘိဓာနတ္ထ။

၁–ဝါကျ၌ အတ္ထေဖြင့် (အတ္ထာနံ သူစနတော၀ယ်) အတ္ထာနံ၌ နံ ဝိဘတ်၏ ကမ္မတ္ထ၏ အဖြစ်ကို လည်းကောင်း¹၊ အတ္တတ္ထ ပရတ္ထာဒိဘေဒေဖြင့် အတ္ထသရုပ်ကို လည်းကောင်း² သိစေသည်။

၁။ ဝိဘတျတ္ထ။ ၂။ သရုပ်ကြားအဘိဓေယျတ္ထ။

၂–ဝါကျ၌ သုဝုတ္တာ တွေဖြင့် သုဝုတ္တတော၌ သုဝုတ္တပုဒ်ကို သုဋ္ဌု ဥတ္တာ တွောတိ သုဝုတ္တံဟု သတ္တမိဗဟုဗ္ဗီဟိသမာသ်ဝိဓနတ္ထ ပြုရမည်၏ အဖြစ်ကို လည်းကောင်း¹။ **တစ်နည်း။** သုဋ္ဌု ဥစ္စတိ တွောတိ သုဝုတ္တံဟု အဓိကရဏ သာဓန ဝိဓနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း²၊ တ–ပစ္စည်း၏ အဓိကရဏသာဓန၌ သက်ရမည်၏ အဖြစ်ကိုလည်းကောင်း³ သိစေသည်။

၁။ သမာသလိင်္ဂပဒ၊ သမာသလိင်္ဂတ္ထ၊ ဓဝါ–သမာသလိင်္ဂပဒတ္ထ။

**တစ်နည်း။** ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

၂–ဝါကျ၌ အတ္ထာဖြင့် အတ္ထာနံကိုပင်ဖွင့်သည်။ ရှေ့နည်းတူမှတ်။ ဝေနေယျ (လ) ဝုတ္တတ္တာဖြင့် ဘာဝတ္ထပြသည်ဟု အာဘော်ဖော်ပါ။

၃–ဝါကျ၌ သဝတိဖြင့် သဝနတော၌ သဝနပုဒ်ကို သဝတီတိ သဝနံဟုကတ္တုသာဓနပြုရမည်၏ဖြစ်ကိုလည်းကောင်း¹၊ယုပစ္စည်း၏ ကတ္တုသာဓန၌သက်သည်၏အဖြစ်ကိုလည်းကောင်း²၊သိစေသည်။(ဖျတိရေကအာဘော်လွယ်ပြီ။)

http://www.dhammadownload.com



၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

၃ ဝါကျ၌ သသမိဝ ဖလံဖြင့် ဘာဝတ္ထကိုပြသည်။ ၎င်းဝါကျ ကျမ်းတက် အဓိပ္ပာယ်ပြန်ကြည့်လေ။

၃-ဝါကျ၌ ပသဝတိဖြင့် သဝတိ၌ သုဓာတ်သည်နာကြားခြင်း = သဝနအနက်ကို မဟော၊ သီးခြင်း၊ ဝါ-ဖြစ်စေခြင်း အနက်ကို ဟော သတည်းဟု သိစေသည်။ (ဓာတွတ္ထသံဝဏ္ဏနာ)

**မှတ်ချက်။** ။ သဝတိ၌ သုဓာတ်သည် နာကြားခြင်း - သဝန အနက်ကို ဟောသလော-ဟု အာဘော်ပြုပါ။ အာဘော် ဖော်ရာ၌ ဇျုတိ ရေကအာဘော်သည် 'ကျမ်းတက်ရာ၌ အာဘော် ဖြစ်လာသည်ကို တွေ့ရ မည်။ အရာရာ ဤနည်းချည်းမှတ်။ သဝနတောကို သဝတိဖွင့်၊ သဝတိကို ပသဝတိဖွင့်သည်။ "ပသဝတီတိ ဖလတီနိမ္ဗာဒေတီတိ အတ္ထော" သာရတ္ထ၊ ၁။ ၇၁။ "ပသဝတီတိ ဖလတိ"။ မူလဋီ၊ ၁။ ၁၉-၂၀။ ဤ ဋီကာများအလို "ပသဝတိ"ကား သုဒ္ဒကတ္တုရုပ်။ နီတိ၊ ဓာတု။ ၁၇၂ ၌ ကား "အတ္ထေ သဝတိ ဇနေတီတိ သုတ္တံ" ဟု ဆိုသည်။ ဤအလို သဝတိ, ပသဝတိ၊ ဖြစ်စေ၏ဟု အနက်ပေး။ ကာရိတလောပ။

၄-ဝါကျ၌ သူဒတိဖြင့် သူဒနတော၌ သုဒဓာတ်မဟုတ်။ သူဒဓာတ်၏ အဖြစ်ကို လည်းကောင်း[၁]၊ သူဒနပုဒ်ကို သူဒတီတိ သူဒနံဟု ကတ္တုသာဓနေ ပြုရမည်၏ အဖြစ်ကို လည်းကောင်း[၂]၊ ယုပစ္စည်း၏ ကတ္တုသာဓနေ၌ သက် သည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။ (ဇျုတိရေကအာဘော်လွယ်ပြီ။)

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။

၃။ ဒုတိယ ပစ္စယတ္ထ။

၄-ဝါကျ၌ စေနဝိယ ခီရံဖြင့် ဘာဝတ္ထကို ပြသည်။

၄-ဝါကျ၌ ပဂ္ဃရတိဖြင့် သူဒတိ၌ သူဒဓာတ်သည် ဟိံသာ, နိရာသ = တားမြစ်ခြင်း အနက်တို့ကိုမဟော၊ ပဂ္ဃရဏ = ထိုစီးခြင်း (သွန်ချခြင်း)အနက်ကိုဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထသံဝဏ္ဏနာ)

http://www.dhammadownload.com



**မှတ်ချက်။** ။ဓာတွတ္ထ၊ နှာ။ ၃၈၀ ၌ သူဒဓာတ်၏ ဓာတွတ္ထ ဟိံသာ, ပဂ္ဃရဏ, နိရာသ ၃-နက် ရှိကြောင်းဆိုသည်ကို ထောက်၍ အာဘော် ဖော်သည်။ ပဂ္ဃရတိကား (ပ+ဃရ+တိ) ဃရဓာတ် သေစနတ္ထ (ယို-သွန်းလောင်း-သွန်းချ-ခြင်းအနက်) တည်း။ သကမ္မကဓာတ်၊ ထိုကြောင့် သုဒ္ဒကတ္တုရုပ်သာတည်း။ သီ၊ ဋီ၊ သစ်၊ ၁။ ၉၃-၌ သူဒတိကို ပဂ္ဃရာပေတိဟု ကာရိုက်ဖြင့် ဖွင့်သည်။ ဤအလို သူဒတိ၊ ယိုစီးစေတတ်၏ဟု အနက်ပေး။ နီတိ၊ ဓာတု။ ၉၄-၌လည်း နည်းတူပင် ကာရိုက်ဖွင့်၏။ ဝီမံသိတ္ဗာ ဂဟေတဗ္ဗံ။

၅-ဝါကျ၌ သုဋ္ဌု တာယတိဖြင့် သုတ္တာဏ သဒ္ဒါ၏ သုပုဗ္ဗတာဓာတ်၏ အဖြစ်ကိုလည်းကောင်း[၁] သုတ္တာဏ၌ ယုပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂] သုတ္တာဏသဒ္ဒါကို သုဋ္ဌုတာယတီတိ သုတ္တာဏံဟု ကတ္တုသာဓနေ ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ သုသဒ္ဒါသည် သောဘဏ သုခ စသောအနက်ကိုမဟော၊ သုဋ္ဌုအနက်ဟော၏အဖြစ်ကို လည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။

၃။ အဘိဓာနတ္ထ။ ၄။ ဥပသဂ္ဂလိင်္ဂတ္ထ။

၅-ဝါကျ၌ ရက္ခတိဖြင့် တာယတိ၌ တာဓာတ်သည် ပါလန (=စောင့်ရှောက်ခြင်း) အနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထသံဝဏ္ဏနာ။)

၆-ဝါကျ၌ ယထာ ဟိ တစ္ဆကာနံ (လ) သင်္ဂဟိတာ အတ္ထာ၌ ယထာ, ဧဝံတို့ဖြင့် သုတ္တသဘာဂ၌ သဘာဂသဒ္ဒါ၏ သဒိသအနက်ဟော ၏အဖြစ်ကိုလည်းကောင်း[၁]၊ သုတ္တံ သုတ္တေနတို့ဖြင့် သုတ္တသဒ္ဒါ၏ သာမညနိဒ္ဒေသနည်း၊ ဧကသေသနည်းဖြင့် တမျဉ်းချည် ပန်းသီတန်ချည် နှစ်နက် (ဥဘယတ္ထ) ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂] ဝါ-သုတ္တဉ္စ (တမျဉ်းချည်) သုတ္တဉ္စ (ပန်းသီတန်ချည်) သုတ္တံ ဟု ဧကသေသတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃] ယထာဟိ, ယထာစ ၂-ဝါကျလုံးဖြင့် သုတ္တန်၏ တမျဉ်းချည်, ပန်းသီတန်ချည်နှင့်တူပုံ (သုတ္တသဘာဂဘာဝ)ကိုလည်းကောင်း[၄] သိစေသည်။

http://www.dhammadownload.com



၁။ နာမလိင်္ဂတ္ထ။ ၂။ နာမလိင်္ဂတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဘာဝတ္ထ။

● (၇) တစ္ဆကာန်၊ တစ္စကာန်။ ပမာဏ်၊ ပမာန် ဟု ပါဠိအမျိုးမျိုး ရှိရာ ယုတ္တိပြ၍ မှန်ရာကိုဆုံးဖြတ်ပါ။

ဖြေ။ ။ တစ္ဆကာန် ပါဠ်သာသင့်သည်။ တစ္ဆကော ဝဓကော မတော။ ဓာန်။ ၅၀၆။ တစ္ဆ တနုကရဏေ ဏွု။ တစ္ဆတိ တနုကရောတီတိ တစ္ဆကော-ဟု ဆိုသောကြောင့် တစ္ဆဓာတ် + ဏွုပစ္စည်းဖြင့် ပြီးရကား "တစ္ဆကော"ပါဠ်သာသင့်သည်။

ပမာဏံ ရှိသောပါဠ်သာသင့်။ ပမိယတိ အနေနာတိ ပမာဏံ။ ရူ။ ၅၈၁။ ပပုဗ္ဗ + မာဓာတ်+ယုပစ္စည်း။ ယုကိုအနပြု၊ အနဩ နကို ရဟာဒိတော ဏဖြင့် ဏ-ပြု၍ ပြီးသောကြောင့် " ပမာဏံ " ပါဠ်သာ သင့်သည်။

**မှတ်ချက်။** ။ ဤပါဠိမူကွဲများ ကျမ်းဂန်၌ရှိ၍ မေးသည် မဟုတ်ပါ၊ ပါ၊ ပါဠိကို ပြင်ဆင်၍ မေးနိုင်ကြောင်း သိစေလို၍ ပုစ္ဆာထုတ်သည်ဟုမှတ်။

● (၈) ၆-ဝါကျကိုထောက်၍ သုတ္တံ၌ ရနိုင်သောနည်း ဥပစာတို့ကို ညွှန်ပြပါ။

ဖြေ။ ။ ဤသုတ္တံ ဟူသော ပြယုဂ်၌ သုတ္တဟူသော နည်းသည် သုတ္တသဒ္ဒါတစ်ခုကိုချေ၍ သုတ္တသဒ္ဒါ တစ်ခုကြွင်း ပြုသောကြောင့် ဧကသေသနည်း။

**တစ်နည်း။** ဤ၌ သုတ္တံဟူသော နည်းသည် သုတ္တံ၊ တမျဉ်းချည်နှင့် တူသောသုတ်၊ ပန်းသီတန်ချည်နှင့် တူသောသုတ်ဟု အနက်ပြားလျက် သုတ္တသဒ္ဒါချင်း တူသည်၏အဖြစ်ဖြင့် တစ်ခုတည်းပြုသောကြောင့် သမညနိဒ္ဒေသနည်းမည်၏။

**ဥပစာ။** အတူဖြစ်သော တမျဉ်းချည် ပန်းသီတန်ချည် တို့၏ သုတ္တအမည်ကို အတူရှိသော သုတ္တန်၌တင်စား၍ အတူရှိသော သုတ္တန်ကို သုတ္တဟု ဆိုသောကြောင့် သဒိသူပစာသဒ္ဒါမည်၏။

**မှတ်ချက်။** ဆိုခဲ့ပြီးသော ဝစနတ္ထများအရ သုတ္တန်ပိဋကကို သုတ္တဟုခေါ်၏။ သုတ္တာဂတံ လုတ္တ ပရိယာပန္နံ ဟူသော ပါဠိဝယ် ဝိနည်းကို

http://www.dhammadownload.com



သုတ္တဟု ခေါ်ရာ၌လည်းကောင်း၊ သကဝါဒေ ပဉ္စသုတ္တသတာနိ စသည်ဖြင့် ဝိနည်း အဘိဓမ္မာတို့ကို သုတ္တဟုခေါ်ရာ၌လည်းကောင်း။ ဘုရားဟော ပါဠိတော်ချင်း တူသောကြောင့် သဒိသူပစာ။ အတူ သုတ္တန်ပိဋကၶ၏ သုတ္တအမည်ကို အတူရှိသော ကြွင်းပိဋက၌တင်။

† တွေက် တသာ ဘဂဝတော သုတ္တာဂတံ သုတ္တ ပရိယာပန္နန္တိ စ သကဝါဒေ ပဉ္စသုတ္တသတာနီတိ စ ဝေမာဒီသု သုတ္တ သဒ္ဒေါ ဥပစာရိတောတိ ဂဟေတဗ္ဗော။ သာရတ္ထ၊ ၁။ ၇၀။

---

(က) ဣတရောပန ယံ တွေ ဝုမုမန္တော (လ) တေန အက္ခာတော။

(ခ) အယဥ္စ အဘိသဒ္ဒေါ ဝုမိလက္ခဏ ပူဇိတပရိစ္ဆိန္နာ ဒိကေသု ဒိဿတိ။

(ဂ) ၁။ တထာ ဟေသ "ဗာဠှာ မေ အာဝုသော ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊နော ပဋိက္ကမန္တီ" တိ အာဒီသု ဝုမိယံ အာဂတော။

၂။ "ယာ တာ ဝုတ္တိယော အဘိညာတာ အဘိ လက္ခိတာ"တိ အာဒီသုလက္ခဏေ။

၃။ ရာဇာဘိရာဇာမနုဇိန္ဒော"တိ အာဒီသု ပူဇိတေ။

၄။ ပဋိဗလော ဝိနေတုံအဘိဓမ္မေ ဝိနယေ"တိ အာဒီသု ပရိစ္ဆိန္နေ။

၅။ အညမည သင်္ကရဝိရဟိတေ ဓမ္မေ ဝိနယေစာတိ ဝုတ္တံ ဟောတိ။

၆။ "အဘိက္ကန္တေန ဝဏ္ဏေနာ"တိ အာဒီသု အဓိကေ။ ဋ္ဌ။ ၁၆။

● (၁) ၂-ဝါကျ၌ အဘိညာတာ၊ ၃-ဝါကျ၌ ပူဇိတေ ပုဒ်တို့ကို သဒ္ဒတ္ထ၊ အဓိပ္ပါယတ္ထ ၂-မျိုးဖော်ပြပါ။

ဖြေ။ ။အဘိညာတာ၊ (လထင်ဝင်းစသော တစ်စုံတစ်ခုသော) အမှတ်အသားဖြင့် မှတ်သားအပ်ကုန်၏။ (သဒ္ဒတ္ထ)။ ထင်ရှားကုန်၏။ (အဓိပ္ပါယတ္ထ)။

။ ပူဇိတေ၊ ပူဇော်အပ်သော အနက်၌ (သဒ္ဒတ္ထ)။ ပူဇော်ထိုက်သောအနက်၌ (အဓိပ္ပါယတ္ထ)။

http://www.dhammadownload.com



**မှတ်ချက်။** ။ တထာဟိအနက်ပေးပုံကို သီ + ဖြေ၊ ၇၈–၇၉ ၌ ရှုလေ။

✝ အမုစန္ဒာဒိနာ ကေနစိ သညာဏေန ဉာတာ သညာတာ၊ ပါကဋာတိ အတ္ထော။ သာရတ္ထ၊ ၁။ ၇၁။

✝ ပူဇာရဟာတိ အဓိပ္ပါယော။ ဝိ၊ ဋ၊ ၁။ ၁၆။ (ဂံ၊ သစ်၊ ၁၄၈)

---

● (၃) က–ခ–ဂ ဝါကျတို့၏ အမည်တို့ကို အကြောင်းနှင့်ဖြေဆို၍ ခ–ဝါကျကို ဝါစကပသင်္ဂ, ဝစ္စပသင်္ဂစုဒ်ထုတ်ခဲ့ပါ။

**ဖြေ။** ။အကြောင်းပြဝါကျခွဲ

ခ– ဝါကျသည် အသင့်ယုတ္တိအားဖြင့် ခိုင်မြဲ စေတတ်သောကြောင့် ယုတ္တိဒဠှီကရဏဝါကျ။ ထိုကိုထောက်၍ က–ဝါကျသည်အသင့် ယုတ္တိအားဖြင့် ခိုင်မြဲစေအပ်သောကြောင့် ယုတ္တိဒဠှိယ ဝါကျမည်၏။

ဂ– ဝါကျသည် အာဂုံအားဖြင့် ခိုင်မြဲစေတတ် သောကြောင့် အာဂမဒဠှီကရဏ ဝါကျမည်၏။ ထိုကိုထောက်၍ က–ခ ဝါကျ တို့သည် အာဂုံအားဖြင့် ခိုင်မြဲစေအပ်သောကြောင့် အာဂမဒဠှိယ ဝါကျမည်၏။ (ဤဝါကျမျိုးကျမ်းတက်နည်း ရှေ့၌ရေးခဲ့ပြီ။)

**မှတ်ချက်။** ခ–ဝါကျကဲ့သို့ အတ္တုဒ္ဒါရပြဝါကျကို ဒဠှီ၊ ဝိတ္ထာရ ၂–မျိုးပင်ကြံကြသည်။) အတ္တုဒ္ဒါရအဖွင့်မျိုး ဝေရဥ္ဇ, သမယ, ပရိယာယ အဖွင့်စသည်၌လည်း တွေ့ရလတ္တံ့။)

ဤ၌ အယဥ္စိမှ ထွေစဝါကျ အဓိကာပိမွော ဝုတ္တာ တိုင်အောင် မျှော်လိုက်ပါက "ယံ ထွေ ဂါထာကားသခေ်ပ၊ အယဥ္စိ (လ) အဓိကာပိ မွောဝုတ္တာကား ဝိတ္ထာရ။ ယံထွေ အဆုံးသတ် ဂါထာကား နိဂုံးဟု ဝိနယ, သုတ္တအဖွင့်တို့ကဲ့သို့ ဝါကျ ခွဲနိုင်သည်။ ဂ– ဝါကျ ၁–မှ ၄– တိုင် အောင် ဝါကျနှင့် ၆–ဝါကျတို့ကား ပက္ခ, ပက္ခန္တရများတည်း ၅–ဝါကျ ကား ဝိတ္ထာရ။

http://www.dhammadownload.com



## ဝါစကပသင်္ဂဝစ္စပသင်္ဂကျမ်းတက်နည်း

ဆရာ၊ဆရာသည် က–ဝါကျဖြင့် ဝုမိမန္တ ဓမ္မ,သလက္ခဏ ဓမ္မ,ပူဇိတဓမ္မ, ပရိစ္ဆိန္နဓမ္မ အဓိကဓမ္မတို့ကိုဟောရာဖြစ်သောကြောင့် "အဘိဓမ္မ" မည်သောဟုဆိုတော်မူ၏။ ယင်းသို့ပင် ဟူသော်လည်း (ယင်းသို့ ဝုမိမန္တဓမ္မစသည်ကို ဟောရာဖြစ်သောကြောင့် အဘိဓမ္မမည်သည် ဆိုစေကာမူ) ဝုမိစသည်၌ အဘိသဒ္ဒါမဖြစ်လေကမသင့်တန်ရာ (ဝါစကပသင်္ဂ)။ ယင်းသို့ပင် ဟူသော်လည်း (ယင်းသို့ဝုမိ (လ) စေကာမူ) ဝုမိစသောအနက်သည် အဘိသဒ္ဒတ္ထမဟုတ်လေက မသင့်တန်ရာ ဤသို့သော စုဒ်ကြောင့် ခ–ဝါကျမိန့်။

**မှတ်ချက်။** ဝါစကပသင်္ဂကို သဒ္ဒပသင်္ဂ၊ ဝစ္စပသင်္ဂကို အတ္ထပသင်္ဂဟုလည်းခေါ်သည်။ ဂဏ္ဌိသစ်နည်း–တည်း။ ဤနည်းကို ခေတ်ကျမ်းတက်နည်းအတိုင်း ပြင်ဆင်၍ အောက်ပါအတိုင်း တက်နိုင်သည်။

### တစ်နည်းကျမ်းတက်

ဆရာ၊ ဆရာသည် (လ) ဆို၏။ (ထပနာတူ)။ ယင်းသို့ဆိုသော် ဝုမိစသည်၌ "အဘိ" သဒ္ဒါမဖြစ်လေက ဆရာ့ (က–ဝါကျ) စကား မသင့်တန် မသင့်တော် မလျော်သည်မဟုတ်လော၊ ယင်းသို့မဟုတ်ပါက (ယင်းသို့ ဝုမိစသည်၌ အဘိသဒ္ဒါ မဖြစ်လေပါက) ဆရာ့ (က–ဝါကျ) စကား အဘယ်သို့သင့်တန် သင့်တော်လျော်ကန်ပါမည်နည်း ကြောင့် ခ– ဝါကျမိန့်။ ကား (ခ ဝါကျဘာသာပြန်။) ထင်သောကြောင့် ငါ့စကား (က ဝါကျစကား) သင့်တန်သင့်တော်လျော်ကန်၏ဟူလို။

---

● (၄) အဘိညာတာပုဒ်ကို ဝိဂ္ဂဟပြု၍ ဉာသ်ကောက်ပါ။

**ဖြေ။** ။ ဝိဂ္ဂဟ၊ အမုစန္ဒာဒီနာ ကေနစိ သညာဏေန ဉာတာတိ အဘိညာတာ။ (လိုရင်းကား သညာဏေန ဉာတာ အဘိညာတာတည်း။ အနက် ၁–နံပါတ်ကြည့်။)

**ဉာသ်ကောက်။** သညာဏေန ဉာတာကား တတိယာတပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ အဘိညာတာကား တတိယာတပ္ပုရိသ် သမာသ်ပုဒ်၊ အဘိပုဒ်ဉာဏပုဒ်။

http://www.dhammadownload.com



အဘိ–ဟူသောဝိသေသနပုဒ်အရကား လထက်ဝက် အစရှိသော တစ်စုံတစ်ခုသော အမှတ်အသားသည်မှုချ။ ထို၏ ညဥ့်တို့ဒြဗ်နှင့် လက္ခဏာ လက္ခအဖြစ်ဖြင့် စပ်ခြင်း၁ မှန်သည် ဌာနူပစာရတ္တ အားဖြင့်ရ၏။ အဘိ ဉာတာဟူသော သမာသ်ပုဒ်လုံးအရကား ထိုမှုချ ဌာနူပစာရတ္တ တို့ဖြင့် မှတ်အပ်သော လထက်ဝက်စသည် တစ်စုံတစ်ခုသော အမှတ်အသားဖြင့် မှတ်အပ်သော ညဥ့်တို့ဒြဗ်ရ၏။

**မှတ်ချက်။** ၂–ဝါကျ၌ ရတ္တိယောကားတုလျတ် ပကတိ၊ အဘိ ဉာတာကား လိင်္ဂတ်ဝိကတိ။ တုလျတ် ပကတိနှင့် လိင်္ဂတ်ဝိကတိကား အရတူ။ ထို့ကြောင့် လိင်္ဂတ်ဝိကတိအရ တုလျတ် ပကတိ ဖြစ်သော ညဥ့်ဒြဗ်ပြန် ကောက်သည်။

ရာဇာဘိရာဇာကို ပူဇိတော ရာဇာ အဘိရာဇာ။ ရာဇူဟိ အဘိရာဇာ ရာဇာဘိရာဇာ၊ ရာဇူဟိ=လက်အောက်ခံမင်းတို့သည်။ အဘိရာဇာ ပူဇော် ထိုက်သောမင်းတည်းဟု ဝိဂြိုဟ်ပြုပါ။

* ပကတိပုဒ်၊ ဝိဂြိုဟ်ထုတ်၊ သရုပ်ဝိကတိ။

ဝိကတိပုဒ်၊ ဝိဂြိုဟ်ထုတ်၊ သရုပ်ပကတိ။ (သံ)

† ရာဇာဘိရာဇာတိ ရာဇူဟိ ပူဇေတုံ အရဟောရာဇာ။ သာရတ္ထ ၁။ ၇၂။

---

● (၅) ဗာဟ္ဗာသဒ္ဒါ၏ ခေတ်ပစ္စည်းကို ရေးသား၍ ဒိဿတိသဒ္ဒါ၏ ဝစ္စတ္ထကိုလည်း ဖော်ပြပါ။

ဖြေ။ ။ဗာဟ္ဗာကား.....ဗ ဟာခေတ် တ ပစ္စည်း။ ( ၂ကစ္စည်း ) တစ်နည်း ဗဟုသဒ္ဒူပပဒလာ အပစ္စည်း။ (ခန်၊ ဋီ။ ၄၁။)

ဒိဿတိကား ရှုအလို ကံဟော (ကမ္မရုပ်)။ နိတိအလို ကံတွား ဟော (ကတ္တုရုပ်) ဒိဿတိ၊ ရှုအပ်၏။ (ကံ)။ ထင်၏။ (ကတ္တား)

---

● (၆) ခ – ဝါကျ၊ ၅–ဝါကျတို့၌ အာသော် သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

http://www.dhammadownload.com



ဖြေ။ ။ခ-ဝါကျဖြင့် အဘိဓမ္မ၌ အဘိသဒ္ဒါသည် ရှေးရှုခြင်း = အဘိမုခ၊ အမျိုးကောင်း = ကုလအနက်တို့၌မဖြစ်၊ ဝုဍ္ဍိ, လက္ခဏ, ပူဇာ, ပရိစ္ဆိန္န အနက်တို့၌ ဖြစ်သတည်းဟု သိစေပါသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ သံဝဏ္ဏနာ။)

၅-ဝါကျဖြင့် အဘိသဒ္ဒါ ပရိစ္ဆိန္နအနက်ဟော၏ ဟူသည် ဓမ္မနှင့် ဝိနယ, ဓမ္မနှင့် ဓမ္မ, ဝိနယနှင့် ဝိနယ အချင်းချင်း မရောယှက်သောအားဖြင့် ပိုင်းခြားသတည်းဟု သိစေပါ၏။ (ဘာဝတ္ထ။)

မှတ်ချက်။ "သဒ္ဒါတပါး၊ နက်မများအပ်၊ သကတ်မပြိုင်၊ မဟော နိုင်"။ (တွင်းကြီး။ ၁၁၀။) နိယံအရ သဒ္ဒါတစ်ခုတည်းက အနက်အများ ကို မဟောနိုင်၊ သို့သော် အဘိစ အဘိစဟု ပြု၍ ကေသေသနည်း၊ သာမညာ နိဒ္ဒေသနည်းအားဖြင့် ယင်းသို့ဟောနိုင်သည်ဟုမှတ်။ ဓမ္မဝိနယတို့ = အညာ မညာ သင်္ကရ ဝိရဟိတ ဖြစ်ပုံဋီကာတို့၌ ကျယ်စွာဆို၏။ ဧတ္ထ စ ချိသော ဝါကျ၌ "ပူဇာရဟာတိ အဓိပ္ပါယော" ဖြင့် ပူဇိတာ၌ တ ပစ္စည်းကား ကတ္တားဘော, အတိတ်သတ္တုဏောယျမဟုတ်၊ ကမ္မသာဓန ကာလအထူး မရှိ, ပူဇာရဟ (ပူဇော်ထိုက်သော) ဓမ္မသာတည်းဟု ပြသည်။ ဒုတိယ ပစ္စယတ္ထ, အဓိပ္ပါယတ္ထ ၂-မျိုးကြံနိုင်သည်။

---

● (၇) အဘိညာတာ၊ အဘိဉာတာဟု ဒွေးဘော် ရှိ,မဲ့ ၂-မျိုး ရှိရာ ဒွေးဘော်ရှိပါ၌သာ သင့်ကြောင်း သာဓကပြ၍ ဆုံးဖြတ်ပါ။

ဖြေ။ ။ဌာန်နာမ ရဿာကာရတော ပရံဟူသော သဒ္ဒ စည်း ကမ်းအရ အဘိဟူသော ရဿအက္ခရာနောက်ဖြစ်ခြင်း၊ ဉာဓာတ်သည် ရဿ အက္ခရာနောက်၌ဖြစ်မှု အညာသိကောဏ္ဍညောကဲ့သို့ ဒွေးဘာဝဌာန ဖြစ်ခြင်းတို့ကြောင့် အဘိညာတာဟု ဒွေးဘော်ရှိ ပါ၌သာသင့်သည်။

---

● (၈) မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ-ဝါကျတွင် ဒိသံ၌ ရနိုင်သော ဥပစာ, နည်းတို့ကို ဖော်ပြပါ။

ဖြေ။ ။ဌာနဖြစ်သော အရပ်ဒေသ၏ ဒိသံအမည်ကို ဌာနီဖြစ်သော အရပ်ဒေသ၌ တည်ရှိသော သတ္တဝါအပေါင်း၌ တင်စား၍ ဌာနီ ဖြစ်သော အရပ်ဒေသ၌ တည်ရှိသော သတ္တဝါအပေါင်းကို ဒိသံဟု ဆိုသောကြောင့် ဌာနူပစာသဒ္ဒါမည်၏။ (နာနန္တရိကနည်း တင်လေ။)

http://www.dhammadownload.com



(က) ယံ ပနေတ္ထ အဝိသိဋ္ဌံ၊ တံ–ပိဋကံ ပိဋကတ္တ ဝိဒူ၊ ပရိယတ္တိဗ္ဘာ ဇနေတ္တတော အာဟု။ တေန သမောဓာနေတွာ၊ တယောပိဝိနယာဒယော ဉေယျာ။

(ခ) ပရိယတ္တိပိ ဟိ "မာပိဋကသမ္ပဒါနေနာ" တိ အာဒီသု ပိဋကန္တိ ဝုစ္စတိ။ (လ) ပရိယတ္တိဗ္ဘာဇနေတ္တတော အာဟု။

(ဂ) တ္တဒါနိ တေန သမောဓာနေတွာ တယောပိ ဝိနယာဒယော ဉေယျာတိ တေန ဧဝံ ဒုဝိဓတ္တေန (လ) အတ္တမဗ္ဗ ပိဋကန္တိ ဝေဝမေတော တယောပိ ဝိနယာဒယော ဉေယျာ။ ဋ္ဌ။ ၁၇။

● (၁) က–ဝါကျ အဝိသိဋ္ဌကို သဒ္ဒတ္တအဓိပ္ပါယတ္တ ၂–မျိုး အနက်ပေးပါ။

ဖြေ။ ။အဝိသိဋ္ဌံ၊ မထူး (သဒ္ဒတ္တ)။ ဝါ–တူ၏၊ ဆက်ဆံ၏ (အဓိပ္ပါယတ္တ)။

† အဝိသိဋ္ဌ သမာနံ (လ) သာဓာရဏတ္တာ အဝိ သိဋ္ဌော တိ ဝုစ္စတိ။ သာရတ္ထ၊ ၁။ ၇၃။

---

● (၂) ဂ–ဝါကျကို အနုသန္ဓေတက်၍ (၃) က–ခ–ဂ ဝါကျ တို့၏ အမည်များကို ဖော်ပြပါ။

ဖြေ။ ။ဤသို့ ခ–ဝါကျဖြင့် ပိဋကံ ပိဋကတ္တ ဝိဒူစသော ဂါထာ၏ ပုဗ္ဗမှကို အကျယ်ဖွင့်ပြပြီး၍ ယခုအခါ၌ ယင်းဂါထာ အပရမှကိုအကျယ် ဖွင့်ပြခြင်းမှာ ဂ–ဝါကျမိန့်။

## ဝါကျခွဲ

ခ–ဝါကျ, ဂ–ဝါကျတို့ကား ဝိတ္ထာရ။ က–ဝါကျကား သခ်ေပ ခ– ဂ ဝါကျတွင် ဂ–ကား ပကၠန္တရ ခ–ကား ပကၠ။

မှတ်ချက်။ ခ–ဝါကျဖြင့် က–ဝါကျ ဂါထာ၏ ပဗ္ဗမှကို အကျယ် ဖွင့်၍ ဂ–ဝါကျဖြင့် အပရမှကို အကျယ်ဖွင့်သည်။ ခ–ဝါကျ၌ အံ၊ ၁။ ၁၈၉ ပါဠိ၊ မ၊ ၁။ ၁၇၈။ အံ၊ ၁။ ၂၀၅ ပါဠိကို ထုတ်ပြသောကြောင့် အာဂမဒဋ္ဌိဟုလည်း ကြံနိုင်သည်။ တသ္မာ စသည်ကား လဒ္ဓဂုဏ်။

http://www.dhammadownload.com



* ချဲ့.မြ်–ဟိနှောက်၊ တသွာရောက်၊ မဖောက်လဒ္ဒဂုဏ်။ (ရွှေ)

● (၄) သဒ္ဒဝိဒူတို့အလို ပိဋကသဒ္ဒါကို ဝစနတ္ထပြ၍ ညာသ်ကောက်ပါ။

ဖြေ။ ။ဝစနတ္ထ။ ပိဋီယတိ သဒ္ဒီယတိ ပရိယာပုဏီယတီတိ ပိဋကံ။ ပိဋီယတိ ဝါ သဃာဋီယတီတိ တံ တဒတ္ထော ဧတ္ထာတိ ပိဋကံ။ သီ၊ ဋီ၊ သစ်။ ၁။ ၉၆။ (နီတိ၊ ဓာ။ ၅၃။)

## ပထမဝစနတ္ထညာသ်ကောက်

ယံ ဝိနယာ ဒိကံ၊ အကြင်ဝိနည်းအစရှိသည်ကို။ သေယျတ္ထိကေန၊ သည်။ ပိဋီယတိ (လ) ပရိယာပုဏီယတိ၊ သင်ယူအပ်၏။ ဣတိတသ္မာ တံ ဝိနယာဒိကံ၊ သည်။ ပိဋကံ။ ပိဋီယတိ(လ) ပိဋကံကား ကမ္မသာဓန ကိတ် ဝိဂြိုဟ်၊ ပိဋကံကား ၎င်းကိတ်ပုဒ်။ ပိဋဓာတ် ဏွုပစ္စည်း။

ပိဋဓာတ်အရ ကတ္တုဌကြိယာကား ကိုးပါးသော လောကုတ္တရာတရားကို အလိုရှိသူ၏ သဒ္ဓါ, ဝီရိယ, သတိစသည် ပြဌာန်းသော ကုသိုလ်စတ္တုပ္ပါဒ်သည်မှုချ။ ကမ္မဌအရကား ထို စတ္တုပ္ပါဒ်အား တပ်သော ပိဋကဒြဗ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာရတ္ထ။ ဏွုပစ္စည်းအရကား ထိုမှုချ ဖလူပစာရတ္ထတို့ဖြင့် မှတ်အပ်သော ဝိနည်းစသော ပိဋကဒြဗ်ရ၏။

## ဒုတိယဝစနတ္ထညာသ်ကောက်

ဧတ္ထ၊ ဤဝိနည်းစသည်၌။ တံတဒတ္ထော၊ ထိုထို အကျိုးစီးပွားကိုဝါ–ထိုထိုအနက်ကို။ ဘာဂဝတာ၊ သည်။ ပိဋီယတိ သဃာဋီယတိ၊ ပေါင်းအပ်၏။ ဣတိတသ္မာ၊ ထိုသို့အကျိုးစီးပွား၊ ဝါ–အနက်ကို ပေါင်းအပ်ရာ၏ အဖြစ်ကြောင့်။ တံ၊ ထိုဝိနည်းစသည်သည်။ ပိဋကံ၊ မည်၏။ ပိဋဓာတ် ဏွုပစ္စည်း။

ပိဋဓာတ်၏အရ ကတ္တုဌ ကြိယာကား–မြတ်စွာဘုရား၏ ဒေသနာဉာဏ် ပြဌာန်းသော စိတ္တုပ္ပါဒ်သည် မှုချအားဖြင့်ရ၏။ အဓိကရဏတ္ထ ကြိယာ အရကား ထို.....အား တပ်သော (မနသာဝဝတ္ထာပိတ) ပိဋက၏

http://www.dhammadownload.com



အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ ဏျူ ပစ္စည်းအရကား ထို.....ဖြင့် မှတ်အပ်သော ဝိနည်းစသော (မနသာဝဝတ္တာပိတ) ပိဋကဒြဗ်ရ၏။

**မှတ်ချက်။** ။ပထမဉာသ်၌ အချို့ ရဟန္တာများလည်း ပိဋကကို သင်ယူကြသဖြင့် မဟာကြိယာစိတ်ကိုလည်း ကတ္တုရှု ကောက်နိုင်သည်။ ဤ၌ များရာသို့လိုက်၍ ကောက်လိုက်သည်။ ဒုတိယဉာသ်၌ မနသာဝဝတ္တာ ပိတ ပိဋကကို ကမ္မရှုကောက်မှ အန္တတ်တရားနှင့် အရမ္မဏပစ္စယသတ္တိ ကောက်လို့ရနိုင်သည်။ ဝစီဘေဒပိဋကဆိုလျှင် အန္တတ်နှင့် ဗာဟျတ် သဟဇာတမျိုးသာတည်း။ ပိဋကသဒ္ဒါ အဋ္ဌကထာအလို ပရိယတ္တိဝါစက၊ ဘာဇနဝါစကအနိပ္ဖန္နပါဋိပဒိကပုဒ်။ သဒ္ဒဝိဒူအလို ပိဋ=သဒ္ဒသင်္ဃာ တေသု။ ပိဋဓာတ် ဏျူပစ္စည်းဖြင့် ပြီးသော နိပ္ဖန္နပါဋိပဒိကတည်း။

## ဝိဂ္ဂဟာဉာသ်ကောက်များ

သမ္မာ ဒီယတိ ဧတေသာတိ သမ္ပဒါန်။ (ဧတေသ၊ ထိုသူသည်။ သမ္မာ၊ ကောင်းစွာ။ ဒီယတိ၊ သင်ယူအပ်၏။ ဣတိတသ္မာ၊ ထိုသို့ကောင်းစွာ သင် ယူတတ်သည်၏ အဖြစ်ကြောင့်။ သော၊ သည်။ သမ္ပဒါန်၊ မည်၏ဟုပေး။ (အဝုတ္တကတ္တုသာဓန။)

ပိဋကဿ သမ္ပဒါန် ပိဋကသမ္ပဒါန် ။ (ပိဋကကို ကောင်းစွာသင်ယူ သူ ရ၏။) ပိဋကဿ၊ ဝိနည်းစသော ပိဋကကို။ သမ္ပဒါန်၊ ကောင်းစွာ သင်ယူတတ်သူ (သင်ယူပြီးသူ) တည်း။ ပိဋကဿ သမ္ပဒါန်ကား ကမ္မတ္တ ဆဋ္ဌီ တပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ ပိဋကသမ္ပဒါန် ကား ၎င်း သမာသ်ပုဒ်။ ပိဋကပုဒ်၊ သမ္ပဒါနပုဒ်။

ပိဋကဟူသော ဝိသေသနပုဒ် အရကား ဝိနည်းစသော ပိဋကဒြဗ် သည် မုချ။ ထို.....ဒြဗ်၏ သင်ယူသူဒြဗ်နှင့် ကမ္မကမ္မီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာရတ္တအားဖြင့် ရ၏၊ ပိဋကသမ္ပဒါန ဟူသော သမာသ် ပုဒ်လုံး အရကား ထို.....ဖြင့် မှတ်အပ်သော ပိဋကကို သင်ယူသူ (သင်ယူ ပြီးသူ) ဒြဗ်ရ၏။ ထိုသို့ပင်ရငြား သော်လည်း ပိဋကသမ္ပဒါန ပုဒ်သည် ဘာဝပ္ပဓာန ဘာဝလောပပုဒ် ဖြစ်သောကြောင့် ပိဋကကို ကောင်းစွာ သင်ယူပြီးခြင်း ကြိယာ၊ ပိဋကကျမ်းစာ၌ လိမ္မာတတ်ကျွမ်းခြင်း ဂုဏ်သာ ရ၏။

http://www.dhammadownload.com



**မှတ်ချက်။** ဤဝိဂ္ဂဟကို အချို့က သမ္ပဒါန သာဓန ကြံကြ၏။ ဂဏ္ဌိသစ်က အဝုတ္တ ကတ္တုသာဓန ကြံသည်။ နောက်နည်း ကောင်း၏ ထင်သည်။

---

● (၅) ကုဒါလပိဋကဲ၌ ကုဒ္ဒါလ သဒ္ဒါ၏ ဓာတု, ပစ္စယ, လိင်, ဂဏ, ကာရန္တ တို့ကိုဖော်ပြပါ။

**ဖြေ။** ။ကုဒါလ ကုပုဗ္ဗ + ဒလဓာတ် + ဏပစ္စည်း။ ပုလ္လိင်, နပုလ္လင်။ ပုရိသာဒိဂိုဏ်း။ စိတ္တာဒိဂိုဏ်း, အကာရန္တ။

**မှတ်ချက်။** ။ ဂဏ္ဌိသစ်၌ ယင်းပုဒ်ကို "ကုံပထဝိံ ဒါလတိဝိဒါလ တိတိ ကုဒါလော"ဟု ကတ္တုသာဓ်ဆို၍ ဒန္တဇ တတိယက္ခရာနှင့် ရှိသော ပါဠိသာသင့်၊ ကုပုရိသောစသည်ကဲ့သို့ (ကုဒါလ) သံယုတ်မဲ့သာ လိုသည်ဟုဆိုသည်။ ပါဠိအဆုံးအဖြတ်မှတ်ဖွယ်ပင် ဖြစ်သည်။ ဝစနတ္ထ ပြုရာတွင် ကရဏသာဓ်ပြုသောနီတိဝါဒ သာ၍ကောင်း၏ဟု ထင်သည်။

† ကုဝုစ္စတိ ပထဝိ၊ တဿာ ဒါလနတော ဝိဒါလနတော အယော မယော ဥပကရဏ ဝိသေသော ကုဒါလံနာမ။ သာရတ္ထ၊ ၁။ ၇၃။ သီ။ ဋီ၊ သစ်၊ ၁။ ၉၇။

† ကုံပထဝိံ ဒါလယတိ ပဒါလေတိ ဆိန္ဒတိ ဧတေနာတိ ကုဒါလော။ နီတိ၊ ပဒ။ ၃၁၇။

---

● (၆) က-ဝါကျ၌ အာဘော်, သံဝဏ္ဏနာတို့ကိုညွှန်ပြပါ။

**ဖြေ။** ။က-ဝါကျ၌ ပရိယတ္တိဗ္ဗာဇနတ္ထတောဖြင့် ပိဋက သဒ္ဒါ သည် ပရိယတ္တိ (သင်ကြားခြင်း) အနက်, ဘာဇန (တည်ရာတောင်း စသော) အနက်ကိုဟောသော အနိပ္ဖန္နပါဋိပဒိက (ရုဋ္ဌိနာမ်ပုဒ်) ပုဒ်တည်း ဟုသိစေပါသည်။ (နာမလိင်္ဂတ္ထသံဝဏ္ဏနာ)

**မှတ်ချက်။** ။ သဒ္ဒဝိဒူတို့အလို ၄-နံပါတ်ပါဝိဂ္ဂဟတို့ကိုပြသည် ဟုလည်း ကြံနိုင်သည်။ ဤအာဘော်ကား "ပိဋကသဒ္ဒေါ အနိပ္ဖန္နပါဋိ ပဒိကော"ဟူသော နိရုတ္တိမဉ္ဇူကိုကိုး၍ဆိုသော ပါရာဂ်၊ သစ်။ ၁။ ၁၅၂ အလိုတည်း။ ဂါထာနောက်ထက်ဝက်ဖြင့် ယင်းပိဋကသဒ္ဒါနှင့်ဝိနယ, သုတ္တန္တ အဘိဓမ္မသဒ္ဒါတို့ကို (ဝိနယောစ သောပိဋကဉ္စာတိ ဝိနယပိဋ္ဌယံ၊သုတ္တန္တ ဥတံ

http://www.dhammadownload.com



ပိဋကဥာတိ သုတ္တန္တပိဋကံ, အဘိဓမ္မောစ သော ပိဋကဥာတိ အဘိဓမ္မ ပိဋကံဟု ကမ္မဓာရယ်) သမာသ်တွဲစပ်ရမည်ဟု သိစေပါသည်။ ( အဘိ ဓာနတ္ထ။ သမာသလိင်္ဂပဒ, သမာသလိင်္ဂတ္ထ၊ ဝါ၊ သမာသလိင်္ဂပဒတ္ထ။)

မှတ်ချက်။ ။ ဂ-ဝါကျ ဒုဝိဓတ္ထေန ပိဋကသဒ္ဒေနဖြင့် တေနဒွိ တသဒ္ဒါ ဒုဝိဓတ္ထ ပိဋကသဒ္ဒါကို စွဲ ဟုပြ = သဗ္ဗနာမလိင်္ဂတ္ထ။ သဟ- ဖြင့် တေနဒွိ နာဝိဘတ် သဟယောဂတ္ထဟု ပြ-ဝိဘတျတ္ထ။ သမာသံ ကတွာ ဖြင့် သမောဓာနေတွာကို ဘာဝတ္ထဖွင့်။ ယထာဝုတ္တေ နေဝ စသည်ဖြင့် သုတ္တ, အဘိဓမ္မနှင့် ပိဋကသမာသ်တွဲပုံအထက်ပါအတိုင်းပြ။ သမာသ လိင်္ဂပဒတ္ထ, ဝိဂြိုဟ်ပြ အဘိဓာနတ္ထတည်း။

---

● (၇) ကုဒါလ၊ ကုဒ္ဒါလ = ဟု ပါဠိ ၂-မျိုးရှိရာ အဘယ်ပါဠိ မှန်ပါသနည်း။ အကြောင်းပြဖြေဆိုပါ။

ဖြေ။ ။နံပါတ် (၅) ဓာတ်ပစ္စည်း အကိုးသာဓကတို့ကို ရှု၍ဖြေလေ။

---

● (၈) ပိဋကံ ပိဋကတ္ထဝိဒူဝယ် ပိဋကံပုဒ်၌ ဥပစာကို ဖော် ပြပါ။

ဖြေ။ ။ အပေါင်း ဖြစ်သော ပရိယတ္တိ အနက်ဟော ပိဋက, တောင်းဟော ပိဋကသဒ္ဒါတို့၏ "ပိဋကံ" ဟူသော အမည်ကို အစိတ်ပရိ ယတ္တိဟော ပိဋကသဒ္ဒါ၌တင်စား၍ ပရိယတ္တိဟောပိဋကကို "ပိဋကံ"ဟု ဆို သောကြောင့် ကေဒေသျူပစာ။ ဝါ-သမုဒါယူပစာ။ (နေယျတ္ထနည်း၊ ရုဠှီနည်း။)

---

(က) တွေ့ ဟိ ဝိနယပိဋကံ အာဏာရဟေန ဘဂဝတာ အာ ဏာ ဗာဟုလ္လတော ဒေသိတတ္တာ အာဏာဒေသနာ။

(ခ) သုတ္တန္တပိဋကံ (လ) ဝေါဟာရဒေသနာ။

(ဂ) အဘိဓမ္မပိဋကံ (လ) ပရမတ္ထဒေသနာတိ ဝုစ္စတိ။ ဋ္ဌ။ ၁၇။

http://www.dhammadownload.com



## ဝိဂ္ဂဟာမှတ်ဖွယ်

**အာဏာရဟာ။** အာဏံ ဋ္ဌပေတုံ အရဟာတီတိ အာဏာရဟော၊ ဘဂဝါ။ သာရတ္ထ၊ ၁။ ၇၄။ (အာဏံ၊ အာဏာကို။ ဌပေတုံ၊ ထားခြင်း ငှါ။ အရဟာတိ၊ ထိုက်တော်မူ၏ဟု ပေး။)

## အာဏာရှင်ဘုရား

သမ္မာသမ္ဗုဒ္ဓဖြစ်ကြောင်း သဗ္ဗညုတဉာဏ်တော်နှင့်မဟာကာရုဏိက ဖြစ်ကြောင်း မဟာကရုဏာတော်ကြောင့် ဗုဒ္ဓပေးတော်မူသမျှသော အမိန့် အာဏာတော်သည် ဖောက်ပြန်လွဲမှား ချွတ်ချော် တိမ်းပါးစရာ မရှိ၊ မသနားမညှာတာရာလည်းမရောက်၊ သတ္တဝါတို့၏ နောင်ရေးကို မျှော် တွေးကာ အလွန်သနားသော ကရုဏာတော်ဖြင့် အမိန့်ပေးတော်မူခြင်းဖြစ် သောကြောင့် ဗုဒ္ဓသည် အာဏာရှင် (အာဏာရဟ) ဖြစ်တော်မူသည်။ သာရတ္ထ၊ ၁။ ၇၄။ ၌ အကျယ်ကြည့်။

**အာဏာဗာဟုလ္လ။** အာဏာ ဗဟုလာ ဧတဿ ဘဂဝတောတိ အာဏာဗဟုလော။ အာဏာ ဗဟုလဿ ဘာဝေါ အာဏာဗာဟုလ္လံ။ များသောအာဏာရှိသည်၏ အဖြစ်။

တစ်နည်း ဗဟုလဿ ဘာဝေါ ဗာဟုလ္လံ။ အာဏာယ ဗာဟုလ္လံ အာဏာဗာဟုလ္လံ။ အာဏာ၏ များသည်၏ အဖြစ်။

**ဝေါဟာရ။** ဝိသေသန သတ္တာနံ မနံ အဝဟရတီတိ ဝေါဟာ ရော။ (ဝိ+အဝ+ဟရ+ဏ) ဝိသေသေန၊ ပရမတ္ထမှ ထူးသော အားဖြင့်။ သတ္တာနံ၊ တို့၏။ မနံ၊ စိတ်ကို။ အဝဟရတိ၊ ဆွဲဆောင်နိုင်၏။ ဣတိဝေါ၊ ဘာရော။

## အာဘောဂနှင့် သံဝဏ္ဏနာမှတ်ဖွယ်

က-ဝါကျ၌ "အာဏာဗာဟုလ္လတော ဒေသိတတ္တာ"ဖြင့် ဒေသနာ ဥဒ်ကို ဒေသီယတေတိ ဒေသနာဟုကမ္မသာဓနေ ပြုရမည်၏ အဖြစ်ကို သည်းကောင်း၁ ယုပစ္စည်း၏ကမ္မသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်း ကောင်း၂ အာဏာနှင့် ဒေသနာကို အာဏာယ ဒေသနာ အာဏာဒေသနာဟု

http://www.dhammadownload.com



တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည့်၏အပြစ်ကိုလည်းကောင်း၊[၃] ပါရာဇိကကျစေ, သံဃာဒိသ် သင့် စေစသော အာဏာပင်များသော်လည်း "သုဒိန်သည် မေထုန်အမှုပြု၏" စသည်ဝေါဟာရ၊ ရှာန်ခန်း၌ ဝိတက်စသော ပရမတ္ထ အသုံးအနှုန်းများ အနည်းငယ်(အပ္ပက)အားဖြင့် ယင်းဝိနည်းပိဋကတ်၌ လာသည်၏အပြစ်ကို လည်းကောင်း[၄] သိစေပါသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၄။ ဘာဝတ္ထ။

**မှတ်ချက်။** ။အာဏာရဟေန ဘဂဝဲတာဖြင့် ဘာဝတ္ထ အာ ဘော်ဖော်ပါလေ။

က-ဝါကျ၌ ဝိနယ ပိဋကံဖြင့် အာဏာ ဒေသနာပုဒ်ကို ဒေသိယ တေတိ ဒေသနာ၊ အာဏာယ ဒေသနာ အာဏာ ဒေသနာဟု ဝစနတ္ထ ပြု၍ ယင်းအာဏာဒေသနာအရ ဝိနည်းပိဋကကို ယူရမည်ကို သိစေပါ သည်။ (အဘိဓေယျတ္ထ။)

**မှတ်ချက်။** ခ-ဂ--ဝါကျတို့၌ အာဘော်သံဝဏ္ဏနာကို က-ဝါကျ ၌သိလေ။

## နည်းနှင့် ဥပစာမှတ်ဖွယ်

**အာဏာဒေသနာ။** အာဏာဟူသောဌာနီဖြင့် ဝိနယပိဋကဟူသော ဌာနကိုမှတ်၍ အာဏာဟူသောအများကိုဆိုသဖြင့် ဝေါဟာရ, ပရမတ္ထ ဟူသော အနည်းကိုလည်းရသောကြောင့် "ယေဘုယျနည်း"မည်၏။

အစိတ်ဖြစ်သော အာဏာဒေသနာ၏ အာဏာဒေသနာအမည်ကို အပေါင်းဖြစ်သော အာဏာ, ဝေါဟာရ, ပရမတ္ထဒေသနာ၌ တင်စား၍ အပေါင်းဖြစ်သော အာဏာ, ဝေါဟာရ, ပရမတ္ထ ဒေသနာကို အာဏာ ဒေသနာဟုဆိုသောကြောင့် ဧကဒေသူပစာ။ ဝါ-အဝယဝူပစာ။

**မှတ်ချက်။** ။ ဧကဒေသူပစာရလျှင် ဥပလက္ခဏာ, နိဒဿန ပဓာနနည်း အများအားဖြင့်ရနိုင်သော်လည်း ဗာဟုလ္လတော အဖွင့်သို့ လိုက်၍ ယေဘုယျနည်း တင်သည်ဟုမှတ်။ ခ-ဝါကျ၌ "ဝေါဟာရဒေ

http://www.dhammadownload.com



သနှာ" ဂ-ဝါကျ၌ "ပရမတ္ထဒေသနာ"ပုဒ်ဝယ် နည်းဥပစာကို "အာဏာဒေသနာ"ကိုမှီ၍တင်လေ။

---

(က) တိသုပိ စေတေသု တိသော သိက္ခာ တိဏ်ိ ပဟာနာနိ စတုဗ္ဗိဓော ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော။

(ခ) တထာဟိ ဝိနယပိဋကေ ဝိသေသန-လ-အဓိပညာ သိက္ခာ။

ဋ္ဌ။ ၁၈။

## အနက်ယောဇနာ မှတ်ဖွယ်

တိသော သိက္ခာစ၊ တို့ကိုလည်း။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ တိဏ်ိပဟာနာနိစ ဝေဒိတဗ္ဗာနိ။ စတုဗ္ဗိဓောစ ဂမ္ဘီရဘာဝေါ ဝေဒိ တဗ္ဗော၊ သိအပ်၏။

**မှတ်ချက်။** တိသောသိက္ခာဟူသော ဣတ္ထိလိင်ကံပုဒ်သို့ လိုက်၍ ဝေဒိတဗ္ဗာဟုပြင်၊ တိဏ်ိပဟာနာနိ နပုလ္လိင် ကံပုဒ်သို့ လိုက်၍ ဝေဒိတဗ္ဗာနိ၊ စတုဗ္ဗိဓောဂမ္ဘီရဘာဝေါ ဟူသော ပုလ္လိင် ကံပုဒ်သို့လိုက်၍ ဝေဒိတဗ္ဗောဟု ပြင်ရာ၏။

* နှစ်သုံးလေးငါး၊ ကံကတ္တားနှင့်၊ ထားသည်အရာ၊ ကြိယာကား၊ ရှေ့မှာနောက်ဖျား၊ ကံကတ္တားနှင့်၊ ရငြား လိင်ဝုစ် အတူတည်း။ (ဘုရားကြီး)

## ၃-၂-ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို ခ-ဝါကျကို ထောက်၍ က-ဝါကျကား သခေ်ပဝါကျ။

**မှတ်ချက်။** ။ ဤ ခ-ဝါကျ မျှဖြင့် ဝိတ္ထာရ မဆုံးသေး၊ ဂမ္ဘီရ ဘာဝေါ၏ အကျယ်ပြဝါကျများကုန်မှသာ ဝိတ္ထာရဝါကျဆုံးသည်။ ဝဏ္ဏနာဝတာ၏ရှေ့ ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗောတိုင်အောင်ယူလေ။ ပါရာဂံသစ်၊ ၁။ ၁၅၉-၌ ယင်းခ-ဝါကျကို ကာရဏာ၊ ဝါ၊ ဒဋ္ဌိ၊ ဝါ-ဝိတ္ထာရ ဟုဆိုသည်။ ဆင်တဲ ဂဏ္ဌိ၊ ၇၆-၌ အောက်ပါအတိုင်း ကျမ်းတက်ပြသည်။

http://www.dhammadownload.com



## ခ–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် သုံးပုံသော ပိဋကတို့၌ သုံးပါးသော သိက္ခာစသည်ကိုသိအပ်၏ဟုဆို၏။ ပိဋကတစ်ပုံ၌ပင် သိက္ခာ သုံးပါးရှိသည်ကို သိအပ်မည်လော.....ကြောင့် ခ–ဝါကျမိန့်။

## နည်းဥပစာမှတ်ဖွယ်

အဓိသီလသိက္ခာ။ အဓိသီလသိက္ခာဟူသော ဌာနီဖြင့် ဝိနယပိဋက ဟူသော ဌာနကိုမှတ်၍ "အဓိသီလသိက္ခာဟူသော အများ(အထူး)ကိုဆိုသဖြင့် အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာဟူသော အနည်းကိုလည်းရသောကြောင့် ယေဘုယျနည်းမည်၏။

အစိတ်ဖြစ်သော အဓိသီလသိက္ခာ၏ အဓိသီလသိက္ခာ ဟူသော အမည်ကို အပေါင်းဖြစ်သော အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ၌တင်စား၍ အပေါင်းဖြစ်သော အဓိသီလ (လ) အဓိပညာသိက္ခာကို အဓိသီလသိက္ခာဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ–အဝ ယဝူပစာ။

ရှင်းလင်းချက်။ က–ခ–ဝါကျတို့၌ "ဝိသေသန"ပုဒ်ကား အာဏာဗာဟုလ္လတောအဖွင့်နှင့်သဘောတူသည်။ ဝိနယပိဋက၌ အဓိသီလသိက္ခာဟူသော သိက္ခာပုဒ်များကို အများအပြားဟော၍ အဓိစိတ္တာ (သမာဓိ) အဓိပညာ (ပညာ) ကိုကား အနည်းငယ်သာဟောသည်။ သုတ္တန်၌ အဓိစိတ္တကိုများများ အဘိဓမ္မာ၌ အဓိပညာကိုများများဟောသည်။ ထို့ကြောင့် အဋ္ဌကထာ၌ "ဝိသေသန"ဟုဖွင့်သည်။ ယင်းအဖွင့်ကိုထောက်၍ အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာ ပုဒ်တို့၌ အထက်ပါအတိုင်း ယေဘုယျနည်း, ဧကဒေသူပစာတင်သည်။

ဥပစာသတိ။ အဓိသီလသိက္ခာဒီနံ ဝိဘာဝေါ ပရတော ပဋ္ဌမပါရာဇိကဝဏ္ဏနာယံ အာဝိ ဘဝိဿတိ။ သာရတ္ထ၊ ၁။ ၇၅– အမှာစကားကား ဝိ၊ ဋ္ဌ၊ ၁။ ၂၀၉။ ၂၁၀–အဖွင့်ကိုရည်၍ မှာသော စကားတည်း။ ယင်းအလို အဓိသီလ, အဓိစိတ္တ, အဓိပညာပုဒ်တို့၌ ဖလူပစာ, အဝိနာဘာဝနည်းရသည်ကို အောက်ပါအတိုင်းမှတ်လေ။

http://www.dhammadownload.com



**အဓိသီလ။** ။အကျိုးဖြစ်သော မဂ်ဖိုလ်နှင့်ယှဉ်သောသီလ (မဂ္ဂဖလသမ္ပယုတ္တသီလ)၏ အဓိသီလဟူသော အမည်ကို အကြောင်းဖြစ်သော ပါတိမောက္ခသံဝရသီလ၌ တင်စား၍ အကြောင်းဖြစ်သော ပါတိမောက္ခသံဝရသီလကို " အဓိသီလ " ဟု ခေါ်သောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

**အဓိစိတ္တ။** အကျိုးဖြစ်သောမဂ်စိတ် ဖိုလ်စိတ် (မဂ္ဂဖလစိတ္တ) ၏ အဓိစိတ္တဟူသောအမည်ကို အကြောင်းဖြစ်သော ဝိပဿနာ၏ အခြေခံဖြစ်သော သမာပတ်ရှစ်ပါး၌ တင်စား၍ အကြောင်းဖြစ်သော ဝိပဿနာ (လ) သမာပတ်ရှစ်ပါးကိုလည်း "အဓိစိတ္တ"ဟု ခေါ်သောကြောင့် ဖလူ ပစာ။ (အဝိနာဘာဝနည်း။)

**အဓိပညာ။** အကျိုးဖြစ်သော မဂ္ဂဖလပညာ၏ အဓိပညာဟူသော အမည်ကို အကြောင်းဖြစ်သော ဝိပဿနာဉာဏ်၌ တင်စား၍အကြောင်းဖြစ်သော ဝိပဿနာဉာဏ်ကိုလည်း "အဓိပညာ" ဟု ခေါ်သောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

---

(က) ကေမေကသ္မိံ စေတ္ထ· စတုပ္ပိဓောပိ ဓမ္မတ္ထ ဒေသနာ ပဋိဝေဓေဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော။

(ခ) တတ္ထ ဓမ္မောတိ ပါဠိ (လ) ယထာဘူတာဝဗောဓော။

(ဂ) တိသုပိ စေတေသု (လ) တသ္မာ ဂမ္ဘီရာ။

(ဃ) ဇဝံ ကေမေကသ္မိံ (လ) ဝေဒိတဗ္ဗော။ ဋ္ဌ။ ၁၈။

● (၁) ခ-ဝါကျ ဓမ္မောတိ၌ ဣတိသဒ္ဒါကို ပဒတ္ထ ဝိပလ္လာသ ကြံ၍လည်းကောင်း၊ နာမတ္ထကြံ၍လည်းကောင်း၊ အနက်ယောဇနာပါ။

**ဖြေ။** ဓမ္မောတိ ဓမ္မောဟူသည်ကား (ပဒတ္ထ ဝိပလ္လာသ)။ ပါဠိ၊ ပါဠိတည်း။ ဓမ္မောတိ၊ ဓမ္မောမည်သည်ကား (ဣတိသဒ္ဒါနာမတ္ထ)။ ပါဠိ၊ ပါဠိတည်း။ တစ်နည်း.....ပါဠိ၊ ပါဠိသည်။ ဓမ္မောတိ (ဓမ္မောနာမ) ဓမ္မမည်၏။ ပါရာ၊ ဂံ၊ သစ်၊ ၁။ ၁၆၀။

✝ ဓမ္မောတိ ဓမ္မောနာမပါဠိ၊ ဣတိသဒ္ဒေါ နာမဝါစကော။ ပါရာ၊ ယော။ ၂၄။

http://www.dhammadownload.com



**ပဒတ္ထဝိပလ္လာသ။** ဓမ္မောတိ၊ တရားဟူသည်ကားဟု အနက်မပေးရဘဲ ဓမ္မောတိ၊ ဓမ္မောဟူသည်ကား ဟု ဓမ္မပုဒ်၏ တရားဟူသောအနက်ကို ပြောင်းလွဲစေသော "ဣတိနိပါတ်"ကို ပဒတ္ထဝိပလ္လာသနိပါတ်ဟု ခေါ်သည်။ ဥလ္လိင်္ဂနည်းတည်၍ ဖွင့်သော သံဝဏ္ဏေတဗ္ဗပုဒ်တိုင်း (ဥပမာ တေနာတိ၊ သမယေနာတိစသည်။)၌ ယင်းဣတိသဒ္ဒါဖြင့် တည်ရသည်။ ဓမ္မော၏ တရားဟူသောအနက်ကို မပြန်ဆိုရ (မပြဋ္ဌာန်း)ဘဲ ဓမ္မောကိုဓမ္မော ဟု သဒ္ဒါရှိသည့် အတိုင်း အနက်ပြန်ရသောကြောင့် ယင်းပုဒ်မျိုးကို သဒ္ဒပဒတ္ထက ( သဒ္ဒေါယေဝ + ပဒတ္ထော ယဿာတိ သဒ္ဒပဒတ္ထကံ) ဟု ခေါ်သည်။ ကစ္စည်း " သာဂမောသေ " ၌ သေ–ကို သဝိဘတ်ကြောင့် ဟုသာ အနက်ပြန်ရ၍ သဝိဘတ်၏ အနက်ကိုဖော်ကာ " သေ–အား ကြောင့်၊ ၏, ကြောင့် ဟု အနက်မပြန်ရသကဲ့သို့တည်း။

## အနက်ယောဇနာမှတ်ဖွယ်

က–ဝါကျ။ တ္တေ တေသု တီသု, ပိဋကေသု၊ တို့တွင်။ ဧကေကသ္မိံ၊ တစ်ပါးတစ်ပါးသော။ ပိဋကေ၌ဟု "တ္တေ"ကို နိဒ္ဓါရဏ အနက်ပေးရမည်။

**မှတ်ချက်။** ။ဧကသဒ္ဒါနှင့်ယှဉ်သော သတ္တမျန္တပုဒ်၌ သတ္တမီကား နိဒ္ဓါရဏအနက်တည်း။

* ဧကေကသဒ္ဒါ၊ ရှိလေရာ၊ နိဒ္ဓါရဏမှာ သတ္တမီသက်မြဲ။

**(ပါရာ၊ ဂံ၊ သစ်။)**

* ကေသ္မိံ၊ အညတရ၊ သဗ္ဗနာမ်ပုဒ်၊ ထုတ်၍နောက်မှာ၊ ရှိလေရာ၊ နိဒ္ဓါရဏရေးရှိမြဲ။ ။(ဘုရားကြီး)

## ဓမ္မောတိပါဠိ၌အဖွင့်များ

၁။ ပါဠိ – မြတ်ကုန်သော စကားတစ်ရပ်အဖြစ်ဖြင့် ဖွဲ့ထားအပ်ကုန်သော ဝါကျတို့၏ အစဉ်။ (ပရိယတ္တိဓမ္မရ၏။)

## ဂဏ္ဌိပုဒ်တို့အလို

၂။ ပါဠိ – မြတ်စွာ ဘုရားသည် ဟောတော် မူအပ်လတ္တံ့သော အနက်အဓိပ္ပာယ်ကို လည်းကောင်း (ပုရိသောစသော) အခေါ်အဝေါ် ဝေါဟာရကို လည်းကောင်း ပြတတ်သော သဒ္ဒါသည် "ပါဠိ" မည်၏။

http://www.dhammadownload.com



**မှတ်ချက်။** ။ဤအလိုပါဠိ,ဓမ္မအရ သဒ္ဒရုပ်ကို ရသောကြောင့် ပရမတ္ထဟု မှတ်ရာ၏။

**ဒေသနာအရ။** ဒေသီယတေတိ ဒေသနာဝိဂ္ဂဟအရ ဒေသနာဟူသည် ယင်းပါဠိ, ဓမ္မ (သဒ္ဒ) ပင်ဖြစ်ရာ ဓမ္မနှင့်ဒေသနာ မည်သို့ထူးသနည်းဟုစောကြောဖွယ်ရာ ရှိပေသည်။

## ဓမ္မ (ပါဠိ) နှင့် ဒေသနာအထူး

**ဓမ္မ။** ထိုထိုအနက်တို့ကို(သူတစ်ပါးတို့ကို)သိစေသည်၏အစွမ်းဖြင့် ထင်ရှားသောသင်ယူခြင်းစသည်၏အစွမ်းဖြင့် မဟောမီ ရှေးအဖို့၌ မှတ်သားအပ်ပြီးသော ပရမတ္ထသဒ္ဒအစဉ် (သဒ္ဒပဗန္ဓ)သည် "ဓမ္မ"။

**ဒေသနာ။** နောက်အခါ၌ သူတစ်ပါးတို့ကို သိစေခြင်းငှာ ဖြစ်စေအပ် (ပြောဟောအပ်)သော သိစေလိုရင်း အနက် အဓိပ္ပာယ်ကို ပြတတ်သော ပရမတ္ထသဒ္ဒါသည် "ဒေသနာ"။

## သီဟိုဠ်ဂဏ္ဌိပုဒ်အလို

၃။ ပါဠိ။ သဘာဝအနက်နှင့် သဘာဝ ဝေါဟာရ အားလျော်သောအားဖြင့် ဘုရားရှင်သည် စိတ်တော်ဖြင့်မှတ်သားအပ်သော ပညတ်သည် "ပါဠိ" မည်၏။

**ဓမ္မနှင့်ဒေသနာ။** ။ဤသီဟိုဠ်ဂဏ္ဌိပုဒ်အလို ပညတ်ကို ပါဠိ (ဓမ္မ)အရယူရာ၌လည်း ဓမ္မအရနှင့်ဒေသနာအရ အထူးမရှိ၊ ပညတ်ပင်ရသည်ဟုမှတ်ရာ၏။ မှန်၏။ ဓမ္မအရနှင့်ဒေသနာအရ အထူးမရှိသောကြောင့် ပင် ပဋိဝေဓော အဖွင့်၌ "ပါဠိယာစ ပါဠိအတ္ထဿ စ ဒေသနာယစ ယထာဘူတာဝဗောဓော"ဟု မဆိုဘဲ "ဒေသနာယစ"ကိုချန်လှပ်၍ "ပါဠိယာစ ပါဠိအတ္ထဿစ ယထာဘူတာဝဗောဓော"ဟု ဖွင့်သည်သာမက ဒေသနာတိပညတ္တိဟူသော နောက်တစ်နည်းအဖွင့်ကလည်း ဒေသနာအရ ပညတ်ရကြောင်းဖွင့်ပြဦးမည်သာတည်း။ အကျယ်ကို သာရတ္ထ၊ ၁။ ၇၇၌ ရှုလေ။

---

● (၃) (၂) က-ခ-ဂ-ဃ-ဝါကျတို့၏ အမည်ကို ဖော်ပြ၍ ခ-ဝါကျကို ထပနာတိက ပုစ္ဆာထက်ပါ။

http://www.dhammadownload.com



ဖြေ။ ။ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က- ဝါကျကား သခေ်ပဝါကျ။

## ခ-ဝါကျထပနာတိကပုစ္ဆာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် (လ) ဆိုတော်မူ၏။ (ဘာသာပြန်၍ထပနာထား)။ယင်း၌ ဓမ္မဟူသည် အဘယ်နည်း၊ အတ္ထဟူသည် အဘယ်နည်း၊ ဒေသနာဟူသည်အဘယ်နည်း၊ ပဋိဝေဓဟူသည်အဘယ်နည်း၊ ယင်းဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏ အကျယ်ကို မပြပြီလော.....ကြောင့် ခ-ဝါကျမိန့်။

ကား.....ခ-ဝါကျဖြင့် ယင်းဓမ္မစသည်တို့၏ အကျယ်ကို ငါပြဆို၏ ဟူလို။

မှတ်ချက်။ ။"ဝိတ္ထာဟိမှာ၊ အစိတ်ဖြာ၊ မေးပါဝါကျကုန်"နှင့် အညီ ပုစ္ဆာထုတ်၍တက်လေ။

ဂ-ဝါကျကား (ဓမ္မ၊ အတ္ထ၊ ဒေသနာ၊ ပဋိဝေဓ ပုဒ်တို့၏ အဖွင့်မှ တစ်မျိုး တစ်ပါးသော ဂမ္ဘီရပုဒ်၏ အဖွင့်ကို ပြသောကြောင့်) ပက္ခန္တရ ဝါကျ။ ထို-၍ ခ-ဝါကျကား ပက္ခဝါကျ။

မှတ်ချက်။ ။စ-သဒ္ဒါကား ပက္ခန္တရ ဇောတက၊ ပိသဒ္ဒါကား အဝယဝသမ္ပိဏ္ဍနတည်း။ "ယသ္မာ တသ္မာ အပြင်နေအပြင်စပ်၊ အတွင်းနေအတွင်းစပ်" ထုံးစံအရ။ တီသုပိ (လ) ပဋိဝေဓ ပုဒ်တို့ကို ယသ္မာ တသ္မာ၏ အပြင်ဘက် ဂမ္ဘီရ၌ တစ်ချက်စပ်၊ ဒုက္ခောဂါဟာ အ(လ)ပတိဋ္ဌာ ၌လည်းစပ်လေ။ ယသ္မာ (လ) တသ္မာကား အကြောင်းပြ ကာရဏဝါကျ။

ဂမ္ဘီရာကား ဖလ၊ ယသ္မာဝါကျကား အနိယတ်၊ တသ္မာဝါကျကား နိယတ်ဟု ခွဲလေဦး။ ပါရာ၊ ဂံ၊ သစ်၊ ၁။ ၁၆၃-၌ကား ဂမ္ဘီရဘာဝကိုပြအံ့သောငှာ တီသုပိစသည်မိန့်။ စကားဝါကျာရမ္ဘ"ဟုဆိုသည်။ ယင်းအလို ဂ-ဝါကျကား ဝါကျာရမ္ဘ၊ ခ-ဝါကျကား အာရဒ္ဓဟု ခွဲလေ။ ပက္ခန္တရယူသည်က ပိုကောင်းသည်၊ ဃ-ဝါကျကား နိဂမနဝါကျ ထို၍ ခ-ဂ- ဝါကျကား နိဂမနိယ ဝါ-စုဏ္ဏိယဝါကျ။

http://www.dhammadownload.com



## ဝါကျမှတ်ဖွယ်

က-ဝါကျကား အကျဉ်း။ ခ-ဂ-ဝါကျကားအကျယ်။ ဃ-ဝါကျကား (က-ဝါကျစကားကို ထပ်ဆိုထားသော အကျဉ်း) နိဂမန (နိဂုံး) တည်း။ သံခိပ်, ဝိတ္ထာ, နိဂုံး ၃-မျိုးတည်း၊ "တေန ဝုတ္တံ လက်ရုံးတန်းနှင့် အညီ "တေန ဝုတ္တံ"ဝါကျကို အာဂမဒဋ္ဌိ ဝါကျဟု ယေဘုယျ မှတ်သား ရသကဲ့သို့ ဝိတ္ထာရဝါကျနောက်၌ "ဓဝံ"ကိုလည်း နိဂမန (နိဂုံး) ပြနိပါတ်ပုဒ်မှတ်သားရာ၏။ ဓမ္မဝိနယအဖွင့် ပြန်ကြည့်ပါ။

---

● (၄) ပါဠိပုဒ်ကို သမာသ်ဝိဂ္ဂဟ, ကိတ်ဝိဂ္ဂဟ ၂-မျိုး ကြံ၍ အသီးသီး ဉာဏ်နည်းကောက်ပါ။

ဖြေ။ ။ပကဋ္ဌာနံ ဝစနပ္ပဗန္ဓာနံ အာဠီတိ ပါဠိ။ (သမာသ် ဝိဂ္ဂဟ။)

ဉာဏ်ကောက်။ ပကဋ္ဌာနံ၊ မြတ်ကုန်သော။ ဝစနပ္ပဗန္ဓာနံ၊ စကားတစ်ရပ်အဖြစ်ဖြင့် ဖွဲ့ထားအပ်ကုန်သော ဝါကျတို့၏။ အာဠိ၊ အစဉ် တည်း။ ပါဠိ၊ မြတ်ကုန်သော (လ) အစဉ်။ ဆဋ္ဌီ တပ္ပုရိသ်သမာသ်။ ပပုဒ်+ အာဠိပုဒ်။

ပ-ဟူသော ဝိသေသနပုဒ် အရကား မြတ်ကုန်သော စကားတစ်ရပ် အဖြစ်ဖြင့် ဖွဲ့ထားအပ်ကုန်သော ဝါကျတို့သည် မုချ။ ယင်းတို့၏ အစဉ် ဟု ဆိုအပ်သော ပရိယတ္တိဓမ္မနှင့် အဘေဒဘေဒ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည် ဌာနူပစာ။ ပါဠိဟူသော သမာသ်ပုဒ်လုံး အရကား ထိုမုချ ဌာနူ ပစာဖြင့် မှတ်အပ်သော မြတ်ကုန်သော (လ) အစဉ်ဟုဆိုအပ်သောပရိယတ္တိ ဓမ္မရ၏။

သတိ။ ဤဉာဏ်ကောက်ကိုရှု၍ "ပါဠိပုဒ်" ၌ အဘေဒဘေဒူ ပစာ ရကြောင်း မှတ်သားရာ၏။

**ကိတ်ဝိဂ္ဂဟ**။ အတ္ထံ ပါတိရက္ခတီတိ ပါဠိ၊ တန္တိ။ မောဂ်၊ ၇။ ၂၂၈။

**ဉာဏ်ကောက်**။ ယာ တန္တိ၊ အကြင် (သဒ္ဒါ) အစဉ်သည်။ အတ္ထံ၊ အနက်ကို။ ပါတိရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိသာပါဠိ။ ကတ္တု

http://www.dhammadownload.com



သာဓနေ(ပညတ်,အဝိညာဏက)ပါဓာတ်+ဋ္ဌ ပစ္စည်း။ ပါဓာတ်၏ အရကား အနက်ကိုစောင့်ရှောက်တတ်သော ပရိယတ္တိဓမ္မ၏ ဥပါဒ်သည်မှချ။ ဋ္ဌပစ္စည်းအရကား ဥပါဒဝန္တဖြစ်သော ပရိယတ္တိဓမ္မရ၏။

## ဝိဂ္ဂဟနှင့်ဉာသ်ကောက်မှတ်ဖွယ်

ဩဂါဟာ။ ဩဂယှန္တီတိ ဩဂါဟာ။

**ဉာသ်ကောက်။** ယေဓမ္မတ္ထ ဒေသနာ ပဋိဝေဓာ၊ အကြင်ဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓတို့ကို။ မန္ဒဗုဒ္ဓိဟိ၊ တို့သည်။ ဩဂယှန္တိ၊ သက်ဝင်အပ်ကုန်၏။ ဣတိ တော ဓမ္မ (လ) ဝေဓာ ဩဂါဟာ၊ ကမ္မသာဓန။ အဝပုဗ္ဗ + ဂါဟုဓာတ်+ဏပစ္စည်း။

အဝ-ဥပသာရပုဒ် အရကား ဓာတွတ္ထာနုဝတ္တကသော ဂုဏ်ရ၏။ ဂါဟုဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား မန္ဒဗုဒ္ဓိတို့၏ မန္ဒပညာဖြစ်သည်မှချ။ ကမ္မဋ္ဌကြိယာအရကား ထိုမန္ဒဗုဒ္ဓိတို့၏ မန္ဒပညာအား တပ်သော ဓမ္မ အတ္ထ ဒေသနာပဋိဝေဓ တို့၏ အာရမ္မဏပစ္စယ သတ္တိသည် ဖလူ။ ဏ ပစ္စည်း အရကား ထိုမှချ ဖလူပစာတို့ဖြင့် မှတ်အပ်သော ဓမ္မ အတ္ထ ဒေ သနာ ပဋိဝေဓတို့ ရ၏။

✝ ဂါဟု ဝိလောဠနေ (လ) စန္ဒဂ္ဂါဟော။ နီတိ၊ ဓာ။ ၁၊ ၉၇။

## ကမ္မသာဓနဉာသ်ကောက်မှတ်ဖွယ်

ယင်း သာဓနေ ဉာသ်ကောက်ရာ၌ (၁) ကတ္တုဋ္ဌ။ (၂) ကမ္မဋ္ဌ။ (၃) ပစ္စယဋ္ဌ . ၃-ချက်ကောက်ရသည်။ အဋ္ဌကထာဝါကျ၌ ဒုက္ခောဂါဟ (ဒုက္ခ+ဩဂါဟ) ဝယ် ဩဂါဟ ပုဒ်၏ ကတ္တားကား မန္ဒဗုဒ္ဓိဟိ။ ကံကား ဓမ္မတ္ထဒေသနာ ပဋိဝေဓာတည်း။ ယင်းမန္ဒဗုဒ္ဓိဟိ ဟူသော ဏတ္တား၌ တည်သော (ကတ္တု+ဋ္ဌ) ဝါ-ကတ္တား၏ အနက် (ကတ္တု+အတ္ထ မန္ဒပညာသည် ကတ္တုဋ္ဌတရားပင်တည်း။ ဓမ္မတ္ထ (လ) ပဋိဝေဓာအရကား ဏ-ပစ္စည်းအရ ဖြစ်၍ ပစ္စည်း၌တည်သော (ပစ္စယ-ဋ္ဌ)၊ ဝါ ပစ္စည်း၏ အနက်(ပစ္စယတ္ထ = ပစ္စယ+အတ္ထ) ပင်တည်း။ ကတ္တုဋ္ဌနှင့် ပစ္စယဋ္ဌတို့ကြောင့် အကျိုးဆက်စပ်မှု ပစ္စယသတ္တိကို ကမ္မဋ္ဌ (ကမ္မ + ဋ္ဌ)၊ ဝါ-ကမ္မတ္ထ (ကမ္မ + အတ္ထ) အရ ကောက်ရသည်ဟုမှတ်။

http://www.dhammadownload.com



**မှတ်ချက်။** ။ကတ္တုဋ္ဌနှင့် ကတ္တုတ္တ၊ ကမ္မဋ္ဌနှင့် ကမ္မတ္တ၊ ပစ္စယဋ္ဌနှင့် ပစ္စယတ္တ သဘောအတူတူပင်။

## ပစ္စယုပ္ပန္နဘော

ကတ္တုဋ္ဌတရားက ပစ္စယုပ္ပန်၊ ပစ္စယဋ္ဌတရားက ပစ္စည်း။ ဤသို့ ကတ္တုဋ္ဌတရားနှင့် ကမ္မဋ္ဌတရားတို့ (အာရမ္မဏ) ပစ္စယုပ္ပန် ပစ္စည်းပြိုင်၍မရလျှင် ကမ္မဋ္ဌအရ ပစ္စယုပ္ပန္နဘောကို ကောက်ရသည်။ ပစ္စယုပ္ပန္နဘော = ပစ္စယုပ္ပန္နဘာဝ = ပစ္စယုပ္ပန်၏ အဖြစ်ဟု ဆိုလိုသည်။

**ရှင်းဦးအံ့။** ကတမေ ဓမ္မာ ကုသလာတိဣဒံ ပဒဘာဇနီယံ အာရဒ္ဓံ။ အဘိ၊ ဋ္ဌ၊ ၁။ ၉၇–၌ "အာရဒ္ဓံ"ပုဒ်ကို အာရဘိယတေတိ အာရဒ္ဓံဟု ကမ္မသာဓ်ပြု။ ဘဂဝတာ ယံ " ကတမေ ဓမ္မာ ကုသလာတိ " ပဒဘာဇနီယံ အာရဘိယတေ၊ (အားထုတ်အပ်၏) တံ အာရဒ္ဓံ။ အာပုဗ္ဗ ရဘ ဓာတ်+တပစ္စည်း။ အာ–ဥပသာရ အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ် ရ၏။ ရဘဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား မြတ်စွာဘုရား၏ (အားထုတ်ခြင်း) ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည်မှုချ။ (ဤကတ္တုဋ္ဌအရ စိတ္တုပ္ပာဒ်နှင့် တပစ္စည်းအရ အားထုတ်အပ်သော "ကတမေ ဓမ္မာ ကုသလာ" စသော ပဒဘာဇနီ (ဝစီဘေဒသဒ္ဒါ) တို့ တစ်ပြိုင်တည်း ဖြစ်နေသဖြင့် ထို စိတ္တုပ္ပာဒ် အားတပ်သော ပဒဘာဇနီ၏ အာရမ္မဏ ပစ္စယသတ္တိကို ကမ္မဋ္ဌအရ မကောက်နိုင်၊ ထို့ကြောင့်–) ကမ္မဋ္ဌကြိယာအရကား "ကတမေ ဓမ္မာ ကုသလာ"စသော ပဒဘာဇနီ (ဝစီဘေဒသဒ္ဒါ)၏ သဟဇာတာဒိ ပစ္စယုပ္ပန္နဘောရ၏ဟု ကောက်ရသည်။

တ ပစ္စည်းအရကား "ကတမေ ဓမ္မာ ကုသလာ"စသော ပဒဘာဇနီ (ဝစီဘေဒသဒ္ဒါ) ရ၏ဟု ကောက်ပါ။

ဤသို့(အာရမ္မဏ)ပစ္စယုပ္ပန် ပစ္စည်းအဖြစ်ဖြင့် ဆက်သွယ်၍ ပစ္စည်းပြိုင်၍ မရလျှင် ပစ္စယုပ္ပန္နဘောကို ကမ္မဋ္ဌ အရကောက်ရသည်ကို သတိပြုရာ၏။

**မှတ်ချက်။** ။တ–ပစ္စည်းအရ ဝစီဘေဒ သဒ္ဒါယူလျှင် အာရမ္မဏမျိုးမဟုတ်၊ သဟဇာတမျိုး ဖြစ်၏။ သို့သော် တ–ပစ္စည်းအရ ဟောမည့် ပုဂ္ဂိုလ်၏ စိတ်ဖြင့် မှတ်သားထားသော၊ အာရုံပြုထားသော၊ ဝါ– မဟောမီ

http://www.dhammadownload.com



ကြိုတင်စိတ်ကူး စီစဉ်တွေး ခေါ်ထားသော (မနသာဝဝတ္ထာပိတ) သဒ္ဒါဖြစ်လျှင်ကား ဓာတ်အရ အာရမ္မဏပစ္စယုပ္ပန် ဖြစ်၍ ပစ္စည်းအရ အာရမ္မဏပစ္စည်း ဖြစ်နိုင်သည်ကိုလည်း အထူးသတိပြုမှတ်သားရာ၏။

**ဒုက္ခောဂါဟ။** ဒုက္ခေန ဩဂါဟာ ဒုက္ခောဂါဟာ ဟုတွဲ။ သာရတ္ထ၌ "ဒုက္ခေန ဩဂယှန္တီတိ ဒုက္ခောဂါဟာ"ဟု လဟုကနည်းဝိဂ္ဂြိုဟ် ပြုထားသည်။

**ဝိမတိဝါဒ။** ဩဂါဟန် အဇ္ဈောဗဝိသနံ ဩဂါဟော။ (အတွင်းသို့ ဝင်ခြင်း။) ဒုက္ခော ဩဂါဟော ဧတေသူတိ ဒုက္ခောဂါဟော။ (ဧတေသု၊ ထိုဝမ္မ အတ္ထဒေသနာ ပဋိဝေဓတို့၌။ ဒုက္ခော၊ ဆင်းရဲသော။ ဩဂါဟော၊ အတွင်းသို့ ဝင်ခြင်းသည်။ အတ္ထိ၊ ၏။ ဣတိ ဒုက္ခောဂါဟာ။)

---

● (၅) က-ဝါကျကို တဒ္ဓိတပဒ စသည်ဝေဖန်ပါ။

ဖြေ။ ။ကေမေကသို့ကား ဝိစ္ဆာတဒ္ဓိတ်ပုဒ်။

## ကေမေကသို့မှတ်ဖွယ်

ကေသို့တပုဒ်ကိုပင် ကေသို့ ကေသို့ဟု (ဘောဓိစိန္တာအလို နိပါတန သုတ်ကြီးဖြင့်) မောဂ်၊ ၁၊ ၅၄ သုတ်ဖြင့် ဒွေးဘော်ပြု။ ရှေ့ကေသို့ ၌ သို့ဝိဘတ်ကိုချေ၊ မအက္ခရာအလယ်၌ လာ၊ နောက် ဧ-သို့ကပ်။ ကေမေကသို့" ပြီး၏။

† ဒ္ဓိတ္တံ ဝိစ္ဆာယ' မေကဿ၊ နေကတ္တဿ နိပါတနာ။ (ဘောဓိစိန္တာ။ ၂၈၆။)

† ဝိစ္ဆာဘိက္ခညေသု ဒွေ။ မောဂ်၊ ၁၊ ၅၄။

စ-ကားနိပါတ်ပုဒ်။ တွေကား အဗျယတဒ္ဓိတ်ပုဒ် (ကြွင်းပုဒ်များလွယ်ပြီ။)

## စာဖြေရာ၌သတိပြု

ပဒစသည်ဖော်ပြပါဟုမေးလျှင် မည်သို့ဖြေရမည်ကို ဤကျမ်းစာ နှာ-၃၄- ၌ ရေးခဲ့ပြီ။ သမာသပဒစသည်၊ တဒ္ဓိတပဒစသည် ဝေဘဖန်ပါ ဟုမေးလျှင် အထက်၌ ဖြေဆိုခဲ့သည်အတိုင်း တဒ္ဓိတ်ဖြစ်က တဒ္ဓိတ်ပုဒ်

http://www.dhammadownload.com



တည်းစသည် ပဒကိုသာဖြေရမည်။အန္တ,လိင်စသည် ဖြေဖွယ်မလိုဟုမှတ်ရာ၏။

## နာမ်ပဋ္ဌမပိုင်းပစ္စယန္တပုဒ်မှတ်ဖွယ်

နာမ်ပဋ္ဌမပိုင်းလာ "တော" စသော ပစ္စည်းအဆုံးရှိသော ပုဒ်တို့ကို အဗျယတဒ္ဓိတ်၌ သွင်းယူရမည်။ ၎င်းတဒ္ဓိတ်ပုဒ်ဟု ဖြေပါ။

✝ ကွစိတော ပဉ္စမျတ္ထေတိ အာဒီနှာ ဝုတ္တတော အာဒိပစ္စယန္တာ စ ဣဓေဝ အဗျယတဒ္ဓိတေ သင်္ဂယှန္တိ။ ရူ။ ၄၀၆။

---

● (၆) ခ-ဝါကျ၌ အဋ္ဌကထာ ဆရာ၏ နှလုံးသွင်း (အာဘောဂ) နှင့် သံဝဏ္ဏနာအမည်တို့ကို ဖော်ပြပါ။

ဖြေ။ ။ပါဠိ-ဖြင့် ဓမ္မသဒ္ဒါသည် သဘာဝစသော အနက်ကို ဟောသော်လည်း ဤ၌ ပရိယတ္တိဓမ္မအနက်ကို ဟောသတည်း။ ဝါ-အလိုရှိအပ်သတည်း၊ ဝါ-ဓမ္မအရပရိယတ္တိဓမ္မကိုယူရမည်ဟု သိစေသည်။

နာမလိင်္ဂတ္ထ၊ ဝါ-အဓိပ္ပေတတ္ထ၊ ဝါ-သရုပ်ကြားအဘိဓေယျတ္ထ။

မှတ်ချက်။ သာရတ္ထ၌ ပရိယတ္တိဓမ္မော ဟူသောအဖွင့်ကိုရှု၍ ဓမ္မသဒ္ဒါ၏အနက်များတွင် ယင်းအနက်ကိုဟောသည်ဟု အာဘောဂ်ဖော်သည်။

ဓမ္မော သဘာဝေ ပရိယတ္တိပညာ၊
ဉာယေသု သစ္စပ္ပကတီသုပုညေ။
ဉေ ယျေ ဂုဏာစာရသမာဓိသုပိ။
နိဿတ္တတာ, ပတ္တိသုကာရဏာဒေါ။ (ဓာန်။ ၇၈၄။)

ပါဠိယာစ ပါဠိအတ္ထသစဟုသာဖွင့်၍ ဒေသနာယစဟု မဖွင့်သဖြင့် ဓမ္မနှင့်ဒေသနာအရတူသည်၏ အဖြစ်ကို လည်းကောင်း၊[၁] ပဋိဝေဓဟူသည် ယင်းပါဠိ, အတ္ထ, ဒေသနာကိုထိုးထွင်း၍သိခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကို လည်းကောင်း၊[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ၊

ယထာဘူတာဝဗောဓော-ဖြင့် ပိဋိဝေဓော၌ဝိဓ၊ ဓာတ်သည်ပြုခြင်း (ကရဏ) တုန်လှုပ်ခြင်း (ကမ္ပန) စသောအနက်ကိုမဟော၊ သိခြင်း (အဝ

http://www.dhammadownload.com



ဗောဓ)အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁] ဟုတ်မှန်တိုင်း သိသည်၏ အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဘာဝတ္ထ။

မှတ်ချက်။ ။ဝိဓာတ်ကို ဗုဓာတ်ဖြင့်ဖွင့်သည်။ ကြွင်းအဖွင့်များကား ဘာဝတ္ထသာ။

✝ ဝိဓေ ဘူကာရေ ဒိ ဘာဂေ။ ဘူစုကမ္ပနဟိံသနေ။ ဓာတွတ္ထ ၃၆၀။

---

● (၇) ဂမ္ဘီရာ။ ဂမ္ဘီရာ။ ဂဘီရာ။ ဂဘီရာဟု ပါဠ် ၄-မျိုးရှိရာ အဘယ်ပါဠ် မှန်ကန်ပါသနည်း၊ အကိုးသာကေဖြင့် ဖြေဆိုပါ။

ဖြေ။ ။ဂမဓာတ် + ဤရ (က-အနုဗန်ရှိသော ဤရ) ပစ္စည်း၊ ဓာတ်၏ အဆုံး၌ မအက္ခရာလာ၊ မ-ကို ဘ-သို့ကပ်၊ မ္ဘ-ကိုဤသို့ကပ် ဂမ္ဘီရပြီး၏။ ဓာတွန် မ-ကိုချေလျှင် ဂဘီရဟုပြီး၏။ ထို့ကြောင့် ဂမ္ဘီရ၊ ဂဘီရ၊ ၂-ချက်မှန်သည်။ (မောဂ္ဂလ္လာန်အလို။)

**တစ်နည်း။** ။ ဂမုဓာတ်+ဘီဓာတ်+ဤရပစ္စည်း၊ ဝါ-ဂေါ+ဘီ+ဤရပစ္စည်းဖြင့် ဂမ္ဘီရဟုပြီးသောကြောင့်လည်းကောင်း၊ ဂဘီရနိန္ဒဂမ္ဘီရာဟု ဓာန်။ ၆၆၉ ၌ ၂ = ပါဠ်ပင်လာသောကြောင့်လည်းကောင်း ၂-ချက်သင့်သည်။ (ဓာန်၊ ဋီ။ သူစိ။ ဓာန်အလို။)

✝ ပထဝိ ဘိန္ဒိတွာ ဂစ္ဆတိ ပဝတ္တတီတိ ဂမ္ဘီရော၊ ဂဘီရော ဘာဂါဓော။ မောဂ်၊ ၇။ ၁၇၀။

---

● (၈) ဒေသနာပုဒ်၌ ရသင့်သော နည်းဥပစာတို့ကို ဆိုရိုးကျ ရေးသားပါ။

ဖြေ။ ။အကျိုးဖြစ်သော ဝစီဘေဒသဒ္ဒါ၏ "ဒေသနာ"ဟူသော အမည်ကို အကြောင်းဖြစ်သော ထိုဝစီဘေဒ သဒ္ဒါကို ဖြစ်စေတတ်သော (တံသမုဋ္ဌာပက) စိတ္တုပ္ပာဒ်၌ တင်စား၍ အကြောင်း ဖြစ်သော (လ) စိတ္တုပ္ပါဒ်ကိုလည်း ဒေသနာဟုခေါ်သောကြောင့် ဖလူပစာသဒ္ဒါ။ (အဝိနာဘာဝနည်း)

http://www.dhammadownload.com



✝ အထဝါ ယထာဝုတ္တ သဒ္ဒ သမုဋ္ဌာပကော စိတ္တုပ္ပာဒေါ ဒေသနာ။ ဒေသီယတိ သမုဋ္ဌာပီယတိ သဒ္ဒေါ ဧတေနာတိကတွာ မှုသာဝါဒါ ဒယောဝိယ။ သာရတ္ထ၊ ၁။ ၇၇။

ပါဠိယာဒေသနာ။ အတူဖြစ်သော မနသာဝ်ဝတ္ထာပိတ ပါဠိကို ဟောခြင်း၏ "ပါဠိယာဒေသနာဟူသော အမည်ကို အတူရှိသောပါဠိကို ဟောခြင်း၌တင်စား၍ အတူရှိသောပါဠိကိုဟောခြင်းကိုလည်း ပါဠိယာ ဒေသနာဟုဆိုသောကြောင့် သဒ္ဒိသူပစာသဒ္ဒါ။ ပါရာ၊ ဂံသစ် ၁။ ၁၆၂ ကြည့်။

---

(က) မေ့ာတိ, ဟေတု။

(ခ) ဝုတ္တဥ္စေတံ "ဟေတုမှိဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိ။

(ဂ) အတ္ထောတိ ဟေတုဖလံ။

(ဃ) ဝုတ္တဥ္စေတံ "ဟေတုဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ"တိ။

(င) ဒေသနာတိ ပညတ္တိ။

(စ) ယထာဓမ္မံ ဓမ္မာဘိလာပေါတိ အဓိပ္ပာယော။

(ဆ) ပဋိဝေဓောတိ အဘိသမယော။

(ဇ) သောစ လောကိယ (လ) အဝဗောဓော။ ၄။ ၁၈။

● (၁) ခ-ဝါကျကို အမျိုးမျိုးအနက်ယောဇနာပါ။

ဖြေ။ ။ ဝုတ္တဥ္စေတံအမျိုးမျိုးအနက်ယေးပုံ။ဟိုသစ္စ၊မှန်၏။ ဝါ- ဟိ၊ သာဓကကိုဆိုဦးအံ့။ ဟေတုမှိဉာဏံ ဓမ္မပဋိသမ္ဘိဒါတိ၊ မှိဒါဟူသော။ ဧတံဝစနံ၊ ဤစကားကို။ ပဋိသမ္ဘိဒါဝိဘင်္ဂေ၊ ပဋိသမ္ဘိဒါ ဝိဘင်း၌။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ အပ်၏။

(ဟေတုမှိ၊ အကြောင်း၌။ ဉာဏံ၊ သိတတ်သောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ မှိဒါမည်၏။)

တစ်နည်း။ ကသ္မာ၊ ကြောင့်။ ဟေတု၊ သည်။ မေ့ာတိ မေ့ာနာမ၊ ဓမ္မမည်သနည်း။ ဟိယသ္မာ၊ ကြောင့်။ ဟေတုမှိဉာဏံဓမ္မပဋိသမ္ဘိဒါတိ၊ မှိဒါ ဟူသော။ ဧတံဝစနံ၊ကို။ ပဋိသမ္ဘိဒါဝိဘင်္ဂေ၊ ၌။ဘဂဝတာ၊ သည်။ ဝုတ္တံ ပြီ။

http://www.dhammadownload.com



တသ္မာ၊ ကြောင့်။ ဟေတု၊ သည်။ ဓမ္မောတိ = ဓမ္မောနာမ၊ ဓမ္မမည်သတည်း။ (သာကေပါဠ်အနက်ပေးမြဲ။)

တစ်နည်း။ ကသ္မာ၊ ကြောင့်။ ဓမ္မဿ၊ ဓမ္မသဒ္ဒါ၏။ ဟေတုပရိယာယဘာဝေါ၊ ဟေတုသဒ္ဒါ၏ပရိယာယ်၏အဖြစ်ကို။ ဝိညာယတိ၊ သိအပ်သနည်း။ ဟိယသ္မာ၊ ကြောင့်။ ဟေတုမှိဉာဏံ ဓမ္မပဋိသမ္ဘိဒါတိ၊ မှိဒါ ဟူသော။ ဓေါ်ဝစန်၊ ကို။ ပဋိသမ္ဘိဒါဝိဘင်္ဂေ၊ ၌။ ဘဂဝတာဝုတ္တံ။ တသ္မာ ဓမ္မဿ ဟေတုပရိယာယဘာဝေါ ဝိညာယတိ၊ သိအပ်သတည်း။ (သာကေပါဠ်အနက်ပေးမြဲ။)

---

● (၃) (၂) က-မှ ဇ တိုင်အောင်သော ဝါကျများ၏ အမည်အသီးသီးကိုဖော်ပြ၍ (ခ)ဝါကျကို အယုတ္တ စောဒနာတက်၊ ခ-ဝါကျ ဇ ဝါကျတို့ အနုသန္ဓေတက်ပြီးလျှင် ဝိသယတောပုဒ်ကို သဒ္ဒါနည်းစာစပ်ပါ။

ဖြေ။ ။ခ- ဝါကျကား အာဂမဒဠှီကရဏ ဝါကျ။ ထို-၍ က-ဝါကျကား အာဂမဒဠှီယဝါကျ။

## ခ-ဝါကျ အယုတ္တစောဒနာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဓမ္မသဒ္ဒာသည် ဟေတုပရိယာယ်တည်းဟုဆို၏။ ဓမ္မသဒ္ဒာ၏ ဟေတုပရိယာယ်၏အဖြစ်ကို အဘယ်သို့လျှင်သိအပ်ပါသနည်း.....ကြောင့် ခ-ဝါကျမိန့်။ (သီ+ဖြေ ၆၅-၆၆ ၌ ရေးခဲ့ပြီ။)

## ရှင်းလင်းချက်

ကထံကသ္မာကိမတ္တန္တိ၊ လက္ခံအယုတ္တစောဒနာ။ (ဂန္ထာဘရဏ။ ၇၅။) ဟုဆိုရကား ကထံ, ကသ္မာ ကိမတ္တံ စသော ကိံ သဒ္ဒါဖြင့် ပုစ္ဆာ ထုတ်လျှင် အယုတ္တစောဒနာမည်၏ဟုဆိုသောကြောင့်လည်းကောင်း၊ ယင်း ခ-ဝါကျကို သာရတ္ထ၌ ကထံနှင့်တက်ပြသဖြင့်လည်းကောင်း၊ ယင်း ကျမ်းတက်ကို အယုတ္တစောဒနာဟုဆိုလိုက်သည်။ အနာဘောဂပုစ္ဆာတက်ပင်တည်း။

† ဓမ္မဿ စေတ္တ ဟေတု ပရိယာယတာ ကထံ ဝိညာယတီတိ အာဟ " ဝုတ္တဥ္စေတန္တိ" အာဒိ။ သာရတ္ထ၊ ၁။ ၇၈။

http://www.dhammadownload.com



ဂ-ဝါကျကား ပက္ခန္တရဝါကျ ထို-၌ က-ခ-ဂ ဝါကျကား ပက္ခဝါကျ။

ဃ-ဝါကျကား အာဂမဒဠှီကရဏဝါကျ။ (ခ-ဝါကျတူပြီ။)

င-ဝါကျကား ပက္ခန္တရဝါကျ၊ ထို-၌ က-ခ-ဂ-ဃ- ဝါကျတို့ကား ပက္ခဝါကျ။

စ-ဝါကျကား ဝိတ္ထာရ ဝါကျ။ ထို-၌ င-ဝါကျကား သခေ်ပ ဝါကျ။ (အဓိပ္ပာယော၊ အတ္တော့ထုတ်ပြ၊ ဂုဋ္ဌတ်ဖော်ပြ၊ စကားကျ။)

ဆ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၌ ကြွင်းဝါကျ များကား ပက္ခဝါကျ။

## ဆ-ဝါကျအနုသန္ဓေတက်

ဤသို့ က-စသော ဝါကျတို့ဖြင့် ဓမ္မ, အတ္ထ, ဒေသနာ ပုဒ်တို့ကို ဖွင့်ပြပြီး၍ ယခုအခါ၌ ပဋိဝေဓကို ဖွင့်ပြခြင်းငှာ ဆ-ဝါကျမိန့်။

† ဣဒါနိ ပဋိဝေဓံ နိဒ္ဒိသန္တော အာဟ " ပဋိဝေဓောတိ အသိ သမယော" တိ။ သာရတ္ထ၊ ၁။ ၇၉။

ဇ-ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို-၌ ဆ-ဝါကျကား အာရဒ္ဓဝါကျ။

## ဇ-ဝါကျအနုသန္ဓေတက်

ဤသို့ ဆ-ဝါကျဖြင့် ပဋိဝေဓဟူသည် အဘိသမယတည်း၊ ဝါ- ထိုးထွင်း၍ သိတတ်သော ဉာဏ်သည် ပဋိဝေဓမည်၏ဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ ယင်းပဋိဝေဓကို အဘိသမယ အပြားအားဖြင့် လည်းကောင်း၊ သဘာဝအားဖြင့်လည်းကောင်း ထင်စွာပြခြင်းငှာ၊ ဝါ-ထင်ရှားပြခြင်းငှာ သောစသော ဇ-ဝါကျကိုမိန့်။

† ဣဒါနိ အဘိသမယပ္ပဘေဒတော အဘိသမယပ္ပကာရတော (သီ၊ ဋီ၊ သစ်-၌ အဘိသမယာ ကရတော - ဟု ရှိသည်။)

http://www.dhammadownload.com



## ရှင်းလင်းချက်

ယထာဓမ္မန္တိ ယောယော အဝိဇ္ဇာသင်္ခါရ ဘိဓမ္မော ဟူသော သာရတ္ထဖြင့် ယထာနိပါတ်၏ ဝိစ္ဆာဝါစက၏ အဖြစ်ကို ဖွင့်ပြ၍ တသ္မိံ တသ္မိံန္တိ အတ္ထောဖြင့် ယထာဓမ္မံ၌ "အံ"ကား သတ္တမိဝိဘတ်၏ ကာရိယ ဟု ဖွင့်သည်။ (အံဝိဘတ္တီန-သုတ်နှင့် န ပဉ္စမျာယံ မံ ဘာဝေါ စသော သဒ္ဒါစည်းကမ်းများကို သတိပြုပါ။) ယေယေ ဝုမှာ ယထာဝုမံ ပုဒ်ကဲ့သို့ မှတ်။ ထို့ကြောင့် အထက်ပါအတိုင်း ဉာဏ်ကောက်ရသည်။ အနက်ကို အောက်ပါအတိုင်း မှတ်ပါ။

**အနက်ပေး။** ယထာဓမ္မံ၊ အကြင်အကြင် အဝိဇ္ဇာစသောအကြောင်း သဘော, သင်္ခါရ စသော အကျိုးသဘော၌ ဟုအနက်ပေး။ '(နိဝိဋ္ဌော၊ တည်သော-ဟု ပါဌသေသ၌ စပ်လေ။)

**တစ်နည်း ဝိဂ္ဂဟပြပုံ။** ဓမ္မဿ အနုရူပ် ယထာဓမ္မံ။

**ဉာဏ်ကောက်။** ဓမ္မဿ၊ အဝိဇ္ဇာ စသော အကြောင်းသဘော, သင်္ခါရ စသော အကျိုး သဘောအား။ အနုရူပ်၊ လျော်သည်တည်း။ စတုတ္ထီအဗျယီဘောသမာသ်။ ယထာပုဒ်+ဓမ္မပုဒ်။

ဓမ္မဟူသော ဝိသေသနပုဒ်အရကား အဝိဇ္ဇာ စသော အကြောင်း သဘော, သင်္ခါရစသော အကျိုးသဘောသည်မှချ။ ယင်း၏ အနုရူပသော ဂုဏ်နှင့် ဂုဏီ ဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ယထာဓမ္မ ဟူသော အဗျယီဘောသမာသ် ပုဒ်အရကား အဝိဇ္ဇာစသော အကြောင်း သဘော, သင်္ခါရစသော အကျိုးသဘောအားလျော်ခြင်းရ၏။

**မှတ်ချက်။** ဉာဏ်ကောက်ရာ၌ အတ္ထက္ကမ=အနက်အစဉ် ပြဋ္ဌာန်းသည်။ ထို့ကြောင့် အနက်အစဉ်အတိုင်း ဓမ္မမှစ၍ ကောက်သည်။ အရာရာ ဤနည်းချည်းမှတ်။ ယင်းနှင့် အညီ အနက်ကား အောက်ပါ အတိုင်းပင် တည်း။

ယထာဓမ္မံ၊ အဝိဇ္ဇာစသော အကြောင်းသဘော, သင်္ခါရစသော အကျိုးသဘောအားလျော်စွာ။

http://www.dhammadownload.com



## ဝိဂ္ဂဟမှတ်ဖွယ်

**အဘိလာပ**။ အဘိလပ္ပတီတိ အဘိလာပေါ။ ယောသဒ္ဒေါ၊ အကြင်သဒ္ဒါကို။ အဘိလပ္ပတိ ဥစ္စာရီယတိ၊ ရွတ်ဆိုအပ်၏။ ဣတိ သော အဘိလာပေါ။ အဘိ+လပ+ဏ။ (လပ ဝိယတ္တိယံ ဝါစာယံ။ နီတိ၊ ဓာ။ ၃၂-၃)

**ဗျွာဘိလာပ**။ ဗျွော ( သဘာဝေါ = အဝိပရိတော ) အဘိလာ ပေါ။ ဗျွာဘိလာပေါ၊ ဗျွော၊ မဖောက်ပြန်သော။ အဘိလာပေါ၊ ရွတ်ဆိုအပ်သော သဝိညတ္တိက စိတ္တဇသဒ္ဒါတည်း။ ဗျွာဘိလာပေါ၊ မဖောက် မပြန် ရွတ်ဆိုအပ်သော သဝိညတ္တိက စိတ္တဇသဒ္ဒါ။ ကမ္မဓာရယ်သမာသ်။

## ဒေသနာတိပညတ္တိ၌ သဒ္ဒဝါဒီအလိုဝိဂ္ဂဟ

**ဒေသနာ**။ ဒေသီယတိ အတ္ထော ဧတာယာတိ ဒေသနာ။ ဧတာယ၊ ထိုသဝိညတ္တိက စိတ္တဇသဒ္ဒါဖြင့်။ အတ္ထော၊ အနက်ကို။ ဒေသီယတိ၊ ဟောအပ်၏။ ဣတိ၊ ထိုသို့ဟောအပ်ကြောင်း၏ အဖြစ်ကြောင့်။ သော သဒ္ဒေါ ဒေသနာ။ ကရဏသာဓ်။ ဒိသိ+ယု+အာ။

**ပညတ္တိ**။ ပကာရေန ဉာပီယတိ ဧတာယာတိ ပညတ္တိ။ ဧတာယ၊ ထိုသဝိညတ္တိက စိတ္တဇသဒ္ဒာဖြင့်။ အတ္ထော၊ အနက်ကို။ ပကာရေန၊ အပြားအားဖြင့်။ ဉာပီယတိ၊ သိအပ်၏။ ဣတိ သော သဒ္ဒေါ ပညတ္တိ။ ကရဏသာဓ်။ ပ+ဉာ+တ္တိ။

**တစ်နည်း**။ ပကာရတော ဉာပေတီတိ ပညတ္တိ။ ယောသဒ္ဒေါ၊ အကြင် သဝိညတ္တိက စိတ္တဇသဒ္ဒါသည်။ ပကာရတော၊ အပြားအားဖြင့်။ အတ္ထံ၊ အနက်ကို။ဉာပေတိ၊ သိစေတတ်၏။ ဣတိ သော ပညတ္တိ။ ဟေတုကတ္တုသာဓနေ။

**မှတ်ချက်** ဤကား သဒ္ဒဝါဒီ အလို ဒေသနာ, ပညတ္တိ သဒ္ဒါတို့၏ ဝိဂ္ဂဟများတည်း။ ယင်းတို့ အရကား သဝိညတ္တိက စိတ္တဇသဒ္ဒါရ၏ဟုမှတ်။

## ပညတ္တိဝါဒီအလို

ဗျွာဘိလာပေါပုဒ်၌ အဘိလာပပုဒ်ကို အဘိလပ္ပတီတိ အဘိလာပေါဟု ကမ္မသာဓ်ဝစနတ္ထပြုသဖြင့် ယင်းအရ ရွတ်ဆိုအပ်သော သဒ္ဒာ

http://www.dhammadownload.com



ကိုရ၏။ ပညတ်ကိုမရ။ (ဒေသနာကို ပညတ္တိဟု ဖွင့်၍ ပညတ္တိကို ဓမ္မာဘိလာပေါဟု ဖွင့်ပြန်သည်။ ထို့ကြောင့် ဒေသနာ = ပညတ္တိ = အဘိလာပ ၃-ပုဒ်လုံး သဒ္ဒါချည်းရနေသည်။ ) သို့သော် သဒ္ဒါဟူသော အကြောင်းကိုဆိုလျှင် ဝေါဟာရ ပညတ်ဟူသော အကျိုးကိုလည်း ကာရဏူပစာအားဖြင့် ဆိုရာရောက်သည်။ ထို့ကြောင့် ဒေသနာ, ပညတ္တိ, ဓမ္မာဘိလာပ အရ ကာရဏူပစာအားဖြင့် ဝေါဟာရပညတ် ရသည်ဟု ပညတ္တိဝါဒီ ဆရာတို့က ဆိုကြသည်။

**ပဋိဝေဓ**။ ပဋိဝိဇ္ဈတီတိ ပဋိဝေဓော။ ယံ ဉာဏံ၊ သည်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိတတ်၏။ ဣတိ တံ ဉာဏံ ပဋိဝေဓော။ ကတ္တုသာဓန။ ပဋိ+ဝိဓ+ဏ။

**တစ်နည်း**။ ပဋိဝိဇ္ဈန္တိ ဧတေနာတိ ပဋိဝေဓော။ ကရဏသာဓန။ အနက်လွယ်ပြီ။

**အဘိသမယ**။ အဘိသမေတီတိ အဘိသမယော။ ယံဉာဏံ၊ အဘိသမေတိ၊ သိတတ်၏ဟုပေး။ အဘိ+သံ+ဣ+ဏ။

**တစ်နည်း**။ ။အဘိသမေန္တိ ဧတေနာတိ ဝါ အဘိသမယော ။ ကရဏသာဓ်။

**မှတ်ချက်**။ ဤဝိဂ္ဂဟများကား သရတ္ထ၊ ၁။ ၇၉-၈၀ လာဝိဂ္ဂဟများတည်း။

---

● (၅)၊ ဂ-ဝါကျ၌ အတ္ထောသဒ္ဒါ၏ ဓာတုပစ္စယ်သာဓနတို့ကို ဖော်ပြပါ။

ဖြေ။ ။အရဓာတ်+ထ ပစ္စည်း ကမ္မသာဓန။ ဟေတု အနုသာ ရေန အရီယတိ ဂမီယတိ သမ္ပာပုဏီယတီတိ အတ္ထော။ (ယံဖလံ၊ အကြင်အကျိုးသည်။ ဟေတုအနုသာရေန၊ အကြောင်းသို့ အစဉ်လျှောက်သောအားဖြင့်။ အရီယတိ ဂမီယတိ သမ္ပာပုဏီယတိ၊ ရောက်အပ်၏။ ဣတိ တံ အတ္ထော။

http://www.dhammadownload.com



## ဓမ္မောသဒ္ဒါ၏ ဝိဂ္ဂဟဓာတ်ပစ္စည်း

အတ္တနော ဖလံ ဒဟတိ ဝိဒဟတီတိ ဓမ္မော။ ယော ဟေတု၊ အကြင်အကြောင်းသည်။ အတ္တနော၊ မိမိ၏။ဖလံ၊အကျိုးကို။ ဒဟတိ ဝိဒဟတိ၊ စီရင်တတ်၏။ ဣတိသော ဟေတု ဓမ္မော။ ဓာ ဓာတ် + ရမ္မ ပစ္စည်း။

**ဂဏ္ဌိသစ်အဆို။** ဓာဓာတ်ရမ္မပစ္စည်း။ ဒဟဓာတ် ထင်မှတ်၍ တတိယက္ခရာကိုစတုတ္ထက္ခရာပြုဟု ယူကြသည်၊ မသင့်။ ဓာဓာတ်ဖြင့် "ဒဟ"ရုပ်ပြီးကားလွယ်၏။ ပါရာ၊ ဂံ၊ သံစ်၊ ၁။ ၁၆၅။

**သီဠိသစ်ဝါဒ။** ဒဟဓာတ် + ရမ္မပစ္စည်းနိရုတ္တိနည်းဖြင့် ဓမ္မပြီးသည်။ (သီ+ဖြေ ၇၀ ကြည့်။)

**ကစ္စည်းကျမ်းအလို။** ဓရာဒီဟိ ရမ္မောဖြင့် ဓရဓာတ်နောက်၌ ရမ္မ ပစ္စည်းသက်။ ဓာရေတီတိ ဓမ္မောပြု။

## အဓိပ္ပာယောပုဒ်မှတ်ဖွယ်

အဓိပ္ပာယော–ဖြင့် (ဒေသနာဟူသည် သဒ္ဒါတည်းဟုယူသော သဒ္ဒါ ဝါဒီအလို) ဓမ္မာဘိလာပေါ်၌ အဘိလာပအရ ရွတ်ဆိုအပ်သော ပရမတ္ထ သဒ္ဒရုပ်ရသောကြောင့် "ဒေသနာ"အရလည်း ယင်းသဒ္ဒရုပ်ကိုပင် အလို ရှိအပ်၏ဟုပြလို၍ အဓိပ္ပာယောဟု အဋ္ဌကထာ ဆရာဆိုသည်ဟု ပိဋကတ္တ (ကောက်ချက်ချ) ပြသည်။ ပညတ္တိဝါဒီအလိုပထမနည်းကို ၄–အဖြေ၌ရေး ခဲ့ပြီ။ ဒုတိယနည်းကို သာရတ္ထ၌ရှုလေ။

## အဓိပ္ပာယောပုဒ်၏ ဝိဂ္ဂဟဓာတ်ပစ္စည်း

အဓိပ္ပာယော။ အဓိပ္ပိယတိ ဉာတိယတီတိ အဓိပ္ပာယော။ ပါရာ၊ ယော။ ၂၄။ အဓိပုဗ္ဗ+ပပုဗ္ဗ+ဣဓာတ်+ဏပစ္စည်း။

**တစ်နည်း။** အဓိပုဗ္ဗ+ပယဓာတ်+ဏပစ္စည်း။ အဓိပယတိ စိန္တေတီတိ အဓိပ္ပာယော၊ ဏော။ အဓိပုဗ္ဗော ပယ ဂမနေ။ အဓိပိယတေ ဝါ အဓိပ္ပာ ယော။ ယောအတ္ထော (ကို) ပဏ္ဍိတေဟိ (တို့သည်) အဓိပိယတေ (အလို ရှိအပ်၏) သော အတ္ထော အဓိပ္ပာယော။ သူစိ။

http://www.dhammadownload.com



**အနက်ပေး။** ပါရာ၊ ယောနှင့်သူ့စိအလို "အဓိပ္ပါယော = အလိုရှိအပ်သောအနက်" ဟု မြန်မာပြန်ရမည်။

## သက္ကတဝါဒ

ထောမ–၌ "အဘိပြာယ"ဟုရှိသည်။ အဘိ+ပြ+ဣဏဓာတ်+အဓ်ပစ္စည်း။ အာသယ = အလို, သမ္မတ = သမုတ်အပ်၏ဟူသော အနက်တို့ကို ဟောသည်ဟုဖွင့်သည်။ ဓာန်။ ၇၆၇–၌ အဇ္ဈာသယော, အဓိပ္ပါယော အာသယောဟုဆိုသည်။ ယင်းတို့နှင့်အညီ အဓိပ္ပါယော "အလိုတည်း" ဟု အနက်ပြန်သည်။

---

● (၆) က–ဝါကျမှ – ဆ တိုင်အောင်သော ဝါကျတို့ဖြင့် သိစေအပ်သော အဋ္ဌကထာဆရာ၏ အာဘော်ကို သံဝဏ္ဏနာ တွဲစပ်ဖြေဆိုပါ။

ဖြေ။ ။က–ဝါကျ၌ ဟေတု–ဖြင့် ဓမ္မသဒ္ဒါသည် သဘာဝ, ဉာယစသော သဒ္ဒါတို့၏ ပရိယာယ်မဟုတ်၊ ဟေတုသဒ္ဒါပရိယာယ်တည်းဟု သိစေသည်။ (ပရိယာယ်ပြ အဘိဓေယျတ္တ)

တစ်နည်း။ ဟေတုဖြင့် ဓမ္မသဒ္ဒာသည် သဘာဝ ဉာယစသော အနက်တို့ကို မဟော၊ အကြောင်းဟူသော အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္တ)

တစ်နည်း။ ဟေတုဖြင့် ဓမ္မသဒ္ဒါသည် သဘာဝ, ဉာယစသော အနက်တို့ကို ဟောနိုင်သော်လည်း ဤ၌ ဟေတုအနက်ကိုသာအလိုရှိအပ်သတည်းဟုသိစေသည်။ (အဓိပ္ပေတတ္တ)

ခ–ဝါကျ၌ ဟေတုမှိ ဉာဏံဖြင့် ဓမ္မပဋိသမ္ဘိဒါ၌ ဓမ္မသဒ္ဒါ၏ ဟေတုပရိယာယ်၏အဖြစ်ကိုလည်းကောင်း[၁] (က–ဝါကျ အာဘော်အတိုင်း ၃–နည်းဖော်လေ။) ပဋိသမ္ဘိဒါသဒ္ဒါ၏ ဉာဏ်အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂] ဓမ္မနှင့်ပဋိသမ္ဘိဒါကို ဓမ္မေပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါဟု သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃] ခ–ဝါကျတစ်ဝါကျလုံးဖြင့် က–ဝါကျ၏ သာဓက, ဉာပက၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ပရိယာယ် အဘိဓေယျတ္တ ၂။ နာမလိင်္ဂတ္တ။ ၃။ အဘိ ဓာနတ္တ။ သမာသလိင်္ဂပဒတ္တ။ ၄။ ဘာဝတ္တ။

http://www.dhammadownload.com



**မှတ်ချက်။** ဓမ္မကိုဟေတုမှိဖွင့်ရာ၌ က–ဝါကျအတိုင်း ၃–နည်း ဖော်၍ သံဝဏ္ဏနာအမည် ၃–မျိုးပေးရာ၏။ ဤ၌ တစ်နည်းသာ ဖော်သည်။ ဓမ္မေပဋိသမ္ဘိဒါကား သမာသ်ပုဒ်၊ ယင်းကိုဟေတုမှိ ဉာဏ်ဟု ဖွင့် သည်။ ဓမ္မကိုဟေတု၊ ပဋိသမ္ဘိဒါကို ဉာဏ်ဟုဖွင့်၍ ဓမ္မနှင့် ပဋိသမ္ဘိဒါကို (နာနာဝိဘတ္တိက၊ ဖွင့်၍ပြ၊ တပ္ပုရိသကြံစရာ- နိယံနှင့်အညီ) သတ္တမီတပ္ပုရိသ်သမာသ်တွဲရမည်ဟုဖွင့်ပြသည်။ ထိုသို့ဖွင့်ပြသဖြင့် ဓမ္မနှင့် ဟေတု အနက်တူကြောင်းသိနိုင်၍ က–ဝါကျ သံဝဏ္ဏနာကို ထောက်ခံကြောင်း ထင်ရှားမည့်ဖြစ်သည်။ သာရတ္ထ၊ ၁။ ၇၈။ ကြည့်။

ဂ–ဝါကျ၌ ဟေတုဖလံဖြင့် အတ္တော သဒ္ဒါသည် သဒ္ဒါဘိဓေယျ, ဝုမိစသောအနက်တို့၏ ပရိယာယ်မဟုတ်၊ ဖလ၏ ပရိယာယ်တည်းဟု သိစေသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ)

**တစ်နည်း။** ဟေတုဖလံဖြင့် အတ္တောသဒ္ဒါသည် သဒ္ဒါဘိဓေယျ ဝုမိစသောအနက်တို့ကိုမဟော၊ ပယောဇနေ (ဖလ = ) အကျိုးအနက်ကို ဟောသတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ)

**တစ်နည်း။** ဟေတုဖလံဖြင့် အတ္တောသဒ္ဒါသည် သဒ္ဒါဘိဓေယျ, ဝုမိစသောသဒ္ဒါတို့ကို ဟောသော်လည်း ဤ၌ပယောဇနအနက်ကို ဟော သတည်းဟုသိစေသည်။ (အဓိပ္ပေတတ္ထ)

**မှတ်ချက်။** အတ္ထုဒ္ဒါရ အတ္ထုဒ္ဒေသအရာ၌ ဤသို့ ၃–နည်း အာ ဘော်ဖော်နိုင်သည်ကိုသတိပြုပါ။

† အတ္တော ပယောဇနေ သဒ္ဒါ၊ ဘိဓေယျဝုတ္တိယံ ဓနေ။
ဝတ္ထုမှိ ကာရဏေ နာသေ၊ ဟိတေ ပစ္ဆိမပဗ္ဗတေ။ ဓာန်။
၇၈၆။

ဃ–ဝါကျ၌ ဟေတုဖလဉာဏ်ဖြင့် အတ္ထပဋိသမ္ဘိဒါ၌ အတ္ထ သဒ္ဒါ၏ ဟေတုပရိယာယ်၏ အဖြစ်ကိုလည်းကောင်း[၁] (က–ဝါကျ အာဘော်အတိုင်း ၃–နည်းဖော်လေ။) ပဋိသမ္ဘိဒါ သဒ္ဒါ၏ဉာဏ်အနက်ကိုဟောသည်၏ အဖြစ်ကို လည်းကောင်း[၂] အတ္ထနှင့်ပဋိသမ္ဘိဒါကို အတ္ထေ ပဋိသမ္ဘိဒါ အတ္ထပဋိသမ္ဘိ ဒါဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို လည်းကောင်း[၃] ဃ–ဝါကျတစ်ဝါကျလုံးဖြင့် ဂ–ဝါကျ၏သံဝဏ္ဏနာ ဉာပက၏ အဖြစ်ကို လည်းကောင်း[၄] သိစေသည်။

http://www.dhammadownload.com



၁။ ပရိယာယ်ပြအဘိဓေယျတ္ထ။ ၂။ နာမလိင်္ဂတ္ထ။ ၃။ အဘိ ဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၄။ ဘာဝတ္ထ။

**မှတ်ချက်။** ခ-ဝါကျကို မှီး၍ အာဘော် ဖော်၍ အကျယ် အဓိပ္ပာယ်ကိုသိရာ၏။ ယင်း ခ-ဃ-ဝါကျတို့၌ သာဓကေ ပါဠိတို့ကား ပဋိသမ္ဘိဒါဝိဘင်္ဂပါဠိတို့တည်း၊ ပါဠိတော်ပုဒ်ချင်း ပဒဘာဇနီပြသည်၊ ဝါ- ဖွင့်ပြသည်ဟုမှတ်ရာ၏။

င-ဝါကျ၌ ပညတ္တိဖြင့် ဒေသနာပုဒ်ကို ဒေသိယတိ အတ္တော ဓေတ နာတိ(သိ၊ငြိ၊သစ်၌-တောယဟု ထိနှင့်ရှိသည်။) ဒေသနာဟု (သာရတ္ထ) ဝစနတ္ထပြ၍ ဒေသနာအရ သဝိညတ္တိကစိတ္တဇသဒ္ဒါ(သဝိညတ္တိက ဝစီဘေဒ ပရမတ္ထသဒ္ဒါ)ကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ။) သဒ္ဒဝါဒီအလိုတည်း။

**တစ်နည်း။** ပညတ္တိ-ဖြင့် ဒေသနာအရ အက္ခရာဝဠိဖြစ်သော နာမ ပညတ်ကိုယူရမည်ဟုသိစေသည်။ (သရုပ်ကြားအဘိဓေယျ။) ပညတ္တိဝါဒီ အလိုတည်း။

စ-ဝါကျတစ်ဝါကျလုံးဖြင့် ဒေသနာဟူသည် သဘောတရားအား လျော်စွာ မဖောက်မပြန်သော သဘောဟု ဆိုအပ်သော ပရမတ္ထ သဒ္ဒါ တည်း၊ ပညတ်မဟုတ်ဟုသိစေသည်။ (ဘာဝတ္ထ။) သဒ္ဒဝါဒီအလိုတည်း။

**တစ်နည်း။** ဒေသနာဟူသည် ထိုထိုပရမတ္ထသဒ္ဒါ အားလျော်သော အက္ခရာဝဠိဟုဆိုအပ်သော နာမပညတ်တည်းဟု သိစေသည်။ (ဘာဝတ္ထ။) ပညတ္တိဝါဒီအလိုတည်း။

ဆ-ဝါကျ၌ အဘိသမယောဖြင့် ပဋိဝေဓသဒ္ဒါသည် ထိုးထွင်း၍ သိခြင်း (= အဘိသမယ) အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမ လိင်္ဂတ္ထ)

**တစ်နည်း။** ပဋိဝေဓော်၌ ပဋိပုဗ္ဗ ဝိဓ ဓာတ်ကို အဘိသမယော၌ အဘိပုဗ္ဗ သံပုဗ္ဗဣဓာတ်ဖြင့် လဲ၍ ဖွင့်ရာကား ဝိဓဓာတ်သည် ဝိဇ္ဈန = ထိုးကျင့်ခြင်း အနက်ကိုမဟော။ ဉာဏ = သိခြင်းအနက်ကိုဟောသတည်း ဟု သိစေသည်။ (ဒုတိယဓာတွတ္ထ။)

http://www.dhammadownload.com



## ၇–ပါဠိဝိနိစ္ဆယ

ပဋိသမ္ဘိဒါ။ ပဋိသမ္ဘိဒါ–ပထမပါဠ်သာ မှန်သည်။ အကြောင်း ကား ပဋိပုဗ္ဗ+သံပုဗ္ဗ+ဘိဒိဓာတ်+အပစ္စည်း+ဣတ္ထိလိင် ဇောတက အာ ပစ္စည်းဖြင့်ပြီးသောကြောင့်လည်းကောင်း၊ နီတိ၊ သုတ္တ–နှာ။ ၃၁၈–၌ ပဋိ သမ္ဘိဇ္ဇတိ ပဋိသမ္ဘိဒါဟု ဆိုသောကြောင့်လည်းကောင်း နိရုတ္တိ၊ နှာ။ ၅၅၆–၌ လည်း "ပဋိသမ္ဘိဇ္ဇန္တိ အတ္ထာဒီသု ဉာဏပ္ပဘေဒံ ဂစ္ဆန္တိ ဧတာယာတိ ပဋိသမ္ဘိဒါ ဟု ဖွင့်ပြသောကြောင့် လည်းကောင်း "မ္ဘိ"၌ ရသဃရှိသော ပထမပါဠ်သာ မှန်သည်။

မှတ်ချက်။ ဧတာယမေ့ဓာတိယာ၊ ထိုတရား သဘော ဖြင့်။ အတ္ထာဒီသု၊ အကျိုးအစရှိသည်တို့၌။ဉာဏပ္ပဘေဒံ၊ ဉာဏ်အထူးအပြားသို့။ ဂစ္ဆန္တိ၊ ရောက်တတ်ကုန်၏။ ဣတိ သာ ပဋိသမ္ဘိဒါဟု နိရုတ္တိပါဠိ၏အနက် ကိုမှတ်ရာ၏။ ပဋိသံ၊ ဠ၊ ၁။ ၃–၌ ပဋိသမ္ဘိဒါတိ ပဘေဒေါ.....နအညသ ကဿစိ ပဘေဒါ ဉာဏဿေဝ ပဘေဒါဟု ဖွင့်သည်။ ပဋိသမ္ဘိဒါ ၄– ပါးအကျယ်ကို ပဋိသမ္ဘိဒါမဂ္ဂပါဠိ၊ အဋ္ဌကထာတို့၌ရှုလေ။

● (ဂ) ဒေသနာပုဒ်၌ရသင့်သော နည်းဥပစာတို့ကို ဖော်ပြပါ။

ဖြေ။ ။အကြောင်းဖြစ်သော သဝိညတ္တိက စိတ္တဇသဒ္ဒါ (ပရမတ္ထ သဒ္ဒါ = သဒ္ဒရုပ်)၏ဒေသနာဟူသောအမည်ကို အကျိုးဖြစ်သောဝေါဟာရ ပညတ် (အက္ခရာဝဠိဖြစ်သောနာမပညတ်)၌ တင်စား၍ ဝေါဟာရပညတ် ကို ဒေသနာဟုဆိုသောကြောင့် ကာရဏူပစာ သဒ္ဒါမည်၏။ (နာနန္တ ရိက နည်း)

မှတ်ချက်။ ၄–နံပါတ်အဖြေပညတ္တိဝါဒီအလိုနှင့် သာရတ္ထ၊ ၁။ ၇၉ ပါရာ၊ ဂံ၊ သစ်။ ၁၆၇–တို့ ရှုလေ။

(က) တိသု ပိဋကေသု တိဝိဓော ပရိယတ္တိဘေဒေါ ဒဋ္ဌဗ္ဗော။

(ခ) တိဿောဟိ ပရိယတ္တိယော အလဂဒ္ဒူပမာ နိဿရဏတ္ထာ ဘဏ္ဍာဂါရိက ပရိယတ္တီတိ။

(ဂ) တတ္ထ ယာ ဒုဂ္ဂဟိတာ ဥပါရမ္ဘာဒိဟေတု ပရိယာပုဋာ။ အယံအလဂဒ္ဒူပမာ။

http://www.dhammadownload.com



(ဃ) ယံ သန္ဓာယ ဝုတ္တံ။ သေယျထာပိ (လ) တံကိဿဟေတု၊ နဂ္ဂဟိတတ္တာ ဘိက္ခဝေ ဓမ္မာနန္တိ ဌ။ ၁၉။

● (၁) ဝါကျကို လိုက်ပုဒ်၊ ဝါ၊ ဌာနာနုရူပပုဒ် ဖြည့်စွက်၍ အနက်ယောဇနာပါ။

ဖြေ။ ။တိသု၊ သုံးပါး ကုန်သော။ ပိဋကေသု၊ ပိဋက တို့တွင်။ ကေမေကသ္မိံ၊ တစ်ပါးပါးသော။ ပိဋကေ၊ ပိဋက၌။ (ကေမေကသ္မိံပုဒ်ကား နှာ၊ ၁၈၊ ကေမေကသ္မိံ စေတ္တဝါကျမှ လိုက်လာသော အဓိကာရပုဒ်၊ ဝါ၊ တိသုပိဋကေသုဟူသော အပေါင်းကို ထောက်၍ ဖြည့်စွက်ရသော အစိတ်ဌာနာနုရူပ၊ ဝါ–ပကရဏ ပုဒ်တည်း။ ကြွင်းသျှ အတိုင်း အနက်ပေး လေ။)

## တစပ် ၅–မျိုး

၁။ လိုက်စပ်။ ၂။ လှမ်းစပ်။ ၃။ ပြန်စပ်။ ၄။ ထည့်စပ်။ ၅။ ပြင်စပ်။ ဤ၌ အဓိကာရ = လိုက်စပ်ဟုမှတ်။

* လိုက်, လှမ်း, ပြန်, ထည့်၊ ပြင်, တံ့ဘိ၊ ငါးရှိအစပ်မျိုး။ (သစ်)

† တိသုပိဋကေသူတိတ္တွေ " ကောကသ္မိံ " န္တိ အဓိကာရတော ပကရဏတော ဝါ ဝေဒိတဗ္ဗံ။ သာရတ္ထ ၁။ ၈၁။

---

● (၃) (၂) က–ခ–ဃ ဝါကျတို့၏ အမည်များကို ဖော်ပြ၍ ခ–ဝါကျကို အနုသန္ဓေတက်ပါ။

ဖြေ။ ။ခ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၌ က–ဝါကျကား သင်္ခေပဝါကျ။

## ခ–ဝါကျအနုသန္ဓေတက်

ဤသို့ က–ဝါကျဖြင့် သုံးပါးကုန်သော ပိဋကတို့တွင် တစ်ပါးပါး သော ပိဋက၌ သုံးပါးအပြားရှိသော ပရိယတ္တိဘေဒကို မှတ်အပ်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ပရိယတ္တိဘေဒကို ချဲ့ပြလိုရကား ခ–ဝါကျမိန့်။

ဂ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၌ ခ–ဝါကျကား သင်္ခေပ ဝါကျ။

http://www.dhammadownload.com



**မှတ်ချက်။** ဤ ဝါကျခွဲမှာ စာမေးပွဲ ဖြေရုံမျှသာ။ တတ္ထ ယာ ဒုဂ္ဂဟိတာ (လ) နှာ- ၂၀ ဘဏ္ဍာဂါရိက ပရိယတ္တီတိ တိုင်အောင် ခ-ဝါကျကို ခွဲပြသောကြောင့် ဝိတ္ထာရ၊ ထို ဂ-ဝါကျကို ထောက်၍ ခ-ဝါကျကား သင်္ခေပဟု စာသွားစာလာအတိုင်း ခွဲရမည်ဟုမှတ်ပါ။

ဃ-ဝါကျကား အာဂမဒဋ္ဌကရဏဝါကျ။ ထို-၍ ဂ-ဝါကျကား အာဂမဒဋ္ဌိယဝါကျ။

**မှတ်ချက်။** သေယျထာပိ စသော ပါဌ်ကို မ၊ ၁။ ၁၈၆-၌ ရှု။

---

● (၄) ပရိယတ္တိပုဒ်ကို ဝစနတ္ထပြ၍ ဉာဏ်ကောက်ပါ။

ဖြေ။ ။**ဝစနတ္ထ-** ပရိယာပုဏနံ ပရိယတ္တိ။

## ဘာဝသာဓ်ဉာဏ်ကောက်။

ပရိယာပုဏနံ၊ သင်ယူခြင်း။ ပရိယတ္တိ၊ သင်ယူခြင်း။ ဘာဝသာဓန။ ပရိပုဗ္ဗ+အပဓာတ်+တိပစ္စည်း။

ပရိဥပသာရပုဒ်အရကား ဓာတွတ္ထ ဝိသေသကဘောဂဏ် ရ၏။ အပဓာတ်၏အရကား သင်ယူခြင်းကြိယာရ၏။ တိပစ္စည်း အရလည်း ဘာဝသာဓနတို့၏ သဘောသည် ဓာတ်အရ ပစ္စည်းအရ အထူးမရှိသောကြောင့် ယင်း သင်ယူခြင်း ကြိယာပင်ရ၏။

**မှတ်ချက်။** အပ ပါပုဏေ (နီတိ၊ ဓာ။ ၂၄၅)ဟု ဆိုသဖြင့် အပဓာတ်သည် ရောက်ခြင်း (= ပါပုဏန) အနက်ကို ဟော၏။ သို့သော် "ပရိ"ဥပသာရက အပဓာတ်ကို သင်ယူခြင်း ( = ပရိယတ္တိ) အနက်ဟောအောင် အထူးပြုပေးသည်။ ထို့ကြောင့် "ပရိ" ဥပသာရပုဒ်အရ ဓာတွတ္ထဝိသေသကဘောဂဏ်ကို ကောက်ရသည်။ ပဥသာရပုဒ် ဉာဏ်ကောက်ရာ၌ ဓာတွတ္ထနုဝတ္တက, ဓာတွတ္ထဝိသေသက, ဓာတွတ္ထဗာဓက- ၃-မျိုးကို သတိပြု၍ ကောက်လေ။

**တစ်နည်း** ပရိယာပုဏိတဗ္ဗာတိ ပရိယတ္တိယော။

## ကမ္မသာဓနဉာဏ်ကောက်

ယာ ပါဠိယော၊ အကြင်ပါဠိတို့ကို။ ပုဂ္ဂလေဟိ၊ ပုဂ္ဂိုလ်တို့သည်။ တီဟိ၊ သုံးပါးကုန်သော။ ပကာရေဟိ၊ အပြားတို့ဖြင့်။ ပရိယာပုဏိတဗ္ဗာ၊

http://www.dhammadownload.com



သင်ယူအပ်ကုန်၏။ ဣတိ တာပါဠိယော ပရိယတ္တိယော။ ကမ္မသာဓန။ ဓာတ်ပစ္စည်း ရှေ့နည်းတူပြီ။

ပရိ ဥပသာရ.....(လ) ဂုဏ်ရ၏။ အပဓာတ်၏အရ ကတ္တုရွကြိယာ ကား သုံးပါးကုန်သော အပြားတို့ဖြင့် ပါဠိကို သင်ယူသော ပုဂ္ဂိုလ်၏ အကုသိုလ် (အလဂဒ္ဒူပမာ) မဟာကုသိုလ် (နိဿရဏတ္ထ) မဟာကြိယာ (ဘဏ္ဍာဂါရိက) စိတ္တုပ္ပါဒ်သည်မှချ။ **ကမ္မရွကြိယာ** အရကား ထိုစိတ္တုပ္ပါဒ် အားတပ်သော ပါဠိ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ တိပစ္စည်း အရကား ထိုမှချ ဖလူပစာတို့ဖြင့် မှတ်အပ်သော ပါဠိဒြဗ်ရ၏။

**မှတ်ချက်။** ပါဠိသင်ယူရာ၌ စိတ်ထားမကောင်းလျှင် အကုသိုလ်၊ စိတ်ထားကောင်းလျှင် ကုသိုလ်၊ ရဟန္တာပုဂ္ဂိုလ်တို့ကကား ကြိယာသာ ဖြစ် ကြောင်း အဋ္ဌကထာ အကျယ်စကားရပ်ကို ရှု၍သိလေ။

## ဝိဂ္ဂဟမှတ်ဖွယ်များ

**ပရိယတ္တိဘေဒ၊** ပရိယတ္တိယာ (ပရိယတ္တိနှံ) ဘေဒါ်ဟုတွဲ။

**အလဂဒ္ဒ။** အလံ ပရိယတ္တော ပရိပုဏ္ဏော ဂဒေါ အဿာတိ အလ ဂဒ္ဒေါ။ အဿ၊ ထိုမြွေအား။ အလံပရိယတ္တောပရိပုဏ္ဏော၊ ပြည့်သော။ ဂဒေါ၊ အဆိပ်သည်။ အတ္ထိ၊ ရှိ၏၊ "အလံဂဒ" ဟူလိုလျက် နိဂ္ဂဟိတ်ကို ချေ၊ ဒ- လာ၍ အလဂဒ္ဒဟုပြီးသည်။ တဂ္ဂုဏသံဝိညာဏစတုတ္ထ ဗဟုဗ္ဗီဟိ သမာသ်။ အလံသဒ္ဒါ ပရိယတ္တ = ပြည့်ခြင်းအနက်ဟော။

**တစ်နည်း။** အလံ ဇီဝိတဟရဏေ သမတ္ထော ဂဒေါ အဿာတိ အလဂဒ္ဒေါ။ အဿ၊ ထိုမြွေအား။ အလံ ဇီဝိတဟရဏေ သမတ္ထော၊ အသက်ကို ဆောင်ခြင်း၌ စွမ်းနိုင်သော (အသက်သေစေနိုင်သော) ဂဒေါ၊ သည်။ အတ္ထိ၊ ရှိ၏။ အလံသဒ္ဒါ သမတ္ထ = စွမ်းနိုင်ခြင်း အနက်ဟော။ ၂—ဝိကပ်လုံး မြွေရ၏။

**အလဂဒ္ဒူပမာ။** အလဂဒ္ဒေါ အလဂဒ္ဒဂ္ဂဟဏံ ဥပမာ ဧတိဿာတိ အလဂဒ္ဒူပမာ။ ဧတိဿာပရိယတ္တိယာ၊ အား။ အလဂဒ္ဒေါ = အလ ဂဒ္ဒဂဟဏံ၊ မြွေဖမ်းခြင်းဟူသော။ ဥပမာ၊ သည်။ အတ္ထိ သာ ပရိယတ္တိ အလဂဒ္ဒူပမာ။

http://www.dhammadownload.com



**မှတ်ချက်။** အလင်္ကာဖြင့် အလင်္ကာဂဟဏာတိုင်အောင်ယူ။ အာပူ ပိကော ( = အပူပ+ဏိကပစ္စည်း။ တဿီလတဒ္ဓိတ်)၌ အပူပ = (မုန့် ဟော) သဒ္ဒါဖြင့် အပူပခါဒန (မုန့်စားခြင်း) ထိအောင်ယူရ၍ အပူပံ (အပူပခါဒနံ) သီလံ ယဿာတိ "အပူပိကော" ပြီးသကဲ့သို့ ပြီးသည်ဟုမှတ်။

**တစ်နည်း။** အလင်္ကာဂ္ဂဟဏူပမာ ဟုဆိုလိုလျက် ဂဟဏသဒ္ဒါချေ။ ဩဋ္ဌ မုခ မုခေါ = ကုလားအုတ်၏နှုတ်သီးနှင့်တူသော နှုတ်ခမ်းရှိသူဟု ဆိုရာ၌ ဩဋ္ဌမုခမှ မုခပုဒ်ကိုချေ၍ "ဩဋ္ဌမုခေါ" ပြီးသကဲ့သို့ ပြီးသည်။

**နိဿရဏတ္ထ။** ဝဋ္ဋဒုက္ခတော နိဿရဏံ အတ္ထော ပယောဇနံ ဧတိဿာတိ နိဿရဏတ္ထာ။ ဧတိဿာ ပရိယတ္တိယာ၊ အား။ ဝဋ္ဋဒုက္ခ တော၊ ဝင်္ဋဆင်းရဲမှ။ နိဿရဏံ၊ ထွက်မြောက်ခြင်း ဟူသော။ အတ္ထော ပယောဇနံ၊ အကျိုးသည် အတ္ထိ၊ ၏။ ဣတိ သာ နိဿရဏတ္ထာ။

**ဘဏ္ဍာဂါရိကပရိယတ္တိ။** ဘဏ္ဍာဂါရေ နိယုတ္တော ဘဏ္ဍာဂါရိကော (ဘဏ္ဍာစိုး)။ (ဘဏ္ဍာဂါရိကောဝိယ ဘဏ္ဍာဂါရိကော (တရား ဘဏ္ဍာစိုးဖြစ်သော ရဟန္တာ)။ ဘဏ္ဍာဂါရိကဿ ပရိယတ္တိ ဘဏ္ဍာဂါရိက ပရိယတ္တိ—ဟု တွဲလေ။

**မှတ်ချက်။** ဤဝိဂ္ဂဟများကား သာရတ္ထ၊ ၁၊ ၈၁။ ဝိမတိ၊ ၁။ ၂၂-လာ ဝိဂ္ဂဟများတည်း။

---

● (၅) ပရိယာပုဋ္ဌာပုဒ်၏ ဓာတုပစ္စယကို ဖော်ပြ၍ တတော နိဒါနံသည် ပုဒ်ကြီးလေးပုဒ်တွင် မည်သည့်ပုဒ်မျိုးဖြစ်သနည်း ရှင်းလင်းခဲ့ပါ။

ဖြေ။ ။ပရိယာပုဋ္ဌာ = ပရိ + အပ + ဏာပစ္စည်း + တပစ္စည်း။

**တတောနိဒါနံကား** အလုတ္တဗဟုဗ္ဗိဟိ သမာသ်နာမ် ပုဒ်တည်း။ တတောနိဒါနံ ဧတဿာတိ တတော နိဒါနံ။ ဧတဿ၊ ထိုသေခြင်း ဆင်း ရဲအား။ တတော၊ ထိုမြွေကိုက်ခြင်းဟူသော။ နိဒါနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တံ တတောနိဒါနံ။ ဤအလို တတော နိဒါနံကား

http://www.dhammadownload.com



တတော ဟူသော ရှေ့ပုဒ်ဝယ် ပဌမာဝိဘတ် အနက်၌ ပဥ္စမီတောပစ္စည်း သက်ထား၍ ယင်း "တော" ပစ္စည်းမကြေသော အလုတ္တဗဟုဗ္ဗီဟိသမာသ် ပုဒ်တည်း။

✝ ပုရိမပဒေ ပစ္စတ္တေ နိယက္က ဝစနံ ကတွာ တဿာစ လောပံ အကတွာ နိဒ္ဒေသော။ သာရတ္ထ၊ ၁။ ၈၃။

**မှတ်ချက်။** တတော နိဒါနတ္တိ တံ နိဒါနံ တံ ဟေတုကန္တိ ပစ္စတ္တ ဝစနဿ တော အာဒေသော ဝေဒိတဗ္ဗော။ ဝိ၊ ဋ္ဌ၊ ၂။ ၁၇၇-၌ ကား ပဌမာဝိဘတ်ကို "တော" ပြုထားသည်ဟု ဆိုသည်။

---

● (၆) ဥပါရမ္ဘာဒိ ဟေတု ပရိယာပုဋ္ဌာဖြင့် သိစေအပ်သော အဋ္ဌကထာ ဆရာ၏နှလုံးသွင်း (အာဘောဂ) ကို ရေးသား၍ သံဝဏ္ဏနာ အမည်ပေးပါ။

ဖြေ။ ။ဥပါရမ္ဘာဒိဟေတု ပရိယာပုဋ္ဌာဖြင့် ဒုဂ္ဂဟိတာ (ဒုဋ္ဌု + ဂဟိတာ) မကောင်းသဖြင့် သင်ယူအပ်ကုန်၏ ဟူသည် ဥပါရမ္ဘ စသော အကြောင်း၊ ဝါ-ဥပါရမ္ဘ၊ ဣတိဝါဒပမောက္ခ, လာဘသက္ကာရ စသော အကြောင်းကြောင့် သင်ယူအပ်ကုန်သော ပါဠိတို့ပင်တည်းဟု ဒုဂ္ဂဟိတာ ၏ အဓိပ္ပာယ်အကျယ်ကို ဖွင့်ပြပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ။)

**မှတ်ချက်။** ခ-ဝါကျ အာဘော် သံဝဏ္ဏနာ မေးလျှင် ပရိယတ္တိ သရုပ် ၃-မျိုးပြသည်ဟု ဖော်၍ သရုပ်ကြား အဘိဓေယျတ္ထ သံဝဏ္ဏနာဟု ဖြေလေ။

✝ ဒုဂ္ဂဟိတာ ဟိ ဒုဋ္ဌုဂဟိတာ။ ဒုဂ္ဂဟိတာဘာဝမေဝ ဝိဘာဝေန္တော အာဟ " ဥပါရမ္ဘာဒိဟေတုပရိယာပုဋ္ဌာ " တိ။ သာရတ္ထ။ ၁။ ၈၁။

## ၇-ပါဠိဝိနိစ္ဆယ

နနိဗ္ဗာနံခမန္တိ။ နနိဗ္ဗာနက္ခမန္တိ။ န နိဗ္ဗာနံ ခမန္တီတိ နိဗ္ဗာန ပည် နခမန္တိဟု ဝိနည်း, သုတ်, အဘိဓမ္မာ ဋီကာတို့၌ ဖွင့်ပြသောကြောင့်

http://www.dhammadownload.com



နနိဗ္ဗာန်ခမန္တိသာ ပါဌ်မှန်။ နနိဗ္ဗာနက္ခမန္တိကား ပါဌ်ပျက်။ ပါရာ၊ ဂ၊ သစ်။ ၁။ ၁၇၅။

**သိဋ္ဌီသစ်ဝါဒ။** နိဿေသေန ဈာယတေပက္ခတေတိ နိဗ္ဗာနံ။ သန္ဓိဝသေန အနုသွရလောပေါ နိဗ္ဗာနက္ခမန္တိတိ ဟူသော သီ၊ ဋီ၊ သစ်။ ၁၁၂ အလို နိဗ္ဗာန် ခမန္တိဟူလိုလျက် အသဒိသဒွေးဘော်က လာ၍ နံ့၌ နိဂ္ဂဟိတ် (အနုသွာရ) ကြေ၍ နိဗ္ဗာနက္ခမန္တိဟု သန္ဓိစပ်လျက်ရှိသောပါဌ် သင့်၏။ နိဗ္ဗာန် ခမန္တိတိပိ ပါဌော ဆိုပြန်သဖြင့် သန္ဓိမစပ်သော ပါဌ် လည်းသင့်၏။ ၂-ပါဌ်သင့်ဟုမှတ်။

**မှတ်ချက်။** ဤသို့ သီ၊ ဋီ၊ သစ်၊ ဆိုသော်လည်း ဝိနယ, အဋ္ဌကထာ ပုဏ္ဏာအတွက် ဝိနည်းဋီကာအဖွင့်၊ ဝိနည်း ဂဏ္ဌိအဆိုအတိုင်းသာ ဖြေသင့် သည်ဟုမှတ်။

## ဂ-နည်းနှင့် ဥပစာ

တေဓမ္မာ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိ- အကျိုး ဖြစ်သော အစီးပွားမဲ့ခြင်း ဆင်းရဲခြင်း၏အဟိတ, ဒုက္ခအမည်ကို အကြောင်းဖြစ်သော မကောင်းသဖြင့် သင်အပ်သော ပါဠိ၌ တင်စား၍အကြောင်းဖြစ်ရသော- မကောင်းသဖြင့်သင်အပ်သော ပါဠိကို "တေဓမ္မာ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိ"ဟု ဆိုသောကြောင့် ဖလူပစာသဒ္ဒါတည်း။

ပြယုဂ်ကား တေဓမ္မာ (လ) သံဝတ္တန္တိဟူသည်တည်း။ ဤ၌ အစီးအပွားမဲ့ခြင်း အဟိတ, ဆင်းရဲခြင်း ဒုက္ခဟူသော အကျိုးကိုဆိုသဖြင့် မကောင်းသဖြင့်သင်အပ်သော ပါဠိဟူသော အကြောင်းကိုလည်း ရသောကြောင့် အဝိနာဘာဝနည်း မည်၏။

**အဓိပ္ပာယ်မှာ —** တေ ဓမ္မာ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိ တေဓမ္မာ။ ထိုမကောင်းသဖြင့် သင်ယူအပ်ကုန်သော ပါဠိတို့သည်။ အဟိတာယ၊ စီးပွားမဲ့ခြင်းငှာ။ ဒုက္ခာယ၊ ဆင်းရဲခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏- ဟူရာ၌ ပါဠိတို့သည် အဟိတ ဒုက္ခအကျိုးငှာ မဖြစ်ကြ၊ ပါဠိတို့မှာ ဒုက္ခ ရောက်စရာဟူ၍ မြူမျှမရှိချေ။ သင်ယူပို့ချသူတို့မှာ ဆိုခဲ့သည့် အတိုင်း ဥပါရမ္ဘစသော အကြောင်းကြောင့် သင်ယူပို့ချခိုက်၌သော် လည်းကောင်း၊ ငြင်းခုံခိုက်၌သော်လည်းကောင်း အကုသိုလ်တိုးပွား၍ အဟိတ ဒုက္ခ ဖြစ်ကုန်ရာ၏။ ဤသည်ကို ရည်၍ ဖလူပစာအားဖြင့် အဟိတာယ စသောစကား ကို ဘုရားရှင် မိန့်တော်မူသတည်း။

http://www.dhammadownload.com



† ဇွေ ဟိ ကာရဏေ ဖလဝေါဟာရေန “ တေဓမ္မာ အဟိတာ ယ ဒုက္ခာယ သံဝတ္တန္တိ” တိ ဝုတ္တံ။ သာရတ္ထ၊ ၁။ ၈၄။

## ဥပစာမှတ်ဖွယ်များ

**ဘဏ္ဍာဂါရိကပရိယတ္တိ။** အတူဖြစ်သော ဘဏ္ဍာစိုး၏ ဘဏ္ဍာဂါရိကအမည်ကို အတူရှိသောတရားရတနာကို စောင့်ရှောက်တတ်သူ ရဟန္တာ၌ တင်စား၍ အတူရှိသော (လ) ရဟန္တာကို ဘဏ္ဍာဂါရိကဟု ဆိုသောကြောင့် သဒိသူပစာသဒ္ဒါမည်၏။

**ပဋိဝိဒ္ဓါကုပ္ပော။** ပဋိဝိဒ္ဓ + အကုပ္ပ။ အကျိုးဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏ အကုပ္ပအမည်ကို အကြောင်းဖြစ်သော အရဟတ္တဖိုလ်၌ တင်စား၍ အကြောင်းဖြစ်သော အရဟတ္တဖိုလ်ကို “အကုပ္ပ” ဟု ဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

† အကုပ္ပန္တိ အရဟတ္တဖလဿေတံ နာမံ။ သာရတ္ထ၊ ၁။ ၈၅။

## ပါဠိဝိနိစ္ဆယ မှတ်ဖွယ်

ဓမ္မစိန္တံ၊ ဓမ္မေစိန္တံ။ ဓမ္မစိတ္တံ။ ဓမ္မေစိတ္တံ။

ဓမ္မစိန္တန္တိ ဓမ္မသဘာဝ ဝိဇာနနံ။ သာရတ္ထ၊ ၁။ ၉၁။ ဖွင့်သော ကြောင့်လည်းကောင်း (ယင်းအလို- ဓမ္မစိန္တံ၊ တရားသဘောကို သိခြင်းဟုအနက်ပေး။) သီ၊ ဋီ၊ သစ်၊ ၁။ ၁၂၀–၌ ဓမ္မစိန္တန္တိ ဓမ္မသဘာဝ ဝိစာရံဟု ဖွင့်သောကြောင့်လည်းကောင်း (ယင်းအလို ဓမ္မစိန္တံ၊ တရားသဘောကို ကြံစည်ခြင်းဟု အနက်ပေး) ဓမ္မေစိန္တံဟု ဝါကျရှိလျှင်လည်း ယင်းအနက်များ မပျက်ယွင်းသောကြောင့်လည်းကောင်း ဓမ္မစိန္တံဟု သံမာသ်ရှိသောပါဌ်၊ ဓမ္မေစိန္တံဟု ဝါကျရှိသောပါဌ် ၂–မျိုးလုံးသင့်သည်။ဓမ္မစိတ္တံ, ဓမ္မေစိတ္တံကားမသင့်။

**မှတ်ချက်။** ဋ္ဌ၊ ၂၀ ကြောင်းရေ- ၂၃ ဓမ္မစိန္တံ အတိစာဝန္တော၌ ပါဠိဝိနိစ္ဆယဟုမှတ်ပါ။

---

(က) ကဿာ ပနေသ ဒီဃနိကာယောတိ ဝုစ္စတိ။

(ခ) ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော နိဝါ သတောစ။

(ဂ) သမူဟနိဝါသာ ဟိ နိကာယောတိ ဝုစ္စန္တိ။

http://www.dhammadownload.com



(ဃ) နာဟံ ဘိက္ခဝေ (လ) သာသနတောစ လောကတောစ။

(င) ဧဝံ သေသာနမ္ပိ (လ) ဝေဒိတဗ္ဗော။ ၄။ ၂၁။

## ၃-၂ ဝါကျခွဲနှင့် ကျမ်းတက်

က- ဝါကျကား (အမေးပုစ္ဆာကို ပြသောကြောင့်) ပုစ္ဆာဝါကျ။ ခ-ဝါကျကား (အဖြေဝိသဇ္ဇနာကိုပြသောကြောင့်) ဝိသဇ္ဇနာ၊ ဝါ-ပရိဟာရဝါကျ။

**မှတ်ချက်။** ပုစ္ဆာဝါကျကား ပက္ခဝါကျ။ ဝိသဇ္ဇနာဝါကျကား ပက္ခန္တရဟုလည်းကောင်း၊ ပုစ္ဆာဝါကျကားသင်္ခေပ၊ဝိသဇ္ဇနာဝါကျကားဝိတ္ထာရဟုလည်းကောင်း ဆိုကြသေး၏။ ဝါဒန္တရဟုမှတ်။

ဂ-ဝါကျကား ယုတ္တိဒဠှီကရဏဝါကျ။ ထို-၌ ခ-ဝါကျကား ယုတ္တိဒဠှီယဝါကျ။ တစ်နည်း ဂ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၌ ခ-ဝါကျကား သင်္ခေပဝါကျ။

**မှတ်ချက်။** ဤ ဂ-ဝါကျကား အတ္ထုဒ္ဓါရနောက်၌ တက်လာသောဝါကျမျိုးဖြစ်သည်။ ထို့ကြောင့် ဒဠှီ၊ ဝိတ္ထာရ ၂-မျိုးခွဲသည်။ သမယောအဖွင့်၊ ပရိယာယောပုဒ်အဖွင့်အဖြေနှင့်ယှဉ်ကြည့်ပါ။ သီ၊ ဖြေ။ ၇၁၊ ၇၂-၌ ကျမ်းတက်များရေးခဲ့ပြီ။ ဆင်တဲဂဏ္ဌိ။၈၈-၌ သဒ္ဒါတစ်ခု ဖြစ်လျက် သမူဟနိဝါသအနက်နှစ်ခုဖြစ်ခဲ့၏။ ဝါစကသတ္တိရှိပါအံ့လော.....ဟု ဂ-ဝါကျကို ကျမ်းတက်ပြသည်။

ဃ-ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ထို-၌ ခ-ဝါကျကား အာဂမ ဒဠှီယဝါကျ။ (ဤကား ဂ-ဝါကျကို ယုတ္တိဒဠှီကရဏကြံခိုက် ဝါကျခွဲ တည်း။ ခ-မူလဝါကျကို ဂ-ယုတ္တိ၊ ဃ- အာဂမဖြင့် ခိုင်မြဲစေသည်ဟု မှတ်ရာ၏။)

**တစ်နည်း။** ဃ-ဝါကျကား အာဂမဒဠှီ ကရဏဝါကျ ထို-၌ ဂ-ဝါကျကား အာဂမဒဠှီယဝါကျ။ (ဤကား ဂ-ဝါကျကိုဝိတ္ထာရကြံခိုက် ဝါကျခွဲတည်း။ ဂ-မူလဝိတ္ထာရဝါကျကို ဃ-အာဂမဖြင့် ခိုင်မြဲစေသည်ဟု မှတ်ရာ၏။)

http://www.dhammadownload.com



**မှတ်ချက်။** ဃ-ဝါကျ၌ နာဟံဘိက္ခဝေ (လ) ပါဌာ ပဌမ ဥဒါဟရဏ်ကား သာသနာ တော်မှ၊ ပေါဏိကနိကာယော စိက္ခလ္လိကနိကာယောဟူသော ဒုတိယဥဒါဟရဏ်ကား လောကမှလာသော ဥဒါဟရဏ်၊ ဝါ၊ သာဓကတည်း။ သာရတ္ထ၊ ၁။ ၉၂။ (သိ၊ ဋီ၊ သစ်၊ ၁။ ၁၂၂။)

င-ဝါကျကား အတိဒေသ သံဝဏ္ဏနာဝါကျ။ ဝါ- ဝါကျာရမ္ဘဝါကျ။ ထို-၌ ခ-ဝါကျကား အာရဒ္ဓဝါကျ။

## အတိဒေသသံဝဏ္ဏနာဝါကျမှတ်ဖွယ်

အတိဒေသ = ညွှန်းပြကြောင်း ဖြစ်သော + သံဝဏ္ဏနာ = အဖွင့်ဝါကျ။ ရေးပြီးသားစကားနှင့် အတူ (သို့မဟုတ်) ရေးပြီးသား စကားကို နည်းမှီး၍ သိတန်လောက်သော စကားကို ထပ်ကာထပ်ကာရေးလျှင် စကားကျယ်ဝန်းနေမည်၊ ကျမ်းစာကျယ်လွန်း နေမည်၊ ဂန္ထ = ကျမ်းစာ + ဂရု လေးခြင်း + ဒေါသ = အပြစ် (ဂန္ထဂရုဒေါသ) သင့်မည်။ ဤသို့အပြစ်တင်မခံရအောင် ဝါ-ဂန္ထ ဂရုဒေါသမှ လွတ်အောင် ရေးပြီးသား စကားနှင့် အလားတူ (သို့မဟုတ်) ရေးပြီးသား စကားကို နည်းမှီး၍ သိတန်လောက်သောစကားကိုပင် ဧဝံ (လ) ဝေဒိတဗ္ဗော = ဤသို့ သိပါတော့။ သေသံဝုတ္တနယမေဝ = ကြွင်းသောစကားသည် ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်တည်း၊ ဝါ-ဆိုခဲ့ပြီးတဲ့ နည်းအတိုင်းပါပဲ စသည် ညွှန်းပြရ၏။ = ဤသို့ ညွှန်းပြသောစကား၊ ဝါ-ဝါကျကို အတိဒေသသံဝဏ္ဏနာဝါကျ၊ ဝါ၊ (အတိုကောက်အားဖြင့်) အတိဒေသဝါကျဟု ခေါ်သည်။

## ရှေးဆရာတို့ အခေါ်အဝေါ်

မစိုးရိမ်ကျောင်းတိုက် မသိသူကို ကျောင်းတိုက်ထဲ ရောက်အောင် မပို့ဘဲ ခတ်လှမ်းလှမ်းမှနေပြီး "ဟိုနာရီစင်ကြီးရှိတဲ့ တိုက်ဟာ မစိုးရိမ်တိုက်ပဲ" ဟု လက်ညှိုးထိုးပြ ညွှန်ပြသကဲ့သို့ ပြည့်ပြည့်စုံစုံ ဖွင့်မပြတော့ဘဲ ဆိုခဲ့ပြီးအတိုင်း သိပါတော့စသည် ညွှန်ပြသော ဝါကျမျိုးဖြစ်၍ ယင်း အတိဒေသဝါကျကို ရှေးဆရာတို့က "လက်ညှိုးထိုး" ဝါကျဟု ဆိုကြသည်။

http://www.dhammadownload.com



## ရှင်းလင်းချက်

ဤ၌ င-ဝါကျဖြင့် မည်သို့ညွှန်ပြသနည်း။ ခ-ဝါကျဖြင့် ဒီဃနိကာယောပုဒ်ကို ဒီဃာနံ နိကာယောဟု ဆဋ္ဌီတပ္ပုရိသ် ပြုရမည်ကိုလည်းကောင်း၊ နိကာယသဒ္ဒါသမူဟနိဝါသအနက်ဟောသည်ကိုလည်းကောင်း ဖွင့်ပြသည်။ ကြွင်းမဇ္ဈိမနိကာယ, သံယုတ္တနိကာယ, အင်္ဂုတ္တရနိကာယ, ခုဒ္ဒကနိကာယ ပုဒ်တို့ကိုလည်း ခ-ဝါကျကနည်းမှီပြီး မဇ္ဈိမာနံ, နိကာယောစသည် ဆဋ္ဌီတပ္ပုရိသ် တွဲရမည်ကို လည်းကောင်း၊ ယင်းတို့၌ နိကာယသဒ္ဒါ သမူဟနိဝါသအနက်ဟော သည်ကိုလည်းကောင်း င-ဝါကျဖြင့် ညွှန်ပြသည်။ ယင်းသို့ ညွှန်ပြသဖြင့်။ ကသ္မာ ပနေသမဇ္ဈိမနိကာယောတိ ဝုစ္စတိ၊ မဇ္ဈိမပ္ပမာဏာနံ သုတ္တာနံ သမူဟတော နိဝါ သတောစ- စသည် အကျယ်ရေးဖွယ် မလိုတော့၊ နည်းမှီ၍ သိတန်လောက်ပြီဖြစ်၍ စာသားအများကြီးကျဉ်းသွားသည်။ ဂန္ထဂရုဒေါသမှ ကင်းလွတ်သွားသည်။ ယင်းအတိဒေသ င-ဝါကျဖြင့် ဂန္ထဂရုဒေါသကို ပယ်သည်ဟုမှတ်ရာ၏။

* အတိဒေသ၊ ဟူလက၊ ဂန္ထဂရုဒေါသ ပယ်သတည်း။ (သစ်)

## အတိဒေသဝါကျ၏ နာမည်များ

ခ-ဝါကျဖြင့် ဒီဃနှင့် နိကာယတို့၌ မှတ်သားစရာတို့ကို ဖွင့်ပြခဲ့၍ မဇ္ဈိမနိကာယစသော ကြွင်းပုဒ်တို့၌ မှတ်သားစရာတို့ကို ဆရာမဖွင့်ပြပြီလောဟု စောဒနာဖွယ်ရှိ၍ ဆက်လက်ဖွင့်ပြသောကြောင့် င-ဝါကျကို ဝါကျာရမ္ဘဝါကျဟု ဝါကျခွဲခဲ့သည်။ မိမိတို့ နှစ်သက်သော ဝါဒတည်း။

"ယတ္ထ ဝိတ္ထာရိတဿ အတ္ထဿ အတိဒေသောပိ ဝိတ္ထာရဋ္ဌာနေ ယေဝ တိဋ္ဌတိ ဟူသော ဝိသုဒ္ဓိမဂ် မဟာဋီကာကို ထောက်၍ အတိဒေသ ဝါကျကို ဝိတ္ထာရဝါကျ ဟုလည်း နာမည်ပေးကြသည်။

အချို့ကား ဝိတ္ထာရပြန်ညွှန်းလျှင် ဝိတ္ထာရ၊ ပကန္တရ ပြန်ညွှန်း ပကန္တရ စသည်ပြန်ညွှန်းသော ဝါကျအတိုင်း နာမည်ပေးရမည်ဟုလည်း ဆိုကြသေးသည်။ ဝါဒန္တရဟု မှတ်ရာ၏။

## ၄-ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

ဒီဃနိကာယ။ ဒီဃာနံ ( = ဒီဃပ္ပမာဏာနံ သုတ္တာနံ) နိကာယော ( = သမူဟော နိဝါသော)တိ ဒီဃနိကာယော။

http://www.dhammadownload.com



**ဉာဏ်ကောက်။** ဒီဃာနံ (ဒီဃပ္ပမာဏာနံသုတ္တာနံ) ရှည်သော ပမာဏရှိကုန်သော သုတ်တို့၏။ နိကာယော၊ (သမူဟော) အပေါင်း တည်း၊ ဝါ-နိကာယော (နိဝါသော) တည်နေရာတည်း။ ဆဋ္ဌီတပ္ပုရိသ်သမာသ်။ ဒီဃပုဒ် နိကာယ-ပုဒ်။

ဒီဃဟူသော ဝိသေသနပုဒ်အရကား ရှည်သော ပမာဏရှိကုန်သော သုတ်တို့ ဒြဗ်သည်မုချ။ ယင်း၏ အပေါင်းဖြစ်သော နိကာယနှင့် အစိတ် အပေါင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်၊ ဝါ-ယင်း၏ တည်နေရာ ဖြစ်သော နိကာယနှင့် ဌာနီ ဌာန အဘေဒ ဘေဒ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် ဌာနူပစာအားဖြင့် ရ၏။ ဒီဃနိကာယ ယူသော သမာသ်ပုဒ်အရကား ရှည် သော ပမာဏရှိကုန်သော သုတ်တို့၏အပေါင်း၊ ဝါ-တည်နေရာရ၏။

**သာဓကောနိ။** သာဓေန္တီတိ သာဓကောနိ။ (ယာနိ ဥဒါဟရဏာနိ သက္ခိနိ ဝါ အဓိပ္ပေတတ္ထံ သာဓေန္တီတိ သာဓကောနိဟု ကတ္တားကံ ပြည့်စုံ အောင်ထည့်။)

**ဉာဏ်ကောက်။** ယာနိ ဥဒါဟရဏာနိ၊ အကြင် ဥဒါဟရဏ်တို့ သည်။ ဝါ-ယာနိ သက္ခိနိ၊ အကြင်သက်သေတည်တို့သည်။ အဓိပ္ပေတတ္ထံ၊ အလိုရှိအပ်သောအနက်ကို။ သာဓေန္တိ၊ ပြီးစေနိုင်ကုန်၏။ ဣတိ တာနိ ဥဒါဟရဏာနိ သက္ခိနိ ဝါ သာဓကောနိ။ သာဓ (သံသိဒ္ဓိယံ။ နီတိ၊ ဓာ။ ၂၃၁။) ဓာတ်+ဏျုပစ္စည်း။

သာဓဓာတ်အရ သုဒ္ဓကတ္တုဒြ ကြိယာအရကား အလိုရှိအပ်သော အနက် (အဓိပ္ပေတတ္ထံ-ဟူသော ကာရိက်ကံကို အရကောက်သည်ကိုပြု။) သည် မုချ။ ဟေတုကတ္တုဒြ ကြိယာအရကား ထိုအလိုရှိအပ်သောအနက် အား တပ်သော ဥဒါဟရဏ်၊ ဝါ-သက်သေ တို့၏ ဥပနိဿယ ကောဋိ ( = သုတ္တန်နည်း ပကတူပနိဿယ) သတ္တိသည် ဖလူပစာ။ ဏျုပစ္စည်းအရ ကား ထိုမုချ ဖလူပစာတို့ဖြင့် မှတ်အပ်သော ဥဒါဟရဏ်၊ ဝါ-သက်သေကို ရ၏။

**ဥပနိဿယကောဋိ။** ဓာတ်အရ တရားနှင့် ပစ္စည်းအရ တရားတို့ ပဋ္ဌာန်းပစ္စည်းပြိုင်၍မရ၊ သို့သော် အကျိုးအကြောင်းသော်ကား ဖြစ်၏။

http://www.dhammadownload.com



ဤသို့သောတရား၌ ဥပနိဿယကောဋိ ခေါ် သုတ္တန်နည်းပကတူနိဿယ အဖြစ်ဖြင့် ပစ္စည်းပြိုင်ရသည်ဟုမှတ်။

✝ သာကောနိတိ အဓိပ္ပေတတ္ထဿ သာဓနတော ဥဒါဟရဏာ နိတိ ဝုစ္စတိ။.....သက္ခိနိ ဝါ ယထာ ဝုတ္တနယေန သာကောနိ။ သီ၊ ဋီ၊ သစ်၊ ၁၊ ၁၂၂။

## ဝိဂ္ဂဟမှတ်ဖွယ်များ

**ပေါဏိကနိကာယော။** ပေါဏိကာနံ (ပေါဏိက မည်သော မင်းတို့၏။) နိကာယော (နိဝါသော၊ နေရာတည်း။) ပေါဏိက နိကာယော။

**စိက္ခလ္လိကနိကာယော။** စိက္ခလ္လိကာနံ၊ (စိက္ခလ္လိက မည်သော မင်းတို့၏။) နိကာယော၊ (နိဝါသော နေရာတည်း။) စိက္ခလ္လိကနိကာ ယော။

## ၅-ဓာတုပစ္စယာဒိဝိဘာဂ

အတ္ထာနုရူပ (အနက်အားလျော်စွာ) နိကာယသဒ္ဒါ၏ ဓာတု ပစ္စယကို ဖော်ပြပါဟုမေးလျှင်–

**နိကာယ။** သမ္မုဟတ္ထဟောဖြစ်လျှင် နိပုဗ္ဗ + စိဓာတ် + ဏပစ္စည်း။ (နိ+စိ+ဏ = စိ၌ ဣကို ဧပြု၊ ဧကို အယပြု၊ အယ၌ အ–ကို အာ–ပြု၊ ဏ အနုဗန်ချေခြင်းစသည်ဖြင့် "နိစာယ"ဖြစ်၊ စကို ကပြု၍ နိကာယဟု ပြီးသည်။ ဤကား သူစိအလို။)

✝ နိဗ္ဗိသေသေန စိနောတိ အဝယဝေတိ နိကာယော။ (သမ္မု ဟတ္ထ၊ သူစိဝိဂ္ဂြိုဟ်။)

**တစ်နည်း။** နိပုဗ္ဗ+ကိဓာတ်+ဏပစ္စည်း။ (နိ+ကိ+ဏ = ကိ၌ ဣကို ဧပြု၊ ဧကို အယပြု၊ အယ၌ အကို အာပြုခြင်းစသည်ဖြင့် နိကာယဟု ပြီး သည်၊ ဤကား အဋ္ဌသာလိနီ ယောဇနာအလို။)

✝ နိဗ္ဗိသေသေန ကိယာဘိ စီယတိ အဝယဝေတိ နိကာယော။ (သမ္မုဟတ္ထ၊ အဋ္ဌသာလိနီ ယောဇနာဝိဂ္ဂြိုဟ်။)

http://www.dhammadownload.com



**နိကာယ။** နိဝါသတ္ထ ဖြစ်လျှင် နိပုဗ္ဗ+စိဓာတ်+ဏျပစ္စည်း။ (နိ+စိ+ဏျ။ ဏ အနုဗန်ချေ၊ ယ ကြွင်းစေ။ ယ နောင်းသောကြောင့် စိ ကို ကာပြု၍ နိကာယဟုပြီးသည်။ သူစိအလို။)

✝ နိစိယျတေ ဆာဒီယတေ (ဖုံးလွှမ်းအပ်၏) တိ နိကာယော၊ ယမှိ စိဿကာဒေသော နိပါတနာ။ (နိဝါသတ္ထသူစိဝိဂြိုဟ်။)

## ၆–အာဘော်နှင့် သံဝဏ္ဏနာ

ခ–ဝါကျ၌ ဒီဃပ္ပမာဏာနံ သုတ္တာနံဖြင့် ဒီဃနိကာယောဝယ် ဒီဃအရ ရှည်သောဂုဏ်ကို မယူရ၊ အရှည်ဂုဏ်အနက်ကိုလွှန်၍ ရှည်သော ပမာဏရှိသော သုတ္တန်ဒြဗ်ကို ဂုဏ္ဍပစာအားဖြင့် ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ။)

တစ်နည်း။ ဒီဃပ္ပမာဏာနံဖြင့် ဒီဃသဒ္ဒါကို ဒီဃပ္ပမာဏာနိတိ ဒီဃာနိဟု ပမာဏတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] ဏပစ္စည်း၏ ပမာဏတဒ္ဓိတ် အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

(၁) ဝိဂြိုဟ်ပြ အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

တစ်နည်း။ဒီဃပ္ပမာဏာနံဖြင့် ဒီဃ သဒ္ဒါကို ဒီဃံ ဧတေသံ အတ္ထီတိ ဒီဃာနိဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဏ ပစ္စည်း၏ အဿတ္ထိတဒ္ဓိတ်အနက်၌ သက်သည်၏ အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

(၁) ဝိဂြိုဟ်ပြ အဘိဓာနတ္ထ။ (၂) ပစ္စယတ္ထ။

ခ–ဝါကျ၌ သုတ္တာနံဖြင့် ဒီဃနိကာယော၌ ဒီဃအရ သုတ်တရားကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ။)

**မှတ်ချက်။** ပဌမ အာဘော်ကား ဂုဏောပစာရေန ဟူသော သီ၊ ဋီ၊ သစ်နှင့်အညီ ဂုဏ္ဍပစာဖော်သည်။ **တစ်နည်း အာဘော်ဖော်ပုံကား။** ဒီဃပုဒ်ကို ဒီဃပ္ပမာဏာနိဟု ပမာဏသဒ္ဒါပိုလွှန်၍ ဖွင့်၏။ သံဝဏ္ဏေတဗ္ဗ ၌ မရှိသော သဒ္ဒါပိုဖြင့် တဒ္ဓိတ်သော်လည်းကောင်း ကြံရာသည်၊ ကျေနေ့

http://www.dhammadownload.com



သော လောပသမာသ်မျိုးသော်လည်း ကြံရာသည်ဟူသော အာဘော် ဖော်နည်းအရလည်းကောင်း, တဗ္ဗိတဝသေနဝါ ဟူသော၊ သီ၊ ငို၊ သစ်အရ သော် လည်းကောင်း ပမာဏတဗ္ဗိတ်ကြံ၍ ဖော်သည်။

"သံဝဏ္ဏေတဗ္ဗ၊ ရှိတာမပြ၊ အနတ္တ၊ မရှိတာပြ၊ တဗ္ဗိတ်တလောပ ကြံစရာ"ဟူသော ပရိဘာသာနှင့် အညီ ဖော်သတည်း။ ၎င်းပရိဘာသာ သည် အာဘော် ဖော်ရာ၌ အလွန်အသုံးဝင်သည်၊ သတိပြုပါလေ။

**နောက်တစ်နည်းဖြင့်။** ။ ဒီဃဟူသော တဗ္ဗိတ်ပုဒ်ကို ဒီဃပ္ပမာဏ ဟူသော ဗဟုဗ္ဗီဟိဖြင့် ဖွင့်ရကား "သံဝဏ္ဏေတဗ္ဗ၊ တဗ္ဗိတ၊ ဗဟုဗ္ဗီနှင့် ဖွင့်၍ပြ၊ အဿတ္ထိဟု ကြံစရာ"ဟူသော သံဝဏ္ဏနာနိယံနှင့် အညီ လည်းကောင်း၊ တဗ္ဗိတ ဝသေနဝါ ဟူသော သီ၊ ငို၊ သစ်အရ လည်းကောင်း အဿတ္ထိတဗ္ဗိတ် အာဘော်ဖော်သတည်း။

ခ-ဝါကျ၌ သမူဟတော နိဝါသတောစဖြင့် ဒီဃနိကာယောဝယ် နိကာယသဒ္ဒါသည် ရှင်္ဂ၏ အစွမ်းဖြင့် သမူဟအနက်, နိဝါသအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ၊ သဒ္ဒတ္ထ၊ အဘိဓေယျတ္ထ)

ခ-ဝါကျ တစ်ဝါကျလုံးဖြင့် ဒီဃနှင့် နိကာယကို ဒီဃော စ သော နိကာယောစာတိ ဒီဃနိကာယောဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထမပြုရ၊ ဒီဃာနံ နိကာယော ဒီဃနိကာယောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ဟုသိစေသည်။ (ဝိဂြိုဟ်ပြ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒ၊ သမာသ လိင်္ဂတ္ထ၊ ဝါ သမာသလိင်္ဂပဒတ္ထ။)

**မှတ်ချက်။** ။ ဒီဃပုဒ်ကို ဒီဃာနံဟုဆဋ္ဌီဝိဘတ်, နိကာယောကို ပဌမာနှင့်ဖွင့်ရကား ဝိဘတ်ချင်း မတူချေ၊ ဤသို့ ဝိဘတ်ကွဲ (နာနာ ဝိဘတ္တိက)ဖြင့် ဖွင့်လျှင် တပ္ပုရိသ် ဖော်ရသည်။ "နာနာဝိဘတ္တိက၊ ဖွင့်၍ ပြ၊ တပ္ပုရိသ်ကြံစရာ" ဟူသော နိယံနှင့် အညီတည်း။ "ခ-ဝါကျဖြင့်" ဟု အာဘော် အားလုံးစုပေါင်း၍လည်း အာဘော်ဖော်နိုင်သည်။

င-ဝါကျ တစ်ဝါကျလုံးဖြင့် ဒီဃနိကာယောပုဒ်ကို ဒီဃာနံ နိကာ ယောဒီဃနိကာယောဟုတပ္ပုရိသ်ပြုရာသကဲ့သို့လည်းကောင်း နိကာယသဒ္ဒါသည်

http://www.dhammadownload.com



သမူဟနိဝါသအနက်ကို ဟော်သကဲ့သို့လည်းကောင်း ကြွင်းကျန်ကုန်သော မၛ္ဈိမနိကာယစသည်ကိုလည်း မၛ္ဈိမာနံ နိကာယောစသည် တပ္ပုရိသ်ပြု၍ ယင်းတို့၌ နိကာယသည် သမူဟ, နိဝါသအနက်တို့ကို ဟောသတည်းဟု သိစေသည်။ (ဘာဝတ္ထသံဝဏ္ဏနာ)

**မှတ်ချက်။** ဤဝါကျသည် အတိဒေသ သံဝဏ္ဏနာ ဝါကျမျိုးဖြစ်၍ အဓိပ္ပာယ်ပြ ဘာဝတ္ထသံဝဏ္ဏနာဟု အမည်ပေးရသည်။ အတိဒေသဝါကျတိုင်း ဤနည်းတူမှတ်ပါ။

† ဂုဏောပစာရေန တဒ္ဒိတဝသေန ဝါ ဒီဃသဒ္ဒေန ဒီဃပ္ပမာဏာနိ သုတ္တာနိယေဝ ဂဟိတာနိ၊ နိကာယသဒ္ဒေါ စ ရုဠှိဝသေန သမူဟနိဝါသေသု ဝတ္တတီတိ ဒသေတိ ဒီဃပ္ပမာဏာနံ သုတ္တာနန္တိ အာဒိနာ သီ။ ဋီ။ သစ်။ ၁။ ၁၂၁၊ ၂။

## ၇–ပါဌ်ဝိနိစ္ဆယ

**သမူဟ။** သမုဟ။ သံပုဗ္ဗ+ဦဟဓာတ်+ဏပစ္စည်း၊ ဝါ– သမ်ပုဗ္ဗ+ဦဟဓာတ်+ဏပစ္စည်းဖြင့်ပြီးသောကြောင့် ဦဒီဃရှိသော "သမူဟ" ပါဌ်သာမှန်သည်။

† သမ္မာ ဝိသေသေနစ ဦဟတေ ပုဉ္ဇီဘူတတ္တာတိ သမူဟော။ ဏော။ သမံ သဟာဝယဝေန ဦဟတိ တိဋ္ဌတီတိ ဝါ သမူဟော။ ဓာန်၊ ဋီ။ ၆၂၈။

## ၈–နည်းနှင့် ဥပစာ

**ဒီဃနိကာယ။** အရှည်ဂုဏ်၏ ဒီဃဟူသော အမည်ကို ဂုဏဖြစ်သောသုတ်တို့၌တင်စား၍ ဂုဏဖြစ်သောသုတ်တို့ကို "ဒီဃ"ဟု ဆိုသောကြောင့် ဂုဏူပစာ သဒ္ဒါမည်၏။ (ဒီဃ၌တင်သည်။ ဂုဏောပစာရေန ဟူသော သီ၊ ဋီ၊ သစ်အလိုတည်း။) အဝိနာဘာဝနည်း။

**တစ်နည်း။** ရှည်သောသုတ်တို့နှင့် နိကာယ မပြားဘဲ ပြားသကဲ့သို့ ဒီဃနိကာယဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ သဒ္ဒါမည်၏။ (ဉာသ်ကောက်သမ္ဗန်စပ်ပုံပြန်ကြည့်ပါ။)

http://www.dhammadownload.com



## အနက်ပေးမှတ်ဖွယ်

ဒီဃာနံ၊ ရှည်ကုန်သော သုတ်တို့၏ (ဂုဏ္ဍပစာအနက်) ဝါ-ရှည်သော အတိုင်းအရှည်ရှိကုန်သောသုတ်တို့၏ (ပမာဏတဒ္ဓိတ်)။ ဝါ အရှည်ဂုဏ်ရှိသောသုတ်တို့၏ (အဿတ္ထိ)။ နိကာယော၊ အပေါင်းတည်း (သမူဟအနက်) ဝါ-တည်နေရာတည်း(နိဝါသ အနက်)။ ဒီဃနိကာယော။ ရှည်ကုန်သော(လ)အပေါင်း၊ ဝါ- တည်နေရာ။

---

(က) သတေဟိ ပဉ္စဟိ ကတာ၊ တေန ပဉ္စသတာတိစ။

(ခ) ထေရေဟေဝ ကတတ္တာ စ၊ ထေရိကာတိ ပဝုစ္စတိ။ ဌ၊ ၂၃။

## အာဘော်သံဝဏ္ဏနာများ

က-ဝါကျ၌ သတေဟိ ပဉ္စဟိ ကတာဖြင့် ပဉ္စသတာနိတိ ပဉ္စသတာနိဟု အသမာဟာရဒိဂုသမာသ် ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ပဉ္စသတာပုဒ်၌ တဒ္ဓိတ်စီး၍ ပဉ္စသတာနိ ဝေါသာ အတ္ထိတိ ပဉ္စသတာဟု ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂]။ ဏ-ပစ္စည်း၏ အဿတ္ထိ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၃]။ တစ်နည်း။ ပဉ္စသတေဟိ ကတာ (သံဂီတာ) တိ ပဉ္စသတာဟု ကတတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၄]။ ဏ-ပစ္စည်း၏ ကတတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ ဝိဂြိုဟ်ပြအဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဝိဂြိုဟ်ပြ အဘိဓာနတ္ထ။ ၃။ ပစယတ္ထ။ ၄။ ဝိဂြိုဟ်ပြ အဘိဓာနတ္ထ။ ၅။ ပစ္စယတ္ထ။

**မှတ်ချက်။** သတေဟိ ပဉ္စဟိကား ဝိဘတ်တူသည်။ "သမာနဝိဘတ္တိက၊ ဖွင့်၍ပြ၊ ကမ္မဓာရာယ၊ ကြံစရာ"အရ ကမ္မဓာရာယ် အာဘော်ဖော်သင့်သော်လည်း သချာရေးရှိသဖြင့် ဒိဂုအာဘော်ဖော်သည်။ ပဉ္စသတပုဒ်၏ အဿတ္ထိအာဘော်ကားသာရတ္ထ၊ ၁။ ၁၀၈-အလိုတည်း။ ဝေါသာ သံဂီတိယာ၊ ထိုသင်္ဂါယနာအား။ ပဉ္စ၊ ငါးပါး ကုန်သော၊ သတာနိ၊ (ရဟန္တာတို့၏) အရာတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ဣတိ သာ ပဉ္စသတာ။

**ပဉ္စသတာ။** ( ရဟန္တာ ) ငါးရာတို့ ရှိသော သင်္ဂါယနာ - ဟု အနက်ပေး။

http://www.dhammadownload.com



**တစ်နည်းအာဘော်ကား။** ကြေရာတဒ္ဓိတ်ဟူသော ပရိဘာသာအရ "ကတတဒ္ဓိတ်" အာဘော်ဖော်သည်။ ပဋ္ဌသတေဟိ၊ (ရဟန္တာ) ငါးရာတို့သည်။ ကတာ၊ ပြုအပ် (သင်္ဂါယနာတင်အပ်) သော သင်္ဂါယနာတည်း။

**ပဋ္ဌသတာ** (ရဟန္တာ) ငါးရာတို့ ပြုအပ် (သင်္ဂါယနာ တင်အပ်) သော သင်္ဂါယနာဟု တစ်နည်းအနက်ပေး။

ခ-ဝါကျ၌ ထေရေဟေ၀ ကတတ္တာဖြင့် ထေရိကပုဒ်ကို ထေရာ (မဟာကဿပါဒယော) တေဿာ အတ္ထိတိ ထေရိကာဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁] ဣကပစ္စည်း၏ အဿတ္ထိအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]။

**တစ်နည်း။** ထေရေဟိ ကတာ (သင်္ဂီတာ) တိ ထေရိကာဟု ကတတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ ဣကပစ္စည်း၏ ကတတဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဝိဂြိုဟ်ပြအဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ ဝိဂြိုဟ်ပြ အဘိဓာနတ္ထ။ ၄။ ပစ္စယတ္ထ။

**မှတ်ချက်။** ။ ထေရိကပုဒ်၏ အဿတ္ထိ အာဘော်ကား သာရတ္ထအလိုတည်း။ တေဿာသံဂီတိယာ၊ အား။ ထေရာ၊ ရှင်မဟာ ကဿပစသော) မထေရ်တို့သည်။ အတ္ထိ၊ သန္တိ၊ ကုန်၏။ ဣတိ သာ ထေရိကာ။ **ထေရိကာ** (ရှင်မဟာကဿပစသော) မထေရ်တို့ရှိသော၊ (ပါဝင်သော) သင်္ဂါယနာ-ဟုအနက်ပေး။

**တစ်နည်းအာဘော်ကား။** ကြေရာတဒ္ဓိတ်ဟူသော ပရိဘာသာအရ ကတတဒ္ဓိတ်အာဘော်ဖော်သည်။ ထေရေဟိ၊ (ရှင်မဟာ ကဿပစသော) မထေရ်တို့သည်၊ ကတာ၊ ပြုအပ် (သင်္ဂါယနာတင်အပ်) သော သင်္ဂါယနာတည်း။

**ထေရိကာ၊** (ရှင်မဟာကဿပ စသော) မထေရ်တို့သည် ပြု (သင်္ဂါယနာတင်) အပ်သော သင်္ဂါယနာဟု တစ်နည်းအနက်ပေး။ (အနက်ကိုရှု၍ ဉာဏ်ကောက်လေ။ လွယ်ပြီ)။

http://www.dhammadownload.com



## နည်းဥပစာစသည်မှတ်ဖွယ်များ

**ဝဇ္ဇိသု။** ၄။ ၂၆။ ဌာနီဖြစ်သော ဝဇ္ဇိမင်းသားတို့၏ ဝဇ္ဇိသု အမည် ကို ဌာနဖြစ်သော ဇနပုဒ်၌ တင်စား၍ ဌာနဖြစ်သော ဇနပုဒ်ကို (ဗဟုဝုစ် ဖြင့်) ဝဇ္ဇိသုဟုဆိုသောကြောင့် ဌာနဉပစာ။ (အထင်ရှဋ္ဌိနည်း။) သာရတ္ထ. ၁။ ၁၁၂။

မောဂ္ဂလိပြာဟ္မဏာသ **ဂေဟေ။** ၄။ ၂၈—၂၉။ ဌာနဖြစ်သော အိမ်၏ "ဂေဟေ" ဟူသော အမည်ကို ဌာနီဖြစ်သော အိမ်ရှင် ပုဏ္ဏေမဝမ်း၌ တင်စား၍ ဌာနီဖြစ်သော အိမ်ရှင်ပုဏ္ဏေမဝမ်းကို "ဂေဟေ" ဟု ဆိုသော ကြောင့် ဌာနူပစာ။ (နာနန္တ ရိကနည်း။)

**မှတ်ချက်။** ဂေဟေ ပဋိသန္ဓိ ဂဏှိသတိ (အဂ္ဂဟေသိ) အိမ်၌ ပဋိသန္ဓေယူလို့မရ၊ အိမ်ရှင်မဝမ်း၌သာ ပဋိသန္ဓေ ယူနိုင်သည်။ မဥ္စာ ဃောသန္တိ ကဲ့သို့ ဌာနူပစာတည်း။

✝ မောဂ္ဂလိပြဟ္မဏာသ ဂေဟေ ပြာဟ္မဏိယာ ကုစ္ဆိမှိ ပဋိသန္ဓိ အဂ္ဂဟေသီတိ အတ္ထော။ သာရတ္ထ၊ ၁။ ၁၁၉။

**ဟတ္ထေ** သကလံ ဗုဒ္ဓဝစနံ ပတိဋ္ဌာပေတွာ ၄ ၃၂။

ဌာနဖြစ်သောလက်၏ ဟတ္ထေဟူသော အမည်ကို ဌာနီဖြစ်သော စိတ်၌တင်စား၍ ဌာနီဖြစ်သောစိတ်(ဟဒယ)ကို ဟတ္ထေဟု ဆိုသောကြောင့် ဌာနူပစာ (နာနန္တ ရိကနည်း။)

**မှတ်ချက်။** ။တဿ စိတ္တေ ဌပိတမှိ ဗုဒ္ဓဝစနံ (လ) ဟတ္ထေ ပတိဋ္ဌပေတွာ တိ ဝုတ္တံ။ ဝိမတိ၊ ၁။ ၂၈။ စိတ်သည် ဟဒယ ဝတ္ထုမှီသော မှီသည်ဟုမစောကြောလင့်၊ လောကဝေါဟာရသာတည်း။

## ပါဠိဝိနိစ္ဆယမှတ်ဖွယ်များ

ဒီပေ ဇမ္ဗုသိရိဝှယေ။ ၄။ ၂၄။

ဇမ္ဗုသဒိသော သိရီမန္တော အဝှယော နာမံ ယဿ ဒီပဿ ဝိမတိ၊ ၁။ ၂၄။ ယင်းအလို ဇမ္ဗု + သိရိမန္တု + အဝှယ = (မန္တုကြေ၍) ဇမ္ဗုသိရိဝှယေ ဖြစ်သည်။ တိပဒဗဟုဗ္ဗီဟိ။ သပြေပင်၏ အမည်နှင့် တူသော + ကြက်သရေ

http://www.dhammadownload.com



ရှိသော+အမည်ရှိသော (ဒီပေ–၌စပ်။) ဟု အနက်ပေး။ **ဇမ္ဗုသိရိဝှယေ** ရှိသော ပါဌ်သင့်၏။

**မှတ်ချက်။** သျှ၊ ဟောင်း။ ၇၂–၌ "ဇမ္ဗုသိရိသော အဝှယော နာမော အဿာတိ ဇမ္ဗုသိရိဝှယော။ အဿ ဒီပဿ၊ အား။ ဇမ္ဗုသိရိသော၊ ဇမ္ဗုသိရိသဟူသော။ အဝှယော နာမော၊ သည်။ အတ္ထိ၊ ၏။ ဣတိ၊ ကြောင့်၊ သော ဒီပေါ၊ သည်။ ဇမ္ဗုသိရိဝှယော၊ မည်၏–ဟု ဆိုသည်။ ဇမ္ဗုသိရိဝှယေ၊ ဇမ္ဗုသိရိအမည်ရှိသော။ ဒီပေ၊ ဇမ္ဗူဒိပ်ကျွန်း၌ဟု အနက်ပေးသည်။ ဝါဒန္တရဟု မှတ်ရ၏။

**အနောတတ္တဒဟတော၊ အနောဒတ္တဒဟတော။ ၌။ ၃၂။**

နတ္ထိ ဩတတ္တံ ဧတ္ထာတိ အနောတတ္တံ–ပြ။ အဝပုဗ္ဗ + တပဓာတ် + တပစ္စည်းဖြင့် ပြီးရကား ပဌမက္ခရာနှင့် (အနောတတ္တဟု) လိုသည်။ တတိယက္ခရာနှင့် (အနောဒတ္တဟု) မလို။ ပါရာ၊ ဂံ၊ သစ်၊ ၁။ ၂၁၅။

**ကာဇေဟိ။ ကာစေဟိ**–ကစ္ဆ ဗျဓနေ၊ ကတ္တရိ ဏော၊ ကေဿ ဇဿ လောပေါ။ ကစ ဗန္ဓနေဝါ၊ အဓိကရဏေ ဏော။ စဿ ဇော၊ ကာဇော၊ ကာစောပိ။ ဓာန်၊ ဋီ။ ၅၂၅။ ကစ္ဆ+ဏ။ ဇတစ်လုံးချေ။ က–၌ အ–ကို အာဝုဒ္ဓိပြု။ ကာဇပြီး။ **တစ်နည်း။** ကစ+ဏ။ အ–ကို အာဝုဒ္ဓိပြု၊ စကို ဇပြု၊ ကာဇပြီး၏။ စကို ဇမပြုလျှင် ကာစဟု ပြီးသည်။ ထို့ကြောင့် ၂– ပါဌ်သင့်။

## နည်းဥပစာမှတ်ဖွယ်

**ဆဒ္ဒန္တဒဟတော။** အနီးရှိသော ဆဒ္ဒန်အိုင်၏ ဆဒ္ဒန္တဒဟအမည်ကို အနီးဖြစ်သော နတ်ဗိမာန်၊ ဝါ–ပဒေသာပင်၌ တင်စား၍ အနီးဖြစ်သော နတ်ဗိမာန်၊ ဝါ–ပဒေသာပင်ကို ဆဒ္ဒန္တဒဟဟု ဆိုသောကြောင့် သမီပူပစာသဒ္ဒါ။

**တစ်နည်း။** ဌာနဖြစ်သော ဆဒ္ဒန်အိုင်၏ ဆဒ္ဒန္တဒဟ အမည်ကို ဌာနီဖြစ်သော ယင်းအိုင်၌ ပေါက်ရောက်သောသစ်ပင်အထူး၌ တင်စား၍ ယင်းသစ်ပင်အထူးကို ဆဒ္ဒန္တဒဟဟု ဆိုသောကြောင့် ဌာနူပစာသဒ္ဒါ။ (နာနန္တရိကနည်း။)

http://www.dhammadownload.com



✝ ဆဒ္ဒန္တဒဟတောတိ ဆဒ္ဒန္တဒဟာသမီပေ ဌိတဒေဝဝိမာနတော ကပ္ပရုက္ခတောဝါ။ "ဆဒ္ဒန္တဒဟေ တာဒိသာ ရုက္ခဝိသေသာ သန္တိ၊ တတော အဟရန္တိ" တိပိ ဝဒန္တိ။ သာရတ္ထ၊ ၁။ ၁၂၄။

**ပုညပ္ပဘာဝနိဗ္ဗတ္တ။** အတုဖြစ်သော မြတ်စွာဘုရား လက္ခဏာတော်၏ ပုညပ္ပဘာဝနိဗ္ဗတ္တအမည်ကို အတုရှိသော နိမ္မိတဗုဒ္ဓရူပ၏ လက္ခဏာတော်၌ တင်စား၍ အတုရှိသော နိမ္မိတဗုဒ္ဓရူပ၏ လက္ခဏာတော်ကို ပုညပ္ပဘာဝနိဗ္ဗတ္တဟု ဆိုသောကြောင့် သဒိသူပစာသဒ္ဒါ။

✝ ပုညပ္ပဘာဝ နိဗ္ဗတ္တဂ္ဂဟဏံ (လ) သဒိသတ္တာ ကတန္တိ ဒဋ္ဌဗ္ဗံ။ သာရတ္ထ၊ ၁။ ၁၂၅။

**ဗုဒ္ဓရူပံ။** ဋ္ဌ။ ၃၄။ အတုဖြစ်သော မြတ်စွာဘုရား ရုပ်ပုံတော်၏ ဗုဒ္ဓရူပအမည်ကို အတုရှိသော နိမ္မိတဗုဒ္ဓရုပ်ပုံတော်၌ တင်စား၍ နိမ္မိတ ဗုဒ္ဓရုပ်ပုံတော်ကို ဗုဒ္ဓရူပံဟု ဆိုသောကြောင့် သဒိသူပစာ။

**ခုရဂ္ဂေ။** ဋ္ဌ။ ၃၅။ ဌာနဖြစ်သော သင်တုန်း၏ ခုရဟူသော အမည် ကို ဌာနီဖြစ်သော သင်တုန်းအမှု (သင်တုန်းဖြင့် ပြုရမည် အမှု) ၌ တင် စား၍ ဌာနီဖြစ်သော သင်တုန်းအမှုကို ခုရဟု ဆိုသောကြောင့် ဌာနူပစာ သဒ္ဒါ။ (နာနန္တရိကနည်း။)

✝ ခုရဂ္ဂေယေဝါတိ ခုရကမ္မပရိယောသာနေယေဝ။ သာရတ္ထ၊ ၁။ ၁၂၈။

**ဘေရိံ စရာပေသိ။** ဋ္ဌ။ ၃၇။ ဌာနီဖြစ်သော စည်၏ ဘေရီ ဟူ သော အမည်ကို ဌာနဖြစ်သော စည်ထမ်းသူလူ၌ တင်စား၍ ဌာန ဖြစ်သော စည်ထမ်းသူလူကို ဘေရီဟုဆိုသောကြောင့် ဌာနျူပစာ။(အဝိနာ ဘာဝနည်း။)

**သီဟပဉ္ဇရေ။** ဋ္ဌ။ ၃၅။ အနီးရှိသော မြတ်သော လေသွန်တံခါး ၏ သီဟပဉ္ဇရေ အမည်ကို အနီးဖြစ်သော မြတ်သော လေသွန်တံခါး အနီး အပါး အရပ်၌တင်စား၍အနီးဖြစ်သော မြတ်သော လေသွန်တံခါး အနီးအပါးအရပ်ကို သီဟပဉ္ဇရေဟု ဆိုသောကြောင့် သမီပူပစာ။

✝ သီဟပဉ္ဇရေ ဇကံမတီတိ သီဟပဉ္ဇရသမီပေ။ သာရတ္ထ၊ ၁။ ၁၂၈။

http://www.dhammadownload.com



**ဒါယာဒေါသာသနဿ။** ၎။ ၃၈။ အတူဖြစ်သော သေက္ခပုဂ္ဂိုလ်၏ ဒါယာဒ ဟူသော အမည်ကို အတူရှိသော မိမိရင်၌ဖြစ်သော သား သမီးကို သာသနာတွင်း သွတ်သွင်းထားသူ၌ တင်စား၍ အတူရှိသော မိမိရင်၌ ဖြစ်သော သားသမီးကို သာသနာတွင်း သွတ်သွင်းထားသူကို ဒါယာဒဟု ဆိုသောကြောင့် သဒိသူပစာသဒ္ဒါမည်၏။

## သာသနဒါယာဒ = သာသနအမွေခံ

ဒါယဇ္ဇံ နဝ လောကုတ္တရာ ဓမ္မာဒိ-ဟု မူလဋီ၊ ၁။ ၉၁၊ ဖွင့်သဖြင့် ဒါယဇ္ဇ = အမွေအရ လောကုတ္တရာ တရားစသည်ကိုရ၏။ လောကုတ္တရာ အမွေခံယူထိုက်သူမှာ သေက္ခပုဂ္ဂိုလ်သာ ဖြစ်သော်လည်း မိမိရင်၌ ဖြစ်သော သားသမီးကို သာသနာတွင်း သွတ်သွင်းထားသူသည်လည်း သဒိသူပစာ အားဖြင့် သာသနဒါယာဒ = သာသနအမွေခံဟုခေါ်ထိုက်ပေသည်။ မှန်၏။ သာသနာ၌ မိမိသားသမီးရှိနေလျှင် သာသနာမှာ ပြုဖွယ် ကိစ္စမှန်သမျှ မိမိတာဝန်ချည်းသာဟု သဘောထားကာ ဆောင်ရွက်မည်၊ သာသနာနှင့် ဆွေမျိုးလို ရင်းရင်းနှီးနှီး အတွင်းကျကျ ဆက်ဆံမည်။ ယင်းသို့ ဆက်ဆံလျှင် သာသနအမွေခံထိုက်သူ အတွင်းလူဖြစ်လာမည်မှာမလွဲပေ။ (ဝဇိရ)။ ၂၆။ သာရတ္ထ၊ ၁။ ၁၄၄။ ဝိမတိ၊ ၁။ ၂၉-တို့၌ အကျယ်ရှုလေ။)

**ပုတ္တာခံ မနံ လဘိတွာ။** ၎။ ၃၉။ အစိတ်ဖြစ်သော သား၏ ပုတ္တ ဟူသော အမည်ကို အပေါင်းဖြစ်သော သားသမီး၌ တင်စား၍ အပေါင်း ဖြစ်သော သားသမီးကို ပုတ္တာခံဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ- အဝယဝူပစာ။

ဤ၌ ပုတ္တာခံ ဟူသော နည်းသည် ပုတ္တောစ ဓီတာစ ပုတ္တာ ဟုတွဲ၊ ဓီတုသဒ္ဒါတစ်ခုကိုချေ၍ ပုတ္တသဒ္ဒါတစ်ခု ကြွင်းပြုသောကြောင့် ကေ သေသနည်းမည်၏။

**မှတ်ချက်။** သာရတ္ထ၊ ၁၊ ၁၃၅ - ၌ သာမညနိဒ္ဒေသနည်း၊ ကေသေသနည်းဟု ၂-မျိုးဆိုသည်။ သဒ္ဒါတူလျှင် သာမညနိဒ္ဒေသ, ကေသေသ နှစ်ချက်။ မတူသော် ကေသေသသာ။ ကေဒေသူနှင့် တွဲနေကျ ဥပလက္ခဏစသည်ကိုလည်းရ၏။

http://www.dhammadownload.com



**ဝနစာရံ ဂတော။** ဋ္ဌ။ ၄၁။ တော၌ လှည့်လည်ခြင်း (ဝနစာရ) နှင့် သွားခြင်း (ဂတ) တို့ မပြားဘဲ ပြားသကဲ့သို့ ဝနစာရံ ဂတောဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ။ ပါရာ၊ ဂံ၊ သစ်၊ ၁။ ၂၃၇။

**မှတ်ချက်။** စာရိကံ စရိ, စာရိကံ ပက္ကမိ, ဇနပဒစာရိကံ ပက္ကမိ'သို့ စသည်တို့ကား အဘေဒဘေဒူပစာပုဒ်များသာတည်း။

**ပါဒေါဝ စလိ။** ဋ္ဌ။ ၄၄။ အတူဖြစ်သော ခြေ၏ ပါဒ ဟူသော အမည်ကို အတူရှိသော လှည်းဘီး (စက်) ၌ တင်စား၍ အတူရှိသော လှည်းဘီး (စက်) ကို ပါဒေါဟု ဆိုသောကြောင့် သံဒိသူပစာ ပါရာ၊ ဂံ၊ သစ်၊ ၁။ ၂၄၃။

**သဿတဝါဒီနော။** ဋ္ဌ။ ၄၅။ ဌာနီဖြစ်သော အတ္တ, လောက ၏ သဿတဟူသော အမည်ကို ဌာနဖြစ်သော ဝါဒ၌ တင်စား၍ ဌာန ဖြစ်သော ဝါဒကို သဿတဟု ဆိုသောကြောင့် ဌာန္ယူပစာ။ (အဝိနာဘာဝနည်း။)

**မှတ်ချက်။** သဿတအရ ဝါဒကို မှုချရသည် မဟုတ်၊ အတ္တ, လောကသာ မှုချရသည်။ သို့သော် သဟစရဏနည်း (အဝိနာ ဘာဝနည်း) အားဖြင့် သဿတ အရဝါဒကို ယူ၍ သဿတော ဝါဒေါ သဿတဝါဒေါ၊ သဿတဝါဒေါ ဧတေသံ အတ္ထီတိ သဿတဝါဒီနော ဟု ဝိဂ္ဂဟပြုသည်။ သာရတ္ထ၊ ၁။ ၁၄၂။ အောက်ပုဒ်နှင့်ယှဉ်ကြည့်။

**အန္တာနန္တိကာ။** ဋ္ဌ။ ၄၆။ ဌာနီ ဖြစ်သော အတ္တ, လောက၏ အန္တာနန္တ အမည်ကို ဌာနဖြစ်သော ဝါဒ၌ တင်စား၍ ဌာန ဖြစ်သော ဝါဒကို အန္တာနန္တဟု ဆိုသောကြောင့် ဌာန္ယူပစာ။ (အဝိနာဘာဝနည်း။)

**မှတ်ချက်။** အန္တာနန္တ၌ ဌာန္ယူပစာရလျှင် ရနိုင်သော အဝိနာ ဘာဝနည်းအပြင် "အန္တော စ အနန္တော စ အန္တာနန္တော စ နေဝန္တ နာ နန္တော စာတိ အန္တာနန္တော" ဟုပြု၍ ဧကသေသနည်း, သာမည နိဒ္ဒေသ နည်းလည်းရနိုင်သည်။ သာရတ္ထ၊ ၁။ ၁၄၄။

**တစ်နည်း။** ဌာန, နိဿယဖြစ်သော အတ္တ, လောက၏ အန္တာနန္တ အမည်ကိုဌာနီ, နိဿိတဖြစ်သော ဝါဒ၌ တင်စား၍ ဌာနီ, နိဿိတဖြစ်သော ဝါဒကို အန္တာနန္တ ဟုဆိုသောကြောင့် ဌာန္ယူပစာသဒ္ဒါ။ (နာနန္တရိကနည်း။)

http://www.dhammadownload.com



**ဘဒ္ဒနာမောစပဏ္ဍိတော။** ဋ္ဌ။ ၄၆။ ဤ၌ ဘဒ္ဒနာမော ဟူသော နည်းသည် ဘဒ္ဒသာလဟူသောအမည်ကို တစ်စိတ်အားဖြင့် ခေါ်ဝေါ်အပ်သောကြောင့် ကေသေသဝေါဟာရနည်းမည်၏။ (ဘဒ္ဒနာမောစ ဘဒ္ဒသာလမည်သော မထေရ်လည်းကောင်းဟု အနက်ပေး။)

† နာမဿ ကေဒေသေနပိ ဟိ ဝေါဟာရောဒိဿတိ။ ဒေဝ ဒတ္တော ဒတ္တောယထာ။ သာရတ္ထ၊ ၁။ ၁၄၉။

**ကသ္မိရ ဂန္ဓာရာ။** ဋ္ဌ။ ၅၀။ ဌာနဖြစ်သော ကသ္မိရတိုင်း, ဂန္ဓာရတိုင်းတို့၏ ကသ္မိရ ဂန္ဓာရဟူသောအမည်ကို ဌာနီဖြစ်သော ကသ္မိရတိုင်းသား, ဂန္ဓာရတိုင်းသားတို့၌ တင်စား၍ ဌာနီဖြစ်သော ကသ္မိရ တိုင်းသား ဂန္ဓာရတိုင်းသားတို့ကို ကသ္မီရဂန္ဓာရာဟု ဆိုသောကြောင့် ဌာနူပစာ သဒ္ဒါ (နာနန္တကနည်း။)

† ကသ္မိရဂန္ဓာရာတိ ကသ္မိရဂန္ဓာရ ရဋ္ဌဝါသိနော။ သာရတ္ထ၊ ၁။ ၁၅၁။

## ပဥ္စပိထေရာ ပစ္စရဋ္ဌာနိပသာဒေသုံ

ဋ္ဌ။ ၅၁။ ဌာနဖြစ် သောတိုင်း၏ ရဋ္ဌာနိ ဟူသောအမည်ကို ဌာနီဖြစ်သော ရဋ္ဌဝါသီ (တိုင်းသား) တို့၌ တင်စား၍ ဌာနီဖြစ်သော ရဋ္ဌဝါသီတို့ကိုလည်း ရဋ္ဌာနိဟုဆိုသောကြောင့် ဌာနူပစာသဒ္ဒါ။ (နာနန္တရိကနည်း။)

**မှတ်ချက်။** ဋ္ဌ။ ၅၃။ "တမ္ဗပဏ္ဏိဒီပံ ပသာဒေသုံတိ"၌ လည်း နည်းတူ သီဟိုဠ်ကျွန်းနှင့်ကျွန်းသား ဌာနူပစာ၊ နာနန္တရိကနည်း တင် လေ။ သာရတ္ထ၊ ၁။ ၁၅၅။

**ဓေဠမူလနက္ခတ္တံနာမ။** ဋ္ဌ။ ၅၅။ ဌာနဖြစ်သော ဓေဠမူလ နက္ခတ်၏ ဓေဠမူလနက္ခတ္တံဟူသော အမည်ကို ဌာနီပွဲ သဘင်၌ တင်စား၍ ဌာနီပွဲ သဘင်ကို ဓေဠမူလနက္ခတ္တံဟုခေါ်သည်။ သာရတ္ထ။ ၁။ ၁၆၀။

**ဣမံ ကိရဓမ္မပဏ္ဏာကာရမ္ဘိ။** ဋ္ဌ။ ၅၆။ အတူဖြစ်သော ဖက်ဖြင့် ထုပ်၍ ပေးအပ်သော လက်ဆောင်၏ ပဏ္ဏာကာရဟူသောအမည်ကို အတူရှိ

http://www.dhammadownload.com



သော လက်ဆောင်(ဟူသမျှ)၌ တင်စား၍ အတူရှိသော လက်ဆောင် (ဟူသမျှ)ကို ပဏ္ဏာကာရဟုခေါ်သောကြောင့် သဒ္ဒိသူပစာ။

ဤ၌ဖက်ဖြင့်ထုပ်၍ ပေးအပ်သော လက်ဆောင်ဟူသော ထို၌ထင်သောအားဖြင့် လက်ဆောင်ဟူသမျှ ဟူသော ဤ၌ "ပဏ္ဏာကာရ" ဟု ခေါ်သောကြောင့် ရုဠှီနည်းမည်၏။

† တံ ဟိ ပဏ္ဏေန ပဏ္ဏပဋ္ဌေန(ဖက်ရွက်ဖြင့်)အာကိရိယတိ ပက္ခိပိယတိ (ထည့်အပ်, ထုတ်အပ်၏) တိ ပဏ္ဏာကာရောတိ ဝုစ္စတိ။ အညော ပန ရုဠှီဝသေန ပဏ္ဏာကာရောနာမ။ ဒီပဝင် ဋီကာကိုးသော ပါရာ၊ ဂံ၊ သစ်၊ ၁။ ၂၆၉။

**အာသန္နံ အမ္ဗရုက္ခံ။** ၄။ ၅၇။ ဌာနဖြစ်သော အနီးအရပ်၏ အာသန္နဟူသော အမည်ကို ဌာနီဖြစ်သောအနီး၌ တည်သောသရက်ပင်၌ တင်စား၍ ဌာနီဖြစ်သော အနီး၌တည်သော သရက်ပင်ကို အာသန္နဟု ဆိုသောကြောင့် ဌာနူပစာသဒ္ဒါ။ (နာနတ္တ ရိကနည်း။)

† အာသန္နန္တိ အာသန္နေ ဋ္ဌိတံ။ သာရတ္ထ၊ ၁။ ၁၆၆။

**စိရဒိဋ္ဌော သမ္မာသမ္ဗုဒ္ဓေါ။** ၄။ ၆၂။ အပေါင်းဖြစ်သော မြတ်စွာဘုရား၏ သမ္မာသမ္ဗုဒ္ဓအမည်ကို အစိတ်ဖြစ်သော ဓာတ်တော် (သာရီရာဝယဝ)၌ တင်စား၍ အစိတ်ဖြစ်သော ဓာတ်တော်ကို သမ္မာသမ္ဗုဒ္ဓေါဟုဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ၊ သမုဒါယူပစာ။

**မှတ်ချက်။** ။စိရဒိဋ္ဌော သမ္မာသမ္ဗုဒ္ဓေါ = ဘုရားကို မဖူးတွေ့ရသည်မှာကြာပြီဟုဆိုသည်မှာ ဓာတ်တော်ကို မဖူးမတွေ့ရသည်ကိုရည်သည်။ ထို့ကြောင့် ဝိမတိ၊ ၁။ ၃၄-၌ ဓာတုယော သန္ဓာယာဟဟုဆိုသည်။ သာရတ္ထ၊ ၁။ ၁၇၀-၌လည်း။ သမုဒါယ ဝေါဟာရ ဝသေနဟု ဖွင့်သည်။ ဓာတ်လမ်းကို ရေလည်စွာကြည့်က ထင်ရှားပါသည်။

## သဗ္ဗတာဌာဝစရေ ဥပဋ္ဌာပေတွာ။

၄။ ၆၂။ ဌာနီဖြစ်သော တူရိယာ ဘဏ္ဍာတို့၏ သဗ္ဗတာဌာဝစရေဟူသော အမည်ကို ဌာနဖြစ်သော တူရိယာတီးသူလူတို့၌ တင်စား၍ ဌာန

http://www.dhammadownload.com



ဖြစ်သော တူရိယာ တီးသူလူတို့ကို သဗ္ဗတာဠာဝစရေဟုဆိုသောကြောင့် ဌာန်ျူပစာသဒ္ဒါ။ (အဝိနာဘာဝနည်း။)

✝ သဗ္ဗတာဠာဝစရေတိ သဗ္ဗာနိ တူရိယဘဏ္ဍာနိ၊ တံ သဟစရိ တောဝါ ဝါဒကေ။ ဝိမတိ၊ ၁။ ၃၄။

**နာဂေါ ကောဥ္စနာဒံ နဒိ။** ၄။ ၆၃။ အတူဖြစ်သော ကြိုးကြာသံ၏ ကောဥ္စနာဒ ဟူသောအမည်ကို အတူရှိသော ဆင်အော်သံ၌တင်စား၍ အတူ ရှိသော ဆင်အော်သံကို ကောဥ္စနာဒ ဟု ဆိုသောကြောင့် သဒိသူပစာ။

**ပုဏ္ဏမာယံ မဟာဝိရော။** ၄။ ၆၃။ ထင်ရှားရှိ (အသက်ထင်ရှားရှိ) သော မြတ်စွာဘုရား၏ မဟာဝိရဟူသော အမည်ကို ထင်ရှားမရှိ (အသက် ထင်ရှားမရှိ) သော ဓာတ်တော်၌ တင်စား၍ ထင်ရှားမရှိသောဓာတ်တော် ကိုမဟာဝိရဟုဆိုသောကြောင့် တဒ္ဒမ္မူပစာသဒ္ဒါ။ ပါရာ၊ ဂံ၊ သစ်၊ ၁။ ၂၈၄။

**မှတ်ချက်။** စိရဒိဋ္ဌော သမ္မာသမ္ဗုဒ္ဓေါကဲ့သို့ သမုဒါယူပစာလည်း ကြံနိုင်သည်။ သာရတ္ထ၊ ၁။ ၁၇၁။

**သကလနဂရဥ္စ ဇနပဒေါစ။** ၄။ ၆၅။ ဌာနဖြစ်သော အလုံးစုံ သောမြို့၊ ဇနပုဒ်၏ သကလနဂရဇနပဒအမည်ကို ဌာနီဖြစ်သော မြို့သူမြို့ သား၊ ဇနပုဒ်သူ ဇနပုဒ်သားတို့၌ တင်စား၍ ဌာနီဖြစ်သော မြို့သူမြို့သား ဇနပုဒ်သူ ဇနပုဒ်သားတို့ကို သကလ နဂရ ဇနပဒဟုဆိုသောကြောင့် ဌာနူပစာ (နာန္တရိကနည်း။)

ဤသကလနဂရဥ္စ ဇနပဒေါစ ဟူသော နည်းသည် မြို့နှင့် မြို့နေ လူ၊ ဇနပုဒ်နှင့် ဇနပုဒ်နေလူကို အပြားမဲ့အားဖြင့် ဆိုအပ်သောကြောင့် အဘေဒနည်းမည်၏။

**မှတ်ချက်။** သကလနဂရ, ဇနပဒ တစ်ပုဒ်စီခွဲ၍ ဥပစာတင်နိုင် သည်။ ဤ၌သိလောက်သဖြင့် ပေါင်း၍ ဥပစာ တင်သည်။ ဌာနူပစာဆို လျှင် တွဲနေကျ နာန္တရိကနည်းလည်း ရသည်။ သာရတ္ထ။ ၁။ ၁၇၄။ ကြည့်။

http://www.dhammadownload.com



**သဟဗောဓိပတိဋ္ဌာနာ။** ၄။ ၇၃။ ဤ၌ ဗောဓိ ပတိဋ္ဌာနာ ဟူသော နည်းသည် ဗောဓိပတိဋ္ဌာနေနဟု ဆိုအပ်သော တတိယာ ဝိဘတ်ကို ပဥ္စမီဝိဘတ်အားဖြင့် ပြန်ထားသောကြောင့် ဝိဘတ္တိဝိပ္ပလ္လာသနည်းမည်၏။ သာရတ္ထ၊ ၁။ ၁၈၆။

**မဟာပထဝီ အကမ္ပိ။** ၄။ ၇၃။ အစိတ်ဖြစ်သော မြေကြီးတုန်လှုပ်ခြင်း၏ မဟာပထဝီ အကမ္ပိ ဟူသောအမည်ကို အပေါင်းဖြစ်သော မြေကြီး တုန်လှုပ်ခြင်းနှင့်တကွ အခြားသော အံ့ဖွယ်တို့၌ တင်စား၍ မြေကြီး တုန်လှုပ်ခြင်းနှင့် တကွ အခြားသော အံ့ဖွယ်တို့ကိုလည်း မဟာပထဝီအကမ္ပိဟု ဆိုသောကြောင့် ဧကဒေသူပစာ။ (နိဒဿနနည်း။)

† မဟာပထဝီ အကမ္ပိတိစ ဣဒံ မုခမတ္တ

နိဒဿနံ။ သာရတ္ထ၊ ၁။ ၁၈၆။

## ကြိုတင်မှာထားခြင်း

ဤဗာဟိရနိဒါန၌ အမေးအဖြေများကို ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြထားပါသည်။ ဤမျှဖြေဆိုပြလျှင် ပါရာဇိကဏ် ဘာသာ၌ ပြဋ္ဌာန်းသော စည်းမျဉ်းကို လည်းကောင်း၊ စာမေးပွဲ ဖြေဆိုပုံကို လည်းကောင်း၊ မှန်းဆနိုင်လောက်ပြီဟု ယူဆပါသည်။ သို့ကြောင့် ကျန်အပိုင်းကဏ္ဍတို့၌ မေးခွန်းများကို ချန်လှပ်၍လည်းကောင်း၊ ပုံစံတစ်မျိုးပြောင်း၍ လည်းကောင်း ရေးသားဖြေဆိုပါမည်။ သို့တစ်စေ စာမေးပွဲအတွက် လိုအပ်သော အချက်အလက်များနှင့် သိမှတ်သင့်သော အဓိပ္ပာယ်၊ ပိဋကပြင်ကျယ်ကို လွယ်ကူစွာ ကူးခတ်နိုင်မည့် နိဿရည်းတို့ကိုကား ပြည့်ပြည့်ဝဝပင် တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ဗာဟိရနိဒါန အဖြေပြီး၏။

http://www.dhammadownload.com

# ဝေရဉ္စကဏ္ဍ

(က) ဣဒါနိ–တေနာတိအာဒိပါဠိသ (လ) အတ္ထဝဏ္ဏနံ ကရိဿာမိ။

(ခ) သေယျထိဒံ။

(ဂ) တေနာတိ အနိယမနိဒ္ဒေသဝစနံ။

(ဃ) တဿ သရူပေန အဝုတ္တေနာပိ အပရဘာဂေ အတ္ထတော သိဒ္ဓေန ယေနာတိဣမိနာဝစနေန ပဋိနိဒ္ဒေသော ကာတဗ္ဗော။

(င) အပရဘာဂေ ဟိ(လ)ပရိဝိတက္ကော သိဒ္ဓေါ။

(စ) တသ္မာ ယေန သမယေန(လ)သမ္ဗန္ဓော ဝေဒိတဗ္ဗော။ ဋ္ဌ။ ၇၉။

## ● ခ–ဝါကျသရူပပုစ္ဆာအနက်

ဣဒံ အတ္ထဝဏ္ဏနံ၊ ဤအနက်ကိုဖွင့်ခြင်းသည်။ သေယျထာကတမံ၊ အဘယ်နည်း။ **(သရူပပုစ္ဆာ။)**

(တေနာတိ အနိယမနိဒ္ဒေသဝစနံတျာဒိ၊ တေနာတိ အနိယမနိဒ္ဒေသဝစနံ စသည်တည်း။ **(သရူပဝိသဇ္ဇနာ။)**

ဣဒံအတ္ထဝဏ္ဏနံ၊ ဤအနက်အဖွင့်ကို။ သေယျထာကထံ၊ ဘယ်သို့သော အခြင်းအရာအားဖြင့်။ ကရိဿတိ၊ ပြုလတ္တံ့နည်း။ **(အာကာရပုစ္ဆာ)**

(တေနာတိအနိယမနိဒ္ဒေသဝစနံ တျာဒိနာ၊ တေနာတိ အနိယမ နိဒ္ဒေသဝစနံ ဤသို့အစရှိသည်ဖြင့်။ အတ္ထဝဏ္ဏနံ၊ အနက်ကို ဖွင့်ခြင်းကို။ ကရိဿာမိ၊ ပြုပေအံ့။ **(အာကာရဝိသဇ္ဇနာ။)**

**မှတ်ချက်။** ခ–ဝါကျသရူပပုစ္ဆာ, အာကာရပုစ္ဆာ အနက်ပေးရာ ဝိသဇ္ဇနာကို ဂ=ဝါကျရှု၍ ဖြည့်စွက်အနက်ပေးရသည်။ သိဒ္ဓေန၊ ပြီးသော (နိပ္ဖန္နအနက်)။ မြဲသော (နိစ္စအနက်)။ ထင်ရှားသော (ပသိဒ္ဓအနက်) ဟု အနက်ပေးနိုင်သည်။ ဂ၊ သစ်။ ပ။ ၃၂၇။

† သေယျထိဒန္တိ တံ ကတမံ၊ တံ ကထန္တိ ဝါ အတ္ထော။ သာရတ္ထ၊ ၁။ ၁၉၅။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ=ဝါကျအစ ဝိနည်းအဋ္ဌကထာများ အဆုံးတိုင်အောင်ဝါကျတို့ကား ပဋိညာတဗ္ဗဝိတ္ထာရဝါကျတို့တည်း။ ယင်းတို့ကိုထောက်၍ က-ဝါကျကား ပဋိညာပြ သခေ်ပဝါကျ။

† သေယျထိဒန္တိ အာဒိနာ ပဋ္ဌိမပက္ခံ ဝိတ္ထာရေတိ။ သီ။ ဋီ။ သစ်၊ ၁။ ၂၀၆။

* သေယျထိဒံ၊ တက်လာပြန်၊ ဖော်ဟန်ဂုဋ္ဌတ္ထ။ (ရှေး)

* သေယျထိဒံ၊ တက်လာပြန်၊ မှတ်ရန်ဝိတ္ထာရ။ (သစ်)

ခ=ဝါကျကား ပုစ္ဆာဝါကျ။ ဂ = စသည်ကား ဝိသဇ္ဇနာဝါကျ။ ဃ=ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို ဃ-ဝါကျကို ထောက်၍ ဂ-ဝါကျကား အာရဒ္ဓဝါကျ။

## ဃ-ဝါကျအနုသန္ဓေတက်

ဤသို့ ခ-ဝါကျဖြင့် တေနသဒ္ဒါသည် ယေနဟူသော အနိယမကို ညွှန်ပြကြောင်း သဒ္ဒါတည်းဟုပြဆိုတော်မူပြီး၍ ယခုအခါ၌ ယ, တသဒ္ဒါတို့၏ နိစ္စသမ္ဗန္ဓ(အမြဲဆက်စပ်လျက်)ဖြစ်သောကြောင့် တေန၌ တ-၏ သမ္ဗန္ဓ ယ=ကိုပြလိုရကား ဂ-ဝါကျမိန့်။

† ယံ တံ သဒ္ဒါနံ နိစ္စသမ္ဗန္ဓဘာဝတော အာဟ "တဿ သရူပေန အဝုတ္တေနပိ" တိ အာဒိ။ သာရတ္ထ။ ၁။ ၁၉၅။

င=ဝါကျကား ကာရဏာဝါကျ။ ယင်း င-ဝါကျကိုထောက်၍ ဃ=ဝါကျကား ဖလဝါကျ။

**မှတ်ချက်။** စ-ဝါကျ၌ တသ္မာကိုမြှော်၍ င=ဝါကျ၌ ဟိသဒ္ဒါ ကာရဏဇောတကကြံ။ "တသ္မာတင်းလင်းရှိရာ၊ ရှေ့ဟိသဒ္ဒါကား၊ ကာရဏာသာ များသတည်း"နိယံအတိုင်းပင်တည်း။

† အပရာဘာဂေဟိတိ တွေ ဟိ=သဒ္ဒေါ ဟေတုမှိ၊ ယသ္မာတိ အတ္ထော။ သာရတ္ထ၊ ၁။ ၁၉၅။

http://www.dhammadownload.com



စ-ဝါကျကား လဒ္ဓဂုဏ ဝါကျ။ ယင်း စ-ဝါကျကို ထောက်၍ င-ဝါကျကား လဒ္ဓဂုဏိယဝါကျ။

## ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

နတ္ထိ တေသ နိယမောတိ အနိယမော၊ နိဒ္ဒိသိယတိ၊ အတ္တော ဇောနာတိ နိဒ္ဒေသော။ ဝုစ္စတိ ဇောနာတိ ဝစနံ၊ နိဒ္ဒေသောယေဝ ဝစနံ နိဒ္ဒေသဝစနံ။ ( အစိတ်ဝိဂ္ဂဟများ။ ) အနိယမဿ နိဒ္ဒေသဝစနံ အနိယမ နိဒ္ဒေသဝစနံ။ (အပေါင်းဝိဂ္ဂဟ။ သာရတ္ထ၊ ၁။ ၁၉၅။)

**အပေါင်းဝိဂ္ဂဟဉာဉ်ကောက်။** အနိယမဿ၊ မှတ်သားခြင်းမရှိသေးသော၊ ဝါ-ရှေးဦးစွာ မမှတ်သားရသေးသော သမယကို။ နိဒ္ဒေသဝစနံ၊ ညွှန်ပြကြောင်းဖြစ်သော (တေန) သဒ္ဒါတည်း။

အနိယမဿ နိဒ္ဒေသဝစနံကား ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ အနိယမနိဒ္ဒေသဝစနံကားရင်းသမာသ်ပုဒ်။ အနိယမပုဒ် နိဒ္ဒေသဝစနပုဒ်။ အနိယမဟူသောဝိသေသနပုဒ်အရကား မှတ်သားခြင်း မရှိသေးသော၊ ဝါ ရှေးဦးစွာ၊ မမှတ်သားရသေးသော သမယသဒ္ဒါမုချ။ ယင်း၏ ညွှန်ပြကြောင်းဖြစ်သော (တေန) သဒ္ဒါနှင့်နိဒ္ဒေသိတဗ္ဗနိဒ္ဒေသအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။ အနိယမ နိဒ္ဒေသဝစနံ ဟူသောသမာသ်ပုဒ်လုံးအရကား ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော မှတ်သားခြင်းမရှိသေးသော၊ ဝါ=ရှေးဦးစွာ မမှတ်သားရသေးသော သမယကို ညွှန်ပြကြောင်းဖြစ်သော(တေန)သဒ္ဒါရ၏။

## ဓာတုပစ္စယာဒိဝိဘာဂ

**သေယျထိဒံ** = နိပါတသမုဒါယ (သေယျာထာ-ဣဒံ) တည်း။ တစ်နည်း-သေယျထာကားနိပါတ်ပုဒ်။ ဣဒံ-ကားသဗ္ဗနာမ်ပုဒ်။

† သေယျထိဒန္တိ စ တံ ကတမန္တိ အတ္ထေ နိပါတော၊ ဣဒံ ဝါ (လ) ကတမန္တိပိ ဝဋ္ဋတိ။ သီ၊ ဋီ၊ သစ်၊ ၁။ ၂၀၆။

† သေယျထိဒံ ဣတိ သော ကတမောတိ ဝါ။ နီတိ၊ သုတ္တ၊ နာ။ ၃၇၈။

**နိယမော** = နိ+ယမု+အ။ သိဒ္ဒေန=သိဓု+တ။

http://www.dhammadownload.com



## ● အာဘော်သံဝဏ္ဏနာ

ဂ-ဝါကျ၌ အနိယမနိဒ္ဒေသဝစနံဖြင့် တေနသမယေနဝယ် တေနသဒ္ဒါကား ရှေးဦးစွာ မမှတ်သားရသေးသော သမယ၊ ဝါ- ယေန သဒ္ဒါကို ညွှန်ပြကြောင်းဖြစ်သော သဒ္ဒါတည်းဟု သိစေသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာမဟုတ်။

## ● ပါဌဝိနိစ္ဆယ

**ပဋိနိဒ္ဒေသော။ ပတိနိဒ္ဒေသော။** ကွစိပဋိပတိဿသုတ်ဖြင့် ဒန္တဇ "ပတိ"ကို မုဒ္ဓဇ "ပဋိ" ပြုသောကြောင့်လည်းကောင်း၊ ရူပသိဒ္ဓိ, သဒ္ဒနီတိ သုတ္တမာ လာတို့၌ ဒန္တဇ "ပတိ"ဖြင့် ပတိနိဒ္ဒေသော ဟု ကိုးရပ် မထုတ်သောကြောင့်လည်းကောင်း၊ ပဋိနိဒ္ဒေသောပါဌ်သာသင့်သည်။

**ကာတဗ္ဗော။ ဝေဒိတဗ္ဗော။** ဃ-ဝါကျ၌ ကာတဗ္ဗောဟု ရှိလျှင် ပဋိနိဒ္ဒေသော၊ ကို။ ကာတဗ္ဗော၊ ပြုအပ်၏ဟုအနက်ပေး။ ဝေဒိတဗ္ဗောဟု ရှိလျှင်လည်း "ဝစနေနာတိပဒံ ဝေဒိတဗ္ဗောတိပဒေ ကာရဏံ" ပါရာ၊ ယော။ ၅၀-ဆိုသောကြောင့် ဝေဒိတဗ္ဗော၊ သိအပ်၏ဟုအနက်ပေး။ အတ္ထယုတ္တိ ရှိသည်ချည်းဖြစ်၍ ၂-ပါဌ်သင့်သည်။

(က) သမယသဒ္ဒေါ တာဝ (လ) ဒီဿတိ။

(ခ) တဋ္ဌာဟိဿ(လ)ပဋိဝေဓော အတ္ထော။

(ဂ) ဣဓ ပနဿ ကာလော အတ္ထော။

(ဃ) တသ္မာ (လ) အတ္ထော ဝေဒိတဗ္ဗော။ ဌ။ ၇၉။

## ● က-ဝါကျအနက်

သမယသဒ္ဒေါ၊ သမယသဒ္ဒါကို။ (လ) ဒီဿတိ၊ ရှုအပ်၏။ (ကမ္မရုပ်။) သမယသဒ္ဒေါသည်။ (လ) ဒီဿတိ၊ ထင်၏။ (ကတ္တုရုပ်။)

**မှတ်ချက်။** ဒိသဓာတ်ကား သကမ္မကဖြစ်လျှင် ကမ္မရုပ်၊ အကမ္မက ဖြစ်လျှင် ကတ္တုရုပ်ရသည်။ နီတိ၊ ဓာတု။ ၁၇၆။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

(၁) ခ-ဝါကျကား ဝိတ္ထာရ၊ က-ဝါကျကား သခေ်ပ။(၂)ခ-ဝါကျကား ဥဒါဟရဏ်ပုံစံဖြင့် က-ဝါကျကို ထင်ရှားအောင်ပြု (ထင်ရှားအောင်ပြ)သောကြောင့် တပ္ပာကဋီကရဏဝါကျ။ က-ဝါကျသည် ဥဒါဟရဏ်ပုံစံတို့ဖြင့် ထင်ရှားအောင်ပြုအပ် (ပြအပ်) သောကြောင့် တပ္ပာကဋီကရဏီယ၊ ဝါ-အပါကဋဝါကျ။

(၃) ခ-ဝါကျကား အာဂမဒဠှ ကရဏဝါကျ။ က-ကား အာဂမဒဠှယဝါကျဟု ၃-မျိုးခွဲ။

**မှတ်ချက်။** သတ္တုဒ္ဒါရပြသော က-ဝါကျနောက်၌ တက်လာသော တထာဟိစသည်ချီသောဝါကျမျိုးကို အထက်ပါအတိုင်းချဲ့ = ဝိတ္ထာရ၊ ထင် = တပ္ပာကဋီကရဏ။ မြဲ = ဒဠှ ၃-မျိုးလုံး ခွဲနိုင်သည်။ "တထာဟိဟု၊ ရှိသည် ပုဒ်ဆုံး၊ ခုနစ်လုံး၊ ကျေသုဉ်းဝိဘတ္တိ"နိယံအရ အနက်ပေးပုံကို သီ+ဖြေ ၇၈-၇၉-၌ ရေးခဲ့ပြီ။

* အတ္တုဒ္ဒါရ၊ ပြသည့်နောက်တွင်၊ ဟိကိုမြင်၊ ချဲ့၊ ထင်၊ ဒဠှမြဲ။(သစ်)

## ခ-ဝါကျသို့ကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် သမယသဒ္ဒါသည် သမဝါယစသော ၉-ပါးသောအနက်တို့၌ ထင်သောဟုဆို၏။ ယင်းသို့ ဆိုသော် သမယဟု တစ်ကြိမ် ရွတ်လျှင်ပင် ၉-ပါးသော အနက်တို့ကို တစ်ပြိုင်နက် ဟောပါသလော၊ အဘယ်သို့ (ဝါ) အဘယ်ပြယုဂ်တို့၌ သမယသဒ္ဒါသည် သမဝါယစသောအနက်တို့ကို ဟောသနည်း-ကြောင့် ခဝါကျမိန့်။ (ဆင်တဲဂဏ္ဌိအာဘော်။)

## ခ-ဝါကျသို့ ဝိတ္ထာရတက်

ဆရာ၊ ဆရာသည် (လ) ဆို၏။ (ထပနာတူပြီ။) သမယသဒ္ဒါသမဝါယစသော ၉-ပါးသောအနက်တို့၌ထင်ပုံအကျယ်မပြပြီလော။ သမယသဒ္ဒါ သမဝါယစသော ၉-ပါးသောအနက်တို့၌ ထင်ပုံအကျယ်ကား အဘယ်နည်း-ဟုတက်လေ။

http://www.dhammadownload.com



## ခ–ဝါကျသို့တပွာကဋိကရဏာတက်

သမယ်ယသဒ္ဒါ သမဝါယစသော ၉–ပါးသောအနက်တို့၌ ထင်၏ဟု ဆိုရာဝယ်ပြယုဂ်ဥဒါဟရဏ်ဖြင့်ထင်စွာမပြပြီလော။ ယင်းသို့ဆိုရာ၌ ပြယုဂ် ဥဒါဟရဏ်ကား အဘယ်နည်း–ဟုတက်လေ။ (ထပနာတူပြီ။)

## ခ–ဝါကျသို့ အာဂမဒဋ္ဌတက်

သမယသဒ္ဒါ သမဝါယစသော ၉–ပါးသော အနက်တို့၌ ထင်၏ဟု ဆိုရာဝယ် အကိုးသာကေကို မပြပြီလော။ အကိုးသာကေကား အဘယ်နည်း– ဟုတက်လေ့။

**မှတ်ချက်။** အတ္ထုဒ္ဓါရဝါကျနောက်၌တက်လာသော ဤဝါကျ မျိုးကို ဤသို့တက်ရသည်ဟုစည်းသေမှတ်ပါ။ပသင်္ဂတက်နည်းကို အဘိဓမ္မ ပုဒ်အဖွင့်၌ရေးခဲ့ပြီ။ ပရိယာယ (၄။ ၁၀၃) ပုဒ်၏ အဖွင့်၌ ထပ်မံတွေ့ရ ဦးမည်။ တထာဟိသမှ ပဋိဝေဓာ အတ္တောတိုင်အောင်သော ဝါကျတို့ တွင် ၁–တထာဟိသ (လ) သမဝါယောအတ္ထောကားပက္ခဝါကျ။ ဓေကော ဝ ခေါ် (လ) ကာလောကား, ပက္ခန္တ ရစသည် ပက္ခ, ပက္ခန္တ ရခွဲလေ။ ပေါင်းပြီးစိတ်ပြ ပက္ခန္တ ရမျိုးပင်တည်း။

## ဂ–ဝါကျ ဝါကျခွဲ

ဂ–ဝါကျကား သမယေန၌ သမယ သဒ္ဒါအနက် ၉–မျိုး ရှိရာ တွင် ဤ၌အလိုရှိအပ်သော (ဣစ္ဆိတပ္ပေတ) အနက်ဟူသော အထူးကို ပြသောကြောင့် ဝိသေသဝါကျ။ ထိုဂ–ဝါကျကိုထောက်၍ က–ဝါကျကား သာမည အနက်ကို ပြသောကြောင့် သာမညဝါကျ။

## ဂ–ဝါကျသို့ဝိသေသတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် သမယသဒ္ဒါသည် (လ) ထင် သောဟု သာမညကိုဆို၏။ ဤသမယေန၌ သမယ သဒ္ဒါသည် အဘယ် အနက်၌ထင်ပါသနည်း။ သမဝါယအနက် (ဤ၌မဟောသော အနက်ကို ရှောင်ပါ။)၌ထင်ပါသလော = ကြောင့် ဝိသေသ ဂ–ဝါကျမိန့်။ အဓိပ္ပာယ် ဂ ဝါကျဘာသာပြန်လေ။

http://www.dhammadownload.com



**တစ်နည်း။** ဂ-ဝါကျကား အတ္ထုဒ္ဒေသ အဓိပ္ပေတတ္ထ ပြသော ဝါကျ။ ထို ဂ-ဝါကျကိုထောက်၍ က-ဝါကျကား အတ္ထုဒ္ဓါရဝါကျ။

## တစ်နည်း ဂ-ဝါကျသို့ကျမ်းတက်

ဆရာ၊ ဆရာသည်(လ)ထင်သောဟု သမယသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ဆိုတော်မူ၏။ ယင်းသမယသဒ္ဒါ၏ အတ္ထုဒ္ဒေသ အဓိပ္ပေတတ္ထကား အဘယ် နည်း။ ယင်းသမယသဒ္ဒါ၏ အတ္ထုဒ္ဒေသ အဓိပ္ပေတတ္ထကို မပြပြီလော-ဟု တက်လေ။ (သီ၊ဋီ၊သစ်၊ ၁။ ၁၆၆ ကိုနည်းမှီ၍တက်သည်။)

* သဒ္ဒါတစ်ပါး၊ နက်များထုတ်ပြ၊ အတ္ထုဒ္ဓါရ၊ မှန်မှုချ။

* အတ္ထုဒ္ဓါရ၊ ပြလက ၊ အဓိပ္ပေတတ္ထကောက်မြဲ။ (ဘုရားကြီး)

**တစ်နည်း။** ဂ-ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို ဂ-ဝါကျ ကိုထောက်၍ က-ဝါကျကား အာရဒ္ဓဝါကျ။

## တစ်နည်း ဂ-ဝါကျသို့ ဝါကျာရမ္ဘတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် သမယ သဒ္ဒါသည် (လ) ဆိုတော် မူ၏။ (မူလ-က-ဝါကျ ဘာသာပြန်ထပနာထား။) သမယ သဒ္ဒါသည် သမဝါယစသော ၉-ပါးသောအနက်တို့၌ ထင်သော် ထပနာစကားကို လက္ခဏာအရစိထုတ်) ဤသမယေန၌ သမယသဒ္ဒါသည်လည်း သမဝါယ စသော ၉-ပါးသောအနက်တို့၌ပင်ထင်သည်။ ဝါ-အနက် ၉-ပါးလုံးကိုပင် ဟောသည်ဟု မှတ်ရမည်လော။ အဘယ်သို့ မှတ်ရမည်နည်း - ကြောင့် ဂ-ဝါကျမိန့်။

**မှတ်ချက်။** ဤအလို ဣဓပေန၌ ပနကား လက္ခဏာအရစိဇော တကတည်း။ ပန၊ သမယ သဒ္ဒါသည် သမဝါယစသော ၉-ပါးသော အနက်တို့၌ ထင်သော်လည်းဟု အနက်ပေး။ အတ္ထုဒ္ဓါရ, အတ္ထုဒ္ဒေသ ဝါကျ စောဒကာ ဘောဂါဒိစတုက္ကထုတ်ပုံကို သီ+ဇြေ ၈၀ - ၈၂ ၌ ရေးခဲ့ပြီ။

ဃ-ဝါကျကား လဒ္ဓဂုဏဝါကျ။ ဂ-ကား လဒ္ဓဂုဏီယဝါကျတည်း။

http://www.dhammadownload.com



## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

ပဝဒန္တိ ဧတ္ထာတိ ပဝါဒကော။ (အစိတ်ဝိဂ္ဂဟ။) သမယဿ ပဝါဒကော သမယပ္ပဝါဒကော။ (အပေါင်းဝိဂ္ဂဟ။)

**အပေါင်းဝိဂ္ဂဟဉာဉ်ကောက်။** သမယဿ၊ အယူဝါဒကို။ ပဝါဒကော၊ ပြောဆိုတင်ပြရာတည်း။ ဣတိ၊ ကြောင့်။ သမယပ္ပဝါဒကော၊ မည်၏။

သမယဿပဝါဒကောကား ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ် သမယပ္ပဝါဒကော-ကား ကမ္မဋ္ဌဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ်။ သမယပုဒ် ပဝါဒကပုဒ်။ သမယဟူသော ဝိသေသနပုဒ် အရကား အယူဝါဒဖြစ်သည့် မုချ။ ယင်း-၏ ပြောဆိုတင်ပြရာ အရာမ်ဒြဗ်နှင့်ဌာနိဋ္ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် ဌာနူပစာရတ္ထအားဖြင့်ရ၏။ သမယပ္ပဝါဒက ဟူသော သမာသ်အရကား ထိုမုချ ဌာနူပစာရတို့ဖြင့် မှတ်အပ်သော အယူဝါဒကို ပြောဆိုတင်ပြရာ အရာမ်ဒြဗ်ရ၏။ (ဝိသေသနကောက် ဆက်ကောက်။ သာရတ္ထဝိဂြိုဟ်ကား ဝိဂြိုဟ်ပြမျှသာဟုမှတ်။)

† သမယံ ဒိဋ္ဌိံ ပဝဒန္တိ ဧတ္ထာတိ သမယပ္ပဝါဒကော။ သာရတ္ထ ၁။ ၁၉၇။

## ဝိသေသနပုဒ်ဉာဉ်ကောက်နည်း

ဝိသေသနပုဒ်သည် ဒြဗ်ကိုမဟော၊ ဂုဏ်ကိုသာ ဟောသည်။ ထို ကြောင့် သမာသ်ဝိဂ္ဂဟ, တဒ္ဓိတ်ဝိဂ္ဂဟ ပြုသော ဝိသေသနပုဒ် ဖြစ်အံ့- "ဝိသေသနပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာပဓာနအားဖြင့် ဟောမြဲ ဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော အန္တတ္ထ သည်သာ ပဓာန အားဖြင့် ရ၏။"ဟု ဝိသေသနကောက် ဆက်ကောက်။

ကိတ်ဝိဂ္ဂဟ ဝိသေသနပုဒ်ဖြစ်အံ့- "ဝိသေသနပုဒ်တို့၏(လ)ဆိုအပ်ခဲ့ ပြီးသော ဓာတွတ္ထသည်သာ ပဓာနအားဖြင့် ရ၏-ဟု ဆက်ကောက်။ (သမာသ်, တဒ္ဓိတ်၌ အန္တတ္ထ၊ ကိတ်၌ ဓာတွတ္ထ ဆက်ကောက်သည်။)

http://www.dhammadownload.com



## ● ဓာတုပစ္စယာဒိဝိဘာဂ

သမယ။ သံ+ဣဓာတ်+ဏပစ္စည်း။ သာရတ္ထ၊ ၁။ ၁၉၈။

**ဝီရော။** ဝိသဒ္ဒူပပဒ+ရာဓာတ် + တ-ပစ္စည်း။ **တစ်နည်း။** ဝိပုဒ် + ရပစ္စည်း (အဿတ္တိ)။ **တစ်နည်း။** ရေဓာတ် + ရပစ္စည်း။

ဝိယာ ပညာယ ရာတိဂဏှာတီတိ ဝီရော။ အထဝါ ဝီပညာ တေဿ အတ္ထီတိ ဝီရော။ သာရတ္ထ၊ ၁။ ၁၉၇။ ဓာရေတီတိ ဝီရော။ ဓာ ဓာရဏေ(လ)ရပစ္စယော။ သူစိ။

---

## ● အာဘော်သံဝဏ္ဏနာ

က-ဝါကျဖြင့် သမယသဒ္ဒါသည် သဒ္ဒါတစ်ပါး (သဒ္ဒန္တရိက်) ကို မငဲ့သော သာမညသဒ္ဒါ ဖြစ်သော် သမဝါယ စသော ၉-ပါးသော အနက်ကို ဟောသတည်းဟု သိစေသည်။ **တစ်နည်း။** သမယသဒ္ဒါသည် သာမညနိဒ္ဒေသနည်း, ကေဝလနည်းအားဖြင့် သမဝါယစသော ၉-ပါးသောအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထသံဝဏ္ဏနာ။) ဂ-ဝါကျဖြင့် သမယသဒ္ဒါသည် သဒ္ဒါတစ်ပါး (သဒ္ဒန္တရိက်) ကို မငဲ့သော သာမညသဒ္ဒါဖြစ်သော သမဝါယ စသော ၉-ပါးသော အနက်ကို ဟော သော်လည်း ဧကံ သမယံ ဘဂဝါ (လ) ဝိဟရတိ၌ သမယသဒ္ဒါကား ဝိဟရတိဟူသော သဒ္ဒါတစ်ပါး (သဒ္ဒန္တရိက်)ကို ငဲ့သောကြောင့် ကာလ=အချိန်အခါ အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ သံဝဏ္ဏနာ။)

**တစ်နည်း။** ဂ-ဝါကျဖြင့် ၉-ပါးသော အနက်ကို ( ဆိုခဲ့ပြီး သော နည်းအရ) ဟောနိုင်သော်လည်း ဤ သမယေန၌ကား ကာလ အနက်ကိုသာ အလိုရှိသတည်းဟု သိစေသည်။

ဤ၌ အလိုရှိအပ်သော အနက် = ဣဓာဓိပ္ပေတတ္ထကို ဖွင့်ပြသော ကြောင့် အဓိပ္ပေတတ္ထ သံဝဏ္ဏနာ။

* ထင်ရန်ကစ်ပါး၊ အနက်များထ၊ ဖွင့်တုံက၊ အဓိပ္ပေတသာ။
**(မောင်းထောင်။)**

http://www.dhammadownload.com



## ● ပါဠိဝိနိစ္ဆယ

၁-တိန္ဒုကာစိရ။ ၂ - တိန္ဒုကစိရ-ဣန္ဒွာစက္ကစသော်ပြယုဂ်တို့၌-ဣန္ဒစက္ကဟု ဆိုလိုလျက် ဝါစာသိလိဋ္ဌ အကျိုးငှာ သမာသ်၏ အလယ်တွင် ဒီဃပြုသကဲ့သို့ ဤ၌လည်း ဝါစာသိလိဋ္ဌ အကျိုးငှာ က-၌ အ-သရကို အာဒီဃပြုထားသောကြောင့် ၁-ပါဌ်သင့်သည်။

**တစ်နည်း**။ တိန္ဒုက + အာစိရ ၂-ပုဒ်ဖြင့် ပြီးသောကြောင့် ယင်း ၁-ပါဌ်သင့်သည်။ (တိပိဋက၊ ဓာန်။ အတွဲ၉။ ၄၉၀ ကြည့်။)

✝ တိန္ဒုကာနံ စီရေန ပန္တိယာ ပရိက္ခိတ္တော တိန္ဒုကာစိရော။

အထဝါ တိန္ဒုကာ စိရပန္တိ ယသ္မိံ သော တိန္ဒုကာစိရော။

အဋ္ဌသာ၊ ယော။ ၇၂။

၁။ ပိဋ္ဌနဋ္ဌ။ ၂။ ပိဋ္ဌနတ္ထ - ပိဋ္ဌနမေဝအတ္ထောပိဋ္ဌနဋ္ဌော၊ တ္ထကာရဿ ဋ္ဌကာရံ ကတွာ ဝုတ္တံ (သာရတ္ထ၊ ၁။ ၁၉၇။)ဟု ဆိုသောကြောင့် တ္ထ ကို ဋ္ဌပြုပြီးရကား ၁-ပါဌ်သာသင့်သည်။

**မှတ်ချက်။** သစ်တဋ္ဌော စသည်, အဋ္ဌကထာ, အဋ္ဌုပ္ပတ္တိ ပုဒ်တို့ကို လည်း ဤအတိုင်းမှတ်ပါ။

---

## ●နည်းဥပစာ

**ကောသလကေ**။ ရှေး၌ ဖြစ်ဖူးသော အလားအားဖြင့် ထို၌ ခေါ်ဝေါ်အပ်သော နည်းသည် ဘူတပုဗ္ဗဂတိကနည်း မည်၏။ ပြယုဂ် ကား **ကောသလကေတည်း**။ ဤ၌ ကောသလကေ ဟူသော နည်းသည် တစ်ဆောင်သော ကျောင်း (စရပ်) ရှိခြင်း တည်းဟူသော ရှေး၌ ဖြစ်ဖူးသော အလားအားဖြင့် ကျောင်းအများရှိသော အရာမ်ဟူသော ဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ဘူတပုဗ္ဗဂတိကနည်း မည်၏။ ( အတွင် ရှင်ဋ္ဌီတည်း။)

**မှတ်ချက်။** ရှေးကကျောင်းတစ်ဆောင်သာ ရှိသည်။ ဘုန်းကြီးသော ပေါ်ဌပါဒကို အကြောင်းပြု၍ ကျောင်းများတိုးလာသော်လည်း ရှေးအမည် အတိုင်း ကောသလကဟုပင် ခေါ်တော့သည်။ ၇-အိမ် စတည်သော ရွာကို ၇-အိမ်တန်းရွာဟု ခေါ်ရာ အိမ်များ တိုးလာသော်လည်း ရှေးအတိုင်း ခေါ်သကဲ့သို့ပင်တည်း။

http://www.dhammadownload.com



† ကော သာလာ ဏွောတိ ကေသာလကော။ သာရတ္ထ၊ ၁။ ၁၉၇။

**သမယေန**။ အပေါင်းဖြစ်သော သမဝါယ စသော အနက်ကို ဟောသော သမယသဒ္ဒါ၏ သမယေန အမည်ကို အစိတ်ဖြစ်သော ကာလ အနက်ဟောသော သမယသဒ္ဒါ၌ တင်စား၍ ယင်းကိုလည်း သမယေနဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-သမုဒါယူပစာတည်း။

---

(က) ဏွောဟ။

(ခ) အထ ကသ္မာ(လ)နိဒ္ဒေသော ကတောတိ၊

(ဂ) တတ္ထ တထာ ဣစ္စေ အညထာ အတ္ထသမ္ဘဝတော။

(ဃ) ကထံ သုတ္တန္တေ တာဝ အစ္စန္တသံယောဂတ္ထော သမ္ဘဝတိ။

(င) ယဉှိ သမယံ ဘဂဝါ (လ) ကရုဏာဝိဟာရေန ဝိဟာသိ။

(စ) တသ္မာ တဒတ္ထဇောတနတ္ထံ တတ္ထ ဥပယောဂ နိဒ္ဒေသော ကတော။ ဋ္ဌ။ ၈၀။

## က-ဝါကျအနက်

ဧတ္ထ ဧတေသို့ ဌာနေ၊ ဤအရာ၌။ ဋ္ဌတွာ၊ တန့်၍ (ကြိယာဝိသေသန။) စောဒကော၊ စောဒကပုဂ္ဂိုလ်သည် (ကတ္တား) စောဒနံ၊ စောဒနာ ကို (ကမ္မ)။ အာဟ၊ ဆိုပြီ။

* ဏွောဟမှာ၊ ကြိယာဝိသေသန၊ ကတ္တာမှုနှင့်၊ ကမ္မသုံးချက်၊ ထည့်ကာစွက်၍၊ အနက်သမ္ဗန်မြဲ။ **(ဘုရားကြီး)**

**တစ်နည်း**။ ဧတ္ထ ဧတေသို့ "ဧတေနသမယေနာ" တိ ဝစနေ။ ဤ ဧတေနသမယေန ဟူသော စကား၌။ ဋ္ဌတွာ စောဒကော အဋ္ဌကထာ စရိယံ အာဟ။

**တစ်နည်း**။ ဧတေန သမယေနာတိ ယံဝစနံ ဥပါလိထေရေန ဝုတ္တံ။ (အနိယတ်ထည့်) ဧတ္ထ ဧတေသို့ "ဧတေနသမယေနာ" တိ ဝစနေ ဋ္ဌတွာ စောဒကော အဋ္ဌကထာစရိယံ အာဟ။

http://www.dhammadownload.com



တစ်နည်း။ ဝွေ့ တေန သမယေနာတိ ဣမသ္မိံ ဌာနေ ဝိတဏ္ဍာ ဝါဒီ အာဟ။ သာရတ္ထ၊ ၁။ ၁၉၉။

**မှတ်ချက်။** အာဟ၊ ငါ၏ထံမှောက် ကိုယ်တိုင်ရောက်၍ စောက်စောက် စူးစူး ဆိုလှာဖူး၏-ဟု ရှေးဆရာတို့ အနက်ပေးကိုလည်းမှတ်သား သင့်၏။

ဝွေ့ာဟ၊ ကိန္တိအာဟ။ အထကသ္မာ (လ) ကရဏဝစနေန နိဒ္ဒေသော ကတောတိ အာဟ-ဟု အနက်ပေး။ "ဣတိသဒ္ဒါ၊ အာကာရတ္ထ၊ နောက်၌ပြမူ၊ ဝါစကပုစ္ဆာ၊ ကိံသဒ္ဒါကို၊ ရှေ့မှာစွက်၍၊ အနက်သမွန်မြဲ။" နိယံနှင့်အညီ ကတောတိ၌ ဣတိသဒ္ဒါအာကာရအနက်ရှိသဖြင့် ကိံ အာဟ ဟု ပုစ္ဆာထည့်၍ ယောဇနာ၊ အာကာရ သွင်း ထုတ်ပြ၍လည်း ယောဇနာ နိုင်သည်။

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

က-ဝါကျကား အာကာရဝန္တပရံမုခဇောဒနာ အကျဉ်းပြဝါကျ။ ခ-ဝါကျကား ပရံမုခဇောဒနာကာရ အကျယ်ပြဝါကျ။

### ဝွေ့ာဟကျမ်းတက်နည်း

ကေ်သမယံဟု ဒုတိယာဝိဘတ်ဖြင့်လည်းကောင်း၊ ယသ္မိံ သမယေဟု သတ္တမီ ဝိဘတ်ဖြင့်လည်းကောင်း၊ ညွှန်ပြခြင်းကိုမပြုမူ၍ ဤဝိနည်း၌ တေန သမယေနဟု'ကရိဏ်းဝိဘတ်ဖြင့် ညွှန်ပြခြင်း၌အကျိုးကိုတုတ်ပြလိုသည်ဖြစ်၍ မျက်ကွယ် ဇောဒနာ (ပရမ္မုခဇောဒနာ) ကို ဖြစ်စေလိုရာကား "ဝွေ့ာဟ" စသည်မိန့်။

† ဥပယောဂဝစနေန ဘုမ္မဝစနေန စ နိဒ္ဒေသမကတွာ ဣဓ ကာရဝစနေန နိဒ္ဒေသေ ပယောဇနံ နိဒ္ဒါရေတု ကာမော ပရမ္မုခေန ဇောဒနံ သမုဋ္ဌာပေတိ "ဝွေ့ာဟာ" တိ အာဒိ။ သာရတ္ထ။ ၁။ ၁၉၉။

ခ-ဝါကျတွင် ယထာသုတ္တန္တေ (လ) ဘုမ္မဝစနေနကား ဥပမာန ဝါကျ။ တထာအကတွာ (လ) နိဒ္ဒေသော ကတောကား ဥပမေယျဝါကျ။ ဥပမာန-ဝါကျတွင် သုတ္တန္တေ (လ) ဘုမ္မဝစနေနဝါကျကို "နနုသုတ္တန္တေ

http://www.dhammadownload.com



ဧကံသမယန္တိ ဥပယောဂဝစနေန နိဒ္ဒေသော ကတော”ဟုလည်းကောင်း၊“နနု အဘိဓမ္မေ စ ယသ္မိံသမယေ ကာမာဝစရန္တိ ဘုမ္မဝစနေန (နိဒ္ဒေသော ကတော)”ဟုလည်းကောင်း ပြင်နိုင်သောကြောင့် ယင်းဝါကျတို့ကို စောဒကာ ဘော ဂ-ဝါကျအမည်ပေးရမည်။ (မအ္ဂုသျကိုကျေပွန်စွာကြည့်ပါ။)

(က) ဝါကျကား ပရိဟာရ အကျဉ်းပြဝါကျတည်း။ ၎င်းဝါကျ၌ သမ္ဘဝတောကို သမ္ဘဝတိပြင်၍ ၃-မျိုး ခွဲလိုက်ပါ။

(၁) တတ္ထ တထာ အဏ္ဍော သမ္ဘဝတိ။ (သုတ္တန် အတွက်။)

(၂) တတ္ထ တထာ အဏ္ဍော သမ္ဘဝတိ။ (အဘိဓမ္မာအတွက်)

(၃) ဣဓ အညထာ အဏ္ဍော သမ္ဘဝတိ။ (ဝိနည်းအတွက်။)

ဤသို့ခွဲလိုက်လျှင် က-ခ အမေးကို မည်သို့ဖြေလိုက်ကြောင်း သိနိုင်ပေသည်။

ယင်းအဖြေအကျဉ်း ၃-ဝါကျတို့တွင် (၁) မှတ် ဝါကျကို ကထံ သုတ္တန္တေ (လ) ဥပယောဂနိဒ္ဒေသော ကတော ဖြင့် ချဲ့ပြသည်။ (၂) မှတ် ဝါကျကို အဘိဓမ္မေစ (လ) ဘုမ္မဝစနေန နိဒ္ဒေသော ကတော-ဖြင့် ချဲ့ပြ၍ ဣဓပန ဟေတု အဏ္ဍော (လ) ကရဏဝစနေန နိဒ္ဒေသော ကတောဖြင့် (၃)မှတ် ဝါကျကိုချဲ့ပြန်သည်။ (အဋ္ဌကထာနှင့် တိုက်ဆိုင်ကြည့်ပါ။)

ဃ-ဝါကျကား ဝိတ္ထာရ၏ အခြေခံ(ဝိတ္ထာရပါဒက) ပုစ္ဆာဝါကျ တည်း။ င-ဝါကျကား ဃ-ဝါကျကို ချဲ့သည်၊ ထို့ကြောင့် ဝိတ္ထာရ ဝိသဇ္ဇနာဝါကျတည်း။ စ-ဝါကျကား လဒ္ဓဂုဏ်ဝါကျ။ ထိုစ-ဝါကျကို ထောက်၍ င-ဝါကျကား လဒ္ဓဂုဏိယဝါကျတည်း။

**မှတ်ချက်။** စ-ဝါကျ၌ တသ္မာကို သုတ္တန္တေ အစ္စန္တသံယော ဂဏ္ဍော သမ္ဘဝတိ-ဟု ဃ-ဝါကျ၌ တစ်ချက်စပ်။ စ-ဝါကျ ဥပယောဂ နိဒ္ဒေသော ကတော၌ တစ်ချက်စပ်။ ထို့ကြောင့် လဒ္ဓဂုဏ် “တသ္မာ” မျိုး တည်း။

---

## ဏွောဟနှင့် ဏွေသိယာ, တတ္ထသိယာ အထူး

စောဒကပုဂ္ဂိုလ် (ဝိတဏ္ဍာဝါဒီပုဂ္ဂိုလ်) အနက်၌ ယုံမှားမှု (အတ္ထအာ သင်္ကာ)၊ အကျိုး၌ယုံမှားမှု (ဖလအာသင်္ကာ) ရှေးကရှိဖူးသဖြင့် မေးမြန်း ဖူးသော အရာမျိုးကို ထုတ်ပြလိုသဖြင့် “ဏွောဟ”ဟု ရေးသည်။

http://www.dhammadownload.com



ယင်းသို့ မမေးမြန်း ဖူးသော်လည်း သောတုဇနတို့ အကျိုးငှာ (ဤနေရာမျိုး ဤလိုဧာဒနာနိုင်သည်ဟု) အဋ္ဌကထာ ဆရာ၏ ပရိကပ္ပ စောဒနာကို ထုတ်ပြလိုသဖြင့် "ဇတ္တသိယာ" "တတ္တသိယာ" ဟု ရေး သည်။ (နိယံဆရာတို့အလို။)

**တစ်နည်း။** သာရတ္ထ၌ "ပရမ္မုခေန စောဒနံ သမုဋ္ဌာပေတိ-ဟု ဆိုသဖြင့် "ဇတ္တာဟ" ကား ပရမ္မုခစောဒနာကို ပြသည်ဆိုနိုင်သည်။ သို့ ဆိုလျှင် ဇတ္တသိယာ တတ္တသိယာကား သမ္မုခစောဒနာ ပြသည်ဟု ကြံဆနိုင်သည်။

* ပုဒ်ဇတ္တာဟ၊ ရှိလတ်က၊ စောဒကစကား၊ **(တောင်တွင်း)**

ဇတ္တာဟမှာ၊ စောဒကာ၊ နှစ်ဖြာလုံးပင်၊ မဟုတ်လျှင်ဟု

သူပယ်စွ။ **(ရွှေ)**

ဇတ္တသိယာ၊ ပုဒ်ပါင်လာ၊ စောဒနာစကား။ **(တောင်တွင်း)**

---

## ● ဝိဂ္ဂဟာနှင့်ဉာဏ်ကောက်

**ကရဏ္ဍဝိဟာရ။** ဝိဟရဏံ ဝိဟာရော။ ( အစိတ်ဝိဂ္ဂဟ ) **တစ်နည်း။** ဝိဟရဏံ ပဋိပဇ္ဇနံ ဝိဟာရော။ (ယောဇနာ)။ ကရဏ္ဍ ဝသေန ပဝတ္တော ဝိဟာရော ကရဏ္ဍဝိဟာရော။ (အပေါင်းဝိဂ္ဂဟ)။

## အပေါင်းဝိဂ္ဂဟဉာဏ်ကောက်

ကရဏ္ဍဝသေန၊ မဟာကရဏ္ဍတော်၏ အစွမ်းဖြင့်။ ပဝတ္တော၊ ဖြစ်သော။ ဝိဟာရော၊ နေခြင်းတည်း။ ဝါ-ကျင့်ခြင်းတည်း။ (မဇ္ဈေလော ပီတတိယာတပ္ပုရိသ်သမာသ်)ကရဏ္ဍပုဒ်၊ ဝိဟာရပုဒ်။

ကရဏ္ဍအရကား ဖြဟ္မဇာလစသော သုတ်တို့ကို ဟောတော်မူသော မြတ်စွာဘုရား၏ မဟာကရဏ္ဍာဒြဗ်သည် မုချ။ ယင်း၏နေခြင်း ဝါ-သူ တစ်ပါးတို့၏အကျိုးစီးပွားကိုကျင့်ခြင်း (ပရဟိတပဋိပတ္တိ) နှင့် အကြောင်း အကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် ဥာနူပစာ။ သမာသ်ပုဒ်လုံးအရကား ထို ဖျဉာနူပစာတို့ဖြင့် မှတ်အပ်သော "ဖြဟ္မဇာလစသောသုတ်ကို ဟောတော်

http://www.dhammadownload.com



မူသော မြတ်စွာဘုရား၏ မဟာကရုဏာတော်၏ အစွမ်းဖြင့် ဖြစ်သောနေခြင်း၊ ဝါ–သူတစ်ပါးအကျိုးစီးပွားကိုကျင့်ခြင်း (ပရဟိတပဋိပတ္တိ) ရှေ၏။

## ● ပါဌဝိနိစ္ဆယ

(၁) ဘုမ္မဝစနေ့။ (၂) ဘူမဝစနေန။

၁–ပါဌ်သာ သင့်သည်။ အကြောင်းကား ဘုမ္မာနီတိ ဘူမိယံ နိဗ္ဗတ္တာနိ။ ခုဒ္ဒက၊ ဋ္ဌ။ ၁၃၉–၌ ဖွင့်ပြသောကြောင့်လည်းကောင်း၊ ဘူမိယံ ဘဝံ ဘုမ္မံ္တိ ကတ္တုကမ္မာနံ သြကာသဘူတံ ဘုမ္မဝစနံ၊ သတ္တမီ။ ရူ၊ ဋီ။ ၁၂၈–၌ ဖွင့်ပြသောကြောင့် လည်းကောင်း၊ ဘူမိပုဒ်+ဏပစ္စည်း၊ ဏ အနုဗန်ချေ၊ အံကြွင်း ဣဝဏ္ဏော ယံနဝါဖြင့် ဣ–ကိုယပြု၊ ယကို အကပ်၊ မ ကို ယကပ်၊ မျ ဖြစ်၊ မွယုဂ်မျော–နီတိသုတ်ဖြင့် မွပြု၊ သို့မဟုတ် ယဝတံတလနကစ္စည်းသုတ်၌ ယဝတံသဒ္ဒာ ဖြင့် မျ–ကို မ–ပြု၊ "ယဝတံသုတ်၊ ပြီးပြယုဂ်၊ မုချဒွေးဘော်လာမြဲတည်း" သဒ္ဒါစည်းကမ်းအရ ဒွေးဘော်လာ၍ မဒွေးဘော် ရောက်လျှင် သံယောဂေ ပရေ ရဿတ္တံအရ ဘူ၌ ဦးသည် ဥရဿဖြစ်။ ဤသို့ ဘုမ္မဟုရုပ်ပြီးသောကြောင့် လည်းကောင်း "ဘုမ္မဝစနေန" ပါဌ်သာသင့်သည်။

**မှတ်ချက်။** ဘူမိယံ၊ ကတ္တားကံတို့၏ တည်ရာ၌။ ဘဝံ၊ ဖြစ်သည် တည်း။ ဝါ–ဖြစ်သော သတ္တမီဝိဘတ်တည်းဟု အနက်ပေး။ ဘူမိနှင့် ဏ ပစ္စည်းအရ သတ္တမီဝိဘတ်ကို ဝိသယ + ဝိသယီစပ်၍ ဉာဏ်ကောက်ပါ။ ဘုမ္မဥ္စ တံ ဝစနဉ္စာတိ ဘုမ္မဝစနံဟုတွဲ။ ဘူမိဓေ ဘုမ္မံ။ ဘုမ္မေ ဝိဟိတ ဝစနံ ဘုမ္မဝစနံဟုလည်း ကြံနိုင်သည်။ ဝေရဉ္ဇာပုဒ်အဖွင့် ဝိဂ္ဂဟအဖြေနှင့် ယှဉ်ကြည့်။

## ● နည်းနှင့်ဥပစာ

**ကရုဏာဝိဟာရေန။** အကြောင်းဖြစ်သော မဟာကရုဏာဖြင့် နေခြင်း ကရုဏာသမာပတ်၏ကရုဏာဝိဟာရအမည်ကို အကျိုးဖြစ်သော ပရဟိတပဋိပတ္တိ၌တင်စား၍အကျိုးဖြစ်သော ပရဟိတပဋိပတ္တိကို ကရုဏာ ဝိဟာရဟုဆိုသောကြောင့် ကာရဏူပစာသဒ္ဒါ။

အကြောင်းဖြစ်သော ကရုဏာဖြင့်နေခြင်း ကရုဏာ ဝိဟာရကို ဆိုသဖြင့် အကျိုးဖြစ်သော ပရဟိတပဋိပတ္တိကိုလည်းရသောကြောင့် နာနန္တရိကနည်း။

http://www.dhammadownload.com



† ကရုဏာဝိဟာရေနာတိ ပရဟိတပဋိပတ္တိသင်္ခါတေန ကရုဏာဝိဟာရေန။ တထာ ဟိ ကရုဏာ နိဒါနတ္တာ ဒေသနာယ ဣဓ ပရဟိတပဋိပတ္တိ "ကရုဏာဝိဟာရော" တိဝုတ္တော၊ န ပန ကရုဏာသမာပတ္တိဝိဟာရော။ သာရတ္ထ၊ ၁။ ၁၉၉။

(က) အဘိဓမ္မေ စ အဓိကရုဏတ္တော ဘာဝေန ဘာဝ လက္ခဏတ္တော စ သမ္ဘဝတိ။

(ခ) ၁-အဓိကရုဏာဥ္စ ကာလတ္တော သမူဟတ္တော စ သမယော တတ္ထ ဝုတ္တာနံ ဖဿာဒိဓမ္မာနံ။

၂ - ခဏသမဝါယ ဟေတုသင်္ခါတဿ စ သမယဿ ဘာဝေန တေသံ ဘာဝေါ လက္ခိယတိ။

(ဂ) တဿ တဒတ္ထ (လ) ကတော။ ၄။ ၈၀။

## ● အနက်ယောဇနာ

ကာလတ္တော၊ ကာလဟု ဆိုအပ်သောအနက်ဖြစ်သော။ သမယောစ၊ သမယသည်လည်းကောင်း၊ သမူဟတ္တော၊ သမူဟဟု ဆိုအပ်သော အနက်ဖြစ်သော။ သမယောစ၊ သည်လည်းကောင်း။ ဝါ-ကာလတ္တော၊ ကာလသဒ္ဒါ၏ အနက်ဖြစ်သော။ သမယောစ၊ သည်လည်းကောင်း။ သမူဟတ္တော၊ သမူဟ သဒ္ဒါ၏ အနက်ဖြစ်သော။ သမယောစ၊ သည်လည်းကောင်း။

† ကာလသင်္ခါတော အတ္တော ကာလတ္တော၊ သမူဟသင်္ခါတော အတ္တော သမူဟတ္တော။ ကာလသဒ္ဒဿ အတ္တော ကာလတ္တော၊ သမူဟသဒ္ဒဿ အတ္တော သမူဟတ္တော။ သာရတ္ထ၊ ၁၊ ၁၉၉။

## ● ဝါကျခွဲနှင့် ကျမ်းတက်

(ခ) ၁-၂-ဝါကျတို့ကား အဘိဓမ္မာ၌ အဓိကရုဏတ္တ ဖြစ်သင့်ပုံ၊ ဘာဝေန ဘာဝ လက္ခဏတ္တဖြစ်သင့်ပုံ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ ဝါကျ။ က-ဝါကျကား သင်္ခေပဝါကျ။

† ကထံ ပန အဘိဓမ္မေ ယထာဝုတ္တအတ္ထဒွယသမ္ဘဝေါတိ အာဟ "အဓိကရုဏဉ္စ"တိ အာဒိ။ သာရတ္ထ၊ ၁။ ၁၉၉။

http://www.dhammadownload.com



ခ-ဝါကျတွင် ၂-ဝါကျ ကား ဘာဝေနဘာဝလက္ခဏတ္ထ အကျယ်ပြ ပက္ခန္တ ရ။ ၁။ ဝါကျကား အဓိကရဏတ္ထ အကျယ်ပြသခဲ့ပဲ။ (ပေါင်းပြီးစိတ်ပြ ပက္ခန္တ ရမျိုးတည်း။)

## ၁-ဝါကျမှ ၂-ဝါကျသို့ အနုသန္ဓေတက်

ဤသို့ ၁-ဝါကျဖြင့် အဘိဓမ္မာ၌ အဓိကရဏတ္ထ(အာဓာရတ္ထ) ဖြစ် သင့်ပုံအကျယ်ကိုပြပြီး၍ ဤယခုအခါ၌ ဘာဝေန ဘာဝလက္ခဏတ္ထဖြစ် သင့်ပုံအကျယ်ကိုပြလိုရကား ၂-ဝါကျမိန့်။

† အဘိဓမ္မေ အာဓာရတ္ထ သမ္ဘဝံ ဒဿေတွာ ဣဒါနိ ဘာဝေန ဘာဝလက္ခဏတ္ထသမ္ဘဝံ ဒဿေန္တော အာဟ "ခဏသမဝါယ ဟေတု သင်္ခါတဿ"တိ အာဒိ။ သာရတ္ထ၊ ၁။ ၂၀၀။

ဂ-ဝါကျကား လဒ္ဓဂုဏဝါကျ။ ခ-ကား လဒ္ဓဂုဏိယဝါကျ။

---

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**အဓိကရဏ။** အဓိကရီယတိ အာဓာရီယတိ ဧတ္ထာတိ အဓိ ကရဏံ။ (ပါရာ။ ယော။ ၅၁။) ဧတ္ထတေသို့သမယေ၊ ဤကာလတ္ထဖြစ် သော သမယ, သမူဟတ္ထဖြစ်သော သမယ၌။ ဖဿာဒိဓမ္မေဟိ၊ တို့သည်။ အတ္တနော အတ္တနောသဘာဝေါ၊ မိမိ မိမိ၏ သဘောကို။ အဓိကရီယတိ အာဓာရီယတိ၊ ဆောင်ထားအပ်၏။ ဣတိ၊ ကြောင့်။ အဓိကရဏံ၊ မည်၏။ အဓိ+ကရ+ယု။

အဓိဥပသာရအရကား ဓာတွတ္ထဝိသေသကဘောဂုဏ်ရ၏။ ကရ ဓာတ်အရ ကတ္တုဌကား ဖဿစသောတရားတို့၌ ဥပါဒ်မှုချ။ အဓိကရဏတ္ထ ကား ထိုဖဿစသောတရားတို့၏ ဥပါဒ်အားတပ်သောကာလတ္ထ, သမူဟတ္ထ ဖြစ်သော သမယ၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ ယု-ပစ္စည်းအရ ကား ထိုမှုချဖလူပစာတို့ဖြင့် မှတ်အပ်သော ကာလတ္ထ, သမူဟတ္ထဖြစ် သော သမယရ၏။

**မှတ်ချက်။** ခ-ဝါကျ၌ တတ္ထ ဝုတ္တာနံ ဖဿာဒိဓမ္မာနံကို အဓိ ကရဏံ၌စပ်၍ ဓာတွတ္ထအရ ယင်းကိုပင် ပြန်ကောက်သည်။ ယောဇနာ

http://www.dhammadownload.com



ဝိဂ္ဂဟကား ကမ္မအနေ္တာဂဓ အဓိကရဏသာဓ်ဖြစ်သဖြင့် ဉာသ်ကောက်ရာ၌ကောက်သည်။ "အဓိက ရာန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဓိကရဏံ ဟု ကတ္တုအနေ္တာဂဓပြုလျှင် – ဧတ္ထ၊ ၌။ ဖဿာဒိဓမ္မာ၊ တို့သည်။ (ခ–ဝါကျ၌ ဖဿာဒိဓမ္မာန်ကို ကတ္တားပြင်သည်။) အဓိကရောန္တိ ပတိဋ္ဌဟန္တိ၊ တည်တတ်ကုန်၏–ဟုအနက်ပေး၍ ဉာသ်ကောက်လျှင် ဖြောင့်သည်။ ဉာသ်ကောက်ပုံကားတူသည်ဟုမှတ်ပါ။

† ဝိဝါဒါဒေါ ဓိကရဏံ၊ သိယာဓာရေ စ ကာရဏော။ ဓာန်။ ၈၆၈။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ဟေတု။** ပုလ္လိင်, ရဏ္ဍာဒိဂိုဏ်း, ဥကာရန္တ။ (ဟိ+တု။)

**သမဝါယ။** သံအဝ+ဣ–ဓာတ်+ဏ–ပစ္စည်း။ သဟာဝယဝေန ဗျာပေတွာ အယတိတိ သမဝါယော။ ဓာန်၊ ဋီ။ ၆၃၀။ သူစိ။

**ကာလ။** ကာလ (သချာနေ) ဓာတ် + ဏ ပစ္စည်း။ ဝါ– ကရဓာတ်ဏပစ္စည်း။ ကာရဖြစ်၊ ရ–ကိုလပြု။ ကလျတေ သံချာယတေ အာယုပမာဏာဒယော အနေနာတိ ကာလော (လ) ကရဏံ ဝါ ကာရော၊ ဘာဝေဏော။ သောဝေကာလော။ သူစိ။

## ● အာဘောဂ်နှင့်သံဝဏ္ဏနာ

၂–ဝါကျ၌ ခဏသမဝါယဟေတု သခ်ါတဿဖြင့် သမယအရ ခဏသမဝါယ, ဟေတုကိုယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ။)

ဘာဝေါ လက္ခီယတိဖြင့် ဘာဝ လက္ခဏာ၌ လက္ခဏသဒ္ဒါ၏ လက္ခဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁], လက္ခဏပုဒ်ကို လက္ခီယတိ အနေနာတိ လက္ခဏံ ဟု ကရဏသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၂], ယု ပစ္စည်း၏ ယင်းသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊[၃], ဘာဝနှင့် လက္ခဏကို ဘာဝဿ လက္ခဏံဟု ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

http://www.dhammadownload.com



၁။ ဒုတိယာတပ္ပဒ။ ၂။ အဘိဓာနတ္ထ။

၃။ ဒုတိယပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** ။"သင်္ခါတ" သဒ္ဒါဖြင့် ဖွင့်ပြသော နေရာများ၊

(၁) သရုပ်ကိုပြရာ။ (ပုံစံ) ခဏသမင်္ဂါယဟေတု သင်္ခါတသာ။

(၂) ကမ္မဓာရယ်ပြရာ။ (ပုံစံ) ကာလသင်္ခါတော အတ္တော ကာလတ္တော။

(၃) ရှေ့ပုဒ် နောက်ပုဒ် လိင်မတူသဖြင့် လိင်တူအောင်ညှိလိုရာ။ (ပုံစံ) ဝေဒနာသင်္ခါတံ ပစ္စုပ္ပန္နံ တေသာတိ ဝေဒနာ ပစ္စုပ္ပန္နာနော။ (ဝေဒနာကား ဣတ္ထိလိင်၊ ပစ္စုပ္ပန္နံကား နပုလ္လိင်။)

* ကမ္မဓာရယ်, သရုပ်၊ ထုတ်၍ပြရာ၊ တစ်ဖြာလိင်၊ မတူကြသည့်၊ ဌာနအပြား၊ ဤသုံးပါးမှာ၊ ဖွင့်ငြား " သင်္ခတ " ပုဒ်နှင့်တည်း။ (သစ်)

## ပါဠိဝိနိစ္ဆယ

၁–တဒတ္ထဓောတနတ္ထံ၊ ၂။ တမတ္ထဓောတနတ္ထံ။

၁–ပါဠိသာသင့်သည်။ အကြောင်းကား – တဒတ္ထပုဒ်ကို သောယေဝ အတ္တော တဒတ္တောဟု ဝိဂ္ဂဟပြု။ တ+အတ္ထ။ သမာသ် အရာဝယ် တထက်၌ (တံသမုဒ္ဒါန စသည်ကဲ့သို့) နိဂ္ဂဟိတ်လာ။ သမာသေ ဒေါတိလိင်္ဂေ။ နီတိ၊ သုတ္တ။ ၁၄၄ ဖြင့် သမာသ်အရာ တ–ထက်၌ နိဂ္ဂဟိတ်ကို ဒပြု၍ တဒတ္ထပြီးသည်၊ သမာသ်အရာ နိဂ္ဂဟိတ် မ–ပြုရမည့် သဒ္ဒါ စည်းကမ်း မရှိ၊ ထို့ကြောင့် တဒတ္ထရှိသော ပါဠိသာသင့်သည်။

**မှတ်ချက်။** သမာသ်အရာ၌ နိဂ္ဂဟိတ်ကို ဒ–ပြု။ သန္ဓိအရာ၌ မ,ဒ ၂မျိုးပြု။

## နည်းဥပစာ

ကာလတ္တော။ ကာလသဒ္ဒါနှင့် အနက်ဖြစ်သော သမယတို့ မပြားဘဲလျက် ပြားသကဲ့သို့ ကာလတ္တော ဟုဆိုသောကြောင့် အဘေဒဘေဒူပစာသဒ္ဒါ။ (၁–အဖြေ၊ သာရတ္ထ၊ ဒုတိယဝိကပ်အလို ဥပစာ။ သမူဟတ္ထပုဒ်လည်းနည်းတူပင်မှတ်။)

http://www.dhammadownload.com



(က) ဣမေ ပန ဟေတု အတ္ထော ကရဏတ္ထော စ သမ္ဘဝတိ။

(ခ) ယော ဟိ သော(လ)ဘဂဝါ တတ္ထ တတ္ထ ဝိဟာသိ။

(ဂ) တသ္မာ တဒတ္ထဇောတနတ္ထံ(လ)ကတောတိ ဝေဒိတဗ္ဗော။

(ဃ) ဟောတိ စေတ္ထ (လ) ကရဏေနေဝ သော ဣမေ။ ဋ္ဌ။ ၈၀။

## ● က-ဝါကျ ဥပမာလင်္ကာရအနက် ယောဇနာ

ပန၊ အထူးကိုဆိုဦးအံ့။ "အန္နေန ဝသတိ၊ ဝိဇ္ဇာယ ဝသတိ"တိ အာဒီသု၊ အစရှိသည်တို့၌။ ဟေတုအတ္ထော၊ သည်။ သမ္ဘဝတိဝိယစ၊ ဖြစ်သင့်သကဲ့သို့လည်းကောင်း၊ ဖရသုနာ ဆိန္ဒတိ၊ ကုဒါလေန ခဏတီတိ အာဒီသု၊ အစရှိသည်တို့၌။ ကရဏတ္ထော၊ သည်။ သမ္ဘဝတိဝိယစ၊ ဖြစ်သင့်သကဲ့သို့ လည်းကောင်း၊ ဥပမာလင်္ကာရ)။ တထာ၊ တူ။ ဣမေ ဣမသ္မိံ ဝိနယေ၊ ဤဝိနည်း၌။ .....သမ္ဘဝတိ၊ ၏။ (အဋ္ဌကထာ ဥပမေယျ ဝါကျစပ်၍ နိသျ အတိုင်း အနက်ယောဇနာလေ။) သာရတ္ထ၊ ၁၊ ၂၀၁။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ က-ဝါကျကား သင်္ခေပဝါကျ။ **တစ်နည်း**။ က-ကား ကာရဏဝါကျ။ ခ-ကား ဖလဝါကျ။ (ဂ-ဝါကျ၌ တသ္မာကို က-ဝါကျ ပြန်စပ်၍ ခ-ဝါကျ ကာရဏ ဖြစ်သည်။ တသ္မာကို ဂ-ဝါကျ၌ ကတောတစ်ချက်ထပ်စပ်၍ လဒ္ဓဂုဏ်ဖြစ်ပြန်သည်။ မကြာခဏ တွေ့တတ်သောဝါကျမျိုးတည်း။

## ● ခ-ဝါကျအယုတ္တပုစ္ဆာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဤဝိနည်း၌ ဟိတ်အနက်သည် လည်းကောင်း၊ ကရိဏ်းအနက်သည်လည်းကောင်း၊ ဖြစ်သင့်သောဟု ဆို၏။ ဤဝိနည်း၌ ဟိတ်အနက်သည်လည်းကောင်း၊ ကရိဏ်းအနက်သည် လည်းကောင်း အဘယ်သို့ ဖြစ်သင့်ပါသနည်း။ (ထပနာဝါကျ၌ "ကထံ" တပ်၍မေးသည်၊ ပုစ္ဆာထုတ်သည်။) ဤသို့ကြောင့် ခ-ဝါကျမိန့်။

* ဋီကာစရိယ၊ တက်ပြ "ကထံ"၊ ဋ္ဌ-ဝါကျ၊ မှတ်ရန် ဝိတ္ထာရ။

(သစ်)

http://www.dhammadownload.com



† ကထံ သမ္ဗဝတီတိ အာဟ " ယောဟိသော " တိ အာဒိ။ သာရတ္ထ၊ ၁။ ၂၀၁။

က-ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၍ ခ-ဝါကျကား လဒ္ဓဂုဏီယဝါကျ။ (ခ-ဝါကျ၌ အနိယတ်၊ နိယတ်၊ ဥတ္တမဝါကျ ခွဲလေဦး။)

ဃ-ဝါကျကား သခေ်ပဝါကျ။ ထိုဝါကျကို ထောက်၍ ဗ္ဗောဟ ချီသော ဝါကျတွင် ကထံ သုတ္တန္တေ တာဝမှ ဣစ္ဆ ကရဏဝစနေန နိဒ္ဒေ သော ကတောတိ ဝေဒိတဗ္ဗော တိုင်အောင်ကား ဝိတ္ထာရဝါကျ။

**မှတ်ချက်။** ဗ္ဗောဟချီသော ဝါကျတွင် (၁) တတ္ထ တထာ ဣစ္ဆ စ အညထာ အတ္ထသမ္ဗဝတော ကား အဖြေအကျဉ်းပြ " သခေ်ပ "။ (၂) ကထံ သုတ္တန္တေ တာဝမှ ဣစ္ဆ ကရဏဝစနေန နိဒ္ဒေသော ကတောတိ ဝေဒိတဗ္ဗောတိုင်အောင်ကား အဖြေအကျယ်ပြဝိတ္ထာရ။ (၃) ဟောတိ စေတ္ထ ဝါကျကား ၂-ကို အကျဉ်းချုံး, နိဂုံးအုပ်လို၍ ပြသောကြောင့် နိယံဆရာတို့က "သခေ်ပ"ဟု အမည်ပေးသည်။ မိမိကား ၁-ဖြင့် သခေ်ပပြ၍ ၂-ဖြင့် ဝိတ္ထာရပြပြီးနောက် အကျဉ်းချုပ် နိဂုံးအုပ်လို သဖြင့် (၃) ဟောတိ စေတ္ထစသော သင်္ဂဟ ဂါထာဆိုသည်ဟု ယူလိုသည်။ ထို့ကြောင့် ဟောတိ စေတ္ထချီသော ဃဝါကျကား နိဂမန ဝါကျ"။ ကထံ သုတ္တန္တေ တာဝချီသော အကျယ်ဝါကျကား ယင်းနိဂမနဝါကျကိုထောက်၍ နိဂမနီယ"၊ ဝါ- စုဏ္ဏိယဝါကျဟု ခွဲလိုသည်။ ရှေးဥမင်သျှ၌ ဟောတိစေတ္ထကို "ဆက်"ဟု ဆိုသည်ကို ဝါဒန္တရဟု မှတ်ပါ။

* ဟောတိ စေတ္ထ၊ စ-နက်ရ၊ သခေ်ပဟုစ္စ်။ (ရှေ)
* ဝိတ္ထာနောက်ရှိ၊ ဟောတိစေတ္ထ၊ သင်္ဂဟ၊ မှတ်ကြ နိဂုံးသာ။ (သစ်)

† ဟောတိ စေတ္ထာတိ ဧတ္ထ ဣစ္ဆမသို့ ပဒေသေ ယထာဝုတ္တတ္ထ သင်္ဂဟဝသေန အယံ ဂါထာ ဟောတိ။ သာရတ္ထ၊ ၁။ ၂၀၂။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**အပေက္ခမာန။** သိက္ခာပဒပညတ္တိံဟေတုံ အပေက္ခတီတိ အပေက္ခ မာနော။ ယောဘဂဝါ၊ သည်။ သိက္ခာပဒပညတ္တိ ဟေတုံ၊ ကို။ အပေက္ခတိ၊

http://www.dhammadownload.com



ငဲ့မျှော်ထောက်ထားတော်မူတတ်၏။ ဣတိ သောဘာဂဝါ အပေက္ခ မာနော၊ မည်တော်မူ၏။ ကတ္တုသာဓန။ အပ + ဣက္ခ + အ + မာန။

အပ—ဥပသာရပုဒ် အရကား ဓာတွတ္ထ ဝိသေသကဘော ဂုဏ် ရ၏။ ဣက္ခဓာတ် အရကား သိက္ခာပုဒ် ပညတ်ခြင်း၏ အကြောင်းကို ငဲ့မျှော် ထောက်ထားတော်မူသော မြတ်စွာဘုရား၏ မဟာ ကရုဏာ ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်မုချ။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ် စသည်တို့သည် ဖလူပစာ။ နောက်နောက် ဖြစ်သော သိက္ခာပုဒ် စသည်သည် ကာရဏူပစာ။ အ—ပစ္စည်း အရကား ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာ ဘောဂုဏ်။ မာနပစ္စည်း အရကား ထိုမုချ ဖလူကာရဏူပစာတို့ဖြင့် မှတ်အပ်သော ဘုရားဒြဗ်ရ၏။

---

## ● အာဘော်နှင့် သံဝဏ္ဏနာ

ခ—ဝါကျ၌ ဟေတုဘူတေနဖြင့် တေနသမယေန၌ နာဝိဘတ် သည် ကတ္တားအနက်ကို မဟော။ (ဗျတိရေက)။ ဟိတ်အနက်ကို ဟော သည်ဟု သိစေသည်။ (ဝိဘတျတ္ထ။)

ခ—ဝါကျ၌ ကရဏဘူတေန ဖြင့် တေနသမယေန—၌ နာ—ဝိဘတ် သည် ကတ္တတ္ထကို မဟော။ (ဗျတိရေက။) ကရိဏ်းအနက်ကို ဟောသည် ဟု သိစေသည်။ (ဝိဘတျတ္ထ)

---

## ● နည်းနှင့်ဥပစာ

**တေနသမယေန။** ဌာနနီသယဖြစ်သောကာလ၏ "သမယေန" အမည်ကို ဌာနီနိဿိတဖြစ်သော ဝိတိက္ကမ၌တင်စား၍ ဌာနီနိဿိတဖြစ် သော ဝိတိက္ကမကို "သမယေန"ဟုဆိုသောကြောင့် ဌာနူပစာ။ နာနန္တရိက နည်း။ ပါရာ၊ ဂံ၊ သစ်။ ၃၃၉—လည်းကြည့်။

† ဝီတိက္ကမံ ပန အပေက္ခမာနော တေနေဝ သဒ္ဒိံ တန္နိဿယ

ကာလမ္ပိ အပေက္ခိတွာ ဝိဟရတီတိ ကာလဿာပိ ဟေတု

ဘာဝေါ ဝုတ္တော။ သာရတ္ထ။ ၁။ ၂၀၁။

http://www.dhammadownload.com



**မှတ်ချက်။** နိပ္ပရိယာယတော ပန ဝိတက္ကမောယေ၀ ဟေတု ဘူတော ကာရဏဘူတောစ သာရတ္ထကိုထောက်၍ ဝိတက္ကမ မှ သမယကို ဥပစာမတင်ရ။ ဥပမာ မဇ္ဈာ ယောသန္တိ၌ ယောသန္တိကြိယာကိုထောက်၍ လူတို့သာကြွေးကြော်ကြသည်၊ ကြွေးကြော်ခြင်း ကြိယာအတွက် လူသာ မုချရသည်၊ ထို့ကြောင့် နိပ္ပရိယာယတော ပန မနုဿာယေ၀ ယော သန္တိဟု ဖွင့်ရမည်။ ထိုအဖွင့်ကိုထောက်၍ "လူ" မှ "ညောင်စောင်း" ကို ဥပစာတင်ရမည်လော၊ တင်လို့မဖြစ်၊ သဒ္ဒါစစ်၌လည်း ယင်းသို့မတင်ခဲ့။ "ညောင်စောင်း" မှ လူကိုသာဥပစာတင်သည်" ဤနည်းကို ထောက်၍ ဤ"သမယေန"၌လည်း ဌာနနိဿယဖြစ်သော သမယမှ ဌာနီ နိဿိတဖြစ်သော ဝိတက္ကမကိုသာ ဥပစာတင်ခြင်းသာ အမှန် ဖြစ်တော့သည်။

---

(က) ပေါရာဏာ ပန ဝဏ္ဏယန္တိ (လ) အဘိလာပမတ္တဘေဒေါ ဧသော။

(ခ) သဗ္ဗတ္ထဘုမ္မမေ၀ အတ္ထော။

(ဂ) တသ္မာ တေသံ လဒ္ဒိယာ(လ)အတ္ထော ဝေဒိတဗ္ဗော။

(ဃ) ဗုဒ္ဓေါ ဘဂဝါတိ (လ) အတ္ထံ ဝဏ္ဏယိဿာမ။ ၄။ ၈၁။

## ● အနက်ယောဇနာ

**ခ-ဝါကျအတ္ထော၏သမ္ဗန်။** တေနသမယေနာတိ၀စနဿ၊ ၏။ (အတ္ထော၏သမ္ဗန်)။ "တသ္မိံသမယေ" တိ၊ ဟူ၍ (အာကာရ)။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ အပ်၏။

---

## ● ဝါကျခွဲ နှင့်ကျမ်းတက်

ခ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ က-ဝါကျကား အာရဒ္ဓ ဝါကျ။

### ခ-ဝါကျထပနာတိကတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဇော်သမယံ ဟူ၍လည်းကောင်း၊ ယသ္မိံ သမယေဟူ၍လည်းကောင်း၊ တေနသမယေနဟူ၍လည်းကောင်း၊ ဤအထူးသည် သဒ္ဒါမျှ (ဝိဘတ်မျှ)သာထူး၏။ (အနက်ကားမထူး)ဟုဆို၏။

http://www.dhammadownload.com



သဒ္ဒါမျှဖြင့်သာ ထူး၍ အနက်အားဖြင့် မထူးသော် ယင်းဧကဲ သမယံ ယသ္မိံ သမယေ တေနသမယေနပုဒ်တို့၌ အဘယ်အနက်ကို မှတ်သားရမည်နည်း။ ယင်းတို့၌ အနက်ကိုမဆိုပြီလော–ကြောင့် ခ–ဝါကျမိန့်။ (အဓိပ္ပာယ် ခ–ဝါကျ ဘာသာပြန်လေ။)

ဂ–ဝါကျကား လဒ္ဓဂုဏ ဝါကျ။ ခ–ဝါကျကား လဒ္ဓဂုဏဒိယ ဝါကျ။

ဃ–ဝါကျကား ဂန္ထဂရုဒေါသကို ပယ်လို၍ တက်လာသော ကြောင့် **အတိဒေသ** ဝါကျ၊ ယင်းဝါကျမျိုးသည် "အစဉ်ရောက်လာသော ဗုဒ္ဓေါဘဂဝါပုဒ်တို့၏ အဖွင့်ကို ဤ၌ဖွင့်ပြမည်လော၊ မဖွင့်ပြတော့ပြီလော"ဟု စောဒနာကို ပယ်ချလို၍ တက်လာသောကြောင့် **ဝါကျာရမ္ဘ** ဝါကျပင်တည်း။

**မှတ်ချက်။** "ကျမ်းလေးပယ်ချ၊ နည်းညွှန်ပြ၊ အတိဒေသသာ" ဟူရာကား ယင်းအတိဒေသ ဝါကျဖြင့် ဂန္ထဂရုဒေါသကို ပယ်သည်ဟု မှတ်ပါ။ နှာ။ ၁၅၅–၌ ရေးခဲ့ပြီ။

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ပေါရာဏာ။** ပုရာ ဘဝါ ပေါရာဏာ။ ပုရာ၊ ရှေး၌။ ဘဝါဖြစ်ကုန်သည်တည်း။ ပုရာပုဒ်+ဏာပစ္စည်း။ ဘဝတဒ္ဓိတ်။

ပုရာဟူသောတဒ္ဓိတ်ပုဒ်အရကား ရှေးကာလသည်မှချ။ ယင်းရှေးကာလ၏ အဋ္ဌကထာဆရာတို့ဒြဗ်နှင့် ကာလ ကာလဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓာနုပစာ။ ဏာ ပစ္စည်းအရကား ထိုမုချဥ္ပာနုပစာတို့ဖြင့် မှတ်အပ်သော ရှေး၌ဖြစ်ကုန်သော အဋ္ဌကထာဆရာတို့ဒြဗ်ရ၏။

† ပေါရာဏာတိ အဋ္ဌကထာစရိယာ သာရတ္ထ၊ ၁။ ၂၀၂။

† ပုရာတော ဏော။ ပုရာ ဘဝါ ပေါရာဏာ။ ပုရာဏာဝါ။ နိရုတ္တိဒီပနီ။

### ဝိဂ္ဂဟမှတ်ဖွယ်များ

**အဘိလာပ။** အဘိလပ္ပတိ ဥစ္စာရိယတီတိ အဘိလာပေါ။ သီ၊ ဋီ၊ သစ်၊ ၁။ ၁၀၆။ အဘိလပ္ပတေ သက်ပ္ပတေ အနေနာတိ အဘိလာပေါ။ ထောမ။

http://www.dhammadownload.com



**လဒ္ဓိ။** လဘ လာဘေ။ လဘာနံ ဇာနန်(သိခြင်း)လဒ္ဓိ "လဘိ တဗ္ဗာ ဂဟေတဗ္ဗာ" တိ အဋ္ဌသာလိနီယောဇနာ။ သူစိ။ (လဘ + တ။)

အဘိလာပမတ္တဘေဒေါ။ အဘိလာပမတ္တေန ဘေဒေါ-ဟု တတိယာတပ္ပုရိသ်တွဲ။

† အဘိလာပ မတ္တဘေဒေါတိ ဝစနမတ္တေန ဝိသေသော။ သာရတ္ထ၊ ၁။ ၂၀၂။

---

## ● အာဘော်နှင့်သံဝဏ္ဏနာ

က-ဝါကျ၌ အဘိလာပမတ္တဘေဒေါဖြင့် ကေသမယံဟူသော သုတ်တော်နသမယေန ဟူသောဝိနည်းတို့၌ အစဉ်အတိုင်း "ကေသ္မိံ သမယေ" တသ္မိံ သမယေ"ဆိုလိုလျက် ဝိဘတ္တိဝိပလ္လာသ အားဖြင့် "ကေသမယံ" "တေနသမယေန" ပြီးသတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

† တေန (အဘိလာပမတ္တဘေဒေါ-ဖြင့်) သုတ္တဝိနယေသု ဝိဘတ္တိ ဝိပရိဏာမော ကတောတိ ဒဿေတိ။ သာရတ္ထ၊ ၁။ ၂၀၂။

ခ-ဝါကျဖြင့် ကေ်သမယံ ယသ္မိံသမယေ တေနသမယေန တို့၌ သတ္တမီဝိဘတ်သည် ဘုမ္မတ္ထကိုဟောသည်။ (အဓိယာဘောဂ)။ သမိပတ္ထကိုမဟော(ဇှတိရေကာဘောဂ)ဟု သိစေသည်။ (ဝိဘတျတ္ထ။)

---

## ● နည်း

**ကေ်သမယံ။** ပဌမာဝိဘတ် အစရှိသည်ကို ဒုတိယာဝိဘတ် အစရှိသောအားဖြင့် ပြန်သော နည်းသည် ဝိဘတ္တိ ဝိပလ္လာသနည်း မည်၏။ ကား=ကေ်သမယံတည်း။ ဤ၌ ကေ်သမယံ ဟူသော နည်းသည် ကေသ္မိံ သမယေဟု ဆိုအပ်သော သတ္တမီဝိဘတ်ကို ဒုတိယာဝိဘတ်အားဖြင့် ပြန်သောကြောင့် ဝိဘတ္တိဝိပလ္လာသနည်း မည်၏။

**မှတ်ချက်။** "တေန သမယေန" ၌ = တေနသမယေန ဟူသော နည်းသည် တသ္မိံ သမယေဟုဆိုအပ်သော သတ္တမီဝိဘတ်ကို တတိယာဝိဘတ်အားဖြင့် ပြန်သောကြောင့်-ဟု ပြင်၍ တင်လေ။

http://www.dhammadownload.com



(က) ဝေရဉ္ဇာတိ အညတရဿ နဂရဿေတံ အဓိဝစနံ။

(ခ) တဿံ ဝေရဉ္ဇယံ။

(ဂ) သမီပတ္ထေ ဘုမ္မဝစနံ။ ဋီ။ ၈၁။

## ● ဂ-ဝါကျနည်းကျကျ အနက်ယောဇနာ

တေ၊ ဤ "ဝေရဉ္ဇာယံ" ၌၊ သတ္တမီဝိဘတ်သည်။ သမီပတ္ထေ၊ သမီပအနက်၌။ ဘုမ္မဝစနံ၊ သတ္တမီဝိဘတ်တည်း။ (ဤ၌ က+ဝါကျမှ လိုက်လာသော "တေ" ကို ဝိဘတ်စွဲသဖြင့် "ဘုမ္မဝစနံ" ကို "ဝိဘတ်တည်း"ဟု ဝိဘတ်ကို မှတ်၍ အနက်ပေးရသည်။)

**တစ်နည်း။** တေ၊ ဤ "ဝေရဉ္ဇာယံ" ဟူသော ပုဒ်သည်။ သမီပတ္ထေ၊ ၌။ ဘုမ္မဝစနံ၊ သတ္တမီဝိဘတ်ရှိသောပုဒ်တည်း။ (ဤ၌ တေကို ပုဒ်စွဲသဖြင့် "ဘုမ္မဝစနံ"ကို အဿတ္ထိ အနက်ထွက်အောင် အနက်ပေးရသည်။ အလားတူ ဝါကျတို့၌ ဤအတိုင်း ၂-နက်ပေးရမည်။)

* တေ မလွဲ၊ ဝိဘတ်စွဲလျှင်၊ ထင်အောင်ဝိဘတ်၊ မှတ်၍ပေးမြဲ။
* ပုဒ်စွဲရှိက၊ အဿတ္ထိအနက်၊ ထွက်အောင်သမ္ဗန်မြဲ။ (ဘုရားကြီး)

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

က-ဝါကျ လျှင်းပါး၍ ထပ်ပနာတိက တက်ပုံ-ဆရာ၊ ဥပါလိမထေရ်သည် "ဝေရဉ္ဇာယံ" ဟု ဆိုတော်မူ၏။ ဤဝေရဉ္ဇာ သဒ္ဒါသည် ဝိဂ္ဂြိုဟ်ဝစနတ္ထဖြင့် ပြီးသော အန္ဝတ္ထ အမည်သညာမျိုး ဖြစ်ပါသလော၊ ယင်းသည် အဘယ်အမည်သညာမျိုး ဖြစ်ပါသနည်း-ကြောင့် အညတရဿ စသော က=သံ ဝဏ္ဏနာကိုမိန့်။ ကား-က-သံဝဏ္ဏနာဖြင့် ဤဝေရဉ္ဇာ အမည်သည် ဝိဂ္ဂြိုဟ်ဝစနတ္ထဖြင့် ပြီးသော အန္ဝတ္ထ အမည်သညာမျိုး မဟုတ်၊ မြို့တစ်မြို့၏ အမည် (ရုဠှီသညာ)သာ ဖြစ်သည်ဟု ငါပြဆို၏ဟူလိုသော်ဝ်။

† ကိံ ဣမိနာ (ဝိဂဟော ရဇော အဿာတိ ဝေရဉ္ဇာ စသော ဝိဂ္ဂဟများ ဘာအကျိုး ရှိမည်နည်း) နာမ မတ္တံ မေတံ တဿ နဂရဿာတိ ဒဿေန္တော အာဟ ဝေရဉ္ဇာတိ (လ) အဓိဝစနန္တိ။ သာရတ္ထ၊ ၁။ ၂၀၂။

http://www.dhammadownload.com



ခ = ဝါကျကား ဝါကျာရမ္ဘဝါကျ။ က – ဝါကျကား အာရဒ္ဓဝါကျ။

## ဝါကျမှတ်ဖွယ်

သံဝဏ္ဏေတဗ္ဗ (ပါဠိတော်)၌ ဘယ် ဝိဘတ်နှင့်ရှိရှိ အဋ္ဌကထာ (ဋီကာစသည်)၌ ပဌမာဝိဘတ် ပဌမန္တဖြင့် ဖွင့်ပြသော ဝါကျမျိုးကို **ပဒါဝဓိကန္တ** ဝါကျ ဟုခေါ်သည်။ ပါဠိတော်၌ "ဝေရဉ္စာယံ"၊ဟု သတ္တမီဝိဘတ် (သတ္တမျန္တ)နှင့် ရှိသည်ကို အဋ္ဌကထာ၌ "ဝေရဉ္စာတိ"ဟု ပဌမာဝိဘတ် (ပဌမန္တ) ဖြင့် ဖွင့်ပြခြင်းမျိုးတည်း။ ဤအဖွင့်မျိုးသည် အကောင်သားစွယ်ကို ဖြတ်လိုက်သလို ဝေရဉ္စာယံကို ဝေရဉ္စာဟု ရှိရင်းပါဌ်ကို ဖြတ်၍ ဖျက်၍ ဖွင့်သောကြောင့် **"ဒန္တ ဆေဒနနည်း"** အဖွင့်မျိုးတည်း။ ယင်း ဒန္တဆေဒနနည်းဖြင့် ဖွင့်ပြီးနောက် သံဝဏ္ဏေတဗ္ဗ (ပါဠိတော်) ၌ ရှိရင်းပါဌ်ကို ဆက်လက်ဖွင့်ပြလိုသည်။ ဖွင့်မပြလျှင် "ပါဠိတော်၌ ဆရာဖွင့် သည်အတိုင်း ပဌမန္တနှင့်ပင် ရှိပါသလော"ဟု စောကြောစရာ ရှိသည်။ ထိုကြောင့် "တဿံ ဝေရဉ္စာယံ"ဟု ခ-သံဝဏ္ဏနာကို ရေးသားရသည်။ သံဝဏ္ဏေတဗ္ဗ (ပါဠိတော်) ဝါကျမှာရှိသည့် ဝိဘတျန္တ အတိုင်း တစ်ဖန် ဖွင့်ပြသဖြင့် ယင်း ခ-ဝါကျကို **ဝါကျာဝဓိကန္တ** ဝါကျဟု ခေါ်သည်။ ဤအဖွင့်မျိုးကား ဖြတ်ပြီးသား ဆင်စွယ်ကို သုတ်သင် ပြင်ဆင်လိုက်သလို "ဝေရဉ္စာယံ"ဟု ရှိရင်းပါဌ်အတိုင်း ပြင်၍ ဖွင့်သောကြောင့် **"ဒန္တသောဓနနည်း"** အဖွင့်မျိုးတည်း။

ဒန္တသောဓနနည်းဖြင့် ဖွင့်သော ဤဝါကျာဝဓိကန္တ ဝါကျမျိုးကို **ဝါကျာရမ္ဘဝါကျဟု** ကိန်းသေမှတ်ထားပါ။ ထို ခ-ဝါကျကို ထောက်၍ က-ဝါကျကား အာရဒ္ဓဝါကျသာတည်း။ ကိန်းသေကျမ်းတက်နည်းကိုလည်း ကျက်မှတ်ထားပါလေ။ သီ+ဖြေ။ ၁၁၄-၅-၌လည်း ရေးခဲ့ပြီ။

* ဒန္တဆေဒန၊ ပြသည့်နောက်မှာ၊ တက်လာဒန္တ၊ သောဓနမျိုး၊
တွေ့ရိုးကေန်၊ ယင်းဝါကျ၊ မှတ်ရန် ဝါကျာရမ္ဘတည်း။ (သစ်။)

http://www.dhammadownload.com



## ဝါကျာဝဝိကန္တ ဝါကျကိန်းသေကျမ်းတက်နည်း

**အနုသန္ဓေတက်။** ဤသို့ က=ဝါကျဖြင့် ဝေရဉ္ဇာ ဟူသော အမည်သည် မြို့တစ်မြို့၏ အမည် (ရုဠ္ဌိသညာ) သာ တည်းဟု ပဒါဝဝိကန္တ ပဌမန္တ အားဖြင့် ဖွင့်ပြတော်မူပြီး၍ ဤယခုအခါ၌ ဝါကျာဝဝိကန္တ အားဖြင့် ဖွင့်ပြတော်မူလိုရကား ခ-ဝါကျမိန့်။

**စောဒနာတက်။** ဆရာ၊ ဆရာသည် က=ဝါကျဖြင့် ဝေရဉ္ဇာ ဟူသော (လ) ပဌမန္တ အားဖြင့် ဖွင့်ပြတော်မူ၏။ (ပုဗ္ဗာနုသန္ဓေကို ထပနာ ထား။) ဆရာဖွင့်ဆိုသကဲ့သို့ သံဝဏ္ဏေတဗ္ဗ ပါဠိတော်၌ ပဌမန္တ အားဖြင့် ဟောတော်မူပါသလော။ ပါဠိတော်၌ အဘယ်ဝိဘတျန္တ အားဖြင့် ဟောတော်မူပါသနည်း။ (ဤအထိ တိကပုစ္ဆာတက်။) အကယ်၍ ပါဠိတော်၌ ပဌမန္တ အားဖြင့် မဟောဘဲ ပဌမန္တဖြင့် ဖွင့်ဆိုချေသော် ဆရာ အား သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာ ဆန့်သော ဝိရောဓိဒေါသ ရောက်ရာ၏ (ဒေါသာရောပန)။ ကြောင့် ခ-ဝါကျမိန့်။ ကား-ခ-ဝါကျဖြင့် ဝေရဉ္ဇာ ဟု ပဌမန္တ အားဖြင့် ငါဖွင့်ဆိုသော်လည်း သံဝဏ္ဏေတဗ္ဗ ပါဠိတော်၌ "ဝေရဉ္ဇာယံ"ဟု သတ္တမျန္တ အားဖြင့် ဟောတော်မူပါသတည်းဟု ငါပြဆို သည် ဖြစ်ရကား သင်ဆိုခဲ့တိုင်းသော သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာ ဆန့်သော ဝိရောဓိဒေါသ ငါ့အားမရောက်၊ ဆိုသင့် ဆိုတန်၏ဟူလိုသောဝ်။

ဂ - ဝါကျကား ဝါကျရမ္ဘ ဝါကျ။ ခ-ဝါကျကား အာရဒ္ဓ ဝါကျ။

## ထပနာတိကကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ပါဠိတော်၌ "ဝေရဉ္ဇာယံ" ဟု တတ္တမျန္တ အားဖြင့် ဟောတော်မူသော ဟုဆိုတော်မူ၏။ ဝေရဉ္ဇာယံဝယ် သတ္တမီဝိဘတ်သည် အဘယ်အနက်၌သက်ပါသနည်း။ ဩပါသိလေသိကာ ဓာရတ္ထ, ဝေသယိကာဓာရတ္ထ, ဗျာပိကာဓာရတ္ထ၌ သက်ပါသလော- ကြောင့် ဂ-ဝါကျမိန့်။ ကား၊ ယင်း၌ သတ္တမီဝိဘတ်သည် သမီပတ္ထ (သာမိပိကာဓာရတ္ထ)၌ သက်သည်ဟု ငါပြဆို၏ ဟူလို။

http://www.dhammadownload.com



## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ဘုမ္မဝစနံ။** ။ဘုမ္မေ ဝိဟိတံ ဝစနံ ဘုမ္မဝစနံ။ ဘုမ္မေ၊ ကတ္တားကံတို့၏ တည်ရာ ဩကာသ (သတ္တမီ) အနက်၌။ ဝိဟိတံ၊ စီရင်အပ်သော။ ဝစနံ၊ ဝိဘတ်တည်း။ ဘုမ္မပုဒ် ဝစနပုဒ်။

ဘုမ္မအရကား ကတ္တားကံတို့၏ တည်ရာ ဩကာသ (သတ္တမီ) အနက်သည် မုချ။ ယင်း၏ စီရင်အပ် ( သက်အပ် ) သော ဝိဘတ်နှင့် ဝိသယ ဝိသယီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် ဌာနူပစာ။ ဘုမ္မဝစန-အရကား ထိုဖြင့် မှတ်အပ်သော ကတ္တားကံတို့၏ တည်ရာ ဩကာသ အနက်၌ စီရင်အပ် (သက်အပ်)သော ဝိဘတ်၊ ဝါ-သတ္တမီ ဝိဘတ်ရ၏။

**တစ်နည်း။** ဘုမ္မဝစနံ အဿ အတ္ထီတိ ဘုမ္မဝစနံ။ အဿ၊ ထို ဝေရဥ္စာပုဒ်အား။ ဘုမ္မဝစနံ၊ သတ္တမီဝိဘတ်သည်။ အတ္ထိ၊ ၏။ ဣတိ-ကြောင့်။ ဘုမ္မဝစနံ၊ မည်၏။ ဘုမ္မဝစနပုဒ်၊ ဏာပစ္စည်း။

ဘုမ္မဝစန-အရကား သတ္တမီဝိဘတ်ရ၏။ ယင်း၏ ဝေရဥ္စာ ပုဒ်နှင့် ဝိသယ ဝိသယီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် ဌာနူ။ ဏာပစ္စည်း အရကား သတ္တမီဝိဘတ် ရှိသော ဝေရဥ္စာယံ ပုဒ်ရ၏။

**မှတ်ချက်။** ။ပထမဝိဂ္ဂဟမှာ "ဝေါမလွဲ၊ ဝိဘတ်စွဲ နိယံ၊ ဒုတိယံမှာ "ပုဒ်စွဲရှိက၊" နိယံတို့နှင့် အညီ ကောက်သည်။ နံပါတ်(၁) အံဖြေနှင့် ယှဉ်ကြည့်။

## ဝိဂ္ဂဟနှင့်မှတ်ဖွယ်များ

နဂရံ။ နဂစ္ဆန္တီတိ နဂါ (ပြာသာဒ်စသော အဆောက်အဦရ။ န+ဂမု+က္ဂ။ နကို "အ" မပြုရ နဂါ အဿ အတ္ထီတိ နဂရံ။ (နဂပုဒ်၊ ရပစ္စည်း။) တစ်နည်း။ နံ သမ္ဗုဏ္ဏ ဃရံ တ္တောတိ နဂရံ (န+ဃရ။ ဃ-ကို ဂ-ပြု။) (သူစိ)

---

## ● အာဘောဂနှင့်သ်ဝတ္ထုနာ

က-ဝါကျ၌ အညတရ(လ)ဝစနံဖြင့် ဝေရဥ္စာသဒ္ဒါကား အနွတ္ထနာမ်မဟုတ်၊ ရုဠှီနာမ်တည်းဟုသိစေသည်။ (ဘာဝတ္ထ။ အချို့က နာမလိင်္ဂတ္ထဟုဆိုသေးသည်။)

F-26 A

http://www.dhammadownload.com



ခ-ဝါကျဖြင့် က-ဝါကျ၌ ဝေရဉ္ဇာဟု ပထမန္တဖြင့် ဖွင့်ခဲ့သော်လည်း ပါဠိတော်၌ သတ္တမျန္တ ရှိသတည်းဟုသိစေသည်။ (ဘာဝတ္ထ။ အချို့က ဝိဘတ္တိပဒဟု ဆိုသေးသည်။)

ဂ-ဝါကျဖြင့် ဝေရဉ္ဇာယံကား ဒုတိယာဝိဘတျန္တပုဒ်မဟုတ်၊ သတ္တမီဝိဘတျန္တပုဒ်၏ အဖြစ်ကိုလည်းကောင်း¹၊ ယင်း...ည် ဝေသယိကာဓာရတ္ထ စသည်၌ မသက်၊ သမီပတ္ထ၌သက်သည်၏အဖြစ်ကိုလည်းကောင်း² သိစေသည်။

(၁) ဝိဘတ္တိပဒ။ (၂) ဝိဘတျတ္ထ။

## ● ပါဠိဝိနိစ္ဆယ

**သမီပ။ သမီပ။** သမီပဟုမိ၌ ဒီဃနှင့် ရှိသော ပါဠ်သာ သင့်သည်။ အကြောင်းကား-သဂ်တာ အာပေါ ယသ္မိံ့ ့်၊ သမီပံ၊ အာသီ-ဟု ဓာန်၊ ဋီ၊ ၇၀၅-လာရကား သံ+အာပ။ အာ-ကို ဤပြု၊ နိဂ္ဂဟိတ် မ-ပြု၊ ဤသို့ ကပ်၍ "သမီပ"ဟု ရုပ်ပြီးသောကြောင့် ဒီဃနှင့်ရှိသော "သမီပ" ပါဠ် သာသင့်သည်။

**မှတ်ချက်။** ယသ္မိံ၊ အကြင်အနီးဖြစ်သော ဝတ္ထု၌။ သဂ်တာ၊ ပေါင်းဆုံကုန်သော။ အာပေါ၊ ရေတို့သည်။ သန္တိ၊ ကုန်၏ဟု ဝိဂြိုဟ်ကိုအနက်ပေး။ အာပေါ၌ယော့ကိုလောကီသဒ္ဒါသို့လိုက်၍ ဩပြုထားသည်။ ထောမ၌လည်း ဓာန်၊ ဋီ၊ နှင့်အတူ ဝိဂ္ဂဟပြုသည်။

## ● နည်းနှင့်ဥပစာ

**ဝေရဉ္ဇာယံ။** အနီးရှိသော ဝေရဉ္ဇာမြို့၏ ဝေရဉ္ဇာယံ ဟူသော အမည်ကို အနီးဖြစ်သော နဠေရုပုစိမန္ဒ မူလ၌ တင်စား၍ အနီးဖြစ်သော နဠေရုပုစိမန္ဒမူလ...ို ဝေရဉ္ဇာယံဟု ဆိုသောကြောင့် သမီပူပစာ သဒ္ဒါမည်၏။ (သမီပတ္ထေဘုမ္မဝစနံဟူသောအဖွင့်ကို ရှု၍ တင်သည်။)

*သမီပတ္ထေ၊ ဖွင့်တုံချေ၊ မှတ်လေ သမီပူပစာတည်း။ (သစ်)

**တစ်နည်း။** ဌာနီဖြစ်သော ရသေ့၏ ဝေရဉ္ဇာဟူသော အမည်ကို ဌာန ဖြစ်သောမြို့ဒြဗ်၌ တင်စား၍ ဌာနဖြစ်သောမြို့ကို ဝေရဉ္...ဟုဆိုသော ...ကြောင့် ဌာနျူပစာသဒ္ဒါမည်၏။ (အဝိနာဘာဝနည်း။)

http://www.dhammadownload.com



မှတ်ချက်။ ဋ–၌ 'အဝိဝစနံဖြင့်ဆိုသည်ကိုလည်းကောင်း၊ ဝေရဉ္စသ နာမ ဉာသိနော အသမဌာနေ ကတတ္တာ ဝေရဉ္စာ။ သာရတ္ထ၊ ၁။ ၂၀၂–ကို လည်းကောင်း ထောက်ထား၍ ဌာန်ျပစာကြိသည်။ က–ဝါကျ၌ "ဝေ့ရဉ္စာ" ကား–ဒဏ္ဍ ဆ္ထေဒနနည်း။ တဿ ဝေရဉ္စယံ၌ "ဝေရဉ္စာယံ"ကား ဒဏ္ဍသောဝနေ နည်းတည်း။ ဆိုရိုးကျတင်ထားပါလေ။

---

(က) ဝိဟရတီတိ အဝိသေသေန (လ) ပရိဒီပနမေတံ။
(ခ) ဣဓ ပန ဌာနဂမန (လ) သမာယောဂပရိဒီပနံ။
(ဂ) တေန ဋ္ဌိတော ပိ ဂစ္ဆန္တော ပိ(လ) ဝေဒိတဗ္ဗော။
(ဃ) သော ဟိ ဧကံ ဣရိယာပထဗာဓနံ (လ) ဝုစ္စတိ။ ဋ။ ၈၁။

## ● အနက်ယောဇနာ

အဝိသေသေန၊ အထူးမှ ကင်းသောအားဖြင့်။ (အ–သဒ္ဒါဝိနှာ အနက်) တစ်နည်း။ မထူးသောအားဖြင့်။ ဝါသာမညအားဖြင့်။ (အ–သဒ္ဒါ ပတိသေဓအနက်။)

✝ အဝိသေသေနာတိ.....ဝိသေသ ပရာမသနေန ဝိနာ။ အထဝါ အဝိသေသေနာတိ န ဝိသေသေန၊ ဝိဟာရဘာဝ သမညေနာ တိ အတ္ထော။ သာရတ္ထ၊ ၁။ ၂၀၃။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝိသေသဝါကျ။ က–ဝါကျကား သာမညဝါကျ။

(က–ဝါကျ အတ္ထုဒ္ဒါရ, ခ–ဝါကျ အတ္ထုဒ္ဒေသ, ဂ–ဝါကျ လဒ္ဓဂုဏ် ၃–ဝါကျစဉ်နေသည်ကို သတိပြု။ သမယအဖွင့်နည်းမှီ၍ အမျိုးမျိုး ခွဲလေ။)

### ခ–ဝါကျအနုသန္ဓေတက်

ဤသို့ က–ဝါကျဖြင့် ဝိဟရတိသဒ္ဒါသည် (က–ဝါကျ ဘာသာ ပြန်) ဟုပြဆိုတော်မူပြီး၍ ယခုအခါ၌ ဣရိယာပထဝိဟာရဖြင့်သာ၊ အခါ ခပ်သိမ်းနေရသောကြောင့် ဒိဗ္ဗဝိဟာရစသည် တို့နှင့်လည်း ဆက်ဆံသော ဣရိယာပထဝိဟာရကို ဤ၌ အလိုရှိအပ်သတည်း ဟုပြခြင်းငှာ ခ–ဝါကျ မိန့်။ သာရတ္ထ၊ ၁။ ၂၀၄။

http://www.dhammadownload.com



ဂ-ဝါကျကား လဒ္ဓဂုဏဝါကျ။ ခ-ဝါကျကား လဒ္ဓဂုဏီယဝါကျ။

**မှတ်ချက်။** ဂ-ဝါကျ၌ တေနကို ဝေဒိတဗ္ဗော၌စပ်။ တသ္မာ အဌ္ဌော ဝေဒိတဗ္ဗော၊ တေန ဒဿေတိ။ တေန ဒဿေတိ တို့ကဲ့သို့ လဒ္ဓဂုဏ်ပြဟုမှတ်။

† တေနဒဿေတိ၊ ပါဌ်တွေ့ကြုံ၊ လဒ္ဓဂုဏ်ပြ မှတ်ကုန်ကြလော့။ (သစ်)

## အဌ္ဌောလီနစောဒနာတက်

ဆရာ၊ ဥပါလိမထေရ်သည် ဝိဟရတိဟု ဆိုတော်မူ၏။ ဝိဟရတိ၌ ဝိသဒ္ဒါ ဖြစ်ခြင်းအနက်(ဝိစ္ဆိန္ဒနတ္ထ)၊ ဟရသဒ္ဒါဖြစ်စေခြင်းအနက် (ပဝတ္တနတ္ထ) ဟောရာဝယ် ဘာကိုဘာဖြင့်ဖြတ်ခြင်းနည်း၊ (ကဿ ကေန ဝိစ္ဆိန္ဒနံ) ဘယ်သို့ဘယ်ပုံဘာကိုဖြစ်စေခြင်းနည်း (ကထံ ကဿ ပဝတ္တနံ)ဟု အဌ္ဌောလီနစောဒနာအားဖြင့် သူစောဒနာဖွယ်ရှိသောကြောင့် ယင်းစောဒနာကို ပယ်ဖြေတော်မူလိုသောဆရာသည် ဃ-ဝါကျမိန့်။

ကား.....ဃ-ဝါကျဖြင့် မြတ်စွာဘုရားသည် တစ်ခုသော ဣရိယာပုထ်ဖြင့် ကျင်နာသည်ကိုတစ်ခုသော ဣရိယာပုထ်ဖြင့်ဖြတ်၍ အတ္တဘော (ခန္ဓာကိုယ်)ကို မကျအောင် ဖြစ်စေခြင်းတည်းဟု ဝိသဒ္ဒါ၏ ဝိစ္ဆိန္ဒနတ္ထ၊ ဟရသဒ္ဒါ၏ ပဝတ္တနတ္ထကို ငါပြဆို၏ ဟူလိုသောဝ်။

**မှတ်ချက်။** အဌ္ဌောလီနစောဒနာ = အဌ္ဌော = အတွင်း၌ + လီန = ငုပ်သော + စောဒနာ = စောဒနာခြင်း။ ယင်းကို လီနတ္ထရစောဒနာဟုလည်းခေါ်သည်။ ဝိဟရတိ၌ ဝိသဒ္ဒါ ဝိစ္ဆိန္ဒနတ္ထ = ဖြတ်ခြင်း အနက်၊ ဟရဓာတ်က ဟရဏတ္ထဆောင်ခြင်းအနက်ကိုဟောရာ ဘာကို ဘာဖြင့် ဖြတ်ခြင်းနည်းသည်ကျမ်းတက်ခဲ့ သည်အတိုင်း စောဒနာအတွင်း ငုပ်နေသဖြင့် ယင်းကို ပယ်ဖြေလို၍ ဃ-ဝါကျကို တက်လာသည်။ ထို့ကြောင့် ဃ-ဝါကျကို **ဝါကျာရမ္ဘ** ဝါကျဟုမှတ်၊ ထိုဃ-ဝါကျကို ထောက်၍ ဂ-ဝါကျကား အာရဒ္ဓဝါကျတည်း။ ယင်း ဃ-ဝါကျ၌ တသ္မာ-ကိုထောက်၍ သောဟိ၌ "ဟိ" ကား တသ္မာ တင်းလင်းရှိရာ။ ရှေ့ "ဟိ" သဒ္ဒါကား၊ ကာရဏသာ မျှားသတည်း" နှင့်အညီ ဃ-ဝါကျကို ကာရဏ ဝါကျဟုလည်း ခွဲလေဦး။

http://www.dhammadownload.com



† တတ္ထ ကာသု ကေန ဝိစ္ဆိန္ဒနံ၊ ကထံ ကာသု ပဝတ္တနန္တိ အန္တော လီန စောဒနံ သန္ဓာယာဟ " သောဟိ " တိ အာဒိ။ သာရတ္ထ၊ ၁။ ၂၀၄။

* မေးမထင်ရှား၊ ဖြေထင်ရှားရာ၊ စော်ဒနာငုပ်၊ ဖော်ထုတ် မသွေ၊ အဖြေရှောင်လွှဲ၊ ကျမ်းတက်မြဲ၊ ခက်ခဲလီနတ္တရာ။ (သစ်)

* မေးမထင်ရှား၊ ဖြေထင်ရှား၊ မှတ်သားလီနတ္တရာ။ (ဟောင်း)

## ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ဣရိယာပထ။** ဣရိယနံ ပဝတ္တနံ ဣရိယာ၊ (အစိတ်ဝိဂ္ဂဟ။ အရဓာတ်+ဏျပစ္စည်း။ အရကို ဣရ-ပြု။ ကာယပ္ပယောဂ ကာယိကကြိယာ ရ၏။)

ဣရိယာယ ပထော ဣရိယာပထော။ (အပေါင်းဝိဂ္ဂဟ။) ဣရိ ယာယ၊ ကိုယ်၌ဖြစ်သော အမူအရာ (ကိုယ်အမူအရာ) ၏။ ပထော၊ ဖြစ် ကြောင်းတည်း။ ဣရိယာပုဒ်+ပထပုဒ်။ ဆဋ္ဌီတပ္ပုရိသ်။

ဣရိယာ–အရ ကိုယ်အမူအရာသည် မုချ။ ယင်း၏ ထိုင်ခြင်း ရပ်ခြင်း, လျောင်းခြင်း, သွားခြင်းနှင့် အကျိုးအကြောင်း အဘေဒဘေဒ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် ဌာန။ ဣရိယာပထ–အရကား ထိုဖြင့်မှတ်အပ် သော ကိုယ်အမူအရာ၏ ဖြစ်ကြောင်းဖြစ်သော ထိုင်ခြင်း, ရပ်ခြင်း, လျောင်းခြင်း, သွားခြင်း ဟူသော ဣရိယာပုထ်လေးပါးရ၏။

**မှတ်ချက်။** ဣရိယာနှင့် ပထအရ မပြားဘဲ ပြားသကဲ့သို့ ဆိုသော ကြောင့် အဘေဒဘေဒူပစာ ရသည်ဟုမှတ်၊ ဂ–နံပါတ်အတွက် ဥပစာ တည်း။ ဣရိယာပထ ဝိဟာရအရ ထိုင်ခြင်း, ရပ်ခြင်း စသော အခြင်း အရာအားဖြင့် ဖြစ်သော စတုသန္တတိရုပ် အစဉ်ရ၏။ သာရတ္ထ၊ ၁။ ၂၀၃။

## ဝိဂ္ဂဟမှတ်ဖွယ်

**ဒိဗ္ဗဝိဟာရ။** ဒိဝိ ဘဝေါ ဒိဗ္ဗော။ (ဒိဝ+ဏျ) ဗြဟ္မာ့ပြည်၌ ဖြစ်သော အစွမ်းသတ္တိ အာနုဘော်ရ၏။ ဒိဗ္ဗာယ သံဝတ္တတီတိ ဒိဗ္ဗော။ (ဒိဗ္ဗ + ဏ) ဗြဟ္မပြည်၌ ဖြစ်သော အစွမ်းသတ္တိ အာနုဘော် အကျိုး

http://www.dhammadownload.com



ဌာဖြစ်သော မဟာဂ္ဂုတ်ရျာန်ရ၏။ ဒိဗ္ဗော စ သော ဝိဟာရောစာတိ ဒိဗ္ဗဝိဟာရော။ ယင်းမဟာဂ္ဂုတ်ရျာန်ပင်ရ၏။

**ဗြဟ္မဝိဟာရ။** ဗြဟ္မာနံ, ဝိဟာရော၊ ဗြဟ္မာနော (မြတ်ကုန်သော) ဝိဟာရာ ဗြဟ္မဝိဟာရာ။ မေတ္တာဈာန် အစရှိသော အပ္ပမညာလေးပါးရ၏။

**အရိယာဝိဟာရ။** အရိယာ ဥတ္တမာ ဝိဟာရာတိ အရိယဝိဟာရာ၊ အရိယာနံ ဝါ ဝိဟာရာတိ အရိယာဝိဟာရာ။ ဖလသမာပတ်လေးပါးရ၏။

**မှတ်ချက်။** မြတ်စွာဘုရား၏ ဒိဗ္ဗဝိဟာရကား ရူပါဝစရ စတုတ္ထရျာန်, ဗြဟ္မဝိဟာရကား အပ္ပမညာလေးပါး၊ အရိယာဝိဟာရကား စတုတ္ထရျာန်နှင့်ယှဉ်သော ဖလသမာပတ်။ သာရတ္ထ၊ ၁။ ၂၀၃။

**သမ်ဂီ။** သမ္မာ အင်္ဂနံ သမင်္ဂေါ (သံ+အင်္ဂ) သမင်္ဂေါ ဧတဿ အတ္ထီတိ သမ်ဂီ (သမင်္ဂ+ဤ) ဘုရားရစေ။ ဘာဝပ္ပစာန ပုဒ်တည်း။ ထိုကြောင့် သာရတ္ထ၊ ၁။ ၂၀၄=၌ သမ်ဂီဘာဝဖွင့်သည်။

---

## ● အာဘော်နှင့်သံဝဏ္ဏနာ

ယ-ဝါကျ၌ ဝိစ္ဆိန္ဒိတွာဖြင့် ဝိသဒ္ဒါ၏ ဝိစ္ဆိန္ဒနတ္ထကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊[1] ပဝတ္တေတိဖြင့် ဆောင်၏ (ဟရတိ) ဟူသည်ဖြစ်စေခြင်းပင် တည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း၊[2] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။

**မှတ်ချက်။** က၊ ခ၊ ဂ-ဝါကျတို့ကို မြန်မာပြန်၍ ဘာဝတ္ထ ဖော်လေ။ သာရတ္ထ၊ ၁။ ၂၀၄-၌ အထူးကြံ၍ ဖွင့်သေးသည်။ ယ = သံဝဏ္ဏနာနှင့်အညီ ဝိဟရတိကို အောက်ပါအတိုင်း အနက်ပေးပါ။

ဝိဟရတိ၊ ဣရိယာပုထ်တစ်ခုဖြင့် ညောင်းညာ ကျင်နာသည်ကို ဣရိယာပုထ်တစ်ခုဖြင့် ဖြတ်၍ အတ္တဘောကို မကျအောင် ဆောင်တတ်၏ (သဒ္ဒတ္ထ) ဖြစ်စေတတ်၏ (အဓိပ္ပာယတ္ထ)။

---

(က) နဋ္ဌေရုနာမ ယက္ခော။

(ခ) ပုစိမန္ဒောတိ နိမ္ဗရုက္ခော။ ဋ္ဌ။ ၈၁။

http://www.dhammadownload.com



## ● အာဘော်နှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ယက္ကောဖြင့် နဋ္ဌေရုသဒ္ဒါသည် တစ်စုံတစ်ခုသော အကြောင်း ဗျုပ္ပတ္တိနိမိတ် နာမ လာဘဟိတ်ကို ငဲ့သော အနွတ္ထအမည် မျိုး မဟုတ် (ဗျုတိရေက)၊ နဋ္ဌေရု မည်သော ဘီလူး ဟူသော ရုဠှီအမည် တည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

### ပေါရာဏဆရာတို့ဝါဒ အနွတ္ထကြံပုံ

၁။ နဋ္ဌေ ရုဟတီတိ နဋ္ဌေရု။ နဋ္ဌေ၊ အခေါင်း၌။ ရုဟတိ၊ ပေါက်ရောက်တတ်၏။ (နဋ္ဌေ+ရုဟ+ကွိ။)

၂။ နဋ္ဌေ ရုဟတိ ဇာယတီတိ နဋ္ဌေရု။ နဋ္ဌေ၊ ကျူတော၌။ ရုဟတိဇာယတိ၊ ပေါက်ရောက်တတ်၏။

၃။ ဥရု နဋ္ဌော ဧတ္ထာတိ နဋ္ဌေရု။ ဧတ္ထ၊ ဤတမာပင်၌။ ဥရု၊ ကြီးသော။ နဋ္ဌော၊ အခေါင်းသည်။ အတ္ထိ၊ ရှိ၏။

နဋ္ဌေရု၊ နဋ္ဌေရုမည်သောဘီလူး။ (အဋ္ဌကထာ)၊ ဝါ-အခေါင်း၌ ပေါက်သော။ ဝါ-ကျူတော၌ပေါက်သော၊ ဝါ-ကြီးသော အခေါင်းရှိ သော။ သာရတ္ထ၊ ၁။ ၂၀၅ ဟု အနက်ပေး။

ခ-ဝါကျ၌ နိမ္ဗရုက္ခောဖြင့် ပုစိမန္ဒသဒ္ဒါသည် တမာပင်ဟော နိမ္ဗသဒ္ဒါ၏ ဝေဝုစ်စကားလုံး ပရိယာယ်တည်းဟုသိစေသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ။)

တစ်နည်း။ ယင်းဖြင့် ပုစိမန္ဒသဒ္ဒါသည် တမာပင်အနက်ကို ဟော သတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။ သဒ္ဒတ္ထဟော အဘိဓေယျတ္ထ။)

နိမ္ဗောရိဋ္ဌော ပုစိမန္ဒော။ ဓာန်။ ၅၇၀။

---

## ● ပါဠိဝိနိစ္ဆယ

နိမ္ဗ။ နိမ္ဗ။ နိမ္ဗ ပါဠ်သာသင့်သည်။ အကြောင်းကား-နိ နယေ ဇော မန္တော ၈။ ဓာန်၊ ဋီ၊ လာသောကြောင့် နိဓာတ်၊ ဗပစ္စည်း၊ အဆုံး၌ မလာ၊ သံယောဂေ ပရေ ရဿတ္တံ အရ နီ-၌ ဤကို ဣရဿပြု၍ နိမ္ဗဟု

http://www.dhammadownload.com



ပြီးသည်။ ဏွာဒီ၊ မောင်။ ၁၂၂-ဌ်လည်း နမိဿ အဿိ၊ နမတိ ဖလ ဘာရေနာတိ နိမ္ဗော၊ အရိဋ္ဌော။ နမဓာတ်။ ဗပစ္စည်း။ န-ဌ် အ ကို ဣပြု၍ နိမ္ဗဟုပြီးသည်။ ထိုကြောင့် "နိမ္ဗ" ရှိသော ပါဠ်သာ သင့်သည်။

---

(က) မူလန္တိ သမိပံ။

(ခ) အယဉ္စိ မူလသဒ္ဒေါ " မူလာနိ ဥဒ္ဓရေယျ အန္တမသော (လ) ရုက္ခမူလ " န္တိ အာဒီသု သမိပေ။

(ဂ) ဣလ ပန သမိပေ အဓိပ္ပေတော။

(ဃ) တသ္မာ(လ)ဝေမေတ္တ အတ္တော ဒဋ္ဌဗ္ဗော။ ဋ္ဌ။ ၈၁။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္တာရ, အာဂမဒဋ္ဌိကရဏ, တပ္ပာကင္ဂိ ကရဏ ဝါကျ။ က-ဝါကျကား သင်္ခေပ၊ အာဂမဒဋ္ဌိယ, တပ္ပာကင္ဂိကရဏီယ, ဝါ-အပါကဋဝါကျ။

**မှတ်ချက်။** ခ-ဝါကျသည် အတ္တုဒ္ဒါရနှင့် အကိုးသာဓက ပူးတွဲပြခြင်းသည်သာ သမယေန ဝါကျထက် ထူးခြားသည်။ သမယေနဝါကျ ထုံးစံအတိုင်း ကျမ်းတက်စသည်ကို သတိပြုလေ။

ဂ - ဝါကျကား အတ္တုဒ္ဒေသ၊ အဓိပ္ပေတတ္တ, ဝိသေသဝါကျ။ ခ-ကား အတ္တုဒ္ဒါရ, သာမညဝါကျတည်း။ ဃ-ဝါကျကား လဒ္ဓဂုဏ ဝါကျ။ ဂ-ကား လဒ္ဓဂုဏီယဝါကျ။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**နီဝါတော။** ဝါတတော ဝိရဟိတော နီဝါတော။ ဝါတတော၊ လေမှ။ ဝိရဟိတော၊ ကင်းရာအရပ်တည်း။ ပဉ္စမီတပ္ပုရိသ် သမာသ် ဝိဂြိုဟ်။ နီဝါတ။

ဝါတ-အရ လေဒြဗ်ရ၏။ ယင်း၏ ကင်းသောအရပ်နှင့် အပါဒါန် အပါဒီ၊ ဌာနီ ဌာနစပ် ဌာနူပစာ။ နီဝါတအရ လေမှ ကင်းသောအရပ် ရ၏။

http://www.dhammadownload.com



**တစ်နည်း။** နတ္ထိ ဝါတော ဧတ္ထာတိ နိဝါတော။ ဧတ္ထပဒေသေ၊ ဤအရပ်၌။ ဝါတော၊ လေသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ သော ပဒေသော နိဝါတော။ နိ+ဝါတ+ဧတ။

နိဝါတအရကား လေ၏ မရှိခြင်း အဘာဝဘောဂုဏ်-ရ၏။ ယင်း၏ အရပ်နှင့် ဂုဏ်ဂုဏောစင်-ဌာနူပစာ။ ဧတအရ-လေမရှိသော အရပ်ရ၏။

**မှတ်ချက်။** သာရတ္ထ-၂-ဝိကပ်ကိုရှု၍ ဝိဂ္ဂဟပြုသည်။ ပါရာ၊ ဂံ၊ သစ်၊ ၁။ ၃၄၈-၌ ဒုတိယကပ်ကို " လေမရှိသောအခါ "ဟုပေးသည်။ဤအလို ဧတ္ထ-ကို ကာလေဟုစွဲ။ သာရတ္ထ၌ ပဒေသေကို ဒုတိယ ဝိကပ်သို့လိုက်၍ ဤကျမ်းက ဧတ္ထပဒေသေဟုစွဲသည်။

✝ နိဝါတေတိ ဝါတရဟိတေ ပဒေသေ၊ ဝါတဿ အဘာဝေ ဝါ။ သာရတ္ထ၊ ၁။ ၂၀၅။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**အန္တမသော။** အန္တော ဧဝ အန္တမော။ (အန္တ+ဣမ) အန္တိမော ဟု လိုလျက် ဣ-ကို အပြု။ အန္တသဒ္ဒါအယုတ်(လာမက)အနက်ဟော။ အန္တမသော=အယုတ်အားဖြင့်-ဟု အနက်ပေး။

**တစ်နည်း။** အန္တေ ဘဝေါ အန္တမော။ ရုပ်ပြီးရှေးနည်းအတိုင်း။ အန္တသဒ္ဒါ-အဆုံး (အဝသာန) အနက်ဟော။ အန္တမသော = ခပ်သိမ်းတို့၏ အဆုံး၌ဖြစ်သော အပိုင်းအခြားအားဖြင့်။ ပါရာ၊ ဂံ၊ သစ်၊ ၁။ ၂၃၅။ ကင်္ခါ၊ ယော၊ မဟာ ဋီ၊ ၁။ ၃၂၅။

**မှတ်ချက်။** ယင်းတို့ကို ထောက်၍ " အန္တမသော " ကား "တဒ္ဓိတ် နာမ်ပုဒ်" တည်း။ တိပိဋက၊ ဓာန်၊ အတွဲ-၂ ၌ အဗျယ-ဟု ဆိုသည်ကား ဆင်ခြင်။

✝ အန္တမသောတိ သဗ္ဗန္တိမေန ပရိစ္ဆေဒေန။ ဝိ၊ ဋ္ဌ။ ၁။ ၂၂၃။

**ဥသီရ။** ဝသဓာတ်+ဤရပစ္စည်း။ ဝါ-ဥသဓာတ်+ဤရပစ္စည်း။ ဓာန်၊ ဋီ။ **တစ်နည်း။** ဝသဓာတ်+ကီရပစ္စည်း။ မောဂ်။

http://www.dhammadownload.com



✝ဝသ ကန္တိယံ၊ ဥသ ဒါဟေ၀၊ ဤရော။ ပုဗ္ဗသို ဝသု။ ဓာန်၊ ဋီ။ ၆၀၁။

ဝသန္တိ ဝါသံ ကရောန္တိ အနေနာတိ ဥသီရံ။ မောဂ်၊ ၇။၁၆၉။

နာဋီ။ နဋ္ဌဓာတ်+ဣပစ္စည်း။ သူစိ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ သမီပံဖြင့် မူလသဒ္ဒါ မူလနက္ခတ်စသော အနက်ကို မဟော၊ သမီပအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

ခ–ဝါကျဖြင့် မူလသဒ္ဒါသည် သဒ္ဒန္တရ ရိက်ကို မထောက်ထားလျှင် မူလ မူလအနက်, ဟေတုအနက်, သမီပ အနက်တို့ကို သာမညနိဒ္ဒေသ နည်း၊ ဧကသေသနည်းဖြင့် ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းတို့ကိုဟော ရာဝယ် ပြယုဂ်ဥဒါဟရဏ် အကိုး သာဓကတို့ကိုလည်းကောင်း[၂]၊ သိစေပါသည်။ (အတ္ထုဒ္ဒါရဝါကျထုံးစံအတိုင်းဖော်လေဦး။)

၁။ နာမလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။

✝ မူလံဘေသန္တိကေမူလ၊ မူလဟေတုမိ့ပုါဘာတော။ ဓာန်။ ၈၅၂။

ဂ–ဝါကျဖြင့် မူလသဒ္ဒါသည် မူလ မူလ, ဟေတု, သမီပအနက်တို့ကို ဟောသော်လည်း ဤ၌နဋ္ဌေရုပုစိမန္တဟူသော သဒ္ဒန္တရ ရိက်ကိုထောက်၍သမီပ အနက်ကို ဟောသတည်း၊ ဝါ–ယင်းအနက်ကို အလိုရှိအပ်သတည်းဟု သိစေပါသည်။ **(အတ္ထုဒ္ဓေသဝါကျထုံးစံအတိုင်းဖော်လေဦး။)**

နာမလိင်္ဂတ္ထ၊ ဝါ–အဓိပ္ပေတတ္ထ။

ဃ–ဝါကျ၌ နဋ္ဌေရုယကဒ္ဓေန အဓိဂ္ဂဟိတသ ပုဒိမန္တသ သမီပေ ဖြင့် နဋ္ဌေရုသဒ္ဒါ၏ နဋ္ဌေရုမည်သော ဘီလူးအနက်ကို ဟောသည်၏အဖြစ် ကိုလည်းကောင်း[၁]၊ နဋ္ဌေရုနှင့် ပုစိမန္တကိုနဋ္ဌေရုနာ အဓိဂ္ဂဟိတော ပုစိမန္တော နဋ္ဌေရုပုစိမန္တောဟုမဇ္ဈေလောပီတတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ မူလသဒ္ဒါ၏ သမီပအနက်ကို ဟောသည်၏ အဖြစ်ကို လည်းကောင်း[၃]၊ နဋ္ဌေရုပုစိမန္တနှင့် မူလကိုနဋ္ဌေရုပုစိမန္တသ မူလံ

http://www.dhammadownload.com



နဋ္ဌေရုပုစ်မန္တမူလ်ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္တပြုရမည်၏ အဖြစ်ကို လည်းကောင်း၊ သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္တ။ သမာသလိင်္ဂပဒတ္ထ

၃။ နာမလိင်္ဂတ္ထ။ ၄။ အဘိဓာနတ္တ။ သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** ဝိဘတ်မခြား၊ ပုဒ်သွင်းခြား၊ ယင်းကား လောပသာ။ နိယံအရ "နဋ္ဌေရုပုစ်မန္တ" ဟူသော ပုဒ်ရင်းနှင့် ဝိဘတ်တူအဓိဂ္ဂဟိတသာဟုဖွင့်သဖြင့် ယင်း "အဓိဂ္ဂဟိတ" အလယ်ပုဒ်ကျေ မချွေလောပိဟု ပြသည်ဟုမှတ်ပါ။

---

## ● ပါဌ်ဝိနိစ္ဆယ

ပဏ္ဏာနိ+ပတန္တိ။ ပဏ္ဏာ + နိပတန္တိ။ ၂-ပါဌ်လုံး သင့်သည်။ အကြောင်းကား.....ပတန္တိတိ နိပတန္တိ၊ အယမေဝ ဝါ ပါဌော။ သာရတ္ထ၊ ၁။ ၂၅၀။ ဟုဆိုသောကြောင့် "ပတန္တိ" ဟူသော အနောပသဂ္ဂကြိယာပုဒ်၊ နိပတန္တိ ဟူသော သောပသဂ္ဂ ကြိယာပုဒ် ၂-မျိုး လုံးပင် ရှိသင့်သည်။ (ဥပသာရမဲ့=အနောပသဂ္ဂ။ ဥပသာရရှိ = သောပသဂ္ဂ။)

ပတန္တိဟုရှိခိုက် ပဏ္ဏနောက်၌ ယော ဝိဘတ်ကို နိပြု၍ ပဏ္ဏာနိ + ပတန္တိပါဌ်ရှိရမည်။နိပတန္တိဟုရှိခိုက် ပဏ္ဏနောက်၌ ယော-ဝိဘတ်ကို အာပြု၍ ပဏ္ဏာ+နိပတန္တိပါဌ်ရှိရမည်၊ ထိုကြောင့် ၂-ပါဌ်သင့်သည်။

**ပုစိမန္ဒသသ။ ပိစုမန္ဒသသ။** ပုစိ ဝုစ္စတေ ကုဋ္ဌာ၊ တေ မန္ဒယတိ နာသယတီတိ ပုစိမန္ဒော။ ဝဇိရ၊ ၃၇ ပုစံ ဣဋ္ဌံ မဒ္ဒတီတိ ပုစိမန္ဒော၊ ဣတ္တံ ဗိန္ဒုအာဂမော။ သူစိ။ ယင်းတို့ကိုထောက်၍ ပုစိ+မဒိ၊ ဝါ ပုစ+မဒိ (စ-၌ အကိုဣပြု။ ဣထက်၌ဗိန္ဒုလာ)ပုဒ်တို့ဖြင့်ပြီးသောကြောင့် "ပုစိမန္ဒ" ပါဌ်သာ သင့်သည်။

---

## ● နည်းနှင့်ဥပစာ

**မူလံ။** အပေါင်းဖြစ်သောမူလနက္ခတ်, သမီပ (သန္တိက) မူလမူလ ဟောတု ပဘာတတို့၏ "မူလ" ဟူသော အမည်ကို အစိတ်ဖြစ်သော သမီပ

http://www.dhammadownload.com



(သန္တိက)၌တင်စား၍ အစိတ်ဖြစ်သော သမိပ (သန္တိက)ကို "မူလ"ဟု ဆိုသောကြောင့် ကေဒေသျှူပစာ၊ ဝါ-သမုဒါယူပစာမည်၏။

**မှတ်ချက်။** အတ္တုဒ္ဓါရဝါကျမျိုး၌ ရနေကျ ဥပစာမျိုးတည်း၊ သမယအဖွင့်ပြန်ကြည့်ပါ။ သာရတ္ထ၊ ၁။ ၂၀၅-၌ "တံသဒိသေသု" ကို ထောက်၍ သဒိသူပစာတင်ပုံ၊ "တန္နိဿယေပဒေသေ" ကို ထောက်၍ ဌာန္ယူပစာတင်ပုံကို အောက်ပါအတိုင်းမှတ်သားရာ၏။

**လောဘောအကုသလမူလံ။** အတူဖြစ်သော သစ်ပင် အမြစ်၌ မူလဟူသောအမည်ကို အတူရှိသော လောဘ၌ တင်စား၍ အတူရှိသော လောဘကို မူလဟုဆိုသောကြောင့် သဒိသူပစာသဒ္ဒါမည်၏။ ပြယုဂ်ကား လောဘော အကုသလမူလံတည်း။ ဤ၌ သစ်ပင်အမြစ်တည်းဟူသော ထို၌ထင်သောအားဖြင့် လောဘတည်းဟူသော ဤ၌ "မူလ"ဟု ခေါ်သောကြောင့် ရုဠ္ဟီနည်းမည်၏။ (သာရတ္ထ၌ ရုဠ္ဟီဝသေနဟုဖွင့်သည်။)

**မူလ။** ဌာနီဖြစ်သော သစ်ပင်မြစ်၏ "မူလ" ဟူသော အမည်ကို ဌာနဖြစ်သော ယင်းသစ်ပင်မြစ်၏မှီရာအရပ်ဒေသ၌တင်လေ။ ဌာန္ယူပစာ။ အဝိနာဘာဝနည်း။ ရုဠ္ဟီနည်း။

---

(က) တတ္ထ သိယာ "ယဒိ တာဝ ဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ (လ)ဝိဟရီ"တ္ယန္တိ။

(ခ) နခေါ ပနေတံ ဧဝံ ဒဋ္ဌဗ္ဗံ။

(ဂ) နနု အဝေါစုမှ။ သမိပတ္ထေ ဘုမ္မဝစနန္တိ။

(ဃ) တသ္မာ (လ) နဠေရုပုစိမန္ဒမူလေတိ။ ဋ္ဌ။ ၈၂။

## ● အနက်ယောဇနာ

**တတ္ထသိယာ။** "ဝေရဉ္ဇာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ" တိ ယံဝစနံ ဥပါလိထေရေန ဝုတ္တံ။ (အနိယတ်ဖြည့်။) တတ္ထတသ္မိံ "ဝေရဉ္ဇာယံ (လ)မူလေ"တိ ဝစနေ၌။ ဋ္ဌတွာ၊ တန့်ရပ်၍ (ကြိယာဝိသေသန)။ စောဒကဿ၊ စောဒကပုဂ္ဂိုလ်၏။ (သမ္ဗန်)။ စောဒနာ၊ စောဒနာခြင်းသည်။ (ကတ္တား) သိယာ၊ ဖြစ်ရာ၏။

http://www.dhammadownload.com



* တွေ့ (တတ္ထ) ိယာ၊ ရှိတုံပါမူ၊ ကြိယာဝိသေသန၊ သမ္ဗန္ဓဟု၊ ကတ္တုသုံးပါး၊ တည်ပြား မလွဲ၊ သမွန်မြဲ။ (ဘုရားကြီး)

**တစ်နည်း။** (အနိယတ်ရှေးနည်းတူဖြည့်) တတ္ထတသ္မိံ ဝစနေ၊ ၌။ ကဿစိ၊ တစ်စုံတစ်ယောက်သောသူ၏။ ဓနံ၊ ဥစ္စာသည်။ ပရိဝိတက္ကော၊ အကြံသည်။ သိယာ၊ ဖြစ်ရာ၏။ (သာရတ္ထ၊ ပဌမနည်း။ဤဝိကပ်၌ "သိယာ"ကား အသဓာတ်+ ဧယျဝိဘတ်။)

**တစ်နည်း။** (အနိယတ်ဖြည့်)။ တတ္ထတသ္မိံ ဝစနေ၊ ၌။ ဝက္ခမာနာကာရေန၊ ဆိုလတ္တံ့သော အခြင်းအရာ အားဖြင့်။ ကဒါစိ၊ ရံခါ။ သိယာ—စောဒေယျ၊ စောဒနာရာ၏။ (သာရတ္ထ၊ ဒုတိယနည်း။ ဤဝိကပ်၌ "သိယာ"ကား သိယာကုသလံစသည်၌ကဲ့သို့ နိပါတ်ပုဒ်တည်း။)

† (၁) သိယာတိ ကဿစိ ဓနံ ပရိဝိတက္ကော သိယာ။

(၂) ဝက္ခမာနာကာရေန ကဒါစိ စောဒေယျ ဝါတိ အတ္ထော။

သာရတ္ထ၊ ၁။ ၂၀၆။ (ဝိမတိ၊ ၁။ ၄၁။)

**မှတ်ချက်။** "တွေ့သိယာ" ကိုလည်း ဤနည်းအတိုင်း အနက်ပေးပါ။ "ယဒိ (လ)ဝိဟရတိ၊ နဠေရုစသော ဝါကျတို့တွင် ယဒိချိသော ဝါကျနောက် (နဠေရုဝါကျအစ) ၌ "ဓနံ၊ ဥစ္စာသည်။ (မြတ်စွာဘုရားဝေရဉ္စာ ပြည်၌နေသည်)။ သတိ၊ ဖြစ်သော်"ဟု ဓနံသတိထည့်၍ အနက်ပေးရသည်။ အထချိသောဝါကျ၌လည်း ဤအတိုင်းပင်မှတ်။

* ယဒိ, သစေ၊ တွေ့လေရာကား၊ ဓနံသတိ၊ ဖော်ဖွယ်ရှိ၏။ ယုတ္တိ စမ်းခြင်း၊ မြဲမေမင်း။ (ဟိစပန)

---

## ဝါကျခွဲနှင့်ကျမ်းတက်

တတ္ထသိယာ (တွေ့သိယာ) ဝါကျကား စောဒကပုဂ္ဂိုလ်၏ အခြေခံ စကားပြ ပါဒကဝါကျမျိုးတည်း။ ယဒိ (လ) ဝေရဉ္စာယံ ဝိဟရတိကား စောဒကကြံဆချက် ပရိကပ္ပဝါကျတည်း။

http://www.dhammadownload.com



✝ သစေ, စေ ယဒိသဒ္ဒေန၊
သဟယုတ္တံ ကြိယာပဒံ။
သကတ္တ ပရိဝေဇ္ဇေတွာ၊
ပရိကပ္ပတ္တ ဝါစကံ။ **(သဒ္ဒဝုတ္တိ။ ၁၁၁။)**

**မှတ်ချက်။** ဝိဟရတိ၊ နေတော်မူ၏။ (မူရင်းအနက် = သကတ္တ။ ယဒိဝိဟရတိ၊ အကယ်၍ နေတော်မူသည်ဖြစ်အံ့ (ယဒိနှင့်ယှဉ်ပေးမှ ပေါ်လာသော ကြံဆချက်အနက်=ပရိကပ္ပတ္တ)။

* ယဒိသစေ၊ စေနှင့်အထ၊ ယှဉ်ကကြိယာ၊ ဟောသည်မှာ၊ မှန်စွာ ပရိကပ္ပတည်း။ **(ဘုရားကြီး)**

နဋ္ဌေရု(လ)နဝတ္တဖွံ့ဝါကျကား စောဒနာဝါကျ။

## ဇျတိရေကစောဒနာဝါကျ

ယဒိချီ, အထချီသော စောဒနာဝါကျကို ဇျတိရေက စောဒနာဝါကျဟု ဂန္ထာဘရဏဆိုသေးသည်။

✝ နနု ဟိ လက္ခိတာဘောဂါ၊ ဇျတိရေကာယဒ္ဓာဒိနာ။ ဂန္ထာဘရဏ။ ၇၅။

## တစ်နည်းဝါကျအမည်များ

ယဒိ(လ)ဝေရဉ္ဇာယံ ဝိဟရတိကား စောဒက၏ ယုံမှားသံသယပြ "စောဒကာသင်္ကာ" ဝါကျ။ နဋ္ဌေရု(လ)နဝတ္တဖွံ့ဝါကျကား စောဒကာ သင်္ကာဝါကျနောက်၌ပါမြဲဖြစ်သော ဒေါသ(အပြစ်တင်)ဝါကျ။

ယဒိသစေ စသည်ချီသောပရိကပ္ပဝါကျ၊ ဝါ စောဒကာသင်္ကာ ဝါကျနောက်၌

၁။ ရိုးရိုးဝါကျ။

၂။ ဒေါသ(အပြစ်တင်)ဝါကျ။

၃။ စောဒနာဝါကျဟု ၃-မျိုးတို့တွင် တစ်မျိုးမျိုး ရှိနိုင်သည်ကို သတိပြုရာ၏။

**ပုံစံ**—၁။ အကယ်၍ (ယဒိ) သင် ထမင်း မစားသည်ဖြစ်အံ့ (ပရိကပ္ပ၊ ဝါ-စောဒကာသင်္ကာ။) သင်သွားပေတော့။ (ရိုးရိုးဝါကျ)။

၂။ အကယ်၍ သင်ထမင်းမစားသည်ဖြစ်အံ့ (ပရိ၊ ဝါ-စော) ဆာလောင်မွတ်သိတ်ရာ၏ (ဆာနေမှာပေါ့) (ဒေါသဝါကျ)။

http://www.dhammadownload.com



၃။ အကယ်၍ (လ) ဖြစ်အံ့ (ပရိ၊ ဝါ-စော)။ သင်ဘာကို စားမည်နည်း (စောဒနာဝါကျ)။

နဋ္ဌေရု (လ) နဝတ္တဖွံ့ကား ၂-၃ ဝါကျ ၂-မျိုးလုံး သက်ဆိုင်သည်ဟု မှတ်ပါလေ။

* ယဒိသက်ဘ၊ ရံတစ်ခါ၊ ဒေါသာထွန်းလေမင်း။ (ဈွေ)

## ပရိကပ္ပဝါကျ ၂-ဝါကျ ၃-ဝါကျ စီကုံးနည်း

ပရိကပ္ပ ၂-ဝါကျ ကုံးလိုလျှင် (၁) ယဒိချီဝါကျရေး။ (၂) အထချီဝါကျရေး။ ၃-ဝါကျ စီကုံးလိုလျှင် (၁) ယဒိချီ။ (၂) သစေချီ။ (၃) အထချီရေးရာ၏။ ဤ က-ဝါကျ၌ ပရိကပ္ပ ၂-ထပ်ပြသဖြင့်၊ ယဒိချီ, အထချီရေးထားသည်ကို သတိချပ်လေ။

* ပရိကပ္ပ၊ ၂-ထပ်ပြ၊ အထနောက်နေမြဲ။ သုံးထပ်မြင်လျှင် သစေဝင်၊ နေယှဉ်လယ်ထားမြဲ။ (မအူ၊ သျ)

## ယဒိ သစေ အထ ထားရာဌာန

စောဒက ပုဂ္ဂိုလ်သည် ဝါစကသဒ္ဒါကိုလည်းကောင်း၊ အကြောင်းကိုလည်းကောင်း မနှစ်သက် မကျေနပ်ရာမျိုး၌ ယဒိ, သစေ, အထဖြင့်ချီ၍ ရေးသားတတ်သည်။ ဤ က-ဝါကျ၌ စောဒကပုဂ္ဂိုလ်သည် "ဝေရဇ္ဇာယံ။ နဋ္ဌေရု ပုစိမန္ဒမူလေ အာစရဝါစကသဒ္ဒါ ၂-ပါးကို မနှစ်သက် မကျေနပ်၍ ယဒိချီဝါကျ, အထချီဝါကျတို့ကိုဆိုသည်။ ယင်းသို့စောဒက၏ စောဒနာစကား (မကျေနပ်ချက်) ကို ဖော်ပြခြင်းကိုပင် နိယံဆရာတို့က "ယုတ္တိစမ်း" သည်ဟု ဆိုသည်။

* ယဒိ, သစေ၊ ၂-ထွေအရာ၊ ရှိသည်မှာကား သဒ္ဒါလည်းကောင်း၊ အကြောင်းမှာကို၊ မနာလို၊ မိန့်ဆိုထားရိုးပေ။ (အာရျာတ်သာမိ)

## ဝါကျခွဲအဆက်

ယဒိ (လ) နဝတ္တဖွံ့ကား ပကာဝါကျ။ အထ (လ) နဝတ္တဖွံ့။ ပကာသနရဝါကျ။

http://www.dhammadownload.com



**မှတ်ချက်။** အ ထ (လ) န ဝဗ္ဗာဖွံ့ကား ယဒိဝါကျနှင့် တူ၏။ ဝေရဉ္ဇာယဉ္ဇ် နဝတ္တဖွံ့ကား နဒွေဠ (လ) နဝတ္တဖွံ့နှင့် တူသည်။

နဟိသက္ကာ (လ) ဝိဟရိတုန္တိကား စောဒကာဘောဂဝါကျ၊ ဝါ-စောဒကာဘောဂဟေတုဝါကျ။ ဝါ-ကာရဏဝါကျတည်း။

## နဟိသက္ကာဝါကျဋီတက်

ဤသို့ ယဒိတာဝစသော ဝါကျတို့ဖြင့် စောဒနာ ၂-ချက်ကို ပြတော်မူပြီး၍ (ပုဗ္ဗာနုသန္ဓေအကျဉ်း) ယခုအခါ၌ စောဒကပုဂ္ဂိုလ်သည် မိမိ၏ နှလုံးသွင်းအလို (အဓိပ္ပာယ်အာဘော်) ကို ဖွင့်ပြတော်မူလိုရကား န ဟိ သက္ကာ စသော ပါဠ်ကိုမိန့်။ သာရတ္ထ၊ ၁။ ၂၀၆။

ခ-ဝါကျကား ဝိရောဓ ပရိဟာရဝါကျတည်း။

## ပရိဟာရ ဝါကျ ၂-မျိုး

၁။ **အဘျုပဂမပရိဟာရ** (အဘိ + ဥပဂမ + ပရိဟာရ) စောဒက၏ စောဒနာစကားကို ဝန်ခံ၍ ဖြေကြားခြင်း။ ပုံစံ-န န ဝတ္တဗ္ဗံ (နဝတ္တဗ္ဗံ မဆိုသင့် မဆိုထိုက်သည်။ န၊ မဟုတ်။ ဝတ္တဗ္ဗံ ဧဝ၊ ဆိုသင့်ဆိုထိုက်သည်၊ သာ)။ သစ္စံ (စောဒက ပြောသောစကားမှန်ပါပေသည်။)

၂။ **ဝိရောဓပရိဟာရ**=စောဒနာ၏ဆန့်ကျင်ဘက်အဖြေမျိုး။ပုံစံ=တံ န။ (တံဝစနံ၊ ထိုစောဒက ဆိုသော စောဒနာ စကားသည်။ န၊ မဟုတ်ပါ။) န (မဟုတ်) န ဝတ္တဗ္ဗံ (မဆိုသင့်)။

* န, န ဝတ္တဗ္ဗံ၊ သစ္စံ ခံထွေ၊ လိုက်၍ ဖြေက၊ အဘျုပဂမ၊ ပရိဟာရ အမည်ပေးလေသတည်း။ ဟံ န, န, နှင့်၊ နဝတ္တဗ္ဗံ၊ စသည်လှန်က၊ ဝိရောဓဟု၊ ပရိဟာရ၊ အမည်ပေးလေသတည်း။

(ဘုရားကြီး)

## ဝိရောဓပရိဟာရအနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် စောဒကာဘောဂ, စောဒနာကို့ကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ ဝိရောဓပရိဟာရကို ပြလိုရကား ခ-ဝါကျမိန့်။

http://www.dhammadownload.com



## ဋီကာကျမ်းတက်

ဤသို့ (လ) ပြီး၍ ယခုအခါ၌ အလုံးစုံသော စောဒနာကို သင် စောဒကဆိုသည်ကား မဖောက်ပြန်သော (မှန်မှန်ကန်ကန်) အနက်ကို မသိသောကြောင့် ဆိုမိဆိုရာ ဆိုသတည်းဟု စောဒနာကို တားမြစ် ပယ် ဖျက်လျက် ပရိဟာရပြုလိုသော ဆရာသည် ခ–ဝါကျကိုမိန့်။

✝ ဣတရော (ပရိဟာရ ဆရာသည်) သဗ္ဗ မေတံ (အလုံးစုံသော စောဒနာကို) အဝိပရီတမတ္ထံ အဇာနန္တေန တယာ ဝုတ္တန္တိ ဒဿေန္တော "န ခေါ ပနေတံ ဧဝံ ဒဋ္ဌဗ္ဗ" န္တိ အာဒိမာဟ။ သာရတ္ထ၊ ၁။ ၂၀၆။

ဂ–ဝါကျကား ပရိဟာရဘောဂ၊ ဝါ–ပရိဟာရဘောဂဟောတု ဝါကျ။

## အနုသန္ဓေတက်

ဤသို့ ခ–ဝါကျဖြင့် (ဘာသာပြန်)ဟု ဝိရောဓပရိဟာရကို ပြဆို တော်မူပြီး၍ ယခုအခါ၌ မိမိသည် အကြင်အကြင် အလိုရှိအပ်သော မဖောက် ပြန်သော အနက် (မိမိဆိုလိုသောမှန်ကန်သော အနက်) ကို လည်းကောင်း၊ ယင်းကိုလည်း တင်ကြို၍ (ဝေရဉ္ဇာ အဖွင့်တုန်းက) သမိပတ္ထေ ဘုမ္မဝစနံဟု ဆိုအပ်ခဲ့ပြီးသည်၏အဖြစ်ကို လည်းကောင်း၊ စောဒကပုဂ္ဂိုလ် (မှန်ကန်သော အနက်ကို) ထိုးထွင်းမသိသည်၏ အဖြစ်ကိုလည်းကောင်း ပြလိုရကား ဂ–ဝါကျကို မိန့်။

✝ ဣဒါနိ အတ္တနာ ယထာဓိပ္ပေတံ အဝိပရီတမတ္ထံ တဿ ပဋိကစ္စေဝ ဝုတ္တဘာဝံတေန စ အပ္ပဋိဝိဒ္ဓတံ ပကာသေန္တော "နနု အဝေါစုမှ သမိပတ္ထေ ဘုမ္မဝစန" န္တိ အာဒိမာဟ။သာရတ္ထ၊ ၁။ ၂၀၆။

ဃ–ဝါကျကား လဒ္ဓဂုဏဝါကျ။ ဂ–လဒ္ဓဂုဏိယဝါကျ။

**မှတ်ချက်။** ဃ–ဝါကျ၌ တသ္မာ တတ္ထ ဝိဟရန္တော ဝုစ္စတိ–ဟူ သော ပဓာန စကားကိုရှု၍ လဒ္ဓဂုဏဟု သာမန်ဆိုခဲ့သည်။ ယထာ

http://www.dhammadownload.com



စသည် ဥပမာန၊ ဝေမိတာပိ စသည် ဥပမေယျ ပါဝင်နေသဖြင့် တပ္ပာကဋိကရဏဝါကျ အတွင်းငုပ်သော လဒ္ဓဂုဏဝါကျမျိုးတည်းဟု အထူးမှတ်ပါ။

## ဝိဂ္ဂဟာနှင့်ဉာသ်ကောက်

ဂဂ်ါ။ ဂစ္ဆတီတိ ဂဂ်ါ။ (ဓာန်၊ ဋီ၊ ၆၈၁။) ယာ ဘာဂီရထီ၊ အကြင်မြစ်သည်။ ဂစ္ဆတိ၊ စီးသွားတတ်၏။ ဣတိ၊ ကြောင့်။ သာ၊ ဂင်္ဂါ။ ဂမုဓာတ်+ဂ ပစ္စည်း ဣတ္ထိလိင် ဓောတက အာပစ္စည်း။

ဂမုဓာတ်အရကား အာပေါဓာတ်လွန်ကဲသော အဋ္ဌကလာပ်ရုပ် ဂ–ခု၏ ဥပါဒ်သည် မှချ။ ဂ–ပစ္စည်း အရကား ဥပ္ပာဒဝန္တ ဖြစ်သော မြစ်ရ၏။

**မှတ်ချက်။** ပညတ်,အဝိညာဏကကတ္တုသာဓ်ဉာသ်ကောက်တည်း။

## ဝိဂ္ဂဟာနှင့်မှတ်ဖွယ်များ

**တစ်နည်း ဝိဂ္ဂဟာ။** ဂါယမာနာ ယောသံ ကုရုမာနာ ဂစ္ဆတီတိ ဂင်္ဂါ။ (ဤအလို ဂါ+ဂမု+အ အာခွဲ။) အထဝါ ဂေါ ဝုစ္စတိ ပထဝီ၊ တသ္မိံ ဂတာ ပဝတ္တာတိ ဂင်္ဂါ။ (ဤအလို ဂါ + ဂမု + အ + အာခွဲ။ ဝိဂြိုဟ်တုတည်း။ ဝိဂြိုဟ်စစ်ကို "ဂစ္ဆတိ ပဝတ္တတီတိ ဂါ၊ ဂဝသ္မိံ ဂါဂင်္ဂါ" ဟုပြုလေ။) အပ ၄။ ၁။ ၃၄၃။

**ယမုနာ။** ယမ–ဥပရမေ၊ ဥနော။ ယမသ ဘဂိနီ ဝါ ယမုနာ။ ဘာဂီနျတ္တေ ဥနော။ ဓာန်၊ ဋီ၊ ၆၈၂။

## ပါဠိဝိနိစ္ဆယ

**ဂေါယူထာနိ။ ဂေါယုထာနိ။** ဂေါယူထာနိဟု ယ–၌ ဦဒီဃရှိသော ပါဠိသဝသင့်သည်။ အကြောင်းကား=ယု မိဿနေ ထော ဒီဃာဒိ။ ဓာန်၊ ဋီလာရကား ယူဓာတ် + ထပစ္စည်း။ အာဒိဒီဃပြု၍ ယူထဖြစ်။ ဂုန္နံ

http://www.dhammadownload.com



ယူထာနိ ဂေါယူထာနိ ဟုပြီးသည်။ ထို့ကြောင့် ဂေါယူထာနိ ဂု ယ–၌ ဦဒီဃရှိသောပါဌ်သာသင့်သည်။

**ဂဟာဋ္ဌ။ ဂေဟာဋ္ဌ။** ဂဟာဋ္ဌပါဌ်သာသင့်သည်။ အကြောင်းကား ဂေဟသေကာရော အကာရ ဣကာရဥ္စသမာသတဒ္ဓိတေသု (နီတိ၊ သုတ္တ။ ၁၇၃)ဖြင့် ဂေဟဿ ကူဋံ။ ဂဟကူဋံ၊ ဂေဟဿ ပတိ ဂဟပ္ပတိ။ ဂေ ဟေ တိဋ္ဌတီတိ ဂဟဋ္ဌောဟု သမာသ်အရာ၌ ဂေ–၌ ဧကို အ–ပြု။ ဂေဟံ အဿ အတ္ထီတိ ဂိဟီဟုတဒ္ဓိတ်အရာ,ဂေ–၌ ဧကိုဣပြု၍ ပြီးသောကြောင့်တည်း။

## နည်းနှင့်ဥပစာ

**ဂေါယူထာနိ။** ဤပြယုဂ်၌ နွားတို့၏ အပေါင်းနှင့်မပြားဘဲလျက် ပြားသကဲ့သို့ "ဂေါယူထာနိ"ဟု ဆိုသောကြောင့် အဘေဒဘေဒူ ပစာသဒ္ဒါ။

**မှတ်ချက်။** ဂင်္ဂါယ စရန္တိ, ယမုနာယ စရန္တိတို့ကား ဂင်္ဂါယံ ယောသော တိဋ္ဌတိနှင့်တူပြီ။ သဒ္ဒါစစ် ဥပစာ ဆိုရိုးကြည့်။

(က) ပဋ္ဌိမေန ယတ္ထ ဥပ္ပန္နော, တဒနုရူပဝိဟာရံ။

(ခ) ဘဂဝါ ဟိ ပဌမံ လုမ္ဗိနီဝနေ (လ) ဝနေယေဝ ဥပ္ပန္နော။

(ဂ) တေနဿ ဝနေယေဝ (လ) ဝေဒိတဗ္ဗော။ ၄။ ၈၂။

## အနက်ယောဇနာ

လုမ္ဗိနီဝနေ။ ဝါးတောဥယျာဉ်၌။ ဝါ–အင်ကြင်း ဥယျာဉ်၌။ (ပါရာ၊ ဂံ၊ သစ်။ ၃၅၈။)

ခ–ဝါကျ။ ဘဂဝါ ဟိ လုမ္ဗိနီဝနေ ရူပကာယေန (ကရဇ်ကာယ်ဖြင့်။) ဥပ္ပန္နော။ ဗောဓိမဏ္ဍေ ဓမ္မကာယေန ( ကရိဏ်းဖြင့်။ ) ဥပ္ပန္နော ဟု ယောဇနာ။ သာရတ္ထ။ ၁။ ၂၁၁။

http://www.dhammadownload.com



† လုမ္ဗိနီဝနေတိ ဝေဠုဝနေ၊ သာလဝနေ ဝါ။ (ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ။)

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား က–ဝါကျ၌ "တဒနုရူပဝိဟာရံကို ပေါ်လွင်အောင် လုမ္ဗိနီဝနေ ဗောဓိမဏ္ဍေ စသည်ဖြင့် ချဲ့ပြသည်။ ထို့ကြောင့် ဝိတ္ထာရဝါကျ။ က–ဝါကျကားသခေ်ပ။

ခ=ဝါကျကား နိဂုံးဝါကျတည်း။

**မှတ်ချက်။** ဝိတ္ထာရဝါကျနောက်၌ ဒဿေတိ ဝါကျတွေ့လျှင် နိဂမန (နိဂုံး) ဝါကျဟုမှတ်။ ထို့ကြောင့်–

က=သခေ်ပ (သံခိပ်)

ခ–ဝိတ္ထာရ။

ဂ=နိဂုံးဟုဝါကျခွဲ။

တစ်နည်းဝါကျခွဲ။ တဒနုရူပဝိဟာရအဖြစ်ကိုပြီးစေလိုသောကြောင့် ဘဂဝါဟိ စသည်မိန့်ဟု ပါရာ၊ ဂံ၊ သစ်။ ၃၅၈–၌ ကျမ်းတက်ပြထားသည်။ ယင်းအလို.....

က–ဒဋ္ဌိယ

ခ–ယုတ္တိဒဋ္ဌိကရဏ

ဂ–လဒ္ဓဂုဏဝါကျတည်း။

**မှတ်ချက်။** ဒဋ္ဌိကရဏ ဝါကျနောက်၌ ဒဿေတိ ဝါကျတွေ့လျှင် လဒ္ဓဂုဏဝါကျဟုမှတ်။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

လုမ္ဗိနီ။ လုမ္ဗိယတိ တဒတ္ထိကေဟိ အဒ္ဒိယတိ ဂမိယတိ အာယာစီယတိ ဝါ လုမ္ဗိနီ။ ယောဝေဠု၊ အကြင်ဝါးကို။ တဒတ္ထိကေဟိ၊ ထိုဝါးကိုအလိုရှိကုန်သောသူတို့သည်။ အဒ္ဒိယတိ ဂမိယတိ၊ သွားအပ်၏။ ဝါ–ကား။ အာယာစီယတိ၊ တောင်းအပ်၏။ ဣတိ။ သော ဝေဠု လုမ္ဗိနီ။

http://www.dhammadownload.com



လုဗိဓာတ်အရကား သွားကုန် တောင်းကုန်သူတို့၏ ဝီရိယစသည် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်မှချ။ ကမ္မ္ဋအရကား ထိုအားတပ်သော ဝါး ပင်၏ အာရမ္မဏပစ္စယသတ္တိဖလူ။ ဏီပစ္စည်းအရကား ထို-မှတ်အပ်သော ဝါးပင်ရ၏။ ဣနီကားဣတ္ထိလိင်ဇောတကမျှသာ။

**တစ်နည်း။** လုမ္ဗိယတိ ပုပ္ဖတ္ထိကေဟိ ဂမိယတိ အာယာစိယတ်တိ ဝါ လုမ္ဗိနီ။ ယောသာလော၊ အကြင်အင်ကြင်းပင်သို့။ ဝါ-ကို။ ပုပ္ဖတ္ထိ ကေဟိ၊ ပန်းကိုအလိုရှိကုန်သောသူတို့သည်။ ဂမိယတိ၊ သွားအပ်၏။ ဝါ- အာယာစိယတိ၊ တောင်းအပ်၏။ ဣတိ။ သော သာလော။ လုမ္ဗိနီ။

**မှတ်ချက်။** ဓာတ်ပစ္စည်းရှေးနည်းတူ။ ဓာတ်အရ ပန်းကိုအလိုရှိ သူ၏ ကုသလစ္ဆန္ဒ, အကုသလစ္ဆန္ဒ ပြဋ္ဌာန်းသောစိတ်ကောက်။ ကမ္မဋ၊ ထို အားတပ်သောအင်ကြင်းပင်၏ အာရမ္မဏပစ္စယသတ္တိ။ ဏီပစ္စည်းအရ အင် ကြင်းပင်ကောက်။ ၂-ဝိကပ်လုံး ပါရာ၊ ဂါ၊ သစ်၊ ၁၊ ၁၃၅ - အလိုတည်း။ နီတိ၊ ဓာ။ ၁၂၃-၌ လုဗိတုဗိအဒ္ဒနေ။ လုမ္ဗိနီဝနေဟု ဆိုသည်။ ဓာတွတ္ထ သင်္ဂြိုဟ်၌ လုဗိဝဓေဟုဓာတ်နက်ကြား၍ "လုမ္ဗတိ အတ္တနိ ပဝိဋ္ဌာနံ ဒရထံ ဟိံသတီတိ လုမ္ဗိနီ"ဟု ဝိဂ္ဂဟပြုသည်။

## ● လုမ္ဗိနီဝနေ၌နည်း

ဤလုမ္ဗိနီဝနေဟူသော ပြယုဂ်၌ အင်ကြင်းတည်းဟူသော ဌာနီဖြင့် တောတည်းဟူသော ဌာနကိုမှတ်၍ အင်ကြင်းတည်းဟူသော အများကိုဆို သဖြင့် ပုန်းညက်စသော အနည်းလည်း ရသောကြောင့် ယေဘုယျနည်းမည်၏။

(က) မဟာတာတိ ဂုဏမဟတ္တေနပိမဟတာ, သင်္ချာမဟတ္တေနပိ။

(ခ) သော ဟိ ဘိက္ခုသံဃော ဂုဏေဟိပိ မဟာ အဟောသိ။

၁-ယသ္မာ ယော တတ္ထ ပစ္ဆိမကော၊ သော သောတာ ပန္နော။

(ဂ) သင်္ချာယပိ မဟာ။ ၂-ပဥ္စသတသင်္ချတ္တာ။

http://www.dhammadownload.com



(ဃ) ဘိက္ခုနံ့ သံဃေန ဘိက္ခုသံဃေန။

(င) ဒိဋ္ဌိသီလသာမညာ သင်္ခါတသဃာတေန သမဂ္ဂါဂဏောနာ

တိ အတ္ထော။ ဋ္ဌ။ ၈၃။

## အနက်ယောဇနာ

မဟာတာ၊ ရဟန်းအပေါင်း၌ အညံ့ဆုံးပုဂ္ဂိုလ်၏ သောတာပန်၏ အဖြစ်ကြောင့် (ဟိတ်) သီလစသော ဂုဏ်တို့ဖြင့် မြတ်သော။ (ခ--ဝါကျ သံဝဏ္ဏနာနှင့်အညီ သံဝဏ္ဏေတဗ္ဗ "မဟာတာ"၏အနက်။)

မဟာတာ၊ ရဟန်းတို့၏ငါးရာ အရေအတွက်ရှိသည်၏အဖြစ်ကြောင့် (ဟိတ်) အရေအတွက်အားဖြင့်များသော။ (ဂ– ဝါကျသံဝဏ္ဏနာနှင့်အညီ သံဝဏ္ဏေတဗ္ဗ "မဟာတာ"၏အနက်။)

**မှတ်ချက်။** သံဝဏ္ဏေတဗ္ဗကို သံဝဏ္ဏနာနှင့်အညီ အနက်ပေးပါ ဆိုလျှင် ဤသို့ အနက်ပေးရမည်။ ၂-နက်လုံး "ဟိတ်" ထည့်ပေးထား သဖြင့် "ဟေတာလက်ာရယောဇနာ"ဟုလည်း မှတ်ရာ၏။

## ဝါကျခွဲနှင့်ကျမ်းတက်

သော ဟိ ဘိက္ခုသံဃော (လ) ပဉ္စသတ သချ်တ္တာတိုင်အောင် သော ခ–ဂ ဝါကျတို့သည် အကြောင်းယုတ္တိဖြင့် ခိုင်မြဲစေတတ်သောကြောင့် ဒဠှီကရဏဝါကျ။ ထိုခ–ဂ–ဝါကျတို့ကိုထောက်၍ က–ဝါကျကား ယုတ္တိဒဠှီယ ဝါကျ။

**မှတ်ချက်။** မဒ္ဒူသျှ၌ ယင်း "သောဟိ"ချီသော ဝါကျကို ဝိတ္ထာရ ဟုဆိုသည်။ ယသ္မာချီသော ကာရဏဝါကျ၊ ပဉ္စသတသချ်တ္တာ ဟူသော ကာရဏဝါကျတို့ကိုထောက်၍ အကြောင်းဖြင့် ခိုင်မြဲစေသော ယုတ္တိဒဠှီ ကရဏဝါကျဟုယူက ပိုကောင်းသည်။ သီ၊ ဋီ၊ သစ်၌လည်း ဒဠှီကရဏပင် တက်ပြထားသည်။

## ခ–ဂဝါကျအနုသန္ဓေတက်

ဤသို့ က–ဝါကျဖြင့် "မဟာတာ"ဟူသည် ဂုဏ်တို့ဖြင့် မြတ်သည်၏ အဖြစ်ကြောင့်လည်း မဟာတာမည်၏၊ အရေအတွက်အားဖြင့် များသည်၏ အဖြစ်ကြောင့်လည်း မဟာတာမည်၏ဟုပြဆိုတော်မူပြီး၍ ယခုအခါ၌ ယင်း

http://www.dhammadownload.com



ဆိုအပ်ပြီးသော အနက်ကိုပင် ပြီးစေလိုရကား (ဝါ) မြဲစေလိုရကား သောဟိ စသော ခ–ဂ ဝါကျတို့ကိုမိန့်။

† တဒေဝတ္ထံ သမတ္ထေတိ သောဟီတိအာဒိနာ။ သီ၊ ဋီ၊ သစ်၊ ၁။

၁၈၂။

* သမတ္ထေတိ၊ ဖွင့်ပြဘိ၊ မှတ်သိဒဠှီသာ။ (သစ်)

ဂ–ဝါကျကား ပက္ခန္တရ။ ခ–ဝါကျကား ပက္ခဝါကျ။ (ခ)ဖြင့် က–၌ ပုဗ္ဗာမဟာတ္ထေနုပိ၏ ယုတ္တိကိုပြသည်။ ဂ–ဖြင့် က–၌ သချာမဟာတ္ထေနုပိ၏ယုတ္တိကိုပြသည်။ ထိုသို့ ခ–ဂ–တို့သည် ယုတ္တိတစ်မျိုးစီ ဖြစ်သောကြောင့် ပက္ခ, ပက္ခန္တရဖြစ်ကြသည်။

ခ–ဝါကျ၌ ၁–နံပါတ် ဝါကျကား ကာရဏဝါကျ။ ကြွင်းခ–ဝါကျကား ဖလဝါကျ။

ဂ–ဝါကျ၌လည်း ၂–ဝါကျကား ကာရဏဝါကျ။ ကြွင်း ဂ–ဝါကျကား ဖလဝါကျ။

ဃ–င–ဝါကျတို့က မဟာတာ၏ အဖွင့်ကိုပြပြီးနောက် ဘိက္ခုသံဃေန အဖွင့်ကိုပြသောကြောင့် ပက္ခန္တရ၊ က–ခ–ဂ–တို့ကား ပက္ခ။

င–ဝါကျကား ဝိတ္ထာရဝါကျ။ ဃ–ဝါကျကား သင်္ခေပဝါကျ။

**မှတ်ချက်။** "အဓိပ္ပာယော၊ အတ္ထောထုတ်ပြ၊ ဂုဏ္ဍတ် ဖော်ပြ၊ စကားကျ" နိယံအရအဓိပ္ပာယော, အတ္ထောဖြင့် ဖွင့်ပြလျှင် ဝိတ္ထာရဝါကျ များသည်။ ရံခါဝါကျာရမ္ဘလည်းရှိတတ်သည်။ ဤ၌ဋီကာက "ဝိဘာဝေတိ" နှင့် ဖွင့်ပြသဖြင့် ဝိတ္ထာရဟုသာမှတ်ရာ၏။ ဤဝါကျများ ကျမ်းတက်ကို သီ+ဖြေ။ ၁၁၃–၆–၌ ရေးခဲ့ပြီ။

## င–ဝါကျသဒ္ဒါနည်း ပုစ္ဆာတက်

ဆရာ၊ဆရာသည် ဃ–ဝါကျဖြင့် ဘိက္ခုသံဃောဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ဟုဆိုတော်မူ၏။ သံဃောပုဒ်ကိုကား သမဂ္ဂံ ကမ္မံ သမုပဂစ္ဆတီတိ သံဃောဟု ကတ္တုသာဓနဝစနတ္ထသာ ပြုရမည် လော၊ အဘယ်သို့ ဝစနတ္ထပြုရမည်နည်း–ကြောင့် င–ဝါကျမိန့်။

http://www.dhammadownload.com



**မှတ်ချက်။** ဤအတက်ကား ဒိဋ္ဌိ (လ) သဃ်ာတေနကို မျှော်၍တက်သောသဒ္ဒါ၏နည်း အတက်တည်း။ "သမဏာဂဏောန"ကိုမျှော်၍တက်လျှင် "သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခုဟူသော ဝိစနတ္ထနှင့်အညီ ဘိက္ခုအရပရိသတ် ၄-ပါး။ သံဃော သတ္တော တု ဇန္တုနံနှင့်အညီ သံဃအရသတ္တဝါအပေါင်းကိုယူရမည်လော"ဟု အာဘော်ထားလေ။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**သံဃ။** ဒိဋ္ဌိသီလသာမညေန သံဟတောတိ သံဃော။ (သပဒဝိဂ္ဂဟ)။ ဒိဋ္ဌိသီလသာမညေန သံဟနီယတေတိသံဃော (အသပဒဝိဂ္ဂဟ) ယောသမဏာဂဏော၊ ကို။ ပဏ္ဍိတေဟိ၊ တို့သည်။ ဒိဋ္ဌိသီလ သာမညေန၊ အယူသီလတို့၏ တူသည်၏အဖြစ်ဖြင့်။ သံဟတော၊ (သံဟနီယတေ)၊ ပေါင်းအပ်၏။ ဣတိ။ သော သမဏာဂဏော သံဃော။ ကမ္မသာဓန။ သံ+ဟန+ရ။

သံဥပသာရပုဒ်အရကား ဓာတွတ္ထ ဝိသေသက ဘော့ဂုဏ်ရ၏။ ဟနဓာတ်အရ ကတ္တုန္တြကြိယာအရကား အရိယာ ပုဂ္ဂိုလ်တို့၏အယူသီလတူသည်၏အဖြစ်ကို အာရုံပြု၍ဖြစ်သော ပညာရှိပုဂ္ဂိုလ်တို့၏ ဉာဏ်ပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည်မှုချ။ ကမ္မဒ္ဒ-ကား ထိုအားတပ်သော အရိယာသံဃာအပေါင်းနှင့် ယင်း၌တည်ရှိသော အယူသီလတူသည်၏အဖြစ်သည် ဖလုပစာရတ္ထအားဖြင့်ရ၏။ ရုပ်စွည်းအရကား ထို-မှတ်အပ်သော အရိယာသံဃာအပေါင်းရ၏။

**မှတ်ချက်။** ဓာနိတဗ္ဗန္တိ ဓာနိတ္တ ဉာဏ်ကောက်။ နှာ။ ၇၃၄-လည်းကြည့်။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**မဟတာ။** မဟဓာတ် + အန္တပစ္စည်း။ ဂစ္ဆန္တာဒိဂိုဏ်း။ ပုလ္လိင်၊ အကာရန္တ။ နာဝိဘတ်။ (ဘိက္ခုသံဃေနစပ်)

**မဟာ။** မဟန္တ + သိ။ "မဟန္တာရဟန္တာနံ ဝါ ဍာ (မောဂ်၊ ၂။ ၁၅၀) ဖြင့် န္တ ပစ္စည်းကို ဍာ၊ ဝါ-အာပြု။ ဟ- အာသို့ကပ်။ သိချေ။

http://www.dhammadownload.com



"မဟာ"ဟုရုပ်ပြီးသည်။ ဂစ္ဆန္တာဒိဂိုဏ်းပင်တည်း။ (မဟတံ မဟာကစွည်း သုတ်၌ မဟတံမဟာယောဂဝိဘာဂဖြင့်လည်း အထက်ပါအတိုင်း ပြုနိုင်သည်။)

**ဂုဏ**။ ဂုဏဓာတ်+အပစ္စည်း။ ဂုဏ – အာမန္တနေ ဂုဏေတိ ဂုဏယတိ။ နီတိ၊ ဓာတု။ ၃၀၄။

**တစ်နည်း**။ ဂဏ+အ။ ဂဏ–သချာနေဝါအသသု (ဂ–၌ အ–ကိုဥပြု) ဓာန်၊ ဋီ။ ၇၆၇။ သူစိ။

**ဝိဂ္ဂဟ**။ ဂေါဏာပိယတိ အာမန္တာပိယတိ အတ္တနိ ပတိဋ္ဌိတော ပုဂ္ဂလော ဒဠှံ သောတုံ ပူဇိတုဉ္စ ဣစ္ဆန္တေဟိ ဇနေဟီတိ ဂုဏော။ နီတိ၊ ဓာ။ ၃၀၄။ သူစိ။

**သချာ**။ သံ + ချာ + ကွိ + အာ။ သံပုဗ္ဗောချာ ကထနေကွိ။ သူစိ (ဣတ္ထိ–အာ)

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က=ဝါကျ၌ ဂုဏမဟတ္တေနဖြင့် မဟတာ (မဟန္တ) သဒ္ဒါသည် သမ္မုတိ, ဣဿရစသော အနက်တို့ကိုမဟော၊ ဥတ္တမအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ မြတ်၏(မဟတာ)ဟူသည် အပ္ပိစ္ဆတာစသော ဂုဏ်တို့ဖြင့် မြတ်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ မဟတာပုဒ်သည် ဝိသေသျ ဒြဗ်ပုဒ်မဟုတ်၊ ဝိသေသနဂုဏ်ပုဒ်၏အဖြစ်ကိုလည်းကောင်း[၃]၊ မဟတာ၌ တာသဒ္ဒါကား ဒေဝတာ စသည်တို့၌ကဲ့သို့ သွတ္ထတဒ္ဓိတ်၌သက်သောတာပစ္စည်း မဟုတ်၊ နာဝိဘတ်၏ ကာရိယ,တာ၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ ဘာဝတ္ထ။ ၄။ ဝိဘတ္တိပဒ။

**မှတ်ချက်**။ ၃=မှတ်ပြအာဘော်ကား မဟတာဟူသော ကိတ်နာမ်ပုဒ်ကို ဂုဏမဟတ္တေနဟုဘာဝတဒ္ဓိတ်ပုဒ်ဖြင့် ဖွင့်ပြခြင်းသည် မဟတာပုဒ်၏ ဝိသေသနသဘောပေါ်အောင် ဖွင့်ခြင်းမျိုးဟုကြသည်။ ဤကား ဂဏ္ဌိဋီကာတို့၌ မလာသော်လည်း ဖြစ်သင့်၍ကြသော **နောမတိ** အာဘော်မျှသာတည်း။

http://www.dhammadownload.com



## မဟန္တ သဒ္ဒါ၏အတ္ထုဒ္ဓါရများ

ပူဇာ, ဥတ္တမ, ပစုရ (အများ) သမ္ဗတ္တိ, ဣဿရိယ, ဝုဍ္ဍအနက်များ ကိုဟောသည်။

✝ ပူဇုတ္တမ ပစုရေတု၊
သမ္ဗတ္တိဿရိယေသုစ။
ဝုဍ္ဍေစေဝါတိ အတ္ထေသု၊
မဟန္တော ဆသု ဝတ္တတိ။ ပါရာ၊ ဂံ၊ သစ်။ ၁။ ၃၅၉။

ဂုဏမဟတ္တေနပိဒ္ဓ ပိသဒ္ဒါဖြင့် အပ္ပိစ္ဆတာ စသော ဂုဏ်တို့ဖြင့်သာ မြတ်သည်မဟုတ်သေး၊ အရေအတွက် အားဖြင့်လည်း များသေး၏ဟု သမုစ္စည်းအဓိပ္ပာယ်ကိုသိစေသည်။ (ဘာဝတ္ထ)

သင်္ချာမဟတ္တေနဖြင့် မဟတာ (မဟန္တ) သဒ္ဒါသည် သမ္ဗတ္တိ, ဣဿရ စသောအနက်တို့ကိုမဟော၊ ပစုရ (အများ) အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ (ကြွင်း ၂-၃-၄- အာဘော် ဂုဏမဟတ္တေန အာဘော်နှင့် တူပြီ။ သံဝဏ္ဏနာလည်းအတူပင်။)

သင်္ချာမဟတ္တေနပိဒ္ဓ ပိသဒ္ဒါဖြင့် အရေအတွက် အားဖြင့်သာ များသည်မဟုတ်သေး၊ အပ္ပိစ္ဆတာ စသောဂုဏ်တို့ဖြင့်လည်း မြတ်သေး၏ဟု သမုစ္စည်း အဓိပ္ပာယ်ကို သိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျ ဂုဏေဟိ မဟာဖြင့် ဂုဏမဟတ္တေနဒ္ဓ ဂုဏနှင့်မဟန္တကို ဂုဏေဟိ မဟန္တော ဂုဏမဟန္တောဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေသည်။ (အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒတ္ထ။)

သောဘိက္ခု သံဃောဖြင့် ဂုဏမဟတ္တေနဒ္ဓ ဂုဏမဟန္တ ဟူသော ဘာဝယောဂပုဒ်အရ ဘိက္ခုသံဃောကို ယူရမည်ဟုသိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ။)

ခ-ဂ-ဝါကျဖြင့် ဂုဏေဟိပိ မဟာ၏ အကြောင်းကိုလည်းကောင်း[၁]၊ ဘိက္ခုသံဃအရ ပုထုဇဉ်သံဃာကို မယူရ၊ အညံ့ဆုံး သောတာပန် (ရှင် အာနန္ဒာကို ရည်သည်။)ကို ယူရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ သရုပ်ကြားအဘိဓေယျတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** ဂုဏေဟိ မဟန္တော ဂုဏမဟန္တော။ ဂုဏမဟန္တ သဘာဝေါ ဂုဏမဟတ္တံ တွဲ။ သချ်ာယပိ မဟာကိုလည်း ဂုဏေဟိမဟာကို မှီး၍ အာဘော်ဖော်လေ။ သိလွယ်ပါပြီ။

ဃ-ဝါကျဖြင့် ဘိက္ခုသံဃပုဒ်ကို ဘိက္ခုစ သံဃောစ ဟုဒွန်၊ ဘိက္ခုစ သော သံဃောဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထမပြုရ၊ ဘိက္ခူနံ သံဃော ဘိက္ခုသံဃောဟု ဆဋ္ဌီ တပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

င-ဝါကျ၌ ဒိဋ္ဌိသီလသာမညဖြင့် ပေါင်းအပ်၏ (သံဃာတ) ဟူသည် အယူသီလတို့၏ တူကုန်သည်တို့၏အဖြစ်ဟု ဆိုအပ်သော သဒိသဘောဂုဏ်ကြောင့် ပေါင်းအပ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

င-ဝါကျ၌ သံဃာတေနဖြင့် သံဃေန၌ (သံ+ဟန+ရ) ရပစ္စည်းသည် ကတ္တုသာဓန၌ မသက်၊ ကမ္မသာဓန၌ သက်သည်၏အဖြစ်ကို လည်းကောင်း[၁]၊ ဤအရာ၌ သမဂ္ဂ ကမ္မံ သမုပဂစ္ဆတီတိ သံဃောဟု ကတ္တုသာဓနဝစနတ္ထ မပြုရ၊ ဒိဋ္ဌိသီလသာမညေန သံဟတော (သံဟနီယတေ) တိ သံဃောဟု ကမ္မသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဒုတိယပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

င-ဝါကျ၌ သမဏဂဏေနဖြင့် ဘိက္ခုသဒ္ဒါသည် သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခုဟူသော ဝစနတ္ထအရ ပရိသတ် ၄-ပါးလုံးနှင့် ဆက်ဆံသော်လည်း ဤ၌ ဘိက္ခုအရ သမဏကို[၁] သံဃသဒ္ဒါသည်။ "သံဃော သတ္တော တု ဇန္တုနံ" အရ သတ္တဝါအပေါင်းကို ဟောသော်လည်း ဤ၌ သမဏဂဏကို[၂] ယူရမည်ဟု သိစေသည်။ ၁။ ၂။ အဘိဓေယျတ္ထ။

## ● ပါဠိဝိနိစ္ဆယ

**၁။ ဒိဋ္ဌိသီလသာမည သင်္ခါတသံဃာတ။** ဒိဋ္ဌိစ သီလာနိစ ဒိဋ္ဌိသီလာနိ။ ဒိဋ္ဌိသီလာနံ သာမညံ ဒိဋ္ဌိသီလသာမညံ။ ဒိဋ္ဌိသီလ သာမညံ ဣတိ သင်္ခါတော ဒိဋ္ဌိသီလသာမည သင်္ခါတော။ ဒိဋ္ဌိသီလသာမညသင်္ခါတေန သံဃာတော သံဃဋိတော သမေတောတိ ဒိဋ္ဌိသီလသာမည သင်္ခါတ သံဃာတောဟု အစိတ်အပေါင်း ဝစနတ္ထပြု၍ ပြီးသောကြောင့်

http://www.dhammadownload.com


လည်းကောင်း၊ သာရတ္ထဋီကာ၌လည်း ယင်းအစိတ်အပေါင်းဝစနတ္ထကို ဖွင့်ပြထားသောကြောင့် လည်းကောင်း အယုသီလတို့၏ တုကုန်သည်တို့၏အဖြစ်ဟုဆိုအပ်သော သဒိသဘောဂုဏ်ဖြင့် ပေါင်းအပ်သော (သမဏဂဏာစပ်) ဟူသောအနက်၏ယုတ္တိရှိသောကြောင့်လည်းကောင်း ဤပါဠ်သင့်သည်။

† ဧတ္ထ ပန (လ) ဝိဟရတီတိ ဧဝံ ပုတ္တာယ ဒိဋ္ဌိယာ ယာနိ တာနိ သီလာနိ (လ) ဝိဟရတီတိ ဧဝံ ဝုတ္တာနဉ္စ သီလာနံ သာမညသင်္ခါတေန သဃာတော သဃင်ဂိုတော သမေတော တိ ဒိဋ္ဌိသီလသာမညသင်္ခါတ . သဃာတော၊ သမဏဂဏော။ သာရတ္ထ၊ ၁။ ၂၁၁။

## ၂။ ဒိဋ္ဌိသီလသာမညသဃာတသဃာတ

သံဃာတစ်ပုဒ်ကို သံဟနနံ သဃာတော (ပေါင်းခြင်း) ဟု ဘာဝသာဓ ဝစနတ္ထပြု၊ ဒိဋ္ဌိသီလသာမညေန သဃာတော ဒိဋ္ဌိသီလသာမညသဃာတောဟု တပ္ပုရိသ်တွဲ၊ ဒိဋ္ဌိသီလသာမညသဃာတေန သဃာတော ဒိဋ္ဌိသီလသာမညသဃာတသဃာတောဟု အပေါင်းဝစနတ္ထပြု၍ပြီးသောကြောင့်လည်းကောင်း, ယင်းပါဠ်သည်သာ ယုတ္တတရ ဖြစ်ကြောင်း၊ ယင်းသို့ အစိတ်အပေါင်း ဝစနတ္ထပြုသင့်ကြောင်းကို ဝိမတိဋီကာ ဖွင့်ပြသောကြောင့် လည်းကောင်း, အယုသီလတို့၏ တုကုန်သည်တို့၏ အဖြစ်ဖြင့် ပေါင်းခြင်းဖြင့် ပေါင်းအပ်သော ဟူသော အနက်၏ ယုတ္တိရှိခြင်းကြောင့်လည်းကောင်း၊ ဤ ၂–ပါဠ်လည်း သင့်ပါသည်။

† ဒိဋ္ဌိသီလသာမည သဃာတသဃာတောနာ တိ ဝါ ပါဌေနေတ္ထ ဘဝိတဗ္ဗံ။ တသ္သ ဒိဋ္ဌိသီလသာမညဘူတေန သံဟနနေန သဃာတော သမဏဂဏော၊ တေနာတိ အတ္ထော။ ဧဝဉ္စိ ပါဌေ သဒ္ဒတော အတ္ထော ယုတ္တတရော ဟောတိ။ ဝိမတိ၊ ၁။ ၄၂။

**မှတ်ချက်။** ဤ အဆုံးအဖြတ်ကား ဝိနည်း ဋီကာလာ အဆုံးအဖြတ်တည်း။ ပါရာ၊ ဂဲ၊ သစ်၊ ၁။ ၌ ဤအတိုင်းပင် ဆုံးဖြတ်သည်။ သီလက္ခန်ဋီကာသစ်၌ ပါဠ်အမျိုးမျိုး ဆုံးဖြတ်ထားပုံကို ယင်း ဋီကာ၌ ရှုလေ။

http://www.dhammadownload.com



## ● နည်းနှင့်ဥပစာ

**ဘိက္ခုသံဃေန။** ရဟန်းငါးရာ ဒြဗ်နှင့် အပေါင်းဒြဗ်တို့ မပြားဘဲလျက် ပြားသကဲ့သို့ ဘိက္ခုသံဃေနဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ သဒ္ဒါမည်၏။

**မှတ်ချက်။** ဘိက္ခူနံ သံဃော ဘိက္ခု သံဃော။ ဘိက္ခု အရကား ရဟန်း ငါးရာ ဒြဗ်ရ၏။ ယင်း၏ အပေါင်းဒြဗ်နှင့် အဘေဒ ဘေဒ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ၊ ပုဒ်လုံးအရကား ရဟန်းငါးရာတို့၏ အပေါင်း ရ၏။ ဤညာသ်ကောက်ကို ရှု၍ "အဘေဒဘေဒူပစာ" ဖြစ်လာပုံကို သိရာ၏။ ဤနည်းအတူ ဆင္ဃိတပ္ပရိသ်မာသ်ဝစနတ္ထပြု၍ ရှေ့နောက်ပုဒ်တို့အရ မပြားရာ၌လည်း အဘေဒ ဘေဒူပစာ ရကြောင်းကို မှတ်သားရာ၏။ ဋီကာဖွင့်ကို ထောက်၍ ဥပစာတစ်မျိုးကြံထားပုံကိုလည်း ဆက်လက်ရှုပါလေ။

**တစ်နည်းဥပစာ။** အပေါင်းဖြစ်သော အနရိယသံဃာ, အရိယာ သံဃာတို့၏ ဘိက္ခုသံဃေန အမည်ကို အစိတ်ဖြစ်သော အရိယာသံဃာ၌ တင်စား၍ အစိတ်ဖြစ်သော အရိယာသံဃာကို ဘိက္ခုသံဃေနဟုဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-သမုဒါယူပစာမည်၏။

† ပုထုဇ္ဇနာနမ္ပိ ဒိဋ္ဌိသီလသာမညေန သံဟတဘာဝေါ လဗ္ဘတိယေဝ၊ ဣဓ ပန အရိယ သံဃောယေဝ အဓိပ္ပေတော "ယော တတ္ထ ပစ္ဆိမကော သော သောတာပန္နော" တိ ဝစနတော။ သာရတ္ထ ၁။ ၂၁၂။

---

(က) ပဌမပတ္တာ တေသန္တိ ပဌမပတ္တာနိ။

(ခ) မတ္တာတိ ပမာဏံ ဝုစ္စတိ။

(ဂ) တသ္မာ (လ) ဓေမတ္တော ဒဋ္ဌဗ္ဗော။

(ဃ) ဘိက္ခူနံ သတာနိ ဘိက္ခုသတာနိ။

(င) တေဟိ ပဌမတ္တေဟိ ဘိက္ခုသတေဟိ။

(စ) တေန (လ) ဒဿိတံ ဟောတိ။ ဋ္ဌ။ ၈၃။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ- ဝါကျကား ဝါကျာရမ္ဘဝါကျ။ က- ဝါကျကား အာရဒ္ဓဝါကျ။

**မှတ်ချက်။** က-ဝါကျ၌ မဏ္ဍာသဒ္ဒါသည် ဣဿရိယ. စသော အနက်ကို ဟောသလောဟု စောကြောဖွယ်ရှိ၍ ခ-ဝါကျတက်လာသည်။ င-အဖြေနှင့် ယှဉ်ကြည့်။

ဂ-ဝါကျကား လဒ္ဓဂုဏဝါကျ၊ ခ-ဝါကျကား လဒ္ဓဂုဏိယဝါကျ၊ (ဂ-ဝါကျတွင် ယထာ (လ) ဟောတိကား ဉပမာန။ ဝေမိဓာပိ- (လ) ဒဠ္ဌဗ္ဗော-ကား ဉပမေယျဝါကျ။)

ဃ-ဝါကျကား ပက္ခန္တရ။ က-ဝါကျကား ပက္ခဝါကျ။ င-ဝါကျကား ဝါကျာရမ္ဘ။ က-ဃဝါကျတို့ကား အာရဒ္ဓ။ (ဝေရဉ္စပုဒ်အဖွင့်ပြန်ကြည့်။)

စ-ဝါကျကား လဒ္ဓဂုဏဝါကျ။ င-ဝါကျကား လဒ္ဓဂုဏိယဝါကျ။

### ခ-ဝါကျစောဒနာတက်

ဆရာ၊ ဉပါလိမထေရ်သည် ပဥ္စမဏ္ဍေဟိ ဘိက္ခု သတေတိဟု ဆိုတော်မူ၏။ (စောနှ-ဟူသော ကရိဏ်းအရကို ထပနာထားသည်။ ဤလိုဝါကျမျိုး ဤသို့ ထပနာထားကြောင်းကိန်းသေမှတ်ပါ။) ယင်းပဥ္စ (လ) မဏ္ဍေဟိကို အဘယ်ကြောင့် (ဘယ်အကျိုးကိုမျှော်ကိုး၍) ဆိုပါသနည်း။ မဟာတာဘိက္ခုသံဃေနဖြင့်ပင် ပြီးကောင်းသည် မဟုတ်လော- ကြောင့် စ-ဝါကျမိန့်။

ကား-စ ဝါကျဖြင့် ပဥ္စမဏ္ဍေဟိ ဘိက္ခုသတေဟိဖြင့် မဟာတာဘိက္ခုသံဃေန၌ များစွာသော ရဟန်းအပေါင်း၏ သချာမဟတ္တ (အရေအတွက်အားဖြင့်များသည်၏အဖြစ်)ကို ပြလိုသောကြောင့် (မဟာတာဘိက္ခုသံဃေနဟူသည်ရဟန်းငါးရာတောင်မှပဲဟု ရဟန်းအရေအတွက်ကို တိတိကျကျ သိစေချင်သောကြောင့် ) ပဥ္စမဏ္ဍေဟိ ဘိက္ခုသတေဟိကို ဆို၏ဟု ငါပြဆို၏ဟူလို။

http://www.dhammadownload.com



**တစ်နည်း။** ထပနာတူပြီ။ မဟတာ၏ သချာမဟတ္တ အဖြစ်ကို အဘယ်ကြောင့်သိရသနည်း ကြောင့်စ-ဝါကျမိန့်။

ကား-ပဋ္ဌ(လ)မတ္တေဟိသဒ္ဒါဖြင့် ပြသောကြောင့် သိရ၏ဟူလို။

**မှတ်ချက်။** ဧတေန, တေန ဒဿေတိ, ဒီပေတိ, ဒဿိတံ စသောဝါကျမျိုးကို။ လဒ္ဓဂုဏဝါကျများဟု ကိန်းသေမှတ်ထားပါ။ ယင်းဝါကျ မျိုးကို ၁။ အကြောင်းဖြင့် အကျိုးကို ပြရာ။ ၂။ အကျိုးဖြင့် အကြောင်းကိုပြရာတို့၌ရေးသားသည်။ ၁။ အကြောင်းဖြင့် အကျိုးပြရာ၌ ဆိုလတ္တံ့ပုံစံကိုမှတ်သားပါ။ " ပဋ္ဌမတ္တေဟိ ဘိက္ခုသတေဟိ " ဟူသော သဒ္ဒါ- ဝါစက- အကြောင်းဖြင့်မဟတာ၏ သချာမဟတ္တဟူသော အနက် ဝါစ္စ=အကျိုးကိုသိစေလိုသဖြင့် ဤ စ-ဝါကျကိုရေးသည်။ ( ကြောင်းဖြင့် ကျိုးပြ=ကာရဏူပစာတည်း။)

၂။ အကျိုးဖြင့် အကြောင်းကိုပြရာ၌ကား ဆိုလတ္တံ့ ပုံစံကို မှတ် သားပါလေ။

ယထာတန္တိတ္တေ တန္တိ နိပါတမတ္တံ၊ ယထာ ယုဝါယုဝတိန္တိ အတ္ထော။ ဧတေန ဩဘာသနေ နိရာသက်ဘာဝံ ဒဿေတိ။ ကခ်ါ၊ ၄။ ၁၂၉။

ဧတေန၊ ယထာယုဝါယုဝတိ ဟူသောပါဌ်ဖြင့်။ ဩဘာသနေ၊ ၌။ နိရာသက်ဘာဝံ၊ ရွံရှာခြင်း (ကြောက်ရွံ့ခြင်း) ကင်းသည်၏ အဖြစ်ကို။ ဒဿေတိ၊ ပြ၏ဟုအနက်ပေး။ ဧတေနစွဲသော ယုဝါယုဝတိ အရ ဒုဋ္ဌုလ္လ ဝါစာကားအကျိုးတရား၊ ယင်းစကားမျိုး ပြောရဲဖို့အတွက် ရာဂစိတ်ရှိမှ ဖြစ်နိုင်သည်။ နိရာသက်ဘာဝအရကား ရာဂစိတ်ဟူသော အကြောင်းတည်း။ ယုဝါယုဝတိ ဟူသော အကျိုးဒုဋ္ဌုလ္လဝါစာဖြင့် နိရာသက်ဘာဝ ဟူသော အကြောင်းရာဂစိတ်ကိုပြခြင်းကိုပင် ကျိုးဖြင့် ကြောင်းပြ (ဖလူပစာ) ဟု ဆိုသည်။ ဤသို့ ဧတေနချီသော ဝါကျမျိုးသည်လည်း လဒ္ဓဂုဏ်ပင်တည်း။

* ဒဿေတိ၊ ဒီပေတိ၊ ကျမ်း၌ရှိက၊ လဒ္ဓဂုဏ်၊ ကြောင်းဖြင့်ကျိုးပြ၊

ကြောင်းပြကျိုးနေရှိရိုးပေ။ **(တွင်းကြီး)**

http://www.dhammadownload.com



## ● ဓာတုပစ္စယာဒိဝိဘာဂ

**မတ္တ** = မာဓာတ် + တပစ္စည်း။ ပမာဏ = ပ+မာ+ယု။

ပဌမတ္တေဟိကား ဘိက္ခုသတေဟိ လိင်သို့လိုက်၍ နပုလ္လိင်၊ စိတ္တာဒီ။ (သတ်စအုံး၊ သချော်ဆုံး၊ နပုံး ၂-ပါးဝှစ်။) သမာသ်ပဌမတ္တတည်း။ ပဌမတ္တာ ဝေသန္တိ၌ ပဌမတ္တာကား ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ ဝါကျ = ဗျာသ ပဌမတ္တံဟု ပဌမတ္တာ ၂-ပါး၏ လိင်ထူးခြားပုံကိုသတိပြုပါ။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ပဌမတ္တကို ယင်းဝါကျအတိုင်း စတုတ္ထီ ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထ ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ, သမာသလိင် ပဒတ္ထ။)

ခ-ဝါကျ၌ ပမာဏဖြင့် မတ္တသဒ္ဒါသည် ဣဿရိယ, အက္ခရာဝယဝ, အပ္ပကအနက်တို့ကိုမဟော၊ ပမာဏအနက်ကို ဟောသည်ဟုသိစေသည်။ (နာမလိင်တ္ထ။)

**တစ်နည်း။** ပမာဏဖြင့် မတ္တသဒ္ဒါသည် ယင်းအနက်တို့ကိုဟောသော်လည်း ဤ၌ပမာဏအနက်ကို အလိုရှိအပ်၏ဟု သိစေသည်။ (အဓိပ္ပေတတ္ထ သံဝဏ္ဏနာ သမယအဖွင့်အာဘော်ပြန်ကြည့်၍ အကျယ်ဖော်လေ။)

† ပမာဏိဿရိယေ မတ္တာ၊ အက္ခရာဝယဝပ္ပကေ။ ဓာန်။ ၈၁၅။

ဂ-ဝါကျ၌ မတ္တံဇာနာတိဖြင့် မတ္တညုပုဒ်ကို မတ္တံ ဇာနာတိ သိလေ နာတိ မတ္တညူဟု ကတ္တုသာဓနကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁] ရု-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ, သမာသလိင်ပဒတ္ထ။ ၂။ ပစ္စယတ္ထ။

**မှတ်ချက်။** ဃ-ဝါကျဘိက္ခုသတာနံ ကို ဆဋ္ဌီတပ္ပုရိသ်တွဲဟုပြသည်။ ပဒါဝဓိကန္တ ဆွေဒနတည်း။ င=ဝါကျကား ဝါကျာ ဝဓိကန္တ ဒန္တ သောဓနတည်း။ ဝေရှုဝကာအဖွင့်ပြန်ကြည့်ပါ။

http://www.dhammadownload.com



## ● ပါဌ်ဝိနိစ္ဆယ

**ပဉ္စပမာဏံ။ ပဉ္စပမာဏာ။** ပုနပဉ္စမတ္တာ ပဉ္စပမာဏာတိ ဗျာသော၊ နိကာရလောပေါစေတ္ထ နပုံသကလိင်္ဂတ္တာ ဟု သီ၊ ဋီ၊သစ်။ ၁၈၃-၌ ဖွင့်ပြသည်။ ယင်းအလို ဂ-ဝါကျပဉ္စမတ္တာ ဟူသော ဣတ္ထိလိင် ဗဟုဝုစ်ပုဒ်ကို ပဉ္စပမာဏာနိဟု နပုလ္လိင် ဗဟုဝုစ်ဖြင့်ဖွင့်၍ "နိ"အက္ခရာ ကျေနေသဖြင့် ပမာဏာဟု အာကာရန္တ ရှိသည်ဟုဆိုလို၏။ ထိုကြောင့် ပဉ္စပမာဏာပါဌ်သင့်သည်။

မအူ၊ သျ-၌ မတ္တာဟူသော ဣတ္ထိလိင်ဗဟုဝုစ်ကိုပမာဏံဟုနပုလ္လိင် ဧကဝုစ်ဖြင့်ဖွင့်ပြသည်ဟုဆိုသည်။ ထို့ကြောင့် ယင်းအလို ပဉ္စပမာဏံပါဌ်သင့်သည်။

---

## ● နည်းနှင့်ဥပစာ

အကြောင်းဖြစ်သော ပဉ္စမတ္တေဟိဘိက္ခုသတေဟိ သဒ္ဓိ၏ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိဟူသော အမည်ကို အကျိုးဖြစ်သော သင်္ဃာမဟတ္တ၌ တင်စား၍ အကျိုးဖြစ်သော သင်္ဃာမဟတ္တကို ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ ဟုဆိုသောကြောင့် ကာရဏူပစာမည်၏။ (နာနန္တ ရိကနည်း။)

**မှတ်ချက်။** ကာရဏူဖြစ်ပုံကိုနံပါတ် ၃=၂-အဖြေ၊ မှတ်ချက်နှင့် ယှဉ်ကြည့်ပါ။ ဃ-ဝါကျ၌ ဘိက္ခုသတာနိပုဒ်ကို အဘေဒဘေဒူပစာရပုံနှင့် ဃ-ဝါကျဒဏ္ဍ ဓွေဒနည်း င=ဝါကျဒဏ္ဍ သောဓနနည်း ရပုံကိုလည်း သတိပြုရာ၏။ သိတန်လောက်၍ အကျယ်မရေးတော့ပြီ။

---

(က) အသောသိတိ သုဏာ၊ ၁။ ဥပလဘိ၊ ၂။ သောတ (လ) အညာသိ။

(ခ) ခေါတိ ပဒပူရဏမတ္တေ။

(ဂ)အဝဓာရဏတ္တေဝါ နိပါတော။

(ဃ) တတ္ထအဝဓာရဏတ္တေန(လ)ဝေဒိတဗ္ဗော။

(င) ပဒပူရဏေန ပန ဗျဉ္ဇနသိလိဋ္ဌတာမတ္တမေဝ။ ဋ္ဌ။ ၈၃။

http://www.dhammadownload.com



## ● အနက်ယောဇနာ

အသောသိ၊ ကြားပြီ၊ ဝါ=ရပြီ (ကြားရပြီ)။ သဒ္ဒတ္ထ။ သောတဒွါရ သို့ရောက်သော စကားသံကို အစဉ်လျှောက်၍ အောက်မေ့သဖြင့် သိပြီ (အဓိပ္ပါယတ္ထ)။ သုဏာတိစသော သံဝဏ္ဏနာနှင့်အညီ အနက်ပေးပုံတည်း။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဂ-၂-ဝါကျကား ပက္ခန္တရဝါကျ။ က-ဝါကျကား ပက္ခ။ (က-ဝါကျတွင် ဥပလဘိကား သုဏာတိ၏အကျယ်ဖွင့် ဝိဂ္ဂဟရ၊ သောတ (လ) အညာသိကား သုဏာဥပလဘိတို့ အဓိပ္ပါယတ္ထအကျယ်ဖွင့် ဝိဂ္ဂဟရ ဝါကျတည်း။ ၆-အာဘော်နှင့်ယှဉ်ကြည့်ပါ။)

### က-ဝါကျ၌ ၁-မှ ၂-သို့ကျမ်းတက်

ဤသို့ဥပလဘိဖြင့် ရပြီဟု ဖွင့်ပြပြီး၍ ယခုအခါ၌ ရခြင်းဟူသည် ကြားခြင်း၏အစွမ်းဖြင့် ရခြင်း၊ ဝါ-သိခြင်းပင် တည်းဟူသော အနက်ကို ပြလိုရကား ၂-ဝါကျမိန့်။ သာရတ္ထ၊ ၁၊ ၂၁၂။

ဂ-ဝါကျကား ပက္ခန္တရဝါကျ။ ခ-ဝါကျကား ပက္ခဝါကျ။

### ခ-ဝါကျ ကျမ်းတက်

ဤသို့ က-ဝါကျဖြင့် အသောသိသဒ္ဒါ၏ သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ တို့ကို ပြပြီး၍ ယခုအခါ၌ "သဗ္ဗမ္ပိ ဝါကျံအဝ္ဓောဂဓာဝဓာရဏံ" ဟူသည်နှင့် အညီ အသောသိသဒ္ဒါသည်ပင် "အသောသိဝေနာဿကောစိ သဝနန္တရာ ယော အဟောသိ" ဟု အဝဓာရဏ အကျိုးရှိသောကြောင့် ခေါ်သဒ္ဒါကား ပဒပူရဏတည်းဟုပြလိုရကား ခ=ဝါကျမိန့်။ သာရတ္ထ၊ ၁၊ ၂၁၂။ ပါရာ၊ ဂ၊ သစ်၊ ၁။ ၃၆၂။

**တစ်နည်း။** ဤသို့ (လ) ပြပြီး၍ (ပုဗ္ဗာနုသန္ဓေတူပြီ) ယခုအခါ၌ " သဒ္ဒန္တရတ္ထာပေါဟန ဝသေန သဒ္ဒေါ အတ္ထံ ဝဒတိ " ဟူသည်နှင့် အညီအသောသိသဒ္ဒါသည်ပင် နောန အသောသိဟုအညတ္ထာ ပေါဟန

http://www.dhammadownload.com



အနက်ရှိသောကြောင့် ခေါသဒ္ဒါကား ပဒပူရဏဟုပြလိုရကား ခ-ဝါကျမိန့်။ ပါရာ၊ ဂ၊ သစ်၊ ၁။ ၃၆၂။

## ဂ-ဝါကျ ကျမ်းတက်

ဤသို့ ခ-ဝါကျဖြင့် ခေါ သဒ္ဒါသည် ပဒပူရဏမျှ နိပါတ်ဟုပြပြီး၍ ယခုအခါ၌ ခပ်သိမ်းဝါကျသည် အဝဓာရဏအတွင်း ဝင်သော်လည်း လိုအပ်သောအနက်မှ ပိုင်းခြားအနက်ရှိ၏ဟု ပြလိုရကား ဂ=ဝါကျမိန့်။ သာရတ္ထ၊ ၁။ ၂၁၂။

**တစ်နည်း။** ဤသို့ ခ-ဝါကျဖြင့် (လ) ပြပြီး၍ ယခုအခါ၌ အသော သိသဒ္ဒါသည် နော န အသောသိဟု အညတ္ထာပေါဟန အနက်ရှိသော်လည်း လိုအပ်သော အနက်မှ ပိုင်းခြားခြင်း (ဣဋ္ဌတောဝဓာရဏ) အနက်ရှိ၏ဟု ပြလိုရကား ဂ-ဝါကျမိန့်။ ပါရာ၊ ဂ၊ သစ်၊ ၁။ ၃၆၃။

ဃ-င ဝါကျတို့ကား ဝိတ္ထာရဝါကျ။ ခ-ဂ ဝါကျတို့ကား သခေပ။ (ဃ-ဝါကျဖြင့် ဂ-ဝါကျကိုချဲ့။ င-ဝါကျဖြင့် ခ-ဝါကျကိုချဲ့. **ပစ္စာသတ္တိ** နည်းဖြင့် အနီး ဂ-ဝါကျမှ စချဲ့သည်။)

## င-ဝါကျ ကျမ်းတက်

ဆရာ၊ ဃ-ဝါကျဖြင့် အဝဓာရဏအနက်ရှိသော ဝေသဒ္ဒါဖြင့် အသောသိဝေ၊ နာသ ကောစိ သဝနန္တရာယောဟု ဣဋ္ဌတော အဝဓာရဏ အကျိုးကို ဆိုတော်မူ၏။ အဝဓာရဏအနက် ရှိသော ဝေသဒ္ဒါဖြင့် ဣဋ္ဌတောဝဓာရဏ အကျိုးရှိခဲ့သော် ပဒပူရဏအနက်ရှိသော ခေါ သဒ္ဒါဖြင့် အဘယ်အကျိုး ရှိပါသနည်း၊ ယင်းခေါ သဒ္ဒါဖြင့် ပြအပ်သော အကျိုးကို မပြပြီလော-ကြောင့် င-ဝါကျမိန့်။ အဓိပ္ပာယ် ဘာသာပြန်လေ။ သာရတ္ထ၊ ၁။ ၂၁၂။

---

## ● ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ပဒပူရဏေန။** ပဒဿ ပူရဏံ ပဒပူရဏံ (အစိတ်ဝိဂ္ဂဟ)။ ပဒ ပူရဏံ အတ္ထော ဧတဿာတိ ပဒပူရဏံ။ (အပေါင်းဝိဂ္ဂဟ။ အတ္ထကျေ

http://www.dhammadownload.com



သည်။) တေသံ ခေါ် သဒ္ဒသာ၊ ထိုခေါ်သဒ္ဒါအား။ ပဒပူရဏံ၊ ပုဒ်၏ပြည့်ခြင်း ဟူသော။ အတ္ထော၊ အနက်သည်။ အတ္ထိ၊ ၏။ ပဒပူရဏံ။ ပဒပူရဏ+အတ္ထ+တေ။ တဂ္ဂုဏသံဝိညာဏ စတုတ္ထီ ဗဟုဗ္ဗီဟိ။

ပဒပူရဏအတ္ထ-ကား ပုဒ်၏ ပြည့်ခြင်း အနက်သည်မှချ။ ယင်း၏ ခေါ်သဒ္ဒါနှင့်ဂုဏ် ဂုဏောစပ်-ဌာန။ တေအရကား ပုဒ်၏ပြည့်ခြင်း အနက်ရှိသော ခေါ် သဒ္ဒါရ၏။

**မှတ်ချက်။** ဤဝိဂ္ဂဟကား ပါရာ၊ ဂံ၊ သစ်၊ ၁။ ၃၆၃-ဝိဂ္ဂဟတည်း။ အတ္ထအကျေကြံသဖြင့် နည်းလေးဆယ် နိရုတ္တိနည်း ငါးမျိုးတွင် ဝဏ္ဏလောပ နိရုတ္တိနည်းရသည်။ မအူသျှဒ္ဒ ပဒပူရဏမတ္တေ ဟူသော အကျဉ်းစကားကို ထောက်၍ ပဒသ ပူရဏံ ပဒပူရဏံဟု ဝိဂ္ဂဟပြု၏၊ သင့်သည်ပင်။

## ● တတုပစ္စယာဒိဝိဘာဂ

**အန္တရာယော။** အန္တရသဒ္ဒူပပဒ + ဣဓာတ် + အပစ္စည်း။ တံ တံ သမ္ပတ္တိယာ (ထိုထို စည်းစိမ်ကို) ဝိနိဗန္ဓနဝသေန (တားမြစ်ခြင်း၏ အစွမ်းဖြင့်) သတ္တသန္တာနသ (သတ္တသန္တာန်၏) အန္တရေဝေမဇ္ဈေ (၌) ဧတိ အာဂစ္ဆတီတိ အန္တရာယော။ ဒိဋ္ဌဓမ္မိကာဒိ အနတ္ထော (မျက်မှောက်၌ ဖြစ်သော အကျိုးမဲ့ စသည်) သာရတ္ထ၊ ၁။ ၈၈။

**သိလိဋ္ဌ။** သိလိသဓာတ်+တ ပစ္စည်း။ (သာဒိသန္တ သုတ်ဖြင့် စီရင်။)

## ● အာဒေါ်နှင့်သံဝဏ္ဏနာ

က-ဝါကျ၌ သုဏိဖြင့် အသောသိကား အသဓာတ် ပဋိသေဓ အ, အက္ခရာနှင့်သိဝိဘတ်မဟုတ်၊ သုဓာတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အဈတ္တနိ ဤဝိဘတ်၏ အဖြစ်ကိုလည်းကောင်း[၂]၊ အ-အက္ခရာ သ အက္ခရာတို့၏ အာဂုံ၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဓာတုပဒ။ ၂။ ဒုတိယဝိဘတ္တိပဒ။ ၃။ ဘာဝတ္ထ။

http://www.dhammadownload.com



က-၁ ဝါကျဖြင့် သုဏိဳ သုဓာတ်သည် ပသဝန, ဟိံသနအနက်တို့ကို မဟော၊ ရခြင်း (ဥပလဘန) အနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)။ ဆင်တဲဂဏ္ဌိ။ ၁၅၉။ အာဘော်။

**တစ်နည်း။** သုဏိ, ဥပလဘိဖြင့် ကြား၏ (အသောသိ) ဟူသည် ကြားခြင်း, ရခြင်း (ကြားရခြင်း) ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)။

† အသောသိတိ ဧတ္ထ သဝနဥပလဗ္ဘောတိ အာဟ "အသောသီတိ သုဏိ ဥပလဘီ"တိ။ သာရတ္ထ၊ ၁။ ၂၁၂။

က-၂ဖြင့် ရ၏ဟူသည် ထင်ရှားရှိသော ဝတ္ထုကိုရသကဲ့သို့မဟုတ်၊ သိခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၁], သိခြင်းသည်လည်း မနောဒွါရဖြင့် ဆင်ခြင်တွေးဆ၍ သိခြင်းမျိုး မဟုတ်၊ သောတဒွါရသို့ ရောက်သော စကားသံသို့ အစဉ်လျှောက်၍ အောက်မေ့သဖြင့် သိခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၁။ ဘာဝတ္ထ။

ခ-ဝါကျ ပဒပူရဏမတ္တေဖြင့် ခေါ သဒ္ဒါ ပဒပူရဏ အနက်ဟောတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

ဂ-ဝါကျဖြင့် ခေါသဒ္ဒါ၏ နိပါတ်၏အဖြစ်ကိုလည်းကောင်း[၁]၊ (နိပါတောဖြင့်ပြ) အဝဓာရဏ အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။

---

## ● ပါဌ်ဝိနိစ္ဆယ

**ပဒပူရဏသိလိဋ္ဌတာမတ္တ။ ဗျဉ္ဇနသိလိဋ္ဌတာမတ္တ။** ပါရာ၊ ယော၊ ၅၃-၌ ပဒဗျဉ္ဇနာနံ သိလိဋ္ဌော ပဒဗျဉ္ဇန သိလိဋ္ဌော၊ ပဒဗျဉ္ဇနသိလိဋ္ဌဿ ဘာဝေါ ပဒဗျဉ္ဇနသိလိဋ္ဌတာ၊ ပဒဗျဉ္ဇနံ သိလိဋ္ဌတာဝေ မတ္တံ ပဒဗျဉ္ဇန သိလိဋ္ဌတာ မတ္တံ (လ) ဒွိကာယံ ပန ပဒပူရဏေန ဗျဉ္ဇနသိလိဋ္ဌတာ မတ္တမေဝါတိ ပါဌော ဒိဿတိ-ဟု ဆိုသည်၊ ထို့ကြောင့် ၂-ပါဌ်သင့်။

---

(က) ဝေရဉ္ဇာယံ ဇာတော။

(ခ) ဝေရဉ္ဇာယံ ဘဝေါ။

http://www.dhammadownload.com



(ဂ) ဝေရဉ္စာ ဝါ အဿ နိဝါသောတိ ဝေရဉ္စော။

(ဃ) မာတာပိတူဟိ ကတနာမဝသေန ပနာယံ ဥဒယောတိ ဝုစ္စတိ။ ဋီ။ ၈၃။

## ● ဝါကျခွဲနှင့် ကျမ်းတက်

ခ-ပက္ခန္တရ။ က-ပက္ခ။ ဂ-ပက္ခန္တရ။ ခ-ပက္ခ ဟု အဆင့်ဆင့်ခွဲ။

ဃ-ဝါကျကား ပက္ခန္တရဝါကျ။ က-ခ-ဂ ဝါကျ တို့ကား ပက္ခ ဝါကျ။

**မှတ်ချက်။** က-ခ-ဂ ဝါကျတို့ဖြင့် ဝေရဉ္စောပုဒ်၏ သဒ္ဒတ္ထကိုပြပြီး နောက် ငယ်နာမည် ပြလို၍ ဃ-ဝါကျတက်လာသည်။ အမည်တစ်မျိုးဖြစ်၍ အထက်ပါအတိုင်းခွဲသည်။

**တစ်နည်း။** ဃ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ က-ခ-ဂ ဝါကျ တို့ကား အာရဒ္ဓဝါကျ။

**မှတ်ချက်။** က-ခ-ဂ ဝါကျတို့ဖြင့် ဒေသစွဲအမည်ကို ပြသည်။ ပါဠိတော်၌ ဝေရဉ္စော ဗြာဟ္မဏောသာရှိရာ ပုဏ္ဏား၏ငယ်နာမည်ပျောက် နေသည်။ ဒေသစွဲအမည်ကိုသာဖွင့်၍ ငယ်နာမည်ကို မဖွင့်ပြလျှင် ပုဏ္ဏား ၏ ငယ်နာမည်ကား မည်သူနည်းဟု စောဒနာဖွယ်ရှိသဖြင့် ယင်း စောဒနာကို ပယ်ချလိုရကား ဃ-ဝါကျတက်လာရသည်။ ထို့ကြောင့် ဃ-ဝါကျကို ဝါကျာရမ္ဘဟု ဆိုခဲ့သည်။ နောက်နည်းပို၍ ကောင်းသည်။ "ဒေသကိုစွဲ၍ **ဝေရဉ္စဟု** နာမည်ရသော် ယင်း၏ ငယ်နာမည်ကား အဘယ်သူနည်း။ ငယ် နာမည်ကို မပြပြီလော်" ဟု ကျမ်းတက်လေ။ ပါရာ၊ ဂံ၊ သစ်။ ၁။ ၃၆၄။

## ● အာဘောဂ်သံဝဏ္ဏနာ

က-ဝါကျဖြင့် ဝေရဉ္စောပုဒ်ကို ဝေရဉ္စာယံ ဇာတော ဝေရဉ္စော ဟု ဇာတတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏ အပြစ်ကိုလည်းကောင်း[၁]၊ ဏပစ္စည်း၏ ဇာတတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** ခ-ဂ ၂-ဝါကျဖြင့် ဘဝတဒွိတ်၊ နိဝါသတဒွိတ် ပြသည်။ က-အတိုင်း အာဘော် ၂-ချက် သံဝဏ္ဏနာ ၂-ချက် ဖော်လေ။ လွယ်သဖြင့် ဉာဏ်မကောက်တော့ပြီ။

---

## နည်းနှင့်ဥပစာ

**ဝေရဉ္ဇော။** ဌာနဖြစ်သောဝေရဉ္စာမြို့၏ဝေရဉ္စာအမည်ကို ဌာနီဖြစ်သော ပုဏ္ဏားဌ တင်စား၍ ဌာနီဖြစ်သော ပုဏ္ဏားကို ဝေရဉ္စဟု ခေါ်သော ကြောင့် ဌာနူပစာ။ (နာနတ္တ ရိကနည်း။)

---

(က) ဗြဟ္မံ အဏာတီတိ ဗြာဟ္မဏော။

(ခ) မန္တေ သဇ္ဈာယတီတိ အဇ္ဈော။

(ဂ) ဣဒမေဝ ဟိ ဇာတိဗြာဟ္မဏာနံ နိရုတ္တိဝစနံ။

(ဃ) အရိယာ ပန ဗာဟိတပါပတ္တာဗြာဟ္မဏာတိ ဝုစ္စန္တိ။ ဌ။ ၈၃။

## အနက်ယောဇနာ

ခ-မန္တေ၊ ဗေဒင်တို့ကို။ သဇ္ဈာယတိ၊ သရဇ္ဈာယ်တတ်၏။ ဣတိအယံ၊ ဤသည်ကား။ အဇ္ဈော၊ ဗြဟ္မအဏာတိပုဒ်တို့၏ (သမ္ဗန်) အနက်တည်း။ **(အတ္ထသော** နည်းဖြင့် အဇ္ဈောသမ္ဗန်ထည့်၍ အနက်ပေးပုံ။) **တစ်နည်း။** မန္တေ၊ တို့ကို။ သဇ္ဈာယတိ၊ ၏။ ဣတိအယံ၊ ကား။ ဗြဟ္မံအဏာတီတိ ပဒါနံ၊ ဗြဟ္မံအဏာတိပုဒ်တို့၏။ အဇ္ဈော။ အနက်တည်း။ **(ပါဠိသော** နည်းဖြင့် အဇ္ဈောသမ္ဗန်ထည့်၍အနက်ပေးပုံ။)

* သံဝဏ္ဏနာ၊ အဇ္ဈောပါမူ၊ သဒ္ဒါသံဝဏ္ဏေတဗ္ဗ၊ ဝါစကသည်၊ မုချသမ္ဗန်ခံမြဲတည်း။ (ဘုရားကြီး)

---

## ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ က-ဝါကျကား သင်္ခေပ ဝါကျ။

**မှတ်ချက်။** ခ-ဝါကျဖြင့် က-ဝါကျ၌ ဗြဟ္မသဒ္ဒါ၏ဗေဒင် (ဝေဒ) အနက်ငုပ်ကိုလည်းကောင်း၊ အဏဓာတ်၏အသံ(သဒ္ဒ)အနက်ငုပ်ကိုလည်း

http://www.dhammadownload.com



ကောင်း ဖော်ထုတ်ပြသည်။ အနက်ငုပ်တို့ ဖော်ထုတ်ပြသောကြောင့်။ ငုပ်ကျဉ်းကား ချဲ့။ စည်းကမ်းအရ ခ-ဝါကျ ဝိတ္ထာရဖြစ်သည်ဟု မှတ်သားရာ၏။ ဝါကျအဆုံး၌ "ဣတိအတ္ထော" ဟု အဆုံးသတ်ထားသည်ဖြစ်၍ ဝါကျသင်္ကေတအားဖြင့်လည်း ဝိတ္ထာရဖြစ်ကြောင်းသိသာပါသည်။ မှန်၏။ ဝိတ္ထာရဝါကျများ၌ ဣတိအဓိပ္ပာယော၊ ဣတိအတ္ထောဖြင့် အဆုံးသတ်ထားတတ်ကြောင်း ရေးခဲ့ပြီ။

ဂ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ က-ဝါကျသည် ယုတ္တိဒဋ္ဌိယဝါကျတည်း။

**မှတ်ချက်။** ယုတ္တိဒဋ္ဌိကရဏဝါကျအမည်ရလျှင် ကာရဏဝါကျအမည်လည်းရနိုင်သည်။ ကာရဏဝါကျအမည်ရတိုင်းကား ယုတ္တိဒဋ္ဌိကရဏအမည်မရ။ အပြန်အလှန်မရဟုဆိုလိုသည်။ ထို့ကြောင့် ဂ၊ သစ်၌ ယင်းဝါကျကို ကာရဏတက်၊ တက်ထားသည်။

## ဂ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဗြဟ္မံအဏာတီတိ ဗြာဟ္မဏောဟူသော ဝိဂြိုဟ်သဒ္ဒါကိုဆို၏။အဘယ်ကြောင့် ယင်းဗြဟ္မံ အဏာတီတိ ဗြာဟ္မဏော ဟူသော ဝိဂြိုဟ်သဒ္ဒါကိုသာ ဆိုသနည်း။ ဗြဟ္မတော ဇာတော ဗြဟ္မဏော၊ ဗြဟ္မုနော အပစ္စံ ဗြာဟ္မဏောစသည်ဖြင့် ဗြာဟ္မဏသဒ္ဒါ၏ ဝိဂြိုဟ်သဒ္ဒါများစွာရှိသည်မဟုတ်လော-ကြောင့် ဂ-ဝါကျမိန့်။

ကား ဂ-ဝါကျဖြင့် ဗြာဟ္မဏ သဒ္ဒါ၏ ဝိဂြိုဟ် သဒ္ဒါများစွာရှိသော်လည်း ဤဗြဟ္မံအဏာတီတိ ဗြာဟ္မဏော ဟူသော ဝိဂြိုဟ်သဒ္ဒါသည်သာလျှင် ဇာတိဗြာဟ္မဏတို့၏ဝိဂြိုဟ်သဒ္ဒါ ဖြစ်သောကြောင့် ယင်းဝိဂြိုဟ်သဒ္ဒါကို သာလျှင် က-ဝါကျ၌ ငါပြဆိုခဲ့၏ဟူလို၊

**မှတ်ချက်။** ဤ၌ ဂ၊ သစ်၊ သာရတ္ထတို့လာတိုင်း ကျမ်းတက်လိုက်သည်။ ယုတ္တိဒဋ္ဌိတိုင်း တက်နိုင်သောနည်းကို ဗာဟိရနိဒါန်းအဖွင့်၌ ရေးခဲ့ပြီ။

* ယုတ္တိဒဋ္ဌိ၊ တွေ့ကြုံရှိ၊ ကြံဘိကာရဏ။ (သစ်)

† ဣမေဝေဟီတိ *အဝဓာရဏေန ဗြဟ္မတော ဇာတောတီအာဒိကံ နိရုတ္တိံ ပဋိက္ခိပတိ။ သာရတ္ထ၊ ၁။ ၂၁၃။

http://www.dhammadownload.com



ဃ-ဝါကျကား ပက္ခန္တရဝါကျ။ က-ဝါကျကား ပက္ခဝါကျ။ (ဃ-ဝါကျသည် ဇာတိဗြာဟ္မဏ၏ဝိဂြိုဟ်သဒ္ဒါဟူသောအဖို့=ပက္ခမှ တစ်မျိုးတစ်ပါးသော ဝိသုဒ္ဓိဗြာဟ္မဏ၏ဝိဂြိုဟ်သဒ္ဒါကို ပြသောကြောင့် ပက္ခန္တရဝါကျတည်းဟု အကြောင်းပြ၍လည်းခွဲလေ။)

**မှတ်ချက်။** က-ဖြင့် ပါဠိတော်လာဇာတိဗြာဟ္မဏ၏ ဝိဂြိုဟ်ကိုပြပြီးနောက် ဗြာဟ္မဏသဒ္ဒါချင်းဆက်နွယ်နေသော ဝိသုဒ္ဓိဗြာဟ္မဏသဒ္ဒါ၏ဝိဂြိုဟ်ကို စပ်မိစပ်ရာ ဖော်ပြလိုသောကြောင့် ဃ-ဝါကျတက်လာသည်ဟု ကြံလိုသည်။ သို့ကြံလျှင် ဃ-ဝါကျကား ဝါကျာရမ္ဘ။ ဤကား **နောတက္က** မျှသာတည်း။

## ဃ-ဝါကျ ကျမ်းတက်

ဤသို့ က-ဝါကျဖြင့် ဇာတိဗြာဟ္မဏ၏ ဝိဂြိုဟ်သဒ္ဒါကိုပြပြီး၍ ယခုအခါ၌ ဝိသုဒ္ဓိ (အရိယာ) ဗြာဟ္မဏ တို့၏ ဝိဂြိုဟ်သဒ္ဒါကို ပြလိုရကားဃ-ဝါကျမိန့်။

† ဣဒါနိ တတ္ထ ဝိသုဒ္ဓိဗြာဟ္မဏာနံ နိရုတ္တိံ ဒဿေန္တော အာဟ "အရိယာပနံ" တိ အာဒိ။ သာရတ္ထ၊ ၁။ ၂၁၃။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ဗြာဟ္မဏာ။** ဗာဟိတ်သု ပါပါနီတိ ဗြာဟ္မဏာ။ ယေအရိယာ၊ တို့သည်။ ပါပါနိ၊ တို့ကို။ ဗာဟိတ်သု၊ပယ်သတ်ကုန်ပြီ။ ဣတိ တေ အရိယာ ဗြာဟ္မဏာ။ ဗာဓ = (ဝါရဏဗျာဃာတေသု။ ဓာတွတ္ထ) ဓာတ် + ယု ပစ္စည်း။ စုရာဒိဂိုဏ်း။

ဗာဓဓာတ်အရကား အရိယာပုဂ္ဂိုလ်တို့၏ ပဋိပဿဒ္ဓပဟာနသတ္တိရှိသောဖိုလ်စိတ်သည်မုချ။ရှေးရှေး၌ဖြစ်သော သမုစ္ဆေဒ ပဟာန သတ္တိရှိသောမဂ်စိတ်သည်ဖလူပစာ။ နောက်နောက်၌ ဖြစ်သော ဖလသမာပတ္တိစသည်သည်ကာရဏူပစာ။ ယုပစ္စည်းအရကား ထိုမုချ ဖလူကာရဏူပစာတို့ဖြင့် မှတ်အပ်သော အရိယာပုဂ္ဂိုလ်တို့ဟူသော ဝိသုဒ္ဓိဗြာဟ္မဏတို့ဒြဗ်ရ၏။

http://www.dhammadownload.com



## ဝိဂ္ဂဟမှတ်ဖွယ်များ

**ဗြဟ္မ။** ဗြဟတိ ဝုဍ္ဎိံ ဂစ္ဆတီတိ ဗြဟ္မာ။ (ဗြဟ + မ) ဥပရူပရိဗြူ ဟတီတိ ဗြဟ္မာ။ (ဗြူဟ+မ) သူစိ။

**ဇာဟိတပါပ။** ဇာဓိယိတ္ထာတိ ဇာဟိတံ။ ဇာဟိတံ ပါပံယေဟီတိ ဇာဟိတပါပါ။ (ယေဟိအရိယေဟိ၊ တို့သည်။ ပါပံ ကို။ ဇာဟိတံ၊ ပယ် သတ်အပ်ပြီ။)

**မန္တာ။** မန္တီယန္တေ ဂုတ္တံ ကတွာ ဘာသိယန္တေတိ မန္တာ။ ယေ ဣရုဝေဒါဒယော၊ အကြင်ဣရုဗေဒင်စသည်တို့ကို၊ မန္တီယန္တေ = ဂုတ္တံ ကတွာ ဘာသိယန္တေ၊ လုံခြုံစွာဆိုအပ်ကုန်၏။ဣတိ တေ၊ မန္တာ။ (သာရတ္ထ ၁။ ၂၁၃။ ဝိဂြိုဟ်ပြအတိုင်း ဝိဂြိုဟ်စစ်ပြသည်။ မန္တ = ဂုတ္တ ဘာသနေ။ ဓာတ်ကျမ်း)။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ဓာတိ။** ဓေနဓာတ်+တိ ပစ္စည်း။ ဓေနုံ ဓာတိ။ သူစိ။ ဣတ္ထိလိင်, ဣကာရန္တ, ရတ္တာဒိဂိုဏ်း။

**အရိယာ။** အရသဒ္ဒူပပဒ+ဟနဓာတ်+ကွိပစ္စည်း။ ကိလေသာ ရယော ဟန္တီတိ အရိယာ။ အရိဟာဟူလိုလျက် နိရုတ္တိနည်းဖြင့် အရိယာ ပြီးသည်။ သူစိ။

---

## ● အာဘော်နှင့်သံဝဏ္ဏနာ

က—ဝါကျ၌ ဗြဟ္မံအဏာတိဖြင့် ဗြာဟ္မဏောပုဒ်ကို ယင်းသို့ ကတ္တု သာဓနကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်းကောင်း[၁]၊ အပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်း ကောင်း[၂]၊ ဗြဟ္မသဒ္ဒူပပဒ အဏဓာတ်၏ အဖြစ်ကိုလည်းကောင်း[၃]၊ ဗြဒ္ဒ အ-ကို အာဒီဃ ပြုသည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု—ပစ္စယတ္ထ။ ၃။ ဒု—ဓာတုပဒ။ ၄။ ဘာဝတ္ထ။

http://www.dhammadownload.com



ခ-ဝါကျ၌ မန္တေဖြင့် ဗြဟ္မသဒ္ဒါသည် ပိတာမဟ, ဇိန, သေဋ္ဌ စသောအနက်တို့ကိုမဟော၊ ဗေဒင်(ဝေဒ)အနက်ကိုဟောသည်၏အဖြစ်ကို လည်းကောင်း[၁]၊ ယင်းဗေဒင်၏လည်းဣရုဗေဒင်စသည်များသည်၏ အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။

**မှတ်ချက်။** ပဋ္ဌမအာဘော်အပြင် အတ္တုဒ္ဒါရတိုင်း ဖော်နေကျ အဓိပ္ပေတတ္ထလည်းဖော်နိုင်သည်။ ဗြဟ္မံကေဝုစ်ပုဒ်ကို မန္တေဗဟုဝုစ်ဖြင့် ဖွင့် သဖြင့် ဣရုစသည်ဗေဒင်ကျမ်းတွေများ၏ဟု သိနိုင်သည်။

ခ=ဝါကျ၌ သဇ္ဈာယတိဖြင့် အဇ္ဈေတိ၌ အဇ္ဈဓာတ်သည် ဂတိ, ဇိဝန အနက်တို့ကိုမဟော၊ သဒ္ဒ (အသံ) အနက်ကို ဟောသည်ဟု သိစေ သည်။ (ဓာတွတ္ထ)

**မှတ်ချက်။** ဗြာဟ္မဏော၊ ဗေဒင်ကျမ်းကို သရဇ္ဈာယ်တတ် သင်တတ် သောသူ(သဒ္ဒတ္ထ)။ ပုဏ္ဏား (ဝေါဟာရတ္ထ)ဟု သံဝဏ္ဏနာနှင့်အညီ အနက် ပေးလေ။

ဂ-ဝါကျဖြင့် ဗြာဟ္မဏောပုဒ်ကို ဗြဟ္မတော ဇာတော (ဗြဟ္မာမင်း မှဖြစ်လာသည်)ဗြဟ္မုနော အပစ္စံ (ဗြဟ္မာမင်း၏သား)စသည် ဝစနတ္ထမပြုရ၊ (ယင်းဝစနတ္ထများကား ပုဏ္ဏားများ၏ ကြွားလုံးများသာဖြစ်သဖြင့်)ဗြဟ္မံ အဇ္ဈေတီတိ ဗြာဟ္မဏော (ဗေဒင်သရဇ္ဈာယ် တတ်သောကြောင့် ဗြဟ္မဏမည်၏) ဟူသာ က-ဝါကျအတိုင်း ဝစနတ္ထပြုရမည်ဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျ၌ အရိယာပုဒ်ဖြင့် ဤ၌ဗြာဟ္မဏအရ ဇာတိဗြာဟ္မဏကို မယူရ၊ အရိယာပုဂ္ဂိုလ်ဟူသော ဝိသုဒ္ဓိဗြာဟ္မဏကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ)

ဃ-ဝါကျ၌ဗာဟိတပါပတ္တာဖြင့် ဗြာဟ္မဏသဒ္ဒါ၏ ဗာဓ ဓာတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဗာဓယိံသု ပါပါနီဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ယုပစ္စည်း၏ ကတ္တုသာဓန အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒု-ဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒု-ပစ္စယတ္ထ။

http://www.dhammadownload.com



## အာဘော်ကြံနည်းမှတ်ဖွယ်

ဃ-ဝါကျ၌ ဗြာဟ္မဏာ ဟူသော ကိတ်ပုဒ်ကို ဗာဟိတ ပါပဟု ဗဟုဗ္ဗီဟိဖြင့်ဖွင့်သည်။ "သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ဗဟုဗ္ဗီနှင့်ဖွင့်၍ပြ၊ ကတ္တုသာဓနကြံစရာ (သံဝဏ္ဏနာနိယံ) "ဗဟုဗ္ဗီဟိ၊ အဿယတ္ထိ၊ ဖွင့်၍ရှိ၊ မှတ်ဘိကတ္တုသာဓ်" (ဘုရားကြီးနိယံ)တို့အရ ကတ္တုသာဓ်ပြသည်ဟုမှတ်။

**မှတ်ချက်။** ဤ ဃ-ဝါကျ အာဘော်များကား ပါရာ၊ ဂံ၊ သစ်၊ ၁-အလိုတည်း။ သီ၊ ဋီ၊ သစ်၊ ၁၊ အလိုဆိုလျှင် ဗဟ-ဓာတ် + ယုပစ္စည်း။ ဗဟန္တိ ပါပေ ဗဟိကရောန္တီတိ ဗြာဟ္မဏာ ဟူသော ဝိဂ္ဂဟကို ပြသည်ဟု အာဘော်ဖော်။ သီ+ဖြေ၊ ၆၅၂၊ ၌ ရေးခဲ့ပြီ။ "ပါပကေ အကုသလေ ဓမ္မေ ဝါဟေန္တိ ခေါ် ဝါသေဋ္ဌဗြာဟ္မဏော "ဗြာဟ္မဏာ" တွေဝ ပဋ္ဌမံ အက္ခရံ ဥပနိဗ္ဗတ္တံ။ ပါထိကဝဂ်။ ၇၇-၌ ဝါဟေန္တိကို ထောက်၍ ပါပေဝါဟေန္တိ (မျှောစေတတ် = မျှောတတ်ကုန်၏) တိ ဗြာဟ္မဏာ-ဟု ကြံနိုင်သေးသည်။

---

## ● ပါဌဝိနိစ္ဆယ

**ဗြာဟ္မဏော။ ဗြဟ္မဏော။** ဗြာ၌ ဒီဃနှင့်ရှိသော ပါဠ်သာသင့်သည်။ ဗြဟ္မုနော အပစ္စံ ဗြာဟ္မဏော၊ နာဂမော ဏတ္တံ ဒီဃာဒိ ဟူသော ဓာန်၊ ဋီကို ထောက်၍ ဗြ၌ အ-ကို အာဒီဃပြု၍ ပြီးသောကြောင့် ဗြာဟ္မဏောပါဠ်သာသင့်သည်။

**ဗြဟ္မံအဏာတိ။ ဗြာဟ္မံအဏာတိ။** ဗြဟ္မသဒ္ဒါသည် ပိတာမဟ စသော အနက်တို့တွင် ဗေဒင်(ဝေဒ) အနက်ကို ဟောနိုင်ကြောင်း ဓာန်။ ၈၁၃ ၌ ဆိုသည်။ ထို့ကြောင့် ရေးချမပါသော ဗြဟ္မံ ပါဠ်သင့်သည်။

**မှတ်ချက်။** ဗြဟ္မုနော ဣဒံ ဗြာဟ္မံ။ ဗြဟ္မပုဒ် + ဏ-ပစ္စည်း။ ဏ အနုဗန်ကြောင့် ဗြ၌ အ-ကို အာဒီဃ ပြု၍ ဗြာဟ္မံ ဖြစ်ကြောင်း ဆိုကြသေးသည်။ ဗြဟ္မုနော၊ ဗြဟ္မာ၏။ ဣဒံ၊ ဥစ္စာဖြစ်သော ဗေဒင်တည်းဟု အနက်ပေး။ ဗဟုသုတအဖြစ် မှတ်သားရာ၏။

† ပိတာမဟေ ဗိနေ သေဋ္ဌေ၊
ဗြာဟ္မဏေစ ပိတုသ္မိပိ။
ဗြဟ္မ ဝုတ္တော တထာ ဗြဟ္မံ၊
ဝေဒေ တပသိ ဝုစ္စတေ၊ ဓာန်။ ၈၁၃။

http://www.dhammadownload.com



**သဇ္ဈယတိ။** သဇ္ဈာယတိ။ နီတိ၊ ဓာ။ ၁၂–၌ ဣ အဇ္ဈယနေ၊ အဇ္ဈယနံ ဥစ္စာရဏံ သိက္ခနံ ဝါ ဟုဆိုသည်။ ဣဓာတ်သည် ရွတ်အံသရဇ္ဈာယ်ခြင်း၊ ဝါ သင်ခြင်းအနက်ဟောသည်။ ယင်း–ဣဓာတ်ဖြင့် အဇ္ဈယတိဟုရုပ်ပြီး၍ ရဿပြယုဂ်သာရှိသည်။ ထိုကြောင့် သံပုဗ္ဗ+အဓိပုဗ္ဗ+ဣဓာတ်+တိဖြင့် ရုပ်ပြီးစီရင်လျှင် ဈ၌ ရဿရှိသော "သဇ္ဈယတိ" ပါဌ်သင့်သည်။ (ယင်းနီတိ၊ ဓာ၌ အဇ္ဈာယဏေဟု ရှိသည်မှာ ဏ္ဍ ပစ္စည်းကြောင့် ဝုဒ္ဓိ ရောက်သည်။)

နီတိ၊ ဓာ။ ၄၉–၅၀ ၌ ဇ္ဈေ=စိန္တာယံ (လ) သဇ္ဈာယတိဟု ဆိုပြန်သည်။ ကေက္ခရကောသ၌လည်း ဇ္ဈေဓာတ် သဇ္ဈာယန (သရဇ္ဈာယ်ခြင်း) အနက်ဟောနိုင်ကြောင်း လာသည်။ ထို့ကြောင့် သံ+အဓိ+ဇ္ဈေ+တိဖြင့် ရုပ်ပြီး စီရင်လျှင် ဈ၌ အာ–ဒီဃရှိသော "သဇ္ဈာယတိ"ပါဌ်သင့်သည်။

(လိုရင်းမှာ ဣဓာတ်ဖြင့် ရုပ်ပြီးမူ သဇ္ဈယတိဟု ရဿရှိသော ပါဌ်သင့်၍ ဇ္ဈေဓာတ်ဖြင့် ပြီးမူ သဇ္ဈာယတိဟု ဒီဃရှိသော ပါဌ်သင့်သည်။)

✝ ဇ္ဈေ တု ဥဇ္ဈာနဥ္စယုနေ၊ ဉာဏာဒိတ္တ စိန္တာသုစ။ **သဇ္ဈာယော** ပနိဇ္ဈာနေသု၊ ဝေဒိတဗ္ဗော ဝိဘာဝိနာ။ **(ကေက္ခရကောသ)**

**ဗာဟိတပါပတ္တာ။ ဗာဟိရပါပတ္တာ။** ဗာဟိတာ ပါပါ ဧတေဟီတိ ဗာဟိတပါပါ။ ဗာဟိတပါပါနံ ဘာဝေါ ဗာဟိတပါပတ္တံ (တသ္မာ) ဟု ဝစနတ္ထပြု၍ "ပယ်သတ်အပ်ကုန်ပြီးသော မကောင်းမှုတို့ ရှိကုန်သည်တို့၏ အဖြစ်ကြောင့်" ဟု အနက်ပေး။ ယင်းသဒ္ဒယုတ္တိ၊ အတ္ထယုတ္တိတို့ကြောင့် ပဌမပါဌ်သင့်သည်။

ပါရာ၊ ယော။ ၅၃–၌ ဗာဟိရပါပတ္တာတိပိ အတ္ထိဟု ပါဌန္တရ (ပါဌ်တစ်မျိုး) ရှိသေးကြောင်းနှင့် ယင်းပါဌ်ကို "ဗာဟိရေ ပါပါ ကတာ ဧတေဟီတိ ဗာဟိရပါပါ" ဟု ဝစနတ္ထပြုရမည်ဟု ဆိုသည်။ "အပ၌ ပြုအပ်ကုန်သော မကောင်းမှုတို့ ရှိကုန်သည်တို့၏ အဖြစ်ကြောင့်" ဟု အနက်ပေး။ ယင်း အာဂမယုတ္တိ၊ သဒ္ဒယုတ္တိ၊ အတ္ထယုတ္တိ တို့ကြောင့် ဒုတိယပါဌ်လည်း သင့်သည်။ ၂–ပါဌ်သင့်ဟု မှတ်။

http://www.dhammadownload.com



## အဖွင့်အမျိုးမျိုးကိုထောက်၍ အနက်ပေးပုံ

၁။ ဗာဟိတပါပဓမ္မာ၊ ပယ်သတ်အပ်ကုန်သော မကောင်းမှုတို့ရှိကုန်သည်တို့၏ အဖြစ်ကြောင့်။ (ဗာဟိတ=ဗာဓ+တ၊ ဣအာဂုံ။ ပါရာ၊ ဂံ၊ သစ်။)

၂။ အပပြုအပ်ကုန်ပြီးသော မကောင်းမှုတို့ ရှိကုန်သည် တို့၏ အဖြစ်ကြောင့်။ (ဗာဟိတ = ဗဟ + တ။ သီ၊ ဋီ၊ သစ်။)

၃။ မျှောအပ်ကုန်ပြီးသော မကောင်းမှုတို့ရှိကုန်သည်တို့၏ အဖြစ်ကြောင့်။ (ဗာဟိတ = ဝဟဓာတ်။ ပါထိကဝဂ္ဂ။)

၄။ အပဒ္ဒပြုအပ်ကုန်သော မကောင်းမှုတို့ ရှိကုန်သည် တို့၏ အဖြစ်ကြောင့်။ (ဗာဟိရပါပဓမ္မာ။ ယောဇနာ။)

---

## ● နည်းနှင့်ဥပစာ

ဗြဟ္မံ။ ဌာန နိဿယ ဖြစ်သော မန္တဝေဒ၏ ဗြဟ္မံ ဟူသော အမည်ကို ဌာနီ နိဿိတ ဖြစ်သော ဗြဟ္မဝေဒ, ကပ္ပဝေဒတို့၌ တင်စား၍ ယင်းတို့ကိုလည်း ဗြဟ္မံဟုဆိုသောကြောင့် ဌာနူပစာ။ (နာနန္တ ရိကနည်း။)

**မှတ်ချက်။** ဤကား "ဣတရေ ပန တန္နိဿယေန ဇာတာ" ဟူသော သာရတ္ထကိုထောက်၍တင်သည်။ ပဓာနဿဝ ဂဟဏံကို ထောက်လျှင် ပဓာနနည်း၊ ကေဒေသူပစာ ရသေးသည်။ အောက်ပါအတိုင်းပင်။

**တစ်နည်း။** အစိတ်ဖြစ်သော မန္တဝေဒ၏ ဗြဟ္မံ ဟူသော အမည်ကို အပေါင်းဖြစ်သော မန္တဝေဒ ဗြဟ္မဝေဒ, ကပ္ပဝေဒတို့၌ တင်စား၍ အပေါင်းဖြစ်သော ယင်းတို့ကို ဗြဟ္မံဟုဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ–အဝယဝူပစာ။ (ပဓာနနည်း။) သာရတ္ထ၊ ၁။ ၂၁၃ = ၄ ကြည့်ပါ။

http://www.dhammadownload.com



**မှတ်ချက်။** အပေါင်းဖြစ်သော ပိတာမဟာဇိနုသေဋ္ဌ စသည်တို့၌ ဖြဟ္မအမည်ကို အစိတ်ဖြစ်သော မဲဒင် (ဝေဒ) ၌ တင်၍ ဧကဒေသျူ ပ်စာ၊ ဝါ-သမုဒါယူပစာလည်း ရနိုင်သည်။ အတ္ထုဒ္ဓါရဝါကျ၌ ရနေကျ ဥပစာမျိုးတည်း။

---

(က) ဣဒါနိ ယမတ္တံ ဝေရဉ္ဇော ဗြာဟ္မဏော အဿောသိ (လ) အာဒိမာဟ။

(ခ) တတ္ထ သမိတပါပတ္တာ သမဏောတိ ဝေဒိတဗ္ဗော။

(ဂ) ဝုတ္တဉ္စေတံ (လ) ဝုစ္စတီတိ။

(ဃ) ဘဂဝါ စ အနုတ္တရေန (လ) သမိတပါပေါ။

(င) တေနဿ (လ) သမဏောတိ။ ဋ္ဌ။ ၈၃-၄။

## ● အနုသန္ဓေဝါကျနောက် "တတ္ထ" အနက်ပေးနည်း

၁။ ပကာသနကြိယာယ၊ ပကာသနကြိယာ၏။ ကရဏဘူတေ၊ ကရိုဏ်းဖြစ်၍ ဖြစ်သော။ တတ္ထ တသ္မိံ "သမဏော ခလု ဘော ဂေါတမော" တိ အာဒိဝစနေ၊ ထို "သမဏော ခလု ဘော ဂေါတမော" စသော စကား၌။ (ပကာသေန္တ = ပကာသနကြိယာ၏ ကရိုဏ်းကို တတ္ထ စွဲ၍ ပေးသောအနက်။)

၂။ ဖြူစာတုယာ၊ အာဟ-၌ ဖြူစာတ်၏။ ကမ္မဘူတေ၊ ကံဖြစ်၍ ဖြစ်သော တတ္ထ တသ္မိံ "သမဏော ခလု ဘော ဂေါတမော" တိ အာဒိဝစနေ။ ထို "သမဏော ခလု ဘော ဂေါတမော" စသော စကား၌ (အာဟကြိယာ၏ ကံကို တတ္ထစွဲ၍ ပေးသောအနက်။)

**ရှင်းလင်းချက်။** ဣဒါနိ ချီသော ဝါကျမျိုးကား အနုသန္ဓေ ဝါကျမျိုးတည်း။ ယင်းဝါကျမျိုး၌ အာဟကြိယာ၏ ကံကား "သမဏော ခလု ဘော ဂေါတမောတိ အာဒိ" ဖြစ်သည်။ သမဏော (လ) တိ အာဒိ ၌ အာဒိကို ဖြုတ်လျှင် အာကာရဖြစ်ပြန်သည်။ သမဏော (လ) တိဟု အာကာရ အနက်ပြ ဣတိသဒ္ဒါဆုံးနေမည်။ ပကာသေန္တောကို ကရိုဏ်းထည့် ၍ အနက်ပေးပါဆိုလျှင်လည်း အာဟကံကိုပင် "သမဏော ခလု ဘော ဂေါတမောတိ အာဒိနာ (ကရိုဏ်း) ပကာသေန္တော ဟု အနက်ပေး

http://www.dhammadownload.com



ရမည်။ ထို့ကြောင့် အာဟကံသည်ပင် အာကာရ, ကရိဏ်း အသီးသီးဖြစ်လာသည်၊ အရမှာကား " သမဏော (လ) ဂေါတမော " ဖြစ်၍ အတူတူပင်တည်း။ ယင်းအနုသန္ဓေ ဝါကျနောက်၌ တက်လာသော "တတ္ထ" ကို ၁–အနက်ပေးနည်း အတိုင်း ကရိဏ်းစွဲတစ်နက်။ ၂–အနက် ပေးနည်း အတိုင်း ကံစွဲတစ်နက်ပေးရမည်။ (ဒဿေန္တော ရှိလျှင် ဒဿနကြိယာယကရဏာဘူတေ–ဟု ပြင်ပါ။ နီယံ၌ ဒဿေန္တောဖြင့် ရေးသားထားသည်။ ဒဿေန္တ, ပကာသေန္တ, ဒီပေန္တ နည်းတူပင်မှတ်။) ဧတ္ထ ရှိရာ၌လည်း တတ္ထ အတိုင်း ၁–၂ အနက်ပေးပါ။

* ကံ, အာကာရ၊ ကရဏာတို့၊ အရမပြား ဤသုံးပါး၊ မမှားတူလေမြဲ။

ဒဿေန္တော အာဟ၊ ပြသည် ပုဒ်နောက်၊ တတ္ထရောက်က၊ ဒဿနကရိဏ်း၊ အာဟ၏ကံ၊ ဤ ၂–တန်၊ ဧကန်တတ္ထစွဲမြဲ။

(ဘုရားကြီး)

## အနက်ယောဇနာမှတ်ဖွယ်များ

က–ဣဒါနိ၊ ဤယခုအခါ၌။ (လ)အာဟ မိန့်၏။ အာဟ အတိတ်ကြိယာကို ဣဒါနိနှင့်ယှဉ်သောကြောင့် "မိန့်၏"ဟု သစ္စုပ္ပန်အနက်ပေးရသည်။ "မိန့်ပြီ"ဟု အတိတ်အနက်မပေးရ။

* ဣဒါနိ အာဟ၊ ရှိကဧကန်၊ ပစ္စုပ္ပန်ကို၊ အမှန်အာဟ ဟောလေမြဲ။ (ဘုရားကြီး)

ပကာသေန္တော (ပကာသေတုကာမော) ထင်ရှားစေခြင်းငှာအလို ရှိသော၊ ထင်စွာပြလိုသောဟု–အနက်ပေး။

**ရှင်းလင်းချက်။** ဤအနုသန္ဓေဝါကျ ပကာသေန္တော (ပ+ကာသ+ဏော+အန္တ)၌ အန္တ ပစ္စည်းသည် အနာဂတ်ကာလမှာသက်၍ ကာမတ္ထ(လို–ဟူသောအနက်)ကိုထွန်းပြသည်။ ပကာသေန္တောကို အထက်ပါအတိုင်းသာအနက်ပေး၊ ပြသော၊ ပြတတ်သောဟု ပစ္စုပ္ပန်အနက်မပေးရ။ ယင်းကိုပကာသယိဿတီတိ ပကာသေန္တောဟု အနာဂတ် ဝိဂြိုဟ် ဆိုရသည်။ မာနပစ္စည်းဆုံးလျှင်လည်း ဤနည်းပင် မှတ်ပါ။ ဉာသ်ကောက်ကြည့်ပါ။

http://www.dhammadownload.com



* နာဂတ်နက်မှာ၊ မာနန္တာ၊ ရံခါကာမတ္တကို ထွန်းသတည်း။

• (ဘုရားကြီး)

တုလျတ်, လိင်္ဂတ်၊ ပကတိ, ဝိကတိ, အနိယတ်, နိယတ်,

## အနက်ယောဇနာနည်း

ဃ–ဘဂဝါ.....သမိတပါပေါ။

**တုလျတ်, လိင်္ဂတ်,။** ဘဂဝါ၊ သည်။ သမိတပါပေါ၊ ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိ၏။

**မှတ်ချက်။** ဟောတိစသည် ကြိယာ အဆုံးမသတ်ဘဲ ကတ္တား ချင်းစပ်၍ အနက်ပေးခြင်းကို တုလျက်, လိင်္ဂတ် အနက်ပေးခြင်းဟု မှတ်ပါ။

* ကြိယာမသတ်၊ ကတ်ချင်းစပ်၊ တုလျက် လိင်္ဂတ်သာ။ **(ပေါရာဏ)**

**ပကတိ, ဝိကတိ။** ဘဂဝါ၊ သည်။ သမိတ ပါပေါ၊ ရှိသည်။ ဟောတိ၊ ၏။

**မှတ်ချက်။** ဘဂဝါ–ကား ဟောတိ၌ ပကတိကတ္တား။ သမိတပါပေါကား ဟောတိ၌ ဝိကတိကတ္တား။

**အနိယတ်, နိယတ်။** ယောဘဂဝါ၊ သည်။ အတ္ထိ။ သောဘဂဝါ၊ သည်။ သမိတပါပေါ၊ ရှိသည်။ ဟောတိ၊ ၏။

**မှတ်ချက်။** ပကတိကတ္တားကို အနိယတ်ယော–ထည့်။ ယင်းကို ပင် သော–ပြန်စွဲ၊ ကြွင်းပကတိ, ဝိကတိအတိုင်း အနက်ပေး။ တုလျတ်, လိင်္ဂတ်ရသောအရာဌာနတိုင်း၌ ပကတိ, ဝိကတိ, အနိယတ်, နိယတ် ပြင်၍ အနက်ပေးလေ။

* တုလျတ်, လိင်္ဂတ်၊ သတ်မှတ်တစိ၊ ပကတိ ဝိကတိရရာ၊ နိယမာ နိယမ၊ နက်လည်းရ၊ ဌာနခပ်သိမ်းမှာ။ **(ပေါရာဏ)**

---

## ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား အဝယဝတ္တကိုပြသော ဝိတ္ထာရဝါကျ။ က–ဝါကျကား အနုသန္ဓေသမ္ဗန္ဓသမုဒါယတ္တကိုပြသောသင်္ခေပဝါကျ။

F-32 A

http://www.dhammadownload.com



## ခ–ဝါကျအနုသန္ဓေတက်

ဤသို့ က–ဝါကျဖြင့် သမဏော ခလု ဘော ဂေါတမော–စသော စကား၏ (အာဟ ကံကိုပုဗ္ဗာနုသန္ဓေပြုသည်။) အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထအကျဉ်းကိုပြပြီး၍ ယခုအခါ၌ ယင်းသမဏော ခလုဘော ဂေါတ မော စသောစကား၏ (အာဟကံပင်တည်း။) အဝယဝတ္ထ အကျယ်ကိုပြခြင်းငှာ ခ–ဝါကျကိုမိန့်။

**မှတ်ချက်။** အနုသန္ဓေဝါကျနှင့် စပ်လျဉ်းသော ကျမ်းတက်စသည်မှတ်ဖွယ်ကို ပုဗ္ဗာနုသန္ဓေအပရာနုသန္ဓေစုံလင်သောဝါကျ၌ အကျယ်ရေးပါမည်။

ဂ–ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ခ–ဝါကျကား အာဂမဒဠှီယဝါကျ။

* ဝုတ္တဒွေတ၊ အာဂမ၊ ယူကြဒဠှီယင်း။
ယုတ္တိအာဂုံ၊ ထုံးနှင့်ပုံ၊ ဆိုတုံမြဲစေကြောင်း။
နက်ထူးမြဲထွေ၊ သိပစေ၊ ပြီးနေထပ်ဆိုရာ။

## ဂ–ဝါကျအနုသန္ဓေတက်

ဤသို့ ခ–ဝါကျဖြင့် ငြိမ်းစေအပ်ပြီးသော မကောင်းမှု ရှိသည်၏ အဖြစ်ကြောင့် သမဏမည်၏ဟုပြပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီးသော အနက်ကိုပင် ဥဒါဟရဏ်ဖြင့် ထင်စွာပြလိုရကား ဂ–ဝါကျမိန့်။

**မှတ်ချက်။** သာရတ္ထဋီ၌ ခ–မှ ဂ–သို့ ကျမ်းတက်ပြသည်။ ဝိမတိ၌မူ ဗြာဟ္မဏအဖွင့် ဗာဟိတပါပတ္တာနှင့် ခ–ဝါကျ သမိတပါပတ္တာမှ ဂ–ဝါကျသို့ကျမ်းတက်ပြသည်။ ၎င်းကာ ၂–စောင်ကိုအောက်၌နှိုင်းယှဉ်ပြထားသည်။ ဝိမတိအလိုအောက်ပါအတိုင်းကျမ်းတက်ရမည်း။

## တစ်နည်း ဂ–ဝါကျအနုသန္ဓေတက်

ဤသို့ အရိယာပနစသည်ဖြင့် အပပြုအပ်ပြီးသော မကောင်းမှုရှိသည်၏အဖြစ်ကြောင့် ဗြာဟ္မဏ၊ ဂ–ဝါကျဖြင့် ငြိမ်းစေ အပ်ပြီးသော မကောင်းမှုရှိသည်၏အဖြစ်ကြောင့် သမဏမည်၏ဟု ပြပြီး၍ ယခုအခါ၌

http://www.dhammadownload.com



ယင်းဆိုအပ်ခဲ့ပြီးသော အနက် ၂–ခုအပေါင်းကို ဥဒါဟရဏ် ၂–ခုအပေါင်း ဖြင့်ထင်စွာပြခြင်းငှာ ဂ–ဝါကျမိန့်။

† ဝုတ္တမေဝတ္ထံ ဥဒါဟရဏေန ဝိဘာဝေန္တော အာဟ "ဝုတ္တဉ္စေ တ" န္တိ အာဒိ။ သာရတ္ထ၊ ၁။ ၂၁၃။

† "ဗာဟိတပါပတ္တာ ဗြာဟ္မဏော၊ သမိတပါပတ္တာသမဏော" တိ ဝုတ္တမတ္ထဒွယံ ဥဒါဟရဏဒွယေန ဝိဘာဝေတုံ ဝုတ္တံစေ တန္တိ အာဒိ ဝုတ္တံ။ ဝိမတိ၊ ၁။ ၄၂။

ဃ– ဝါကျကား ဝါကျာရမ္ဘဝါကျ။ ခ–ဝါကျကား အာရဒ္ဓ ဝါကျ။

**မှတ်ချက်။** ခ–ဝါကျဖြင့် ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသော(သမိတပါပ)ကြောင့် သမဏမည်၏ဟုဖွင့်ခဲ့သည်။ မြတ်စွာဘုရားမှာ ယင်းသမိတပါပဂုဏ် ရှိသလောဟု စောကြောဖွယ်ရှိသဖြင့် (ဂ–ဝါကျ တစ်ဝါကျခြားပြီး) ဃ–ဝါကျတက်လာသည်။ ယင်းသို့ တစ်ဝါကျခြား၍ စကားဆက်ပြတ်ပြီးမှတက်လာသောဝါကျမျိုးကို ဝါကျာရမ္ဘဟု နိယံဆရာ တို့ ဆိုသည်။ ဗာဟိရနိဒါနဌ် အကျယ်ရေးခဲ့ပြီ။

## ဃ–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် သမိတပါပကြောင့် သမဏမည်သောဟု ဆို၏။ မြတ်စွာဘုရားမှာကား ယင်းသမိတပါပဂုဏ်ရှိပါသလော၊ အဘယ်သို့မှတ်သားရမည်နည်းကြောင့် ဃ–ဝါကျမိန့်။အဓိပ္ပာယ် ဃ–ဝါကျပါဌ်လျှောက်ပြန်။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**သမဏ။** ပါပါနိ သမေတီတိ သမဏော။ ယောဂေါတမော၊ သည်။ ပါပါနိ၊ တို့ကို။ သမေတိ၊ ငြိမ်းစေတတ်၏။ ဣတိသော ဂေါတမော သမဏော။ သမုဓာတ်+ယုပစ္စည်း။

သမုဓာတ်အရ သုဒ္ဓကတ္တုဋ္ဌကြိယာအရကား မကောင်းမှုတို့၏ ငြိမ်းခြင်း, ယင်းတို့၏မရှိခြင်း အဘာဝသည်မှချ။ အရှင်ဂေါတမ (ဘုရား)

http://www.dhammadownload.com



သန္တာဝန်၌ရှိသော အနုတ္တရအရိယာမဂ် (အရဟတ္တမဂ်)၏ သမုစ္ဆေဒပဟာန သတ္တိသည်ဌာနူပစာ။ ဖလူပစာ။

ယုပစ္စည်းအရကား ထိုမုချ, ဌာနူ, ဖလူပစာတို့ဖြင့် မှတ်အပ်သော ရှင်ဂေါတမ (ဘုရား) ဒြဗ်ရ၏။

**မှတ်ချက်။** ပါဠိတော်၌ သမဏောကို ဂေါတမောမှာစပ်သဖြင့် ယောဂေါတမောဟုစွဲ၊ ယင်းကိုပင်နောက်ဆုံးကောက်။ တတ်အရ တရား မဖြစ်ပေါ်မီ အရဟတ္တမဂ်ပေါ်သဖြင့် ဖလူဟုဆို၍ ယင်းအရဟတ္တမဂ်သည် ပစ္စည်းအရ၌တည်နေသဖြင့် ဌာနူပစာဟုဆိုသည်။

**ပကာသေန္တ ။** ပကာသယိဿတီတိ ပကာသေန္တော။ ယော၁ ပါလိတ္ထေရော၊ သည်။ အတ္ထံ၊ ဝေဿုပုဏ္ဏားကြားသော "သမဏော ခလု" စသောအနက်ကို။ ပကာသယိဿတိ၊ ထင်ရှားစေလတ္တံ့။ ဣတိသော ဥပါလိ ထ္တေရော. ပကာသေန္တော။ ပပုဗ္ဗ+ကာသုဓာတ်+ဏောပစ္စည်း+အန္တ ပစ္စည်း။

ပ=ဥပသာရအရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။ ကာသု ဓာတ်အရသုဒ္ဓကတ္တုဌကြိယာအရကား ဝေဿဥပုဏ္ဏားကြားသော သမ ဏော ခလု ဘောဂေါတမောစသောအနက်ဒြဗ်သည်မုချ။ ဟေတုကတ္တုဌ ကြိယာအရကား ထို.....အနက် ဒြဗ်အား တပ်သော ဥပါလိ မထေရ်၏ ကရုဏာပုဗ္ဗင်မဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည်ဖလူပစာ။ ဏောပစ္စည်း အရကား ရူပသိဒ္ဓိမတ္တပဒသိလိဋ္ဌတာဘောဂုဏ်ရ၏။ အန္တ ပစ္စည်းအရကား ထိုမုချ,ဖလူပစာတို့ဖြင့် မှတ်အပ်သော ဥပါလိထေရ်ဒြဗ်ရ၏။

**မှတ်ချက်။** နီတိ၊ ဓာတု။ ၁၈၁။ ၌ ကာသုဘာသု=ဒိတ္တိယံ။ ဒိတ္တိ တိစ ပါကဋတာ ဝိရာဇနတာ ဝါ-ဟု ဆိုသည်။ ကာသုဓာတ်သည် ဒိတ္တိ အနက်၊ ဒိတ္တိဟူသည် ပါကဋ = ထင်ရှားခြင်း၊ ဝိရာဇန = တောက်ပ ခြင်းအနက်ကိုဟောသည်။ ဤ၌ ပါကဋအနက်တည်း။ အကမ္မကဓာတ် ဖြစ်၍ ကာရိက်ဏောပစ္စည်းသက်မှ ထင်ရှားစေလတ္တံ့-အနက်ကိုဟောသည်။ ၁-အဖြေနှင့်ယှဉ်ကြည့်ပါ။ ဒဿေန္တ, ဒီပေန္တ, ပကာသေန္တပုဒ်တို့ ဉာဏ်ကောက် ရာ၌ ဟေတုကတ္တုဌအရ ကရုဏာပုဗ္ဗင်မဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်ကို ကောက်ရသည်။ အောက်ပါနိယံကို သတိပြုမှတ်သားရာ၏။

* ဒဿေန္တ၊ ဒီပေန္တ၊ ပကာသေန္တ၊ ကျမ်း၌ပြမူ၊ ကရုဏာရှေ့ရှု ဉာဏ်ကိုယူ။ (တွင်းကြီး)

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

ခ–ဝါကျသမိတပါပတ္တာဖြင့် သမဏောပုဒ်ကိုပါပါနိ သမေတီတိ သမဏော–ဟု ဟေတုကတ္တုသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ယုပစ္စည်း၏ ယင်းသာဓနခ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

င–ဝါကျဖြင့် မြတ်စွာဘုရား၏ "သမဏ"ဟူသော နာမ်သည် ရှင်နာမ်မဟုတ်၊ ဟုတ်မှန်သော ဂုဏ်တော်ကြောင့် ရအပ်သော အနွတ္ထနာမ်တည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ)

---

## ● ပါဠိဝိနိစ္ဆယ

**ယထာဘုစ္စ၊ ယထာဘုစ္စ။** ယထာဘူတပုဒ် + ဏျပစ္စည်း။ အနဗန်ချေ။ တ–ကို ယသို့ကပ် တျဖြစ်၊ ယဝတံသုတ်ဖြင့် တျ ကို စ ပြု၊ စဒွေးဘော်လာ၍ ယထာဘုစ္စဟုပြီးသည်။ ထို့ကြောင့် ယထာဘုစ္စသာ သင့်သည်။

✝ ယထာဘူတမေဝ ယထာဘုစ္စံ၊ သကတ္ထေ ဏျပစ္စယော။ ပါရာ၊ ယော။ ၅၃။
သကတ္ထေ ပန ယထာဘူတမေဝ ယထာဘုစ္စံ။ (ရူ)

---

## ● နည်းနှင့်ဥပစာ

**သမဏော။** အပေါင်း ဖြစ်သော ငြိမ်းစေအပ်ကုန် ပြီးသော မကောင်းမှုတို့ရှိကုန်သောရဟန်းတို့၏ သမဏအမည်ကို အစိတ်ဖြစ်သော ဘုရားဒြဗ်၌တင်စား၍ ခေါ် ကေဒေသျူပစာ၊ ဝါ–သမုဒါယူပစာ။

**ရှင်းလင်းချက်။** ခ–ဝါကျသမဏအရမှာ သမိတပါပ ရဟန်းမှန်သမျှရသည်။ ဃ–ဝါကျကိုထောက်၍ ဤ၌သမဏအရမှာ ဘဂဝါသာဖြစ်သောကြောင့် ကေဒေသျူပစာ၊ ဝါ–သမုဒါယူပစာတည်း။

**ဂ–ဝါကျသမိတပါပေါ။** ဌာနဖြစ်သော ဘုရား၏ သမိတပါပအမည်ကိုဌာနီဖြစ်သော ငြိမ်းစေအပ်ပြီးသော မကောင်းမှု၌ တင်စား၍ ဌာနီဖြစ်သော ငြိမ်းစေအပ်ပြီးသော မကောင်းမှုကို သမိတပါပဟု ဆို

http://www.dhammadownload.com



သောကြောင့် ဌာနူပစာသဒ္ဒါမည်၏။ (ဌာနကို ဆိုသဖြင့် ဌာနီကိုရသော စသည်ဖြင့် နာနတ္ထရိကနည်းတဝ်လေ။)

## ဗဟုဗ္ဗီဟိ အသမတ္ထိဒ္ဒိနည်းဥပစာ

သမိတာန ပါပါနိ ယေနာတိ သမိတပါပေါ။ ဤဝိဂ္ဂြိုဟ်၌ သမိတပါပ = ငြိမ်းစေအပ်ပြီးသော မကောင်းမှု (ဌာနီ) (ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရ)နှင့် ငြိမ်းစေ (လ) မကောင်းမှုရှိသော ဘုရားဒြဗ် (အညပုဒ်အရ) ဟု ၂-မျိုးရှိသည်။ သမိတပါပေါ အာဂတောဟုဆိုလျှင် ငြိမ်းစေအပ်ပြီးသော မကောင်းမှုသည်လည်း ဒြဗ် (ဌာန)နှင့် မကွေမကွာ ပါလာသောကြောင့် ဌာနူပစာ, နာနတ္ထရိက နည်းဟုဆိုသည်။ ဌာနီဂုဏ်၊ ဌာန-ဂုဏော၊ သဘောချင်း တူသဖြင့် ဂုဏူပစာလည်း ကြံနိုင်သည်။

* ဗဟုဗ္ဗီဟိ၊ အသမတ္ထိဟု၊ ရှိသည်အရာ၊ သဘောမှာ နာနတ္ထရိက နည်းယူမြဲ။ (ဘုရားကြီး)
* ဂုဏ်ကိုလွှန်မြောက် - ဂုဏောကောက်၊ မှတ်လောက်ဂုဏူပစာ။ (သစ်)

**အရိယမဂ္ဂေန။** အပေါင်းဖြစ်သော မဂ် ၄-ပါး၏ အရိယမဂ္ဂေန အမည်ကို အစိတ်ဖြစ်သော အရဟတ္တမဂ်၌ တင်။ ကေဒေသျူပစာ၊ ဝါ- သမုဒါယူပစာ။

**မှတ်ချက်။** အနုတ္တရေန ဟူသော ဝိသေသနပုဒ်ကို ထောက်၍ အရိယမဂ္ဂေနအရ အရဟတ္တမဂ်ကိုသာ ရတော့သည်၊ မဂ် ၄-ပါးလုံးမရ။ **အရိယမဂ္ဂေန အရ တရားကိုယူ၍ ပဒဋ္ဌာနဟာရနေတ္တိ ထုတ်ပါဟု** မေးဖို့ကောင်းသည်။ သတိပြု။

---

(က) ခလူတိ အနုသဝနတ္ထေ နိပါတော။
(ခ) ဘောတိ ဗြဟ္မဏဇာတိကာန် ဇာတိသမုဒါဂတံ အာလပနမတ္တံ။
(ဂ) ဂေါတမောတိ ဘဂဝန္တံ ဂေါတ္တဝသေန ပရိကိတ္တေတိ။
ဋ္ဌ။ ၈၄။

http://www.dhammadownload.com



က–ဝါကျ၌ နိပါတောဖြင့် ခလုပုဒ်နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း[1]၊ အနုဿဝနတ္တေဖြင့် ယင်းနိပါတ်သည် ပဋိသေဓ, ဝါကျာလင်္ကာရ, အဝဓာရဏ, ပသိဒ္ဓိအနက်တို့ကို မဟော၊ အနုဿာဝန = တစ်ဆင့် ကြားခြင်း အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[2] သိစေသည်။

၁။ နိပါတလိင်ပဒ။ ၂။ နိပါတလိင်တ္ထ။

† နိသေဓေ ဝါကျာလင်္ကာရ၊ ဝဓာရဏပသိဒ္ဓိသု။ ခန်။ ၁၁၉၅။

ခ–ဝါကျ၌ အာလပနမတ္တံဖြင့် ဘောသဒ္ဒါ၏ အာလုပ်၏အဖြစ်ကို လည်းကောင်း[1]၊ ယင်း၌ ပဌမာ ဝိဘတ်သည်လိင်တ္ထ၌မသက်၊ အာလပနတ္ထ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[2] သိစေသည်။

၁။ နာမလိင်ပဒ။ ၂။ ဝိဘတျတ္ထ။

မှတ်ချက်။ ဘောဂေတုသုတ်အရ "ဘော" ကား ဘဝန္တမှ ပြောင်းလာသော ကိတ်နာမ်တည်း။ နီတိ၊ သုတ္တ၊ ၃၈၁–၌ကား နိပါတ် ဟု ဆိုသည်။ နာမ်, နိပါတ် ၂–မျိုးပင်တည်း။

ခ–ဝါကျ၌ ဗြာဟ္မဏ ဇာတိကာနံ ဇာတိသမုဒါဂတံဖြင့် ယင်း အာလုပ်ကား ပုဏ္ဏားများ ခေါ်လေ့ ခေါ်ထရှိသော အာလုပ်တည်း ဟု သိစေသည်။ (ဘာဝတ္ထ)

ဂ–ဝါကျ၌ ဂေါတ္တဝသေနဖြင့် ဂေါ်ဟိ ဉာဏေဟိ ဝိသိဋ္ဌော ဂေါတမောဟု ဝစနတ္ထမပြုရ၊ ဂေါတမဿ အပစ္စံ ဂေါတမောဟု ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[1]၊ ဏ–ပစ္စည်း၏ အပစ္စတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[2]၊ ဂေါတမအရ ဂေါတမဂေါတ္တကို ယူရမည်၏အဖြစ်ကိုလည်းကောင်း[3] သိစေသည်။ (ဆင်တဲဂဏ္ဌိ။ ၁၆၁။)

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ အဘိဓေယျတ္ထ။

ဂ–ဝါကျ၌ ဂေါတမအရ ရှင်အာနန္ဒာကိုမယူရ၊ ဤ၌ ဘုရားကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

http://www.dhammadownload.com



## ဝိဂ္ဂဟာမှတ်ဖွယ်

**သက်ိဥ္ဓနံ။** သတ္တော ကိဋ္ဌေန္တိ မဒ္ဒန္တိ ပလိဗုဒ္ဓန္တီတိ ကိဥ္စနာ။ ယေရာဂါဒယော၊ တို့သည်။ သတ္တေ၊ တို့ကို။ ကိဋ္ဌေန္တိ မဒ္ဒန္တိ ပလိဗုဒ္ဓန္တိ၊ နှိပ်စက်တတ်ကုန်၏။)

**ဂေါတ္တံ။** ဂံတာယတီတိ ဂေါတ္တံ။ ဂေါသဒ္ဒူပပဒ + တာ ဓာတ်+တပစ္စည်း။ (ဂံ၊ သဒ္ဒါနှင့် အသိဉာဏ်ကို။ တာယတိ၊ စောင့်ရှောက်တတ်၏။ ဂေါ ( = ဂ) သဒ္ဒါကား ယင်း၏အနက် ဂ-ပါးတွင် ဝစန = အဘိဓာန = သဒ္ဒါနှင့် ဗုဒ္ဓိ = အသိဉာဏ် ဟောတည်း။) သာရတ္ထ၊ ၁။ ၂၁၃။

### ဂေါသဒ္ဒါ၏အနက် ၈-ပါး

ဂေါ ဂေါဏေ စိန္ဒြိယေ ဘူမျံ၊ ဝစနေစေဝ ဗုဒ္ဓိယံ။ အာဒိစ္စေ ရသ္မိယဉ္စ၊ ပါနီယေစာပိ ဝတ္တတေ။ နီတိ၊ ပဒ။ ၃၁၈။

**တစ်နည်း။** ဂေါပီယတီတိ ဂေါတ္တံ။ ဂုပ + တ။ မောဂ်။ ၇။ ၈၁။

---

(က) သကျပုတ္တောတိ ဣဒံ ပန ဘဂဝတော ဥစ္စာ ကုလ ပရိဒီပနံ။

(ခ) သကျကုလာ ပဗ္ဗဇိတောတိ သဒ္ဒါ ပဗ္ဗဇိတ ဘာဝပရိဒီပနံ။

(ဂ) ကေနစိ ပါရိဇုညေန (လ) ဝုတ္တံဟောတိ။

(ဃ) တတောပရံ ဝုတ္တတ္ထမေဝ။ ဋ္ဌ။ ၈၄။

### ● ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ က-ဝါကျကား ပက္ခ။ ဂ-ဝါကျကား ဝိတ္ထာရ။ ခ-ဝါကျကား သခ်ေပ။

### လီနတ္ထ ရစောဒနာတက်

ဆရာ၊ ဥပါလိထေရ်သည် သကျပုတ္တော သကျကုလာ ပဗ္ဗဇိတော ဟုဆို၏။ ယင်း ၂-ပုဒ်တွင် တစ်ပုဒ်ပုဒ်ဆိုလျှင် မဟာသမ္မတ မင်းမှစ၍

http://www.dhammadownload.com



အသမ္ဘိန္န မင်းမျိုးကို ပြခြင်းကိစ္စ ပြီးရာသည် မဟုတ်လော။ အဘယ်ကြောင့် နှစ်ပုဒ်ကို ပါဠိ၌ ဆိုအပ်လေသနည်း–ကြောင့် က–ခ ၂–ဝါကျကိုမိန့်။

**မှတ်ချက်။** ဆင်တဲဂဏ္ဌိ ၁၆၁–ကျမ်းတက်။ ဒေါသာရောပနမပါသော စောဒနာ တက်မျိုးတည်း။

ဃ–ဝါကျကား အတိဒေသ သံဝဏ္ဏနာဝါကျ။ ဝါ–ဝါကျာရမ္ဘဝါကျ။

## ● ဝိဂ္ဂဟနှင့် ဉာဉ်ကောက်

**ဥစ္စာကုလ။** ဥစ္စံ ကုလံ ဧတဿာတိ ဥစ္စာကုလော ဧတဿဘဂဝတော၊ အား။ ဥစ္စံ၊ မြင့်မြတ်သော။ ကုလံ၊ အမျိုးသည်။ အတ္ထိ၊ ၏။ အတဂ္ဂုဏသံဝိညာဏစတုတ္ထီဗဟုဗ္ဗီဟိသမာသ်။ ဥစ္စပုဒ် ကုလပုဒ် ဧတပုဒ်။

ဥစ္စကုလဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ်လုံး အရကား မြင့်မြတ်သော မင်းမျိုးသည် မုချ။ ယင်း၏ ဘုရားဖြဒ်နှင့် ဌာန ဌာနီ, အဘေဒ, ဘေဒ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဧတ အရကား ဘုရားဖြစ်ရ၏။ ထိုသို့ပင် ရငြားသော်လည်း ယင်းဥစ္စာ ကုလပုဒ်၏ ဘာဝလောပ, ဘာဝပ္ပစ္စယနပုဒ် ဖြစ်သောကြောင့် ဥစ္စာကုလဘာဝ = အမျိုး ၏ မြင့်မြတ်သော ဂုဏ်သည်သာ ပဓာနအားဖြင့် ရ၏။

**မှတ်ချက်။** ဘဂဝတော ဥစ္စာကုလပရိဒီပနံ၌ ဥစ္စာကုလကလည်း ဘုရားကိုဟော၍ ဘဂဝတောကလည်း ယင်းကိုပင်ဟောသည်။ အရတူနေသည်။ အရကွဲစေရန် ဥစ္စာကုလကို ဥစ္စာကုလဘာဝဟု ဘာဝလောပ, ဘာဝပ္ပစ္စယန် ကြံရသည်။ "အရတူပြန်၊ ကွဲစေရန်၊ ဘာဝပ္ပစ္စယန် ကြံသတည်း" နိယံသစ်အတိုင်းပင်တည်း။ သီ+ဖြေ။ ၄၀–၄ ၌ အကျယ်ရေးခဲ့ပြီ။

**တစ်နည်း။** ဥစ္စာစ တံ ကုလဉ္စာတိ ဥစ္စာကုလံ။ ပါရာ။ ယော။ ၅၃။ ဤအလို ဥစ္စာကုလ = မြတ်သောအမျိုးဟု အနက်ပေး။ ဘာဝပ္ပစ္စယန် ကြံဖွယ်မလို။ ဉာဉ်ကောက် လွယ်ပြီ။

http://www.dhammadownload.com



**ပါရိစ္ဆည။** ပရိဟီယတိ ပရိဟာနိ။ (ဆုတ်ယုတ်တတ်၏။) ပရိဟာနိယာ ဘာဝေါ ပါရိစ္ဆည်။ (ပရိဟာနိ+ဏျ)

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် သကျပုတ္တော်ကိုသကျသ သုဒ္ဓေါဓန မဟာရာဇဿ ပုတ္တော် သကျပုတ္တောဟုဝစနတ္ထပြု၍ သကျပုတ္တအရ ဘုရားကိုယူရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဘုရားအမျိုး၏ မြင့်မြတ်သောအဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ ဘာဝတ္ထ။

ခ–ဝါကျဖြင့် သကျကုလာပဗ္ဗဇိတ = သာကီဝင်မင်းမှ ရဟန်းပြု၏ဟူသည်သဒ္ဒါတရားရှိ၍သာ (ယုံကြည်ချက်ပြင်းပြလွန်း၍သာ) ရဟန်းပြု၏ဟု သိစေသည်။ (ဘာဝတ္ထ)

ဂ–ဝါကျ၌ သဒ္ဓါယ ပဗ္ဗဇိတောဖြင့် ခ–ဝါကျ၌ သဒ္ဓါပဗ္ဗဇိတပုဒ်ကို သဒ္ဓါယ ဒေယျံ သဒ္ဓါဒေယျံကဲ့သို့ တပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ယကာရလောပ၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

**မှတ်ချက်။** ဂ–ဝါကျ၌ ကြွင်းပါဌ်တို့ကိုဘာသာပြန်၍ ဘာဝတ္ထ ဖော်လေ။

## ● ပါဌဝိနိစ္ဆယ

**ဥစ္စာကုလ။ ဥစ္စကုလ။** ဥစ္စာသဒ္ဒ မဟာသဒ္ဒါတိ ဥဒ္ဒံဥဂ္ဂတတ္တေ န ဥစ္စော သဒ္ဒေါ ဓေတသ္မိံ ဥစ္စာသဒ္ဒေါ၊ အ–ကာရဿ အာကာရံ ကတွာ။ ဥဒါန်၊ ဋ္ဌ။ ၁၆၃။ ယင်းကိုနည်းမှီ၍ ဥစ္စာကုလပုဒ်ကိုဥစ္စံ ကုလံ ဧတဿာတိ ဥစ္စာကုလောဟုဝစနတ္ထပြု၊ ဥစ္စကုလဟု ဆိုလိုလျက် စ္စ–၌ အကို အာဒီဃပြု၍ ပြီးသည်။ ဥစ္စကား နာမ်ပုဒ်။ သီ၊ ဋီ၊ သစ်၊ ၁။ ၃၄၉–၌ ဥစ္စာ သဒ္ဒါကား အကာရန္တဥစ္စသဒ္ဒါနှင့် တူသော အာကာရန္တသဒ္ဒဝိသေသဟုဆိုသည်။ ပါရာ၊ ယော၊ ၅၃–၌လည်း ဥစ္စာသဒ္ဒေါ ဓကာ သဒ္ဒဝိသေသောဟု လာသည်။ ယင်းတို့အလိုဥစ္စာကား သဒ္ဒဝိသေသ။ အချုပ်ဆိုရသော် ဥဒါန်၊ ဋ္ဌ–အလိုဥစ္စပုဒ်၊ ကုလပုဒ် အာဒီဃပြု။ သီ၊ ဋီ၊ သစ်။ ပါရာ၊

http://www.dhammadownload.com



ယောတို့အလို ဉစ္စာပုဒ်, ကုလပုဒ်ဖြစ်၍ စွဲဒွဒီဃရှိသော ဥစ္စာကုလ ပါဠိ သာသင့်သည်။

## ● နည်းနှင့်ဥပစာ

**သကျပုတ္တော။** အကျိုးဖြစ်သော သာကီဝင် မင်းသားဘုရား၏ သကျပုတ္တော ဟူသော အမည်ကိုအကြောင်းဖြစ်သော ဥစ္စာကုလဘာဝ၌တင်စား၍ အကြောင်းဖြစ်သော ဥစ္စာကုလဘာဝကို သကျပုတ္တောဟု ဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

**ဥစ္စာကုလ။** အကြောင်းဖြစ်သော မြင့်မြတ်သော အမျိုး၏ဥစ္စာကုလအမည်ကို အကျိုးဖြစ်သော သာကီဝင်မင်းသားဘုရား (သကျပုတ္တ) ၌တင်စား၍ ယင်းကိုဥစ္စာကုလဟုဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တရိကနည်း။)

**မှတ်ချက်။** မြင့်မြတ်သော အမျိုးမဟုတ်လျှင် ဘုရားကို သကျပုတ္တောဟုမချီးမွမ်းနိုင်၊ မြင့်မြတ်သောအမျိုး (ဥစ္စာကုလ) ကား သကျပုတ္တအမည်ရခြင်း၏ အကြောင်း။ သကျပုတ္တအမည်ကား အကျိုးတည်း။ ဆို့ကြောင့် သကျပုတ္တနှင့် ဥစ္စာကုလကို အပြန် အလှန်ဖလူ၊ ကာရဏူပစာတင်သည်။

* ဒသေ့တိပုဒ် ပြ၍ထုတ်၊ မုချအမှန်ပေ။
ဒီပေတိသာ၊ ပုဒ်ပါဠိလာ၊ ဥပစာမှတ်လေ။ **(တောင်တွင်း)**

---

(က) တံခေါပနာတိ ဣတ္ထံဘူတာချာနတ္တေ ဥပယောဂဝစနံ။
(ခ) တသ္မ ခေါ ပန ဘောတော ဂေါတမဿာတိ အတ္ထော။
(ဂ) ကလျာဏောတိ ကလျာဏဂုဏသမန္နာဂတော။
(ဃ) သဒ္ဒောတိ ဝုတ္တံ ဟောတိ။
(င) ကတ္တိသဒ္ဒေါတိ ကိတ္တိဝေ။
(စ) ထုတိဃောသော ဝါ။ ဋ္ဌ။ ၈၄။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ က– ဝါကျကား အာရဒ္ဓ ဝါကျ။

http://www.dhammadownload.com



**ရှင်းလင်းချက်။** က–ဖြင့် တံခါပနစသောသဒ္ဒါသည် ဣတ္ထိဘူတချာနတ္တ၌ ဒုတိယာဝိဘတ်ရှိသော သဒ္ဒါတည်းဟု ယင်းတံခါပနစသော သဒ္ဒါ၏ ဝိဘတ်နှင့် ဝိဘတျတ္တကိုပြပြီးနောက် ဣတ္ထိ ဘူဘချာနတ္တဟူသည် ကမ္မတ္တပ လောဟု အတ္တပသင်္ကရှိ၍ ယင်းကို ကင်းပျောက်စေခြင်း၊ ငှာ ခ–ဝါကျတက်လာသည်။ ထို့ကြောင့် ခ–ဝါကျကို ဝါကျာရမ္ဘဟု အမည်ပေးသည်။ "ဣတိအတ္တော"ဖြင့် ဝါကျအဆုံးသတ်ထားသဖြင့် "အဓိပ္ပါယော အတ္တောထုတ်ပြ၊ ဂုဋ္ဌတ်ဖော်ပြ၊ စကားကျ" နှင့်အညီ ဝိတ္ထာရလည်း ကြံနိုင်သည်။ ဝိဘတျတ္တငုပ်နေသည်ကို ဖော်သည်ဟုမှတ်ရာ၏။

## ခ–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် တံခါ ပနစသော သဒ္ဒါသည် ဣတ္ထိဘူတချာနတ္တ၌ ဒုတိယာဝိဘတ်ရှိသော သဒ္ဒါတည်းဟုဆို၏။ ယင်း ဣတ္ထိဘူတချာနတ္တဟူသည် ကမ္မတ္တပင်လော။ (နောတက္ကော) ဝါ–ဒုတိယာဝိဘတ်၏အဘိဓေယျတ္တ (သဒ္ဒါဟောအနက်) ရှိပါ၏လော့ (ပါရာ၊ ဂံ၊ ဟောင်း။ ၁၆၂။)ကြောင့် ခ–ဝါကျမိန့်။

ခ–ဝါကျဖြင့် "ထိုရှင်ဂေါတမ၏"ဟု ဒုတိယာဝိဘတ်၏သာမျတ္တကို ငါပြဆို၏ဟူလိုသောဝ်။

ဂ–ဝါကျကား–ပက္ခန္တရဝါကျ။ က–ဝါကျကား ပက္ခဝါကျ။

## ဂ–ဝါကျ ကျမ်းတက်

ဤသို့ က–ဝါကျဖြင့် (ဘာသာပြန်) ပြီး၍ ယခုအခါ၌ ကလျာဏ ဟူသည် ဘဒ္ဒကပင်တည်း။ ကိတ္တိသဒ္ဒ၏ကလျာဏဘာဝသည် ကလျာဏ ဂုဏ်လျှင်အရာရှိသည်၏အဖြစ်ကြောင့် တည်းဟု ပြခြင်းငှာ ဂ–ဝါကျမိန့် (ဤကား သာရတ္ထကျမ်းတက်တည်း။ ၆–အဖြေကြည့်။)

**မှတ်ချက်။** မအူသျ။ ၂။ ၄၉–၌ "ကလျာဏဂုဏ်တို့နှင့် ပြည့်စုံသော သဒ္ဒဒြဗ်ကို ဂုဏူပစာအားဖြင့် ကလျာဏောဟူ၍ဆိုအပ်သည်ကို လို၍ ကလျာဏော တိစသည်မိန့်"ဟု ကျမ်းတက်သည်။

ဃ–ဝါကျကား ဝိတ္ထာရဝါကျ။ ဂ–ဝါကျကား သခေ်ပဝါကျ။

http://www.dhammadownload.com



## ဃ-ဝါကျ အနုသန္ဓေတက်

ဤသို့ ဂ-ဝါကျဖြင့် (ဘာသာပြန်) ပြီး၍ ယခုအခါ၌၊ ကလိတဗ္ဗ သချာတဗ္ဗ (ရေတွက်အပ်သော)ဒြဗ်သည်လည်း ကလျာဏမည်ရကား ယင်း ကိုစင်စေလိုသဖြင့် ဃ-ဝါကျမိန့်။

## တစ်နည်း ဃ-ဝါကျ သာဘောဂါနုသန္ဓေတက်

ဤသို့ (လ) ပြီး၍ ယခုအခါကလိတဗ္ဗသချာတဗ္ဗဒြဗ်သည် ကလျာဏ မည်သလောဟု စောကြောဖွယ်ရှိ၍ ယင်းကို စင်စေလိုရကား ဃ- ဝါကျမိန့်။

င-ဝါကျကား ပက္ခန္တရဝါကျ။ ဂ-ဝါကျကား ပက္ခဝါကျ။ စ-ဝါကျကား ပက္ခန္တရဝါကျ။ င-ဝါကျကား ပက္ခဝါကျ။

**မှတ်ချက်။** င-စ-ဝါကျများ ကျမ်းတက်ကို အာဘော်ကိုရှု၍ တက်လေ။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**သေဋ္ဌော။** ပသတ္ထာနံ ဝိသေသောတိ သေဋ္ဌော။ ပသတ္ထာနံ၊ ချီးမွမ်းအပ်သောပစ္စေကဗုဒ္ဓါသာဝကတို့၏ ကျော်စောသံတို့ထက်။ ဝိသေသော၊ ထူးသောကျော်စောသံတည်း။ ပသတ္ထပုဒ်၊ ဣဋ္ဌပစ္စည်း၊ ဝိသေသတဒ္ဓိတ်။

ပသတ္ထ-အရကား ချီးမွမ်းအပ်သော ပစ္စေကဗုဒ္ဓါ သာဝကတို့၏ ကျော်စောသံဒြဗ်သည်မုချ။ ယင်း၏ထူးမြတ်သောမြတ်စွာဘုရား၏ ကျော်စော သံဒြဗ်နှင့်အပါဒါန်အပါဒီ စပ်-ဌာနူ။ ဣဋ္ဌပစ္စည်းအရကား၊ ထိုမုချဌာနူ ပစာရတ္ထတို့ဖြင့်မှတ်အပ်သော ပစ္စေကဗုဒ္ဓါ သာဝကတို့၏ ကျော်စောသံထက် ထူးသောမြတ်စွာဘုရား၏ကျော်စောသံရ၏။

**မှတ်ချက်။** ကလျာဏောကို ကိတ္တိသဒ္ဒ၌ စပ်သဖြင့် ကလျာဏ အရ ကိတ္တိသဒ္ဒရသည်။ ကလျာဏောကို သေဋ္ဌောဖွင့်ရကား သေဋ္ဌအရ လည်း ကိတ္တိသဒ္ဒပင်တည်း။

http://www.dhammadownload.com



## ● ဓာတုပစ္စယာဒိဝိဘာဂ

**ကလျာဏ**။ ကလျသဒ္ဒူပပဒ + အဏဓာတ် + ဏပစ္စည်း။

**ကိတ္တိ**။ ကိတ္တဓာတ် + က္တိပစ္စည်း၊ က္တတ္တိလိင်, က္တကာရန္တ, ရတ္တာဒိဂိုဏ်း။

**ထုတိ**။ ထုဓာတ် + တိပစ္စည်း။ (ထု–အဘိတ္ထဝေ) က္တတ္တိလိင်, က္တကာရန္တ, ရတ္တာဒိဂိုဏ်း။

✝ ဘဒ္ဒံ သေယျော သုဘံ ခေမံ၊ ကလျာဏံ မင်္ဂလံ သိဝံ။ ဓာန်။ ဂဂ။

✝ ကလျံ နိရောဂံ အဏတိ ဂစ္ဆတီတိ ကလျာဏံ။ ကလျံ ဝါ ဟိတံ အဏယတိ ပါပီယတီတိ ကလျာဏံ။ အဏ=ပေသနေ ဂမနေ ဝါ။ ကမ္မနိ ဏော။ သူစိ။

---

## ● အာဘော်နှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် တံဘဂဝန္တံ၌ ဒုတိယာ ဝိဘတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဒုတိယာဝိဘတ်၏ က္တတ္တံဘူတချာနအနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဝိဘတ္တိပဒ။ ၂။ ဝိဘတျတ္ထ။

ခ–ဝါကျဖြင့် ဒုတိယာဝိဘတ်သည် သာမျတ္ထကို ဟောသတည်းဟုသိစေသည်။ ဝိဘတျတ္ထ။ (ဝါ–သဒ္ဒါဟောအဘိဓေယျတ္ထ။)

ဂ–ဝါကျဖြင့် ကလျာဏဟူသည် ဘဒ္ဒက (ကောင်းခြင်းပင်)တည်း၊ ကိတ္တိသဒ္ဒါ၏ ကလျာဏဘာဝသည်လည်း အရဟံစသော ကလျာဏဂုဏ်လျှင်အကြောင်းရင်းရှိသတည်းဟု ကလျာဏသဒ္ဒါ၏ကာရဏူပစာသဒ္ဒါ၏ အဖြစ်ကိုသိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်**။ ဤအာဘော်ကား သာရတ္ထအာဘော်တည်း။ ယောဇနာအလိုကားအောက်ပါအတိုင်းဖြစ်သည်။

**တစ်နည်း**။ ခ–ဝါကျဖြင့် ကလျာဏအရ ကလျာဏဂုဏ်ကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ကလျာဏပုဒ်ကို ကလျာဏေန သမန္နာဂတော

http://www.dhammadownload.com



ကလျာဏောဟု သမန္တာဂတာကဒ္ဒိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဏာ ပစ္စည်း၏ သမန္တာဂတ တဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ သရုပ်ကြားအဘိဓေယျတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ပစ္စယတ္ထ။

† ကလျာဏောန သမန္တာဂတောကလျာဏော၊ တဒ္ဓိတ-ဝိဂ္ဂဟော။

ပါရာ၊ ယော။ ၅၄။

**မှတ်ချက်။** ပါရာ၊ ယော၏ဝါဒကို စဉ်းစားသင့်၏။ သံဝဏ္ဏနာ နိယံအလို ကလျာဏော အဿအတ္တိတိ ကလျာဏော။ အဿတ္ထိ တဒ္ဓိတ်ပြုဟု ဖော်ကြသေးသည်၊ မကောင်းလှပါ။ သာရတ္ထအာဘော်သာ အမှန်ဖြစ်သည်။

ဃ-ဝါကျ သေဋ္ဌောဖြင့် သေဋ္ဌဟူသည် ဘဒ္ဒက (ကောင်းခြင်း)ပင်တည်း။ ကိတ္တိသဒ္ဒ၏ သေဋ္ဌဘာဝသည် အရပ်စသော သေဋ္ဌဂုဏ်လျှင် အကြောင်းရင်းရှိသတည်းဟု သိစေသည်။ (ဘာဝတ္ထ။) **တစ်နည်း။** သေဋ္ဌော ဖြင့် ကလျာဏသဒ္ဒါသည်သေဋ္ဌ၏ ဂေဟဝစကားလှယ် ပရိယာယ်တည်းဟု သိစေသည်။ (ပရိယာယ်ပြ အဘိဓေယျတ္ထ။)

င-ဝါကျ၌ ကိတ္တိဝေဖြင့် သဒ္ဒသဒ္ဒါ၏ ကိတ္တိနှင့် ပရိယာယ်၏အဖြစ်ကိုလည်းကောင်း[၁]၊ ကိတ္တိဝေ သဒ္ဒေါ ကိတ္တိသဒ္ဒေါဟု အဝဓာရဏ ကမ္မဓာရယ် သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ပရိယာယ်ပြအဘိဓေယျတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသ လိင်္ဂပဒတ္ထ။

## ပုဒ်ကိုချန်လှပ်ဖွင့်ရာ၌

အယဥ္စသံဝဏ္ဏကာနံ ပကတိ၊ ယံဒိဒံ အနတ္ထပဒံ တုလျာဓိကရဏ ပဒဥ္စ ဌပေတွာအတ္ထဝဏ္ဏနာ။ သီ၊ ဋီ၊ သစ်၊ ၁။ ၄၅၁။ (၉၃။)

### အနတ္ထပဒပုံစံ

၁။ ယောပနာဘိက္ခူတိ ယောဘိက္ခု။ ယောဘိက္ခုဖြင့် ယောပနၐ် ပနသဒ္ဒါသည် ဝိသေသစသော အနက်ကို မဟော၊ ပဒါလင်္ကာရ၊ ဝါ-အနတ္ထက၊ ဝါ-ဝါစာသိလိဋ္ဌမျှသာတည်းဟုသိစေသည်။ နိပါတလိင်္ဂတ္ထ။

http://www.dhammadownload.com



## တုလျာဓိကရဏပုံစံ

၂။ ကိတ္တိသဒ္ဒေါတိ ကိတ္တိဝေ-ယင်းသို့ "သဒ္ဒ"ကို ချန်ဖွင့်သဖြင့် ကိတ္တိနှင့်သဒ္ဒအရတုလျာဓိကရဏပုဒ်ဟု သိစေသည်။

* သံဝဏ္ဏေတဗ္ဗ၊ ရှိတာမပြ၊ အနတ္ထ၊ တုလျာဓိကရဏလည်းရ။ မရှိတာပြ၊ တဒ္ဓိတ၊ လောပကြံစရာ။ (သစ်)

## တစ်နည်းသာရတ္ထအာဘော်

ကိတ္တိဝေဖြင့် ကိတ္တိပုဒ်ကို ကိတ္တိယတီတိ ကိတ္တိဟု ကမ္မသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဃပစ္စည်း၏ ယင်းသာဓနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ သဒ္ဒပုဒ်ကိုသဒ္ဒီယတီတိ သဒ္ဒေါဟု ကမ္မသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ အ—ပစ္စည်း၏ ယင်းသာဓနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ ကိတ္တိနှင့်သဒ္ဒကို ကိတ္တိစ သော သဒ္ဒေါစာတိ ကိတ္တိသဒ္ဒေါဟု ကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၅] သဒ္ဒပုဒ်၏ ကိတ္တိသဒ္ဒါ၏ပရိယာယ်၏ အဖြစ်ကို လည်းကောင်း[၆] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၆။ ပရိယာယ်ပြ. အဘိဓေယျတ္ထ။

† ဝဏ္ဏောယေဝ ဟိ ကိတ္တေတဗ္ဗတော ကိတ္တိ၊ သဒ္ဒနီယတော သဒ္ဒေါတိ စ ဝုစ္စတိ။ သာရတ္ထ၊ ၁။ ၂၁၅။

**တစ်နည်း ဝိမတိအာဘော်။** ကိတ္တိဝေဖြင့် ကိတ္တိသဒ္ဒေါ၌ သဒ္ဒကား သက်သက်သော (သာမန်) သဒ္ဒမဟုတ်၊ ယင်းသဒ္ဒ၏ ချီးမွမ်းအပ်သော သဒ္ဒ၏ အဖြစ်ကိုလည်းကောင်း[၁]၊ ကိတ္တိဘူတော သဒ္ဒေါ ကိတ္တိသဒ္ဒေါဟု သမ္ဘာဝနာ ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

† ကိတ္တိသဒ္ဒေါတိ ကိတ္တိဘူတော သဒ္ဒေါ၊ န ဃောသလောတိ ဒဿနတ္ထံ ဝိသေသိတန္တိ အာဟ "ကိတ္တိဝေါ" တိ။ ဝိမတိ၊ ၁။ ၄၃။

http://www.dhammadownload.com



**မှတ်ချက်။** ဝိမတိအလို ကိတ္တိပုဒ်ကား နိဝတ္တေတဗ္ဗ ရှိသော ဗျဝစ္ဆေဒက ဝိသေသနမျိုး။ သာရတ္ထအလို ကိတ္တိပုဒ်ကား နိဝတ္တေတဗ္ဗ မရှိသော ယထာဘူတကထနဝိသေသနမျိုးတည်း။ ကိတ္တိသဒ္ဒေါ၊ ချီးမွမ်း အပ် ပြောဆိုအပ်သော "အရပ်" စသော ဂုဏ်ကျေးဇူးသည်။ (သာရတ္ထ) ဝါ- ချီးမွမ်းအပ်သည် ဖြစ်၍ဖြစ်သော အသံသည်။ (ဝိမတိ)-ဟု အနက်ပေး။

စ-ဝါကျ ထုတိဃောသောဖြင့် ကိတ္တိပုဒ်ကို ကိတ္တနံ အဘိတ္ထဝနံ ကိတ္တိဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဠပစ္စည်း ၏ ယင်းသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ကိတ္တဓာတ်၏ အဘိတ္ထဝန (= ချီးမွမ်းခြင်း)အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ သဒ္ဒပုဒ်၏ ဃောသအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ ဝါ- သဒ္ဒပုဒ်၏ ဃောသ၏ ပရိယာယ်၏ အဖြစ်ကိုလည်းကောင်း[၅]၊ ကိတ္တိနှင့် သဒ္ဒကို ကိတ္တိယာ ပဝတ္တော သဒ္ဒေါ ကိတ္တိသဒ္ဒေါဟု မဇ္ဈေလောပီတတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၆] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။ ၄။ နာမလိင်္ဂတ္ထ၊ ဝါ-ပရိယာယ်ပြ အဘိဓေယျတ္ထ။ ၅။ ပရိယာယ်ပြ အဘိဓေယျတ္ထ။ ၆။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** ထုတိဃောသော ဟူသော ဒုတိယဝိကပ်အလို "ကိတ္တိ သဒ္ဒေါ၊ ချီးမွမ်းခြင်း၏ အစွမ်းဖြင့် ဖြစ်သော အသံ" ဟု အနက်ပေး။ ထုတိဃောသောပုဒ်ကိုလည်း ထုတိဝသေန ပဝတ္တော ဃောသော ထုတိ ဃောသောဟုပင်ပြု၊ အနက် ကိတ္တိသဒ္ဒေါနှင့် အတူပင်။ သာရတ္ထ၊ ၁။ ၂၁၅-ကြည့်။ ဝိမတိ၊ ၁။ ၄၃-၌ ကိတ္တီတိ ထုတိ၊ တဿာ ပကာ သကော သဒ္ဒေါ ကိတ္တိသဒ္ဒေါတိ ဒဿေတုံ ထုတိဃောသော ဝါတိ ဝုတ္တံ- ဟု ဖွင့်သည်။ ယင်းအလို ကိတ္တိယာ၊ ချီးမွမ်းခြင်းကို။ ပကာသကော ပြတတ်သော။ သဒ္ဒေါ၊ အသံတည်း။ ကိတ္တိသဒ္ဒေါ အသံဟု အနက်ပေး။ သာရတ္ထ အာဘော်နှင့် မကွာလှပါ။

---

## ● ဝါဋ္ဌဝိနိစ္ဆယ

ဝဂ်ီသသံယုတ် သုဘာသိတသုတ် အဋ္ဌကထာ၌ "သမန္တာဂတာတိ သမနအာဂတာ ယုတ္တာ ပဝတ္တာ စ ဟု ဖွင့်သဖြင့် သမန္တာဂတာ ကား

http://www.dhammadownload.com



သံ+အနု+အာပုဗ္ဗ+ဂမုဓာတ်+တပစ္စည်းတည်း။ သ—ထက်၌ ရှိသော နိဂ္ဂဟိတ်ကို "မ"ပြု၊ မ-အ၊ သို့ကပ် နု၌ ဥ-ကိုချေ။ န-ကို အာ-သို့ကပ်၊ တစ်ဖန် မ-ကို ^ချေလျှင် "သမနာဂတ" ဟု ပြီးသည်။ ရှေးနည်းတူ စီရင်၍ နု၌ ဥ-ကို ဝ-ပြုလျှင် "သန္ဒာဂတ"ဟု ပြီးသည်။ နု၌ ဥ-ကိုချေ၍ နှ-ခွေးဘော်လာလျှင် "သမန္နာဂတ" ဟု ပြီးသည်။ ထိုကြောင့် ယင်း ၃-ပါဠ်သင့်သည်။ သမ္မန္နာဂတ ပါဠ်မသင့်ပါ။

**မှတ်ချက်။** အက္ခရဝိသောဓနီကျမ်း၌ကား သမ္မန္နာဂတပါဠ်သာ သင့်ကြောင်း ဆုံးဖြတ်သည်။ သူ့ဝါဒဟူ၍သာ မှတ်ရာ၏။

---

## ● နည်းနှင့်ဥပစာ

**ကလျာဏော။** အကြောင်းဖြစ်သော အရဟံ အစရှိသော ကလျာဏဘောဂုဏ်၏ ကလျာဏအမည်ကို အကျိုးဖြစ်သော ကျော်စောသံ (ကိတ္တိသဒ္ဒ) ၌ တင်စား၍ အကျိုးဖြစ်သော ကျော်စောသံကို ကလျာဏောဟု ဆိုသောကြောင့် ကာရဏူပစာ သဒ္ဒါမည်၏။ (နာနန္တရိကနည်း။) **သေဋ္ဌော** ပုဒ်လည်း ကလျာဏောနှင့် အတူမှတ်။

**မှတ်ချက်။** မအူသျှအလို "ကလျာဏ ဘောဂုဏ်၏ ကလျာဏ အမည်ကို ဂုဏောဖြစ်သော ကိတ္တိသဒ္ဒ၌ တင်၍ ဂုဏူပစာ—ဟု မှတ်ရာ၏။ ဂ-ဝါကျ ကျမ်းတက်ပြန်ကြည့်ပါ။

**တံခေါပနာတိ။** အစိတ်ဖြစ်သော"တံခေါပနံ"၏ တံခေါပနအမည်ကို အပေါင်းဖြစ်သော " တံခေါ ပန ဘဂဝန္တံ ဂေါတမံ " ၌ တင်စား၍ အပေါင်းဖြစ်သော " တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ "ကို "တံခေါပန"ဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာ သဒ္ဒါမည်၏။

**မှတ်ချက်။** တံခေါပနာတိ၊ တံခေါပန စသည်ကားဟု ဉာတိ သဒ္ဒါကို အာချတ္တ အနက်ကြံရိုက် ဝက်တ္တ = ဧကဒေသူပစာဟုမှတ်။ အကျယ်ကို "ဘဂျဝါ သဂ္ဂဝါ ယုတ္တော" ဂါထာ၊ ဥပစာ အဖြေကြည့်။

**ဣတ္ထမ္ဘူတချာနတ္ထေ။** အကြောင်းဖြစ်သော ဣတ္ထမ္ဘူတ ချာန အနက်၏ ဣတ္ထမ္ဘူတချာနတ္ထေ အမည်ကို အကျိုးဖြစ်သော "တ ဘဂ

http://www.dhammadownload.com



ဝန္တ ဂေါတမ" သဒ္ဒါတို့၌ တင်စား၍ အကျိုးဖြစ်သော "တ, ဘဂ ဝန္တ, ဂေါတမ" သဒ္ဒါတို့ကို ဣတ္ထမ္ဘူတ ချာနတ္တေဟု ဆိုသောကြောင့် ကာရဏူပစာ သဒ္ဒါမည်၏။ (နာနန္တရိကနည်း။)

**မှတ်ချက်။** "လိင်္ဂတ္တေပဋမာ = လိင်အနက်၌ ပဋမာ ဝိဘတ် သက်သည်" ဆိုရာ၌ အနက်၌မသက်၊ ပုရိသစသော သဒ္ဒါ၌သာ သက်သည်ကို လိင်္ဂတ္တေဟု ဆိုသည်။ အနက်ကား အကြောင်း၊ သဒ္ဒါကား အကျိုး ဖြစ်၍ ကာရဏူပစာတင်။ ဆင်တဲဂဏ္ဌိ၌ ဣတ္ထမ္ဘူတချာနတ္တေကား လိင်္ဂတ္တေကဲ့သို့တည်း"ဟု မှာသည်။

---

(က) ဣတိပိ သော ဘဂဝါတိ အာဒီသု ပန အယံ တာဝ ယောဇနာ။

(ခ) သောဘဂဝါ ဣတိပိ အရဟံ သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။ ပ။ သောဘဂဝါ ဣတိပိ ဘဂဝါတိ။

(ဂ) ဣမိနာစ ဣမိနာစ ကာရဏေနာတိ ဝုတ္တံ ဟောတိ။ ဋ္ဌ။ ၈၄။

## ● ဝါကျခွဲနှင့်ကျမ်းတက်

### က-စသောဝါကျ အပရာနုသန္ဓေတက်ပုံ

ယခုအခါ၌ "ဣတိပိ သောဘဂဝါ" စသော ပုဒ်တို့၌ ပဒယောဇနာ ရှေ့သွားရှိသော အနက်ကို ပြလိုရကား က-စသော ဝါကျမိန့်။

✝ ဣဒါနိ တတ္ထ ပဒယောဇနာပုဗ္ဗကံ အတ္ထံ ဒဿေန္တော အာဟ ဣတိပိ သောဘဂဝါတိ အာဒီသု (လ) ယောဇနာတိ အာဒိ။ သာရတ္ထ၊ ၁။ ၂၁၆-၇။

ခ-ဝါကျကား ပဋိညာတဗ္ဗ အကျယ်ကို ပြသောကြောင့် ဝိတ္ထာရဝါကျ။ က-ဝါကျ ပဋိညာကို ပြသောကြောင့် သင်္ခေပဝါကျ။

### ခ-ဝါကျကျမ်းတက်

ဤသို့ က-ဝါကျဖြင့် ဣတိပိသော ဘဂဝါ စသောပုဒ်တို့၌ ဤဆိုလတ္တံ့သည်ကား ပဒယောဇနာတည်းဟု ပဋိညာ (ဝန်ခံခြင်း) ပြုပြီး၍

http://www.dhammadownload.com



ယခုအခါ၌ ပဋိညာတဗ္ဗဖြစ်သော ပဒယောဇနာကို ပြလိုရကား ခ-ဝါကျမိန့်။

## ဂုဏ်တော်ပွားနည်းမှတ်ဖွယ်

ခ-ဝါကျကိုထောက်၍ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပွားများသော (ဂုဏ်တော်ပွားသော) ပုဂ္ဂိုလ်သည် "သောဘဂဝါ ဣတိပိ အရဟံ (လ) သောဘဂဝါ ဣတိပိ ဘဂဝါဟု သောဘဂဝါဣတိပိ ပုဒ်တို့ကို ဂုဏ်တော် ၉-ပုဒ်တို့၌ယှဉ်၍ ပွားများရမည်။ သာရတ္ထ၊ ၁။ ၂၁၆။

## ဘဂဝါ ၂-ခုအထူး

သောဘဂဝါ ဣတိပိဘဂဝါ၌ ရှေ့ဘဂဝါကား နာမကိတ္တန။ နာမည်ပြ။ နောက်ဘဂဝါကား ဂုဏကိတ္တန = ဂုဏ်တော်ပြ ဖြစ်၏။ သောဘဂဝါ၊ ထိုဘဂဝါမည်သော (မြတ်စွာဘုရား) သည်။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပါပေ၏ ဟု ဆိုလိုသည်။ သာရတ္ထ၊ ၁။ ၂၁၆။

ဂ-ဝါကျကား ပဒပိဏ္ဍတ္ထကိုပြသော ဝိတ္ထာရဝါကျ။ ခ-ဝါကျကား ပဒယောဇနာမျှကိုပြသော သင်္ခေပဝါကျ။

---

## ● အာဘော်နှင့်သံဝဏ္ဏနာ

ခ-ဝါကျဖြင့် ဣတိပိ သောဘဂဝါ အရဟံ(လ)ဘဂဝါကို သောဘဂဝါ ဣတိပိ ဘဂဝါဟုပဒယောဇနာ (ပဒသမ္ဗန္ဓ) ပြုရမည်ဟု သိစေသည်။

ပုဒ်တို့၏အစပ်ကို ပြသောကြောင့် သမ္ဗန္ဓသံဝဏ္ဏနာ။

ဂ-ဝါကျဖြင့် ဣတိပိ၌ ဣတိသဒ္ဒါ၏ အနီးဆုံး မျက်မှောက်ဖြစ်သော အကြောင်း(အာသန္နပစ္စက္ခကာရဏ)ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဣတိသဒ္ဒါနောက်၌ နာ ဝိဘတ်ကျေသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ပိသဒ္ဒါ၏

http://www.dhammadownload.com



သမ္မိဏ္ဍာန အနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း[၃]၊ ဂုဏ်တော်တို့၏များသည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ ဂုဏ်တော်ပွားများသူ၏ သန္တာန်၌ ဂုဏ်တော်တို့ မျက်မှောက်ထင်ရှားရှိသည်၏ အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ ဝိဘတ္တိပဒ။ ၃။ နိပါတလိင်္ဂတ္ထ။

၄။ ဘာဝတ္ထ။ ၅။ ဘာဝတ္ထ။

---

(က) တတ္ထ အာရကတ္တာ အရီနံ အရာနဉ္စ ဟတတ္တာ ပစ္စယာဒီနံ အရဟတ္တာ ပါပကရဏေ ရဟာဘာဝါဟိ ဣမေဟိ တာဝ ကာရဏေဟိ သောဘဂဝါ အရဟန္တိ ဝေဒိတဗ္ဗော။

(ခ) အရဟာ ဟိ သော သဗ္ဗကိလေသေဟိ သုဝိဒူရဝိဒူရေ ဋ္ဌိတော။ မဂ္ဂေန သဝါသနာနံ ကိလေသာနံ ဝိဒ္ဓံသိတတ္တာတိ အာရကတ္တာ အရဟံ။ ဋ္ဌ။ ၈၄။

**၁။ အာရကတ္တာအရီနံ** ဖြင့် ကိလေသာဟူသော ရန်သူတို့မှ ဝေးကွာသည်၏အဖြစ်ကြောင့် "အရဟံ"မည်သည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အာရကာဟုဆိုလိုလျက် အာ ကိုအရဿပြု က–ကို ဟပြု၊ နိဂ္ဂဟိတ်လာ၍ (နိရုတ္တိနည်းဖြင့်) အရဟံရုပ်ပြီး၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။

**အနက်ယောဇနာ။** အရဟံ၊ ကိလေသာဟူသောရန်သူတို့မှ ဝေးကွာတော်မူသောမြတ်စွာဘုရား။

† အာရကာတိ စေတ္ထ အာကာရဿ ရဿတ္တံ ကကာရဿစ ဟကာရံ သာနုသာရံ ကတွာ နိရုတ္တိနယေန အရဟန္တိ ပဒသိဒ္ဓိ ဝေဒိတဗ္ဗာ။ သာရတ္ထ၊ ၁။ ၂၁၇။

**မှတ်ချက်။** အရီနံကား အာရကတ္တာ၏ အပါဒါန် မဖြစ်သင့်သောကြောင့် ကိလေသာဟိဟု အပါဒါန်ထည့်၍ အာရကတ္တာ၌ နိဿျဆရာသို့စပ်ကြသည်။ အရီနံကိုကား ဟတတ္တာမှာစပ်၍ အနက်ပေးကြသည်။ သို့သော် အာရကာ မန္ဒဗုဒ္ဓီနံ။ နီတိ၊ သုတ္တ၊နှာ။ ၉၃၄။ ဆိုသဖြင့် အပါဒါန်အနက်၌ ဆဋ္ဌီဝိဘတ်သက်နိုင်သောကြောင့် အရီနံကို အာရကတ္တာ၌ အပါဒါန်တစ်ချက်စပ်၊ ဟတတ္တာ၌ သမ္ဗန်၊ ဝါ ဆဋ္ဌီကံတစ်ချက်စပ်သင့်သည်။ ကာကောလောကနနည်း (ဒွိဏ္ဍကနည်း) တည်း (နှောမတိ။)

http://www.dhammadownload.com



**၂။ အရိနံ့ဟတတ္တာ** ဖြင့် အရဟံကို အရယော ဟတာ အနေနာ တိ အရဟံဟု အဝုတ္တကတ္တုသာဓနေပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ကွိပစ္စည်း၏ ယင်းသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊အရိဟာ (အရိ+ဟန+ကွိ) ဟုဆိုလိုလျက် ရိ-၌ဣကို အ-ပြုခြင်း, ဟ-ထက်၌ နိဂ္ဂဟိတ်လာခြင်း နိရုတ္တိနည်းဖြင့် အရဟံဟု ရုပ်ပြီးသည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

**မှတ်ချက်။** "တောစာနေန ကိလေသာရယော မဂ္ဂေန ဟတာ" ဟူသော အရိနံ့ဟတတ္တာ၏အကျယ်ဝါကျကိုထောက်၍ အရဟံ ကိုအဝုတ္တကတ္တုသာဓနေဟုရေးသည်။ ပါရာ၊ ဂံ၊ သစ်၊ ၁။ ၃၇၇=၌ အရယောဟနိတ္တာတိ အရဟံ ပြသည်ဟုဆိုသေးသည်။ ဟတတ္တာ၏သမ္ဗန်မှာ အရိနံ့ပင်ဖြစ်သည်။ ဟတ = သတ်အပ်သော တရားကား အရိ ရန်သူတို့ ပင်တည်း။ "ဘာဝရှေ့ပုဒ်၊ လာသည်ပုဒ်၊ မယုတ်အရတူ " နိယံအတိုင်းမှတ်။

**ပဒဝိဘာဂ။** ဤဝိကပ်အလို " အရဟံ " ကား အရိ + ဟန + ကွိ။ နိဂ္ဂဟိတ်ႆ၊ ဂဏဝိမှတ်။ သိ၊ ဋီ၊ သစ်၊ ၁။ ၂၀၀-၌ နာဝိဘတ်ကို တာပြု၍ အရဟတာရုပ်ပြီးပြသည်။ ဤအလိုဂဏဝိမှတ်။ **တစ်နည်း။** အရိ + ဟန + အန္တ+နာဖြင့် အရဟတာပြီးသည်။ နာကို တောတိတာ သုတ်ဖြင့် တာပြု။ ဤအလိုဂစ္ဆန္တာဒိဂိုဏ်း။

**အရိ။** အရတိ ဂစ္ဆတိ ပစ္စတ္ထိကဘာဝန္တိ အရိ။ အရ + ဣ။ သူစိ။ မုချရန်သူ။ **သဒိသူပစာ** အားဖြင့် ကိလေသာရန်။ ကိလေသာရယော ကိုထောက်။

**အနက်ယောဇနာ။** အရဟံ၊ ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူပြီးသောမြတ်စွာဘုရား။

**၃။ အရာနဥ္စဟတတ္တာ။** ဖြင့် အရဟံကို အရာ ဟတာ အနေနာတိ အရဟံဟု အဝုတ္တ ကတ္တုသာဓနေ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ကွိပစ္စည်း၏ယင်းသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ အရဟာဟု ဆိုလိုလျက် နိဂ္ဂဟိတ်လာ၍ "အရဟံ"ဟု ရုပ်ပြီးသည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** ယဋ္ဌေတံစသော အကျယ်ကို့ရှု၍ အာဘော် ဖော်သည်။ ဋီကာများ၌ရုပ်ပြီးမပြသော်လည်း ရှေ့ ၂–ဝိကပ်ကိုမှီး၍ ဖော်ပြလိုက်သည်။

**ပဒဝိဘာဂ။** ဤဝိကပ်အလိုအရ+ဟန+ကွိ။ နိဂ္ဂဟိတန္တ။ ဂဏဝိမုတ်။

**မှတ်ချက်။** အထဝါချိ၍ တက်လာသော ဝိကပ်၌ အရေ ဟာနိ ဝိဟာနိ ဝိဒ္ဓံသေသိဖြင့် အရေ ဟနီတိ အရဟံဟု ကတ္တုသာဓနေ ပြသည်။ ကြွင်းနည်းတူမှတ်။

**အနက်ယောဇနာ။** အရဟံ၊ သံသရာစက်၏ ကကန့်အကွက် (လှည်းဒေါက်)တို့ကို ဖျက်ဆီးတော်မူပြီးသောမြတ်စွာဘုရား။

**၄။ ပစ္စယာဒီနံအရဟတ္တာ** ဖြင့် စီဝရာဒိပစ္စယေ ပူဇာဝိသေသဥ္စ အရဟတီတိ အရဟံ ဟု ကတ္တုသာဓနေပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အန္တ ပစ္စည်း၏ ယင်းသာဓနေ၌သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ အရဟဓာတ်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတုပဒ။

**မှတ်ချက်။** အဂ္ဂဒက္ခိဏေယျတ္တာစသော အကျယ်ဝါကျကိုရှု၍ အာဘော်ဖော်သည်။

**ပဒဝိဘာဂ။** အရဟ+အန္တ။ ဂစ္ဆန္တာဒိဂိုဏ်း။

**အနက်ယောဇနာ။** အရဟံ၊ သက်န်းစသော ပစ္စည်းတို့ကိုလည်းကောင်း၊ ပူဇော်အထူးကိုလည်းကောင်း ခံယူ(အလှူခံ)ထိုက်သောမြတ်စွာဘုရား။

**၅။ ပါပကရဏေရဟာဘာဝါ** ဖြင့် နတ္ထိ ရဟော ပါပကရဏေ ဧတဿာတိ အရဟံဟု ဧတုတ္ထိဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ နသဒ္ဒါ၏အဘာဝ အနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း[၂]၊ အရဟောဟုဆိုလိုလျက် ဩကိုအပြုခြင်း, နိဂ္ဂဟိတ်လာခြင်း နိရုတ္တိ နည်းဖြင့် ရုပ်ပြီးသည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ နိပါတ လိင်္ဂပဒတ္ထ။

၃။ ဘာဝတ္ထ။

**ပဒဝိဘာဂ။** န+ရဟော။

http://www.dhammadownload.com



**အနက်ယောဇနာ။** အရဟံ၊ မကောင်းမှုကိုပြုခြင်း၌ ဆိတ်ကွယ်ရာရှိတော်မမူသော၊ ဝါ=ဆိတ်ကွယ်ရာ၌မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား။

**မှတ်ချက်။** နီတိ၊ ဓာတု။ ၃၆၂-၃၌ အရဟံမှတ်ဖွယ်များရှုလေ။

✝ အရဟောတိ ဝတ္တဗ္ဗေ ဩကာရဿ သာနုသာရံ အကာရာဒေသံ ကတွာ အရဟန္တိ ဝုတ္တံ။ နီတိ၊ ဓာတု၊ ၃၆၃။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ က-ဝါကျကား သင်္ခေပဝါကျ။

## ခ-ဝါကျ ကျမ်းတက်

ဤသို့ က-ဝါကျဖြင့် အရဟံပုဒ်၏ အဖွင့် ၅-မျိုးကို အကျဉ်းပြ ပြီး၍ ယခုအခါ၌ ယင်းအဖွင့် ၅-မျိုးကို ၁-ခုစီ အကျယ်ဖွင့်လိုရကား၊ ဝါ ယင်းဆိုအပ်ပြီးသောအနက်ကို ထင်ရှားစေလိုရကား ခ-ဝါကျ (စသည်) မိန့်။ သာရတ္ထ။ ၁။ ၂၀၆။

**မှတ်ချက်။** ခ-ဝါကျဖြင့် အကျယ် ဖွင့်မကုန်သေး။ ပါပကရဏေ ရဟာဘာဝတောပိ အရဟံ ရောက်မှကုန်သည်။

## ● ဝိဂ္ဂဟနှင့်ဉာသ်ကောက်

**သုဝိဒူရဝိဒူရ။** ဝိဒူရေန ဝိဒူရော ဝိဒူရဝိဒူရော၊ (အစိတ်ဝိဂ္ဂဟ) ဝိဒူရေန၊ ဝေးသည်၏အဖြစ်ဖြင့်သာလျှင် (ဘာဝပ္ပဓာန်ပုဒ်၊ ဓဝကျေ) ဝိဒူရော၊ ဝေးရာတည်း၊ ဝါ-ဝေးသောအရပ်တည်း။ ဝိဒူရဝိဒူရော.....ဝေးရာ ဝါ-ဝေးသောအရပ်။

သုဋ္ဌု ဝိဒူရဝိဒူရော သုဝိဒူရဝိဒူရော (အပေါင်းဝိဂ္ဂဟ) သုဋ္ဌု၊ ကောင်းစွာ။ ဝိဒူရဝိဒူရော၊ ဝေးသည်၏ အဖြစ်ဖြင့် ဝေးရာ၊ ဝါ-ဝေး သောအရပ်။ သု+ဝိဒူရဝိဒူရ။

http://www.dhammadownload.com ৬



သု–အရကား သုဋ္ဌုဘောဂဏ်သည် မုချ။ ယင်း၏ ဝေးသည်၏ အဖြစ်ဖြင့် ဝေးရာနှင့်ဂုဏ်ဂုဏောစပ် ဌာနူပစာ၊ ပုဒ်လုံးအရကားကောင်းစွာဝေးသည်၏ အဖြစ်ဖြင့် ဝေးရာ၊ ဝါ–ဝေးသောအရပ်ရ၏။

**မှတ်ချက်။** သာရတ္ထ၊ ၁။ ၂၀၆ ၌ သုဝိဒူရဝိဒူရေ ဌိတောကို သုဋ္ဌုဝိဒူရဘာဝေနော ဂိဒူရေ ဌိတောဟုဖွင့်၊ ယင်းအဖွင့်နှင့်အညီ ဝိဂ္ဂဟပြု၍ ဉာဏ်ကောက်ထားသည်။ ဤအလို အောက်ပါအတိုင်း အနက်ယောဇနာရမည်။

သုဝိဒူရဝိဒူရေ၊ ကောင်းစွာဝေးသည်၏ အဖြစ်ဖြင့်သာလျှင်ဝေးရာ ၌၊ ဝါ–ဝေးသောအရပ်၌။

**တစ်နည်း။** ဝိဒူရော ဟုတွာ ဝိဒူရော ဝိဒူရဝိဒူရော (အစိတ်ဝိဂ္ဂဟ) ဝိဒူရော၊ ဝေးသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဒူရော၊ ဝေးရာတည်း။ ဝိဒူရ ဝိဒူရော၊ ဝေးသည်ဖြစ်၍ ဝေးရာ။ ဝါ–ကောင်းစွာအလွန်ဝေးရာ။

သုဋ္ဌု ဝိဒူရဝိဒူရော သုဝိဒူရဝိဒူရော (အပေါင်းဝိဂ္ဂဟ)။

**အနက်ယောဇနာ။** သုဝိဒူရဝိဒူရေ၊ ကောင်းစွာ ဝေးသည်ဖြစ်၍ ဝေးရာ၌၊ ဝါ–ကောင်းစွာအလွန်ဝေးရာ၌။

**မှတ်ချက်။** ဝိမတိ၊ ၁။ ၄၄–၌ သုဝိဒူရဝိဒူရေတိ ဒွိဟိ သဒ္ဒေဟိ အတိဝိယ ဒူရေတိ ဒသေတိဟုဖွင့်။ယင်းအဖွင့်နှင့်အညီ ဝိဂ္ဂဟပြုသည်။ ရှေ့နည်းကိုမှီ၍ဉာဏ်ကောက်ရာ၏။ ဝိဒူရဟူသော ဝိသေသနပုဒ် ဆင့်သံဖြင့် အလွန်ဝေးရာဟုအနက်ပေး။

---

## ❁ အာဘောဂနှင့်သံဝဏ္ဏနာ

ခ–ဝါကျ၌ သုဝိဒူရဝိဒူရေဖြင့် အာရကာနိပါတ်ပုဒ်သည် သုဝိဒူရ ဝိဒူရအနက်ကိုဟောသည်၊ အာသန္နအနက်ကို မဟောဟုသိစေသည်။ (နိပါတလိင်္ဂတ္ထ။)

---

## ● ပါဠိဝိနိစ္ဆယ

ဝိဒူရ၊ ဝိဒုရ။ ဝိ+ဒူရ။ ဒူရပုဒ်ကား ဒုပုဗ္ဗ + အရဓာတ် + အ ပစ္စည်း။ နောက်အ–သရချေပြီးလျှင် ရှေ့ ဥ သရကိုဒီဃပြု၍ ပြီးသော

http://www.dhammadownload.com



ကြောင့်လည်းကောင်း၊ **တစ်နည်း။** ဝိဒဓာတ်+ဥရပစ္စည်းဖြင့်ပြီးသည်ဟု ကစ္စည်း ဝိဒါ ဒီဟျူရောသုတ်နှင့် ရူပသိဒ္ဓိတို့လာသောကြောင့်လည်းကောင်း၊ ဝိနှင့်ဒူရ အထက်ပါအတိုင်း သမာသ်တွဲ၍ပြီးရကား ဒူဒ္ဓိဒီဃနှင့်ရှိသော ဝိဒူရ ပါဌ်သာ သင့် သည်။

† ဒုက္ခေန အရတိ ယံ တံ ဒူရံ။ ဓာန်။ ဋီ။ ၇၀၆။

† ဝိဒိတုံ အလံ အနာသန္နတ္တာတိအတ္ထေ ဥရပစ္စယော။ ရူ။ နာ။ ၃၅၁။

## ● နည်းနှင့်ဥပစာ

**အရိန္ဒံ။** အရိန္ဒံဟူသောနည်းသည် အရိန္ဒံ၊ ကိလေသာ ဟူသော ရန်သူတို့မှ။ အာရကတ္တာ၊ ဝေးသည်၏အဖြစ်ကြောင့်ဟူ၍လည်းကောင်း၊ အရိန္ဒံ၊ တို့ကို။ ဟတတ္တာ၊ သတ်အပ်သည်၏အဖြစ်ကြောင့်ဟူ၍လည်းကောင်း၊ (အပါဒါန်ကံ) အနက်ပေးရသောကြောင့် ကာကောလောကနည်းမည်၏။

**သဒိသူပစာ။** အတူဖြစ်သောရန်သူတို့၏ အရိန္ဒံအမည်ကို အတူရှိသော ကိလေသာတို့၌တင်စား၍ အတူရှိသောကိလေသာတို့ကို အရိန္ဒံဟု ဆိုသောကြောင့် သဒိသူပစာ သဒ္ဒါမည်၏။

**မှတ်ချက်။** အရဟံပုဒ်၌ နိရုတ္တိနည်း ရသည်ကိုလည်း သတိပြု။

## ● ပါဌ်ဝိနိစ္ဆယမှတ်ဖွယ်

**နာဘိ၊ နာဘီ။** နဘဓာတ် + ဏ = ပစ္စည်းဖြင့်ပြီးလျှင် နာဘိ သင့်။ ဤ-ပစ္စည်းသက်လျှင်နာဘီသင့်။ ၂=ပါဌ်သင့်။

† နဘ ဟိံသာယံ။ လ။ နဘတိ ဟိံသတီတိနာဘိ။ မောဂ်၊ ၇။ ၁၀။ ဤပစ္စယေ နာဘီစ။ ဓာန်၊ ဋီ။ ၃၇၄။

**ဖရသု၊ ပရသု။** ပရသဒ္ဒူပပဒ+သသဓာတ်+ဥပစ္စည်း။ ပကို ဖပြု ဓာတွန် သ-ကိုချေ၊ သ-ဥသို့ကပ် ဖရသုပြီးသည်။ ပ-ကို ဖမပြုလျှင် ပရသု၊ ထိုကြောင့် ၂-ပါဌ်သင့်သည်။

http://www.dhammadownload.com



**မှတ်ချက်။** ထောမဌ် ပရံ သုဏာတိတိ ပရသုဟု ပရ + သုဖြင့် ရုပ်ပြီးပြသည်။

✝ပရံ သသတိ ဟိံသတီတိ ဖရသုံ၊ ဉ၊ ပဿဖော။ ပရသုပိ။ ဓာန်၊ ဋီ။ ၃၉၃။

**အညာတိ။ အညာသိ။** အညာတိပါဌ်သာသင့်သည်။ ဋ္ဌ။ ၈၆-၌ ဇာနာတိ ပဿတိ **အညာတိ** ပဋိဝိဇ္ဈတိဟုရှိ၏။ အညာတိရှေ့၌ ရှိသော ဇာနာတိ ပဿတိ၊ နောက်၌ရှိသော ပဋိဝိဇ္ဈတိ ပုဒ်တို့၌ ဝတ္တမာန် "တိ" ဝိဘတ်အစဉ်ကိုထောက်၍ အညာသိဟုရှိပါက ဝိဘတ်အစဉ် ကျိုးပျက်ခြင်း ဘဂ္ဂရီတိ ဒေါသသင့်ရာ သောကြောင့်လည်းကောင်း၊ "အညာတိ ပဋိဝိဇ္ဈတီတိ တေသံယေဝ ဝေဝစနံ" သာရတ္ထ၊ ၁။ ၂၂၄။ ဆိုသဖြင့် "တိ"ဝိဘတျန္တ ဝေဝုစ်ပုဒ်ချည်း ဖြစ်ကြသောကြောင့်လည်းကောင်း၊ "အညာတီတိတ္တေ အာဏ္ဏတိ ဥပသဂ္ဂေါ၊ သော ပရဿက္ခရဿ သညောဂုစ္စာရဏတ္ထာယံ ရဿံ ကတွာ နိဒ္ဒိဋ္ဌော"နီတိ၊ ဓာ။ ၅၁-လာသောကြောင့်လည်းကောင်း၊ အာပုဗ္ဗ+ ဉာဓာတ်+ တိဝိဘတ်ဖြင့်ရုပ်ပြီးရကား "အညာတိ"ပါဌ်သာသင့်သည်။

---

(က) သမ္မာ သာမဉ္စ သဗ္ဗဓမ္မာနံ ဗုဒ္ဓတ္တာ ပန သမ္မာသမ္ဗုဒ္ဓေါ။

(ခ) တထာ ဟောသ သဗ္ဗဓမ္မေ သမ္မာသာမဉ္စ ဗုဒ္ဓေါ။

(ဂ) အဘိညေယျေ ဓမ္မေ-(လ) ဘာဝေတဗ္ဗတော။

(ဃ) တေနေဝစာဟ=အဘိညေယျံ အဘိညာတံ (လ) ဗြာဟ္မဏာတိ။ ဋ္ဌ။ ၈၇။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ယုတ္တိဒဋ္ဌီဝါကျ။ က-ဝါကျကား ယုတ္တိဒဋ္ဌီယ ဝါကျ။

**ရှင်းလင်းချက်။** "တထာဟိမှာ၊ ဉာပကာ၊ ရံခါ, ချဲ့မြဲစွဲ" နိယံ အရ တထာဟိချီသောဝါကျမျိုးသည် ဉာပက (ယုတ္တိဒဋ္ဌီကရဏ) ဝါကျ, ဝိတ္ထာရဝါကျ, အာဂမဒဋ္ဌီကရဏ (မြဲ) ဝါကျတို့တွင် တစ်မျိုးမျိုးဖြစ်သည်။ ဤ၌ ခ-ဝါကျ ဘာဝါကျဟုအမည်ပေးမည်နည်း။ က-ဝါကျနှင့် ခ-ဝါကျ

http://www.dhammadownload.com



နှိုင်းယှဉ်ကြည့်လျှင် ဘာမျှထူးခြားလာသည်၊ ကျယ်လာသည်ကို တွေ့ရမည်မဟုတ်၊ အကိုးသာစေပြဝါကျလည်းမဟုတ်။ "နက်ထူးမြဲထွေ၊ သိပစေ၊ ပြီးနေထင် ဝိရာ" ပရိဘာသာအရနိုင်မြဲစေလို၍ ထပ်ဆိုခြင်းသာဖြစ်ရာ "ယုတ္တိဒဋ္ဌိကရဏဝါကျ" ဟု ဝါကျခွဲလိုက်သည်။ ပါရာ ဂ၊ သစ်၊ ၁။ ၄၁၄-၌ တထာဟိကား ဒဋ္ဌိ၊ ဝါ ဝိတ္ထာရဟုဆိုသည်။

ဂ-ဝါကျကား သဗ္ဗဓမ္မသရုပ်ကိုချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျ။ က-ခ-ဝါကျတို့ကား သခ်ေပဝါကျ။

## ဂ-ဝါကျ ကျမ်းတက်

ဤသို့ က-ခ-ဝါကျတို့ဖြင့် မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် ခပ်သိမ်းသောတရား(သဗ္ဗဓမ္မ)တို့ကို သိတော်မူတတ် သောကြောင့် သမ္မာသမ္ဗုဒ္ဓမည်ဟုပြပြီး၍ ယခုအခါ၌ ခပ်သိမ်းသောတရား(သဗ္ဗဓမ္မ)ဟု သာမန်ဆိုခဲ့သော(ဇုဗ္ဗနကြိယာ၏ဝိသယ)ကံပုဒ်ကိုသရုပ်ထုတ်၍ချဲ့ပြလိုရကား ဂ-ဝါကျမိန့်။ သာရတ္ထ ၁။ ၂၂၉။

မှတ်ချက်။ သဗ္ဗဓမ္မသရုပ်ကို မည်သို့ဖော်ထုတ် ချဲ့ပြကြောင်း နိသျကြည့်ကသိသာပါပြီ။

ဃ-ဝါကျကား အာဂမဒဋ္ဌိကရဏဝါကျ။ ဂ-ဝါကျကား အာဂမဒဋ္ဌိယဝါကျ။

**မှတ်ချက်။** သဗ္ဗဓမ္မအရ အဘိညေယျ စသည်ကို ယူရမည်ဟု ဂ-ဝါကျဖြင့် ဖွင့်ပြပြီးနောက် အကိုးသာစေ ပြဖို့လိုအပ်သဖြင့် ဃ-ဝါကျ တက်လာသည်။

---

## ● ဝိဂ္ဂဟနှင့်ဉာသ်ကောက်

**အဘိညေယျေ။** ဉာတဗ္ဗာတိ ဉေယျာ။ ယေ စတုသစ္စဓမ္မာ သမ္မာသမ္ဗုဒ္ဓေန ဉာတဗ္ဗာ ဣတိ တေဉေယျာ။ ဉာဓာတ် + ဏျ ပစ္စည်း။ ကမ္မသာဓ်။

http://www.dhammadownload.com



ကတ္တာ့ဥကား မြတ်စွာဘုရား-၏ သစ္စာ၄-ပါးကို သိသောမဂ်ဉာဏ်သည်မှချ။ ကမ္မဥကား ထို အား တပ်သော သစ္စာ ၄-ပါး တရား၏ အာရမ္မဏပစ္စယသတ္တိဖလူ။ ဈပစ္စည်းအရ ထို-အပ်သော သစ္စာ ၄-ပါး တရားတို့ရ၏။ (အစိတ်ဝိဂ္ဂဟဉာဉ်ကောက်။)

အနိစ္စာဒိတော လက္ခဏရသာဒိတော စ အဘိဝိသိဋ္ဌေန ဉာဏေန ဉေယျာတိ အဘိညေယျာ။ တတိယာတပ္ပုရိသ်သမာသ်။ အဘိ + ဉေယျာ။

အဘိအရကား ထူးသောဉာဏ်သည်မှချ။ ယင်း၏ သိအပ်သိသင့်သော သစ္စာ ၄-ပါးတို့နှင့် အာရမ္မဏိက, အာရုံ၊ အကျိုးအကြောင်း အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏၊ အဘိညေယျ ဟူသော သမာသ်ပုဒ်လုံးအရကား (အနိစ္စစသည် အားဖြင့်လည်းကောင်း။ လက္ခဏ,ရသစသည်အားဖြင့်လည်းကောင်း) ထူးသောဉာဏ်ဖြင့် သိအပ်ကုန်သော သစ္စာ ၄-ပါး တရားတို့ရ၏။ (အပေါင်းဝိဂ္ဂဟဉာဉ်ကောက်။)

† အဘိညေယျေတိ အနိစ္စာဒိတော လက္ခဏရသာဒိတော စ အဘိ ဝိသိဋ္ဌေန ဉာဏေန ဇာနိတဗ္ဗေ စတု သစ္စဓမ္မေ။ သာရတ္ထ။ ၁။ ၂၂၉။

**အဘိညေယျတော။** ယင်းကို အဘိညေယျဘာဝတောဟု သာရတ္ထဖွင့်၊ အဘိညေယျတော၌ အဘိညေယျကား ( အဘိညေယျဓမ္မေ၌ အဘိညေယျမဟုတ် ) ဘာဝလောပ၊ ဝါ-ဘာဝပ္ပဓာန် ပုဒ်ဟု ပြသည်။ ယင်းဟိတ် အဘိညေယျကို ဉာဉ်ကောက်လျှင် ဆိုခဲ့ ပြီးသည် အတိုင်း ဓာတ်ရပစ္စည်းရကောက်ပြီးနောက် "ထိုသို့ပင်သစ္စာ ၄-ပါးကိုရခြားသော်လည်း " အဘိညေယျ " ပုဒ်၏ ဘာဝလောပ၊ ဝါ=ဘာဝပ္ပဓာန်ပုဒ်ဖြစ်သောကြောင့် ထူးသောဉာဏ်ဖြင့် သိအပ်ကုန်သောသစ္စာ ၄-ပါးတရားတို့၏ အဘိဇာနိတဗ္ဗဘော ဂုဏ်သည်သာ ပဓာနအားဖြင့် ရ၏ " ဟု ဆက်ကောက်ရမည်။

---

## ဝိဂ္ဂဟမှတ်ဖွယ်

**ပရိညေယျာ။** ပရိဇာနိတဗ္ဗာတိ ပရိညေယျာ။ ဒုက္ခသစ္စာဓမ္မ ရ၏။

http://www.dhammadownload.com



**ပဟာတဗ္ဗာ**။ ပဟီယန္တေ့တိ ပဟာတဗ္ဗာ။ သမုဒယ သစ္စာမေ့။
**သစ္ဆိကာတဗ္ဗာ**။ သစ္ဆိကရီယန္တေ့တိ သစ္ဆိကာတဗ္ဗာ။ နိရောဓ သစ္စမေ့။
**ဘာဝေတဗ္ဗာ**။ ဘာဝီယန္တေ့တိ ဘာဝေတဗ္ဗာ။ မဂ္ဂသစ္စမေ့ ရဏ်။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**သမ္မာ**။ အဝိပရီတတ္ထ (မဖောက်မပြန် အမှန်အနက်) ဟောသော နိပါတ်ပုဒ်၊ အာကာရတ္ထ၊ အလိင်၊ ဂဏဝိမုတ်၊ ဒုတိယာကေဝုစ် ( မဏိမဥ္ဇူ ၁။ ၇၃။)

**သာမံ**။ သယံ = ကိုယ်တိုင်ဟူသော အနက်ကိုဟော နိပါတ်ပုဒ်၊ နိဂ္ဂဟိတန္တ၊ အလိင်၊ ဂဏဝိမုတ်၊ ပဌမာကေဝုစ်။ (၎င်း။)

## ● အာဘော်နှင့်သံဝဏ္ဏနာ

က-ဝါကျ၌ သာမံဖြင့် သမ္မာသမ္ဗုဒ္ဓေါ၌သံသဒ္ဒါသည် သမောဓာန, သခေ်ပစသောအနက်တို့ကို မဟော၊ သာမံ၊ ဝါ-သယံ (ကိုယ်တိုင်) အနက်ကို ဟောသည်ဟုသိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ။)

သာမဥ္စ၌ စသဒ္ဒါဖြင့် ကိုယ်တိုင်သာလျှင်သိသည်။ သူများပြော၍ သိသည်မဟုတ်ဟူသော အဝဓာရဏတ္ထကို သိစေသည်။ (ဘာဝတ္ထ။)

**တစ်နည်း**။ စသဒ္ဒါဖြင့် သာမံဗုဒ္ဓ ကိုယ်တိုင်သိရုံသာမက။ သမ္မာ ဗုဒ္ဓ = မှန်မှန်ကန်ကန်လည်း သိသည်ဟူသော သမ္ပိဏ္ဍနတ္ထကို သိစေသည်။ (ဘာဝတ္ထ)

**သဗ္ဗမ္ပော်နံ**။ "ပဒေသဿ ဂဟဏေ အသတိ ဂဟေတဗ္ဗဿ နိပ္ပဒေသတာ ဝိညာယတိ" (သာရတ္ထ၊ ၁။ ၂၂၉။) ပရိဘာသာအရ ဗုဒ္ဓ (သိ) ဟူသော စကားသည် ဘာကိုသိသည်ဟု ဖော်ပြ သတ်မှတ်ချက် မရှိ သဖြင့် "အားလုံး" သိ၏ဟုအဓိပ္ပာယ်သက်ရောက်သွားရာ ယင်းကို သိစေ လိုသောကြောင့် သဗ္ဗမ္ပော်နံဟုဆိုသည်။ ယင်းသဗ္ဗမ္ပော်နံဖြင့် ဗုဒ္ဓ (ဗုဓဟူ သောသကမ္မကဓာတ်)၏ ဝိသယ-ကံကားသဗ္ဗမ္ပေပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com



**အနက်။** ပဒေသသ္မာ၊ တစ်စိတ် တစ်ဖို့ တချို့ တစ်ဝက်ကို။ ဂဟဏော၊ ယူခြင်း (ဖော်ပြသတ်မှတ်ခြင်း) သည်။ အသတိ၊ မရှိသော်။ ဂဟေတဗ္ဗဿ၊ ယူထိုက်ယူရမည်အနက်၏။ နိပ္ပဒေသတာ၊ တစ်စိတ်တစ်ဖို့ တချို့တစ်ဝက် မဟုတ် (အားလုံးကုန်)၏ အဖြစ်ကို။ ဝိညာယတိ၊ သိအပ်၏။

က–ဝါကျ တစ်ဝါကျလုံးဖြင့် သမ္မာသမ္ဗုဒ္ဓေါပုဒ်ကို သမ္မာ သာမဉ္စ သဗ္ဗဓမ္မေ အဗုဇ္ဈီတိ သမ္မာသမ္ဗုဒ္ဓေါဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ တပစ္စည်း၏ကတ္တုသာဓနနှ၌ သက်သည်၏အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒု–ပစ္စယတ္ထ။

**မှတ်ချက်။** ဗုဒ္ဓတ္တာဟူသော ဟိတ်ပါဌ်ကပင် ဤအာဘော်ကိုပြသည်။

**အနက်ယောဇနာ။** သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက်မပြန် ကိုယ်တော်တိုင် သာလျှင် (အဝဓာရဏတ္ထ)၊ ဝါ– မဖောက်မပြန်လည်းကောင်း, ကိုယ်တော်တိုင် လည်းကောင်း, ခပ်သိမ်းသော တရားတို့ကို သိတော်မူပြီးသော မြတ်စွာ ဘုရား။

---

## ● ပါဠိဝိနိစ္ဆယ

ပဟီန။ ပဟီန။ ပဟီဏ။ ပဟီဏ။ ပဟီန သာသင့်သည်။ ပပုဗ္ဗ + ဟာ+တပစ္စည်း။ ကွစိဓာတုသုတ်ဖြင့် တ–ကို ဤဏပြု၊ ဏ–ကို န–ပြု၍ ပြီး သောကြောင့်တည်း။

**မှတ်ချက်။** ဟီနလည်း နည်းတူမှတ်။

† ကွစိဓာတု တျာဒိနှာ ဟာဒိတော ဤဏော ဏဿ နတ္တံ၊ ပဟီ ယိတ္တာတိ ပဟီနံ။ ( ရူ–ဘိဒါဒိတော သုတ်အဖွင့်။ )

---

## ● နည်းနှင့်ဥပစာ

**ဘာဝိတဗ္ဗ၌ ဘာဝိတ။** ဘာဝေတဗ္ဗ (ဘာဝိတ) ဟူသော နည်း သည် ဘာဝေတဗ္ဗ (ဘာဝိတ) ဟူသော အကြောင်း မဂ္ဂသစ္စာကို ဆိုသ ဖြင့် သစ္ဆိကာတဗ္ဗ (သစ္ဆိကတ) ဟူသော အကျိုးနိရောဓသစ္စာကိုလည်း ရသောကြောင့် နာန

http://www.dhammadownload.com



အကြောင်းဖြစ်သော မဂ္ဂသစ္စာ၏ ဘာဝေတဗ္ဗ ( ဘာဝိတ ) အမည်ကို အကျိုးဖြစ်သော နိရောဓသစ္စာ၌ တင်စား၍ အကျိုးဖြစ်သော နိရောဓသစ္စာကို ဘာဝေတဗ္ဗ ( ဘာဝိတ ) ဟု ဆိုသောကြောင့် ကာရဏူ ပစာ။

**ပဟာတဗ္ဗံ ပဟီနံ။** ပဟာတဗ္ဗံ ( ပဟီနံ ) ဟူသော နည်းသည် ပဟာတဗ္ဗံ( ပဟီနံ ) ဟူသော အကြောင်းကို ဆိုသဖြင့် ပရိညာတဗ္ဗ (ပရိညာတ) ဟူသော အကျိုးဒုက္ခ သစ္စာကိုလည်း ရသောကြောင့် နာနန္တ ရိကနည်း။

အကြောင်းဖြစ်သော သမုဒယသစ္စာ၏ပဟာတဗ္ဗ (ပဟီန) အမည်ကိုအကျိုးဖြစ်သော ဒုက္ခသစ္စာ၌တင်စား၍ အကျိုးဖြစ်သော ဒုက္ခသစ္စာကို ပဟာတဗ္ဗ (ပဟီန) ဟု ဆိုသောကြောင့် ကာရဏူပစာ။

**ရှင်းလင်းချက်။** " ဟေတုမ္ဟာနံ ဂဟဏေနေဝ တပ္ဖလာနံ " ဟုဖွင့်သောဝိမတိ၊ ၁၊ ၄၉-နှင့်အညီ ကာရဏူပစာ နာနန္တ ရိကနည်းတည်း။ ယင်းဝိမတိအလို ဂါထာဝယ် အဘိညေယျအရ ယူရမည့်တရားကို မဆိုသဖြင့် သာမန်ညေယျဓမ္မကိုသာယူရမည်။ ၄၊ ဂ-ဝါကျအလိုသော် အဘိညေယျအရ သစ္စာ ၄-ပါးလုံးယူရမည်။ မည်သို့ဆိုစေ ဂါထာ၌ ဘာဝေတဗ္ဗဥ္စ ဘာဝိတံအရမှာ အကြောင်း မဂ္ဂသစ္စာ၊ ပဟာတဗ္ဗံ ပဟီနံ အရမှာကား အကြောင်းသမုဒယသစ္စာဖြစ်သဖြင့် သစ္စာ ၂ ပါး လိုနေသေးသည်။ ထိုကြောင့် ကျန်အကျိုးနိရောဓသစ္စာ, ဒုက္ခသစ္စာတို့ကို ကာရဏူ ပစာဖြင့် ယူရသည်ဟုမှတ်ပါ။

**သာရတ္ထဒီအလိုနည်းတင်ပုံ။** ဤပြယုဂ်၌ အဘိညေယျဟူသော နည်းသည်ဆိုလတ္တံ့သော "ဘာဝေတဗ္ဗဥ္စ ဘာဝိတံ" အရ မဂ္ဂသစ္စာ, ပဟာတဗ္ဗံ ပဟီနံအရသမုဒယသစ္စာမှကြွင်းသော ဒုက္ခသစ္စာ, နိရောဓသစ္စာ,ကို "အဘိညေယျ"အရယူရသောကြောင့် ပါရိသေသနည်းမည်၏။

အပေါင်းဖြစ်သော သစ္စာ၄-ပါး၏ အဘိညေယျအမည်ကို အစိတ်ဖြစ်သော ဒုက္ခသစ္စာ, နိရောဓသစ္စာ၌ တင်စား၍ အစိတ်ဖြစ်သော ဒုက္ခသစ္စာ, နိရောဓသစ္စာကို အဘိညေယျဟု ဆိုသောကြောင့် ဧကဒေသျူပစာ, သမုဒါယူပစာ။

http://www.dhammadownload.com



**မှတ်ချက်။** ဤကားသာရတ္ထ၊ ၁။ ၂၃၀-ဒုတိယအဖွင့်အလိုနည်း ဥပစာများတည်း။ ပဌမအဖွင့်နှင့်အညီ အဘိညေယျန္တိ ဣမိနာ ဒုက္ခသစ္စမာဟ။ အဘိညေယျံအရဒုက္ခသစ္စာ၊ အဝုတ္တသမုစ္စည်း စ-သဒ္ဒါဖြင့် သစ္ဆိကာတဗ္ဗ နိရောဓသစ္စာ၊ ကြွင်းပါဠိများဖြင့် ရေးနည်း အတိုင်း သစ္စာ ၂-ပါး ယူလိုက်လျှင် သစ္စာ ၄-ပါးပင် ဖြစ်သည်။ ဤအလိုနည်းဥပစာမရဟုမှတ်။

## အပိစပုဒ်အနက်ယောဇနာနည်း

၁။ အပိ စ စက္ခု ဒုက္ခသစ္စံ။ အပိစ = အပရော နယော၊ တစ်ပါးသောနည်းကို၊ ဝဝံ၊ ဤသို့။ ဝေဒိတဗ္ဗော။ ၏။ **(မဏိမဉ္ဇူ။)**

၂။ အပိ စ ကိမည် ဝတ္တဗ္ဗံ၊ ဆိုဖွယ်တစ်ပါးကား အဘယ်နည်း။ "အပိစာတိ ကိမည် ဝတ္တဗ္ဗန္တိ အတ္ထော **(သံပျင်ဋီကာ။)**

၃။ အပိစ အပရောနယော မယာ ဝုစ္စတေ။ (ရွှေဥမင်သျှ။)

၄။ ဝုတ္တံနယတော၊ မှ။ အပရော နယော မယာ ဝုစ္စတေ။

**(မအူသျှ။)**

---

(က) ဝိဇ္ဇာဟိ ပန စရဏေန စ သမ္ပန္နတ္တာဝိဇ္ဇာစရဏသမ္ပန္နော။

(ခ) တတ္ထ ဝိဇ္ဇာတိ တိဿောပိ ဝိဇ္ဇာ အဋ္ဌပိ ဝိဇ္ဇာ။

(ဂ) တိဿော ဝိဇ္ဇာ ဘယဘေရဝသုတ္တေ ဝုတ္တနယေနေဝဝေဒိတဗ္ဗာ။

(ဃ) အဋ္ဌဝိဇ္ဇာ အမ္ဗဋ္ဌသုတ္တေ။

(င) တတြ ဟိ ဝိပဿနာဉာဏေန မနောမယိဒ္ဓိယာ စ သဟ ဆအဘိညာ ပရိဂ္ဂဟေတွာ အဋ္ဌဝိဇ္ဇာ ဝုတ္တာ။ ဋ္ဌ။ ၈၈။

## ● အနက်ယောဇနာ

သမ္ပန္နတ္တာ၊ တက္ကု ဖြစ်တော်မူသည်၏ အဖြစ်ကြောင့် (သဒ္ဒတ္ထ။ သမင်္ဂီသမ္ပန္နအနက်။) ဝါ ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့်။ (သဒ္ဒတ္ထ။ သမ္ပုဏ္ဏ သမ္ပန္နအနက်) ဝါ-မချွတ်ယွင်းသည်၏ အဖြစ်ကြောင့်။ (အဓိပ္ပာယတ္ထ။)

http://www.dhammadownload.com



† သမ္ဗန္ဓော တိသုသမ္ဗုဏ္ဏော၊ မဇုရေစ သမ်ဂီနိ။ ဓာန်။ ၈၄၆။

† သမ္ဗန္ဓတ္တာတိ သမန္တာဂတတ္တာ ပရိပုဏ္ဏတ္တာ ဝါ၊ အဝိကလတ္တာ တ ဝ ဒွေ္တော။ သာရတ္ထ၊ ၁။ ၂၃၅။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ က-ဝါကျကား သခ်ေပဝါကျ။

## ခ-ဝါကျ ကျမ်းတက်

ဤသို့ က-ဝါကျဖြင့် ဝိဇ္ဇာတို့နှင့်လည်းကောင်း၊ စရဏနှင့်လည်းကောင်း ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့် "ဝိဇ္ဇာစရဏသမ္ပန္န"မည်၏ဟု ပြတော်မူပြီး၍ ယခုအခါ၌ ဝိဇ္ဇာစရဏသမ္ပန္နပုဒ်တွင် ဝိဇ္ဇာသရုပ်ကိုပြလိုရကား ခ-ဝါကျမိန့်။

ဂ-ဃ-ဝါကျကား အတိဒေသဝါကျ၊ ဝါ-. ဝါကျာရမ္ဘ ဝါကျ။ ခ-ဝါကျကား အာရဒ္ဓဝါကျ။

## က-ဝါကျ ကျမ်းတက်

ဤသို့ ခ-ဝါကျဖြင့် ဝိဇ္ဇာသရုပ်ကိုဖွင့်ပြပြီး၍ ယခုအခါ၌ ယင်း ဝိဇ္ဇာတို့၏အကျယ်ကိုညွှန်ပြလိုရကား ဂ-ဝါကျမိန့်။

ဃ-ဝါကျကား ပက္ကန္တရ၊ ဂ-ဝါကျကား ပက္ခဝါကျ။

င-ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ဃ-ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

**မှတ်ချက်။** င-ဝါကျဖြင့် အဋ္ဌဝိဇ္ဇာ သရုပ်အကျယ်ကို ပြသည် ဟုယူ၍မနိုင်သောကြောင့် င-ဝါကျကို ဝိတ္ထာရလည်းခွဲလေဦး။

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**မနောမယိဒ္ဓိ။** မနေန နိဗ္ဗတ္တံ မနောမယံ။ မနေန၊ ရှာန်စိတ် ကြောင့်။ နိဗ္ဗတ္တံ၊ ဖြစ်သည်တည်း။ နိဗ္ဗတ္တတဒ္ဓိတ်။မယပစ္စည်း။ (အစိတ် ဝိဂ္ဂဟ)

မနအရ ရှာန်စိတ်သည် မှုချ။ ယင်း၏ ခန္ဓာကိုယ် ဒြဗ်နှင့် အကြောင်းအကျိုး, သာဓက သာချဲစပ်ခြင်းသမ္ဗန် ဌာနူပစာ။ မယ

http://www.dhammadownload.com


ပစ္စည်းအရကား - ထိုမှချဉ္စာနုပစာတို့ဖြင့်မှတ်အပ်သော ဈာန်စိတ်ကြောင့်ဖြစ်သော "ရူပီမနောမယ သဗ္ဗင်္ဂပစ္စင်္ဂ အဟီနိန္ဒြိယ" ခန္ဓာကိုယ်ဒြဗ်ရ၏။

မနောမယဿ နိဗ္ဗတ္တိဝသေန ပဝတ္တာ ဉာဏ်္ဒိ မနောမယိဒ္ဓိ။ မနောမယဿ၊ "ရူပိ(လ) အဟီနိန္ဒြိယ"" ခန္ဓာကိုယ်၏။ နိဗ္ဗတ္တိဝသေန၊ ဖြစ်ပေါ်လာခြင်း၏အစွမ်းဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ဣဒ္ဓိ၊ တန်ခိုးတည်း။ မနောမယိဒ္ဓိ.....တန်ခိုး။ မဇ္ဈေလောပီဆဋ္ဌီတပ္ပုရိသ်သမာသ်မနောမယ + ဣဒ္ဓိ။

မနောမယအရကား ဈာန်စိတ်ကြောင့်ဖြစ်သော ရူပီ (လ) အဟီနိန္ဒြိယ ခန္ဓာကိုယ်သံည်မှချ။ ယင်း၏ဈာနသမ္ပယုတ္တ ပညာဟူသော တန်ခိုး ဒြဗ်နှင့် အကျိုးအကြောင်း, သာချ သာကေ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်ဥာနုပစာ။ မနောမယိဒ္ဓိဟူသော သမာသ်ပုဒ်လုံးအရကား ထို=ဖြင့် မှတ်အပ်သောဈာန်စိတ်ကြောင့်ဖြစ်သော ရူပီ(လ)အဟီနိန္ဒြိယ ခန္ဓာကိုယ်၏ ဖြစ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော ဈာနသမ္ပယုတ္တပညာဟူသော တန်ခိုးရ၏။

† မနောမယိဒ္ဓိယာတိ ဧတ္ထ (လ) ဈာနမနေန နိဗ္ဗတ္တတ္တာ မနောမယဿ သရီရဿ နိဗ္ဗတ္တိဝသေန ပဝတ္တာ မနောမယိဒ္ဓိနာမ။ သာရတ္ထ၊ ၁။ ၂၃၂။

† သာ အတ္ထတော ဈာနသမ္ပယုတ္တပညာဝ။ ဝိမတိ၊ ၁။ ၅၀။

**မှတ်ချက်။** မနေန နိဗ္ဗတ္တိတာ မနောမယာ။ ဣဒ္ဓိရစေ။ မနောမယာ ဣဒ္ဓိ–ဟု ပါရာ၊ ဂံ၊ သစ်၊ ၁။ ၄၄၂၊ ၌ တစ်နည်းဝိဂ္ဂဟပြုသေး၏။

---

## တတုပစ္စယာဒိဝိဘာဂ

**ဝိဇ္ဇာ။** ၁။ ဝိန္ဒိယံ ဝိန္ဒတီတိ ဝိဇ္ဇာ။ ယာဓမ္မဇာတိ၊ သည်။ ဝိန္ဒိယံ၊ သဘောအားဖြင့်ရအပ်သောဓမ္မတို့၏လက္ခဏာကို။ ဝိန္ဒတိ၊ ရတတ်၏။ ဣတိ သာ ဝိဇ္ဇာ။ ဝိဒဓာတ်+ဏျပစ္စည်း၊ ဝိဒ=လာဘေ။

၂။ အတ္တနော ဝါ ပဋိပက္ခဿ ဝိဇ္ဈနဋ္ဌေန ဝိဇ္ဇာ။ အတ္တနော၊ မိမိ၏။ ပဋိပက္ခဿ၊ ဆန့်ကျင်ဖက်ကို။ ဝိဇ္ဈနဋ္ဌေန၊ ဖောက်ခွဲ တတ်သော အနက်သဘောကြောင့်။ ဝိဇ္ဇာ၊ ဝိဇ္ဇာ မည်၏။ ဤအလို ဝိဇ္ဇာ သဒ္ဒါကား ဝိဇနအနက်ဟော အနိပ္ဖန္နပါဋိပဒိကပုဒ်တည်း။

http://www.dhammadownload.com



**တစ်နည်း။** နိပ္ဖန္နပုဒ်ကြံ၍ အတ္တနော ပဋိပက္ခဿ ဝိဒလတိ ဝိဇ္ဈ တီတိ ဝိဇ္ဇာ။ အတ္တနော၊ ၏။ ပဋိပက္ခဿ၊ ကို။ ဝိဒလတိ ဝိဇ္ဈတိ၊ ဖေါက်ခွဲတတ်၏။ ဣတိ သာ ဝိဇ္ဇ -ဟု ဝိဂ္ဂဟပြု၍။ ဝိပုဗ္ဗ+ဒလဓာတ်+ဏျပစ္စည်း။

၃။ အတ္တနော ဝိသယံ ဝိဒိတံ ကရောတီတိ ဝိဇ္ဇာ။ အတ္တနော၊ ၏။ ဝိသယံ၊ကို။ဝိဒိတံ၊ ထင်ရှားသည်ကို။ကရောတိ၊၏။ဣတိ၊ဝိဇ္ဇာ။ ဝိဒိတပုဒ်+ ဏျပစ္စည်း။ ကရောတိတဒ္ဓိတ်။

**မှတ်ချက်။** ဤ ၃-ဝိကပ်၊ အနက် ၄-မျိုးကား။ သာရတ္ထ၊ ၁။ ၂၃၅။ အလိုတည်း။

---

## အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ဝိဇ္ဇာနှင့် 'စရဏကို ဝိဇ္ဇာ စ စရဏဉ္စ ဝိဇ္ဇာစရဏံ ဟု ဒွန်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဝိဇ္ဇာစရဏနှင့် သမ္ပန္နကို ဝိဇ္ဇာစရဏေန သမ္ပန္နော ဝိဇ္ဇာစရဏသမ္ပန္နောဟု တတိယာ တပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျဖြင့် ဝိဇ္ဇာတို့ကား ၃ ပါး ၈-ပါး အပြား ရှိသတည်းဟု ဝိဇ္ဇာသရုပ်ကိုသိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ။)

---

## ပါဠိဝိနိစ္ဆယ

ဆအဘိညာ။ ဆအဘိညေ။ ဆအဘိညာ ပါဠ်သာ သင့်သည်။ အကြောင်းကား အဘိညာသဒ္ဒါ၏ ကညာဒိဂိုဏ်း၏ အဖြစ်ကြောင့် လည်းကောင်း, ဒုတိယာယောဝိဘတ်ကို ဧ မပြုနိုင်သောကြောင့်လည်းကောင်း ကညာ သဒ္ဒါကဲ့သို့ ဒုတိယာဗဟုဝုစ်အဘိညာရှိသော ပါဠ်သာသင့်သည်။

---

## နည်းနှင့်ဥပစာ

**ဝိဇ္ဇာ။** အကြောင်းဖြစ်သော အာသဝက္ခယ ဉာဏ် (ဝါ) အရဟတ္တမဂ်ဉာဏ်၏ ဝိဇ္ဇာဟူသောအမည်ကို အကျိုးဖြစ်သော သဗ္ဗညုတဉာဏ်၌ ဟင်စား၍ အကျိုးဖြစ်သော သဗ္ဗညုတဉာဏ်ကိုလည်း ဝိဇ္ဇာဟုဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တရိကနည်း)

http://www.dhammadownload.com



**မှတ်ချက်။** မဂ္ဂဉာဏပဒဋ္ဌာနဋ္ဌ သဗ္ဗညုတ ဉာဏံ။ ထေရ၊ ဋ္ဌ။ ၁။ ၈။ နှင့်အညီ မြတ်စွာဘုရား၏ ဝိဇ္ဇာသည် သာဝကတို့၏ ဝိဇ္ဇာကဲ့သို့ မဟုတ်။ အကျိုးသဗ္ဗညုတဉာဏ်ကိုလည်း ပြည့်စုံစေနိုင်သည်။ ထိုကြောင့် ဋ္ဌ–၌ "ဝိဇ္ဇာသမ္ပဒါ ဘဂဝတော သဗ္ဗညုတံ ပူရေတွာ ဌိတာ"ဟုဆိုသည်။

✝အာသဝက္ခယဝိဇ္ဇာယ သဗ္ဗညုဘာဝသိဒ္ဓိတော။ သာရတ္ထ။ ၁၊ ၂၃၆။

**စရဏ။** အပေါင်းဖြစ်သော စရဏ ၁၅–ပါး၏ စရဏ ဟူသော အမည်ကို အစိတ်ဖြစ်သော မဟာကရုဏာသမာပတ်၌တင်စား၍ အစိတ် ဖြစ်သော မဟာကရုဏာ သမာပတ်ကိုလည်း စရဏဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ–သမုဒါယူပစာ။

✝ စရဏသမ္ပဒါ မဟာကာရုဏိကတံ။ ဋ္ဌ။ ၈၈။

---

## ● နေတ္တိဟာရ

ပဒဋ္ဌာနဟာရဟူသော်ကား (လ) မည်၏။ အဘယ်သို့ စိစစ်သနည်း ဟူမူကား "မနောမယိဒ္ဓိ"အရ မြတ်စွာဘုရား၏ ရူပါဝစရကြိယာ ပဌမ ဈာန်၌ယှဉ်သော ပညာ၏ပဒဋ္ဌာန်ကား ဥပစာရသမာဓိဧောတည်း။ ထို ၏ပဒဋ္ဌာန်ကား ဝိပဿနာဉာဏ်တည်း။ ဤသို့အောက်သက် ဩရယော ရယှအားဖြင့်လည်းကောင်း။

ထိုမနောမယိဒ္ဓိအရ (လ) ပညာသည် "ရူပိမနောမယ သဗ္ဗင်္ဂပစ္စင်္ဂ အဟီနိန္ဒြိယ အဘိနိမ္မိ တကာယ၏ နီးစွာသော အကြောင်းတည်း။ ထိုရူပီ (လ) အဘိနိမ္မိတ ကာယသည် ဝေနေယျတို့၏ ဟိတသုခ၏ နီးစွာသော အကြောင်းတည်း။ ဤသို့အထက်တက် အာရယှာ ရယှအားဖြင့် ပဒဋ္ဌာန်ကို စိစစ်ခြင်းသည် ပဒဋ္ဌာနဟာရမည်၏ဟူလိုသောဝ်။

**မှတ်ချက်။** မနောမယိဒ္ဓိအရ ဈာနသမ္ပယုတ္တ ပညာဟု ဝိမတိဖွင့် သည်။ ဤ၌ ဘုရားရှင်၏ မနောမယိဒ္ဓိဖြစ်၍ အဆိုပါအတိုင်းအရကောက်၍ နေတ္တိထုတ်သည်။

http://www.dhammadownload.com



(က) စရဏန္တိ သီလသံဝရော(လ)ဣမေ ပန္နရသဓမ္မာ ဝေဒိတဗ္ဗာ။

(ခ) ဣမယေဝ ဟိ(လ)စရဏန္တိ ဝုတ္တာ။

(ဂ) ယထာဟ "ဣမမေဟာနာမ(လ)ဟောတီတိ ဝိတ္ထာရော။ ဋ္ဌ။ ၈၈။

## ● အနက်ယောဇနာ

စရဏ၊ အရိယာသာဝက၏ နိဗ္ဗာန်အရပ်သို့ သွားရောက်ကြောင်း အကျင့်။ (ခ-သံဝဏ္ဏနာနှင့်အညီ။)

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား စရဏမည်ခြင်း၏ အကြောင်းကို ပြသောကြောင့် ကာရဏဝါကျ။ က-ဝါကျကား အကျိုးကိုပြသောကြောင့် ဖလဝါကျ။ (ခ-ဝါကျ၌ အနိယတ်, နိယတ်၊ကာရဏ, ဖလခွဲလေဦး။)

## ခ-ဝါကျ အယုတ္တစောဒနာတက်

ဆရာ၊ ဆရာသည် "ကဝါကျဖြင့် သီလသံဝရ စသော ၁၅-ပါးသောတရားတို့ကို "စရဏ"ဟု သိအပ်ကုန်သောဟုဆိုတော်မူ၏။ အဘယ့်ကြောင့် သီလသံဝရစသော ၁၅=ပါးသော တရားတို့ကိုသာလျှင် "စရဏ" ဟုဆိုအပ်ကုန်သနည်း၊ ဟူသော စောဒနာကို ရည်၍ ခ-ဝါကျကို မိန့်။ (အဓိပ္ပာယ် ခ=ဝါကျဘာသာပြန်လေ။) သာရတ္ထ၊ ၁။ ၂၃၅။

ဂ-ဝါကျကား အာဂမ ဒဠှီကရဏဝါကျ။ က-ဝါကျ ကား အာဂမဒဠှီယဝါကျ။

**မှတ်ချက်။** ဤ ဂ-ဝါကျကိုထောက်၍ ခ-ဝါကျကို "အာဂမ၏ ရှေ့နားရှိ၊ ယုတ္တိများသတည်း" နှင့်အညီ ယုတ္တိဒဠှီကရဏဝါကျဟု ခွဲနိုင်သည်။ က-မူလဝါကျမှ ခ-ဂ မူလီ ဝါကျများ ဖြာထွက်လာသည်ကို သတိပြု။

http://www.dhammadownload.com



## ဂ–ဝါကျ ကျမ်းတက်

ဤသို့ က–ဝါကျဖြင့် သီလသံဝရစသော ၁၅–ပါးသော တရားတို့သည် စရဏမည်၏ဟု ပြပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီးသောအနက်ကို ပြီးစေခြင်းငှာ အာဂုံပါဠိ (အကိုးသာဓက) ပြလိုရကား ဂ–ဝါကျမိန့်။

✝ ဣဒါနိ တဒတ္ထသာဓနာယ အာဂမံ ဒဿေန္တော "ယထာဟာ" တိ အာဒိမာဟ။ သာရတ္ထ၊ ၁။ ၂၃၅။

---

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**စရဏ။** စရတိ ဂစ္ဆတိ အမတံ ဒိသံ ဧတေဟီတိ စရဏံ။ ဧတေဟိ၊ ထိုသီလစသော ၁၅–ပါးသော တရားတို့ဖြင့်။ အရိယသာဝကော၊ သည်။ အမတံ၊ သေခြင်းမရှိသော။ ဒိသံ၊ နိဗ္ဗာန်သို့။ စရတိ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိတသ္မာ၊ ထိုသို့အရိယသာဝက၏ သေခြင်းမရှိသောနိဗ္ဗာန်သို့ သွားကြောင်း၏ အဖြစ်ကြောင့်။ ဧတေမ္မာ၊ ထိုသီလစသော ၁၅–ပါးသော တရားတို့သည်။ စရဏံ၊ စရဏမည်၏။ ကရဏသာဓန။ စရ+ယု။

စရဓာတ်၏အရ ကတ္တုဋ္ဌကြိယာအရကား..... သေခြင်း မရှိသော နိဗ္ဗာန်သို့ သွားတတ်သော အရိယာသာဝက၏ မဂ် ဖိုလ် ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည်မုချ။ ကရဏတ္ထကား–ထိုအားတပ်သော စရဏ ၁၅ ပါး၏ ပက်တူပနိဿ္ဓ သတ္တိသည် ဖလူ။ ယုပစ္စည်း အရကား ထိုမုချဖလူပစာတို့ဖြင့် မှတ်အပ်သော စရဏ ၁၅–ပါးရ၏။

## ဝိဂ္ဂဟမှတ်ဖွယ်များ

**အရိယသာဝကော။** ၁။ အရိယော စ သော သာဝကော စာတိ အရိယသာဝကော။ (အရိယာပုဂ္ဂိုလ်ရ။)

(၂) အရိယ ဘာဝံ ပတ္တော သာဝကော အရိယသာဝကော။(ငင်းပင်ရ။)

http://www.dhammadownload.com



(၃) အရိယဿ သာဝကော အရိယသာဝကော။ အရိယဿ၊ အရိယာအစစ် ဖြစ်တော်မူသော ဘုရား၏။ သာဝကော၊ တပည့်တည်း။ မြတ်စွာဘုရားတပည့် (ပုထုဇဉ်အရိယာရ။)

**အမတာ**။ နတ္ထိ မတော ဧတိဿာ ဒိသာယာတိ အမတာ။ (တံ အမတံ။)

**ဒိသ**။ ဒုက္ခနိတ္ထရဏတ္ထိကေဟိ ဒဋ္ဌဗ္ဗာတိ ဒိသာ။ ဒုက္ခ.....ကေဟိ၊ ဆင်းရဲမှ ထွက်မြောက်လိုကုန်သောသူတို့သည်။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။ ကမ္မသာဓန။ဒိသိ+အ+အာ။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် စရဏသည် သီလသံဝရ (လ) ရူပါဝစရ စတုတ္ထဈာန်ဟူ၍ ၁၅=ပါးရှိသတည်းဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ဧတေဟိစရတိဖြင့် စရဏပုဒ်ကို စရတိတိ စရဏံ ဟု ကတ္တု သာဓနံဝစနတ္ထမပြုရ၊ စရတိ ဧတေဟိတိ စရဏံဟု ကရဏသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ယုပစ္စည်းသည် ကတ္တုသာဓန၌ မသက်၊ ကရဏသာဓန၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

ခ-ဝါကျ၌ ဂစ္ဆတိဖြင့် စရတိ၌စရဓာတ်သည် ဘက္ခန (စားခြင်း) အနက်ကိုမဟော၊ ဂတိ (သွားခြင်း) အနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)။

† စရ ဂတိဘက္ခနေသု။ နီတိ။ ဓာတု။ ၁၄၇။

**မှတ်ချက်**။ အရိယသာဝကောဖြင့် စရတိ၏ ကတ္တားပြ၊ ဒိသံဖြင့်ကံပြ၊ အမတံဖြင့် ဒိသံ၏ဂုဏ်ကိုပြသည်၊ ဘာဝတ္ထချည်းဖော်လေ။

## ● ပါဠိဝိနိစ္ဆယ

**စရဏ**။ စရန။ စရဓာတ်+ယုပစ္စည်း ယု—ကို အနပြု၊ နကို ရ-ကာရန္တ ဓာတ်နောက်၌ အန၏ န—ကို ဏ ပြန်ရမည် ဟူသော သဒ္ဒါစည်းကမ်းအရ ဏ ပြန်၍ပြီးသောကြောင့် စရဏပါဠိသာသင့်သည်။

http://www.dhammadownload.com



## နည်းနှင့်ဥပစာ

**ဒီသံ။** အတူဖြစ်သောအရပ်မျက်နှာ၏ ဒီသံဟူသော အမည်ကို အတူရှိသောနိဗ္ဗာန်၌တင်စား၍ အတူရှိသောနိဗ္ဗာန်ကို ဒီသံဟု ဆိုသော ကြောင့် သဒိသူပစာသဒ္ဒါမည်၏။

**မှတ်ချက်။** ဒုက္ခနိတ္ထရဏတ္ထိကေဟိ ဒဠှဗ္ဗတော။ ဝိမတိ၊ ၁။ ၅၀ ဝိဂြိုဟ်ပြစကားအရ ဒုက္ခ–ဒဠှဗ္ဗာတိ ဒီသာဟု ဆိုခဲ့ပြီး ဝိဂ္ဂဟကားနိဗ္ဗာန်မှုချ ရသော ဝိဂ္ဂဟတည်း။ ပုဂ္ဂလေဟိ ဒဠှဗ္ဗာတိဒီသာဟု ဝိဂ္ဂဟပြုလျှင် အရပ် မျက်နှာသည်မှုချ။ နိဗ္ဗာန်ကား သဒိသူပစာတည်း။

**စရဏ။** ပါဒေါတု ပဒေါစရဏဋ္ဌဝါ။ ဓာန်။ ၂၂၇ အရ စရဏ သဒ္ဒါမှုချခြေထောက်ဟော၊ ခြေထောက်ဖြင့်လိုရာအရပ် သွားနိုင်သကဲ့သို့ သီလသံဝရစသော ၁၅–ပါးသောတရားဖြင့် နိဗ္ဗာန် အရပ်သို့ သွားနိုင် သည်။ ထိုကြောင့် "အတူဖြစ်သော ခြေထောက်၏ စရဏအမည်ကိုအတူရှိ သော သီလသံဝရစသော တရား ၁၅–ပါး၌ တင်စား၍ စရဏဟု ခေါ် သောကြောင့် သဒိသူပစာ။ ဆိုရိုးကျတင်တတ်လောက်ပါပြီ။

---

(က) သောဘနဂမနတ္တာ, သုန္ဒရံ ဌာနံ ဂတတ္တာ, သမ္မာ ဂတတ္တာ, သမ္မာ စ ဂဒတ္တာ သုဂတော။

(ခ) ဂမနမ္ပိ ဟိ ဂတန္တိ ဝုစ္စတိ။

(ဂ) တဉ္စ ဘဂဝတော သောဘနံ ပရိသုဒ္ဓမနဝဇ္ဇံ။

(ဃ) ကိံ ပန တန္တိ အရိယမဂ္ဂေါ။

(င) တေန ဟေသဂမနေန ခေမံ ဒီသံ အသဇ္ဇမာနောဂတော တိ သောဘနဂမနတ္တာ သုဂတော။ ဠ။ ၈၈–၉။

## အနက်ယောဇနာ

သောဘနဂမနတ္တာ၊ တောက်ပသော သွားခြင်းဟူသော အရိယာ မဂ်ရှိသည်၏ အဖြစ်ကြောင့်။ (သဒ္ဓတ္ထ) စင်ကြယ်သော (ဝါ) အပြစ်မရှိ သောသွားခြင်းဟူသော အရိယာမဂ် ရှိသည်၏ အဖြစ်ကြောင့်။ (အဓိပ္ပာ ယတ္ထ။ ပရိသုဒ္ဓမနဝဇ္ဇံ အဖွင့်နှင့်အညီ။) တင့်တယ်စမွယ်သော သွားခြင်း

http://www.dhammadownload.com



ဟူသော အရိယာမဂ်ရှိသည်၏ အဖြစ်ကြောင့်။ ( သင်္ကေတတ္ထ၊ ဝါ-ဝေါဟာရတ္ထ။)

† သုဘ - ဒိတ္တိယံ။ နီတိ၊ ဓာတု။ ၁၂၉။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-စသော ဝါကျများကား ဝိတ္ထာရ။ က-ဝါကျကား သင်္ခေပ ဝါကျ။

**ရှင်းလင်းချက်။** က-ဝါကျ၌၊ ၁။ သောဘန ဂမနတ္တာ။ ၂။ သုန္ဒရံ ဌာနံ ဂတတ္တာ။ ၃။ သမ္မာဂတတ္တာ။ ၄။ သမ္မာအာဂတတ္တာ။ ၅။ သမ္မာဂဒတ္တာဟု အကျဉ်းဟိတ် ၅-ချက်ရှိသည်။ "ဟေတုသရူပ၊ ချဲ့၍ပြ၊ မှတ်ကြဝိတ္ထာရာ" နိယံအရ ယင်းဟိတ် ၅-ချက်ကို အစဉ်အတိုင်း တစ်ခုစီချဲ့ပြလို၍ ခ-အစ ဝါစံ ဘာသတီတိ သမာဂဒတ္တာပိ သုဂတော ဝါကျများ တက်လာသည်။ ထိုကြောင့် ဝိတ္ထာရဝါကျဟုဆိုသည်။

**မှတ်ချက်။** သမာဂတတ္တာကို သမ္မာဂတတ္တာ, သမ္မာအာဂတတ္တာ ဟု ၂-ချက်ခွဲ။ ပါရာ၊ ဂံ၊ ဟောင်း။ ၁၇၂ ၌ "ဂတောဟူ၍ ကံကတ္တားကိုဟောတတ်သည့်သဒ္ဒါဖြစ်လျက် ဂမနတ္တာဆိုသော စကားအသို့ သင့်အံ့နည်းအမေးရှိ၍ ၊.ခနမ္ပိ ဟိ ဂတန္တိ ဝုစ္စတိမိန့် " ဟု ကျမ်းတက်ပြ၏။ ယင်းအလို ခ-ဝါကျကို ယုတ္တိဒဋ္ဌိကရဏဝါကျဟုဆိုဖွယ်ရှိသည်။

ဂ-ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ခ- ဝါကျကား အာရဒ္ဓ ဝါကျ။

## ဂ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ခ ဝါကျဖြင့် (လ) ဆိုတော် မူ၏။ တင့်တယ်စမွယ်သော သွားခြင်းသည် သောဘနဂမန ဖြစ်အံ့လော၊ အဘယ်သို့ သွားခြင်းမျိုးနည်း—ကြောင့် ဂ-ဝါကျမိန့်။ ကား ဂ-ဝါကျ ဖြင့် မြတ်စွာဘုရား၏ ယင်းသွားခြင်းသည် တင့်တယ်၏။ (တင့်တယ်၏ဟူသည်) စင်ကြယ်၏အပြစ်မရှိဟု ငါပြဆို၏ဟူလို။

ဃ-ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ဂ-ဝါကျာကား အာရဒ္ဓ ဝါကျ။

http://www.dhammadownload.com



## ဃ–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ဂ–ဝါကျဖြင့် (လ) ဆိုတော်မူ၏။ ယင်းသွား ခြင်း = ဂမနဟူသည် လောကိယပထဂမန, ပဝတ္တနဂမန, ဉာဏဂမနဟု များ သောအပြားရှိသည်မဟုတ်လော။ ဤ၌ အဘယ်ဂမနကို အလိုရှိအပ်သနည်း ဟုသူမေးဖွယ်ရှိသောကြောင့် မိမိ (အဋ္ဌကထာဆရာ) ကိုယ်တိုင် မေး၍ ဖြေလိုရကား ဃ–ဝါကျမိန့်။ ကား ဃ–ဝါကျဖြင့် ဤ၌ ဂမန ဟူသည် အရိယာမဂ်ဟူသော ဉာဏဂမနတည်းဟု ငါပြဆို၏ဟူလို။

**မှတ်ချက်။** ဂ–မှ ဃ–သို့ ကျမ်းတက်ရာ၌ ကိံ ပနတဒ္ဓိ, ဟူသော ပုစ္ဆာဝါကျကို ဂရုမပြုဘဲ အရိယမဂ္ဂေါဟူသော အဖြေ ဝါကျကိုသာ ရှု၍ တက်ရကြောင်း အောက်ပါသာရတ္ထဖြင့် သိနိုင်ပေသည်။

† ဂမနဉ္စ နာမ ဗဟုဝိဓန္တိ လောကာဓိပ္ပေတံ ဂမနံ ဒဿေန္တော "အရိယမဂ္ဂေါ" တိ အာဟ။ သာရတ္ထ၊ ၁။ ၂၃၇။

င=ဝါကျကား ကာရဏဝါကျ။ ဃ–ဝါကျကား ဖလဝါကျ။

## င–ဝါကျ ကျမ်းတက်

ဤသို့ ဃ–ဝါကျဖြင့် ဂမန ဟူသည် အရိယာမဂ်တည်းဟု ပြပြီး၍ ယခုအခါ၌ အရိယာမဂ်၏ ဂမနမည်ရာ၌ အကြောင်းကို ပြလိုရကား င–ဝါကျမိန့်။

† လဒ္ဓါနိ တဿေဝ ဂမနေ ကာရဏံ ဒဿေတုံ "တေနဟေသော"တိ အာဒိ ဝုတ္တံ။ ၎င်း။

---

## ● ဝိဂ္ဂဟနှင့် ဉာဉ်ကောက်

**သောဘနဂမန။** သောဘနံ ဂမနံ အဿာတိ သောဘနဂမ နော။ အဿ၊ ထိုမြတ်စွာဘုရားအား။ သောဘနံ၊ တင့်တယ်စမွယ်သော၊ ဂမနံ၊ အရိယာမဂ်ဟူသော သွားခြင်းသည်။ အတ္ထိ၊ ၏။ ဣတိ သောဘန ဂမနော။ (သောဘနအနက်များကို ၁–အဖြေရှု၍အကျယ်ရေး။) တဂ္ဂုဏ သံဝိညာဏ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်။ သောဘန+ဂမန+တ။

http://www.dhammadownload.com



သောဘန ဂမန အရကား တင့်တယ် စမွယ်သော သွားခြင်းဟူသော အရိယာမဂ်သည်မှချ။ ယင်း၏ မြတ်စွာဘုရားဒြဗ်နှင့် ဂုဏ်ဂုဏေ စပ်ဌာနူပစာ။ တ အရကား ထိုဖြင့် မုတ်အပ်သော တင့်တယ်စမွယ်သော သွားခြင်းဟူသော အရိယာမဂ်ရှိသော မြတ်စွာဘုရားဒြဗ်ရ၏။

## ဓာတုပစ္စယာဒိဝိဘာဂ

**ခေမ။** ခိဓာတ် + မာန်ပစ္စည်း။ ခယန္တိ ဧတေန ရာဂဂ္ဂိ အာဒ ယောတိ ခေမံ။ ဓာန်ငြိ။ ၈။

**မှတ်ချက်။** ဤဝါကျ၌ ခေမသဒ္ဒါကား ဒိသံပုဒ် လိင်သို့လိုက်၍ ဣတ္ထိလိင်, ကညာဒိဂိုဏ်း။ ကိတကာအဘိဓေယျလိင်ါ။

## အာဘော်နှင့်သံဝဏ္ဏနာ

က–ဝါကျ၌ သောဘနဂမနတ္ထာဖြင့် သုဂတော၌ သုသဒ္ဒါသည် သမိဒ္ဓိစသော အနက်ကိုမဟော၊ သောဘနအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဂတပုဒ်ကိုဂစ္ဆတီတိ ဂတောဟု ကတ္တုသာဓနေ ဝစနတ္ထမပြုရ၊ ဂမနံ ဂတံဟုဘာဝသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ တ ပစ္စည်းသည် ကတ္တုသာဓနေ၌မသက် ဘာဝသာဓနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ သုဂတောပုဒ်ကို သောဘနော ဂတောဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထ မပြုရ၊ သောဘနံ ဂတံ အဿာတိ သုဂတောဟု တဂ္ဂုဏသံဝိညာဏ စတုတ္ထီဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

**အနက်ယောဇနာ။** သုဂတော၊ တောက်ပသော၊ ဝါ–စင်ကြယ်သော၊ ဝါ–အပြစ်မရှိသော၊ ဝါ–တင့်တယ်စမွယ်သော အရိယာမဂ် ဟူသော သွားခြင်းရှိတော်မူသောမြတ်စွာဘုရား။

**မှတ်ချက်။** ဤ၌ သုဂတောပုဒ်ကို သောဘနဂမန နှင့် အတူ ညှသ်ကောက်။

http://www.dhammadownload.com



က-ဝါကျ၌ သုန္ဒရံ ဌာနံ ဂတတ္တာဖြင့် သုဂတောဝ်၌ သုသဒ္ဒါသည် သမိဒ္ဓိစသောအနက်ကိုမဟော၊ သုန္ဒရအနက်ကို ဟောသည်၏ အဖြစ်ကို လည်းကောင်း၊¹ သုအရဌာနကိုယူရမည်၏အဖြစ်ကိုလည်းကောင်း၊² ဂတသဒ္ဒါကို ဂစ္ဆတီတိ ဂတောဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊³ တ ပစ္စည်း၏ ကတ္တုသာဓန၌သက်သည်၏ အဖြစ်ကိုလည်းကောင်း၊⁴ သုန္ဒရံ ဂတော သုဂတောဟု ဒုတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း⁵ သိစေသည်။

၁။ ဉယသဂ္ဂ လိင်္ဂတ္ထ။ ၂။ သရုပ်ကြား အဘိဓေယျတ္ထ။ ၃။ အဘိ ဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓာနတ္ထ။ သမာသ လိင်္ဂပဒတ္ထ။

## ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**သုဂတ။** သုန္ဒရံ ဌာနံ ဂစ္ဆတီတိ သုဂတော။ ယော ဘဂဝါ၊ သည်။ သုန္ဒရံ၊ ကောင်းသော။ ဌာနံ၊ နိဗ္ဗာန် အရပ်သို့။ ဂစ္ဆတိ၊ ၏။ ဣတိ သော သုဂတော။ သုသဒ္ဒူပပဒ+ဂမုဓာတ်+တပစ္စည်း။

သုအရကား ကောင်းသောနိဗ္ဗာန်အရပ်သည်မုချ။ ယင်း၏ မြတ်စွာဘုရား၏ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် အာရုံ အာရမ္မဏိက, အကြောင်း အကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ဌာနူ။ ဂမုဓာတ်အရကား မြတ်စွာဘုရား ၏ မဂ်ဉာဏ်ဖိုလ်ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည်မုချ။ ရှေးရှေး၌ ဖြစ် သော ပါရမီဉာဏ် ဝိပဿနာဉာဏ်တို့သည် ဖလူပစာ။ နောက်နောက်၌ဖြစ် သောပစ္စဝေက္ခဏာဉာဏ်စသည်တို့သည်ကာရဏူပစာ။ တ ပစ္စည်းအရကား ထိုမုချဌာနူဖလူကာရဏူပစာတို့ဖြင့် မှတ်အပ်သော မြတ်စွာဘုရားဒြဗ်ရ၏။

**မှတ်ချက်။** လဟုကနည်း ဝိဂ္ဂဟနှင့် ဉာဉ်ကောက်။ ဂစ္ဆတီတိ ဂတော။ သုန္ဒရံ ဂတော သုဂတောဟု ဂရုကနည်း ဝိဂ္ဂဟပြု။ ဉာဉ်ကောက် လွယ်ပြီ။

**အနက်ယောဇနာ။** သုဂတော၊ ကောင်းသောနိဗ္ဗာန် အရပ်သို့ ကြွသွားတော်မူတတ်သော မြတ်စွာဘုရား။

က-ဝါကျ၌ သမ္မာ ဂတတ္တာဖြင့် သုသဒ္ဒါသည် သမိဒ္ဓိစသော အနက်ကိုမဟော၊သမ္မာ(ဝါ)သုဋ္ဌုအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း¹

http://www.dhammadownload.com



သမ္မာ ဂတော သုဂတော။ **တစ်နည်း** သမ္မာအာဂတော သုဂတောဟု ကမ္မဓာရယ်သမာသ်ဝစနတ္တပြုရမည်၏ အဖြစ်ကိုလည်းကောင်း၂ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ သမာသလိင်္ဂပဒတ္ထ၊ **တစ်နည်း။** ၎င်း။

**အနက်ယောဇနာ။** သုဂတော (မဂ်ဖြင့် ပယ်ပြီးသော ကိလေ ဘာတို့ကို တစ်ဖန်မကပ်ရောက်ဘဲ) ကောင်းစွာ ကြွသွားတော်မူသော မြတ်စွာ ဘုရား။ (သမ္မာ ဂတောနှင့်အညီ။) **တစ်နည်း။** သုဂတော (ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်းမှစ၍ ဗောဓိမဏ္ဍိုင် တိုင်အောင် ပါရမီကျင့် မြတ်ပဋိပတ်ဖြင့် ခပ်သိမ်းသောလောက၏ စီးပွားချမ်းသာကို သာလွန် ပြုလျက် သဿတစသောအယုတ်တရားတို့ကိုမကပ်ရောက်ဘဲ) ကောင်းစွာ ကြွလာတော်မူတတ်သော မြတ်စွာဘုရား။ (သမ္မာအာဂတောနှင့်အညီ။)

က–ဝါကျ၌ သမ္မာစဂဒတ္ထာဖြင့် သုသဒ္ဒါသည် (ရှေးနည်းတူဖော်) ကိုလည်းကောင်း၁၊ သုပုဗ္ဗဂဒဓာတ်၏ အဖြစ်ကိုလည်းကောင်း၊၂ သမ္မာ ဂဒတိတိသုဂတောဟု ကတ္တုသာဓနဝစနတ္တပြုရမည်၏ အဖြစ်ကို လည်း ကောင်း၃၊ အ–ပစ္စည်း၏ကတ္တုသာဓန၌သက်သည်၏ အဖြစ်ကိုလည်းကောင်း၄၊ သုဂဒေါဟု ဆိုလိုလျက် ဒ–ကို တပြုခြင်းဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် သုဂတောပုဒ်ပြီး သည်၏ အဖြစ်ကိုလည်းကောင်း၅ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဒုတိယဓာတုပဒ။ ၃။ အဘိဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။ ၅။ ဘာဝတ္ထ။

**အနက်ယောဇနာ။** သုဂတော၊ ကောင်းစွာ ပြောဆိုတော်မူတတ်သော မြတ်စွာဘုရား။

ခ–ဝါကျ၌ ဂမန်ဖြင့်ပြသော အာဘော်သံဝဏ္ဏနာကို က–ဝါကျ ၂–၃–အတိုင်းမှတ်ပါ။

ဂ–ဝါကျ၌ ပရိသုဒ္ဓံဖြင့် သောဘနဟူသည်ပရိသုဒ္ဓ စင်ကြယ်ခြင်း ပင်တည်းဟူသော၊ အဓိပ္ပာယ်ကိုလည်းကောင်း၁၊ အနဝဇ္ဇံဖြင့် ပရိသုဒ္ဓ ဟူသည် အနဝဇ္ဇ = အပြစ်မရှိခြင်းပင် တည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း၂ သိစေသည်။ ၁။ ၂။ ဘာဝတ္ထ။

ဃ–ဝါကျ၌ အရိယမဂ္ဂေါဖြင့် ဂမနမည်သည် အရိယာပထဂမန, ပဝတ္တနဂမန, ဉာဏဂမနဟု ၃–မျိုးရှိသော်လည်း ဤ၌ ဉာဏဂမနကို၊

http://www.dhammadownload.com



ယင်းဉာဏ ဂမနသည်လည်း ပါရမီဉာဏ်-ဝိပဿနာဉာဏ်, မဂ်ဉာဏ် စသည် အများပင် ရှိသော်လည်း ဤ၌ ဂမနအရ အရိယာမဂ်ဉာဏ်ကို သာ ယူရမည်ဟုသိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ။)

**မှတ်ချက်။** ဃ-ဝါကျ သာရတ္ထကျမ်းတက်ပြန်ကြည့်။

## ● ပါဌဝိနိစ္ဆယ

**သောဘဏ။ သောဘန။** သုဘ+ယု။ ယု ကို အနပြု၊ ရဟာဒိ တောဏသုတ်၌ အာဒိသဒ္ဒါဖြင့် သုဘဓာတ်နောက်၌ အန ၏ နကို ဏပြန်ရမည်ဟု ကစ္စာယနဝဏ္ဏနာဆိုသောကြောင့် သောဘဏပါဌ် သင့်သည်။

သက္ကတကျမ်းတို့၌ သောဘနသာရှိသောကြောင့် သောဘနလည်း သင့်သည်။

† ရဟာဒေါ အာဒိသဒ္ဒေန၊ ဘဝံ ဉာဒိပရိဂ္ဂဟော။
သောဘဏာ ရမ္မဏာ ဉာဏံ၊ တျာဒယော ပရိဒီပယေ။
(ကစ္စာယနဝဏ္ဏနာ။ ရဟာဒိတော။)

* ရမုသုဘာ၊ ဉာဓာတ်စ၊ ကစ္စာယနဝဏ္ဏနာ အလိုတည်း။ (မန်)

## ● နည်းနှင့်ဥပစာ

**အဘူတံ။** အကြောင်း ဖြစ်သော မဟုတ်မမှန်သော အနက်၏ အဘူတံဟူသော အမည်ကို အကျိုးဖြစ်သော စကားဒြပ်၌ တင်စား၍ အကျိုးဖြစ်သော စကားဒြပ်ကို အဘူတံဟု ဆိုသောကြောင့် ကာရဏူ ပစာသဒ္ဒါ။ (နာနန္တရိကနည်း။)

**မှတ်ချက်။** အတစ္ဆ။ ဘူတ။ တစ္ဆပုဒ်တို့၌လည်း အဘူတအတိုင်း ကာရဏူပစာတင်။

† အတ္တမုခေန ဟိ ဝါစာယ အဘူတတာ ဘူတတာ ဝါ။
သာရတ္ထ၊ ၁။ ၂၃၈။

(က) သဗ္ဗထာ ဝိဒိတလောကတ္တာ ပန လောကဝိဒူ။
(ခ) သော ဟိ ဘဂဝါ (လ) အဝေဒိ အညာသိ ပဋိဝိဇ္ဈိ။
(ဂ) ယထာဟ။ ယတ္ထ ခေါ (လ) လောကမိမံ ပရဏ္ဍာတိ။
၄။ ၈၉။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ က-ဝါကျကား သခေ်ပဝါကျ။

### ခ-ဝါကျ ကျမ်းတက်

ဤသို့ က-ဝါကျဖြင့် ခပ်သိမ်းသော အပြားအားဖြင့် သိအပ်ပြီးသော လောကရှိ (လောကကိုသိ) တော်မူပြီးသည်၏ အဖြစ်ကြောင့် လောကဝိဒူမည်တော်မူ၏ဟု ပြပြီး၍ ယခုအခါ၌ ယင်း ခပ်သိမ်းသော အပြားတို့ကို ချဲ့ပြခြင်းငှာ ခ-ဝါကျမိန့်။

✝ တေ ပန ပကာရေ ဒဿေတုံ " သဘာဝတော " တိ အာဒိ ဝုတ္တံ။ သာရတ္ထ၊ ၁။ ၂၃၉။

ဂ-ဝါကျကား အာဂမဒဋ္ဌိကရဏဝါကျ။ ခ-ဝါကျကား အာဂမဒဋ္ဌိယဝါကျ။

### ဂ-ဝါကျ ကျမ်းတက်

ဤ ခ-ဝါကျဖြင့် ခပ်သိမ်းသော အပြားတို့ကို အကျယ်ချဲ့ပြပြီး၍ ယခုအခါ၌ ယင်းအနက်ကိုပြီးစေတတ်သော သုတ်ကိုပြလိုရကား ဂ-ဝါကျမိန့်။

**မှတ်ချက်။** ဂ-ဝါကျ၌ သုတ်ကား သံ၊ ၁။ ၆၀။ အံ၊ ၁။ ၃၅၇ လာ "ရောဟိတဿ" သုတ်တည်း။

✝ သဗ္ဗထာ လောကံ အဝေဒီတိ ဝတွာ တဒတ္ထသာဓကံ သုတ္တံ ဒဿေန္တော "ယတ္ထ ခေါ အာဝုသော" တိ အာဒိ မာဟ။ သာရတ္ထ၊ ၁။ ၂၃၉။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ကဋ္ဌေဝရ။** ကဋ္ဌေ (ရေတသိ) ဝရံ ကဋ္ဌေဝရံ။ ကဋ္ဌေ (ရေတသိ)၊ သုက်ခတတ်ကြောင့်။ ဝရံ၊ ဖြစ်သောခန္ဓာကိုယ်။ ကဋ္ဌေဝရံ၊ ကိုယ်။ ကဋ္ဌေ (ရေတသိ) ဝရံကား အလုတ္တသတ္တမီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်၊ ကဋ္ဌေဝရံကား အလုတ္တ သတ္တမီ တပ္ပုရိသ် သမာသ်ပုဒ်။ ကဋ္ဌေပုဒ် (ရေတသိကားကဋ္ဌေ၏အဖွင့်) ဝရပုဒ်။

http://www.dhammadownload.com



ကဌေ ဟူသော ဝိသေသနပုဒ် အရကား သုက်ဓာတ်သည် မုချ။ ယင်းသုက်ဓာတ်၏ခန္ဓာကိုယ်နှင့် အကြောင်းအကျိုး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည်ဌာနူပစာ။ ကဌေဝရဟူသော သမာသ်ပုဒ်လုံး အရကား ထိုမုချ ဌာနူပစာရတ္တအားဖြင့်မှတ်အပ်သော သုက်ဓာတ်ကြောင့်ဖြစ်သော ခန္ဓာ ကိုယ်ရ၏။

**ဝါဒကွဲများ။** ရှေ့မူ ဓာန်ဋီ။ ၁၅၁–၌ " ကဌေဒေဝသိ ဝရံ ကဌေဝရံ၊ အလုတ္တသမာသောယံ "ဟု ဆိုသည်။ ဓာန်၊ ဋီ။ သျ ၌ ကဌေ ဒေဝသိ၊ ရေးကံကြောင့်။ ဝရံ၊ ဖြစ်သည်တည်းဟု အနက်ပြန်သည်။ ပါ ရာ၊ ဂံ၊ သစ်။ ၁။ ၄၃၇–၌မူ ကဌေဒေဝသို့၊ သေခြင်း၌၊ ဝါကြောင့်။ ဝရံ၊ နည်းသော ချစ်မြတ်နိုးခြင်းရှိသည်တည်း။ သမ္ဗန်။ ဝရံကား မနုပိယ ဟောနိပါတ်။ ဝရံ မန္ဒိပိယေဗျယံ။ အဘိဓာန်။ ကဌေဒေဝသို့၊ ရေးကံ ကြောင့်။ ဝရံ၊ ဖြစ်သည်တည်းဟုပေးကြ၏။ ဆင်ခြင်" ဟု ဆိုသည်။

ထောမ.....၌ကား ဂုဌကို ရေတဖွင့်၊ ရေတကိုသုက္ကဟုဖွင့်သည်။ ခန္ဓာကိုယ်သည် မိဖ ၂=ဦး၏ သုက်ဓာတ်ကြောင့် ဖြစ်ပေါ်လာသည်ဟုဆို လိုရာ အနက်အဓိပ္ပာယ်ဆီလျော်သည်။ ဆဋ္ဌ၊ မူ။ ဓာန်၊ ဋီ–၌လည်း "ကဌေ ရေတသိ ဝရံ"ဟု ပြထားသည်။ ယုတ္တိရှိ၏။

## ဝိဂ္ဂဟမှတ်ဖွယ်

ဝိဒိတ လောကပုဒ်ကို ယောဇနာ၌ " ဝိဒိတော လောကော အဿာတိ ဝိဒိတလောကော " ဝိဂ္ဂဟပြုသည်။ ဝိဒိအော လောကော ယေ နာတိဟု တတိယာပြုက ပို၍ကောင်းသည်။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

ဗျာမ။ ဝိပုဗ္ဗ + ယာမဓာတ် + အ–ပစ္စည်း။ ဗျာမိယတေ (ဆန့် တန်းတိုင်းတာအပ်၏) အနေနာတိ ဗျာမော။ သူစိ။

**အဋ္ဌ။** အမဓာတ် + တ ပစ္စည်း။ တစ်နည်း။ အသဓာတ် + တ ပစ္စည်း။ အမတိ ဂစ္ဆတီတိ အဋ္ဌော။ အမ=ဂမနေ တော။ အသတိယာ

http://www.dhammadownload.com



တီတိ ဝါ အနွေဝ။ အသာဂမနေတော။ (ဓာတွန် မ, သ တို့ကို နပြု။) သူစိ။

---

## ● အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ ဝိဒိတ လောကတ္တာဖြင့် လောက ဝိဒူပုဒ်ကို လောကံ အဝေဒီတိ လောကဝိဒူဟုံ ကတ္တုသာဓနေကိတန္တ ဒုတိယာတပ္ပု ရိသ်သမာသ်ဝစနတ္တပြုရမည်အဖြစ်ကိုလည်းကောင်း၊[၁] ရူပစ္စည်း၏ ယင်းကတ္တုသာ ဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** ဝိဒိတလောကပုဒ်ကား ဗဟုဗ္ဗိဟိ သမာသ်တည်း။ ယင်းဖြင့် လောကဝိဒူပုဒ်၏ ကတ္တုသာဓန အဖြစ်ကို ပြသည်။ ဗာဟိတပါ ပတ္တာ အာဘော်အဖြေကြည့်။

က–ဝါကျ၌ သဗ္ဗထာဖြင့် ပဒေသဂဟဏေ (လ) ဝိညာယတိ ဟူသော ပရိဘာသာနှင့်အညီ လောကဝိဒူပုဒ်၌ ဤမည်သောအခြင်းအရာ အားဖြင့်သိသည်ဟု တစ်စိတ်တစ်ဒေသကို ယူခြင်းမရှိသောကြောင့် ခပ်သိမ်း သောအခြင်းအရာအားဖြင့် သိသတည်းဟုသိစေသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** သမ္မာသမ္ဗုဒ္ဓေါ အဖြေကြည့်။

ခ–ဝါကျ၌ သဘာဝတော (လ) နိရောဓုပါယတောဖြင့် သဗ္ဗထာ၌ သဗ္ဗ၏သရုပ်ကို၊ ဝါ–သဗ္ဗသဗ္ဗနာမ်ပုဒ်၏ အစွဲကိုသိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ၊ ဝါ၊ သဗ္ဗနာမလိင်္ဂတ္ထ။ )

ခ–ဝါကျ၌ အညာသိဖြင့် အဝေဒိ၌ဝိဒဓာတ်သည် ဝိန္ဒတိစသည်၌ ကဲ့သို့ လာဘ = ရခြင်းအနက်ကိုမဟော၊ ဉာဏ = သိခြင်း အနက်ကို ဟောသတည်းဟုသိစေသည်။ (ဓာတွတ္ထ)

ခ–ဝါကျ၌ ပဋိဝိဇ္ဈိဖြင့်အညာသိ၌ ဉာဓာတ်သည် ကံပုရိသံ ဉာတိ တုသယတီတိ ကညာ (ဓာတွတ္ထသင်္ဂြိုဟ်) ၌ ကဲ့သို့ တုသန နှစ်သက်ခြင်း အနက်ကို မဟော၊ ပဋိဝိဇ္ဈန = ထွင်းဖောက်ခြင်း၊ ဝါ = ထိုးထွင်းခြင်း အနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ)

http://www.dhammadownload.com



## ● ပါဌဝိနိစ္ဆယ

**ဉာတေယျံ, ဒဿေယျံ, ပတ္တေယျံ။** ဉာတေယျံကား ဉာဓာတ် တေယျ ပစ္စည်း၊ ဒဿေယျံကား ဒိသဓာတ် တေယျပစ္စည်း၊ ပတ္တေယျံ ကား ပဒဓာတ် တေယျပစ္စည်းဖြင့် ပြီးသောကြောင့် လည်းကောင်း၊ (သဒ္ဒယုတ္တိ)၊ ဉာတေယျန္တိ ဇာနိတဗ္ဗံ၊ ဒဿေယျန္တိ ဒဋ္ဌဗ္ဗံ၊ ပတ္တေယျန္တိ ပတ္တဗ္ဗံ ဟုသာ ရတ္ထဖွင့်သောကြောင့်လည်းကောင်း၊ (အာဂမယုတ္တိ) လောကဿ၊ ၏။ တံအန္တံ၊ ကို။ ဝါ–သို့။ ဉာတေယျံ၊ အပ်၏။ ဒဿေယျံ အပ်၏။ ပတ္တေယျံ၊ အပ်၏။ ဤသို့ အတ္ထ ယုတ္တိရှိသောကြောင့်လည်းကောင်း ဉာတေယျံ, ဒဿေယျံ, ပတ္တေယျံပါဌ်သင့်သည်။

**ဉာတာယံ, ဒိဋ္ဌာယံ, ပတ္တာယံ** ဟုရှိက ဉာတာ + အယံ, ဒိဋ္ဌာ + အယံ, ပတ္တာ + အယံဟု ပဒစ္ဆေဒပြု၍ တံ လောကဿ အန္တံ ဂမနေန အယံ နိဗ္ဗာနတ္ထိကော၊ ဤနိဗ္ဗာန်ကို လိုချင်သောသူသည်။ ဉာတာ၊ သိ၊ ၏။ ဒိဋ္ဌာ၊ မြင်၏။ ပတ္တာ၊ ရောက်၏။ ဣတိ အဟံ န ဝဒါမိဟု အနက် ယောဇနာနိုင်သဖြင့် အတ္ထယုတ္တိရှိသောကြောင့်လည်းကောင်း(အတ္ထယုတ္တိ) ဉာတာယံ ဒိဋ္ဌာယံ ပတ္တာယန္တိဝါ ပါဌောဟု သာရတ္ထ၊ ၁။ ၂၄၀–ဖွင့်သော ကြောင့်လည်းကောင်း (အာဂမယုတ္တိ) ယင်းပါဌ်တို့လည်း သင့်သည်။

**မှတ်ချက်။** ဉာ းတယျံ။ ဉာတာယံ စသည်ပါဌ်တစ်ခုစီ ခွဲ၍လည်း မေးနိုင်သည်။ ဖြေနိုင်လောက်ပါပြီ။ ကဋ္ဌေဝရ။ ကလေဝရ–ပါဌဝိနိစ္ဆယ မေးလျှင် ဉာဏ်ကောက် အဖြေဓာန်ဋီ ကိုး၍ဖြေလေ။

---

## ● နည်းနှင့်ဥပစာ။

**ကဠေဝရ။** ဌာနဖြစ်သော ခန္ဓာကိုယ်၏ ကဠေဝရေ ဟူသော အမည်ကို ဌာနီဖြစ်သော နိဗ္ဗာန်၌တင်စား၍ ဌာနီဖြစ်သော နိဗ္ဗာန်ကို ကဠေဝရေဟု ဆိုသောကြောင့် ဌာနူပစာသဒ္ဒါ။ (နာနန္တ ရိကနည်း။)

† နိဗ္ဗာနမ္ပိ ခန္ဓေ ပဋိစ္စ ပညာပနတော သရီရသို့ယေဝ ပညာ ပေတိ သာရတ္ထ၊ ၁။ ၂၄၀။

**သသညမှိ။** ပြယုဂ်ကား သသညမှိ–တည်း၊ ဤ၌ ပြဋ္ဌာန်းသော သညာကို ဆိုသဖြင့် မပြဋ္ဌာန်းသော ဝေဒနာ, သင်္ခါရတို့ကို ရသော ကြောင့် ပဓာနနည်း။ (ဥပလက္ခဏ, နိဒဿန နည်းလည်းရသည်။)

http://www.dhammadownload.com



အစိတ်ဖြစ်သော သညာ၏ သညာအမည်ကို အပေါင်းဖြစ်သော ဝေဒနာ, သညာ, သင်္ခါရတို့၌ တင်စား၍ အပေါင်းဖြစ်သော ဝေဒနာ, သညာ, သင်္ခါရတို့ကို သညာဟုဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာမည်၏။

ရှင်းလင်းချက်။ ဗျာမမတ္တေ ကဋ္ဌေဝရေဖြင့် ရူပက္ခန္ဓာကို၊ သ သညမိဖြင့် သညာကို ပဓာနထား၍ ဝေဒနာ သညာ, သင်္ခါရခန္ဓာသုံးပါး ကို ပြသည်။ သမနကေဖြင့် ဝိညာဏက္ခန္ဓာကို ပြသည်ဟု သာရတ္ထ၊ ၁။ ၂၄၀-ဆိုသဖြင့် သသညမိတွင် သညာပုဒ် တစိတ်၌ အဆိုပါနည်းဥပစာများ တင်ရသည်။

**လောကသဏ္ဌော**။ အကျိုးဖြစ်သော သင်္ခါရလောက အဆုံး၏ လောကသဏ္ဌော အမည်ကို အကြောင်းဖြစ်သော နိဗ္ဗာန်၌ တင်စား၍ အကြောင်းဖြစ်သော နိဗ္ဗာန်ကို လောကသဏ္ဌော ဟု ဆိုသောကြောင့် ဖလူပစာသဒ္ဒါ။ (အဝိနာဘာဝနည်း။)

† လောကသဏ္ဌောတိ သင်္ခါရလောကဿ အန္တော၊ အန္တကိရိ ယာယ ဟေတုဘူတံ နိဗ္ဗာနံ။ သာရတ္ထ၊ ၁။ ၂၄၀။

## နည်းနှင့်ဥပစာမှတ်ဖွယ်များ

**အဋ္ဌလောကဓမ္မာ**။ ဌ။ ၉၀။ အကြောင်းဖြစ်သော လာဘ, အလာဘ, ယသ, အယသ စသည်တို့၏ လောကဓမ္မ အမည်ကို အကျိုးဖြစ်သော လောဘ, ဒေါသ, မောဟတို့၌ တင်စား၍ အကျိုးဖြစ်သော လောဘ, ဒေါသ, မောဟတို့ကို လောကဓမ္မဟု ဆိုသောကြောင့် ကာရဏူပစာ။ (နာန္တရိကနည်း။)

**နဝသတ္တာဝါသာ**။ သတ္တအရနှင့် အာဝါသအရတို့ မပြားဘဲ ပြားသကဲ့သို့ဆိုသောကြောင့် အဘေဒဘေဒူပစာ၊ (ရုက္ခေသာခါကဲ့သို့တည်း။)

**သတ္တလောကောပိ သဗ္ဗထာ ဝိဒိတော**။ ဌ။ ၉၁။ ဌာနဖြစ်သော သတ္တဝါ၏ သတ္တလောကအမည်ကို ဌာနီဖြစ်သော သတ္တဝါတို့ သန္တာန်၌ ရှိသော အာသယ, အနုသယ စသည်၌တင်စား၍ ယင်း အာသယ, အနုသယ တို့ကို သတ္တလောကောဟုဆိုသောကြောင့် ဌာနူပစာသဒ္ဒါ။ (နာန္တရိကနည်း။)

http://www.dhammadownload.com



## ပါဠိဝိနိစ္ဆယမှတ်ဖွယ်များ

**တာဝသဟဿတာ။ တာဝသဟဿဝါ။** ၂-ပါဠိသင့်။ လောကော ဩကာသလောကသည်။ တာဝ၊ ထိုမျှလောက်သော အတိုင်းအရှည် ပမာဏအားဖြင့်။ သဟဿတာ၊ တစ်ထောင်အပြားရှိ၏။ ဤသို့ အတ္ထယုတ္တိ ရှိသောကြောင့်လည်းကောင်း, တ-ဝိဘာဂေ ပကာရေစာ၊ ကာရေ အဿတ္တိယမ္ပိ စ-ဟု သဒ္ဒါကျမ်း၌ လာသော " တာ " ပစ္စည်း၏ အနက်များတွင် တာပစ္စည်း ပကာရ အနက် ဟောသောကြောင့်လည်းကောင်း, တာဝသဟဿတာ လောကောတိ တတ္တကေန ပမာဏေန သဟဿပ္ပကာရော ဩကာသ လောကောဟု သာရတ္ထ၊ ၁။ ၂၄၂-၌ ဖွင့်သောကြောင့်လည်းကောင်း "တာဝသဟဿတာ" ပါဠိသင့်သည်။

**တာဝသဟဿဝါ.....**ဟုရှိလျှင်။ လောကော၊ သည်။ တာဝသဟ ဿဝါ၊ ထိုမျှလောက် တစ်ထောင်ရှိ၏ဟု အနက်ပေး၍ တာဝသဟဿပုဒ် + ဝန္တုပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း, "တာဝသဟဿဝါ" တိ ဝါ ပါဌော၊ တာဝတတ္တကံ သဟဿံ အဿ အတ္ထီတိ တာဝသဟဿဝါ- ဟု သာရတ္ထ၊ ၁။ ၂၄၂-၌ ဖွင့်သောကြောင့်လည်းကောင်း "တာဝသဟဿဝါ" ပါဠိလည်းသင့်သည်။

**သိနေရု။ သိန္နေရု။ ၃။ ၉၁။** သိနဓာတ် + ဧရုပစ္စည်း။ သိနာတိ သုစိံ ကရောတီတိ သိနေရု၊ ပဗ္ဗတရာဇာ-ဟုမောဂ်၊ ၇။ ၁၇၈-ဆိုသော ကြောင့် သိနေရုပါဠိသာသင့်သည်။

**ဥတ္တရကုရု။ ဥတ္တရကုရု။ ၃။ ၉၂။** ဓမ္မတာသိဒ္ဓဿ ပဋိသိလဿ ဝသေန ကံ သုခံ ဥရု မဟန္တံ ဧတ္ထာတိ ကုရု ဟူ၍လည်းကောင်း၊ ကုံ ပါပံ ရုန္ဓတီတိ ကုရုဟူ၍လည်းကောင်း၊ ဓာန်၊ ဋီ။ သူစိတို့ ဆိုသောကြောင့် ကပုဒ် ဥရုပုဒ (တစ်နည်း:)ကုသဒ္ဒူပပဒ+ရုဓ ဓာတ်+ကွိပစ္စည်းဖြင့် ပြီးရကား ကုရုရှိသော ပါဠိသင့်။ ဥတ္တရပုဒ်နှင့် ဥတ္တရောစသော ကုရုဓာတိ ဥတ္တရကုရုဟု တွဲ၍ ဥတ္တရကုရု ရှိသော ပါဠိသင့်သည်။

**တဒန္တရေသု။ တဒနန္တရေသု။ ၃။ ၉၂။** ပဌမပါဠိသာ သင့်သည်။ အကြောင်းကား တဒန္တရပုဒ်သည် တ + အန္တရ ပုဒ်တို့ဖြင့် ပြီးသော

http://www.dhammadownload.com



သမာသ်ပုဒ်ဖြစ်သောကြောင့်လည်းကောင်း၊ လောကန္တရိကပုဒ်ကို ထောက်၍လည်းကောင်း ပဋိသေဓ န, မပါသော ပဋ္ဌမပါဠ်သာသင့်သည်။

(က) အတ္တနော ပန ဂုဏေဟိ (လ) အနုတ္တရော။

(ခ) တထာ ဟောသ (လ) ဒသဿနဂုဏေနာပိ။

(ဂ) သီလဂုဏေနာပိ(လ)ဒသဿနဂုဏေနာပိ။

(ဃ) ယထာဟ–န ခေါ ပနာဟံ (လ) ဝိတ္ထာရော။ ဌ။ ၉၂။

## ● အနုက်ယောဇနာ

**အနုတ္တရော။** သီလစသော ဂုဏ်တို့ဖြင့် မိမိထက် လွန်မြတ်သူ ရှိတော်မမူသော မြတ်စွာဘုရား။ (က–အဖွင့်နှင့်အညီ အနက်။ ခ–ဂ ရှု၍လည်း အနက်ပေးဦး။)

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဂ–၂– ဝါကျကား ဝိတ္ထာရဝါကျ။ က–ဝါကျကား သခေ်ပဝါကျ။

**မှတ်ချက်။** ယထာဟောသချီသော ခ–ဂ–၂– ဝါကျကို ဃ–အာဂမဒဠ္ဌဝါကျကို ထောက်၍ "အာဂမ၏ ရှေ့နားရှိ၊ ယုတ္တိများ သတည်း "နှင့်အညီ ယုတ္တိဒဠ္ဌကရဏဟု ကြံဖွယ်ရှိသည်။ သို့သော် ခ–ပက္ခ၊ ဂ–ပက္ခန္တရဝါကျဖြစ်၍ ဒဠ္ဌဝါကျအတွင်း၌ ပက္ခ, ပက္ခန္တရဝါကျ၊ ၎ပ်ခဲ့သည်၊ ဝိတ္ထာရဝါကျအတွင်း၌သာ ပက္ခ, ပက္ခန္တရ၎ပ်သည်။ ထို့ကြောင့်ယင်း ယတာဟောသချီသော ခ–ဂ ဝါကျကို ဝိတ္ထာရဟု ခွဲခဲ့သည်။ ဂံ၊ သစ်။ ဟောင်းတို့၌လည်း ဝိတ္ထာရဟုပင် ဆိုသည်။ ရှေ့ဥမင်သျှ၌ ဒဠ္ဌ (ဟိသစ္စ) ဟုဆိုသည်။ ကျမ်းတတ်လိုလျှင် က–ဝါကျ ဘာသာပြန် ထပနာထား၍ "အနုတ္တရမည်ခြင်း၏ အကြောင်း ဂုဏ်တော်တို့၏ အကျယ်ကို မပြပြီလော၊ ဂုဏ်တော်တို့၏ အကျယ်ကား အဘယ်နည်း"ဟု ကျမ်းတက်လေ။ က–ဝါကျ၌ ဂုဏေဟိပုဒ်ကို ခ–ဂ–၂–ဝါကျဖြင့် ချဲ့သည်ဟုမှတ်။

ဂ–ဝါကျကား ပက္ခန္တရဝါကျ။ ခ–ဝါကျကား ပက္ခ ဝါကျ။

http://www.dhammadownload.com



## ဂ–ဝါကျ၊ ကျမ်းတက်

ဤသို့ ခ–ဝါကျဖြင့် သီလစသော ဂုဏ်တို့ဖြင့် မြတ်စွာဘုရား ထက် အထူးသဖြင့် လွန်မြတ်သောသူ မရှိသည်၏ အဖြစ်ကို ပြပြီး၍ ယခု အခါ၌ တူသော သူ၏လည်း မရှိသည်၏ အဖြစ်ကိုပြခြင်းငှာ ဂ–ဝါကျမိန့်။

✝ဇဝံ သီလာဒိဂုဏေဟိ ဘဂဝတော ဥတ္တရိတရဿ အဘာဝံ

ဒဿေတွာ ဣဒါနိ သဒိသဿာပိ အဘာဝံ ဒဿေတုံ

သီလဂုဏေနပိ အသမောတိ အာဒိဝုတ္တံ။ သာရတ္ထ။ ၁။ ၂၈၈။

ဃ–ဝါကျကား အာဂမဒဠှိကရဏဝါကျ။ ခ–ဂ–ဝါကျကား အာ ဂမဒဠှိယဝါကျ။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**အသမသမ။** အသမေဟိ သမော အသမသမော။ အသမေဟိ အတူမရှိကုန်သော ရှေးဘုရားရှင်တို့နှင့်။ သမော၊ တူတော်မူ၏၊ အသမ သမော၊ မူသောမြတ်စွာဘုရား။ တတိယာတပ္ပုရိသ်၊ အသမ+သမ။

အသမ–အရကား အတူမရှိကုန်သော ရှေးဘုရားရှင်တို့ ဒြဗ်သည် မုချ။ ယင်း၏တူတော်မူသော ယခုဘုရားရှင်နှင့် သဒိသ သဒိသီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ဌာနူ။ အသမသမဟူသောသမာသ် ပုဒ်လုံးအရကား အတူ မရှိကုန်သောရှေးဘုရားရှင်တို့နှင့်တူတော်မူသော ယခုဘုရားရှင် ဒြဗ်ရ၏။

**တစ်နည်း။** အသမာ သမာ ဧတဿာတိ အသမသမော။ ဧတ ဿဘဂဝတော၊ အား။ အသမာ၊ တူသောသူ ရှိတော် မမူကုန်သော ရှေးဘုရားရှင်တို့ဟူကုန်သော။ သမာ၊တူကုန်သောသူတို့သည်။ သန္တိ၊ ကုန်၏ ဟု အနက်ပေး။ အသမ+သမ+ဧတ။ ဗဟုဗ္ဗိဟိ သမာသ်။ အသမသမ အရ တူသောသူရှိတော်မမူကုန်သော ရှေးဘုရားရှင်တို့ ရ၏။ အထက်ပါ အတိုင်း သဒိသ သဒိသီစပ်၊ ဧတအရ ယခုဘုရားရ၏။

**မှတ်ချက်။** ၂–ဝိကပ်စလုံးသာရတ္ထ၊ ၁။ ၂၈၈ ၌ လာသည်။

http://www.dhammadownload.com



## ဝိဂ္ဂဟမှတ်ဖွယ်

**အသမော**။ နတ္ထိ ဧတဿ သမောတိ အသမော။

**အပ္ပဋိမော**။ နတ္ထိ ဧတဿ ပဋိမာတိ အပ္ပဋိမော။

---

## ဓာတုပစ္စယာဒိဝိဘာဂ

**ဥတ္တရ**။ ဥဂ္ဂတပုဒ် + တရပစ္စည်း။ ဥဂ္ဂတာနံ ဝိသေသောတိ ဥတ္တရော။ ဥတ္တမအနက်ဟော။

**အတ္တနော**။ အပါဒါန်အနက်၌ ဆဋ္ဌီဝိဘတ်။

† အတ္တနောတိ နိဿက္ကတ္ထေ သာမိဝစနမေတံ သာရတ္ထ၊ ၁။ ၂၈၈။ (ဝိမတိ၊ ၁။ ၅၆။)

---

## အာဘော်နှင့်သံဝဏ္ဏနာ

က-ဝါကျ၌အတ္တနော(လ)အဘာဝါဖြင့် ဧတဿ၌ ဧတသဒ္ဒါ၏ မြတ်စွာဘုရားဒြဗ်ကိုစွဲသည်၏ အဖြစ်ကိုလည်းကောင်း၁၊ နတ္ထိနိပါတ်၏ အဘာဝ အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၂၊ သီလစသော ဂုဏ်တို့ဖြင့် မိမိထက် အလွန်ထူးသူမရှိသည်၏အဖြစ်ကိုလည်းကောင်း၃ သိစေသည်။

၁။ သဗ္ဗနာမလိင်္ဂတ္ထ။ ၂။ နိပါတလိင်္ဂတ္ထ။ ၃။ ဘာဝတ္ထ။

က=ဝါကျ၌ နတ္ထိဧတဿ ဥတ္တရောဖြင့် အနုတ္တရောပုဒ်၌ နသဒ္ဒါ သည် တဗ္ဘာဝစသောအနက်ကိုမဟော၊ နတ္ထိ(အဘာဝ)အနက်ကို ဟော သည်၏အဖြစ်ကိုလည်းကောင်း၁၊ န ဥတ္တရော အနုတ္တရော ဟု ဝစနတ္ထမပြုရ၊ နတ္ထိ ဧတဿ ဥတ္တရောတိ အနုတ္တရောဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၂ သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

---

## ပါဌ်ဝိနိစ္ဆယ

**အတ္တနောပန၊ အတ္တနာပန**။ အတ္တနောတိ နိဿက္ကတ္ထေ သာမိဝစနမေတံ။ သာရတ္ထဋီကာကို ထောက်၍ ပဉ္စမီအနက်၌ ဆဋ္ဌီဝိဘတ် သက်ထားသောကြောင့် ပဌမပါဌ်သင့်သည်။

http://www.dhammadownload.com



**အပ္ပဋိမော။ အပဋိသမော။** သီလာဒိဂုဏေန နတ္ထိ ဧတဿ ပဋိမာတိ အပ္ပဋိမော၊ သာရတ္ထ၊၁။ ၂၈၈–၉–ဖွင့်သောကြောင့် အပ္ပဋိ မော ပါဠ်သာသင့်သည်။

**အတ္တနာ(အတ္တနော)သီလသမ္ပန္နတာ့ရံ။** အတ္တနာတိ အတ္တတော ဟု ဝိမတိ၊ ၁။ ၅၆–ဖွင့်သောကြောင့် အတ္တနာရှိသောပါဠ်သာသင့်သည်။

**မှတ်ချက်။** အာလုပ်ဖြင့် ဟောသင့်သော အရာ မဟုတ်သော ကြောင့် နခေါ ပနာဟံ သမနုပဿာမိဟု "ဘိက္ခဝေ" မပါသော ပါဠ် သာသင့်သည်ဟု ပါရာဂံ၊သစ်၊ ၁။ ၂၄–၌ဆိုသည်။

## နည်းနှင့်ဥပစာ

**အနန္တေန ဗုဒ္ဓဉာဏေန။** အာရုံ အကြောင်းဖြစ်သော အဆုံးအပိုင်း အခြားမရှိသော ဉေယျဓမ္မ၏ အနန္တ ဟူသော အမည်ကို အာရမ္မဏိက အကျိုးဖြစ်သော ဗုဒ္ဓဉာဏ်တော်၌ တင်စား၍ အာရမ္မဏိက အကျိုးဖြစ်သော ဗုဒ္ဓဉာဏ်တော်ကို အနန္တေနဟု ဆိုသောကြောင့် ကာရဏူပစာသဒ္ဒါ မည်၏။ (နာနန္တရိကနည်း)

† အနန္တတ္တာ စဿ အနန္တဉေယျပ္ပဋိဝိဇ္ဈနေန ဝေဒိတဗ္ဗော။ သာရတ္ထ၊ ၁။ ၂၇၇။

(က) ပုရိသဒမ္မေ သာရေတီတိ ပုရိသဒမ္မသာရထိ။

(ခ) ဒမေတိ ဝိနေတီတိ ဝုတ္တံ ဟောတိ။

(ဂ) တတ္ထ ပုရိသဒမ္မာတိ (လ) အမနုဿပုရိသာပိ။ ဋ္ဌ။ ၉၃။

## ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝိတ္ထာရဝါကျ၊ က–ဝါကျကား သင်္ခေပဝါကျ။

### ခ–ဝါကျ ကျမ်းတက်

ဤသို့ က–ဝါကျဖြင့် ပုရိသဒမ္မသာရထိ ပုဒ်၏ ဝိဂ္ဂဟကိုဖွင့်ပြပြီး ၍ ယခုအခါ၌ သာရေတီပုဒ်၏ အနက်ကို ဖွင့်ပြလိုသော ဆရာသည် ခ–ဝါကျမိန့်။

http://www.dhammadownload.com



† သာရေတီတိ ဣမဿ အတ္ထံ ဒဿေန္တော။
အာဟ "ဒမေတီ"တိ အာဒိ။ သာရတ္ထ။ ၁။ ၂၉၀။
ဂ-ဝါကျကား ဝိတ္ထာရဝါကျ။ က-ခ-ဝါကျကား သင်္ခေပဝါကျ။

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ပုရိသဒမ္မသာရထိ။** ဒမ္မိ တဗ္ဗာတိ ဒမ္မာ။ (အစိတ်)။ ပုရိသာစ တေ ဒမ္မာစာတိ ပုရိသဒမ္မာ။ (အစိတ်)ပုရိသာစ၊တို့သည်လည်း။ ဟောန္တိ။ ကုန်၏။ တေ၊ထို.....တို့ဟူသည်။ ဒမ္မာစ၊ ဆုံးမသင့် ဆုံးမထိုက်ကုန်သည် လည်း။ ဟောန္တိ၊ကုန်၏။ဣတိ၊ကြောင့်။ ပုရိသဒမ္မာ၊တို့မည်ကုန်၏။ ဝိသေ သနပရနိပါတကမ္မဓာရယ်။

ဒမ္မဟူသော ဝိသေသန ပုဒ်အရကား, ဆုံးမသင့် ဆုံးမထိုက်ခြင်း ဒမိတဗ္ဗဘောဂုဏ်သည် မုချ။ ယင်း၏ လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ဒြဗ်နှင့် ဂုဏ်ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ပုရိသဒမ္မသာရထိဟူသော သမာသ်ပုဒ်လုံးအရကား ထိုမုချဌာနူ ပစာတို့ဖြင့် မှတ်အပ်သောဆုံးမသင့်ဆုံးမထိုက်သော လူ(လ)တို့ဒြဗ်ရ၏။

သာရေတီတိ သာရထိ။ ပုရိသဒမ္မေ သာရထိ ပုရိသ ဓမ္မသာရထိ။ (အပေါင်းဝိဂ္ဂဟ)ပုရိသဒမ္မေ၊တို့ကို။ သာရထိ၊ဆုံးမတော်မူတတ်၏။ ဣတိ ပုရိသဒမ္မသာရထိ။

ပရိသဒမ္မ.....အရကားဆုံးမသင့်ဆုံးမထိုက်သော (လ) ယောကျ်ား တို့ဒြဗ်သည်မုချ။ ယင်းတို့၏မြတ်စွာဘုရားဒြဗ်နှင့် နိဿိတနိဿယ, အာရုံ အာရမ္မဏိက, ကမ္မ ကမ္မီအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ ပုဒ်လုံးအရကား ထိုဖြင့်မှတ်အပ်သော ဆုံးမသင့် ဆုံးမထိုက်သော (လ)ယောကျ်ားတို့ကိုဆုံးမတော်မူတတ်သောဘုရားရ၏။

## ● ဝိဂ္ဂဟမှတ်ဖွယ်

**မနုဿ။** မနော ဥဿန္နံ ဧတေသန္တိ မနုဿာ။ ဧတေသံ၊ ထိုလူ တို့အား။ ဥဿန္နံ၊ တိုးပွား မြင့်မြတ်သော။ မနော၊စိတ်သည်။ အတ္ထိ၊ ရှိ၏။ **တစ်နည်းအနက်။** ဧတေသံ၊ တို့အား။ ဥဿန္နံ၊ လောဘစသည် ပြောသော များသော။ မနော၊ သည်။ အတ္ထိ၊ ၏-ဟု ပေး။ ဗဟုဗ္ဗီဟိသမာသ်။

http://www.dhammadownload.com



**တစ်နည်း။** မနုနော အပစ္စာနီတိ မနုဿာ။ မနုနော၊ မနုမည်သော မဟာသမ္မတမင်း၏။ အပစ္စာနိ၊ သားတို့တည်း။ မနုပုဒ် + ဉဿပစ္စည်း။ တဒ္ဓိတ်ဝိဂ္ဂဟ။

**တစ်နည်း။** ကာရဏာကာရဏံ မနတိ ဇာနာတီတိ မနုဿော။ မနုဓာတ်+ဉဿပစ္စည်း၊ ကိတ်ဝိဂ္ဂဟ။ သာရတ္ထ၊ ၁။ ၂၉၁။ သူစိတို့ကြည့်။

**အမနုဿ။** န မနုဿာ အမနုဿာ။ မနုဿာ၊ တို့သည်။ န၊ မဟုတ်ကုန်။ အမနုဿာ၊ လူမဟုတ်ကုန်၊ လူနှင့် တူကုန်သော နတ် ဗြဟ္မာတို့။ (နသဒ္ဒါပဋိသေဓအနက်ကိုအရင်းခံ၍ သဒိသအနက်ကိုဟောသည်။ ပါရာ၊ ဂံ။ သစ်၊ ၂။ ၈–၌ အကျယ်ကြည့်။)

† တံသဒိသတာ ဝေတ္တ ဇောတိယတိ။ သာရတ္ထ၊ ၁။ ၂၉၁။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**တိရစ္ဆာန။** တိရသဒ္ဒူပပဒ+အဉ္စဓာတ်+ယုပစ္စည်း။ ယုကိုအနပြု၊ အ–ကိုဒီဃပြု၊ အဉ္စကိုစ္ဆပြု၍ တိရစ္ဆာနပြီးသည်။ ဉဒ္ဓံ အနုဂ္ဂန္တွာတိရိယံ အဉ္စိတာဂတာ ဝဍ္ဎိတာတိ တိရစ္ဆာနာ။ ဉဒ္ဓံအနုဂ္ဂန္တွာ၊ အထက်သို့ မတက်ဘဲ ဖြောင့်ဖြောင့်မတ်မတ်မနေဘဲ။ တိရိယံ၊ဖီလာကန့်လန့်အလျားလိုက်။ အဉ္စိတာ ဂတာ ဝဍ္ဎိတာ၊ သွားတတ်ကြီးပွားတတ်ကုန်၏ ဟုပေး။ သာရတ္ထ၊ ၁။ ၂၉၀။ တိရိယံ အဉ္စန္တိ ဂစ္ဆန္တိ ဝဍ္ဎန္တီတိ တိရစ္ဆာနာဟုလည်း ပြုလေ။ အတူပင်။

**တစ်နည်း။** တိရဓာတ်+စ္ဆာနပစ္စည်း။ တိရန္တိ အဓော ဂစ္ဆန္တီတိ တိရစ္ဆာနာ။ နီတိ။ သုတ္တ။ ၁၂၅၁။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ ပုရိသဒမ္မေ သာရေတီတိဖြင့် သရထိဝယ် ရထိ (ဝါ) ထိပစ္စည်း၏ကတ္တုသာဓနေ၌သက်သည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ သာရေတီတိ သာရထိဟု ကတ္တုသာဓနေဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ပုရိသဒမ္မေသာရထိ ပုရိသဒမ္မသာရထိဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

http://www.dhammadownload.com



၁။ ဒုတိယပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

ခ–ဝါကျ၌ ဒမေတိဖြင့်သာရေတိ၌ သရ (သာရ) ဓာတ်သည်စိန္တာ အနက်,ဂတိအနက်တို့ကိုမဟော၊ ဒမန်အနက်ကို ဟောသည်၏ အဖြစ်ကို လည်းကောင်း၊[၁] သရဓာတ်၏ စုရာဒိဂဏိကဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။ (ခ=ဝါကျ ကျမ်းတက်သာရတ္ထ–ကြည့်။)

၁။ ဓာတွတ္ထ။ ၂။ ဘာဝတ္ထ။

**မှတ်ချက်။** "သရ–ဂတိမှိ"ဓာတ်နက်ရှိသဖြင့် သာရေတိ၊ သွားစေ၏ဟုသဒ္ဒတ္ထပေးရမည်။ လိုရာအရပ်သို့ ရောက်အောင် သွားစေနိုင်ပါမှ ယဉ်ကျေးအောင်ဆုံးမနိုင်သူပင်ဖြစ်၏။ ယင်းကိုသိစေလိုရကား ဒမေတိ ဝိနေတိဟုဖွင့်သည်ဟုယူလျှင် "ဒမေတိဝိနေတိ" တို့ကား အဓိပ္ပါယတ္ထပြ သံဝဏ္ဏနာများတည်း။

ခ–ဝါကျ၌ ဝိနေတိဖြင့် ဒမေတိ၌ ဒမုဓာတ်သည် ဝိနယနအနက် ကိုဟောသတည်းဟုသိစေသည်။ (ဓာတွတ္ထ။)

**မှတ်ချက်။** ဝိနေတိဖြင့် ဒမနဟူသည် ကိုယ်စသည်ကို ငြိမ်သက် စေခြင်း (သမန) တည်း။ ယင်းသည်လည်း ထိုက်သည် အားလျော်စွာ တစ်ခဏမျှယဉ်ကျေးသွားခြင်း (တဒင်္ဂဝိနယ) စသည်တို့၌ တည်စေခြင်းပင် တည်းဟုသိစေသည်။ ဤကားသာရတ္ထဋီကာ အာဘော်တည်း။ ဤအလို သာရေတိ (ကိုယ်စသည်ကို) ငြိမ်သက်စေ၏ဟု သဒ္ဒတ္ထပေး၍ "ဆုံးမ၏" ဟု အဓိပ္ပါယတ္ထပေးလေ။

ဂ–ဝါကျ၌ အဒန္တာဖြင့် ပုရိသဒမ္မဝယ် ဒမ္မ (ဆုံးမထိုက်သူ) ဟူ သည် အဒန္တ (မယဉ်ကျေးသေးသူ) ပင်တည်းဟုသိစေသည်။ (ဘာဝတ္ထ။)

ဂ–ဝါကျ၌ ဒမေတုံ ယုတ္တာဖြင့် ဒမ္မပုဒ်ကို ဒမိတဗ္ဗာတိ ဒမ္မာဟု ကမ္မသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏျပစ္စည်း၏ ကမ္မသာ ဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** "ကမ္မဝါစက၊ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုတ္တသက္ကာ၊ အရဟာ သက္ကုဏေယျ၊ အနုစ္ဆဝိကနှင့်၊ ဖွင့်၍ပြ၊ ကမ္မသာဓန ကြံစရာ"

http://www.dhammadownload.com



ဟူသော သံဝဏ္ဏနာနိယံအရ အာဘော်ဖော်လိုက်သည်။ "ဒမ္မအရမယဉ် ကျေးသူတိုင်းကိုမယူနှင့်၊ ဆုံးမသင့် ဆုံးမထိုက် ဆုံးမ၍ ရလောက်သော သူကိုယူဟုသိစေသဖြင့် ဒမေထုံယုတ္တာဖွင့်သည်"ဟု ဘာဝတ္ထ အာဘော် ကြံကြသေးသည်။

ဂ–ဝါကျ၌ တိရစ္ဆာန ပုရိသပိ (လ) အမနုဿပုရိသာပိဖြင့် ပုရိ သဒမ္မ၌ ပုရိသပုဒ်ကို ပုရိသာစ ပုရိသာစ ပုရိသာဟု ကေသိက်တခွဲတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁] ပုရိသအရ တိရစ္ဆာန်ယောကျ်ား လူယောကျ်ား,နတ်ယောကျ်ားတို့ကိုယူရမည်၏အဖြစ်ကိုလည်းကောင်း[၂]သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ သရုပ်ကြားအဘိဓေယျတ္ထ။

ဂ–ဝါကျ၌ အဒန္တာ (လ) အမနုဿပုရိသာပိ တစ်ဝါကျလုံးဖြင့် ပုရိသနှင့်ဒမ္မကို ပုရိသာစ တေ ဒမ္မာစာတိ ပုရိသ ဒမ္မာဟု ကမ္မဓာရယ် သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဒမ္မ ဟူသော ဝိသေသနပုဒ် နောက်၌ကျသည်(ဝိသေသနပရနိပါတ)၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။
၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

**မှတ်ချက်။** ပုရိသဒမ္မာ၌ပုရိသကို ဦးစွာမဖွင့်ဘဲ ဒမ္မာကို ဒမေတုံ ယုတ္တာဖွင့်သဖြင့် ဝိသေသနပရနိပါတဟု သိနိုင်သည်။ ဒမ္မာ၏အဖွင့် ဒမေ တုံ ယုတ္တာသည် ပုရိသ၏အဖွင့်တိရစ္ဆာနပုရိသာ (လ) အမနုဿ ပုရိသာ နှင့်ဝိဘတ်တူသဖြင့် "သမာနဝိဘတ္တိကာဖွင့်၍ပြ၊ ကမ္မဓာရယကြံစရာ" နိယံ အရပုရိသနှင့် ဒမ္မကို ကမ္မဓာရာယ်ပြုဟု အာဘော်ဖော်ရပေသည်။

---

## ● ပါဌဝိနိစ္ဆယ

**သာရထိ။ သာရထီ။** သာရိသ္မာရထိ။ မောဂ်၊ ၇။ ၉၂–ဖြင့် သာရဓာတ် နောင်ရထိပစ္စည်းသက်၍လည်းကောင်း၊ ဓာန်၊ ဋီ။ ၃၇၆ အလို သရဓာတ် နောင်ထိပစ္စည်းသက်၍လည်းကောင်း ပြီးသောကြောင့် "သာရထိ"ပါဌ်သင့်သည်။

**အဟံခေါကေသိ။ ကေစိ။** ကေသီတိ တဿနာမံဟု အံ၊ ၁၊ ၂။ ၃၈၂–၌ဖွင့်သောကြောင့် ကေသိပါဌ်သာသင့်သည်။ ကေစိမသင့်။

http://www.dhammadownload.com



## ● နည်းနှင့်ဥပစာ

**ပုရိသဒမ္မသာရထိ။** ပြဋ္ဌာန်းသော ယောကျ်ားကိုဆိုသဖြင့် မပြဋ္ဌာန်းသော မိန်းမကိုလည်း ရသောကြောင့် ပုရိသသဒ္ဒါကားပဓာနနည်း။

အစိတ်ဖြစ်သောယောကျ်ား၏ ပုရိသအမည်ကို အပေါင်းဖြစ်သော ယောကျ်ားမိန်းမတို့၌ တင်စား၍ အပေါင်းဖြစ်သော ယောကျ်ား မိန်းမ တို့ကို ပုရိသဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာ။

**မှတ်ချက်။** ပုရိသသဒ္ဒါကား ဧကသေသနည်းလည်း ရသည်။ ဖ-အဖြေကြည့်။

† သတိပိ မာတုဂါမသ္မာပိ ဒမ္မဘာဝေ ပုရိသဂ္ဂဟဏံ ဥက္ကဋ္ဌပရိစ္ဆေဒဝသေနာတိဝဒန္တိ။ သာရတ္ထ၊ ၁။ ၂၉၁။

**အဒန္တာ။** အစိတ်ဖြစ်သော မယဉ်ကျေးသူ၏ အဒန္တအမည်ကို အပေါင်းဖြစ်သော မယဉ်ကျေးသူ အစိတ်အဝက်၊ ယဉ်ကျေးပြီး သူတို့၌ တင်စား၍ အပေါင်းဖြစ်သော မယဉ်ကျေးသူ အစိတ်အဝက်၊ ယဉ်ကျေးပြီးသူတို့ကို "အဒန္တာ"ဟုဆိုသောကြောင့် ဧကဒေသူပစာ။ ဝါ-အဝယဝူပစာ။ ဥပလက္ခဏနည်း။)

† သဗ္ဗေန သဗ္ဗံ အဒန္တာ ဧကဒေသေန ဒန္တာစ ဏှေ အဒန္တဂ္ဂဟဏေနေဝ သင်္ဂဟိတာ။ သာရတ္ထ၊ ၁။ ၂၉၀။

---

(က) ဒိဋ္ဌဓမ္မိက သမ္ပရာယိကပရမတ္ထေဟိ(လ)သတ္ထာ။

(ခ) အပိ စ သတ္ထာ ဝိယာတိ သတ္ထာ။

(ဂ) ဘဂဝါ သတ္ထဝါဟော။

(ဃ) ယထာ သတ္ထဝါဟော(လ)အတ္ထော ဝေဒိတဗ္ဗော။ ဋ္ဌ။ ၉၃။

## ● အနက်ယောဇနာ

သတ္ထာ။ ပစ္စုပ္ပန်မျက်မှောက် အတ္တဘော၌ ယှဉ်သော အကျိုး၊ မျက်ကွယ်တမလွန်လောက၌ ယှဉ်သောအကျိုး၊ မြတ်သောနိဗ္ဗာန်အကျိုးတို့ဖြင့်ထိုက်သည်အားလျော်စွာ ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။ (က-သံဝဏ္ဏနာနှင့်အညီ။) ဝါ-ကုန်သည်မှူးကဲ့သို့ဖြစ်တော်မူသော မြတ်စွာ

http://www.dhammadownload.com



ဘုရား။ (ခ–သံဝဏ္ဏနာနှင့်အညီ) ဝါ– ကုန်သည်မှူးသည် ကုန်သည်တို့ကို စောရစသော ကန္တာရမှ လွှန်မြောက်စေသကဲ့သို့ ဇာတိ စသော ကန္တာရမှ လွှန်မြောက်စေတော်မူသော မြတ်စွာဘုရား။ (ဃ–သံဝဏ္ဏနာနှင့်အညီ အကျဉ်းချုပ်အနက်။)

---

## ● ဝါကျခွဲ နှင့်ကျမ်းတက်

ခ–ဝါကျကား ပက္ခန္တရဝါကျ၊ က–ဝါကျကား ပက္ခဝါကျ။

ဂ–ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ခ–ဝါကျကား အာရဒ္ဓ ဝါကျ။

**မှတ်ချက်။** ခ–ဝါကျဖြင့် သဗ္ဗာပုဒ်၏ ဝစနတ္ထကို ပြပြီးနောက် ယင်းသဗ္ဗာအရ အဘိဓေယျတ္ထ(အရကောက်)ကိုပြလို၍ တက်လာသော ဝါကျမျိုးကို ဝါကျာရမ္ဘဝါကျဟုမှတ်။ အချို့ကား ဝစနတ္ထမှ တစ်မျိုး တစ်ပါးသော အဘိဓေယျတ္ထကိုပြသောကြောင့် ယင်းဝါကျမျိုးကို ပက္ခန္တရ ဟု ခွဲကြသေးသည်။ ဝါဒန္တရဟုမှတ်။

* အဘိဓေယျတ္ထ၊ ပြတုံက၊ ဝါကျာရမ္ဘသာ။

ပက္ခန္တရ၊ တစ်နည်းပြ၊ ဝါဒကေစိသာ။ **(သစ်)**

ဃ–ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ခ–ဂ– ဝါကျတို့ကား အာဂမဒဠှီယဝါကျ။

## ● ဃ–ဝါကျ ကျမ်းတက်

ဤသို့ ခ–ဝါကျဖြင့် လှည်းကုန်သည်မှူးကဲ့သို့ ဖြစ်တော်မူသော ကြောင့် သဗ္ဗာမည်၏ဟု ပြတော်မူပြီး၍ ယခုအခါ၌ လှည်းကုန်သည်မှူး နှင့်တူ၏ဟူသောအနက်ကို နိဒ္ဒေသပါဠိ၌လာသောနည်းဖြင့် ပြခြင်းငှာ ဃ– ဝါကျကိုမိန့်။

✝ ဣဒါနိ တမတ္ထံ နိဒ္ဒေသပါဠိနယေန ဒဿေတုံ။

"ယထာသတ္ထာဝါဟော" တိ အာဒိ ဝုတ္တံ။ သာရတ္ထ၊ ၁။ ၂၉၃။

ဝိမတိ၊ ၁။ ၅၇။

http://www.dhammadownload.com



ယထာသတ္တဝါဟော (လ) သမ္မာပေတိကား ဥပမာနဝါကျ။ ဧဝ မေဝ (လ) ဓာတိကံန္တာရံ တာရေတိကား ဥပမေယျဝါကျ။

ယ-ဝါကျ၌ ကန္တာရံ တာရေတိကို စောရကန္တာရံ တာရေတိ (လ) နိရုဒကကန္တာရံ တာရေတိဖြင့် အကျယ်ဖွင့်ပြ။ တာရေတိကို ဥတ္တာရေတိ စသည်ဆက်ဖွင့်ပြသည်ဟုမှတ်။

✝ တံ ဝိဝရန္တော စောရကန္တာရန္တိ အာဒိမာဟ။ ဝိမတိ၊ ၁။ ၅၇။

## ဝိဂ္ဂဟာနှင့်ဉာဉ်ကောက်

**ယထာရဟ။** တေသု တေသု အတ္တေသု ယော ယော ပုဂ္ဂလော ယံ ယံ အရဟတီတိ အရဟော။ ယော ယော ပုဂ္ဂလော၊ အကြင် အကြင် ပုဂ္ဂိုလ်သည်။ တေသုတေသုအတ္ထေသု၊ ထိုထိုဒိဋ္ဌဓမ္မိကအကျိုး, သမ္ပရာယိက အကျိုး, မြတ်သောနိဗ္ဗာန်အကျိုးတို့တွင်။ ယံယံ၊ အကြင်အကြင်အကျိုး ကို။ အရဟတိ၊ ထိုက်၏။ ဣတိ သော, သော ပုဂ္ဂလော အရဟော။ အရဟ ဓာတ်+အပစ္စည်း။ ကတ္တု သာဓနေ။

အရဟဓာတ်အရကား ဒိဋ္ဌဓမ္မိကအကျိုး (လ) နိဗ္ဗာန်အကျိုးတို့ တွင် တစ်မျိုးမျိုးသော အကျိုးကိုရထိုက်သော ပုဂ္ဂိုလ်၏ ကုသိုလ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်မှချ။ ရှေးရှေး၌ဖြစ်သော ယောနိသော မနသိကာရ, သပ္ပုရိသူပ နိသျ, သဒ္ဓမ္မသဝနစသည်တို့သည် ဖလူပစာရတ္ထ။ နောက် နောက်၌ဖြစ်သော ဒိဋ္ဌဓမ္မိကအကျိုး(လ)နိဗ္ဗာန်အကျိုးတို့သည် ကာရဏူ ပစာရတ္ထ။ အ-ပစ္စည်း အရကား ထိုမှချ, ဖလူ ကာရဏူဖြင့် မှတ်အပ်သော ဒိဋ္ဌဓမ္မိကအကျိုး (လ) နိဗ္ဗာန်အကျိုး တို့တွင် တစ်မျိုးမျိုးသောအကျိုးကို ရထိုက်သော ပုဂ္ဂိုလ်ဒြဗ်ရ၏။ (အစိတ်ဝိဂ္ဂဟာနှင့်ဉာဉ်ကောက်။)

အရဟာသ အနုရူပံ ယထာရဟံ။ အရဟာသ၊ ဒိဋ္ဌမမ္မိက အကျိုး (လ) တစ်မျိုးမျိုးသော အကျိုးကိုရထိုက်သောပုဂ္ဂိုလ်အား အနုရူပံ၊ လျော် သည်တည်း။ ယထာရဟံ၊ လျော်သည်။ ယထာပုဒ် + အရဟပုဒ်။ အဗျာယီ ဘောသမာသ်။

http://www.dhammadownload.com



အရဟာဟူသော ဝိသေသနပုဒ်အရကား ဒိဋ္ဌဓမ္မိက အကျိုး (လ) တစ်မျိုးမျိုးသော အကျိုးကိုရထိုက်သော ပုဂ္ဂိုလ်သည်မုချ။ ယင်း၏ အနုရူပဘောဂုဏ်နှင့် ဂုဏောဂုဏ်အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ယထာရဟာဟူသော သမာသ်ပုဒ်လုံး အရကား ထိုမုချဌာနူပစာ တို့ဖြင့် မှတ်အပ်သော ဒိဋ္ဌဓမ္မိက (လ) ပုဂ္ဂိုလ်အားလျော်သော အနုရူပဘောဂုဏ်ရ၏။ (အပေါင်းဝိဂ္ဂဟနှင့်ညသ်ကောက်)

၁။ **သတ္တ။** (ကုန်သည်)။ သဟ အတ္ထေန ယော ဝတ္တတီတိ သတ္ထော။ ယောပုဂ္ဂလော၊ သည်။ အတ္ထေန၊ အရင်းအနှီးဥစ္စာနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ၏။ ဣတိ သော သတ္ထော။ သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်။ သဟ+အတ္ထ+ယ။

သဟ အတ္ထ အရကား အရင်းအနှီးဥစ္စာနှင့်တကွ ဖြစ်ခြင်း သဟဝတ္တနဘောဂုဏ်၊ ဝါ-တကွဖြစ်သောအရင်းအနှီးဥစ္စာဒြဗ်သည်မုချ။ ယင်း၏၊ ဝါ-ယင်း၏ကုန်သည်ဒြဗ်နှင့်ဂုဏ်ဂုဏော၊ ဝါ သံသာမိ သမ္ဗန်သည် ဌာနူပစာရတ္တ။ ယ,....အရကား လှည်းကုန်သည်ဒြဗ်ရ၏။

၂။ **သတ္ထာ။** (ကုန်သည်မှူး)။ သတ္ထော တေသံ အတ္ထီတိ သတ္ထာ။ တေသံသတ္တဝါဟာသံ၊ ထိုကုန်သည်မှူးအား။ သတ္ထော၊ ကုန်သည်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ သော သတ္ထာ။ သတ္ထပုဒ်+ဏ ပစ္စည်း။ အဿတ္ထိတဒ္ဓိတ်ပုဒ်။ (သိဝိဘတ်ကိုသြပြု၍ သတ္ထောဟုဆိုလိုလျက် ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် သြကိုအာပြု၍ သတ္ထာပြီးသည်။)

သတ္ထဟူသော တဒ္ဓိတ်ပုဒ်အရကား ကုန်သည်ဒြဗ်သည်မုချ။ ယင်း၏ ကုန်သည်မှူးဒြဗ်နှင့်နိဿိတနိဿယအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည်ဌာနူပစာ။ ဏပစ္စည်းအရကား ထို-မှတ်အပ်သောကုန်သည်မှူးဒြဗ်ရ၏။

၃။ **သတ္ထာ** (ဘုရား)။ သတ္ထာဝိယာတိ သတ္ထာ။ သတ္ထာဝိယ၊ ကုန်သည်မှူးကဲ့သို့တည်း။ ဥပမာတဒ္ဓိတ်။ သတ္ထာပုဒ် ဏပစ္စည်း။

သတ္ထာအရကား ကုန်သည်မှူးဒြဗ်သည်မုချ။ ယင်း၏ ဘုရားဒြဗ်နှင့် သဒိသသဒိသီအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည်ဌာနူပစာ။ ဏ-ပစ္စည်းအရကား ထို.....သော ဘုရားဒြဗ်ရ၏။

၄။ **သတ္ထာ။** (ဘုရား) ဒိဋ္ဌဓမ္မိက (လ) အနုသာသတီတိ သတ္ထာ (ဋ္ဌ-ကိတ်ဝိဂ္ဂဟ)။ သာသဓာတ်+ရတ္ထုပစ္စည်း။

http://www.dhammadownload.com



သာသဓာတ်အရကား. ဒိဋ္ဌဓမ္မိကအကျိုး (လ) ဆုံးမတော်မူသော မြတ်စွာဘုရား၏ ဒေသနာဉာဏ်ပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည်မှချ။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ်စသည်သည် ဖလူ။ နောက်နောက်၌ဖြစ်သော ဝစီဘေဒသဒ္ဒ, ဝေနေယျတို့၏ဟိတသုခစသည်သည်ကာရဏူ။ ရတ္ထုပစ္စည်းအရကား ထို.....သော မြတ်စွာဘုရားဒြဗ်ရ၏။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

က–သံဝဏ္ဏနာအလို သတ္ထာကား သာသဓာတ် + ရတ္ထု ပစ္စည်း ကိတ်နာမ်ပုဒ်၊ ဥကာရန္တ၊ ပုလ္လိင်သတ္ထာဒိဂိုဏ်း။

ခ–သံဝဏ္ဏနာ–သတ္ထာဝိယဉ္ဖ သတ္ထာ ကား တဒ္ဓိတ်နာမ်ပုဒ် (ကုန်သည်မှူး) အာကာရန္တ,။ ပုလ္လိင် သိ ကို ဩ၊ ဩကို အာပြု ထားသော ကြောင့် ပုရိသာဒိဂိုဏ်း။

**မှတ်ချက်။** ဤကုန်သည်မှူးဟော သတ္ထာကိုအချို့ကား ရာဇာဒိဂိုဏ်း၊ အချို့ကား ပုမာဒိဂိုဏ်းဟုဆိုသည်။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၁၂။

ဝဇိရဗုဒ္ဓိ၊ ဋီ၊ ၄၀ ၌ သတ္ထဝါဟော သတ္ထာတိ နိပါတိတော ယထာ ပိသိတာသော ပိသာစောဟုဖွင့်သည်။ ယင်းအလို သတ္ထာ ကားပိသိတာ သောကို ပိသာစောပြီးစေသကဲ့သို့ သတ္ထဝါဟောကိုသတ္ထာဟု နိရုတ္တိနည်း ဖြင့်ပြီးစေသည်။ ထို့ကြောင့် သတ္ထာကား သမာသ်နာမ်ပုဒ်၊ အကာရန္တ၊ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းဟုမှတ်။

**ကန္တာရ**။ ကသဒ္ဒူပပဒ + တရ + ကာရိုက်ဏောပစ္စည်း + ဏာပစ္စည်း (သာရတ္ထအလိုဟောတု ကတ္တုသာဓန၊ ဓာန်၊ ဋီ၊ အလိုဏောပစ္စည်းမလို၊ အဝုတ္တကမ္မသာဓန။)

† ကံဥဒကံ တာရေန္တိ ဧတ္ထာတိ ကန္တာရော။ နိရုဒကော အရညပ္ပဒေသော ရုဠှီဝသေန ပန ဣတရောပိ အရညပ္ပဒေ သော တထာ ဝုစ္စတိ။ သာရတ္ထ၊ ၁။ ၂၉၃။

ကေန ပါနီယေန တရန္တိ အဘိက္ကမန္တိ ယန္တိ ကန္တာရော။ ဓာန်။ ဋီ။ ၁၉၂။

http://www.dhammadownload.com



## ● အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ အနုသာသတိဖြင့် သဏ္ဌာသဒ္ဒါ၏ သာသနာတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အနုသာသတိတိသဏ္ဌာဟု ကဏ္ဍသာခနေဝစနဏ္ဍ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ရဏ္ဍပစ္စည်း၏ ကဏ္ဍသာခနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယာတပ္ပုဒ။ ၂။ အဘိဓာနဋ္ဌ။ ၃။ ဒုတိယပစ္စယဋ္ဌ။

က–ဝါကျ၌ ဒိဋ္ဌဓမ္မိက (လ) ယထာရုပ်ဖြင့် ဒိဋ္ဌဓမ္မိကအကျိုး (လ) ထိုက်သည် အားလျော်စွာ ဆုံးမ တတ်သတည်းဟု သိစေသည်။ (ဘာဝဋ္ဌ။)

ခ–ဝါကျ၌ သဏ္ဌာဝိယဖြင့် သဏ္ဌာပုဒ်ကို သဏ္ဌာဝိယသဏ္ဌာဟု ဥပမာတဒ္ဓိတ်ဝစနဏ္ဍပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဏာပစ္စည်း၏ ဥပမာတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ပစ္စယဋ္ဌ။

ဂ–ဝါကျဖြင့် သဏ္ဌာအရ ကုန်သည်မှူးကဲ့သို့ဖြစ်သော မြတ်စွာဘုရားကို ယူရမည်ဟုသိစေသည်။ (သရုပ်ကြားအဘိဓေယျဋ္ဌ။)

ဃ–ဝါကျ၌ စောရကန္တာရံ, ဝါဠ, ဒုဗ္ဘိက္ခ, နိရုဒက ကန္တာရံဖြင့် ကန္တာရံ တာရေတိ၌ ကန္တာရအရ နိရုဒက ကန္တာရကို မယူ။ ကြွင်း ကန္တာရတို့ကို သဒိသူပစာရနည်းဖြင့် ယူရမည်ဟုသိစေသည်။ (သရုပ်ကြား အဘိဓေယျဋ္ဌ။)

---

## ● ပါဠိဝိနိစ္ဆယ

ဃ–ဝါကျ ဥပမာန ဘက်၌ သတ္ထေ သတ္ထေ ဟု ပါဠ် ၂–မျိုးရှိရာ သတ္ထေတိ သတ္ထိကေ ဇနေဟု သာရတ္ထ ဖွင့်သောကြောင့်လည်းကောင်း, (သတ္ထေဟူသော ဗဟုဝုစ်ပုဒ်ကို သတ္ထိကေဟု တဒ္ဓိတ်ဖြင့် ဖွင့်သည်ဟု ဆိုလိုသည်။) သတ္ထဝါဟော ဟူသော ကဏ္ဍားပုဒ်ကိုထောက်လျှင် ကံပုဒ်၌ သတ္ထေဟု ရှိသင့်သောကြောင့်လည်းကောင်း သတ္ထေပါဠ်သာသင့်သည်။

http://www.dhammadownload.com



ဃ–ဝါကျ ဥပမေယျ ဘက်၌မူ သတ္တေ ဟူသာ ရှိသင့် သည်။ အကြောင်းကား သတ္တေတိ ဝေနေယျ သတ္တေဟု သာရတ္ထ ဖွင့်သော ကြောင့် သတ္တေဟူသော ပါဌ်သာသင့်သည်။

**မှတ်ချက်။** ဂ၊သစ်။ ဟောင်း။ သျှ၊ သစ်။ ဟောင်းတို့၌ လည်း ဥပမာနဘက်တွင် သတ္တေ၊ ဥပမေယျဘက်တွင် သတ္တေပါဌ်ကိုသာ အနက်ဖွင့်ကြသည်။

ယခုလက်ရှိ "မဟာနိဒ္ဒေသပါဠိ"အုပ်၌ ဥပမာန, ဥပမေယျ ၂–ဘက်လုံး သတ္တေဟုသာရှိသည်။ မဟာနိဒ္ဒေသ အဋ္ဌကထာ၌လည်း သတ္တေတိ ဝေနေယျသတ္တေဟုသာဖွင့်သည်၊ သာရတ္ထ၌ကဲ့သို့ သတ္တိကေ ဇနေဟုမဖွင့်။ သာရတ္ထ အဖွင့်ကို သတ္တေတိ သတ္တိကေဇနေ ပြင်၍ သတ္တေကို ဇနေဟု ပရိယာယ်ဖွင့်ဟု ယူဆနိုင်သည်။ သဃော သတ္တောတု ဇန္တုနှံ စာန်အရ သတ္တသဒ္ဒါဆိုလျှင် ကေဝုစ်သာရှိရမည်။ သတ္တေဟုဗဟုဝုစ်မရှိနိုင်၊ ဋီကာတို့၌ ကား ဗဟုဝုစ်ချည်းရှိနေသည်။ ယင်းတို့ကိုထောက်၍ ဥပမာန, ဥပမေယျ ၂–ဘက်လုံး၌ သတ္တေသာရှိသင့်သည်ဟုလည်း ဆုံးဖြတ်နိုင်ပေသည်။ အမှန် ကို ဆုံးဖြတ်နိုင်ဖို့ရန်မှာ နိရုတ္တိပဋိသမ္ဘိဒါဉာဏ် အံရာသာ ဖြစ်ပေသည်။

၁။ အပိစ သတ္တာ ဝိယာတိ သတ္တာ၊ ဘဂဝါ သတ္တဝါဟော။

၂။ အပိ စ သတ္တာ ဘဂဝါ သတ္တဝါဟော။

နံပါတ် ၁–ပါဌ်မှာ ယခုအဋ္ဌကထာ၌ရှိသော ပါဌ်၊ နံပါတ် ၂–ပါဌ် မှာ မဟာနိဒ္ဒေသပါဠိ။

အချို့ ဆရာတို့ကား မဟာနိဒ္ဒေသပါဠိအတိုင်း အဋ္ဌကထာ၌ရှိသင့် သည်ဟု ဆုံးဖြတ်ကြသည်။

အဋ္ဌကထာ ဆရာသည် မဟာနိဒ္ဒေသပါဠိ ဥပမာန, ဥပမေယျ ၂–ဘက်လုံးကိုကြည့်၍ သတ္တာပုဒ်ကို ဥပမာ တဒ္ဓိတ်ဝစနတ္ထ ပြုသင့်သည်ဟု သိစေလိုသဖြင့် သတ္တာဝိယာတိ သတ္တာ ဟူသော ဝါကျကို ရေးခဲ့သည်။ မဟာနိဒ္ဒေသပါဠိအတိုင်းရေးခဲ့သည်မဟုတ်။ မဟာနိဒ္ဒေသ ပါဠိအတိုင်း ရေးလိုလျှင် ဃ–ဝါကျကဲ့သို့ ရှင်းရှင်း ရေးသား ခဲ့ပေမည်။ ထိုကြောင့် ယခုလက်ရှိ ၁–ပါဌ်သာသင့်သည်။

http://www.dhammadownload.com



၁။ ဝေမေဝ ဘဂဝါ သတ္ထဝါဟော။

၂။ ဝေမေဝ ဘဂဝါ (သတ္ထာ) သတ္ထဝါဟော။

မဟာနိဒ္ဒေသပါဠိ၌ နံပါတ် ၁=ပါ၌သာ ရှိသောကြောင့်လည်းကောင်း၊ ဃ-ဝါကျယထာစသောစကားရပ်၏ မဟာနိဒ္ဒေသပါဠိကို ကူးယူ ဖော်ပြအကိုးသာကေ၏ အဖြစ်ကြောင့်လည်းကောင်း၊ ကုန်သည်မှူးဟော သတ္ထဝါဟော ပုဒ်ရှိနေသဖြင့် သတ္ထာပုဒ် မလိုအပ်တော့သောကြောင့်လည်းကောင်း၊ "သတ္ထဝါဟော"....မူသော။ ဘဂဝါ၊ သည်။ ဟု အနက်ပေးရမည်ဖြစ်သောကြောင့်လည်းကောင်း ၁-နံပါတ်သာသင့်သည်။

**မှတ်ချက်။** ပါရာဇိကဏ်၊သစ်၊၂။ ၁၃ ၌ "သတ္ထာ၊ ကုန်သည်ရှိသော ကုန်သည်မှူးကဲ့သို့ဖြစ်တော်မူသော သတ္ထာဝါဟော၊ ကုန်သည်တို့ကို ဘေးဘျမ်းမရှိသောအရပ်သို့ ပို့ဆောင်တတ်သောကုန်သည်မှူးကဲ့သို့ ဖြစ်တော်မူသော။ ဘဂဝါ၊ သည်။"ဟု အနက်သမွန်သည်မှာ မဖြစ် ဖြစ်အောင် ကြိုးစား၍ အနက်ပေးခြင်းမျိုးတည်း။

**နိရုဒက။ နိယုဒက။** နတ္ထိ ဥဒကံ ဧတ္ထာတိ နိရုဒကောဟု ဝစနတ္ထပြု။ နိ+ဥဒက။ "ပုနစတု၊ နိနှင့်ဒု၊ ပါတုပါတနောင်။ သရနှောင်းက၊ အာဂမ၊ ရကောက်အမြဲဆောင်"အရ နိရုပဓိ ကဲ့သို့ နိနောက်၌ ရ-အက္ခရာလာသင့်သောကြောင့်လည်းကောင်း, သက္ကတသဒ္ဒါကျမ်းတို့၌သရနှောင်းရာ ဝယ်နိရ ဥပသာရသာရှိရမည်ဟုဆိုသောကြောင့်လည်းကောင်း နိရုဒက ပါ၌သာ သင့်သည်။ (နိရ+ဥဒက=နိရုဒက)။

---

## ⓲ နည်းနှင့်ဥပစာ

**သတ္ထာ။** အတုဖြစ်သောကုန်သည်မှူး၏ သတ္ထာဟူသော ့အမည်ကိုအတုရှိသော မြတ်စွာဘုရား၌တင်စား၍ အတုရှိသော မြတ်စွာဘုရားကို သတ္ထာဟု ဆိုသောကြောင့် သဒိသူပစာသဒ္ဒါ။

**ကန္တာရံ တာရေတိ။** (ဥပမာနဘက်) အတု ဖြစ်သော နိရုဒက အရည်ပွဒေသ (ရေမရှိသောတောအရပ်)၏ ကန္တာရအမည်ကိုအတုရှိသော စောရအမိဋ္ဌိတ အရည်ပွဒေသ, ဝါဠအမိဋ္ဌိတ အရည်ပွဒေသ, ဒုဗ္ဘိက္ခ

http://www.dhammadownload.com



အရည်ပျော်ဒေသ၌တင်စား၍ စောရအဓိပ္ပါယ်တ (လ) ဒုဗ္ဘိက္ခအရည်ပျော်ဒေသကို ကန္တာရဟုဆိုသောကြောင့် သဒ္ဒါသုဟ်ပစာမည်၏။

ပြယုဂ်ကား ကန္တာရံ တာရေတိ ဟူသည်တည်း။ ဤ၌ ကန္တာရ သဒ္ဒါသည် နိရုဒကကန္တာရဟူသောထို၌ထင်သောအားဖြင့် စောရအဓိပ္ပါယ်တ ကန္တာရ၊ ဝါဠအဓိပ္ပါယ်တကန္တာရ၊ ဒုဗ္ဘိက္ခကန္တာရဟူသော ဤ၌ခေါ်ဝေါ်အပ် သောကြောင့် ရှင်းနည်းသဒ္ဒါမည်၏။

**မှတ်ချက်။** စောရေဟိ၊ တို့သည်။ အဓိပ္ပါယ်တော၊ စိုးအုပ်၍ တည်နေသော။ အရည်ပျော်ဒေသော၊ တောအရပ်။ စောရကန္တာရ ကို စောရေဟိ အဓိပ္ပါယ်တော ကန္တာရော စောရ ကန္တာရော။ ဝါဠကန္တာရကို ဝါဠေဟိ အဓိပ္ပါယ်တော ကန္တာရော။ ဒုလ္လဘာ ဘိက္ခာ ဧတ္ထာတိ ဒုဗ္ဘိက္ခော။ ဒုဗ္ဘိက္ခော ဧဝ ကန္တာရော ဒုဗ္ဘိက္ခကန္တာရောဟုတွဲ။ နိဥဒကနှင့် ကန္တာရလည်းနည်း တူတွဲ။

**ကန္တာရံတာရေတိ။** (ဥပမေယျဘက်) အတူဖြစ်သော စောရ ကန္တာရစသောခရီးခဲ၏ကန္တာရအမည်ကို အတူရှိသော ဇာတိဇရာစသည်၌ တင်စား၍ အတူရှိသော ဇာတိဇရာစသည်ကို ကန္တာရဟု ဆိုသော ကြောင့် သဒ္ဒါသုဟ်ပစာ။

**ရှင်းနည်း။** ပြယုဂ်ကား ကန္တာရံ တာရေတိ ဟူသည်တည်း။ ဤ၌ကန္တာရံသဒ္ဒါသည် စောရကန္တာရစသော ထို၌ ထင်သော အားဖြင့် ဇာတိကန္တာရစသောဤ၌ ခေါ်ဝေါ်အပ်သောကြောင့် ရှင်းနည်း မည်၏။

---

(က) ဒေဝမနုဿာနန္တိ ဒေဝါနဉ္စ မနုဿာနဉ္စ။

(ခ) ဥက္ကဋ္ဌပရိစ္ဆေဒ ဝသေနေတံ(လ)ဝသေန စ။

(ဂ) ဘဂဝါပန.....သတ္ထာယေဝ။

(ဃ) တေပိဟိ.....မဂ္ဂဖလာဘာဂိနော ဟောန္တိ။

(င) မဏ္ဍူကဒေဝပုတ္တာဒယော စေတ္ထ နိဒဿနံ။ ဋ္ဌ။ ၉၄။

## ● ဝါကျစုနှင့် ကျမ်းတက်

ခ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ က-ဝါကျကား အာရဒ္ဓဝါကျ။

http://www.dhammadownload.com



## ခ-ဝါကျ ကျမ်းတက်

ဆရာ၊ ဥပါလိထေရ်သည် ဒေဝမနုဿာနံဟုဆိုတော်မူ၏။ (ဒေဝမနုဿာနံ၊ တို့၏။ သတ္ထာ၊ ဆရာဟူသောအနက်ကိုနှလုံးသွင်းပါ။)တိရစ္ဆာန်ဖြစ်သောသတ္တဝါတို့သည် ဘုရားသခင်၏အဆုံးအမအနုသာသနီကို နာခံသူမရှိဖြစ်၍လည်းကောင်း၊နာခံသူရှိလျက်ဘုရားသခင်သည် တိရစ္ဆာန်တို့၏ ဆရာမခံထိုက်ဖြစ်၍လည်းကောင်း၊ ဒေဝမနုဿာနံသာဆိုအပ်လေသလော။ (ဆင်တဲဂဏ္ဌိ။ ၁၈၃။) အဘယ်ကြောင့်၊ ဝါ-အဘယ်၏အစွမ်းဖြင့် ဒေဝမနုဿာနံဟုဆိုအပ်လေသနည်း-ကြောင့် ခ-ဝါကျမိန့်။ အဓိပ္ပာယ် ပါဠိလျှောက်ပြန်လေ။

ဂ- ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ခ-ဝါကျကား အာရဒ္ဓ ဝါကျ။

**မှတ်ချက်။** သျှ၊ဟောင်း၌ ပနတထာပိဟု လက္ခဏာအရစိအနက်ပြန်သည်။ ယင်းအလို ဂ-ဝါကျကို ဝါကျာရမ္ဘဝါကျဟုခွဲခဲ့သည်။ ကျမ်းတက်လိုသော် တိရစ္ဆာန ဂတာနမ္ပိ၌ ပိ-ကိုရှု၍ ထပနာကို ဖော်ကန့်ပြီး ကျမ်းတက်ရမည်။

## ဂ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ဥက္ကဋ္ဌပရိစ္ဆေဒ၏ အစွမ်းဖြင့်လည်းကောင်း၊ ဘဗ္ဗပုဂ္ဂလပရိစ္ဆေဒ၏အစွမ်းဖြင့် လည်းကောင်း ဒေဝမနုဿာနံဟူသော စကားကိုဆိုလိုသောဟုဆို၏။ ယင်းသို့ဆိုသော် မြတ်စွာဘုရား ပည် ဥက္ကဋ္ဌသတ္တ, ဘဗ္ဗပုဂ္ဂလတို့၏သာလျှင် (ဓဝကန့်) ဆရာဖြစ်တော်မူပါသလော။ အဘယ် ပုဂ္ဂိုလ်တို့၏လည်း ဆရာဖြစ်တော်မူပါသနည်း ကြောင့်- ဂ-ဝါကျမိန့်။ အဓိပ္ပာယ်ပါဠိလျှောက်ပြန်။

**တစ်နည်း။** ဂ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏ ဝါကျ။ ခ-ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

**မှတ်ချက်။** ခ ဝါကျ၌ ဥက္ကဋ္ဌသတ္တဟူသောပဓာနပုဂ္ဂိုလ်, ဘဗ္ဗပုဂ္ဂလဟူသော ပဓာန ပုဂ္ဂိုလ်ကိုဆိုသဖြင့် တိရစ္ဆာန် ဟူသော အပဓာနပုဂ္ဂိုလ်ကိုလည်းရသည်။ ယင်း ခ-ဝါကျ၌ ပုဂ္ဂိုလ် ၃-ယောက်ရသည်။

http://www.dhammadownload.com.



ဂ-ဝါကျ၌ တိရစ္ဆာန . ဂတာနမ္ပိဝယ် သမ္ပိဏ္ဍာန ပိသဒ္ဒါဖြင့် ဒေဝမနုဿဟူသော ဥက္ကဋ္ဌသတ္တ, ဘဗ္ဗပုဂ္ဂိုလ်ကို ပေါင်းသည်။ ယင်း ဂ-ဝါကျ၌လည်း ပုဂ္ဂိုလ် ၃- ယောက်ပင် ရပြန်သည်။ ခ ဝါကျနှင့် ဂ ဝါကျ အရတူပင်ဖြစ်၍ ဂ-ဝါကျ ထပ်ဆိုသည်မှာ "နက်ထူးမြဲထွေ၊ သိပစေ၊ ပြီး နေထပ်ဆိုရာ"ဆိုသည်အတိုင်း ခိုင်မြဲ စေလို သောကြောင့် ဖြစ်၏။ ထို ကြောင့် ဂ-ဝါကျကို ဒဠှီဟုခွဲခဲ့သည်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၄။ ဆင်တဲဂဏ္ဌိ။ ၁၈၃-တို့၌လည်း ဒဠှီပင်ဆိုသည်။

ဃ-ဝါကျကား ယုတ္တိဒဠှီကရဏဝါကျ။ ဂ-ဝါကျကား ယုတ္တိဒဠှီယ ဝါကျ။ (သျှ သစ်၌ ဃ-ဝါကျကိုဝိတ္ထာရဟုဆိုသည်။)

င-ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ဂ-ဝါကျကား အာဂမ ဒဠှီယဝါကျ။

**မှတ်ချက်။** ဂ-ဝါကျကို ဃ-ယုတ္တိ, င-အာဂုံဖြင့် ခိုင်မြဲ စေသည်ဟုမှတ်။

---

## ● ဝိဂ္ဂဟာနှင့်ဉာဏ်ကောက်

**မဂ္ဂဖလဘာဂိနော။** မဂ္ဂဖလဘာဂေါ ဧတေသန္တိ မဂ္ဂဖလဘာ ဂိနော။ ဧတေသံတိရစ္ဆာနဂတာနံ၊ တို့အား။ မဂ္ဂဖလဘာဂေါ၊ မဂ်ဖိုလ် ဟူသော အဖို့သည်။ အတ္ထိ၊ ၏။ ဣတိ မဂ္ဂဖလဘာဂိနော၊ အဿတ္ထိ တဒ္ဓိတ်။ မဂ္ဂဖလဘာဂပုဒ် ဤပစ္စည်း။

မဂ္ဂဖလဘာဂဟူသော တဒ္ဓိတ်ပုဒ်အရကား မဂ်ဖိုလ်ဟူသော အဖို့ သည်မှချ။ ယင်း၏တိရစ္ဆာန်တို့ဒြဗ် တိရစ္ဆာန်တို့၏ ဒုတိယ, တတိယအတ္တ ဘာဝဒြဗ်)နှင့် ဂုဏ်ဂုဏေ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ဌာန။ ဤပစ္စည်း အရထို.....သော မဂ်ဖိုလ်ဟူသောအဖို့ရှိသော တိရစ္ဆာန်တို့ဒြဗ် (တိရစ္ဆာန်တို့ ၏ဒုတိယ, တတိယအတ္တဘာဝဒြဗ်) ရ၏။

**မှတ်ချက်။** တေဟိပိ၌ တေဟူသောတုလျတ်ပုဒ်ကိုရှု၍ မဂ္ဂဖလ ဘာဂိနောအရ . တိရစ္ဆာန်ကောက်ရမည်ဆိုသော်လည်း ယင်းဘဝ၌ မဂ်ဖိုလ် မရနိုင် ဒုတိယေ တိယေ ဝါ အတ္တဘာဝေ မှသာ မဂ်ဖိုလ် ရနိုင်သည် ဟုမှတ်။

http://www.dhammadownload.com



## ● ဓာတုပစ္စယာဒိဝိဘာဂ

ဥက္ကဋ္ဌ။ ဥပုဗ္ဗ+ကသဓာတ်+တပစ္စည်း။ သူစီ။

**ဘဂဝတောဓမ္မသဝနေန။** ဘဂဝတောကား ပဥ္စမီ အနက်၌ ဆဋ္ဌီဝိဘတ်။ ဘဂဝတော၊ မှ ဟုအနက်ပေး၊ ဓမ္မသဝနေန၌စပ်။ တစ်နည်း။ဘဂဝတော၊ ၏။ သန္တိကေ၊ အထံ၌ ဟုအနက်ပေး။ သန္တိကေ ပါဌသေသ၌စပ်။

**မှတ်ချက်။** အက္ခာတရိ ဥပယောဂေပဥ္စမီ။ နီတိ၊ သုတ္တ။ ၆၄၇။ (ဥပယောဂေ၊အတတ်ကိုသင်ယူခြင်းသည်။ သတိ၊ သော်။ အက္ခာတရိ၊ သင်ကြားပေးသူ၌။ ပဥ္စမီ၊ သည်။ ဟောတိ၊ ၏။) ဆိုသဖြင့် ဘဂဝတောကို ပဥ္စမျုတ္တ (နိဿက္ကတ္တ) ဟုသာရတ္ထဆိုသည်။ ဘဂဝတော၊ ၏ဟုအနက်ပေး၍ ဓမ္မသာဝနတွင် ဓမ္မပုဒ်တစ်စိတ်၌စပ်နိုင်သေးသည်။ (နေ့ာမတိ။)

✝ ဘဂဝတောတိ နိဿက္ကေ သာမိဝစနံ ယထာ " ဥပဇ္ဈာယတော အဇ္ဈေတိ" တိ။ ဘဂဝတော ဝါ သန္တိကေတိ အတ္ထော။ သာရတ္ထ။ ၁။ ၂၉၃။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဒေဝါနဥ္စ မနုဿာနဥ္စဖြင့် ဒေဝမနုဿာနံကို ဒေဝါစ မနုဿာစ ဒေဝမနုဿာဟု ဒွန်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

## ● ပါဠိဝိနိစ္ဆယ

**မဏ္ဍူက။ မဏ္ဍူက။** မဏ္ဍုဓာတ် + ဥကပစ္စည်း ဥ-ကို ဒီဃပြု။ **တစ်နည်း။** မဏ္ဍ ဓာတ် + ဏူကပစ္စည်းဖြင့်ပြီးသောကြောင့် မဏ္ဍူက ပါဌ် သာသင့်။

✝ မဏ္ဍ ဘူသနေ ဥကော၊ ဒီဃော။ ဓာန်၊ ဋီ။ ၆၇၅။ မဏ္ဍသလာ ဏူကော။ (လ) မဏ္ဍေတိ ဇလံ ဘူသေတီတိ မဏ္ဍူကော၊ ဘေကော။ မောဂ်။ ၇။ ၂၅။

http://www.dhammadownload.com



**သန္ဓိရုမ္ဘိတွာ။** **သန္ဓိရုမ္ဘိတွာ။** ရုဘိနိဝါရဏေ၊ ရုမ္ဘတိ၊ သန္ဓိ ရုမ္ဘတိ၊ သန္ဓိရုမ္ဘော၊ သန္ဓိရုမ္ဘိတွာ ဟုနီတိ၊ ဓာတု။ ၁၂၉- လာသောကြောင့် လည်းကောင်း၊ သံ+နိ+ရုဘိဓာတ်သည် ပိဠနတ္ထကိုဟောနိုင်သောကြောင့် လည်းကောင်း သန္ဓိရုမ္ဘိတွာပါဌ်သာသင့်ပါသည်။

**မှတ်ချက်။** မအုသျှဥ် သန္ဓိရုဗ္ဘိတွာသင့်ကြောင်း ဆိုသေးသည်။

---

## ● နည်းနှင့်ဥပစာ

**ဒေဝမနုဿာနံ။** ဒေဝမနုဿာနံ ဟူသောနည်းသည် ပြဓာန်း သောနတ်လူတို့ကိုဆိုသဖြင့် မပြဓာန်းသော တိရစ္ဆာန်တို့ကိုလည်း ရသော ကြောင့် ပဓာနနည်းမည်၏။

**မှတ်ချက်။** ဋ္ဌ, ဋီတို့၌ ဥက္ကဋ္ဌဝသေန, ဥက္ကဋ္ဌပရိစ္ဆေဒေနဟု ဖွင့်လျှင် ပဓာနနည်းရသည်ဟု ကိန်းသေမှတ်။ ဥက္ကဋ္ဌနည်းမဟုတ်။ ဧကဒေသူ ပစာ၊ ဝါ-အဝယဝူပစာနှင့်တွဲ။

အစိတ်ဖြစ်သောနတ်လူတို့၏ ဒေဝမနုဿာနံဟူသော အမည်ကို အပေါင်းဖြစ်သော နတ်လူတိရစ္ဆာန်တို့၌တင်စား၍ အပေါင်းဖြစ်သော နတ်လူတိရစ္ဆာန်တို့ကိုဒေဝမနုဿာနံဟုဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါအဝယဝူပစာ။

**ကာဓ မေဝန္တိ ပါဒါနိ။** ပါဒါနိ ဟူသောနည်းသည် ပါဒေ ဟု ပုလ္လိင်ဖြင့်ဆိုလိုလျက် နပုလ္လိင်ဖြင့် ဆိုသောကြောင့် လိင်္ဂဝိပ္ပလ္လာသနည်း မည်၏။

**မဏ္ဍုကောဟံ။** အပေါင်းဖြစ်သော ဇလစရမဏ္ဍူက, ထလစရ မဏ္ဍူကတို့၏မဏ္ဍူကဟူသောအမည်ကိုအစိတ်ဖြစ်သော ဇလစရဏမဏ္ဍူက၌ တင်စား၍အစိတ်ဖြစ်သော ဇလစရမဏ္ဍူကကို မဏ္ဍူကဟု ဆိုသောကြောင့် ဧကဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

**မှတ်ချက်။** မဏ္ဍူကသည်ဇလစရမဏ္ဍူက = ရေ၌ ကျက်စားသော ဖား၊ ထလစရမဏ္ဍူက = ကြည်း ကုန်း၌ကျက်စားသော ဖား ၂-မျိုးရှိရာ တွင် ဂါထာ၌ ဥဒကေ ဝါရိ ဂေါစရောကို ထောက်၍ မဏ္ဍူကောဟံ၌

http://www.dhammadownload.com



ဇလစရမဏ္ဍုကသာရသည်။ မဏ္ဍူကဒေဝပုတ္တ-၌ ကား ဘူတပုဗ္ဗ ဂတိက နည်းရသည်ဟု မှတ်ပါ။

---

(က) ယံ ပန ကိဉ္စိ အတ္ထိ (လ) ဝိမောက္ခန္တိက ဉာဏဝသေန ဗုဒ္ဓေါ။

(ခ) ယသ္မာ ဝါ စတ္တာရိ သစ္စာနိ (လ) ကာရဏောပဒိ ဗုဒ္ဓေါ။

(ဂ) ဣမဿ စတ္ထဿ(လ)ဝိတ္ထာရေတဗ္ဗော။ ဌ။ ၉၄။

## ● အနက်ယောဇနာ

ဗုဒ္ဓေါ၊ အရဟတ္တမဂ်၏အဆုံး အရဟတ္တဖိုလ်၌ဖြစ်သော အလုံးစုံ သော ဉာဏ်(ဝိမောက္ခန္တိကဉာဏ်)ဖြင့် အလုံးစုံသောဉေယျကို သိတော်မူ တတ်သောဘုရား။ (က=သံဝဏ္ဏနာနှင့်အညီ။)ဗုဒ္ဓေါ၊ သစ္စာလေးပါးတို့ကို ကိုယ်တိုင်လည်းသိ, သူတစ်ပါး တို့ကိုလည်း သိစေတော်မူသော ဘုရား။ (ခ-သံဝဏ္ဏနာနှင့်အညီ)

---

## ● ဝါကျခွဲ နှင့် ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ က-ဝါကျကား ပက္ခဝါကျ။

**တစ်နည်း။** ခ-ဝါကျကား သမ္မာသမ္ဗုဒ္ဓပုဒ် ဗုဒ္ဓပုဒ်၏ အထူးကို ဖွင့်ပြသောကြောင့် ဝိသေသဝါကျ။

**မှတ်ချက်။** ဤကား ဝိမတိအလိုတည်း။ သာမည ကင်းသော ဝိသေသဝါကျမျိုးဟု ဆရာတို့ ဆိုကြသည်။ သာရတ္ထ-၁-၂၉၅-၌ကား ယံပနကိဉ္စိဝယ် ပနကို ဝိသေသဟုတစ်မျိုးကြသည်။

† ဣဒါနိ သမ္မာသမ္ဗုဒ္ဓ ပဒတော ဗုဒ္ဓပဒဿ ဝိသေသံ ဒဿေတုံ ယသ္မာဝါတိ အာဒိ ဝုတ္တံ။ ဝိမတိ၊ ၁။ ၅၇။

ဂ-ဝါကျကား အာဂမဒဠှီကရဏဝါကျ။ က-ခ-ဝါကျတို့ကား အာဂမ ဒဠှီယ ဝါကျ။

---

## ● ဝိဂ္ဂဟနှင့် ဉာဉ်ကောက်

ဝိမောက္ခ။ သဗ္ဗသော ပဋိပက္ခေဟိ ဝိမုစ္စတီတိ ဝိမောက္ခော။ (သဗ္ဗသော၊ အချင်းခပ်သိမ်း။ ပဋိပက္ခေဟိ၊ ဆန့်ကျင်ဘက်ဖြစ်ကုန်သော

http://www.dhammadownload.com



ကိလေသာတို့မှ။ ဝိမုစ္စတိ၊ လွတ်တတ်၏ဟု အနက်ပေး။ ဝိမောက္ခ = အရဟတ္တမဂ်ရ၏။ ပရမတ္ထ သဒ္ဒါကောက်နည်းအတိုင်း ဉာဏ်ကောက်လေ။)

**ဝိမောက္ခန္တ။** ဝိမောက္ခဿ အန္တော ဝိမောက္ခန္တော။ ဝိမောက္ခဿ၊ အချင်းခပ်သိမ်း (လ) လွတ်သော အရဟတ္တမဂ်၏။ အန္တော၊ အဆုံးတည်း။ ဝိမောက္ခန္တော၊ ..ချင်းခပ်သိမ်း(လ)အရဟတ္တမဂ်၏ အဆုံး(အရဟတ္တဖိုလ်)

**ဝိမောက္ခန္တိက။** ဝိမောက္ခန္တေ ဘဝံ ဝိမောက္ခန္တိကံ။ ဝိမောက္ခန္တေ၊ အချင်းခပ်သိမ်း(လ)အရဟတ္တဖိုလ်၌။ ဘဝံ၊ ဖြစ်သည်တည်း။

**ဝိမောက္ခန္တ** ဟူသောတဒ္ဓိတ်ပုဒ်အရကား အချင်းခပ်သိမ်း ဆန့်ကျင်ဖက်ဖြစ်ကုန်သော ကိလေသာတို့မှ လွတ်သော အရဟတ္တမဂ်၏ အဆုံး အရဟတ္တဖိုလ်သည်မှချ။ ယင်းအချင်းခပ်သိမ်း (လ) အရဟတ္တဖိုလ်၏အလုံးစုံသောဗုဒ္ဓဉာဏ်တော်နှင့် အကြောင်းအကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည်ဌာနူပစာ။ ဣက ပစ္စည်းအရကား ထိုမှချဌာနူပစာတို့ဖြင့်မှတ်အပ်သော အချင်းခပ်သိမ်း ဆန့်ကျင်ဖက် (လ) အလုံးစုံသော ဗုဒ္ဓဉာဏ်တော် ရ၏။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဗုဒ္ဓတ္တာဟူသော ကတ္တုအန္တောဂဓဟိတ်ဖြင့် ဗုဒ္ဓေါ ပုဒ်ကိုဗုဇ္ဈတီတိ ဗုဒ္ဓေါဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] တပစ္စည်း၏ ကတ္တုသာဓန၌သက်သည်၏အဖြစ်ကို လည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္တ။ ၂။ ဒုတိယပစ္စယတ္ထ။

သဗ္ဗဿဖြင့် ဗုဒ္ဓတ္တာ၌ ဗုဓဓာတ်၏သကမ္မကဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] ယင်း၏ ကံကိုသဗ္ဗံဟု ထည့်ရမည်၏ အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ ဘာဝတ္ထ၊ ၂။ ဘာဝတ္ထ။

ဝိမောက္ခန္တိကဉာဏဝသေနဖြင့်သိ၏ဟူသည် ဝိမောက္ခန္တိကဉာဏ်၏ အစွမ်းဖြင့်သိသတည်းဟုသိစေသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** "ကရဏကာရက၊ စသည်လေးပါး၊ သဘောများမှာ၊ ဓာတ်တွင်သာ၊ စပ်ရာမြဲမှတ်ရှု" နိယံအရ ကရိဏ်းပါဌ်ကိုဓာတ်၌စပ်၍ အာဘောဖော်သည်။

http://www.dhammadownload.com



**တစ်နည်း။** ဝိမောက္ခန္တိကဉာဏဝသေနဖြင့် အလုံးစုံသောဉေယျ ကိုသိ၏ဟူသည် ဘုရားဖြစ်တော်ကသိသည်မဟုတ်၊ ဝိမောက္ခန္တိက ဉာဏ်က သိ၏ဟုကတ္တားသတ္တိကို သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** "ကတ္တားသတ္တိ၊ ယုတ်ညံ့ရှိ၊ ကူဘိကရိုဏ်းသာ" နိယံ အရအာဘော်တည်း။

**တစ်နည်း။** ယင်းပါဠိဖြင့် ဝိမောက္ခန္တိကဉာဏ်ကြောင့်သာ ဗုဒ္ဓေါ သည်ဟုသိစေသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** "ဝသေန၌ နာဝိဘတ်ကို ဟိတ်ကြံသော သျှဟောင်း အလိုအာဘော်တည်း။

က-ဝါကျ၌ ယံကိဉ္စိ(လ)ဉေယျံနာမဖြင့် သဗ္ဗသဒ္ဒ၌ သဗ္ဗသဒ္ဒါသည် အလုံးစုံသောဉေယျဓမ္မကိုစွဲသတည်းဟုသိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)

**တစ်နည်း။** ယံကိဉ္စိ(လ)ဉေယျံနာမဖြင့် သဗ္ဗသဒ္ဒဝါကျ၌ ဆောင်၍ သိအပ်သော တဿဟူသောနိယတ်၏အနိယတ်ကား ယံကိဉ္စိ (လ) ဉေယျံ တည်းဟုသိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျ၌ ဗုဇ္ဈိဖြင့် ဗုဒ္ဓေါပုဒ်ကို ဗုဇ္ဈိတိဗုဒ္ဓေါဟု အတီတကာလိက ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊တပစ္စည်း၏ ယင်းသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

အတ္တနာဖြင့် သစ္စာ ၄-ပါးကို သူတစ်ပါးဟောပြောသဖြင့် သိသည်။ (အပရနေယျ) မဟုတ်၊ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တိုင်သိသည်၏ အဖြစ်ကို လည်းကောင်း[၁]၊ အတ္တနာပိ၌ အပိသဒ္ဒါဖြင့် သစ္စာ ၄-ပါးကို ကိုယ်တိုင် သိကာမျှ မကသေး၊ သူတစ်ပါးတို့ကိုလည်း သိစေတတ်သည်၏အဖြစ်ကိုလည်း ကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။

စတ္တာရိသစ္စာနိဖြင့် ကိုယ်တိုင်လည်း သိပြီ (အတ္တနာပိ ဗုဇ္ဈိ) ဟူသည် သစ္စာ ၄-ပါးတို့ကို သိသတည်းဟုသိစေသည်။ (ဘာဝတ္ထ)

ခ-ဝါကျ၌ ဗောဓေသိဖြင့် ဗုဒ္ဓေါပုဒ်ကို ဗောဓိသီတိ ဗုဒ္ဓေါဟု ဟေတုကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ တ ပစ္စည်း၏

http://www.dhammadownload.com



အတီတကာလိက ကတ္တုသာဓနနှင့် သက်သည်၏ အဖြစ်ကိုလည်းကောင်း၊[1] ဟေတုအတ္ထအန္တောနီတ (ဟိတ်အနက်အတွင်း ငုပ်သည်) ၏အဖြစ်ကိုလည်းကောင်း၊[2] သိစေသည်။

၁။ ဘာကိဏ္ဍနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

**မှတ်ချက်။** အညေသတ္တေဖြင့် ဗောဓေသ်၌ ဏေ (ကာရိုက်) ပစ္စည်း၏ကံကိုပြ၊ ဘာဝတ္ထ။ ပိဖြင့်ကိုယ်တိုင်လည်းသိ၏ဟုဆည်း၊ ဘာဝတ္ထ။

## ပါဌဝိနိစ္ဆယ

ဗုဒ္ဓေါ၊ **ဗောဓေါ။** အညေပိ သတ္တေ ဗောဓေသိဟူသော အဋ္ဌကထာကာရိုက်ဝါကျကိုထောက်၍ ဗုဓ+ဏေ+တ ဖြင့် ပြီးသောကြောင့် ဗုဒ္ဓ ဥ-ကို ဩဝုဒ္ဓိပြု၍ ဗောဓေါဟု ဩဝုဒ္ဓိက ပါဌ်ရှိသင့်၊ မရှိသင့်ဆုံးဖြတ်ပါဟုမေးလျှင်.....

"ပဏ္ဏာသောသာ၊ သစ်ရွက်တို့ကို ခြောက်သွေ့စေနိုင်သော လေတို့" ဟူရာ၌ ဝုဒ္ဓိမပြုဘဲ "ပဏ္ဏသုသာ"ဟုလည်း ရှိနိုင်သကဲ့သို့ ဝုဒ္ဓိအပြုမမြဲသောကြောင့် ဗောဓေါဟုမရှိသင့်။ ဗုဒ္ဓေါသာရှိသင့်ပါသည်ဟု ဖြေလေ။

✝ယထာ ပဏ္ဏာသောသာ ဝါတာ "ပဏ္ဏသုသာ" တိ ဝုစ္စန္တိ၊ ဧဝံ ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ ဟေတုကတ္တုဝသေန။ သာရတ္ထ၊ ၁။ ၂၉၆။

## နည်းတင်ပုံ

ပြယုဂ်ကား.....ဝိမောက္ခန္တိကဉာဏဝသေနတည်း။ ဤ၌ ဝိမောက္ခန္တိက ဉာဏဝသေန ဟူသောနည်းသည် ဝိမောက္ခန္တိက ဉာဏဝသေန၊ အစွမ်းဖြင့်။ ဗုဒ္ဓတ္တာ၊ ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏ဟူ၍လည်းကောင်း။ ဝိမောက္ခန္တိက ဉာဏဝသေန၊.....အစွမ်းကြောင့်။ ဗုဒ္ဓေါ၊ မူ၏ဟူ၍လည်းကောင်း ၂-ပုဒ်ကို ငဲ့သောကြောင့် ကာကောလောကနည်းမည်၏။

**မှတ်ချက်။** သျှ၊ ဟောင်း၌ ဒဏ္ဍကနည်းဟု ဆိုသည်။ အတူတူပင်ဟုမှတ်။

## နေတ္တိဟာရ

ပဒဋ္ဌာနဟာရဟူသော်ကား (လ) ဟာရမည်၏။ အဘယ်သို့စိစစ်သနည်းဟူမူကား ဝိမောက္ခန္တိက ဉာဏဝသေန၌ ဝိမောက္ခအရဖြစ်သော အရ

http://www.dhammadownload.com



ဟတ္ထမဂ်၏ပဒဋ္ဌာန်ကား အောက်မဂ်အောက်ဖိုလ် ဉာဏ်တည်း။ ထိုကား (လ) ဒုက္ခိတသတ္တဝါအပေါင်းတည်း။ ဤသို့အောက်သက် (အသက်) ဩရ ယော့ရယုအားဖြင့်လည်းကောင်း။

ထိုအရဟတ္တမဂ်သည် အရဟတ္တဖိုလ်၏ နီးစွာသော အကြောင်း တည်း။ ထိုသည်ပစ္စဝေက္ခဏာဉာဏ်၏နီးစွာသောအကြောင်းတည်း။ ထိုသည် သကလဗုဒ္ဓဂုဏ်၏နီးစွာသောအကြောင်းတည်း။ ထိုသည်ဒေသနာဉာဏ်၏ နီးစွာသောအကြောင်းတည်း။ ထိုသည် ဝစီဘေဒ သဒ္ဒ၏ နီးစွာ သော အကြောင်းတည်း။ ထိုသည် ဝေနေယျတို့၏ ဟိတသုခ၏ နီးစွာ သော အကြောင်းတည်း၊ ဤသို့ အထက်တက် (အတက်) အာရှယာ ရှယ အားဖြင့် လည်းကောင်း၊ ပဒဋ္ဌာန်ကိုထုတ်အပ်၏။ ဤသို့ဩရယော့ရယ အာရှယာရှယ အားဖြင့် ပဒဋ္ဌာန်ကိုစိစစ်ခြင်းသည် ပဒဋ္ဌာနဟာရမည်၏ဟူလိုသော်။

**မှတ်ချက်။** ဆရာတော် ဦးဗုဓ်မှုနှင့် တိုက်ဆိုင်၍ ကြည့်ပါ။ ဝိမောက္ခ, ဝိမောက္ခ ဝိမောက္ခက်ကပုဒ်တို့အရကောက်ကို ဉာဏ်ကောက်၍ ရေးခဲ့ပြီ။ အရကောက်သေချာသော ဤလိုပုဒ်မျိုးကို နေတ္တိထုတ်မေးတတ် သည်။ သတိပြုလေ။

---

(က) ဘာဂဝါတိ ဣဒံ ပနဿ ဂုဏဝိသိဋ္ဌ သတ္တုတ္တ မဂ္ဂရုဂါရဝါ ဓိဝစနံ။

(ခ) တေနာဟု ပေါရာဏာ ဘာဂဝါတိ ဝစနံ သေဋ္ဌ (လီ) ဘာဂဝါ တေန ဝုစ္စတီတိ။

(ဂ) စတုဗ္ဗိဓံ ဟိ နာမံ အာဝတ္ထိကံ လိင်္ဂိကံ နေမိတ္တိကံ အဓိစ္စ သမုပ္ပန္နန္တိ။

(ဃ) အဓိစ္စသမုပ္ပန္နံ နာမ (လ) ဝုတ္တံ ဟောတိ။

(င) တတ္ထ ဝစ္ဆော ဒမ္မော ဗလိဗဒ္ဒေါတိဝေမာဒိ အာဝတ္ထိကံ။ (လ) ဝစနတ္ထ မနပေက္ခိတွာ ပဝတ္တံ အဓိစ္စသမုပ္ပန္နံ။

(စ) ဣဒံ ပန (လ) ဒေဝတာ ဝိသေသေဟိ။ ၄၊ ၉၄။ ၉၅။

## ● အနက်ယောနော

ဘာဂဝါတိဝစနံ၊ ဘာဂဝါဟူသော သဒ္ဒါသည်။ သေဋ္ဌ၊ အထူး သဖြင့် ချီးမွမ်းအပ်၏။ (ဝစနံပုဒ်သဒ္ဒါဟော။) ဝါ–ဘာဂဝါတိဝစနံ၊ ဘာဂဝါ

http://www.dhammadownload.com



ဟူသော သဒ္ဒါသည် ဟောအပ်သော အနက်သည်။ သေဌ်၊ ၏။ (ဝစနံပုဒ် ဝစနီယတ္ထဟော။)

**မှတ်ချက်။** ဘာဂဝါဇိတ်ဝစနံ၌ ဝစနံပုဒ်ကိုဝုစ္စတိ အတ္ထော အနေနာကိ ဝစနံ ဟုပြု။ သဒ္ဒါဟောတည်း။ ဝုစ္စတီတိ ဝစနံဟု ကမ္မသာဓ်ပြုလျှင် အနက် (ဝစနီယတ္ထ) ဟောဟုမှတ်။ သဒ္ဒနီတိကား ယင်းကို သဒ္ဒနိဒ္ဒေသနှင့် တူသော အတ္ထနိဒ္ဒေသဟုဆိုသည်။ နီတိ၊ သုတ္တ။ ၁၀၃။ ကြည့်ပါ။

† ဘာဂဝါတိဝစနံ သေဋ္ဌန္တိ သေဋ္ဌဝါစကံ ဝစနံ သေဋ္ဌဂုဏသဟစရဏတော (ကာရဏူ၊ ဋ္ဌာနူပြဟိတ်) "သေဋ္ဌ" န္တိ ဝုတ္တံ။ အထဝါ ဝုစ္စတီတိ ဝစနံ၊ အတ္ထော၊ တသ္မာ ယော " ဘာဂဝါ " တိ ဝစနေန အတ္ထော၊သော သေဋ္ဌောတိ အတ္ထော။သာရတ္ထ၊ ၁။ ၂၉၇။

## ● ဝါကျခွဲနှင့် ကျမ်းတက်

ခ–ဝါကျကား အာဂမဒဋ္ဌိကရဏဝါကျ။ ထိုကိုထောက်၍ ဂ–ဝါကျကား အာဂမဒဋ္ဌီယဝါကျ။

**မှတ်ချက်။** က–၌ ဂုဏဝိသိဋ္ဌကို ခ–၌ ဘာဂဝါတိဝစနံသေဋ္ဌံဖြင့်၊ သတ္တုတ္တမကို ဘာဂဝါတိဝစနမုတ္တမံဖြင့်၊ ဂရုဂါရဝကို ဂရုဂါရဝယုတ္တောဖြင့် နိုင်မြဲစေသည်ဟုမှတ်ပါ။ ရှေးနည်းကိုမှီ၍ကျမ်းတက်လေ။

ဂ–ဝါကျကား ဝိတ္ထာရဝါကျ။ က–ဝါကျကား သခေ်ပဝါကျ။ (ခ–ကား က–နှင့်ဆက်နွယ်၍သခေ်ပဝါကျ)

## ဂ–ဝါကျ အနုသန္ဓေတက်

ဤသို့ က=ခ–ဝါကျတို့ဖြင့် မြတ်စွာဘုရား၏ ဘဂဝါဟူသော ဤနာမည်သည် ဂုဏ်ထူးဝိသေသသာလျှင် အကြောင်းရှိသော၊ ဝါ–ဂုဏ်ထူးဝိသေသကြောင့် ရရှိလာသော နာမည်တည်းဟု အကျဉ်းအားဖြင့် ပြဆိုတော်မူပြီး၍ ဤယခုအခါ၌ ယင်းဆိုအပ်ပြီးသောအနက်ကို အကျယ်အားဖြင့် ဝေဖန်တော်မူလို၍ ရှေးဦးစွာနာ့မ်ကိုသာလျှင် အတ္ထုဒ္ဒါရ၏ အစွမ်းဖြင့်ပြလိုရကား ဂ–ဝါကျမိန့်။

http://www.dhammadownload.com



† ဂုဏဝိသေသဟေတုကံ " ဘဂဝါ " တိ ဉာဒံ ဘဂဝတော် နာမန္တိ သခေ်ပတော ဝုတ္တမတ္တံ ဝိဘဇိတုကာမော် နာမံဃေ၀ တာ၀ အတ္ထုဒ္ဓာရ၀သေန ဒဿေန္တော " စတုဗ္ဗိဓံ ဟိနာမန္တိ " အာဒိမာဟ သာရတ္ထ၊ ၁။ ၂၉၇။

ဃ-ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ဂ=ဝါကျကား အရဒ္ဓ ဝါကျ။ (ဝါကျာရမ္ဘဖြစ်ပုံအောက်ပါကျမ်းတက်ကိုရှု၍သိလေ။)

## ဃ-ဝါကျထပနာတိက ပုဏ္ဏာတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် နာမ်သည် အာဝတ္ထိကနာမ်, လိင်္ဂိကနာမ်, နေမိတ္တိကနာမ်, အဓိစ္စသမုပ္ပန္နနာမ် ဟု ၄-ပါး အပြားရှိသောဟုဆို၏။ ( ဘာသာပြန် ထပနာ မထားရ။ ) အဓိစ္စသမုပ္ပန္နနာမ် မည်သည်ကို လောကီယဝေါဟာရအားဖြင့် အဘယ်သို့ ( ယဒိစ္ဆကန္တိကို ကိန္တိပြင်၍ ပုဏ္ဏာထုတ်။ ) ဆိုအပ်ပါသနည်း။ ယင်းနာမ်ကို လောကီယ ဝေါဟာရအားဖြင့်လည်း အဓိစ္စသမုပ္ပန္နနာမ်ဟုပင် ဆိုအပ်ပါသလော ကြောင့် ဃ-ဝါကျမိန့်။ အဓိပ္ပာယ် ဃ-ဝါကျဘာသာပြန်လေ။

င-ဝါကျကား အာဝတ္ထိကနာမ်စသည် ၄-မျိုးတို့၏ သရုပ်အကျယ်ကို ပြသောကြောင့် ဝိတ္ထာရဝါကျ။ ဂ-ဝါကျကား ( ဃ- မဟုတ် )။ သခေ်ပဝါကျ ( မူလ ဂ-ဝါကျမှ ဃ-မူလီ, အနုကရဏဝါကျ ဖြာထွက်လာသည်ကို သတိပြု။)

## င-ဝါကျ အနုသန္ဓေတက်

ဤသို့ ဂ-ဝါကျဖြင့် နာမ်သည် (လ) ၄-ပါးအပြားရှိ၏ဟု ပြပြီး၍ (ဂ-ဝါကျကို ပဗ္ဗာနုသန္ဓေပြု) ဤယခုအခါ၌ ယင်းအာဝတ္ထိက စသော နာမ်တို့ကို သရုပ်အားဖြင့် ပြလိုရာကား င-ဝါကျမိန့်။

စ-ဝါကျကား ဝိသေသဝါကျ။ က-ဝါကျကား သာမညဝါကျ။ **တစ်နည်း။** စ-ဝါကျကား အတ္ထုဒ္ဓါရဝါကျ။ က-ဝါကျကား အတ္ထုဒ္ဓေသ အဓိပ္ပေတတ္ထဝါကျ။ **တစ်နည်း။** စ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ က-ကား အာရဒ္ဓဝါကျ။ (သမယအဖွင့်ပြန်ကြည့်။)

http://www.dhammadownload.com



## ● ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ဂုဏာဝိသိဋ္ဌ။** ဂုဏေဟိ ဝိသိဋ္ဌော ဂုဏာဝိသိဋ္ဌော။ (တတိယာ တပ္ပုရိသ်။ ဂုဏေဟိ၊ အပရိမိတနိရူပမဖြစ်သော သီလစသော ဂုဏ်တို့ ဖြင့်။ ဝိသိဋ္ဌော၊ ထူးသည်တည်းဟုအနက်ပေး။ ဂုဏာနှင့်ဝိသိဋ္ဌ ဂုဏ်ဂုဏေ ဝိသေသနဝိသေသျစပ်။ သတ္တုတ္တမပုဒ်ကို သတ္တေဟိ ဥတ္တမော သတ္တုတ္တ မောတွဲ။ ဂုဏာဝိသိဋ္ဌောစ သော သတ္တုတ္တမောစာတိ ဂုဏာဝိသိဋ္ဌ သတ္တုတ္တ မောဟု ဝိသေသနပုဗ္ဗပဒကမ္မဓာရယ်ဆက်တွဲလေ။)

**ဂရု။** ဂရုကာတဗ္ဗောတိ ဂရု။ ဂရုကာတဗ္ဗော၊ အလေးပြုအပ်၏ဟု ပေး။ ဂရုပုဒ် ဏ ပစ္စည်း ကာတဗ္ဗတဒ္ဓိတ်။ ဂုဏာဝိသိဋ္ဌ သတ္တုတ္တမော စ သော ဂရုစာတိ–ဟု ကမ္မဓာရယ်ဆက်တွဲ။

**ဂါရဝံ။** ဂရုံ ကရောတီတိ ဂရု။ အလေးအမြတ် ပြုတတ်သော ပုဂ္ဂိုလ်ရှ၏။ (အစိတ်။) ဂရုနော ဘာဝေါ ဂါရဝံ။ (အပေါင်း။) ဂရုနော၊ အလေးအမြတ်ပြုတတ်သောသူ၏။ ဘာဝေါ၊ တည်း။ ဂရုပုဒ်+ ဏပစ္စည်း။ (ဂ–၌ အ–ကို အာဝုဒ္ဓိ၊ ရှ၌ ဉ–ကို ဩသရေစသုတ် စသဒ္ဒါ ဖြင့် အဝပြု၊ သိ–အံ ပြုကပ်၍ ဂါရဝံ–ဟု ပြီးသည်။ သာရတ္ထ–၌ ဂါရဝံ ဟု နပုလ္လိင်ရှိ၍ ရှု။ ၃၈၈–၌ ဂါရဝေါဟု ပုလ္လိင်ရှိသည်။)

**ဂါရဝံ။** ဂရုဟူသော တဒ္ဓိတ်ပုဒ်အရကား အလေးအမြတ် ပြုတတ် သောသူ ဒြဗ်သည်မုချ။ ယင်း၏ ( အလေးအမြတ် ပြုသူ၏ ဖြစ် ကြောင်းဟု ဆိုအပ်သော ) ပရမနိပစ္စာကာရနိစဝုတ္တိ အခြင်းအရာအားဖြင့် ဖြစ်သော သဒ္ဒါပုဗ္ဗင်္ဂမ စိတ္တုပ္ပာဒ်နှင့် ဋ္ဌာနဋ္ဌာနိ, ဂုဏေဂုဏ်အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဋ္ဌာနူပစာ။ ဏပစ္စည်း အရကား–ထို–ဖြင့် မှတ်အပ်သော (အလေးအမြတ်ပြုတတ်သူ၏ဖြစ်ကြောင်းဟုဆိုအပ်သော) ပရမနိ ပစ္စာကာရ နိစဝုတ္တိ အခြင်းအရာအားဖြင့်ဖြစ်သော သဒ္ဒါပုဗ္ဗင်္ဂမ စိတ္တုပ္ပာဒ် ရှ၏။

**မှတ်ချက်။** ဂုဏာဝိသိဋ္ဌသတ္တုတ္တမဂရုမှိ ဂါရဝံဟု ပါရာ၊ ဂံ၊ သစ်။ သျှသစ်တို့ သမာသ်တွဲ သည်။ သာရတ္ထ၌ ဂရုနောဂါရဝဝသေန ဟု ဖွင့် သဖြင့် ဂုဏာဝိသိဋ္ဌသတ္တုတ္တမ ဂရုနောဂါရဝံ ဟု တွဲ ရမည်။ ဂုဏာဝိသိဋ္ဌ

http://www.dhammadownload.com



(လ) ဂရုနှင့် ဂါရ၀အရ ဆိုခဲ့ပြီးစိတ္တုပ္ပာဒ်ကို အာရုံ အာရမ္မဏိကစပ်၍ ကောက်လေ။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**အဓိစ္စ** = အဓိ + ဣ + တွာ။ (စန္ဒေ့ဟိရစ္စဖြင့် တွာကို စပြု)

**ဝဇ္ဇော** = ဝသ + ဆ။ ဝသ နိဝါသေ ဆော။ ဓာန်၊ ဋီ။ ၄၉၆။ မာတုသန္တိကေ ဝသတိတိ ဝဇ္ဇော။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၂၃။

**တစ်နည်း။** ဝဒ+ဆ။ ဝဒတိတိ ဝဇ္ဇော၊ နေလကော။ မောဂ်၊၇။ ၄၃။

## ● ပါဠိဝိနိစ္ဆယ

**ယဒိစ္ဆကံ။ ယာဒိစ္ဆကံ** = ၂–ပါဠ်သင့်။ ယံယံ ဣစ္ဆာ ယဒိစ္ဆာ (ယံ+ဣစ္ဆာ)။ ယဒိစ္ဆာယ ပဝတ္တံ ယဒိစ္ဆကံ (ယဒိစ္ဆ + ကဏ်)။ ဤသို့သော သဒ္ဒယုတ္တိကြောင့်လည်းကောင်း၊ သာရတ္ထ၊ ၁။ ၂၉၇–၌လည်း ယဒိစ္ဆာယ ပဝတ္တံ, ယဒိစ္ဆာယ အာဂတံ ယဒိစ္ဆကံ ဟု ယ ၌ ရဿနှင့်ဆိုသောကြောင့် လည်းကောင်း၊ ယဒိစ္ဆကံ ပါဠ်သင့်သည်။ ယာယာ ဣစ္ဆာ ယဒိစ္ဆာ (ယ+ဣစ္ဆာ)။ ယဒိစ္ဆာယ ပဝတ္တံ ယာဒိစ္ဆကံ (ယဒိစ္ဆ+ကဏ်)။ ဏ အနုဗန်ကြောင့် ယ–၌ အ–ကို အာဝုဒ္ဓိပြု၊ ဤသို့သော သဒ္ဒယုတ္တိကြောင့်လည်းကောင်း၊ ယာဒိစ္ဆကံ နာမ ယဒိစ္ဆာယ ကတသင်္ကေတနာမံ။ နီတိ၊ သုတ္တ၊ နှာ၊ ၃၆၀ ဆိုသောကြောင့်လည်းကောင်း ယာဒိစ္ဆကံလည်းသင့်သည်။

**ဗလိဗဒ္ဒ။ ဗလီဗဒ္ဒ။** ဗလံ ဝဒ္ဓယတိတိ ဗလိဗဒ္ဒေါ၊ နိပါတနာ၊ ဓာန်၊ ဋီ။ ၄၉၆–ဆိုသောကြောင့် ဗလ+ဝဒ္ဓ ဝယ် လ–၌ အ–ကို သုတ်ကြီးဖြင့် ဤပြု၊ ဒ္ဓ–ကို ဒ္ဒ–ပြု၍ ပြီးရကား ယင်းဓာန်ဋီအလို–ဗလီဗဒ္ဒ ပါဠ်သင့်သည်။ ထောမ၌လည်း ဗလီ+ဤဗဒ္ဒဟုပင် ပုဒ်ခွဲပြသည်။ ထိုကြောင့် ယင်းပါဠ်သာ ယုတ္တတရ။ ပါရာ၊ဂံ၊သစ် ၂၃–၌ ဗလံ ဝဒ္ဓေတိတိ ဗလိဗဒ္ဒေါပြု၊ အ–ကို–ဣ၊ ဝ–ကို ဗ–ပြု၍၊ ဗလိယဒ္ဒ–ဟု ဆိုသည်။ ယင်းအလိုဗလိဗဒ္ဒ သင့်သည်။

http://www.dhammadownload.com



**မှတ်ချက်။** ထိုထိုပါဠိတော်တို့၌ " ဗလိဗဒ္ဒ, ဗလိဗဒ္ဒ, ဗလီဗဒ္ဒ, ဗလီဗဒ္ဒ"ပါဌ် ၄–မျိုး တွေ့ရသည်။ ဗလဒ္ဒ၌ လ–၏ အစိတ် အ–ကို ဣပြုလျှင် ဗလိ, ဤပြုလျှင် ဗလီဖြစ်၍ လိ-လီ ၂–မျိုးရှိနိုင်သည်။ ဓာတ်ကျမ်းတို့၌ ဝဒ္ဒဓာတ်သာရှိသည်။ ဝ–ကိုဗပြု၊ ဒ္ဒ–ကို နိပါတနဖြင့် ဒ္ဒ–ပြုလျှင် ဗဒ္ဒဖြစ်၍ မပြုလျှင် ဗဒ္ဒဖြစ်သည်။ ထိုကြောင့် ၄–ပါဌ်လုံး သင့်သည်ဟုမှတ်။ အထက် ပါဌဝိနိစ္ဆယကား ပါရာ၊ ဋ္ဌ၊ ဂံ တို့၌ ရှိသည်ကိုသာ ဆုံးဖြတ်လိုက်သည်။

---

## ● နည်းနှင့်ဥပစာ

**ဘဂဝါတိဝစနံ။** အကြောင်း (ဌာန) ဖြစ်သော ဘဂဝါ ဟူသော စိတ္တဇသဒ္ဒ, စိတ္တပစ္စယသဒ္ဒ, စိတ္တပစ္စယ ပရမ္ပရသဒ္ဒ၏ " ဘဂဝါတိ ဝစနံ " ဟူသောအမည်ကို အကျိုး (ဌာနီ) ဖြစ်သော သေဋ္ဌဂုဏ် ဟူသော အနက်၌တင်စား၍ အကျိုး (ဌာနီ) ဖြစ်သော သေဋ္ဌဂုဏ်ဟူသော အနက်ကို လည်း "ဘဂဝါတိဝစနံ"ဟုဆိုသောကြောင့် ကာရဏူပစာ (ဌာနူပစာ) သဒ္ဒါမည်၏။ (နာနန္တရိကနည်းတည်း။)

**မှတ်ချက်။** ဝစနံပုဒ်ကို ဝုစ္စတိ အတ္တော အနေနာတိ ဝစနံ ဟု ဝိဂ္ဂဟပြု၍ သဒ္ဒကိုအရကောက်ရာ၌ ရသောနည်း, ဥပစာ များတည်း။ "ဘဂဝါတိ ဝစနမုတ္တမံ"၌လည်းဤနည်းတူပင်တည်း။ ဌာနူပစာခွဲ၍တင် တတ်စေ။

---

(က) ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော (လ) ဘဝေသု ဘဂဝါ တတော။

(ခ) တတ္ထ ဝဏ္ဏာဂမော ပဏ္ဍာဝိပရိယယောတိ (လ) ဝုစ္စတီတိ

ဉာတဗ္ဗံ။ ဋ္ဌ။ ၉၅။

## ● အနက်ယောဇနာ

ခ–ဝါကျ။ တတ္ထ တီသံ ဂါထာယံ ဝိနိစ္ဆယော ဧဝံ ဝေဒိ တဗ္ဗော။ (ယောဇနာ။) တတ္ထ တီသံ ဂါထာယံ (ဝုစ္စတိ–၌စပ်။) ဝုစ္စတိ ဉာတဗ္ဗံတို့၏ကတ္တားကို "ပဏ္ဏိတေန"ဟုထည့်။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ က-ဝါကျကား သင်္ခေပ ဝါကျ။ (စာမေးပွဲဖြေဆိုရန်အတွက် ဝါကျခွဲတည်း။ ခ-ဝါကျမှ ဌ၊ နှာ၊ ၉၇- "မေခလာ"တိ ဝုစ္စတိ ထိအောင်ဘာဂျဝါ ဂါထာ၏အကျယ်ဝိတ္ထာရတည်း။)

## ခ-ဝါကျ အနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် ဘဂဝါမည်ခြင်း၏ အကြောင်း ၆-မျိုးကို အကျဉ်းသင်္ဂဟဂါထာဖြင့် ပြတော်မူပြီး၍ ဤယခုအခါ၌ယင်းတို့ကို အသီးသီးချဲ့ပြလိုရကား တတ္ထစသော ခ-ဝါကျကိုမိန့်။

---

## ● ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ပိသောဒရာဒိပက္ခေပလက္ခဏံ။** ပက္ခိပနံ ပက္ခေပေါ။ (ပ+ခိပ+ယု။ ထည့်သွင်းခြင်း)။ ပက္ခေပေါဧဝ လက္ခဏံ ပက္ခေပလက္ခဏံ။ (.အစိတ်ဝိဂ္ဂဟများ ) ပိသောဒရာဒီသု ပက္ခေပလက္ခဏံ ပိသောဒရာဒိပက္ခေပလက္ခဏံ။ (အပေါင်းဝိဂ္ဂဟ။) ပိသောဒရာဒီသု၊ ပိသောဒရစသည်တို့၌။ ဝါ-ပိသောဒရာဒိဂိုဏ်းတို့၌။ ပက္ခိဗနလက္ခဏံ၊ ထည့်သွင်းခြင်း လက္ခဏာတည်း-အနက်ပေး။

ပိသောဒရာဒိအရကား ပိသောဒရစသောသဒ္ဒါ၊ ဝါ-ပိသောဒရာဒိဂိုဏ်းသည်မှချ။ ယင်း၏ ထည့်သွင်းခြင်း လက္ခဏာနှင့် အာဓာရအာဓိ, အဘေဒ ဘေဒအဖြစ်ဖြင့်စပ်ခြင်း ဌာနူပစာ။ တစ်ပုဒ်လုံးအရ-ပိသောဒရာဒိစသော သဒ္ဒါ၌။ ဝါ-ပိသောဒရာဒိဂိုဏ်း၌ ထည့်သွင်းခြင်း လက္ခဏာရ၏။

## ဝိဂ္ဂဟမှတ်ဖွယ်

နိရုတ္တိ။ နိစ္ဆယေန နိသေသတော ဝါ ဥတ္တိ နိရုတ္တိ။ သူစိ။

ဘာဂျံ။ ဣဋ္ဌာနိဋ္ဌ ဝိပါကဘာဂေါ ဧတ္ထ အတ္ထီတိ ဘာဂျံ။ သူစိ။ (ခ-ဝါကျ၌ ဘာဂျံကိုဘာဂေါ ဧတ္ထ အတ္ထီတိ ဘာဂျံဟု ဝိဂ္ဂဟပြု။ ဘာဂ+ဏျ။ ဘာဂေါ၊ဣဋ္ဌဝိပါကဟူသောအဖို့သည်၊ ဧတ္ထ၊ ဤကုသိုလ်၌။

http://www.dhammadownload.com



အတ္တိ၊၏-ဟုအနက်ပေး။ ယင်းကိုထောက်၍ ဘာဂျံဟု ဘာ၌ အာဒိဃနှင့် သင့်သည်ကိုလည်းသတိပြု။)

## ● အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျ၌ ယုတ္တော္တာဘဂေဟိဖြင့် ဘဂဝါပုဒ်ကို ဘဂါ အဿ သန္တိ တိ ဘဂဝါဟု အဿတ္ထိ တဒ္ဓိတ် ဝစနတ္တပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဝန္တုပစ္စည်း၏ အဿတ္ထိအနက်၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

**မှတ်ချက်။** ဘဂဝါကို ယုတ္တော္တာ ဘဂေဟိဖွင့်၊ ယင်းကို အကျယ် ဝါကျ၌ ဘဂါ အဿန္တိ တိ ဣမိနာ အတ္တေနဟု ထပ်ဖွင့်သည်။ ဤယုတ္တော္တာ ဘဂေဟိဝိကပ်၌ နိရုတ္တိနည်းမရ။

* သံဝဏ္ဏေတဗ္ဗ၊ တဒ္ဓိတကို၊ ယုတ္တသဒ္ဒါနှင့်ဖွင့်၍ပြ၊ အဿတ္ထိဟု ကြံစရာ။ (သစ်)

ခ-ဝါကျ၌ ဘာဂျမဿတ္ထိဖြင့် ဘဂဝါကို ဘာဂျံ အဿ အတ္ထိ ဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္တပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဝန္တု ပစ္စည်း၏ (လ) လည်းကောင်း[၂]၊ ဘာဂျဝါဟု ဆိုလိုလျက်ဘာ၌ အာကို အ ပြုခြင်း ဝဏ္ဏဝိကာရ၊ ယချေခြင်း ဝဏ္ဏလောပနိရုတ္တိနည်းအားဖြင့် ဘဂဝါဟု ရုပ်ပြီးသည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

ဒါနသီလာဒိပါရမီတွံဖြင့် ဘာဂျံအရ အသုဘကမ္မကိုမယူရ၊ သုဘကမ္မ၊ ဝါ-ကုသိုလ်ကိုယူရမည်ဟုသိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

✝ အသုဘော စ သုဘော ကမ္မေ၊ ဘာဂျံ ဝုတ္တံ ဒွယေပိ စ။ ဓာန်။ ၉၁၀။

✝ ဘာဂျန္တိ ကုသလံ။ သာရတ္ထ၊ ၁။ ၃၀၀။

http://www.dhammadownload.com



## ● ပါဌဝိနိစ္ဆယ

**ဝိပရိယယော။ ဝိပရိယာယော။** ၂–ပါဌ်သင့်သည်။ အကြောင်း ကား ဝိ+ပရိ+ဣ+အ ဟု ဓာတ်ပစ္စည်းကို ဝေဖန်၍ ဣကို ဧ၊ ဧကို အယပြု၍ အ–ကို အာဒိဃမပြုလျှင် ဝိပရိယယော သင့်သည်။ ဒီဃပြုလျှင် ဝိပရိယာယော သင့်သည်။ (ယ—ကားအာဂုံ။)

**မှတ်ချက်။** သက္ကတ သဒ္ဒါ ကျမ်းများ၌ကား ရဿနှင့် ဝိပရိယယောသာရှိသည်။

**သုခါဘိနိဗ္ဗတ္တကံ။ သုခါဘိနိဗ္ဗတ္တိကံ။** ပဌမ ပါဌ် သင့်သည်။ အဘိနိဗ္ဗတ္တကံကား အဘိ+နိ+ဝတ္တ+ဏွုဖြင့် ပြီးသောကြောင့်လည်းကောင်း၊ ယင်းပုဒ်သည်ဘာဂျ ပုဒ်၏ ဝိသေသနဖြစ်၍ နပုလ္လိင်ဖြစ်သောကြောင့်လည်းကောင်း၊ ဣတ္ထိလိင်၌သာလျှင် ဏွုပစ္စည်း၏ ကာရိယ အက၏ အ–ကို ဣပြုရသောကြောင့်လည်းကောင်း ဤ၌ အက၏ အ–ကို ဣမပြုဘဲ "သုခါဘိနိဗ္ဗတ္တကံ" ရှိသောပါဌ်သာ သင့်သည်။

**မှတ်ချက်။** ပုလ္လိင်၊ ဣတ္ထိလိင်တို့၌ ဏွုပစ္စည်း ကာရိယ "အက" ဖြင့် ရုပ်ပြီးခြားနားပုံကို ဥပါသကာ, ဥပါသိကာ။ ဒါယကာ, ဒါယိကာ ပုံစံတို့ကိုကြည့်၍သိရာ၏။

* ဣတ္ထိလိင်တွင်၊ အကမြင်၊ အ–လျှင်ဣဖြစ်မြဲ။

---

## ● နည်းနှင့်ဥပစာ

**ဝတ္ထုဂမနော။** ထင်ရှားရှိသော ပျို့အန်အပ်သော အစာ၏ ဝတ္ထုအမည်ကို ထင်ရှားမရှိသော ပျို့အန်၍မရကောင်းသော တဏှာ၌ တင်စား၍ တဏှာကို "ဝတ္ထု"ဟုဆိုသောကြောင့် တဒ္ဓမ္မူပစာမည်၏။

**ဝဏ္ဏာဂမောဝဏ္ဏဝိပရိယာယောတိ။** အစိတ် ဖြစ်သော နိရုတ္တိလက္ခဏာ ၂–ခုတို့၏ ဝဏ္ဏာဂမ, ဝဏ္ဏဝိပရိယာယအမည်ကို အပေါင်းဖြစ်သော ဝဏ္ဏာဂမ, ဝဏ္ဏဝိပရိယာယ, ဝဏ္ဏဝိကာရ, ဝဏ္ဏလောပ, ဓာတုအတ္ထေန နိယောဇနေ (ဓာတ္ထနံ အတ္ထာတိသယ)တို့၌တင်စား၍ ယင်းတို့ကို ဝဏ္ဏာဂမ, ဝဏ္ဏဝိပရိယာယဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ–အဝယဝူပစာ။ (ဥပလက္ခဏာနည်း နိဒဿနနည်း။)

http://www.dhammadownload.com



* ဣတိအာချတ္တ၊ ကျမ်း၌ပြ၊ ဝက်(ကေဒေသူပစာ) မှတ်သေချာ။ **(တွင်းကြီး)**

† ဝဏ္ဏာဝိပရိယာယော တေန္တိ ဧတ္တ ဣတိသဒ္ဒေါ အာဒိအတ္ထော၊ တေန ဝဏ္ဏဝိကာရော ဝဏ္ဏလောပေါ ဓာတုအတ္ထေန နိယောဇနဉ္စာတိ ဣမံ တိဝိဓံ လက္ခဏံ သင်္ဂဏှာတိ။ သာရတ္ထ၊ ဋီ၊ ၃၀၀။

**တေံနိရုတ္တိလက္ခဏံ။** အပေါင်းဖြစ်သော ဝဏ္ဏာဂမ စသော နိရုတ္တိလက္ခဏာ ၅-မျိုးတို့၏ နိရုတ္တိလက္ခဏံဟူသောအမည်ကို အစိတ်ဖြစ်သော ဝဏ္ဏာဂမ, ဝဏ္ဏဝိပရိယာယတို့၌ တင်စား၍အစိတ်ဖြစ်သော ဝဏ္ဏာဂမ, ဝဏ္ဏဝိပရိယာယတို့ကို နိရုတ္တိလက္ခဏံဟုဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာမည်၏။

**မှတ်ချက်။** ဝဏ္ဏာဂမော ဝဏ္ဏဝိပရိ ယာယောတိ၌ ဣတိသဒ္ဒါ အာဒိအနက် (သာရတ္ထ) ကြံရိုက် ဝက်တ္တ ( ကေဒေသူပစာ ) တည်း။ ဣတိ သဒ္ဒါ နိဒဿန ကြံရိုက်ပေါင်းစိတ်ဥပစာ (ကေဒေသျူ ဝါ-သမုဒါယူပစာ) တည်း။ ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယာယောတိ၊ ဝဏ္ဏာဂမော ဝဏ္ဏဝိပရိယာယော စသည်ကား (အာဒိအတ္ထ) ဝဏ္ဏာဂမော (လ) ယော တိ၊ ဝဏ္ဏာဂမော (လ) ယောတိ ဟူသည်ကား (နိဒဿနတ္ထ)။

* နိဒဿနလည်းကောင်း၊ ကြံတုံရောင်း၊ ပေါင်းစိတ်ဥပစာ။ **(တွင်းကြီး)**

**ဘာဂျံ။** အပေါင်းဖြစ်သော အသုဘကမ္မ, သုဘကမ္မ, သုဘာ သုဘကမ္မတို့၏ "ဘာဂျ" အမည်ကိုအစိတ်ဖြစ်သော သုဘကမ္မ(ကုသိုလ်)၌ တင်စား၍ အစိတ်ဖြစ်သော သုဘကမ္မကို ဘာဂျံဟု ဆိုသောကြောင့် ကေဒေသျူပစာမည်၏။

**မှတ်ချက်။** ဒါန သီလာဒိ ပါရပ္ပတ္တံ ဟူသော ဝိသေသန ကို ထောက်၍ "ဘာဂျ" သဒ္ဒါ ဤ၌ သုဘကမ္မကိုသာဟောတော့သည်။ ကြွင်း အနက်တို့မရ၊ ၆-နံပါတ်နှင့်ယှဉ်ကြည့်ပါ။ အတ္ထုဒ္ဓါရ၊ အတ္ထုဒ္ဓေသ၌ ရနေကျ ဥပစာတည်း။

## ဘဂ္ဂဝါပုဒ်အကျယ်ဖွင့်မှတ်ဖွယ်

ယသ္မာ ပန လောဘ ဒေါသ (လ) ဘဂ္ဂဝါတိ ဝတ္တဗ္ဗေ ဘာဂဝါ ဝုစ္စတိကား ဂါထာ၌ ဘဂ္ဂဝါပုဒ်၏ အကျယ်ဖွင့်တည်း။

http://www.dhammadownload.com



ယင်းအကျယ်ဖွင့်ဝါကျ၌ အဘဂ္ဂိဖြင့် ဘဂ္ဂဝါကို အဘဂ္ဂိတိဘဂ္ဂဝါဟု အတိတ်ကတ္တုသာခနေပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] တဝန္တုပစ္စည်း၏ အတိတ် ကတ္တုသာခနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊[၂] ဘဂ္ဂဝါပုဒ်၌ ဘန္ဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတုပဒ။

**ဘဂ္ဂဝါ။** ဘဂ္ဂဝါဟုဆိုလိုလျက် သံယုဂ်  "ဂ"ကို ချေခြင်း ဝဏ္ဏလောပနိရုတ္တိနည်းဖြင့် ဘဂဝါဟု ရုပ်ပြီးသည်။

**သာဝ္ဌေယျ၊ သာဌေယျ။** ပဌမ ပါဠ်သင့်သည်။ အကြောင်း ကား သဌ ကေတဝေ (စဉ်းလဲခြင်း)ဟု ဓာတ်ကျမ်းလာသောကြောင့်လည်းကောင်း၊ သဌတိ ဝဉ္စေတီတိ သဌော၊ ကေရာဋိကော။ သဌဿ ဘာဝေါ ကမ္မံ ဝါ သာဌေယျံ။ ရူ။ ၃၇၁။ သဌပုဒ်ဏေယျ ပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း၊ ပဌမပါဠ်သာသင့်သည်။

**လဃိမာ။ လိဃိမာ။** ပဌမပါဠ် သင့်သည်။ အကြောင်းကား လဃုနော ဘာဝေါ လဃိမာ။ လဃုပုဒ်က္လမပစ္စည်းအဏွာဒိတွိမော။ မောဂ်။ ၄။ ၂၆။ ဖြင့် လဃုပုဒ်နောင် က္လမပစ္စည်းသက်၍ လဃိမာဟု ပြီးသောကြောင့်တည်း။ (အဏိမာကို အဏုနောဘာဝေါ အဏိမာဟုပြု)

## ဝိဘတ္တဝါပုဒ်အကျယ်ဖွင့်မှတ်ဖွယ်

ယသ္မာ ပန ကုသလာဒီဟိ(လ)ဝိဘတ္တဝါတိ ဝတ္တဗ္ဗေ ဘဂဝါတိ ဝုစ္စတိကား ဂါထာ၌ ဝိဘတ္တဝါ၏အကျယ်ဖွင့်တည်း။ ယင်း၌ဝိဘဇိတ္ဝာ ဝိဝရိတ္ဝာ ဒေသိတဝါဖြင့် ဝိဘတ္တဝါ၌ ဘဇဓာတ်၏အဖြစ်ကိုလည်းကောင်း၊[၁] အကျယ် ဖွင့်၍ဟောသည်ကိုပင် ဝိဘတ္တဝါဟု ဆိုအပ်သည်၏ အဖြစ်ကို လည်းကောင်း၊[၂] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဘာဝတ္ထ။

**ဝိဘတ္တဝါ။** ဝိဘတ္တဝါဟုဆိုလိုလျက် ဝိ-ကိုချေခြင်း ဝဏ္ဏလောပ၊ တ-ကိုချေခြင်း ဝဏ္ဏလောပ၊ တ-ကို ဂ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် ဘဂဝါဟု ရုပ်ပြီးသည်။ (ဝိ+ဘဇ+တဝန္တု။)

No.43

http://www.dhammadownload.com



## ဘတ္တဝါပုဒ်အကျယ်ဖွင့်မှတ်ဖွယ်

ယသ္မာ စ သေ (လ) ဘတ္တဝါတိ ဝတ္တဗ္ဗေ ဘဂဝါတိ ဝုစ္စတိ ကား ဂါထာ၌ ဘတ္တဝါ၏အကျယ်ဖွင့်တည်း။ ယင်း၌ ဘဇိဖြင့် ဘတ္တဝါကို ဘဇီတိ ဘတ္တဝါဟု အတိတ်ကတ္တုသာခနေဝစနတ္တပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ကဝန္တုပစ္စည်း၏ အတိတ် ကတ္တုသာခနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဘတ္တဝါသဒ္ဒါ၏ ဘဇဓာတ်၏ အဖြစ်ကို လည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္တ။ ၂။ ဒုတိယပစ္စယတ္တ။ ၃။ ဒုတိယဓာတုပဒ။

သေဝါဖြင့် ဘဇိ၌ ဘဇဓာတ်သည် ( ဘဇ = သေဝါယံ ) မှီဝဲခြင်း အနက်ကို ဟောသည်တည်းဟု သိစေသည်။ (ဓာတွတ္တ)။

ဗဟုလ မကာသိဖြင့် မှီဝဲ၏ဟူသည် အကြိမ်များစွာ ပြုခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္တ။)

**အနက်ပေး။** ဘဇိ၊ မှီဝဲပြီ (သဒ္ဒတ္တ)။ အကြိမ်များစွာ ပြုပြီး (အဓိပ္ပာယတ္တ)။

**ဘတ္တဝါ။** ဘတ္တဝါဟု ဆိုလိုလျက် တ-ကိုချေခြင်း ဝဏ္ဏလောပ, တ-ကို ဂ-ပြုခြင်း ဝဏ္ဏဝိကာရဖြင့် ဘဂဝါဟုရပ်ပြီးသည်။

## ဝန္တဂမနော ဘဝေသုပုဒ်အကျယ်ဖွင့်မှတ်ဖွယ်

ပ ၊သ္မာ ပန တီသု ဘဝေသု (လ) ဘဝေသု ဝန္တဂမနောတိ ဝတ္တဗ္ဗေ(၊ ပ)မေခလာတိကား ဂါထာ၌ ဝန္တ (လ) ဘဝေသု၏ အကျယ်ဖွင့်တည်း။ ယင်း၌ ဂမန် အနေန ဝန္တံဖြင့် ဝန္တံ ဂမနံ အနေနာတိ ဝန္တဂမနောဟု တတိယဗဟုဗ္ဗီဟိသမာသ် ဝစနတ္တပြုရမည်၏ အဖြစ်ကို လည်းကောင်း[၁]၊ ဝန္တံပုဒ်ကို ဝမိယိတ္ထာတိ ဝန္တံဟု ကမ္မသာခနေဝစနတ္တ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ တပစ္စည်း၏ ကမ္မသာခနေအနက်၌ သက်သည်၏အဖြစ် ကိုလည်းကောင်း[၃] သိစေသည်။

၁၊ အဘိဓာနတ္တ၊ သမာသလိင်္ဂပဒတ္တ။ ၂။ အဘိဓာနတ္တ။

၃၊ ဒုတိယပစ္စယတ္တ။

**မှတ်ချက်။** အနေနဟူသောအဝုတ္တကတ္တားဖြင့် ဝန္တ၌ တ-ပစ္စည်းသည် ကတ္တုသာခနေ၌ မသက်၊ ကမ္မသာခနေ၌ သက်သည်ဟုပြသည်။

http://www.dhammadownload.com



တဏှာသခ်ါတံဖြင့် ဂမန်အရ တဏှာကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ)

* သခ်ါတသဒ္ဒါ၊ ရှိလေရာ၊ သရုပ်သာထွက်လေ။

**(သမ္မန္တစိန္တာ၁ ဂဏ္ဌိသစ်)**

တိသုဖြင့် ဘဝေသုဒ္ဒ ဘဝအရ ကာမ, ရူပ, အရူပဘဝ ၃-ပါးကို ယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္ထ။)

**မှတ်ချက်။** ဘဝေသု ဝဋ္ဋဂမန-မှ ဘဂဝါဖြစ်လာပုံကို သိ + ဖြေ။ ၁၀၁ ၌ ရေးခဲ့ပြီ။

(က) သော ဏ္ဍမံ လောကန္တိ သော ဘဂဝါ ဏ္ဍမံ လောကံ။

(ခ) ဏ္ဍဒါနိ ဝတ္တဗ္ဗံ နိဒဿေတိ။

(ဂ) သဒေဝကန္တိ သဟ ဒေဝေဟိ သဒေဝကံ။ ဇဝံ သဟ မာရေန သမာရကံ။ သဟ ဗြဟ္မုနာ သဗြဟ္မကံ။ သဟ သမဏဗြာဟ္မဏေဟိ သဿမဏ ဗြာဟ္မဏိ။

(ဃ) ပဇာတတ္တာ ပဇံ။

(င) တံပဇံ။ ၌။ ၉၇။

## ● အနက်ယောဇနာ

(က) သောဏ္ဍမံလောကန္တိ၊ ဟူသည်ကား။ သောဘဂဝါ၊ ထို အရဟံစသည်ဖြင့် ချီးမွမ်းအပ်သော ဂုဏ်ရှိတော်မူသော သဗ္ဗညုဘုရား သည်။ (သောဒ္ဓ တသဒ္ဒါ ပဏ္ဍက္ကဝိသယဖြစ်၍ ဤသို့ အနက်ပေး။) ဏ္ဍမံ လောကံ၊ ကို။ (ခ) တေနပဒေန၊ ထိုဏ္ဍမံလောကံဟူသောပုဒ်ဖြင့် (ခ-ဝါကျ ကရိုဏ်းဖြည့်စွက်ပေး။) ဏ္ဍဒါနိ၊ ၌။ ဝတ္တဗ္ဗံ၊ သဒေဝကံစသည်ဖြင့်ဆိုအပ် လတ္တံ့သော လောကကို။ (ဝုစ္စမာနာပေက္ခ။) ဥပါလိ ထေရော၊ သည်။ (ကတ္တားဖြည့်။) နိဒဿေတိ၊ ညွှန်ပြ၏။

† သောဘဂဝါတိယော "အရဟ" န္တိ အာဒိနာ ကိတ္တိတ ဂုဏော၊ သောဘဂဝါ။ သာရတ္ထ၊ ၁၊ ၃၂၁။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ က-ဝါကျကား အာရဒ္ဓဝါကျ။

**မှတ်ချက်။** ပါဠိတော်၌ ဣမံလောကံဟုဆိုရာ ဣမသဒ္ဒါသည် အစ္စန္တ သမီပဝါစက (အနီးဟော) ဖြစ်သဖြင့် အများမျက်မြင် လောကကိုသာ ယူမည်စိုး၍ ခ-ဝါကျတက်လာသည်။ ခ-ဝါကျဖြင့် မျက်မြင်လောကကို သာမယူဘဲ"သဒေဝကံ သမာရကံ" စသည်ဖြင့် ယခုဆိုတော့မည့်လောက အားလုံးကိုယူပါဟု ညွှန်ပြသည်။ အောက်ပါကျမ်းတက်ရှု၍ " ဝါကျာ ရမ္ဘ " ဖြစ်လာပုံကို သိနိုင်သည်။

### ခ-ဝါကျဟောတာလင်္ကာရ ထပနာဓာတိကကျမ်းတက်

ဆရာ၊ ဥပါလိထေရ်သည် "ဣမံလောကံ"ဟုဆိုတော်မူ၏။ ဣမသဒ္ဒါ အစ္စန္တ သမီပဝါစက ဖြစ်သောကြောင့် (ဟိတ်) အာသန္နပစ္စက္ခကရဏာ၏ အစွမ်းဖြင့် များစွာသောသူတို့၏ မျက်မှောက်လောကမျှကို (အများမျက်မြင် လောကကို)ရည်၍ "ဣမံလောကံ" ဟူသောစကားကိုဆိုအပ်ပါသလော။ အဘယ်ကိုရည်၍ ဆိုအပ်ပါသနည်း။ (ဋီကာ၌ သန္နာယ ဝုတ္တံ-ကို ကံ သန္ဓာ ယ ဝုတ္တံ-ဟုပုစ္ဆာထုတ်။) ဝါ-အဘယ်ကိုညွှန်ပြပါသနည်း။ (ဋ္ဌ-၌နိဒဿေ တိ ကိုမျှော်။) ကြောင့် ခ-ဝါကျမိန့်။

ကား=ခဝါကျဖြင့် ထိုဣမံလောကံဟူသော ပုဒ်ဖြင့် (အများမျက် မြင်လောကကိုသာမယူဘဲ) ယခု "သဒေဝကံ" စသည်ဖြင့် ဆိုတော့မည့် လောကကိုညွှန်ပြ၏ (ယူပါလေ) ဟု ငါပြဆို၏ဟူလို။

**မှတ်ချက်။** သာရတ္ထ၊ ၁။ ၃၂၁-၌ နယိဒံ(လ)ဝုတ္တံဟူသော ဗျာတိ ရေကစကားကို အာဘော်ပြု၍ ကျမ်းတက်သည်။

ဂ-ဝါကျကား ပက္ခန္တရဝါကျ။ က-ဝါကျကား ပက္ခဝါကျ။ ဃ=င ဝါကျတို့ကား ပက္ခန္တရဝါကျ။ ကျန် က-ဂ ဝါကျတို့ကား ပက္ခဝါကျ များတည်း။

**မှတ်ချက်။** ဂ-ဝါကျ၌ ဝေကား တထာနှင့်တူသည် ပက္ခန္တရ ဇောတကသာ၊ လဒ္ဓဂုဏ်စသည်မဟုတ်။

http://www.dhammadownload.com



င-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ဃ-ဝါကျကား အာရဒ္ဓဝါကျ။ (င=ကား ဝါကျာဝဓိကန္တ၊ ဃ-ပဒါဝဓိကန္တ ဖြစ်သည်။ ယင်းတို့နှင့်စပ်လျဉ်းသော မှတ်ဖွယ်တို့ကို ဝေရဉ္စပုဒ်အဖွင့် ပြန်ကြည့်။

## ● ဝိဂ္ဂဟနှင့် ဉာသ်ကောက်

**ပစ္စာ။** ကမ္မကိလေသသခ်ါတေဟိ ပကာရေဟိ ဇနိယတီတိ ပစ္စာ။ ယောသတ္တော၊ ကို။ ကမ္မ(လ)သေဟိ၊ ကံကိလေသာဟု ဆိုအပ်ကုန်သော။ ပကာရေဟိ၊ အပြားတို့သည်။ ဇနိယတိ၊ ဖြစ်စေအပ်၏။ ဣတိ၊ ကြောင့်။ သောသတ္တော၊ သည်။ ပစ္စာ။ ပ-ပုဗ္ဗ+ဇနဓာတ် + ကွိ ပစ္စည်း။ ဟေတုကမ္မသာဓနတည်း။

ပ-ဥပသာရပုဒ်အရကား ပကာရဘောဂုဏ်သည် ပဓာနအားဖြင့်ရ၏။ ကံကိလေသာ တို့သည် အပဓာနအားဖြင့်ရ၏။ ဇနဓာတ် အရ ဟေတုကတ္တုဋ္ဌ ကြိယာ အရကား, ကံ, ကိလေသာတို့၏ ဥပါဒ်သည် မှုချ။ ဟေတုကမ္မဋ္ဌ အရကား-သတ္တဝါဟု ဆိုအပ်သော ဝိပါကံနာမက္ခန္ဓာ ကဋတ္တာရုပ်(ခန္ဓာပဉ္စက)တို့၏ နာနက္ခဏိကာဒိပစ္စယုပ္ပန္နဘောဂုဏ်သည် ကာရဏ္ဍပစာအားဖြင့်ရ၏။ ကွိပစ္စည်းအရကား ထိုမှုချကာရဏ္ဍပစာတို့ဖြင့် မှတ်အပ်သော သတ္တဝါဟုဆိုအပ်သောခန္ဓာပဉ္စကဒြဗ်ရ၏။ (ဤကား ပါရာ၊ ဂံ၊ သစ်၊ ၂။ ၅၁-ဗိဂ္ဂဟကို ဉာသ်ကောက်ပြခြင်းတည်း။)

**တစ်နည်း။** ပကာရေနဇာယတီတိပဇာ။ ယောသတ္တော၊ အကြင်သတ္တဝါသည်။ ပကာရေန၊ အပြားအားဖြင့်(နတ်စသည်နှင့် လူစသည်မတူ, တစ်ယောက်နှင့်တစ်ယောက် အချင်းချင်းမတူ အမျိုးမျိုးအစားစား ကွဲပြားခြားနားသော အပြားအားဖြင့်)။ ဇာယတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သောသတ္တောသည်။ ပဇာ၊ ၏။ သုဒ္ဓကတ္တုသာဓနတည်း။

ပ-ဥပသာရအရကား ပကာရဘောဂုဏ်ရ၏။ (နတ်စသည်နှင့်လူစသည်၊ နတ်ချင်း လူချင်းစသည်မတူ ထူးခြားကွဲပြားနေမှုကား ပကာရဘောတည်း။) ဇနဓာတ်အရကား သတ္တဝါ၏ဝိပါကံနာမက္ခန္ဓာ ကဋတ္တာရုပ်တို့၏ဥပါဒ်သည်မှုချ။ ရှေးရှေး၌ ဖြစ်သော ကံ, ကိလေသာ တို့သည် ဖလူပစာ။ နောက်နောက်၌ ဖြစ်သော ဘဝင်စသော စိတ္တုပ္ပာဒ်, ယင်း

http://www.dhammadownload.com



စိတ္တုပ္ပာဒ်နှင့် ဥပါဒ်ပြိုင်သောရုပ်တရားတို့သည် ကာရကရူပစာ။ ကွိပစ္စည်း အရကားမုချဖလူ ကာရကရူတို့ဖြင့် မှတ်အပ်သောသတ္တဝါဟုဆိုအပ်သော ခန္ဓာပဉ္စကဒြဗ်ရ၏။ (ဤကား သျှ၊ သစ်, ဟောင်းဝိဂ္ဂဟကို ဉာဏ်ကောက် ပြခြင်းတည်း။)

**မှတ်ချက်။** ပဇာတတ္ထာ၊ ကံ, ကိလေသာ ဟု ဆိုအပ် ကုန်သော အပြားတို့သည် ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့်။ (ပါရာဂံ၊သစ်၊အလို)။ အပြားအားဖြင့် ဖြစ်သည်၏အဖြစ်ကြောင့်။ (သျှ၊ သစ်, ဟောင်းအလို) ဟု အနက်ပေး။ သာရတ္ထဖွင့်ပုံကို အမျိုးမျိုးနှစ်သက်ရာကြံကြသဖြင့် ဝါဒ အမျိုးမျိုးဖြစ်လာသည်။ မှန်၏။ ဂံ၊ သစ်-ဆရာက ကမ္မကိလေသေဟိကို ပ-ဥပသာရအဖွင့်ဟုကြသည်။ သျှ၊ သစ်, ဟောင်းတို့က ပ-ကို ပကာရေန ကြံ၍ ယထာသကံ ကမ္မကိလေသေဟိကို အကြောင်းဖြည့်ဖွင့်ဟု ယူကြ သည်။ ဉာဏ်ကောက်ခြင်းယှဉ်ကြည့်လေ။

† ပဇာတတ္ထာတိ ယထာသကံ ကမ္မကိလေသေဟိ နိဗ္ဗတ္တတ္တာ။ သာရတ္ထ၊ ၁။ ၃၂၁။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဘဂဝါဖြင့် သော-ပုဒ်ဝယ် တ-သဒ္ဒါကား ဣတိပိ သောဘဂဝါစသော ရှေးပါဠိတော် ဝါကျ၌ပါသော အရဟံ စသော ချီးမွမ်းအပ်သော ဂုဏ်ရှိသော မြတ်စွာဘုရားကို စွဲသော ပက္ကန္တဝိသယ တ တည်းဟုသိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ)။

ခ-ဝါကျဖြင့် ဣမံလောကံ၌ ဣမသဒ္ဒါသည် အနီးဟော (အစ္စန္တ သမီပဝါစက) ဖြစ်၍ အများမျက်မြင်လောကကိုယူရမည်လားဟု သံသယ ဖြစ်ဖွယ်ရှိ၏, အများမျက်မြင်လောကကို မယူရ၊ သဒေဝကံစသည် ယခု ဆိုတော့မည့်လောကအားလုံးကို ယူဟုသိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ သဟဒေဝေဟိဖြင့် သဒေဝကံ၌ သ-သဒ္ဒါသည် သန္တ သမာန, ပသတ္ထသဒ္ဒါတို့၏ ကာရိယမဟုတ် ဗျ။ သဟသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[1] သဒေဝကံပုဒ်ကိုသဟ ဒေဝေဟိယော ဝတ္တတီတိ သဒေဝကော(တံသဒေဝကံ)ဟု သဟပုဗ္ဗပဒဗဟုဗ္ဗိဟိ သမာသ်ဝစနတ္ထ ပြုရမည် ၏ အဖြစ်ကိုလည်းကောင်း[2] သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ အဘိဓာနတ္ထ။ သမာသ လိင်္ဂပဒတ္ထ။

http://www.dhammadownload.com



ဃ-ဝါကျ ပဓာတတ္တာဖြင့် ပဓာပုဒ်ကိုကမ္မကီလေသ သခ်ါတေဟိ ပကာရေဟိ ဓနီယတီတိ ပဓာဟု ဟေထုကမ္မသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] ကွိပစ္စည်း၏ ယင်းသာဓနေ၌သက်သည်၏အဖြစ်ကို လည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

**တစ်နည်း။** ယင်းပဓာတတ္တာဖြင့် ပဓာပုဒ်ကို ပကာရေန ဓာယ တီတိပဓာဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ကွိပစ္စည်း ၏ ယင်းသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

င-ဝါကျတံပစံဖြင့် ရှေ့ဝါကျ၌ ပဓာဟု ပဋ္ဌမန္တဖြင့် ဖွင့်ဆိုခဲ့သော် လည်း သံဝဏ္ဏေတဗ္ဗပါဠိ၌ ဒုတိယန္တ ရှိသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

## ● နည်းနှင့်ဥပစာ

**သဒ္ဒေဝကံ။** ပြယုဂ်ကား သဒ္ဒေဝကံ အစရှိသည်တည်း။ ဤ၌ သဒ္ဒေဝကံဟူသောနည်းသည် ဆိုလတ္တံ့ဖြစ်သော ဝသဝတ္တီနတ်ပြည်, ဗြဟ္မာ့ ပြည်မှကြွင်းသောကာမာဝစရနတ်ပြည် ၅-ထပ်ကို (ဒေဝအရ) ယူရသော ကြောင့် ပါရိသေသနည်းမည်၏။

**မှတ်ချက်။** နည်း ၄၀-လာဆိုရိုးကိုလည်း ရှုလေဦး။

အပေါင်းဖြစ်သောကာမာဝစရနတ်ပြည် ၆-ထပ်, ဗြဟ္မာပြည်နှင့် တကွဖြစ်သော လောက၏သဒ္ဒေဝကံဟူသောအမည်ကို အစိတ်ဖြစ်သော ကာမာဝစရ နတ်ပြည် ၅-ထပ်နှင့်တကွ ဖြစ်သော လောက၌ တင်စား၍ အစိတ်ဖြစ်သော ကာမာဝစရနတ်ပြည် ၅ ထပ်နှင့်တကွဖြစ်သော လောက ကို သဒ္ဒေဝကံဟုဆိုသောကြောင့် ဧကဒေသျူပစာ၊ သမုဒါယူပစာ။

**မှတ်ချက်။** ပါဠိတော် သဒ္ဒေဝကံပုဒ်ကို လောကံပုဒ်မှာ စပ်၍ တင်သည်။ သဒ္ဒေဝကံ၌ ဒေဝသဒ္ဒါသက်သက်၌ ဥပစာတင်လျှင် "အပေါင်း ကာမာဝစရနတ်, ဗြဟ္မာ, လူသားရှင်ဘုရင်တို့၏ ဒေဝအမည်ကို အစိတ် ဖြစ်သော (ဝသဝတ္တီနတ်, ဗြဟ္မာ, လူသား ရှင်ဘုရင် တို့ကို သမာရကံ,

http://www.dhammadownload.com



သဗြဟ္မကံ, သဒေဝမနုဿံဖြင့် ယူလတ္တံ့ဖြစ်၍ ယင်းတို့ကို ချန်လှပ်၍) ကာမာဝစရနတ်ပြည် ၅–ထပ်၌ နတ်များကို ဒေဝအရ ယူရသော ကြောင့် ကေဒေသျှုပစာ၊ သမုဒါယူပစာမည်၏။"ဟု ဖြစ်မည်။ ဝိမတိဋီကာအဆို အမိန့်ပင်တည်း။

† သဒေဝကဝစနေန ပဥ္စကာမာဝစရဒေဝဂ္ဂဟဏံ ဝေဒိတဗ္ဗံ။ ဋ္ဌ။ ၉၇။

† သဒေဝက (လ) ဒေဝဂ္ဂဟဏာ ပါရိသေသဉာယေနာတိ ဝေဒိ တဗ္ဗံ ဣတရေသံ ပဒန္တရေဟိ သင်္ဂဟိတတ္တာ။ သာရတ္ထ၊ ၁။ ၃၂၁။

**သမာရကံ။** ရသင့်တိုင်းကိုမယူမူ၍ အနီးကိုသာယူရသောနည်းသည် ပစ္စာသတ္တိနည်းမည်၏။ ကား=သမာရကံ။ ဤ၌ သမာရကံဟူသော နည်းသည်နတ်ပြည် ၆–ထပ်တည်းဟူသော ရသင့်တိုင်းကိုမယူမူ၍ ဝသဝတ္တိ နတ်ပြည်တည်းဟူသော အနီးကိုသာယူရသောကြောင့် ပစ္စာသတ္တိ နည်း မည်၏။

**မှတ်ချက်။** အနီးဟူသည် မာရ်နတ်နှင့်နီးသည်ကို ဆိုလိုသည်။ မာရအရ မာရ်နတ်တစ်ယောက်တည်းသာ ရသော်လည်း မာရ်နတ် သည် ဝသဝတ္တိနတ်ပြည်၌နေရကား ယင်းမာရ်နတ်နှင့် နီးကပ်နေသော ဝသ ဝတ္တိနတ်ပြည်အားလုံးကိုယူရသောကြောင့် ပစ္စာသတ္တိနည်းဟု သာရတ္ထ၊ ၁။ ၃၂၁–၌ ဆိုသည်။ ဝိမတိ၊ ၁။ ၆၂–၌ကား အတူနေဘော်နေဘက်ဖြစ်၍ သဟစရဏနည်းအားဖြင့် ယူရသည်ဟုကြံသည်။

အပေါင်းဖြစ်သော ကာမာဝစရ နတ်ပြည် ခြောက်ထပ် လုံး၏ သမာရကဟူသော အမည်ကို အစိတ်ဖြစ်သော ဝသဝတ္တိ နတ်ပြည်၌ တင် စား၍ အစိတ်ဖြစ်သော ဝသဝတ္တိ နတ်ပြည်ကို သမာရကဟု ဆိုသောကြောင့် ကေဒေသျှုပစာ၊ သမုဒါယူပစာ။

† သမာရကဝစနေန ဆဋ္ဌကာမာဝစရဒေဝဂ္ဂဟဏံ။ ဋ္ဌ။ ၉၇။

† မာရော (လ) ဆကာမာဝစရိဿရော။ ဋ္ဌ။ ၉၈။

**သဿမဏဗြာဟ္မဏီ။** အစိတ်ဖြစ်သော ရန်သူရဟန်း, ပုဏ္ဏား, သမိတပါပ ဗာဟိတပါပ (ရဟန္တာ) ရဟန်း, ပုဏ္ဏားတို့၏သမဏ ဗြာဟ္မဏ

http://www.dhammadownload.com



အမည်ကိုအပေါင်းဖြစ်သော ရန်သူရဟန်း, ပုဏ္ဏား, ရန်သူ မဟုတ်သော ရဟန်းပုဏ္ဏား, ရဟန္တာရဟန်းပုဏ္ဏား, ရဟန္တာမဟုတ်သောရဟန်းပုဏ္ဏား တို့၌တင်စား၍အပေါင်းဖြစ်သောရန်သူ(လ)ရဟန္တာမဟုတ်သောရဟန်း ပုဏ္ဏားတို့ကို သမဏ ဗြာဟ္မဏဟုဆိုသောကြောင့် ကေဒေသူပစာ၊ အဝယ ဝူပစာ။ (နိဒ္ဒေသနနည်း။)

✝ နိဒ္ဒေသန မဟ္တမေတံ။ သာရတ္ထ၊ ၁။ ၃၂၁။

**သဒေဝကန္တိသဟဒေဝေဟိဒ္ဒေဝေဟိ။** ဌာနီဖြစ်သော နတ်တို့၏ ဒေဝဟူသောအမည်ကိုဌာနဖြစ်သော ကာမာဝစရ နတ်ပြည် ငါးထပ်၌ တင်။ ဌာနျူပစာ။ (အဝိနာဘာဝနည်း။)

**သဟမာရေန သမာရကံ၌ မာရေန။** ဌာနီမာရ်နတ်၏ မာရ အမည်ကို ဌာနဝသဝတ္တီနတ်ပြည်၌တင်။ ဌာနျူပစာ။ (အဝိနာဘာဝနည်း။)

**သဟဗြဟ္မုနာသဗြဟ္မကံ၌ဗြဟ္မုနာ။** ဌာနီဗြဟ္မာ၏ ဗြဟ္မာအမည် ကို ဌာနဗြဟ္မပြည်၌တင်။ ဌာနျူပစာ။ (အဝိနာဘာဝနည်း။)

**သဒေဝမနဿ။** အပေါင်းဖြစ်သော သမ္မုတိနတ် (ရာဇာ), ဥပ ပတ္တိနတ်, ဝိသုဒ္ဓိနတ် ( ဘုရား ) တို့၏ ဒေဝအမည်ကို အစိတ်ဖြစ်သော သမ္မုတိနတ်၌တင်။ ကေဒေသျူပစာ၊ သမုဒါယူပစာ။ (ပါရိသေသနည်း။)

**မှတ်ချက်။** ဒေဝကို သမ္မုတိဒေဝဟု ဋ-ဖွင့်သဖြင့် ဤသို့ ဥပစာ တင်ရသည်။

အပေါင်းဖြစ်သော လူအားလုံး၏ မနဿ အမည်ကို အစိတ် သမ္မုတိနတ် (ရာဇာ)မှ ကြွင်းသောလူတို့၌တင်။ ကေဒေသျူပစာ။ သမုဒါ ယူပစာ (ပါရိသေသနည်း။)

**မှတ်ချက်။** မနဿကို အဝသေသမနဿဟု ဋ-၌ ဖွင့်သည်။

**လ္လမ်လောက်။** အကျိုးဖြစ်သော ဩကာသလောက၊ သတ္တလောက တို့၏ လ္လမ်လောက် ဟူသော အမည်ကို အကြောင်း ဖြစ်သော သင်္ခါရ လောက၌တင်စား၍ အကြောင်းဖြစ်သော သင်္ခါရ လောကကိုလည်း လ္လမ်လောက်ဟုဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

http://www.dhammadownload.com



✝ ဩကာသ သတ္တလောကာနံ ဂဟဏေန စေတ္တ တဒုဘယ သမ္မုတိနိမိတ္တဘူတော သင်္ခါရလောကောပိ တဒဝိနာဘာဝ-တော ဂဟိတောဝေါတိ ဒဋ္ဌဗ္ဗော။ ဝိမတိ၊ ၁။ ၆၃။

(က) သယန္တိ သာမံ။

(ခ) အပရနေယျော ဟုတွာ။

(ဂ) အဘိညာတိ အဘိညာယ။

(ဃ) အဓိကေန ဉာဏေန ဉတွာတိ အတ္ထော။

(င) သစ္ဆိကတွာတိ ပစ္စက္ခံ ကတွာ။

(စ) တေန အနုမာနာဒိ ပဋိက္ခေပေါ ကတော ဟောတိ။

(ဆ) ပဝေဒေတီတိ ဗောဓေတိ ဉာပေတိ ပကာသေတိ။ ဋီ။ ၉၈။

## ● အနက်ယောဇနာ

သယံ၊ ကိုယ်တိုင်။ (က-သံဝဏ္ဏနာနှင့်အညီ။) ဝါ-သူတစ်ပါးတို့သည် မသိစေအပ်သည်ဖြစ်၍။ ( ခ-သံဝဏ္ဏနာ ) အဘိညာ၊ ထူးသောဉာဏ်ဖြင့်သိ၍။ (ဃ-သံဝဏ္ဏနာ။) သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ပဝေဒေတိ၊ သိစေ၏။ ( သဒ္ဒတ္ထ၊ ဗောဓေသိ, ဉာပေသိ-ဖွင့်။) ထင်ရှား ပြ၏။ (အဓိပ္ပာယတ္ထ။ ပကာသေတိ-ဖွင့်။)

## ● ဝါကျခွဲ နှင့်ကျမ်းတက်

ခ-ဝါကျကား ဗျတိရေကဝါကျ။ က-ဝါကျကား အနွယဝါကျ။

## ခ ဝါကျ အနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် သယံသဒ္ဒါသည် သာမတ္ထကို ဟော၏ဟု ပြပြီး၍ ယခုအခါ၌ အညတ္ထာပေါတနနည်းအားဖြင့် (ဝါ) သာဝဓာရဏနည်းအားဖြင့် နိဝတ္တေတဗ္ဗတ္ထ (နှစ်စေအပ်သောအနက်) ကို ပြလိုရကား ခ-ဝါကျမိန့်။

http://www.dhammadownload.com



† သဃ်သဒ္ဒေန, နိဒ္ဒါရိတာဝစာရဏေန ဝါ နိဝတ္တေတဗ္ဗမတ္တံ ဒဿေတုံ။ သီ၊ဋီ၊သစ်။ ၁။ ၃၈၁။

ဂ-ဝါကျကား ပက္ခန္တရ။ က-ခ-ဝါကျကား ပက္ခ။ ဃ-ဝါကျ ကား ဝိတ္ထာရဝါကျ။ ဂ-ဝါကျကား သင်္ခေပ။ စ-ဝါကျကား ဝါကျာ ရမ္ဘဝါကျ။ င-ဝါကျကား အာရဒ္ဓဝါကျ။

**မှတ်ချက်။** အောက်ပါ ဂဏ္ဌိသစ်,ဟောင်း ကျမ်းတက်ကိုရှု၍ ဝါကျ ခွဲပုံတည်း။

## စ-ဝါကျ စောဒနာတက်

ဆရာ၊ ဥပါလိထေရ်သည် သစ္စိကဋ္ဌာဟုမိန့်တော်မူ၏။ (စောဒန အစွဲ ကို ထပနာထားသည်။) သဃ် အဘိညာဟုဆိုက ပြီးကောင်းသည် မဟုတ်ပါလော၊ ယင်းဆိုပြီးကောင်းပါလျက် အဘယ်ကြောင့် သစ္စိကဋ္ဌာ ဟု ဆိုပြန်ပါသနည်း။ အကယ်၍ သဃ်အဘိညာဖြင့် ပြီးကောင်းလျက် သစ္စိကဋ္ဌာဟု တဖန်ထပ်၍ ဆိုချေသော် ဥပါလိမထေရ်အား ပုနရုတ္တိ ဒေါသရောက် ရာ၏.....ကြောင့် ခ-ဝါကျမိန့်။ ပါဠ်လျောက် အဓိပ္ပာယ်ပြန်။ ဒေါသချ။

## တစ်နည်းဝါကျခွဲ

စ-ဝါကျကား လဒ္ဓဂုဏဝါကျ။ င-ဝါကျကား လဒ္ဓဂုဏီယဝါကျ။

**မှတ်ချက်။** ခ-ဝါကျ၌ စောဒနကို ကတော၌စပ်။ ယင်းကတောကို ဒဿိတောဟုပြင်လျှင် ဒဿနတ္ထဝါကျမျိုးဖြစ်လာသည်။ ထိုပြင် "စောဒန အနမာနာဒိ ပဋိက္ခေပ ဒဿေတိ"ဟု ရေးသားလျှင်လည်း အဓိပ္ပာယ် မပျက်ပါ။ " အကျိုးတိုင်ပြ၊ ဂုဏ်ဝါကျ၊ ကမ္မဆုံးထားကုန်" နိယံအရ ကမ္မရုပ် "ကတော" ပုဒ်ကိုလည်း သတိပြုရပေမည်။ ယင်းတို့ကို ထောက် ထား၍ စ-ဝါကျကို လဒ္ဓဂုဏဝါကျဟု ဆုံးဖြတ်ချက်ချနိုင်ပေသည်။ ဤ ကား နောမတိုမျှသာတည်း။

ဆ-ဝါကျကား ပက္ခန္တရဝါကျ။ င-ဝါကျကား ပက္ခဝါကျ။

**မှတ်ချက်။** ဆ-ဝါကျ၌ ဉာပေတိ ဝါကျကား ဓာတ်နက် ငုပ် ဖော်သော ဝိတ္ထာရ၊ ဝါ-ဓာတွတ္ထပသင်္ဂကို ပယ်သောဝါကျာရမ္ဘဝါကျဟု အမည် ၂-မျိုးပေးနိုင်သည်။ ပကာသေတိလည်းနည်းတူမှတ်။

http://www.dhammadownload.com



## ● ဝိဂ္ဂဟနှင့်ဉာသ်ကောက်

ပရေဟိ အနေယျော အပရနေယျော။ (အယုတ္တသမာသော။) ယောဇနာ။

ပရေဟိ၊ သူတစ်ပါးတို့သည်။ အနေယျော၊ မသိအပ်သည်တည်း။ နပုဒ်၊ ပရပုဒ်၊ နေယျပုဒ်။

န-ဟူသော ဝိသေသနပုဒ်အရကား ပသဇ္ဇပဋိသေဓ ဘောဂဏ် ရ၏။ ပရဟူသော ဝိသေသနပုဒ်အရကား သူတစ်ပါးတို့ ဒြဗ်သည် မုချ။ ယင်း၏ မြတ်စွာဘုရားဒြဗ်နှင့် ကတ္တား ကတ္တီအဖြစ်ဖြင့် စပ်ခြင်းကြိယာ ကာရကသမ္ဗန်သည် ဌာနူပစာ။ အပရနေယျော ဟူသော သမာသ်ပုဒ်လုံး အရကား သူတစ်ပါးတို့ မသိစေအပ်သော ဘုရားဒြဗ်ရ၏။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

သယံကား တတိယန္တနိပါတ်။ (သဒ္ဒနီတိ၊ အဘိဓာန။ သူစိ။)

**မှတ်ချက်။** မအူသျှ၊ ဒုအုပ် ၁၆၄ ၌ နပုလ္လိင် ပဌမန္တကြိယာ ဝိသေသန, နိပါတ်ပုဒ်ဟုဆိုသည်။

## ဝိဂ္ဂဟမှတ်ဖွယ်များ

အနုမေယျံ အနုမိနောတီတိ အနုမာနံ။ ဒီ၊ ဋီ၊ ၃။ ၅၈။ အနု + မာ + ယု။

ပစ္စက္ခ။ အက္ခံ ဣန္ဒြိယံ ပဋိဂတံ နိဿိတံ ပစ္စက္ခံ။ သူစိ။ အက္ခသ ပတိ . ပစ္စက္ခံ၊ အက္ခာနံ ဣန္ဒြိယာနံ ဝါ ပတိနိဿိတန္တိ ပစ္စက္ခံ။ ဂဠုန်ပျံ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌သာမံဖြင့် သယံသဒ္ဒါသည် သာမတ္ထကို ဟောသတည်း ဟုသိစေသည်။ (နိပါတလိင်္ဂတ္ထ။)

**တစ်နည်း။** သာမံဖြင့် သယံသဒ္ဒါသည် သာမံ သဒ္ဒါ၏ ဝေဝုစ် စကားလှယ်ပရိယာယ်တည်းဟုသိစေသည်။ (ပရိယာယ်ပြအဘိဓေယျတ္ထ။)

http://www.dhammadownload.com



**တစ်နည်း။** သာမ်ဖြင့် သယ်သဒ္ဒါသည် သကေ, သယေကဲ့သို့ မိမိ ဥစ္စာဟူသောအနက်ကို မဟော၊ ကိုယ်တိုင်ဟူသော သာမတ္ထကို ဟော သတည်းဟုသိစေသည်။ (နိပါတလိင်္ဂတ္ထ။)

**မှတ်ချက်။** နောက် ၂–နည်းကား ဆင်တဲဂဏ္ဌိ အလိုတည်း။

အပရနေယျော ဟုတ္တာဖြင့်ကိုယ်တိုင်သိ၏ဟူသည် သူတစ်ပါးတို့မသိ စေအပ် (သူပြောလူပြောကြောင့်သိသည်မဟုတ်) ဟူသော အညတ္ထာပေါဟ နနည်း၊ ဝါ–အန္တောဂဓာဝဓာရဏနည်းအားဖြင့် ရအပ်သော နိဝတ္တေတဗ္ဗတ္ထ ကိုလည်းကောင်း[၁]၊ (အများဖော်နေကျအာဘော်) သယ် နိပါတ်ပုဒ်နောင် ပဋ္ဌမာ ဝိဘတ်ကျေသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ယင်းပဋ္ဌမာ ဝိဘတ်၏ ကြိယာဝိသေသနတ္တ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဝိဘတ္တိပဒ။ ၃။ ဝိဘတျတ္ထ။

**မှတ်ချက်။** သယ်သဒ္ဒါကို တတိယန္တကြိနိက် ဘာဝတ္ထအာဘော် တစ်ချက်သာရသည်။

အဘိညာယဖြင့် အဘိညာ သဒ္ဒါကား ပဋိသင်္ခါယောနိသော (ပဋိသင်္ခါယ + ယောနိသော) သဒ္ဒါဒေယျံ (သဒ္ဒါယ+ဒေယျံ), ဉပါဒါ ရူပံ(ဉပါဒါယ+ရူပံ)စသည်တို့၌ကဲ့သို့ ယကာရလောပတည်းဟုသိစေသည်။

အဓိပ္ပာယ်ဖွင့်ပြသောကြောင့် ဘာဝတ္ထ။ **တစ်နည်း**–လောပသန္ဓိဟု ဖွင့်ပြသောကြောင့် သန္ဓိလိင်္ဂပဒသံဝဏ္ဏနာတည်း။

**တစ်နည်း။** အဘိညာယဖြင့် အဘိညာသဒ္ဒါကား သညာ, ပညာ စသည်တို့ကဲ့သို့ ပဋ္ဌမန္တမဟုတ် (ဗျ) ယကာရ လောပတည်း (န္တ) ဟု သိစေ သည်။ (သံဝဏ္ဏနာတူပြီ။)

အဓိကေနဉာဏေနဖြင့် အဘိညာယ၌ အဘိသဒ္ဒါသည် ဝုဍ္ဍိမန္တ စ သောအနက်ကိုမဟော၊ အဓိကအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အဘိအရ အဓိကအနက်ကို အဦးပဓာနပြု၍ ဉာဏ်ကို ယူရမည် အဖြစ်ကို လည်းကောင်း[၂]၊အဘိသဒ္ဒါနောင်နာ–ဝိဘတ်ကျေသည်၏ အဖြစ်ကိုလည်း ကောင်း[၃] သိစေသည်။

၁။ ဉပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓေယျတ္ထ။ ၃။ ဝိဘတ္တိပဒ။

http://www.dhammadownload.com



ဥတ္တာဖြင့် အဘိညာယ၌ ယသဒ္ဒါသည် သ-စသောဝိဘတ်၏ ကာရိယ မဟုတ်၊ တွာပစ္စည်း၏ကာရိယတည်းဟုသိစေသည်။ (ဒုတိယပစ္စယ ပဒ သံဝဏ္ဏနာ။)

ပစ္စက္ခံဖြင့် သန္တိနိပါတ်၏ ပစ္စက္ခအနက်ကို ဟောသည်၏အဖြစ်ကို လည်းကောင်း[၁]၊ သန္တိနိပါတ်နောင် ဒုတိယာဝိဘတ်ကျေသည်၏ အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ ဝိဘတ္တိပဒ။

ဆ-ဝါကျ၌ ဗောဓေတိဖြင့် ပဝေဒေတိ၌ ပ-ဥပသာရ၏ ဓာတွတ္ထာ နုဝတ္တက အနတ္ထက၏အဖြစ်ကိုလည်းကောင်း[၁]၊ ဝိဒဓာတ်သည်ခံစားခြင်း = ဝေဒယိတအနက်ကိုမဟော၊ သိခြင်း = ဗောဓနအနက်ကို ဟောသည်၏အဖြစ် ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

ဉာပေတိဖြင့် ဗောဓေတိ၌ ဗုဓဓာတ်သည် နိုးကြားခြင်း = ဇာဂရ, ပွင့်ခြင်း။ ဝိကသန စသောအနက်ကို မဟော၊ သိခြင်း = ဉာဏ အနက်ကိုဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

ပကာသေတိဖြင့် သိစေ၏ဟူသည် ထင်ရှားအောင် ပြခြင်းပင်တည်း ဟုသိစေသည်။ (ဘာဝတ္ထ။)

---

## ● ပါဠိဝိနိစ္ဆယ

**သာဝေန္တော။ သာဝေန္တော။** သာဝ သံသိဒ္ဓိယံ။ သာဝ ဓာတ် ကာရိက်ဏေပစ္စည်း အန္တပစ္စည်းဖြင့် သာဝေန္တ ဟု ပြီးသောကြောင့်လည်းကောင်း၊ သာဝေန္တော ပြီးစေလျက်ဟူသော အနက်၏ ယုတ္တိ ရှိသောကြောင့် လည်းကောင်း၊ သာဝေန္တော သင့်သည်။

ဝိမတိဋီကာ၌သာဝေန္တောတိ အဇ္ဈုဂ္ဂတောတိ ယောဇနာဟု ဆို သည်။ ယင်းအရ သုဓာတ်၊ ကာရိက်ဏေပစ္စည်း, အန္တပစ္စည်းဖြင့် ပြီးသော ကြောင့် လည်းကောင်း၊ သာဝေန္တော၊ ကြားစေလျက် ဟူသော အနက်၏ ယုတ္တိ ရှိသောကြောင့် လည်းကောင်း၊ **သာဝေန္တော**ပါဠိလည်းသင့်ပါသည်။

http://www.dhammadownload.com



(က) ယသ္မာ ဣမံ ဓမ္မံ ဒေသေန္တော (လ) နာနာ နယေဟိ ဒီပေတိ။

(ခ) တဋ္ဌ ယထာနုရူပံ (လ) သဗျဥ္စနံ။ ဋ္ဌ။ ၉၉။

(ဂ) သင်္ကာသန ပကာသန (လ) သဗျဥ္စနံ။

## ● အနက်ယောဇနာ

သာတ္ထံ၊ အနက်နှင့်ပြည့်စုံသော။ သဗျဥ္စနံ၊ သဒ္ဒါနှင့်ပြည့်စုံသော (ခ-သံဝဏ္ဏနာနှင့်အညီ။)

ပကာသေတိ၊ အထူးထူးသောနည်းတို့ဖြင့် ထင်ရှားစေ၏။ (သဒ္ဒတ္ထ) အထူးထူးသောနည်းတို့ဖြင့်ထင်ရှားပြ၏။ (အဓိပ္ပာယတ္ထ။)

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၌ က=ဝါကျကား သင်္ခေပ ဝါကျ။

**ရှင်းလင်းချက်။** က-ဝါကျသည် သောဓမ္မံ စသည်ကို ဆိုပြီးနောက် သာတ္ထံ စသည်ကိုဆိုရခြင်း၏ အကြောင်းစကားစပ်ကိုငဲ့၍ ခြုံ၍ ဖွင့်ထားသည်။ ထို့ကြောင့် ယင်း က-ဝါကျသည် အနုသန္ဓေ ဝါကျတည်း။ ယင်း အနုသန္ဓေဝါကျနောက်၌ တက်လာသော ခ-စသောဝါကျများကား သာတ္ထံ စသော ပုဒ်အသီးသီး၏ အနက်အသီးသီးကို တစ်သန့်စီ တစ်ကန့်စီဖွင့်ပြသည်။ ထိုကြောင့် ယင်းတဋ္ဌရှိသော ခ-ဝါကျကို ဝိတ္ထာရ ဝါကျဟု မအူသျှဆိုသည်။ ယုတ္တိရှိပါသည်။ အနုသန္ဓေ သမ္ဗန္ဓ နောက်၌ တက်လာသောအဝယဝတ္ထဝါကျမျိုးတည်း။ ထုံးစံအတိုင်း ကျမ်းတက်ပါလေ။

**တစ်နည်း။** ခ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၌ က-ဝါကျ ကား အာရဒ္ဓဝါကျ။

**ရှင်းလင်းချက်။** ယသ္မာ တဋ္ဌ ယထာနုရူပံ (လ) တသ္မာ သာတ္ထံ သဗျဥ္စနံ(ပ)ပကာသေတီတိ ဝုစ္စတိဟု ပဓာနကောက်ပါ။ ယင်းပဓာန ကောက်ပုံကိုကြည့်၍ က-ဝါကျဖြင့် ဓမ္မဒေသနာနှင့် ဗြဟ္မစရိယ ပကာ

http://www.dhammadownload.com



သနာတို့မထူးဟူသော အဓိပ္ပာယ်ကိုလည်းကောင်း၊ ယင်းသို့မထူးဘဲလျက် အဘယ်ကြောင့် သာတ္ထံစသည်ကိုဆိုသနည်းဟူသော စောဒနာကို ပယ်ချလို၍ တဋ္ဋ စသောဝါကျတက်လာရသည်ကိုလည်းကောင်း သိနိုင်သည်။ ထိုကြောင့် အထက်ပါအတိုင်း ဝါကျခွဲလိုက်သည်။ အောက်ပါကျမ်းတက်ပုံကိုလည်း ရှုပါလေဦး။

## ခ-ဝါကျ စောဒနာတက်ပုံ

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် "ဤတရားကို ဟောသည်ရှိသော် သာသနဗြဟ္မစရိယကိုလည်းကောင်း၊မဂ္ဂဗြဟ္မစရိယကိုလည်းကောင်း၊ ပြသော" ဟု ဓမ္မဒေသနာနှင့်ဗြဟ္မစရိယပကာသနာတို့ကို မထူးသောအားဖြင့် ဖွင့်ဆိုတော်မူ၏။ ယင်းသို့မထူးပါဘဲလျက် အဘယ်ကြောင့် သာတ္ထံ (လ) ပရိသုဒ္ဓံဟု ဟောတော်မူပါသနည်း၊ မဟောသင့်သည်မဟုတ်လော။ (အာဘော်။) မဟောသင့်ဘဲဟောချေသော် ပုနရုတ္တိဒေါသ, နိရတ္ထကဒေါသ ဘုရားအား ရောက်ရာသည်မဟုတ်လော (ဒေါသာရောပန) ကြောင့် တဋ္ဋ စသော ခ=ဝါကျမိန့်။ ကား--ခ-ဝါကျဖြင့် အတ္ထသမ္ပတ္တိ စသော အကြောင်းတို့ကြောင့် သာတ္ထံ(လ)ပရိသုဒ္ဓံဟု ဟောတော်မူ၏ဟူလိုသောဝ်။

**မှတ်ချက်။** ယင်း က--အဖွင့်ကိုထောက်၍ သာတ္ထံ စသည်ကား ဓမ္မ၏ ဝိသေသနများ မဟုတ်၊ ဗြဟ္မစရိယ၏ ဝိသေသနများ တည်းဟု သိစေသည်။

ဂ-ဝါကျ ပက္ခန္တ ရ။ ခ-ဝါကျကား ပက္ခ။

## ဂ-ဝါကျ အနုသန္ဓေတက်

ဤသို့ ခ-ဝါကျဖြင့် ထိုဗြဟ္မစရိယသည် ထိုက်သည် အားလျော်စွာ အနက်နှင့်ပြည့်စုံခြင်းဖြင့် သာတ္ထံ၊ သဒ္ဒါနှင့်ပြည့်စုံခြင်းဖြင့် သဗျဉ္ဇနံ မည်၏ဟုပြပြီး၍ ယခုအခါ၌ သာတ္ထံ သဗျဉ္ဇနံပုဒ်တို့၌ နေတ္တိနည်းအားဖြင့် အနက်ကိုပြခြင်းငှာ ဂ-ဝါကျမိန့်။ သာရတ္ထ၊ ၁။ ၃၂၇။

---

## ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

သာတ္ထံ။ အတ္ထေန သဟ ယံ ဝတ္တတီတိ သာတ္ထံ။ ယံ ဗြဟ္မစရိယံ၊ သည်။ အတ္ထေန၊ အနက်အကျိုးနှင့်။ သဟ၊ တကွ၊ ဝတ္တတိ၊

http://www.dhammadownload.com



ဖြစ်တတ်၏ဟုအနက်ပေး။ သဟပုဗ္ဗပဒဗဟုဗ္ဗိဟိသမာသ်။ သဟပုဒ်၊ အတ္ထပုဒ်၊ ယပုဒ်။

သဟ အတ္ထ ဟူသော ဗဟုဗ္ဗိဟိ သမာသ်ပုဒ်လုံးအရကား အနက်အကျိုးနှင့် ပြည့်စုံခြင်း အတ္ထသမ္ပတ္တိဘောဂုဏ်သည်မှုချ။ ယင်း၏ပြဟ္မစရိယနှင့်ဂုဏ်ဂုဏောစပ်ခြင်း သမ္ဗန်သည်ဌာန်နုပစာ။ ယ-ဟူသော အညပုဒ်အရကား ထိုမှုချဌာနုပစာတို့ဖြင့်မှတ်အပ်သော အနက်အကျိုးနှင့် ပြည့်စုံသော ပြဟ္မစရိယရ၏။

† အတ္ထသမ္ပတိယာတိ သမ္ဗန္ဓတ္ထ တာယ။ သမ္ပတိ အတ္ထောဟိ ဣစ သဟသဒ္ဒေါ။ သာရတ္ထ။ ၁။ ၃၂၆။

**သဗျဉ္ဇနံ။** ဗျဉ္ဇနေန သဟ ယံ ဝတ္တတီတိ သဗျဉ္ဇနံ။ ယံ တန္တိ စမ္မသင်္ါတံ သာသနပြဟ္မစရိယံ၊ အကြင်ပါဠိဓမ္မဟုဆိုအပ်သော သာသနပြဟ္မစရိယသည်။ ဗျဉ္ဇနေန၊ သိထိလ, ဓနိတစသောသဒ္ဒါနှင့်။ သဟ၊ တကွ ဝတ္တတိ၊ ၏။ ဣတိ တံ တန္တိ (လ) ပြဟ္မစရိယံ သဗျဉ္ဇနံ။ သဟပုဒ်၊ ဗျဉ္ဇနပုဒ်။ ယပုဒ်။

သဟဗျဉ္ဇန ဟူသောဗဟုဗ္ဗိဟိသမာသ် ပုဒ်လုံးအရကား သိထိလ, ဓနိတစသောသဒ္ဒါနှင့်ပြည့်စုံခြင်းဗျဉ္ဇနသမ္ပတ္တိဘောဂုဏ်သည်မှုချ။ ယင်း၏ ပါဠိဓမ္မဟူသော သာသနပြဟ္မစရိယနှင့် ဂုဏ်ဂုဏော စပ်ခြင်း သမ္ဗန်ဌာနုပစာ။ ယ-ကား သိထိလ, ဓနိတစသော သဒ္ဒါနှင့် ပြည့်စုံသော ပါဠိဓမ္မဟူသော သာသနပြဟ္မစရိယရ၏။

## ဝိဂ္ဂဟနှင့်မှတ်ဖွယ်များ

သခေပတော ကာသိယတိ ဒီပိယတိဝိဘာဝိယတီတိ သင်္ကာသနံ။ ပဌမံ ကာသိယတီတိ ပကာသနံ။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ဥတ္တာနီကရဏ။** ဥတ္တာန=ကရဏ။ ဥတ္တာန = ဥ + တာ + ယု။ ဤအလို ဥတ္တာနကား ကိတ်နာမ်ပုဒ်။

ဥဂ္ဂတံ တာနံ ပမာဏံ အဿာတိ ဥတ္တာနံ။ ဓာန်၊ ဋီ။ ၆၆၉။ သူစိ၊ ဤအလိုသမာသ်နာမ်ပုဒ်။

http://www.dhammadownload.com



သမ္ဗုတ္တိ။ သမ္ဗုတ္တိ ညမ္ဗဒါလက္ခိ။ ဓာန်။ ၃၈၅။ သမ္ဗုတ္တိကား ဣတ္ထိလိင်။ ဣကာရန္တ၊ ရတ္တာဒိဂိုဏ်း။

## အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ တစ်ဝါကျလုံးဖြင့် မေ့ဒေသနာနှင့် ဗြဟ္မစရိယ ပကာသနတို့, သဒ္ဒါအနက်ပင်ထူးသော်လည်း အဓိပ္ပာယ်တူသည်၏အဖြစ်ကိုလည်းကောင်း-[၁]၊ သာတ္ထံစသောပုဒ်တို့သည် ဣမံမေ့ဥ် မေ့-၏ ဝိသေသနမဟုတ်၊ ဗြဟ္မစရိယ ၏ ဝိသေသန၏အဖြစ်ကိုလည်းကောင်း-[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။

က-ဝါကျ၌ သာသနဗြဟ္မစရိယံ မဂ္ဂဗြဟ္မစရိယံဖြင့် ဗြဟ္မစရိယသဒ္ဒါသည် ဒါနစသော ၁၀-ပါးသောအနက်တို့၌ ထင်သော်လည်း ဤ၌ ဗြဟ္မစရိယအရ သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယကိုသာ လိုအပ်သတည်းဟု သိစေသည်။ (အဓိပ္ပေတတ္ထ။)

**မှတ်ချက်။** အတ္ထုဒ္ဓါရဝါကျဖော်နေကျ နာမလိင်္ဂတ္ထသံဝဏ္ဏနာ, သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ ဖော်လေဦး။

✝ ဒါနသ္မိံ ဗြဟ္မစရိယ၊ မပ္ပညာသု သာသနေ။ မေထုနရတိယံ ဝေယျာ၊ ဝဇ္ဇေသဒါရတုဋ္ဌိယံ၊. ပဉ္စသီလာရိယာမဂ္ဂေ၊ ပေါသ္မ ထင်္ဂမိတိသုစ။ ဓာန်။ ၇၈၃။

က-ဝါကျ၌ နာနာနယေဟိဖြင့် ပကာသေတိ၌ ပ-ဥပသာရသည် အာဒိကမ္မ, ပဉ္စာဘာဂစသောအနက်တို့ကိုမဟော, အထူးထူးသော နည်းဟူသောပကာရအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း-[၁]၊ ပ-ဥပသာရပုဒ်နောက်၌ တတိယာဝိဘတ်ကျေသည်၏အဖြစ်ကိုလည်းကောင်း-[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဝိဘတ္တိပဒ။

က-ဝါကျ၌ ဒီပေတိဖြင့် ပကာသေတိ၌ ကာသုဓာတ်သည် အသံပြုခြင်း "သဒ္ဒ"အနက်ကိုမဟော၊ ဒိတ္တိအနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

http://www.dhammadownload.com



ခ–ဝါကျ၌ အတ္ထသမ္ဗတ္တိယာဖြင့်သာတ္ထံ၌ သ–သဒ္ဒါသည် သန္တ, သမာနစသောသဒ္ဒါတို့၏ကာရိယမဟုတ်၊ သဟသဒ္ဒာ၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းသဟသဒ္ဒါသည် သဟတ္ထကိုမဟော၊ သမ္ဗတ္တိအတ္ထကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၂] အတ္ထေန သဟ ယံ ဝတ္တတိတိ သာတ္ထံဟု သဟပုဗ္ဗပဒဗဟုဗ္ဗီဟိ သမာသ်ဝိဇနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။ (ဗျူခနသမ္ဗတ္တိယာနည်းတူဖော်လေ။)

၁။ နိပါတလိင်ပဒ။ ၂။ နိပါတလိင်တ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်ပဒတ္ထ။

## ● ပါဌဝိနိစ္ဆယ

**သာတ္ထံ။ သတ္ထံ၊** သကာရဿ သရလောပေ ကတေ ကွစိ အန္တ အတ္ထသဒ္ဒါနံ အာကာရော ဒီဃံ ပပ္ပေါတိ ဟူသောနိတိ၊ သုတ္တ၊ နှာ။ ၁၇–အရ သဟသဒ္ဒါ၏ကာရိယ သ သဒ္ဒါ၏အစိတ် အ အက္ခရာ ကျေ သော် အန္တသဒ္ဒါ အတ္ထသဒ္ဒါတို့၏ အ–အက္ခရာကို ဒီဃပြုသင့်သောကြောင့် သာတ္ထံဟု သ–၌ အာဒီဃနှင့်ရှိသောပါဌ်သာသင့်သည်။

**ပြယုဂ်များ။** သာန္တေဝါသိကော။ သာတ္ထံ။ သာတ္ထိကာ ဓမ္မဒေသနာ။

## ● နည်းနှင့်ဥပစာ

**သရိက္ခကဇနပ္ပသာဒကံ။** အကျိုးဖြစ်သော ကုသလဂဝေသီပုဂ္ဂိုလ် တို့ ကြည်ညိုခြင်းကို ဖြစ်စေခြင်း၏ သရိက္ခကဇနပ္ပသာဒက အမည်ကို အကြောင်းဖြစ်သော သာတ္ထ၌တင်စား၍ အကြောင်းဖြစ်သော သာတ္ထကို သရိက္ခကဇနပ္ပသာဒကဟုဆိုသောကြောင့် ဖလူပစာ။ အဝိနာဘာဝနည်း။

† ယသ္မာ သရိက္ခကဇနာနံ ကိံ ကုသလဂဝေသီနံ ပသာဒါဝဟံ

တသ္မာ သာတ္ထံ။ အတ္ထသမ္ပန္နံ့ ဖလေန ဟေတုနော အနု

မာနံ နဒီပူရေန ဝိယ ဥပရိဝုဋ္ဌိ ပဝတ္တိယာ။ သာရတ္ထ၊ ၁။ ၃၃၂။

**လောကိယဇနပ္ပသာဒက။** အကျိုးဖြစ်သော လောကီ လူတို့၏ ကြည်ညိုခြင်းကိုဖြစ်စေခြင်း၏ လောကိယဇနပ္ပသာဒကဟူသော အမည်ကို

http://www.dhammadownload.com



အကြောင်းဖြစ်သော သဗျဉ္ဇနနဲ့တင်စား၍ အကြောင်းဖြစ်သော သဗျဉ္ဇန ကို လောကိယဇနပ္ပသာဒကဟု ဆိုသောကြောင့် ဖလူပစာ။ အဝိနှာ ဘာဝနည်း။

✝ ဣတာပိ ဖလေန ပဟောနော အနုမာန်၊ သာရတ္ထ၊ ၁။ ၃၃၂။

(က) သိက္ခတ္တယ ပရိဂ္ဂဟိတတ္တာ ဗြဟ္မဘူတေဟိ သေဋ္ဌေဟိ စရိ တဗ္ဗတော။

(ခ) တေသဥ္စ စရိယဘာဝတော ဗြဟ္မစရိယံ။ ၄။ ၉၉။

## အာဘောဂနှင့် သံဝဏ္ဏနာမှတ်ဖွယ်

က–ဝါကျ၌ သိက္ခတ္တယပရိဂ္ဂဟိတတ္တာဖြင့် စရိတဗ္ဗ–ကျင့်သင့်ကျင့် ထိုက်၏ဟူသည် သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သောကြောင့် (ကျင့်စရာ သိက္ခာသုံးပါး ရှိသောကြောင့်) ကျင့်သင့် ကျင့်ထိုက်သတည်းဟု သိစေ သည်။ (ယင်းဟိတ်ပါဌ်ကို စရိတဗ္ဗ၌စပ်၍ ဖော်သော ဘာဝတ္ထအာဘော် တည်း။)

က–ဝါကျ၌ သေဋ္ဌေဟိဖြင့် ဗြဟ္မသဒ္ဒါသည် ပိတာမဟာစသော အနက် ကိုမဟော၊ သေဋ္ဌအနက်ကို ဟောသတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ။)

**မှတ်ချက်။** အဓိပ္ပေတတ္ထ, အဘိဓေယျတ္ထဖော်လေဦး။

က–ဝါကျ၌ ဗြဟ္မဘူတေဟိ စရိတဗ္ဗတောဖြင့် ဗြဟ္မစရိယံ၌ စရိယံပုဒ် ကို စရိတဗ္ဗ၌ စရိယံဟုကမ္မသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဗျာပစ္စည်း၏ ကမ္မသာဓန၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ဗြဟ္မနှင့် စရိယကို ဗြဟ္မေဟိ စရိယံ ဗြဟ္မစရိယံဟု တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယ ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

ခ–ဝါကျဖြင့် ဗြဟ္မစရိယကို ဗြဟ္မာနံ စရိယံ ဗြဟ္မ စရိယ ဟု ဆဋ္ဌီ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟုသိစေသည်။ (အဘိဓာနတ္ထ။ သမာသ လိင်္ဂပဒတ္ထ။)

http://www.dhammadownload.com



ဗြဟ္မစရိယံ။ မြတ်ကုန်သော သူတို့သည် ကျင့်သင့် ကျင့်ထိုက်သောအကျင့်ကို။ (က–သံဝဏ္ဏနာ)။ ဝါ–မြတ်ကုန်သောသူတို့၏ အကျင့်ကို။ (ခ–သံဝဏ္ဏနာ)။

**မှတ်ချက်။** သေဋ္ဌဋ္ဌေန ဗြဟ္မဘူတာနံ ဗုဒ္ဓပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကာနံ စရိယတောဗြဟ္မစရိယန္တိ ဝုစ္စတိဒ္ဓိ သေဋ္ဌဋ္ဌေနဖြင့် ဗြဟ္မပုဒ်ကိုဖွင့်သည်။ အာဘော်သံဝဏ္ဏနာ ရေးနည်းတူ။ ဗြဟ္မဘူတာနံ စရိယတောဖြင့် ဆဋ္ဌီတပ္ပုရိသ်ပြ၊ ရေးနည်းတူပင်။ ဗုဒ္ဓ (လ) သာဝကာနံဖြင့် ဗြဟ္မအရ အဘိဓေယျတ္တပြသည်။ ဤမျှသာထူးသည်။

(က) သာဓု ခေါ ပနာတိ သုန္ဒရံ ခေါ ပန။

(ခ) အတ္တာဝဟံ သုခါဝဟန္တိ ဝုတ္တံ ဟောတိ။

(ဂ) တထာရူပါနံ အရဟတန္တိ ယထာရူပေါ သော ဘဝံ ဂေါတမော။ ဧဝရူပါနံ ယထာဘုစ္စ ဂုဏာဓိဂမေန လောကေ အရဟန္တောတိ လဒ္ဓသဒ္ဒါနံ အရဟတံ။ ဌ။ ၁၀၀။

## ● အနက်ယောဇနာ

သာဓုခေါပန၊ ကောင်းသည်သာလျှင်တည်း (သဒ္ဒတ္ထ။) စီးပွားချမ်းသာကို ဆောင်တတ်သည်သာလျှင်တည်း။ (အဓိပ္ပါယတ္ထ။)

## ● ဝါကျခွဲနှင့် ကျမ်းတက်

ခ–ဝါကျကား ဝိတ္ထာရ၊ က–ဝါကျကား သခေ်ပဝါကျ။

## ခ–ဝါကျ ကျမ်းတက်

ဆရာ–ဆရာသည် က–ဖြင့် ကောင်းသည်သာလျှင်တည်းဟုဆိုတော်မူ၏။ ကောင်း၏ဟူသည် အနဝဇ္ဇ–အပြစ်မရှိသောကောင်းခြင်း၊ သောဘဏ–တင့်တယ်သော ကောင်းခြင်းကို ဆိုလိုပါသလော။ အဘယ်ကို ကောင်းသည်ဟု ဆိုလိုပါသနည်း..... ကြောင့် ခ–ဝါကျမိန့်။ အဓိပ္ပာယ် ခ–ဝါကျ ဘာသာပြန်လေ။

ဂ–ဝါကျ ပက္ခန္တရ။ က–ခ–ဝါကျ ပက္ခ။ (ဂ–ဝါကျ၌ အနိယတ် နိယတ်ခွဲဦး။)

http://www.dhammadownload.com



## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**အတ္တာဝဟံ။** အတ္တံ အာဝဟတီတိ အတ္တာဝဟံ။ ယံဒဿနံ၊ ရဟန္တာပုဂ္ဂိုလ်တို့ကို အကြင်ဖူးမြင်ရခြင်းသည်။ အတ္တံ၊ ဒိဋ္ဌဓမ္မိကအကျိုး သမ္ပရာယိကအကျိုး, မြတ်သောနိဗ္ဗာန်အကျိုးကို။ အာဝဟတိ၊ ဆောင်တတ်၏။ ဣတိ တံ ဒဿနံ အတ္တာဝဟံ။ အတ္ထ—အာ + ဝဟ+အန္တ။

အတ္ထဟူသော ဝိသေသနပုဒ်အရကား ဒိဋ္ဌဓမ္မိကအကျိုး, သမ္ပရာယိက အကျိုး, မြတ်သောနိဗ္ဗာန်အကျိုးရ၏။ ယင်း၏ ရဟန္တာပုဂ္ဂိုလ်ကိုဖူးမြင်ရ ခြင်း(ကုသလဝိပါက် စက္ခုဝိညာဏ်)နှင့် အကျိုးအကြောင်းစပ် ဥာနုပစာ။

အာ– ဥပသာရအရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။ ဝဟ ဓာတ်အရကား ယင်းဆိုအပ်ခဲ့ပြီးသော အတ္ထကို ဆောင်ရွက်တတ် (ဖြစ်စေ တတ်)သော ကုသလဝိပါက်စက္ခုဝိညာဏ်၏ သတ္တိလက္ခဏာ သဘာဝရ၏။ အန္တ ပစ္စည်းအရကား သတ္တိမန္တ, လက္ခဏာဝန္တ, သဘာဝဝန္တဖြစ်သော ကုသလဝိပါက်စက္ခုဝိညာဏ်ရ၏။

**မှတ်ချက်။** အာဝဟဆုံးသောပုဒ်ကား အာ + ဝဟ + အန္တ ဖြင့် ပြီးသည်လည်းရှိ၏။ အပစ္စည်းဖြင့် ပြီးသည်လည်းရှိ၏။ အန္တဖြင့် ပြီးလျှင် ဂစ္ဆန္တာဒိဂိုဏ်း။ အ–ဖြင့် ပြီးလျှင် ယထာရဟပုရိသာဒိ, ကညာဒိ, စိတ္တာဒိ ဂိုဏ်း။ ဤဒဿနံဟူသော တုလျက်ပုဒ်သို့လိုက်၍ နပုလ္လိင်။ ဂစ္ဆန္တာဒိ ဂိုဏ်းဟုမှတ်။ သုခါဝဟံလည်း နည်းတူပင်။

သာဓု..... ပုဒ်ကို ဒိဋ္ဌဓမ္မိက သမ္ပရာယိက ပရမတ္ထ သညိတေ ဟိတ သုခေ သာဓေတီတိ သာဓု " ဟု ဝစနတ္ထ ပြုလေ။ အတ္တာဝဟကို မှီး၍ ဉာဏ်ကောက်ပါ။

† အတ္တာဝဟန္တိ ဒိဋ္ဌဓမ္မိက သမ္ပရာယိက ပရမတ္ထသညိတ ဟိတာဝဟံ။ သုခါဝဟန္တိ ယထာဝုတ္တတိဝိဓသုခါဝဟံ။ သာရတ္ထ။ ၁။ ၃၃၅။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ သုန္ဒရံဖြင့် သာဓုသဒ္ဒါသည် ဒဠှိကမ္မ,အာယာစန စသော အနက်ကိုမဟော၊ သုန္ဒရအနက်ကိုဟောသည်ဟုသိစေသည်။ (နာမ လိင်္ဂတ္ထ။)

**မှတ်ချက်။** အဓိပ္ပေတတ္ထ, အဘိဓေယျတ္ထ ဖော်လေဦး။

http://www.dhammadownload.com



ခ-ဝါကျ၌ အတ္တာဝဟံ သုခါဝဟံဖြင့် သုန္ဒရဟူသည် ကောင်းခြင်းပင်တည်း။ ယင်းကောင်းခြင်းသည်လည်း ဖူးမြင်ရသူ၏ စီးပွားချမ်းသာကို ဆောင်သည်၏ အဖြစ်ဖြင့် ကောင်းသတည်းဟု သိစေသည်။ (ဘာဝတ္ထ။) သာရတ္ထ၊ ၁။ ၃၃၅။

ဂ-ဝါကျ၌ ယထာရူပေါ သော ဘဝံ ဂေါတမော ဝေရူပါနံဖြင့် တထာရူပါနံ၌ တထာသဒ္ဒါ၏ တံသဒ္ဒတ္ထ (တံသဒ္ဒါ၏အနက်) ၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်း၏ ပသိဒ္ဓဝိသယ တ ၏အဖြစ်ကိုလည်းကောင်း[၂]၊ တထာရူပါနံဟူသော နိယတ်၏အနိယတ်ကို "ယထာရူပေါ သောဘဝံဂေါတမော" ဟု ထည့်ရမည်၏အဖြစ်ကို လည်းကောင်း[၃] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ သမ္ဗန္ဓ။

ဂ-ဝါကျ၌ ယထာဘုစ္စ (လ) အရဟတံဖြင့် ခမ္မပ္ပမာဏပုဂ္ဂိုလ်၊ လူခပ္ပမာဏပုဂ္ဂိုလ်တို့မြတ်စွာဘုရားအားကြည်ညိုသည်၏အဖြစ်ကိုလည်းကောင်း၊ ယင်းသို့ပြဆိုသဖြင့် ရူပပ္ပမာဏပုဂ္ဂိုလ်၊ ဃောသပ္ပမာဏပုဂ္ဂိုလ်တို့၏လည်း မြတ်စွာဘုရားအား ကြည်ညိုသည်၏အဖြစ်ကိုလည်းကောင်း သိစေသည်။ (ဘာဝတ္ထ၊ ဘာဝတ္ထ။) သာရတ္ထ။ ၁။ ၃၃၆။

---

## ● ပါဠိဝိနိစ္ဆယ

**လဒ္ဓသဒ္ဓာနံ။ လဒ္ဓသဒ္ဓာနံ။** လဒ္ဓါ သဒ္ဓါ ယေဟီတိ လဒ္ဓသဒ္ဓါ။ ပါရာ၊ ယော။ ၆၂။ လဒ္ဓါ၊ သဒ္ဓါ လဒ္ဓသဒ္ဓါ။ လဒ္ဓသဒ္ဓါ ယေသံ အတ္ထီတိ လဒ္ဓသဒ္ဓါ။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၈၃။

**တစ်နည်း။** လဒ္ဓါ သဒ္ဓါ ယေသံ အရဟန္တာ နန္တိ လဒ္ဓ သဒ္ဓါဟု ဝစနတ္ထပြု၍ပြီးသောကြောင့်လည်းကောင်း၊ လဒ္ဓသဒ္ဓါနံ၊ ရအပ်သော ယုံကြည်ခြင်း ရှိကုန်သော-ဟူသောအနက်၏ ယုတ္တိရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း လဒ္ဓသဒ္ဓါနံပုဒ်သင့်သည်။

**လဒ္ဓသဒ္ဓဟုရှိက** "လဒ္ဓေါ သဒ္ဒေါ ယေသံ အရဟန္တာနန္တိ လဒ္ဓသဒ္ဒါ" ဟုဝစနတ္ထပြု၍ပြီးသောကြောင့်လည်းကောင်း၊ လဒ္ဓသဒ္ဒါနံ၊ ရအပ်သော ချီးမွမ်းအံ့ဩကျော်စောသံရှိကုန်သော ဟူသော အနက်၏ ယုတ္တိရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ လဒ္ဓသဒ္ဒါနံ ရှိသော ပါဠ်လည်း သင့်သည်။ ၂ ပါဠ်သင့်တည်း။

http://www.dhammadownload.com



## ● နည်းဥပစာ

**သာဓု (လ) ဒဿန်။** အကျိုးဖြစ်သော ကောင်းခြင်း၏ သာဓု ဟူသောအမည်ကိုအကြောင်းဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့ကို ဖူးမြင်ရခြင်း၌ တင်စား၍အကြောင်းဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့ကိုဖူးမြင်ရခြင်းကို သာဓု ဟု ဆိုသောကြောင့် ဖလူပစာသဒ္ဒါမည်၏။ (အဝိနာဘာဝနည်း။)

**ယထာဘုစ္စ (လ) အရဟတံ။** အစိတ်ဖြစ်သော ဓမ္မပ္ပမာဏ, လူခပ္ပမာဏပုဂ္ဂိုလ်တို့၏ ပသာဒါဝဟဘော၏ "ယထာဘုစ္စ (လ) အရဟတံ" ဟူသောအမည်ကိုအပေါင်းဖြစ်သော ဓမ္မပ္ပမာဏ, လူခပ္ပမာဏ, ရူပပ္ပမာဏ, ဃောသပ္ပမာဏပုဂ္ဂိုလ်တို့၏ ပသာဒါဝဟဘောဂုဏ်၌တင်စား၍ အပေါင်းဖြစ်သော ဓမ္မပ္ပမာဏ (လ) ဃောသပ္ပမာဏ ပုဂ္ဂိုလ်တို့၏ ပသာဒါဝဟဘောဂုဏ်ကို "ယထာဘုစ္စ (လ) အရဟတံဟုဆိုသောကြောင့် (ကေဒေသူပစာ၊ ဝါ=အဝယဂူပစာ။ (ပစာနနည်း။)

---

ဒဿနံ ဟောတိတိ ပသာဒသောမ္မာနိ အက္ခီနိ ဥမ္မီလိတ္ဂွာ ဒဿနမတ္တမ္ပိ သာဓု ဟောတိ။ ဋ္ဌ။ ၁၀၀။

## ● အာဘောဂစသည်မှတ်ဖွယ်

ပသာဒသောမ္မာနိ အက္ခီနိ ဥမ္မီလိတွာဖြင့် ဒဿန သဒ္ဒါသည် ဒိဋ္ဌာဒိမဂ္ဂရသောအနက်ကိုမဟော၊ ဣက္ခဏ (ရှုမြင်ခြင်း) အနက်ကိုဟော သတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ။ အဓိပ္ပေတတ္ထ။ အဘိဓေယျတ္ထလည်း ရှေးနည်းတူဖော်လေဦး။)

✝ ဒိဋ္ဌာဒိမဂ္ဂေ ဉာဏက္ခိ၊ က္ခဏလဒ္ဓိသုဒဿနံ။ ဓာန်။ ၈၈၉။

ဒဿနမတ္တံဖြင့် အညတ္ထာပေါဟန္နည်းအားဖြင့်၊ ဝါ- သဗ္ဗဝါကျံ သာဝဓာရဏံဟူသော ပရိဘာသာအားဖြင့် ဒဿနံပုဒ်နောက်၌ ဝေကျေ သတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

**သောမ္မ။** သုစာတ် + မန်ပစ္စည်း = သောမ။ သောမဿ ဣဒံ သောမ္မံ။ သောမပုဒ်+ဏျပစ္စည်း။ သောမဿ၊ လ၏။ ဣဒံ၊ ဥစ္စာ(အအေးဓာတ်)တည်း။ ပသီဒန္တီတိ ပသာဒါနိ။ ပသာဒါနိ စ တာနိ သောမ္မာနိ စာတိ ပသာဒသောမ္မာနိ။ ကြည်လင်အေးမြကုန်သောဟု အနက်ပေး။

http://www.dhammadownload.com



ပသာဒသောမ္မာနိတိ ပသာဒေန သုန္ဒရာနိ ဟူသော ယောဇနာ အလို ပသာဒသောမ္မာနိ၊ ကြည်သဖြင့်ကောင်းကုန်သောဟု အနက်ပေး။

**ဥမ္မိလိတွာ။ ဥမ္မီလေတွာ။** ဥပုဗ္ဗမိလဓာတ်တွာပစ္စည်း။ မိလ ဓာတ်သည် ဘူ၀ါဒိ, စုရာဒိ-၂ ဂိုဏ်း။ ဘူ၀ါဒိဂိုဏ်းဖြစ်မူလာ၍ "ဥမ္မိလိ တွာ" ပါဠ်သင့်။ စုရာဒိဂိုဏ်း ဖြစ်မူ ဏေ ပစ္စည်း သက်၍ " ဥမ္မိလေတွာ" ပါဠ်သင့်သည်။ ၂-ပါဠ်သင့်။ နီတိ၊ ဓာတု။ ၁၆၂။ ၃၄၂။

(က) ယေနာတိ ဘုမ္မတ္ထေ ကရဏဝစနံ။

(ခ) တသ္မာ (လ) အတ္ထော ဒဋ္ဌဗ္ဗော။

(ဂ) ယေနဝါ ကာရဏေန(လ)ဒဋ္ဌဗ္ဗော။

(ဃ) ဓေန စ ကာရဏေန (လ) ဓိပ္ပါယေန။

(င) နာနပ္ပကာရဂုဏ(လ)မဟာရက္ခောဝိယ။ ဋ္ဌ။ ၁၀၀။

## ● အနက်ယောဇနာ

ယေနာတိတော်ဝစနံ၊ ယေန၌ တတိယာ ဝိဘတ်သည်။ ဘုမ္မတ္ထေ၊ သတ္တမီအနက်၌။ ကရဏဝစနံ၊ ကရိုဏ်းဝိဘတ်တည်း။

**တစ်နည်း။** ယေနာတိပဒံ၊ ယေနဟူသောပုဒ်သည်။ ဘုမ္မတ္ထေ၊ ၌။ ကရဏဝစနံ၊ ကရဏ ဝိဘတ်ရှိသောပုဒ်တည်း။ ဝေရဥ္ဇပုဒ် အဖွင့် ၁၉၈-ကြည့်။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား လဒ္ဓဂုဏ။ က-ဝါကျကား လဒ္ဓဂုဏိယ။

ဂ-ဝါကျသည်ဘုမ္မတ္ထ၌ ကရိုဏ်းဝိဘတ်ဟူသော အဘို့မှ တစ်မျိုး တစ်ပါးသောဟေတွတ္ထ၌ ကရိုဏ်းဝိဘတ်ကိုပြသောကြောင့် ပက္ခန္တရဝါကျ။ ထို-၍ က-ခ-ဝါကျတို့ကား ပက္ခဝါကျ။ (အနိယတ်စသည်ခွဲဦး။)

ဃ-ဝါကျကား ပုစ္ဆာဝါကျ။ င-ဝါကျကား ဝိသဇ္ဇနာ၊ သာဒု (လ)ဝိယတိုင်အောင်သော ဝါကျသည် ဥပမာအားဖြင့် ထင်ရှား စေသော ကြောင့် တပ္ပကာသကရဏ ဝါကျ။ ထိုဝါကျကိုထောက်၍ နာနာ (လ)

http://www.dhammadownload.com



မိပ္ပါယေနတိုင်အောင်သောဝါကျသည် ဥပမာဖြင့် ထင်ရှားစေအပ်သောကြောင့် တပ္ပာကင်္ဂကရဏီယဝါကျ။ ဝါ-မထင်ရှားသောကြောင့် အပါကင ဝါကျမည်၏။

**တစ်နည်း။** သာဒု (လ) ဝိယကား ဥပမာန။ နာနပ္ပကာရ (လ) မိပ္ပါယေနကား ဥပမေယျ။

---

## ● ဝိဂ္ဂဟနှင့်ညှသ်ကောက်

**သာဒု။** အဿာဒီယတီတိ သာဒု။ ယံဖလံ၊ အကြင်အသီးကို။ ဒိဇဂဏေဟိ၊ ငှက်အပေါင်းတို့သည်။အဿာဒီယတိ၊သာယာအပ်၏။ ဣတိ တံ ဖလံ သာဒု။ သာဒဓာတ် ဏု+ပစ္စည်း။ ရူ။ ၆၃၅။

သာဒဓာတ်အရကတ္တုဌကြိယာကား သာယာသော ငှက်အပေါင်း တို့၏ ရသတဏှာပြဋ္ဌာန်းသောစိတ္တုပ္ပာဒ်သည်မုချ။ ကမ္မဌကြိယာအရကား ထိုအားတပ်သောသစ်သီး၏ အာရမ္မဏပစ္စယသတ္တိသည်ဖလူ။ ဏုပစ္စည်းအရကား ထိုမုချဖလူပစာတို့ဖြင့် မှတ်အပ်သောအသီးရ၏ ။ (ဝိသေသန ဆက်ကောက်။)

## ဝိဂ္ဂဟနှင့်မှတ်ဖွယ်များ

သာဒု မဓုရံ ဖလံ သာဒုဖလံ။ ဥပ်ဘုဠနံ ဥပဘောဂေါ။ သာဒု ဖလဿ ဥပဘောဂေါ သာဒုဖလူပဘောဂေါ ဟု တွဲ။

ဖလံ ဖလဘာဝံ ဣတော ဂတော ပတ္တောတိ ဖလိတော၊ နိစ္စံ ဖလိတော၊ နိစ္စဖလိတောဟုတွဲ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဌ် ဘုမ္မတ္တေကရဏဝစနံဖြင့် ယေနဌ် တတိယာ ဝိဘတ် သည်ကရိဏ်းအနက်ကိုမဟော၊ သတ္တမီအနက်ကို ဟောသတည်းဟု သိစေ သည်။ (ဝိဘတျတ္ထ။)

**မှတ်ချက်။** ခ-ဝါကျဌ် ယတ္ထဖြင့်ယေနပုဒ်ကို၊ တတ္ထဖြင့် တေန ပုဒ်ကိုဖွင့်။ ဝိဘတျတ္ထသံဝဏ္ဏနာပင်တည်း။

http://www.dhammadownload.com



ဂ-ဝါကျ၌ ယေန ကာရဏေနဖြင့် ယေန၌ နာ- ဝိဘတ် သည် ကရိဏ်းအနက်ကိုမဟော၊ ဟိတ်အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ယသဒ္ဒါ၏ကာရဏအနက်ကိုစွဲသည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဝိဘတျတ္ထ။ ၂။ သဗ္ဗနာမလိင်္ဂတ္ထ။

ဂ-ဝါကျ၌ ဒေဝမနုဿေတိ ဥပသင်္ကမိတဗ္ဗောဖြင့် ယေနဘဂဝါ ဟူသောပါဠိတော်အနိယတ်ဝါကျ၌ ဒေဝမနုဿေဟိဟူသော ကတ္တား၊ ဥပသင်္ကမိတဗ္ဗောဟူသောကြိယာပါဌသေသထည့်၍ ယောဇနာရမည်ဟု သိစေသည်။ (သဗ္ဗနွှသံဝဏ္ဏနာ၊ ဝါ-ဘာဝတ္ထသံဝဏ္ဏနာ။)

**မှတ်ချက်။** တေနကာရဏေန- အာဘော်သံဝဏ္ဏနာ၊ ယေနကာ ရဏေနနှင့်တူပြီ။

## ယေနဘဂဝါ၊ တေနုပသင်္ကမိ

ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊သည်။ အတ္ထိ၊ ၏။ တေန၊ ထိုအရပ် ၌။ ဝါ-သို့။ ဥပသင်္ကမိ၊ ပြီ။ (က-ခ-သံဝဏ္ဏနာနှင့်အညီ။)

**တစ်နည်း။** ယေန၊ အကြင် အကြောင်းကြောင့်။ ဘဂဝါ၊ မြတ်စွာ ဘုရားသို့၊ ဒေဝမနုဿေဟိ၊တို့သည်။ ဥပသင်္ကမိတဗ္ဗော၊ ချဉ်းကပ်အပ်၏။ တေနကာရဏေန၊ကြောင့်။ ဥပသင်္ကမိ၊ ပြီ။ (ဂ-သံဝဏ္ဏနာနှင့်အညီ။)

---

## ● ပါဌဝိနိစ္ဆယ

**သာဒုဖလူပ။ သာဓုဖလူပ။** သာဒုဟုရှိသော ပါဌ်သာ သင့် သည်။ ဖလူပဘောဂါဓိပ္ပါယေန၌ ဖလသဒ္ဒါကိုထောက်၍ သာဒုဖလ=ချို သောအသီးဟူသောအနက်သာဖြစ်သင့်သောကြောင့်လည်းကောင်း၊ဣဋ္ဌေစ မဓုရေ သာဒု ဟု ဓာန်လာသည်အတိုင်း သာဒုသဒ္ဒါ အချိုမဓုရ အနက်ဟောရှိ သောကြောင့်လည်းကောင်း သာဒုရှိသောပါဌ်သာသင့်သည်။

**ဒိဇ။ ဒွိဇ။** မာတုကုစ္ဆိတော အဏ္ဍကောစာတိ ဒွိက္ခတ္တုံ ဇာယတီတိ ဒိဇော-ဟုဓာန်၊ငိုး၊၆၂၄၊ဆိုသည်။ ဒွိ သဒ္ဒူပပဒ+ ဇနဓာတ် + ကွိ ပစ္စည်း တည်း။ ဒွိသရုံသဒ္ဒါကိုဒိပြု၍ပြီးသောကြောင့် ဒိဇော ပါဌ်သင့်သည်။ ဒွိဂုဏဒိဂုဏ ပြယုဂ်ကဲ့သို့ ဒွိကို ဒိ မပြုလျှင် ဒွိဇော ပါဌ်လည်းသင့်သည်။ ၂-ပါဌ်သင့်။

http://www.dhammadownload.com



(က) ဥပသင်္ကမိတိ စ ဂတောတိ ဝုတ္တံ ဟောတိ။

(ခ) ဥပသင်္ကမိတွာတိ ဥပသင်္ကမနပရိယောသာနဒီပနံ။

(ဂ) အထဝါ ဧဝံ ဂတော (လ) ဂန္တွာတိပိ ဝုတ္တံ ဟောတိ။ ဋ္ဌ။ ၁၀၀။

ဂ-ဝါကျ၌ ဂတောဖြင့် ဥပသင်္ကမိ၌ ဥပဟူသော ဥပသာရ, သံ, ဥပသာရတို့၏ ဓာတွတ္ထာနုဝတ္တက, အနတ္ထက, ပဒါလင်္ကာရ၏ အဖြစ်ကို လည်းကောင်း၊[၁] ကမုဓာတ်၏ဂမနတ္ထကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၂] အစ္စတ္ထနိ "ဤ"ဝိဘတ်၏ တံကာလပေက္ခ အားဖြင့် ပစ္စုပ္ပန်ကာလကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ ၂-ချက်။ ဓာတွတ္ထ။ ၃။ ဒုတိယ ဝိဘတျတ္ထ။

✝ ဥပသင်္ကမိတိ ဥပသင်္ကမန္တော၊ တေနာဟ "ဂတော"တိ ဝုတ္တံ ဟောတီတိ။ သာရတ္ထ ၁။ ၃၃၆။

ခ-ဝါကျ၌ ဥပသင်္ကမန(လ)ဒီပနံဖြင့် ဥပသင်္ကမိတွာကား အပရကာလကြိယာ, သမာနကာလကြိယာ မဟုတ်၊ ပုဗ္ဗကာလကြိယာသာလျှင်ဟု သိစေသည်။ (ဒုတိယပစ္စယတ္ထ။)

**မှတ်ချက်။** ပါဠိလျှောက် အာဘော် ဖော်၍ ဘာဝတ္ထအမည် ပေးကြသေးသည်။

✝ ဥပသင်္ကမိတွာတိ ပုဗ္ဗကာလ ကိရိယာ နိဒ္ဒေသောတိ အာဟ ဥပ(လ)ဒီပနန္တိ။ ဋ္ဌင်း။

ဂ-ဝါကျ၌ သမီပသင်္ခါတံ ဂန္တွာဖြင့် ဥပသင်္ကမိတွာ၌ ဥပသဒ္ဒါ၏ သမီပအနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၁] သံ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုလည်းကောင်း၊[၂] ဂမုဓာတ်၏ ဂမနတ္ထ၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

---

(က) ဘဂဝတာ သဒ္ဓိံ သမ္မောဒီတိ ယထာ ခမနီယာဒီနိ ပုစ္ဆန္တော ဘဂဝါ တေန(လ)အဟောသိ။

http://www.dhammadownload.com



(ခ) သီတောဒကံ ဝိယ(လ)ဇေါ်ဘာဝံ အာဂမာသိ။
(ဂ) ယာယ စ "ကစ္စိ ဘော ဂေါတမ (လ) ယုတ္တဘာဝတော စ သမ္မောဒနီယံ။ ၄။ ၁၀၀။

## ● ဝါကျခွဲနှင့် ကျမ်းတက်

က–ဝါကျ၌ ယထာ (လ) တေနကား ဥပမာနဝါကျ။ ဧဝံ (လ) အဟောသိကား ဥပမေယျဝါကျ။

ခ–ဝါကျကား တပ္ပာကဋီကရဏဝါကျ။ ထို–၌ က–ဝါကျကား တပ္ပာကဋီကရဏီယဝါကျ၊ ဝါ–အပါကဋဝါကျ။

## ခ–ဝါကျအနုသန္ဓေတက်

ဤသို့ က–ဝါကျဖြင့် (လ) ပြတော်မူပြီး၍ (က–ဝါကျဘာသာပြန်ပါ) ယခုအခါ၌ အမျှဝမ်းမြောက်ခြင်းရှိသည်၏အဖြစ်ကို ဥပမာဖြင့် ပြခြင်းငှာ သီတောဒကံဝိယစသော ခ–ဝါကျမိန့်။ သာရတ္ထ၊ ၁။ ၃၃၆။

ဂ–ဝါကျကား ပဋ္ဌန္တရဝါကျ။ က–ခ–ဝါကျတို့ကား ပက္ခ။

---

## ● ဝိဂ္ဂဟနှင့်ဉာသ်ကောက်

**သမ္မောဒနီယံ။** သမ္မောဒနံ ဇနေတီတိ သမ္မောဒနီယာ (ပါဠိ၌ ကထံစပ်။ ဒုတိယန္တနှင့် သမ္မောဒနီယံဟုရှိသည်။) သမ္မောဒနံ၊ ဝမ်းမြောက်ခြင်းကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ သမ္မောဒနီယာ။ ဇနေတိ တဒ္ဓိတ်၊ သမ္မောဒနပုဒ်၊ ဣကပစ္စည်း။

သမ္မောဒနဟူသော တဒ္ဓိတ်ပုဒ် အရကား ဝမ်းမြောက်ခြင်း ဟူသောပီတိပါမောဇ္ဇသည်မှုရ။ ယင်း၏ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော ကစ္စိ ဘော ဂေါတမခမနီယံ စသော သဝိညတ္တိက ဝစီဘေဒသဒ္ဒ ဟူသောစကားဒြဗ်နှင့် အကျိုးအကြောင်း စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ဣကပစ္စည်း အရကား ထိုမှုချဌာနူပစာတို့ဖြင့် မှတ်အပ် သော ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော ကစ္စိ ဘော ဂေါတမ ခမနီယံ စသော သဝိညတ္တိက ဝစီဘေဒသဒ္ဒဟူသော စကားဒြဗ်ရ၏။ (ဝိသေသန ဆက်ကောက်။)

http://www.dhammadownload.com



**မှတ်ချက်။** သမ္မောဒံ ဇနနတောနှင့်အညီ ဝိဂ္ဂဟာညာသ်ကောက်တည်း။ အာဘော်နှင့် ယှဉ်ကြည့်။

**တစ်နည်း။** သမ္မောဒိတဗ္ဗာတိ သမ္မောဒနီယာ။ ယာကထာ၊ ကို။ သမ္မောဒိတဗ္ဗာ၊ ဝမ်းမြောက် အပ်၏။ ဣတိ သာ သမ္မောဒနီယာ။ ကမ္မသာဓန။ သံပုဗ္ဗမုဒဓာတ် အနီယပစ္စည်း။

သံ–အရကား ဓာတွတ္ထာနုဝတ္တကဘောဂဏ်ရ၏၊ မုဒဓာတ်အရ ကတ္တုဋ္ဌကြိယာကား ကြားရသော ပုဂ္ဂိုလ်၏ ပီတိပါမောဇ္ဇ ပြဋ္ဌာန်းသော စတ္တုပ္ပါဒ်သည်မုချ။ ကမ္မဋ္ဌကြိယာအရကား ထိုစိတ္တုပ္ပါဒ်အား တပ်သော ကစ္စိခမနီယံစသော သဝိညတ္တိကဝစီဘေဒသဒ္ဒ၏ အာရမ္မဏပစ္စယ သတ္တိ သည်ဖလူပစာ။ အနီယပစ္စည်းအရကား ထို.....ဖြင့် မှတ်အပ်သော ဝမ်းမြောက်အပ်သောကစ္စိခမနီယံစသော စကားဒြဗ်ရ၏။

**မှတ်ချက်။** သမ္မောဒိတုံ ယုတ္တ ဘာဝတောနှင့် အညီ ဝိဂ္ဂဟာညာသ်ကောက်တည်း။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**သီတ။** သီဓာတ်+တပစ္စည်း။ ဣကို ဒီဃပြု။ ဥဏှာဘိတတ္တေဟိ သေဝိယတီတိ သီတံ။ သူစိ။

**ဥဏှ။** ဥသဓာတ်+ဏှ ပစ္စည်း။ ဥသတိ ဒဟတီတိ ဥဏှော။ သူစိ။

**ဥဒက။** ဥဒိဓာတ်+ဏွုပစ္စည်း။ **တစ်နည်း။** ဥဒဓာတ်+ဏွုပစ္စည်း ဥဒတိ ဒြဝံ ကရောတီတိ ဥဒကံ။ သူစိ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဦး သမပ္ပဝတ္တ မောဒေါဖြင့် သမ္မောဒိဋ္ဌ သံသဒ္ဒါသည် သမောဓာန, သခေ်ပစသော အနက်ကို မဟော၊ သမပ္ပဝတ္တ အနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ သမ္မောဒိသဒ္ဒါ၏ မုဒဓာတ်၏အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတုပဒ။

http://www.dhammadownload.com



အဟောသိဖြင့် သမ္ဗောဒိဋ္ဌ်ကွသဒ္ဒါသည် အဇ္ဈတ္တနိ ဤ ဝိဘတ်၏ ကာရိယတည်းဟုသိစေသည်။ (ဒုတိယဝိဘတ္တိ ပဒသံဝဏ္ဏနာ။)

ဂ-ဝါကျ၌ သမ္ဗောဒံ ဇနနတောဖြင့် သမ္ဗောဒနံ ဇနေတီတိ သမ္ဗောဒနိယံဟု ဇနေတိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဏ္ဍကပစ္စည်း၏ ဇနေတိတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ သမ္ဗော ဒနိကဟု ဆိုလိုလျက် နိ-၌ ဏ္ဍကို ဤဒီဃပြုခြင်း၊ က-ကို ယပြုခြင်း နိရုတ္တိ နည်းအားဖြင့် သမ္ဗောဒနီယဟုရုပ်ပြီးသည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေ သည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

ဂ-ဝါကျ၌ သမ္ဗောဒိတုံ ယုတ္တဘာဝတောဖြင့် သမ္ဗောဒိတဗ္ဗာတိ သမ္ဗောဒနိယာဟု ကမ္မသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အနီယပစ္စည်း၏ကမ္မသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စတ္ထ။

* ကမ္မဝါစက၊ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒကို၊ ယုတ္တသဏ္ဍာ၊ အရဟာသဏ္ဍာဏေယျ၊ အနုဉ္ဆဝိက၊ စသည်တို့နှင့် ဖွင့်၍ပြ၊ ကမ္မသာဓနေကြံစရာ။ **(သံဝဏ္ဏနာနိယံ)**

† သမ္ဗောဒိတဗ္ဗတော သမ္ဗောဒနိယန္တိ ဣဒံ ပနအတ္ထုဒ္ဒေသေန္တော "သမ္ဗောဒိတုံ ယုတ္တဘာဝတော"တိ အာဟ။ သာရတ္ထ၊ ၁။ ၃၃၇။

ပိတိပါမောဇ္ဇသင်္ခါတံဖြင့် သမ္ဗောဒပုဒ်ကို သမ္ဗောဒိယတေ သမ္ဗော ဒေါဟု ဘာဝသာဓနေဝစနတ္ထပြု၍ သမ္ဗောဒအရ ပိတိပါမောဇ္ဇကို ယူရ မည်ဟု သိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ။)

**မှတ်ချက်။** ယုတ္တဘာဝတော စ ၌ စဖြင့် သမုစ္စည်းအဓိပ္ပာယ် ကိုပြသည်။ ပိတိပါမောဇ္ဇသင်္ခါတံ၌ "သင်္ခါတ သဒ္ဒါရှိလေရာ၊ သရုပ်သာ ထွက်လေ" အရ အာဘော်ဖော်သည်။

---

## ● ပါဠ်ဝိနိစ္ဆယ

သမ္ဗောဒနီယ။ သမ္ဗောဒနီယ။ သမ္ဗောဒနီယဟု ဤဒီဃနှင့် ရှိ သောပါဠ်သင့်ကြောင်း သမ္ဗောဒံ ဇနနတော သမ္ဗောဒိတုံ ယုတ္တ ဘာဝ တော အာဘော်ကိုရှု၍ဖြေလေ။

http://www.dhammadownload.com



(က) အတ္တဗျာဥ္မွန မဓုရတာယ သုစိရမွိ ကာလံ သာရေတုံ နိရုန္ဓရံ ပဝတ္တေတုံ အရဟာရူပတော သရိတဗ္ဗ ဘာဝ တော စ သာရဏီယံ။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ သာရေတုံ အရဟာရူပတောဖြင့် သာရဏီယံ ပုဒ်ကို သာရဏံ အရဟတီတိ သာရဏီယံဟု အရဟတိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဣယပစ္စည်း၏ အရဟတိ တဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဣကို ဤဒီဃပြုသည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

**မှတ်ချက်။** ဤကား ဆင်တဲဂဏ္ဍိအလိုတည်း။ သံဝဏ္ဏေတဗ္ဗ၊ မရှိ တာပြ တဒ္ဓိတဟူသောနိယံနှင့်ညီသည်။

**တစ်နည်း။** က-ဝါကျ၌ သာရေတုံအရဟာရူပတောဖြင့် သာရဏီယံ ပုဒ်ကို သာရေတဗ္ဗန္တိ သာရဏီယံ (ဒုတိယန္တ ဝိဂ္ဂဟ) ဟု ဟေတု ကမ္မ သာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အနီယပစ္စည်း၏ ယင်း ဟေတု ကမ္မသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** ဤကား ဂဏ္ဍိသစ်အလိုတည်း။ ကမ္မဝါစက၊ သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒစသောနိယံနှင့်ညီသည်။

က-ဝါကျ၌ သာရေတုံဖြင့် သရဓာတ်သည် စိန္တာအနက်ကိုမဟော၊ ပဝတ္တနဂတိအနက်ကိုဟောသတည်းဟု သိစေသည်။ (ဒုတိယဓာတွတ္ထ။)

† သရ ဂတိယံ။ သရစိန္တာယံ။ နီတိ၊ ဓာတု။ ၁၄၆-၉။

က-ဝါကျ၌ သရိတဗ္ဗဘာဝတောဖြင့် သာရဏီယံပုဒ်ကို သရိတဗ္ဗန္တိ သာရဏီယံ(ဒုတိယန္တ ဝိဂ္ဂဟံ)ဟု ကမ္မသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်ကို လည်းကောင်း[၁]၊ အနီယပစ္စည်း၏ ကမ္မသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်း ကောင်း[၂]၊ သရဏီယဟုဆိုလိုလျက် ဒီဃပြု၍ သာရဏီယ ပြီးသည်၏အဖြစ် ကို လည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

**မှတ်ချက်။** ဤကား ဂံ၊ သစ်၊ ဟောင်းနှင့် သာရတ္ထအာဘော်တည်း။

http://www.dhammadownload.com



(ခ) ကထံ ဝိတိသာရေတွာ ပရိယောသာပေတွာ ၊ နိဋ္ဌာပေတွာ။

ဋ္ဌ။ ၁၀၁။

ခ-ဝါကျ၌ ပရိယောသာပေတွာဖြင့် ဝိတိ သာရေတွာ၌ ဝိ-ဥပသာရ၏ ဓာတွတ္ထနုဝတ္တက၏အဖြစ်ကိုလည်းကောင်း၊[၁] အတိဥပသာရ၏ ဓာတွတ္ထ ဝိသေသက၏အဖြစ်ကိုလည်းကောင်း၊[၂] သရဓာတ်သည် ဂတိ, စိန္တာ ဟိံသာအနက်ကိုမဟော၊ ပရိယောသာနအနက်ကို ဟောသည်၏အဖြစ်ကို လည်းကောင်း[၃] သိစေသည်။

၁။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

ခ-ဝါကျ၌ နိဋ္ဌာပေတွာဖြင့် (ပရိ+အဝ+သာ+ဏာပေ+တွာ) သာစော်သည်ပါကအနက်, တနုကရဏအနက်, အဿာဒအနက်ကိုမဟော၊ အန္တကမ္မအပြီးအဆုံးဟူသောအနက်ကို ဟောသတည်းဟု သိစေသည်။ (ဒုတိယဓာတွတ္ထ။)

† သာ တနုကရဏေ။ သာ အန္တကမ္မနိ။ နီတိ၊ ဓာတု။ ၂၃၈။

---

(က) ကေမန္တ္တံ ဘာဝနပုံသကနိဒ္ဒေသော။

(ခ) ဘုမ္မတ္ထေ ဝါ တေ ဥပယောဂဝစနံ။

(ဂ) နိသီဒီတိ ဥပဝိသိ။ ဋ္ဌ။ ၁၀၁။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဘာဝနပုံသက နိဒ္ဒေသောဖြင့် ကေမန္တံ၌ အံသဒ္ဒါ၏ ဒုတိယာဝိဘတ်၏အဖြစ်ကိုလည်းကောင်း၊[၁]ယင်း၏ ကြိယာဝိသေသနဉ္ဈသက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဝိဘတ္တိပဒ။ ၂။ ဝိဘတျတ္ထ။

**မှတ်ချက်။** ဘုမ္မတ္ထေဝါစသောအဖွင့်ကို ထောက်၍ လည်းကောင်း၊ "ဘာဝနပုံသကေ ဒုတိယေကဝစနံ" ဟူသော နီတိသုတ္တမာလာကိုထောက်၍ လည်းကောင်း က-ဖြင့် ဝိဘတ္တိပဒ, ဝိဘတျတ္ထကို ပြသည်။ အချို့ကား ဘာဝတ္ထ ဖော်ကြသေးသည်။

http://www.dhammadownload.com



ခ-ဝါကျဖြင့် ကေမန္တံ၌ အံ သဒ္ဒါ၏ ဒုတိယာဝိဘတ်၏ အဖြစ်ကို လည်းကောင်း[၁]၊ ယင်း၏ သတ္တမျတ္ထ(ဘုမ္မတ္ထ)၌ သက်သည်၏ အဖြစ်ကိုလည်း ကောင်း[၂] သိစေသည်။

၁။ ဝိဘတ္တိပဒ။ ၂။ ဝိဘတျတ္ထ။

**အနက်ပေး။** ကေမန္တံ၊ သင့်တင့် လျောက်ပတ်စွာ။ (က—သံဝဏ္ဏနာနှင့်အညီ။) ဝါ-တစ်ခုသော အစွန်း၌။ (ခ-သံဝဏ္ဏနာနှင့်အညီ။)

ဂ-ဝါကျ၌ ဥပဝီသိဖြင့် နိပုဗ္ဗသိဒဓာတ်သည် ရွေ့လျောခြင်း= ဝိသာရဏတ္ထကိုမဟော၊ လားခြင်း၏အဆုံး = ဂတျာဝသာနတ္ထကိုဟော သည်၏အဖြစ်ကိုလည်းကောင်း[၁]၊နိ-ဥပသာရ၏ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဥပသလိင်္ဂတ္ထ။

✝ သိဒ ဝိသရဏဂတျာဝသာနေသု။ နီတိ၊ ဓာတု။ ၉၅။

---

## ● နည်းနှင့်ဥပစာ

**အတိဒူရံ။** ဌာနဖြစ်သော အလွန်ဝေးသောအရပ်၏ အတိဒူရ အမည်ကိုဌာနီဖြစ်သော အလွန်ဝေးသော အရပ်၌ နေခြင်း၌ တင်စား၍ ဌာနီဖြစ်သော အလွန်ဝေးသောအရပ်၌ နေခြင်းကို အတိဒူရံဟု ဆိုသော ကြောင့် ဌာနူပစာ။ နာနတ္ထရိကနည်း။

**မှတ်ချက်။** အစွာသန္နိစသော ပုဒ်တို့ကိုလည်း ဤအတိုင်းဥပစာ တင်လေ။

---

(က) တေန္တိ ဣဒါနိ ဝတ္တဗ္ဗမတ္ထံ ဒဿေတိ။

(ခ) ဒကာရော ပဒသန္ဓိကရော။

(ဂ) အဝေါစာတိ အဘာသိ။ ဋ။ ၁၀၁။

က—ဝါကျ၌ ဣဒါနိ (လ) ဒဿေတိဖြင့် တေကား ဝုတ္တာပေက္ခ မဟုတ်၊ ဝုစ္စမာနာပေက္ခတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** တေ၊ ဤဆိုလတ္တံ့သော စကားကိုဟု အနက်ပေး။ အချို့ကား။ သဗ္ဗနာမလိင်္ဂတ္ထဟုဆိုကြ၏။

http://www.dhammadownload.com



ခ-ဝါကျဖြင့် တထက်၌ရှိသော နိဂ္ဂဟိတ်ကို ဒ-ပြု၍ ပုဒ်၂-ခု စပ်ထားသတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ အဘာသိဖြင့် အဝေါစ၌ ဝစဓာတ်သည် ဒိတ္တိအနက်ကိုမဟော၊ ပြောဆိုခြင်း (ဝိယတ္တိဝါစာ) အနက်ကိုဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

† ဝစ=ဝိယတ္တိယံဝါစာယံ။ ဝစ=ဒိတ္တိသု။ နိတိ၊ ဓာတု။ ၃၁။ ၃၃။

---

(က) သုတံ မေတန္တိ သုတံ မေ တေ။

(ခ) တေ မယာ သုတန္တိ ကွဒါနိ ဝတ္တဗ္ဗမတ္ထံ ဒသေတိ။ ၄။ ၁၀၁။

က-ဝါကျ၌ သုတံမေ တေ ဖြင့် သုတံ မေတံကို သုတံတေ ဟု ပဒစ္ဆေဒ မပြုရ၊ သုတံမေတေဟုပဒစ္ဆေဒပြုရမည်ဟု သိစေသည်။ (သန္ဓိလိင်္ဂပဒသံဝဏ္ဏနာ။)

ခ-ဝါကျ၌ မယာသုတံဖြင့် မေ၌ ဆဋ္ဌီဝိဘတ်သည် သာမိအနက်ကို မဟော၊ ကတ္တားအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ (သာရတ္ထအလို) သုတံ၌တ ပစ္စည်းသည် ကတ္တားအနက်ကိုမဟော၊ ကံအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၂]၊ သုတံပုဒ်ကို သုဏာတီတိ သုတံဟု ကတ္တု သာဓနဝစနတ္ထ မပြုရ၊ သုဏီတဗ္ဗန္တိ သုတံဟု ကမ္မသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို လည်းကောင်း[၃] သိစေသည်။

၁။ ဝိဘတျတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

**မှတ်ချက်။** မေ-ကို မယာဟု အဝုတ္တ ကတ္တားဖြင့် ဖွင့်သောကြောင့် သုတံကို ကမ္မရုပ်ဟုသိစေသည်။ နေယျတ္ထ အာဘော် မျိုးတည်း။

**တစ်နည်း။** ခ-ဝါကျ၌ မယာဖြင့် သုတံ မေတံ၌ မေသဒ္ဒါကား သမ္ပဒါန်အနက်၊ သာမိအနက်ကိုမဟော၊ အဝုတ္တ ကတ္တားအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ နာဝိဘတ်နှင့်တကွ အမှသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဝိဘတျတ္ထ။ ၂။ နာမလိင်္ဂပဒ။

http://www.dhammadownload.com



**မှတ်ချက်။** သာရတ္ထအလို မေသဒ္ဒါကား ဆဋ္ဌီဝိဘတ်၊ သဒ္ဒါဆရာတို့အလို မေသဒ္ဒါကား တတိယာနာဝိဘတ်။

† ကရဏော သမ္ပဒါနေစ၊ သာမိအတ္ထေစ အာဂတော။ အမှာ မေသ ဒါဥေဿျာ။ **(ကေကွရကောသ)**

ခ-ဝါကျ၌ ဣဒါနိ (လ) ဒသေတိဖြင့် သုတာံမေတံ၌ တော်ကားဝုတ္တာပေက္ခမဟုတ်၊ ဝုစ္စမာနာပေက္ခတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

---

(က) ဗြဟ္မုဏောတိ ဇာတိဗြဟ္မဏော။

(ခ) ဇိဏ္ဏောတိ ဇရ္ဇရိဘူတော ဇရာယ ခဏ္ဍိစ္စာဒိဘာဝံ အာပါဒိတော။

(ဂ) ဝုမေတိ အင်္ဂပစ္စင်္ဂါနံ ဝုမိမရိယာဒပ္ပတ္တော။ ၄။ ၁၀၁။

က-ဝါကျ၌ ဇာတိဗြာဟ္မဏောဖြင့် ဗြာဟ္မဏအရ ဝိသုဒ္ဓိဗြာဟ္မဏာတို့ကိုမယူရ၊ ဗြဟ္မံ အဏာန္တီတိ ဗြာဟ္မဏာဟုဝစနတ္ထပြု၍ ဇာတိ ဗြာဟ္မဏ တို့ကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ ဇရ္ဇရိဘူတောဖြင့် ဇိဏ္ဏောသဒ္ဒါ၏ ဇရာတတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဇိဏ္ဏော၌တပစ္စည်း၏အတိတ်ကာလ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ အဇီရိသူတိ ဇိဏ္ဏာဟု အတိတ်ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]။ ဇိဏ္ဏော၌ကတ္တုသဒ္ဒါ၏တပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၄]၊ ယင်း ဇိဏ္ဏောပုဒ်၏ ဝိသေသနပုဒ်၏ အဖြစ်ကိုလည်းကောင်း[၅]၊ (ဘူတောဟု ဖွင့်သဖြင့် ဝိသေသနပုဒ်ဟုပြသည်။ "ဝိသေသန၊ ဖြစ်လတ်က၊ ဘူတပုဒ်နှင့်ဖွင့်စမြဲ"။ နိယံ) သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

၄။ ဒုတိယပစ္စယပဒ။ ၅။ ဘာဝတ္ထ။

**အနက်ယောဇနာ။** ဇိဏ္ဏော၊ အရွယ်ယိုယွင်း အိုမင်းကုန်သော။ (ဇရ္ဇရိဘူတောနှင့်အညီ သဒ္ဒတ္ထ။)

ခ-ဝါကျ၌ ဇရာယ(လ)အာပါဒိတောဖြင့် ဇိဏ္ဏ = အို၏ ဟူသည် သွားကျိုးဆံဖြူငယ်မှုယိုယွင်းခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com


**အနက်ယောဇနာ။** ဇိဏ္ဏော၊ သွားကျိုးဆံဖြူ ယော်မှု ယိုယွင်း အိုမင်းကုန်ပြီးသော။ (ဇရာယ(လ)အာ့ပါဒိတောနှင့်အညီအဓိပ္ပါယတ္ထ။)

ဂ-ဝါကျ၌ အင်္ဂ(လ)ပ္ပတ္တေဖြင့် အင်္ဂါကြီးငယ်တို့၏ ကြီးပွားခြင်း၏အပိုင်းအခြားသို့ရောက်ကုန်သော၊ ဝါ-အင်္ဂါခြေလက် အစွမ်းကုန်တက်သဖြင့်ကြီးကုန်ပြီးသောသူတို့ကို ဝယောအရယူရမည်ဟုသိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ။)

**မှတ်ချက်။** ဂ၊ သစ်၌ ယင်းဖြင့် ဝပိုသူတိ ဝုမှာဟူသော ဝစနတ္ထကိုပြသည်ဟုဆိုသေးသည်။

**အနက်ယောဇနာ။** ဝုမေ၊ အင်္ဂါခြေလက် အစွမ်းကုန် တက် သဖြင့်ရင့်ကျက်ကြီးပွားကုန်ပြီးသော။

---

(က) မဟလ္လကေတိ ဇာတိမဟလ္လကတာယ သမန္နာ ဂတော။

(ခ) စိရကာလပ္ပသုတောတိ ဝုတ္တံ ဟောတိ။

(ဂ) အဒ္ဓဂတောတိ အဒ္ဓါနံ ဂတော။

(ဃ) ဒွေတယော ရာဇပရိဝဋ္ဋေ အတီတောတိ အဓိပ္ပါယော။

(င) ဝယောအနုပ္ပတ္တောတိ ပစ္ဆိမဝယံ သမ္ပတ္တော။

(စ) ပစ္ဆိမဝယောနာမ ဝဿသတဿ ပစ္ဆိမော တတိယ ဘာဂေါ။ ဋ္ဌ။ ၁၀၁။

က-ဝါကျ၌ ဇာတိ (လ) ဂတောဖြင့် မဟလ္လကအရ ဂုဏမဟလ္လက (တစ်နည်း) ဝိဘဝမဟလ္လကကိုမယူရ၊ ဇာတိမဟလ္လကကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

**မှတ်ချက်။** သမန္နာဂတနှင့်ဖွင့်သဖြင့် အဿတ္ထိ တဒ္ဓိတ်ပြသည်ဟု မယူသင့်။ အဘိဓေယျတ္ထပြသာဖြစ်သည်။ ထိုကြောင့် သာရတ္ထဋီကာ၌ **"မဟတ္တံ လာတိဂဏှာတီတိ မဟလ္လကော"** ဟု အဘိဓာနတ္ထ (ဝစနတ္ထ)ကို ဆိုသည်။

ခ-ဝါကျဖြင့် ဇာတိမဟလ္လကဟူသည် အမျိုးဇာတ် ကြီးမြင့်သည်ကို မဆိုလို၊ အသက်အရွယ် ကြီးရင့်သည်ကို ဆိုလိုသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com


**အနက်ယောဇနာ။** မဟလ္လကော၊ ပဋိသန္ဓေအားဖြင့် ကြီးသည်၏ အဖြစ်ကိုယူတတ်ကုန်သော (သဒ္ဒတ္ထ)။ မွေးဖွား၍ ကြာမြင့် ကုန်ပြီးသော (အဓိပ္ပာယတ္ထ။)

ဂ-ဝါကျ အဒ္ဓါနံ ဂတေဖြင့် အဒ္ဓနှင့် ဂတကို အဒ္ဓံ ဂတာ အဒ္ဓ ဂတာဟု ဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်း ကောင်း[၁]၊ ဂတေပုဒ်ကို ဂစ္ဆိံသူတိ ဂတာဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ တ-ပစ္စည်း၏ ကတ္တုသာဓနဖြစ်သက်သည်၏ အဖြစ်ကို လည်းကောင်း[၃]၊ အဒ္ဓသဒ္ဒါသည် ဘာဂ, ပထ, ခေါ်သအနက်တို့ကိုမဟော၊ ရှည်စွာသောအခွန့်ကာလကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယာပစ္စယတ္ထ။ ၄။ နာမလိင်္ဂတ္ထ။

† အဒ္ဓေါ ဘာဂေ ပထေကာလေ၊ ခေါ်သဒ္ဒါဗျယံ ဘဝေ။ ဓာန်။ ၉၉၆။

ဃ-ဝါကျဖြင့် အဒ္ဓဂတဟူသည် မင်းနှစ်ဆက်သုံးဆက်ကို လွန် ကုန်သူတို့ပင်တည်းဟုသိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** အဒ္ဓဂတော၊ မင်း နှစ်ဆက်သုံးဆက် လည် သဲဖြင့် ရှည်သောအခွန့်သို့ရောက်ကုန်သော (သာဓိပ္ပါယသဒ္ဒတ္ထ။)

## ဒွေတယောရာဇပရိဝဋ္ဋေမှတ်ဖွယ်

ဒွေတယော၊နှစ်ခုသုံးခုကုန်သော။ ရာဇပရိဝဋ္ဋေ၊မင်း၏ အဆက်တို့ ကို။ ဤမအူသျှအလို ဒွေတယောကို ပရိဝဋ္ဋ၌စပ်။ ဒွေတယောနှင့် ရာဇ ပရိဝဋ္ဋကား ဝါကျသာတည်း။

ဒွေတယောရာဇပရိဝဋ္ဋေ၊ နှစ်ပါးသုံးပါး ကုန်သော မင်းတို့၏ အဆက်တို့ကို။ ဤအလို ဒွေတယောကိုရာဇ၌စပ်၊ ဒွေတယောနှင့် ရာဇပရိ ဝဋ္ဋကား သမာသ်သာတည်း။ ဒွေဝါ တယောဝါရာဇာနော ဒွေတယော ရာဇာနောဟု ဝိဂ္ဂဟပြု။ ဒွေတယောတို့၌ ဝိဘတ် မကြေသော အလုတ္တ သမာသ်။ ဒွေတယောရာဇူနံ ပရိဝဋ္ဋာ ဒွေတယော ရာဇပရိဝဋ္ဋာဟု သမာသ်တွဲ။ ဂ၊ သစ် အလိုတည်း။

http://www.dhammadownload.com



ဒွေတယောနင့်ရာဇပရိဝဋ္ဋသမာသ်တွဲမည်ဆိုလျှင် ဒ္ဓိတ္တိ ပတ္တိပူရာကဲ့သို့ ဒ္ဓိတ္တိရာဇပရိဝဋ္ဋေဟုပါဠိရှိသင့်၏ဟုအချို့ဆရာကဆိုသည်။ မအူသျှ အလိုဝါကျကြံ၍အနက်ပေးခြင်းက အဓိပ္ပာယ် ဖြောင့်သည်ဟုထင်သည်။

၄-ဝါကျ၌ ပဋ္ဌမဝယံ သမ္ဗန္တေဖြင့် ဝယနင့် အနုပတ္တကို ဝယံ အနုပ္ပတ္တာ ဝယောအနုပ္ပတ္တာဟု ဒုတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အနုပ္ပတ္တပုဒ်ကို အနုပဗ္ဗိသု သမ္ဗာပုဏ်သူတိ အနုပ္ပတ္တာဟုကတ္တုသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ တပစ္စည်း၏ ကတ္တုသာဓန၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၃]၊ အနုပတ္တသဒ္ဒါ သမ္ဗတ္တအနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ ဝယအရ ပဌမဝယကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓာနတ္ထ။
၃။ ဒုတိယပစ္စယတ္ထ။ ၄။ နာမလိင်္ဂတ္ထ။ ၅။ အဘိဓေယျတ္ထ။

---

(က) ၁-ဣဒါနိ အဘိဝါဒေတိတိ(လ)ဝေဒိတဗ္ဗာနိ။ ၂။ နဝန္တတိ ဝါ (လ) ဥပနိမန္တေတိတိ။

(ခ) ဓေတ္တေ ဟိ ဝါသဒ္ဒေါ ဝိဘာဝနေ နာမအတ္ထေ။

(ဂ) ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ အာဒိသုဝိယ။ ၄။ ၁၀၂။

## ● ဝါကျခွဲနင့် ကျမ်းတက်

၁-ဝါကျကား အာကာရဝန္တဝါကျ။ ၂-ဝါကျကား အာကာရ ဝါကျ။

## အာကာရဝါကျ အသွင်းအထုတ် ယောဇနာနည်း

(၁) သဒ္ဒတော အာကာရန္တောကရဏ = သဒ္ဒါအားဖြင့် (အာကာရဝါကျကိုအနက်မပေးဘဲ) ယင်း အာကာရဝါကျကို အာကာရဝန္တဝါကျအတွင်းသို့(အဓိပ္ပာယ်ဆီလျော်အောင်)သွင်း၍ အနက်ယောဇနာခြင်း။

(၁) ဣဒါနိ၊ ဣဒ္ဓ။ အဘိဝါဒေတိတိ ဧဝမာဒီနိ၊ ကုန်သော။ ပဒါနိ၊ ပုဒ်တို့ကို။ န သမဏော ဂေါတမောတိဓေတ္တေ၊ ဣဒ္ဓ။ ဝုတ္တနကာရေန၊ ဖြင့်။

http://www.dhammadownload.com



ယောဇေတွာ၊ ၍။ နဝန္တတိ ဝါ နာသနာဝုဋ္ဌဟတိ ဝါ နာပိ (လ) ဥပနိမန္တေတိ" တိ၊ နဝန္တတိ ဝါ နာသနာဝုဋ္ဌဟတိ ဝါ နာပိ(လ)ဥပနိမန္တေတိ ဟူ၍။ ဧဝံ၊ ဤသို့။ အတ္ထတော၊ အားဖြင့်။ ဝေဒိ တဗ္ဗာနိ၊ သိအပ်ကုန်၏။

ရှင်းလင်းချက်။ အာကာရဝန္တ ဝါကျအတွင်းသို့ အာကာရ ၂-ဝါကျကိုအနက်မပေးဘဲ သဒ္ဒါအတိုင်းသွင်း၍ အနက်ယောဇနာသည်။

(၂) အတ္ထတောအာကာရန္တောဂကရဏ = အနက်အားဖြင့် (အာကာရဝါကျကိုအနက်ပေး၍) ယင်းအာကာရ ဝါကျကို အာကာရဝန္တ ဝါကျအတွင်းသို့ (အဓိပ္ပာယ် ဆီလျော်အောင်) သွင်း၍ အနက်ယောဇနာခြင်း။

(၂) ဣဒါနိ၊ ၌။ အဘိဝါဒေတီတိ ဧဝမာဒီနိ၊ ကုန်သော။ ပဒါနိ၊ တို့ကို။ နသမဏောဂေါတမောတိဓွော၊ ၌။ ဝုတ္တနယာရေန၊ ဖြင့်။ ယောဇေတွာ၊ ၍။ နဝန္တတိဝါ၊ ရှိခိုးထိုက်၏ဟုလည်းမမှတ်ထင် (လ) နဥပနိမန္တေတိဝါ၊ဖိတ်ကြားထိုက်၏ ဟုလည်းမမှတ်ထင်။ ဣတိဧဝံ၊ဤသို့။ အတ္ထတော အားဖြင့်။ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ (အာကာရဝါကျကို အနက်ပေးခြင်းသာထူး၏။)

**မှတ်ချက်။** အာကာရ ဝါကျကို ရှေ့ထား၊ အာကာရဝန္တ ဝါကျနောက်ထား၍ ယောဇနာမှအဓိပ္ပာယ်ဆီလျော်သော ဝါကျမျိုး၌ အာကာရဝါကျကို အာကာရဝန္တရှေ့ထား၍ ယောဇနာခြင်းကိုလည်း အန္တောဂကရဏ (အတွင်းသွင်း)ဟုပင်ခေါ်သည်။

(၃) သဒ္ဒတောအာကာရဗဟိကရဏ = သဒ္ဒါအားဖြင့် အာကာရဝါကျကို အာကာရဝန္တဝါကျအပြင်သို့ထုတ်၍ (တခြားစီ) အနက်ယောဇနာခြင်း။)

(၃) ဣဒါနိ၊ ၌။ အဘိဝါဒေတီတိ ဧဝမာဒီနိ၊ ကုန်သော။ ပဒါနိ၊ တို့ကို။ နသမဏောဂေါတမောတိဓွော၊ ၌။ ဝုတ္တနယာရေန၊ ဖြင့်။ ယောဇေတွာ၊၍။ ဧဝံ၊ ဤသို့။ အတ္ထတော၊ အားဖြင့်။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ ကိံ ဝေဒိတဗ္ဗာနိ၊အဘယ်သို့သိအပ်ကုန်သနည်း။ (ပုစ္ဆာဝါစကကိံသဒ္ဒါထည့်စွက်၍ယောဇနာသည်။) "န ဝန္တတိ ဝါ နာသနာဝုဋ္ဌဟတိ ဝါ နာပိ (လ) ဥပနိမန္တေတိ" တိ၊ နဝန္တတိ ဝါ နာသနာ ဝုဋ္ဌဟတိ ဝါနာပိ (လ) ဥပနိမန္တေတိ ဟူ၍ (အာကာရဝါကျအနက်မပေး။) ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။)

http://www.dhammadownload.com



**ရှင်းလင်းချက်။** ဥပနိမန္တေတိတိ-၌ ဣတိသဒ္ဒါ "ဟူ၍ ပေးက အာကာရ"ဆိုသည့်အတိုင်း အာကာရတည်း။ အာကာရ ဣတိသဒ္ဒါပါ သောဝါကျ၌ ပုစ္ဆာဝါစက ကိံ သဒ္ဒါရှေ့၌ထည့်စွက်၍ ယောဇနာရသည်၊ သို့ယောဇနာခြင်းကိုပင် အာကာရဗဟိကရဏ = အာကာရ အပြင်ထုတ် ယောဇနာဟုဆိုသည်။ အာကာရ အပြင်ထုတ်ရာ၌ ၁-မူလကြိယာ (ဤ၌ ဝေဒိတဗ္ဗာနိ။) ၂-ကိံနှင့်ယှဉ်သောကြိယာ (ကိံဝေဒိတဗ္ဗာနိ။) ၃။ ပြန် စပ်ကြိယာ (ဥပနိမန္တေတိတိ-ဟူ၍ ဝေဒိတဗ္ဗာနိ) ဟု ကြိယာတူ ၃-မျိုး ရှိ သည်ကိုသတိပြုရာ၏။ အောက်ပါနိယံဖြင့် မှတ်သားပါလေ။

* ဣတိသဒ္ဒါ၊ အာကာရတ္ထ၊ နောက်၌ပြမူ၊ ဝါစကပုစ္ဆာ၊ ကိံ သဒ္ဒါကို၊ ရှေ့မှာစွက်၍ အနက်သမ္ဗန်မြဲ။ (ဘုရားကြီး)

(၄) အတ္ထတော အာကာရ ဗဟိကရဏ = အနက် အားဖြင့် (အာကာရဝါကျကို အနက်ပေး၍) ယင်းအာကာရဝါကျကို အာကာရ ဝန္တဝါကျအပြင်သို့ထုတ်၍ (တခြားစီ) အနက်ယောဇနာခြင်း။ (၃-နှင့် တူပြီ။ အာကာရဝါကျအနက်ပေးခြင်းသာထူး၏။)

**မှတ်ချက်။** ဤအတူ ဥပမာနဝါကျအသွင်းအထုတ် ယောဇနာ နည်းကိုလည်းသိအပ်၏။ ဂ-ဝါကျသည် ဥပမာနဝါကျဖြစ်၍ အောက်ပါ အတိုင်းအသွင်းအထုတ်ပြုလေ။ အကျဉ်းမျှဖော်ပြပါမည်။

ရူပံ နိစ္စံ ဝါ (လ) အာဒီသု ဝါသဒ္ဒေါ ဝိဘာဝနေ နာမအတ္ထေ ဟောတိဝိယ တ္ထေ (လ) အတ္ထေ ဟောတိ-ဟု ဂ-ဝါကျကို ခ-ဝါကျ ရှေ့၌ထား၍ ယောဇနာ။ (အန္တောကရဏ)

ဟိ တ္ထေ ဝါသဒ္ဒေါ ဝိဘာဝနေ နာမအတ္ထေ ဟောတိ ကေသု ဝါသဒ္ဒေါ ဝိဘာဝနေ နာမအတ္ထေ ဟောတိဝိယ (ကိံသဒ္ဒါစွက်)။ ရူပံ နိစ္စံ ဝါ (လ) အာဒီသု၊ ရူပ(လ)စသည်တို့၌ကဲ့သို့။ ဝါသဒ္ဒေါ ဝိဘာဝနေ နာမအတ္ထေ ဟောတိဟု အနက် ယောဇနာ။ ဟောတိကြိယာ ၃-ခါပါ သည်။ (ဗဟိကရဏ)

## ဝါကျခွဲအဆက်

ခ-ဝါကျကား ပကတ္တရဝါကျ။ ထို-က-ဝါကျကား ပကဝါကျ။ **တစ်နည်း။** ခ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျ အာရဒ္ဓ

http://www.dhammadownload.com



ဝါကျ။ **တစ်နည်း။** ခ–ဝါကျကား ကာရဏ။ ထို– ၍ က–ဝါကျကား ဖလ။ **တစ်နည်း။** ခ–ဝါကျကား ယုတ္တိဒင်္ဂကရဏ။ ထို–၍ က–ဝါကျကား ယုတ္တိဒင်္ဂယဝါကျ။

**ရှင်းလင်းချက်။** ဓတ္တ ကို ဓတ္တ ဓေ သို့ နှ သမဏော (လ) နိမန္တေတိတိ ဝစနေ ဟုစွဲပါ။ က–ဝါကျ ပြန်မစွဲရ။ သို့ဆိုလျှင် က–ဖြင့် နှ သဒ္ဒါကို ဘယ်သို့ဘယ်ပုံယှဉ်စပ်၍ ယောဇနာရမည်ကို ပြပြီးနောက်ပါဠိတော်၌ အဘိဝါဒေတိဝါစသည်၌ ဝါသဒ္ဒါ၏အနက်ကိုဖွင့်ပြလို၍ ခ–ဝါကျ တက်လာကြောင်းထင်ရှားပါသည်။ ထို့ကြောင့် ပက္ခန္တရ၊ ပက္ခခွဲသည်။ ဝါသဒ္ဒါပဒပူရဏကို ဟောလေသလားဟု စောဒနာဖွယ်ရှိ၍ ခ–ဝါကျ တက်လာသည်ဟုလည်းကြံသင့်သည်။ သို့ကြံလျှင် ခ–ဝါကျာရမ္မ ဆိုသော စကား ယုတ္တိရှိသည်သာ။ ဤကားနှောမတိတည်း။ နှစ်သက်က ယူလေ။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၀၀–၌ ဟိကား ကာရဏ၊ဒင်္ဂဟုဆို၍ သျှ၊ ဟောင်း၌ ဒင်္ဂဟုဆိုသည်။ မိမိကား သဘောမမိ၊ သို့သော် စာဖြေရာ၌မူ ဤကျမ်းများ ရှိတိုင်းဖြေရာ၏။

## ပါဠိတော်ထပနာထား၍ကျမ်းတက်

ဆရာ၊ ဝေဿန္တရပုဏ္ဏားသည် "နှသမဏော (လ) နိမန္တေတိ" ဟု ဆို၏။ ဤနှသမဏောစသောစကား၌ ဝါသဒ္ဒါသည် အဘယ် အနက်၌ ဖြစ်ပါသနည်း။ ပဒပူရဏ၊ ဝါ– ဝိကပ်၊ ဝါ၊ သမုစ္စည်း, အနက်၌ ဖြစ်ပါ သလော=ကြောင့် ခဝါကျမိန့်။

ဃ–ဝါကျကား အာဂမဒင်္ဂကရဏ၊ ဝါ ဥပမာနဝါကျ။ ထို–၍ ဂ–ဝါကျကား အာဂမဒင်္ဂယ၊ ဝါ–ဥပမေယျဝါကျ။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**အာသန။** အာသတေ အသ္မိန္တိ အာသနံ။ အသ္မိ၊ ဤနေရာ၌။ သတ္တော၊ သည်။ အာသတေ၊ နေထိုင်တတ်၏။ ဣတိ တံ ဌာနံ အာသနံ။ အာသဓာတ် ယု ပစ္စည်း။ အဓိကရဏ သာဓန။

အသဓာတ်၏အရ ကတ္တုပ္ပ ကြိယာအရကား သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာတို့၏ဥပါဒ်သည်မှချ။ ထိုအားတပ်သော်နေရာ၏ ပကတူပနိဿယ

http://www.dhammadownload.com



သတ္တိသည် ဖလူ။ ယု ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သောနေရာ ဒြဗ်ရ၏။

**မှတ်ချက်။** ထိုင်သူမှာ သတ္တဖြင့်၍ ကတ္တုဋ္ဌ အရ ယင်းသတ္တ၏ ရုပ်နာမ်ခန္ဓာ ကောက်သည်။ ယု ပစ္စည်းအရ နေရာဒြဗ်နှင့်ပစ္စည်း ပြိုင်ရန် အတွက် ဥပါဒ်ကောက်သည်ဟုမှတ်။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-၁-ဝါကျဖြင့် နသမဏော၏ န သဒ္ဒါကို အဘိဝါဒေတိစသောပုဒ်တို့နှင့်စပ်၍အနက်ယောဇနာရမည်ဟု သိစေသည်။ (သမ္ဗန္ဓသံဝဏ္ဏနာ။)

၂-ဝါကျ၌ ဝန္ဒတိဖြင့် အဘိဝါဒေတိ၌ အဘိသဒ္ဒါသည် ဝိသိဋ္ဌစသောအနက်ကိုမဟော၊ အနတ္ထက ပဒပူရဏ အနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဝဒိဓာတ်(အဘိ+ဝဒိ+တိ)သည် ထုတိအနက်ကိုမဟော၊ အဘိဝါဒနအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

✝ ဝဒိ အဘိဝါဒန ထုတိသု။ အယမ္ပိ ဉ္ဉကာရန္တော ဓာတု။

နိတိ၊ ဓာတု။ ၃၁၅။

၂-ဝါကျ၌ အာသနာဝုဋ္ဌဟတိဖြင့် ပစ္စုဋ္ဌာနမည်သည် အာသနာဝုဋ္ဌာန်=(လေးစားလောက်သူလာလျှင်) နေရမှ ထပေးခြင်းပင်တည်းဟူသောမုချတ္ထကိုလည်းကောင်း[၁]၊ ပစ္စုဂ္ဂမန-ခရီးဦးကြိုဆိုခြင်းဟူသော ဥပလက္ခဏတ္ထကိုလည်းကောင်း[၂]၊ (ပစ္စုဋ္ဌေတိ=ပတိ+ဥဋ္ဌေတိ)ပတိဥပသာရ၏ အနတ္ထက ပဒပူရဏ၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ၂။ ဘာဝတ္ထ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။

✝ နာသနာ ဝုဋ္ဌာတီတိ ဣမိနာ ပန ပစ္စုဂ္ဂမနာ ဘာဝသာ ဥပလက္ခဏမတ္တံ ဒဿိတန္တိ ဒဋ္ဌဗ္ဗံ။ သာရတ္ထ၊ ၁။ ၃၃၈။

### အနက်ယောဇနာမှတ်ဖွယ်

နာသနာ ဝုဋ္ဌဟတိဟူသောအဖွင့်နှင့်အညီ "န ပစ္စုဋ္ဌေတိ"ကို အနက်ပေးလျှင် ဗြာဟ္မဏော၊ တို့ကို။ န ပစ္စုဋ္ဌေတိ၊ နေရာမှ မထ- ဟု ပေးရ

http://www.dhammadownload.com



မည်။ အဓိပ္ပာယ်မဖြောင့်၊ မှန်လည်းမမှန်ချေ။ ထို့ကြောင့် န ပစ္စုဋ္ဌေတိ ကိုဆိုခဲ့ပြီး အဖွင့်နှင့်အညီအနက်ပေးလိုလျှင် ဒိသွာ ဟူသော အဇ္ဈာဟာရ (ဆောင်ပါဌ်)ထည့်၍ ဗြာဟ္မဏော၊ တို့ကို၊ ဒိသွာ၊ မြင်၍။ န ပစ္စုဋ္ဌေတိ ဝါ၊နေရာမှထထိုက်၏ဟုလည်းမထင်မှတ်-ဟု အနက်ပေးရမည်။ ပစ္စုဋ္ဌေတိ ပုဒ်ကို ပစ္စုဂ္ဂမနအနက်ယူလျှင် အဇ္ဈာဟာရပါဌ်ထည့်စရာမလို။ ဗြာဟ္မဏော၊ တို့ကို၊ န ပစ္စုဋ္ဌေတိ၊ နေရာမှထ၍ ခရီးဦးကြိုဆိုထိုက်၏ဟုလည်း မထင်မှတ် ဟု အနက်ပေးပါ။

† ဒိသွာတိ အဇ္ဈာဟာရံ ကတွာ အတ္ထော ဝေဒိတဗ္ဗော။ သာရတ္ထ၊ ၁။ ၃၃၈။

ဝိဘာဝနေ နာမအတ္ထေဖြင့် အဘိဝါဒေတိ ဝါ စသည်၌ ဝါ သဒ္ဒါကား ပဒပူရဏမဟုတ်၊ ပင်ကိုယ်သဘောကို ထင်ရှားပြခြင်းအနက်၌ ဖြစ်သတည်းဟုသိစေသည်။ (နိပါတလိင်္ဂတ္ထ။)

## ဝိဘာဝနနာမအတ္ထ

ပကတိသဘောကို ထင်ရှားပြခြင်းဟုဆိုအပ်သောအနက်ကို ဝိဘာဝန နာမတ္ထဟုဆိုသည်။ ပကတိဝိဘာဝနသင်္ခါတေ အတ္ထေ။ သာရတ္ထ။ ယင်းအလို "န အဘိဝါဒေတိ ဝါ၊ ရှိလည်းမခိုးတတ်၊ ရှိခိုးသည့် အလေ့ အထမရှိ" သဒ္ဒတ္ထ။ ရှိခိုးထိုက်၏ မထင်မှတ်ဟု အဓိပ္ပာယတ္ထ အနက်ပေးပါ။ ဤ၌ "တတ်" ဟူသော စကားမှာ ကတ္တားပြ စကားမဟုတ်၊ ပကတိ သဘောပြစကားတည်း။ အရက်သောက်လေ့မရှိသူကို "ဒီလူကသောက် တတ်စားတတ်မရှိပါဘူး"ဆိုသကဲ့သို့တည်း။

† န အဘိဝါဒေတိ ဝါတိ န အဘိဝါဒေတဗ္ဗန္တိ သလ္လက္ခေတီတိ ဝုတ္တံ ဟောတိ။ သာရတ္ထ၊ ၁။ ၃၃၈။

---

## ● နည်းနှင့်ဥပစာ

**ပစ္စုဋ္ဌေတိ။** အစိတ်ဖြစ်သော အာသနာဝုဋ္ဌာန၏ ပစ္စုဋ္ဌေတိဟူ သောအမည်ကိုအပေါင်းဖြစ်သော အာသနာဝုဋ္ဌာန, ပစ္စုဂ္ဂမနတို့၌ တင် စား၍အပေါင်းဖြစ်သော အာသနာဝုဋ္ဌာန, ပစ္စုဂ္ဂမနကို ပစ္စုဋ္ဌေတိဟုဆို သောကြောင့် ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာ။

http://www.dhammadownload.com



အစိတ်ဖြစ်သောအာသနာဝုဋ္ဌာနကိုပစ္စုဋ္ဌေတိဟုမှတ်၍ဆိုသဖြင့်အပေါင်းဖြစ်သော အာသနာဝုဋ္ဌာနပစ္စုဂ္ဂမနတို့ကိုလည်းရသောကြောင့် ဥပလက္ခဏာနည်းမည်၏။

## ● ပါဠိဝိနိစ္ဆယ

**အတ္တနာသုတံ။ အတ္တနောသုတံ။** ယောဇနာ၌ အတ္တနာတိပဒံ သုတန္တိပဒေ ကတ္တာဟု ဖွင့်သောကြောင့်လည်းကောင်း၊ သုတံဟူသော ကံဟောကြိယာကိုထောက်၍ တတိယာကတ္တားနေသင့်သောကြောင့်လည်းကောင်း အတ္တနာရှိသောပါဠ်သာသင့်သည်။

**ယမဟံ။** အဘိဝါဒေယျံဝါ။ **ယာဟံ။** ယံ+အဟံဟုပုဒ်ဖြတ်။ ယံကားကြိယာပရာမသနၥတေ ဟူသောနိယတ်နှင့် တွဲဘက်တည်း။ထိုကြောင့် ယမဟံသင့်။ ယာဟံရှိကာလည်း ယံအဟံပင်ပုဒ်ဖြတ်ရသောကြောင့် သင့်သည်။

**မှတ်ချက်။** ယွာဟံယောအဟံ (လ) တေနမယာဟု နိယတ်ထည့်၍ သမ္ဗန်ဟုယောဇနာဆိုသော်လည်းမသင့်ဟု ပါရာ၊ဂံ၊သစ်၊၂။ ၁၀၃-ဆိုသည်။

### အာသဘိံဝါစံ။ အာသဗ္ဘိံဝါစံ။ အာသဗ္ဘိဝါစံ။

ဥသဘသဿ ဣဒံ အာသဘံ၊ ဌာနံ။ အာသဘိံဝါစာ။ ရှု၊ အာတ္တင်္ဂ သုတ်။ ဝါစံဟူသောဣတ္ထိပုဒ်၌စပ်ရသည်ကိုထောက်၍ နဒါဒိ ဤပစ္စည်းသက်လျက် အံ ဝိဘတ်ဖြင့်ပြီးသော အာသဘိံ ပါဠ်သာသင့်သည်။

---

(က) ပရိယာယောတိ ကာရဏံ။

(ခ) အယမ္ပိ ပရိယာယသဒ္ဒေါ ဒေသနာဝါရကာရဏေသု ဝတ္တတိ။

(ဂ) မဓုပိဏ္ဍိက (လ) အာဒီသု ကာရဏေ။

(ဃ) သွာယမိဓ ကာရဏေ ဝတ္တတိ။

(င) တသ္မာ ဧတ္ထ ဧဝမတ္ထော ဒဋ္ဌဗ္ဗော။ ဋ္ဌ။ ၁၀၃။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့် ကျမ်းတက်

ခ–ဝါကျကား ကာရဏဝါကျ၊ ဝါ–ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို၌ က–ဝါကျကား ဖလဝါကျ၊ ဝါ–ယုတ္တိဒဋ္ဌီယဝါကျ။

## ခ–ဝါကျသဒ္ဒပသင်္ဂအတ္ထပသင်္ဂကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် ပရိယာယောတိ ကာရဏံဟု ဆိုတော်မူ၏။ အဘယ်ကြောင့် ပရိယာယောတိ ကာရဏံဟူသနည်း။

ပရိယာယသဒ္ဒါဟူသည် ကာရဏတ္ထကို ဟော၏လော (**သဒ္ဒပသင်္ဂ အာဘော်။**)

ကာရဏတ္ထသည် ပရိယာယသဒ္ဒါ၏ အနက်ဟုတ်၏လော (အတ္ထပသင်္ဂအာဘော်)။ ကြောင့် ခ–ဝါကျမိန့်။

**မှတ်ချက်။** ဂံ၊ သစ်ကျမ်းတက်နည်းဟည်း။ နှာ၊ ၁၁၃–၌ ဂံ၊ သစ်တစ်မျိုးတက်ပုံကိုရှုလေ။ ဤတက်နည်းကပိုကောင်းသည်။

ဂ–ဝါကျကား အာဂမဒဋ္ဌိကရဏ၊ ဝါ– ဝိတ္ထာရ၊ ဝါ–တပ္ပာကဋိကရဏ–ဝါကျတည်း။ (ဂ–ဝါကျ၌ အစိတ်ဝါကျများကားပက္ခ၊ ပက္ခန္တရများတည်း။)

ဃ–ဝါကျကား အတ္ထုဒ္ဒေသ၊ ဝါ–အဓိပ္ပေတတ္ထ၊ ဝါ– ဝိသေသဝါကျ။

င–ဝါကျကား လဒ္ဓဂုဏဝါကျ။

---

## ● ဝိဂ္ဂဟနှင့်ဉာသ်ကောက်

**၁–ဒေသနာအနက်။** ပရိယာ ယေတိ ဒေသေတဗ္ဗမတ္ထံ အဝဂမေတိ ဗောဓေတီတိ ပရိယာယော။ ဒေသနာ။ ယာ ဒေသနာ၊ သည်။ ဒေသေတဗ္ဗံ၊ ဟောအပ်သော။ အတ္ထံ၊ အနက်ကို။ ပရိယာယေတိ အဝဂမေတိ ဗောဓေတိ၊ သိစေတတ်၏။ ဣတိ သာ ပရိယာယော။ (ပရိ+ဣ+ဏ။ ဟေတုကတ္တုသာဓန။)

ပရိဥပသာရ အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။ ဣဓာတ်၏အရ သုဒ္ဓကတ္တုဖြစ်ကြိယာကား ဝေနေယျတို့၏ ဉာဏ်ပြန့်နှံ့ သော

http://www.dhammadownload.com



စိတ္တုပ္ပာဒ်သည် မှန်၏။ ဟေတုကတ္တုဧကြိယာကား ထိုအား တပ်သော ဒေသနာတော်၏ အာရုမ္မဏပစ္စယသတ္တိသည်ဖလူပစာ။ ဏာ–ပစ္စည်း အရကား ထိုမှချ ဖလူပစာတို့ဖြင့် မှတ်အပ်သော ဒေသနာဒြဗ်ရ၏။

၂–ဝါရအနက်။ ပရိယာယောတိ အပရာ ပရံ ပရိဝတ္တေတီတိ ပရိယာယော။ ဝါရော၊ ယောဝါရော၊ အကြင်အလှည့်အကြိမ်သည်။ အပရာ ပရံ၊အပြန်ပြန်အထပ်ထပ်။ ပရိယာယတိ ပရိဝတ္တေတိ၊ ဖြစ်တတ်၏။ ဣတိ သော ပရိယာယော။(ကတ္တုသာဓနေ)။

ဣဓာတ်၏အရကား အပြန်ပြန်အထပ်ထပ်ဖြစ်တတ်သော အလှည့် အကြိမ်ဟူသော ဝါရ၏ဥပါဒ်ရ၏။ ဏာ–ပစ္စည်း အရကား ဥပါဒဝန္တဖြစ် သောအလှည့်အကြိမ်ဝါရ ရ၏။

၃–ကာရဏအနက်။ ပရိယာယတိ အတ္တနော ဖလံ ပရိဂ္ဂဟေတွာ ဝတ္တတိ၊ တဿ ဝါ ကာရဏဘာဝံ ဂစ္ဆတီတိ ပရိယာယော၊ ကာရဏံ၊ ယံကာရဏံ၊ အကြင်အကြောင်းသည်။ အတ္တနော၊ ၏။ ဖလံ၊ အကျိုးကို။ ပရိဂ္ဂဟေတွာ၊သိမ်းဆည်း၍။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဝါ၊ တစ်နည်းကား။ ယံကာရဏံ၊သည်။ တဿဖလဿ၊ထိုအကျိုး၏။ကာရဏဘာဝံ၊အကြောင်း၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ တံ ကာရဏံ ပရိယာယော။ (ကတ္တုသာဓနေ။)

ပရိအရကား ပရိဂ္ဂဟဏတ္ထဘောဂဏ် (ပဌမဝိကပ်အလို) ဓာတွတ္ထာနုဝတ္တကဘောဂဏ် (ဒုတိယဝိကပ်အလို) ရ၏။ ဣဓာတ်၏အရကား မိမိအကျိုးကိုယူ၍ဖြစ်တတ်သော အကြောင်းတရား၏ ဥပါဒ်ရ၏။ (ပ–ဝိကပ်အလို) အကျိုးတရား၏ အကြောင်းအဖြစ်သို့ ရောက်တတ်သောအကြောင်းတရား၏ဥပါဒ်ရ၏။ (ဒု–ဝိကပ်အလို) ရ၏။ ဏာ–အရကား ဥပါဒဝန္တဖြစ်သောအကြောင်းတရားရ၏။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဥ္စ ကာရဏံဖြင့် ပရိယာယသဒ္ဒါသည် ကာရဏ အနက်ကိုဟောသတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ၊ ဝါ–အဘိဓေယျတ္ထ။)

ခ–ဝါကျဖြင့် ပရိယာယသဒ္ဒါသည် သဒ္ဒန္တရိက်ကိုမငဲ့၊ သာမညသဒ္ဒါဖြစ်သော် ဒေသနာအနက်, ဝါရအနက်, ကာရဏ အနက်ကိုဟောသတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ၊ ဝါ–အဘိဓေယျတ္ထ။)

http://www.dhammadownload.com



ဃ-ဝါကျဖြင့် ပရိယာယသဒ္ဒါသည် အတ္ထိခွေသစသောသဒ္ဒန္တရိတ်ကိုထောက်၍ ကာရဏအနက်ကိုဟောသတည်းဟုသိစေသည်။

နာမ်လိင်္ဂတ္တ၊ ဝါ-အဘိဓေယျတ္တ၊ ဝါ-အဝိပွေတတ္တ။

**မှတ်ချက်။** ကာရဏေ ဒေသနာယဥ္စ၊ ဝါရေဝေဝစနေ ပိစ၊ ပါကာရသ္မိံ အဝသရေ၊ ပရိယာယောကထိယတိဟု အဘိဓာန်၊ ၈၃၈။ ၌ ၆-အနက်လာသည်။

---

## ● နည်းဥပစာ

**အညာယ။** အကြောင်းအရဟတ္တမဂ်၏ အညာဟူသော အမည်ကိုအကျိုးဖြစ်သော အရဟတ္တဖိုလ်၌တင်စား၍ အကျိုးဖြစ်သော အရဟတ္တဖိုလ်ကို အညာဟု ဆိုသောကြောင့် ကာရဏူပစာ သဒ္ဒါမည်၏။ (နာနန္တရိကနည်း)

**ရှင်းလင်းချက်။** အည်ဗျာကရိ သူတိအရဟတ္တံဗျာကရိသု။ ဝိ၊ ၄၊ ၂။

၇၉-အဖွင့်။ ယင်းအဋ္ဌကထာကို ဝိမတိ၊ ၁။ ၂၄၂-၌ သဗ္ဗေသံ ကိလေသာနံ ပဟာယကဝသေန အာဇာနာတိ, သမန္တတော သဗ္ဗေန ဝါ ပကာ ရေန ဇာနာတီတိ အညာတိ အဂ္ဂမဂ္ဂေါ ဝုစ္စတိ၊ တ ဒုပစာရေန ပန တပ္ပ လမ္ပိတိ အာဟ"အည်ဗျာကရိ သူတိ အရဟတ္တံ ဗျာကရိသူတိ" ဟု ဖွင့်သည်။ ယင်းဋီကာအလို အရဟတ္တမဂ်၏ အညာ အမည်ကား မုချ။ အရဟတ္တဖိုလ်၏ အညာအမည်ကား ကာရဏူပစာဟုဆိုလိုသည်။

**အဘိဓာန်အလို။** အညာတု အရဟတ္တဥ္စ-ဟုဆိုသော ဓာန်အလို အညာသဒ္ဒါကား အရဟတ္တဖိုလ်ဟောဖြစ်၍ ဥပစာကြံဖွယ် မလိုတော့ချေ။

**အချို့ဝါဒ။** အညာသဒ္ဒါကား အရဟတ္တဖိုလ် ဟောသည်။ ယင်း၏သမ္ပယုတ္တဓမ္မကိုလည်း အညာအရ ကောက်၍ ကေဒေသူပစာ၊ ဥပလက္ခဏ၊ ပဓာနနည်းဟုအချို့ကြံကြသေးသည်။

**မှတ်ချက်။** အတ္ထုဒ္ဓါရ, အတ္ထုဒ္ဒေသ ဝါကျတိုင်းရနေကျ ကေဒေသူပစာ၊ ဝါ-သမုဒါယူပစာကိုလည်း သတိပြုပါ။

http://www.dhammadownload.com



## အညာမှတ်ဖွယ်

**အရဟတ္တမဂ်။** သဗ္ဗေသံ ကိလေသာနံ ပဟာယကဝသေန အာ ဇာနာတီတိ အညာ။ **တစ်နည်း။** သမန္တတော သဗ္ဗေန ပကာရေန ဇာနာ တီတိ အညာ။ အာ–ပုဗ္ဗဉာဓာတ် အ– ပစ္စည်း ဣတ္ထိလိင် ဇောတက အာ ပစ္စည်း။ ဣတ္ထိလိင်။

**အရဟတ္တဖိုလ်။** အာဇာနိယိတ္ထ အညာသီတိ ဝါ အညာ၊ ဓာတ် ပစ္စည်းအတူပင်။ ဣတ္ထိလိင်။

**ဗာလ–လူမိုက်။** ဒိဋ္ဌဓမ္မိကာဒယော အတ္ထေ နဉာတိ နဇာနာ တီတိ အညော။ နိတိ၊ဓာတု။ ၅၁။ န–ပုဗ္ဗ+ဉာဓာတ်+အ–ပစ္စည်း။ဝါစ္စလိင်။

**သဗ္ဗနာမ်အည။** အညဲ ပရိယာယံ အာစိက္ခတုဍ္ဍ အညာကား ပရိယာယံပုဒ်လိင်သို့လိုက်၍ ပုလ္လိင်။ ထို့ကြောင့် ဝါစ္စလိင်ပင်မှတ်။

† အရဟတ္တေ အညာ နာရီ၊ ဗလေညော ဝစ္စလိင်ဂိကော။ သဗ္ဗနာ
မေ အညသဒ္ဒေါ အဓိက်တာပရဝစနော။ ဂံ၊ သစ်၊ ၂။ ၁၀၈။

---

(က) မယ့်ပဟီနာတိ ဝတ္တဗ္ဗေပိ မဟာကာရေန အတ္တာနံ အနက္ခိ ပန္တွေ ၁ ဓမ္မံ ဒေသေတိ။

(ခ) ဒေသနာဝိလာသော ဝါ သောဘဂဝတော။

(ဂ) တတ္ထ ပဟီနာတိ စိတ္တသန္တာနတော ဝိဂတာ။

(ဃ) ဖဟီတာ ဝါ။

(င) တေသမ္ပိ ပနတ္ထေ ကရဏေ သာမိဝစနံ ဒဋ္ဌဗ္ဗံ။ ဋ္ဌ။ ၁၀၄။

### ● အနက်ယောဇနာ

**တေ တထာဂတဿ ပဟီနာ။** တေ၊ ထိုရူပရာဂစသည် တို့သည်။ တထာဂတဿ၊ မြတ်စွာဘုရား၏။ စိတ္တသန္တာနတော၊ စိတ်အစဉ်မှ (ပါဌ သေသထည့်)။ ပဟီနာ–ကင်းကွာကုန်ပြီ။ (ဂ–သံဝဏ္ဏနာနှင့်အညီ။)

**တစ်နည်း။** တေ၊ တို့ကို။ တထာဂတဿ၊ သည်။ ပဟီနာ၊ ပယ် အပ်ကုန်ပြီ။ (ဃ–င–သံဝဏ္ဏနာများနှင့်အညီ။)

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

### က–ဝါကျလီနတ္ထ ရစောဒနာတက်

ဆရာ၊ မြတ်စွာဘုရားသည် တထာဂတဿပဟီနာဟု ဟောတော်မူ၏။ မယုံပဟီနာဟုဟောတော်မူသင့်သည် မဟုတ်ပါလော။ (မယုံ ပဟီနာတိ ဝတ္တဗ္ဗေပိ ဟူသော လက္ခဏာ အရစိကို အာဘော်ပြု။) ယင်းသို့ မယုံပဟီနာဟု ဟောတော်မူသင့်လျက် အဘယ်ကြောင့် တထာဂတဿ ပဟီနာဟုဟောတော်မူသနည်း။ (အထ ကသ္မာ တထာဂတဿ ပဟီနာ တိ ဓမ္မံ ဒေသေတိ ဟုပုစ္ဆာထုတ်ပါ။) အကယ်၍ တထာဂတဿ ပဟီနာဟုဟောတော်မမူသင့်ဘဲလျက် ဟောတော် မူချေသော် မြတ်စွာ ဘုရားအား သဒ္ဒအတ္တ ဆန့်သော ဝိရောဓိ ဒေါသ ရောက်ရာ၏။ (ဒေါသာရောပန) ဤသို့–ကြောင့် ထိုစောဒနာကိုစောဒကာဘောဂစသည်ပြလျက်သော နောတော်မူလိုသောဆရာသည် က–ဝါကျမိန့်။ ကား– က ဝါကျဖြင့် မယုံပဟီနာဟုဟောတော်မူသင့်သော်လည်း ငါ ဟူသော မာန်မူခြင်းဖြင့် မိမိကိုယ်ကိုမချီးမြှောက်လိုသောကြောင့် တထာဂတဿပဟီနာဟု ဟောတော်မူ၏။ မယုံပဟီနာဟုမဟောဟုငါပြဆိုရကား သင်တင် တိုင်းသော သဒ္ဒအတ္တဆန့်သော ဝိရောဓိဒေါသဘုရားအား မရောက်ဆိုသင့်ဆိုတန်၏ဟူလို။

### က–ဝါကျဂဏ္ဌိသစ်တက်ပုံ

ဆရာ၊ (လ) တော်မူ၏။ (ဠပနာတူ)။ အရသရှုပေါ် ဘဝံ ဂေါတမောဟု ကိုယ်တော်ကို ဥဇုဝစ်အားဖြင့် ပုဏ္ဏားဆိုပါလျက် အဘယ်ကြောင့် တထာဂတဿပဟီနာဟု ဝက်ဝစ်အားဖြင့် မိန့်တော်မူပါသနည်း။ မယုံပဟီနာဟုဥဇုဝစ်အားဖြင့်ပင် မိန့်ဆိုသင့်သည် မဟုတ်ပါလော=ကြောင့် က ဝါကျမိန့်။

ကား....အရသရှုပေါ် ဘဝံ ဂေါတမောဟု ကိုယ်တော်ကို ဥဇုဝစ်အားဖြင့် ဆိုသောကြောင့် မယုံပဟီနာဟု ဥဇုဝစ်အားဖြင့်ပင် ဆိုသင့်သော်လည်း ငါဟူသော မာန်မူခြင်း မိမိကိုယ်ကို မချီးမြှောက်လိုသောကြောင့် မယုံပဟီနာဟု ဥဇုဝစ်အားဖြင့် မဟောဘဲ တထာဂတဿပဟီနာဟု ဝက်ဝစ်အားဖြင့် မိန့်တော်မူ၏ဟု ငါပြဆို၏ဟူလို။

http://www.dhammadownload.com



ခ–ဝါကျကား မမာကာရေန အတ္တာနံ အနက္ခိပန္တ ဟူသော အကြောင်းမှတစ်ပါးသော ဒေသနာဝိလာသအကြောင်းတစ်မျိုးကို ပြသောကြောင့် ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျကား မမာကာရေန အတ္တာနံ အနက္ခိပန္တ ဟူသော အကြောင်းတစ်မျိုးကို ပြသောကြောင့် ပက္ခဝါကျ။

ဂ–ဃ–င–ဝါကျတို့ကား တထာဂတဿ ပဟိနာပုဒ်၏ ဓာတွတ္ထ စသည် အကျယ်ပြသောကြောင့် ဝိတ္ထာရဝါကျ။ ထို–၍ က–ခ–ဝါကျကား သခေ်ပဝါကျ။ ထို ဂ–ဃ–င–ဝါကျတို့တွင် ဃ–ဝါကျသည် ပဟိနာဒ္ဒိ ဟာဓာတ်၏ ဂတျတ္ထ (ဝိဂတတ္ထ) ဟူသော အဖို့မှတစ်ပါး ယင်းဓာတ်၏ စာဂတ္ထ (ဇဟိတတ္ထ) ဟူသော အဖို့တစ်မျိုးကို ပြသောကြောင့် ပက္ခန္တရ ဝါကျ။ ဂ–ဝါကျကား ဟာဓာတ်၏ ဂတျတ္ထ (ဝိဂတတ္ထ) ဟူသော အဖို့ကို ပြသောကြောင့် ပက္ခဝါကျ။

င–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ဃ–ဝါကျကား အာရဒ္ဓဝါကျ။

## င–ဝါကျ ကျမ်းတက်

ဆရာ၊ဆရာသည် ဃ–ဝါကျဖြင့် ပဟီနသဒ္ဒါသည် ဇဟိတာ အနက်ကိုဟောသောဟု ဆိုတော်မူ၏။ ပဟီနသဒ္ဒါဇဟိတာအနက်ကို ဟောရာ (ဟောနိုက်)၌ တထာဂတဿ၌ သာမိဝိဘတ်သည် အဘယ်အနက်ကို ဟောပါသနည်း။ သာမျတ္ထကိုပင် ဟောပါသလော– ကြောင့် င–ဝါကျမိန့်။ (အဓိပ္ပာယ်ပါဌ်လျှောက်ဘာသာပြန်။)

---

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ဒေသနာဝိလာသ။** ဒေသနံ ဝိလာသေတီတိ ဒေသနာ ဝိလာသော။ ယံဉာဏံ၊ အကြင်သဗ္ဗညုတဉာဏ်, ဒေသနာဉာဏ်သည်။ ဒေသနံ၊ ဟောအပ်သော တရားတော်ကို။ ဝိလာသေတိ၊ တင့်တယ် စမွယ်စေတတ်၏။ ဣတိ တံ ဉာဏံ ဒေသနာဝိလာသော။ ဟေတုကတ္တုသာဓနေ၊ကိတန္တ ဒုတိယာ တပ္ပုရိသ်သမာသ်။ ဒေသနာသဒ္ဒူပပဒ + ဝိပုဗ္ဗ + လသဓာတ် +ဏ ပစ္စည်း။

ဒေသနာဟူသော ဝိသေသနပုဒ်အရကား ဟောအပ်သော တရားတော်သည်မှချ။ ယင်း၏ တင့်တယ်စမွယ်စေတတ်သော သဗ္ဗညုတဉာဏ်,

http://www.dhammadownload.com



ဒေသနာဉာဏ်တို့နှင့် အကျိုး အကြောင်း ၊ စပ်ခြင်းသမ္ဗန် ဌာနူပစာ။ (သမာသ်ကောက်)

ဝိ ဥပသာရအရကား ဓာတွတ္ထာနုဝတ္တဘောဂုဏ်ရ၏။

လသ- ဓာတ်အရ သုဒ္ဓကတ္တုဌ ကြိယာအရကား ဟောအပ်သော တထာဂတဿပဟီနာဟူသော တရား၏ဥပါဒ်သည်မုချ။ ဟေတုကတ္တုဌ ကြိယာအရကား ထိုအားတပ်သော သဗ္ဗညုတဉာဏ်, ဒေသနာ ဉာဏ်၏ ပကတူပနိဿယသတ္တိသည် ဖလူပစာ။ ဏ ပစ္စည်းအရကား ထိုမုချဌာနူ ဖလူပစာတို့ဖြင့် မှတ်အပ်သော သဗ္ဗညုတဉာဏ်, ဒေသနာဉာဏ်ရ၏။ ထိုသို့ ပင်ရငြားသော်လည်း ဒေသနာဝိလာသ သဒ္ဒါသည် ကာရဏူပစာ သဒ္ဒါ ဖြစ်သောကြောင့် တထာဂတဿပဟီနာဟူသော ပါဠိ (ဝါ) ဟောအပ်သော တရားရ၏။

**မှတ်ချက်။** ဤကား လဟုကနည်း ဝိဂ္ဂဟနှင့် ဉာဉ်ကောက် တည်း။ ဂရုကနည်းပြုလိုလျှင် " ဝိလာသေတီတိ ဝိလာသော၊ ဒေသနံ ဝိလာသော ဒေသနာ ဝိလာသော " ဟု ဝိဂ္ဂဟပြု။ လဟုကနည်း၊ ဉာဉ် ကောက်ကိုခွဲ၍ ကောက်လေ။

**ရှင်းလင်းချက်။** ဒေသေတဗ္ဗ ပကာရဓာနနံ (ဟောအပ်သော တရားကိုအမျိုးမျိုး အစားစား အပြားပြားဖြင့် သိခြင်း၊ ဝါ—သဗ္ဗညုတ ဉာဏ်သည်) ဟိ ဒေသနာဝိလာသော။ တထာဒေသနာဉာဏဋ္ဌ— ဟူသော ဓမ္မသင်္ဂဏီ၊ ဒုကအဖွင့်မူလဋီကာနှင့်အညီ ဒေသနဉာဏ်ကို မုချကောက်၍ ကာရဏူပစာအားဖြင့် တထာဂတဿပဟီနာဟူသောပါဠိဓမ္မကို ကောက် ယူသည်ဟုမှတ်။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

ဂ–ဝါကျ၌ စိတ္တသန္တာနတောဖြင့် ပါဠိ၌ စိတ္တ သန္တာနတောဟု ပါဌသေသဖြည့်စွက်၍ အနက်ယောဇနာ ရမည်အဖြစ်ကို လည်းကောင်း¹၊ ယင်း ပါဠ်သေသကိုထောက်၍ တထာဂတဿပုဒ်ကို ပဟီနာ၌မစပ်ရ၊ ပါဌသေသ၌စပ်ရမည်၏အဖြစ်ကိုလည်းကောင်း²၊ တထာဂတဿ၌ သ–ဝိဘတ်

http://www.dhammadownload.com



သည် သမ္ပဒါန် အနက်၌ သက်သော စတုတ္ထီဝိဘတ်မဟုတ်၊ သာမျတ္တ၌ ဆဋ္ဌီဝိဘတ်၏အဖြစ် ကိုလည်းကောင်း³၊ ပဟီနှာသဒ္ဒါ၏ အပါဒါန်နှာ ပေက္ခပုဒ်၏ အဖြစ်ကို လည်းကောင်း⁴ သိစေသည်။

၁။ သမ္ဗန္ဓ၊ ဝါ–ဘာဝတ္ထ။ ၂။ သမ္ဗန္ဓ၊ ဝါ၊ ဘာဝတ္ထ။ ၃။ ဝိဘတ္တိ ပဒနှင့်ဝိဘတျတ္ထ။ ၄။ ဘာဝတ္ထ။

ဂ–ဝါကျ၌ ဝိဂတာဖြင့် ပဟီနှာ၌ ဤန–သဒ္ဒါ၏ တပစ္စည်း၏ ကာရိယ အဖြစ်ကိုလည်းကောင်း¹၊ ဟာဓာတ်သည်ဆုတ်ယုတ်ခြင်း ဟာနိ အနက်ကိုမဟော ဂတိအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း²၊ ပ–ဥပသာရ၏ ဓာတွတ္ထ ဝိသေသက၏အဖြစ်ကိုလည်းကောင်း³၊ ပဟီနှာသဒ္ဒါ ဝိဂတတ္ထဟောခိုက်၏ တေ၌ ပဋ္ဌမာ ယောဝိဘတ်၏လိင် (ဝုတ္တကတ္တား) အနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း⁴ သိစေသည်။

၁။ ဒုတိယပစ္စယပဒ။ ၂။ ဒုတိယဓာတွတ္ထ။ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။
၄။ ဝိဘတျတ္ထ။

## ဂ–သံဝဏ္ဏနာနှင့်အညီဝိဂ္ဂဟညာသ်ကောက်

ပဇဟိံသု ဝိဂစ္ဆိံသူတိ ပဟီနာ။ ယေရူ ပရသာဒယော၊ တို့သည်။ တထာဂတဿ၊ ၏။ စိတ္တသန္တာနတော၊ မှ။ ပဇဟိံသု ဝိဂစ္ဆိံသု၊ ကင်းကုန် ပြီ။ ဣတိ တေ ပဟီနာ။ ပ+ဟာ+တ။ ကတ္တုသာဓန။

ပ–ဥပသာရ အရကား ဓာတွတ္ထ ဝိသေသက ဘောဂဏ်ရ၏။ ဟာ ဓာတ်၏အရကား မြတ်စွာဘုရား၏စိတ်အစဉ်မှ ကင်းကုန်ပြီးသော ရူပရသ စသည်တို့၏ အဘာဝသတ္တိရ၏။ တ–ပစ္စည်းအရကား သတ္တိမန္တ ဖြစ်သော ကင်းကုန်ပြီးသော ရူပရသစသည်တို့ရ၏။

ဃ–ဝါကျ၌ ဇဟိတာဖြင့် ပဟီနှာ၌ ဤနသဒ္ဒါ၏ တပစ္စည်း၏ကာ ရိယ၏အဖြစ်ကိုလည်းကောင်း¹၊ ဟာဓာတ်သည် ဆုတ်ယုတ်ခြင်း ဟာနိအနက်ကို မဟော၊ စာဂ(ဇဟိတ)အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း²၊ ပ– ဥပသာရ၏ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုလည်းကောင်း³၊ ပဟီနှာသဒ္ဒါ ဇာဟိတာ အနက်ကိုဟောရာ (ဟောခိုက်)၌ တေ၌ ပဋ္ဌမာ ယောဝိဘတ်၏ ကံအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း⁴ သိစေသည်။

၁။ ဒုတိယပစ္စယပဒ။ ၂။ ဒုတိယဓာတွတ္ထ။ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။
၄။ ဝိဘတျတ္ထ။

http://www.dhammadownload.com



## ဃ–သံဝဏ္ဏနာနှင့်အညီ ဝိဂ္ဂဟညာသ်ကောက်

ပဟီယိ'သူတိပဟီနာ။ယေရူပရသာဒယော၊တို့ကို။ တထာဂတဿ၊ သည်။ ပဟီနာ၊ ပယ်အပ်ကုန်ပြီ။ ဣတိတေပဟီနာ။ ပ + ဟာ + တ။ ကမ္မသာဓနံ။

ပ–ဥပသာရပုဒ်အရကား ဓာတွတ္ထဝိသေသကဇောတကဏ်ရ၏။ ဟာဓာတ်၏အရကတ္တုမ္ဘုကြိယာကား မြတ်စွာဘုရား၏ အရဟတ္တဖိုလ်စိတ်သည်မှုချ။ကမ္မဒ္ဒကြိယာအရကား ရူပရသစသည်တို့၏ ပစ္စယုပ္ပန္နဘောသည် ဖလူပစာ။ တ ပစ္စည်းအရကား ထိုဖလူပစာဖြင့် မှတ်အပ်သော ရူပရသစသည်တို့ရ၏။

၄–ဝါကျဖြင့် တထာဂတဿဌ သဝိဘတ်သည် စတုတ္ထီသဝိဘတ်မဟုတ်၊ ဆဋ္ဌီသဝိဘတ်၏အဖြစ်ကိုလည်းကောင်း[၁]၊ ယင်း ဝိဘတ်သည် သာမျတ္ထကို မဟော၊ ကတ္တုတ္ထကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဝိဘတ္တိပဒ။ ၂။ ဝိဘတျတ္ထ။

မှတ်ချက်။ သာမိဝစနံဖြင့် ဝိဘတ်ကို ဖွင့်ပြ၍ ကရဏေ ဖြင့် ဝိဘတျတ္ထကိုဖွင့်ပြသည်။

### အာဘော်မှတ်ဖွယ်

အရိယမဂ္ဂသတ္တေန ဥစ္ဆိန္နံ တဏှာ ဝိဇ္ဇာမယံ မူလ မေတေသန္တိ ဥစ္ဆိန္နမူလာ–၌ ဥစ္ဆိန္နမူလံ ဧတေသံဖြင့် ဥစ္ဆိန္နမူလာကို ဥစ္ဆိန္နဥ တံ မူလဥ္စာတိဟုကမ္မဓာရယ် သမာသ်ဝစနတ္ထမပြုရ၊ ဥစ္ဆိန္နံမူလံ ဧတေသန္တိ ဥစ္ဆိန္နမူလာဟု ဗဟုဗ္ဗိဟိသမာသ်ဝစနတ္ထပြုရမည်ဟုသိစေသည်။

(အဘိဓာနတ္ထ။ သမာသလိင်္ဂတ္ထ။)

တဏှာဝိဇ္ဇာမယံဖြင့် မူလအရတဏှာအဝိဇ္ဇာ ၂–ပါးကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

မှတ်ချက်။ အရိယ မဂ္ဂ သတ္တေန ဖြင့် ဘာဝတ္တေ ပြသည်ဟုဖော်လေ။

http://www.dhammadownload.com



## ● ပါဌ၀ိနိစ္ဆယ

အာဝိဥ္ဆန္တိ။ အာဝိဥ္ဆန္တိ။ ပဌမပါဌ်သာသင့်သည်။ အာဝိဥ္ဆန္တိကား အာ+ဝိ+အဆိ (အဥ္ဆ)+အန္တိဖြင့် ပြီးသောကြောင့်လည်းကောင်း၊ အဆိအဥ္ဆောဝစ ဘွာယာမေ ဟုဓာတ်ကျမ်းလာရကား အဆိဓာတ်သည် အာယာမ=ဆန့်တန်းခြင်း၊ ဝါ–အာကမုနအနက်ကိုဟောနိုင်သောကြောင့် လည်းကောင်း၊ အာဝိဥ္ဆန္တိတိ အာကမုန္တီဟု သာရတ္ထဖွင့်သောကြောင့်လည်းကောင်း၊ပထမပါဌ် သင့်ပါသည်။

**မမံကာရေနေ။** မမံကာရေနာတိ မမာတိဝဒနေန၊ မမကာရေနာတိ ဝတ္တဗ္ဗေ နိဂ္ဂဟိတာဂမံ ကတ္ဂာ မမံကာရေနာတိ ဝုတ္တံ။ ပါရာ၊ ယော။ ၆၆။

ယင်းအလို မမဣတိကာရော မမကာရော။ နိဂ္ဂဟိတ်လာ၍ မမံ ကာရောပြီးသည်။ မမံကာရော = ငါ၏ဟူ၍ဆိုခြင်းဟုအနက်ပေး။ ထို ကြောင့် **မမံကာရ.....** ပါဌ်သင့်သည်။

မအူသျှ် ကရဏံ ကာရော၊ မမံဣတိ ကာရော မမံကာရော– ငါ၏ဟူ၍ပြုခြင်းဟုဆိုသည်။ ယင်းအလိုလည်း မမံကာရ ပင်သင့်သည်။

**မမာကာရ။** မမအတ္တာတိ ဧတ္ထ မမာတိ ဣဒံ အမှသဒ္ဒတ္ထဝါစီ သဒ္ဒန္တ ရံ။ ဓမ္မစေတိယသုတ်ဋီကာ။

ယင်းအလို မမဣတိ အာကာရော မမာကာရောဟု ဝစနတ္ထပြု။ မမာကာရော = ငါဟူသောအခြင်းအရာဟု အနက်ပေး။ မမသဒ္ဒါကား အမှသဒ္ဒါနှင့်အလားတူ၏။ ထိုကြောင့် မမာကာရပါဌ်သင့်သည်။

---

## ● နည်းနှင့်ဥပစာ

**ဒေသနာဝိလာသ။** အကြောင်းဖြစ်သော သဗ္ဗညုတဉာဏ်, ဒေ သနာဉာဏ်၏ ဒေသနာဝိလာသအမည်ကိုအကျိုးဖြစ်သော တထာဂတဿ ပဟိနာဟူသောပါဠိ(ဓမ္မ)၌ တင်စား၍ အကျိုးဖြစ်သော (လ) ပါဠိ (ဓမ္မ) ကိုဒေသနာဝိလာသောဟု ဆိုသောကြောင့် ကာရဏူပစာ (နာနန္တ ရိက နည်း။)

**မှတ်ချက်။** အရိယမဂ္ဂသတ္တေနဥ္ဆ သတ္တေနပုဒ်၌အတူထား သတ္တ အမည်ကိုအတူရှိသော အရိယာမဂ်၌တင်၊ သဒိသူပစာတည်း။

http://www.dhammadownload.com


(က) တာလဝဏ္ဏုဝိယ–နေသံ ဝဏ္ဏကတန္တိ တာလာဝဏ္ဏ ကတာ။

(ခ) ယထာ ဟိ တာလ (လ) တာလာဝဏ္ဏကတာတိ ဝုစ္စန္တိ။

(ဂ) အဝိရုဋ္ဌိဓမ္မတ္တ ဝါ (လ) တာလာဝဏ္ဏကတာ။ ဋ္ဌ။ ၁၀၄။

## အနက်ယောဇနာ

တော၊ထိုရှုပရသစသည်တို့သည်။ တာလာ ဝဏ္ဏကတာ၊ ထန်းပင်၏ တည်ရာကဲ့သို့ပြုအပ်သောတည်ရာဟူသော စိတ်အစဉ်ရှိကုန်၏။

**တစ်နည်း။** တော၊.....တို့ကို။ တာလာဝဏ္ဏကတာ၊ အရွက်အသီးစသည်တို့၏တည်ရာမဟုတ် လည်ဆစ် ပြတ်သော ထန်းပင်ကဲ့သို့ ပြုအပ်ကုန်ပြီ။

**မှတ်ချက်။** ပထမအနက် က–ခ သံဝဏ္ဏနာနှင့်အညီ၊ ဒုတိယအနက် ဂ–သံဝဏ္ဏနာနှင့်အညီ အနက်။ ၆–နံပါတ် အဖြေနှင့် ယှဉ်ကြည့်ပါ။

---

## ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၍ က– ဝါကျကား သခေပဝါကျ။ **တစ်နည်း။** ခ–ဝါကျကား တပ္ပါကဋီကရဏ ဝါကျ။ ထို–၍ က–ဝါကျကား တပ္ပါကဋီကရဏီယဝါကျ၊ ဝါ–အပါကဋဝါကျ။

**ရှင်းလင်းချက်။** ရှေ့မူလ ဝါကျ၌ ဥပမာန ဥပမေယျ မပါဘဲ နောက်မူလီ, အနုကရဏဝါကျ၌သာ ဥပမာန ဥပမေယျဖြင့် ဖွင့်ပြလျှင် ယင်းဝါကျမျိုးကို တပ္ပါကဋီကရဏ ဝါကျဟုမှတ်။ ရှေ့မူလ ဝါကျ၌ပါသော ဥပမာနဥပမေယျကိုပင် နောက်မူလီ, အနုကရဏဝါကျ၌ ထပ်မံဖွင့်ပြလျှင် ဝိတ္ထာရဟုမှတ်။

ဤ က–ဝါကျ၌ တာလဝဏ္ဏုဝိယ ဟူသော ဥပမာန စကားကို ခ–ဝါကျ၌ ယထာဟိစသည်ဖွင့်ပြရကား ယင်းဝါကျကိုဝိတ္ထာရဟုသာ ယူသင့်သည်။ ထို့ကြောင့် သာရတ္ထ၊ ၁။ ဋ္ဌ။ "ကထံ ပန တာလဝဏ္ဏုဝိယ နေသံ ဝဏ္ဏကတန္တိ အာဟ ယထာဟိတိ အာဒိ" ဟု က–ဝါကျကို ကထံတပ်၍

http://www.dhammadownload.com



ခ–ဝါကျကို ကျမ်းတက်ပြသည်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၁၃။၌မူကား ယင်း ခ–ဝါကျကို တပ္ပါကဋ္ဌိကရဏဝါကျဟု ဆိုသည်။ ထိုကြောင့် အဖြေ၌ ၂–မျိုး ဖြစ်ခဲ့သည်။

## ခ–ဝါကျအယုတ္တစောဒနာတက်

ဆရာ ဆရာသည် က–ဝါကျဖြင့် ထိုရှုပရသ စသည်တို့အားထန်း ပင်၏တည်ရာကဲ့သို့ တည်ရာကိုပြုအပ်သောကြောင့် တာလာဝတ္ထုကတာ မည်သောဟုဆိုတော်မူ၏။ အဘယ်သို့လျှင် (ကထံ) ထိုရှုပရသ စသည်တို့ အား ထန်းပင်၏တည်ရာကဲ့သို့ တည်ရာကို ပြုအပ်ကုန်ပါသနည်း ကြောင့် ခ–ဝါကျမိန့်။ (သာရတ္ထဋီကာတက်)

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**တာလ**။ တလဓာတ်+အ–ပစ္စည်း၊ ဝါ၊ ဏ=ပစ္စည်း။

✝ တလ ပတိဋ္ဌာယံ စုရာဒိ။ အ။ တာလော။ သူစိ။

ရက္ခ။ ရက္ခဓာတ်+အ ပစ္စည်း။ တစ်နည်း။ ရုဟဓာတ်+ခ–ပစ္စည်း၊ ဓာတွန် ဟ,ကို ကပြု။

✝ ရက္ခဝရဏော။ အ။ ရုဟ ဇနနေ ဝါ ခေါ။ ဟဿ ကော။ ရုဟ တီတိ ရက္ခော။ သူစိ။

**မတ္ထက**။ မသဓာတ်+က ပစ္စည်း။ သ–ကို တ္ထပြု။

✝ မသီယတိ (သုံးသပ်အပ်၏) ပေမေနာတိ မတ္ထကံ။ မောဂ်၊ ၇။ ၁၅။

---

## ● အာဘောဂနှင့် သံဝဏ္ဏနာ

က–ဝါကျဖြင့် တာလာဝတ္ထုကတာပုဒ်ကို တာလဝတ္ထုဝိယ နေသံ ဝတ္ထုကတန္တိ တာလာဝတ္ထုကတာဟု ဥပမာပုဗ္ဗပဒမဇ္ဈေပဒလောပစတုတ္ထီ ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊ တာလဝတ္ထု ဝတ္ထု ကတာဟုဆိုလိုလျက် ဝဏ္ဏလောပနိရုတ္တိနည်းဖြင့် ဝတ္ထုပုဒ်တစ်ခုကျေ

http://www.dhammadownload.com



သည်၏ အဖြစ်ကိုလည်းကောင်း၊[၂] ဝဏ္ဏဝိကာရနိရုတ္တိနည်းအားဖြင့် တလဒ္ဓိ အ-ကို အာဒီဃပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၃] ဝိသေသနပရနိပါတ၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒဋ္ဌ။ ၂။ ၃။ ၄။ ဘာဝဋ္ဌ သံဝဏ္ဏနာများ။

"တာလဝတ္ထု ဝတ္ထုကတာ" တိ ဝတ္တဗ္ဗေ "သြဋ္ဌမုခေါ" တိ အာဒီသုဝိယ (သြဋ္ဌမုခ မုခေါ = ကုလားအုတ်နှုတ်သီးနှင့်တူသော နှုတ်သီးရှိသူဟု ဆိုရာ၌ မုခတပုဒ်ချေ၍ သြဋ္ဌမုခပြီးသကဲ့သို့ မဇ္ဈေ ပဒလောပ ကတွာ အာကာရဉ္စ ဒီဃံ ကတွာ တာလဝတ္ထုကတာတိ ဝုတ္တန္တိ အာဟ "တာလ(လ)ကတာ"တိ။ သာရတ္ထ၊ ၁။ ၃၄၀။

## ● ဝိဂ္ဂဟနှင့် ဉာဉ်ကောက်

တာလဿ ဝတ္ထု တာလဝတ္ထု။ (အစိတ်)။ တာလဝတ္ထု ဝိယ နေသံ ဝတ္ထုကတန္တိ တာလာဝတ္ထုကတာ။ ဥပမာပုဗ္ဗပဒ မဇ္ဈေပဒလောပ ဝိသေသန ပရနိပါတစတုတ္ထီဗဟုဗ္ဗီဟိသမာသ်။

တာလဝတ္ထုပုဒ်+ဝတ္ထုပုဒ်+ကတပုဒ်+တအညပုဒ်။

တာလဝတ္ထု ဝတ္ထုကတာဟူသော ဗဟုဗ္ဗီဟိ ပုဒ်လုံး အရကား ထန်းပင်၏တည်ရာကဲ့သို့ပြုအပ်သောတည်ရာဟူသော စိတ်အစဉ်သည် မုချ။ ယင်းစိတ်အစဉ်၏ ရူပရာဂစသည်တို့နှင့် ဌာန+ ဌာနီစပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ တ- -ဟူသော အညပုဒ်အရကား ထိုဖြင့် မှတ်အပ်သောရူပရာဂ စသည်တို့ရ၏။

**မှတ်ချက်။** ဥစ္ဆိန္နမူလာနံ တာလာနံ ဝတ္ထုဝိယ နေသံ ရူပရ သာဒီနံ ဝတ္ထုစိတ္တသန္တာနံ ကတန္တိဟုဖွင့်သောဝိမတိ၊ ၁။ ၆၈နှင့် ခ-ဝါကျ ဝတ္ထုမတ္တေ စိတ္တသန္တာနေ ကတေဟူသော အဋ္ဌကထာဖွင့်တို့ကိုရှု၍ ဉာဉ်ကောက်သည်။

ဂ-ဝါကျ၌ မတ္ထ ကစ္ဆိန္န တာလောဝိယ ကတာဖြင့် န ဝတ္ထု အဝတ္ထု၊ အဝတ္ထုဘူတော တာလော တာလာဝတ္ထုဟု ကမ္မဓာရယ် သမာသ်

http://www.dhammadownload.com



ဝစနတ္ထုပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ တာလာဝတ္ထုအရ လည်ဆစ်ပြတ်သော ထန်းပင်ကိုယူရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ တာလာဝတ္ထုနှင့်ကတကို တာလာဝတ္ထုဝိယ ကတာ တာလာဝတ္ထုကတာဟု ဥပမာ ပုဗ္ဗပဒ ကမ္မဓာရယ် သမာသ်ဝစနတ္ထုပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ (တာလ+အဝတ္ထု+ကတ ပုဒ် ခွဲ) ရှေ့ တာလ၌ အ, သရကျေသဖြင့် အဝတ္ထု၌ အသရကိုဒီဃပြု၍ ပြီးသည်၏အဖြစ်ကိုလည်းကောင်း[၄]၊ အဝတ္ထုတာလာကတာဟုဆိုအပ်လျက် ဝိသေသန ပရနိပါတ၏ အစွမ်းဖြင့် တာလာဝတ္ထုကတာဟု ပြီးသည်၏ အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓေယျတ္ထ။

၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၄။ သန္ဓိလိင်္ဂပဒ။ ၅။ ဘာဝတ္ထ။

† မတ္ထကစ္ဆိန္နော တာလော ပတ္တဖလာဒီနံ အဝတ္ထု ဘူတော တာလာဝတ္ထုတိ အာဟ မတ္ထ ကစ္ဆိန္န တာလောတိ။ ဧတေန "တာလာဝတ္ထုကတာတိ တာလာ ဝတ္ထုဝိယ ကတာတိ တာလာဝတ္ထု ကတာ" တိ အယံ ဝိဂ္ဂဟော ဒဿိတော။ သာရတ္ထ၊ ၁။ ၃၄၁။

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

န ဝတ္ထု အဝတ္ထု။ (ဝတ္ထု၊ အရွက်အသီး စသည်တို့၏ တည်ရာသည်။ နံ၊ မဟုတ်။) အဝတ္ထုဘူတော တာလော တာလာဝတ္ထု အဝတ္ထု ဘူတော၊ အရွက်အသီး စသည်တို့၏ တည်ရာမဟုတ်သည်ဖြစ်၍ ဖြစ်သော။ တာလော။ (လည်ဆစ်ပြတ်သော) ထန်းပင်တည်း။ (အစိတ်ဝိဂ္ဂဟများ။)

တာလာဝတ္ထုဝိယ ကတာ တာလာ ဝတ္ထုကတာ။ ဥပမာပုဗ္ဗပဒ ကမ္မဓာရယ်။ တာလာဝတ္ထု+ကတပုဒ်။

တာလာဝတ္ထုဟူသောဝိသေသနပုဒ်အရကား အရွက်အသီးစသည်တို့၏တည်ရာမဟုတ်သော လည်ဆစ်ပြတ်သောထန်းပင်သည်မှုချ။ ယင်း၏ ပြုအပ်သော ရူပရသစသည် တို့နှင့် သဒိသ သဒိသီ စပ်ခြင်း သမ္ဗန်သည် ဥာနူပစာ။ တာလာဝတ္ထုကတာဟူသော သမာသ်ပုဒ်လုံးအရကား ထိုမုချ ဥာနူပစာတို့ဖြင့် မှတ်အပ်သော အရွက်အသီးစသည်တို့၏ တည်ရာ မဟုတ်

http://www.dhammadownload.com



သော လည်ဆစ်ပြတ်သော ထန်းပင်ကဲ့သို့ ပြုအပ်ကုန်ပြီးသော ရှုပရသ စသည်တို့ရ၏။

**မှတ်ချက်။** ဝိမတိ-၌ ဤဒုတိယဝိကပ်ဖြင့် ဗဟုဗ္ဗိဟိ သမာသ်ပြုဟု ဆိုသည်။ အဋ္ဌကထာ၌ မတ္ထကစ္ဆိန္နတာလောဝိယ ကတာဟုဆိုပြီးဖြစ်သဖြင့် ဝိမတိအကြံကိုကောက်၏ ဟုထင်သည်။

ခ-ဝါကျ ဥပမာန ဘက်၌ တဒ္ဓိတ်ပဒေသေဖြင့် တာလဝတ္ထုအရ ကိုပြသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ ဥပမေယျ၌ စိတ္တသန္တာနေဖြင့် တာလဝတ္ထုဝတ္ထုကတာ ဝယ် နောက်ဝတ္ထုအရ စိတ္တသန္တာနယူရမည်ဟုပြသည်။ (အဘိဓေယျတ္ထ)

## ● ပါဌဝိနိစ္ဆယ

**တာလာဝတ္ထုကတာ။ တာလဝတ္ထုကတာ။** က-သံဝဏ္ဏနာကို ထောက်၍ တာလဝတ္ထုကတာဟု ဆိုလိုလျက် နောက် ဝ- ဗျည်းနောင်း ရာ၌ သုခုစ္စာရဏအလို့ငှာ (လ)၌ အ-ကို အာဒီဃပြု၍ ပြီးသောကြောင့် လည်း ကောင်း၊ ဂ-သံဝဏ္ဏနာကိုထောက်၍ တာလအဝတ္ထုဟု ပဒစ္ဆေဒ ပြုပြီးလျှင် အ-သရနောင်းရာ၌ ရှေ့သရကိုချေ၊ နောက်အသရကို အာဒီဃပြု၍ ပြီး သောကြောင့်လည်းကောင်း၊ ဒီဃနှင့်ရှိသော "တာလာဝတ္ထုကတာ" ပါဌ်သာ သင့်ပါသည်။

## ◎ နည်းဥပစာ

**တာလာဝတ္ထု။** ဤတာလာဝတ္ထုဟူသော ပြယုဂ်၌ ရှေးထန်းပင် ရှိစဉ်ကခေါ်ဝေါ်ဖူးသော တာလာဝတ္ထုဟူသောအမည်ကို ထန်းပင်မရှိသော ဤ၌လည်းခေါ်ဝေါ်အပ်သောကြောင့် ဘူတပုဗ္ဗဂတိကနည်းမည်၏။

**မှတ်ချက်။** တာလဝတ္ထုကတာ၌ ဝဏ္ဏဝိကာရဝဏ္ဏလောပနိရုတ္တိ နည်းရသည်ကိုလည်းသတိပြု။ ၆-အဖြေပြန်ကြည့်။ အတူထန်းပင်တည်ရာ ၏ တာလာဝတ္ထုအမည်ကို အတုရှိသော ရှုပါဒိရသကို ပယ်ပြီးသောစိတ် အစဉ်၌တင် သဒိသူ။

† ဟာလာယ ဝတ္ထုဘူတပုဗ္ဗတ္တာ "တာလဝတ္ထု" တိ ဝုစ္စတိ။

သာရတ္ထ၊ ၁။ ၃၄၀။

http://www.dhammadownload.com



(က) ယသ္မာ ပန ဧဝံ တာလာဝတ္ထုကတာ အနုဘာဝံ ကတာ ဟောန္တိ။

(ခ) ယထာ နေသံ ပစ္ဆာဘာဝေါန ဟောတိ၊တထာ ကတာ ဟောန္တိ။

(ဂ) တသ္မာ အာဟ "အနုဘာဝံ ကတာ" တိ။

(ဃ) အယံ ဟေတ္ထ ပဒစ္ဆေဒေါ အနုဘာဝံ ကတာအနုဘာဝံ ကတာတိ။

## အနက်ယောဇနာ

ယထာယေန အာကာရေန၊ အားဖြင့်။ တေသု ရူပါဒိရသေသု၊ တို့ကို။ ကရီယမာနေသု၊ ပြုအပ် ကုန်သည် ရှိသော်။ နေသံ ရူပရသာ ဒိနံ၊ တို့၏။ ပစ္ဆာ၊ နောက်၌။ ဘာဝေါ၊ ဖြစ်ခြင်းသည်။ နဟောတိ၊ မဖြစ်။ တထာတေနအာကာရေန၊ အားဖြင့်။ တေရူပါဒိရသာ၊ တို့ကို။ ကတာ၊ ပြုအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏.....ဟု ခ-ဝါကျကို ဆရာနည်း ကျကျအနက်ပေးပါ။

* ယထာတထာ၊ ဥပမာမဟုတ်၊ ယင်းသို့ထုတ်မှု၊ တထာစပ်ရာ၊ ကြိယာသည်၊ မှန်စွာလက္ခဏာဖြစ်မြဲ။ (ဘုရားကြီး)

## ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ က-ဝါကျကား သင်္ခေပဝါကျ။

† အနုဘာဝံ ကတာတိ ပဒဿ ဝိဝရဏ္ဍော ယထာ (လ) ဟောန္တိ တိ အာဟ။ ပါရာ၊ ယော။ ၆၇။

† အနုဘာဝံ ကတာတိတ္တေ အနုသဒ္ဒေါ ပစ္ဆာသဒ္ဒေန သမာနတ္ထောတိ အာဟ ယထာနေသံ (လ) နဟောတိတိ အာဒိ။ သာရတ္ထ၊ ၁။ ၃၄၁။

**မှတ်ချက်။** အနယောဉ် အနုသဒ္ဒါကဲ့သို့ ပဋိသေဓလော-ဟု ဆင်တဲဂဏ္ဌိ၌ ကျမ်းတက်ပြသည်။ ယင်းအလို ခ-ဝါကျကို ဝါကျာရမ္ဘဟု မှတ်ရာ၏။ ခ-ဝါကျ အနိယတ်စသည် ခွဲလေဦး။

http://www.dhammadownload.com



က-ခ-ဝါကျကား ကာရဏဝါကျ။ ဂ-ဝါကျကား ဖလဝါကျ။ (အနိယတ်စသည် ခွဲလေဦး)။

ဃ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ခ-ဂ-ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

ရှင်းလင်းချက်။ အနဘာဝံကို ပစ္ဆာဘာဝေါ န ဟောတိ ဟု ဖွင့်ရာတွင် ယင်းသို့ဖွင့်သင့်သလောဟု မေးဖွယ်ရှိ၍ ဃ-ဝါကျ တက်လာသည်။ ယင်းဖြင့် ပစ္ဆာဘာဝေါနဟောတိဟူသော သံဝဏ္ဏနာကိုထောက်ခံသည်။ ထို့ကြောင့် ယုတ္တိဒဋ္ဌိကရဏဝါကျဟုဆိုသည်။

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**အဘာဝံ**။ နတ္ထိ ဘာဝေါ ယေသန္တိ အဘာဝါ။ ယေသံရူပရသာဒီနံ၊ တို့အား။ ဘာဝေါ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ တေ ရူပရသာဒယော၊ အဘာဝါ။ န+ဘာဝ+ယပုဒ်။ စတုတ္ထီ ဗဟုဗ္ဗီဟိ။

န ဘာဝဟူသော ဗဟုဗ္ဗီဟိ သမာသ် ပုဒ်လုံးအရကား ရူပရသစသည်တို့၏မဖြစ်ခြင်း အဘာဝဂုဏ်သည်မှချ။ ယင်း၏ ရူပရသ စသည်တို့နှင့်ဂုဏ်ဂုဏောစပ်ခြင်းသမ္ဗန် ဌာနူပစာ။ ယ-ကား ထိုဖြင့် မှတ်အပ်သော ဖြစ်ခြင်းမရှိသော ရူပရသစသည်တို့ရ၏။

**အနဘာဝံ**။ အနုပစ္ဆာ အဘာဝါ အနဘာဝါ။ အနုပစ္ဆာ၊ နောက်၌။ အဘာဝါ၊ ဖြစ်ခြင်း မရှိကုန်သော ရူပရသ စသည်တို့တည်း။ အနဘာဝါ၊ စသည်တို့။ အနု+အဘာဝ။

အနုဟူသော ဝိသေသန ပုဒ်အရကား နောက်ကာလသည်မှချ။ ယင်း၏ဖြစ်ခြင်းမရှိကုန်သော ရူပရသစသည်တို့နှင့် ကာလ ကာလဝန္တစပ်ခြင်းသမ္ဗန်ဌာနူပစာ။ အနဘာဝဟူသောသမာသ်ပုဒ်လုံးအရကား ထိုမှုချဌာနူပစာတို့ဖြင့် မှတ်အပ်သော နောက်၌ ဖြစ်ခြင်းမရှိကုန်သော ရူပရသစသည်တို့ရ၏။ (ဤအထိ ပါဠိတော်၌ တေ အရနှင့် တူနေသည်ကိုသတိပြုခဲ့ပါ။)

ထိုသို့ပင်ရငြားသော်လည်း ဘာဝပ္ပဓာန်ပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာပဓာနအားဖြင့် ဟောမြဲဖြစ်သောကြောင့် ဆိုအပ်ခဲ့ပြီးသော အန္တ တ္ထသည်သာ ပဓာနအားဖြင့်ရ၏။

http://www.dhammadownload.com



**ရှင်းလင်းချက်။** "တေ အနဘာဝံကတာ" ဟူသော ပါဠိတော်၌ တေအရနှင့် အနဘာဝံအရတူနေရာ၌ အရကွဲ စေရန် အနဘာဝံ ပုဒ်ကို ဘာဝပ္ပစာန်သော်လည်းကြံရမည်။ ကြိယာ ဝိသေသန သော်လည်း ကြံရမည်။ ဉာဏ်ကောက်ရာ၌ ဘာဝပ္ပစာန်ကြံ၍ ဉာဏ်ကောက်ရမည် ဖြစ်ရာ အထက်၌အတိုင်း ဉာဏ်ကောက်ခဲ့သည်။

**အနက်ပေး။** တေ၊ ထိုရူပရာသစသည်တို့ကို။ အနဘာဝံ၊ နောက်၌ ဖြစ်ခြင်းမရှိကုန်သည်တို့၏အဖြစ်ကို (ဘာဝပ္ပစာန်အနက်)။ ဝါ–နောက်၌ ဖြစ်ခြင်းမရှိအောင်(ကြိယာဝိသေသနအနက်)။ ကတာ၊ ကုန်၏။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

ယသ္မာ (လ) အနဘာဝံ ကတာ ဟောန္တိ တသ္မာဖြင့် ပါဠိတော်၌ တာလာဝတ္ထုကတာဟူသော ဝိသေသနပုဒ်သည် ဟေတုမန္တ ဝိသေသန မျိုးဖြစ်၍ အနဘာဝံကတာ၏အကြောင်း တာလာဝတ္ထုကတာပင်တည်း ဟုသိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** တာလာဝတ္ထုကတတ္တာ အနဘာဝံကတာဟု ပါဠိ၌ ယောဇနာလေ။

ခ–ဝါကျ၌ နေသံ ပစ္ဆာဘာဝေါ န ဟောတိဖြင့် အနဘာဝံ၌ အဘာဝပုဒ်ကို နတ္ထိ ဘာဝေါ ဧတေသန္တိ အဘာဝါဟု စတုတ္ထိ ဗဟုဗ္ဗိဟိ သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အဘာဝ၌ အ–သဒ္ဒါ၏ ပဋိသေဓအနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ အနသဒ္ဒါသည် ဘူသတ္တစသော အနက်တို့ကိုမဟော၊ ပစ္ဆာအနက်ကို ဟောသည်၏အဖြစ် ကိုလည်းကောင်း[၃]၊ အနဘာဝါဟု ဗဟုဝုစ်နှင့်ရှိသင့်လျက် ကြိယာဝိသေသန ဖြစ်၍ ဒုတိယာ ဧကဝုစ်ဖြင့်ပြီးသည်၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသ လိင်္ဂပဒတ္ထ။ ၂။ နိပါတလိင်္ဂတ္ထ။

၃။ ဉပသဂ္ဂလိင်္ဂတ္ထ။ ၄။ ဘာဝတ္ထ။

ခ–ဝါကျ၌ တဏှာဂတာဖြင့် အနဘာဝံ၌ ဒုတိယာဝိဘတ်သည် ကံ အနက်ကိုမဟော၊ ကြိယာဝိသေသန အနက်ဟောသတည်းဟု သိစေသည်။ (ဝိဘတျတ္ထ။)

http://www.dhammadownload.com



မှတ်ချက်။ ခ–ဝါကျ၌ နေသံ ဘာဝေါ နှ–ဖြင့် အနဘာဝံကိုဖွင့်။ ပဥ္စာဖြင့် အနကိုဖွင့်ပြသည်။

## ● ပါဌဝိနိစ္ဆယ

**အနဘာဝံကတာ။ အနဘာဝံဂတာ။** အဋ္ဌကထာ၌ယထာ နေ သံ ပဥ္စာဘာဝေါ န ဟောတိ၊ တထာ ကတာ ဟောန္တီ့ဟူ၍လည်းကောင်း၊ အန အဘာဝံ ကတာအနဘာဝံကတာဟူ၍လည်းကောင်း ဖွင့်ပြသည်။ ယင်းအဖွင့်နှင့် အညီ။ တေ၊ တို့ကို။ အနဘာဝံ၊ အောင်။ ကတာ၊ ကုန်၏ဟု အနက်ယောဇနာရသည်။ ယင်းသို့သောသာကေနှင့် အဋ္ဌယုတ္တိကို ထောက်၍ **အနဘာဝံကတာ** ပါဌ်သင့်သည်။

ဋီ–၌ အနဘာဝံ ဂတာတိပိ ပါဌောဟုပါဌ်မူကွဲရှိကြောင်း ဖွင့်ပြသောကြောင့်လည်းကောင်း၊ ယင်းမူကွဲပါဌ်ကို "သော အပါဌော။ သော ဒုဋ္ဌပါဌော"စသည်ဖြင့် ပယ်မြစ်ချက် မရှိသောကြောင့်လည်းကောင်း၊ မရှိရုံမျှမက တဿ အနအဘာဝံ ဂတာတိ အတ္ထောဟုမူကွဲပါဌ်၏အနက်ကိုထောက်ခံဖွင့်ပြသောကြောင့်လည်းကောင်း၊ တေ၊ တို့သည်။ အနဘာဝံ၊ နောက်၌ မဖြစ်ခြင်းသို့။ ဂတာ၊ ရောက်ကုန်ပြီ–ဟု အနက်ယောဇနာက ယုတ္တိရှိသောကြောင့်လည်းကောင်း အနဘာဝံဂတာပါဌ်လည်း သင့်သည်။ ၂–ပါဌ်သင့်။

(က) အာယတိံ အနုပ္ပာဒ ဓမ္မာတိ အနာဂတေ အနုပ္ပဇ္ဇနကသဘာဝါ။

(ခ) ယေ ဟိ အဘာဝံ ဂတာ၊ တေ ပုန ကထံ ဥပ္ပဇ္ဇိဿန္တိ။

(ဂ) တေနာဟ "အနဘာဝံ ကတာ အာယတိံ အနုပ္ပါဒဓမ္မာ" တိ။ ဋ္ဌ။ ၁၀၄။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ=ဝါကျကား ကာရဏဝါကျ။ ထို–၌ က–ဝါကျကား ဖလဝါကျ။

## ဂဏ္ဌိသစ်ကျမ်းတက်

အနာဘာဝံ ကတာကား ယင်း (အာယတိံ အနုပ္ပါဒဓမ္မာ) ၏ အကြောင်းဟုပြလိုရကား ယေဟိစသည် (ခ–ဝါကျ)မိန့်။

http://www.dhammadownload.com



ဂ-ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ထို-၍ ခ-ဝါကျကား အာဂမဒဠှီယဝါကျ။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌အနာဂတေဖြင့် အာယတိသဒ္ဒါသည် ဒီဃတ္တ၊ ပဘာဝ အနက်တို့ကိုမဟော။ အာဂမိကာလ (အနာဂတ်ကာလ)အနက်ကို ဟော သည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အာယတိံ၌ ဒုတိယာဝိဘတ်သည် ကမ္မတ္ထကို မဟော၊ သတ္တမျတ္ထကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ဝါ-အာယာတိံ၌ အံသဒ္ဒါကား ဗာရာဏသိံ အဟု ရာဇာ ၌ကဲ့သို့ သတ္တမီဝိဘတ်၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ နာမလိင်္ဂတ္ထ၊ ဝါ-အဘိဓေယျတ္ထ။ ဝါ-အဓိပ္ပေတတ္ထ။

၂။ ဝိဘတျတ္ထ၊ ဝါ ဝိဘတ္တိပဒ။

တစ်နည်း။ အနာဂတေဖြင့် အာယတိနိပါတ်၏ အာဂမိကာလ အနက်ဟော၏အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းအာယတိနိပါတ်ပုဒ်နောက်၌ သတ္တမီဝိဘတ်ကျေသည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ ဝိဘတ္တိပဒ။

**မှတ်ချက်။** ဤကား "အာယတိတိ နိပါတောပျတ္ထိ" ဟူသော သူ့စိအလို အာယတိသဒ္ဒါကို နိပါတ်ပုဒ်ယူ၍ဖော်သော အာဘော်တည်း။

က-ဝါကျ၌ အနုပ္ပန္နက သဘာဝါဖြင့် ဥပ္ပါဒပုဒ်ကို ဥပ္ပန္နံ ဥပ္ပါဒေါဟု ဘာဝသာနေဝစနတ္တပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ ဘာဝသာနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဓမ္မသဒ္ဒါသည် ပရိယတ္တိပညာစသောအနက်ကိုမဟော၊ သဘာဝအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စတ္ထ။ ၃။ နာမလိင်္ဂတ္ထ။

ဝါ-အဘိဓေယျတ္ထ။ ဝါ- အဓိပ္ပေတတ္ထ။

http://www.dhammadownload.com



ခ-ဝါကျဖြင့် အနဘာဝံ ကတာဟူသော ဟောတုမန္တ ဝိသေသန သည် အာယတိအနပ္ပါဒဓမ္မာ၏ အကြောင်းတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

## ● ပါဌဝိနိစ္ဆယ

အာယတိ(အာယတိ) အနုပ္ပါဒဓမ္မာ။ အာယတိ သဒ္ဒါကား အာဂမိကာလေ ဒီဃတ္တေ၊ ပဘာဝေစ မတာယတိဟူသော ဓာန်။ ၁၇၆-ကို ထောက်၍ အာဂမိ (အနာဂတ်) ကာလဟော ကိတ်နာမ်ပုဒ် ဖြစ်သော ကြောင့်လည်းကောင်း၊ သတ္တမျတ္ထဒ္ဒိ ဒုတိယာဝိဘတ်သက်၍ ပြီးသောကြောင့် လည်းကောင်း၊ ဝါ-ဗာရာဏသီ အဟု ရာဇာကဲ့သို့ သမ္ဗိဝိဘတ်ကို အံပြု၍ ပြီးသောကြောင့်လည်းကောင်း၊ အာယတိ ရှိသောပါဌ်သင့်သည်။

သူစိဒ္ဒ နိပါတောပျတ္တိ-နိပါတ်လည်းရှိ၏ဟု ဆိုသောကြောင့်လည်း ကောင်း၊ အာယတိ အာယတိန္တိ စ ဒွေ ပါ ဌာ ဒိဿန္တိဟု ပါရာ၊ ယော ၆၆ ဆိုသောကြောင့်လည်းကောင်း အာယတိ-ရှိသော ပါဌ်လည်းသင့်သည်။ ၂-ပါဌ်သင့်တည်း။

---

(က) နော စ ခေါ ယံ တွံ သန္ဓာယ ဝဒေသီတိ ယဥ္စ ခေါ တွံ သန္ဓာယ ဝဒေသိ။

(ခ) သော ပရိယာယော န ဟောတိ။ ဋ္ဌ။ ၁၀၄။

ခ-ဝါကျဒ္ဒ သောပရိယာယောဖြင့်ယံ ဟူသောအနိယတ်၏ နိယတ် ကိုသောဟုထည့်ရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ပက္ကန္တ ဝိသယ ဖြစ်၍ ရှေ့ ဝါကျ ယံအရ ပရိယာယကိုစွဲရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ သဗ္ဗနာမလိင်္ဂတ္ထ။

ခ-ဝါကျဒ္ဒ န-သဒ္ဒါဖြင့် က-ဝါကျဒ္ဒ နောသဒ္ဒါကား အမှုသဒ္ဒါ၏ ကာရိယမဟုတ်၊ ပဋိသေဓဝါစကနိပါတ်တည်းဟု သိစေသည်။ (နိပါတ လိင်္ဂတ္ထ။)

ခ-ဝါကျဒ္ဒ ဟောတိဖြင့် နောဟူသော ပဋိသေဓဝါစက နိပါတ် ပုဒ်ကို ဟောတိဟူသော ပါဌသေသဒ္ဒ်စပ်ရမည်ဟုသိစေသည်။ (သမ္ဗန္ဓ၊ ဝါ ဘာဝတ္ထ။)

http://www.dhammadownload.com



**အနက်ယောဇနာ။** ဗြာဟ္မဏာ၊ ပုဏ္ဏား။ တွံ၊သည်။ ယံပရိယာ ယံ၊ ကို။ သန္ဓာယ၊ ၍။ ဝဒေသိ၊ ဆို၏။ သော ပရိယာယော၊ သည်။ နဟောတိ၊ မဖြစ်၊ ဝါ-မဟုတ်။

**မှတ်ချက်။** ကာယဒုစ္စရိတန္တိ (လ) မိစ္ဆာဒိဋ္ဌိယော ဝေဒိတဗ္ဗာ။ ဋ္ဌ။ ၁၀၄-ဖြင့် ဒုစရိုက် ၃-ပါး၏ သရုပ်ကို ဖွင့်ပြသည်။ အဘိဓေယျတ္ထ သံဝဏ္ဏနာ။

## ဥပစာမှတ်ဖွယ်

အနေကဝိဟိတ (လ) အကုသလာဓမ္မာ။ ဋ္ဌ။ ၁၀၅။ အပေါင်း အကုသိုလ်မှန်သမျှ၏ အကုသလာဓမ္မာအမည်ကို အစိတ်ဒုစရိုက် ၃-ပါးမှ ကြွင်းသော အကုသိုလ်၌တင်။ ကေဒေသျူပစာ။ ပါရိသေသနည်း။ ပါဠိတော်နှင့်ယှဉ်ကြည့်ပါ။

---

(က) လာမကဋ္ဌေန ပါပကာနံ အကောသလ္လ သမ္ဘူတဋ္ဌေန အကုသလာနံ ဓမ္မာနံ သမာပတ္တိ သမာပဇ္ဇနာ သမင်္ဂိဘာ ဝေါ(လ)ပုရိသော ဇိဂုစ္ဆတိ ဟိရိယတိ။

(ခ) ကာယဒုစ္စရိတေနာတိ ဥပယောဂတ္ထေ ကရဏဝစနံ ဒဋ္ဌဗ္ဗံ။ ဋ္ဌ။ ၁၀၆။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ လာမကဋ္ဌေနဖြင့် ပါပကာနံ၌ ပါပက သဒ္ဒါသည် လာမကအနက်ကိုဟောသတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ။)

က-ဝါကျ၌ အကောသလ္လ သမ္ဘူတဋ္ဌေနဖြင့် အကုသလ ပုဒ်ကို န ကုသလာ အကုသလာဟုဝစနတ္ထပြုရမည်ဟုသိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

**မှတ်ချက်။** ပါရာ၊ ဂံ၊ သစ်။ ၂။ ၁၂၃-၌ "ယင်း (အကောသလ္လ သမ္ဘူတဋ္ဌေန)ဖြင့် ကုစ္ဆိတေ အကုသလေ ဓမ္မေ သာတိ အဝသာနံကရော တီတိ ကုသံ၊ ကုသေန လာတဗ္ဗာ ပဝတ္တေတဗ္ဗာတိ ကုသလာ၊ န ကုသ လာ၊ အကုသလာကိုပြသည်"ဟုဆိုသည်။

http://www.dhammadownload.com



က=ဝါကျ၌ သမာပဇ္ဇနာ သမ်ဂီဘာဝေါဖြင့် သမာပတ္တိ ကား ယင်းသမာပဇ္ဇနာ သမ်ဂီဘာဝ၏ ပရိယာယ်တည်းဟုသိစေသည်။ (အဘိ ဓမ္မော)

† သမာပတ္တီတိ ဧတဿေဝ ဝေဝစနံ သမာပဇ္ဇနာ သမ်ဂီဘာ ဝေါတိ။ သာရတ္ထ၊ ၁။ ၃၄၇။

တစ်နည်း။ က–ဝါကျ၌ သမာပဇ္ဇနာဖြင့် သမာပတ္တိပုဒ်ကိုသမာ ပဇ္ဇနာ သမာပတ္တိဟု ဘာဝသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] တိပစ္စည်း၏ ဘာဝသာဓန၌ သက်ရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

က–ဝါကျ၌ သမ်ဂီဘာဝေါဖြင့် ယင်း သမာပဇ္ဇနာ သည်လည်း အာရမ္မဏ ကရဏအားဖြင့်မဟုတ်ဟုပြသည်။ (ဘာဝတ္ထ။)

မှတ်ချက်။ သမာပတ္တိ၌ တိ ပစ္စည်းကို သမာပဇ္ဇနာ၌ ယုပစ္စည်း ဖြင့်လဲ၍ဖွင့်သည်။ ဤကား ဂံ၊ သစ်၊ ၂။ ၁၂၃ အာဘော်ရှိသည်း။

မှတ်ချက်။ ခ–ဝါကျဖြင့် ဝိဘတ္တျတ္ထ၊ ဝိဘတ္တိပဒကိုပြသည်။ ကာရကော သာမိဝစနံနှင့်တူပြီ။

---

(က) ဝိနယတီတိ ဝိနယော။

(ခ) ဝိနာသေတီတိ ဝုတ္တံ ဟောတိ။

(ဂ) ဝိနယော ဧဝ ဝေနယိကော။

(ဃ) ဝိနယံ ဝါ အရဟတီတိ ဝေနယိကော။

(င) နိဂ္ဂဟံ အရဟတီတိ ဝုတ္တံ ဟောတိ။ ဋ္ဌ။ ၁၀၆။

## ● ဝါကျခွဲနှင့် ကျမ်းတက်

က–ဝါကျ၌ ဝိနယတိဝယ် နီဓာတ်၏အနက် (ဓာတွတ္ထ) ငုပ်နေ သည်ကိုဖော်ပြလို၊ ဝါ–ဝိနယတိပုဒ်၏ ပိဏ္ဍတ္ထကို ပြလို၍ တက်လာသော ကြောင့် ခ–ဝါကျကား ပဒပိဏ္ဍတ္ထပြ ဝိဂ္ဂဟရ ဝါကျတည်း။ ထို–၍ က ဝါကျကား သခေ်ပဝါကျ။

http://www.dhammadownload.com



ဝိနယံ အစိတေ ဝေနယိကောဟု ဝစနတ္ထပြုရမည်လောဟု စောဒနာဖွယ်ရှိ၍ ဆက်လက် ဖွင့်ပြသောကြောင့် ဂ–ဝါကျကား ဝါကျာရမ္ဘဝါကျ၊ ထို၍ က–ခ–ဝါကျတို့ကား အာရဒ္ဓဝါကျ။

ဃ–ဝါကျသည် ဝေနယိကောပုဒ်၏ သွတ္တတဒ္ဓိတ်ဝစနတ္ထ ဟူသော အဖို့မှတစ်ပါး အရဟတိတဒ္ဓိတ်ဝစနတ္ထကိုပြသောကြောင့် ပက္ခန္တရဝါကျ။ ထို၍ ဂ–ဝါကျကား ပက္ခဝါကျ။

င–ဝါကျကား ပဒပိဏ္ဍတ္ထပြ ပိဏ္ဍတ္ထာရဝါကျ။ ဃ–ဝါကျကား သင်္ခေပဝါကျ။

## အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ ဝိနယတီဖြင့် ဝိနယောပုဒ်ကို ဝိနယတီတိ ဝိနယောဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အ–ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

ခ–ဝါကျ၌ ဝိနာသေတီဖြင့် ဝိနယတိ၌ နီဓာတ်သည် နယနတ္ထကို မဟော၊ ဝိနာသတ္ထကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဝိ–ဥပသာရ၏ ဓာတွတ္ထ ဗာဓက၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

**တစ်နည်း။** ခ–ဝါကျ၌ ဝိနာသေတီဖြင့် ဝိနယတိ၌ ဝိပုဗ္ဗနီဓာတ်ကား အတ္ထာတိသယအားဖြင့် ဤ၌ ဝိနာသတ္ထ[၁]၊ ဝါ–ဝိကား ဝိမလံစ သည်၌ကဲ့သို့ အဘာဝတ္ထ[၂]၊ နီကားပါပနတ္ထ[၃]၊ မရှိခြင်း (အဘာဝ) သို့ (နီ) ရောက်စေ၏ဟူသည်ဖျက်ခြင်း, ပျက်စေခြင်းပင်တည်း ဟု သိစေ သည်။ ပါရာ၊ ဂ၊ သစ်။ ၂။ ၁၂၄။

၁။ ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဓာတွတ္ထ။ ၄။ ဘာဝတ္ထ။

## ဝိဂ္ဂဟနှင့် ဉာသ်ကောက်

ဝိနယတီတိ ဝိနယော။ ယောဂေါတမော၊ သည်။ လောကဇေဋ္ဌကကမ္မံ၊ ကို။ ဝိနယတိဝိနာသေတိ၊ ပျက်စီးစေတတ်၏။ ဝါ–ဖျက်ဆီးတတ်၏။ ဣတိ သော ဂေါတမော ဝိနယော။ ဝိ+နီ+အ။

http://www.dhammadownload.com



ဝိဥပသာရပုဒ်အရကား ဓာတွတ္ထဗာဓကေဘောဂဏ်ရ၏။ နီဓာတ်၏ အရကား အရှင်ဂေါတမ၏ မာနပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေး၌ဖြစ်သော အယောနိသော မနသိကာရစသည် သည် ဖလူပစာ။ နောက်နောက်၌ဖြစ်သောအကျိုးမဲ့မှန်သမျှသည်ကာရဏူပစာ။ အ-ပစ္စည်း အရကား ထိုမုချ ဖလူကာရဏူပစာတို့ဖြင့် မှတ်အပ်သော လောကဓဇ္ဇ က ကမ္မကိုဖျက်ဆီးတတ်သော အရှင်ဂေါတမဖြစ်ရ၏။

**မှတ်ချက်။** ဤကား "ဝေနယိကောဘဝံဂေါတမော" ဟူသော ပုဏ္ဏား၏သန္ဓာယဘာသိတနှင့်အညီ ဉာသ်ကောက်။ ဘုရားရှင်၌ မာနရှိနေ၍ ဤသို့ကောက်သည်မဟုတ်။

---

## အာဘောဂနှင့်သံဝဏ္ဏနာ

ဂ-ဝါကျဖြင့် 'ဝေနယိကော၌ ဏိကပစ္စည်းသည် အဓိတေတဒ္ဓိတ်၌မသက်၊ သွတ္ထတဒ္ဓိတ်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဝေနယိကော ပုဒ်ကို ဝိနယံ အဓိတေ ဝေနယိကောဟု အဓိတေတဒ္ဓိတ် ဝစနတ္ထ မပြုရ၊ ဝိနယော ဝေ ဝေနယိကောဟု သွတ္ထတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

ဃ-ဝါကျ၌ ဝိနယံ အရဟတိဖြင့် ဝေနယိကော၌ ဏိကပစ္စည်း၏ အရဟာတိတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဝိနယံအရဟာတီတိ ဝေနယိ ကောဟု အရဟာတိတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

င-ဝါကျ၌ နိဂ္ဂဟံဖြင့် ဝိနယံ၌ ဝိဥပသာရ၏ ဓာတွတ္ထဗာဓက၏ အဖြစ်ကိုလည်းကောင်း[၁]၊ နီဓာတ်သည်နယနတ္ထကိုမဟော၊ နှိပ်ကွပ်ခြင်း= နိဂ္ဂဟ အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဒုတိယံဓာတွတ္ထ။

**မှတ်ချက်။** ဝိပုဗ္ဗနီဓာတ်ကားအတ္ထာတိသယအားဖြင့် ဝါ-အနေ ကတ္ထဘာဝအားဖြင့် နိဂ္ဂဟတ္ထဟုပြသည်။ ဂံ၊ သစ်၊ ၂။ ၁၂၄။ ကြည့်။

http://www.dhammadownload.com



အဋ္ဌကထာ၌ "အယံ ဣမံ· လောကဇေဋ္ဌက ကမ္မံ ဝိနေတိ ဝိနာသေတိ (လ) ဘဂဝန္တံ ဝေနယိကောတိ အာဟ" တိုင်အောင်ကား အကျဉ်း။ တတြာယံ (လ) နိဂ္ဂဟံအရဟတီတိ ဝုတ္တံ ဟောတိကားအကျယ်။ အကျဉ်း အကျယ်တိုက်ဆိုင်၍ကြည့်ပါလေ။

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

ဝိနယံ အရဟာတီတိ ဝေနယိကော။ ယော ဂေါတမော။ သည်။ ဝိနယံ၊ကို။ အရဟာတိ၊၏ ။ဣတိသော ဂေါတမော ဝေနယိကော။ဝိနယ+ဏိက။

ဝိနယဟူသော တဒ္ဓိတ်ပုဒ်အရကား နှိပ်ကွပ်ခြင်း ကြိယာသည်မုချ။ ယင်း၏ ဂေါတမဒြဗ်နှင့် ဂုဏ်ဂုဏေအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။

ဏိကပစ္စည်း၏အရကား ထိုမုချဌာနူပစာဖြင့် မှတ်အပ်သော နှိပ်ကွပ် ထိုက်သောဂေါတမဒြဗ်ရ၏။ (ပုဏ္ဏားအလိုဉာဉ်ကောက်။)

**အနက်ယောဇနာ။** ဘဝံဂေါတမော၊ သည်။ ဝေနယိကော၊ လောကဥ္စကြီးသောသူတို့အားပြုသင့်သော (ရှိခိုးခြင်းစသော) အမှုကိုဖျက် ဆီးတတ်၏၊ ဝါ-ပျက်စီးစေတတ်၏။ (က-ခ-ဂ- သံဝဏ္ဏနာနှင့်အညီ။)

**တစ်နည်း။** ဘဝံဂေါတမော၊ သည်။ ဝေနယိကော၊ နှိပ်ကွပ်သင့် နှိပ်ကွပ်ထိုက်၏။ (ဃ-င-သံဝဏ္ဏနာနှင့်အညီ။)

(က) ဘဂဝါ ပန ယသ္မာ ရာဂါဒီနံ ဝိနယာယ ဝူပသမာယ ဓမ္မံ ဒေသေတိ တသ္မာ ဝေနယိကော ဟောတိ။

(ခ) အယမေဝ စေတ္ထ ပဒတ္ထော။

(ဂ) ဝိနယာယ ဓမ္မံ ဒေသေတီတိ ဝေနယိကော။

(ဃ) ဝိစိတြာ ဟိ တဒ္ဓိတဝုတ္တိ။ ဋ။ ၁၀၆။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရပါဒက ဝါကျ။ ဂ-ဝါကျကား ဝိတ္ထာရ ဝါကျ။ ထို-၍ က-ဝါကျကား သင်္ခေပဝါကျ။

http://www.dhammadownload.com



ဃ-ဝါကျကား (ဝေနယိကောပုဒ်ကို ဒေသေတိတခွိတ် ဝစနတ္တ ပြုရာဝယ် သဒ္ဒလက္ခဏာ၊ ဝါ-သဒ္ဒါကျမ်း၌ လာသော သုတ် မထင်ရှား သဖြင့် ယင်းသို့သောဝစနတ္တပြုသင့်သလောဟုစောကြောဖွယ်ရှိ၍ တက်လာ သောကြောင့်) ယုတ္တိဒင္ဒီကရဏဝါကျ။ ဂ-ဝါကျကား ယုတ္တိဒင္ဒီယဝါကျ။

## ဃ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် ဝေနယိကော ပုဒ်ကို ဒေသေတိ တခွိတ်ဝစနတ္တပြုရသောဟု ဆိုတော်မူ၏။ (ဝိနယော ဧဝ ဝေနယိကော။ ဝိနယံ ဝါ အရဟတီတိ ဝေနယိကော-ဟု) ရှေးဦးစွာ ဆိုအပ်ကုန်သော နှစ်ပါးကုန်သော အတ္တဝိကပ်တို့၌လည်း သကတ္တ၌လည်းကောင်း၊ အရဟတ္တ၌ လည်းကောင်း၊ တခွိတ်ပစ္စည်းသည် သဒ္ဒါကျမ်း၌ လာသောသုတ်အားဖြင့် ထင်ရှားသည် မဟုတ်လော။ (အနွယာဘောဂ။)ဝိနယာယ ဓမ္မံ ဒေသေတိဟူ သော ဤအနက်၌တခွိတ်ပစ္စည်းသည် သဒ္ဒါကျမ်း၌လာသောသုတ်အားဖြင့် မထင်ရှားသည်မဟုတ်လော၊ (ဗျတိရေကာဘောဂ)။ ထို့ကြောင့် အဘယ်သို့လျှင် ယင်း ဒေသေတိ အနက်၌ တခွိတ်ပစ္စည်းဖြစ်သနည်း ကြောင့် ဃ-ဝါကျမိန့်။ သာရတ္ထ၊ ၁။ ၃၄၈။

ကား-ဃ-ဝါကျဖြင့် တခွိတ်ပစ္စည်း၏ ဖြစ်ခြင်းသည် လောက ပမာဏအားဖြင့် ဆန်းကျယ်သောကြောင့် ဒေသေတိတခွိတ် ဝစနတ္တလည်း ပြုသင့်၏ဟူလို။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

ဝိနယာယ ဓမ္မံ ဒေသေတိတိ ဝေနယိကော။ ယော၂ဘာဂဝါ၊ သည်။ ရာဂါဒီနံ၊ တို့ကို။ ဝိနယာယ။ ပယ်ဖျောက် ငြိမ်းအေးစေခြင်းငှာ။ ဓမ္မံ၊ ကို။ ဒေသေတိ၊ ၏။ ဝိနယ+ဏိက။

ဝိနယ-ဟူသော တခွိတ်ပုဒ်အရကား ရာဂစသည်တို့ကိုပယ်ဖျောက် ငြိမ်းအေးစေခြင်းသည်မှချ။ ယင်း၏ တရားတော်ကိုဟောသော မြတ်စွာ ဘုရားနှင့် အကျိုးအကြောင်းစပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏိကပစ္စည်း အရကား ထိုမှချဌာနူပစာတို့ဖြင့် မှတ်အပ်သော ရာဂစသည်တို့ကို ပယ် ဖျောက်ငြိမ်းအေးစေခြင်းငှာ တရားဟောတော်မူသော မြတ်စွာဘုရားရ၏။

http://www.dhammadownload.com



## ● အာဘောဂနှင့် သံဝဏ္ဏနာ

ဂ-ဝါကျဖြင့် ဝေနယိကောပုဒ်ကို ဝိနယာယ ဓမ္မံ ဒေသေတီတိ ဝေနယိကောဟု ဒေသေတိတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏိကပစ္စည်း၏ ဒေသေတိတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

(က) တပတီတိ တပေါ။

(ခ) ရောသေတိ ဝိဟေသေတီတိ ဝုတ္တံ ဟောတိ။

(ဂ) သာမီစိကမ္မာကရဏသေတံ နာမံ။

(ဃ) တပေါ အဿ အတ္ထီတိ တပဿီ။

(င) ဒုတိယေ အတ္တပရိတာပေ ဗျဥ္ဇနာနိ အဝိစာရေတွာ လော ကေ ကပဏာပုရိသောတပဿီတိ ဝုစ္စတိ။ ဋ္ဌ။ ၁၀၆။

### လ ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ က-ဝါကျကား သခ်ေပ ဝါကျ။

ဂ-ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ က=ဝါကျကား အာရဒ္ဓ ဝါကျ။ **တစ်နည်း။** ဂ-ဝါကျကား ပက္ခန္တရ။ က-ဝါကျကား ပက္ခဝါကျ။

ဃ-ဝါကျကား ပက္ခန္တရဝါကျ။ က-ခ-ဂ-ဝါကျကား ပက္ခဝါကျ။

င-ဝါကျကား ပက္ခန္တရဝါကျ။ က-စသောဝါကျကား ပက္ခဝါကျ။

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**တပေါ။** တပတီတိ တပေါ။ ယံ သာမီစိကမ္မာကရဏံ၊ အကြောင်းအရာအသေအမှုကို မပြုခြင်းဟူသော မာနစသည် ပြင်္ဒာန်းသောအကုသိုလ်စိတ္တုပ္ပါဒ်သည်။ ဝယောဝုဒ္ဓေ၊ အရွယ်ကြီးကုန်သောသူတို့ကို။ တပတိ၊ ပူပန်စေတတ်, ညှဉ်းဆဲတတ်, (နှလုံးမသာယာခြင်း ဒေါမနဿကို ဖြစ်စေတတ်)၏။ ဣတိ တံ ပေါ။ တပ+အ။ ဟေတုကတ္တုသာဓန။

http://www.dhammadownload.com



တပစာတ်အရ သုဒ္ဓကတ္တုဋ္ဌကြိယာအရကား အရွယ်ကြီးကုန်သော သူတို့၏ပူပန်ခြင်းဒေါနဿသည်မှချ။ (ဒေါမနဿံ နေဒံ ဥပ္ပါဒေန္တိ- ဟူသော ဝါကျကိုမျှော်ကောက်။) ဟေတုကတ္တုဋ္ဌကြိယာကား ထိုအား တပ်သောရဟန်းဂေါတမ၏မာနစသည်ပြဋ္ဌာန်းသောအကုသိုလ် စိတ္တုပ္ပါဒ် ဟူသော သာမိစိကမ္မာကရဏ၏ပကတူပနိဿယ သတ္တိသည် ဖလူပစာ။ အပစ္စည်း၏အရကားထိုဖြင့် မှတ်အပ်သော ရဟန်းဂေါတမ၏ မာနစသည် ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ဟူသော သာမိစိ ကမ္မာကရဏ ရ၏။

**မှတ်ချက်။** ပုဏ္ဏားတို့၏သန္တာယဘာသိတနှင့်အညီ ဉာဏ်ကောက်။ အဘိဝါဒနာဒီနိစသောဝါကျကိုမျှော်လေ။

**တပဿီ။** တပေါ အဿ အတ္ထီတိ တပဿီ။ အဿဘောတော ဂေါတမဿ၊ အား။ တပေါ၊ သည်။ အတ္ထိ၊ ၏။ ဣတိ သော တပဿီ။ တပ+သီ။ အဿတ္ထိတဒ္ဓိတ်။

တပဟူသော တဒ္ဓိတ်ပုဒ်အရကား အရိအသေ အမှုကို မပြုခြင်း (သာမိစိကမ္မာကရဏ) သည်မှချ။ ယင်း၏ အရှင်ဂေါတမ ဒြဗ်နှင့် ဌာနီဌာန၊ ဂုဏ်ဂုဏအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ သီပစ္စည်း၏အရကား ထိုဖြင့်မှတ်အပ်သော အရိအသေအမှုကိုပြုခြင်းမရှိသော အရှင်ဂေါတမ ဒြဗ်ရ၏။

**အနက်ယောဇနာ။** ဘဝံဂေါတမော၊ သည်။ တပဿီ၊ အရွယ်ကြီးကုန်သောသူတို့ကို ပူပန်စေတတ် ညှဉ်းဆဲတတ်သော အရိအသေအမှုကို မပြုခြင်းရှိ၏။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဌ တပတိဖြင့် တပေါပုဒ်၏ ဟေတု ကတ္တုသာနေဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အ=ပစ္စည်း၏ ကတ္တုသာနေဌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ကာရိတန္တောဂမ, ကာရိတလောပ၏ အဖြစ်ကို လည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

http://www.dhammadownload.com



ခ–ဝါကျ၌ ရောသေတိဖြင့် တပတိ၌ တပဓာတ်သည် တောက်ပခြင်း=ဒိတ္တိအနက်ကိုမဟော။ ပူပန်ခြင်း = တပန အနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ တပတိ၌ကာရိုက်ဏောပစ္စည်းကျေသည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဘာဝတ္ထ။

ခ–ဝါကျ၌ ဝိဟေသေတိဖြင့် ပူပန်စေခြင်း ဟူသည် ညှဉ်းဆဲခြင်းပင်တည်းဟုသိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** တပတိ၊ ပူပန် စေတတ်၏။ (သဒ္ဒတ္ထ။ ရောသေတိဖွင့်။) ညှဉ်းဆဲတတ်၏။ (အဓိပ္ပါယတ္ထ။ ဝိဟေသေတိဖွင့်။)

ဂ–ဝါကျဖြင့် တပအရ ပူပန်စေတတ် ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်ကိုမယူရ။ (ဗျ)။ သာမိစိကမ္မာကရဏကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

**မှတ်ချက်။** ဂ–ဝါကျကိုကျမ်းတက်လျှင် ဗျတိရေက အာဘော်ကို အာဘော်ပြု၍တက်ပါ။ တပတီတိ တပေါ ပုဒ် ဥပစာ တင်နှင့်လည်း ယှဉ်ကြည့်ပါ။

ဃ–ဝါကျဖြင့် တပဿီပုဒ်ကို တပေါ အဿအတ္ထီတိ တပဿီဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ သီပစ္စည်း၏ ယင်းအဿတ္ထိအနက်၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ သဒ္ဒေးဘော်လာ၍တပဿီဟုပြီးသည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

င–ဝါကျဖြင့် သပ္ပုရိသာ စာရဝိရဟိတတ္တာဟူသော ဒုတိယဝိကပ်၌ (ဒုတိယဝိကပ်အလို)တပဿီသဒ္ဒါကား အန္တတ္ထနာမ်ပုဒ်မျိုးမဟုတ်၊ အနိပ္ဖန္နပါဋိပဒိကရုဋ္ဌိနာမ်ပုဒ်မျိုး၏အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းတပဿီသဒ္ဒါ၏ ကပဏပုရိသအနက်ဟော၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နာမလိင်္ဂပဒ။ ၂။ နာမလိင်္ဂတ္ထ။

http://www.dhammadownload.com



## ● ပါဠိဝိနိစ္ဆယ

**တပဿီ။ တပဿီ။** "တပါဒီတော၊ သက်သော သီမှာ၊ ဒွေးဘော် လာ"ဟူသော သဒ္ဒါစည်းကမ်းအရ သ်-ဒွေးဘော်လာ၍ ပြီးသောကြောင့် လည်းကောင်း၊ တပဿီ, ယသဿီ, တေဇဿီတိဧတ္တ ပုရိမေသု ဒွိသု သုခုစ္စာရဏတ္ထံ၊ သဿ ဒွိတ္တံ၊ ပစ္ဆိမေ ပန သုဒ္ဓေါ သ ကာရော။ နီတိ၊ သုတ္တ။ ၇၈၉။ တပဿီ, ယသဿီပြယုဂ်တို့၌ သုခုစ္စာရဏ အလို့ငှာ ဒွေဘော် လာရမည်ဟုဆိုသောကြောင့်လည်းကောင်း တပဿီဟု ဒွေဘော်နှင့်ရှိသော ပါဠ်သင့်သည်။

**ကပဏ။ ကပ်န။** က+ပဏ။ ပဏ = ပဏာတိ ဗျဝဟာရတိ ဧတေ နာတိ ပဏော။ (ဧတေန၊ ထိုဥစ္စာ ဖြင့်။ ပဏာတိဗျဝဟာရတိ၊ ရောင်းဝယ် တတ်၏။ပဏ+အ။ ကုစ္ဆိတော ပဏော ယဿာတိ ကပဏော။ဓာန်၊ ဋီ။၇၃၉။

**တစ်နည်း။** ကပ အဝကမ္ပနေ။ ကပဏောတိ ကရုဏာယိတဗ္ဗော (နီတိ၊ ဓာတု။ ၃၂၇)လာ၍ ကပ+ယု။ န-ကို ဏ-ပြန် ကပဏပြီးသည်။ ယင်းတို့ကိုထောက်၍ ကပဏ သာသင့်သည်။

**ရောသေတိ။ ဒေါသေတိ။** ဒုသ ဓာတ်ကား ဒိဝါဒိဂဏ်၊ ၁ ဓာတ်၊ ထိုကြောင့် ဒုဿတိဟုသာရှိ၏။ ဒေါသေတိဟုမရှိ။ ရုသဓာတ်မှာကား စုရာဒိ ဂဏ်ကဖြစ်၍ ရောသေတိဟုရုပ်ပြီး၏။ ရုသရောသနေ။ ရောသန်ကောပ ကရဏံဟုဓာတ်နက်ကိုဖွင့်ပြသော နီတိ၊ ဓာတု။ ၃၄၆ နှင့် ဒေါမနဿံ ဥပ္ပါဒေန္တိဟုဖွင့်သော ဋ္ဌ၊ ၁၀၆-တို့ နီးနှောမိ၏။ ထိုကြောင် ရော သေတိ=ရှိသောပါဠ်သာသင့်သည်။

---

## ● နည်းနှင့်ဥပစာ

**တပတီတိတပေါ။** အပေါင်းဖြစ်သောပူပန်စေတတ်သူ၊ သာမိစိ ကမ္မာကရဏတို့၏ တပအမည်ကိုအစိတ်ဖြစ်သော သာမိစိကမ္မာကရဏ၌တင် စား၍အစိတ်ဖြစ်သော သာမိစိကမ္မာကရဏကို တပေါဟုဆိုသောကြောင့် ဧကဒေသျူပစာ၊ သမုဒါယူပစာ။ (နေယျတ္ထနည်း။ ရုဠ္ဌီနည်း။)

http://www.dhammadownload.com



**တစ်နည်း။** ဌာနဖြစ်သော ပူပန် စေတတ်သော ပုဂ္ဂိုလ်၏ တပ အမည်ကိုဌာနီဖြစ်သော သာမိစိကမ္မာကရဏာ၌တင်စား၍ ဌာနီဖြစ်သော သာမိစိကမ္မာကရဏာကိုတပေါ်ဟုဆိုသောကြောင့် ဌာနူပစာ။ နာနန္တ ရိကနည်း။

**တပဿီ။** ယင်းကို ကပဏာပုရိသောဖွင့်သောဒုတိယ ဝိကပ်အလို တပဿီသဒ္ဒါကား အထီးကျန်သောသူဟူသောအနက်၌ ထင်သောအထင် ရုဋ္ဌိနာမ်ပုဒ်တည်း။ ရုဋ္ဌီနည်း။

(က) တပန္တီတိ တပေါ်။

(ခ) အကုသလဓမ္မာနမေတံ အဓိဝစနံ။

(ဂ) ဝုတ္တမ္ပိ ဟေတံ "ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ"တိ။

(ဃ) တထာ တေ တပေ အဿိ နိရဿိ ဝိဒ္ဓံသေသီတိ တပဿီ။

ဋ္ဌ။ ၁၀၇။

## ● အနက်ယောဇနာ

**တပဿီ။** လောကကို ပူပန်စေတတ်သော အကုသိုလ်တရားတို့ ကိုပယ်ပြီး, ဖျက်ဆီးတော်မူပြီးသောမြတ်စွာဘုရား။ (သံဝဏ္ဏနာများနှင့်အညီ။)

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို–၍ က–ဝါကျကား အာရဒ္ဓဝါကျ။ **တစ်နည်း။** ခ–ဝါကျကား အဘိဓေယျတ္ထ (သရုပ်ပြ) ပက္ခန္တရ။ ထို–၍ က–ဝါကျကား ဝစနတ္ထပြ ပက္ခဝါကျ။

ဂ–ဝါကျကား အာဂမဒဋ္ဌိကရဏာဝါကျ။ ခ–ဝါကျကား အာဂမ ဒဋ္ဌိယဝါကျ။

ဃ–ဝါကျကား ပက္ခန္တရ ဝါကျ။ က–စသည်ကား ပက္ခဝါကျ။

http://www.dhammadownload.com



## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**တပ။** တပန္တီတိ တပါ။ ယေအကုသလာဓမ္မာ၊ တို့သည်။ လော ကံ၊ သတ္တလောကကို။ တပန္တိ၊ ပူပန်စေတတ် ကုန်၏။ ဣတိ တေ အကု သလာ ဓမ္မာ တပါ။ တပ+အ။ ဟေတုကတ္တုသာဓန။

တပဓာတ်အရ သုဒ္ဓကတ္တုဖြ ကြိယာအရကား သတ္တလောက၏ ပူ ပန်ခြင်းကုဏ္ဍစ္စ, ဝိပ္ပဋိသာရပြဋ္ဌာန်းသော နောက်နောက်သောအကုသိုလ် စိတ္တုပ္ပါဒ်သည်မှချ။ ဟေတုကတ္တုဖြ ကြိယာအရကား ထိုအားတပ်သော ရှေးရှေးသော အကုသိုလ်တရားတို့၏ အနန္တရာဒိသတ္တိ, ပကတူ ပနိဿယ သတ္တိသည် ဖလူပစာ၊ အ–ပစ္စည်းအရကား ထိုမှချဖလူပစာတို့ဖြင့်မှတ်အပ် သော ရှေးရှေးသောအကုသိုလ်တရားတို့ရ၏။

**အဿီ။** အဿိ နိရဿိတိ အဿီ။ ယောဘဂဝါ၊ သည်။ တပေ၊ တို့ကို။ အဿိနိရဿိ၊ ပယ်ပြီ၊ ဝါ– ဖျက်ဆီးပြီ။ ဣတိသော ဘဂဝါ အဿီ။ အသုဓာတ်+ဏီ ပစ္စည်း။ ကတ္တုသာဓန။

အသုဓာတ်အရကား မြတ်စွာဘုရား သန္တာန်၌ရှိသော အရဟတ္တ မဂ်၏ သမုစ္ဆေဒ ပဟာနသတ္တိသည်မှချ။ ရှေးရှေး၌ဖြစ်သော ပါရမီဉာဏ် ဝိပဿနာဉာဏ် အောက်မဂ်, အောက်ဖိုလ် ဉာဏ်တို့သည် ဖလူပစာ။ နောက်နောက် ဖြစ်သော အရဟတ္တဖိုလ်ဉာဏ် စသည်တို့သည် ကာရဏူ ပစာ။ ဏီ–ပစ္စည်းအရကား ထို–ဖြင့်မှတ်အပ်သော မြတ်စွာဘုရားဒြဗ်ရ၏။

**တပဿီ။** တပေ အဿိ တပဿီ။ တပေ၊ တို့ကို။ အဿိ၊ ပယ်ပြီး ဖျက်ဆီးပြီးသော မြတ်စွာဘုရား။ ဒုတိယာတပ္ပုရိသ် သမာသ်။ တပပုဒ်+ အဿီပုဒ်။

တပ– ဟူသော ဝိသေသန ပုဒ်အရကား ပူပန် စေတတ်သော အကုသိုလ်တရားတို့သည်မှချ။ ယင်းတို့၏ မြတ်စွာဘုရားဒြဗ်နှင့် ပဟာတဗ္ဗ ပဟာယကစပ်ခြင်းသမ္ဗန်ဌာန၊ပစာ။ တပဿီဟူသော သမာသ်ပုဒ်လုံးအရ ကား ထို–ဖြင့်မှတ်အပ်သော ပူပန်စေတတ်သော အကုသိုလ်တရားတို့ကို ပယ်ပြီး ဖျက်ဆီးတော်မူပြီးသော မြတ်စွာဘုရားရ၏။

http://www.dhammadownload.com



## ● ဓာတုပစ္စယာဒိဝိဘာဂ

**အဿီ॥** အာချာတ်ပုဒ်॥ အသုဓာတ်॥ အဇ္ဈတ္တနီ ဤဝိဘာတ်၊ ဣပြု॥

**အဿီ॥** ကိတ်နာမ်ပုဒ်॥ အသုဓာတ်॥ ဏီပစ္စည်း॥ ရတ္တာဒိဂိုဏ်း ပုလ္လိင်॥ ဤကာရန္တ॥

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ တပန္တိဖြင့် တပပုဒ်ကို တပန္တိတိတပါဟု ကတ္တုသာ ဓနဝစနတ္တပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အ-ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ကာရိတန္တေ ာဂဓ, ကာရိတလောပ၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

ခ-ဝါကျဖြင့် တပအရ ပူပန် စေတတ်သော ပုဂ္ဂိုလ်ကို မယူရ၊ အကုသိုလ်တရားတို့ကိုယူရမည်ဟု သိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ။)

ဃ-ဝါကျ၌ တပေအဿီဖြင့် တပဿီ၌ အဿီပုဒ်ကို အဿီတိအဿီ ဟုကတ္တုသာဓနဝစနတ္တပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အဿီ(=အသု+ ဏီ)၌ ဏီပစ္စည်း၏ ကတ္တုသာဓနေအနက်၌ သက်သည်၏အဖြစ်ကိုလည်း ကောင်း[၂]၊ တပနှင့်အဿီကိုတပေ အဿီ တပဿီဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္တပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယ ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ၊

သမာသလိင်္ဂပဒတ္ထ။

ဃ-ဝါကျ၌နိရဿီဖြင့် အဿီကားနာမ်ပုဒ်မဟုတ် အာချာတ်ပုဒ် တည်းဟု ပရိယာယ်ပုဒ်တစ်ပါးဖြင့်ဖွင့်ပြသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျ၌ ပဟာသိဖြင့် အဿီ၌အသုဓာတ်သည် ခေပနတ္ထ၊ ဝါ- ပဟာနတ္ထကိုဟောသတည်းဟုသိစေသည်။ (ဓာတွတ္ထ။)

ဃ-ဝါကျ၌ ဝိဒ္ဓံသေသိဖြင့် ပယ်ခြင်း ဟူသည် ဖျက်ဆီးခြင်းပင် တည်းဟုသိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com



**အနက်ပေး။** အသိ၊ ပယ်ပြီ။ (သဒ္ဒတ္ထ။ ပဟာသိဖွင့်။) ဝါ-ဖျက်ဆီးပြီ(အဓိပ္ပါယတ္ထ၊ ဝိဒ္ဓံသေသိဖွင့်။)

## ● ပါဠ္ဌဝိနိစ္ဆယ

**နိရသိ။ နိဥသိ။** နိရသိပုဒ်သည် အသိဟူသော သံဝဏ္ဏေတဗ္ဗ၏ သံဝဏ္ဏနာဖြစ်သောကြောင့် နိ+အသိဟုပဒ်ဆွေဒပြုသင့်၏။ ယင်းသို့ ပဒဆွေဒပြုပြီးနောက် ရ-အက္ခရာလာခြင်း ပဒသမ္ဗန္ဓပြုသင့်၏။

သဒ္ဒနိတိ၌လည်း အသု-ခေပန နိရဿတိ ဆဋ္ဌေတိဟု ရ-အာဂုံဖြင့်ဆို၍။ "ပုနစတုးနိနှင့်ဒု၊ ပါတုပါတနှောင်၊ သရနှောင်းက၊ အာဂမ ရ-ကောက်အမြဲဆောင်" ဟူသောနိယံအရ နိနောက် ရ-အာဂုံ လာသင့်သောကြောင့်လည်းကောင်း, သက္ကတ သဒ္ဒါကျမ်းတို့၌ သရနှောင်းရာဝယ် နိရဉပ သာရသာရှိရမည်ဟုဆိုသောကြောင့်လည်းကောင်း နိရသိပါဠ်သာသင့်သည်။ နှာ။ ၃၁၈-နိရဒကကြည့်။

## ● နည်းနှင့်ဉပစာ

**လောကာတပနတော။** အပေါင်းဖြစ်သော လောက ၃-ပါး၏ လောကအမည်ကို အစိတ်ဖြစ်သော သတ္တလောက၌ တင်။ ကေဒေသျူ ပစာ၊ ဝါ-သမုဒါယူပစာ။

**တပန္တီတိတပါ။** အပေါင်းဖြစ်သော ပူပန်စေတတ်သော ပုဂ္ဂိုလ် ပူပန်စေတတ်သော အကုသိုလ်ဓမ္မတို့၏ တပ အမည်ကို အစိတ်ဖြစ်သော အကုသိုလ်ဓမ္မ၌တင်။ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

**တစ်နည်း။** ဌာနဖြစ်သော ပူပန်စေတတ်သော ပုဂ္ဂိုလ်၏ တပ အမည်ကို ဌာနီဖြစ်သော ပူပန် စေတတ်သော အကုသိုလ် ဓမ္မ၌တင်။ ဌာနူပစာ။ နာနန္တရိကနည်း။

**မှတ်ချက်။** တပတီတိ တပေါ် အဖြေပြန်ကြည့်။

(က) ဂစ္ဆတော အပဂတောတိ အပဂစ္ဆော။

(ခ) အဘဗ္ဗော ဒေဝလောကူပပတ္တိံ ပါပုဏိတုန္တိ အဓိပ္ပါယော။

(ဂ) ဟိနော ဝါ ဂစ္ဆော အဿာတိ အပဂစ္ဆော။

http://www.dhammadownload.com



(ဃ) ဒေဝလောကဂဗ္ဘ ပရိဗာဟိရတ္တာ အာယတိံ ဟိနဂဗ္ဘပဋိလာသ ဘာဂိတိ။

(င) ဟိနော ဝါဿ မာတုကုစ္ဆိမှိ ဂဗ္ဘဝါသော အပေဟာသိတိ အဓိပ္ပါယော။ ၄။ ၁၀၇။

## ● အနက်ယောဇနာ

အပဂဗ္ဘော၊ နတ်ပြည် ပဋိသန္ဓေမှ ကင်း၏၊ (ကင်းသူတည်း)။ (သဒ္ဒတ္ထ။ က–ဝါကျနှင့်အညီ။)

အပဂဗ္ဘော၊ နတ်ပြည်ပဋိသန္ဓေသို့ မရောက်ထိုက်။ (အဓိပ္ပါယတ္ထ။ ခ–ဝါကျနှင့်အညီ။)

အပဂဗ္ဘော၊ ယုတ်ညံ့သောပဋိသန္ဓေရှိ၏။ (သဒ္ဒတ္ထ။ ဂ–ဝါကျနှင့် အညီ။)

အပဂဗ္ဘော၊ နတ်ပြည်ပဋိသန္ဓေမှအပ ဖြစ်သောကြောင့် နောင်အခါ၌ ယုတ်ညံ့သောပဋိသန္ဓေကိုရဖို့ရှိ၏။ (အဓိပ္ပါယတ္ထ။ ဃ–ဝါကျနှင့်အညီ။)

**အပဂဗ္ဘော။** အမိဝမ်း၌ ယုတ်ညံ့သောပဋိသန္ဓေ နေခြင်းရှိ၏။ ဝါ–အမိဝမ်း၌ပဋိသန္ဓေနေမှုဟူသော ယုတ်ညံ့ခြင်းရှိ၏။ (ရှိသူတည်း)

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၌ က–ဝါကျကား သခ်ေပဝါကျ။

ဟိနော ဝါ (လ) အဓိပ္ပါယော တိုင်အောင်သော ဂ, ဃ, င, ဝါကျတို့ကား ပက္ခန္တရဝါကျ။ ထို ၌ က–ခ–ဝါကျကားပက္ခဝါကျ။

**ရှင်းလင်းချက်။** ပုန ဗြာဟ္မဏော တံ အဘိဝါဒနာဒိကမ္မံ ဒေဝလောက ဂဗ္ဘသမ္ပတ္တိယာစသောအနုသန္ဓေ အကျဉ်းပြစကား၌ဒေဝလောကဂဗ္ဘ(လ)အပဂဗ္ဘောတိ အာဟဟုလည်းကောင်း, ကောဝဝသေန ဝါ (လ) ဝေမာဟဟုလည်းကောင်း, စကား ၂ ရပ်ရှိရာ က–ခ–ဝါကျဖြင့် ပထမစကားရပ်ကို ဖွင့်ပြီးနောက် ဒုတိယစကားရပ်ကိုဖွင့်လိုသဖြင့် ဂ–ဃ–င–ဝါကျ တက်လာသည်။ ထိုကြောင့် ပက္ခ, ပက္ခန္တရခွဲသည်။

ထို ဂ–ဃ–င– ဝါကျတွင်လည်း ဂ–မူလအကျဉ်းပြဝါကျ။ ယင်းကို ဃ–ဖြင့်လည်းကောင်း၊ င–ဖြင့်လည်းကောင်း၊ အကျယ် ဖွင့်ပြသည်။ ထို့ကြောင့် ဃ=နှင့် င–ဝါကျကို အကျယ်ပြခြင်း ပက္ခ ပက္ခန္တရဝါကျခွဲရမည်။

http://www.dhammadownload.com



ဃ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ဂ=ဝါကျကား သင်္ခေပ ဝါကျ။

## ဃ-ဝါကျဋီကာတက်

ယခုအခါ ဟီနော ဝါ ဂဏ္ဌော အသာတိ အပဂဏ္ဌောဟူသော ဤဝိဂ္ဂဟ၏အဓိပ္ပာယ်ကို ပရိယာယ်တစ်မျိုးဖြင့် ပြလိုရကား ဃ-ဝါကျမိန့်။ (ပုဗ္ဗာနုသန္ဓေ ဂ-ဝါကျထားပါ။) သာရတ္ထ၊ ၁။ ၃၉၄။

**အကြံတစ်မျိုး။** ဃ-ဝါကျ ပဋိလာဘ ဘာဂိတိဒ္ဓ ဣတိသဒ္ဒါ ဟေတုအနက်ရှိ၏ဟု သာရတ္ထဆိုသည်။ ယင်းအလို ဃ-ဝါကျကိုကာရဏ ဂ-ဝါကျကို ဖလ-ဟုကြံနိုင်သေးသည်။

င-ဝါကျကား ပက္ခန္တရဝါကျ။ ဃ-ဝါကျကား ပက္ခဝါကျ။

## င-ဝါကျဋီကာတက်

ယခုအခါ၌ တစ်ဖန် ယင်း "ဟီနော ဝါ ဂဏ္ဌော အသာတိ အပဂဏ္ဌော" ဟူသော ဝိဂြိုဟ်ကို သာလျှင် " ကောဓဝေဝသေန။ ပ။ ဒသေဟ္ဌော" ဟုအောက်၌ ဆိုအပ်ပြီးသော နည်းအားလျော်စွာ ပြ၍ အဓိပ္ပာယ်ကိုဖွင့်ပြလိုရကား င-ဝါကျမိန့်။ (ပုဗ္ဗာနုသန္ဓေ။ ဃ-ဝါကျထား) သာရတ္ထ။ ၁။ ၃၄၉။

## ● ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**အပဂဏ္ဌ။** ဂဏ္ဌတော အပဂတော အပဂဏ္ဌော။ ဂဏ္ဌတော၊ နံတ်ပြည်ပဋိသန္ဓေမှ (ဂဏ္ဌတောတိဒေဝလောကပဋိသန္ဓိတော။ သာရတ္ထ၊ ၁။ ၃၄၈။) အပဂတော၊ ကင်းသောသူတည်း။ အပဂဏ္ဌော၊ သူ။ အပ+ဂဏ္ဌ။ ပဉ္စမိတပ္ပုရိသ်သမာသ်။ (နိဗ္ဗာန်ပုဒ်ကဲ့သို့ ဝိသေသန ပရနိပါတ။)

ဂဏ္ဌ-ဟူသော ဝိသေသန ပုဒ်အရကား နတ်ပြည် ပဋိသန္ဓေသည်မှချ။ ယင်း၏ကင်းသော ရှင်ဂေါတမနှင့် အပါဒါန်, အပါဒီစပ်ခြင်းသမ္ဗန် ဌာနူပစာ။ အပဂဏ္ဌော..... အရကား နတ်ပြည် ပဋိသန္ဓေမှ ကင်းသော အရှင်ဂေါတမဖြစ်ရ၏။ (က-ခ-ဝါကျနှင့်အညီ ဉာဏ်ကောက်)

**တစ်နည်း။** ဟီနော ဂဏ္ဌော အသာတိ အပဂဏ္ဌော။ အသ ဘောတော ဂေါတမသ၊ အား။ ဟီနော၊ နတ်ပြည် ပဋိသန္ဓေမှအပ ဖြစ်

http://www.dhammadownload.com



သော (ဖြစ်သောကြောင့်) ယုတ်ညံ့ အောက်တန်းကျသော။ ဂဗ္ဘော၊ ပဋိသန္ဓေသည်။ အတ္ထိ၊ ရှိ၏။ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်။ အပ+ဂဗ္ဘ+တ။

အပ+ဂဗ္ဘဟူသော ဗဟုဗ္ဗီဟိသမာသ် ပုဒ်လုံးအရကား နတ်ပြည် ပဋိသန္ဓေမှအပ (တစ်မျိုးတစ်ပါး)ဖြစ်သော (လူစသော) ယုတ်ညံ့အောက် တန်းကျသော ပဋိသန္ဓေသည်မှချ။ ယင်း၏ အရှင်ဂေါတမဖြစ်နှင့်အဘေဒ ဘေဒစပ်ခြင်းသမ္ဗန္ဓာနုပစာ။ တ–ဟူသောအညပုဒ်အရကား ထိုဖြင့် မှတ် အပ်သော နတ်ပြည် ပဋိသန္ဓေမှအပ (တစ်မျိုးတစ်ပါး) ဖြစ်သော (လူစသော) ယုတ်ညံ့ အောက်တန်းကျသော ပဋိသန္ဓေရှိသော အရှင်ဂေါတမဖြစ်ရ၏။ (ဂ–ဃ–နှင့်အညီ။)

**တစ်နည်း။** ဟီနော ဂဗ္ဘော အဿာတိ အပဂဗ္ဘော။ အဿဘော တောဂေါတမဿ၊ အား။ ဟီနော၊ ယုတ်ညံ့သော အောက်တန်းကျသော ဂဗ္ဘော၊ အမိဝမ်း၌ ပဋိသန္ဓေနေခြင်းသည်။ အတ္ထိ၊ ၏။

အပဂဗ္ဘ....အရကား ယုတ်ညံ့ အောက်တန်း ကျသော ပဋိသန္ဓေ နေခြင်း (အမိဝမ်း၌ပဋိသန္ဓေနေခြင်း)သည်မှချ။ ယင်း၏ အရှင်ဂေါတမ ဖြစ်နှင့် အဘေဒ, ဘေဒစပ်။ တ (လ) အရကား ယုတ်ညံ့အောက်တန်း ကျသော (အမိဝမ်း၌) ပဋိသန္ဓေနေခြင်းရှိသော အရှင် ဂေါတမဖြစ်ရ၏။ (ဂ– င–ဝါကျနှင့်အညီ။)

**ဂဗ္ဘဝါသော။** ဂဗ္ဘော ဟုတွာ ဝါသော ဂဗ္ဘဝါသော် ကိုယ်ဝန် ဖြစ်၍ နေခြင်း၊ ဝါ–ကိုယ်ဝန်အဖြစ်ဖြင့်နေခြင်း။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၂၈။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

ဂဗ္ဘ။ ဂုဓာတ်+အဘပစ္စည်း။ ဘ–ကို အသဒိသဒွေဘော်ပြု ဗ္ဘ ဖြစ်။ အ–ကြောင့် ဂု၌ ဥ–ကိုချေ။ ဂ–အ သို့ကပ် ဂဗ္ဘပြီး၏။

† ဂုသဒ္ဒေ အဘော၊ ဒွိတ္တဉ္စာဒိ။ ဂဗ္ဘော။ ဓာန်၊ ဋီ။ ၂၇၁။

**တစ်နည်း။** ဂရဓာတ်+ဘပစ္စည်း။ ရ–ကို ဗပြု၊ ဗ–ကို ဘသို့ကပ်။

† ဂရတိ ဗဟိနိက္ခမဝသေန သိဉ္စတီတိ ဂဗ္ဘော။ မောဂ်၊ ၇။ ၁၂၈။

**တစ်နည်း။** ဂဗ္ဘဓာတ်+အပစ္စည်း။

http://www.dhammadownload.com



✝ ဂစ္ဆတိ အတ္ထဘာဝဘာဝေန ပဝတ္တတီတိ ဂစ္ဆော။ ကလလာဒိ အဝတ္ထော မမ္မပဗန္ဓော။ သာရတ္ထ၊ ၂။ ၁၄။

## သာရတ္ထဝိဂ္ဂဟညာသ်ကောက်

ယော ကလလာဒိ အဝတ္ထော ဓမ္မပဗန္ဓော၊ အကြင်ကလလ ရေကြည်စသည် အခိုက်အတန့်ဖြစ်သော တရားအစဉ်သည်။ အတ္ထဘာဝဘာဝေန၊ အတ္ထဘောအ၏အဖြစ်ဖြင့်။ဂစ္ဆတိပဝတ္တတိ၊ဖြစ်တတ်၏။ဣတိ သောဂစ္ဆော။

ဂစ္ဆဓာတ်၏အရကား ကလလရေကြည်စသည် အခိုက်အတန့်ဖြစ်သော ဓမ္မပဗန္ဓ၏ဥပါဒ်သည်မှချ။ ရှေးရှေး၌ဖြစ်သော အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရစသော အကြောင်းတရားတို့သည် ဖလူပစာ။ နောက်နောက်၌ ဖြစ်သော ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ စသော အကျိုးတရားတို့သည် ကာရဏူပစာ။ အ-ပစ္စည်း အရကား ထိုမှချဖလူ ကရဏူပစာတို့ဖြင့်မှတ်အပ်သော ကလလ ရေကြည် စသည် အခိုက်အတန့် ဖြစ်သော ဓမ္မပဗန္ဓဟူသော ပဋိသန္ဓေရ၏။

**မှတ်ချက်။** ဤကား ဂစ္ဆသေယျာ၌ ပဋိသန္ဓေဟော ဂစ္ဆသဒ္ဒါ၏ ဝိဂ္ဂဟညာသ်ကောက်တည်း။

**တစ်နည်း။** ဂစ္ဆဓာတ်အရကား နတ်ပြည်ပဋိသန္ဓေ၏ ဥပါဒ်သည် မှချ။ ရှေးရှေးဖြစ်သော အဘိဝါဒနစသော အကြောင်းကံသည် ဖလူပစာ။ နောက်နောက်၌ဖြစ်သော ဒေဝလောက သမ္ပတ္တိ စသည် သည် ကာရဏူပစာ။ အ.....ကားနတ်ပြည်ပဋိသန္ဓေရ၏။

**မှတ်ချက်။** ဤကား ဂစ္ဆတောတိ ဒေဝလောက ပဋိသန္ဓိတော ဟူသောဋီကာ၊ တံ အဘိဝါဒနာကမ္မံ (လ) ပဋိလာဘာယ သံဝတ္တတိ ဟူသောအဋ္ဌကထာနှင့်အညီညာသ်ကောက်။ ဤသာရတ္ထဖွင့်ပြသော ဂစ္ဆသဒ္ဒါ၏ ဝိဂ္ဂဟ၌ ကလလာဒိ (လ) ဗန္ဓောဟူသော အဘိဓေယျတ္ထကိုပယ်၍ အဖွင့်နှင့် အညီတစ်မျိုးကောက်ပုံတည်း။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

ကုစ္ဆိ။ ကုသဓာတ်+ဆိက်ပစ္စည်း၊ ဣတ္ထိလိင်၊ ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဣကာရန္တ။ (ဣစ္ဆိ တုဒ္ဒိသု။ ဓာန်။ ၂၇၁။)

http://www.dhammadownload.com



✝ ကုသိယတိ အက္ကောသိယတိ ကုစ္ဆိ။ မောဂ်၊ ၇။ ၄၁။

✝ ကုသ အက္ကောသေ ဆိ၊ သဿစော။ ဓာန် ဋီ။ ၂၇၁။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် အပဂဇ္ဈော၌ အပ သဒ္ဒါသည် နိဒ္ဒေသ ဝဇ္ဇန စသောအနက်ကိုမဟော၊ အပဂတအနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အပဂဇ္ဈောပုဒ်ကိုအဗျယီဘော်သမာသ် ဝစနတ္ထမပြုရ၊ ဂဇ္ဈတော အပဂတော အပဂဇ္ဈောဟု ပဉ္စမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသ လိင်္ဂပဒတ္ထ။

✝ နိဒ္ဒေသ ဝဇ္ဇနေ ပူဇာ၊ ပဂတေ ဝါရဏေ ပိ စ။ ပဒုဿနေ

စ ဂရဟာ၊ စောရိကာဒေါ သိယာ အပ။ ဓာန်။ ၁၁၈၅။

ခ–ဝါကျဖြင့် အပ=ဂဇ္ဈ။ နတ်ပြည်ပဋိသန္ဓေမှ ကင်းသောသူဟူသည် နတ်ပြည် ပဋိသန္ဓေသို့ ရောက်ခြင်းငှာ မထိုက်သူ တည်းဟူသော အဓိပ္ပာယ်ကိုသိစေသည်။ (ဘာဝတ္ထ။)

ဂ–ဝါကျဖြင့် အပဂဇ္ဈော၌ အပသဒ္ဒါ၏ဂရဟာအနက်၊ ဝါ– ဟီန အနက်ကိုဟောသည်၏အဖြစ်ကိုလည်ကောင်း[၁]၊ အပဂဇ္ဈောပုဒ်ကို ဟီနောဂဇ္ဈော ယဿာတိ အပဂဇ္ဈောဟု စတုတ္ထီဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂပဒ။ ၂။ အဘိဓာနတ္ထ၊ သမာသ လိင်္ဂပဒတ္ထ။

**မှတ်ချက်။** ဃ–င–ဝါကျဖြင့် ဘာဝတ္ထပြသည်။ ပါဠ်လျှောက် ဖော်ပါလေ။

## ● ပါဠိဝိနိစ္ဆယ

**ဟီန။ ဟီဏ။** ဟီနောကား ဟာဓာတ်၊ တ ပစ္စည်း၊ ကွစိဓာတု သုတ်ဖြင့် တ ပစ္စည်းကို ဉ၊ဏပြု။ ဏ ကို န ပြု၍ ပြီးသောကြောင့် ဟီန ပါဠ်သင့်သည်။ နှာ။ ၂၇၉–ပါဠိဝိနိစ္ဆယလည်းကြည့်။

http://www.dhammadownload.com



## ● နည်းနှင့်ဥပစာ

ဂစ္ဆ။ ဌာနဖြစ်သော အမိဝမ်း၏ ဂစ္ဆဟူသော အမည်ကို ဌာနီဖြစ်သော ပင်္ဂိသန္ဓေ၌ တင်စား၍ ဌာနီဖြစ်သော ပင်္ဂိသန္ဓေကို ဂစ္ဆဟုဆိုသောကြောင့် ဌာနူပစာ။ နာနန္တရိကနည်း။

တစ်နည်း။ အတူဖြစ်သော ကုစ္ဆိဋ္ဌသတ္တဂဗ္ဘသေယျက သတ္တဝါ၏ ဂဗ္ဘဟူသောအမည်ကိုအတူရှိသော (ဥပပတ်)ပဋိသန္ဓေ၌ တင်စား၍ အတူရှိသော (ဥပပတ်) ပဋိသန္ဓေကို ဂဗ္ဘဟုခေါ်သောကြောင့် သဒိသူပစာ။ (နေယျတ္ထနည်း, ရုဋ္ဌီနည်း။)

* ဂဗ္ဘသဒ္ဒါသည် ကုစ္ဆိအနက်ဖြစ်အံ့၊ ဌာနူပစာအားဖြင့်, ကုစ္ဆိဋ္ဌသတ္တအနက်ဖြစ်အံ့၊ သဒိသူပစာ အားဖြင့် ပဋိသန္ဓေ ဟော သည်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၂၆။

---

(က) တတြစ ယဿ ခေါ ဗြဟ္မဏ အာယတိံ ဂဗ္ဘသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာတိ ဓေဝယံ ပဒါနံ ဝေမတ္တော ဒဋ္ဌဗ္ဗော။

(ခ) ဗြာဟ္မဏ ယဿ(လ)ကာရဏတ္တာ ပဟီနာတိ။

(ဂ) ဂဗ္ဘသေယျဂ္ဂဟေန (လ) တိသောပိ။ (ဋ္ဌ။ ၁၀၇။)

## ● ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သင်္ခေပဝါကျ။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ထို-၍ ခ-ဝါကျကား အာရဗ္ဘဝါကျ။

ဂ-ဝါကျတွင် ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ (လ) တိသောပိကား ပက္ခန္တရဝါကျ။ ဂဗ္ဘ(လ)ဂဟိတာကားပက္ခဝါကျ။

### ဂ-ဝါကျ ကျမ်းတက်

ဆရာ၊ မြတ်စွာဘုရားသည် ဂဗ္ဘသေယျပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ပဟီနာဟု ဟောတော်မူ၏။ ဂဗ္ဘသေယျာနှင့် ပုနဗ္ဘဝါဘိနိဗ္ဗတ္တိသည် ဘဝသစ်၌

http://www.dhammadownload.com



ပဋိသန္ဓေနေခြင်းအဖြစ်ဖြင့် အတူတူပင် မဟုတ်လော (ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၂၉။) ယင်းသို့ဖြစ်လျက် အသို့မူ၍ ဂဗ္ဘသေယျပုနဗ္ဘဝါဘိနိဗ္ဗတ္တိပဟိနာဟု ဟောတော်မူပါသနည်း (အနွယပုစ္ဆာ)။ ဂဗ္ဘသေယျာ ပဟီနာဟုသာ ဟောတော်မမူပါသနည်း။ (ဗျတိရေကပုစ္ဆာ)။

အကယ်၍ ဂဗ္ဘသေယျာပဟီနာဟုသာ ဟောတော်မူကပြီး ကောင်းပါလျက် ပုနဗ္ဘဝါဘိနိဗ္ဗတ္တိသဒ္ဒါကို ထပ်၍ဟောချေသော် မြတ်စွာဘုရားအား ပုနရုတ္တိဒေါသ, နိရတ္ထကဒေါသရောက်ရာ၏။ (ဒေါသာ ရောပန) ဟု လီနတ္ထ ရစောဒနာအားဖြင့် စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသောဆရာသည် ဂ–ဝါကျမိန့်။

ကား–ဂ–ဝါကျဖြင့်။ (ဃ–ဝါကျ ဘာသာပြန်) ယူအပ်ကုန်၏ ဟု ယင်းသဒ္ဒါ ၂–ခုတို့ ထူးခြားချက် ရှိသည်ကို ငါပြဆိုသည် ဖြစ်ရကား သင်တင်တိုင်းသောပုနရုတ္တိဒေါသ, နိရတ္ထက ဒေါသ မြတ်စွာဘုရားအား မရောက်ဟူလို။

**မှတ်ချက်။** ဂ–ဝါကျတွင် ပဌမဝါကျမှ ဒုတိယဝါကျ တက်လိုလျှင် တိသောပိ–၌ ပိကိုရှု၍ ဧဝ အာဓော်ဆင်တက်လေ။

---

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ဇလာဗု။** ဇရံ ဇီရဏံ ဘဝံ ယာတိဉပေတီတိ ဇလာဗု။ (နီတိ၊ သုတ္တ။ ၁၀၂၂။) ဇရ + ယာ + ဏု။ ရကို လ ပြု၊ အ, ကို အာဒီဃပြု၊ ယ, ကို ဗပြု၊ လ–အာကပ်, ဗ–ဥကပ်။ ဇလာဗုပြီးသည်။

**ဇလာဗုဇ။** ဇလာဗုမှိ ဇာတာ (ယောနိ) ဇလာဗုဇာ။ ဇလာဗုပုဒ်+ ဇာတာ၊ ဝါ–ဇပုဒ်။

ဇလာဗု–ကား အမိဝမ်း (သားအိမ်) ဒြဗ်သည်မှချ။ ယင်း၏ ပဋိသန္ဓေ(ယောနိ)ဒြဗ်နှင့် ဌာန ဌာနီစပ်ခြင်းသမ္ဗန်ဌာနူပစာ။ ဇလာဗုဇ ဟူသော သမာသ်ပုဒ်လုံး အရကား အမိဝမ်း၌ ဖြစ်သော (ကိန်းသော) ပဋိသန္ဓေရှ၏။

**မှတ်ချက်။** ယင်းဝါကျကို ထောက်၍ ဂဗ္ဘသေယျာကို ဂဗ္ဘေ မာတုကုစ္ဆိမှိ သေယျာ ဂဗ္ဘသေယျာဟုဝိဂ္ဂဟပြု။ ဂဗ္ဘေမာတုကုစ္ဆိမှိ၊ ၌

http://www.dhammadownload.com



သေယျာ၊ ကိန်းသောပဋိသန္ဓေတည်းဟုအနက်ပေး၊ ဉာဏ်ကောက်ဇလော ဗုဇနင့်တူပြီ။

## ဓာတုပစ္စယာဒိဝိဘာဂ

**အဘိနိဗ္ဗတ္တိ။** အဘိ+နိ+ပဒ+တိပစ္စည်း၊ တစ်နည်း။ အဘိ + နိ+ ဝတ္တ + ကပစ္စည်း။ သုစိ၊ နိဗ္ဗတ္တိပုဒ်ကြည့်။

**ယောနိ။** ယုဓာတ်+နိပစ္စည်း။ ဣတ္ထိလိင်၊ ရတ္တာဒိ။ ဣကာရန္တ။ သုစိ။

† ယောနိ တွတ္တိ ပုမေဘာဂ်။ ဓာန်။ ၂၇၃။

## အာဘောဂနှင့်သံဝဏ္ဏနာ

ခ-ဝါကျ၌ ဗြာဟ္မဏသာ ပုဂ္ဂလသာဖြင့် ပါဠိဗြာဟ္မဏပုဒ်ကို ရှေးဦးစွာအနက်ယောဇနာရမည်၏အဖြစ်ကိုလည်းကောင်း၊[1] ယသသ၌ယသဒ္ဒါ ပုဂ္ဂလကိုစွဲ သည်၏အဖြစ်ကိုလည်းကောင်း၊[2] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ သဗ္ဗနာမလိင်္ဂတ္ထ။

ခ-ဝါကျ၌ အနာဂတေဖြင့် ပါဠိတော်၌ အာယတိကို ဖွင့်သည်။ အာယတိ အနဗ္ဗာဒမ္မာအဖွင့်ပြန်ကြည့်။

ခ-ဝါကျ၌ ပုနဗ္ဘဝေ အဘိနိဗ္ဗတ္တိဖြင့် ပုနဗ္ဘဝနှင့် အဘိနိဗ္ဗတ္တိကို သတ္တမိတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

ခ-ဝါကျ၌ စသဒ္ဒါဖြင့် ဂဗ္ဘသေယျာပုနဗ္ဘဝါဘိ နိဗ္ဗတ္တိပဟီနာ ဟူသောပါဠိတော်၌ သမုစ္စည်းအနက်ကား အတ္တပူရဏတည်း၊ ဝါ-သမုစ္စည်း အနက်ဖြည့်စွက်အနက်ယောဇနာရမည်ဟု သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** ဂဗ္ဘသေယျာ စ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ စ ပဟီနာ ဟု ဖြည့်စွက်ယောဇနာရမည်ဟူလို။

**အတ္တပူရဏ။** သဒ္ဒါကင်းလျက် အနက်သွင်း၍ ယူရသည်ကား အတ္တပူရဏ-တည်း။

**တစ်နည်း။** ခ-ဝါကျ၌ စသဒ္ဒါဖြင့် သမုစ္စည်း အနက် ရှိသော စသဒ္ဒါကား လုတ္တနိဒ္ဒိဋ္ဌ၊ ဝါ- ဂမျမာန်၊ ဝါ- ပါဌသေသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com



ခ–ဝါကျ၌ အနုတ္တရေန မဂ္ဂေနဖြင့် ပဟီနာ၌ဟာ၏ ကရိယာကိုပြ သည်။ (ဘာဝတ္ထ–ဖော်လေ)

ခ–ဝါကျ၌ ဝိဟတကာရဏတ္တာဖြင့် ဂဗ္ဗသေယျာပုနဗ္ဘဝါဘိနိဗ္ဗတ္တိ တို့၏အပဟာတဗ္ဗ၏အဖြစ်ကိုလည်းကောင်း၊ ယင်းသို့အပဟာတဗ္ဗဖြစ်၍ အကြောင်းဖြစ်သော ကံကိလေသာကိုသာပယ်နိုင်သည်၏အဖြစ်ကိုလည်းကောင်း၊ ယင်းသို့ ပယ်သည်ကိုပင်ဖလူပစာအားဖြင့် ပဟီနာဟု ဆိုသည်၏ အဖြစ်ကို လည်းကောင်း သိစေသည်။ (ဘာဝတ္ထ။)

---

## ● နည်းနှင့်ဥပစာ

**ဂဗ္ဗသေယျာ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိပဟီနာ။** အကျိုး ဖြစ်သော ဖလာပုဇစသော ပဋိသန္ဓေလေးမျိုး၏ ဂဗ္ဗသေယျာပုနဗ္ဘဝါဘိနိဗ္ဗတ္တိအမည် ကိုအကြောင်း ကံကိလေသာတို့၌တင်စား၍ အကြောင်းဖြစ်သော ကံကိ လေသာတို့ကို ဂဗ္ဗသေယျာပုနဗ္ဘဝါဘိနိဗ္ဗတ္တိဟု ဆိုသောကြောင့် ဖလူပစာ။ အဝိနာဘာဝနည်း။

† ကမ္မကိလေသာနံ မဂ္ဂေန ဝိဟတတ္တာ အာဟ "ဝိဟတကာ ရဏတ္တာ" တိ။ သာရတ္ထ၊ ၁။ ၃၄၉။

## ဝါကျဆက်သွယ်ပုံ

ယဿ ခေါ်(လ)ပဟီနာဟူသော ပါဠိတော်အကျဉ်းကို ရှေးဦးစွာ ဗြာဟ္မဏ ယဿပုဂ္ဂလဿ(လ)ဣတရာ တိသောပါဖြင့် အကျယ်တစ်မျိုး ဖွင့်ပြသည်။ ယင်းအလို ဂဗ္ဗသဒ္ဒါကား မာတုကုစ္ဆိ အနက်ဟော။ ဂဗ္ဗနှင့် သေယျာကို သတ္တမီ တပ္ပုရိသ်တွဲ။ ပုနဗ္ဘဝါဘိ နိဗ္ဗတ္တိကိုလည်း သတ္တမီ တပ္ပုရိသ်တွဲဟုပြသည်။ နောက်တစ်နည်း အကျယ်ဖွင့်ပြလို၍အပိစ ဂဗ္ဗဿ သေယျာ စသည်တက်လာသည်။ ယင်းဝါကျ၏ အဖြေကို ဆက်ရှုလေ တော့။ သာရတ္ထကလည်း အောက်ပါအတိုင်းကျမ်းတက်ပြသေး၏။

† ဣဒါနိ သတ္တပရိယာယဿ ဂဗ္ဗဿ ဝသေန ဝိဂ္ဂဟ နာနတ္တံ ဒဿေန္တော အာဟ "အပိစာ" တိအာဒိ။ သာရတ္ထ၊ ၁။ ၃၄၉။

http://www.dhammadownload.com



(က) အပိစ ဂစ္ဆသိ သေယျာ ဂစ္ဆသေယျာ။

(ခ) ပုနပ္ပဝေါ ဓဝ (လ) အတ္ထော ဒဋ္ဌဗ္ဗော။

(ဂ) ယထာ စ ဝိညာဏဋ္ဌိတိတိ (လ) ဝေဒိတဗ္ဗာ။

(ဃ) အဘိနိဗ္ဗတ္တိ စ နာမ (လ) ပုနဗ္ဘဝါဘိနိဗ္ဗတ္တီတိ။ ဋ္ဌ။ ၁၀၇။

## ● ဝါကျခွဲနှင့် ကျမ်းတက်

ခ–ဝါကျကား ပက္ခန္တရဝါကျ။ က–ဝါကျကား ပက္ခဝါကျ။

ဂ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၌ က–ဝါကျကား အာရဒ္ဓဝါကျ။ (ခ–ဝါကျနှင့်မသက်ဆိုင်။)

**မှတ်ချက်။** ဤဝါကျခွဲကား သာရတ္ထကျမ်းတက်ကိုရှု၍ ခွဲသော ဝါကျခွဲတည်း။ ဂ–ဝါကျ၌ ဥပမာန ဥပမေယျဖြင့် ဖွင့်ပြ သောကြောင့် "ဂ–ဝါကျကား တပ္ပာကဋီကရဏဝါကျ၊ က–ဝါကျကား တပ္ပာကဋီ ကာရဏီယ၊ ဝါ–အပါကဋဝါကျ"ဟုခွဲနိုင်သေးသည်။

## ဂ–ဝါကျ ကျမ်းတက်

ဆရာ၊ဆရာသည် က–ဝါကျဖြင့် ကိုယ်ဝန်၏ ကိန်းရာသည် ဂဗ္ဘ သေယျာမည်သော ဟုဆို၏။ "အာယတိံ ဂဗ္ဘသေယျာ ပဟီနာ"ဟူ၍ ပါဠိ တော်၌ဟောအပ်သောကြောင့် (ဟေတာလင်္ကာရ) ကိုယ်ဝန်၏ ကိန်းရာ ကိုသာလျှင် ပယ်အပ်၏။ (အနွယ) ကိုယ်ဝန်ကိုမူကား မပယ်အပ် (ဗျတိရေက) ဟူသောအပြစ်သို့ ရောက်သည် မဟုတ်လော။ (အာဘော်) အဘယ်သို့မှတ် ရမည်နည်း–ကြောင့် ဂ–ဝါကျမိန့်။

ကား ဂ–ဝါကျဖြင့် ဝိညာဏဋ္ဌိတိဟုဆိုအပ်သော်လည်း ဝိညာဏ် မှတစ်ပါးသောတည်ရာမရှိ (အဘေဒူပစာအားဖြင့် ဝိညာဏ်ကိုပင် ယူအပ်) သကဲ့သို့ ဤ၌ကိုယ်ဝန်မှတစ်ပါးကိန်းရာမည်သည်မရှိ (အဘေဒူပစာအားဖြင့် ကိုယ်ဝန်=ဂဗ္ဘကိုပင် ယူအပ်သော) ကြောင့် စောဒက တင်သောအပြစ် မရောက်ဟူလို။ သာရတ္ထ၊ ၁။ ၃၄၉။ ပါရာ၊ ဂ၊ သစ်၊ ၂။ ၁၃၀။

ဃ– ဝါကျကား ဝါကျာရမ္ဘဝါကျ။ ခ– ဝါကျကား အာရဒ္ဓဝါကျ။

http://www.dhammadownload.com



## ဃ-ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် တစ်ဖန် ဖြစ်ခြင်းသည် သာလျှင် အသစ်ဖြစ်ခြင်းမည်၏ဟု ပုနဗ္ဘဝနှင့်အဘိနိဗ္ဗတ္တိကိုအရတူ ဖွင့်ဆိုတော်မူ၏။ ယင်းသို့အရတူနေသော် ပါဠိတော်၌ အဘိနိဗ္ဗတ္တိဟုသာ ဟောသင့်သည် မဟုတ်လော (အန္ဓယ) ပုနဗ္ဘဝါဘိနိဗ္ဗတ္တိဟုသာ မဟောသင့်သည် မဟုတ်လော၊ (ဗျတိရေက)။အဘိနိဗ္ဗတ္တိမျှကိုသာလျှင် ပါဠိ၌မဆိုမူ၍ ပုနဗ္ဘဝ သဒ္ဒါကို အဘယ်အကျိုးငှာ၊ ဝါ-အဘယ်ကြောင့် ဟောတော်မူပါသနည်း ကြောင့် ဃ-ဝါကျမိန့်။

ကား ဃ-ဝါကျဖြင့် အဘိနိဗ္ဗတ္တိ မည်သည် ပုနဗ္ဘဝါဘိ နိဗ္ဗတ္တိ, အပုနဗ္ဘဝါဘိနိဗ္ဗတ္တိဟု အဘိနိဗ္ဗတ္တိ ၂-မျိုးရှိရာ ဤ၌ပုနဗ္ဘဝါဘိ နိဗ္ဗတ္တိကို အလိုရှိအပ်သောကြောင့် "ပုနဗ္ဘဝေါ ဧဝ အဘိနိဗ္ဗတ္တိပုနဗ္ဘဝါဘိနိဗ္ဗတ္တိ" ဟု အရတူငါဖွင့်ဆိုခဲ့၏ဟူလို။ သာရတ္ထ၊ ၁။ ၃၄၉။

**မှတ်ချက်။** ဃ-ဝါကျသည် ဂ-ကိုထောက်၍ ပက္ခန္တရ၊ ခ-ကို ထောက်လျှင် ဝါကျာရမ္ဘဖြစ်သည်ကိုသတိပြု။ ဃ-ဝါကျ၌ ကာရဏဖလ, အနိယတ် နိယတ် ခွဲ လေဦး။ ဃ-ဝါကျ၌ "ပုနဗ္ဘဝဘူတာပိ အပုနဗ္ဘဝ ဘူတာပိ အတ္ထိ ကား အဘိနိဗ္ဗတ္တိ၏ သရုပ်အတ္ထုဒ္ဓါရပြ ဝါကျ။ ဣမ(လ) အဓိပ္ပေတာကား အတ္ထုဒ္ဒေသ, အဓိပ္ပေတတ္ထဝါကျတည်း။

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ဂဗ္ဗသေယျာ။** ဂဗ္ဘသ သေယျာ ဂဗ္ဘသေယျာ။ ဂဗ္ဘသ၊ ကိုယ် ဝန်၏။ သေယျာ၊ ကိန်းရာတည်း။ ဂဗ္ဘသေယျာ၊ ကိုယ်ဝန်၏ ကိန်းရာ။ ဆဋ္ဌီတပ္ပုရိသ်သမာသ်။ ဂဗ္ဘပုဒ် သေယျပုဒ်။

ဂဗ္ဘကား ကိုယ်ဝန်ဒြဗ်သည်မှချ။ ယင်း၏ ကိန်းရာနှင့် အဘေဒ ဘေဒစပ်ခြင်းသမ္ဗန်သည်ဋ္ဌာနူပစာ။ ဂဗ္ဘသေယျာ.....အရကား ထိုမှချ ဋ္ဌာနူပစာတို့ဖြင့်မှတ်အပ်သော ကိုယ်ဝန်၏ကိန်းရာရ၏။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**သေယျ။** သီဓာတ်+ဏျပစ္စည်း။ သယန္တိ ဧတ္ထာတိ သေယျာ။ ဝဒမဒသုတ်ဖြင့် ဏျကိုယျေပြု။

**ဋ္ဌိတိ။** ဌာဓာတ်+တိပစ္စည်း။ သူစိ။

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

က=ဝါကျ၌ ဂဗ္ဗသသေယျာဖြင့် ဂဗ္ဗသေယျာကို ဆင္ဂိတပ္ပုရိသ် သမာသ်တွဲရမည်ဟု သိစေသည်။ (အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒဋ္ဌ။)

ခ-ဝါကျဖြင့် ပုနဗ္ဘဝနှင့် အဘိနိဗ္ဗတ္တိကို ကမ္မဓာရာယ် သမာသ် ဝစနဋ္ဌပြုရမည်ဟုသိစေသည်။ (အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒဋ္ဌ။)

ဃ-ဝါကျ၌အဘိနိဗ္ဗတ္တိ စ နာမ(လ) အတ္ထိဖြင့် အဘိနိဗ္ဗတ္တိသည် ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ, အပုနဗ္ဘဝါဘိနိဗ္ဗတ္တိ, ၂-မျိုးရှိသတည်းဟု သိစေသည်။ (အဘိဓေယျဋ္ဌ။)

ဃ-ဝါကျ၌ ဣဓ စ ပုနဗ္ဘဝဘူတာအဓိပ္ပေတာဖြင့် ဤ၌ပုနဗ္ဘဝါ ဘိနိဗ္ဗတ္တိကိုသာအလိုရှိအပ်သတည်းဟုသိစေသည်။ အဓိပ္ပေတဋ္ဌ။ ဝါ-နာမ လိင်္ဂဋ္ဌ,၊ ဝါ-အဘိဓေယျဋ္ဌ။

**မှတ်ချက်။** ပုနဗ္ဘဝါဘိနိဗ္ဗတ္တိဟူသည် ဘဝသစ် (ရုပ်နာမ်ခန္ဓာ) ဖြစ်ခြင်းတည်း။ အပုနဗ္ဘဝါဘိနိဗ္ဗတ္တိဟူသည် ယခုဘဝမှာပင် ခဏတိုင်း ရုပ်နာမ်တို့အသစ်အသစ်ဖြစ်ခြင်း (ဥပါဒ်) တည်း။ သာရတ္ထ၊ ၁။ ၃၄၉။

---

## ● နည်းနှင့်ဥပစာ

**ဂဗ္ဗသေယျာ။** ကိုယ်ဝန်နှင့် ကိန်းရာကိုမပြားဘဲ ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**ဝိညာဏဋ္ဌိတိ။** ဝိညာဏ်နှင့်တည်ရာကို မပြားဘဲပြားသကဲ့သို့ဆို သောကြောင့် အဘေဒဘေဒူပစာ။

**အဘိနိဗ္ဗတ္တိ။** အပေါင်း ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ, အပုနဗ္ဘဝါဘိ နိဗ္ဗတ္တိ၏ အဘိနိဗ္ဗတ္တိအမည်ကိုအစိတ်ဖြစ်သော ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ၌တင် ဧကဒေသူပစာ။ (အတ္ထုဒ္ဒါရတိုင်းရနေကျဥပစာမျိုး။)

**ဓမ္မတာတုံ့ပဋိဝိဇ္ဈိတွာ။** ၄။ ၁၀၈။ အပေါင်းဓမ္မတာတ်အားလုံး၏ ဓမ္မတာတုအမည်ကို အစိတ်သဗ္ဗညုတဉာဏ်၌ တင်စား၍ အစိတ်သဗ္ဗညုတ ဉာဏ်ကိုဓမ္မတာတုဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ- သမုဒါယူ ပစာ။ (နေယျတ္ထနည်း၊ ရုဠှီနည်း။)

http://www.dhammadownload.com



✝ ဓမ္မတတ္တိ (လ) သဗ္ဗညုတ ညာဏသေတံ နာမ်။ သာရတ္ထ။ ၁။ ၃၄၉။

(က) ကုက္ကုဋိယာ အဏ္ဍာနိ (လ) အဏ္ဍာနိ ဟောန္တိ။

(ခ) အထခေါ ဝစနသိလိဋ္ဌတာယ ဧဝံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

(ဂ) ဝေဋ္ဌိ လောကေ သိလိဋ္ဌဝစနံ ဟောတိ။

(ဃ) တာနဿုတိ တာနိ အဿု။

(င) ဘဝေယျုန္တိ ဝုတ္တံ ဟောတိ။ ဋ္ဌ။ ၁၀၈။

## ● ဝါကျခွဲနှင့်ကျမ်းတက်

က-ဝါကျ၌ ကိဉ္စာပိ (လ) အဏ္ဍာနိ ဟောန္တိကား စောဒကာ ဘောဂဝါကျ။ သမ္ဘာဝနာဝါကျ။

ခ-ဝါကျကား ပရိဟာရဘောဂဝါကျ။ ဂရဟာဝါကျ။

## က-ခ-ဝါကျကျမ်းတက်

ဆရာမြတ်စွာဘုရားသည် အဋ္ဌဝါ ဒသဝါ ဒွါဒသဝါဟု ဟော တော်မူ၏။ ကြက်မအား ဆိုအပ်ပြီးသော အပြားအောက်၊ ဝါ- ထက် အယုတ်အလွန်ဖြစ်ကုန်သော ဥ တို့သည်ဖြစ်ကုန် (ဥကုန်) သည် မဟုတ် လော။ ယင်းသို့ဖြစ်လျက် အဘယ်ကြောင့် အဋ္ဌဝါ ဒသဝါ ဒွါဒသဝါ ဟုဟောတော်မူပါသနည်း- ကြောင့် ကိဉ္စာပိစသော က-ခ- ဝါကျမိန့်။ ကား- က-ခ-ဝါကျဖြင့် ကြက်မအား ဆိုအပ်ခဲ့ပြီးသော အပြားအောက် ဝါ- ထက်အယုတ်အလွန်ဖြစ်ကုန်သော ဥ တို့သည် ဖြစ်ကုန် (ဥကုန်) ပါ သော်လည်း သချာသဒ္ဒါ၏ ပြေပြစ်သည်၏ အဖြစ်ကြောင့် (သချာသဒ္ဒါ ချောမောပြေပြစ်စေရန်) ယင်းသို့ အဋ္ဌဝါ ဒသဝါ ဒွါဒသဝါဟု ဟော တော်မူ၏ဟုလို။

**မှတ်ချက်။** ဒသစသော သချာသဒ္ဒါ တစ်ခုတည်းသုံးလျှင် ပြတ် ပြတ်တောက်တောက် တိုတိုတောင်းတောင်း ဆိုလို့မကောင်းလှ။ သချာ သဒ္ဒါ ၂-ခု ၃-ခုတွဲ သုံးမှ ဆိုကောင်းသည်။ မတိကျသော အရာမျိုး၌ စကားချောအောင်, ဆိုကောင်းအောင်, တွဲ၍ သုံးနှုန်းခြင်းဖြင့် ဝစန သိလိဋ္ဌအကျိုးရှိ၏။

http://www.dhammadownload.com



ဂ-ဝါကျကား ဖလဝါကျ။ က-ခ-ဝါကျကား ကာရဏ ဝါကျ။
င-ဝါကျကား ဝိတ္ထာရ။ ဃ-ဝါကျကား သင်္ခေပဝါကျ။
**တစ်နည်း။** င-ဝါကျကား ဝါကျာရမ္ဘ။ ဃ-ဝါကျကား အာရဒ္ဓ။

## င-ဝါကျ မအူသျကျမ်းတက်

အသယသည် အသယဝသာခေဌောကဲ့သို့ နာမ်လော။ တဒါသု ကဏ္ဍ ယဥ္စန္တိ၊ သွသု တံ ဝပာတေခုရံ ပ္ပသော နကနိပါတ် တတိယဝဂ်နဝမ ကဏ္ဍ ဓာတ်၌အသုတိနိပါတမတ္တကဲ့သို့နိပါတ်မျှလော။ တယသု ဓမ္မာဇဟိ တာ ဘဝန္တိ၌ကဲ့သို့ ဓကဲသတ္တနိပါတ်လော။ အသဓာတ်၏အစိတ်နှင့်တကွ အန္တိဝိဘတ်ကို သုပြုအပ်သော အသုလော-ကြောင့် ဘဝေယျုန္တိ မိန့်။

## ● ဝိဂ္ဂဟနှင့်ဥာဏ်ကောက်

**ဝစနသိလိဋ္ဌတာ။** သိလိဋ္ဌာနံ ဘာဝေါ သိလိဋ္ဌတာ (အစိတ်) ဝစနာနံ သိလိဋ္ဌတာ ဝစနသိလိဋ္ဌတာ။ (အပေါင်း)။ ဝစနာနံ၊ အဋ္ဌ, ဒသ ဒွါဒသဟူသောသချာသဒ္ဒါတို့၏။ သိလိဋ္ဌတာ၊ပြေပြစ်ညက်ညော ကုန်သည် တို့၏အဖြစ်။ ဝစနသိလိဋ္ဌတာ၊ တို့၏ အဖြစ်။ ဆဋ္ဌီတပ္ပုရိသ်သမာသ်။ ဝစနပုဒ်၊ သိလိဋ္ဌတာပုဒ်။

ဝစန ဟူသော ဝိသေသနပုဒ်အရကား အဋ္ဌ, ဒသ, ဒွါဒသ ဟူ သော သချာသဒ္ဒါတို့သည်မှချ။ ယင်း၏ ပြေပြစ် ညက်ညောကုန်သည် တို့၏ အဖြစ်နှင့် ဂုဏောဂုဏ်အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ဝစနသိလိဋ္ဌတာဟူသော သမာသ်ပုဒ်လုံးအရကား ထို-ဖြင့် မှတ်အပ်သော အဋ္ဌ, ဒသ, ဒွါဒသဟူသော သချာသဒ္ဒါတို့၏ ပြေပြစ် ညက်ညောကုန်သည် တို့၏အဖြစ်၊ ဝါ၊ သချာသဒ္ဒါတို့၏ ပြေပြစ်ညက်ညောခြင်းဂုဏ်ရ၏။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ကုက္ကုရီ။** ကု + ကုရဓာတ် + အ+ဤပစ္စည်း။ **တစ်နည်း။** ကုက ဓာတ်+အရပစ္စည်း+ဤ။

† ကုက္ကုရတီတိ ကုက္ကုရော၊ ကုက-ဝက အာဒါနေဝါ၊ အရော။ ဓာန်၊ ဋီ။ ၆၄၀။

http://www.dhammadownload.com



ကုံကုဋတီတိ ကုက္ကုဋော။ ကုဋ ဆေဒနေ၊ အ။ သူစိ။ ကုကတိ ဂေါစရမာဒဒါတီတိ ကုက္ကုဋော။ တမ္ပစူဠော။ မောဂ်၊ ၇။ ၅၄။

အဏ္ဍာ။　အမဓာတ်၊ ဝါ–အဏဓာတ်+ဍ ပစ္စည်း။

† အမန္တိ ဥပ္ပန္နန္တိ ဓွောတိ အဏ္ဍံ။ သူစိ။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

ဃ–ဝါကျ၌ တာနိအဿုဖြင့်တာနဿုကို တာနိအဿုဟု ပုဒ်ဖြတ် (ပဒစ္ဆေဒပြု) ရမည်ဟုသိစေသည်။ (သန္ဓိလိင်္ဂပဒ။)

င–ဝါကျ၌ ဘဝေယျုံဖြင့် အဿုကားနာမ်, နိပါတ်, အာချာတ် ဟုသုံးမျိုးတွင် ဤ၌ အာချာတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အသဓာတ်၏ ဘုဝိ (ဖြစ်ခြင်း)အနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ (အသ+ယျုံ) ဓာတွန်သနှင့်တကွ ယျုံကို ဿုပြု၍ အဿုဟု ပြီးသည်၏အဖြစ်ကို လည်းကောင်း[၃]၊ သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဓာတွတ္ထ။ ၃။ ဒုတိယဝိဘတ္တိပဒ။

† အဿုသဒ္ဒေါ နိပါတတ္တော၊ ဒိဋ္ဌော အဿု ဇလေပိ စ၊ အာချာတတ္တဥ္စ ပတ္တာန၊ ပုထုဝစနကော ဘဝေ။ နီတိ။ သုတ္တ။ ၃၇၉။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

ကုက္ကုဋိယာ　သမ္မာ အဓိသယိတာနီတိ　တာယ　ဇနေတ္တိယာ ကုက္ကုဋိယာ　ပက္ခေ　ပသာရေတွာ　တေသံ ဥပရိ　သယန္တိ ယာ သမ္မာ အဓိသယိတာနိ။ ဋ္ဌ။ ၁၀၈။

ယင်းဝါကျ၌ တာယဖြင့် ဤ၌ ကုက္ကုဋီကား ကုက္ကုဋိယာ အဏ္ဍာနိ စသည်ဖြင့် ဟောတော်မူခဲ့ပြီးသော ကြက်မ တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com



ဧနေတ္တိယာဖြင့် ကုက္ကုဋိယာအရအမိဖြစ်သော ကြက်မကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

ပဉ္စမပသာရေတ္တာဖြင့် သမ္မာနိပါတ်၏ဉာယတ္ထ၊ ဝါ- သုန္ဒရတ္ထ၏အဖြစ်ကိုသိစေသည်။ (နိပါတလိင်္ဂတ္ထ)

တေသံ ဥပရိ သယန္တိယာဖြင့် အဓိ ဥပသာရ၏ ဥပရိ အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ တေသံသဒ္ဒါ၏ အဓိ ဥပသာရ၏သမ္ဗန်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။

† ဥပရိ အတ္ထော ဟေတ္ထ အဓိ-သဒ္ဒေါ။ သာရတ္ထ၊ ၁။ ၃၅၀။

(က) သမ္မာ ပရိသေဒိတာနီတိ ကာလေန ကာလံ ဥတုံဂဏှာ ပေန္တိယာ သုဋ္ဌု သမန္တတော သေဒိတာနိ။

(ခ) ဥသ္မီကတာနီတိ ဝုတ္တံ ဟောတိ။ ဋ္ဌ။ ၁၀၈။

က—ဝါကျ၌ သုဋ္ဌုဖြင့် သမ္မာသဒ္ဒါသည် ပသံသာစသောအနက်ကို မဟော၊ သုဋ္ဌုအနက်ကိုဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

သမန္တတောဖြင့် ပရိသဒ္ဒါသည် ပရိစ္ဆေဒစသောအနက်ကိုမဟော၊ သမန္တအနက်ကိုဟောသတည်းဟုသိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ။)

**မှတ်ချက်။** ကာလေန (လ) ပေန္တိယာဖြင့် သုဋ္ဌု၏ အဓိပ္ပာယ်ကို ပြသည်။ ဘာဝတ္ထသံဝဏ္ဏနာမျိုးတည်း။ ဥသ္မီကတာနိဖြင့် သေဒိတ=နွေးစေအပ်၏၊ ဝါ-နွေးအပ်၏ဟူသည် အငွေ့ရအောင်ပြုခြင်း= ဥသ္မီကတပင်တည်းဟုသိစေသည်။ ဘာဝတ္ထပင်တည်း။ သမ္မာပရိဘာဝိတာနိ၌ အာဘော်သံဝဏ္ဏနာမခက်ပြီ။

## ● ပါဠိဝိနိစ္ဆယ

ဥသ္မီကတာနိ။ ဥသ္မီကတာနိ။ ယထာရဟမိဝဏ္ဏာဂမော ဘူကရေသု (နီတိ၊ သုတ္တ။ ၁၃၃၈)ကိုထောက်၍ ဘသ္မီကတာ ပြယုဂ်ကဲ့သို့ ကရဓာတ်နောင်းရာ၌ "ဤ" အက္ခရာလာ၍ ပြီးသော ကြောင့် ဥသ္မီကတာ ပါဠိသင့်။

http://www.dhammadownload.com



(က) ကင်္ခါဋ္ဌသာပကာနန္တိ ကင်္ခါဋ္ဌပေါတကာနံ။

(ခ) ကိန္တိ သွယ သစနီယောတိ သော ကိန္တိ ဝစနီ ယော အသ။

(ဂ) ကိန္တိ ဝတ္တဗ္ဗော ဘဝေယျ ဇေဗ္ဗော ဝါ ကနိဗ္ဗော ဝါတိ ဌ။ ၁၀၉။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဖြင့် ဆာပကသဒ္ဒါ ပေါတက (အငယ်) အနက်ကို ဟော သတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ။)

**တစ်နည်း။** ဆာပကသဒ္ဒါကား ပေါတက၏ ပရိယာယ်တည်းဟု သိစေသည်။ (အဘိဓေယျတ္ထ။)

✝ ပုထုကော ပိလ္လကော ဆာပေါ

ကုမာရော ဗာလပေါတကာ။ ဓာန်။ ၂၅၁။

ခ-ဝါကျဖြင့် သွယကို သောအသဟုပဒစ္ဆေဒ ပြုရမည်၏အဖြစ်ကိုလည်းကောင်း¹၊ သော ကိန္တိ ဝစနီယော အသဟု ယောဇနာရမည်၏ အဖြစ်ကိုလည်းကောင်း²၊ သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။

ဂ-ဝါကျ၌ ဝတ္တဗ္ဗောဖြင့် ဝစနီယော၌ ဝစဓာတ်၏ ဝိယတ္တိဝါစာ အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၁၊ အနီယပစ္စည်းသည် "နိယျာနိက" စသည်၌ကဲ့သို့ ကတ္တုသာဓန၌မသက်။ ကမ္မသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၂၊ ဝစိတဗ္ဗောတိ ဝစနီယောဟု ကမ္မသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၃၊ သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ဂ-ဝါကျ၌ ဘဝေယျဖြင့် အသ၌အသဓာတ်၏ ဘဝ (ဖြစ်ခြင်း) အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း¹၊ အသသဒ္ဒါသည် မြင်းဟော နာမနာမ်၊ ဣမသဒ္ဒါဖြင့်ပြီးသော သဗ္ဗနာမ်မဟုတ်၊ အာချာတ်ပုဒ်၏ အဖြစ် ကိုလည်းကောင်း²၊ သသဒ္ဒါ၏ယေဝိဘတ်၏ကာရိယ၏ အဖြစ်ကို လည်းကောင်း³၊ သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ ဒုတိယဝိဘတ္တိပဒ။

http://www.dhammadownload.com



ဂ–ဝါကျ၌ ဇေဗ္ဗောဝါ ကနိဋ္ဌောဝါဖြင့် ကိံ=ပုစ္ဆာသဒ္ဒါ၏ ပုစ္ဆနာကာရ (မေးပုံ အခြင်းအရာ)ကို သိစေသည်။ (ဘာဝတ္ထ။)

(က) အဝိဇ္ဇာ ဝုစ္စတိ အညာဏံ။

(ခ) တတ္ထ ဂတာယ။

(ဂ) ပဇာယာတိ သတ္တာဓိဝစနမေတံ။ ဋ္ဌ။ ၁၀၉။

က–ဖြင့်အဝိဇ္ဇာအရ မောဟကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

ခ–ဖြင့် အဝိဇ္ဇာနှင့်ဂတာကို အဝိဇ္ဇာယ ဂတာ အဝိဇ္ဇာ ဂတာဟု သတ္တမီ တပ္ပုရိသ်သမာသ်တွဲရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

ဂ–ဖြင့် ပဇာသဒ္ဒါ အတြဇ (အမိ၏သား) အနက်ကိုမဟော၊ သတ္တ (သတ္တဝါ)အနက်ကို ဟောသည်ဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

မှတ်ချက်။ ဤအာဘော်ကိုရှု၍ "ပဇာယ"ပုဒ်ကို ကေဒေသျှု ပဓာတင်။

✝ သတ္တေတု အတြဇေ ပဇာ။ ဓာန်။ ၁၀၅၃။

(က) အဇ္ဈာဘူတာယာတိ အဇ္ဈော ဘူတာယ ဇာတာယ သဉ္ဇာ တာယ။

(ခ) ပရိယောနဒ္ဓါယာတိ တေန အဝဇ္ဇကောသေန သမန္တ တော ဩနဒ္ဓါယ ဗဒ္ဓါယ ဝေဋ္ဌိတာယ။ ဋ္ဌ။ ၁၀၉။

က–ဝါကျဖြင့် အဇ္ဈောဘူတာယဖြင့် အဇ္ဈာနှင့်ဘူတကို အဇ္ဈောဘူတာ အဇ္ဈာဘူတာဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

က–ဝါကျ၌ ဇာတာယဖြင့်ဘူတသဒ္ဒါသစ်ပင်စသော (ရုက္ခာဒေါ) အနက်ကိုမဟော၊ ဖြစ်ခြင်း (ဇာတ) အနက်ကို ဟောသတည်းဟုသိစေ သည်။ (နာမလိင်္ဂတ္ထ။ ဝါ–အဘိဓေယျတ္ထ၊ ဝါ၊ အဓိပ္ပေတတ္ထ။)

✝ ရုက္ခါဒေါ ဝိဇ္ဇမာနေစ၊ ရဟာဒွေ့ ခန္ဓပဉ္စကေ၊ ဘူတော သတ္တ မဟာဘူတာ၊ မနုဿေသုနနာရိယံ။ ဓာန်။ ၇၈၉။

http://www.dhammadownload.com



က–ဝါကျ၌ သဒ္ဒါတာယဖြင့် ဇာတ သဒ္ဒါ အပေါင်း (စယ) အနက်မဟော။ ဖြစ်ခြင်း (ဘူတ)အနက်ကို ဟောသတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ၊ ဝါ–အဘိဓေယျတ္ထ၊ ဝါ–အဝိပ္ပေတတ္ထ။)

✝ ဇာတော ဘူတေ စယေ ဇာတံ။ ဓာန်။ ၁၀၇၀။

ခ–ဝါကျ၌ သမန္တတောဖြင့် ပရိသဒ္ဒါသည် ပရိစ္ဆေဒစသောအနက်ကိုမဟော၊ သမန္တ အနက်ကို ဟောသတည်းဟုသိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ။)

✝ သမန္တတ္တော ပရိစ္ဆေဒေ၊ ပူဇာလိင်္ဂနဝဇ္ဇနေ။ ဒေါသက္ခာနေ
နိဝါသနာ၊ ဝညာဓာရေသု ဘောဇနေ။ သောကဗျာပန
တတွေသု၊ လက္ခဏာဒေါ သိယာ ပရိ။ ဓာန်။ ၁၁၇၆။

ခ–ဝါကျ၌ ဗန္ဓါယဖြင့် သြနဒ္ဓ (အဝ+နဟ+တ)၌ နဟ ဓာတ်၏ ဗန္ဓနအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အဝ– ဥပသာရ၏ ဓာတွတ္ထာနုဝတ္တကာ၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဒုတိယပစ္စယတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

ခ–ဝါကျ၌ ဝေဌိတာယဖြင့် ဗန္ဓနဟူသည် ကြိုးဖြင့်ဖွဲ့ချည်ခြင်းမျိုးမဟုတ်၊ ရစ်ပတ်ခြင်းပင်တည်းဟုသိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** ပရိယောနဒ္ဓါယ၊ ထက်ဝန်းကျင်မှ ဖွဲ့အပ်သော(သဒ္ဒတ္ထ)။ ဝါ–ထက်ဝန်းကျင်မှရစ်ပတ်အပ်သော (အဓိပ္ပာယတ္ထ)။

တော့နအဝိဇ္ဇက္ကာကောသေနဖြင့် သွေးအညစ်အကြေးသည် မြေးယှက်အပ်သည်မဟုတ်။ အဝိဇ္ဇာဟူသော ဥဠ်သည် မြေးယှက်အပ်သည်ဟု သိစေသည်။ (ဘာဝတ္ထ။)

---

## ● ပါဠိဝိနိစ္ဆယ

**ဝေဌိတာယ။ ဝေဓိတာယ။** ဝေဌ၊ ဝေဌနေ။ ဝေဌတိ၊ နိဗ္ဗေဌတိ။ ဝေဌနံ၊ နိဗ္ဗေဌနံ။ နီတိ၊ ဓာ။ ၅၇– လာသောကြောင့် ဝေဌဓာတ်ဖြင့်ပြီးရကား မုဒ္ဓဇဒုတိယက္ခရာနှင့်ရှိသော "ဝေဌိတာယ" ပါဌ်သာသင့်သည်။ ဒန္တဇစတုတ္ထက္ခရာနှင့်ရှိသော "ဝေဓိတာယ" ပါဌ် မသင့်ပါ။

http://www.dhammadownload.com



(က) အဝိဇ္ဇက္ကာကောသံ ပဒါလေတွာတိ တံ အဝိဇ္ဇာမယံ အဏ္ဍကောသံ ဘိန္ဒိတွာ။

(ခ) ကောဝ • လောကေတိ (လ) ကောအဒုတိယော။ ဌ။ ၁၀၉။

က-ဝါကျ၌ အဝိဇ္ဇာမယံ အဏ္ဍကောသံဖြင့် အဝိဇ္ဇာနှင့် အဏ္ဍကောသကို အဝိဇ္ဇာမယော အဏ္ဍကောသော အဝိဇ္ဇဏ္ဍကောသော ဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ တံဖြင့် ဆိုခဲ့ပြီး အဝိဇ္ဇက္ကာကောသပင်တည်းဟူသောအဓိပ္ပာယ်ကိုလည်းကောင်း[၂]၊ ဘိန္ဒိတွာဖြင့် ပဒါလေတွာ၌ ဒလဓာတ်၏ဖောက်ခွဲခြင်း ဝိဒါရဏတ္ထကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၃]၊ ပ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း[၄]၊ သိစေသည်။ ပါရာ၊ ဂံ၊ သစ်။ ၁၄၂။

၁။ အဘိဓာနတ္ထ။ သမာသ လိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

၃။ ဒုတိယဓာတွတ္ထ။ ၄။ ဥပသဂ္ဂလိင်္ဂတ္ထ။

† ဒလ ဝိဒါရဏေ။ နီတိ၊ ဓာတု။ ၃၄၃။

ခ-ဝါကျ၌ သကလေပိ လောကသန္နိဝါသေဖြင့် လောကအရ အလုံးစုံသော သတ္တလောကကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အဟမေဝဖြင့် ကောဝကို ကောဝေဟု ပဒစ္ဆေဒပြုရမည်၏အဖြစ်ကို လည်းကောင်း[၂]၊ ဝေပုဒ်ကို အဟံပုဒ်နှင့်ယှဉ်စပ်၍ အတ္ထယောဇနာ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ အ-ဒုတိယောဖြင့် ကေသဒ္ဒါသည် သေဋ္ဌစသော အနက်ကိုမဟော၊ အသ ဟာယအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၄]၊ သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ သန္ဓိလိင်္ဂပဒ။ ၃။ ဘာဝတ္ထ။

၄။ နာမလိင်္ဂတ္ထ၊ ဝါ-အဘိဓေယျတ္ထ၊ ဝါ၊ အဓိပ္ပေတတ္ထ။

† သေဋ္ဌာသဟာသချိုည၊ တုလျေသွေကောတိ လိင်္ဂကော။ ဓာန်။ ၈၅၁။

---

အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈိတိ။

(က) အနုတ္တရန္တိ ဥတ္တ ဝိရဟိတံ သဗ္ဗသေဋ္ဌံ။

(ခ) သမ္မာသမ္ဗောဓိန္တိ သမ္မာ သာမဉ္စ ဗောဓိံ။

(ဂ) အထဝါ ပသတ္ထံ သုန္ဒရဉ္စ ဗောဓိံ။

http://www.dhammadownload.com



(ဃ) ဗောဓိတိ ရုက္ခောပိ မဂ္ဂေါပိ သဗ္ဗညုတညာဏမ္ပိ နိဗ္ဗာနမ္ပိ ဝုစ္စတိ။

(င) ဣဓ ပန ဘဂဝတော အရဟတ္တမဂ္ဂညာဏံ အဓိပ္ပေတံ။

(စ) သဗ္ဗညုတညာဏန္တိပိ ဝဒန္တိ။ ၄။ ၁၀၉။ ၁၁၀။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**သစ်ပင်ဟော** "ဗောဓိ" အဗုဇ္ဈိ ဧတ္ထာတိ ဗောဓိ၊ ရုက္ခော။ ဧတ္ထ၊ ဤဗောင်ဗုဒ္ဓဟေပင်၌။ ဘဂဝါ၊ သည်။ စတ္တာရိ သစ္စာနိ၊ တို့ကို။ အဗုဇ္ဈိ၊ သိပြီ။ ဣတိသော ရုက္ခော ဗောဓိ။ ဗုဓ+ဣ ပစ္စည်း။

ဗုဓ ဓာတ်အရ ကတ္တုဒြကြိယာကား မြတ်စွာဘုရား၏ အရဟတ္တ ဖိုလ်စိတ္တုပ္ပါဒ်သည်မှချ။ အဓိကရဏတ္ထ ကြိယာ အရကား ထိုအားတပ် သော ဗောင်ဗုဒ္ဓဟေပင်၏ ပကတ္ယပနိဿယ သတ္တိသည်ဖလှူ။ ဣပစ္စည်း အရကား ထို.....သောဗောင်ဗုဒ္ဓဟေပင်ရ၏။

**မဂ်ဟော "ဗောဓိ"** သယံ ဗုဇ္ဈတိတိ ဗောဓိ။ ယောမဂ္ဂေါ၊ သည်။ သယံ၊ ကိုယ်တိုင်။ ဗုဇ္ဈတိ၊ (သစ္စာ ၄-ပါးတို့ကို) သိတတ်၏။ ဣတိ သော မဂ္ဂေါ ဗောဓိ။ (ပရမတ္ထကောက်နည်းအတိုင်း သတ္တိ သတ္တိန္တမ စသည် ကောက်လေ။)

**တစ်နည်း။** ဗုဇ္ဈန္တိ ဧတေန အရိယာတိ ဗောဓိ။ ဧတေန မဂ္ဂေန၊ ဖြင့်။ အရိယာ၊တို့သည်။ ဗုဇ္ဈန္တိ၊ (သစ္စာ ၄-ပါးတို့ကို)သိတတ်ကုန်၏။ ဣတိ သော မဂ္ဂေါ ဗောဓိ။

ဗုဓ ဓာတ်အရ ကတ္တုဒြ ကြိယာကား အရိယာ ပုဂ္ဂိုလ်တို့၏ မဂ္ဂ သမ္ပယုတ္တဓမ္မသည်မှချ။ ကရဏတ္ထ ကြိယာ အရကား ထို အားတပ်သော မဂ်၏ပကတ္ယပနိဿယသတ္တိသည်ဖလှူပစာ။ ဣ ပစ္စည်းအရကား ထိုဖြင့်မှတ် အပ်သော မဂ်ရ၏။

**သဗ္ဗညုတဉာဏ်ဟော "ဗောဓိ"** သဗ္ဗဓမ္မေ သဗ္ဗာကာရတော ဗုဇ္ဈတိ ပဋိဝိဇ္ဈတီတိ ဗောဓိ။ ယံသဗ္ဗညုတညာဏံ၊သည်။ သဗ္ဗဓမ္မေ၊တို့ကို။ သဗ္ဗာကာရတော၊ ခပ်သိမ်းသောအချင်းအရာအားဖြင့်။ ဗုဇ္ဈတိပဋိဝိဇ္ဈတိ၊

http://www.dhammadownload.com



ထိုးထွင်း၍ သိတော်မူတတ်၏။ ဣတိ တံ သဗ္ဗညုတ၊ ညာဏံ။ ဗောဓိ။ (ပရမတ္ထကောက်အတိုင်းသတ္တိ သတ္တိမန္တ စသည်ကောက်လေ။)

**နိဗ္ဗာန်ဟော "ဗောဓိ"** ဗုဇ္ဈတေ သစ္ဆိကရီယတီတိ ဗောဓိ။ ယံနိဗ္ဗာန်၊ကို။ အရိယေဟိ၊ အရိယာတို့သည်။ ဗုဇ္ဈတေ သစ္ဆိကရီယတိ၊ မျက်မှောက်ပြုအပ်၏။ ဣတိ တံ နိဗ္ဗာန် ဗောဓိ။

ဗုဓ ဓာတ်အရ ကတ္တုဋ္ဌကြိယာကား အရိယာပုဂ္ဂိုလ်တို့၏ မဂ်ဉာဏ် ဖိုလ်ဉာဏ်သည်မှချ။ ကမ္မဋ္ဌ ကြိယာကား ထို အားတပ်သော နိဗ္ဗာန်၏ အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယသတ္တိသည်၊ ဖလူပစာ။ ဣ ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော နိဗ္ဗာန်ရ၏။

**မှတ်ချက်။** သာရတ္ထ၊ ၁။ ၃၅၁-လာဗောဓိသဒ္ဒါ၏ အနက်အား လျော်စွာ (အတ္ထာနုရူပ) ဝိဂ္ဂဟများတည်း။ ဝါကျခွဲနှင့် ကျမ်းတက်ကို သမယဖွင့်ကြည့်။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဥတ္တရဝိရဟိတံဖြင့် အနုတ္တရံ၌ နု-သဒ္ဒါသည် ပဋိသေဓ စသောအနက်ကိုမဟော၊ ဝိရဟအနက်ကို ဟောသည်၏ အဖြစ်ကိုလည်း ကောင်း၁၊ ဥတ္တရတော ဝိရဟိတံ အနုတ္တရံဟု ပဥ္စမီတပ္ပုရိသ် သမာသ်ဝစနတ္ထ မပြုရ၊ နတ္ထိ ဧတဿ ဥတ္တရန္တိ အနုတ္တရံဟု ဟုဗ္ဗီဟိ သမာသ် ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း၂၊ သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

က-ဝါကျ၌ သဗ္ဗသေဋ္ဌ ဖြင့် မိမိထက် သာလွန်သော တရားမှ ကင်း၏ဟူသည် အလုံးစုံသောတရားတို့ထက် အမြတ်ဆုံးပင်တည်းဟူသော အဓိပ္ပာယ်ကိုသိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျ၌ သမ္မာသာမဥ္စ ဗောဓိံဖြင့် သမ္မာသမ္ဗောဓိံ၌ သမ္မာ သဒ္ဒါ၏အဝိပရီတတ္ထကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၁၊ သံသဒ္ဒါသည် သမောဓာနစသောအနက်ကိုမ ဟော၊ သာမတ္ထ (သယမတ္ထ ကိုယ်တိုင် ဟူသော အနက်)ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၂၊ သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** သမ္မာ+သံ + ဗောဓိ၌ သမ္မာကို သမ္မာဟု ပင် ဖွင့်သည်။ အထ၀ါတက်လာသော၀ါကျ၌ ပသတ္ထဖွင့်လတ္တံ့ကိုရှု၍ သမ္မာကို သမ္မာဖွင့်ခြင်းသည် အ၀ိပရီတတ္ထကိုဖွင့်ပြသည်ဟုယူရပေမည်။ ဂံ၊ သစ်၊ ၂။ ၁၄၂–လည်းကြည့်။ စ–သဒ္ဒါ ဖြင့် အပါနေယျကို ကန့်သည်။ ဘာ၀တ္ထတည်း။

**၀ိဂ္ဂဟမှတ်ဖွယ်။** ဤ၀ိကပ်အလို "စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗောဓိ၊ သယမေ၀ ဗောဓိ သမ္ဗောဓိ၊ အ၀ိပရီတေနာ ကာရေန သမ္ဗောဓိ သမ္မာသမ္ဗောဓိ" ဟု၀ိဂ္ဂဟပြုလေ။

ဂ–၀ါကျ၌ ပသတ္ထသုန္ဒရဋ္ဌဖြင့် သမ္မာသဒ္ဒါ၏ ပသတ္ထ အနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ သံသဒ္ဒါ၏သုန္ဒရအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ စ–သဒ္ဒါဖြင့် ပသတ္ထ အနက်ကိုလည်း ဆည်းသည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဘာ၀တ္ထ။

ဃ–၀ါကျဖြင့် ဗောဓိသဒ္ဒါသည် သာမညနိဒ္ဒေသအားဖြင့် ညောင်ဗုဒ္ဓဟောပင်, အရဟတ္တမဂ်, သဗ္ဗညုတဉာဏ်, နိဗ္ဗာန် အနက်တို့ကို ဟောသတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ။)

င–၀ါကျဖြင့် သမ္မာသမ္ဗောဓိ၌ ဗောဓိ သဒ္ဒါသည် အရဟတ္တမဂ်ဉာဏ်ဟူသော အနက်ကို ၊ဟောသည် ဟု သိစေသည်။ (နာမလိင်္ဂတ္ထ။ ၀ါ–အဘိဓေယျတ္ထ၊ ၀ါ–အဓိပ္ပေတတ္ထ။)

စ–၀ါကျဖြင့် အပရေ ဆရာတို့အလို ဗောဓိသဒ္ဒါသည် သဗ္ဗညုတဉာဏ်အနက်ကိုလည်း ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။ ၀ါ–အဘိဓေယျတ္ထ။ ၀ါ–အဓိပ္ပေတတ္ထ။)

## နည်းဥပစာ

**၀ရဘူရိမေဓသော။** အတူဖြစ်သော မြေကြီး၏ ဘူရိဟူသော အမည်ကိုအတူရှိသောပညာ၌တင်စား၍ အတူရှိသော ပညာကို ဘူရိဟုခေါ်သောကြောင့် သဒိသူပစာသဒ္ဒါမည်၏။ (နေယျတ္ထနည်း၊ ရုဋ္ဌီနည်း။)

† ဘူရိဝိယ ပတ္ထဋ္ဌာ မေဓာ၊ ၀ရာ ဘူရိမေဓာ ၀ရဘူရိ မေဓာ။ ၀ရဘူရိမေဓာ ယဿ အတ္ထီတိ ၀ရဘူရိမေဓသော။ ဂံ၊ သစ်။ ၂။ ၁၄၃။

http://www.dhammadownload.com



✝ ဝရာဘူရိမေဓသောတိ မဟာပထဝိဝိယ ပတ္ထင္ပဝရပညောတိ အတ္ထော။ သာရတ္ထ၊ ၁။ ၃၅၁။

(က) အဘိသမ္ဗုဒ္ဓေါတိ အဗ္ဘညာသိ ပဋိဝိဇ္ဈိ။

(ခ) ပတ္တောမှိ အစိဂတောမှိတိ ဝုတ္တံ ဟောတိ။

က-ဝါကျ၌ အဗ္ဘညာသိဖြင့် အဘိသမ္ဗုဒ္ဓေါ၌ ဗုဓ ဓာတ် သည် ဇာဂရစသောအနက်ကိုမဟော၊ ဉာဏအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ တ ပစ္စည်း၏ အတိတ်ကတ္တုသာဓနေ၌သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ အဘိသမ္ဗုဇ္ဈိတ္ထာတိအဘိသမ္ဗုဒ္ဓေါဟု အတိတ်ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ အဘိဥပသာရ, သံဥပသာရတို့၏ ဓာတွတ္ထာ နုဝတ္တက၏အဖြစ်ကိုလည်းကောင်း[၄]၊ သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ ၄။ ဥပသဂ္ဂလိင်္ဂတ္ထ။

က-ဝါကျ၌ ပဋိဝိဇ္ဈိဖြင့် သိ၏ဟူသည် အနုမာန (မှန်းဆသော) အားဖြင့် သိသည်မဟုတ် မျက်မှောက်ပြု၍ သိ၏ဟူသော အဓိပ္ပာယ်ကိုသိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျ၌ ပတ္တောမှိ အစိဂတောမှိဖြင့် ဘာဝတ္ထကိုပြသည်။

## ● ပါဠိဝိနိစ္ဆယ

**အဘိညာပကော္ဓ။ ဆအဘိညာပကော္ဓ။** အာသဝက္ခယအဘိညာဉ်ဟူသည် အရဟတ္တဖိုလ်တည်း။ ယင်းအာသဝက္ခယ အဘိညာဉ်ပါမှ အဘိညာဉ် ၆-ပါး (ဆ အဘိညာ) ဖြစ်မည်။ အဝိဇ္ဇဏ္ဏကောသ် ပဒါလေတွာပါဠ်အရ ဖောက်ခွဲဆဲ၌ ယင်းအဘိညာဉ်မပါနိုင်၊ ဖောက်ခွဲပြီးဆိုမှသာ ပါနိုင်သည်၊ ထိုကြောင့်ဤ၌ အာသဝက္ခယအဘိညာဉ်မလိုအပ်၊ လောကီအဘိညာဉ် ၅-ပါးသာလိုအပ်ရကား "အဘိညာပကော္ဓ" ရှိသော ပါဠ်သာ သင့်ပါသည်။

✝ အဘိညာပကော္ဓတိ လောကိယာဘိညာပကော္ဓ လောကုတ္တရာဘိညာတိ အဝိဇ္ဇဏ္ဏကောသံ ပဒါလိတာ။ ပေါတ္ထကေသု ပန ကတ္ထစိ "ဆ အဘိညာပကော္ဓ" တိ လိခန္တိ။ သော အပါဠော တိ ဝေဒိတဗ္ဗော။ သာရတ္ထ၊ ၁။ ၃၅၃။

http://www.dhammadownload.com



**ပဋ္ဌပေါဒ္ဒေတွာ။** ပဋ္ဌပေါဒ္ဒေတွာ။ စုဋ္ဌ ပုဋ္ဌ ဖုဋ္ဌ ဝိဘောဒေဟု နိတိ၊ ဓာတု။ ၂၉၇-၌ ဓာတွတ္ထချင်းအတူဖွင့်ပြသောကြောင့် ၂-ပါ၌သင့်သည်။

**စိတ္တမေဝမုပ္ပန္နံ။** ဟုရှိလျှင် စိတ္တံ + ဧဝံ + ဥပ္ပန္နံ ပဒစ္ဆေဒပြု။ ဧဝံ၊ ဤသို့အထက်၌ဆိုလတ္တံ့သော ကြံစည်ခြင်း၏ အစွမ်းဖြင့်။ စိတ္တံ၊စိတ်သည်။ ဥပ္ပန္နံ၊ ဖြစ်ပြီဟု အနက်ယောဇနာ။ ထို့ကြောင့် သာရတ္ထ၊ ၁။ ၃၅၃-၌ စိတ္တမေဝမုပ္ပန္နန္တိ ဧဝံ ဥပရိ ဝက္ခမာနပရိဝိတက္ကဝသေန စိတ္တမုပ္ပန္နန္တိ အတ္ထောဟုဆိုသည်။

**စိတ္တမေဝဥပ္ပန္နံ** – ဟုရှိလျှင် စိတ္တံ+ဧဝ+ဥပ္ပန္နံဟု ပဒစ္ဆေဒပြု။ စိတ္တံဧဝ၊ စိတ်သည်သာလျှင်။ ဥပ္ပန္နံ၊ ဖြစ်၏။ ဘဂဝတိ၊ မြတ်စွာဘုရား၌။ ပသာဒေါ၊ ကြည်ညိုခြင်းကား။ နတာဝဥပ္ပန္နော၊ မဖြစ်သေးဟု အနက်ယောဇနာ။ ထို့ကြောင့် ယင်း သာရတ္ထ၊ ၁။ ၃၅၃-၌ပင်။ စိတ္တမေဝ ဥပ္ပန္နန္တိပိ ပါဌော။ တတ္ထ စိတ္တမေဝ ဥပ္ပန္နံ၊ န တာဝ ဘဂဝတိ ပသာဒေါတိ အတ္ထော-ဟုဆိုသည်။ ထို့ကြောင့်.....၂.....ပါ၌သင့်။

---

(က) ဓောမိမဏ္ဍော နိသိန္နေန မယာ (လ) အာရဒ္ဓံ အဟောသိ။

(ခ) ပဂ္ဂဟိတံ။

(ဂ) အသိထိလပ္ပဝတ္တိတန္တိ ဝုတ္တံ ဟောတိ။ ၄။ ၁၁၁။

## ● အာဘော်နှင့်သံဝဏ္ဏနာ

ခ-ဝါကျဖြင့် အာရဒ္ဓံ၌ အာပုဗ္ဗ ရဘဓာတ်ကား ဝါယမတ္ထကို ဟောသတည်းဟုသိစေသည်။ (ဒုတိယဓာတွတ္ထ။)

ဂ-ဝါကျဖြင့် ပဂ္ဂဟိတ=အားထုတ်၍ ယူအပ်၏ ဟူသည် လျော့လျော့မပြုမူ၍ လွန်စွာအားထုတ်ခြင်းဟု ဆိုအပ်သော လုံ့လဖြင့် ယူအပ်သတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

**အနက်ပေး။** ပဂ္ဂဟိတံ၊ အားထုတ်၍ ယူအပ်သည်။ ဝါ- ချီးမြှောက်အပ်သည်၊ ဝါ- မြတ်သောအကျိုးကို ယူစေအပ်သည်။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၁၅၂-၃။

---

(က) ပဿဒ္ဓေါ ကာယော အသာရဒ္ဓေါတိ (လ) အဟောသိ။

(ခ) အသာရဒ္ဓေါ တိ သော စ ခေါ ပဿဒ္ဓတ္တာယေဝ အသာရဒ္ဓေါ။

http://www.dhammadownload.com



(ဂ) ဝိဂတဒရထောတိ ဝုတ္တံ ဟောတိ။ ၄။ ၁၁၁။

## ● အာဘော်နှင့်သံဝဏ္ဏနာမှတ်ဖွယ်

က-ဝါကျ ၌ ကာယစိတ္တပဿဒ္ဓိ ဝသေနဖြင့် စိတ္တပဿဒ္ဓိ၏ အစွမ်းဖြင့်စိတ်၊ ကာယပဿဒ္ဓိ၏အစွမ်းဖြင့် ကာယ ငြိမ်းသော်လည်း ပဿဒ္ဓေါ ကာယောအရကား အဝိနာဘာဝနည်း အားဖြင့် နာမကာယ (စိတ်) ရူပကာယနှစ်မျိုးလုံးကိုယူရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ (သာရတ္ထ၊ ၁။ ၃၅၄၊ ဂံ၊ သစ်၊ ၂။ ၁၅၄-ကြည့်) မေဖြင့် ကာယော၏သမ္ဗန်ကား မေတည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ ဘာဝတ္ထ။

က-ဝါကျ၌ ကာယောပိ မေ ပဿဒ္ဓေါ အဟောသိဖြင့် ကာယ ပုဒ်နောင် ပိသဒ္ဒါကျေသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ပဿဒ္ဓေါ ကာယော ကို မေ၊ ငါ၏။ ကာယောပိ၊ နာမကာယ, ရူပကာယသည်လည်း။ ပဿဒ္ဓေါ၊ ငြိမ်း၏-ဟုအနက်ယောဇနာရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။

ခ-ဝါကျဖြင့် ပဿဒ္ဓိသည် အသာရဒ္ဓ၏ အကြောင်းတည်းဟုသိစေသည်။ (ဘာဝတ္ထ။).

ဂ-ဝါကျဖြင့် အသာရဒ္ဓေါ်၌ န-ပုဒ်၏ ဝိဂတအနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ သာရဒ္ဓပုဒ်၏ ပူပန်ခြင်း ဒရထအနက် ဟောသည်၏အဖြစ်ကိုလည်းကောင်း[၂]၊ နတ္ထိ သာရဒ္ဓေါ အဿာတိ အသာရဒ္ဓေါ ဟု ဗဟုဗ္ဗီဟိ သမာသ်တွဲစပ်ရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ နိပါတ လိင်္ဂတ္ထ။ ၂။ နာမလိင်္ဂတ္ထ။ ၃။ အဘိဓာနတ္ထ။

သမာသလိင်္ဂပဒတ္ထ။

## နည်းဥပစာမှတ်ဖွယ်

**ပဿဒ္ဓေါ ကာယော။** အကြောင်းဖြစ်သော နာမကာယ ငြိမ်းခြင်း၏ပဿဒ္ဓေါကာယောဟူသော အမည်ကို အကျိုးဖြစ်သော ရူပကာယ ငြိမ်းခြင်း၌ တင်စား၍ အကျိုးဖြစ်သော ရူပကာယ ငြိမ်းခြင်းကိုလည်း ပဿဒ္ဓေါကာယောဟု ဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တရိကနည်း။)

http://www.dhammadownload.com



**မှတ်ချက်။** အဋ္ဌကထာ၊ ၁၁၁-၌ နာမကာယေ ပဿဒ္ဓေ ရူပကာယော ပိ ပဿမ္ဘတိ ယေဝ ဟောတိကိုထောက်၍ ဥပစာတင်သည်။

(က) သမာဟိတံ စိတ္တံ ကေဂ္ဂတ္ထိ စိတ္တမ္ပိ မေ (လ) အပ္ပိတံဝိယ အဟောသိ။

(ခ) သမာဟိတတ္တာဝေ စ ကေဂ္ဂ အစလံ နိပ္ပန္ဒနန္တိ။

(ဂ) ဧတ္တာဝတာ ဈာနဿ ပုဗ္ဗဘာဂပဋိပဒါ ကထိတာ။ ၌။၁၁၂။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ စိတ္တမ္ပိဖြင့် စိတ္တံပုဒ်နောင် ပိကျေသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ မေဖြင့် စိတ္တံ၏သမ္ဗန်ကိုမေဟု ထည့်ရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ သမ္မာအာဟိတံဖြင့် သမာဟိတံကို သံ+အာဟိတံဟုပဒစ္ဆေဒပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ သံဥပသာရ၏ သမ္မာအနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ သုဋ္ဌုထပိတံဖြင့် သမ္မာသဒ္ဒါ၏သုဋ္ဌုအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၅]၊ အာပုဗ္ဗဓာဓာတ်၏ ဌပနအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၆]၊ အာဥပသာရ၏ ဓာတွတ္ထ ဗာဓက၏ အဖြစ်ကိုလည်းကောင်း[၇] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ သန္ဓိလိင်္ဂပဒ။

၄။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၅။ နိပါတလိင်္ဂတ္ထ။ ၆။ ဒုတိယ ဓာတွတ္ထ။

၇။ ဥပသဂ္ဂလိင်္ဂတ္ထ။

က-ဝါကျ၌ အပ္ပိတံဝိယအဟောသိဖြင့် ကောင်းစွာထား၏ ဟူသည် တစ်ခုတည်းသောအာရုံ၌သွင်းထားအပ်သကဲ့သို့ဖြစ်ခြင်း၊ ဝါ အပ္ပနာကျသကဲ့သို့ဖြစ်ခြင်းပင်တည်းဟုသိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျ၌ သမာဟိတတ္တာဖြင့် သမာဟိတ၏ကေဂ္ဂ၏အကြောင်း၏ အဖြစ်ကိုလည်းကောင်း[၁]၊အစလံနိပ္ပန္ဒနံဖြင့် တည်ကြည်၏ဟူသည် မတုန်လှုပ်ခြင်းပင်တည်းဟူသောအဓိပ္ပာယ်ကိုလည်းကောင်း[၂]၊ ဣတိဖြင့် ပုဗ္ဗဘာဂပဋိပဒါ၏ အပြီးအဆုံး(ပရိသမာပန)၏အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ ဘာဝတ္ထ။

http://www.dhammadownload.com



## ● ပါဌ်ဝိနိစ္ဆယ

**ပုဗ္ဗဘာဂပဋိပဒါ။ ပုဗ္ဗပဋိပဒါ။** သာရတ္ထဒီပနိ၌ ပုဗ္ဗဘာဂပဋိပဒါ ဣစ္စိတဗ္ဗာဟုလည်းကောင်း, အဋ္ဌကထာ၌ အောက်မှာလည်း ပုဗ္ဗဘာဂတော ပဘုတိဟုလည်းကောင်းဆိုအပ်သောကြောင့် ပုဗ္ဗဘာဂ ပဋိပဒါဟုသာ ရှိသင့်၏ဟု ထင်သည်။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၁၅၅။

**မှတ်ချက်။** ယခုခေတ် သာရတ္ထ၊ ၁။ ၃၅၄-၌ ဂံ၊ သစ်မှာသကဲ့သို့ ပါဠိမရှိဘဲ "ပုဗ္ဗပဋိပဒါယ ဣစ္ဆိတဗ္ဗာ"ဟုရှိသည်။

## ● နည်းနှင့်ဥပစာ

ဂ-ဝါကျ၌ နည်းဥပစာ ကြံပုံကား.....တွေ့ာဝတာ၊ ဤမျှအတိုင်း အရှည်ရှိသော အာရဒ္ဓခေါ်ပန အစရှိသည်ဖြင့် ဝီရိယ, သတိ, ပဿဒ္ဓိ, သမာဓိ တို့၏ ကိစ္စပြီးခြင်းကို ပြခြင်းဖြင့်။ ဈာနဿ၊ ဈာန်၏။ ပုဗ္ဗဘာဂပဋိပဒါ၊ ရှေ့ အဖို့၌ဖြစ်သောအကျင့်ကို။ကထိတာ၊ ဟောတော်မူအပ်၏ဟု အနက်ပေး။ ဤအလို အာရဒ္ဓခေါ်ပန စသောပါဠိဖြင့် ဝီရိယ, သ(ိ), ပဿဒ္ဓိ, သမာဓိ (ပါဠိတော်နှင့်ယှဉ်ကြည့်ပါ။) တို့သည်သာ ပုဗ္ဗဘာဂပဋိပဒါ မည်ကုန်၏ ဟုပြသည်။ သဒ္ဓါ, ပညာတို့လည်း ပုဗ္ဗဘာဂ ပဋိပဒါ မဟုတ်လော မေး ဖွယ်ရှိသည်။ သို့သော်နာနန္တရိကနည်းအားဖြင့် သ(ဒ္ဓါ), ပညာကိုလည်း ယူရသည်။ ထိုကြောင့် မကင်းရာဖြစ်သော ဝီ(ရိယ), (သ)တိ,ပဿဒ္ဓိ,သမာဓိတို့ကို ဆိုသဖြင့် မတင်းတတ်သောသဒ္ဓါ, ပညာကိုလည်း ပုဗ္ဗဘာဂ ပဋိပဒါအရ ယူရသောကြောင့် နာနန္တရိကနည်း။ (အဝုတ္တ သိဒ္ဓိနည်းလည်း ရသည်။)

(က) ဝိဝိစ္စေဝ ကာမေဟီတိ(လ)အပသက္ကေတွာ။

(ခ) ယောပနာယမေတ္ထ ဝေကာရော၊ (လ) ဝေဒိတဗ္ဗော။

(ဂ) ယသ္မာ စ နိယမတ္ထော၊ တသ္မာ (လ) အဓိဂမံ ဒီပေတိ။

ဋ္ဌ။ ၁၁၂။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကားပက္ခဝါကျ။ (မအူသျ-၌ ဝေသဒ္ဒါ၏ အနက်ကို ပြလို၍ ယောပန မိန့်(ဟု) ကျမ်းတက် သည်။)

http://www.dhammadownload.com



## ကျမ်းတက်

နိယမေ စာဝစာရတ္တော၊ သန္နိဋ္ဌာနေ စ ဝုစ္စတေ၊ ပဒပူရဏာမတ္တေစ ဝေသဒ္ဒေါ ဝိဘာဝိနာ (ဂန္ထာဘရဏ။ ၄၀။) ဟူသည်တွင် ဤဒြကားနိယမတ္ထဟုပြလိုရကား ယောပနာယစသည်မိန့်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၅၇။

ဂ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ခ–ဝါကျကား အာရဒ္ဓဝါကျ။

**မှတ်ချက်။** ခ–ဂ–ဝါကျတို့၌ အနိယတ်နိယတ်စသည် ခွဲလေဦး။

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**နိယမတ္ထော။** နိယမနံ နိယမော (နိ+ယမု+အ)။ နိယမိတဗ္ဗောတိ ဝါ နိယမော။ (အစိတ်ဝိဂ္ဂဟ။) နိယမော အတ္ထော တေဿ ဝေကာရဿာတိ နိယမတ္ထော။ ( အပေါင်းဝိဂ္ဂဟ။ ) တေဿ ဝေကာရဿ၊ ထိုဝေသဒ္ဒါအား။ နိယမော၊ မှတ်ခြင်းဟူသော။ ဝါ၊ မှတ်အပ်သော။ အတ္ထော၊ အနက်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ သော နိယမတ္ထော။ နိယမ+ အတ္ထ+တေ၊

နိယမအတ္ထအရကား မှတ်ခြင်း၊ ဝါ–မှတ်အပ်သော အနက်သည် မှချ။ ယင်း၏ ဝေသဒ္ဒါနှင့်အကျိုးအကြောင်း, အကြောင်းအကျိုး အဖြစ် ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ တေအညပုဒ်အရကား ဝေသဒ္ဒါရ၏။

**မှတ်ချက်။** နိယမသဒ္ဒါ နိစ္ဆယအနက်ဟောကြ၍ နိယမော၊ အမြဲသတ်မှတ်ဆုံးဖြတ်ခြင်းဟူသော။ အတ္ထော၊ သည်။ အတ္ထိ၊ ၏–ဟု အနက်တစ်မျိုးကြံကြသေးသည်။

✝ ယတနာယံ ပဋိညာယံ၊ နိယမော နိစ္ဆယေ ဝတေ။ ဓာန်၊ ဋီ၊ ၄၄၄။ သူစိ။

✝ နိယမနံ နိယမော။ နိယမိတဗ္ဗော ဝါ နိယမော။ အတ္ထော။ ဂန္ထာဘရဏ။ ဋီ၊ နှာ။ ၂၆။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**အဓိဂမံ။** အဓိ+ဂမု+အ။ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ။

✝ အပစ္စယော ဏော ဒုတိယော၊ ဣပစ္စယော ပုမေ သိယံ။ (ကစ္စာယနသာရ။)

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဝိဝိစ္စိတွာဖြင့် ဝိဝိစ္စသဒ္ဒါ၏ ဝိပုဗ္ဗဝိစဓာတ်၏အဖြစ်ကိုလည်းကောင်း[၁]၊ စ္စ-သဒ္ဒါသည် ပဏ္ဏတ်ိစ္စသည်၌ကဲ့သို့ ကျပစ္စည်း၏ ကာရိယမဟုတ်၊ တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဝိဝိစ္စေဝ ကာမေဟိကို သဒ္ဒက္ကမရှိတိုင်း မယောဇနာရ၊ ကာမေဟိဝိဝိစ္စဟု အတ္ထက္ကမအားလျော်စွာ ယောဇနာရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ ဒုတိယဓာတုပ္ပဒ္ဓ။ ၂။ ဒုတိယပစ္စယပဒ။ ၃။ ဘာဝတ္ထ။

ဝိနာဟုတွာဖြင့် ဝိဝိစ္စ၌ ဝိပုဗ္ဗဝိစဓာတ်၏ ဝိဝေစန အနက်ဟော၏အဖြစ်ကိုလည်းကောင်း[၁]၊ ဝိ-ဥပသာရ၏ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။ (ပါရာ၊ ဂ၊ သစ်၊ ၂။ ၁၅၇-အလို။)

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

**တစ်နည်း။** ဝိနာဟုတွာဖြင့် ဝိဝိစ္စ၌ ဝိပုဗ္ဗ ဝိစိဓာတ်၏ကင်းခြင်းဝိဂတအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဝိ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏အဖြစ်ကိုလည်းကောင်း[၂]၊သိစေသည်။ (ဆင်တဲဂဏ္ဌိ။ ၂၇၅-အလို။)

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

အပသက္ကေတွာဖြင့် ကင်းခြင်းဟူသည် ဖဲခွာခြင်းကို ဆိုသတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျဖြင့် ဝိဝိစ္စေဝ၌ ဧဝသဒ္ဒါကား အဝဓာရဏ, သန္နိဋ္ဌာန, ပဒရပူဏအနက်တို့ကို မဟော၊ (ဗျတိရေက) နိယမ အနက်ကို ဟောသတည်း(အန္ဒယ)ဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

**မှတ်ချက်။** ခ-ဝါကျ ကျမ်းတက်လိုသော် ဤ၌ ဗျတိရေကကို အာဘော်ပြု၍တက်လေ။

---

## ● ပါဌ်ဝိနိစ္ဆယ

**အပသက္ကေတွာ။ အပသက္ကိတွာ။** အပသက္ကတွာ။ အပပုဗ္ဗ+သက္ကဓာတ်+အပစ္စည်း+တွာပစ္စည်း။ အ-ပစ္စည်းကို ပြေုလျှင် အပသက္ကေတွာသင့်။ က္ကအံာဂုံလာလျှင် အပသက္ကိတွာသင့်၊ ထိုကြောင့် ၂-ပါဌ်သင့်။

http://www.dhammadownload.com



## နိယမတ္ထဝေဒသဒ္ဒါနှင့်ဝါကျမှတ်ဖွယ်

နိယမတ္တော ဝေသဒ္ဒေါ ဝုတ္တတ္ထံ နိယမေတွာ အညံပိ အတ္ထံ ဉာပေတိ။ နိယမအနက်ရှိသော ဝေသဒ္ဒါကား ဆိုအပ်ပြီးသောအနက်ကို မှတ်သား (ခိုင်မြဲစေ) ၍ အနက်တစ်မျိုး ကိုလည်း သိစေသည်ဟု ဂဏ္ဌိ ဘရဏ။ ဋီကာ။ နှာ။ ၂၆–ဆိုသည်။

ဝိဝိစ္စေဝ၌ နိယမတ္ထဝေသဒ္ဒါသည် "ဝိဝိစ္စေဝ ကာမေဟိ = ကာမ တို့မှ ကေန်မုချကင်းသောကြောင့်သာလျှင်၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇဝိဟရတိ ပဌမ ဈာန်ရနိုင်၏ဟူသော မုချအနက်(ဒသ္သနတ္ထ။)ကိုလည်း မှတ်သား (ခိုင်မြဲစေ) ရုံမျှမက ကာမတို့၏ ပဌမဈာန်၏ ဆန့်ကျင်ဖက်၏အဖြစ်ကိုလည်းကောင်း၊ ကာမတို့ကိုပယ်စွန့်ခြင်းသည်သာ ပဌမဈာန်ရခြင်း၏ နည်းမှန်ဖြစ်ကြောင်းကို လည်းကောင်း၊ (အညံပိ အတ္ထံ ဉာပေတိ)သိစေသည်၊ ပြသည်။ ယင်းသို့သွယ် ဝိုက်၍ သိစေလို၍ ယသ္မာစသောဝါကျတက်လာရကား ယင်းဝါကျကို ဝါကျာရမ္ဘဟုဆိုသည်။

## ဝါကျမှတ်ဖွယ်

ဒီပေတိဝါကျ(ဒီပနတ္ထ)ကိုပင် ဥပမာဆောင်၍ ထင်ရှားအောင် ပြလိုသော ကြောင့် ကထံစသည် ဝါကျတက်လာသည်။ ကထံ(လ)တသ္မာ နိယမံက ရောတိကား တပ္ပါကဋီကရဏဝါကျတည်း။ ထို့ကြောင့်သာရတ္ထ၊ ၁။ ၃၅၅–၌ "တမေဝတ္ထံ ပါကဋတရံ ကာတုံ" ကထန္တိ အာဒိဝုတ္တံ ဟု ကျမ်းတက်ပြသည်။ ထိုတွင် ကထံကား ပုစ္ဆာ။ ဝိဝိစ္စေဝ (လ) တသ္မာ နိ ယမံ ကရောတိကား ဝိသဇ္ဇနာ။ ထိုတွင် ဥပမာန ဥပမေယျ, ပက္ခန္တရ ပက္ခ, အနိယတ် နိယတ် ဟေတုဖလစသည်ခွဲလေဦး။

(က) တတ္ထ သိယာ။ ကသ္မာ ပနေသ(လ)န ဥတ္တရပဒေ။

(ခ) ကိံ အကုသလေဟိ (လ) ဥပသမ္ပဇ္ဇ ဝိဟရေယျာတိ။

(ဂ) န ခေါ ပနေတံ ဧဝံ ဒဋ္ဌဗ္ဗံ။

(ဃ) တံ နိဿရဏတော ဟိ ပုဗ္ဗပဒေ ဧဝ သေ ဝုတ္တော။

(င) ကာမဓာတုသမတိက္ကမနတော (လ) ကာမာနမေဝ နိဿရဏံ။

(စ) ယထာဟ "ကာမာန မေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မံ" န္တိ။

ဋ္ဌ။ ၁၁၂။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

က–ဝါကျ၌ တတ္တသိယာကား ပါဒကဝါကျ။ တသ္မာ (လ) န ဥတ္တရပဒေကား စောဒနာဝါကျ။

ထိုတွင် ကသ္မာ (လ) ဝုတ္တတ္တာကား အနွယ စောဒနာ။ နဥတ္တရ ပဒေကား ဗျတိရေက။

ဃ–ဝါကျကား ဒဠှီကရဏဝါကျ။ ထို–၌ ဂ–ဝါကျကား ယုတ္တိ ဒဠှီယဝါကျ။

င–ဝါကျကား ယုတ္တိဒဠှီကရဏဝါကျ။ ဃ–ဝါကျကား ယုတ္တိဒဠှီယ ဝါကျ။

ခ–ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ထို–၌ ဃ–ဝါကျကား အာဂမဒဠှီယဝါကျ။

**မှတ်ချက်။** ဃ–ဝါကျကို င–ဝါကျယုတ္တိ, စ–ဝါကျ အာဂမ ဒဠှီဖြင့်ခိုင်မြဲစေသည်။ မအူသျ–၌ င–ဝါကျကို ဝိတ္ထာရဝါကျဟု ဆိုသေး၏။ တတ္တသိယာမှတ်ဖွယ်ကို နှာ၊ ၂၀၄=ကြည့်။

✝ ကထံ ပန သမာနေ ဝိက္ခမ္ဘနေ ကာမာနမေ ဝေ တံ နိဿရဏံ၊
န ဗျာပါဒါဒီနန္တိ စောဒနံ ယုတ္တိတော အာဂမတော စ
သာဓေတုံ ကာမတာတူတိအာဒိဝုတ္တံ။ သာရတ္ထ။ ၁။ ၃၅၅။

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**နိဿရဏ။** နိဿရန္တိ နိဂ္ဂစ္ဆန္တိ ဧတေန, ဧတ္ထ ဝါတိ နိဿရဏံ။ သာရတ္ထ၊ ၁။ ၃၅၅။ ကရဏသာဓနေ၊ ဝါ–အဓိကရဏသာဓနေ။ နိ+သရ+ယု။ (ဧတေန၊ ဤပဌမဈာန်ဖြင့်၊ ဝါ–ဧတ္ထ၊ ဤပဌမ ဈာန်၌။ ကာမာ၊ တို့သည်။ နိဿရန္တိ နိဂ္ဂစ္ဆန္တိ၊ ထွက်မြောက် ကင်းပျောက်တတ်ကုန်၏–ဟု အနက်ပေး)

နိ–ဥပသာရပုဒ်ကား ဓာတွတ္တ ဝိသေသကဘောဂုဏ်ရ၏။ သရဓာတ်အရ ကတ္တုဒ္ဓကြိယာကား ထွက်မြောက် ကင်းပျောက်ကုန်သော ကာမတရား တို့သည် မှချ။ ရကဏတ္ထ၊ ဝါ–အဓိကရဏတ္ထ ကြိယာအရကား ပဌမ ဈာန်၏ဝိက္ခမ္ဘန ပဟာနသတ္တိသည် ဖလူပစာ။ ယု ပစ္စည်း အရကား ထိုဖလူ ပစာအားဖြင့် မှတ်အပ်သော ပဌမဈာန်ရ၏။

http://www.dhammadownload.com



**တန္နိဿရဏ**။ တေသံ နိဿရဏံ တန္နိဿရဏံ။ တေသံကာမာနံ၊ ထိုကာမတို့သည်။ (စိတ္တသန္တာနတော၊ စိတ်အစဉ်မှ။) နိရုသဏံ၊ ထွက်မြောက်ကြောင်းထွက်မြောက်ရာတည်း (မူလဋီအလို ကာမာနံ၌ ကတ္တုတ္ထ ဆဋ္ဌီ။) ဝါ–တေသံကာမာနံ၊ တို့ကို။ နိဿရဏံ (ပဟာနံ) ပယ်ကြောင်းပယ်ရာတည်း။ (သာရတ္ထအလို အဓိပ္ပာယတ္ထ) တေသံကာမာနံ၊ တို့မှ။ (အပါဒါနတ္ထ။ မအူသျှအလို။) နိဿရဏံ၊ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းတည်း။. ဆဋ္ဌီတပ္ပုရိသ်သမာသ်။ တ+နိဿရဏ။

တ–ပုဒ်အရကား ကာမတရားတို့သည်မှချ။ ယင်းကာမတရားတို့၏ပဌမဈာန်နှင့် ပဟာတဗ္ဗပဟာယက အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ တန္နိဿရဏဟူသော သမာသ်ပုဒ်လုံးအရကား ထိုမှုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သောပဌမဈာန်ရ၏။

✝ တေသံ ကာမာနံ နိဿရဏံ ပဟာနံ တန္နိဿရဏံ။ သာရတ္ထ၊ ၁။ ၃၅၅။

✝ ဇဝံ ဟိ ကာမာနန္တိ ကတ္တရိ သာမိဝစနံ ယုဇ္ဇတိ။ မူလဋီ၊ ၁။ ၁၀၁။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**နေက္ခမ္မ**။ နိ+ကမု၊ ဝါ၊ကရ+ဏျ။

✝ နိပုဗ္ဗကမု ပဒဝိက္ခေပေ။ ကရ ကရဏေ ဝါ။ သူစိ။

(က) ကိလေသကာမ ပက္ခေ ပန (လ) အဓိပ္ပေတော။

(ခ) သော စ အကုသလ(လ)ဝိသုံ ဝုတ္တော။

(ဂ) ကိလေသကာမတ္တာ ဝါ (လ) ဒုတိယပဒေ။

(ဃ) အနေကဘေဒတော(လ)ကာမေဟီတိ ဝုတ္တံ။ ဋ။ ၁၁၃။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို–၌ က–ဝါကျ ကား အာရဒ္ဓဝါကျ။

http://www.dhammadownload.com



**မှတ်ချက်။** က–ဝါကျ၌ စောဒနာဘွယ် ရှိသည်ကို ဆက်လက်ဖွင့်ပြသောကြောင့် ခ–ဝါကျကိုဝါကျာရမ္ဘဟုမှတ်။ စောဒနာပုံကို အောက်ပါကျမ်းတက်ကိုရှု၍သိလေ။

## ၇–ဝါကျထပနာတိကကျမ်းတက်

ဆရာ၊ဆရာသည် က–ဝါကျဖြင့် ကိလေသာ ကာမအဖို့၌ (လ) ကာမစ္ဆန္ဒကိုသာ ကာမဟု အလိုရှိအပ်သောဆို၏။ ယင်းကာမစ္ဆန္ဒသည် ဝိဝိစ္စအကုသလေဟိဟုဟောအပ်သော အကုသိုလ်တို့၌ အကျုံးဝင် (ပါဝင်) သည်မဟုတ်လော။ (ခ–ဝါကျသောစ–မှ–သမာနော့တိုင်အောင် လက္ခဏာအရုစိကိုအာဘော်ပြု။) ယင်းသို့ဖြစ်လျက် အဘယ်ကြောင့် ယင်းကာမကိုသီးခြားဟောတော်မူအပ်ပါသနည်း။ ကသ္မာ ဝိသုံ ဝုတ္တော ဟု ပုစ္ဆာထုတ်။) ကြောင့် ခ–ဝါကျမိန့်။ (အဓိပ္ပာယ် ခ–ဝါကျ ဘာသာပြန်။)

## လက္ခဏာအရုစိဝါကျမှတ်ဖွယ်

အကုသလ ပရိယာပန္နော၊ အကုသိုလ်တို့၌ အကျုံးဝင်သည်။ သမာနော်ပိ၊ ဖြစ်သော်လည်းဟုအနက်ပေးရာ "သော်လည်း" ဟူသော မြန်မာစကားသည် လက္ခဏာအရုစိပင်ဖြစ်၏။ ယင်း "သော်လည်း"လက္ခဏာအရုစိစကားရပ်ဆုံးသောဝါကျကို လက္ခဏာအရုစိဝါကျဟု ခေါ်သည်။

* လက္ခဏာကို၊ ပိနှင့်ဆိုမူ၊ ထိုလက္ခဏာ၊ စောဒက၏ ပြင်ရဟေတု အာဘော်တည်း။ **(မောင်းထောင်)**

အထက်ပါနိယံအရ လက္ခဏာ အရုစိဝါကျကို စောဒကာဘောဂ, စောဒကာဘောဂဟိတ်ပြင်ရသည်။

နနု သော အကုသလပရိယာပန္နော သမာနော။ (စော+ဘော)

**မှတ်ချက်။** သမာနော အစား ဟောတိ ပြင်၍လည်း ရေးနိုင်သည်။ စော+ဘောသည်ပင် စော+ဘောဟိတ် ဖြစ်ကြောင်း နှာ။ ၃၈၊ ၃၉–၌ အကျယ်ရေးသားခဲ့ပြီ။ ယင်းလက္ခဏာ အရုစိ ဝါကျသည် အဆိုပါ "ကိဉ္စာပိ" ဝါကျနှင့် အတူပင် ဖြစ်ကြောင်း အောက်ပါ စတုက္ကထုတ်ပုံကို ရှု၍သိနိုင်လေသည်။

http://www.dhammadownload.com


## ကိစ္စာပိဝါကျပြင်ပုံ

ကိစ္စာပိ သော အကုသလ ပရိယာပန္နာသမာနော (ဟောတိ) အထ ခေါ တတ္ထ ကတမော(လ)ဧျာန ပဋိပက္ခတော ဝိသုံဝုတ္တော။

## စတုက္ကထုတ်ပုံ

နနု သော အကုသလပရိယာပန္နော သမာနော။ (စော+ဘော)

အထ ကသ္မာ တတ္ထ ကတမော (လ) ဝိဘင်္ဂေဝိသုံဝုတ္တော။ (စော)

နနု(သော ကာမစ္ဆန္ဒော) ဈာနပဋိပက္ခော။ (ပရိ+ဘော)

တသ္မာ တတ္ထ ကတမော(လ) ဝိဘင်္ဂေ ဝိသုံ ဝုတ္တော။ (ပရိ)

**မှတ်ချက်။** ဤသို့ပြင်ဆင်ရေးသားနိုင်ပုံကို သဘောပေါက်လျှင် ကိစ္စာပိဝါကျမှတ်ဖွယ်အတိုင်း မှတ်သားရမည်ကိုသိလောက်ပါပြီ။

## ဝါကျခွဲအဆက်

ဂ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၌ ခ-ဝါကျကား ပက္ခဝါကျ။ (ဝါ-လဲ၌ ဖွင့်သည်ကိုသတိပြု။)

**မှတ်ချက်။** ခ-ဝါကျဖြင့် ကာမစ္ဆန္ဒကို ကာမဟု သီးခြားဆိုရခြင်းအကြောင်း (အဖို့=ပက္ခ) ကိုပြပြီးနောက်ကာမကို ရှေ့ပုဒ် နောက်ပုဒ် ၂ မျိုး၌ဆိုရခြင်း၏အကြောင်းဟူသော အဖို့တစ်မျိုး (ပက္ခန္တရ)ကိုပြလို၍ ဂ-ဝါကျတက်လာသည်ဟုမှတ်ရာ၏။ ထို့ကြောင့်.....

နှစ်ခုသောအမှု၌ အကျုံးဝင်သောယောက်ျားကဲ့သို့ ဖြစ်သောကြောင့် (ဥပမာ +ဟိတ် ၂-မျိုးပါဝင်သော တဒ္ဒဘာယာလင်္ကာရ) နှစ်ပုဒ်၌ အကျုံးဝင်သည်ဟုပြခြင်းငှာ ဂ-ဝါကျမိန့်ဟု ပါရာဇိကံ၊သစ်၊ ၂၊ ၁၆၆-၌ ဝဇိရ. အတိုင်း ကျမ်းတက်ပြသည်။

✝ ကိလေသကာမတ္တာ ဉါ ဒွိသု ကမ္မေသု ပရိယာပန္နော ပုရိ

သောဝိယ။ ဝဇိရ။ ၄၆။

ဃ-ဝါကျကား ဝါကျာရမ္ဘ။ ထို-၌ ဂ-ဝါကျကား အာရဒ္ဓ။

http://www.dhammadownload.com


## လီနတ္ထ ရကျမ်းတက်

ဆရာ၊ မြတ်စွာဘုရားသည် ကာမေဟိဟုဟောတော်မူ၏။ ကိလေသာကာမကိုသာရှေ့ပုဒ်၌ဟောအပ်သော် အဘယ်ကြောင့် ယင်းကိလေသာကာမ (ကာမစ္ဆန္ဒ)ကို ကာမေဟိဟုဗဟုဝုစ်ဖြင့် ဟောသနည်း (အန္ဓယ ပုစ္ဆာ)။ ကာမတောဟု ဧကဝုစ်ဖြင့် မဟောသနည်း-ကြောင့် ဃ-ဝါကျ မိန့်။ (အဓိပ္ပာယ် ဃ-ဝါကျဘာသာပြန်လေ။)

## ဗျတိရေကကျမ်းတက်

ဆရာ၊မြတ်စွာဘုရားသည် (လ) ဟောတော်မူ၏။ (ထပနာရှေ့နှင့် တူပြီ)။ အကယ်၍ (ယဒိ)ကိလေသာ ကာမကိုသာ ရှေ့ပုဒ်၌ ဟောအပ်သည်ဖြစ်အံ့။ (ဗျာတိရေကစကား)အဘယ်ကြောင့် ယင်းကိလေသာကာမ (ကာမစ္ဆန္ဒ) ကို ကာမေဟိဟုဗဟုဝုစ်ဖြင့်ဟောသနည်း (ကထံစကား) ဟု ကျမ်းတက်လျှင် ဗျတိရေကနှင့် အယုတ္တစောဒနာရော၍ တက်သော ကျမ်းတက် ပင်တည်း။ "ဗျတိရေက စကား" သက်သက်ကျမ်းတက်၍ မရဟု မှတ်ပါ။

† ကထံ ကသ္မာ ကိမတ္ထန္တိ၊ လက္ချာ အယုတ္တ စောဒနာ။ နနု ဟိ လက္ခိတာ ဘောဂေါ၊ ဗျတိရေကော ယဒျာဒိနာ။ (ဂန္ထာဘရဏ။ ၇၅။)

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

ဈာနပဋိပက္ခ။ ဈာနဿ ပဋိပက္ခော ဈာနပဋိပက္ခော။ ဈာနဿ ပဌမဈာန်၏။ ပဋိပက္ခော၊ဆန့်ကျင်ဘက်(ကာမ)တည်း။ ဈာနပဋိပက္ခော၊ ဆန့်ကျင်ဘက်(ကာမ)။ဆဋ္ဌီတပ္ပုရိသ်။ ဈာန+ပဋိပက္ခ။

ဈာန ကား.....ပဌမဈာန်သည်မှချ။ ယင်း၏ ဆန့်ကျင်ဘက်ကာမနှင့် ပဟာယက ပဟာတဗ္ဗအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည်ဌာနူပစာ။ ဈာနပဋိပက္ခဟူသော သမာသ် ပုဒ်လုံးအရကား ပဌမဈာန်၏ ဆန့်ကျင်ဘက်ကာမရ၏။

ထိုသို့ပင်ရဗြားသော်လည်း ဈာနပဋိပက္ခပုဒ်၏ ဘာဝပ္ပဓာန၊ ဝါ၊ ဘာဝလောပပုဒ်ဖြစ်သောကြောင့် ပဌမဈာန်၏ ဆန့်ကျင်ဘက်ဖြစ်သော

http://www.dhammadownload.com



ကာမ၏အာရုံ၌ တပ်မက်တွယ်တာမှု ကာမနသတ္တိဟူသော ပဋိပက္ခဘာဝ သာရ၏။

## ဘာဝပ္ပစာန်ဟိတ်ပုဒ်မှတ်ဖွယ်

ဈာနပဋိပက္ခတောဟူသော ဟိတ်ပုဒ်၏ ဉာဉ်ကောက်ကိုရှုလျှင် ဘာဝပ္ပစာန် မကြံမိက ယင်းအရမှာ ဈာန်၏ ဆန့်ကျင်ဘက် ကာမဖြစ်ကြောင်းတွေ့ရမည်။ ယင်းဟိတ်စပ်ရာ ဟိတ်ဖိုလ် ဝုတ္တော ကြိယာအရ အဘယ်တရားကိုရသနည်း။ "သော"ပုဒ်ကို ဝုတ္တော၌စပ်ရသဖြင့် "သော" အရ ကာမ(ကာမစ္ဆန္ဒ)သည်ပင်"ဝုတ္တော"ဟူသော ဟိတ်ဖိုလ်အရ ဖြစ်နေသည်ကိုတွေ့ရမည်။ "ဈာနပဋိပက္ခ"ဟိတ်အရနှင့် "ဝုတ္တော" ဟိတ်ဖိုလ် အရ တူနေသောကြောင့် ဟိတ်ပုဒ်ကို " တောပစ္စယန္တ " ဖြင့် ဈာန ပဋိပက္ခတောရေးရသည်။ (ယသ္မာဈာနပဋိပက္ခော၊ တသ္မာဟု ယသ္မာတသ္မာ ဟိတ်ဖြင့် မရေးရ။) ဤသည်ကို ရည်၍ ဆရာတို့က ဤသို့ဆိုကြသည်။

* ဟိတ်,ဖိုလ် နှစ်ဆူ၊ သဏ္ဍာန်တူ၊ မှတ်ယူတောနှင့်တာ။
ဟိတ်,ဖိုလ် နှစ်ပါး သဏ္ဍာန်ပြား၊ ထားကြ ယသ္မာ, တသ္မာ။

**(ပေါရာဏ)**

ဟိတ်ကားသတ္တိ၊ ဖိုလ်နှင့်ဒြဗ်၊ သာမန်မှတ်=ဟု နိယံဆိုရကား ဟိတ်အရ သတ္တိဂုဏ်သာလျှင် ပြဋ္ဌာန်းသင့်၍ ဒြဗ်မပြဋ္ဌာန်းသင့်ချေ။ သို့ဖြစ်၍ ဟိတ်အရနှင့် ဟိတ်ဖိုလ်ကွဲပြား၍ သတ္တိရစေရန် "ဈာန ပဋိပက္ခတော" ဟူသော ဟိတ်ပုဒ်ကို ဘာဝပ္ပစာန် ဘာဝလောပကြံရသည်။ ယင်းသို့ ဘာဝပ္ပစာန်, ဘာဝလောပအဖြစ်ကိုပြလိုသော ကျမ်းဆရာတို့သည် မူလသံဝဏ္ဏနာတဗ္ဗပုဒ်ကို ဘာဝစွက်၍ ဖွင့်ပြကြလေသည်။ သီ+ဖြေ။ ၄၁-၃-လည်းကြည့်။

**သတိပြု။** ဟိတ်နှင့်ဟိတ်ဖိုလ် အရမတူရာ၌လည်း "တောပစ္စယန္တ" ဖြင့်ရေးသည်ကို "ဥပရိ(လ)ပဋိပက္ခဘာဝ ဒဿနတော" ဟိတ်၌ တွေ့ရလတ္တံ့။ ဖော်ပြပြီး နိယံတို့ကိုယေဘုယျဟုမှတ်။

† ဈာနပဋိပက္ခတောတိ ဈာနဿ ပဋိပက္ခ ဘာဝတော တံ ဟေတု တံ နိမိတ္တံ ဝိသုံ ဝုတ္တော။ သာရတ္ထ၊ ၁။ ၃၅၇။

http://www.dhammadownload.com



## ဝိဂ္ဂဟမှတ်ဖွယ်

**အနေကဘောဒတော။** အနေကော ဘေဒေါယဿ (ကာမစ္ဆန္ဒဿ) သော အနေက ဘေဒေါ။ ပါဠိယော။ ၇၄။ " ယင်းအနေကဘေဒ တော " ဟိတ်သည်လည်း ဘာဝပ္ပဓာန်ဘာဝလောပပင်တည်း။ က–ဝါကျ " အနေကဘေဒေါ " သည် ဤ ဃ–ဝါကျ၌ ဟိတ်ပုဒ် ဖြစ်လာသည်။ သတိပြုလေ။

## တောပစ္စယန္တ ဟိတ်ခြွင်းချက်

အညေသံ ပိ စ ဓမ္မာနံ ဝါကျ၌ ဥပရိ(လ)ဒဿနတော် ဟိတ်အရ ကား ပြခြင်းကြီးယာရ၍ ဟိတ်ဖိုလ်ဝုတ္တာနိအရကား နိဝရဏာနိ ရသည်။ ယင်းသို့ဟိတ်နှင့် ဟိတ်ဖိုလ်မတူရာ၌ အပွကအားဖြင့် တောပစ္စယန္တ ဟိတ် ဖြင့်ရေးသည်ကိုလည်း ခြွင်းချက်အဖြစ်မှတ်သားရာ၏။ ဒဿနံတောကား ကိတ်ဘောဖြစ်၍ တဒ္ဓိတ်ဘောကြံဖွယ်လည်းမလိုတော့ချေ။

---

## ● ဓာတုပစ္စယဝိဘာဂ

သမာန။ သမဓာတ် + ယုပစ္စည်း။ တစ်နည်း–အသဓာတ်+မာန ပစ္စည်း။ အ–ကိုချေ။

✝ သမ ဝေလမ္ဗေယု။ အတ္ထိတိ ဝါ သမာနော အသ ဘာဝေ

မာနော။ အကာရလောပေါ။ သုစိ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ ကာမဆန္ဒော ဝေ ကာမောတိ အဓိပ္ပေတောဖြင့် ဝိဝိစ္စေဝကာမေဟိ၌ ကာမအရ ကာမစ္ဆန္ဒကိုသာယူရမည်၊ ကတ္တုကမျတာ ဆန္ဒ,ကုသလစ္ဆန္ဒကို မယူရဟုသိစေသည်။ (အဘိဓေယျတ္ထ၊ဝါ–အဓိပ္ပေတတ္ထ။)

**မှတ်ချက်။** ကြွင်းပါဠိတို့၌ အာဘော်ကိုဘာသာပြန်၍ဖော်လေ။ ဘာဝတ္ထသာတည်း။

✝ ကာမစ္ဆန္ဒောယေဝါတိ· ကာမသဘာဝေါယေဝ ဆန္ဒော၊

န ကတ္တုကမျတာဆန္ဒော နပိ ကုသလစ္ဆန္ဒော။ သာရတ္ထ၊

၁။ ၃၅၇။

http://www.dhammadownload.com


## နည်းနှင့်ဥပစာ

**ဆန္ဒော၊** အပေါင်းဖြစ်သော ကာမစ္ဆန္ဒ, ကတ္တုကမျတာဆန္ဒ, ကုသလစ္ဆန္ဒ၏ ဆန္ဒအမည်ကို အစိတ်ဖြစ်သော ကာမစ္ဆန္ဒ၌ တင်၍ အစိတ်ဖြစ်သော ကာမစ္ဆန္ဒကို ဆန္ဒဟုခေါ်သောကြောင့် ကေဒေသျူပစာ။

## ပရိဝတ္တနာဟာရနေတ္တိထုတ်နည်း

ပုဒ်တစ်ပုဒ်၏တရားကိုယ်သည် ကုသိုလ်ဖြစ်အံ့၊ ထို၏ ဆန့်ကျင်ဘက် (ပဋိပက္ခ)ဖြစ်သော အကုသိုလ်ကိုပယ်ခြင်း၊ တရားကိုယ်သည် အကုသိုလ်ဖြစ်အံ့၊ ထို၏ဆန့်ကျင်ဘက် (ပဋိပက္ခ) ကုသိုလ်ကိုပယ်ခြင်းသည် " ပရိဝတ္တနာဟာရ"မည်၏။

ခ-ဝါကျ၌ ဝုတ္တောအရ တရားကိုယူ၍ ပရိဝတ္တနာဟာရ ထုတ်ပါဟု မေးလျှင် ဝုတ္တောကား ကမ္မရုပ်ကိတ်ကြိယာဖြစ်၍ ကံကိုပဓာနကောက်ရမည်။ ယင်း၏ ကံကား "သော"ပုဒ်ပင် "သော"အရကား ကာမစ္ဆန္ဒတည်း။ ထိုကြောင့် ကာမစ္ဆန္ဒကိုယူ၍ နေတ္တိထုတ်ရမည်။ ဆရာတော်ဦးဖုစ် နေတ္တိကောက်၌ ကုသိုလ်တရားကိုယ် ရသောပုဒ်ကို ကောက်ပြသည်၊ ဤကျမ်း၌ နည်းရစေရန် အကုသိုလ်တရားကိုယ်ရသောပုဒ်၌ နေတ္တိထုတ်ပုံကို အောက်ပါအတိုင်း မှတ်သားလေ။ ပေယျာလ မှန်သမျှ ဆရာတော်ဖုစ် နေတ္တိအတိုင်းဖော်လေ။

## နေတ္တိထုတ်ပုံ

ပရိဝတ္တနာဟာရ ဟူသော်ကား (လ) ပရိဝတ္တနာဟာရမည်၏။ အဘယ်သို့ပယ်သနည်းဟူမူကား "ဝုတ္တော" အရ ကာမစ္ဆန္ဒကို ယူအပ်၏။ ထိုကာမစ္ဆန္ဒကိုယူသဖြင့် ထို၏ပဋိပက္ခဖြစ်သော အလောဘပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်၊ထို၏အကြောင်းဖြစ်သော ယောနိသော မနသိကာရ တို့သည် လည်းကောင်း၊ ထို-လျှင် အကြောင်းရင်းရှိကုန်သော ပစ္စုပ္ပန်သံသရာအကျိုးတို့သည်လည်းကောင်း ကင်းပျောက်ကုန်၏။ ဤသို့(လ)ပရိဝတ္တနာ ဟာရမည်၏ ဟူလိုသော်။

(က) အညေသမ္ပိ စ ဓမ္မာနံ (လ) နိဝရဏာနေဝ ဝုတ္တာနိ။

(ခ) နိဝရဏာနိ ဟိ ဈာနင်္ဂပစ္စနီကာနိ။

(ဂ) တေသံ ဈာနင်္ဂါနေဝ ပဋိပက္ခာနိ။

http://www.dhammadownload.com


(ဃ) ဝိဒ္ဓံသကာနိတိ ဝုတ္တံ ဟောတိ။

(င) တထာဟိ သမာဓိ (လ) ပေဒ္ဒကေ။ ဝုတ္တံ။ ၄။ ၁၁၄။

## ● အနက်ယောဇနာ

(ခ) ဟိ၊ မှန်၏။ နီဝါရဏာနိ၊ တို့သည်။ (ဈာနင်္ဂါနံ၊တို့၏။ ပဝတ္တိ နီဝါရဏာတော၊ဖြစ်ခြင်းကို တားမြစ် တတ်ကုန်သည် တို့၏အဖြစ်ကြောင့်။) ဈာနင်္ဂပစ္စနီကာနိ၊ ဈာနင်တို့၏ ဆန့်ကျင်ဘက်တို့တည်း။ ( ဟောတာ လင်္ကာရ ယောဇနာ။ သာရတ္ထ၊ ၁။ ၃၅၇။ )

(င) မဟာကစ္စာယနထေရေန၊ ရှင်မဟာ ကစ္စည်းမထေရ်သည်။ (ဝုတ္တံ၏ ကတ္တား။)

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

## က–ဝါကျ ကျမ်းတက်ပုံ

ဆရာ၊မြတ်စွာဘုရားသည်၊ ဈာနဝိဘင်း၌ "တတ္ထ ကတမေ အကုသလာ ဓမ္မာ။ ကာမစ္ဆန္ဒောစသည်ဖြင့် နီဝရဏာတို့ကိုသာလျှင် ဟောတော်မူအပ်ကုန်၏။ နီဝရဏမှ တစ်ပါးတစ်ပါးကုန်သော (ဒိဋ္ဌိ, မာန, အစရှိကုန်သော တရားတို့သည်လည်း အကုသိုလ်တရားတို့ပင် ဖြစ်ကုန်သည် မဟုတ်လော။ ယင်းသို့ဖြစ်လျက် အဘယ်ကြောင့် ဈာနဝိဘင်း၌ "တတ္ထ ကတမေ အကုသလာ ဓမ္မာ။ ကာမစ္ဆန္ဒောစသည်ဖြင့် နီဝရဏာတို့ကိုသာလျှင် ဟောတော်မူအပ်ကုန်သနည်း.....ကြောင့် က–ဝါကျမိန့်။ (ပါဠိတော်ကိုထပနာ ထား၊ လီနတ္ထ ရဲဇောဒနာမျိုး။ လက္ခဏာအရုစိဝါကျ။)

ခ–ဂ ဝါကျကား ယုတ္တိဒဋ္ဌကရဏဝါကျ။ ထို–၌ က–ဝါကျကား ယုတ္တိဒဋ္ဌယဝါကျ။

**မှတ်ချက်။** "အာဂမ၏၊ ရှေ့နားရှိ၊ ယုတ္တိ များသတည်း" နှင့် အညီ အာဂမဒဋ္ဌကရဏ င–ဝါကျကိုမျှော်၍ ယင်းအာဂမဝါကျ၏ ရှေ့နား၌ရှိသော ခ–ဝါကျကို ယုတ္တိဒဋ္ဌကရဏဟု ခွဲသည်။) ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၆၇–၌ "ယင်းကို ပြီးစိမ့်သောငှာ (ယုတ္တိဒဋ္ဌတက်)။ ဝါ– ချဲ့ခြင်းငှာ (ဝိတ္ထာရတက်) နီဝရဏာနိ ဟိ စသည်မိန့်ဟု ၂–မျိုး ကျမ်းတက်ပြ၍ ဒဋ္ဌ, ဝိတ္ထာရ ၂–မျိုး လက်ခံသည်။

http://www.dhammadownload.com



**တစ်နည်း။** ခ-ဂ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျ ကား သင်္ခေပဝါကျ။

**ဝိတ္ထာရဖြစ်ပုံ။** က-ဝါကျ၌ ဥပရိစ္ဆာနက် ပစ္စနီက ပဋိပက္ခဘာဝ ဒဿနတော ဟိတ်ကို ခ-ဂ-၂-ဝါကျဖြင့် ချဲ့ပြသည်။ ယင်းဟိတ်ကို (၁) ဥပရိစ္ဆာနက်ပစ္စနီက။ (၂) ပဋိပက္ခ။ (၃) ဘာဝ။ (၄) ဒဿနတောဟု ပုဒ်ခွဲလိုက်ပါ။

ခ-ဝါကျဖြင့် (၁)အရ နီဝရဏ ရသည်ကိုလည်းကောင်း, ဥပရိစ္ဆာနင်္ဂါနံ ပစ္စနီကာနိ ဥပရိစ္ဆာနက်ပစ္စနီကာနိဟု သမာသ်တွဲရမည်ကိုလည်းကောင်း ချဲ့ပြသည်။ (ဥပရိစ္ဆာနင်္ဂါနံ၊အထက်၌ ဟောတော်မူအပ်လတ္တံ့ကုန်သော ဝိတက်စ သောဈာန်အင်္ဂါတို့၏။ ပစ္စနီကာနိ၊ ဆန့်ကျင်ဘက် နီဝရဏ တို့တည်းဟု အနက်ပေး။)

ဂ-ဝါကျ၌ တေသံပဋိပက္ခာနိ-ဖြင့် (၁) နှင့် (၂) ကို ဥပရိစ္ဆာနင် ပစ္စနီကာနံ ပဋိပက္ခာနိ ဥပရိစ္ဆာနက် ပစ္စနီက ပဋိပက္ခာနိဟု သမာသ်တွဲရ မည်ကိုလည်းကောင်း၊ ဈာနင်္ဂါနေဝ ဖြင့် ဥပရိ(လ)ပဋိပက္ခအရ ဈာနင်တို့ကို ယူရမည်ကိုလည်းကောင်း၊ ချဲ့ပြသည်။ (ဥပရိ(လ) ပစ္စနီကာနံ, အထက်၌ ဟောတော်မူအပ်လတ္တံ့ကုန်သော ဝိတက်စသော ဈာန်အင်္ဂါတို့၏ ဆန့်ကျင်ဘက် နီဝရဏတို့၏။ ပဋိပက္ခာနိ၊ ဆန့်ကျင်ဘက် ဈာန်အင်္ဂါတို့တည်း-ဟု အနက်ပေး။ ဈာန်အင်္ဂါတို့၏ ဆန့်ကျင်ဘက် နီဝရဏ၊ နီဝရဏတို့ ဆန့်ကျင်ဘက် ဈာန်အင်္ဂါတို့တည်း။)

ဂ-ဝါကျ၌ ဟောန္တီပါဌသေသထည့်၍ ယင်းဖြင့် (၃) ဘာဝကို ချဲ့သည်ဟုကြံရာ၏။ ဒဿနတော အကျယ်ဖွင့်ကားမရှိဟုမှတ်လေ။ ဤသို့ အကျဉ်းဝါကျနှင့်အကျယ်ဝါကျတိုက်ဆိုင်ကြည့်၍ ခ-ဂ-ဝါကျတို့ဝိတ္ထာရ ဖြစ်လာပုံကိုသိရာ၏။ ၄-နံပါတ်ဝိဂ္ဂဟနှင့် ၆-နံပါတ်အာဘော် သံဝဏ္ဏနာ အတွက် များစွာအထောက်အကူရပါလိမ့်မည်။

## ဝါကျခွဲအဆက်

ဃ-ဝါကျကား ဝိတ္ထာရ ဝါကျ။ထို-၍ ဂ-ဝါကျကား သင်္ခေပ ဝါကျ။

**မှတ်ချက်။** ဂ-ဝါကျ၌ ပဋိပက္ခာနိ=ဆန့်ကျင်ဘက်တို့ ဟူသည်

http://www.dhammadownload.com



ရျာနင်တို့ကား ပဟာယက = ပယ်တတ်သော တရား၊ နီဝရဏတို့ကား ပဟာတဗ္ဗ = ပယ်အပ်သော (အပယ်ခံ) တရား၊ ဤသို့ ပဟာယက ပဟာတဗ္ဗအဖြစ် ဆန့်ကျင်ဘက် ဖြစ်ကြသတည်းဟု ဂ-ဝါကျ၌ ပဋိပက္ခာ နိပုဒ်၏ ပဋိက္ခတ္တကိုပြလိုသောကြောင့် ဃ-ဝါကျ တက်လာသည်။ "ဣတိဝုတ္တံ၊ ဟောတိ ခ်က၊ ပဒပိဏ္ဍတ္ထ၊ ဝိတ္ထာရ ...ည်း" ဟုမှတ်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၆၇။ ,

င-ဝါကျကား အာဂမ ဒဋ္ဌိကရဏ ဝါကျ။ ထို-၍ က-ဝါကျကား အာဂမဒဋ္ဌီယဝါကျ။

**မှတ်ချက်။** ဤကား ခ-ဂ-ဝါကျကို ယုတ္တိ ဒဋ္ဌီယူသော အလို တည်း။ ခ-ဂ-ဝါကျကို ဝိတ္ထာရယူလျှင် အောက်ပါအတိုင်း ဝါကျခွဲပါ။

င-ဝါကျကား အာဂမဒဋ္ဌိကရဏဝါကျ။ ထို-၍ ခ-ဂ-ဝါကျကား အာဂမဒဋ္ဌီယဝါကျဟုခွဲလေ။ (မူလဝါကျမတူပုံသတိပြု။)

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ပေဋကော။** ပိဋကာနံ ဣဒံ ပေဋကံ။ ပိဋကာနံ၊ ပိဋက သုံးပုံ တို့၏။ ဣဒံ၊ ဥစ္စာတည်း၊ ဝါ၊ရှင်မဟာကစ္စည်းမထေရ်သည် နေတ္တိကျမ်းသို့ အစဉ်လိုက်၍ ဟောအပ်, ဖွင့်ဆိုအပ်သော အဖွင့်သံဝဏ္ဏနာကျမ်းတည်း၊ ဝါ-ပေဋကော ပဒေသကျမ်းတည်း။ ဣဒံတဒ္ဓိတ် ဝိဂြိုဟ်။ ပိဋကပုဒ်+ဏ ပစ္စည်း။

ပိဋကဟူသော တဒ္ဓိတ်ပုဒ်အရကား ပိဋကသုံးပုံ ဒြဗ်သည် မုချ။ ယင်းတို့၏ ရှင်မဟာကစ္စည်းမထေရ်သည် (လ) အဖွင့်သံဝဏ္ဏနာကျမ်း၊ ဝါ ပေဋကောပဒေသကျမ်းနှင့် သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာ, အကျဉ်းအကျယ်, နိဿယ နိဿိတအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့် ရ၏။ ဏပစ္စည်းအရကား ထိုမုချဌာနူပစာတို့ဖြင့် မှတ်အပ်သော ပိဋကသုံးပုံတို့၏ အဖွင့်သံဝဏ္ဏနာဖြစ်သော ပေဋကောပဒေသကျမ်းရ၏။

† မဟာကစ္စာယနထေရေန ဒေသိတာ ပိဋကာနံ သံဝဏ္ဏနာ ပေဋကံ၊ တသ္မိံ ပေဋကေ။ သာရတ္ထ၊ ၁။ ၃၅၈။ (ဝိမတိ၊ ၁။ ၇၂။)

http://www.dhammadownload.com



## မာတုပစ္စယာဒိဝိဘာဂ

**ဝိဒ္ဓံသကာနိ။** ဝိပုဗ္ဗ+ဓံသ+ဏျု။ (ရှု။ ၄၁။ ကြည့်။ နီတိ၊ ဓာ). ၁၈၃–၌ ဓံသုဂတိယံဟုဆိုသည်။ ဓာတွတ္ထ၌ ဓံသ, ဓံသုဓာတ် ၂–မျိုး၊

**ပေင္ဃကာ။** တဒ္ဓိတ်နာမ်ပုဒ်။ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။

### ဒဿနတော၌ "တော" ပစ္စည်းအနက်

(၁) တောပစ္စည်းကား ဟိတ် အနက်တည်း။ (ဒဿနတော၊ ပြခြင်းကြောင့်–ဟုအနက်ပေး။ ယင်းအလို ဒဿနကား သဒ္ဒါ၏ပြခြင်း= သဒ္ဒ ဒဿနတည်း။

(၂) **တစ်နည်း။** တော ပစ္စည်းကား သမ္ဗန္ဒါန်အနက်တည်း။ ဒဿန တော၊ ပြတော်မူခြင်းငှာ–ဟု အနက်ပေး။ ယင်းအလို ဒဿနကား ပုဂ္ဂိုလ် (ဘုရား)၏ ပြခြင်း=ပုဂ္ဂလဒဿနတည်း။

**မှတ်ချက်။** အချို့ကား ဝိသေသနတ္ထ၌ တောပစ္စည်းယူ၏။ ဋီကာ များနှင့်မညီ။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၆၇။

---

## အာဘောဂနှင့်သံဝဏ္ဏနာ

ခ–ဝါကျဖြင့် ဥပရိဈာနက်ပစ္စနီက အရ နီဝရဏတို့ကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဥပရိဈာနက်နှင့်ပစ္စနီကပုဒ်ကို ဥပရိဈာနင်္ဂါနံ ပစ္စနီကာနိ ဥပရိဈာနက်ပစ္စနီကာနိ ဟုဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** ၂–အာဘောဂ်ကား မှန်းဆ၍ ရသင့်၍ ဖော်သော နေယျတ္ထအာဘောဂ်တည်း။

ဂ–ဝါကျ၌ တေသံပဋိပက္ခာနိဖြင့် (၁) နှင့် (၂) ကို ဥပရိဈာနက် ပစ္စနီကာနံ ပဋိပက္ခာနိ ဥပရိ(လ) ပက္ခာနိဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်တွဲရ မည်အဖြစ်ကိုလည်းကောင်း[၁]၊ ဈာနင်္ဂါနေဝဖြင့် ဥပရိ (လ) ပက္ခာနိအရ ဈာနင် တို့ကိုယူရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသ လိင်္ဂပဒတ္ထ။ ၂။ အဘိဓေယျတ္ထ။

http://www.dhammadownload.com



ဃ-ဝါကျဖြင့် ပဋိပက္ခာနိ၊ ဆန့်ကျင်ဘက်တို့ဟူသည် ဈာနင်တို့ကား ပဟာယက = ပယ်သတ် ဖျက်ဆီးတတ်သော တရား၊ နီဝရဏတို့ကား ပဟာတဗ္ဗ = ပယ်အပ်သော (အပယ်ခံ) တရား။ ဤသို့ပဟာယက, ပဟာတဗ္ဗ အဖြစ်ဖြင့် ဆန့်ကျင်ဘက် ဖြစ်ကြသတည်းဟု ပဋိပက္ခဖြစ်ပုံကို သိစေသည်။ (ဘာဝတ္ထ)

**မှတ်ချက်။** ဤအာဘော်အဖြေကို ကျမ်းတက် ဝိတ္ထာရ ဖြစ်ပုံနှင့် ယှဉ်ကြည့်ပါ။

---

## ● ပါဌ်ဝိနိစ္ဆယ

၁။ ဥပရိဈာနင်္ဂပစ္စနီက(လ)ဒ္ဒသနတော။

၂။ ဥပရိဈာနင်္ဂါနံ ပစ္စနီက(လ)ဒ္ဒသာနတော။

၁။ ပါဌ်ရှိလျှင် " အထက်၌ ဟောတော်မူအပ်လတ္တံ့ ကုန်သော ဝိတက်စသော ဈာန်အင်္ဂါတို့၏ဆန့်ကျင်ဘက် နီဝရဏ၊ ယင်းတို့၏ ဆန့်ကျင်ဘက်ဈာန်အင်္ဂါတို့၏ အဖြစ်ကိုပြခြင်း (ပြလိုခြင်း) ကြောင့်၊ ဝါ-ပြခြင်းငှာ" ဟု အနက်ပေးရ၍ အတ္ထယုတ္တိရှိသောကြောင့်လည်းကောင်း၊ သာရတ္ထ, ဝိမတိဋီကာတို့၌ ယင်းပါဌ်ကိုပင် မူလပါဌ်အဖြစ်ဖြင့် ဖွင့်ပြသောကြောင့် လည်းကောင်း ယင်း ၁-ပါဌ်သင့်သည်။

၂-ပါဌ်ရှိလျှင် " ဥပရိဈာနင်္ဂါနံ၊ အထက်၌ ဟောတော်မူအပ်လတ္တံ့ကုန်သော ဝိတက်စသော ဈာန်အင်္ဂါတို့၏။ ပစ္စနီကပဋိပက္ခဘာဝဒဿနတော၊ ဖြောင့်ဖြောင့်ဆန့်ကျင်သည်၏ အစွမ်းဖြင့် ဆန့်ကျင်ဘက် (ပဋိပက္ခ)၏အဖြစ်ကိုပြခြင်း(ပြလိုခြင်း)ကြောင့်၊ ဝါ ပြခြင်းငှာ"ဟု အနက်ပေးရ၍ အတ္ထယုတ္တိ ရှိသောကြောင့်လည်းကောင်း၊ အဆိုပါဋီကာတို့၏ ယင်းပါဌ်ကို "ဝဒန္တိ" ဝါဒဟု ရေးသား၍ အနက်ပေးပုံကိုပါ ဖွင့်ပြသောကြောင့် ၂-ပါဌ်လည်းသင့်သည်။

**မှတ်ချက်။** ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၆၇-၌ " ယင်း ပါဌ်ကား နီဝရဏာနိဟိ စသော အဋ္ဌကထာဝါကျနှင့် မညီရကားမသင့်" ဟု ၂-ပါဌ် (ဒုတိယပါဌ်) မသင့်ကြောင်းဆိုသည်။

http://www.dhammadownload.com



**ပစ္စနီက။ ပစ္စနီက။** ပတိ+အနီတပုဒ်ဖြစ်၏။ အနီတပုဒ်ကို နတ္ထိ တေသွာ ဤတိ ဥပဒ္ဒဝေါတိ အနီတောဟု ဝိဂ္ဂဟပြု။ မိတ်ဆွေ (မိတ္တ) ရ၏။ အနီတဿ မိတ္တဿ ပဋိပက္ခော ပစ္စနီတော၊ ရန်သူ။ ဝါ-ဆန့်ကျင်ဘက် ရ၏။

တ-ကို က-ပြု၍ " ပစ္စနီက " ပြီးသောကြောင့် " ပစ္စနီက " ရှိသော ပါဠ်သာသင့်သည်။ (သူစိ)

---

(က) ဗျော္ဘာဝတာ စ ပဌမဿ ဈာနဿ ပဟာနင်္ဂံ ဒဿေတွာ ဣဒါနိ သမ္ပယောဂင်္ဂံ ဒဿေန္တော သဝိတက္ကံ သဝိစာရန္တိ အာဒိမာဟ။

(ခ) တတ္ထ ဝိတက္ကနံ ဝိတက္ကော။

(ဂ) ဦဟနန္တိ ဝုတ္တံ ဟောတိ။

(ဃ) သွာယံ အာရမ္မဏေ စိတ္တဿ အဘိနိရောပနလက္ခဏော။ အာဟနန ပရိယာဟနနရသော။

(င) တထာ ဟိ တေန ယောဂါဝစရော အာရမ္မဏံ ဝိတက္ကာဟတံ ဝိတက္ကပရိယာဟတံ ကရောတီတိ ဝုစ္စတိ။ ဋ္ဌ။ ၁၁၄။

## ● ဝါကျခွဲနှင့်ကျမ်းတက်

## အနုသန္ဓေဝါကျစောဒနာတက်ပုံ

ဆရာ။မြတ်စွာဘုရားသည် သဝိတက္ကံ သဝိစာရံ ဟု ဟောတော် မူ၏။ (အာဟ၏ကံပုဒ်ကို ထပနာထား။) ဤမျှအတိုင်းအရှည်ရှိသော ဝိဝိစ္စေဝ ကာမေဟိ, ဝိဝိစ္စ အကုသလေဟိ ဟူသော သဒ္ဒါအစဉ်ဖြင့် ပဌမ ဈာန်၏ ပယ်အပ်သောအင်္ဂါကိုပြပြီးသည် မဟုတ်လော။ (ပုဗ္ဗာနုသန္ဓေကို အာဘော်ပြု။) အဘယ်ကြော- ်၊ ဝါ- အဘယ်ကိုလိုသောကြောင့် သဝိ တက္ကံ သဝိစာရံစသော စကားကို ဘုရားဟောတော်မူသနည်း။ (အာဟ ၏ကံပုဒ်ကို စောဒနာထုတ်။) အကယ်၍ ပဌမဈာန်၏ပယ်အပ်သောအင်္ဂါကို ပြပြီးဖြစ်၍ မလိုအပ်ဘဲသဝိတက္ကံ သဝိစာရံစသောစကားကိုဘုရားထပ်၍ ဟောတော်မူချေသော် မြတ်စွာ

http://www.dhammadownload.com



ဘုရားအား ပုနရုတ္တိဒေါသ, နိရတ္ထက ဒေါသရောက်ရာ၏။ (ဒေါသာရောပန) ဤသို့သူ စောဒနာဖွယ်ရှိသော ကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာ သည် က-ဝါကျကိုမိန့်။

ကား က-ဝါကျဖြင့် ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိဟူသော သဒ္ဒါ၏အစဉ်ဖြင့် ပဌမဈာန်၏ပယ်အပ်သော အင်္ဂါကို ပြပြီးသော်လည်း (ပုဗ္ဗာနုသန္ဓေကိုကြည့်ရေး။) ပဌမဈာန်နှင့်ယှဉ်သော အင်္ဂါကို ပြလိုသောကြောင့် ( အပရာနုသန္ဓေ ကြည့်ရေး။) သဝိတက္ကံ သဝိစာရံစသော စကားကို ဘုရားဟောတော်မူ၏ဟု ငါပြဆိုရကား သင်တင်တိုင်းသော ပုနရုတ္တိဒေါသ,နိရတ္ထကဒေါသ မြတ်စွာဘုရားအား မရောက်၊ ဟောသင့်၏ဟူလို။

**မှတ်ချက်။** အနုသန္ဓေဝါကျနောက်၌ " တတ္ထ " အနက်ပေးနည်းကို နှာ။ ၂၄၇ ၌ရေးခဲ့ပြီ။ ပုဗ္ဗာနုသန္ဓေ အပရာနုသန္ဓေစုံသော ဝါကျ၌ မှတ်ဖွယ်အကျဉ်းရေးမည်ဟု နှာ၊ ၂၅၀ ၌ ဝန်ခံသည့်အတိုင်း ဤ ၌ အကျယ်ကိုရှုလေ။

## အနုသန္ဓေဝါကျ ကျမ်းတက်နည်းမှတ်ဖွယ်

၁။ စကားနှစ်ရပ်၊ သန္ဓေစပ်က၊ ရှေ့ဌာနကို၊ စောဒကအာဘော်၊
ဟိတ်ခတ်လျော်၍၊ ရှုမျှော်တဝ၊ နောက်ဌာနကျန်၊ အာဟ
ကံမှာ၊ စောဒနာ၊ သေသာကြွင်းလတ်၊ အဖြေမှတ်။

၂။ ယင်းသည့်ဌာန၊ ဒေါသအဗျာ၊ တင်လေရာ။ (တွင်းကြီး)

၃။ အနုသန္ဓေပြ၊ ယင်းဝါကျ၊ ပုနရုတ္တိတင်။ (သစ်)

**စကားနှစ်ရပ်သန္ဓေစပ်က** — ဇွတ္တာဝတာ၀ (လ) အာဒိမာဟ တိုင်အောင်သောစကားရပ်သည် ပါဠိတော်၌ ဝိဝိစ္စေဝကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိဟူသောစကားနှင့် သဝိတက္ကံ စသောစကားနှစ်ရပ်ကို ဆက်စပ်ပြသော အနုသန္ဓေစကား (ဝါကျ) မျိုး ဖြစ်သည်။

http://www.dhammadownload.com



ရှေ့ဌာနကို စောဒကအာဘော် ဟိတ်–ခတ်လျော်၍–တွော၀တာ ဒသောတွာတိုင်အောင်ကား ရှေ့ဌာန–ပုဗ္ဗာနုသန္ဓေတည်း။ ယင်းကို ကျမ်းတက်ရာ၌ စောဒကာဘောဂခေါ် အာဘော်ပြုရမည်။

စောဒကာဘောဟိတ်ပြုလိုကလည်း ယင်းဌာနကိုပင်ပြုရမည်။

**ရှမ္ဘော်တဝ (လ) စောဒနာ**=သဝိတက္ကံ သဝိစာရန္တိကား အာဟ ကံတည်း။ ယင်းအာဟကံကိုစောဒနာရမည်။ (ကျမ်းတက်ကို ကြည့်ပါ။) ထိုပြင် ယင်းအာဟကံကိုပင် ထပနာထားရသည်။ **"အာဟကံမှာစောဒနာ အာဟကံမှာထပနာ"**ဟု နှုတ်တက်ရမိပါစေ။

**သေသကြွင်းလတ်၊ အဖြေမှတ်။** ဣဒါနိမှ ဒသောန္တောတိုင်ကြွင်းကျန်သောစကားရပ်သည် **အစီပွာယ်ကား** ပြန်ရာ၌အသုံးပြုရမည့် စကားဟု ဆိုလိုပါသတည်း။

**မှတ်ချက်။** ဤဝါကျမျိုးကို ရှေးဆရာတို့က အဗျာပိတဒေါသ ပယ်သည်ဆို၏။ ယခုခေတ်၌ပုနရုတ္တိ နိရတ္ထက ပယ်သည်ဟုယူသည်။ ဤ အနုသန္ဓေဝါကျ ကျမ်းတက်နည်းကို သေချာစွာ လေ့လာထားပါလျှင် အနုသန္ဓေဝါကျတိုင်း လွယ်ကူစွာစနစ်တကျ ကျမ်းတက် တတ်ပါမည်။ စတုက္ကထုတ်နည်းကို သီ+ဖြေ။ ၂၀၇–၌ အကျယ်ရေးခဲ့ပြီ။

ခ–စသောဝါကျကား သဝိတက္ကံ သဝိစာရံစသော ပုဒ်တို့၏ အဝယဝတ္ထ အကျယ်ကိုပြသောကြောင့် ဝိတ္ထာရဝါကျ။ ထို–၍ က–ဝါကျကား အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထ အကျဉ်းကို ပြသောကြောင့် သခ်ေပဝါကျ။

## အဝယဝတ္ထဝါကျထပနာတိကကျမ်းတက်နည်း

ဆရာ၊ဆရာသည် က–ဝါကျဖြင့် သဝိတက္ကံ သဝိစာရံစသော ပုဒ်တို့၏ အနုသန္ဓေ သမ္ဗန္ဓသမုဒါယတ္ထအကျဉ်းကိုဆို၏။ (အာဟကံကို ထပနာထား)

ယင်းသဝိတက္ကံသဝိစာရံစသောပုဒ်၏ အဝယဝတ္ထ အကျယ်ကို မဆိုပြီလော။ ယင်း (လ) ပုဒ်၏ အဝယဝတ္ထ အကျယ်ကားအဘယ်နည်း။–ကြောင့် ခ–စသောဝါကျမိန့်။

http://www.dhammadownload.com



## အနုသန္ဓေတက်နည်း

ဤသို့ က–ဝါကျဖြင့် သဝိတက္ကံ သဝိစာရံ စသော ပုဒ်တို့၏ အနုသန္ဓေသမ္ဗန္ဓသမုဒါယတ္ထအကျဉ်းကိုပြပြီး၍ယခုအခါ၌ ယင်းသဝိတက္ကံ သဝိစာရံစသောပုဒ်တို့၏ အဝယဝတ္ထအကျယ်ကိုပြခြင်းငှာ ခ–စသော ဝါကျမိန့်။

**မှတ်ချက်။** အနုသန္ဓေဝါကျမှ အဝယဝတ္ထဝါကျတို့ကျမ်းတက် နည်းကို ဂရုပြု မှတ်သားပါလေ။ နောက်၌ အကျယ် ရေးတော့မည်မဟုတ်ပါ။

ဂ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၍ ခ–ဝါကျကား သခေပ။ (အာဘော်ရှု၍ကျမ်းတက်။)

ဃ–ဝါကျ ပကၡန္တရ။ ခ–ဂ–ကား ပကၡ။

င–ဝါကျကား ကာရဏဝါကျ၊ ဝါ– ယုတ္တိ ဒဋ္ဌိကရဏ ဝါကျ။ ဃ–ဝါကျကား ဖလ၊ ဝါ ယုတ္တိဒဋ္ဌိယဝါကျ။

## င–ဝါကျကျမ်းတက်

ဝိတက်၏ယင်းကိစ္စရှိသည်၏အဖြစ်ကို အဘယ်ကြောင့်သိသနည်း၊ စဒ်ကြောင့်တထာဟိစသည်မိန့်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၇၀။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**အာဟနန။** အာဒိတော ဟနနံ အာဟနနံ။ အာဒိတော၊ အစမှ။ ဟနနံ၊ ခေါက်ခြင်း။ အာဟနနံ၊ အစမှခေါက်ခြင်း။ အာပုဒ် ဟနနပဒ်။ ပဌမိတပ္ပုရိသ် သမာသ်။

အာ–ဟူသောဝိသေသနပုဒ်အရကား အစသည်မှချ။ ယင်းအစ၏ခေါက်ခြင်းကြိယာနှင့် ဝိသေသန ဝိသေသျ၊ အပါဒါန် အပါဒီအဖြစ် ဖြင့်စပ်ခြင်းသမ္ဗန်သည်ဌာနူပစာ။ အာဟနနဟူသော သမာသ်ပုဒ်လုံးအရကား အစမှခေါက်ခြင်းရ၏။

http://www.dhammadownload.com



**တစ်နည်း။** အဘိမုခံ ဟနနံ အာဟနနံ။ အဘိမုခံ၊ အာရုံသို့ ရှေးရှု။ ဟနနံ၊ ခေါက်ခြင်း။ အာဟနနံ၊ အာရုံသို့ ရှေးရှု ခေါက်ခြင်း။ ပဋ္ဌမာတပ္ပုရိသ်သမာသ်။

အာ–ဟူသော ဝိသေသနပုဒ်အရကား အာရုံသို့ရှေးရှုခြင်းသည် မုချ။ ယင်းအာရုံသို့ရှေးရှုခြင်း၏ခေါက်ခြင်းနှင့် ဝိသေသနဝိသေသျအဖြစ် ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ အာဟနနဟူသော(လ)အရကား ထို–ဖြင့် မှတ်အပ်သော အာရုံသို့ရှေးရှုခေါက်ခြင်းရ၏။

**ယောဂါဝစရ။** ယောဂေ အဝစရတီတိ ယောဂါဝစရော။ ယောပုဂ္ဂလော၊ သည်။ ယောဂေ၊ သမထ ဘာဝနာ ဝိပဿနာ ဘာဝနာ တို့ကို၊ ဝါ–သမထဘာဝနာကိုအားထုတ်ခြင်း, ဝိပဿနာ ဘာဝနာကို အား ထုတ်ခြင်း၌။ အဝစရတိ၊ သက်ဝင်၍ကျင့်တတ်၏။ ဣတိသော ယောဂါ ဝစရော။ကိတန္တ သမာသ်။ ယောဂသဒ္ဒူပပဒ။အဝပုဗ္ဗ စရ ဓာတ် အ–ပစ္စည်း။

ယောဂ ဟူသော ဝိသေသန ပုဒ်အရကား သမထ ဘာဝနာ, ဝိပဿနာဘာဝနာရ၏။ ဝါ–သမထဘာဝနာကို အားထုတ်ခြင်း, ဝိပဿနာ ဘာဝနာကိုအားထုတ်ခြင်းရ၏။ ယင်းသမာထဘာဝနာကို (လ) ဝိပဿနာ ဘာ ဝနာကိုအားထုတ်ခြင်း၏သက်ဝင်၍ကျင့်တတ်သောပုဂ္ဂိုလ်နှင့် ဌာနီ, ဌာန,ဂုဏ်ဂုဏအဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည်ဌာနူပစာ။(သမာသ်ကောက်။)

အဝ–ဟူသောဥပသာရပုဒ်အရကား ဓာတွတ္ထ ဝိသေသကဘော ဂုဏ်ရ၏။ စရ ဓာတ်၏အရကား သမထဘာဝနာ, ဝိပဿနာ ဘာဝနာကို အားထုတ်သော ပုဂ္ဂိုလ်၏ သမာဓိ, သတိ, ဝီရိယဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်မုချ။ ရှေးရှေး၌ဖြစ်သော ယောနိသော မနသိကာရ သပ္ပုရိ သူပနိဿယစသည် ဖလူပစာ။ နောက်နောက်ဖြစ်သော ဈာန်, မဂ်, ဖိုလ်အကျိုးတို့သည် ကာရဏူပစာ။ အ–ပစ္စည်းအရကား ထိုမုချ ဌာနူပစာ, ဖလူပစာ, ကာရဏူပစာတို့ဖြင့်မှတ်အပ်သော သမထဝိပဿနာဘာဝနာ ၂–ပါးတို့ကိုသက်ဝင်၍ကျင့်သူဒြဗ်ရ၏။ (ဓာတ်အရ ပစ္စည်းအရကောက်။)

† ယောဂါဝစရောတိ သမထယောဂေ, ဝိပဿနာယောဂေ ဝါ အဝစရတီတိ ယောဂါဝစရော။ ပဋိသံ၊ ဋ္ဌ။ ၂။ ၄၄။

http://www.dhammadownload.com



✝ ယောဂဿ ဘာဝနံ, ဘာဝနာဘိယောဂံ ဝါ။ အဘိဓမ္မာ ဝတာရ၊ ဋီ၊ သစ်။ ၃၄၅။

## ကိတန္တသမာသ်ဉာဏ်ကောက်မှတ်ဖွယ်

ကုမ္ဘကာရော, ပါရဂူစသော ကိတ်ပစ္စည်း အဆုံးရှိသော နိစ္စ သမာသ်ကို ကိတန္တ သမာသ်ဟုခေါ်သည်။ ယောဂါဝစရောဟူသောပုံစံ၌ ယောဂပုဒ်အရမှချကောက်၊ အဝစရတိနှင့်စပ်၍ ကောက်သော ဥပစာ ကောက်ဟု အကောက် ၂-မျိုး။ တွေ့ရမည်။ ယင်း ၂-မျိုးကို သမာသ်ကောက်ဟု ခေါ်သည်။

အဝစာရော၌ ဓာတ်အရ ပစ္စည်းအရ မှချ ဥပစာ ကောက်ခြင်းကိုမူကား ကိတ်ပုဒ်ထုံးစံအတိုင်း ကောက်ခြင်းပင်ဖြစ်၍ ကိတ်ကောက်ဟုခေါ်သည်။ ဤသို့ကိတန္တသမာသ်၌ သမာသ်ကောက် ကိတ်ကောက် ၂-မျိုးကောက်ရသည်။ မိမိတို့ကား ယောဂါဝစရောပုဒ်၌ ကောက်ခဲ့သော အစဉ်အတိုင်း (၁) သမာသ်ကောက်။ (၂) ကိတ်ကောက်ဟု စဉ်၍ ကောက်သည်။ အချို့ကား ကိတ်ကောက်ကို ဦးစွာကောက်၍ သမာသ်ကောက်ကို နောက်မှ ကောက်သည်။ အစဉ်သာထူး၍ အရကောက်မထူးဟု မှတ်ရာ၏။

✝ ပါရဂူတိ စ နိစ္စသာပေက္ခတာယ ကိတန္တသမာသော။ သီ၊ ဋီ၊ သစ်၊ ၂။ ၂၂၁။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ဇ္ဈောဝတာ။** တဒ္ဓိတ်နာမ်ပုဒ်၊ ဥကာရန္တ၊ ပုလ္လိင်၊ ဂုဏဝါဒီဂိုဏ်း၊ တတိယာဧကဝုစ်ဝိဘတ်။

**မှတ်ချက်။** ဤကား အာလုတဗ္ဗဟုလေ သုတ် အဖွင့် ရူ-၃၆၉-အလိုတည်း။ တေပုဒ်ဝန္တုပစ္စည်း၊ ယဒနုပပန္နာသုတ်ဖြင့် ပရိမာဏအနက်၌ ယင်းပစ္စည်းသက်။ ဝန္တုပစ္စည်းကြောင့် တေ၌ အ-ကိုအာပြု။ဇ္ဈောဝတော်လာ။ "တေ ပရိမာဏံ အဿာတိ ဇ္ဈောဝါ" တတိယာ, နာ ဝိဘတ်ဖြင့်

http://www.dhammadownload.com



တွေ့ာဝတာဟုပြီးသည်။ တွေ့ာဝတာ၊ ဤမျှအတိုင်းအရှည် ရှိသော-ဟု အနက်ပေး။

**တစ်နည်း။** တွေ့ာဝတာကား ပရိစ္ဆေဒ အနက်ဟော နိပါတ်ပုဒ်၊ အာကာရန္တ၊ အလိင်၊ ဂဏာဝိမုတ်, တတိယာကေဝုစ်နာဝိဘတ်ကျေ။

**မှတ်ချက်။** ဤကား ယာဝတာဝ (လ) တွေ့ာဝတာ ဣစ္စေတေ ပရိစ္ဆေဒတ္ထေ ဟူသော နီတိ၊ သုတ္တ၊ ၃၇၃-အလိုတည်း။ တွေ့ာဝတာ၊ ဤမျှလောက်သော-ဟု အနက်ပေး။

---

## အာဘောဂနှင့်သံဝဏ္ဏနာ

ခ-ဝါကျ၌ ဝိတက္ကနံဖြင့် ဝိတက္ကောပုဒ်၏ ဝိပုဗ္ဗတက္ကဓာတ်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဝိတက္ကနံ ဝိတက္ကောဟု ဘာဝသာဓနေဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ အ-ပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** ဤကား သဒ္ဒါနည်း အာဘော်တည်း။ ဘာဝတ္ထ (အဓိပ္ပာယတ္ထ)အာဘော်ကိုကား သာရတ္ထဋီကာအတိုင်းမှတ်ရာ၏။

**တစ်နည်း။** ယထာပစ္စယံ၊ အာရုံမနသိကာရ စသော အကြောင်းအားလျော်စွာ။ ပဝတ္တမာနာနံ သဘာဝမ္မောနံ၊ ဖြစ်ကုန်သော ဝိတက် စသော သဘောတရားတို့၏။ ကာစိ၊တစ်စုံတစ်ခု တစ်စုံတစ်ရာသော။ ဝသဝတ္တိတာ၊ အလိုသို့လိုက်စေနိုင်သည့်အဖြစ်ဟူသောသတ္တိသည်။ နတ္ထိ၊မရှိ။ ဣတိ၊ ထို့ကြောင့်။ ဝသဝတ္တိဘာဝနိဝါရဏတ္ထံ၊ အလိုသို့လိုက်စေနိုင်သော သတ္တိကို တားမြစ်ခြင်းငှာ "ဝိတက္ကနံ ဝိတက္ကော" ဟု ဘာဝသာဓနေ ဝစနတ္ထပြုရသည်ဟု သာရတ္ထ၊ ၁။ ၃၅၈ ဆိုသည်။ ယင်းအလို ဘာဝသာဓနေဝစနတ္ထဖြင့် ဝိတက်စသော ပရမတ္ထတရားများမှာ အလိုသို့လိုက်စေနိုင်သော ကတ္တု သတ္တိ မရှိ၊ ကြံစည်ခြင်းစသည်သတ္တိမျှသာတည်းဟုသိစေသည်။ (ဘာဝတ္ထ)

## ဂဏ္ဌိသစ်ဝါဒ

ဂ-ဝါကျ ဦဟနန္တိ ဝုတ္တံ ဟောတိဖြင့် တက္ကဓာတ်၏ ဘာသာ (ပြောဆိုခြင်း) ဦဟန (ကြံစည်ခြင်း) ၂-နက်ကို ဟောရာ ဤ၌ ဘာသာ

http://www.dhammadownload.com



အနက်ကိုမဟော၊ ဦဟနအနက်ကိုဟောသတည်းဟုသိစေသည်။ (ဒုတိယ ဓာတွတ္ထ။)

† တက္က–ဝိတက္ကေ။ တက္က–လောက ဘာသာယံ။ နီတိ၊ ဓာတု။ ၂၈၁–၃။

## ဂဏ္ဍိဟောင်းဝါဒ

**တစ်နည်း။** ဂ–ဝါကျ ဦဟနဣိဝုတ္တံ ဟောတိဖြင့် ဦဟနစိန္တာ, ဝိဓာနနစိန္တာ, ပဓာနနစိန္တာ ၃–မျိုးတွင် ဤ၌ဝိတက္ကအရ ဝိဓာနနစိန္တာ ပဓာနနစိန္တာကိုမယူရ၊ ဦဟနစိန္တာကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

## သာရတ္ထဝါဒ

တစ်နည်း၊ ဂ–ဝါကျ၌ ဦဟနဣိဝုတ္တံ ဟောတိဖြင့် ကြံစည်ခြင်း ဝိတက်ဟူသည် ဤအရာကိုဤသို့ရှုအပ်၏။ ဝါ– ဤအရာသည် ဤသို့ သဘောရှိ၏" ဟု အာရုံကို ကြံစည် ခြင်းမျှသာတည်းဟု သိစေသည်။ (ဘာဝတ္ထ)

†တယိဒံ ဝိတက္ကနံ " ဤဒိသမိဒ " န္တိ အာရမ္မဏပရိကပ္ပနန္တိ အာဟ "ဦဟနန္တိ ဝုတ္တံ ဟောတိ"တိ။ သာရတ္ထ၊ ၁။ ၃၅၈။

---

## ● ပါဌ်ဝိနိစ္ဆယ

**အာနယန (အာဟနန) ပစ္စုပဋ္ဌာနော။** သာရတ္ထ၊ ၁။ ၃၅၉–၌ အာနယနပစ္စုပဋ္ဌာနောတိ ဧတ္ထအာနယနံ စိတ္တေ အာရမ္မဏဿ ဥပနယနံ (စိတ်၌အာရုံကိုအနီးသို့ဆောင်ခြင်း)အာကမုနံ ဝါ(ငင်ခြင်း)ဟု ဖွင့်သောကြောင့် အာနယပစ္စုပဋ္ဌာနောပါဌ်သာသင့်သည်။

---

## ● နည်းနှင့်ဥပစာ

**ယောဂါဝစရော။** ဌာနယောဂါဝစရပုဂ္ဂိုလ်၏ ယောဂါဝစရော အမည်ကို ဌာနီဖြစ်သော ဝိတက်၌ တင်စား၍ ဌာနီဖြစ်သော ဝိတက်ကို ယောဂါဝစရောဟုဆိုသောကြောင့် ဌာနူပစာ။ (နာနတ္ထ ရိကနည်း။)

http://www.dhammadownload.com



**မှတ်ချက်။** ယောဂါဝစရော၊ သည်။ အာရမ္မဏံ၊ ကို။ ဝိတက္ကတံ၊ ကို။ ဝိတက္ကပရိယာဟတံ၊ ကို။ ကရောတိ–ဟု ဆိုရာ၌ ယောဂါဝစရပုဂ္ဂိုလ်သည် အာရုံကိုမကြံစည်တတ်၊ ဝိတက်ကသာ ကြံစည်တတ်၏။ ထိုကြောင့် မဇ္ဈာယောသန္တိကဲ့သို့ ဌာနူပစာတင်ရသည်။

(က) ဝိစရဏံ ဝိစာရော။

(ခ) အနုသဉ္စရဏန္တိ ဝုတ္တံ ဟောတိ။

(ဂ) ဩဠာရိကဋ္ဌေန စ (လ) သဟ ဝတ္တတိ။ ရုက္ခောဝိယ

ပုပ္ဖေန စ (လ) သဝိစာရန္တိ ဝုတ္တံ။

(ဃ) ဝိဘင်္ဂေ ပန ဩဠာရိကဋ္ဌေန စ (လ) ဒေသနာ ကတာ။

(င) အတ္ထော ပန တတြာပိ ဧဝမေဝ ဒဋ္ဌဗ္ဗော။ဌ။၁၁၄–၅။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၌ က–ဝါကျကား သင်္ခေပဝါကျ။

ဂ–ဝါကျကား နိဂမန (နိဂုံး) ဝါကျ။ ထို–၌ ဝိတက္ကနံ ဝိတက္ကော စသော ဝိတက်ဝိစာရပုဒ်အကျယ်ဖွင့်ကား နိဂမနိယ၊ ဝါ စုဏ္ဏိယဝါကျ။

**မှတ်ချက်။** တွော၀တာ(လ)အာဒိမာဟာဖြင့် အနုသန္ဓေအကျဉ်းပြ။ တတ္ထဝိတက္ကနံ(လ)ပါကဋောဖြင့် ဝိတက္ကဝိစာရပုဒ်တို့၏ဝစနတ္ထ, လက္ခဏာဒိအတ္ထစသည်အကျယ်ဖွင့်ပြသည်။ ဩဠာရိကဋ္ဌေနစ (လ) သဝိတက္က သဝိစာရန္တိဝုစ္စတိဖြင့် သဝိတက္က, သဝိစာရပုဒ်ကို မည်သို့ ဝစနတ္ထပြုရမည်ဟု ပြသည်။ ထိုကြောင့် ဩဠာရိချီသောဝါကျကို ပက္ခန္တရ ကြံသင့်၏။ သို့သော် ဝိတက္ကဝိစာရပုဒ်တို့၏ ဝစနတ္ထစသည်တို့ကို ကျယ်ကျယ်ဝန်းဝန်း ဖွင့်ပြပြီးနောက် ဝိတက္ကနှင့်သဟတွဲပုံ၊ ဝိစာရနှင့်သဟတွဲပုံအပေါင်းဝိဂ္ဂဟအကျဉ်းကိုပြသောကြောင့် နိဂမနဝါကျ ခွဲလိုက်ပေသည်။ ဩဠာရိ သဒ္ဒါဖြင့်လည်း ပရိသမာပန= အပြီးအဆုံး (နိဂမန)ကိုထွန်းပြသည်ဟုယူလေ။

http://www.dhammadownload.com



† ဣတိ ပောတုပကာရေသု၊ အာဒိမှိစာ ဝေါရစော။ နိဒ္ဒေသနေ ပဒတ္ထာသု၊ ဝိပလ္လာသေ သမာပနေ။ ဓာန်။ ၁၁၉၉။

ဃ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ထို–၍ ဂ–ဝါကျကား အာရဒ္ဓဝါကျ။

## ဂဏ္ဌိသစ်ကျမ်းတက်

ဆရာ၊ ဆရာသည် ဂ–ဝါကျဖြင့် ဓမ္မဓိဋ္ဌာန်အားဖြင့် အနက်ကို ဆို၏။ ယင်းသို့သော်ဝိဘင်းပါဠိနှင့်မညီတကား (မညီသည်မဟုတ်လော၊ ဝါ–ကွဲလွဲနေသည်မဟုတ်လော) ကြောင့် ဃ–ဝါကျမိန့်။ ပါ၊ ရာ၊ ဂံ၊ သစ်၊ ၂။ ၁၇၄။

င–ဝါကျကား ဝါကျာရမ္ဘဝါကျ။ထို၍ ဃ– ဝါကျကား အာ ရဒ္ဓဝါကျ။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် ဝိစာရောပုဒ်၏ ဝိပုဗ္ဗစရဓာတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဝိစာရောပုဒ်ကို ဝိစရဏံ ဝိစာရောဟု ဘာဝသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဏ–ပစ္စည်း၏ ဘာဝသာဓနၨ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

ဂ–ဝါကျ၌ ဝိတက္ကေန သဟာဝတ္တတိဖြင့် သဝိတက္ကံ ပုဒ်ကို ဝိတက္ကေန သဟ ယံ ဝတ္တတီတိ သဝိတက္ကံဟု သဟပုဗ္ဗပဒဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

## ဝိဂ္ဂဟနှင့်ဉာသ်ကောက်

ဝိတက္ကေန သဟ ယံ ဝတ္တတီတိ သဝိတက္ကံ။ ယံ၊ ဈာန်၊ သည်။ ဝိတက္ကေန၊ ဝိတက်နှင့်။ သဟ၊ တကွ၊ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တံ သဝိတက္ကံ။ သဟပုဒ်, ဝိတက္ကပုဒ်, ယပုဒ်။ သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိသမာသ်။

http://www.dhammadownload.com



သဟာဝိတက္ကဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား ဝိတက်နှင့် တကွဖြစ်ခြင်း သဟာဝတ္တနဘောဂုဏ်၊ ဝါ-တကွဖြစ်သော ဝိတက်ရှိ၏။ ယင်း သဟာဝတ္တနဘောဂုဏ်၏။ ဝါ-တကွဖြစ်သော ဝိတက်၏ ပဌမဈာန်နှင့် ဂုဏ်ဂုဏေ၊ ဝါ-အစိတ်အပေါင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ အားဖြင့်ရှိ၏။ ယဟူသော အညပုဒ်အရကား ထိုဖြင့်မှတ်အပ်သော ဝိတက်နှင့် တကွဖြစ်သော ပဌမဈာန်ရှိ၏။ (ဝိသေသနဆက်ကောက်လေ။)

**မှတ်ချက်။** ခ-ဝါကျဖြင့် ဘာဝတ္ထပြ၊ ဂ-ဝါကျဒြ် ဝိစာရေန သဟ ဝတ္တတိဖြင့် သဝိစာရံ၏ ဝစနတ္ထပြ၊ သဝိတက္ကံပုဒ်အတိုင်း အာဘော်, ဉာဏ်ကောက်တို့ကိုသိလေ။

## ● နည်းနှင့်ဥပစာ

**ဣမိနာစဝိတက္ကေန (လ) သမုပေတော။** ၌ ဥပစာ တင်ပုံကား..... ဌာနဖြစ်သောဈာနသမင်္ဂီပုဂ္ဂိုလ်၏ ဣမိနာစ (လ) သမုပေတော အမည်ကို ဌာနီဖြစ်သော ပဌမဈာန်၌တင်စား၍ ဌာနီဖြစ်သော ပဌမဈာန် ကိုဣမိနာစ (လ) သမုပေတောဟုဆိုသောကြောင့် ဌာနူပစာ (နာနန္တရိကနည်း။)

✝ ပုဂ္ဂလာဓိဋ္ဌာနာ ဒေသနာ ကတာ။ ဋ္ဌ။ ၁၁၅။

* ပုဂ္ဂလာဓိဋ္ဌာန်၊ ဟောတုံပြန်၊ မှတ်ရန်ဌာနူပစာ။ (သစ်)

ဝိဝေကဇန္တိ တွေ.....

(က) ဝိဝိတ္တိ ဝိဝေကော။

(ခ) နီဝရဏာဝိဂမောတိ အတ္ထော။

(ဂ) ဝိဝိတ္တော ဝါ ဝိဝေကော။

(ဃ) နီဝရဏဝိဝိတ္တော ဈာနသမ္ပယုတ္တဓမ္မရာသိတိ အတ္ထော။

(င) တသ္မာ ဝိဝေကော။

(စ) တသ္မိံ ဝါ ဝိဝေကေ ဇာတန္တိ ဝိဝေကဇံ။ ဋ္ဌ။ ၁၁၅။

## ● အနက်ယောဇနာ

ဝိဝေကခံ၊ နီဝရဏတို့မှဆိတ်ခြင်း ကင်းခြင်းကြောင့် ဖြစ်သော။ (က-ခ-င-သံဝဏ္ဏနာနှင့်အညီ။) ဝါ-နီဝရဏတို့မှ ဆိတ်တတ် ကင်းတတ်

http://www.dhammadownload.com



(သုဒ္ဓကတ္တု) ဆိတ်စေအပ် ကင်းစေအပ် (ဟေတုကမ္မ) သောရျာန်နှင့် ယှဉ်သောတရားအစုဋ္ဌဖြစ်သော (ဂ-ဃ-စ သံဝဏ္ဏနာနှင့်အညီ။)

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သင်္ခေပ၊ **တစ်နည်း။** ခ-ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို-၍ က-ဝါကျ ကား အာရဒ္ဓဝါကျ။

ဂ-ဃ-ဝါကျကား ပကင္ကရဝါကျ။ ထို-၍ က-ခ- ဝါကျကား ပက္ခဝါကျ။ ဂ-ဃ-ဝါကျတွင် ဃ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ဂ-ဝါကျကား သင်္ခေပဝါကျ။ **တစ်နည်း။** ဃ-ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို-၍ ဂ-ဝါကျကား အာရဒ္ဓဝါကျ။

င-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ခ-ဝါကျ တို့ကား အာရဒ္ဓဝါကျ။

**ရှင်းလင်းချက်။** က-ခ- ဝါကျဖြင့် ဝိဝေက သဒ္ဒါကို ဘာဝ သာဓ်ဝစနတ္ထပြုရမည်ဟုဖွင့်ပြပြီးနောက် ဘာဝသာဓ်ပြုနိုက် ဝိဝေကသဒ္ဒါ နှင့် ဇ-သဒ္ဒါ အဘယ်သမာသ် တွဲရမည်နည်းဟု စောဒနာဖွယ်ရှိသဖြင့် င-ဝါကျတက်လာရကား င-ဝါကျကိုဝါကျာရမ္ဘဟုဆိုသည်။ က-ခ=မူလ ဝါကျမှ မူလီ င-ဝါကျတက်လာသည်ဟုဆိုလိုသည်။ ဆိုလတ္တံ့. စ-ဝါကျ ကိုထောက်လျှင်.....!

စ-ဝါကျကား ပက္ခင္ကရဝါကျ။ ထို-၍ င-ဝါကျကား ပက္ခဝါကျဟု ခွဲရမည်။ စ-ဝါကျကား ဂ-ဃ-ဝါကျကိုထောက်၍ ဝါကျာရမ္ဘ ဝါကျ။ ဂ-ဃ-ဝါကျကား အာရဒ္ဓဝါကျ။

## ဝါကျခွဲတစ်နည်းကြံပုံ

က-ခဖြင့် ဝိဝေကသဒ္ဒါ၏ဘာဝသာဓ် အဖြစ်ကိုပြ၍ င-ဝါကျဖြင့် ယင်းဘာဝသာဓ်အခိုက် ဝိဝေကနှင့် ဇတွဲပုံကို ပြသောကြောင့်၊ ဝါ-ဝိဝေက ဖွင့်ပြီးနောက် ဝိဝေကဇကို ဖွင့်သောကြောင့် င-ဝါကျကား ပကင္ကရ ဝါကျ။ ထို-၍ က-ခ-ဝါကျကား ပက္ခဝါကျ။

http://www.dhammadownload.com



ဂ-ဃ ဖြင့် ဝိဝေကသဒ္ဒါ၏ ကတ္တုသာဓ်၊ ဝါ-ဟေတုကမ္မသာဓ်အဖြစ်ကိုဖွင့်ပြ၍ စ-ဝါကျဖြင့် ယင်းသာဓနေအခိုက်ဝိဝေကနှင့် ဇ တွဲပုံ တစ်နည်းကိုဖွင့်ပြသောကြောင့် စ-ဝါကျကား ပက္ခန္တရ။ ထို-၍ ဂ-ဃ-ဝါကျကား ပက္ခဟုတစ်နည်းခွဲနိုင်သေးသည်။

**မှတ်ချက်။** အာဘော်ကိုလည်းကောင်း၊ ငိုကာတက်ပုံတို့ကိုလည်းကောင်း သဘောမိအောင်ကြည့်ပါ။ ကျမ်းတက်ရာ၌လွယ်ကူပါလိမ့်မည်။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဝိဝိတ္တိဖြင့် ဝိဝေကပုဒ်ကို ဝိဝိတ္တိ ဝိဝေကောဟုဘာဝသာဓနေဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း¹၊ ဝိဝေကော၌ ဏ-ပစ္စည်း၏ ဘာဝသာဓနေ၌သက်သည်၏ အဖြစ်ကိုလည်းကောင်း²၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** ဝိဝိတ္တိ၌ တိပစ္စည်းဖြင့် ဝိဝေကော၌ ဏ ပစ္စည်းကို ဖွင့်ပြသည်။ ပစ္စည်းလဲဖွင့်သဖြင့် အဘိဓာနတ္ထ၊ ဒုတိယပစ္စယတ္ထအာဘော် ဖော်ရသည်။ ဝိဝိတ္တိကား ဝိဝေကော၏ သပဒဝိဂ္ဂဟ။ အသပဒ ဝိဂ္ဂဟ ပြုလိုလျှင် အာချာတ် ကြိယာဖြင့် ဝိဝေစီယတေ ဟုပြုလေ။ ဘာဝသာဓ် ဉာဉ်ကောက်လွယ်ပြီ။ ခ-ဝါကျရှု၍ကောက်။

ခ-ဝါကျဖြင့် ဝိဝေကအရရျာန်၏နီဝရဏမှကင်းဆိတ်ခြင်းကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

## အတ္ထောသုံးမျိုးမှတ်ဖွယ်

၁။ အဓိပ္ပာယ်အနက်ကိုပြသော (အဓိပ္ပာယတ္ထ) အတ္ထော။ ၂။ သဒ္ဒါ၏အနက်မျှကိုပြသော (သဒ္ဒတ္ထ) အတ္ထော။ ၃။ သရုပ်အနက်ကို ပြသော (အဘိဓေယျတ္ထ) အတ္ထော- ဟု အတ္ထောသုံးမျိုးရှိရာ ခ-ဃ-တို့၌ အတ္ထောကားအဘိဓေယျကိုပြသော အတ္ထောတည်း။

ဂ-ဝါကျ၌ ဝိဝိတ္တောဖြင့် ဝိဝေကော ပုဒ်ကို ဝိဝိတ္တောတိ ဝိဝေကောဟု သုဒ္ဓကတ္တုသာဓနေ၊ ဝါ- ဟေတုကမ္မသာဓနေ ဝစနတ္ထ ပြုရမည်၏

http://www.dhammadownload.com



အဖြစ်ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ သုဒ္ဓကတ္တုသာဓန၊ ဝါ-ဟေတုကမ္မ သာဓနဍ္ဍ်သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

✝ ဝိဝိတ္တော်တိ ဟိ ဣမိနာ နိဝရဏေဟိ ဝိနာ ဘူတော တေဟိ

ဝိဝေစိတောတိ စ သာဓနဒွယမ္ပိ (သုဒ္ဓကတ္တုနှင့် ဟေတုကမ္မ)

သင်္ဂဟိတမေဝါတိ။ သာရတ္ထ၊ ၁။ ၃၆၁။

## ဟေတုကမ္မသာဓနဉာသ်ကောက်

၂ ဝိဝိတ္တော (ဝိဝေစိတော)တိ ဝိဝေကော။ ယောဇျာန သမ္ပယုတ္တ ဓမ္မရာသိ၊ အကြင်ဈာန်နှင့်ယှဉ်သောတရားအစုကို။ နိဝရဏေဟိ၊ နိဝရဏ တို့မှ။ ဈာနေန၊ ဈာန်သည်။ ဝိဝိတ္တော (ဝိဝေစိတော) ဆိတ်စေအပ်, ကင်းစေအပ်၏။ ဣတိ သော ဝိဝေကော။ ဝိပုဗ္ဗ+ဝိစဓာတ်+ဏ-ပစ္စည်း။

ဝိ-ဥပသာရအရကား ဓာတွတ္ထာနုဝတ္တက ဘောဂုဏ်ရ၏။ ဝိစ ဓာတ်၏အရဟေတုကတ္တုဋ္ဌကြိယာအရကား ပဌမဈာန်၏ တဒင်္ဂ ပဟာန သတ္တိသည်မှချ။ ဟေတုကမ္မဋ္ဌ ကြိယာအရကား ဈာနသမ္ပယုတ္တဓမ္မရာသိ ၏ သဟဇာတာဒိ ပစ္စယုပ္ပန္န ဘောရ၏။ ဏ-ပစ္စည်း အရကား ဈာန သမ္ပယုတ္တဓမ္မရာသိရ၏။

**မှတ်ချက်။** သုဒ္ဓကတ္တုသာဓနေ ဝိဝေက သဒ္ဒါ ဉာသ်ကောက် ကားလွယ်ပြီ။ နှာ၊ ၅၇ ပြန်ကြည့်။

ဃ-ဝါကျဖြင့် ဝိဝေကပုဒ်ကို သုဒ္ဓကတ္တု သာဓန၊ ဝါ- ဟေတုကမ္မ သာဓနပြုခိုက် ဝိဝေကအရ နိဝရဏတို့မှ ဆိတ်တတ်, ကင်းတတ်၊ ဝါ- နိဝရဏတို့မှဈာန်သည်ဆိတ်စေအပ်, ကင်းစေအပ်သော ဈာန်နှင့် ယှဉ် သောတရားအစုကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

င-ဝါကျဖြင့် (ဘာဝသာဓန ဝိဝေကပုဒ်နှင့် ဓ-ပုဒ်ကိုဝိဝေကာစ ဝိဝေကစ ဟုဟေတွတ္ထပဉ္စမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

http://www.dhammadownload.com



† ဝိဝေကသဒ္ဒဿ ဘာဝသာဓနေတံ သန္နာယာဟ "တသ္မာ ဝိဝေကာ" တိ ဟောတု အတ္ထော စေတံ နိဿက္က ဝစနံ။ သာရတ္ထ၊ ၁။ ၃၆၁။

စ-ဝါကျဖြင့် (ကတ္တု၊ ဝါ- ဟောတု ကမ္မသာဓန) ဝိဝေက ပုဒ်နှင့် ဇ-ပုဒ်ကို ဝိဝေကေ ဇံ ဝိဝေကဇံဟုသတ္တမီ တပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ဟုသိစေသည်။ (အဘိဓာနတ္ထ။ သမာသ လိင်္ဂပဒတ္ထ။)

† ဝိဝေကသဒ္ဒဿ ကတ္တုသာဓနေတံ ကမ္မသာဓနေတံ ဝါ သန္နာယာဟ "တသ္မိံ ဝါ ဝိဝေကေ" တိ။ ၎င်း။

**မှတ်ချက်။** ဝိဝေကဇံ ပုဒ်ကို ဈာန် ပုဒ်၌လည်းကောင်း၊ ပီတိသုခံပုဒ်၌ လည်းကောင်း စပ်၍ ညသ်ကောက်ပါ။ ၎။ ၁၁၅။ အယဥ္စပီတိ ဣဒဥ္စသုခံ စသော ဝါကျအဖြေနှင့် ယှဉ်ကြည့်ပါ။

(က) ပိနယတီတိ ပီတိ။

(ခ) သုခန့် သုခံ၊ သုဋ္ဌု ဝါ ခါဒတိ ခနတိ စ ကာယစိတ္တာ ဗာဓန္တိ သုခံ။ ၎။ ၁၁၅။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ပိနယတိဖြင့် ပီတိပုဒ်ကို ပိနယတီတိ ပီတိဟု ဟောတု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[1] တိပစ္စည်း၏ ဟောတုကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊[2] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** နီတိ၊ ဓာတု။ ၂၄၅-၌ "ပီ-ပီတိယံ။ ပိဏောတိ၊ ပိဏာတိ၊ ပီတိ ပိယော-ဟုလည်းကောင်း၊ ၎င်း၊ ၂၅၂-၌ ပီ-တပ္ပနကန္တိသု၊ ပိဏာ တိ ပီတိ(လ)ပိဏာယတီတိ ပီတိ၊ တပ္ပေတီတိ အတ္ထော ဟုဆိုသည်။ သွာဒိ၊ ကိယာဒိ ၂-ဂိုဏ်း၌ပင် ဏာ-နှင့် ပိဏာယတိရှိရမည်ဟူလို။

http://www.dhammadownload.com



ခ–ဝါကျ၌ သုခံနံ ဖြင့် သုခဓာတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ သုခံ ပုဒ်ကို သုခနံ သုခံဟု ဘာဝသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ အပစ္စည်း၏ ယင်းသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

ခ–ဝါကျ၌ သုဋ္ဌုခါဒတိဖြင့် သုပုဗ္ဗခါဒဓာတ်၏အဖြစ်ကိုလည်းကောင်း[၁]၊ သု ဥပသာရ၏ သုဋ္ဌု အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၂]၊ သုဋ္ဌု ခါဒ တီတိ သုခံဟု ကတ္တုသာဓနေ ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ ကွိပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ အဘိဓာနတ္ထ။

၄။ ဒုတိယပစ္စယတ္ထ။

ခ–ဝါကျ၌ သုဋ္ဌုခနတိဖြင့် သုပုဗ္ဗ ခနဓာတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ သုဥပသာရ၏ သုဋ္ဌုအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၂]၊ သုဋ္ဌု ခနတီတိ သုခံဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ ကွိပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ အဘိဓာနတ္ထ။

၄။ ဒုတိယပစ္စယတ္ထ။

မှတ်ချက်။ ဝါသဒ္ဒါကား အတ္တန္တရဝိကပ်။ စ သဒ္ဒါကား ယင်း ဝါသဒ္ဒါ၏အနက် (ဝါတ္ထ) ပင်တည်း။ ကာယစိတ္တာဗာဓံကို ခါဒ ဘိ, ခနတိ ၂ ပုဒ်လုံး၌စပ်။

---

(က) အယဉ္စပီတိ ဣဒဥ္စ သုခံ (လ) ပီတိသုခဉ္စ ဝုစ္စတိ။

(ခ) အထဝါ ပီတိစ သုခဉ္စ ပီတိသုခံ၊ ဓမ္မဝိနယာဒယော ဝိယ။

(ဂ) ဝိဝေကဇံ ပီတိသုခမဿ (လ) ဝိဝေကဇံ ပီတိ သုခံ။

(ဃ) ယထေဝ ဟိ ဈာနံ၊ ဧဝံ ပီတိသုခ (လ) ဟောတိ။

(င) တဥ္စဿ အတ္ထိတိ။

(စ) တသ္မာ ဧဝမ္ပဒေနေဝ (လ) ယုဇ္ဇတိ။ ဋ္ဌ။ ၁၁၅။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဂ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၌ က-ဝါကျကား ပက္ခဝါကျ။ (အာဘော်နှင့်ယှဉ်ကြည့်။)

ခ-ဝါကျ၌ ဓမ္မဝိနယာဒယောဝိယကား ဥပမာန၊ ဝါ-အာဂမဒဋ္ဌိကရဏဝါကျ။ အထဝါ (လ) သုခကား ဥပမေယျ၊ ဝါ-အာဂမဒဋ္ဌီယဝါကျ။

ခ-ဂ- ဝါကျတွင် ဂ- ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၌ ခ-ဝါကျကား အာရဒ္ဓဝါကျ။

ဃ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏ ဝါကျ။ ထို-၌ ဂ-ဝါကျကား ယုတ္တိဒဋ္ဌီယဝါကျ။

## ဃ-ဝါကျကျမ်းတက်

ဒုတိယ ဝိကပ်၌ ပီတိသုခ၏ ဝိဝေကဇ အဖြစ်ကို ပြီးစိမ့်သောငှာ ယထေဝဟိစသည်မိန့်။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၁၇၉။

င-ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို-၌ ဃ- ဝါကျ ကား အာရဒ္ဓဝါကျ။

စ-ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၌ င-ဝါကျကား လဒ္ဓဂုဏီယ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ပီတိစ သုခဥ္စ ပီတိသုခံဟု ဒွန်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ပီတိသုခံ အဿရျာနဿ အတ္ထိ[၂] တစ်နည်း။ ပီတိသုခံ အဿ ရျာနေ အတ္ထီတိ ပီတိသုခံ ဟုအဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ ဏ-ပစ္စည်း၏ အဿတ္ထိ အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသ လိင်္ဂပဒတ္ထ။ ၂။ အဘိဓာနတ္ထ။ တစ်နည်း။ ၃။ အဘိဓာနတ္ထ။ ၄။ ပစ္စယတ္ထ။

**သတိပြုရန်။** ဤပဋ္ဌမဝိကပ်အလို ဝိဝေကဇံ ပီတိသုခံ၌ ဝိဝေကဇံပုဒ်ကို ရျာန်၌စပ်။ ဝိဝေကဇအရ ရျာန်ရသည်။ ပီတိသုခံ ပုဒ်ကိုလည်း ရျာန်၌ပင်စပ်၊ ၎င်းရျာန်၌ပင်ရသည်။

http://www.dhammadownload.com



✝ ပုရိမသ္မိံ အတ္တေ ဝိဝေကဇန္တိ ဈာနံ ဝုတ္တံ။ သာရတ္ထ၊ ၁။ ၃၆၃။

**ဝိမတိဝါဒ**။ အယဥ္စပီတိ (လ) ဈာနသဿဖြင့် ဗဟုဗ္ဗီဟိကို ပြ၍ အသ္မိံ ဝါ ဈာနေ အတ္ထိဖြင့် အဿတ္ထိကိုပြသည်ဟု ဝိမတိ၊ ၁။ ၇၂=၌ ဆိုသည်။

## က–ဝါကျဝိဂ္ဂဟကိုညာသ်ကောက်ပုံ

ပီတိသုခ– ဟူသော တဒ္ဓိတ်ပုဒ်အရကား ပီတိသုခရ၏။ ယင်းပီတိသုခ၏ ပဌမဈာန်နှင့် အစိုတ်အပေါင်းအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ဏ–ပစ္စည်းအရကား ပီတိသုခရှိသောပဌမဈာန်ရ၏။

ခ–ဝါကျဖြင့် ပီတိသုခပုဒ်ကို ဒွန်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဓမ္မဝိနယပုဒ်ကဲ့သို့မှတ်ရမည်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

ဂ–ဝါကျဖြင့် ဝိဝေကဇံ ပီတိသုခံ အဿ ဈာနဿ အတ္ထိ၊ တစ်နည်း။ အသ္မိံ ဈာနေ အတ္ထီတိ ဝိဝေကဇံ ပီတိသုခံ ဟု စတုတ္ထီ၊ တစ်နည်း။ သတ္တမီ ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဝိဝေကဇံပုဒ်၌ ပဌမာဝိဘတ်မကျေခြင်း (ဝိဘတ္တိအလောပ)၏ အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ သမာသလိင်္ဂပဒတ္ထ။

**သတိပြုရန်**။ ဤဒုတိယဝိကပ်အလို ဝိဝေကဇံ ပုဒ်ကို ပီတိသုခံ၌သာစပ်ရမည်။ ဈာနံ၌မစပ်ရ။ ဝိဝေကဇံ အရလည်း ပီတိသုခသာရ၍ ဈာန်မရ။ ပါဌ္ဌဝိနိစ္ဆယအနုဖြေ၌ ကိုးကားထားသောသာရတ္ထကိုရှုပါ။

## ဂ–ဝါကျဝိဂ္ဂဟကိုညာသ်ကောက်ပုံ

ဝိဝေကဇံ ပီတိသုခံဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ်လုံးအရကား နီဝရဏတို့မှဆိတ်ခြင်းကြောင့်ဖြစ်သော၊ ဝါ၊ ဖြစ်သော။ ဝါ– ဖြစ်သော (ဝိဝေကဇအနက်အကုန်ဖော်ရေး။) ပီတိသုခဒြဗ်သည် မရ။ ယင်း.....၏ ပဌမဈာန်နှင့် အစိတ်အပေါင်းအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ဣမ ဟူသောအညပုဒ်အရကား နီဝရဏတို့မှ ဆိတ်ခြင်းကြောင့်ဖြစ်သော၊ ဝါ–ဖြစ်သော။ ဝါ၊ ဖြစ်သောပီတိသုခရှိသော ပဌမဈာန်ရ၏။

http://www.dhammadownload.com



## ● ပါဠိဝိနိစ္ဆယ

**ဝိဝေကဇံ ပီတိသုခံ။ ဝိဝေကဇပီတိသုခံ။** ဂ-ဝါကျ ဒုတိယဝိကပ်ဝယ် ဝိဝေကဇံပုဒ်၌ ပဌမာဝိဘတ်မကျေလျှင် ဝိဝေကဇံ ပီတိသုခံပါဌ်သင့်သည်။ ပဌမာ ဝိဘတ် ကျေလျှင် ဝိဝေကဇ ပီတိ သုခ ပါဌ်သင့်သည်။ ၂-ပါဌ်သင့်။

† ဒုတိယေ ပီတိသုခမေဝ ဝိဝေကဇံ၊ ဝိဝေကဇံ ပီတိသုခန္တိစ အညပဒတ္ထသမာသော ပစ္စတ္တနိဒ္ဒေသဿ စ အလောပေါ ကတော၊ လောပေ ဝါ သတိ " ဝိဝေကဇပီတိ သုခန္တိ ပါဠောတိအယံ ဝိသေသော။ သာရတ္ထ၊ ၁။ ၃၆၃။

(က) ပဌမန္တိ ဂဏနာနုပုဗ္ဗတော ပဌမံ။

(ခ) ဣဒံ ပဌမံ သမာပဇ္ဇတီတိပိ ပဌမံ။ ဋီ။ ၁၁၆။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ပဌမသဒ္ဒါသည် ပဓာနအနက်ကို မဟော၊ အာဒိ (ရှေးဦးအစ) အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ပဌမ (ရှေးဦးအစ) ဟူသည် ဥပ္ပတ္တိက္ကမ(ဖြစ်စဉ်)စသည် မဟုတ်၊ ဒေသနက္ကမ(ဟောစဉ်)၊ ဝါ-သချာက္ကမ် (အရေအတွက်အစဉ်)၏ အဖြစ်ကိုလည်းကောင်း[၂]၊ ပဌမံ ဒေသိတံ ပဌမံဟု ဒေသိတ တဒ္ဓိတ်ဝစနတ္တပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ ဏ ပစ္စည်း ယင်း ဒေသိတအနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ သိစေသည်။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၁၇၉-၁၈၀။

### ကမအမျိုးမျိုး

ဥပ္ပတ္တိက္ကမ=ဖြစ်စဉ်။ ပဟာနက္ကမ=ပယ်စဉ်။ ပဋိပတ္တိက္ကမ- ကျင့်စဉ်။ ဘူမိက္ကမ=ဘုံစဉ်။ ဒေသနက္ကမ = ဒေသနာအစဉ် (ဟောစဉ်)။ အဘိဋ္ဌ။ ၂။ ၂၈။

### ဝိဂ္ဂဟမှတ်ဖွယ်

**ဂဏနာနုပုဗ္ဗ။** ဂဏီယတေ ဂဏနာ (အစိတ်)။ ဂဏနာယ အနုပုဗ္ဗံ ဂဏနာနုပုဗ္ဗံ။ ဂဏနာနုပုဗ္ဗတော၊ ရေတွက်ခြင်း အစဉ်အားဖြင့်-ဟု အနက်ပေး။

http://www.dhammadownload.com



**တစ်နည်း**။ ဂဏီယတေ အနေနာတိ ဂဏနံ (ရေတွက်ကြောင်း ဂဏန်း)။ ဂဏနသ္သ အနုပုဗ္ဗံ ဂဏနာနုပုဗ္ဗံ။ ဂဏနာနု ပုဗ္ဗတော၊ ရေတွက်ကြောင်း ဂဏန်း အစဉ်အားဖြင့်ဟု အနက်ပေး။

## ဝါဠဝိနိစ္ဆယမှတ်ဖွယ်

**ဂဏနာနုပုဗ္ဗတော။ ဗ္ဗတာ။ ဗ္ဗတာယ**။ ဂဏနာနုပုဗ္ဗပုဒ်နောက်၌ ဝိသေသနအနက်တွင် တောပစ္စည်းသက်၍ ပြီးသောကြောင့်လည်းကောင်း၊ ဂဏနာနုပုဗ္ဗတော်တိပိ အတ္ထိဟု ပါရာယော၊ ၇၄-ဖွင့်သောကြောင့် လည်းကောင်း၊ ဂဏနာနုပုဗ္ဗတော ပဌမန္တိ ဣမိနာ ဒေသနက္ကမံ ဥလ္လိင်္ဂေတိဟုသာရတ္ထ၊ ၁။ ၃၆၃ ဆိုသောကြောင့်လည်းကောင်း **ဂဏနာနုပုဗ္ဗတော** ပါဌ်သင့်သည်။

ဂဏနာနုပုဗ္ဗပုဒ် သွတ္တတာပစ္စည်းဖြင့် ဂဏနာ နုပုဗ္ဗတာဟု ပြီးသည်။ ယင်း၌ဝိသေသနအနက် နာဝိဘတ်သက်၊ နာဝိဘတ်ကို အာယပြု။ ဂဏနာနုပုဗ္ဗတာယရုပ်ပြီးရာ အလဗ္ဗိတာ, အညာဏတာ စသည်တို့၌ကဲ့သို့ နာဝိဘတ်၏ ကာရိယ အာယကိုချေ၍ ဂဏနာနုပုဗ္ဗတာဟု ပြီးသောကြောင့်လည်းကောင်း၊ ပါရာ၊ ယော၊ ၇၄-၌ ဝိဘတ္တိလောပေါဟု ဆိုသောကြောင့်လည်းကောင်း၊ ဂဏနာနုပုဗ္ဗတာ ပဌမန္တိပိ ပါဠော၊ တတ္ထာပိ ဂဏနာနုပုဗ္ဗတာယာတိ အတ္ထော-ဟု သာရတ္ထ၊ ၁။ ၃၆၃-၌ ဖွင့်ပြသောကြောင့် လည်းကောင်း **ဂဏနာနုပုဗ္ဗတာ** ပါဌ်သင့်သည်။

နာဝိဘတ်၏ ကာရိယအာယအပြုကိုမချေလျှင် ဂဏနာနုပုဗ္ဗတာယ ပါဌ်လည်းသင့်သည်။ ၃-ပါဌ်လုံးသင့်သည်။

## အာဘောဂသံဝဏ္ဏနာအဆက်

ခ-ဝါကျဖြင့် ပဌမံပုဒ်ကို ပဌမံ သမာပဇ္ဇတီတိ ပဌမံဟု သမာပဇ္ဇတိတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ ယင်းတဒ္ဓိတ်အနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ပိသဒ္ဒါဖြင့် အရေ အတွက် အစဉ်ဖြင့်သာ ပဌမမည်သည်မဟုတ်၊ ဦးစွာ ဝင်စားအပ်သောကြောင့်လည်း ပဌမမည်သတည်းဟူသော သမုစ္စည်းအဓိပ္ပာယ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

**မှတ်ချက်။** ဝိသုဒ္ဓိ၊ ၁။ ၁၄၅-၌ ပဌမံ ဥပ္ပန္နံ ပဌမံဟု ဥပ္ပန္နတဒ္ဓိတ်ဝိဂ္ဂဟပြုသေး၏။

http://www.dhammadownload.com



(က) ပစ္စနီကစမ္မေ ဈာပေတီတိ ဈာနံ။

(ခ) ဣမိနာ ယောဂိနော ဈာယန္တီတိပိ ဈာနံ။

(ဂ) ပစ္စနီကဓမ္မေ ဍဟန္တိ။

(ဃ) ဂေါစရံ ဝါ စိန္တေန္တီတိ အတ္ထော။

(င) သယံဝါတံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။

(စ) တေနေဝ ဥပနိဇ္ဈာနလက္ခဏန္တိ ဝုစ္စတိ။ ဋ္ဌ။ ၁၁၆။

## ● အနက်ယောဇနာ

ပစ္စနီကဓမ္မေ၊ နီဝရဏ စသော ဆန့်ကျင်ဘက် တရားတို့ကို။ ဈာပေတီ၊ ပူစေတတ်၏၊ လောင်စေတတ်၏၊ မြိုက်စေတတ်၏၊ ဖုတ်ကြည်းတတ်၏ (သဒ္ဒတ္ထ)။ ဝါ-(ဝိက္ခမ္ဘနပဟာန်၏ အစွမ်းဖြင့်) ပယ်တတ်၏ (အဓိပ္ပာယတ္ထ)။ သာရတ္ထ၊ ၁။ ၃၆၃။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

ဂ-ဃ-ဝါကျကား ဝိတ္ထာရဝါကျ၊ ဝါ ဝါကျာရမ္ဘ ဝါကျ။ ထို-၍ ခ-ဝါကျကား သင်္ခေပ၊ ဝါ-အာရဒ္ဓဝါကျ။

ထို ဂ-ဃ ဝါကျတွင် ဃ-ဝါကျကား ပက္ခန္တရ ဝါကျ။ ထို-၍ ဂ-ဝါကျကား ပက္ခဝါကျ။

င-ဝါကျကား ပက္ခန္တရဝါကျ။ထို-၍ က-ခ-ဝါကျကား ပက္ခဝါကျ။

**မှတ်ချက်။** အာဘော်ကို သဘောမိအောင် ကြည့်ပါ။ ဝါကျနားလည်ပါလိမ့်မည်။

စ-ဝါကျကား လဒ္ဓဂုဏဝါကျ။ င-ဝါကျကား လဒ္ဓဂုဏိယ ဝါကျ။

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ ဈာပေတိဖြင့် ဈာန်၌ ဈေဓာတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဈာန်ပုဒ်ကို ဈာပေတီတိ ဈာန်ဟု ဟေတုကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ယုပစ္စည်း၏ ယင်းသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** သုဒ္ဓကတ္တုသွအရ ပဲ့စ္စနီကစမ္မ–ကောက်၊ ဟေတုကတ္တုသွအရ ဈာန်တရား၏ ပဟာယသတ္တိကောက်၊ ယုပစ္စည်းအရ ဈာန်တရားကောက်။ က–ဝါကျ၌ ပစ္စနီကစမ္မေဖြင့် ဘာဝတ္ထပြ။

ခ–ဝါကျ၌ ဣမိနာ ဈာယန္တိဖြင့် ဈာန်ပုဒ်ကို ဈာယန္တိ ဧတေနာတိ ဈာန်ဟု ကရဏသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယုပစ္စည်း၏ ကရဏသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ယောဂိနောဖြင့် ဈာယန္တိ၏ကတ္တားကိုလည်းကောင်း[၃]၊ ပိသဒ္ဒါဖြင့် က–ဝိကပ်ကြောင့်သာ ဈာန်မည်သည်မဟုတ်၊ ခ–ဝိကပ်ကြောင့်လည်း ဈာန်မည်သည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

၃။ ဘာဝတ္ထ။ ၄။ ဘာဝတ္ထ။

ဂ–ဝါကျ၌ ဒဟန္တိဖြင့် ဈာယန္တိ၌ ဈေဓာတ်သည် ဉာဏ, ဒိတ္တိ စသောအနက်ကို မဟော၊ ဒဟန အနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

ဂ–ဝါကျ၌ ပစ္စနီကစမ္မေဖြင့် ဒဟန္တိ၏ ကံပုဒ်ကို သိစေသည်။ (ဘာဝတ္ထ။)

ဃ–ဝါကျ၌ စိန္တေတိဖြင့် ဈာယန္တိ၌ ဈေဓာတ်သည် ဉာဏ, ဒိတ္တိ စသောအနက်ကို မဟော၊ စိန္တနအနက် ကို ဟောသတည်းဟုသိစေသည်။ (ဓာတွတ္ထ။)

ဃ–ဝါကျ၌ ဂေါစရံဖြင့် စိန္တေန္တိ ကြိယာ၏ကံပုဒ်ကို လည်းကောင်း[၁]၊ ဝါသဒ္ဒါဖြင့် စိန္တေန္တိကား ဈေဓာတ် အနက်တစ်မျိုး(အတ္ထန္တရ) ကို ဖွင့်ပြသည်ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ၂။ ဘာဝတ္ထ။

http://www.dhammadownload.com



† ဈေတု ဥဿာန ဒုယနေ၊ ဉာဏာဒိတ္တိစိန္တ ာသုစ၊ သဓ္ဓာယောပ
နိဿာနေသု၊ ဝေဒိတဗ္ဗော ဝိဘာဝိနာ။ (ကောက္ခရဏာသ)

င-ဝါကျ၌ ဈာယတိဖြင့် ဈာန်၌ ဈေဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] ဈာန်ကို ဈာယတိတိ ဈာန်ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်းကောင်း၊[၂] ယုပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကို လည်းကောင်း၊[၃] ဥပနိဇ္ဈာယတိဖြင့် ဈာယတိ၌ ဈေဓာတ်သည် ဉာဏာဒိတ္တိစသော အနက်ကို မဟော၊ ဥပဇ္ဈာန (ကပ်၍ရှုခြင်း) အနက်ကို ဟောသည်၏ အဖြစ်ကို လည်းကောင်း၊[၄] သယံဖြင့် ဈာယတိ-၏ ကတ္တားကိုလည်းကောင်း၊[၅] တံဖြင့် ဈာယတိ၏ ကံပုဒ်ကိုလည်းကောင်း[၆] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။
၄။ ဓာတွတ္ထ။ ၅။ ၆။ ဘာဝတ္ထ။

**မှတ်ချက်။** ဤအဖြေများကား ယခုလက်ရှိ အဋ္ဌကထာ ပါဠိအရ အဖြေများတည်း။ အချို့ကား "က-ဝါကျ ပစ္စနီကဓမ္မေ ဈာယတိ ဟုလည်းကောင်း၊ ဂ-ဝါကျ ပစ္စနီကဓမ္မေ ဒဟတိဟုလည်းကောင်း၊ ပါဠိ ရှိသင့်၍ ဂ-ဝါကျဖြင့် က-ဝါကျကို ဖွင့်သည်။ ဃ-ဝါကျဖြင့် ခ-ဝါကျကို ဖွင့်သည်ဟု ကြံကြသေးသည်။

---

(က) တဒေတံ (လ) လက္ခဏူပနိဇ္ဈာနန္တိ ဒုဝိဓံဟောတိ။

(ခ) တတ္ထ(လ)ကသ္မာ ? ကသိဏာဒိအာရမ္မဏူပ နိဇ္ဈာယနတော။

(ဂ) လက္ခဏူပနိဇ္ဈာနန္တိ (လ) ကသ္မာ? လက္ခဏူပနိဇ္ဈာယနတော။

(ဃ) တေ္တ ဟိ ဝိပဿနာ(လ)ဝုစ္စတိ။

(င) ဈာမသ္မိံ ပနတ္ထေ (လ) အဓိပ္ပေတံ။ ဋ္ဌ။ ၁၁၆။

## ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဂ-ဃ ဝါကျတို့ကား ဝိတ္ထာရဝါကျ။ ထို=၍ က-ဝါကျကား (ဈာန် ၂-မျိုး အကျဉ်းပြသောကြောင့်) သခေ်ပဝါကျ။

http://www.dhammadownload.com

ခ-ဂ-ဃ ဝါကျတွင် ဂ-ဝါကျကား ပက္ခန္တရဝါကျ။ ထို=၍ ခ-ဝါကျကား ပက္ခဝါကျ။ (အကျယ်အကျယ်ချင်း ပက္ခန္တရ ပက္ခဖြစ်။ ဝိနယောအဖွင့်။ နှာ၊ ၈၅ ပြန်ကြည့်။ )

ခ=ဝါကျ၌ ကသ္မာကား ကာရဏာပုစ္ဆာဝါကျ။ ကသိဏာဒိ (လ) နတောကား ကာရဏာဝါကျ၊ ဝါ - ကာရဏာဝိသဇ္ဇနာ ဝါကျ။ ထို-၍ တတ္ထ - (လ) အဌသမာပတ္တိယောကား ဖလ။

**မှတ်ချက်။** ဂ-ဝါကျ၌လည်း ဤနည်းတူ ဝါကျခွဲလေဦး၊ ဝါကျသွားပုံ အတူတူပင်။

ဃ-ဝါကျကား (လက္ခဏူပနိဇ္ဈာန် နာမည်ရသော ဝိပဿနာ မဂ်, ဖိုလ်တို့ လက္ခဏူပနိဇ္ဈာန် နာမည်ရခြင်း အကြောင်းကို တပိုဒ်စီ တပိုဒ်စီ အကျယ်ဖွင့်ပြသောကြောင့်) ဝိတ္ထာရဝါကျ။ ထို=၍ ဂ-ဝါကျကား သခ်ေပဝါကျ။

## ဃ ဝါကျ ကျမ်းတက်

လက္ခဏာကို ကပ်၍ ရှုတတ်သောကြောင့် (ဟိတ်) ဝိပဿနာ မဂ်ဖိုလ်တို့ကို လက္ခဏူပနိဇ္ဈာန် ဆိုသော် ထိုတရားသုံးပါးတို့သည် လက္ခဏာကို ကပ်၍ ရှုခြင်း အတူဖြစ်ရာအံ့သော=မေး၍ ဖြေလိုရကား ဝေတ္တဟိ စသည်မိန့်။ **(ဆင်တဲဂဏ္ဌိ။ ၂၄၆)**

ဃ-ဝါကျ၌ ဝိပဿနာယ (လ) မဂ္ဂေါ လက္ခဏူပနိဇ္ဈာနန္တိ ဝုစ္စတိကား (ဝိပဿနာ၏ လက္ခဏူပနိဇ္ဈာန် နာမည်ရကြောင်းမှတစ်ပါး မဂ်၏ လက္ခဏူပနိဇ္ဈာန် နာမည်ရခြင်း၏အကြောင်းကိုပြသောကြောင့်) ပက္ခန္တရ။ ဝေတ္တဟိ (လ) ဥပနိဇ္ဈာယတိကား (ဝိပဿနာ၏ လက္ခဏူပ နိဇ္ဈာန် နာမည် ရခြင်း၏ အကြောင်းကို ပြသောကြောင့်) ပက္ခဝါကျ။

## ဝိပဿနာယဝါကျကျမ်းတက်

မဂ်၏ လက္ခဏူပနိဇ္ဈာန အဖြစ်ကို ဖိုလ်ကဲ့သို့ နိဗ္ဗာန်၏ တထ လက္ခဏာကို ရှုခြင်းကြောင့် ဆိုသလော စုဒ်ကြောင့် ဝိပဿနာယ စသည် မိန့် (သာရတ္ထ အလိုကျပါရာ၊ ဂ၊ သစ်။ ၂။ ၁၈၁-ကျမ်းတက်။)

http://www.dhammadownload.com



**တစ်နည်း။** အနိစ္စ စသည်လျှင် အာရုံရှိသော ဝိပဿနာ၏ ဥပနိဿယသည် အဘယ်သို့ နိဗ္ဗာန်လျှင် အာရုံရှိသောမဂ်၏ ဥပနိဿယ ဖြစ်သနည်းဟုဒ်ကြောင့် ဝိပဿနာယ စသည်မိန့်။ (ဝိမတိအလိုကျလည်းကောင်း၊ ဂံ၊ သစ်ကျမ်းတက်။)

င-ဝါကျကား အတ္ထုဒ္ဓေသ၊ ဝါ-အဓိပ္ပေတတ္ထ၊ ဝါ-ဝိသေသ ဝါကျ၊ ထို-၍ က-ဝါကျကား အတ္ထုဒ္ဒါရ၊ ဝါ-သာမညဝါကျ။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ကသိဏ။** အလုံးစုံဟူသောအနက်ကို ဟောသော အနိပ္ဖန္နပါဒိ ပဒိကပုဒ်။ မဏိမဉ္ဇူ။ ၂။ ၄၇၇။

နိပ္ဖန္နကြံလျှင် ကသဓာတ်+ဏ္ဏပစ္စည်း။ န-ကို ဏပြု။ ဓာန်၊ ဋီ ၇၀၂။

**တစ်နည်း။** ကသဓာတ်+ဏ္ဏဏပစ္စည်း။ သူစိ။

† ကသတိ ပဝတ္တတီတိ ကသိဏံ။ သူစိ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ဈာန်သည် အာရမ္မဏူပနိဿယ, လက္ခဏူပ နိဿယဟု ၂-မျိုးရှိသတည်းဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ အာရမ္မဏူပနိဿယနိဿယ (လ) ဝုစ္စတိဖြင့် အာရမ္မဏူပနိဿယအရ ဥပစာရဈာန်နှင့်တကွ သမာပတ် ၈-ပါးကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ ကသိဏာဒိအာရမ္မဏူပနိဿယနတောဖြင့် အာရမ္မဏအရ ကသိဏ်း စသော အာရုံကို ယူရမည်၏အဖြစ်ကို လည်းကောင်း[၁]၊ အာရမ္မဏူပနိဿယ နာမည်ရခြင်း၏အကြောင်းကိုလည်းကောင်း[၂]၊ ဝါ-အာရမ္မဏံ ဥပနိဿယတီတိ အာရမ္မဏူပနိဿယံဟု ကတ္တုသာဓန ကိတန္တ ဒုတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ ယုပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။

http://www.dhammadownload.com



ဂ–ဝါကျ၌ လက္ခဏူပနိဇ္ဈာနန္တိ ဝိပဿနာမဂ္ဂဖလာနိ ဝုစ္စန္တိဖြင့် လက္ခဏူပနိဇ္ဈာနသရုပ်ကို ဖွင့်ပြ၍ လက္ခဏူပနိဇ္ဈာယနတောဖြင့် လက္ခဏူပနိဇ္ဈာန် နာမည်ရခြင်း၏ အကြောင်းကိုပြ၏ စသည် ခ–ဝါကျ အတိုင်း အကျယ်ဖော်လေတော့။

ဃ–ဝါကျ၌ ဝိပဿနာ အနိစ္စလက္ခဏာဒီနိ ဥပနိဇ္ဈာယတိဖြင့် လက္ခဏူပနိဇ္ဈာန်အရ ဝိပဿနာကိုယူလျှင် လက္ခဏာအရ အနိစ္စအစရှိသော လက္ခဏာကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] လက္ခဏာနိ ဥပနိဇ္ဈာယတီတိ လက္ခဏူပနိဇ္ဈာန်ဟု ကတ္တုသာဓနေ ကိတန္တ ဒုတိယာတပ္ပုရိသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] ယုပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

၃။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** ခ–ဂ–ဃ ဝါကျ၌ ကိတန္တ ဝိဂ္ဂဟကား ဝိဂြိုဟ်ပြမျှသာ။ ဝိဂြိုဟ်စစ်ပြုလေဦး။

ဃ–ဝါကျ၌ ဝိပဿနာယ (လ) မဂ္ဂေါ လက္ခဏူပနိဇ္ဈာနန္တိ ဝုစ္စတိဖြင့် မဂ်သည် အနိစ္စစသည်ကို မရှုမြင်တတ်သော်လည်း ဝိပဿနာ၏ အနိစ္စစသည် ရှုမြင်မှုကိစ္စသည် မဂ်ကိစ္စဖြင့် (မဂ်သို့ရောက်မှ) ပြီးသည်။ ထိုကြောင့် အကြောင်းဖြစ်သော ဝိပဿနာ၏လက္ခဏူပနိဇ္ဈာန် အမည်ကို အကျိုးဖြစ်သော မဂ်၌တင်စားသောအားဖြင့် မဂ်ကို လက္ခဏူပ နိဇ္ဈာန်ဟု ဆိုသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ–ဝါကျ၌ ဖလံပန နိရောဓဿ တထလက္ခဏံ (လ) ဝုစ္စတိဖြင့် လက္ခဏူပနိဇ္ဈာန်အရ ဖိုလ်ကိုယူလျှင် လက္ခဏာအရ နိဗ္ဗာန်၏ တထလက္ခဏာကို ယူရမည်၏အဖြစ်ကိုလည်းကောင်း၊ (ကြွင်း ဃ ဝါကျအတိုင်း အာဘော်ဖော်လေ။) သိစေသည်။ သံဝဏ္ဏနာ...ဃ ဝါကျ ပဌမ သံဝဏ္ဏနာနှင့် တူပြီ။

င–ဝါကျဖြင့် ဈာန်သည် ဆိုခဲ့ပြီးသည့်အတိုင်း ၂–မျိုး ရှိစေကာမူ ဤ၌ လက္ခဏူပနိဇ္ဈာန်ကို ယူရမည်ဟု သိစေသည်။ (အဓိပ္ပေတတ္ထ စသည် အတ္တုဒ္ဓေသ ဝါကျအတိုင်း နည်းအမျိုးမျိုး ဖော်ပါ။)

http://www.dhammadownload.com



## နည်းနှင့်ဥပစာ

**မဂ္ဂေါ လက္ခဏူပနိဇ္ဈာနန္တိ ဝုစ္စတိ။** အကြောင်းဖြစ်သော ဝိပဿနာ၏ လက္ခဏူပနိဇ္ဈာန်အမည်ကို အကျိုးဖြစ်သော မဂ်၌ တင်စား၍ အကျိုးဖြစ်သော မဂ်ကို လက္ခဏူပနိဇ္ဈာန်ဟု ဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တရိကနည်း။)

(က) ဥပသမ္ပန္နာတိ ဥပဂန္တွာ၊ ပါပုဏိတွာတိ ဝုတ္တံ ဟောတိ။

(ခ) ဥပသမ္ပာဒိယိတွာ ဝါ၊ နိပ္ဖါဒေတွာတိ ဝုတ္တံ ဟောတိ။ ဌ။ ၁၁၇။

က-ဝါကျ၌ ဥပဂန္တွာဖြင့် ဥပသမ္ပန္န၌ ဥပသဒ္ဒါ၊ သံသဒ္ဒါတို့၏ (ဥပလဗ္ဘတိ, သမ္ဗုဇ္ဈတိ စသည်တို့၌ကဲ့သို့) ဓာတွတ္ထာနုဝတ္တက (နိရတ္ထက= အနက်မဲ့)၏ အဖြစ်ကိုလည်းကောင်း[1]၊ ပဒဓာတ်၏ ဂတိအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[2]၊ ဥပသမ္ပန္န၌ န္တသဒ္ဒါသည် သုဟာန္တ၌ န္တသဒ္ဒါကဲ့သို့ ကျပစ္စည်း၏ ကာရိယမဟုတ်၊ တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကို လည်းကောင်း[3] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဒုတိယဓာတွတ္ထ။

၃။ ဒုတိယပစ္စယပဒ။

က-ဝါကျ၌ ပါပုဏိတွာဖြင့် ဥပဂမန (ဥပဂန္တွာ) = ကပ်ခြင်း ဟူသည် ပါပုဏန = ရောက်ခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

**တစ်နည်း။** ပါပုဏိတွာဖြင့် ဥပဂန္တွာ၌ ဂမုဓာတ်၏ ပါပုဏန အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[1]၊ ဥပသဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း[2] သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

ခ-ဝါကျ၌ ဥပသမ္ပာဒိယိတွာဖြင့် ဥပသမ္ပန္န၌ ဥပသဒ္ဒါ၊ သံသဒ္ဒါ တို့၏ ဓာတွတ္ထဝိသေသက (သာတ္ထက = အနက်ရှိ)၏ အဖြစ်ကိုလည်း ကောင်း[1]၊ ပဒဓာတ်၏ သံသိဒ္ဓိ (ပြီးခြင်း) အနက်၏ အဖြစ်ကိုလည်းကောင်း[2]၊ ဥပသမ္ပန္န၌ ကာရိတလောပ = (ကာရိက်ပစ္စည်းကျေသည်)၏ အဖြစ်ကို လည်းကောင်း[3]၊ န္တသဒ္ဒါ၏ တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[4] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဒုတိယဓာတွတ္ထ။

၃။ ဘာဝတ္ထ။ ၄။ ဒုတိယပစ္စယပဒ။

http://www.dhammadownload.com



ခ-ဝါကျ၌ နိပ္ပါဒေတွာဖြင့် ပြည့်စုံစေခြင်း(ဥပသမ္ပာဒန) ဟူသည် ပြီးစေခြင်း၏ (နိပ္ပါဒန) ပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** ဥပသမ္ပဒ္ဒ၊ ကပ်၍၊ ဝါ-ရောက်၍။ (က-ဝါကျနှင့်အညီ။) **တစ်နည်း။** ပြည့်စုံစေ၍၊ ဝါ-ပြီးစေ၍။ (ခ-ဝါကျနှင့် အညီ။) သာရတ္ထ၊ ၁။ ၃၆၄။

ဝိဟာသိန္တိ ဗောဓိမဏ္ဍေ နိသဇ္ဇသခ်ါတေန ဣရိယာပထ

ဝိဟာရေန ဣတိဝုတ္တပ္ပကာရစျာနသမင်္ဂီ ဟုတွာ အတ္တဘာဝံသ

ဣရိယံ ဝုတ္တိံ ပါလနံ ယပနံ ယာပနံ စာရံ ဝိဟာရံ အဘိနိပ္ပါ

ဒေသိန္တိ အတ္ထော။ ဌ။ ၁၁၇။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

ဣရိယာပထဝိဟာရေနဖြင့် ဤ၌ဝိဟာရအရ ဣရိယာပထဝိဟာရ ကို ယူရမည်ကိုလည်းကောင်း[၁]၊ ဗောဓိမဏ္ဍေ နိသဇ္ဇသခ်ါတေနဖြင့် ဣရိယာပထ ၄-မျိုးတွင် ထိုင်ခြင်း ဣရိယာပုထ်ကို ယူရမည်ကိုလည်းကောင်း[၂]၊ အတ္တဘာဝံသ ဣရိယံ အဘိနိပ္ပါဒေသိံဖြင့် ထိုင်ခြင်းအမူအရာဖြင့် အတ္တဘောကိုဆောင် ၏ ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၃]၊ ဝုတ္တိံ ပါလနံ ယပနံ ယာပနံ စာရံ ဝိဟာရံတို့ဖြင့် ဣရိယသဒ္ဒါ၏ ဝေဝုစ်အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ သရုပ်ကြား အဘိဓေယျတ္ထ။ ၂။ သရုပ်ကြားအဘိဓေယျတ္ထ။
၃။ ဘာဝတ္ထ။ ၄။ ပရိယာယ်ပြ အဘိဓေယျတ္ထ။

✝ ဣရိယန္တိ ကိရိယံ၊ ဝုတ္တန္တိ အာဒိနိ တဿေဝ ဝေဝစနာနိ။ သာရတ္ထ၊ ၁။ ၃၆၄။

### ပဋ္ဌမစျာန်အဖွင့်ပြီး၏

(က) ဝိတက္ကဝိစာရာနံ ဝူပသမာတိ (လ) သမတိက္ကမာ။
(ခ) ဒုတိယစ္ဈာနက္ခဏေ (လ) ဝုတ္တံ ဟောတိ။
(ဂ) တတ္ထ ကိဥ္စာပိ (လ) နသန္တိ။
(ဃ) အဇ္ဈေယေဝ ဟိ(လ) အဇ္ဈေ ဣဓ။
(င) သြဠာရိကဿ ပန (လ) ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ဌ။ ၁၁၇။

http://www.dhammadownload.com



## ● အနက်ယောဇနာ

ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရတို့၏၊ ဝါ=တို့ကို။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်၊ ဝါ-လွန်မြောက်ခြင်းကြောင့်၊ ဝါ-ဒုတိယဈာန် ခဏ၌မဖြစ်ခြင်းကြောင့်။ ( က—ခ ဝါကျနှင့် အညီ။ ) ဝါ-ဝူပသမာ၊ ပယ်ခြင်းကြောင့်။ သာရတ္ထ၊ ၁။ ၃၆၄။

တတ္ထတေသု ပဌမ ဒုတိယ ဈာနေသု-ဟုစွဲ။ နိဒ္ဓါရဏအနက်ပေး။ ပါရာ၊ ယော။ ၇၅။

တတ္ထတိဿံ ပါဠိယံ၊.....၌။ ဝုတ္တံ၌စပ်။ ပါရာဂံ၊သစ်၊ ၂။ ၁၈၅။

တတ္ထ တသ္မိံ ဝိတက္ကဝိစာရာနန္တိပဒေ၊ ၌၊ စောဒကာဘောဂါဒယော ဓဝံ ဝေဒိတဗ္ဗာ-ဟုလည်း ယောဇနာလေ့။ နောမတိ။

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သင်္ခေပဝါကျ။

ဂ-ဝါကျ င-ဝါကျတို့ကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရဒ္ဓဝါကျ၊ ထိုတွင် ဂ-ဝါကျကား စောဒကာဘောဂဝါကျ၊ ဝါ=သမ္ဘာဝနာဝါကျ၊ ဝါ—အနုဂ္ဂဟတ္ထဝါကျ။ င—ဝါကျကား ပရိဟာရာဘောဂ,ပရိဟာရဝါကျ၊ ဝါ—ဂရဟာဝါကျ၊ ဝါ-အရုစျတ္ထ ဝါကျ။

**မှတ်ချက်။** ဂ ဝါကျ၌ တတ္ထချိ၍တက်လာသော်လည်း ဝိတ္ထာရ မဟုတ်။ စော+ဘော စသည်ပြသောကြောင့် ဝါကျာရမ္ဘ ဝါကျသာ ဖြစ်၏။ ကိဋ္ဌာပိဝါကျ ကျမ်းတက်စည်းကမ်းအတိုင်း ကျမ်းတက်ရာ၏။ ယင်းကိဋ္ဌာပိ စည်းကမ်းအတိုင်း ကိဋ္ဌာပိဖြုတ် နနုတပ်ခြင်း စသည် ကျမ်းတက်နည်းကို ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၈၅-၌ သဒ္ဒါနည်းကျမ်းတက် ဟုသုံးနှုံးသည်။ ကိဋ္ဌာပိဝါကျမှတ်ဖွယ်များကို ဤကျမ်းစာ၊ နှာ။ ၃၆-၄၆ ၌ ရှုလေ။ သာရတ္ထ၊ ၂။ ၁။ ၃၆၄-၅။ ဝဇိရ။ ၄၆-၌ တစ်မျိုး ကျမ်းတက်ပြသေးသည်။

http://www.dhammadownload.com



## ဝိဂ္ဂဟနှင့်ညှသ်ကောက်

**ဖဿာဒယော။** ဖဿော အာဒိ ယေသန္တိ ဖဿာ - ဒ်ယော။ ယေသံဝေဒနာဒီနံ၊ အကြင်ဝေဒနာ အစရှိကုန်သော ပဠမ ဈာနသမ္ပယုတ္တတရားတို့အား။ ဖဿော၊ ဖဿဟုဆိုအပ်သော။ အာဒိ၊ အစသည်။ အတ္ထိ၊ ၏။ ဣတိ တေ ဝေဒနာဒယော၊ ထိုဝေဒနာ အစ ရှိကုန်သော ပဌမဈာန သမ္ပယုတ္တတရားတို့သည်။ ဖဿာဒယော၊ ဖဿာဒိ မည်ကုန်၏။ ဖဿပုဒ်+အာဒိ ပုဒ်+ယပုဒ်။

ဖဿ အာဒိ ဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား ဖဿ အစသည်၊ ဝါ-အစဖြစ်သော ဖဿသည် မှချ။ ယင်း ဖဿ အစ၏၊ ဝါ-အစဖြစ်သော ဖဿ၏ဝေဒနာအစရှိကုန်သော ပဌမဈာနသမ္ပယုတ္တတရားနှင့် အာဒိ အာဒိဝဏ္ဏ, အစိတ်အပေါင်း အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ယ-ဟူသောအညပုဒ်အရကား ထို ဖြင့် မှတ်အပ်သော ဖဿ အစရှိသော ဝေဒနာအစရှိကုန်သော ပဌမဈာနသမ္ပယုတ္တတရားတို့ဖြစ် ရ၏။ (အာဒိနှင့်တွဲ သော ဗဟုဗ္ဗီဟိ ပုဒ်ညှသ်ကောက်နည်း။)

---

## ဓာတုပစ္စယာဒိဝိဘာဂ

**ဝူပသမ။** ဝိ+ဥပ+သမဓာတ်+အ ပစ္စည်း။

† သမုအဒဿနေ။ သမတိ။ ဝူပသမတိအဂ္ဂိ။ နီတိ၊ ဓာတု။ ၁၃၃။

**အင်္ဂဿ။** အင်္ဂဓာတ်+အ ပစ္စည်း။ နပုလ္လိင်။ စိတ္တာဒိ၊ အ-ကာရန္တ။

† အင်္ဂီယန္တိ အဝယဝဘာဝေန ဉာယန္တီတိ အင်္ဂါနိ၊ ဘာဂါ။

မ၊ ဋီ၊ ၂။ ၁၉၇။

---

## အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဝိတက္ကဿ စ ဝိစာရဿ စ ဣတိ ဣမေသံ ဒွိန္နံဖြင့် ဝိတက္က ဝိစာရပုဒ်ကို ဝိတက္ကာစ တေ ဝိစာရာစာတိ ဝိတက္ကဝိစာရဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထမပြုရ၊ ဝိတက္ကော စ ဝိစာရော စ ဝိတက္က ဝိစာရာဟု အသမာဟာရဒွန္ဒသမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒတ္ထ။)

http://www.dhammadownload.com



သမတိက္ကမာဖြင့် ဝူပသမ=ငြိမ်း၏ဟူသည် သန္တိလက္ခဏာရှိသော ငြိမ်းခြင်းမျိုးကို မလိုအပ်၊ ပယ်ခြင်း=ပဟာန (ပဟာန်) ကိုသာလိုအပ်၏။ ယင်းပဟာန်သည်လည်း ဝိတက်ဝိစာရတို့ကို ကျော်လွန်ခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

† ဝူပသမော စေတ္ထ ပဟာနံ အဓိပ္ပေတံ။ သာရတ္ထ ၁။ ၃၆၄။

**မှတ်ချက်။** သမတိက္ကမာဖြင့် ဝူပသမာ၌ ဥပပုဗ္ဗ သမုဓာတ်သည် သမတိက္ကမနတ္ထ၊ ဥပ၏ ဓာတွတ္ထ ဗာဓကအဖြစ်ကိုပြသည် (ဒုတိယ ဓာတွတ္ထ။ ဥပသဂ္ဂလိင်္ဂတ္ထ ) ဟုလည်း အာဘော် ဖော်ကြသေးသည်။ ခ- ဝါကျဘာသာပြန်၍ ဘာဝတ္ထဖော်လေ။ လွယ်ပြီ။

## ● ပါဠိဝိနိစ္ဆယ

**ဝူပသမာ။ ဝုပသမာ။** ဝိ+ဥပ+သမာ။ နောက်သရကြောင့် ရှေ့သရကျေရာ၌ နောက် ဥ။ သရကို ဒီဃပြု၍ ဝူပသမာ ဟုပြီးကြောင်း ရူ ၁၇။ နီတိ၊၀ သုတ္တ။ ၃၆-၌ လာသောကြောင့် ဒီဃရှိသော ဝူပသမာ ပါဠ်သာသင့်သည်။

## ● နည်းနှင့်ဥပစာ

**ဝိတက္ကဝိစာရာနံ ဝူပသမာ။** ပြယုဂ်ကား - ဝိတက္ကဝိစာရာနံ ဝူပသမာဟူသည်တည်း။ ဤ-၌ ဝိတက္ကဝိစာရာနံ ဝူပသမာသဒ္ဒါ ဟူသော အစိတ်ကိုမှတ်၍ဆိုသဖြင့် ပဟာနင်္ဂအဖြစ်ဖြင့်တူသော အပေါင်းဖြစ်သော ဝိတက္ကဝိစာရာနံ ဝူပသမာ သဒ္ဒါ၊ ပီတိယာစ ဝိရာဂါသဒ္ဒါ၊ သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာသဒ္ဒါ တည်းဟူသော အပေါင်းကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။

ဤ-၌ အစိတ်ဖြစ်သော ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်း၏ ဝိတက္ကဝိစာရာနံ ဝူပသမာအမည်ကို ပဟာနင်္ဂအဖြစ်ဖြင့်တူသော အပေါင်းဖြစ်သော ဝိတက္ကဝိစာရာနံ ဝူပသမာသဒ္ဒါ၊ ပီတိယာစဝိရာဂါသဒ္ဒါ၊ သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ သဒ္ဒါတို့၌ တင်စား၍ အပေါင်းဖြစ်သော

http://www.dhammadownload.com



ဝိတက္ကဝိစာရာနံ (လ) ပဟာနာသဒ္ဒါတို့ကို "ဝိတက္ကဝိစာရာနံ ဝူပသမာ" ဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ အဝယဝူပစာ။ (သာရတ္ထ၊ ၁။ ၃၆၅။ ပါရာ၊ ဂံ၊ သစ် ၂။ ၁၈၆။)

မှတ်ချက်။ ဤနည်း ဥပစာဟင်သာ မှန်၏။ အချို့ကား "အစိတ်ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်း၏ ဝိတက္ကဝိစာရာနံ ဝူပသမာအမည်ကို အပေါင်း ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတို့၏ ငြိမ်းခြင်း၌ တင်စား၍ ယင်းတို့ကို ဝိတက္ကဝိစာရာနံ ဝူပသမာ ဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ-အဝယဝူပစာသဒ္ဒါမည်၏"ဟု တင်ကြသေး၏။ မကောင်း။

---

(က) အဇ္ဈတ္တန္တိ ဣဓ နိယကဇ္ဈတ္တံ မဓိပ္ပေတံ။

(ခ) ဝိဘင်္ဂေ ပန အဇ္ဈတ္တံ ပစ္စတ္တန္တိ ဧတ္တကမေဝ ဝုတ္တံ။

(ဂ) ယသ္မာ ပန နိယကဇ္ဈတ္တံ မဓိပ္ပေတံ၊ တသ္မာ အတ္တနိ ဇာတံ အတ္တနော သန္တာနေ နိဗ္ဗတ္တန္တိ အယမေတ္ထ အတ္ထော။ ဌ။ ၁၇၇။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ကရဏဝါကျ။ ထို ၌ က-ဝါကျကား ဖလဝါကျ။

## ခ—ဝါကျကျမ်းတက်

ဆရာ၊ ဆရာသည် က—ဝါကျဖြင့် အဇ္ဈတ္တံဟူသောပါဠ်၌ နိယကဇ္ဈတ္တကို အလိုရှိအပ်သောဟုဆို၏။ အဇ္ဈတ္တံ ဟု သာမန်ဟောတော်မူအပ်သည်မဟုတ်လော။ ယင်းသို့ အဇ္ဈတ္တံဟု သာမန်ဟောအပ်တော်မူပါလျက် အဘယ်ကြောင့် ဤ၌နိယကဇ္ဈတ္တကို အလိုရှိအပ်၏ဟု ဆရာဆိုပါသနည်း= ကြောင့် ခ-ဝါကျမိန့်။

ကား—ခ-ဝါကျဖြင့် ဝိဘင်္ဂပါဠိ၌လည်း အဇ္ဈတ္တံ ပ[illegible]ံဟု ဤမျှလောက်ကိုသာလျှင် ဟောတော်မူသောကြောင့်၊ ဝါ ဤနိယကဇ္ဈတ္တံနှင့် ထပ်တူကျသော ပစ္စတ္တံဟုဟောတော်မူသောကြောင့် ဤ၌ အဇ္ဈတ္တံအရ နိယကဇ္ဈတ္တကို အလိုရှိအပ်၏ဟူလို။

http://www.dhammadownload.com



**မှတ်ချက်။** ခ-ဝါကျ ဝိဘာဂ်ပါဠိဖြင့် က-ဝါကျစကားကို ခိုင်မြဲစေသည်၊ ထို့ကြောင့် ခ-ဝါကျကား အာဂမဒဠှီကရဏ၊ ထို ၍ က = ဝါကျကား အာဂမဒဠှီယဝါကျဟု ခွဲလေဦး၊ အထက်၌ ဋီကာကျမ်းတက် အတိုင်း ကာရဏာဟု ခွဲခဲ့သည်။ ထို့ပြင် နိယကဇ္ဈတ္တံဟူသော အဖွင့်နှင့် ဝိဘာဂ်ပါဠိ "ပစ္စတ္တံ"ပုဒ်တို့ ထပ်တူကျပုံကို ဝိဂ္ဂဟာအဖြေရှု။

† တတ္ထ ကာရဏာမာဟ ဝိဘင်္ဂေပနာတိအာဒိ။ သာရတ္ထ၊ ၁။ ၃၆၆။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရဒ္ဓဝါကျ။ (အနိယတ် နိယတ်၊ ကာရဏ၊ ဖလ ခွဲလေဦး။)

## ဂ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် (ထပနာတူ) မူ၏။ အဇ္ဈတ္တအရ နိယကဇ္ဈတ္တကို အလိုရှိအပ်သော် ယင်း အဇ္ဈတ္တသဒ္ဒါ၏ အနက်ကား အသို့နည်း။ ယင်း အဇ္ဈတ္တသဒ္ဒါ၏အနက်ကို မပြပြီလော-ကြောင့် ဂ-ဝါကျမိန့်။

**မှတ်ချက်။** ယသ္မာ တသ္မာ ပေါင်း၍အဓိပ္ပာယ်ပြန်လေ။

---

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**နိယ။** နိဿာယ ဇာယတီတိ နိယံ။ နိပုဗ္ဗ + ဇနဓာတ် + ကွိ ပစ္စည်း။ နိဇ ဟူလိုလျက် ဇ-ကို ယ-ပြု။ နိယံပြီးသည်။ ဒေါသေယစသုတ် နိယံပုတ္တံ၌ နိယံနှင့်အတူပင်။ နိဿာယ၊ (မိမိသန္တာန်ကို) မှီ၍။ ဇာယတိ၊ ဖြစ်၏။ နိယံ၊ မိမိသန္တာန်ကိုမှီ၍ ဖြစ်သောတရား။

**နိယက။** နိယံဝေ နိယကံ။ နိယံဝေ၊ မိမိသန္တာန်ကိုမှီ၍ ဖြစ်သော တရားသည်သာလျှင်။ နိယကံ၊ နိယကမည်၏။ နိယပုဒ်+ကပစ္စည်း။ သွတ္ထတဒ္ဓိတ်။

နိယ-ဟူသော တဒ္ဓိတ်ပုဒ်အရကား မိမိသန္တာန်ကိုမှီ၍ ဖြစ်သော တရားရ၏။ က-ပစ္စည်းအရလည်း သွတ္ထတဒ္ဓိတ်တို့သဘောသည် ပုဒ်အရ ပစ္စည်းအရ အထူး မရှိသောကြောင့် မိမိသန္တာန်ကို (လ) တရားပင် ရ၏။

http://www.dhammadownload.com



**မှတ်ချက်။** ဤကား "နိဿာယ ဓာယတီတိ နိကော။ နိယံ ကောဝါ၊ နိယံပုတ္တံ။ နိရုတ္တိ။ နှာ။ ၃၁-နှင့် မောဂ်၊ ပဥ္စိကာ။ ၁။ ၆၃-တို့အလို အစိတ်အပေါင်း ဝိဂ္ဂဟတည်း။ ဤဝိဂ္ဂဟသာယုတ္တတရ ဖြစ်သည်။ အတ္တနိ ဓာတ် ဟူသော အဋ္ဌကထာနှင့်ညီသည်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၈၆-၌ကား "နိယမဟီတိ နိယကံ"ဟု ဝိဂ္ဂဟပြုသည်။ ၎င်းအလို နိပုဗ္ဗ+ယမုဓာတ်+တပစ္စည်း။ နိယတဟူလိုလျက် တ ကို က-ပြု၍ နိယကပြီးသည် ဆိုလို၏။ ဝါဒန္တရဟုမှတ်။

**နိယကဇ္ဈတ္တံ။** နိယကဉ္စ တံ အဇ္ဈတ္တဉ္စာတိ နိယကဇ္ဈတ္တံ။ နိယ-ကဉ္စ၊ မိမိသန္တာန်ကိုမှီ၍ဖြစ်သည်လည်း။ ဟောတိ၊ ဟုတ်၏။ တံ၊ ထိုမိမိ (လ) ဖြစ်၏ဟူသည်။ အဇ္ဈတ္တဉ္စ၊ အဇ္ဈတ္တလည်း။ ဟောတိ၊ ဟုတ်၏။ ဣတိနိယကဇ္ဈတ္တံ၊ ( အဇ္ဈတ္တံ၏ အတ္ထကိုမဖော်ဘဲ သဒ္ဒပဒတ္ထက အနက်ပေးသည်က ကောင်း၏။ နိယကဖြင့် ဂေါစရ စသည်ကို စင်စေသည်။)

နိယကဟူသော ဝိသေသနပုဒ်အရကား မမိသန္တာန်ကိုမှီ၍ဖြစ်ခြင်း နိယကဘောဂုဏ်သည် မုချ။ ယင်း၏ အဇ္ဈတ္တနှင့် ဝိသေသန ဝိသေသျ အဖြစ်ဖြင့်စပ်ခြင်း သမ္မန်သည် ဥာနုပစာ။ နိယကဇ္ဈတ္တဟူသောသမာသ်ပုဒ်လုံးအရကား ထို-ဖြင့် မှတ်အပ်သော မိမိသန္တာန်ကိုမှီ၍ ဖြစ်သော အဇ္ဈတ္တရ၏။

**မှတ်ချက်။** ဤနိယကသဒ္ဒါ၏ ဝိဂ္ဂဟ, အနက်နှင့် "အတ္တာနံ အတ္တာနံ ပတိပစ္စတ္တံ"။ နီတိ၊ သုတ္တ၊ နှာ။ ၁၈၆-၌ လာသော ဝိဂ္ဂဟ၊ မိမိမိမိကိုစွဲ၍ဖြစ်သော တရားဟူသော အနက်မှာထပ်တူကျနေသည်။ ထို ကြောင့် က-ဝါကျ၌ နိယကဇ္ဈတ္တ မဓိပ္ပေတံကို ခ-ဝါကျ၌ ပစ္စတ္တံဟူသော ပါဠိရပ်ဖြင့် ထောက်ခံကြောင်း ထင်ရှားပါသည်။ ဆိုလိုသည်မှာ ဆရာ က အဇ္ဈတ္တအရ နိယကဇ္ဈတ္တ ယူရမည်ဟုဆိုရာ အဇ္ဈတ္တအရ နိယကဇ္ဈတ္တ ယူသော အကိုးသာဓကပါဠိရှိသလားဟုမေးဖွယ်ရှိ၍ ခ-ဝါကျ တက်လာသည်ဟု မှတ်လေ။ ဝါကျခွဲနှင့်ယှဉ်ကြည့်ပါ။

---

## ❁ တဝ ႆ ႇယာဒိပိဘာဂ

**အဇ္ဈတ္တံ။** သမာသပဒ၊ အ ကာရန္တ၊ နပုလ္လိင်၊ မိတ္တာဒိဂိုဏ်း၊ ပဌမာ ဧကဝုစ်။ ( အဗျယီဘောသမာသ်လည်းဖြစ်၊ ပါဠိတော် ႇျာနံ ပုဒ်လည်း စပ်နေသည်ကို သတိပြုပါ။)

http://www.dhammadownload.com



**သဏ္ဌာန**။ သံပုဗ္ဗ + တံနုဓာတ် + ဏာ ပစ္စည်း။ နပုလ္လိင်၊ အကာရန္တ၊ စိတ္တာဒိဂိုဏ်း။

† သံပုဗ္ဗော တန ဝိတ္ထာရေ ဏော သူစိ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် အဓ္ဓုတ္တအရ ဂေါစရဇ္ဈတ္တ၊ အဇ္ဈတ္တဇ္ဈတ္တ, ဝိသယဇ္ဈတ္တကို မယူရ၊ နိယကဇ္ဈတ္တကိုယူရမည်ဟုသိစေသည်။ ( သရုပ်ကြား အဘိဓေယျတ္ထ။ ဝါ-အဓိပ္ပေတတ္ထ။)

ဂ-ဝါကျ၌ အတ္တနိဓာတ်ဖြင့် အဓ္ဓုတ္တံပုဒ်ကို အတ္တနိ ဓာတံ အဓ္ဓုတ္တံ ဟု အဗျယီဘောသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အဓိဥပသာရ၏ ဓာတံ အနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

ဂ-ဝါကျ၌ အတ္တနော သဏ္ဌာနေ နိဗ္ဗတ္တံဖြင့် အတ္တနိဓာတံ (မိမိ၌ ဖြစ်၏) ဟူသည် မိမိသန္တာန်၌ဖြစ်သတည်း၊ ဝါ မိမိစိတ်အစဉ် ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်သတည်းဟုသိစေသည်။ (ဘာဝတ္ထ)

## သဒ္ဒါကျမ်းတို့အဆို

အတ္တာနံ အဓိကစ္စ ( အဓိကိစ္စ။ ရူ။ ၃၂၁ ) ပဝတ္တံ အဓ္ဓုတ္တံ။ နီတိ၊ သုတ္တ။ နှာ။ ၁၈၇။

**အဓ္ဓုတ္တံ**။ မိမိ၌ဖြစ်သော (မိမိသန္တာန်၌ ဥပါဒ်, ဌီ, ဘင် အားဖြင့် ဖြစ်သော )။ အဌကထာတို့အလို။

ဝါ-မိမိကိုစွဲ၍ ဖြစ်သော သဒ္ဒါကျမ်းအလို။

**မှတ်ချက်**။ ဂ ဝါကျအာဘောဝ် ၂-မျိုးကိုထောက်၍ အတ္ထော ကား သဒ္ဒတ္ထ အတ္ထော, အဓိပ္ပါယတ္ထအတ္ထော ၂-မျိုးရသည်။ ယသ္မာ-(လ)တသ္မာဖြင့် အကြောင်းပြသည်၊ မြန်မာပြန်၍ ဘာဝတ္ထအာဘောဝ်ဖော်ပါ။

http://www.dhammadownload.com



## ● ပါဠိဝိနိစ္ဆယ

**ဝိဘင်္ဂေပန။ ဝိဘင်္ဂေပိ။** ဝိသင်္ဂေပန၊ ဝိဘင်း ၌ လည်း ဟု ပန သဒ္ဒါကို အပိသဒ္ဒါ၏အနက် ( သမုစ္စည်းအနက် ) အနက်ပြန်။ ဝိဘင်္ဂေပိ ဟုလည်း ပါဌ်ရှိသည်။ ဤအနက်တိုင်းပင် ဖြစ်၍ ယင်းပါဌ်လည်းသင့် ကြောင်း သာရတ္ထ၌ ဆိုသည်။ ထိုကြောင့် ၂-ပါဌ်သင့်သည်။

† ပနသဒ္ဒေါ ပိ အပိသဒ္ဒတ္ထော ဝိဘင်္ဂေပိတိ အတ္ထော။ အယ မေဝ ဝါ ပါဌော။ သာရတ္ထ။ ၁။ ၃၆၆။

## ● နည်းနှင့်ဥပစာ

**အဇ္ဈတ္တံ။** အပေါင်းဖြစ်သော ဂေါစရဇ္ဈတ္တ, အဇ္ဈတ္တဇ္ဈတ္တ, ဝိသယဇ္ဈတ္တ, နိယကဇ္ဈတ္တ၏ အဇ္ဈတ္တအမည်ကို အစိတ်ဖြစ်သော နိယကဇ္ဈတ္တ ၌ တင်စား၍ အစိတ်ဖြစ်သော နိယကဇ္ဈတ္တကို အဇ္ဈတ္တံဟု ဆိုသော ကြောင့် ဧကဒေသူပစာ၊ ဝါ-သမုဒါယူပစာ။ (နေယျတ္ထ, ရှင်္ဂီတွဲ။)

(က) သမ္ပသာဒနန္တိ သမ္ပသာဒနံ ဝုစ္စတိ သဒ္ဒါ။

(ခ) သမ္ပသာဒနယောဂတော ဈာနမ္ပိ သမ္ပသာဒနံ။

(ဂ) နီလဝဏ္ဏယောဂတော နီလဝတ္ထံဝိယ။

(ဃ) ယသ္မာ ဝါ (လ) သမ္ပသာဒနန္တိ ဝုတ္တံ။ ဠ။ ၁၁၈။

## ● ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ( သဒ္ဒါ၏ သမ္ပသာဒနမည်ပုံမှတစ်ပါး ဈာန်၏ သမ္ပသာဒနမည်ပုံကိုပြသောကြောင့်) ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျ ကား (သဒ္ဒါ၏ သမ္ပသာဒန မည်ပုံဟူသော အဖို့ကိုပြသောကြောင့်) ပက္ခဝါကျ။

**မှတ်ချက်။** က-ဝါကျဖြင့် မုချ သမ္ပသာဒနကိုဖွင့်ပြ၍ ခ-ဖြင့် ဂုဏူပစာ သမ္ပသာဒနအရကိုဖွင့်ပြသည်။ မအူသျှ၌ "ဈာန်ဟုဆိုအပ်သော

http://www.dhammadownload.com



ဂုဏောသည် ဥပစာအားဖြင့် သမ္ပသာဒနမည်၏ဟုပြလို၍ သမ္ပသာဒနယော ဂတော မိန့်"ဟု ကျမ်းတက်ပြသည်။ ဈာနမ္ပိဋ္ဌ ပိသဒ္ဓါကိုမျှော်၍ သဒ္ဓါကိုသာ သမ္ပသာဒနဟု ဆိုအပ်သလောဟု ဝေအာဘော်ဆင်၍ တက်လေ။

ဂ-ဝါကျကား ဥပမာနဝါကျ။ထို-၍ ခ-ဝါကျကား ဥပမေယျ ဝါကျ။

ဃ-ဝါကျကား (ဈာန်၏ ဥပစာအားဖြင့် သမ္ပသာဒနမည်ပုံမှ တစ်ပါး မုချအားဖြင့် သမ္ပသာဒနမည်ပုံကို ပြသောကြောင့်) ပက္ခန္တရ ဝါကျ။ ထို-၍ ခ-ဝါကျကားဈာန်၏ ဥပစာအားဖြင့် သမ္ပသာဒနအမည် ဟူသောအဖို့ကို ပြသောကြောင့် ပက္ခဝါကျ၊ (ကာရကဖလ၊ အနိယတ် နိယတ်ခွဲလေဦး။)

**မှတ်ချက်။** မုချအားဖြင့် သမ္ပသာဒနအဖြစ်ကိုပြခြင်းငှာ ယသ္မာ ဝါစသည်မိန့်-ဟု ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၈၇-၌ ကျမ်းတက်ပြသည်။ ဝါကျခွဲ နှင့် ဂံ၊ သစ်ကိုမှီ၍ ဃ-ဝါကျကျမ်းတက်လေ။

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**သဒ္ဓါကိုရသောသမ္ပသာဒန။** သမ္ပသာဒယတိ သမ္ပယုတ္တဓမ္မေတိ သမ္ပသာဒနံ။ ယာသဒ္ဓါ-သည်။ သမ္ပယုတ္တဓမ္မေ၊ တို့ကို။ သမ္ပသာဒယတိ၊ ကြည်လင်စေတတ်၏။ ဣတိ သမ္ပသာဒနံ။ ဟေတုကတ္တုသာဓနေ။ သံ+ပ+ သဒဓာတ်+ယုပစ္စည်း။ (ကာရိတလောပ)။

သံ+ပ ဥပသာရပုဒ်တို့အရကား ဓာတွတ္ထ ဝိသေသကဘောဂုဏ်ရ၏။ သဒ ဓာတ်၏အရ သုဒ္ဓကတ္တုဋ္ဌကြိယာအရကား သမ္ပယုတ္တဓမ္မတို့၏ ဥပါဒ် သည် မုချ။ ဟေတုကတ္တုဋ္ဌ ကြိယာအရကား ထိုအားတပ်သော သဒ္ဓါ စေတသိက်၏ သဟဇာတာဒိသတ္တိသည် ဖလူပစာအားဖြင့်ရ၏။ ယုပစ္စည်း အရကား ထို မုချ ဖလူပစာရတ္တဖြင့် မှတ်အပ်သော သဒ္ဓါ စေတသိက် ရ၏။ ( ဤကား က-ဝါကျနှင့် အညီ သဒ္ဓါကိုရသော သမ္ပသာဒန။ )

http://www.dhammadownload.com



**ချန်ကိုရသောသမ္ပသာဒန။** ထိုသို့ပင်ရှင်းသော်လည်း သမ္ပသာဒနသဒ္ဒါသည် (ခ-ဝါကျအလို)ဂုဏ္ဏပစ္စာသဒ္ဒါဖြစ်သောကြောင့် သဒ္ဒါနှင့်ယှဉ်သောဒုတိယချန်ရ၏။ (ဤကား ခ-ဝါကျနှင့်အညီ ဒုတိယချန်ကို ရသော သမ္ပသာဒန။)

**ချန်ရမှုချသမ္ပသာဒန။** စေတော သမ္ပသာဒယတီတိ သမ္ပသာဒနံ။ ယံချန်၊ အကြင်ချန်သည်။ စေတော၊ စိတ်ကို။ သမ္ပသာ ဒယတိ၊ ကြည်လင်စေတတ်၏။ ဣတိ သမ္ပသာဒနံ။ ဓာတ်ပစ္စည်း ရှေးနည်းတူ။

သံ+ပ ဥပသာရတို့အရ ရှေးအတိုင်းကောက်။ သဒဓာတ်အရ သုဒ္ဓကတ္တုရူပကြိယာအရကား စိတ်၏ဥပါဒ်သည်မှုချ။ ဟေတုကတ္တုရူပကြိယာအရကား ထိုစိတ်အားတပ်သော ဒုတိယချန်၏ ချာနာဒိ သဟဓာတုပစ္စယသတ္တိသည် ဖလူပစာ။ ယုပစ္စည်းအရကား ထို မှုချဖလူပစာတို့ဖြင့်မှတ်အပ်သော ဒုတိယချန်ရ၏။ ( ဤကား ဃ-ဝါကျနှင့်အညီ ဥပစာတစ်ဆင့်မကြဲဘဲ ဒုတိယချန် တိုက်ရိုက်ရသော သမ္ပသာဒန။ )

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**သဒ္ဒါ** = သံပုဗ္ဗ+ဓာဓာတ်+အပစ္စည်း+အာပစ္စည်း။ ဣတ္ထိလ္လိင်, ကညာဒိ, အာကာရန္တ။ သဒ္ဒဟာတိ ဧတာယာတိ သဒ္ဒါ။ သူစိ။

**ဝဏ္ဏံ။** ဝသဓာတ်+ထပစ္စည်း။ **တစ်နည်း။** ဝုဓာတ်+ထပစ္စည်း။ ဝသျတေ အဇ္ဈာဒိယတေတိ ဝဏ္ဏံ။ သူစိ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် သမ္ပသာဒနအရ သဒ္ဒါစေတသိက်ကိုယူရမည်၊ ဝါ- သမ္ပသာဒနကား သဒ္ဒါ၏ပရိယာယ်တည်းဟုသိစေသည်။ ( သရုပ်ကြား အဘိဓေယျတ္ထ၊ ဝါ၊ ပရိယာယ်ပြအဘိဓေယျတ္ထ။ )

http://www.dhammadownload.com



ခ-ဝါကျဖြင့် ဂုဏ္ဏပစာအားဖြင့် သမ္ပသာဒနအရ ဒုတိယဈာန်ကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

ဃ-ဝါကျ၌ စေတောသမ္ပသာဒယတိဖြင့် သမ္ပသာဒနံကို စေတော သမ္ပသာဒယတတိ သမ္ပသာဒနံဟု ဟေတုကတ္တုသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယုပစ္စည်း၏ ဟေတုကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ကာရိုက်ပစ္စည်းကျေသည်၏အဖြစ်ကို လည်းကောင်း[၃]၊ ယင်းကာရိုက်ကံကို စေတောဟုထည့်ရမည်၏အဖြစ်ကိုလည်းကောင်း[၄] သိစေ သည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

၄။ ဘာဝတ္ထ။

ဃ-ဝါကျ၌ တံ ဈာန်ဖြင့် သမ္ပသာဒနံအရ မုချအားဖြင့် ဒုတိယ ဈာန်ကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

**မှတ်ချက်။** ဃ-ဝါကျ၌ ကြွင်းစကားရပ်များဖြင့် ဘာဝတ္ထကို ပြသည်။ ဘာသာပြန်၍အာဘော်ဖော်လေ။

---

## ● ပါဠိဝိနိစ္ဆယ

**နီလဝတ္ထံ။ နီလဝတ္ထံ။** နီလ = နီလဝဏ္ဏော အ-ဟု သုတ် ဆိုသောကြောင့် နီလဆတ် အ-ပစ္စည်းဖြင့် နီလဟုပြီးရကား ဒီဃရှိသော ပါဠ်သင့်သည်။

## နီလံဝတ္ထံဝိယ

ဥပမေယျ၌ ဈာနမ္ဗိ သမ္ပသာဒနံ ရှိသည်ကိုထောက်၍ နီလံ ဝတ္ထံဝိယ ဟု ဝါကျရှိလျှင် ပို၍ကောင်းသည်။ သို့မှသာ နီလယော ဂတော ဝတ္ထံ နီလံဝိယာတိ အဓိပ္ပါယောဟု ဖွင့်သော သာရတ္ထ၊ ၁။ ၃၆၆-နှင့် ညီမည်။ ၄၊ ပါဠိကိုလည်း "နီလဝဏ္ဏယောဂတော၊ ကြောင့်။ ဝတ္ထံ၊ အဝတ်သည်။ နီလံဝိယ၊ နီလမည်သကဲ့သို့"ဟု အနက်ယောဇနာလေ။

http://www.dhammadownload.com



**စေတောသမ္ဗာဒယတိ။ စေတသောသမ္ဗာဒယတိ။** ဟု ပါဌ်နှစ်မျိုးရှိရာ– စိတ္တံ စေတော မနော နိတ္တိ ဟူသော မာဂဓဓာန် အရ စေတသဒ္ဒါကား စိတ်ကိုဟော၏။ မနောဂိုဏ်းသဒ္ဒါတည်း။ အံ ဝိဘတ်သက်၊ သဿစောသုတ်၌ စ သဒ္ဒါဖြင့် အံ ဝိဘက်ကို ဩပြု၍ "စေတော"ဟု ပြီးသည်။ ထို့ကြောင့် စေတောပါဌ်သင့်သည်။

စေတသောကား စေတပုဒ် ကာရိုက်ကံ၌ ဆဋ္ဌီ သ ဝိဘတ်သက်၊ သဿစောသုတ်ဖြင့် သ ဝိဘတ်ကို ဩပြု၊ သ–လာ၍ "စေတသော" ဟု ပြီးသည်။ စေတသော၊ စိတ်ကို ဟု ကာရိုက်ကံအနက်ပေး။ ထို့ကြောင့် စေတသောပါဌ်လည်းသင့်သည်။ ၂–ပါဌ်သင့်သည်ဟုမှတ်။

## ● နည်းနှင့်ဥပစာ

**သမ္ဗာဒနံ။** ဂုဏ်ဖြစ်သော သဒ္ဒါစေတသိက် တည်းဟူသော မကောင်းသည်ကို ဆိုသဖြင့် ဂုဏီဖြစ်သော ဈာန်ဟူသော မကောင်းရာကို လည်း ရသောကြောင့် အဝိနာဘာဝနည်း။

ဂုဏ်ဖြစ်သော သဒ္ဒါစေတသိက်၏ သမ္ဗာဒနဟူသောအမည်ကို ဂုဏီဖြစ်သောဈာန်၌တင်စား၍ ဂုဏီဖြစ်သောဈာန်ကို သမ္ဗာဒနဟု ခေါ်သောကြောင့် ဂုဏူပစာသဒ္ဒါ။

**စေတော သမ္ဗ သာဒယတိ။** စိတ်ကိုကြည်လင်စေတတ်၏ဟုဆိုရာ ယှဉ်ဘက် သမ္ပယုတ္တဓမ္မကိုလည်း ကြည်လင်စေတတ်သည်သာ၊ ထို့ကြောင့် ပြဋ္ဌာန်းသော စိတ်ကိုဆိုသဖြင့် မပြဋ္ဌာန်းသော သမ္ပယုတ္တဓမ္မလည်းရသ ဖြင့် ပဓာနနည်း ဧကဒေသူပစာ၊ ဝါ–အဝယဝူပစာတင်နိုင်သည်ဟုမှတ်။ နောတက္ကောတည်း။

## ● နေတ္တိဟာရ

သမ္ဗာဒနံပုဒ်အရ သဒ္ဒါကိုယူ၍ ဝေဝစနာဟာရ နေတ္တိထုတ်ပုံကား–

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



ဝေဝစနာဟာရဟူသော်ကား (လ) အဘယ်သို့ ယှဉ်သနည်းဟူမူကား၊ သမ္ဘာဒနပုဒ်၏ ဝေဝုစ်ကို သဒ္ဒါ သဒ္ဒဟနာ ဩကပ္ပနာ အဘိပ္ပသာဒေါဟု ထုတ်အပ်၏။ ဤသို့ ဟောအပ်သော (လ) ဝေဝစနာဟာရမည်၏ဟူလို။ (ဘုရားတော်ဗုဒ် နေတ္တိကောက်နှင့်တိုက်ဆိုင်၍ကျက်ပါ။) အဘိ၊ ၄၊ ၂။ ၂၆။ ဝိ ၄၊ ၁။ ၁၁၈။

(က) ကော ဥဒေတိတိ ကောဒိ။

(ခ) ဝိတက္ကဝိစာရေဟိ (လ) ဥဒေတိတိ အတ္ထော။

(ဂ) သေဠော ပိ ဟိ လောကေ ကောတိ ဝုစ္စတိ။

(ဃ) ဝိတက္ကဝိစာရဝိရဟတော ဝါ (လ) ဝဋ္ဋတိ။ ၄။ ၁၁၈။

## ဝါကျခွဲကျမ်းတက်

ခ–ဝါကျကား က–ဝါကျ၏အနက် (ဝါကျတ္ထ) ကို အကျယ်ဖွင့်ပြသောကြောင့် ဝိတ္ထာရဝါကျ။ ထို–၍ ခ–ဝါကျကား သင်္ခေပဝါကျ။

ဂ–ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို–၍ ခ–ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

ဃ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ ခ–ဝါကျကား ပက္ခဝါကျ။

**မှတ်ချက်။** ခ–ဝါကျဖြင့် ကေသဒ္ဒါ သေဋ္ဌအနက်၊ ဃ–ဝါကျဖြင့် ကေသဒ္ဒါ အသဟာယအနက်ကိုဖွင့်ပြသည်။ ထို့ကြောင့် ပက္ခ ပက္ခန္တရခွဲ ။ အဘော်ကိုသဘောမိအောင်ကြည့်ပါက ကျမ်းတက်မခက်ပြီ။

## အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် ကောဒိပုဒ်၌–ဥဒိ–ပုဒ်ကို ဥဒေတိတိ ဥဒိဟု သဒ္ဒကပ္ပ သာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊ ဥဒိ၌ ဏိပစ္စည်း၏

http://www.dhammadownload.com



သုဒ္ဓ ကတ္တုသာဓနၥ်သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ကောဒိကို ကော ဥဒိဟု ပဒစ္ဆေဒပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ ကောနှင့်ဥဒိကို သမာသ် တွဲစပ်ရမည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။ ၃။ သန္ဓိလိင်္ဂပဒ။

၄။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒဋ္ဌ။

**ဓာတ်ပစ္စည်း။** ဥဒိကား ဥပပုဗ္ဗ ဣဓာတ် ဏိ-ပစ္စည်း၊ ဒ-ကား အာဂုံ။ နိတိ ဓာတု။ ၂။

ခ-ဝါကျ၌ အဂ္ဂေါဖြင့် ကောသဒ္ဒါကား သချာဝါစကမဟုတ်။ အဂ္ဂဝါစက၊ ဝါ-အမြတ်အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂဋ္ဌ။)

ခ-ဝါကျ၌ သေဋ္ဌောဖြင့် အဂ္ဂသဒ္ဒါကား အာဒိကောဋ္ဌာသ စသောအနက်ကို မဟော၊ သေဋ္ဌ (အမြတ်) အနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂဋ္ဌ။)

ခ-ဝါကျ၌ သေဋ္ဌော ဟုတွာ ဥဒေဟိဖြင့် ကောနှင့်ဥဒိပုဒ်ကို ကော ဟုတွာ ဥဒိ ကောဒိဟု သမ္ဘာဝနာ ကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ က-ဝါကျ၌ ကောပုဒ်ကို ဥဒေဟိပုဒ်၌ မစပ်ရ၊ ဟုတွာဟူသော ပါဌသေသ၌စပ်ရမည်၏ အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒဋ္ဌ။ ၂။ သမ္ဗန္ဓ။ ဝါ-ဘာဝဋ္ဌ။

* ဟုတွာသခ်ါတ၊ ဘူတတထွေ၊ ဝေလ္လတိ၊ သဒ္ဒါရှိက၊ မှတ်သိ ကမ္မဓာရယာ၊ ကိုးပါးမှာ၊ သမ္ဘာဝနာပေ။ **(တောင်တွင်း)**

ခ-ဝါကျ၌ ဝိတက္ကဝိစာရေဟိ အနဇ္ဈာရုဋ္ဌတ္တာဖြင့် ဘာဝတ္ထ ပြသည်။ ဘာသာပြန်၍ အဘော်ဖော်။

**အနဇ္ဈာရုဋ္ဌတ္တာ။** အဇ္ဈာရုဋ္ဌ = အဓိ + အာ + ရုဟဓာတ် + တ

http://www.dhammadownload.com



ပစ္စည်း။ အဇ္ဈာရုယုတေတိ အဇ္ဈာရုဋ္ဌော၊ န အဇ္ဈာရုဋ္ဌော အနဇ္ဈာရုဋ္ဌော၊ အနဇ္ဈာရုဋ္ဌဿ ဘာဝေါ အနဇ္ဈာရုဋ္ဌတ္တံ-ဟုတွဲ။ အနဇ္ဈာရုဋ္ဌတ္တာဟူသော ဟိတ်ပုဒ်၏သမ္ဗန်ကို သမာဓိဿဟုထည့်။သမာဓိဿေတံ အဓိဝစနံကို မျှော်လေ။

ဃ-ဝါကျ၌ အသဟာယယောဖြင့် ကေသဒ္ဒါသချာဝါစကမဟုတ်၊ အသဟာယဝါစက၊ ဝါ-အသဟာယအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ကောဟုတွာဖြင့် (သေဋ္ဌော ဟုတွာ ဥဒေတိအတိုင်း ဖော်ပြပါ။) လည်းကောင်း[၂]၊ ဝိတက္ကဝိစာရဟတောဖြင့် အသဟာယ၏ အကြောင်းကိုလည်းကောင်း[၃] သိစေသည်။

၁။ နာမလိင်္ဂတ္တာ။ ၂။ အဘိဓာနတ္တာ။ သမာသလိင်္ဂပဒတ္တာ။

၃။ ဘာဝတ္တာ။

**မှတ်ချက်။** ဃ-ဝါကျ၌ ဝါသဒ္ဒါကား ကေသဒ္ဒါ၏သေဋ္ဌအနက်မှတစ်ပါးအသဟာယအနက်ကိုလဲလှယ်ပြသည်။ အနက်လဲသည်။

## ဝိဂ္ဂဟနှင့်ဉာဉ်ကောက်မှတ်ဖွယ်

ကော ဟုတွာ ဥဒိ ကောဒိ။ ကော၊ မြတ်သည်၊ ဝါ-အဘော်မရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဥဒိ၊ ဖြစ်သည်တည်း။ ကောဒိ၊ မြတ်သည်၊ ဝါ-အာဘော်မရှိသည်ဖြစ်၍ဖြစ်သည်။ ကေပုဒ် ဥဒိပုဒ်။

ကေဟူသော ဝိသေသနပုဒ် အရကား သေဋ္ဌဘောဂုဏ်၊ ဝါ အသဟာယဘောဂုဏ်သည် မုချ။ ယင်း၏ဖြစ်သော သမာဓိနှင့် ဂုဏ်ဂုဏေ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ကောဒိဟူသော သမာသ်ပုဒ်လုံး အရကား ထို-ဖြင့် မှတ်အပ်သော မြတ်သည်၊ ဝါ-အဖော်မရှိသည်ဖြစ်၍ ဖြစ်သောသမာဓိရ၏။ (က-ခ-ဃ ဝါကျနှင့် အညီ ဉာဉ်ကောက်။)

**မှတ်ချက်။** ကောဒိ၊ မြတ်သည်ဖြစ်၍ ဖြစ်သောသမာဓိ၊ ဝါ-အဖော်မရှိသည်ဖြစ်၍ ဖြစ်သောသမာဓိ-ဟု အနက်ပေး။

http://www.dhammadownload.com



(က) အထဝါ သမ္ဘယုတ္တဓမ္မေ ဥဒါယတီတိ ဥဒိ။

(ခ) ဥဋ္ဌာပေတီတိ အတ္တော။

(ဂ) ⁻ာဋ္ဌမ္ဘေန ကောစ သော ဥဒိ စာတိ ကောဒိ။

( ၂) သမာဓိသေ်ာတံ အဓိဝစနံ။

( ) ဣတိ ဣမံ ကောဒိ (လ) ကောဒိဘာဝံ။ ဋ္ဌ။ ၁၁၈။

## ● ဝါကျခွဲ နှင့်ကျမ်းတက်

ခ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၍ ကဝါကျကားသင်္ခေပဝါကျ။

**မှတ်ချက်။** ဥဒေတီတိ ဥဒိ ဟူသော သုဒ္ဓကတ္တုသာဓနကို ပြပြီး နောက် ဥဒါယတီတိ ဟူသော ဟေတုကတ္တု သာဓနကို ပြလိုသဖြင့် အထဝါ ဝါကျတက်လာသည်။ ဝစနတ္ထတစ်မျိုးလဲလှယ်ပြသည်ဟုမှတ်။

ဂ–ဝါကျ ကေနှင့်ဥဒိ ပုဒ်တွဲပုံကို ပြလို၍ ဆက်လက် ဖွင့်ပြသော ကြောင့် ဝါကျာရမ္ဘဝါကျ။ ထို–၍ က–ဝါကျကား အာရဒ္ဓဝါကျ။ (က–ဝါကျဖြင့် ဥဒိပုဒ်ကိုဖွင့်၍ ဂ–ဝါကျဖြင့် ကေပုဒ်နှင့်တွဲစပ်ပုံကို ဖွင့် ပြသည်ဟုမှတ်။)

ဃ–ဝါကျကား ကောဒိအရ သဒ္ဓါ ပညာ စသည်ကိုယူရမည် လားဟု စောဒနာဖွယ်ရှိ၍ တက်လာသောကြောင့် ဝါကျာရမ္ဘ ဝါကျ။ ထို–၍ က–ဂ ဝါကျတို့ကား အာရဒ္ဓဝါကျ။

**မှတ်ချက်။** က–ဂ ဝါကျဖြင့် ကောဒိသဒ္ဒါ၏ ဝစနတ္ထကို ပြသော ပက္ခဝါကျ။ ဃ–ဝါကျကား ကောဒိသဒ္ဒါ၏ အရကောက် အဘိ ဓေယျတ္ထကိုပြသော ပက္ခန္တရဝါကျဟုလည်း အချို့ဆိုသည်။ ဝါဒန္တရဟု မှတ်။ မိမိတို့ကား ဝိဂ္ဂဟပြဝါကျ နောက်တက်လာသော အဓိဝစနံ, နာမံ ပါ, မပါသော အဘိဓေယျတ္ထပြဝါကျအားလုံးကို ဝါကျာရမ္ဘဟု ယူလို ပေသည်။ သတ္တာပုဒ်အဖွင့်၌လည်း ရေးခဲ့ပြီ။

http://www.dhammadownload.com



* ဝိဂြိုဟ်ထုတ်ပြ၊ ဝါကျနောက်ရှိ၊ အဓိဝစန်၊ နာမ်ဆုံးထား၊ ဝါကျကား၊ မှတ်သားဝါကျာရမ္ဘသာ။

* ဝိဂြိုဟ်ပက္ခ၊ ဖို့မှတစ်ပါး၊ ပြငြားဘိဝေယျ၊ သို့ဖြစ်ဟန်ကြောင့်၊ ပက္ခန္တရ၊ ကြံကုန်ကြ၊ ဝါဒကေစိသာ။ (သစ်)

င-ဝါကျကား ကောဒိနှင့် ဘာဝတွဲစပ်ပုံကိုလည်းကောင်း၊ ဘာဝပုဒ်၏ ဝစနတ္ထကိုလည်းကောင်း ပြသောကြောင့် ပက္ခန္တရဝါကျ။ ထို-၍ က မှ ဃ တိုင်အောင် ဝါကျများကား ပက္ခဝါကျ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဥဒါယတိဖြင့် ဥဒိပုဒ်ကို ဥဒါယတီတိ ဥဒိ ဟု ဟေတုကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဏိပစ္စည်း၏ ယင်းသာဓန၌ သက်ဆည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

က-ဝါကျ၌ သမ္ဘယုတ္တဓမ္မေဖြင့် ကာရိုက်ကံကိုပြသည်။ (ဘာ ဝတ္ထ။)

ခ-ဝါကျ၌ ဥဋ္ဌာပေတီဖြင့် ဥဒါယတိ၌ ဣဓာတ်သည် ဂတျတ္ထကို ဟောသည်ဟု သိစေသည်။ (ဓာတွတ္ထ။)

**မှတ်ချက်။** ပါရာ၊ ဂ၊ သစ်၊ ၂။ ၁၈၈ နှင့် နီတိ၊ ဓာတု။ ၂-တို့ကြည့်။ ဥဒါယတိ၊ ဖြစ်စေတတ်၏။ ဝါ-ထောင်စေ၊ ထစေ၊ ကြွစေ တတ်၏ (တက်ကြွစေတက်၏)ဟု အနက်ပေး။

ဂ-ဝါကျ၌ သေဋ္ဌ္ဌေနဖြင့် ကေသဒ္ဒါ သေဋ္ဌအနက်ဟော၏အဖြစ် ကိုလည်းကောင်း[၁]၊ ကော စ သော ဥဒိစာတိဖြင့် ကောဒိပုဒ်ကို ကမ္မဓာရယ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com



ဃ–ဝါကျဖြင့် ကောဒိအရသဒ္ဓါ, ပညာ စသည်တို့ကိုမယူရ၊ သမာဓိကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)

င–ဝါကျဒွဲကောဒိ ဘာဝေတိဖြင့် ဘာဝပုဒ်ကို ဘဝနံ ဘာဝေါဟုဝစနတ္ထမပြုရ၊ ဘာဝေတီတိ ဘာဝေါဟု ဟေတုကတ္တုသာခနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဏာပစ္စည်း၏ ဟေတုကတ္တုသာခနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ကောဒိ ဘာဝေါ ကောဒိဘာဝေါဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ ဝမုယတိဖြင့် ဘူဓာတ်၏ ဝမုနတ္ထ၏အဖြစ်ကိုလည်းကောင်း[၄]၊ ကမ္မဒုတိယချာနံဖြင့် ကောဒိ ဘာဝအရ ဒုတိယချာနံကို ယူရမည်၏အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၄။ ဓာတွတ္ထ။ ၅။ အဘိဓေယျတ္ထ။

**အနက်ယောဇနာ။** စေတသော၊ စိတ်၏။ ကောဒိဘာဝံ၊ မြတ်သည်ဖြစ်၍ ဖြစ်သောသမာဓိကို၊ ဝါ အဘော်မရှိသည်ဖြစ်၍ ဖြစ်သော သမာဓိကို၊ ဝါ မြတ်သည်ဖြစ်၍ သမ္ပယုတ်တရားတို့ကို ဖြစ်စေတတ် (တက်ကြွကွစေတတ်) သော သမာဓိကို ပွားစေတတ်သော။ (ဒုတိယံဈာန်၌စပ်။)

---

## ● နည်းနှင့်ဥပစာ

**ကောဒိ။** အပေါင်းဖြစ်သော သဒ္ဓါ, ပညာ, သမာဓိ စသည်တို့၏ ကောဒိအမည်ကို အစိတ်ဖြစ်သော သမာဓိ၌တင်စား၍ အစိတ်ဖြစ်သော သမာဓိကို ကောဒိဟု ဆိုသောကြောင့် ကေဒေသျှုပစာ၊ ဝါ–သမုဒါယူပစာ။ (နေယျတ္ထနည်း၊ ရဋ္ဌိနည်းတွဲ။)

---

(က) အဝိတက္ကံ အဝိစာရန္တိ ဘာဝနာယ ပဟီနတ္တာ တေသ္မိံ

တေသံ ဝါ ဝိတက္ကော နတ္ထီတိ အဝိတက္ကံ။

(ခ) ဣမိနာဝ နယေန အဝိစာရံ။ ဋ္ဌ။ ၁၁၈။

http://www.dhammadownload.com



## အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဘာဝနာယ ပဟီနတ္တာဖြင့် အဝိတက္ကအမည်ရခြင်း၏ အကြောင်းကိုလည်းကောင်း[၁]၊ တေသို ဝိတက္ကော နတ္ထိဖြင့် အဝိတက္ကပုဒ်ကို သတ္တမိဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ တေသ ဝါ ဝိတက္ကော နတ္ထိဖြင့် တစ်နည်းအားဖြင့် စတုတ္ထီဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထလည်း ပြုနိုင်သည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ အ-သဒ္ဒါ၏ အဘာဝအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

၄။ နိပါတလိင်္ဂတ္ထ။

ခ-ဝါကျ၌ ဣမိနာဝ နယေနဖြင့် အဝိစာရပုဒ်ကိုလည်း အဝိတက္ကပုဒ်အဖွင့်အတိုင်း ဝိဂ္ဂဟစသည် မှတ်ရမည်ဟု ညွှန်ပြ သိစေသည်။ (အတိဒေသသံဝဏ္ဏနာဝါကျမျိုးတည်း။ ဘာပတ္ထဟုမှတ်ရာ၏။)

---

(က) သမာဓိဇန္တိ ပဌမဇ္ဈာန သမာဓိတော သမ္ပယုတ္တ သမာဓိတော ဝါ ဇာတန္တိ အတ္ထော။

(ခ) တတ္ထ ကိဉ္စာပိ ပဌမမ္ပိ သမ္ပယုတ္တသမာဓိတော ဇာတံ။

(ဂ) အထခေါ အယမေဝ သမာဓီတိ (လ) သမာဓိဇန္တိ ဝုတ္တံ။

(ဃ) ပီတိသုခန္တိ ဣဒံ ဝုတ္တနယမေဝ။ ဋ္ဌ။ ၁၁၉။

## အနက်ယောဇနာ

ခ-ဝါကျ၌ တတ္ထပုဒ်ကို တတ္ထဒွိသုရျာနေသုဟု စွဲ၍ နိဒ္ဓါရဏအနက်ပေး။ ခ-ဝါကျ ပဌနမ္ပိ၊ ဂ-ဝါကျ ဣဒမေဝတို့၌ နိဒ္ဓါရဏီယ။ ဝါ-တတ္ထတေသုဒွိသု သမာဓိသုဟုစွဲ၍ နိဒ္ဓါရဏပင် အနက်ပေး။ အယ

http://www.dhammadownload.com



မေဝ သမာဓိဒ္ဒ နိဒ္ဒါရဏာစပ်။ (ဤကား ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၉၄ အလို။)

**တစ်နည်း။** တတ္ထတသ္မိံသမာဓိဇနိ့ပဒေ-ဟုစွဲ၍ အာဓာရအနက်ပေး၊ ဝုတ္တံ၌ အာဓာရစပ်။ (မအူသျှ။)

**တစ်နည်း။** တတ္ထဓာသ္မိံ သမာဓိဇနိ့ပဒေ-ဟုစွဲ၍ ဓောဒကာဘော ဂါဒယော (စောဒနာသောနောယော) ဓဝံ ဝေဒိတဗ္ဗာ ဟု ပါဌသေသ ၌စပ်။ (နောတက္က)

---

## ● ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဂ ဝါကျာရမ္ဘဝါကျ။ ထို ၍ က-ဝါကျကား အာရဒ္ဓဝါကျ။ (ဤကျမ်းစာ၊ နှာ၊ ၃၆-၄၆ ကြည့်။)

## ကိဥ္စာပိ ယဒိပိ ကာမဥ္စဝါကျ

### ပဓာနကောက်မှတ်ဖွယ်

အနိယတ်နိယတ်ဝါကျ၌ အနိယတ်ကား အပဓာန နိယတ်ကား ပဓာနဖြစ်သကဲ့သို့ ကိဥ္စာပိစသည်ချီဝါကျမျိုး၌ ရှေ့ဝါကျသည် အပဓာန နောက်ဝါကျ ကား ပဓာနဝါကျတည်း။ သို့ဖြစ်၍ "တတ္ထကိဥ္စာပိ" ချီဝါကျ၌ ပဓာနကောက်၍ စာထွက်ခဲ့ပါဟုမေးလျှင် ရှေ့ဝါကျရှိ "ဓာတံ" ကို ပဓာနမကောက်ရ၊ နောက်ဝါကျရှိ "ဝုတ္တံ"ကို ကောက်၍စာထွက်ရမည်။ စပ်ပုဒ်မပါဘဲ ကြိယာသက်သက်ကောက်သဖြင့် အသမ္ဗန္ဓာဝတ္ထ ( အသမ္ဗန္ဓ = စာမစပ်သော + အဝတ္ထာ = အနိုက်အတန့် ) ကောက်ဟုခေါ်သည်။ "ကိဥ္စာပိဓာတံ၊ အထခေါ် သမာဓိဇနိ့ ဝုတ္တံ" ဟုကောက်လျှင် စပ်ပုဒ် ပါသဖြင့် သမ္ဗန္ဓာဝတ္ထကောက်ဟုခေါ်သည်။

ဃ-ဝါကျကား ပကၡတ္တရဝါကျ။ ထို-၍ က-ခ-ဂ ဝါကျကား ပက္ခဝါကျ။

---

http://www.dhammadownload.com



## ● ဓာတုပစ္စယာဒိဝိဘာဂ

**သမာဓိ။** သံပုဗ္ဗ + ဓာဓာတ် + ဣပစ္စည်း။ ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း။

ဣကာရန္တ။ ကောလမ္ဗဏေ သုဋ္ဌု အာဓာနံ (ထားခြင်း)

သမာဓိ၊ သူစိ။

**သုပ္ပသန္န။** သုပုဗ္ဗ+ပပုဗ္ဗ+သဒဓာတ်+တပစ္စည်း။ ဝိသေသန သာဒိယ

တောတိ ပသန္နော။ သူစိ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ ပဌမဈာနသမာဓိတောဓာတုံဖြင့် သမာဓိစံပုဒ်ကို မသာဓိတော ဓာတုံ သမာဓိစံဟု ပဋ္ဌမိတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] သမာဓိစံ၌ သမာဓိစံအရ ပဌမဈာန်သမာဓိကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း၊[၂] "ပဌမဈာနံ ဒုတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော"ဟူသော ပဋ္ဌာန်းဒေသနာ (ပဋ္ဌာန၊ ၁။ ၁၄၅) အရ ပဌမဈာန် သမာဓိက ဒုတိယဈာန်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓေယျတ္ထ။

၃။ ဘာဝတ္ထ။

## ပဌမဝိကပ်ဉာဉ်ကောက်

သမာဓိတော ဓာတုံ သမာဓိစံ။ သမာဓိတော၊ ပဌမဈာန်သမာဓိကြောင့်။ ဓာတုံ၊ ဖြစ်သည်တည်း။ သမာဓိစံ၊ ပဌမဈာန်သမာဓိကြောင့် ဖြစ်သည်။ ပဋ္ဌမိတပ္ပုသရိသ်မာသ်။

သမာဓိ ပုဒ်, ဇ ပုဒ်။ သမာဓိ ဟူသော ဝိသေသနပုဒ်အရကား ပဌမဈာန် သမာဓိသည် မုချ။ ယင်း ပဌမဈာန် သမာဓိ၏ ဒုတိယ

http://www.dhammadownload.com



ဈာန်နှင့် ပကတူပနိဿယ အကြောင်းအကျိုးအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန္ဓ သည် ဌာနူပစာအားဖြင့် ရ၏။ သမာဓိဇံဟူသော သမာသ်ပုဒ်လုံး အရ ကား ထို-ဖြင့် မှတ်အပ်သော ပဋ္ဌမဈာန်သမာဓိကြောင့် ဖြစ်သော ဒုတိယ ဈာန်ရ၏။ (သမာမ်ဇံပုဒ်ကား ဈာန်၏ဝိသေသနပုဒ်ဖြစ်၍ ဝိသေသနကောက်။ ဆက်ကောက်။)

က-ဝါကျ၌ သမ္ပယုတ္တသမာဓိတော ဓာတ်ဖြင့် သမာဓိဇံ ပုဒ်ကို ပဌမဝိကပ်ကဲ့သို့ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ သမာဓိဇံ၌ သမာဓိ အရ ဒုတိယဈာန်၌ယှဉ်သော သမာဓိကိုယူရမည်၏အဖြစ်ကိုလည်း ကောင်း[၂]၊ ပဌမဝိကပ်အတိုင်း ကျေးဇူးပြုသည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။ (အကျယ် အာဘော် ပဌမဝိကပ်အတိုင်းဖော်ပါ။)

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓေယျတ္ထ။

၃။ ဘာဝတ္ထ။

## ဒုတိယဝိကပ်ဉာဏ်ကောက်

ဤဝိကပ်၌လို သမာဓိအရ ဒုတိယဈာနသမ္ပယုတ္တသမာဓိကိုယူ။ ဇ-အရ ဒုတိယဈာန်နှင့် သဟဇာတ အကြောင်းအကျိုးစပ်၍ ကောက်လေ။

, **သမာဓိရေပ်ပြီး။** သမာဓိ + ဇနဓာတ် + ကွိပစ္စည်း။ **တစ်နည်း။** သမာဓိပုဒ်+ဇပုဒ်။ ဇ-သဒ္ဒေါဇာတတ္တော။ မဏိမဉ္ဇူ၊ ၂။ ၁၉၄။

---

## ● ပါဠိဝိနိစ္ဆယ

**ဝုတ္တနယမေဝ။ ဝုတ္တနယေနေဝ။** ဝုတ္တော နယော ယဿ ပီတိ သုခဿိပဒဿာတိ ဝုတ္တနယံ ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု၍ ပီတိ သုခဿိ ဣဒံပဒံ၊ ပီတိသုခံ ဟူသော ဤပုဒ်သည်။ ဝုတ္တနယမေဝ၊ ဆို အပ်ပြီးသော နည်းရှိသည်သာလျှင်တည်းဟု အနက်ယောဇနာ။ သဒ္ဒ ယုတ္တိ၊ အတ္ထယုတ္တိရှိသဖြင့် ယင်း ဝုတ္တနယမေဝ ပါဠိသင့်သည်။

http://www.dhammadownload.com



ဝုတ္တော နယော ဝုတ္တနယောဟု ကာမ္ဗောဇရာယ်သမာသ် ဝစနတ္ထ ပြု၍ ပီတိသုခန္တိပဒံ၊ ပီတိသုခ ဟူသောပုဒ်ကို။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ ဝေဒိတဗ္ဗံ၊ သိအပ်၏ဟု အနက်ယောဇနာ။ သဒ္ဒယုတ္တိ၊ အတ္ထယုတ္တိ ရှိသည်သာဖြစ်၏။ ထို့ကြောင့် ဝုတ္တနယေနေဝ ရှိသော ပါဌ်လည်းသင့်သည်။ ၂–ပါဌ်သင့်ဟုမှတ်။

ဒုတိယဈာန်အဖွင့်ပြီး၏။

---

(က) ပီတိယာ စ ဝိရာဂါတိ ဧတ္တ ဝုတ္တတ္ထာယေဝ ပီတိ။

(ခ) ဝိရာဂေါတိ တဿာ ဇိဂုစ္ဆနံ ဝါ သမတိက္ကမော ဝါ။

(ဂ) ဥဘိန္နမန္တရာ စသဒ္ဒေါ သမ္ပိဏ္ဍနတ္ထော။

(ဃ) သော ဟိ ဝူပသမံ ဝါ သမ္ပိဏ္ဍေတိ ဝိတက္ကဝိစာရဝူပ

သမံ ဝါ။ ဋ္ဌ။ ၁၂၀။

## ● အနက်ယောဇနာ

ပီတိယာစဝိရာဂါတိဧတ္ထ၊ ၌။ ဝုတ္တတ္ထာ၊ ပဌမဈာန်၌ ဖွင့်ဆိုအပ်ပြီးသောအနက်ရှိသော၊ ပီတိယေဝ၊ ပီတိပင်တည်း။ (ပီတိပုဒ်နောက်၌ဧဝ ရွှေ့ထိုင်။ အဋ္ဌာနပယုတ်။)

**မှတ်ချက်။** ဤအလိုပီတိကား တခြားမဟုတ်၊ ပဌမဈာန်၌ ပီတိပင် ဟုဆိုလိုသည်။ " မနေ့ကဆေးကိုပေးပါ " ဟု ဆိုရာ၌ မနေ့ကဆေးနှင့် အလားတူဆေးဟုဆိုလိုသကဲ့သို့ သဒိသူပစာဟုမှတ်ရာ၏။

**တစ်နည်း။** ပီတိယာ စ ဝိရာဂါတိဧတ္ထ၊ ၌။ ပီတိ၊ ပီတိသည်။ ဝုတ္တတ္ထာယေဝ၊ ပဌမဈာန်၌ ဖွင့်ဆိုအပ်ပြီးသော အနက်ရှိသည်သာလျှင် တည်း (ဧဝသဒ္ဒါဌာနပယုတ်)

http://www.dhammadownload.com



**မှတ်ချက်။** ဤအလို ပဌမရျာန်၌ ပီတိလည်း တခြားတစ်ပါး၊ ဤ တတိယရျာန်၌ပီတိလည်းတခြားတစ်ပါးပင်တည်း၊ သို့သော် အနက်သဘော ကားမပြား၊ အင်္ဂါတူပင်ဟုမှတ်ရာ၏။

## ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပကတ္တုရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

ဂ-ဝါကျကား ပကတ္တုရ၊ ထို-၍ ခ-ဝါကျကား ပက္ခဝါကျ။

ဃ-ဝါကျကား ကာရဏဝါကျ။ ဝါ-ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို-၍ ဂ-ဝါကျကား ဖလဝါကျ၊ ဝါ-ယုတ္တိဒဋ္ဌိယဝါကျ။ ရှေးနည်းကို မှီး၍ ကျမ်းတက်လေ။

## ဝိဂ္ဂဟာနှင့်ဉာသ်ကောက်

**ဝိရာဂ။** ဝိရဇ္ဇနံ ဝိရာဂေါ။ ဝိရဇ္ဇနံ၊ မတပ်မက်ခြင်း (သဒ္ဒတ္ထ)၊ ဝါ-စက်ဆုပ်ရွံရှာခြင်း၊ ဝါ-လွန်မြောက်ခြင်း။ ( အဖွင့်နှင့်အညီ ဘာဝတ္ထ ၂-နက်)။ ဝိရာဂေါ၊ မတပ်မက်ခြင်း၊ ဝါ-စက်ဆုပ်ရွံရှာခြင်း၊ ဝါ-လွန်မြောက် ခြင်း။ ဝိပုဗ္ဗ+ရဉ္ဇဓာတ်+ဏ-ပစ္စည်း။

ဝိ ဉပသာရပုဒ်အရကား ဓာတွတ္ထဗာဓကဘောဂဏ်ရ၏။ (ရဉ္ဇ = ရာဂေ၊ တပ်မက်ခြင်း။ ဝိ-ဉပသာရကြောင့် မတပ်မက်ခြင်း အနက်ကို ဟောသဖြင့် ဝိ ကား ဓာတွတ္ထဗာဓကတည်း။)

ရဉ္ဇဓာတ်အရကား ပီတိကို မတပ်မက်ခြင်း၊ ဝါ-စက်ဆုပ်ရွံရှာ ခြင်း၊ ဝါ-လွန်မြောက်ခြင်း ကြိယာရ၏။ ဏ-ပစ္စည်း၏အရလည်း ဘာဝ သာဓနတို့သဘောသည် ဓာတ်ရပစ္စည်းအရ အထူးမရှိသောကြောင့် ယင်း မတပ်မက်ခြင်း (လ) ကြိယာပင်ရ၏။

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

ခ–ဝါကျ၌ တဿာဖြင့် ပိတိယာ၌ "ယာ" သဒ္ဒါကား နာဝိဘတ် ၏ ကာရိယမဟုတ်၊ သ ဝိဘတ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း[၁]၊ ဇိဂုစ္ဆနံ ဖြင့် ဝိရာဂဟူသည် ငြီးငွေ့ခြင်းကို အကြောင်းပစာနပြု၍ စက်ဆုပ်ခြင်းပင် တည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၂]၊ သမတိက္ကမောဖြင့် ဝိရာဂဟူသည် ပိတိနှင့်စပ်သော ရာဂကို လွန်မြောက်ခြင်း (ပယ်ခြင်း) ပင် တည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၃]၊ ဝိရဇ္ဇနံ ဝိရာဂေါဟု ဘာဝသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ ဝိရာဂ၌ ဏ–ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။ သာရတ္ထ၊ ၁။ ၃၆၉။

၁။ ဝိဘတ္တိပဒ။ ၂။ ဘာဝတ္ထ။ ၃။ ဘာဝတ္ထ။ ၄။ အဘိဓာနတ္ထ။

၅။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** က–ဝါကျ၌ အာဘော်ကို အနက်ယောဇနာ၌ အဖြေ မှတ်ချက်များအတိုင်းဖော်။ ဘာဝတ္ထသံဝဏ္ဏနာတည်း။

ဂ–ဝါကျဖြင့် ပိတိယာစ ၌ စ,နိပါတ်ပုဒ်သည် သမ္ပိဏ္ဍနအနက်ကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ)။

## သမ္ပိဏ္ဍနနှင့်သမုစ္စည်း

စ–သဒ္ဒါကား ဝူပသမံ ဝါ သမ္ပိဏ္ဍေတိ ဝိတက္က ဝိစာရဝူပသမံ ဝါ ကိုထောက်၍ ဒုတိယဈာန်၌ ဆိုအပ်ခဲ့ပြီးသော ဝိတက္ကဝိစာရာနံ ဝါ ဝူပသမာကိုလည်းကောင်း၊ ဝူပသမံဟူသော ပုဒ်တစ်စိတ်ကိုလည်းကောင်း၊ ပေါင်းခြင်း သမ္ပိဏ္ဍနအနက်ရှိ၏။ သာရတ္ထ၊ ၁။ ၃၆၉–၌ သမ္ပိဏ္ဍနံ သမုစ္စယော ဟု ဖွင့်၍ ရူ၊ ဋီ၊ နာ။ ၈၀ ၌လည်း သမုစ္စယနံ သမ္ပိဏ္ဍနံ သမုစ္စယောဟု သမုစ္စည်းနှင့် သမ္ပိဏ္ဍန သဘောတူ ဖွင့်ပြသည်။ နိယံဆရာ တို့ကား "သမ္ပိဏ္ဍန၊ ပြသည်သမုစ္စည်း၊ ဆည်းသည်ဒြဗ် ဂုဏ်နှင့်ဟပ်" (တိပိ ဋကနိယံ)ဟု ဒြဗ်ဆည်းလျှင် သမ္ပိဏ္ဍန၊ ဂုဏ်ကိုဆည်းလျှင် သမုစ္စည်းဟု အထူးဆိုကြသေး၏။

http://www.dhammadownload.com



## အနက်ယောဇနာနှင့်သမ္ဗန္ဓာနဖြစ်ပုံ

ပိတိယာ၊ပိတိကို။ဝိရာဂါ စ၊စက်ဆုပ်ခြင်းကြောင့်လည်းကောင်း၊ ပိတိယာ၊ ၏။ ဝူပသမာစ၊ ငြိမ်းခြင်းကြောင့်လည်းကောင်း။

**မှတ်ချက်။** ဝိရာဂသဒ္ဒါ ဇိဂုစ္ဆနတ္ထဟောခိုက် စသဒ္ဒါဝူပသမကို ပေါင်းသည်။ တသ္မာ ပီတိယာ ဇိဂုစ္ဆနာ စ ဝူပသမာစာတိ အယမတ္တော ဒဋ္ဌဗ္ဗော ဟူသော အဋ္ဌကထာလဒ္ဓဂုဏ်ဝါကျကိုမျှော်ပါ။

**တစ်နည်း။** ပိတိယာ၊ကို။ ဝိရာဂါ စ၊လွန်မြောက်ခြင်းကြောင့်လည်းကောင်း၊ ဝိတက္ကဝိစာရာနံ၊တို့၏။ ဝူပသမာစ၊ ကြောင့်လည်းကောင်း။

**မှတ်ချက်။** ဝိရာဂသဒ္ဒါ သမတိက္ကမနတ္ထ ဟောခိုက် စ-သဒ္ဒါ "ဝိတက္ကဝိစာရာနံ ဝူပသမာ" ကိုပေါင်းသည်။ တသ္မာ ပီတိယာ စ သမတိက္ကမာ, ဝိတက္ကဝိစာရာနဉ္စ ဝူပသမာတိ ဟူသော အဋ္ဌကထာ လဒ္ဓဂုဏ်ဝါကျကိုမျှော်။

---

## ● နည်းနှင့်ဉပစာ

**ပီတိယာ။** အတူဖြစ်သော ပဌမစျာန်၌ ပီတိ၏ ပီတိယာ ဟူသော အမည်ကို အတူရှိသော ဤတတိယစျာန် ပီတိ၌တင်စား၍ အတူရှိသော ဤ တတိယစျာန်ပီတိကို ပီတိယာဟု ဆိုသောကြောင့် သဒိသူပစာ။ (ရှဋ္ဌီနည်း။)

**မှတ်ချက်။** ဝုတ္တတ္ထာယေဝဟုဖွင့်သော အဋ္ဌကထာကိုထောက်၍ ပီတိယာဟူသော ပါဠိ၌ ဉပစာတင်။

---

ဉပေက္ခကော စ ဝိဟာသိန္တိ ဧတ္ထ။

(က) ဉပပတ္တိတော ဣက္ခတီတိ ဉပေက္ခာ။

(ခ) သမံ ပဿတိ အပက္ခပတိတာဝ ဟုတွာ ပဿတီတိ အတ္ထော။

http://www.dhammadownload.com



(ဂ) တာယ ဝိသဒါယ (လ) ဥပေက္ခကောတိ ဝုစ္စတိ။

(ဃ) ဥပေက္ခာ ပန (လ) ပါရိသုဒ္ဓုပေက္ခာတိ။ ဋ္ဌ။ ၁၂၀။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝိတ္ထာရ။ ထို–၍ က–ဝါကျကား သင်္ခေပဝါကျ။

ဂ–ဝါကျကား ပက္ကန္တရဝါကျ။ ထို–၍ က–ခ ဝါကျကား ပကတိဝါကျ။

ဃ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ ဂ–ဝါကျကား အာရဒ္ဓဝါကျ။

## ဃ–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ဂ–ဝါကျဖြင့် (ဘာသာပြန်) ဆိုတော်မူ၏။ ဤတတိယဈာန်၌ ဥပေက္ခာဝေဒနာပင် မရှိသည်မဟုတ်လော။ တတိယ ဈာနသမင်္ဂီကို အဘယ်ကြောင့် ဥပေက္ခကောဟု ဆိုသနည်း – ကြောင့် ဃ–ဝါကျမိန့်။ သာရတ္ထ၊ ၁။ ၃၆၉။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ဝိသဒါယ။** ဝိပုဗ္ဗ+သဒဓာတ်+အ–ပစ္စည်း+ဣတ္ထိ–အာ–ပစ္စည်း။ ကညာဒိ။ နာ–ဝိဘတ်။

**ဝိပုလာယ။** ဝိပုဗ္ဗ+ပုလဓာတ်+အ ပစ္စည်း။ (ကြွင်းဝိသဒါယ နှင့် တူပြီ။)

**ထာမ။** ဌာဓာတ်+မပစ္စည်း။ ဋ္ဌ ကို ထ ပြု။ သူစိ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ ဥပပတ္တိတောဖြင့် ဥပေက္ခာ (ဥပ+ဣက္ခာ) ၌ ဥပ သဒ္ဒါ၏ ဥပပတ္တိ (ယုတ္တိ = အနုရူပ = အသင့်) အနက်ဟော၏ အဖြစ် ကိုလည်းကောင်း၊[၁] ဥပပတ္တိတော ဣက္ခတီတိ ဥပေက္ခာဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၂] ဏ–ပစ္စည်း၏ ယင်းသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊[၃] ဥပသဒ္ဒူပပဒ ဣက္ခဓာတ်၏ အဖြစ်ကို လည်းကောင်း[၄] သိစေသည်။

http://www.dhammadownload.com



၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယာပစ္စယတ္ထ။

၄။ ဒုတိယာဓာတုပဒ။

**မှတ်ချက်။** ဥပေက္ခာအရ တတြမဇ္ဈတ္တတာစေတသိက်ကို ကောက်။ အဋ္ဌကထာဝိဂ္ဂဟကို ပရမတ္ထကဏ္ဍသာရိဥဒသ်ကောက်အတိုင်း သတ္တိစသည်ကောက်။ ဥပေက္ခာ ၁၀-ပါးအကျယ်ကို အဘိ၊ ဋ္ဌ၊ ၁။ ၂၁၆။ ၌ ရှုလေ။

ခ-ဝါကျ၌ သမံဖြင့် ဥပပတ္တိ (အသင့်) ဟူသည် သမံ (အညီအမျှ) ပင်တည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း၊[၁] ပဿတိဖြင့် ဣက္ခဓာတ်သည် ဒဿန (ရှုကြည့်ခြင်း) အဏ် (အမှတ်ပြုခြင်း), အနက် ၂-မျိုးတွင် ဤ၌ အင် အနက်ကိုမဟော၊ ဒဿနအနက်ကို ဟောသည်၏ အဖြစ်ကို လည်းကောင်း၊[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဓာတွတ္ထ။

ခ-ဝါကျ၌ အပေက္ခပတ်တာဝဖြင့် ဥပပတ္တိ အသင့် ဟူသည် သမံ = အညီအမျှ (ညီမျှအောင်)။ သမံ = အညီအမျှဟူသည် ( အပေက္ခပတိတာဝ = ) သုခ (ကူ၌) ဘက်လည်းမကျ။ ဒုက္ခ (အနိဋ္ဌ) ဘက် လည်းမကျ ဟူသော အဓိပ္ပာယ်ဟို့ကို သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ ဝိသဒါယ ဝိပုလာယ ထာမဂတာယဖြင့် ဥပေက္ခာ၏ ဝိသေသနဂုဏ်ပုဒ်တို့ကို သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ တာယ သမန္နာဂတတ္တာဖြင့် ဥပေက္ခကောပုဒ်ကို ဥပေက္ခာ အဿ အတ္ထိတိ ဥပေက္ခကော ဟု အဿတ္ထိတဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] က-ပစ္စည်း၏ အဿတ္ထိအနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

## အာဘော်ဝါဒကွဲများ

ဆိုပြီးအာဘော်ကား "သံဝဏ္ဏေတဗ္ဗ၊ ပုဒ်ကောကို (လ) တဒ္ဓိ အဿတ္ထိ ကြံနည်းသိ" ဟူသော သံဝဏ္ဏနာနိယံနှင့် အညီ အာဘော် တည်း။ ဆင်တဲဝဏ္ဏီ။ ၂၅၇-၌ "ဥပေက္ခာယ သမန္နာဂတော ဥပေက္ခ

http://www.dhammadownload.com



ကောပြုပဟုဆိုသည်။ သမန္တာဂတတဒ္ဓိတ်တည်း။ မအူသျှင်၌ “ဥပေက္ခတီတိ ဥပေက္ခကော”ပြုစေလို၍ တာယစသည်မိန့်ဟု ကျမ်းတက်သည်။ ယင်းအလို တာယ (လ) သမန္တာဂတတ္တာ–ဖြင့် (ဥပ+ဣက္ခ+ဏျ) ဏျပစ္စည်းကတ္တုသာဓနခဲ့၍ သက်သည်ကိုလည်းကောင်း၊ ကတ္တုသာဓနဝစနတ္တ ပြုရမည်ကိုလည်းကောင်း ပြသည်ဟု မှတ်ရာ၏။

**အနက်ယောဇနာ။** ဥပေက္ခကောစ၊အသင့်အားဖြင့် ရှုသည်ဖြစ်၍လည်း၊ ဝါ–အညီအမျှ ရှုသည်ဖြစ်၍လည်း၊ ဝါ–သုခ (ဣဋ္ဌ) ဒုက္ခ (အနိဋ္ဌ) အဖို့၌ မကျမှု၍ ရှုသည်ဖြစ်၍လည်း။ ဝိဟာသိ၊နေပြီ–ဟုအဖွင့်နှင့် အညီ အနက်ယောဇနာလေ။

**ပါဠိဝိနိစ္ဆယ။** ဥပေက္ခာ။ ဥပေခါပါဠိ အမှားအမှန် အဆုံးအဖြတ်မေးနိုင်သည်။ ဤကျမ်း။ နှာ။ ၆၂။ ၇–နံပါတ်အဖြေကြည့်။

## ● နည်းနှင့်ဥပစာ

**ဥပေက္ခကော စ ဝိဟာသိ။** တတြမဇ္ဈတ္တတာဟူသော ဂုဏ်၏ ဥပေက္ခကအမည်ကို ဂုဏဖြစ်သော တတိယဈာနသမင်္ဂီပုဂ္ဂိုလ်၌ တင်စား၍ ဂုဏဖြစ်သော တတိယဈာနသမင်္ဂီပုဂ္ဂိုလ်ကို ဥပေက္ခကော ဟု ဆိုသောကြောင့် ဂုဏူပစာသဒ္ဒါမည်၏။ (အဝိနာဘာဝနည်း။)

**မှတ်ချက်။** ဤကျမ်းစာ၊ နှာ။ ၂၅၄–သမိတပါပပုဒ်၌ ဂုဏူပစာဖြစ်ပုံ အမြွက်မျှ ရေးသားခဲ့သည်။ အကျယ်ဥပစာတင်ပုံမှာ – ဂုဏ် (ဌာနီ)ဖြစ်သော ငြိမ်းစေအပ်ပြီးသော မကောင်းမှု၏၊ သမိတပါပအမည်ကို ဂုဏေ ( ဌာန ) ဖြစ်သော ဘုရားဒြဗ်၌ တင်စား၍ ဘုရားဒြဗ်ကို သမိတပါပဟု ဆိုသောကြောင့် ဂုဏူပစာသဒ္ဒါမည်၏ဟု တင်လေ။ နာနတ္တရိကနည်းဟုဆိုသော ဘုရားကြီးနိယံနှင့်တူသဖြင့် ထို နှာ၊ ၂၅၄–၌ “ဂုဏူပစာလည်းကြံနိုင်သည်”ဟု ရေးခဲ့သည်ဟုမမှတ်လင့်။ ဂုဏ်နှင့်ဌာနီ၊ ဂုဏေနှင့်ဌာန တူသဖြင့် ဂုဏူပစာဖြစ်လျှင် ဌာနျူပစာ ဖြစ်နိုင်သည်ဟုကား ဆိုနိုင်သည်။ ဘုရားကြီးနိယံအရ နာနတ္တရိက ဌာနူပစာ ဤ

.http://www.dhammadownload.com



ဥပေက္ခကောပုဒ်၌ ကြိယျှင်လည်းရနိုင်သည်။ ဌာနဖြစ်သော တတိယ ဈာနသမင်္ဂိပုဂ္ဂိုလ်၏ ဥပေက္ခကအမည်ကို ဌာနီဖြစ်သော တတြမဇ္ဈတ္တ တာ၌ တင်စား၍ ယင်းကို ဥပေက္ခကဟု ဆိုသောကြောင့် ဌာနူပစာ (နာနန္တရိက)နည်းမည်၏ဟု တင်နိုင်သည်။ အပြန်အလှန် ဥပစာကြံပုံတည်း။

---

သတော သမ္ပဇာနော်တိ ဗွေ

(က) သရတီတိ သတော။

(ခ) သမ္ပဇာနာတီတိ သမ္ပဇာနော။

(ဂ) ပုဂ္ဂလေန သတိ စ သမ္ပဇညဉ္စ ဝုတ္တံ။ ဋ။ ၁၂၁။

## ● ဝါကျခွဲ နှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ခ ဝါကျကား အာရဒ္ဓဝါကျ။

## ဂ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က—ခ ဝါကျဖြင့် (ဘာသာပြန်ထပနာထား) ဆို၏။ သတော သမ္ပဇာနောဖြင့် သတိ, ပညာတို့ကို ဟောတော်မူသည် မဟုတ်လော၊ အဘယ်ကြောင့် ပုဂ္ဂိုလ်ရသနည်း— စုဒ်ကြောင့် ဂ-ဝါကျ မိန့်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၁၆၃။

---

## ● ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**သတော**။ သရတီတိ သတော။ ယောပုဂ္ဂလော၊ သည်။ သရတိ၊ အောက်မေ့တတ်၏။ ဣတိ သော သတော။ သရဓာတ် + တပစ္စည်း ကတ္တုသာဓန်။

http://www.dhammadownload.com



သရဓာတ်၏အရကား အောက်မေ့တတ်သော ပုဂ္ဂိုလ်၏ သတိ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မှချ။ ရှေးရှေး၌ဖြစ်သော မြဲမြံ ခိုင်ခံ့ သော သညာ (ထိရသညာ) ဖလ္လုပစာ။ နောက်နောက်ဖြစ်သော မမေ့ လျော့ခြင်း (အသံမုဿန) သည် ကာရဏူပစာ။ တ-ပစ္စည်းအရကား အောက်မေ့တတ်သောသူ ရ၏။ ထိုသို့ပင် ရငြားသော်လည်း သတော သဒ္ဒါ၏ ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာ၊ ဝါ-ဌာနူပစာ သဒ္ဒါဖြစ်သောကြောင့် အောက်မေ့ခြင်းသတိသည်သာ ပဓာနအားဖြင့်ရ၏။ (သမ္ပဇာနော-ကို လည်း ဤပုဒ်ကို နည်းမှီး၍ကောက်ပါ။)

**သမ္ပဇည။** သမ္ပဇနဿ ဘာဝေါ သမ္ပဇည်။ သမ္ပဇာနဿ၊ ကောင်းစွာအပြားအားဖြင့် သိတတ်သောပုဂ္ဂိုလ်၏။ ဘာဝေါ၊ အဖြစ် တည်း။ သမ္ပဇာနပုဒ်+ဏျပစ္စည်း။ ဘာဝတဒ္ဓိတ်။

သမ္ပဇာနအရကား ကောင်းစွာအပြားအားဖြင့် သိတတ်သော ပုဂ္ဂိုလ်ရ၏။ ယင်း၏ ပညာနှင့် ဌာနဌာနီ အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏျ-ပစ္စည်းအရ ပညာရ၏။

---

## ● အာဘောဂနှင့်သံဗန္ဓနာ

က-ဝါကျ၌ သရတိဖြင့် သတောပုဒ်၏ သရဓာတ်၏အဖြစ်ကို လည်းကောင်း[၁]၊ သရတီတိ သတော ဟု ကတ္တုသာဓနဝစနတ္တပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂] †တ-ပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတုပဒ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

† သရတီတိ ဣမိနာ "သတော" တိ ပဒဿ ကတ္တုသာဓနေ

မာဟ။ သာရတ္ထ၊ ၁။ ၃၇၅။

ခ-ဝါကျ၌ သမ္ပဇာနာတိဖြင့် သမ္ပဇာနာတီတိ သမ္ပဇာနော ဟု

http://www.dhammadownload.com



ကတ္တုသာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ယုပစ္စည်း၏ ယင်းသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** သမ္မဇာနာတိ ဟု ဖွင့်သဖြင့် သမ္ပဇာနော၌ ဥာဓာတ်ဟု မသိနိုင်သောကြောင့် ဒုတိယဓာတုပဒ အာဘော်မရဟုမှတ်။

ဂ–ဝါကျဖြင့် ပုဂ္ဂလဝိဓာန်၊ ဓမ္မဝိဓာန်၊ ဒေသနာမျိုးတွင် သတော သမ္မဇာနောကား ပုဂ္ဂလာဝိဓာန် ဒေသနာမျိုးတည်း ဟု သိစေသည်။ (ဘာဝတ္ထ။)

**ပုဂ္ဂလေနာတိ** ပုဂ္ဂလာဝိဓာနေနဟု သာရတ္ထ၊ ၁၊ ၃၇၅–ဖွင့်သည်။ ပုဂ္ဂလေန၊ ပုဂ္ဂိုလ်ဖြင့်၊ ဝါ–ပုဂ္ဂလာဝိဓာန်ဖြင့် ဟု အနက်ပေး ပုဂ္ဂလာဝိဓာန်ဟူသည် ပုဂ္ဂိုလ် (တည်ရာဓာန) ကို ပဓာနထား၍ ပြောသော စကားမျိုးတည်း၊ ယင်းစကားဖြင့် သတိ သမ္ပဇညဟူသော ဓာနီကို ယူရသောကြောင့် ဓာနူပစာတင်ရသည်။ ဋ၊ ၁၁၅၊ ဣမိနာဝိတက္ကေန အဖွင့်လည်းကြည့်။

## နည်းနှင့်ဥပစာ

**သတော။** ဌာနဖြစ်သော အောက်မေ့တတ်သော ပုဂ္ဂိုလ်၏ သတော အမည်ကို ဌာနီသတိစေတသိက်၌တင်၍ ဌာနီသတိစေတသိက်ကို " သတော " ဟု ဆိုသောကြောင့် ဌာနူပစာ။ (နာနတ္တ ရိကနည်း။)

သမ္မဇာနော။ ဌာနဖြစ်သော ကောင်းစွာ အပြားအားဖြင့် သိတတ်သောပုဂ္ဂိုလ်၏ သမ္မဇာနအမည်ကို ဌာနီပညာ (သမ္ပဇည) ၌ တင်စား၍ ဌာနီပညာ (သမ္ပဇည) ကို သမ္မဇာနောဟုဆိုသောကြောင့် ဌာနူပစာ။ (နာနတ္တ ရိကနည်း။)

http://www.dhammadownload.com



## ● ပါဠိဝိနိစ္ဆယ.

**ဓေနုပဂေါ။** ဆဋ္ဌမူအဋ္ဌကထာ။ ၁၂၁ ၌ ဓေနုပဂေါဟုရှိသည်။ ဓေနုံ ဥပဂစ္ဆတိ ဟူသော ဆိုလတ္တံ့. အဋ္ဌကထာစကားနှင့် ညီသည်။ ဓေနုသဒ္ဒူပပဒ + ဥပပုဗ္ဗ + ဂမုဓာတ် + ကွိပစ္စည်း။ ဓေနုပဂေါ ပါဠိ သင့်သည်။

**ဓေနုပကော။** အမိနို့ကိုစို့တတ်သော (သဒ္ဒတ္ထ) ။ ဓေနုသဒ္ဒူပ ပဒ+ပါဓာတ်+ဏွုပစ္စည်း။ ပဋ္ဌမကွရာနှင့်သာလိုသည်။ **တစ်နည်း။** နို့ အလို့ငှာ အမိသို့ကပ်လေ့ရှိသော (သဒ္ဒတ္ထ)။ ဓေနုပကောတိ ခီရတ္ထာယ မာတုဥပဂမနသီလော။ ပဋိသံဘိဒါမဂ် – ဂဏ္ဌိ။ အမိနို့ကိုစို့တတ်သော (အဓိပ္ပာယတ္ထ)။ ဤကား ပါရာ၊ ဂံ၊ သစ်။ ၁၆၅–အလိုတည်း။ ဓေနု ပကော ပါဠိသင့်သည်။

**မှတ်ချက်။** ဆဋ္ဌမူ သာရတ္ထဋီကာ ၃၇၅–၌ ဓေနုံ ပိဝတီတိ ဓေနုပေါ၊ ဓေနုယာ ခီရံ ပိဝန္တောတိ ဝုတ္တံ ဟောတိ – ဟု ရှိသည်။ ရှေးမူ၌ ဓေနုပကောဟု ပဋ္ဌမကွရာရှိသည်။

---

ဣဒါနိ သုခဋ္ဌ ကာယေန ပဋိသံဝေဒေသိန္တိ ဧတ္ထ

(က) ကိဉ္စာပိ တတိယဈာန (လ) ဘောဂေါ နတ္ထိ။

(ခ) ဓဝံ သန္တေပိ ယသ္မာ (လ) သမ္ပယုတ္တံ သုခံ။

(ဂ) ယံ ဝါ တံ နာမကာယ (လ) ပဋိသံဝေဒေယျ။

(ဃ) တသ္မာတေမတ္ထံ (လ) ဒေသိန္တိ အာဟ။ ဋ္ဌ။ ၁၂၁–၂။

## ● ဝါကျခွဲနှင့် ကျမ်းတက်

က–ဝါကျကား စော+ဘောဝါကျ။ ခ–ဝါကျကား ပရိ+ဘော။ ပရိဟာရဝါကျ။ ကိဉ္စာပိဝါကျထုံးစံအတိုင်း အကျယ်သိလေ။

http://www.dhammadownload.com



ယသ္မာ တဿ နာမကာယေန သမ္ပယုတ္တံ သုခံ - ကား ကရဏ ဝါကျ။ တသ္မာ ဧတမတ္ထံ ဒဿေန္တော "သုခဉ္စ ကာယေန ပဋိသံ- ဝေဒေသိ"န္တိ အာဟ–ဟူသော ယဝါကျကား ဖလဝါကျ။

## ခ–ယ ဝါကျစပ်၍ အနက်ယောဇနာပုံ

ယသ္မာ၊ ကြောင့်။ တဿ တတိယဈာနသမင်္ဂိနော၊ အား။ နာမကာယေန၊ တတိယဈာန်စိတ္တုပ္ပါဒ်ဟု ဆိုအပ်သောနာမကာယနှင့်။ သမ္ပယုတ္တံ၊ ယှဉ်သော။ သုခံ၊ စေတသိကသုခ (သုခဝေဒနာ)သည်။ အတ္ထိ၊ ၏။ တသ္မာ၊ ထိုသို့ တတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်အား တတိယ ဈာန် စိတ္တုပ္ပာဒ်ဟုဆိုအပ်သော နာမကာယနှင့်ယှဉ်သော စေတသိကသုခရှိသည် ၏ အဖြစ်ကြောင့်။ ဧတံ အတ္ထံ၊ ဤအနက်ကို၊ ဝါ - ဤတတိယဈာန သမင်္ဂီပုဂ္ဂိုလ်အား တတိယဈာန်စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော နာမကာယ နှင့် ယှဉ်သော စေတသိကသုခရှိ၏ဟူသောအနက်ကို။ ဒဿေန္တော၊ ပြလို သည်ဖြစ်၍။ သုခဉ္စ ကာယေန ပဋိသံဝေဒေသီန္တိ၊ ဟူ၍။ ဘဂဝါ၊ အာဟ။

## ဆိုလိုရင်းအဓိပ္ပာယ်

တတိယဈာနသမင်္ဂီပုဂ္ဂိုလ်မှာ သုခဝေဒနာကိုခံစားမည်ဟူသော နှလုံးသွင်း ရည်ရွယ်ချက် မရှိ၊ သို့သော် ဈာန်ဝင်စားခိုက် ( တတိယ ဈာန်စိတ် ဖြစ်ပေါ်နေရာ ) သုခ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ၂–ပါး တွင် ပါဝင်သော စေတသိက သုခသည် ယှဉ်ဖော်ယှဉ်ဖက် တတိယ ဈာန်စိတ္တုပ္ပါဒ်နှင့် ယှဉ်တွဲ ဖြစ်ပေါ်နေသည်။ သို့ဖြစ်ပေါ်နေသည်ကိုပင် သုခဉ္စ ကာယေန ပဋိသံဝေဒေသီ ဟု ဟောတော်မူလိုရင်းတည်း။

## ၁။ ဤအလိုပါဠိတော်၏အနက်ကား

သုခဉ္စ၊ စေတသိက သုခကိုလည်း။ ကာယေန၊ တတိယ ဈာန် စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော နာမကာယဖြင့်၊ ပဋိသံဝေဒေသီ၊ ခံစားပြီ။ (ဈာန်ဝင်စားခိုက်ဟုမှတ်။)

http://www.dhammadownload.com



## သာရတ္ထဋီကာအလိုအစိပ္ပာယ်

သုခပဋိသံဝေဒနာကို ခံစားမည်ဟု နှလုံးသွင်း မရှိသော်လည်း နာမကာယဖြင့် စေတသိကသုခကို၊ (ကာယိကသုခ၏ အကြောင်းဖြစ်သော ရုပ်ဖြစ်ပေါ်လာသဖြင့်) ကာယဝိညာဏ်ဖြင့် ကာယိကသုခကို ခံစားပြီဟု သိစေလိုသဖြင့် သုခဥ္စ ကာယေန ပဋိသံဝေဒေသီဟု ဟောတော်မူသည်။ သာရတ္ထ။ ၁။ ၃၇၆-၇။

## ၂။ ဤအလိုပါဠိတော်၏အနက်ကား

သုခဥ္စ၊ စေတသိကသုခ, ကာယိကသုခကိုလည်း။ ကာယေန၊ တတိယဈာန်စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော နာမကာယ, ကာယဝိညာဏ် ဟူသော နာမကာယဖြင့်။ ပဋိသံဝေဒေသီ၊ ခံစားပြီ။ ( စေတသိကသုခကား မုချ။ ကာယိကသုခကား ဥပစာဟုမှတ်။ နည်းဥပစာအဖြေနှင့် ယှဉ်ကြည့်။ ဈာန်ဝင်စားနိုက်ပင်တည်း။

## ကိဥ္စာပိဝါကျဋီကာတက်ပုံ

ခံစားလိုသောနှလုံးသွင်း (အာဘောဂ) နှင့် ကင်းလျက် (ခံစားလိုသော အာဘောဂမရှိဘဲ) အဘယ်နည်းဖြင့်၊ ဝါ-ဘယ်သို့ဘယ်ပုံ သုခကို ခံစားခြင်းဖြစ်သနည်းဟု မေးဖွယ်ရှိ၍ ကိဥ္စာပိစသည်မိန့်။ (ကိဥ္စာပိ ထုံးစံအတိုင်းလည်းတက်လေဦး။)

✝ ကထ-မာဘောဂေန ဝိနာ သုခပဋိဝေဒနာတိ အာဟ

" ကိဥ္စာပိ " တိ အာဒိ။ သာရတ္ထ၊ ၁။ ၃၇၅။

ဂ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ ခ-ဝါကျကား ပက္ခဝါကျ။

## ရှင်းလင်းချက်

ခ-ဝါကျဖြင့် ဈာန်ဝင်စားနိုက် သုခ (စေတသိကသုခ, ကာယိကသုခ) ကို ခံစားခြင်း = သုခပဋိဝေဒနာကိုပြ၍ ဂ-ဝါကျဖြင့် ဈာန်မှ

http://www.dhammadownload.com



ထသောအခါ ကာယိကသုခကို ခံစားခြင်း = သုခပဋိသံဝေဒနာကို ပြသည်။ ထိုကြောင့် ပက္ခန္တရ, ပက္ခခွဲသည်။

## ဂ–ဝါကျ ကျမ်းတက်ပုံ

ဤသို့ ခ–ဝါကျဖြင့် ဈာန်ဝင်စားခိုက် သုခ (စေတသိကသုခ,ကာယိကသုခ) ကို ခံစားခြင်းကိုပြပြီး၍ ယခုအခါ၌ ဈာန်မှထသောအခါ၌လည်း ခံစားသည်ကို၊ ဝါ–ခံစားသောဝေဒနာကိုပြခြင်းငှာ ဂ–ဝါကျမိန့်။

**မှတ်ချက်။** ဂ–ဝါကျကား ကာရဏဝါကျ၊ ဃ–ဝါကျကား ဖလဝါကျ ဟု ထပ်ခွဲလေဦး။ ခ–ကာရဏ၊ ဃ–ဖလဝါကျ။ ကာရဏဖလ တစ်စုံ။ ဂ–ကာရဏဝါကျ၊ ဃ–ဖလဝါကျ။ ကာရဏဖလတစ်စုံ။ ထိုကြောင့် ဂ–ပက္ခန္တရ၊ ခ–ပက္ခဖြစ်ပုံကိုသိလေ။

## ဂ–ဃ ဝါကျစပ်၍ အနက်ဖြော်ယူပုံ

ယသ္မာ၊ ကြောင့်။ အသုံးရာန သမင်္ဂိနော၊ ထို ဈာနသမင်္ဂီ ပုဂ္ဂိုလ်အား။ (ပဋိသံဝေဒေယျ၌စပ်။) တံသမုဋ္ဌာနေန၊ ထို နာမကာယ သမ္ပယုတ္တသုခကြောင့် ဖြစ်သော။ အတိပဏီတေန၊ အလွန်မွန်မြတ် သော။ ရူပေန၊ စိတ္တဇရုပ်သည်။ ရူပကာယသ၊ တိဇရုပ်၏၊ ဝါ–ကို။ ဖုဋ္ဌတ္တာဗျပိတတ္တာ၊ ပျံ့နှံ့စေအပ်သည်၏ အဖြစ်ကြောင့်။ (ရူပကာယော ဖုဋ္ဌော၊ ယဿ ဖုဋ္ဌတ္တာ–ကို ရူပကာယဿ ဖုဋ္ဌတ္တာ–ဟု ဝါကျဖြော်လိုက်ပါ။) ဈာနာ၊ ဈာန်မှ။ ဝုဋ္ဌိတောပိ၊ ထသော်လည်း။ သုခံ၊ ကာယိသုခကို။ ကာယေန၊ ကာယဝိညာဏ်ဖြင့်။ ပဋိသံဝေဒေယျ၊ ခံစားရာ၏။ တသ္မာ၊ ထိုသို့ တတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်အား ဈာန်မှ ထသော်လည်း ကာယိကသုခကို ကာယဝိညာဏ်ဖြင့် ခံစားရာသောကြောင့်။ ဧတံအတ္ထံ၊ ဤအနက်ကို၊ ဝါ–ဤတတိယဈာနသမင်္ဂီ ပုဂ္ဂိုလ်အား ဈာန်မှထသော်လည်း ကာယိကသုခကို ကာယဝိညာဏ်ဖြင့်ခံစား၏ ဟူသော အနက်ကို။ ဒဿေန္တော၊ ပြလိုသည်ဖြစ်၍။ သုခဉ္စ ကာယေန ပဋိသံဝေဒေသီတိ၊ ဟူ၍။ ဘဂဝါ အာဟ။

http://www.dhammadownload.com



**မှတ်ချက်။** ဤကား အတ္တနောမတိ အဓိပ္ပာယ်ဖြောင့်ပုံတည်း။ သာရတ္ထ၊ ၁။ ၃၇၆–၌ တစ်မျိုးဖွင့်သေး၏။ မိမိကား ဋီကာဆရာ၏ သမ္ဗန္ဓိတဖွဲ့ဟု ဖွင့်သည့်စကားကို သဘောမမိလှ။ မှန်သည်ဟုလည်း မထင်ပါ။

## ၃။ ဤအလိုပါဠိတော်၏အနက်ကား

သုခဥ္စ၊ ကာယိကသုခံကိုလည်း။ ကာယေန၊ ကာယဝိညာဏ် ဖြင့်။ ပဋိသံဝေဒေသိ၊ ခံစားပြီ။ (ရှာန်မှထခိုက်တည်း။)

**မှတ်ချက်။** ပါဠိတော်ကို အနက်ယောဇနာရာ၌ ၁ – ၂ ကား ခ–ဝါကျနှင့် ညီသည်ဖြစ်၍ ၃–ကား ဂ–ဝါကျနှင့်အညီ အနက်ယောဇနာ သည်ဟု သတိပြုရာ၏။

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

တံသမုဋ္ဌာန။ တတော သမုဋ္ဌာနံ တံသမုဋ္ဌာနံ။ တတော၊ ထို နာမကာယသမ္ပယုတ္တသုခကြောင့်။ သမုဋ္ဌာနံ၊ ဖြစ်သည်တည်း။ တံသမုဋ္ဌာနံ၊ ဖြစ်သည်။ ( အတိပဏီတေန ရူပေန၌စပ်။ ) ပဉ္စမီတပ္ပုရိသ်သမာသ်။ တပုဒ်+သမုဋ္ဌာနပုဒ်။

တ–ဟူသော ဝိသေသနပုဒ်အရကား နာမကာယသမ္ပယုတ္တသုခ သည် မုချ။ ယင်း၏ဖြစ်သော အတိပဏီတ စိတ္တဇရုပ်နှင့် အကြောင်း အကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ တံသမုဋ္ဌာနဟူသော သမာသ်ပုဒ်လုံးအရကား ထို မုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော နာမ ကာယ သမ္ပယုတ္တသုခကြောင့်ဖြစ်သော အတိပဏီတ စိတ္တဇရုပ်ရ၏။ (ဝိသေသနကောက် ဆက်ကောက်။)

† တံသမုဋ္ဌာနေနာတိ တတော သမုဋ္ဌိတေန အတိပဏီတေန ရူပေန။ သာရတ္ထ။ ၁။ ၃၇၆။

http://www.dhammadownload.com



**တစ်နည်း။** တံ ယထာဝုတ္တနာမကာယသမ္ပယုတ္တံ သုခံသမုဋ္ဌာနံ ကာရဏံ ယဿ ရူပဿာတိ တံသမုဋ္ဌာနံ။ ယဿရူပဿ၊ အကြင် အတိ ပဏီတ စိတ္တဇရုပ်အား။ တံ (လ) သုခံ၊ ထို ဆိုအပ်ပြီးသော နာမကာယ သမ္ပယုတ်သုခ ဟူသော။ သမုဋ္ဌာနံ ကာရဏံ၊ အကြောင်းသည်။ အတ္ထိ၊ ၏။ ဣတိ၊ တံ တံသမုဋ္ဌာနံ။ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်။ တပုဒ်+သမုဋ္ဌာန ပုဒ်+ယပုဒ်။

တံသမုဋ္ဌာနဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်အရကား ထိုဆိုအပ်ပြီးသော နာမကာယသမ္ပယုတ္တသုခဟူသော အကြောင်းသည် မုချ။ ယင်းဆိုအပ်ပြီး (လ)အကြောင်း၏ အတိပဏီတ စိတ္တဇရုပ်နှင့် အကြောင်းအကျိုး အဖြစ် ဖြင့်စပ်ခြင်းသမ္ဗန်သည် ဋ္ဌာနူပစာ။ ယ-ဟူသော အညပုဒ်အရကား ထို-ဖြင့် မှတ်အပ်သော အတိပဏီတ စိတ္တဇရုပ်ရ၏။ ( ဝိသေသနကောက် ဆက် ကောက်။)

**မှတ်ချက်။** ဤကား ဝိမတိ၊ ၁။ ၇၆-ဝိဂ္ဂဟတည်း။ သာရတ္ထက တပ္ပုရိသ်ကြံ၍ ဝိမတိက ဗဟုဗ္ဗီဟိကြံသည်။ သမာသ်အရာ တထက် နိဂ္ဂဟိတ်လာ၍ တံ သမုဋ္ဌာနဟု ဖြစ်သည်။

---

## ● တတုပစ္စယာဒိဝိဘာဂ

တတိယဈာနသမင်္ဂီနော။ သမာသ်နာမ်ပုဒ်၊ ဤကာရန္တ၊ ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ စတုတ္ထီကေဝုစ် သ ဝိဘတ်။ နာ၊ ၂၀၆။ သမင်္ဂီ-ကြည့်။

---

## ● ပါဠိဝိနိစ္ဆယ

**ဖုဋ္ဌတ္တာ။ ဖုဋ္ဌတ္တာ။** သာရတ္ထ၊ ၁။ ၃၇၆ ၌။ ဖုဋ္ဌတ္တာတိ ဗျာပိ တတ္တာတိ အတ္ထော-ဟု ဖွင့်သဖြင့် ဖုဋ္ဌတ္တာပါဌ်သင့်သည်။

---

http://www.dhammadownload.com



## ● နည်းနှင့်ဥပစာ

**သုခဋ္ဌ ကာယေန ပဋိသံဝေဒေသိ။** အကြောင်းဖြစ်သော စေတသိကသုခ၏ သုခအမည်ကို အကျိုးဖြစ်သော ကာယိကသုခ၌ တင်စား၍ အကျိုးဖြစ်သော ကာယိကသုခကိုလည်း သုခဋ္ဌဟု ဆိုသောကြောင့် ကာရဏူပစာ။ (နာနတ္တ ရိကနည်း။)

**မှတ်ချက်။** ဤကား အဋ္ဌကထာ (ခ) ဝါကျနှင့် "သုခံနာမ ကာယေန ပဋိသံဝေဒေတိ"။ ဋ္ဌ။ ၁၂၂ ကို ဈာနင်္ဂာဏ နိပ္ပရိယာယ တော စေတသိကသုခမေဝ လဗ္ဘတီတိ "သုခံနာမ ကာယေန ပဋိသံဝေ ဒေတိတိ ဝုတ္တံ"ဟုဖွင့်သောသာရတ္ထ၊ ၁။ ၃၇၆ အလို နည်းဥပစာတည်း။ ဋ္ဌ။ ၁၂၂။ သုခံ ပုဒ်ကိုလည်း ဆိုခဲ့သည့်အတိုင်း ဥပစာတင်လေ။ ဝိမတိ၊ ၁။ ၇၆-၌ ကာရိယောပစာရတောဟု ဖွင့်ရာ ယင်းအလို ဖလူပစာကြံရ မည်။ ဋ္ဌ-ဂ-ဝါကျကိုရည်၍ဖွင့်ပုံရသည်။

**ဝိမတိဥပစာ။** အကျိုးဖြစ်သောကာယိကသုခ၏ သုခဋ္ဌအမည်ကို အကြောင်းဖြစ်သော စေတသိကသုခ၌ တင်စား၍ အကြောင်းဖြစ်သော စေတသိကသုခကိုလည်း သုခဋ္ဌဟုဆိုသောကြောင့် ဖလူပစာ။ (အဝိနာ ဘာဝနည်း။)

---

## ယံတံအရိယာအာစိက္ခန္တိတွေ

ယံ ဈာနဟေတု ယံ ဈာနကာရဏာ တံ တတိယဈာနသမင်္ဂိ ပုဂ္ဂလံ ဗုဒ္ဓါဒယော အရိယာ အာစိက္ခန္တိ ဒေသေန္တိ (လ) ပကာသေန္တိ၊ ပသံသန္တီတိ အဓိပ္ပါယော။ ဋ္ဌ။ ၁၂၂။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

ယံဈာနဟေတု ယံဈာနကာရဏာဖြင့် ယံ တံ ၌ ယံသဒ္ဒါသည် သဗ္ဗနာမ်ပုဒ်မဟုတ်၊ နိပါတ်ပုဒ်၏အဖြစ်ကိုလည်းကောင်း၊ ယင်းနိပါတ်ပုဒ် နောက်၌ ပဋ္ဌမိဝိဘတ်ကျေသည်၏ အဖြစ်ကိုလည်းကောင်း၊ ယင်း ပဋ္ဌမိဝိဘတ်

http://www.dhammadownload.com



သည် အပါဒါန်အနက်၌မသက်၊ ကာရဏာအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၃]၊ ယံနိပါတ်၏ ရှာန်အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၄]၊ သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ ဝိဘတ္တိပဒ။ ၃။ ဝိဘတျတ္ထ။

၄။ နိပါတလိင်္ဂတ္ထ။

✝ ယန္တိ ဟေတုအတ္ထေ နိပါတော။ ယသ္မာတိ အတ္ထော။

တေနာဟ "ယံရှာနဟေတူ"တိ။ သာရတ္ထ၊ ၁။ ၃၇၆။

တံ တတိယရှာနသမင်္ဂီ ပုဂ္ဂလံဖြင့် တံသဒ္ဒါကား တတိယရှာနသမင်္ဂီပုဂ္ဂိုလ်ကို စွဲသတည်းဟု သိစေသည်။ (သမ္ဗန္ဓာမလိင်္ဂတ္ထ။)

ဗုဒ္ဓါဒယောဖြင့် အရိယာအရ ဘုရားစသော ပုဂ္ဂိုလ်တို့ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ဒေသေန္တိဖြင့် (အာစိက္ခန္တိ) ကြားကုန်၏ဟူသည် ဟောခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** ဤအတူ အဆင့်ဆင့် ဘာဝတ္ထအာဘော်ဖော်ပါ။သာရတ္ထ၊ ၁။ ၃၇၆။

ပသံသန္တိဖြင့် အာစိက္ခန္တိ စသော ပုဒ်တို့ကား ပြောကြားခြင်းအနက် (ကိတ္တနတ္ထ) ကို ဟောသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**တစ်နည်း။** ဒေသေန္တိဖြင့် အာစိက္ခန္တိ၌ အာ ရှေးရှိသော စိက္ခဓာတ်သည် ဒေသနအနက်ကိုဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

**မှတ်ချက်။** သံဝဏ္ဏနာစစ်၊ နှာ။ ၁၇၃-အလို အာဘော်တည်း။ ဤကို နည်းမှီး၍ ဝိဘဇန္တိတိုင်အောင် ဓာတွတ္ထအာဘော်ဖော်ပါ။ ဥတ္တာနီကရောန္တိ။ ပကာသေန္တိကား ဘာဝတ္ထသာတည်း။

**တတိယရှာန်အဖွင့်ပြီး၏။**

http://www.dhammadownload.com



(က) သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာတိ ကာယိကသုခဿ စ ကာယိက ဒုက္ခဿ စ ပဟာနာ။

(ခ) ပုဗ္ဗေဝါတိ တဉ္စခေါ ပုဗ္ဗေဝ၊ န စတုတ္ထဈာနက္ခဏေ။

(ဂ) သောမနဿဒေါမနဿာနံ (လ) ဤဇွေဝ ဝုတ္တံ။ ဋ္ဌ။ ၁၂၃။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ကာယိကသုခဿ စ ဖြင့် သုခဿ စ ပဟာနာ၌ သုခ အရကာယိကသုခကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ကာယိက ဒုက္ခဿစ ဖြင့် ဒုက္ခဿ စ ပဟာနာ၌ ဒုက္ခဿ စ အရ ကာယိကဒုက္ခကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓေယျတ္ထ။

ခ-ဝါကျ၌ တဉ္စ ခေါ ပုဗ္ဗေဝ ဖြင့် ပုဗ္ဗေဝသဒ္ဒါကို သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ ဟူသော ဝါကျကိုင်၍ အတ္ထင်္ဂမာ ဟူသော နောက်ပုဒ်၌သာ စပ်ရသည်မဟုတ်၊ သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာ နာဟူသော ရှေ့ပုဒ်ကိုင်၍ ပဟာနာ ဟူသော ရှေ့ပုဒ်၌လည်း စပ်ရသည် ဟု သိစေသည်။ (သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။)

န စတုတ္ထဈာနက္ခဏေဖြင့် ပုဗ္ဗေဝ၌ ဧဝသဒ္ဒါ၏အကျိုး (ဧဝဖလ) ကို သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ စေတသိက သုခဿ စ စေတသိက ဒုက္ခဿ စ ၌ စ သဒ္ဒါ ၂-လုံးဖြင့် သောမနဿ, ဒေါမနဿ နှစ်ပုဒ်ကို ကမ္မဓာရယ် မပြုရ၊ ဒွန်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ စေတသိက သုခဿဖြင့် သောမနဿအရ စေတသိက သုခကို ယူရမည်၏ အဖြစ်ကို လည်းကောင်း[၂]၊

http://www.dhammadownload.com



စေတသိက ဒုက္ခသဖြင့် ဒေါမနဿအရ စေတသိကဒုက္ခကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း၊³ သိစေသည်။

၁။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒဋ္ဌ။ ၂။ ၃။ အဘိဓေယျဋ္ဌ။

ဂ-ဝါကျ၌ ဣတိဏ္ဍမေသံ ဒွိန္နံဖြင့် သောမနဿ ဒေါမနဿ ဟူသော ဒွန်သမာသ်ပုဒ်သည် ( စက္ခုသောတံကဲ့သို့ ) သမာဟာရဒွန် မဟုတ်၊ အဇေဠကာကဲ့သို့ အသမာဟာရဒွန်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ ပုဗ္ဗေဝ အတ္ထင်္ဂမာဖြင့် ပုဗ္ဗေဝ သဒ္ဒါကို ပဟာနာ ၌သာ စပ်ရသည်မဟုတ်သေး၊ အတ္ထင်္ဂမာ၌လည်း စပ်ရမည်ဟုသိစေသည်။ (သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။)

ဃ-ဝါကျဖြင့် အတ္ထင်္ဂမာ = ချုပ်ခြင်းသို့ ရောက်ခြင်း ဟူသည် ခဏနိရောဓအားဖြင့် ချုပ်ခြင်းသို့ရောက်သည်မဟုတ်၊ ပယ်ခြင်းပင်တည်း ဟု သိစေသည်။ (ဘာဝတ္ထ။)

---

## ● နည်းနှင့်ဥပစာ

ဆိုခဲ့ပြီးသည်မှလည်းကောင်း၊ ဆိုလတ္တံ့သည်မှလည်းကောင်း၊ အကြွင်း ကိုသာ ယူရသော နည်းသည် ပါရိသေသနည်းမည်၏။ ပြယုဂ်ကား - - **သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ** ဟူသည်တည်း။ ဤ၌ သုခဿ စ ဒုက္ခဿ စ ဟူသောနည်းသည်ဆိုလတ္တံ့သော သောမနဿအရ စေတသိက သုခ၊ ဒေါမနဿအရ စေတသိကဒုက္ခမှ ကြွင်းသော သုခအရ ကာယိက သုခ၊ ဒုက္ခအရ ကာယိကဒုက္ခကိုသာယူရသောကြောင့် ပါရိသေသနည်း မည်၏။

အပေါင်းဖြစ်သော စေတသိကသုခ, စေတသိကဒုက္ခ၊ ကာယိက သုခ, ကာယိကဒုက္ခတို့၏ သုခ, ဒုက္ခ ဟူသောအမည်ကို အစိတ်ဖြစ်သော ကာယိက သုခ, ကာယိကဒုက္ခ၌ တင်စား၍ အစိတ်ဖြစ်သော ကာယိက

http://www.dhammadownload.com



သုခ, ကာယိကဒုက္ခကိုလည်း သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ဟု ခေါ်သောကြောင့် ကေဒေသျူပစာ၊ ဝါ၊ သမုဒါယူပစာ။ (နေ ယျုတ္တ၊ ရုဠှီနည်း။ )

အလည်၌တည်လျက် အလုံးစုံသောဝါကျအား ကျေးဇူးပြုတတ်သောနည်းသည် မဇ္ဈေဒီပကနည်းမည်၏။ ပြယုဂ်ကား — ပုဗ္ဗေဝ ဟူသည်တည်း။ ဤ-၌ ပုဗ္ဗေဝ ဟူသောနည်းသည် အလယ်၌ တည်လျက် သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ဟူသောဝါကျကိုလည်းကောင်း၊ သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာဟူသောဝါကျကိုလည်းကောင်း၊ ကျေးဇူးပြုသောကြောင့် မဇ္ဈေဒီပကနည်းမည်၏။

---

## ● ပါဌဝိနိစ္ဆယ

**ဒုက္ခပ္ပဟာနာဒယော။ သုခပ္ပဟာနာဒယော။ ဋ္ဌ။ ၁၂၄။**

ပဌမဈာန်စသည်၏ ဥပစာသည် ဒုက္ခကိုသာ ပယ်သောကြောင့်လည်းကောင်း၊ သာရတ္ထ၊ ၁။ ၃၇၈-၌လည်း ဒုက္ခပ္ပဟာနာဒယောတိ စ သောပစာရာ ပဌမဈာနာဒယောဝေတ္တ အဓိပ္ပေတာ-ဟု ဆိုသောကြောင့်လည်းကောင်း၊ ဒုက္ခပ္ပဟာနာဒယောပါဌ်သာသင့်သည်။

---

အဒုက္ခမသုခန္တိ (က) ဒုက္ခာဘာဝေန အဒုက္ခံ။

(ခ) သုခါဘာဝေန အသုခံ။ ဋ္ဌ။ ၁၂၄။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဒုက္ခာဘာဝေနဖြင့် အဒုက္ခံ၌ အ-သဒ္ဒါသည် ဝုဒ္ဓိအညစသောအနက်ကိုမဟော၊ အဘာဝ (သုည) အနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း၊[1] နတ္ထိ ဒုက္ခံ ယတ္ထာတိ အဒုက္ခံဟု သတ္တမီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[2] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** ခ–ဝါကျဖြင့်လည်း အထက်ပါအတိုင်းပြသည်။ နတ္ထိ သုခံ ယတ္ထာတိ အသုခံဟု ဝစနတ္ထပြု။ အာဘော်သံဝဏ္ဏနာ တူပြီ။

က–ခ နှစ်ဝါကျလုံးဖြင့် (အဒုက္ခမသုခံ ၂–ပုဒ်ကို အဒုက္ခံအသုခံဟု ဝိဘတ်တူဖွင့်သဖြင့်) အဒုက္ခဥ္စ တံ အသုခဉ္စာတိ အဒုက္ခမသုခံဟု ကမ္မဓာရယ်သမာသ်ဝစနတ္ထပြုရမည်ဟုသိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

---

## ● ပါဠိဝိနိစ္ဆယ

**သုခနိရောဓပဒဋ္ဌာနာ။ သုခဒုက္ခနိရောဓပဒဋ္ဌာနာ**

သုခနိရောဓာ ပဒဋ္ဌာနံ ဧတိဿာတိ သုခနိရောဓပဒဋ္ဌာနာ–ဟုဝစနတ္ထပြု။ သုခနိရောဓောနာမ ဣဓ စတုတ္ထဈာနုပစာရော၊ သော ပဒဋ္ဌာနံ ဧတိဿာတိသုခနိရောဓပဒဋ္ဌာနာ။ သာရတ္ထ၊ ၁။ ၃၇၉။ ဆိုသည်။ ထိုကြောင့် ဒုက္ခသဒ္ဒါမပါသော သုခနိရောဓပဒဋ္ဌာနာပါဌ်သင့်သည်။

---

(က) ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ ဥပေက္ခာယ ဇနိတသတိပါရိ သုဒ္ဓိံ။

(ခ) ဣမသ္မိဥ္ဟိ ဈာနေ သုပရိသုဒ္ဓါ သတိ။

(ဂ) ယာ စ တဿာ သတိယာ ပါရိသုဒ္ဓိ၊ သာ ဥပေက္ခာ ယ ကတာ န အညေန။

(ဃ) တသ္မာ ဧတံ “ဥပေက္ခာသတိပါရိသုဒ္ဓိ”န္တိ ဝုစ္စတိ။

(င) ဝိဘင်္ဂေပိ ဝုတ္တံ “အယံသတိ (လ) ဥပေက္ခာသတိ ပါရိ သုဒ္ဓိန္တိ။

http://www.dhammadownload.com



(၂) ယာယ စ ဥပေက္ခာယ (လ) တတြမဇ္ဈတ္တတာ ဝေဒိ တဗ္ဗာ။

(၃) နကေဝလဥ္စေတ္ထ (လ) သမ္ပယုတ္တဓမ္မာ။

(၄) သတိသီသေန ပန ဒေသနာ ဝုတ္တာ။ ဋ။ ၁၂၅။

---

## ● အနက်ယောဇနာ

ဥပေက္ခာသတိပါရိသုဒ္ဓိ၊ တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းရှိသော။

မှတ်ချက်။ ဤကား သံဝဏ္ဏနာများနှင့် အညီ အနက်။ ပါဠိတော် စတုတ္ထဈာန်၌စပ်။ ခ-ဝါကျ၌ ဣမသ္မိံဈာနေ၊ ဤ စတုတ္ထ ဈာန်၌-ဟုစွဲလေ။

---

## ● ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ကာရဏ ဝါကျ၊ ဝါ-ယုတ္တိဒဋ္ဌိကရဏ ဝါကျ။ ထို ၌ က-ဝါကျကား ဖလဝါကျ၊ ဝါ /ယုတ္တိဒဋ္ဌိယဝါကျ။

## ခ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ဤစတုတ္ထဈာန်သည် တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သောသတိ၏ ထက်ဝန်းကျင်စင်ကြယ်ခြင်းရှိသောဟုဆို၏။ ဤဈာန်ကိုအဘယ့်ကြောင့် သတိပါရိသုဒ္ဓိဟူသနည်း၊ တစ်ပါးသောဈာန်၌လည်း သတိရှိသည် မဟုတ်လော - ကြောင့် ခ-ဝါကျ မိန့်။ ပါရာ၊ ဂ၊ သစ်၊ ၂။ ၂၂၁။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ထို-၌ ခ-ဝါကျကား အာရဒ္ဓဝါကျ။

http://www.dhammadownload.com

http://www.dhammadownload.com

[illegible]

http://www.dhammadownload.com



ဇနိတာ သတိပါရိသုဒ္ဓိ တေသံရျာနသာတိ ဥပေက္ခာသတိပါရိသုဒ္ဓိ။ တေသံရျာနသံ၊ ဤစတုတ္ထဈာန်အား။ ဥပေက္ခာဇနိတာ၊ ဥပေက္ခာသည် ဖြစ်စေအပ်သော။ သတိပါရိသုဒ္ဓိ၊ သတိ၏စင်ကြယ်ခြင်းသည်။ အတ္ထိ၊ ၏။ ဣတိ တံ ဈာနံ ဥပေက္ခာသတိပါရိသုဒ္ဓိ။ ဥပေက္ခာပုဒ် သတိပါရိသုဒ္ဓိပုဒ် ဇတပုဒ်။ တဂ္ဂုဏသံဝိညာဏ စတုတ္ထိဗဟုဗ္ဗီဟိသမာသ်။ ဇနိတာ ပုဒ်ကျေ။

ဥပေက္ခာ သတိပါရိသုဒ္ဓိဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံး အရကား တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သောသတိ၏ထက်ဝန်းကျင်မှ စင်ကြယ်ခြင်းဂုဏ်သည် မုချ။ ယင်း၏စတုတ္ထဈာန်နှင့် ဂုဏ်ဂုဏေအဖြစ် စပ်ခြင်းသမ္ဗန္ဓသည် ဋ္ဌာန္တပစား။ တေအညပုဒ်အရကား ထို-ဖြင့် မှတ်အပ်သော တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သောသတိ၏ထက်**ဝန်း**ကျင်မှ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်ရ၏။ (ဝိသေသနကောက် ဆက်ကောက်။)

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ပါရိသုဒ္ဓိ**။ ပရိပုဗ္ဗ+သုဓာတ်+တိပစ္စည်း။ ဣတ္ထိလိင်၊ ရတ္တာ**ဒိ** ဂိုဏ်း၊ ဣကာရန္တ။

**ပရိယောဒါတ**။ ပရိ + ဩဒါတ ( = အဝ + ဒါ + တ )

အဝဒါယတိ သဗ္ဗဝဏ္ဏေတိ ဩဒါတော။ သူစိ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဥပေက္ခာယ ဇနိတသတိပါရိသုဒ္ဓိဖြင့် ဥပေက္ခာနှင့် ဇနိတပုဒ်ကို ဥပေက္ခာယ ဇနိတာ ဥပေက္ခာဇနိတာဟု တတိယာတပ္ပုရိသ် သမာသ် ဝဇနတ္တပြုရမည်၏အဖြစ်ကိုလည်းကောင်း၊ သတိနှင့်ပါရိသုဒ္ဓိကို သတိယာပါရိသုဒ္ဓိ သတိပါရိသုဒ္ဓိဟု တပ္ပုရိသ်သမာသ်ဝဇနတ္တ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ ဥပေက္ခာ ဇနိတာ သတိပါရိသုဒ္ဓိ တေသာတိဥပေက္ခာ

http://www.dhammadownload.com



သတိပါရိသုဒ္ဓိဟု စတုတ္ထဇ္ဈာနသမာသ်ဝစနတ္တ ပြုရမည်၏ အဖြစ်ကို လည်းကောင်း[၃]၊ ဥပေက္ခာဇနိတာ ဟူသော ရှေ့ပုဒ်၌ ဇနိတာဟူသော နောက်ပုဒ်ကျေသည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ၂။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၄။ ဘာဝတ္ထ။

**မှတ်ချက်။** ခ-ဝါကျ၌ ဣမသ္မိံ ဈာနေ ဟူသော အာဓာရပုဒ်ကိုထောက်၍ ဥပေက္ခာသတိပါရိသုဒ္ဓိပုဒ်ကို သတ္တမီဗဟုဗ္ဗီဟိ ပြုလျှင် ပိုကောင်း၏။ ၁-၂ အာဘော်ကား နေယျတ္ထ အာဘော် မျိုးတည်း။ ဆင်တဲဂဏ္ဌိ။ ၂၆၇ ၌ " ဥပေက္ခာ စ သတိ စ ဥပေက္ခာသတိဟူသော ဒွန်သမာသ်ဝစနတ္ထလည်း ဖြစ်ကောင်းရကား ဥပေက္ခာယ ဇနိတသတိ မိန့်၍ မဇ္ဈေလောပီတတိယာ တပ္ပုရိသ်သမာသ်ပြုလေဟူလိုသတည်း" ဟု ဆိုသည်။ သာရတ္ထ၊ ၁။ ၃၇၉-၌ မည်သည့်သမာသ်ဟု မဖွင့်ဘဲ ပုရိမပဒေ ဥတ္တရပဒလောပေနေတံ သမာသပဒံ ဟုသာ ဖွင့်သည်။

၂-ဝါကျဖြင့် ဥပေက္ခာအရ ဝေဒနာနုပေက္ခာစသည်ကို မယူရ။ တတြမဇ္ဈတ္တု ပေက္ခာကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

---

## ● နည်းနှင့်ဥပစာ

ပြဋ္ဌာန်းသည်ကိုဆိုသဖြင့် မပြဋ္ဌာန်းသည် ကိုလည်း ရသောနည်းသည် ပဓာနနည်းမည်၏။ ကား – **ဥပေက္ခာသတိပါရိသုဒ္ဓိ** တည်း။ ဤ-၌ သတိ တည်းဟူသော ပြဋ္ဌာန်းသည်ကို ဆိုသဖြင့် ခပ်သိမ်းသော သမ္ပယုတ္တဓမ္မ တည်းဟူသော မပြဋ္ဌာန်းသည်ကိုလည်း ရသောကြောင့် ပဓာနနည်းမည်၏။

အစိတ်ဖြစ်သော သတိ၏သတိဟူသောအမည်ကို အပေါင်း ဖြစ်သော သတိသမ္ပယုတ္တဓမ္မ၌တင်စား၍ အပေါင်းဖြစ်သော သတိသမ္ပယုတ္တဓမ္မကိုလည်း သတိဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာ။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



ယောဂျ) အနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

† ယောဂျော၊ ဟိတော ယုတ္တော ခမော တိသု။ ဓာန်။ ၉၉၅။

(က) ပုဗ္ဗေနိဝါသာနုဿတိ(လ)တဒတ္ထာယ။

(ခ) တတ္ထ ပုဗ္ဗေနိဝါသောတိ(လ)နိဝုတ္ထက္ခန္ဓာ။

(ဂ) နိဝုတ္ထာတိ အဇ္ဈာဝုတ္ထာ (လ) နိရုဒ္ဓါ။

(ဃ) နိဝုတ္ထဓမ္မာ ဝါ နိဝုတ္ထာ။

(င) ဂေါစရနိဝါသေန နိဝုတ္ထာ။

(စ) အတ္တနော ဝိညာဏေန (လ) နုဿရဏာဒီသု။ ၄။ ၁၂၈။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျမှ စ–ဝါကျတိုင်အောင်ကား ဝိတ္ထာရဝါကျ။ ထို–၍ က–ဝါကျကား သခ်ေပဝါကျ။

## သာရတ္ထအနုသန္ဓေတက်

ဤသို့ က–ဝါကျဖြင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ ပုဒ်ကို အကျဉ်းဖွင့်ပြပြီး၍ ယခုအခါ၌ အကျဉ်းအားဖြင့် ဆိုအပ် ပြီးသော အနက်ကို ဖွင့်လိုရကား ရှေးဦးစွာ ပုဗ္ဗေနိဝါသကိုပြ၍ ယင်း၌ သတိဉာဏ်တို့ကို ပြခြင်းငှာ တတ္ထ စသည်မိန့်။ သာရတ္ထ၊ ၁။ ၃၈၈။

## ဝိမတိအနုသန္ဓေတက်

ဤသို့ (ပုဗ္ဗာနုသန္ဓေတူပြီ)ပြီး၍ ယခုအခါ၌ ပုဗ္ဗေနိဝါသကို လည်းကောင်း၊ ပုဗ္ဗေနိဝါသာနုဿတိကိုလည်းကောင်း၊ ယင်းပုဗ္ဗေနိဝါသာနုဿတိ၌ ဉာဏ်ကိုလည်းကောင်း ဝေဖန်သောအားဖြင့် ပြခြင်းငှာ တတ္ထ စသည်မိန့်။ ဝိမတိ၊ ၁။ ၇၉။

ဃ–င–စ ဝါကျတို့ကား မိမိသန္တာန်၌ အကျုံးဝင်သော ဓမ္မ၏ အစွမ်းဖြင့် နိဝါသ သဒ္ဒါ၏အနက် ဟူသော အဖို့မှ တစ်ပါး မိမိသန္တာန်,

http://www.dhammadownload.com



သူတစ်ပါးသန္တာန်၌ အကျုံးဝင်သော ဓမ္မ၏အစွမ်းဖြင့် နိပါတ သဒ္ဒါ၏ အနက်တစ်မျိုးကို ပြသောကြောင့် ပက္ခန္တရဝါကျ။ ထို-၍ ဂ-ဝါကျသည် မိမိသန္တာန်၌ အကျုံးဝင်သော ဓမ္မ၏အစွမ်းဖြင့် နိပါတသဒ္ဒါ၏ အနက် ဟူသောအဖို့ကိုပြသောကြောင့် ပက္ခဝါကျ။

## ဃ-ဝါကျ အနုသန္ဓေတက်

ဤသို့ ဂ-ဝါကျဖြင့် မိမိသန္တာန်၌အကျုံးဝင်သော ဓမ္မ၏အစွမ်းဖြင့် နိပါတသဒ္ဒါ၏ အနက်ကို ပြပြီး၍ ယခုအခါ၌ သာမညအားဖြင့်၊ ဝါ-မိမိ သန္တာန်, သူတစ်ပါးသန္တာန်၌အကျုံးဝင်(မိမိသန္တာန်, သူတစ်ပါးသန္တာန်နှင့် ဆက်ဆံ) သည်၏ အစွမ်းဖြင့် နိပါတသဒ္ဒါ၏ အနက်ကို ပြခြင်းငှာ ဃ-ဝါကျမိန့်။

**မှတ်ချက်။** သာရတ္ထ၊ ၁။ ၃၈၈။ ဝိမတိ၊ ၁။ ၇၉။ ဋီကာ ၂-စောင် ညှိ၍ကျမ်းတက်လိုက်သည်။ အာဘောဂပုစ္ဆာတက်လိုလျှင် "ဆရာ၊ ဆရာ သည် ဂ-ဝါကျဖြင့် မိမိသန္တာန်၌ (လ) သဒ္ဒါ၏အနက်ကို ဆိုတော်မူ၏ (ပုဗ္ဗာနုသန္ဓေကိုထပနာထား)။ မိမိသန္တာန်၌အကျုံးဝင်သော ဓမ္မ၏အစွမ်း ဖြင့်သာ (ဝေအာဘော်ဆင်) နိပါတသဒ္ဒါ၏အနက်ကို မှတ်ရမည်လော။ အဘယ်၏ အစွမ်းဖြင့်လည်း ဝေသဒ္ဒါ၏ အနက်ကို မှတ်ရမည်နည်း-ဟု တက်လေ။

င-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ဃ-ဝါကျကား သခ်ေပဝါကျ။

**မှတ်ချက်။** သာရတ္ထ၊ ၁။ ၃၈၈-၌ ခ-ဝါကျကို ဝိဝရန္တော-ဟု ကျမ်းတက်ပြသည်၊ င-ဝါကျကိုလည်း အောက်ပါအတိုင်း ကျမ်းတက်ပြ သည်။ ထိုကြောင့် "ဝိဝရန္တော, ဝိဝရိတုံ"ဟု ဖွင့်ပြလျှင် ဝိတ္ထာရပြသည်ဟု မှတ်ရာ၏။

† တံ ဝိဝရိတုံ "ဂေါစရနိပါတေနာ" တိအာဒိ ဝုတ္တံ။ သာရတ္ထ၊ ၁။ ၃၈၈။ ဝိမတိ၊ ၁။ ၇၉။

* ဝိဝရိတုံ, ဝိဝရန္တ၊ ကျမ်းတက်ပြကာ၊ ယင်းဝါကျ၊ မှတ်ကြ ဝိတ္ထာရာ။ (သစ်)

http://www.dhammadownload.com



စ-ဝါကျကား ဝိဏ္ဏာရဝါကျ။ ထို-၍ င-ဝါကျကား သခေ်ပ ဝါကျ။

## စ-ဝါကျအနုသန္ဓေတက်

ဤ င-ဝါကျဖြင့် (ဘာသာပြန် ပုစ္ဆာနုသန္ဓေပြု) ပြီး၍ ယခုအခါ၌ ယင်းဓမ္မတို့ကား သကဝိညာဏဂေါစရ၊ ပရဝိညာဏဂေါစရ အဖြစ်အားဖြင့် နှစ်ပါးပြားကုန်ရကား ယင်းနှစ်ပါးစုံကိုပြခြင်းငှာ အတ္တနောစသော စ-ဝါကျကိုမိန့်။ ပါရာ၊ ဂံ၊ သံစ်၊ ၂။ ၂၄၃။ သာံရတ္ထ၊ ၁။ ၃၈၈။

---

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ဆိန္နဝဋုမကာ။** ဆိန္နံ ဝဋုမံ ဧတေသန္တိ ဆိန္န ဝဋုမကာ။ ဧတေသံ၊ ထိုသဗ္ဗညုဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့အား။ ဆိန္နံ၊ ဖြတ်အပ်ပြီးသော။ ဝဋုမံ၊ သံသရာလမ်းခရီးသည် (သာရတ္ထ)၊ **တစ်နည်း။** ဝဋုမံ၊ ကုသိုလ် အကုသိုလ်ဟူသော ကမ္မဝဋ်သည် (သုတ်မဟာဝါအဋ္ဌကထာ)၊ **တစ်နည်း။** ဝဋုမံ၊ သံသရာဝဋ်သည် (သုတ်မဟာဝါဋီကာ)။ အတ္ထိ၊ ၏။ တ္တတိ၊ တေ ဆိန္နဝဋုမကာ။ အတဂ္ဂုဏသံဝိညာဏ စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဆိန္နပုဒ်၊ ဝဋုမပုဒ်၊ ဧတပုဒ်။ သမာသန္တ က-ပစ္စည်း။

ဆိန္နဝဋုမ ဟူသော မဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား ဖြတ်အပ်ပြီးသော သံသရာလမ်းခရီး၊ **တစ်နည်း။** ကုသိုလ်, အကုသိုလ်ဟူသော ကမ္မဝဋ်၊ **တစ်နည်း။** သံသရာဝဋ်သည်မုချ။ ယင်း၏ သဗ္ဗညုဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့နှင့် ပဟာတဗ္ဗ ပဟာယကအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဧတဟူသော အညပုဒ်အရကား ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော သဗ္ဗညုဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့ရ၏။

## ဝိဂ္ဂဟမှတ်ဖွယ်များ

ဝဋုမ။ ဝဇ္ဇေတိ ဧတ္ထာတိ ဝဋုမံ။ သူစိ။ ဝဇ = ဂတိယံ၊ ဥမော။ ဇဿ ဋော။ ဓာန်၊ ဋီ။ ၁၉၀။ ဝဇဓာတ်+ဥမပစ္စည်း။ ဇ ကို ဋ ပြု၍ ဝဋုမဟု ပြီးသည်။

http://www.dhammadownload.com



ဆိန္နဝဋ္ဋမကာနံ အနုဿရဏံ ဆိန္နဝဋ္ဋမကာနုဿရဏံ။

**အဈျာဝုတ္ထာ။** အတ္တနော သန္တာနံ အဓိကိစ္စ အာဝသိံ သူတိ အဈျာဝုတ္ထာ။ယေဓမ္မာ၊ အကြင်ခန္ဓာ ၅–ပါးတရားတို့သည်။ အတ္တနော၊ မိမိ၏။ သန္တာနံ၊သန္တာန်ကို။အဓိကိစ္စ၊စွဲ၍။ အာဝသိံသု၊ နေကြလေကုန်ပြီ။ ဣတိ တော အဈျာဝုတ္ထာ။ အဓိ+အာ+ဝသ+တ။

✝ မဂ္ဂေါ ပန္ထော ပထော အဒ္ဓါ၊ အဥ္စသံ ဝဋ္ဋမံ တထာ။

ဓာန်။ ၁၉၀။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ဓာတိ။** ဓေနဓာတ်+တိပစ္စည်း။ ဓေနံ ဓာတိ။ ရူ။ ၆၀၃။

**နိဝုတ္ထ။** နိပုဗ္ဗ+ဝသဓာတ်+တ ပစ္စည်း။

**နိရုဒ္ဓ။** နိပုဗ္ဗ+ရုဓဓာတ်+တပစ္စည်း။

**ပရိစ္ဆိန္န။** ပရိပုဗ္ဗ+ဆိဒိဓာတ်+တပစ္စည်း။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ပုဗ္ဗေနိဝါသာနုဿတိမှိ ယံဉာဏံဖြင့် ပုဗ္ဗေနိဝါသာနုဿတိ ပုဒ်နှင့် ဉာဏပုဒ်ကို "ပုဗ္ဗေနိဝါသာနုဿတိယံ ဉာဏံ"ဟု သတ္တမီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ ဝိမတိ၊ ၁။ ၇၉။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

က–ဝါကျ၌ ၉၀ (လ) စိတ္တေဖြင့် ယင်းစတုတ္ထဈာန်စိတ်သည် အဘိညာဏ်၏အခြေ ဖြစ်လတ်သော် ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ဖြစ် သတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com



က-ဝါကျ၌ တဒတ္ထာယဖြင့် ပုဗ္ဗေ (လ) ဉာဏာယ-၌အာယသဒ္ဒါသည် နာဝိဘတ်၏ ကာရိယမဟုတ်၊ စတုတ္ထီသဝိဘတ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း၊[၁] သ-ဝိဘတ်ကို အာယပြုရာ ၄-ဌာနတွင် တဒတ္ထသမ္ပဒါန် အနက်၌ အာယပြုထားသည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ ဝိဘတ္တိပဒ။ ၂။ ဝိဘတျတ္ထ။

## အာယပြုရာ ၄-ဌာန

၁။ ဂတျတ္ထကမ္မနိ = ဂတိအနက်ရှိသောဓာတ်၏ကံ။ ပုံစံ။ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

၂။ နယနတ္ထဿ ကမ္မနိ = နီဓာတ် အနက်ရှိသော ဓာတ်၏ကံ။ ပုံစံ။ ဒကာယ နေတိ။

၃။ ဝိဘတ္တိယာ ဝိပလ္လာသေ = ဝိဘတ္တိဝိပလ္လာသ။ ပုံစံ။ မူလာယ ပဋိကဿေယျ။ (မူလာယမူလံ၊ အရင်းသို့။)

၄။ တဒတ္ထသမ္ပဒါန် = ဗုဒ္ဓဿ အတ္ထာယ။ (တုမတ္ထသမ္ပဒါန် = လောကာနုကမ္ပာယ။)

**မှတ်ချက်။** ဆရာတို့ကား "တဒတ်, တုမတ်၊ နီဓာတ်၏ကံ၊ ဝိဘတ်ပြန်၊ မှတ်ရန်ဤလေးခု။ စတုတ္ထေက၊ ဝစန၊ သ-ကိုအာယပြု"ဟု ဆိုကြသေး၏။ အလွန်ကြီးမကွာခြားလှပါ။ အာယအပြုနောက် ၂-ပါးပြယုဂ်နီတိပဒမထင်ရှားသဖြင့် ဆရာများအသုံးပြုရိုးပြယုဂ်ကိုဖော်ပြလိုက်သည်။

✝ စတုတ္ထေကဝစနဿ၊ အာယာဒေသေန သံယုတံ။
ရူပံ အနိတ္ထိလိင်္ဂါနံ၊ ဌာနေသု စတုသု ဋ္ဌိတံ။
ဂတျတ္ထကမ္မနိစေဝ၊ နယနတ္ထဿ ကမ္မနိ။
ဝိဘတ္တိယာ ဝိပလ္လာသေ၊တဒတ္ထေစာတိ နိဒ္ဒိသေ၊ နီတိ၊ ပဒ။ ၁၈၀။

ခ-ဝါကျ၌အတီတဇာတိသုဖြင့် ပုဗ္ဗေအရ အတိတ်ဘဝကိုယူရမည်၏အဖြစ်ကိုလည်းကောင်း၊ ဝါ-ဇာတကံပိဇာတိ စသည်ကို ဟောတော်မူခြင်းကြောင့် အတိတ်လျှင်အရာရှိသောဘဝ (အတိတ်ဘဝ) ကို ဤ၌အလိုရှိအပ်သည်၏

http://www.dhammadownload.com



အဖြစ်ကိုလည်းကောင်း[၁]၊ ပုဗ္ဗေဟူသောကေဝုစ်ပုဒ်ကို အတီတဇာတီသုဟုဗဟုဝုစ်ဖြင့် ဖွင့်သောကြောင့် ပုဗ္ဗေပုဒ်၏ ဝစနဝိပလ္လာသ (ဗဟုဝုစ်မှ ကေဝုစ်ပြန်ခြင်း)ကိုလည်းကောင်း၊ ဝါ-အတိတ်ဘဝ များစွာနှင့် ပတ်သက်သောကြောင့် ပုဗ္ဗေသုဟု ဗဟုဝုစ်ဖြစ်သင့်သော်လည်း ဇာတ်ကိုငဲ့ခြင်း (ဇာတျာပေက္ခ)အားဖြင့် ပုဗ္ဗေဟု ဆိုသည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။ သာရတ္ထ၊ ၁။ ၃၈၈။ ဝိမတိ၊ ၁။ ၇၉။

၁။ အဘိဓေယျတ္ထ။ ၂။ ဝိဘတ္တိပဒ။

* ဇာတ်ကိုအနေ၊ ဟောရိုးထွေ၊ ချလေကေဝုစ်။

* ဒြပ်မှာကား၊ ဟောနည်းပြား၊ ထားလေဗဟုဝုစ်။ **(တောင်တွင်း)**

ခဝါကျဦ နိဝုတ္ထက္ခန္ဓာဖြင့် နိဝါသောပုဒ်ကို နိဝသိယိတ္တာတိ နိဝါသောဟု ကမ္မသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဏပစ္စည်းသည် ကတ္တုသာဓနၓမသက်၊ ကမ္မသာဓနၓသက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ခန္ဓာမှလွတ်သော နိဝသိတဓမ္မ (နေဖူး, ဖြစ်ဖူးသောတရား) မည်သည် မရှိသောကြောင့် နိဝါသအရ ခန္ဓာကိုယူရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ ခ-ဝါကျတစ်ဝါကျလုံးဖြင့် ပုဗ္ဗေနိဝါသောတိ ပုဗ္ဗေနိဝါသောဟု အလုတ္တသတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။ သာရတ္ထ၊ ၁။ ၃၈၈။ ဝိမတိ၊ ၁။ ၇၉။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓေယျတ္ထ။

၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

ဂ-ဝါကျဦ အဇ္ဈာဝုတ္ထာဖြင့် နိဝုတ္ထဟူသည် မိမိသန္တာန်၌ ဖြစ်ဖူးသောခန္ဓာတရား ( သကသန္တာနပရိယာပန္နတရား ) တည်း (အန္ဓယ)။ နေရာဌာနဘုံဘဝမဟုတ် (ဗျတိရေက)ဟုသိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျဦ အနုဘူတာဖြင့် အဇ္ဈာဝုတ္ထ = မိမိသန္တာန်၌ဖြစ်ဖူးသော ခန္ဓာတရားဟူသည် အစိုးတရ (အဓိဝတ္ထ) အားဖြင့်ဖြစ်သော ခန္ဓာတရား မဟုတ်၊ အဖန်ဖန် အထပ်ထပ်ဖြစ်ဖူးကုန်သော ခန္ဓာတရားတို့တည်းဟု သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



ဂ–ဝါကျ အတ္တနော သန္တာနေ ဥပ္ပန္နတ္တာ နိရုဠှါဖြင့် အနုဘူတ ဟူသည်အနုဘဝန (ခံစားခြင်း)မဟုတ်။ မိမိသန္တာန်၌ဖြစ်ကုန်၍ ချုပ်ကင်းကုန်ပြီးသော ခန္ဓာတို့တည်းဟု သိစေသည်။ (ဘာဝတ္ထ။) သာရတ္ထ၊ ၁။ ၃၈၈။ ပါရာ၊ ဂ၊ သစ်၊ ၂။ ၂၄၂။

ဃ–ဝါကျဖြင့် နိဝါသအရ မိမိသန္တာန်, သူတစ်ပါးသန္တာန်၌ အကျုံးဝင်သော ခန္ဓာ ၂–မျိုးလုံးကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

င–ဝါကျဖြင့် ဃ–ဝါကျ၏ အကျယ်ကိုသိစေသည်။ (ဘာဝတ္ထ။)

စ–ဝါကျ၌ အတ္တနော ဝိညာဏေန ဝိညာတတာပရိစ္ဆိန္နာဖြင့် ပုဗ္ဗေနိဝါသသည် မိမိဝိညာဏ်ဖြင့် သိအပ်သောတရား, သူတစ်ပါးဝိညာဏ်ဖြင့် သိအပ်သောတရားဟု ၂–မျိုးရှိရာတွင် မိမိဝိညာဏ်ဖြင့် သိရသောတရားတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

စ–ဝါကျ၌ ပရဝိညာဏဝိညာတာပိ ဝါဖြင့် သူတစ်ပါးဝိညာဏ်ဖြင့် သိအပ်သောအာရုံများသည်လည်း နိဝါသ(နိဝုတ္ထ)မည်၏ဟု သိစေသည်။ (ဘာဝတ္ထ။)

စ–ဝါကျဆိန္နဝါ မူကာနသုရဏာဒီသုဖြင့် ပရဝိညာဏဝိညာတ ဖြစ်သောနိဝါသ(နိဝုတ္ထ)တို့တွင် ထိပ်တန်းအထက်အကျဆုံး (သိခါပတ္တ) ဖြစ်သော နိဝါသ(နိဝုတ္ထ)ကား သံသရာဝဋ်မြစ်ပြတ်ပြီးသော ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, သာဝကတို့ပင်တည်းဟုသိစေသည်။ ဝိမတိ၊ ၁။ ၇၉။ (ဘာဝတ္ထ။)

---

## ● ပါဌ္ဌဝိနိစ္ဆယ

ဃ–ဝါကျ၌ နိဝုတ္ထာတိဟု ဣတိသဒ္ဒါရှိသင့်၊ မရှိသင့်––ဋီကာများနှင့်မညီသောကြောင့်လည်းကောင်း၊(ဋီကာကျမ်းတက်များကြည့်ပါ။)၊အဋ္ဌကထာ၌ နိဝုတ္ထာတိဟုဥလ္လိင်္ဂနည်းတည်ပြီးလျှင် (ဂ–ဝါကျကြည့်ပါ။) အဇ္ဈာဝုတ္ထာဟု ဖွင့်၍ ယင်းကို “ အနုဘူတာ (လ) နိရုဠှါဟုသာ ဥလ္လိင်္ဂပုဒ်ကို မထုတ်ဘဲနှင့် ပဋ္ဌမဝိကပ်၌လည်း ဖွင့်ခဲ့သောကြောင့်လည်းကောင်း ဣတိသဒ္ဒါမရှိသင့်ပါ။ ပါရာ၊ ဂ၊ သစ်၊ ၂။ ၂၄၃။

---

http://www.dhammadownload.com



## ● နည်းနှင့်ဥပစာ

**ပုဗ္ဗေနိဝါသာနုဿတိမှိ။** ပုဗ္ဗေနိဝါသာနုဿတိယံဟု ဆိုလိုလျက် ယံ သဒ္ဒါကို မှိ ပြုသော အက္ခရ ဝိပလ္လာသ နည်းအားဖြင့် ပုဗ္ဗေနိဝါသာနုဿတိမှိဟု ဆိုသည်။ ပါရာ၊ ဂါ၊ သတ်၊ ၂။-၂၄၁။

**တစ်နည်း။** ပုဗ္ဗေနိဝါသာနုဿတိယံ ဟူသော ဣတ္ထိလိင်ပုဒ်ကို ပုဗ္ဗေနိဝါသာနုဿတိမှိ ဟု ပုလ္လိင်ကဲ့သို့ ပြန်သောကြောင့် လိင်ဝိပလ္လာသ နည်း။ (နေ့ာတက္ကော။)

**အတ္တနော သန္တာနေ။** အတ္တနော၊ မိမိ၏။ သန္တာနေ၊ ၌။ အနုဘူတာ၊ --- တို့တည်း ဟူ၍လည်းကောင်း။ အတ္တနော၊ ၏။ သန္တာနေ၊ ၌။ ဥပ္ပဇ္ဇိတွာ၊ ကုန်၍။ နိရုဒ္ဓါ၊ ချုပ်ကုန်ပြီးသောခန္ဓာတို့တည်း ဟူ၍လည်း ကောင်း၊ အနုဘူတာ, နိရုဒ္ဓါ ၂-ပုဒ်ကို ငဲ့သောကြောင့် ကာကောလောကန နည်း။ (မဇ္ဈေဒီပကနည်းလည်းရသည်။ ဆိုရိုးကိုရှု၍တင်လေ။)

**ပုဗ္ဗေနိဝါသာနုဿတိ။** အပေါင်းဖြစ်သော ရှေးအတိတ် ဘဝ တို့၌ နေခဲ့ဖူးသောခန္ဓာတို့ကို အောက်မေ့ခြင်း၏ ပုဗ္ဗေနိဝါသာနုဿတိ အမည်ကို အစိတ်ဖြစ်သော ဘဝတစိတ် (ဘဝဧကဒေသ) ကို အောက် မေ့ခြင်း၌ တင်စား၍ အစိတ်ဖြစ်သော ဘဝတစ်စိတ်ကို အောက်မေ့ခြင်း ကို ပုဗ္ဗေနိဝါသာနုဿတိ ဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ- သမုဒါယူပစာ။

† တဒေကဒေသာနုဿရဏမ္ပိ ပုဗ္ဗေနိဝါသာနုဿတိဧဝ။

ဝဇိရ။ ၅၀။

**နိဝါသ = နိဝုတ္ထက္ခန္ဓာ။** ဌာန (အကြောင်း) ဖြစ်သော ခန္ဓာ ၅- ပါးတို့၏ နိဝါသ = နိဝုတ္ထက္ခန္ဓာအမည်ကို ဌာနီ (အကျိုး) ဖြစ်သော နာမဂေါတ္တစသည်၌ တင်စား၍ ဌာနီ (အကျိုး) ဖြစ်သော နာမဂေါတ္တ စသည်ကိုလည်း နိဝါသ = နိဝုတ္ထက္ခန္ဓာ ဟု ဆိုသောကြောင့် ဌာနူပစာ (ကာရဏူပစာ)။ (နာနန္တရိကနည်း။)

http://www.dhammadownload.com



## ဥပစာဖြစ်လာပုံ

ရှေ့နည်း၌ နိဝါသကို နိဝုတ္ထက္ခန္ဓာဟုဆိုသောကြောင့် ခန္ဓာကိုသာ တိုက်ရိုက်ရသည်။ နာမဂေါတ္တ စသည်ကိုကား မကင်းရာ မကင်းကြောင်း အားဖြင့်ရသည်။ နိဝုတ္တဓမ္မာဖွင့်သောနောက်နည်းကား ခန္ဓာဟုသာမဆိုဘဲ ဓမ္မဟုဆိုသဖြင့် နိဝါသအရ ခန္ဓာသာမက နာမဂေါတ္တစသည်ကိုလည်းရသည်။ ဤခြားနားချက်ကိုကြည့်၍ ရှေ့နည်း၌ ဥပစာကြံသည်။ " ခန္ဓဝိနိမုတ္တော စ နိဝါသိတဓမ္မော နတ္ထိ "။ သာရတ္ထ၊ ၁။ ၃၈၈-ကို မျှော်၍ ပုဗ္ဗေအရနှင့်နိဝါသအရ မပြားသဖြင့် ယင်းပုဒ်၌ **အဘေဒဘေဒူပစာ** တင်နိုင်သည်ဟုလည်း မှတ်ရာ၏။

---

(က) ပုဗ္ဗေနိဝါသာနုဿတိတိ ယာယ သတိယာ ပုဗ္ဗေနိဝါသံ

အနုဿရတိ၊ သာ ပုဗ္ဗေနိဝါသာနုဿတိ။

(ခ) အဘိနိန္နာမေသိန္တိ အဘိနီဟရိ။ ဋ္ဌ။ ၁၂၈။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ယာအနုဿရတိဖြင့် အနုဿတိပုဒ်ကို အနုဿရတိ တေယာတိ အနုဿတိ ဟု ကရဏသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ တိပစ္စည်း၏ ကရဏသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ အနုဿတိပုဒ်၏ သရဓာတ်၏ အဖြစ်ကိုလည်းကောင်း[၃]၊ သတိယာဖြင့် အနုဿတိအရ သတိကိုယူရမည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ ပုဗ္ဗေနိဝါသံ အနုဿတိဖြင့် ပုဗ္ဗေနိဝါသနှင့်အနုဿတိပုဒ်ကိုဒုတိယာတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတုပဒ။

၄။ အဘိဓေယျတ္ထ။ ၅။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** အဋ္ဌကထာအလို အနုဿတိသဒ္ဒါကား ကရဏသာဓ်။ ဋီကာတို့အလို ကတ္တုသာဓ်၊ ဘာဝသာဓ် ၂-မျိုး။ သတိစေတသိက်

http://www.dhammadownload.com



ကောက်ရသော ပရမတ္ထသဒ္ဒါမျိုးဖြစ်၍ သာဓနေ ၃-ပါးလုံး သင့်သည်သာ။

* ပရမတ္ထသဒ္ဒါ၏ ဝိဂြိုဟ်ပြုလရာကား၊ ကရဏ ကတ္တု ဘာဝပြု။

(တိပိဋက)

ခ-ဝါကျ၌ အဘိနိပါတ်ဖြင့် အဘိရှေး၊ နိရှေးရှိသော နမုဓာတ်၏ နိပါတအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဥပစ္စည်းကား ကာရိက် မဟုတ်၊ စရာဒိဏော၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဘာဝတ္ထ။

မှတ်ချက်။ သံဝဏ္ဏေတဗ္ဗ၌ရှိသော ဏေပစ္စည်းဖျောက်၍ ဖွင့်သဖြင့် ဏေပစ္စည်းအနက်မရှိဟု ဆင်တဲဂဏ္ဌိ။ ၂၇၅-၌ဆိုသည်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၂၄၇ အလိုမူ ကာရိက်ဏေပစ္စည်းတည်း။

---

သော အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရာမိ။

(ပါဠိတော်)

(က) သောတိ သော အဟံ။

(ခ) အနေကဝိဟိတန္တိ အနေကဝိဓံ။

(ဂ) အနေကေဟိ ဝါ ပကာရေဟိ ပဝတ္တိတံ။

(ဃ) သံဝဏ္ဏိတန္တိ အတ္ထော။ ဋ္ဌ။ ၁၂၈။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ပက္ခန္တရ။ ထို-၍ ခ-ဝါကျကား ပက္ခ။

http://www.dhammadownload.com



## ဂ–ဝါကျ အနုသန္ဓေတက်

ဤသို့ ခ–ဝါကျဖြင့် ဝိဟိသဒ္ဒါ ဝိသေဒ္ဒါ၏ ပရိယာယ်ဟု ပြပြီး၍ ယခုအခါ၌ ဝိဟိတသဒ္ဒါကား ပဝတ္တနတ္ထ၊ အနေကသဒ္ဒါဖြင့်လည်း ဘေဒနိဿိတဟု ပြခြင်းငှာ ဂ–ဝါကျမိန့်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၂၄၇။ အာဘော်နှင့်ယှဉ်ကြည့်ပါ။

ဃ–ဝါကျကား ဝိဇ္ဇာရ၊ ဝါ–ဝါကျာရမ္ဘ။ ထို–၍ ဂ–ဝါကျကား သခေ်ပ၊ ဝါ–အာရဒ္ဓ။ (ဇျတိရေကအာဘော်ကို အာဘော်ပြု၍ တိက ကျမ်းတက်လေ။)

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ သောအဟံဖြင့် ပါဠိ၌ အဘိနိန္နာမေသိ ဟု ဥတ္တမ ပုရိသ်နှင့်ယှဉ်ခြင်းကြောင့် သောပုဒ်၌ အဟံ သဒ္ဒါကို ဆောင်၍ ဆိုလျှင် ပင် အနက်ထင်ရှားသတည်း ဟု သိစေသည်။ သာရတ္ထအာဘော်။ (ဘာဝတ္ထ။)

**တစ်နည်း။** အနုသာရမိဟု အမှယောဂဖြင့် ကြိယာပုဒ်ကိုဆိုခြင်းကြောင့် သောပုဒ်၌ အဟံသဒ္ဒါကို ဆောင်၍ဆိုလျှင် အနက် ထင်ရှားသတည်းဟု သိစေသည်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၂၄၇။ အာဘော်။ (ဘာဝတ္ထ။)—

**မှတ်ချက်။** သောအဟံဖြင့် သဗ္ဗနာမ်အစွဲကိုပြသည်ဟု သဗ္ဗနာမ လိင်္ဂတ္ထဖော်ကြသည်ကား ဋီကာဂဏ္ဌိတို့နှင့်မညီ။

✝ ပါဠိယံ အဘိနိန္နာမေသိန္တိ ဥတ္တမပုရိသယောဂတ္တာ "သော"

တိဣဓ အဟံ သဒ္ဒေါ အာနေတွာ ဝုစ္စမာနော တဒတ္ထော

ပါကဋော ဟောတီတိ "သောအဟ"န္တိဝုတ္တံ၊ သာရတ္ထ၊ ၁။ ၃၈၉။

ခ–ဝါကျ၌ အနေကဝိစံဖြင့် ဝိဟိတသဒ္ဒါကား ဝိသေဒ္ဒါ၏ပရိယာယ် တည်းဟုသိစေသည်။ (အဘိဓေယျတ္ထ။)

http://www.dhammadownload.com



✝ ဝိဟိတသဒ္ဒေါ ဝိဓပရိယာယောတိ အာဟ " အနေကဝိဓ " န္တိ၊ ဘဝယောနိအာဒိဝသေန ဗဟုဝိဓန္တိ အတ္ထော။ ဝိမတိ၊ ၁။ ၇၉။

## ခ–ဝါကျနှင့်အညီ ဝိဂ္ဂဟဥာဏ်ကောက်

ဝိဓိတ္တဘာဝေနဓိယတိ ဓာရိယတိ ဌပိယတီတိ ဝါ ဝိဟိတော။

(အစိတ်ဝိဂ္ဂဟ။) အနေကော ဝိဟိတော ဧတဿ ပုဗ္ဗေနိဝါသဿာတိ အနေကဝိဟိတော (တံ အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ။) အပေါင်းဝိဂ္ဂဟ။ ဧတဿ ပုဗ္ဗေနိဝါသဿ၊ အား။ အနေကော၊ ဘဝ ယောနိ ဂတိ ဝိညာဏ ဋ္ဌိတိ သတ္တာဝါသတို့၏အစွမ်းဖြင့် များစွာသော။ ဝိဟိတော၊ အပြားသည်။ အတ္ထိ၊ ၏။ ဣတိ သော ပုဗ္ဗေနိဝါသော အနေကဝိဟိတော။ အနေကပုဒ်၊ ဝိဟိတပုဒ်၊ ဧတပုဒ်။ တဂ္ဂုဏာသံဝိညာဏစတုတ္ထီဗဟုဗ္ဗီဟိသမာသ်။

အနေက ဝိဟိတဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ် အရကား ဘဝ, ယောနိ, ဂတိ ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၏ အစွမ်းဖြင့် များစွာသော အပြားသည် မုချ။ ယင်း၏ ပုဗ္ဗေနိဝါသနှင့် ဂုဏ်ဂုဏအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ကေဟူသော အညပုဒ်အရ ထို–ဖြင့် မှတ်အပ်သော ဘဝ (လ) များစွာသောအပြားရှိသော ပုဗ္ဗေနိဝါသရ၏။ (ဝိသေသန ဆက်ကောက်။)

**အနက်ယောဇနာ။** အနေကဝိဟိတံ၊ ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါတို့၏အစွမ်းဖြင့် များစွာသော အပြားရှိသော (ပုဗ္ဗေနိဝါသံဌစပ်။)

## ဓာတ်ပစ္စယမှတ်ဖွယ်

**ဝိဟိတ။** ဝိပုဗ္ဗ+ဓာဓာတ်+တ–ပစ္စည်း။ ဓာကိုဟိပြု။ ဓာဿဟိ။

မောဂ် ၅။ ၁၀၈။

**ဝိဓ။** ဝိပုဗ္ဗ+ဓာဓာတ်+အပစ္စည်း။ သုစိ။

http://www.dhammadownload.com



**မှတ်ချက်။** ဤ ၂-ပုဒ် ဓာတ်ပစ္စည်း၊ဂိုကြည့်၍ ပရိယာယ်သဒ္ဒါ ဖြစ်ကြောင်းသိသာ၏။ အနေကဝိဓ ပုဒ်ကိုလည်း အနေကော ဝိဓော ဝေဿာတိ အနေကဝိဓောဟုဝိဂ္ဂဟပြု။ အနေကဝိဟိတနှင့်အတူ ဉာဏ်ကောက်။

ဂ-ဝါကျဖြင့် ဝိပုဗ္ဗ-ဓာတ်၏ ပဝတ္တနတ္ထကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၊ ဝါ-ဝိဟိတသဒ္ဒါ၏ပဝတ္တနတ္ထကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၊ အနေကေဟိ ပကာရေဟိဝိဟိတံ အနေကဝိဟိတံဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊ ပကာရဟူသော အလယ်ပုဒ်ကျေသည်၏ အဖြစ်ကိုလည်းကောင်း၊ အနေကသဒ္ဒါကား ဘေဒ (ပကာရ) နိဿိတ၊ ဝါ-အနေ ကအရ ပကာရကိုယူရမည်၏အဖြစ်ကို လည်းကောင်း၊ သိစေသည်။

၁။ ဒုတိယာတဝွတ္ထ။ ဝါ-နာမလိင်္ဂတ္ထ။

၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

၃။ ဘာဝတ္ထ။ ၄။ ဘာဝတ္ထ။ ဝါ အဘိဓေယျတ္ထ။

ဃ-ဝါကျဖြင့် ပဝတ္တိတံ၌ ပပုဗ္ဗဝတုဓာတ်သည် ဖြစ်ခြင်း ပဝတ္တနတ္ထကိုမဟော၊ ဒေဝါနံ့ သမ္ပဝတ္တယိ၌ကဲ့သို့ဟောခြင်း ကထနတ္ထကို ဟောသတည်းဟု သိစေသည်။ (ဒုတိယာတဝွတ္ထ။)

## ဂ-ဃ ဝါကျနှင့်အညီ ဝိဂ္ဂဟဉာဏ်ကောက်

ဝိဓိယတိ ကထိယတိတိ ဝိဟိတော။ (အစိတ်ဝိဂ္ဂဟ။) အနေကေဟိ ပကာရေဟိဝိဟိတော အနေကဝိဟိတော။ တစ်နည်း။ အနေကပကာရေဟိ သဒ္ဓိံ ဝိဟိတော အနေကဝိဟိတော။ (အပေါင်းဝိဂ္ဂဟ။) အနေကေဟိ၊ ဘာဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တဝါသတို့၏ အစွမ်းဖြင့် များစွာကုန်သော။ ပကာရေဟိ၊ အပြားတို့ဖြင့်။ ဝါ-တို့နှင့်။ သဒ္ဓိံ၊ တကွ၊ ဝိဟိတော။ ဟောအပ်သည်တည်း။ အနေကဝိဟိတော။ ဟောအပ်သည်။ အနေကပုဒ်၊ ဝိဟိတပုဒ်။ မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ်။

http://www.dhammadownload.com



အနေကဟူသော ဝိသေသနပုဒ်အရကား ဘဝ(လ)သတ္တဝါသတို့၏ အစွမ်းဖြင့် များစွာကုန်သောအပြားတို့ဒြဗ်သည်မှချ။ ယင်းတို့၏ ဟောအပ်သော ပုဗ္ဗေနိဝါသဒြဗ်နှင့် ပကာရပကာရဝန္တ, ဂုဏ်ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ အနေကဝိဟိတ ဟူသော သမာသ်ပုဒ်လုံးအရကား ဘဝ (လ) သတ္တဝါသတို့၏ အစွမ်းဖြင့် များစွာကုန်သော အပြားတို့ဖြင့်၊ ဝါ-တို့နှင့်တကွ ဟောအပ်သော ပုဗ္ဗေနိဝါသရ၏။ (ဝိသေသနဆက်ကောက်။)

**အနက်ယောဇနာ။** အနေကဝိဟိတံ၊ ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တဝါသတို့၏အစွမ်းဖြင့် များစွာကုန်သော အပြားတို့ဖြင့် ဟောအပ်သော၊ ဝါ-အပြားတို့နှင့်တကွ ဟောအပ်သော။ (ပုဗ္ဗေနိဝါသံ၌စပ်။) သာရတ္ထ၊ ၁။ ၃၈၉။ ဝိမတိ၊ ၁။ ၇၉။

(က) အနုသာသရာမိတိ (လ) အနုဂန္တွာ သရာမိ။

(ခ) အနုဒေဝ ဝါ သရာမိ။

(ဂ) စိတ္တေ အဘိနိန္နာမိတမတ္တေ ဧဝ သရာမိတိ ဒဿေတိ။

(ဃ) ပူရိတပါရမိနဉ္ဟိ မဟာပုရိသာနံ (လ) နတ္ထိ။

(င) တေန တေစိတ္တံ အဘိနိန္နာမေတွာဝ သရန္တိ။

(စ) အာဒိကမ္မိကကုလပုတ္တာနံ ပန (လ) သရန္တိ။ ဋီ။ ၁၂၈။

## ● ဝါကျချဲ့ နှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

ဂ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ခ-ဝါကျကား သခ်ေပ။

(ယင်းဝါကျအာဘော်နှင့်ယှဉ်ကြည့်ပါ။)

ဃ-ဝါကျကား ကာရဏဝါကျ။ ထို-၍ ဂ-ဝါကျကား ဖလဝါကျ။

http://www.dhammadownload.com



## စ–ဝါကျထပနာကတိကျမ်းတက်

ဆရာ၊ ဆရာသည် ဂ–ဝါကျဖြင့် စိတ်ကို ညွတ်စေအပ်ကာမျှဖြင့်သာလျှင် (ပုဗ္ဗေနိဝါသကို) အောက်မေ့နိုင်သော ဟု ဆို၏။ အဘယ်ကြောင့် စိတ်ကိုညွတ်စေအပ်ကာမျှဖြင့်သာလျှင် (ပုဗ္ဗေနိဝါသကို) အောက်မေ့နိုင်ပါသနည်း။ ပရိကံနှင့်ကင်း၍ အဘိဉာဏ်မဖြစ်သည် မဟုတ်လော ကြောင့် ဃ–ဝါကျမိန့်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၂၄၉။

**မှတ်ချက်။** "ရဟောဂတော စသည်ဖြင့် ပုဗ္ဗေနိဝါသဉာဏ်၏ ပရိကမ္မဖြစ်သော ပုဗ္ဗကရဏကို မဆိုမူ၍ ရှေ့ရှုအောက်မေ့၏ ဟူသည်ကိုသာ အဘယ်ကြောင့် ဆိုအပ်လေသနည်း – ကြောင့် ပူရိတပါရမိနှင့် စသည်ကိုမိန့်။"ဟု ဆင်တဲဂဏ္ဌိ။ ၂၇၆–၌ ကျမ်းတက်ပြသည်။

င–ဝါကျကား ဝါကျာရမ္ဘ။ ထို–၌ ဃ–ဝါကျအား အာရဒ္ဓ။

**မှတ်ချက်။** ဤ ဃ–င–ဝါကျ စကားရပ်နှင့် ဂ–ဝါကျ စကားရပ် ထပ်တူကျနေသဖြင့် ဃ–ဝါကျကို ယုတ္တိဒဋ္ဌီကရဏဝါကျ ဟု လည်း ကြံနိုင်သည်။

စ–ဝါကျကား ပက္ခန္တရ။ ထို–၌ ဃ–ဝါကျကား ပက္ခ။

## ဂ–ဝါကျထပနာတိကကျမ်းတက်

ဆရာ၊ ဆရာသည် ဃ–ဝါကျဖြင့် (ဘာသာပြန်) မရှိဟု ဆိုတော်မူ၏။ ပုဂ္ဂိုလ်တိုင်းပင်(ဝေအာဘော်ဆင်)သို့ အောက်မေ့နိုင်ပါသလော။ အဘယ်ပုဂ္ဂိုလ်တို့ကား ပရိကံပြုမှ အောက်မေ့နိုင်ပါသနည်း – ကြောင့် စ–ဝါကျမိန့်။

* ပက္ခန္တရ၊ ဟူတုံက၊ ဝေအာဘော်ဆင်။ (ပေါရာဏ)

http://www.dhammadownload.com



## ● ဝိဂ္ဂဟနှင့်ညည်းကောက်

**အာဒိကမ္မိက။** အာဒိမှိ ကမ္မံ အာဒိကမ္မံ။ အာဒိမှိ၊ အစ၌။ ကမ္မံ၊ ပုဗ္ဗေနိဝါသကိုအောက်မေ့ခြင်းအမှုတည်း။ အာဒိကမ္မံ၊– အမှု။ (အစိတ်ဝိဂ္ဂဟ။) အာဒိကမ္မေ နိယုတ္တာ အာဒိကမ္မိကာ။ ( အပေါင်းဝိဂ္ဂဟ။ ) အာဒိကမ္မေ။ အစ၌ ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်းအမှု၌။ နိယုတ္တာ၊ ယှဉ်ကုန်သောသူတို့တည်း။ အာဒိကမ္မိကာ၊ သူတို့၊–အာဒိကမ္မ ပုဒ် ဏိက ပစ္စည်း။

အာဒိကမ္မ အရကား အစ၌ ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်း အမှုသည် မှချ။ ယင်း၏ ယှဉ်သော ပုဂ္ဂိုလ်တို့ ဒြဗ်နှင့် ကမ္မ ကမ္မိ၊ သာချာသာကေအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ဏိက ပစ္စည်း အရကား အစ၌ (လ) ယှဉ်သောသူတို့ရ၏။

**မှတ်ချက်။** ဤကား ရူ။ ၃၆၀–အလို ဝိဂ္ဂဟတည်း။ အာဒိကမ္မိကပုဒ်အဖွင့်။ ဝိ၊ ဋ္ဌ၊ ၁။ ၂၃၄။ ၎င်း ဆင်တဲဂဏ္ဌိ နှင့် ကခ်ါ၊ ဋီ၊ သစ်၏အလိုကို သူ့နေရာရောက်မှရေးပါမည်။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ပဋိပါဋိ။** ပဋိပုဗ္ဗ + ပတဓာတ် + ဏ္ယပစ္စည်း။ ထ–ကို · ဋ–ပြု။ ကိတ်နာမ်ပုဒ်။ **တစ်နည်း။** ပတနံ ပါဋိ၊ ပတိရူပေန ပါဋိ ပဋိပါဋိ ဟု အစိတ်အပေါင်း ဝိဂ္ဂဟပြု။ သမာသ်နာမ်ပုဒ်။ ဏ္ယကာရန္တ၊ ဏ္ယတ္ထိလ္လိင်၊ ရတ္တာဒိဂိုဏ်း။

✝ ပဋိပါဋိ သာ။ အနုက္ကမော ပရိယာယော။

အနုပုဗ္ဗ ပုမေ ကမော။ ဓာန်။ ၄၂၉။

✝ ပဋိရူပေန ပတနံ ပဋိပါဋိ။ ပတ–ဂမနေ။

တဿ ဋော ဏ္ယ။ သူစိ။

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ အနုဂန္တွာ အနုဂန္တွာ သရာမိဖြင့် အနုသယရာမိ၌ အနုသဒ္ဒါသည် ပစ္စာဘုသ စသော အနက်ကိုမဟော၊ အစဉ်လိုက်ခြင်း (အနုဂတ) အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊[၁] ဝိစ္ဆာအန္တောဂနီတ ( ဝိစ္ဆာအတွင်းဝင်သည် ) ၏ အဖြစ်ကိုလည်းကောင်း၊[၂] သ ဒွေဘော်လာသည်၏ အဖြစ်ကိုလည်းကောင်း၊[၃] သိစေသည်။ (အနုသဒ္ဒါအနက်များကို၊ ဓာန်။ ၁၁၇၅ ၌ရှု။)

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ၃။ ဘာဝတ္ထ။

က-ဝါကျ၌ ကေမ္ပိ ဇာတိ (လ) ဇာတိပဋိပါဋိယာဖြင့် အောက်မေ့ပုံ အခြင်းအရာ (အနုသယရဏာကာရ) ကို သိစေသည်။ (ဘာဝတ္ထ။)

မှတ်ချက်။ တစ်ဘဝသိပြီးလျှင် နောက်တစ်ဘဝဆက်သိ၊ နောက်တစ်ဘဝသိပြီးတစ်ဘဝ.ဆက်ဆက်သိ။ ဤသို့ ဉာဏဂတိအားဖြင့် ဘဝအစဉ်ကို လျှောက်၍ အောက်မေ့နိုင်, သိနိုင်၏ ဟူလို။

ခ-ဝါကျဖြင့် အနုသယရာမိကို အနုသရာမိဟု ပဒစ္ဆေဒပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] အနုပုဒ် နောင် ဝေသဒ္ဒါကျေသည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ ဘာဝတ္ထ။

ဂ-ဝါကျ၌ အဘိနိန္နာမိတမတ္တေဖြင့် ဒုတိယကပ်အလို အနုသဒ္ဒါ အနန္တရတ္ထ (အကြားမရှိသော အနက်၊ ဝါ-အကြားမဲ့ ဟူသောအနက်) ကို ဟောသတည်းဟု သိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ။)

† အနုသဒ္ဒေါ အနန္တရတ္ထဒီပကော်တိ အာဟ အဘိနိန္နာမိတ

မတ္တေဝေါ တိ။ ဝိမတိ၊ ၁။ ၇၉။

http://www.dhammadownload.com



**မှတ်ချက်။** အဘိနိန္နာမေသိ ဟူသောပါဠိအရ စိတ်ကို ပုဗ္ဗေနိဝါသသို့ ညွှတ်စေကာမျှ (ညွှတ်စေသောဝိထိ၏အခြားမဲ့) ၌ပင် ပုဗ္ဗေနိဝါသအာရုံထင်ပေါ်လာသည်။ ပရိကမ် စသည် ပြုဖွယ်မလိုတော့ဟု အနုသဒ္ဒါ၏ အနန္တရတ္ထ ဖြစ်ပုံကို ဂ–ဝါကျဖြင့် ပြသည်ဖြစ်ရာ ယင်း ဂ–ဝါကျကို ဝိတ္ထာရဟုခွဲခဲ့သည်။ မတ္တ သဒ္ဒါကား သန္နိဋ္ဌာန်။ ဧဝ သဒ္ဒါကား မရိကမ်ကို ကန့်သည် ဟု ပါရာ၊ ဂံ၊ သစ်၊ ၂။ ၂၄၉–၌ ဆိုသည်။

**အနက်ယောဇနာ။** အနုဿရာမိ၊ (ဘဝအစဉ်အားဖြင့်) အစဉ်လျှောက်၍ အစဉ်လျှောက်၍ အောက်မေ့၏။ (က–ဝါကျနှင့်အညီ။)၊ ဝါ–(ပုဗ္ဗေနိဝါသသို့) စိတ်ကိုညွှတ်စေကာမျှသာလျှင် အောက်မေ့၏။ (ခ–ဝါကျနှင့်အညီ။)

---

(က) သေယျထိဒန္တိ အာရဒ္ဓပ္ပကာရဒဿနတ္ထေ နိပါတော။

(ခ) ကေမ္ဗိဇာတိန္တိ ကေမ္ဗိ(လ)ခန္ဓသန္တာနံ။ ၄။ ၁၂၈။

## အာဘောဂနှင့်သံဝဏ္ဏနာ

၂ က–ဝါကျဖြင့်သေယျထိဒံပုဒ်၏ နိပါတ်ပုဒ်၏အဖြစ်ကိုလည်းကောင်း[၁]၊ ယင်း နိပါတ်၏ သရူပပုစ္ဆာ အာကာရပုစ္ဆာအနက် ၂–ပါးတွင် အာကာရပုစ္ဆာ အနက်ကိုမဟော၊ သရူပပုစ္ဆာအနက်ကို ဟောသည်၏အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။

**အနက်ယောဇနာ။** သေယျထိဒံ၊ (အောက်မေ့ရန်အတွက်) အားထုတ်အပ်ပြီးသော ပုဗ္ဗေနိဝါသအပြားကား အဘယ်နည်း။ (သရူပပုစ္ဆာ။)

ကေမ္ဗိဇာတိ တျာဒိ။ ကေမ္ဗိဇာတိ စသည်တည်း။ **(သရူပဝိသဇ္ဇနာ။)**

**မှတ်ချက်။** နှာ။ ၁၇၃–၁၇၅ ပြန်ကြည့်ပါ။

http://www.dhammadownload.com



ခ-ဝါကျဖြင့် ဇာတိသဒ္ဒါသည် နိကာယစသောအနက်ကိုမဟော၊ ဘဝအနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

**မှတ်ချက်။** အတ္ထုဒ္ဒေသ ထုံးစံအတိုင်း အဘိဓေယျတ္ထ။ အဓိပ္ပေတတ္ထလည်း ဖော်လေဦး။ သာရတ္ထ၊ ၁။ ၃၉၀။ "ဇာယတီတိ ဇာတိတိ ကတ္တာ"ဖြင့် ဇာတိပုဒ်ကိုဇာယတီတိ ဇာတိဟုဝစနတ္ထပြ၍ တစ်ခုသောကံ ကြောင့်ဖြစ်သော ပဋိသန္ဓေအစ စုတိအဆုံးရှိသော ဧကဘဝပရိယာပန္န ခန္ဓာအစဉ်ကိုယူရမည်ဟုသိစေသည်ဟူသောအာဘော်ကိုပြ၏။ အဘိဓေယျတ္ထပင် ဖြစ်၍ အတ္ထုဒ္ဒေသထုံးစံသို့ဝင်သည်သာ။ အဘိဓေယျတ္ထကို ဖွင့်ပြလိုလျှင် ဝစနတ္ထ (ဝိဂ္ဂဟ) ရှေးဦးစွာပြ၍ နောက်မှအဘိဓေယျတ္ထကို ဖွင့်ပြတတ်သည်။ ဝစနတ္ထ ပြစေကာမူ အဘိဓာနတ္ထဟု အာဘော်မဖော်ရဟု မှတ်ရာ၏။

* သရူပတ္ထ၊ ဘိဓေယျကို၊ ဖွင့်ပြလိုလတ်၊ ဆရာမြတ်တို့၊ ဝစနတ္ထရှေ့ထားမြဲ။

* ဝစနတ္ထ၊ ပြပင်ပြလည်း၊ အဘိဓာနတ္ထ၊ မည်မရ၊ မှတ်ကြဆရာနဲ့ (နည်း)။ (သစ်)

---

အနေကာပိ သံဝဋ္ဋကပ္ပေတိအာဒီသု ပန

(က) ပရိဟာယမာနော ကပ္ပော သံဝဋ္ဋကပ္ပော။

(ခ) ဝဍ္ဎမာနော ကပ္ပော ဝိဝဋ္ဋကပ္ပော။

(ဂ) တတ္ထ သံဝဋ္ဋေန သံဝဋ္ဋဋ္ဌာယီ ဂဟိတော ဟောတိ။

(ဃ) တံ မူလကတ္တာ။

(င) ဝိဝဋ္ဋေန ဝိဝဋ္ဋဋ္ဌာယီ။

http://www.dhammadownload.com



(စ) ဝေဦ သတိ ယာနိတာနိ (လ) ပရိဂ္ဂယိတာနိ ပောဏ္ဏိ။

ဌ။ ၁၂၈။

## ● အနက်ယောဇနာ

ပရိဟာယမာနော၊ ယုတ်ဆဲလျော့ဆဲဖြစ်သော (သဒ္ဒတ္ထ)၊ ဝါ ကုန်ဆဲပျက်ဆဲသော (အဓိပ္ပာယတ္ထ)။

**မှတ်ချက်။** ဟာ = ဂတိစာဂဟာနျံဟု ဓာတွတ္ထသင်္ဂြိုဟ် လာသည်။ ယုတ်လျော့ခြင်း ဟာနိအနက်ကား သဒ္ဒတ္ထ။ ပရိဟာယမာနောတိ ခီယမာနော ဝိနဿမာနော ဟု ဖွင့်သော သာရတ္ထ၊ ၁။ ၃၉၀-အလိုကား အဓိပ္ပာယတ္ထတည်း။

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ။ ထို-၍ က-ဝါကျကား ပက္ခ။

တတ္ထ(လ)ဝိဝဋ္ဋဌာယီတိုင်အောင် ဂ-ဃ-င ဝါကျကား ဝါကျာ

ရမ္ဘဝါကျ။ ထို-၍ က-ခ ဝါကျကား အာရဒ္ဓဝါကျ။

**မှတ်ချက်။** "တတ္ထချီလျက်စကားတက်မှု"နိယံအရ ဂ-ဃ-င ဝါကျတို့ကို ဝိတ္ထာရဟုမခွဲရ။ အောက်ပါကျမ်းတက်အတိုင်း စောဒနာဖွယ်ရှိ၍ ဆက်လက်ပြသောကြောင့် ဝါကျာရမ္ဘဝါကျသာတည်း။

## တတ္ထချီဝါကျလီနတ္ထရကျမ်းတက်

ဆရာ၊ မြတ်စွာဘုရားသည် ပါဠိ၌ " သံဝဋ္ဋကပ္ပေ ဝိဝဋ္ဋကပ္ပေ " ဟု ဟောတော်မူ၏။ (ဝိ၊ ၁။ ၅-ကိုကြည့်ပါ။) အသို့မူ၍ သံဝဋ္ဋကပ္ပေ ဝိဝဋ္ဋကပ္ပေ ဟူ၍သာ ဟောတော်မူသနည်း။ သံဝဋ္ဋကပ်, သံဝဋ္ဋဌာယီ

http://www.dhammadownload.com



ကပ်၊ ဝိဝဋ္ဋကပ်, ဝိဝဋ္ဋဋ္ဌာယီကပ် ဟု အသင်္ချေယျကပ် လေးကပ်ရှိသည် မဟုတ်လော—ကြောင့် တတ္ထ စသောဝါကျမိန့်။

ဃ–ဝါကျကား ကာရဏဝါကျ။ ထို–၍ ဂ–ဝါကျကား ဖလဝါကျ။

င–ဝါကျကား ပက္ခန္တရ။ ထို–၍ ဂ–ဃ ဝါကျကား ပက္ခ။

**မှတ်ချက်။** င–ဝါကျ နှင့် ဂ–ဃ ဝါကျ တို့ကား ဝါကျာရမ္ဘ အချင်းချင်းထောက်၍ ပက္ခန္တရ ပက္ခဖြစ်ကြသည်။ က–ဝါကျကို ဂ–ဃ ဖြင့် ဆက်ပြ၍ ခ – ကို င – ဝါကျဖြင့် ဆက်ပြသည်။ ဃ – ဝါကျကား ဂ–ဝါကျအတွက်နှင့် င–ဝါကျအတွက် ၂–ဝါကျ၏ အကြောင်းပြဝါကျ တည်း။ င–ဝါကျနောက်၌ တံ မူလကဏ္ဍာ တစ်ဝါကျရှိရမည်ကို မထား တော့ဘဲ ဝါကျကာကောလောကနည်းဖြင့် ရေးသားယားသည်ဟု မှတ် ရာ၏။

စ–ဝါကျကား ဖလဝါကျ၊ ဝါ–လဒ္ဓဂုဏဝါကျ။ ထို–၍ ဂ–ဃ–င ဝါကျကား ကာရဏဝါကျ၊ ဝါ–လဒ္ဓဂုဏီယဝါကျ။

## စ–ဝါကျ ထပနှာတိကကျမ်းတက်

ဆရာ၊ ဆရာသည် ဂ–ဃ–င ဝါကျဖြင့် သံဝဋ္ဋဖြင့် သံဝဋ္ဋဋ္ဌာယီ ဝိဝဋ္ဋဖြင့် ဝိဝဋ္ဋဋ္ဌာယီကို ယူရသောဟု ဆိုတော်မူ၏။ ယင်းသို့ ယူသဖြင့် အဘယ် အကျိုးရှိပါသနည်း။ ယင်းယူရခြင်းအကျိုးကို မပြပြီလော– ကြောင့် စ–ဝါကျမိန့်။ (အနိယတ်ကို နိယတ်၌သွင်း၍ အဓိပ္ပာယ်ပြန်လေ။)

## ဓေဠိ ဝါကျ

၁။ အကျိုးဖလ (သို့မဟုတ်) လဒ္ဓဂုဏကိုပြရာ

၂။ အပြစ်ပြလဒ္ဓ ဒေါသကို သိစေလိုရာ၌ ဓေဠိ (ဓေံဟိ) ချီ၍

ရေးသားတတ်သည်ဟု မှတ်ရာ၏။

http://www.dhammadownload.com



* ဝေဠိမှာ၊ ကျိုးပြစ်ရှာ၊ လျှော်စွာအနက်ခင်း။ (ရှေ)

† ဝေဠိတိအာဒိနာ လဒ္ဓဂုဏံ ဉာပေတိ။ ပါရာ၊ ယော။ ၈၃။

---

## ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**သံဝဋ္ဋ။** သံဝဋ္ဋတိ ဝိနဿတီတိ သံဝဋ္ဋော။ ယောကပ္ပော၊ အကြင် အသင်္ချေယျကပ်သည်။ သံဝဋ္ဋတိဝိနဿတိ၊ ပျက်တတ်၏။ ဣတိ သော ကပ္ပော သံဝဋ္ဋော။ ကတ္တုသာဓန။ သံပုဗ္ဗ + ဝဋ္ဋ (ဝတု) ဓာတ်+အ ပစ္စည်း။

သံဟူသော ဥပသာရပုဒ်အရကား ဓာတွတ္ထဝိသေသကဘောဂုဏ် ရ၏။ ဝဋ္ဋ (ဝတု) ဓာတ်အရကား အသင်္ချေယျကပ်၏ ယုတ်လျော့ခြင်း၊ ဝါ-ကုန်ခြင်း, ပျက်ခြင်းဟူသော ဘင်္ဂက္ခဏသည် မုချ။ အ-ပစ္စည်းအရ ကား ဘင်္ဂက္ခဏသမင်္ဂီဖြစ်သော အသင်္ချေယျကပ်ရ၏။ ( သံဝဋ္ဋကား ကပ္ပ၏ ဝိသေသနပုဒ်ဖြစ်၍ ဝိသေသနဆက်ကောက်။)

သံဝဋ္ဋော စ သော ကပ္ပေါစာတိ သံဝဋ္ဋကပ္ပေါ။ သံဝဋ္ဋောစ၊ ပျက်ဆဲသည်လည်း။ ဟောတိ၊ ဟုတ်၏။ ကပ္ပေါစ၊ အသင်္ချေယျကပ် လည်း။ ဟောတိ၊ ဟုတ်၏။ ဣတိ သော သံဝဋ္ဋကပ္ပေါ။ (သံဝဋ္ဋ ကပ္ပ = ပျက်ဆဲကပ်။)

သံဝဋ္ဋဟူသော ဝိသေသနပုဒ်အရကား ပျက်ဆဲ (ပျက်နေခြင်း) သံဝဋ္ဋဘောဂုဏ်သည် မုချ။ ယင်း၏ အသင်္ချေယျကပ်နှင့် ဂုဏ်, ဂုဏေ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ သံဝဋ္ဋကပ္ပဟူသော သမာသ် ပုဒ်လုံးအရကား ပျက်ဆဲကပ်ရ၏။

ထိုသို့ပင် ရဉ်ြားသော်လည်း သံဝဋ္ဋကပ္ပသဒ္ဒါ၏ ဌာနူပစာသဒ္ဒါ ဖြစ်သောကြောင့် ယင်းအခါ၌ သင်္ခါရတရားတို့၏ ဆုတ်ယုတ်ပျက်စီးခြင်း သည် ဌာနူပစာအားဖြင့်ရ၏။ (ဥပစာအဖြေနှင့်ယှဉ်ကြည့်။)

http://www.dhammadownload.com



## ● ဝိဂ္ဂဟမှတ်ဖွယ်များ

ဝိဝ ဍ္ဍ၊ ဝိဝဍ္ဍတိ ပဝတ္တတိ ဝမုတိတိ ဝါ ဝိဝဍ္ဍော၊ ဝိဝဍ္ဍော ကပ္ပေါ်ဟုတွဲ။ ဂံ၊ သစ်၊ ၂။ ၂၅၀။ ကမ္ဘာမြေ၊ နေ၊ လ စသည်တို့ ဖြစ်ဆဲ ကြီးပွားတိုးပွားဆဲကပ်။

**သံဝဋ္ဋ ဋ္ဌာယီ။** သံဝဋ္ဋနံ ဝိနဿနံ သံဝဋ္ဋော။ သံဝဋ္ဋတော ဥဒ္ဓံ သံဝဋ္ဋာ ကာရေန။ တိဋ္ဌတိ သီလေနာတိ သံဝဋ္ဋဋ္ဌာယီ။ (သာရတ္ထ၊ ၁။ ၃၉၀။) သံဝဋ္ဋာတော၊ ယုတ်လျော့ကုန်ပျက်ခြင်းမှ။ ဥဒ္ဓံ၊ အထက်၌။ သံဝဋ္ဋကာရေန၊ ယုတ်လျော့ကုန်ပျက်သောအခြင်းအရာဖြင့်။ သီလေန၊ အလေ့အားဖြင့်။ တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ သံဝဋ္ဋဋ္ဌာယီ = ယုတ်လျော့ခြင်းကုန်ပျက်ခြင်းမှ အထက်၌ ယု ်လျော့သော ကုန်ပျက်သော အခြင်းအရာအားဖြင့် တည်လေ့ရှိသော အသင်္ချေယျကပ်။ ပျက်မြဲအတိုင်း တည်နေသောကပ်တည်း။

**ဝိဝဋ္ဋဋ္ဌာယီ။** ဝိဝဋ္ဋနံ နိဗ္ဗတ္တနံ ဝမုနံ ဝါ ဝိဝဋ္ဋော။ ဝိဝဋ္ဋတော ဥဒ္ဓံ ဝိဝဋ္ဋာကာရေန တိဋ္ဌတိ သီလေနာတိ ဝိဝဋ္ဋဋ္ဌာယီ။ ဝိဝဋ္ဋတော၊ ဖြစ်ခြင်းကြီးပွားခြင်းမှ။ ဥဒ္ဓံ၊ အထက်၌။ ဝိဝဋ္ဋာကာရေန၊ ဖြစ်သောကြီးပွားသော အခြင်းအရာဖြင့်။ သီလေန၊ အားဖြင့်။ တိဋ္ဌတိ၊ ၏။ ဣတိ ဝိဝဋ္ဋဋ္ဌာယီ = ဖြစ်ခြင်း ကြီးပွားခြင်းမှ အထက်၌ ဖြစ်သော ကြီးပွားသော အခြင်းအရာအားဖြင့် တည်လေ့ရှိသော အသင်္ချေယျကပ်ဖြစ်ပြီး ကြီးပွားတိုးပွားပြီးအတိုင်း တည်နေသောကပ်။

**မှတ်ချက်။** သံဝဋ္ဋော ( = သံဝဋ္ဋနံ = ဝိနာသော ) အသင်္ချေယျကပ်ပေါ်။ သံဝဋ္ဋေန ဝိနာသေန သဟ တိဋ္ဌတိ သီလေနာတိ သံဝဋ္ဋဋ္ဌာယီ။ ဇဝံ ဝိဝဋ္ဋောတိ အာဒီသုပိ–ဟု ဝိမတိ၊ ၁။ ၈၀–၌ တစ်မျိုးဖွင့်သေး၏။

**ကပ္ပ။** ပရိစ္ဆေဒဝသေန ကပ္ပိယတိ (ကြံစည်အပ်၏) တိ ကပ္ပေါ။ နီတိ၊ ဓာတု။ ၃၂၃။ **တစ်နည်း။** ကပ္ပိယတိ ပရိစ္ဆိဇ္ဇိယတိ ( ပိုင်းဖြတ်

http://www.dhammadownload.com



အပ်၏) တိ ကပ္ပေါ၊ ပါရာ၊ ယော။ ကပ္ပ ဝိဓိတက္ကဆေဒနေသု။ ဓာတ်ကျမ်း။ ပါရာ၊ ဂုံ၊ သစ်။ ၁။ ၁၁။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ပရိဟာယမာန။ ပရိပုဗ္ဗ+ဟာဓာတ်+ယ-ပစ္စည်း+မာနပစ္စည်း။**

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် သံဝဋ္ဋ၌ သံပုဗ္ဗဝဋ္ဋ (ဝတု) ဓာတ်၏ ဝိနဿန အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊[၁] သံဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုလည်းကောင်း၊[၂] သံဝဋ္ဋတိ ဝိနဿတီတိ သံဝဋ္ဋောဟု ကတ္တု သာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၃] အ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊[၄] သံဝဋ္ဋ နှင့် ကပ္ပကို သံဝဋ္ဋော စ သော ကပ္ပေါစာတိ သံဝဋ္ဋကပ္ပေါဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

၃။ အဘိဓာနတ္ထ။ ၄။ ဒုတိယပစ္စယတ္ထ။

၅။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

**ရှင်းလင်းချက်။** သံဝဋ္ဋကို ပရိဟာယနမာန ဟု ဖွင့်ရာ၌ ဝဋ္ဋ (ဝတု) ဓာတ်ကို ဓာတ်ဟာဖြင့်လဲဖွင့်သည်။ ဓာတ်လဲသောကြောင့် ဓာတွတ္ထအာဘော်ရ။ ဝဋ္ဋ၌ အ-ပစ္စည်းကို ပရိဟာယမာန-၌ မာနပစ္စည်းဖြင့်ဖွင့်။ ပစ္စည်းလဲသောကြောင့် ပစ္စယတ္ထအာဘော်။ ဝဋ္ဋ (ဝတု) ဓာတ်သည် သံ ဥပသာရကြောင့် ဝိနဿအနက်ကို ဟောသဖြင့် သံ-ကား ဓာတွတ္ထဝိသေသက။ "သမာနဝိဘတ္တိကာ၊ ဖွင့်၍ပြ၊ ကမ္မဓာရယကြံစရာ" နိယံအရ သံဝဋ္ဋနှင့် ကပ္ပကို ကမ္မဓာရယ် တွဲစေလိုသဖြင့် ပရိဟာယမာနောကပ္ပေါ

http://www.dhammadownload.com



ဟု သမာနဝိဘတ္တိဖြင့် ဖွင့်ပြသည်ဟု မှတ်ရာ၏။ သီ၊ ဋီ၊ သစ်၊ ၁။ ၄၁၄-နှင့် ပါရာ၊ ဂံ၊ သစ်၊ ၂။ ၂၅၀-၌ အကျယ်ရှုလေ။

ခ-ဝါကျဖြင့် ဝိဝဋ္ဋ၌ ဝိပုဗ္ဗဝဋ္ဋ (ဝတု) ဓာတ်၏ဝိနဿနအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၁၊ ဝိဥပသာရ၏ ဓာတွတ္ထ ဝိသေသက၏ အဖြစ်ကိုလည်းကောင်း၂၊ ဝိဝဋ္ဋတိ ပဝတ္တတိ ဝဒုတိတိ ဝါ ဝိဝဋ္ဋောဟု ကတ္တု သာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၃၊ အ-ပစ္စည်း ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၄၊ ဝိဝဋ္ဋနှင့်ကပ္ပကို ဝိဝဋ္ဋော စသော ကပ္ပေါစာတိ ဝိဝဋ္ဋကပ္ပောဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၅ သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ အဘိဓာနတ္ထ။

၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

ဂ-ဝါကျဖြင့် ဤ (ပါရာဇိကဏ်) ပါဠိ၌ သံဝဋ္ဋကပ္ပဟု ဟော သော်လည်း သံဝဋ္ဋဋ္ဌာယီကပ်ကိုလည်းယူရမည်ဟုသိစေသည်။ (ဘာဝတ္ထ။ ဝါ-အဘိဓေယျတ္ထ။)

ဃ-ဝါကျဖြင့် သံဝဋ္ဋဋ္ဌာယီကပ်၏အရင်းခံရှေ့သွားကား သံဝဋ္ဋ ကပ်တည်း၊ ထိုကြောင့် သံဝဋ္ဋဖြင့် သံဝဋ္ဋဋ္ဌာယီကို ယူရမည်ဟု သိစေသည်။ (ဘာဝတ္ထ၊ ဃ-ဝါကျကို င-ဝါကျ၌ စပ်ခိုက်အာဘော်တည်း။)

**မှတ်ချက်။** ဃ-ဝါကျကို ဂ-ဝါကျ၌စပ်ခိုက် "တံမူလကတ္တာ၊ ထို သံဝဋ္ဋဟူသော အကြောင်းရင်းရှေ့သွား ရှိသည်၏ အဖြစ်ကြောင့်-ဟု အနက်ပေး။ သော သံဝဋ္ဋော မူလံ ပုဗ္ဗင်္ဂံ ဧတဿ သံဝဋ္ဋဋ္ဌာယီနောတိ တံ မူလကောဟု ဝိဂ္ဂဟပြု။ ဃ-ဝါကျကို င-ဝါကျ၌ စပ်ခိုက် "တံမူလ ကတ္တာ၊ ထိုဝိဝဋ္ဋဟူသော အကြောင်းရင်းရှေ့သွားရှိသည်၏အဖြစ်ကြောင့်" ဟု အနက်ပေး။ "သောဝိဝဋ္ဋော မူလံ ပုဗ္ဗင်္ဂံ ဧတဿ ဝိဝဋ္ဋဋ္ဌာယီ နောတိ တံမူလကော"ဟု ဝိဂ္ဂဟပြု။

**တစ်နည်း။** ဃ-ဝါကျဖြင့် ဝိဝဋ္ဋဋ္ဌာယီကပ်၏ အရင်းခံရှေ့သွား ကား ဝိဝဋ္ဋကပ်တည်း။ ထိုကြောင့် ဝိဝဋ္ဋဖြင့် ဝိဝဋ္ဋဋ္ဌာယီကို ယူရမည်ဟု

http://www.dhammadownload.com



သိစေသည်။ (ဘာဝတ္ထ။ ဃ-ဝါကျကို င-ဝါကျဖြင့်စပ်ခိုက် အာဘော်တည်း။)

✝ တမ္ဗူလကတ္တာတိ တံပုဗ္ဗ ကတ္တာ။ သာရတ္ထ၊ ၁။ ၃၉၀။

## ● ပါဠိဝိနိစ္ဆယ

**သံဝဋ္ဋ။ သံဝတ္တ။** ဝဋ္ဋသဒ္ဒေါ ဝိနာသဝါစီဟုလည်းကောင်း၊ ဝတုသဒ္ဒေါ ဝါဂတိယမေဝ.....တကာရဿ စေတ္တ ၎ ကာရာဒေသောဟုလည်းကောင်း၊ သီ၊ ဋီ၊ သစ်၊ ၁။ ၄၁၄-၌ဆိုရကား ဝဋ္ဋဓာတ်ဖြင့်ပြီးလျှင်လည်း သံဝဋ္ဋ၊ ဝတုဓာတ်ဖြင့် ပြီးလျှင်လည်း တကို ဋပြု၍ သံဝဋ္ဋပင်ပြီးသည်။ ထိုကြောင့် သံဝဋ္ဋဟု ရှိသောပါဠိသာသင့်သည်။ (ဝိဝဋ္ဋလည်းနည်းတူမှတ်။)

## ● နည်းနှင့်ဥပစာ

**သံဝဋ္ဋကပ္ပ။** ဌာနကာလဖြစ်သော ကာလပညတ်၏ သံဝဋ္ဋကပ္ပဟူသောအမည်ကို ဌာနီကာလဝန္တဖြစ်သော သင်္ခါရတရားတို့၏ပျက်ခြင်းဆုတ်ယုတ်ခြင်း၌ တင်စား၍ ဌာနီသင်္ခါရတရားတို့၏ ပျက်ခြင်း ဆုတ်ယုတ်ခြင်းကိုလည်း "သံဝဋ္ဋကပ္ပ"ဟု ခေါ်သောကြောင့် ဌာနူပစာ။ (နာနန္တရိကနည်း။)

### ဥပစာဖြစ်လာပုံ

ကပ္ပသဒ္ဒါကား မုချအားဖြင့် ကာလပညတ်ကို ဟောသည်။ (သောပန အတ္ထတော ကာလော။) သံဝဋ္ဋနှင့်ကပ္ပတွဲလိုက်သောအခါ သံဝဋ္ဋော၊ ပျက်ဆဲဖြစ်သော။ ကပ္ပော၊ အခါကာလဟု အနက်ထွက်ရာအခါဟူသော ကာလပညတ်မည်သည်ကို ပျက်သည်ဟုလည်းကောင်း၊ တိုးပွားကြီးပွားသည်ဟုလည်းကောင်း မဆိုနိုင်ချေ။ သို့သော် ယင်းအခါကာလ၌ဖြစ်သော သင်္ခါရတရားတို့ကိုမူ ပျက်သည် တိုးပွားသည် ကြီးပွားသည်ဟူ၍ကား ဆိုကောင်း၏။ (တဒါပဝတ္တမာနသင်္ခါရဝသေနဿ ပရိဟာနိ ဝေဒိတဗ္ဗာ။သာရတ္ထ၊၁။ ၃၉၀။)

http://www.dhammadownload.com



ထိုကြောင့် ဌာနကာလ၏အမည်ကို ဌာနီကာလဝန္တ၌တင်၍ ဌာနူပစာအားဖြင့် သံဝဋ္ဋကပ္ပဟု ဆိုသည်။ ဝိဝဋ္ဋကပ္ပ၌ " ဌာနီကာလဝန္တဖြစ်သော သင်္ခါရတရားတို့ဖြစ်ခြင်း ကြီးပွားတိုးပွားခြင်း၌တင်စား၍ " စသော စကားမျှသာထူးသည်။ ကြွင်း သံဝဋ္ဋကပ္ပ နှင့် နည်းတူ မှတ်လေ။

## ဋီကာဖွင့်မှတ်ဖွယ်

သာရတ္ထ၌ " သော ပန အတ္ထတော ကာလော " ဖြင့် မုချတ္ထကို ဖွင့်ပြ၍ ဆက်လက်ဖွင့်ပြသော " တဒါ ပဝတ္တမာနသင်္ခါရဿ ဝသေန ဿ ပရိဟာနိ ဝေဒိတဗ္ဗာ–"ဖြင့် ဥပစာဖြစ်ပုံကို ဖွင့်ပြသည်ဟု မှတ်ရာ၏။

* အတ္ထကောနှင့်၊ ကျမ်းဂန်ဖွင့်၊ နည်းချင့်မုချတ္ထာ။

*ဆက်လက်တစ်ဖန်၊ ဖွင့်တုံပြန်၊ မှတ်ရန်ဥပစာ။ (သစ်)

**အနေကောပိသံဝဋ္ဋကပ္ပေ။** အကြောင်း ဖြစ်သော သံဝဋ္ဋကပ်၏ သံဝဋ္ဋကပ္ပေ ဟူသော အမည်ကို အကျိုးဖြစ်သော သံဝဋ္ဋဋ္ဌာယီကပ်၌ တင်စား၍ အကျိုးဖြစ်သော သံဝဋ္ဋဋ္ဌာယီကပ်ကိုလည်း သံဝဋ္ဋကပ္ပေ ဟု ဆိုသောကြောင့် ကာရဏူပစာ။ (နှာနန္တ ရိကနည်း။)

## ဥပစာဖြစ်လာပုံ

ပဌမတင်ခဲ့သော ဥပစာနှင့် ရောထွေးမသွားစေရန် သတိပြုပါ။ ဤဥပစာကား " သံဝဋ္ဋေန သံဝဋ္ဋဋ္ဌာယီ ဂဟိတော၊ တံမူလကတ္တာ " ဟူသော အဋ္ဌကထာကိုထောက်၍ ပါဠိ၌ အနေကေပိ သံဝဋ္ဋကပ္ပေ ဟု ဆိုစေကာမူ "အကြောင်းထောက်ဆ၊ ကျိုးသိရ၊ ကာရဏနမာနာ (ကာရဏူပစာ)" ဆိုရိုးအရ သံဝဋ္ဋကပ်ဟူသော အကြောင်းကို ဆိုသဖြင့် သံဝဋ္ဋဋ္ဌာယီဟူသော အကျိုးကိုဆိုလိုရာရောက်သည်။ သံဝဋ္ဋကပ္ပေဖြင့် သံဝဋ္ဋကပ္ပေ သံဝဋ္ဋဋ္ဌာယီကပ္ပေဟုဆိုပြီးဖြစ်သည်။ ထိုကြောင့် ကာရဏူပစာ တင်ခဲ့သည်။ အနေကေပိ ဝိဝဋ္ဋကပ္ပေ၌လည်း နည်းတူ ဝိဝဋ္ဋဋ္ဌာယီကိုလည်းယူ၍ ကာရဏူပစာတင်လေ။ ဝိဝဋ္ဋေန စ ဝိဝဋ္ဋဋ္ဌာယီ ဂဟိတော တံ မူလကတ္တာပင်တည်း။ သို့ယူမှသာ ကပ် ၄–ပါး ဖြစ်မည်။

http://www.dhammadownload.com



## နည်းနှင့်ဥပစာမှတ်ဖွယ်

**အာဘဿရတောဟေဋ္ဌာ။** ဌ။ ၁၂၉။ အစိတ် ဖြစ်သော အာဘဿရာဘုံ၏ အာဘဿရာဟူသော အမည်ကို အပေါင်းဖြစ်သော ဒုတိယဈာန် ၃-ဘုံ ( ပရိတ္တာဘာ၊ အပ္ပမာဏာဘာ, အာဘဿရာ ) ၌ တင်စား၍ ဒုတိယဈာန် ၃-ဘုံကို အာဘဿရတောဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။

အာဘဿရတောဟု အစိတ်ကိုမှတ်၍ ဆိုသဖြင့် ဒုတိယဈာန်ဘုံဟူသော အပေါင်းကိုရသောကြောင့် ဥပလက္ခဏနည်း။

ရှင်းလင်းချက်။ အာဘဿရတော၊ အာဘဿရာဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ အဂ္ဂိနာ၊ သည်။ ဒယှတိ၊ လောင်အပ်၏ဟုဆိုရာ၌ ဒုတိယဈာန် ၃-ဘုံအောက် (ပဌမဈာန်ဘုံ) လောင်သည်ကို ဒုတိယဈာန် ၃-ဘုံတွင် တစ်စိတ်တစ်ဒေသအဖြစ်ပါသော၊ အာဘဿရ ဘုံဖြင့် မှတ်၍ အာဘဿရတောဟု မရိယာဒါဝိဓိဖြင့် ဆိုထားသည်။ ထို့ကြောင့် ကေဒေသူပစာ။ အဝယဝူပစာတည်း။ " ပဌမဈာနဘူမိယော အဂ္ဂိနာ ဍယှန္တိ" ဟု အဖြောင့်ဆိုရမည့်အစား ပဌမဈာန်ဘုံထက် လွန်ကဲသော ဒုတိယဈာန်ဘုံ တစ်စိတ်ဖြင့်မှတ်၍ အာဘဿရတောဟု ဆိုသဖြင့် ဥက္ကဋ္ဌ နည်း လည်း ရပြန်သည်။ ဤ "အာဘဿရတော" ပုဒ်နည်းတူ "သုဘာ ကိဏှတော ဟေဋ္ဌာ, ဝေဟပ္ဖလတော ဟေဋ္ဌာ တို့၌လည်း ကေဒေသူ ပစာ၊ ဝါ-အဝယဝူပစာ၊ ဥပလက္ခဏနည်းရသည်ဟုမှတ်။" အစိတ် ဖြစ် သော သုဘာကိဏှာဘုံ၏ သုဘာကိဏှာ အမည်ကို အပေါင်း ဖြစ်သော တတိယဈာန် ၃-ဘုံ၌ တင်စား၍စသည်။ အစိတ်ဖြစ်သော ဝေဟပ္ဖိုလ် ဘုံ၏ ဝေဟပ္ဖလအမည်ကို အပေါင်းဖြစ်သော စတုတ္ထဈာန်ဘုံ၌ တင် စား၍ စသည်ပြောင်းလွှဲ၍ ဥပစာတင်လေ။

✝ အာဘဿရာတွတောန မရိယာဒါဝဓိ ဒသ္သေတိ။

ဣဒဉ္စ ဥက္ကဋ္ဌဝသေန ဝုတ္တံ ဥပလက္ခဏဝသေန ဝါ။

http://www.dhammadownload.com



တိဏ္ဏမ္ပိ ဒုတိယဈာနတလာနံ မရိယာဒါ၀ဓိဘာဝတော။

ပရတောပိ သောဝန်ယော။ မဏိမဥ္ဇူ။ ၂။ ၂၁။

(က) အမုတြာသိန္တိ အမုမှိ သံဝဋ္ဋကပ္ပေ အဟံ အမုမှိ ဘဝေ ဝါ(လ)သတ္တနိကာယေ ဝါ အဟောသိံ။

(ခ) ဓဝံနမောတိ ဝေဿန္တရော ဝါ ဇောတိပါလော ဝါ။

ဋ္ဌ။ ၁၂၉။

## ● အနက်ယောဇနာ

အမုမှိ သံဝဋ္ဋကပ္ပေ (ဝါ) — ဤ သံဝဋ္ဋကပ်၌လည်းကောင်း၊

**မှတ်ချက်။** ဋ္ဌ-၌ ဝါသဒ္ဒါမပါသော်လည်း လုတ္တနိဒ္ဒိဋ္ဌဖြစ်၍၊ ဝါ-ကိုဆောင်၍အနက်ပေး။ ယင်းဖြင့် သံဝဋ္ဋကပ်မှတစ်ပါးသော သံဝဋ္ဋဋ္ဌာယီ စသော အသင်္ချေယျကပ်တို့ကိုယူ။ ထိုကြောင့် သံဝဋ္ဋကပ္ပေဟူသာ ဆိုသည်။ အခြားကပ်များ မဖြစ်သောကြောင့်ဆိုသည်မဟုတ်။ ဤ အလို ပါဠိတော်၌ အမုတြကို ဤသို့အနက်ပေး။

**အမုတြ။** ဤမည်သော၊ ဝါ-ဤမည် ဤမည်သော သံဝဋ္ဋကပ်၌လည်းကောင်း၊ သံဝဋ္ဋဋ္ဌာယီကပ်၌လည်းကောင်း၊ ဝိဝဋ္ဋကပ်၌လည်းကောင်း၊ ဝိဝဋ္ဋဋ္ဌာယီကပ်၌လည်းကောင်း။

† အမုမှိ သံဝဋ္ဋကပ္ပေတိ ဧတ္ထ ဝါသဒ္ဒေါ လုတ္တနိဒ္ဒိဋ္ဌော ဒဋ္ဌဗ္ဗော။ တေန စ အနိယမတ္ထေန ဂ္ဂဟိတာသံ အသင်္ချေယျာနမ္ပိ သင်္ဂဟော သိဒ္ဓေါတိ။ သာရတ္ထ၊ ၁။ ၃၉၁။

## တစ်နည်းအနက်ယောဇနာ

အမုမှိသံဝဋ္ဋကပ္ပေ၊ ဤသံဝဋ္ဋကပ်၌။

http://www.dhammadownload.com



**မှတ်ချက်။** " သံ၀ဋ္ဋကပ္ပေ "ဟု ပါဠိတော်၌ အစထား၍ ဟောသော ပုဒ်ဖြင့် အမုတြကို အမုမှိ သံဝဋ္ဋေ ကပ္ပေ ဟု ဥပလက္ခဏ နည်းဖြင့်ဖွင့်သည်။ ကြွင်းသံ၀ဋ္ဋဌာယီစသည်ကိုလည်းရသည်ဟုမှတ်။ ဤအလို ပါဠိတော်၌ အမုတြ ကို ဤသို့အနက်ပေး။ အမုတြ၊ ဤမည်သော၊ ဝါ-ဤမည်ဤမည်သော သံဝဋ္ဋကပ်၌။

✝ အထဝါ အမုမှိ သံဝဋ္ဋကပ္ပေတိဣဒံ သံဝဋ္ဋကပ္ပဿ

အာဒိတော ပါဠိယံ ဂဟိတတ္တာ ဝုတ္တံ။ ၎င်း။

## တစ်နည်းအနက်ယောဇနာ

အမုမှိသံဝဋ္ဋကပ္ပေ၊ ဤသံဝဋ္ဋကပ်သည်။ ဝတ္တမာနေ၊ ဖြစ်လတ်

သော် (ထည့်)။

**မှတ်ချက်။** ဝတ္တမာနေ ဟု ပါဌသေသထည့်၍ အနက်ယောဇနာ လိုက်သောအခါ " သံဝဋ္ဋကပ် ဖြစ်သောအခါ ဤမည်သောဘ၀ (လ) သတ္တနိကာယ၌ ငါဖြစ်ဖူးပြီ "ဟု အဓိပ္ပာယ်တစ်မျိုး ဖြစ်လာသည်ကို တွေ့ရမည်။ ဤ အလို ပါဠိတော်၌ အမုတြကို ဤသို့အနက်ပေး၊ အမုတြ ဤမည်သော သံဝဋ္ဋကပ် ဖြစ်လတ်သော် ဤမည်သော၊ ဝါ-ဤမည် ဤမည်သော ဘ၀စသည်၌။

✝ သံဝဋ္ဋ ကပ္ပေ ဝါ ဝတ္တမာနေ။ ၎င်း။

✝ အမုတြသိ'တိ သာမညနိဒ္ဒေသောယံ, ဗျာပနိစ္ဆာလောပေါ

ဝါ။ အမုတြ အမုတြ အာသိန္တိ ဝုတ္တံ ဟောတိ။ ၎င်း။

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခ ဝါကျ။

http://www.dhammadownload.com



## ခ–ဝါကျအနုသန္ဓေတက်

ဤသို့ က–ဝါကျဖြင့် အမုတြသိ ပုဒ်၏ အဖွင့်ကို ပြပြီး၍ ယခုအခါ၌ သဗ္ဗညုဘုရားရှင်အစွမ်းဖြင့်ယင်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ်လာရကား သဗ္ဗညုဘုရား၏အမည်စသည်တို့၏အစွမ်းဖြင့် အနက်ကိုယူ၍ ပြလိုသောကြောင့် ခ–ဝါကျမိန့်။

**မှတ်ချက်။** ဓေ၀ံ က–ကာရက်ဝါကျေန " အမုတြသိ " န္တိ ပဒဿ အတ္ထံ ဒဿေတွာ – ဟု ပုဗ္ဗာနုသန္ဓေ ဖြည့်စွက်ပါ။ " ယသ္မာ ဣဒံ ဘဂဝတော ဝသေန ပုဗ္ဗေနိဝါသာနုဿတိဉာဏံ အာဂတံ၊ တသ္မာ တဿေဝ နာမာဒိဝသေန အတ္ထံ ယောဇေတွာ ဒဿေန္တော – ဟူသော သာရတ္ထ – ကို " ဣဒါနိ ဘဂဝတော ဝသေ့န ဣမဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ အာဂတတ္တာ တဿေဝ နာမာဒိဝသေန အတ္ထံ ယောဇေတွာ ဒဿေန္တောဟု အပရာနုသန္ဓေပြင်၍ ကျမ်းတက်ရာ၏။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ဓေ၀ံနာမော။** ဓေ၀ံ နာမံ တဿာတိ ဓေ၀ံ နာမော။ (နီတိ၊ သုတ္တ၊ နှာ။ ၂၀၉။) တဿ၊ ဘဂဝတောအား။ ဓေ၀ံ၊ ဤသို့သော။ နာမံ၊ ဝေဿန္တရာစသောနာမည်သည်။ အတ္ထိ၊ ရှိ၏။ ဣတိသော ဘဂဝါဓေ၀ံနာမော။ တဂ္ဂုဏသံဝိညာဏ စတုတ္ထိဗဟုဗ္ဗီသမာသ်။ ဓေ၀ံပုဒ် + နာမ+တေပုဒ်။

ဓေ၀ံနာမဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ် အရကား ဤသို့သော ဝေဿန္တရာစသော နာမည်သည်မှချ။ ယင်း၏ မြတ်စွာဘုရား ဒြဗ်နှင့် နာမ+နာမိ, သညာ+သညီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ တေဟူသော အညပုဒ်အရကား ထို မှချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော ဝေဿန္တရာစသော နာမည်ရှိသော ဘုရား (ဝါ) ဘုရားလောင်း ဒြဗ်ရ၏။

http://www.dhammadownload.com



**မှတ်ချက်။** သာရတ္ထ၌ တဿေဝ နာမာဒိဝသေနဟု ဆိုသော်လည်း ဝေဿန္တရာ စသည်ကား ဘုရားလောင်းသာတည်း။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် အမုတြာသိ ပုဒ်ကို အမုတြအာသိ ဟု ပဒစ္ဆေဒ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အမုတြ၌ တြ-ပစ္စည်း၏ သတ္တမီအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ အမုတြ အမုတြ ဟု ဆိုလိုလျက် သာမညနိဒ္ဒေသနည်း၊ ဝါ-ဝိစ္ဆာလောပအားဖြင့် အမုတြ-ဟု ဆိုလိုသည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ အာသိ၌အသဓာတ်၏ဖြစ်ခြင်း (ဘုဝိ) အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ အမှယောဂ လ္လံဝိဘတ်၏ အဖြစ်ကို လည်းကောင်း[၅]၊ (အဟံ ကပြသည်။) အမှသဗ္ဗနာမ်၏ သံဝဏ္ဏကပ် စသည်ကို စွဲသည်၏ အဖြစ်ကိုလည်းကောင်း[၆]၊ သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ ဝိဘတျတ္ထ။ ၃။ ဘာဝတ္ထ။

၄။ ဓာတွတ္ထ။ ၅။ ဒုတိယဝိဘတ္တိပဒ။ ၆။ သဗ္ဗနာမလိင်္ဂတ္ထ။

**မှတ်ချက်။** တြပစ္စည်းကို အမှမှိ၌ မှိသဒ္ဒါဖြင့်ဖွင့်ရာ၌ နာမ်ပစ္စည်းကား " တွာဒယောဝိဘတ္တိသညာယော " ကို ထောက်၍ ဝိဘတ်နာမည်ရသောကြောင့် ဝိဘတျတ္ထသံဝဏ္ဏနာသာတည်း။ ပစ္စယတ္ထမဟုတ်ဟု သတိပြုရာ၏။

ခ-ဝါကျဖြင့် ဧဝံနာမောဟု သာမညဆိုစေကာမူ ဘုရားရှင်၏ ပုဗ္ဗေနိဝါသာနုဿတိအရာဖြစ်၍ ဘုရားရှင်ဖြစ်ဖူးသော (အမည်တွင်ဖူးသော) ဝေဿန္တရာစသော နာမည်ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

http://www.dhammadownload.com



## ● နည်းနှင့်ဥပစာ

**အမုမှိသံဝဋ္ဋေကပ္ပေ။** အစိတ်ဖြစ်သော သံဝဋ္ဋကပ်၏ အမုမှိသံဝဋ္ဋကပ္ပေဟူသောအမည်ကို အပေါင်းဖြစ်သော သံဝဋ္ဋ, သံဝဋ္ဋဋ္ဌာယီ, ဝိဝဋ္ဋ, ဝိဝဋ္ဋဋ္ဌာယီကပ်တို့၌တင်စား၍ အပေါင်းဖြစ်သော ယင်းကပ်လေးမျိုးကို အမုမှိသံဝဋ္ဋကပ္ပေဟုဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ–အဝယဝူပစာ။ (ဥပလက္ခဏာနည်း။ နိဒဿနနည်း။ )

**မှတ်ချက်။** သံဝဋ္ဋကပ္ပေ၌ ဥပစာနှင့် အမုမှိသံဝဋ္ဋကပ္ပေ၌ ဥပစာတင်ပုံချင်းမတူသည်ကိုသတိပြု၍ ပုစ္ဆာအာဘော်ကျေဖြေနိုင်ပါစေ။

**အမုတြာသိံ။** အနက်ပြားလျက် သဒ္ဒါချင်းတူသည်၏ အဖြစ်ဖြင့် တစ်ခုတည်းပြုရသောနည်းသည် သာမညနိဒ္ဒေသနည်းမည်၏။ ပြယုဂ်ကား– အမုတြာသိံဟူသည်တည်း။ ဤ–၌ အမုတြဟူသောနည်းသည် အမုတြ၊ ဤမည်ဤမည်သော သံဝဋ္ဋကပ်၌။ ဤသို့အနက်ပြားလျက် အမုတြဒွေါချင်းတူသည်၏အဖြစ်ဖြင့် တစ်ခုတည်းပြုသောကြောင့် သာမညနိဒ္ဒေသနည်းမည်၏။

**မှတ်ချက်။** သာမညနိဒ္ဒေသောယံ–ဟူသော သာရတ္ထအရ တင်လိုက်သည်။ ဧကသေသနည်းတင်လျှင် ပိုကောင်းမည်။

**တစ်နည်း။** အမုတြ အမုတြ ဟု ဆိုလိုလျက် အမုတြ သဒ္ဒါကို ချေခြင်း (ဝိစ္ဆာလောပ) ကြောင့် ဝဏ္ဏလောပ (ဝဏ္ဏနာသ) နိရုတ္တိနည်း တည်း (ဗျာပနိစ္ဆာလောပေါ ဝါ။)

---

(က) ဣတီတိ ဇဝံ။

(ခ) သာကာရံ သဥဒ္ဒေသန္တိ နာမဂေါတ္တဝသေန သဥဒ္ဒေသံ။

(ဂ) ဝဏ္ဏာဒိဝသေန သာကာရံ။

http://www.dhammadownload.com



(ဃ) နာမဂေါတ္တေန ဟိ(လ)ဥဒ္ဒိသီယတိ။

(င) ဝဏ္ဏာဒီဟိ ဩဒါတော (လ) ပညာယတိ။

(စ) တသ္မာ နာမဂေါတ္တံ ဥဒ္ဒေသော။

(ဆ) ဣတရေ အာကာရော။ ဋ္ဌ။ ၁၃၀။

## ● အနက်ယောဇနာ

သဥဒ္ဒေသံ၊ ညွှန်ကြားအပ်ကြောင်းဖြစ်သော အမည်အနွယ် နှင့် တကွဖြစ်သော။

သာကာရံ၊ သိကြောင်းဖြစ်သော ဝဏ္ဏစသော အသွင် အပြင် နှင့် တကွဖြစ်သော (ပါဠိတော်၌ ပုဗ္ဗေနိဝါသံ၌စပ်။ အာဘော် အဖြေကြည့်။)

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဂ ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

ဂ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ ခ-ဝါကျကား ပက္ခဝါကျ။

ဃ-င ဝါကျကား ကာရဏဝါကျ။ စ-ဆ ဝါကျကား ဖလဝါကျ။

**မှတ်ချက်။** စ-ဝါကျ နာမဂေါတ္တ၏ ဥဒ္ဒေသ နာမည်ရခြင်း၏ အကြောင်းကို ဃ-ဝါကျဖြင့် လည်းကောင်း၊ ဆ-ဝါကျ ဝဏ္ဏစသည်၏ အာကာရ နာမည်ရခြင်း၏ အကြောင်းကို င-ဝါကျဖြင့်လည်းကောင်း ဖွင့်ပြသည်။ အာဘော် အဖြေနှင့်ယှဉ်ကြည့်ပါ။ ဃ-င ၂-ဝါကျပေါင်း၍ ကျမ်းတက်

http://www.dhammadownload.com



လိုလျှင် "ကာရဏာ"ဝါကျ ထုံးစံအတိုင်း အကြောင်းမေး၍ တက်နိုင်သည်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၂၆၂-၌ကား.....

"နာမဂေါတ္တသည် ဥဒ္ဒေသ၊ ဝဏ္ဏ စသည်တို့သည် အာကာရ မည်ကုန်၏လော စုဒ်ကြောင့် နာမဂေါတ္တဝသေနပိ စသည်မိန့် " ဟု ကျမ်းတက်သည်။

ဆ-ဝါကျ ပက္ခန္တရ။ ထို-၍ စ-ဝါကျ ပက္ခဝါကျ။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ဥဒ္ဒေသ။** ဥဒ္ဒိသီယတိ သတ္တော ဧတေနာတိ ဥဒ္ဒေသော။ သာရတ္ထ၊ ၁။ ၃၉၂။ ဧတေန - နာမဂေါတ္တေန။ ထိုအမည်အနွယ်ဖြင့်။ သတ္တော၊ သတ္တဝါကို။ ဥဒ္ဒိသီယတိ၊ ညွှန်ကြားအပ်၏။ ဣတိ တံ နာမဂေါတ္တံ ဥဒ္ဒေသော။ ကာရဏသာဓန။ ဥပုဗ္ဗ + ဒိသဓာတ် + ဏ ပစ္စည်း။

ဥဟူသော ဥပသာရပုဒ်အရကား ဓာတွတ္ထာနုဝတ္တကဘောဂဏ် ရ၏။ ဒိသဓာတ်အရ ကတ္တုဒ္ဒကြိယာကား ဤသူကား တိဿ, ဤသူ ကား ဒတ္တ စသည်ညွှန်ကြားတတ်သော ပုဂ္ဂိုလ်၏ သတိစသည်ပြဋ္ဌာန်း သော စိတ္တုပ္ပာဒ်သည်မှုချ။ ကရဏတ္ထ ကြိယာအရကား ထို--စိတ္တုပ္ပာဒ် အား တပ်သောအမည်အနွယ်၏ အာရမ္မဏ ပစ္စယသတ္တိ, ပကတူပနိဿယ သတ္တိသည် ဖလူပစာ။ ဏ-ပစ္စည်းအရကား ထိုမှုချ ဖလူပစာတို့ဖြင့် မှတ် အပ်သောအမည်အနွယ်ရ၏။

**မှတ်ချက်။** သဥဒ္ဒေသ-ပုဒ်ကို ဥဒ္ဒေသေန သဟယော (ပုဗ္ဗေ နိဝါသော) ဝတ္တတီတိ သဥဒ္ဒေသော။ (တံဥဒ္ဒေသံ)ဟုတွဲ။

**အာကာရ။** အာကရီယတိ ဒိဿာဝ သတ္တော ဝိညာယတိ ဧတေ ဟီတိ အာကာရာ။ ၎င်း။ ဧတေဟိ၊ ထိုအဆင်းစသည်တို့ဖြင့်။ ဒိဿာဝ၊မြင်၍

http://www.dhammadownload.com



သာလျှင် (မြင်လျှင်မြင်ခြင်းသာလျှင်)။ သတ္တော၊ သတ္တဝါကို။ အာကရီယတိဝိညာယတိ၊ (ဘယ်သူဘယ်ဝါဟု) သိအပ်၏။ ဣတိ တေ ဝဏ္ဏာဒယော အာကာရာ။ ကရဏသာဓနေ။ အာပုဗ္ဗ + ကရဓာတ် + ဏပစ္စည်း။

အာ ဟူသော ဥပသာရပုဒ်အရကား ဓာတွတ္ထဗာဓကဘောဂုဏ်ရ၏။ ကရဓာတ်၏အရ ကတ္တုဋ္ဌကြိယာကား သတ္တကိုမြင်လျှင် မြင်ခြင်းဦးဖြူ-ဦးမည်းဟုသိသောဉာဏ်ပြဋ္ဌာန်းသောစိတ္တုပ္ပာဒ်သည်မုချ။ကရဏတ္ထကြိယာအရကား ထိုစိတ္တုပ္ပာဒ်အားတပ်သော အဆင်းစသည်၏အာရမ္မဏပစ္စယသတ္တိ, ပကတူပနိဿယသတ္တိသည် ဖလူပစာ။ ဏ-ပစ္စည်းအရကား ထိုမုချဖလူပစာတို့ဖြင့်မှတ်အပ်သော အဆင်းစသည်ရ၏။

**မှတ်ချက်။** သဟနှင့်အာကာရ ရှေးနည်းတူသဟပုဗ္ဗပဒတွဲ ။ ဝဏ္ဏာဒိဟိဥ္ဇအာဒိဖြင့်အာဟာရ, ဝေဒယိတ, အာယုပရိစ္ဆေဒကိုယူ။

† ဝဏ္ဏာဒီဟီတိ ဝဏ္ဏာဟာရဝေဒယိတာ ယုပရိစ္ဆေဒေဟိ။ ဋင်း။

---

## ဓာတုပစ္စယာဒိဝိဘာဂ

ဩဒါတ။ အဝပုဗ္ဗ + ဒါဓာတ် + တပစ္စည်း။ အဝဒါယတိ သဗ္ဗဝဏ္ဏေတိ ဩဒါတော။ သူစိ။

သာမ။ သာဓာတ် + မပစ္စည်း။ သာယတိ တနုကရိယတိ ပဋိပက္ခဝဏ္ဏေဟီတိ သာမော။ သူစိ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဋ္ဌ ဝေံဖြင့် ဣတိသဒ္ဒါသည် ဝစနဟောတုပကာရစသော အနက်ကိုမဟော၊ နိဒဿနအနက်ကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

http://www.dhammadownload.com



✝ ဣတိ ဟေတုပကာရေသု၊ အာဒိမှိ ဓာဝဓာရဏော၊ နိဒဿနေ
ပဒတ္ထဿ၊ ဝိပလ္လာသေ သမာပနေ။ ဓာန်။ ၁၁၈၉။
✝ ဣတိတိ ဝုတ္တတ္ထနိဒဿနံ။ သာရတ္ထ၊ ၁။ ၃၉၂။

ခ-ဝါကျ၌ နာမဂေါတ္တဝသေနဖြင့် ဥဒ္ဒေသအရထိုက်သည်အား လျော်စွာ (အနုပုဗ္ဗအစဉ်အတိုင်းမဟုတ်)နာမဂေါတ္တကို ယူရမည့်၏အဖြစ်ကိုလည်းကောင်း¹၊ ဂ-ဝါကျ၌ ဝဏ္ဏာဒိဝသေနဖြင့် အာကာရအရထိုက်သည် အးလျော်စွာ (အနုပုဗ္ဗ = အစဉ်အတိုင်းမဟုတ်) ဝဏ္ဏစသည်ကို ယူရမည့်၏ အဖြစ်ကိုလည်းကောင်း² သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓေယျတ္ထ။

ရှင်းလင်းချက်။ ပါဠိတော်၌ “ဧဝံနာမော ဧဝံဂေါတ္တော ဧဝံဝဏ္ဏော ဧဝမာဟာရော ဧဝံသုခဒုက္ခပဋိသံဝေဒီ ဧဝမာယုပရိယန္တော (လ) ဣတိ သာကာရံ သဥဒ္ဒေသံဟုရှိရာ အစဉ်အတိုင်း (အနုပုဗ္ဗ)ဆိုလျှင် ဧဝံနာမော ဧဝံဂေါတ္တော ၂-ပုဒ်နှင့် သဥဒ္ဒေသံ။ ကြွင်း ၄-ပုဒ်နှင့်သာကာရန်တွဲ၍ယူရဖွယ်ရှိသည်။ ဤသို့မယူစေလို၊ ထိုက်သည်အားလျော်စွာ ယူစေလို၍ အဋ္ဌကထာ၌ ခ-ဂ ၂-ဝါကျမိန့်သည်။ ညွှန်ပြခြင်း (နိဒဿန) အနက်ရှိသော ဣတိသဒ္ဒါဖြင့် ဤသို့ နာမဂေါတ္တစသည် ထိုက်သလို တွဲယူပါဟုညွှန်ပြသည်ဟု မှတ်ရာ၏။

✝ တတ္ထ ခေါ ယထာရဟတော၊ န ယထာနုပုဗ္ဗတောတိ
ဒဿေန္တော “နာမဂေါတ္တဝသေနာ” တိ အာဒိမာဟ။
သာရတ္ထ၊ ၁။ ၃၉၂။

ဃ-ဝါကျ၌ နာမဂေါတ္တေန သတ္တော ဥဒ္ဒိဿိယတိဖြင့် ဥဒ္ဒေသောပုဒ်ကို ဥဒ္ဒိဿံ ဥဒ္ဒေသော ဟု ဘာဝသာဓ် ဝစနတ္ထမပြုရ၊ ဥဒ္ဒိဿိယတိသတ္တော ဧတေနာတိ ဥဒ္ဒေသောဟု ကရဏသာဓ် ဝစနတ္ထပြုရမည့်၏အဖြစ်ကိုလည်းကောင်း¹၊ ဏ-ပစ္စည်းသည် ဘာဝသာဓနေ၌ မသက်၊ ကရဏသာဓနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း² သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** စွေ့, တဋ္ဌ စသော အာဓာရပုဒ်များက အဓိကရဏသာဝ် ညွှန်ပြသကဲ့သို့ နာမဂေါ္တေန ဟူသော ကရိဏ်းပုဒ်က ကရဏသာဝ်ကို ညွှန်ပြနေသည်ဟုမှတ်။ ဉာဏ်ကောက်နှင့်ယှဉ်ကြည့်။

ဃ–ဝါကျ၌ သတ္တော့ဖြင့် ညွှန်ပြအပ်သောတရား (နိဒ္ဒိသ်ဲတဗ္ဗ) ကို၊ ဝါဝဥဒ္ဒိသိယတိ ဟူသော ကမ္မကြိယာ၏ ကံကို သိစေသည်။ (ဘာဝတ္ထ။)

ဃ–ဝါကျ၌ ဒတ္တော (လ) ဂေါတမောတိဖြင့် ညွှန်ပြပုံ အခြင်း အရာ (နိဒ္ဒေသနာကာရ) ကို သိစေသည်။ (ဘာဝတ္ထ)။

င–ဝါကျ၌ ဝဏ္ဏာဒီဟိ ပညာယတိဖြင့် အာကာရာပုဒ်ကို အာကရဏံ အာကာရော ဟု ဘာဝသာဝ်ဝစနတ္ထမပြုရ၊ အာကရီယတိ၊ ဒိဿတိ သတ္တော ဝိညာယတိ ဧတေဟီတိ အာကာရော – ဟု ကရဏသာနေဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဏ–ပစ္စည်းသည် ဘာဝသာနေ၌ မသက်၊ ကရဏသာနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ အာကာရာ၌ ကရဓာတ်၏ ဉာဏအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၃]၊ အာ–ဥပသာရ၏ ဓာတွတ္ထဗာဓက၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

၃။ ဒုတိယဓာတွတ္ထ။ ၄။ ဥပသဂ္ဂလိင်္ဂတ္ထ။

**မှတ်ချက်။** စ–ဝါကျအာဘော်ကား ခ–ဝါကျနှင့်၊ ဆ–ဝါကျအာဘော်ကား ဂ–ဝါကျနှင့်တူပြီ။

---

## နည်းနှင့်ဥပစာ

အစဉ်အတိုင်းမဆိုမူ၍ အနီးမှစ၍ဆိုသော နည်းသည် ပစ္စာသတ္တိနည်းမည်၏။ ပြယုဂ်ကား–ခ–ဂ–ဝါကျ၌ နာမဂေါတ္တဝသေန သဥဒ္ဒေသ် ဝဏ္ဏာဒိဝသေန သာကာရန်တည်း။ ဤပြယုဂ်၌ နာမဂေါတ္တ (လ) သာကာရန်ဟူသောနည်းသည် သဥဒ္ဒေသ်ဟူသော သံဝဏ္ဏေတဗ္ဗ အစဉ်အတိုင်း

http://www.dhammadownload.com



မဆို (မဖွင့်) မူ၍နာမဂေါတ္တ (လ) သာကာရန် ဟု အနီးမှစ၍ဆို (ဖွင့်) သောကြောင့် ပစ္စာသတ္တိနည်းမည်၏။

(က) ကိ ပန ဗုဒ္ဓါယေဝ ပုဗ္ဗေနိဝါသံ သရန္တီတိ။

(ခ) ဝုစ္စတေ။

(ဂ) န ဗုဒ္ဓါယေဝ။

(ဃ) ပစ္စေကဗုဒ္ဓဗုဒ္ဓသာဝကတိတ္ထိယာပိ။

(င) နောစခေါ အဝိသေသေန။

(စ) တိတ္ထိယာ ဟိ (လ) န တတောပရံ။

(ဆ) ကသ္မာ? ဒုဗ္ဗလပညတ္တာ။

(ဇ) တေသဉ္ဟိ နာမရူပ (လ) ဟောတိ။ ဠ။ ၁၃၀။

## ● အနက်ယောဇနာ

ထွေ့ဌာနေ၊ ဤပုဗ္ဗေနိဝါသအရာ၌။ (အာစာရ)။ စောဒနာယ၊ ကိ ပနစသော စောဒနာ၏ (သမ္ဗန်)။ ပရိဟာရော၊ အဖြေကို (ကံ)။ မယာ၊ သည် (ကတ္တား)။ ဝုစ္စတေ၊ ၏။ ( ဤကား ခ-ဝါကျကို ပါဠိ သေသဖြည့်စွက်၍ နည်းထုံးကျကျအနက်ပေးပုံတည်း။ )

**မှတ်ချက်။** ခ-ဝါကျကို နည်းထုံးကျကျ အနက်ပေးပါဟု မေးလျှင် အထက်ပါအတိုင်းဖြေရမည်။ နိယံအဖြေ ၅၅၅-၌ စောဒကဿ၊ စောဒက၏ဟု သမ္ဗန်ထည့်သည်။ စောဒနာယရှိမှသင့်မည်။

* ဝုစ္စတေပုဒ်၊ အဖြေထုတ်ရာ၊ အာစာလည်းကောင်း၊

တစ်ကြောင်းသမ္ဗန်၊ ကံနှင့်ကတ္တား၊ လေးပါး

စွက်၍ အနက်သမ္ဗန်မြဲ။ (ဘုရားကြီး)

### ဝုစ္စတေ (ဝုစ္စတိ) ထားရာဌာနများ။

(၁) ဝိဂြိုဟ်ဝစနတ်, သကတ်ကိုပြရာ။ (၂) အဖြေပရိဟာရ

http://www.dhammadownload.com



ပြရာ။ (၃) ဥပစာပြရာ။ (၄) ယုံမှားသက်ာရှိရာ– ဤလေးဌာနတို့၌ "ဝုစ္စတေ ဝုစ္စတိ" သဒ္ဒါဖြင့်ရေးသားဖော်ပြတတ်သည်။ ဤ၌ဝုစ္စတေဖြင့် အဖြေပရိဟာရကိုပြသည်။ (ဝုစ္စတိ, ဝုစ္စတေ အတူဟုမှတ်။)

* သကတ်တစ်ထွေ၊ အဖြေဥပစာ၊ အသင်္ကာ၊ ထားရာဝုစ္စတိ။ (ရွှေ)

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

က–ဝါကျကား ပုစ္ဆာဝါကျ။ ခ စသော ဝါကျတို့ကား ပရိဟာရဝါကျ။

ထို ခ–စသောဝါကျတို့တွင် ခ–ဝါကျကား အဖြေပရိဟာရ၏ အခြေခံဖြစ်သောကြောင့် ပါဒကဝါကျ၊ ဝါ– "အဖြေကိုဆိုပေအံ့" ဟု ဝန်ခံသောကြောင့် ပဋိညာဝါကျ။

* ဝုစ္စတေကို၊ အဖြေဆို၊ ဖြေလိုပဋိညာဉ်။ (မအူ)

**မှတ်ချက်။** ခ–ဝါကျမှ တံသဗ္ဗံသရန္တိယော တိုင်အောင်သော ဝါကျတို့ဖြင့် အဖြေပရိဟာရကိုပြသည်။

ဂ–ဝါကျကား ဆန့်ကျင်ဘက် အနက်ကိုပြသောကြောင့် ဗျတိရေကဝါကျ။ ဃ–ဝါကျကား အလျော်အနက်ကိုပြသောကြောင့် အန္ဝယဝါကျ။

## အန္ဝယဗျတိရေကမှတ်ဖွယ်

**အန္ဝယဝါကျ။** အလျော်ဖြစ်သော အနက်သဘောကို ပြသော ဝါကျ။ ရှေ့ (မူလ) ဝါကျဖြင့် ဆန့်ကျင်ဘက် အနက်သဘောကို ပြပြီး နောက် အလျော်ဖြစ်သော အနက်သဘောကိုပြရန် တက်လာသော နောက်ဝါကျကို ( အန္ဝယံဒီပကံ ဝါကျံအရ ) အန္ဝယဝါကျဟုခေါ်၏။ ယင်း အန္ဝယဝါကျကိုထောက်၍ရှေ့ (မူလ) ဝါကျကို ဗျတိရေကဝါကျ ဟု ခေါ်ရသည်။

http://www.dhammadownload.com



**ရှင်းလင်းချက်။** န ဗုဒ္ဓါ ယေဝဖြင့် ဘုရားရှင်တို့ သာလျှင် အောက်မေ့နိုင်ကုန်သည်မဟုတ်–ဟု ဆန့်ကျင်ဘက်အနက်သဘောကို ပြပြီးနောက် ပစ္စေက (လ) တိတ္ထိယာပိဖြင့် ပစ္စေက (လ) တိတ္ထိတို့လည်း ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်သည်ဟူသော အလျော်ဖြစ်သော အနက်သဘောကိုပြသောကြောင့် နောက်ဝါကျသည် အန္ဝယဝါကျမည်၏။

† ဝုတ္တေ ပစ္စနီယေ စေဝ၊ ပဋ္ဌိယံ အနုလောမတော။

အန္ဝယမိတိ ဝိညေယျံ၊ ဝိညုနာ စိတြဉာဏိမာ။

ဂန္ဓာဘရဏ။ ၂၀။

† အနုလောမတော အနုရူပေန ဝါ အယံတိ ပဝတ္တတီတိ

အန္ဝယံ။ ၎င်းဋီကာ။ နှာ။ ၁၆။

* အနုလောမ၊ ဝါကျတ္တကို၊ ထွန်းပြတတ်ဘိ၊ နိပါတ်ရှိ၊

မှတ်သိအန္ဝယာ။ (ရေစကြို)

**ဗျတိရေကဝါကျ။** ဆန့်ကျင်ဘက် အနက်သဘောကို ပြသော ဝါကျ။ ရှေ့ (မူလ) ဝါကျဖြင့် အလျော်ဖြစ်သော အနက်သဘောကို ပြပြီးနောက် ဆန့်ကျင်ဘက် အနက်သဘောကိုပြရန် တက်လာသော နောက်ဝါကျကို (ဗျတိရေကံ ဒီပကံ ဝါကျံအရ) ဗျတိရေကဝါကျ ဟုခေါ်၏။ ယင်းဗျတိရေကဝါကျကိုထောက်၍ ရှေ့ (မူလ) ဝါကျကို အန္ဝယဝါကျဟုခေါ်ရသည်။

**ရှင်းလင်းချက်။** တံ ဗုဒ္ဓါဝေ ဥဒ္ဒိသန္တိ။ န သာဝကာ။ ကခ်ါ။ ၉၄။ ဗုဒ္ဓါဝေ၊ တို့သည်သာလျှင်။ တံ၊သြဝါဒပါတိမောက္ခ၊ ကို။ ဥဒ္ဒိသန္တိ၊ ပြတော်မူကြကုန်၏။ (အန္ဝယ)။ သာဝကာ၊တို့သည်။ သြဝါဒပါတိမောက္ခ၊ ကို။ နဥဒ္ဒိသန္တိ။ ပြတော်မမူကြကုန်။ (ဗျတိရေက)။ ဤသို့ရှေ့ဝါကျဖြင့် ဘုရားရှင်တို့သည်သာလျှင် သြဝါဒပါတိမောက်ကို ပြတော် မူကုန်၏ ဟူသော အလျော်ဖြစ်သော အနက်သဘောကို ပြပြီးနောက် သာဝကတို့ ကား ယင်းကို မပြကြကုန်ဟူသော ဆန့်ကျင်ဘက် အနက်သဘောကို ပြသောကြောင့် နောက်ဝါကျသည် ဗျတိရေကဝါကျမည်၏။

http://www.dhammadownload.com



† ပုဗ္ဗေ စ အနုလောမေန၊ ဗုဒ္ဓေ တပ္ပဋိပက္ခတော။ ဘာသိတံ ပစ္ဆမံ ယဋ္ဌ၊ ဗျတိရေကံ ဝိဘာဝိနာ။ ဂန္ထာဘရဏ။ ၂၁။

† သဒ္ဒါနုရုပေန တေဗ္ဗော ဉာတဗ္ဗောတိ အန္ဒယော။ တဗ္ဗိပရိ တော အဗ္ဗော ဗျတိရေကော။ မဏိမဥ္ဇူ။ ၂။ ၃၃။

* နွယ်ဆိတ်စေ၊ ဝါကျနေကို၊ ထွန်းပေတတ်ဘိ၊ နိပါတ်ရှိ၊ ဗျတိရေကသာ။ (ရေစကြို)

## အန္ဒယဗျတိရေကအကျဉ်းချုပ်မှတ်ဖွယ်

အလျော်အနက်သဘောကို ပြ၍ နှ-စသော ပဋိသေဓမပါလျှင် အန္ဒယဝါကျ။ ဆန့်ကျင်ဘက်အနက်သဘောကိုပြ၍ နှ-စသော ပဋိသေဓ ပါလျှင် **ဗျတိရေကဝါကျ** ဟုမှတ်။ ပုံစံထုတ်၍ပြခဲ့သော ဝိ၊ ဋ၊ ၁ – နှင့် ကာ်ါတို့ကိုထောက်၍ ဗျတိရေက၊ အန္ဒယ ရှေ့နေ၊ နောက်နေကား မမြဲဟု သိလေ။

* ဗျတိရေက၊ အန္ဒယ၊ သေဓ ပါ,မပါ။ **(ပေါရာဏ)**

* အန္ဒယဟူသည် ပဋိသိမ်မရှိဟူလိုသောဝ်။
ဗျတိရေကဟူသည် ပဋိသိမ်ရှိ၏ဟူလိုသောဝ်။

**(နယရွှေသိန်းသောင်း)**

**မှတ်ချက်။** အန္ဒယဗျတိရေကဝါကျယူဆပုံအမျိုးမျိုးရှိ၏။ မိမိ ကား ဂန္ထာဘရဏ။ ၂၀ – ၁။ ၃၀ – ၄ နှင့် ၎င်းဋီကာ၊ နှာ၊ ၁၆။ ၂၂ – ၃ – အဖွင့်ကို ပဓာနထား၍ ရေးလိုက်သည်။ ဝါဒအမျိုးမျိုးကို ဝါကျတ္ထကဒီပက, ဝါကျတ္ထတံခွန်စသော ဂန္ထန္တရကျမ်းများ၌ ရှုလေ။

## ဝေဖလကျမ်းတက်နည်း

ဆရာ၊ ဆရာသည် န ဗုဒ္ဓါယော၀၌ ဝေသဒ္ဒါကိုဆိုတော်မူ၏။ ယင်း ဝေသဒ္ဒါ၏ ဝေဖလကိုမပြပြီလော။ ယင်းဝေသဒ္ဒါ၏ ဝေဖလ (ဝေသဒ္ဒါ ၏အကျိုး)ကား အဘယ်နည်း–ကြောင့် ဃ–ဝါကျမိန့်။

http://www.dhammadownload.com



ကား–ဃဇ၀ါကျဖြင့် ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝက တိတ္ထိတို့သည် လည်း ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်ကုန်၏ဟု ဝေဖလကို ငါပြဆို၏ ဟူလိုသောဝ်။

**မှတ်ချက်။** ဝေသဒ္ဒါပါသော ဝါကျမှ ဝေဖလဝါကျသို့ ကိန်းသေသဒ္ဒါနည်း ကျမ်းတက်ပုံတည်း။ "ဝေအကျိုး၊ ရှိစနိုး၊ ထည့်ရိုး ဝေပေ"ဟု နိယံဆရာတို့ဆိုကြသည်။

## တစ်နည်းအဓိပ္ပာယ်တက်ပုံ

ဆရာ၊ဆရာသည် ဂ–ဝါကျဖြင့် ဘုရားရှင်တို့သည်သာ ပုဗ္ဗေနိဝါသ ကိုအောက်မေ့နိုင်ကုန်သည်မဟုတ်ဟုဆိုတော်မူ၏။ ဘုရားရှင်တို့သည်သာ လျှင် ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်ကုန်သည်မဟုတ်လျှင် အဘယ်ပုဂ္ဂိုလ် တို့သည်လည်း ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်ကုန်သနည်း။ ဘုရားရှင်မှ တစ်ပါးပုဗ္ဗေနိဝါသကို အောက်မေ့နိုင်ကုန်သောပုဂ္ဂိုလ်တို့ကို မပြပြီလော– ကြောင့် ဃ–ဝါကျမိန့်။ (အဓိပ္ပာယ်–ဃ–ဝါကျဘာသာပြန်လေ။)

င–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ ဃ–ဝါကျကား အာ ရဒ္ဓဝါကျ။

## ပဋိသေဓပယ်၍ကျမ်းတက်နည်း

ဆရာ၊ဆရာသည် ဃ–ဝါကျဖြင့် ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝက တိတ္ထိတို့သည် လည်း ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်ကုန်သောဟု ဆိုတော်မူ၏။ ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝက တိတ္ထိတို့သည် ဘုရားရှင်နှင့်မထူးသောအားဖြင့်၊ ဝါ တူသောအားဖြင့်၊ ဝါ–အတူတူ အောက်မေ့နိုင်ပါကုန်သလော။ (ပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝက တိတ္ထိတို့သည်ဘုရားရှင်နှင့် ထပ်တူထပ်မျှ၊ ဝါ– ဘုရားရှင်အောက်မေ့နိုင်သလိုအောက်မေ့နိုင်ပါသလား – ဟု ဆိုလိုသည်။ င–ဝါကျ၌ "နော" ဟူသော ပဋိသေဓကိုပယ်၍ ကျမ်းတက်သည်။ န– မရှိက န–ကိုသွင်း၊ န–ရှိလျှင်းက န–ကိုပယ်ဟူသော ကျမ်းတက်နည်း စည်းကမ်းနှင့်အညီ ကျမ်းတက်သည်။ အရာရာ ဤနည်းကို သတိပြု မှတ်သားရာ၏။)

http://www.dhammadownload.com



အဘယ်သို့လျှင် အောက်မေ့နိုင်ပါသနည်း–ကြောင့် င–ဝါကျကို မိန့်။ (အဓိပ္ပာယ်ဘာသာပြန်လေ။)

ခ–စသော ဝါကျကား ဝိတ္ထာရ ဝါကျ။ ထို–၍ င–ဝါကျကား သခေ်ပဝါကျ။

**မှတ်ချက်။** တိတ္ထိယာဟိ–ရှိသော စ–ဝါကျမှ တွေ့ကော ဟိ တေသံ အဘိနီဟာရော တိုင်အောင် ဝါကျကား ဝိတ္ထာရဝါကျ။ ထိုကြောင့် ဝါကျခွဲရာ၌ စ–ဝါကျကား ဝိတ္ထာရဝါကျဟု မခွဲဘဲ စ–စသော ဝါကျဟု ခွဲသည်။

## ဋီကာအနုသန္ဓေတက်ပုံ

ဤသို့ င–ဝါကျဖြင့် အကျဉ်းအားဖြင့် ပြဆိုပြီး၍ ယခုအခါ၌ ယင်း အကျဉ်းအားဖြင့် ဆိုအပ်ပြီးသောအနက်ကို အကျယ်အားဖြင့် ပြတော်မူလိုသော အဋ္ဌကထာဆရာသည် တိတ္ထိယာဟိစသော ဝါကျကိုမိန့်။ သာရတ္ထ၊ ၁။ ၃၉၂။

စ–ဝါကျ၌ တိတ္ထိယာဟိ(လ)သရုပ်ကား အန္ဓယဝါကျ။ နှ တတော ပရံကား ဗျတိရေကဝါကျ။

ဆ–ဝါကျကား ကာရဏဝါကျ။ ထို–၍ စ–ဝါကျကား ဖလဝါကျ။ ဆ–ဝါကျ၌ ကသ္မာ–ကား ပုစ္ဆာဝါကျ။ ဒုဗ္ဗလပညတ္တာကား ပရိဟာရဝါကျ။

ဇ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၍ ဆ–ဝါကျကား သခေ်ပဝါကျ။ ( ဟေတုနောက်မှ ဟိနှင့်ပြမှု၊ ချဲ့မှုသညီ ဝိတ္ထာပြီ – နိယံနှင့် အညီတည်း။)

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

တိတ္ထံ၊ တရန္တိ ဧတ္ထာတိ တိတ္ထံ (ပကတိဆိပ်ကမ်းရေ၏) တိတ္ထံဝိယာတိ တိတ္ထံ (အယူဝါဒရေ၏)။ အစိတ်ဝိဂ္ဂဟများ။

http://www.dhammadownload.com



**တိတ္ထိယာ**။ တိတ္ထံ ဧတေသံ အတ္ထီတိ တိတ္ထိယာ။ အပေါင်းဝိဂ္ဂဟ။ ဧတေသံ ပုဂ္ဂလာနံ၊ တို့အား။ တိတ္ထံ၊ သာသနာတော်မှအပဖြစ်သော အယူဝါဒသည်။ အတ္ထိ၊ ၏။ ဣတိ တေ တိတ္ထိယာ။ တိတ္ထပုဒ်+ဣယပစ္စည်း။ က-ကိုယပြု။ အဿတ္ထိတဒ္ဓိတ်။

တိတ္ထဟူသောတဒ္ဓိတ်ပုဒ်အရကား သာသနာတော်မှ အပဖြစ်သော အယူဝါဒသည်မှချ။ ယင်း၏တိတ္ထိတို့နှင့် ဌာနီဌာန, ဂုဏာဂုဏေအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ဣယပစ္စည်အရကား ထိုမှချဌာနူပစာတို့ဖြင့် မှတ်အပ်သော သာသနာ၊ပ၌ဖြစ်သော ကမ္မဝါဒီ, ကြိယဝါဒီ ရသေ့စသော သူတို့ရ၏။

**မှတ်ချက်**။ ဤ ‌အစိတ်အပေါင်း ဝိဂ္ဂဟများကား ပါရာ၊ ၊ ဂံ၊ သစ်၊ ၂။ ၂၆၃ - အလိုတည်း။ မောဂ်၊ ၇၊ ၈၈-၌ တိတ္ထသဒ္ဒါကို " တရန္တိ နေနာတိ တိတ္ထံ " ဟု ကရဏသာဓ်ပြုရသည်။ သာရတ္ထ၊ ၃။ ၂၃၆-လည်းကြည့်။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**တိတ္ထ**။ တရဓာတ်+ထ၊ ဝါ-ထက်ပစ္စည်း။ မောဂ်၊ ၇။ ၈၈။

နီတိ၊ ဓာတု။ ၁၅၀။

**ပရံ**။ ပရသဒ္ဒါကား ပရောသဟဿံ စသည်၌ ပရသဒ္ဒါကဲ့သို့ အပိုအလွန် (အဓိကတ္ထ) ဟောသဒ္ဒါထူးတည်း။သဗ္ဗနာမ်ပုဒ်မဟုတ်။ (တတော၊ ထို ၄၁-ကမ္ဘာထက်။ ပရံ၊ ပိုလွန်သော။ ကပ္ပံ၊ ကမ္ဘာကို။ နသရန္တိ၊ မအောက်မေ့နိုင်ကုန်-ဟု အနက်ပေး။ နိရုတ္တိ၊ နှာ။ ၂၇၄။)

---

## ● ပါဠိဝိနိစ္ဆယ

**တိတ္ထိ ယာ**။ ဒိဋ္ဌိယာ။ သရန္တိဟူသောကြိယာ၏ကတ္တားကား ဓမ္မကတ္တားမဖြစ်သင့်၊ ပုဂ္ဂလကတ္တားဖြစ်သင့်သောကြောင့်လည်းကောင်း၊ ဥာဏ်

http://www.dhammadownload.com


ကောက်အဖြေလာ အစိတ်အပေါင်းဝိဂ္ဂဟတို့ကို ထောက်၍လည်းကောင်း၊ တိတ္ထိယာပါဠ်သာသင့်သည်။

## နည်းနှင့်ဥပစာ

**တိတ္ထိယာဌ်တိတ္ထ။** အတူဖြစ်သောဆိပ်ကမ်း၏ တိတ္ထဟူသော အမည်ကို အတူရှိသောအယူဝါဒ၌ တင်စား၍ အတူရှိသောအယူဝါဒကို တိတ္ထဟုဆိုသောကြောင့် သဒိသူပစာသဒ္ဒါ။

**တိတ္ထိယာ။** အပေါင်း ဖြစ်သော သမ္မာအယူရှိသော တိတ္ထိ၊ မိစ္ဆာအယူရှိသော တိတ္ထိတို့၏ တိတ္ထိယာဟူသောအမည်ကို အစိတ် ဖြစ်သော သမ္မာအယူရှိသော ( ကမ္မဝါဒီ ကြိယဝါဒီ တာပသစသော ) တိတ္ထိတို့၌ တင်စား၍ အစိတ်ဖြစ်သော သမ္မာအယူရှိသော တိတ္ထိတို့ကို တိတ္ထိယာ ဟု ဆိုသောကြောင့် ဧကဒေသျူပစာ။

† တိတ္ထိယာတိ အညတိတ္ထိယာ။ တေ ပန ကမ္မဝါဒိနော

ကြိယဝါဒိနော တာပသာဒယော။ သာရတ္ထ၊ ၁။ ၃၉၂။

**ကပ္ပေသဏ္ဌိ။** ဌာန (ကာလ) ဖြစ်သော ကပ်ကမ္ဘာ၏ ကပ္ပေ ဟူသောအမည်ကို ဌာနီ (ကာလဝန္တ) ခန္ဓာအစဉ်၌ တင်စား၍ ဌာနီ (ကာလဝန္တ) ဖြစ်သော ခန္ဓာအစဉ်ကို ကပ္ပေဟုဆိုသောကြောင့် ဌာနူ ပစာ။ (နာနန္တရိကနည်း။)

(က) မေတိ မယာ။

(ခ) ဝိဇ္ဇာတိ ဝိဒိတကရဏာဋ္ဌေန ဝိဇ္ဇာ။

(ဂ) ကိံ ဝိဒိတံ ကရောတိ?။

(ဃ) ပုဗ္ဗေနိဝါသံ။

(င) အဝိဇ္ဇာတိ တဿေဝ (လ) တပ္ပဋိစ္ဆာဒက မောဟော

ဝုစ္စတိ။ ဋ္ဌ။ ၁၃၁။

## အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ မယာဖြင့် "မေ"၌ ဆဋ္ဌီသဝိဘတ်သည် အဓိကတာ၌ နိဒ္ဒ တ-ပစ္စည်းနှင့်ယှဉ်သောကြောင့် ကတ္တားအနက်၌ သက်သတည်း ဟု

http://www.dhammadownload.com



သိစေသည်။ ( နာမ်ဝိဘတ် အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထ သံဝဏ္ဏနာ။)

**မှတ်ချက်။** ဤကားပါရာ၊ ဂံ၊ သစ်၊၂။ ၂၆၉-အလိုတည်း။ **တစ်နည်း။** အဓိဂတာ၌ တ-ပစ္စည်းကား ကံကိုဟောသဖြင့် မေ ကား အဝုတ္တ ကတ္တား အနက်၌. တတိယာ "နာ" ဝိဘတ်ဟုကြံ၍ အောက်ပါ အတိုင်း ဖော်လေ။

**တစ်နည်း။** မယာဖြင့် မေသဒ္ဒါကား အမှသဒ္ဒါနှင့်တကွ စတုတ္ထီ, ဆဋ္ဌီ သ-ဝိဘတ်၏ကာရိယမဟုတ်၊ အမှသဒ္ဒါနှင့်တကွ နာဝိဘတ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းနာဝိဘတ်၏ အဝုတ္တကတ္တား အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နာမ်ဝိဘတ်၏ ကာရိယကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒ သံဝဏ္ဏနာ။

၂။ နာမ်ဝိဘတ်၏ အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတျတ္ထ သံဝဏ္ဏနာ။

၆ ခ-ဝါကျ၌ ဝိဒိတကရဏဋ္ဌေန-ဖြင့် ဝိဇ္ဇာပုဒ်ကို "ဝိဒိတံ ကရောတီတိ ဝိဇ္ဇာ"ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဏ ပစ္စည်း၏ ကတ္တုသာဓန၌သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ "ဝိဒိတကရ" ဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် ဝိဇ္ဇာဟုပြီးသည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

**မှတ်ချက်။** ဤကား ပါရာ၊ ဂံ၊ သစ်၊ ၂။ ၂၆၉ - အလို အာဘော်တည်း။ နိုယ်ဆရာတို့အလိုအာဘော်ကို ဆက်၍ရှုလေ။

## ကရဓာတ်ဖြင့်ဖွင့်ရာဌာနများ

၁။ ဓာတုနာမ၊ အနက်ပြ၊ ကရဓာတ်နှင့်ဖွင့်စမြဲ။

၂။ ခပ်သိမ်းဓာတ်ပင်၊ နက်မထင်က၊ သကတ္တကို၊

ရှေ့ကသွင်းကာ၊ ဘူကရာနှင့်၊ ဖွင့်ကာပြလေစမြဲတည်း။

(ဘုရားကြီး)

http://www.dhammadownload.com



၁။ နာမဓာတ်၏ အနက်ကို ဖွင့်ပြလိုရာ၌ ကရဓာတ်ဖြင့် ဖွင့်ပြတတ်သည်။ ပုံစံ — သမာနေန္တီတိ သမာနံ ကရောန္တိ။ မူလဋီ။ ၁။ ၁၇။ ဤ၌ သမာနေန္တိ-ကား သံပုဗ္ဗ အာပုဗ္ဗ နီဓာတ်မဟုတ်၊ သမာနဟူသော နာမဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ သမာနကရဏအနက်ဟော၏ အဖြစ်ကိုလည်းကောင်း ဖွင့်ပြသည်။ (သံပုဗ္ဗ အာပုဗ္ဗ နီဓာတုံ နိဝတ္တေတိ၊ မဓု။ ၅၄။)

၂။ မပေါ်လွင်မထင်ရှားသော ဓာတ်နက်ကို ပေါ်လွင် ထင်ရှားအောင် ဘူဓာတ် ကရဓာတ်တို့ဖြင့်သော်လည်း ဖွင့်ပြတတ်သည်။ ပုံစံ— စက္ခုတိဝိညာဏာဓိဋ္ဌိတံ ဟုတွာ သမဝိသမံ အာစိက္ခန္တံ ဝိယ ဟောတီတိ စက္ခု။ ဃာယတိ ဂန္ဓောပါဒါနံ ကရောတီတိ ဃာနံ။ ဋီကာကျော်။ ၈၂။

## ဝိဒိတကရဏဒွေနဲ့၌ကား

ဝိဇ္ဇာသဒ္ဒါ ဝိဒဓာတ် ဖြစ်ကြောင်းကိုလည်းကောင်း၊ ဝိဒဓာတ်၏ သိခြင်း(ဝိဒိတ)အနက်ဟော၏အဖြစ်ကိုလည်းကောင်း၊ ဝိဒ+ဏျ=ဝိဒျ=ဝိဇ္ဇာ+ အာ=ဝိဇ္ဇာဟု ရုပ်ပြီးရာ ဏျ ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်ကို လည်းကောင်း၊ ဝိဒိတကရဏဒွေနဖြင့် ပြသည်ဟုကြံနိုင်သည်။ ထိုကြောင့် အောက်ပါ အတိုင်း နိယံဆရာတို့အလို အာဘော်ဖော်ရာ၏။

ဝိဒိတကရဏဒွေန-ဖြင့် ဝိဇ္ဇာ၏ဝိဒဓာတ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းဝိဒဓာတ်၏သိခြင်း (ဝိဒိတ) အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ (ဝိဒဓာတ်သည် ဝိန္ဒတိကဲ့သို့ လာဘအနက်မဟော) ဏျ-ပစ္စည်း ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၃]၊ ဝိဇ္ဇာတိ ဝိဒိတံ ကရောတီတိ ဝိဇ္ဇာဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်း ကောင်း[၄]၊ ဝိဒျာဟုဆိုလိုလျက် ဝိဇ္ဇာဟုနိရုတ္တိနည်းဖြင့် ရုပ်ပြီးသည်၏ အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယဓာတွတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။
၄။ အဘိဓာနတ္ထ။ ၅။ ဘာဝတ္ထ။

ဂ-ပုစ္ဆာဝါကျ။ ဃ-ပရိဟာရဝါကျ၊ ယင်း ၂-ဝါကျဖြင့် ဝိဒိတံ ကရဏဒွေန၌ ဝိဒိတ၏ကံပုဒ်ကား ပုဗ္ဗေနိဝါသပင်တည်း။ ဟုသိစေသည် (ဘာဝတ္ထ)

**တစ်နည်း။** ယင်းဝါကျဖြင့် ပုဗ္ဗေနိဝါသအရ အတိတ်ဘဝ၌ ခန္ဓာ

http://www.dhammadownload.com



ကိုလည်းကောင်း၊ ထိုခန္ဓာနှင့်စပ်သော အမည်အနွယ်ကိုလည်းကောင်း၊ ပုဗ္ဗေနိဝါသအရယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

**မှတ်ချက်။** ဤကား သာရတ္ထ၊ ၁၊ ၃၉၄-အာဘော်တည်း။ ဤအာဘော်ကိုထောက်၍ " ပုဗ္ဗေနိဝါသံ " ၌ ဌာနူပစာ အောက်ပါ အတိုင်းတင့်လေ။

## ပုဗ္ဗေနိဝါသံ၌ဥပစာတင်ပုံ

ဌာနဖြစ်သော ရှေး၌နေအပ်ဖူး ( ဖြစ်ဖူး ) သော ခန္ဓာအစဉ်၏ ပုဗ္ဗေနိဝါသအမည်ကို ဌာနီဖြစ်သော ထိုခန္ဓာနှင့်စပ်သော အမည်အနွယ် တို့၌တင်စား၍ ထိုခန္ဓာနှင့်စပ်သောအမည်အနွယ်တို့ကိုလည်း ပုဗ္ဗေနိဝါသ ဟုဆိုသောကြောင့် ဌာနူပစာသဒ္ဒါ။ (နာနန္တရိကနည်း။)

င-ဝါကျ၌ တဿေဝ ပုဗ္ဗေနိဝါသဿ အဝိဒိတကရဏာဒ္ဓေနဖြင့် အဝိဒိတံ ကရောတီတိ အဝိဇ္ဇာစသည်ကိုပြသည်ဟု ဝိဇ္ဇာကိုနည်းမှီ၍ ဖော်လေ။

င-ဝါကျ၌ တပ္ပဋိစ္ဆာဒကောမောဟောဖြင့် အဝိဇ္ဇာအရ ပုဗ္ဗေနိ ဝါသ ကို ဖုံးလွှမ်းတတ်သော မောဟကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

## ဥပစာမှတ်ဖွယ်

**တမော။** အတူဖြစ်သော အမိုက်မှောင်၏ တမော အမည်ကို အတူရှိသောမောဟ၌တင်။ သဒိသူပစာ။

**အာလောကော။** အတူဖြစ်သော အရောင်အလင်း၏ အာလောက အမည်ကို အတူရှိသော ဝိဇ္ဇာ၌တင်။ သဒိသူပစာ။

* ဂုဏ်တစ်စိတ်တူ၊ မတူဒြဗ်၊ ဂုဏ်ဖြင့်မှတ်တူ၊ သဒိသူ။

(တွင်းကြီး)

## သေသံပသံသာဝစနံ၌ဥပစာ

အကြောင်းဖြစ်သော အဝိဇ္ဇာ ဝိဟတာ (လ) ဥပ္ပန္နော ဟူသော ပုဒ် ၄-ပုဒ် တို့၏ ပသံသာဝစန ဟူသော အမည်ကို အကျိုး ဖြစ်သော

http://www.dhammadownload.com



ယင်းပုဒ်တို့သည် ဟောအပ်သောအနက်၌ တင်စား၍ ယင်းအနက်တို့ကို ပသံသာဝစန-ဟု ဆိုသောကြောင့် ကာရဏူပစာသဒ္ဒါ ( နာနန္တ ရိကနည်း။)

**မှတ်ချက်။** ဘဂဝါတိဝစနံ သေဋ္ဌနှင့်တူသည်။ အကျယ်ကို ပါရာ၊ ဂ၊ သုစ်၊ ၂။ ၂၆၉-၌ကြည့်။

---

(က) ယထာတိ ဩပမ္မတ္ထေ။

(ခ) တန္တိ နိပါတော။

(ဂ) ဝိရိယာတာပေန အာတာပိနော။

(ဃ) ကာယေ စ ဓီဝိတေ စ အနပေက္ခဘာဝ ပဟိတတ္တဿ။

(င) ပေသိတစိတ္တဿာတိ အတ္ထော။ ဋ္ဌ။ ၁၃၁။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ယံထာသဒ္ဒါဥပမာအနက်၌ နိပါတ်ပုဒ်တည်းဟု သိစေသည်။ (ဩပမ္မတ္ထေကို နိပါတောနှင့်စပ်၍ အာဘော်ဖော်သည်။)

နိပါတလိင်ပဒ။ နိပါတလိင်တ္ထ။

ခ-ဝါကျဖြင့် တံသဒ္ဒါကား နိပါတ်မျှသာတည်း။ အနက်ထူးမရှိဟု သိစေသည်။ (နိပါတလိင်ပဒ။ နိပါတလိင်တ္ထ)

* တံယထာသား၊ ရှိလငြားမူ၊ တံကိုအနက်ယူ၊ ယထာကံမူ၊

တံ၏အနက်၊ ထူးမထွက်။ (ဘုရားကြီး)

ဂ-ဝါကျ၌ ဝိရိယာတာပေနဖြင့် အာတာပိနော-၌ အာတာပ အရ ဝိရိယကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

**မှတ်ချက်။** သာရတ္ထ၊ ၁။ ၃၉၅-၌ ကိလေသာနံ အာတာပန ပရိတာပနဋ္ဌေန ဝိရိယံ အာတာပေါတိ အာဟ-ဟု ဖွင့်သည်။ ယင်းနှင့် အညီ သရုပ်ကြားအဘိဓေယျတ္ထအာဘော်ဖော်သည်။ အောက်ပါအစိတ် အပေါင်းဝိဂ္ဂဟများကိုလည်း သာရတ္ထဋီကာပြသည်ဟုမှတ်ရာ၏။

http://www.dhammadownload.com



## ● ဝိဂ္ဂဟာမှတ်ဖွယ်

ကိလေသေ အာဘုသော တာပေတီတိ အာတာပေါ။ (ကိလေသေ၊ တို့ကို။ အာဘုသော၊လွန်စွာ။ တာပေတိ၊ ပူပန်စေတတ်၏။)အာတာပေါ ဧတေသံ အတ္ထီတိ အာတာပိနော–ဟု အသဿတ္တိတဒ္ဓိတ်ပြုလေ။

**တစ်နည်း။** ဂ–ဝါကျ၌ ဝီရိယာတာပေန–ဖြင့် အာတာပိနော–၌ အာတာပသဒ္ဒါသည် ပူပန်စေခြင်းအနက်သာမန်မဟော၊ ပူပန်စေတတ်သော ဝီရိယအနက်ကို ဟောသတည်း ဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

**မှတ်ချက်။** ဤကား " အာတာပေါ ဝီရိယေတာပေ " ဟူသော ဓာန်။ ၁၃၃၉–နှင့် အညီ အာဘော်တည်း။

ဂ–ဝါကျဖြင့် ပဟိတတ္တဟူသည် ကိုယ်၌လည်းကောင်း၊ အသက်၌လည်းကောင်း မငဲ့ကွက်သောကြောင့်တည်းဟု သိစေသည်။ (ဿာဝတ္ထ။)

င–ဝါကျဖြင့် ပဟိတတ္တဿ ( ပဟိတ+အတ္တဿ) ၌ ပပုဗ္ဗဟိဓာတ်၏ဂတိ (ပေသိတ) အနက်ဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ပ–ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း[၂]၊ အတ္တသဒ္ဒါသည် ကာယစသောအနက်ကို မဟော၊ စိတ်အနက်ကို ဟောသည်၏ အဖြစ်ကို လည်းကောင်း[၃] သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ နာမလိင်္ဂတ္ထ။

† ဟိ ဂတိဗုဒ္ဓိသု ဥပတာပေစ။ နီတိ၊ ဓာ။ ၂၄၆။

† စိတ္တေ ကာယေ သဘာဝေစ၊ သော အတ္တာ ပရမတ္တနိ။ ဓာန်။ ၈၆၂။

**တစ်နည်း။** င–ဝါကျဖြင့် ပဟိတတ္တဿ၌ ပဟိသဒ္ဒါ၏ ပေသိတ (စေလွှတ်အပ်ဟူသော) အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အတ္တသဒ္ဒါကာယစသော အနက်ကိုမဟော၊ စိတ်အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ နာမလိင်္ဂတ္ထ။

http://www.dhammadownload.com



## ပဌမာအဘိနိဗ္ဗိဒါ ပဌမာ နိက္ခန္တိ

ဤ၌ အဘိနိဗ္ဗိဒါ = အဘိ+နိ+ဘိဒိ+အ-ကို နိက္ခန္တိ = နိ + ကမု+တိ-ပစ္စည်းဖြင့် ဖွင့်သည်။ ဘိဒိဓာတ်ကား နိက္ခမနတ္ထ (ဝိကေ္ခပတ္ထ) ဟောသတည်းဟုသိစေသည်။ ဒုတိယဓာတွတ္ထသံဝဏ္ဏနာတည်း။

### ပုဗ္ဗေနိဝါသကထာ အဖွင့်ပြီး၏။

(က) သော ဧဝံ။ ပ။ စတူပပါတဉာဏာယာတိ

စုတိယာ စ ဥပပါတေ စ ဉာဏာယ။

(ခ) ယေန ဉာဏေန (လ) ဉာယတိ။

(ဂ) တဒတ္ထန္တိ ဝုတ္တံ ဟောတိ။ ဌ။ ၁၃၂။

### ● အာဘောဂနှင့်သံဝဏ္ဏနာ။

က-ဝါကျ၌ စုတိယာ စ ဥပပါတေ စ ဉာဏာယ - ဖြင့် စုတိနှင့် ဥပပါတကို ဓမ္မဓာရာယ်သမာသ်ဝစနတ္တ မပြုရ၊ စုတိ စ ဥပပါတော စ စုတူပပါတော ဟု ဒွန်သမာသ်ဝစနတ္တပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ စုတူပပါတနှင့်ဉာဏ်ကို ဆဋ္ဌီတပ္ပုရိသမာသ်ဝစနတ္တမပြုရ၊ စုတူပပါတေ ဉာဏံစုတူပပါတဉာဏံ ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္တပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** သံဝဏ္ဏေတဗ္ဗကို စ-သဒ္ဒါ နှစ်လုံးဖြင့်ဖွင့်လျှင် ဒွန် သော်လည်းကောင်း၊ ကမ္မဓာရာယ်သော်လည်းကောင်း ပြသည်။ သမာသ် ပုဒ်ချင်း အရ ကွဲလျှင် ဒွန်၊ အရတူလျှင် ကမ္မဓာရာယ်ဟုမှတ်။

* သံဝဏ္ဏေတဗ္ဗ၊ ပုဒ်ပဒကို၊ စ ဒွယဖြင့်ဖွင့်၍ပြ၊

ဒွန္ဒ,ကမ္မဓာရယ ကြံစရာ။ (သစ်)

ခ-ဝါကျ၌ ယေန ဉာယတိဖြင့် ဉာဏပုဒ်ကို ဉာယတိ ဧတေ နာတိ ဉာဏံဟု ကံအတွင်းဝင်သော ( ကမ္မဂဗ္ဘ = ကမ္မံအန္တောဂဓ )

http://www.dhammadownload.com



ကရဏသာဓနေ၀စနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] ယု-ပစ္စည်း၏ ကရဏသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာန္တထ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** ကိတ်ပုဒ်ကို ယေန စသည် ကရိုဏ်းကူ၍ ဖွင့်လျှင် ကရဏသာဓနေ ပြသည်ဟုမှတ်။ ကြွင်းသတ္တာနံစသည်ဖြင့် ဘာဝတ္ထပြသည်။

* သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကရိုဏ်းကူ၍ဖွင့်ကာပြ၊ ကရဏ သာဓနေကြံစရာ။ (သစ်)

ဂ-ဝါကျ၌ အာဘော်သံဝဏ္ဏနာကို ပုဗ္ဗေနိဝါသာနုဿတိ ဉာဏာယဝါကျ "တဒတ္တာယ" အတိုင်း မှတ်လေ။

## ● ဝိဂ္ဂဟနှင့်ဉာသ်ကောက်

**ဉာယတိ ဓောနာတိ ဉာဏံ။** ဓောန ဓမ္မဇာတေန၊ ထို တရားသဘောဖြင့်။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ သတ္တာနံ၊ သတ္တဝါ တို့၏။ စုတိဉ၊ စုတိကိုလည်းကောင်း၊ ဝါ-စုတိ၏အနီးကိုလည်းကောင်း၊ ဥပပါတဉ၊ ပဋိသန္ဓေကိုလည်းကောင်း၊ ဝါ-ပဋိသန္ဓေ၏အနီးကိုလည်း ကောင်း၊ ဉာယတိ၊ သိအပ်၏။ ဣတိ၊ တံ ဓမ္မဇာတံ ဉာဏံ။ ကမ္မဂဗ္ဗကရဏ သာဓနေကိတ်ဝိဂြိုဟ်။ ဉာဓာတ် + ယု-ပစ္စည်း။

ဉာဓာတ်အရ ကတ္တုပြုကြိယာအရကား သတ္တဝါတို့၏ စုတိ ပဋိသန္ဓေ ကို သိသော မြတ်စွာဘုရား၏ ဒိဗ္ဗစက္ခု ဉာဏသမ္ပယုတ္တဓမ္မ၏ဥပါဒ်သည် မှချ။ ကရဏတ္တကြိယာအရကား ထိုအားတပ်သော ဒိဗ္ဗစက္ခုဉာဏ်၏ သဟဇာတာဒိသတ္တိသည် ဖလူပစာ။ ယု-ပစ္စည်း၏အရကား သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိကြောင်း မြတ်စွာဘုရား၏ ဒိဗ္ဗစက္ခု ဉာဏ်ရ၏။

## ● နည်းနှင့်ဥပစာ

**စုတိယာစ ဥပပါတေစ။** အနီးရှိသော စုတိပဋိသန္ဓေ၏ စုတိ ယာ စ ဥပပါတေစဟူသော အမည်ကို အနီးဖြစ်သော စုတိ၏ အနီး ပဋိသန္ဓေ၏ အနီး၌တည်သော သတ္တဝါတို့၏ ရုပ်ပါရုံ၌တင်စား၍ စုတိ၏

http://www.dhammadownload.com



ပဋိသန္ဓေ၏ အနီး၌တည်သော သတ္တဝါတို့၏ ရှုပါရုံ၌တင်စား၍ စုတိ၏ အနီး ပဋိသန္ဓေ၏အနီး၌တည်သောရုပါရုံကို စုတိယာ စ ဥပပါတေ စ ဟု ဆိုသောကြောင့် သမိပူပစာသဒ္ဒါ။

မှတ်ချက်။ ဤကား "ယေ ပန အာသံနစုတိကာ" ဟု ဖွင့်လတ္တံ့သော ဋ္ဌ။ ၁၃၃ - ကို ကိုး၍ သမိပတ္ထေ ဘုမ္မဝစနံ ဖွင့်သော သာရတ္ထ၊ ၁။ ၃၉၅-အလိုတည်း။ စုတိယာ၌ ဥပစာဟုလည်းကောင်း၊ ဥပပါတေ၌ ဥပစာဟုလည်းကောင်း ခွဲ၍မေးလျှင် တစ်ပိုဒ်စီခွဲ ၍ ဖြေ။ စုတူပပါတပုဒ်၌လည်း စုတိယာစ ဥပပါတေစ အတိုင်း ဥပစာတင်လေ။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၂၇၂-၌ "စုတူပပါတေတိ သမိပတ္ထေ ဘုမ္မဝစနံ၊ တဒါသန္နသတ္တာနံ ရူပဿေဝ ဒိဗ္ဗစက္ခု ဝိသယတ္တာ" ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ ဟု စုတူပပါတ အရ ကျနစွာဖော်ပြထားသည်။ ယင်း ဋ္ဌ၊ ဋီ၊ ဂံ တို့အလို အောက်ပါ အတိုင်း အနက်ပေးရမည်။

**အနက်ယောဇနာ။** စုတူပပါတဉာဏာယ၊ စုတိ၏အနီး၌ တည်သော သတ္တဝါတို့၏ ရှုပါရုံ, ပဋိသန္ဓေ၏အနီး၌ တည်သော သတ္တဝါ တို့၏ ရှုပါရုံ၌ သိကြောင်း (ဒိဗ္ဗစက္ခု) ဉာဏ်အကျိုးငှာ။

## ဝဇိရဗုဒ္ဓိအလိုဥပစာတင်ပုံ

အကျိုးဖြစ်သော စုတိပဋိသန္ဓေကို သိသောဉာဏ်၏ စုတူပပါတဉာဏာယအမည်ကို အကြောင်းဖြစ်သော စုတိပဋိသန္ဓေနေသော သတ္တဝါ၏ ပစ္စုပ္ပန်ရုပါရုံကို သိသောဉာဏ်၌တင်စား၍ အကြောင်းဖြစ်သော ပစ္စုပ္ပန်ရုပါရုံကိုသိသောဉာဏ်ကို စုတူပပါတဉာဏာယဟုဆိုသောကြောင့် ဖလူပစာသဒ္ဒါ။ (အဝိနာဘာဝနည်း။)

† စုတူပပါတဉာဏာယာတိ ဖလူပစာရေန ဝုတ္တံ။ ဝဇိရ။ ၅၁။

**မှတ်ချက်။** ယင်းအလို စုတိယာ စ ဥပပါတေ စ ကား ဝိသ ယတ္တ၌ သတ္တမီ။ သံဝဏ္ဏေတဗ္ဗကို အောက်ပါအတိုင်း အနက်ပေး။

**အနက်ယောဇနာ။** စုတူပပါတ ဉာဏာယ။ စုတေခြင်း ပဋိသန္ဓေ နေခြင်း၌ သိကြောင်းဉာဏ်အကျိုးငှာ၊ ဝါ-စုတိပဋိသန္ဓေနေသော သတ္တဝါ၏ ရုပါရုံကိုသိကြောင်းဉာဏ်အကျိုးငှာ။

http://www.dhammadownload.com



† အာရမ္မဏတော သဘာဝတော စ ပါကဋ္ဌကာတုံ " သောစ လောကိယ လောကုတ္တရော” တိ အာဒိမာဟ။ သရတ္ထ၊ ၁၊ ၈၀။

မှတ်ချက်။ ပါကဋ္ဌကာတုံဟု ဖွင့်သဖြင့် ဓ–ဝါကျကို စာပွာကဋီကရဏဟု ကြံဖွယ်ရှိသည်။ သို့သော် ပဋိဝေဓကို အဘိသမယဟု ဖွင့်ပြီးနောက် အဘိသမယ အပြားကို ဖွင့်သောကြောင့် ဓ–ဝါကျကို ဝါကျာရမ္ဘဟု ဆိုခဲ့သည်။

† စသဒ္ဒေါ ဝါကျာရမ္ဘော။ ပါရာ၊ ယော။ ၂၅။

## ဝိသယတော စာစပ်ပုံ

ဝိသယတောကား အားဖြင့်ဟူ၍ အနက်ပေးသောကြောင့် အဝဗောဓော၌ ဝိသေသန၊ အဝဗောဓောကား ဝိသေသျတည်း။ (အသမ္မောဟတောလည်း အတူတူပင်။)

† ဝိသယတော အသမ္မောဟတော စ အဝဗောဓောတိ သမ္ဗန္ဓော။ သာရတ္ထ၊ ၁။ ၈၀။ (ဝိမတိ ၁။ ၂၁။)

---

● (၄) ယထာဓမ္မပုဒ်ကို ဝိဂ္ဂဟပြု၍ ဉာဏ်နည်းကောက်ပြပါ။

ဖြေ။ ။ဝိဂ္ဂဟ။ ယောယောဓမ္မော ယထာဓမ္မံ။

ဉာဏ်ကောက်။ ဓမ္မော၊ အဝိဇ္ဇာ စသော အကြောင်းတရား, သင်္ခါရ စသော အကျိုးတရားဟူသော။ ယောယော၊ အကြင်အကြင် တရားတည်း။ ပဌမာဗျယီဘောသမာသ်။ ယထာပုဒ်+ဓမ္မပုဒ်။

ဓမ္မဟူသော ဝိသေသနပုဒ်အရကား အဝိဇ္ဇာစသော အကြောင်းတရား, သင်္ခါရစသော အကျိုးတရားသည်မှုချ။ ယင်း၏ ဝိစ္ဆာဘော ဂုဏ်နှင့် ဂုဏေ ဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓ်သည် ဌာနူပစာ။ ယထာဓမ္မဟူသော အဗျယီဘောသမာသ်ပုဒ်အရကား ထိုမှုချ ဌာနူပစာ တို့ဖြင့် မှတ်အပ်သော အကြင်အကြင် သို့သော အဝိဇ္ဇာစသော အကြောင်းတရား သင်္ခါရစသော အကျိုးတရားရ၏။

http://www.dhammadownload.com



## ယထာကမ္မုပဂေ သတ္တေ ပဇာနာမိ

အကျိုး ဖြစ်သော သတ္တဝါတို့၏ သတ္တေ ဟူသော အမည်ကို အကြောင်းဖြစ်သော ရူပါရုံ၌တင်စား၍ အကြောင်းဖြစ်သော ရူပါရုံကို သတ္တေ ဟု ဆိုသောကြောင့် ဖလူပစာသဒ္ဒါ။ (အဝိနာဘာဝနည်း။) ဝဇီရ။ ၅၁။

ဒိဗ္ဗေနာတိအာဒီသု

(က) ဒိဗ္ဗသဒိသတ္တာ ဒိဗ္ဗံ။

(ခ) ဒေဝတာနဉှိ သုစရိတကမ္မနိဗ္ဗတ္တံ ပိတ္တသေမှရုဟိရာဒီဟိ အပလိဗုဒ္ဓံ ဥပက္ကိလေသဝိမုတ္တတာယ ဒူရေပိ အာရမ္မဏ သမ္ပဋိစ္ဆနသမတ္ထံ ဒိဗ္ဗံပသာဒစက္ခု ဟောတိ။

(ဂ) ဣဒဉ္စာပိ ဝီရိယဘာဝနာဗလနိဗ္ဗတ္တံ ဉာဏစက္ခု တာဒိသ မေဝါ

(ဃ) တိ ဒိဗ္ဗသဒိသတ္တာ ဒိဗ္ဗံ။

(င) ဒိဗ္ဗဝိဟာရသန္နိဿိတတ္တာပိ ဒိဗ္ဗံ။

(စ) အာလောကပရိဂ္ဂဟေန မဟာဇုတိကတ္တာပိ ဒိဗ္ဗံ။

(ဆ) တိရောကုဋ္ဋာဒိဂတရူပဒဿနေန မဟာဂတိကတ္တာပိ ဒိဗ္ဗံ။

(ဇ) တံ သဗ္ဗံ သဒ္ဒသတ္ထာနုသာရေန ဝေဒိတဗ္ဗံ။ ဋ္ဌ။ ၁၃၂။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဂ ဝါကျတို့ကား ဝိတ္ထာရ ဝါကျ။ ထို–၍ က–ဝါကျကား သင်္ခေပဝါကျ။

**မှတ်ချက်။** ဒိဗ္ဗသဒိသတ္တာ ဒိဗ္ဗံ ဟု သံခိပ် (သင်္ခေပ) ဝါကျဖြင့် စကားချီ၍ ဣတိဒိဗ္ဗသဒိသတ္တာဒိဗ္ဗံဟု (ဃ) ဝါကျဖြင့် မူလ ပဓာန က–ဝါကျစကားကို နိဂုံးအုပ်၍ ရေးသားသောကြောင့် ဒေဝတာနဉှိ ချီသော ခ–ဂ ဝါကျတို့ကား ဝိတ္ထာရဝါကျတည်း။ ယင်း ဒေဝတာနဉှိ ချီသောဝါကျတို့သည် ဥပမာန ဥပမေယျအစုံအလင်ဖြင့် ရေးသားထားသော်လည်း မူလ က–ဝါကျ၌ ဥပမာန ဥပမေယျ မပါဘဲ ချဲ့ပြခြင်းမျိုး မဟုတ်။ မူလဝါကျ၌ပါဝင်ပြီးသော ဥပမာန ဥပမေယျကိုပင် အကျယ်

http://www.dhammadownload.com



ရေးသား ဖွင့်ဆိုသည်ဖြစ်သောကြောင့် ဝိတ္ထာရဝါကျဟုသာ ဆိုနိုင်သည်၊ တပ္ပါကဋိကရဏဝါကျဟု မဆိုနိုင်ဟု မှတ်ရာ၏။ " သံခိပ်ဝါကျ၊ ပဓာနထုံး၊ စကားဆုံးက၊ ထိုဝါကျ၊ ဝိတ္ထာရချည်းသာ " ဟူသော ဆောင်ပုဒ်ကိုလည်း သတိပြုလေ။ ရှေ့၌လည်းရေးခဲ့လေပြီ။ ဒိဗ္ဗသဒိသတ္တာ ဟူသော ဟိတ် ဝါကျနောက်၌ " ဟိ " နှင့် တက်လာသည် ဟုလည်း ကြံဦး။

## ခ–ဂ ဝါကျ အနုသန္ဓေတက်

ဤသို့ က–ဝါကျဖြင့် နတ်၌ဖြစ်သော နတ်တို့၏ ပသာဒစက္ခုနှင့် တူသည်၏အဖြစ်ကြောင့် "ဒိဗ္ဗ"မည်၏ဟု ပြဆိုတော်မူပြီး၍ ယခုအခါ၌ ယင်းဒိဗ္ဗသဒိသဘောကို၊ ဝါ–နတ်၌ဖြစ်သော နတ်တို့၏ ပသာဒစက္ခုနှင့် တူသည်၏အဖြစ်ကို ထင်ရှားပြခြင်းငှာ ဒေဝတာနဉ္ဟိ စသောပါဌ်ကိုမိန့်။

✝ ဣဒါနိ တံ ဒိဗ္ဗသဒိသတ္တံ ဝိဘာဝေတုံ ဒေဝတာနဉ္ဟိတိ အာဒိ ဝုတ္တံ။ သာရတ္ထ၊ ၁၊ ၃၉၆။

ဂ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ ခ–ဝါကျကား အာရဒ္ဓ ဝါကျ။

ဃ–ဝါကျကား နိဂမနဝါကျ။ ထို–၍ ခ–ဂ ၂–ဝါကျကား နိဂမ နိယ၊ ဝါ၊စုဏ္ဏိယဝါကျ။

င–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က–ဝါကျကား ပက္ခ ဝါကျ။

**မှတ်ချက်။** က–ဝါကျဖြင့် "ဒိဗ္ဗ" မည်ပုံ တစ်မျိုးပြ၍ င–ဝါကျ ဖြင့် တစ်မျိုးပြပြန်သည်။ ထိုကြောင့် ပက္ခ၊ ပက္ခန္တရ ခွဲသည်။ ၎င်းဝါကျ အာဘော်နှင့်ယှဉ်ကြည့်ပါ။ စ–ဝါကျ ပက္ခန္တရ။ ထို–၍ င–ဝါကျ ပက္ခ။ ဆ– ဝါကျ ပက္ခန္တရ။ ထို–၍ စ–ဝါကျ ပက္ခဟုခွဲလေ။ လွယ်ပါပြီ။

## တံသဗ္ဗံဝါကျ ဝါဒကွဲမှတ်ဖွယ်

ဇ–ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို–၍ က–ဃ–င–စ ဝါကျ ကား ယုတ္တိဒဋ္ဌိယဝါကျ။

http://www.dhammadownload.com



## ထပနာတိကကျမ်းတက်

ဆရာ၊ဆရာသည် ဒိဗ္ဗသဒိသတ္တာ စသော ဝါကျဖြင့် ဒိဗ္ဗသဒိသ စသောအကြောင်း (အနက်) ၅–ပါး၏အစွမ်းဖြင့် ဉာဏစက္ခုသည် ဒိဗ္ဗ မည်သော ဟု ဆိုတော်မူ၏။

ယင်းအနက် ၅–ပါး၏အစွမ်းဖြင့် ဉာဏစက္ခု၏ ဒိဗ္ဗမည်သည်၏ အဖြစ်ကို အဘယ်သို့လျှင် သိအပ်ပါသနည်း။ (ကိန္တိဝေဒိတဗ္ဗံ – ဟု စဒ် ထုတ်။) တစ်စုံတစ်ခုသော အထောက်အထားကို မသိအပ်သည် မဟုတ်လော (ဗျတိရေကာဘောဂ)၊ ဝါ– အသင့်ယုတ္တိကိုမပြပြီလော (အနွယဘောဂ)– ကြောင့် တံ သဗ္ဗံ စသော ဧ–ဝါကျမိန့်။ (အဓိပ္ပာယ် ဧ–ဝါကျ ဘာသာ ပြန်လေ။)

**မှတ်ချက်။** ဤကား "ဟေဋ္ဌာဝုတ္တံ အတ္တပဋ္ဌကမပေက္ခိတွာ ဝုတ္တံ ဟူသော" သာရတ္ထနှင့် ဂံ၊ သစ်၊ ၂။ ၂၇၅ အလို ဝါကျခွဲ ကျမ်း တက်တည်း။ င–ဝါကျ၌ အကြောင်း (အနက်) ၂–မျိုး ပါသဖြင့် အတ္ထ ပဋ္ဌက (အနက် ၅မျိုး) ဖြစ်သည်။

## ဝဇီရဗုဒ္ဓိဝါဒ

ဧ–ဝါကျကား ယုတ္တိဒဋ္ဋီကရဏဝါကျ။ ထို–၌ စ–ဆ ဝါကျကား ယုတ္တိဒဋ္ဋီယဝါကျ။

## ထပနာတိကကျမ်းတက်

ဆရာ၊ဆရာသည် စ–ဆ ဝါကျတို့ဖြင့် ဒိဗ္ဗ၌ ဒိဝုဓာတ်၏ ဇုတျတ္ထ (ဇုတိအနက်) ဂတျတ္ထကို ဆိုတော်မူ၏။ ဒိဗ္ဗ၌ ဒိဝုသဒ္ဒါ ဇုတျတ္ထ ဂတျတ္ထ အနက်ဟော ဟုတ်ပါသလော။ အဘယ်သို့ သိအပ်ပါသနည်း – ကြောင့် ဧ–ဝါကျမိန့်။

**မှတ်ချက်။** ဝဇီရ။ ၅၁ – ဝါဒကို သာရတ္ထ၊ ၁။ ၃၉၆–၌ ကေစိဟုဆိုသည်။ "ဒဋ္ဋီဟီပြ၊ စကားကျမှာ၊ ကိန္တိဖြာ၊ ယုတ္တာစဒ်ကြကုန်" နှင့်အညီ ကိန္တိဝေဒိတဗ္ဗံဟု ပုစ္ဆာထုတ်ပါ။

http://www.dhammadownload.com



## ● က-ဝါကျ၌ အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ဒိဗ္ဗပုဒ်ကို ဒိဗ္ဗဝိယာတိ ဒိဗ္ဗံ၊ ဝါ-ဒိဗ္ဗေန သဒိသံ ဒိဗ္ဗံဟု ဥပမာတဒ္ဓိတ်၊ ဝါ-သဒိသတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း¹၊ ဏ-ပစ္စည်း၏ ဥပမာတဒ္ဓိတ်၊ ဝါ-သဒိသတဒ္ဓိတ်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း² သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

**မှတ်ချက်။** ဒိဝိ ဘဝံ ဒိဗ္ဗံ။ ဒိဝိ၊ နတ်ပြည်၌။ ဘဝံ၊ ဖြစ်သည် တည်း။ ဒိဗ္ဗံ၊ နတ်ပြည်၌ဖြစ်သည်။ ( နတ်တို့၏ ပသာဒစက္ခုရှ၏။ ) ဒိဝ ပုဒ်+ဏျပစ္စည်းတည်း၊ အစိတ်ဝိဂ္ဂဟပြု။ ဒိဗ္ဗ ဝိယ စသည်ကား အပေါင်း ဝိဂ္ဂဟ။

## က-သံဝဏ္ဏနာနှင့်အညီ ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ဒိဗ္ဗဝိယာတိဒိဗ္ဗံ။** ဒိဗ္ဗံဝိယ၊ နတ်တို့၏ ပသာဒစက္ခုနှင့် တူသည် တည်း။ ဒိဗ္ဗံ၊ နတ်တို့၏ ပသာဒစက္ခုနှင့်တူသည်။ ဒိဗ္ဗဝိယကား ဥပမာ တဒ္ဓိတ်ဝိဂြိုဟ်။ ဒိဗ္ဗကား ဥပမာတဒ္ဓိတ်ပုဒ်။ ဒိဗ္ဗပုဒ်+ဏ-ပစ္စည်း။

ဒိဗ္ဗဟူသော တဒ္ဓိတ်ပုဒ်အရကား နတ်၌ဖြစ်သော နတ်တို့၏ ပသာဒ စက္ခုသည် မုချ။ ယင်း၏ ဉာဏစက္ခု (အဘိညာဉ်စက္ခု)နှင့် သဒိသ သဒိသီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာအားဖြင့်ရ၏။ ဏ-ပစ္စည်း အရ ကား ထိုမုချ ဌာနူပစာတို့ဖြင့် မှတ်အပ်သော (ဝီရိယဘာဝနာ အစွမ်းဖြင့် ဖြစ်သော) ဉာဏစက္ခုရ၏။ (ဂ-ဝါကျမျှော်ကောက်သည်။)

## က-ဝါကျနှင့်အညီ အနက်ယောဇနာ

ဒိဗ္ဗံ၊ နတ်၌ဖြစ်သော နတ်တို့၏ ပသာဒစက္ခုနှင့် တူသော။

---

## က-ဝါကျနှင့်အညီ နည်းဥပစာ

**ဒိဗ္ဗံ။** အတူဖြစ်သော နတ်၌ဖြစ်သော နတ်တို့၏ ပသာဒစက္ခု၏ ဒိဗ္ဗအမည်ကို အတူရှိသော ဉာဏစက္ခု၊ ဝါ-အဘိညာဉ်စက္ခု၌တင်စား၍

http://www.dhammadownload.com



အတူရှိသော ဉာဏစက္ခုကို ဒိဗ္ဗံဟုဆိုသောကြောင့် သဒိသူပစာသဒ္ဒါ။ (နေယျတ္ထနည်း၊ ရုဋ္ဌီနည်း။)

## က–ဝါကျနှင့်အညီ ဥပမာနစတုက္ကထုတ်ပုံ

ဒိဗ္ဗံ။ (၁) နတ်၌ဖြစ်သောနတ်တို့၏ ပသာဒစက္ခုသည် နှိုင်းယှဉ်ကြောင်းဖြစ်သောကြောင့် "ဥပမာန"။

(၂) ဉာဏစက္ခုသည် နှိုင်းယှဉ်အပ် (အနှိုင်းယှဉ်ခံရ) သောကြောင့် ဥပမေယျ။

(၃) ဥပမာန ဥပမေယျတို့၏ တစ်စိတ်တစ်ဒေသတူခြင်း သဒိသဘောဂုဏ်သည် ဥပမာ။

(၄) ဝိယသဒ္ဒါကား ဥပမာဇောတက။

**သတိပြု။** ဂ–နံပါတ်၌ ဥပစာနှင့် ဥပမာစတုက္ကတစ်မျိုးမျိုး မေးနိုင်သည်။ ဤ၌ ဥပမာကား ဟီနူပမာတည်း။

† ဒိဗ္ဗသဒိသတ္တာတိ ဟီနူပမာဒဿနံ။ သာရတ္ထ။ ၁။ ၃၉၅။

---

## ● ဒိဗ္ဗဝိဟာရဝသေနပဋိလဒ္ဓတ္တာ၌ အာဘော်သံဝဏ္ဏနာ

 င–ဝါကျ၌ ဒိဗ္ဗဝိဟာရဝသေန ပဋိလဒ္ဓတ္တာ–ဖြင့် ဒိဗ္ဗံ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို "ဒိဗ္ဗေန (ဒိဗ္ဗဝိဟာရေန) ပဋိလဒ္ဓံ ဒိဗ္ဗံ ဟု ပဋိလဒ္ဓ တဒ္ဓိတ်ဝိဂ္ဂဟပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဏ ပစ္စည်း၏ ပဋိလဒ္ဓ တဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ အကြောင်းဖြစ်သော ဒိဗ္ဗဝိဟာရ ဈာန်လေးပါး)၏ ဒိဗ္ဗအမည်ကို အကျိုးဖြစ်သော ဉာဏစက္ခု၌တင်စား၍ အကျိုးဖြစ်သော ဉာဏစက္ခုကို ဒိဗ္ဗဟုခေါ်သည်၏အဖြစ်ကိုလည်းကောင်း[၃]၊ အကြောင်း ဒိဗ္ဗအရ (ဒိဗ္ဗေနဥ္စဒိဗ္ဗအရ) ဒိဗ္ဗဝိဟာရဟူသော ဈာန် ၄–ပါးကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

၃။ ဘာဝတ္ထ။ ၄။ အဘိဓေယျတ္ထ။

http://www.dhammadownload.com



## ယင်းသံဝဏ္ဏနာနှင့်အညီဝိဂ္ဂဟဉာသ်ကောက်

ဒီဗွေန (ဒီဗ္ဗဝိဟာရေန) ပဋိလဒ္ဓံ ဒီဗ္ဗံ။ ဒီဗွေန၊ ဒီဗ္ဗဝိဟာရ ဟူသော လေးပါးသောဈာန်ဖြင့်။ ပဋိလဒ္ဓံ၊ ရအပ်သည်တည်း။ ဒီဗ္ဗံ၊ – – ရအပ်သည်။ ဒီဗ္ဗပုဒ်+ဏ–ပစ္စည်း။ ပဋိလဒ္ဓတဒ္ဓိတ်။

ဒီဗ္ဗဟူသော တဒ္ဓိတ်အရကား ဒီဗ္ဗဝိဟာရဟူသော လေးပါးသော ဈာန်သည် မုချ။ ယင်း လေးပါးသော ဈာန်၏ ဉာဏစက္ခုနှင့် အကြောင်းအကျိုး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏ–ပစ္စည်း အရကား ထို–ဖြင့် မှတ်အပ်သော ဉာဏစက္ခုရ၏။

## ယင်းသံဝဏ္ဏနာနှင့်အညီအနက်ယောဇနာ

ဒီဗ္ဗံ၊ ဒီဗ္ဗဝိဟာရဟု ဆိုအပ်ကုန်သော လေးပါးကုန်သော ဈာန်တို့၏ အစွမ်းဖြင့်ရအပ်သော။

## ယင်းသံဝဏ္ဏနာနှင့်အညီနည်းဥပစာ

အကြောင်းဖြစ်သော ဒီဗ္ဗဝိဟာရဟူသော ဈာန်လေးပါး၏ ဒီဗ္ဗ အမည်ကို အကျိုးဖြစ်သော ဉာဏစက္ခု၌ တင်စား၍ အကျိုးဖြစ်သော ဉာဏစက္ခုကို ဒီဗ္ဗ ဟု ဆိုအပ်သောကြောင့် ကာရဏူပစာ။ (နာနန္တ ရိက နည်း။)

† ဣမိနာ ကာရဏဝသေနသ ဒီဗ္ဗဘာဝမာဟ။ သာရတ္ထ၊ ၁။ ၃၉၆။

## ● ဒီဗ္ဗဝိဟာရသန္နိဿိတတ္ထာဒ္ဓ

## အာဘော်သံဝဏ္ဏနာ

၆ ၄–ဝါကျ၌ ဒီဗ္ဗဝိဟာရသန္နိဿိတတ္ထာဖြင့် ဒီဗ္ဗံပုဒ်ကို ဒီဗ္ဗံ (ဒီဗ္ဗဝိဟာရ) သန္နိဿိတန္တိ ဒီဗ္ဗံ–ဟု နိဿိတတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] ဏ–ပစ္စည်း၏ နိဿိတတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကို လည်းကောင်း၊[၂] အကြောင်းဖြစ်သော အဘိညာပါဒက ရူပါဝစရ စတုတ္ထဈာန်၏ ဒီဗ္ဗ အမည်ကို အကျိုးဉာဏစက္ခု၌ တင်စား၍ အကျိုးဉာဏစက္ခုကို ဒီဗ္ဗဟု

http://www.dhammadownload.com



ခေါ်သည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ အကြောင်းဒိဗ္ဗအရ အဘိညာပါဒက ရူပါဝစရ စတုတ္ထဈာန်ဟူသော ဒိဗ္ဗဝိဟာရကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

၃။ ဘာဝတ္ထ။ ၄။ အဘိဓေယျတ္ထ။

## ယင်းသံဝဏ္ဏနာနှင့်အညီ ဉာဏ်ကောက်

ဒိဗ္ဗံ (ဒိဗ္ဗဝိဟာရံ) သန္ဓိသိတန္တိ ဒိဗ္ဗံ။ ဒိဗ္ဗံ၊ အဘိညာပါဒက ရူပါဝစရစတုတ္ထဈာန်ဟူသော ဒိဗ္ဗဝိဟာရကို။ သန္ဓိသိတံ၊ မှီသည်တည်း။ ဒိဗ္ဗပုဒ်+ဏ-ပစ္စည်း။ သန္ဓိသိတတဒ္ဓိတ်။

ဒိဗ္ဗဟူသော တဒ္ဓိတ်ပုဒ် အရကား အဘိညာပါဒက ရူပါဝစရ စတုတ္ထဈာန် ဟူသော ဒိဗ္ဗဝိဟာရသည် မုချ။ ယင်း၏ ဉာဏစက္ခုနှင့် အကြောင်းအကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဏ-ပစ္စည်း အရကား ထို-ဖြင့် မှတ်အပ်သော ဉာဏစက္ခုရ၏။

## ယင်းသံဝဏ္ဏနာနှင့်အညီ အနက်ယောဇနာ

ဒိဗ္ဗံ၊ အဘိညာပါဒကရူပါဝစရစတုတ္ထဈာန်ဟူသော ဒိဗ္ဗဝိဟာရ ကို မှီသော။

## ယင်းသံဝဏ္ဏနာနှင့်အညီ နည်းဥပစာ

အကြောင်းဖြစ်သော အဘိညာပါဒကရူပါဝစရစတုတ္ထဈာန် ဟူသော ဒိဗ္ဗဝိဟာရ၏ဒိဗ္ဗအမည်ကို အကျိုးဖြစ်သော ဉာဏစက္ခု၌ တင်စား၍ အကျိုးဖြစ်သော ဉာဏစက္ခုကို ဒိဗ္ဗဟုဆိုသောကြောင့် ကာရဏူပစာ။ (နာနတ္တ ရိကနည်း။)

---

## ● စ. ဝါကျ၌ အာဘော်နှင့်သံဝဏ္ဏနာ

စ-ဝါကျ၌ မဟာဋီကတ္တာဖြင့် ဒိဗ္ဗံပုဒ်ကို ကသိဏာလောက ပရိဂ္ဂဟေန ပဝတ္တဗ္ဗတ္တာ သယံ ဉာဏာလောကဖရဏဘာဝေန ဒိဗ္ဗတိ ဇောတယတီတိ ဒိဗ္ဗံဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အ-ပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ဒိဝုဓာတ်၏ ဇုတိအနက်ဟော၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** "သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ဗဟုဗ္ဗိဟိ (အသဃတ္တိ) နှင့် ဖွင့်ပြ၍ ကတ္တုသာဓနကြံစရာ" နှင့်အညီ ကတ္တုသာဓနအာဘော် ဖော်သည်။ အာလောကပရိဂ္ဂဟေန–ကို အနက်အတိုင်း ဘာဝတ္ထဖော်ပါ။

## ယင်းသံဝဏ္ဏနာနှင့်အညီ ဝိဂ္ဂဟဉာဉ်ကောက်

ကသိဏာလောကပရိဂ္ဂဟေန ပတ္တဗ္ဗတ္တာ သယံ ဉာဏာလောက ဖရဏဘာဝေန ဒိဗ္ဗတိ ဇောတယတီတိ ဒိဗ္ဗံ။ ယံဉာဏစက္ခု၊ – သည်။ ကသိဏာလောကပရိဂ္ဂဟေန၊ ကသိုဏ်းဖြစ်သော အလင်းရောင်ကို သိမ်းဆည်းခြင်းဖြင့်။ ပတ္တဗ္ဗတ္တာ။ ရောက်အပ်သည်၏အဖြစ်ကြောင့်။ သယံ ဉာဏာလောကဖရဏဘာဝေန၊ မိမိဟူသော ဉာဏ်အလင်း၏ ပြန့်နှံ့သည်၏ အဖြစ်ဖြင့်။ ဒိဗ္ဗတိဇောတယတိ၊ ထွန်းလင်းတောက်ပတတ်၏။ ဣတိ တံ ဉာဏစက္ခု၊ –သည်။ ဒိဗ္ဗံ၊ ဒိဗ္ဗမည်၏။ ဒိဝုဓာတ်+အ–ပစ္စည်း။ ကတ္တုသာဓန။

ဒိဝုဓာတ်အရကား ဉာဏစက္ခု၏ကသိုဏ်းဖြစ်သော အလင်းရောင်ကို သိမ်းဆည်းခြင်းဖြင့် ရောက်အပ်သည်၏အဖြစ်ကြောင့် မိမိဟူသော ဉာဏ်အလင်း၏ ပြန့်နှံ့သည်၏ အဖြစ်ဖြင့် ထွန်းလင်းတောက်ပခြင်း သတ္တိလက္ခဏသဘာဝသည်မှချ။ အ–ပစ္စည်း၏ အရကား သတ္တိမန္တ လက္ခဏာဝန္တ သဘာဝ ဝန္တဖြစ်သော ဉာဏစက္ခု ရှ၏။ ( ပရမတ္ထကတ္တုသာဓ်ဉာဉ်ကောက်။)

## ယင်းသံဝဏ္ဏနာနှင့်အညီ အနက်ယောဇနာ

ဒိဗ္ဗံ၊ ကသိုဏ်းဖြစ်သော အရောင်အလင်းကို သိမ်းဆည်းခြင်းဖြင့် ထွန်းလင်းတောက်ပတတ်သော။

---

## ဆ–ဝါကျဒွ အာဘော်နှင့် သံဝဏ္ဏနာ

ဆ–ဝါကျဒွ မဟာဂတိကတ္တာ–ဖြင့် ဒိဗ္ဗပုဒ်ကို တိရောကုဋ္ဋာ ဒိဂတရူပဒဿနေန အသဒ္ဓမာန် ဒိဗ္ဗတိ ဂစ္ဆတီတိ ဒိဗ္ဗံ ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊ အ–ပစ္စည်း၏ ကတ္တုသာဓနဲ့ဒွ

http://www.dhammadownload.com



သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] ဒိဝုဓာတ်၏ ဂတိအနက်ဟောာ၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

**မှတ်ချက်။** ကြွင်းပုဒ်များအနက်အတိုင်း ဘာဝတ္ထဖော်ပါ။

**ဒိဝုဓာတ်အနက်များ။** ဝိဟာရ (နေခြင်း) ဝိဇယိစ္ဆာ (အောင်ခြင်း, အလို) ဝေါဟာရ (ကုန်သွယ်ခြင်း) ဇုတိ (ထွန်းပခြင်း) ဂတိ (ဖြစ်ခြင်း) သင်္ခါတာနံ အတ္ထာနံ ဝသေန။ ဝိသုဒ္ဓိမဂ်၊ ဋီကာ၊ အဘိညာနိဒ္ဒေသအဖွင့်။ သာရတ္ထ၊ ၁။ ၃၉၇။

## ယင်းသံဝဏ္ဏနာနှင့်အညီ ဝိဂ္ဂဟညာသ်ကောက်

တိရောကုဍ္ဍာဒိဂတရူပဒဿနေန အသဇ္ဇမာနံ ဒိဗ္ဗတိ ဂစ္ဆတီတိ ဒိဗ္ဗံ။ ယံဉာဏစက္ခု - သည်။ တိရောကုဍ္ဍာဒိဂတရူပဒဿနေန၊ နံရံ စသည် ခြားသောရူပါရုံကိုမြင်ခြင်းဖြင့်။ အသဇ္ဇမာနံ၊ မကပ်ငြိဘဲ။ ဒိဗ္ဗတိ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ တံ ဒိဗ္ဗံ။ ဒိဝုဓာတ်+အ-ပစ္စည်း။ ကတ္တု သာဓန။

ဒိဝုဓာတ်အရကား နံရံစသည်ခြားသော ရူပါရုံကို မြင်ခြင်းဖြင့် မကပ်ငြိဘဲ သွားတတ်သော ဉာဏစက္ခု၏သွားခြင်းသတ္တိလက္ခဏာသဘာဝ ရ၏။ အ-ပစ္စည်းအရကား သတ္တိမန္တ လက္ခဏာဝန္တ သဘာဝဝန္တဖြစ်သော ဉာဏစက္ခုရ၏။

## ယင်းသံဝဏ္ဏနာနှင့်အညီ အနက်ယောဇနာ

ဒိဗ္ဗံ၊ နံရံစသည်ခြားသော ရူပါရုံကိုမြင်ခြင်းဖြင့် (အံ့သြဖွယ် သွားတတ်) မကပ်ငြိဘဲ သွားတတ်သော။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ပိတ္တ။** အပိရှေးရှိသော ဓာဓာတ် + တ-ပစ္စည်း၊ အပိ၌ အ-ကို ချေ။ ဓာဓာတ်ကို တ-ပြု၊ တ-ကို တ-ပစ္စည်းသို့ကပ် ပိတ္တပြီး၏။ နှပုလ္လိင်။

✝ အပိဒဓာတီတိ ပိတ္တံ။ ဓာန်၊ ဋီ။ ၂၈၀။ သူစိ။ ပုရိသေ မာယု ပိတ္တဥ္စ ဓာန်။ ၄၁။

http://www.dhammadownload.com



**သေမှ**။ သိလိသဓာတ်+မ (မာန်) ပစ္စည်း။ သိလိသ၌ လိသကို ဟပြု။ မနှင့်ရှေ့နောက်ပြန်၍ မှဖြစ်။ သိ၌ ဣကို ေပြု သေမှဟုပြီးသည်။ ပုံ, နပုံ- ၆၁

† သိလိလျတော အတြေတိ သေမှော။ ဓာန်၊ ဋီ။ ၂၈၀။

သေမော နိတ္တိ သိလေသုမော။ ဓာန်။ ၎င်း။

**ရုဟိရ**။ ရုဟဓာတ်+ကိရပစ္စည်း။

† ရုဟတိ ပဝတ္တတီတိ ရုဟိရံ။ လောဟိတံ။ မောဂ်၊ ၇။ ၁၄၉။

**သမ္ပင်္ဂိုဏ္ဏန**။ သံရှေး ပဒိရှေးရှိသော ဣသုဓာတ် + ယု – ပစ္စည်း။ (ဣသုကိုဣသုယမှုနသုတ်ဖြင့်ဆွပြု။)

**သမတ္တ**။ သမတ္တဓာတ်+အ–ပစ္စည်း။ သမတ္တေတီတိ သမတ္တံ ဟု ဝိဂ္ဂဟပြု။

† သမတ္တဓာတု သတ္တိယံ အ။ သူစိ။

## ● ပါဠိဝိနိစ္ဆယ

**ဒူရေပိ**။ **ထူလံပိ**။ ၂–ပါဠ်သင့်။ ဒူရေပိတိ ပိသဒ္ဒေန သုခုမ ဿာပိ အာရမ္မဏဿ သမ္ပင်္ဂိုဏ္ဏနသမတ္ထတံ သင်္ဂဏှာတိ ဟု သာရတ္ထ၊ ၁။ ၃၉၆–၌ ဒူရေပိပုဒ်ကို ဖွင့်သောကြောင့် ယင်းအလို ဒူရေပိ ပါဠ်သင့် သည်။

ရှေးရိုက်ဝိမတိဋီကာ၌ ထူလံပိတိ ပိသဒ္ဒေန သုခုမဿာပိ အာ ရမ္မဏဿ ဂဟဏံ ဟု ဖွင့်သောကြောင့် ယင်းအလို ထူလံပိပါဠ်သင့်သည်။

**မှတ်ချက်**။ ဤကား ရှေးရိုက် ဝိမတိဋီကာပါဠ်ကိုကြည့်၍ ပုစ္ဆ ထုတ်လျှင် ဖြေရန်ဖြစ်သည်။ သံဂါယနာမူ ဝိမတိ၌ကား ဒူရေပိတိ (လ) ဂဟဏံဟု ပြင်ဆင်ထားသည်ကို တွေ့ရသည်။ ယင်းအလို သာရတ္ထအတိုင်း ဒူရေပိ ၁–ချက်သင့်ဟုမှတ်။

**မှတ်ချက်**။ အနီးရှုပါရုံသည် ပကတိမျက်စိ၏ ဝိသယဖြစ်၍ ပိသဒ္ဒါဖြင့် သုခုမကိုဆည်းသည်။

http://www.dhammadownload.com



## တံ သဗ္ဗံသဒ္ဒသတ္ထာနုသာရေန

(က) ဝါကျအလို "ဒိဗ္ဗံ" ကား ဒိဗ္ဗပုဒ် + ဏ-ပစ္စည်း။ ဥပမာ တဒ္ဓိတ်။ ဏ-ရာဂါသုတ်ဖြင့်သက် ဥပမာ တဒ္ဓိတ် သဒ္ဒိသူပစာ။

( င) ဝါကျ ပဋ္ဌမဝိကပ်အလို ဒိဗ္ဗပုဒ်+ဏ-ပစ္စည်း။ ပဋိလဒ္ဓတဒ္ဓိတ်။ ဏရာဂါသုတ်ဖြင့်ပင်သက်။ ပဋိလဒ္ဓတဒ္ဓိတ်။ ကာရဏူပစာ။

(င) ဝါကျ ဒုတိယဝိကပ်အလို ဒိဗ္ဗပုဒ်+ဏ-ပစ္စည်း။ ယင်းဏရာဂ သုတ်ဖြင့်ပင်သက်။ သန္နိသိတတဒ္ဓိတ်။ ကာရဏူပစာ။

(စ) ဝါကျအလို ဒိဗ္ဗတိ ဇောတယတီတိ ဒိဗ္ဗံ ဟု ဝစနတ္ထပြု။

ဒိဝုဓာတ်+အ ပစ္စည်း။ ဒိဝုဓာတ်၊ ဇုတိအနက်။

(ဆ) ဝါကျအလို ဒိဗ္ဗတိ အသဇ္ဇမာနံ ဂစ္ဆတိ ဟု ဝစနတ္ထပြု။ ဒိဝုဓာတ်+အ ပစ္စည်း။ ဒိဝုဓာတ်ဂတိအနက်။

ယင်းသို့ သဒ္ဒါကျမ်းသို့ အစဉ်လျှောက်၍ သိအပ်သည်ကို သဒ္ဒ သတ္ထာနုသာရေန ဝေဒိတဗ္ဗံဟုဆိုသည်။ ဒိဗ္ဗသဒ္ဒါ၏ရူပသိဒ္ဓိကို ဖော်ပြပါဟု မေးလျှင်လည်း ဤသို့ ရုပ်ပြီးပုံကိုရှု၍ဖြေလေ။

---

## ● နည်းနှင့်ဥပစာ

**ဥပက္ကိလေသဝိနိမုတ္တ။** အကြောင်းဖြစ်သောကံ၏ ဥပက္ကိလေသ ဝိနိမုတ္တအမည်ကို အကျိုးဖြစ်သော ဒိဗ္ဗပသာဒစက္ခုဌ်တင်စား၍ အကျိုး ဖြစ်သော ဒိဗ္ဗပသာဒစက္ခုကို ဥပက္ကိလေသဝိနိမုတ္တဟုဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တရိကနည်း။)

**မှတ်ချက်။** အကြောင်းကံပြုစဉ်က လောဘ, ဒေါသ စသော ညစ်နွမ်းကြောင်း (ဥပက္ကိလေသ) ကင်းသည်ကို အကျိုးဒိဗ္ဗပသာဒစက္ခုဌ် တင်စား၍ ဥပက္ကိလေသဝိနိမုတ္တဟုဆိုသည်။

† ကာရဏူပစာရေန စသ ဖလံ တထာ ဝေါဟရီယတိ ယထာ "သုက္ကံ သုက္ကဝိပါက"န္တိ။ သာရတ္ထ၊ ၁။ ၃၉၆။

http://www.dhammadownload.com



**ဝီရိယဘာဝနာဗလနိဒ္ဒေသွံ။** အစိတ်ဖြစ်သော ဝီရိယကိုပွားစေခြင်း၏ ဝီရိယဘာဝနာဟူသောအမည်ကို အပေါင်းဖြစ်သော ကုသိုလ်ကို ပွားစေခြင်း (ကုသလဘာဝနာ) ၌ တင်စား၍ အပေါင်း ဖြစ်သော ကုသိုလ်ကို ပွားစေခြင်းကိုလည်း ဝီရိယဘာဝနာဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ–အဝယဝူပစာ။ (ဥပလက္ခဏာနည်း။)

† သဗ္ဗာပိ ကုသလဘာဝနာ ဝီရိယဘာဝနာ။

သာရတ္ထ၊ ၁။ ၃၉၆။

---

(က) ဒဿနဋ္ဌေန စက္ခု။

(ခ) စက္ခုကိစ္စကရဏေန စက္ခုမိ ဝါတိပိ စက္ခု။ ၄။ ၁၃၂။

က–ဝါကျဖြင့် စက္ခု၌ စက္ခုဓာတ်၏ ဒဿနအနက်ဟော၏အဖြစ်ကိုလည်းကောင်း¹၊ စက္ခုပုဒ်ကို စက္ခတိရူပံ ဝိဘာဝေတီတိ စက္ခုဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း²၊ ဥ–ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း³ သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** ရူပံ၊ ရူပါရုံကို။ စက္ခတိဝိဘာဝေတိ၊ ထင်စွာပြထတ်၏ဟု အနက်ပေး။ ဒဿနနှင့်ဝိဘာဝန သဘောတူသည်ဟုမှတ်။ စက္ခတိ ရူပံ ပဿတီတိ စက္ခု ဟုလည်း ပြုနိုင်သည်။

ခ–ဝါကျ၌ စက္ခုကိစ္စကရဏေနဖြင့် စက္ခုမိဝါတိ စက္ခုဟူသော ဥပမာ၌ တူပုံ သဒိသဘော (သဒိသနိမိတ္တ)ကိုပြသည်။ (ဘာဝတ္ထ။)

† စက္ခုကိစ္စကရဏေနာတိ ဣဒံ စက္ခုမိဝ စက္ခူတိ ဥပမာယ သဒိသနိမိတ္တဒဿနံ။ ဝိမတိ၊ ၁။ ၈၁။

ခ–ဝါကျ၌ စက္ခုမိဝဖြင့် စက္ခုပုဒ်ကို စက္ခုဝိယာတိ စက္ခု ဟု ဥပမာတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း¹၊ ဏ–ပစ္စည်း၏ ဥပမာတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း² သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

http://www.dhammadownload.com



**အနက်ယောဇနာ။** စက္ခု၊ ရူပါရုံ (အဆင်း) ကို မြင်တတ်သော မျက်စိ (မုချတ္ထ)။ ဝါ-မြင်တတ်သော ပကတိမျက်စိနှင့်တူသော မျက်စိ။ (ဥပစာရတ္ထ)

**ဥပစာ။** အတူဖြစ်သော ပကတိမျက်စိ၏ စက္ခုဟူသော အမည်ကို အတူရှိသောဉာဏစက္ခု (အဘိညာဉ်စက္ခု)၌ တင်စား၍ အတူရှိသော ဉာဏစက္ခုကို စက္ခုဟုဆိုသောကြောင့် သဒိသူပစာ။

---

(က) စုတူပပါတဒဿနေန ဒိဋ္ဌိဝိသုဒ္ဓိဟေတုတ္တာ ဝိသုဒ္ဓံ။

(ခ) ကောဒသဉ္ဇပက္ကိလေသဝိရဟတော ဝါ ဝိသုဒ္ဓံ။ ဋ္ဌ။ ၁၃၂။

က-ဝါကျ၌ စုတူပပါတဒဿနေန-ဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ (အယူစင်ကြယ်ခြင်း)၏ အကြောင်းကိုသိစေသည်။ (ဘာဝတ္ထ။)

က-ဝါကျ၌ ဒိဋ္ဌိဝိသုဒ္ဓိဟေတုတ္တာဖြင့် ဝိသုဒ္ဓံပုဒ်ကို ဝိသုဇ္ဈတိ ဧတေနာတိ ဝိသုဒ္ဓံ ဟု ကရဏသာဓနေဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း ကောင်း[၁]၊ တ-ပစ္စည်း၏ ကရဏသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်း ကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ဒုတိယပစ္စယတ္ထ။

**အနက်ယောဇနာ။** ဝိသုဒ္ဓံ၊ အယူစင်ကြယ်ခြင်း၏ အကြောင်း ဖြစ်သော။

**နည်းနှင့်ဥပစာ။** အကျိုးဖြစ်သော ဥစ္ဆေဒဒိဋ္ဌိ၊ နဝသတ္တပါတု ဘာဝဒိဋ္ဌိတို့မှ စင်ကြယ်ခြင်း၏ ဝိသုဒ္ဓဟူသောအမည်ကို အကြောင်း ဖြစ်သော ဒိဗ္ဗစက္ခုဉာဏ်၌တင်စား၍ အကြောင်းဖြစ်သော ဒိဗ္ဗစက္ခုဉာဏ် ကို ဝိသုဒ္ဓံဟုဆိုသောကြောင့် ဖလူပစာသဒ္ဒါ။ (အဝိနာဘာဝနည်း။)

**မှတ်ချက်။** ယော တိ စုတိ မတ္တမေဝစသော ဝိတ္ထာရဝါကျကို ရှု၍ ဥပစာတင်သည်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၂၇၇-လည်းကြည့်။

ခ-ဝါကျဖြင့် ဝိသုဒ္ဓံပုဒ်ကို ဥပက္ကိလေသတော ဝိသုဇ္ဈတီတိ ဝိသုဒ္ဓံ ဟု ကတ္တုသာဓနေဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ တ-ပစ္စည်း၏

http://www.dhammadownload.com



ကတ္တုသာဓနနှင့် သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] ဒိဗ္ဗစက္ခုဉာဏ်သည် ၁၁-ပါးသော ညစ်ညူးကြောင်း ဥပက္ကိလေသတို့မှကင်းစင်၏ ဟူသော အဓိပ္ပာယ်ကို လည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။ ၃။ ဘာဝဋ္ဌ။

**အနက်ယောဇနာ။** ဝိသုဒ္ဓ၊ ၁၁-ပါးသော ညစ်ညူးကြောင်း (ဥပက္ကိလေသ)တို့မှကင်းစင်သော။

---

(က) မနုဿူပစာရံ အတိက္ကမိတွာ ရူပဒဿနေန အတိက္ကန္တ မာနုဿကံ။

(ခ) မာနုဿကံ ဝါ မံသစက္ခုံ အတိက္ကန္တတ္တာ အတိက္ကန္တ မာနုဿကံ။ ဋ။ ၁၃၃။

က-ဝါကျ၌ မနုဿူပစာရံဖြင့် မာနုဿကံပုဒ်ကို မနုဿာနံ ဣဒံ မာနုဿကံ ဟု ဣဒံတဒ္ဓိတ်ဝစနတ္ထပြု၍ မာနုဿကပုဒ်အရ လူတို့၏ပကတိမျက်စိဖြင့် မြင်လောက်သောရူပါရုံကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျဋ္ဌ။)

က-ဝါကျ၌ အတိက္ကမိတွာရူပဒဿနေနဖြင့် မာနုဿကံ၊ လူတို့ဥစ္စာဖြစ်သော ပကတိမျက်စိဖြင့် မြင်လောက်သော ရူပါရုံကို။ အတိက္ကန္တံ၊ လွန်သောစက္ခုဟူရာ၌ လူတို့မြင်ရိုးမြင်စဉ်ရူပါရုံကိုလွန်၍ နံရံတစ်ဖက်စသည်၌ရှိသော ရူပါရုံကိုမြင်နိုင်ခြင်းတည်းဟု သိစေသည်။ (ဘာဝဋ္ဌ။)

က-ဝါကျ တစ်ဝါကျလုံးဖြင့် အတိက္ကန္တံပုဒ်ကို အတိက္ကမတီတိ အတိက္ကန္တံ (အတိက္ကမိတွာ၌ တွာ ပစ္စည်းကပြသည်။) ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ တ-ပစ္စည်း၏ကတ္တုသာဓနနှင့် သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ မာနုဿကံ အတိက္ကန္တံ အတိက္ကန္တ မာနုဿကံ ဟု ဒုတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း[၃] (မနုဿူပစာရံ အတိက္ကမိတွာဟု ဖွင့်သဖြင့် မာနုဿကံ အတိက္ကန္တံဟု ပြသည်။) သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။

၃။ အဘိဓာနဋ္ဌ။ သမာသလိင်္ဂပဒဋ္ဌ။

http://www.dhammadownload.com



**အနက်ယောဇနာ။** အတိက္ကန္တမာနုသကံ၊ လူတို့၏ ဥစ္စာ ဖြစ်သော ပကတိမျက်စိဖြင့် မြင်လောက်သော ရူပါရုံကို လွန်သော (စက္ခု)။

ခ–ဝါကျဖြင့် မာနုသကံပုဒ်ကို အထက်ပါ အတိုင်း ဣဒံတဒ္ဓိတ် ဝစနတ္ထပြု၍ ယင်းမာနုသကအရ မံသစက္ခုကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း၊[1] အတိက္ကန္တမာနုသက ပုဒ်ကို ၎င်းအထက်ပါအတိုင်း ဒုတိယာ တပ္ပုရိသ် သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

**အနက်ယောဇနာ။** အတိက္ကန္တမာနုသကံ၊ လူတို့၏ ဥစ္စာ ဖြစ်သော မံသစက္ခုကိုလွန်သော။

**မှတ်ချက်။** မံသစက္ခုကိုလွန်၏ဟူသည် ရူပါရုံကိုမြင်ခြင်းကိစ္စကို လွန်ခြင်းပင်တည်း။ ထိုကြောင့် အောက်ပါအတိုင်း ဥပစာတင်လေ။

**နည်းနှင့်ဥပစာ။** မံသစက္ခုံ အတိက္ကန္တတ္တာ ← အကြောင်း ဖြစ်သော ပသာဒစက္ခု၏ မံသစက္ခုံဟူသော အမည်ကို အကျိုးဖြစ်သော ရူပါရုံကိုမြင်ခြင်း (စက္ခုဝိညာဏ်ကိစ္စ) ၌ တင်စား၍ အကျိုးဖြစ်သော ရူပါရုံကို မြင်ခြင်းကို မံသစက္ခုဟုဆိုသောကြောင့် ကာရဏူပစာ။ (နာနတ္တ ရိကနည်း။)

† တတ္ထာပိ မံသစက္ခာတိက္ကမော တဿ ကိစ္စာတိက္ကမေနေဝ ဒဋ္ဌဗ္ဗော။ သာရတ္ထ၊ ၁။ ၄၀၀။

---

(က) သတ္တေ ပဿာမိတိ မနုဿမံသစက္ခုနာ ဝိယ သတ္တေ ပဿာမိ ဒက္ခာမိ ဩလောကေမိ။

(ခ) ဝစမာနေ ဥပပဇ္ဇမာနေတိတ္တေ စုတိက္ခဏေ ဝါ ဥပ ပတ္တိက္ခဏေ ဝါ ဒိဗ္ဗစက္ခုနာ ဒဋ္ဌုံ နာသက္ကာ။

(ဂ) ယေ ပန အာသန္နစုတိကာ ဣဒါနိ စဝိဿန္တိ တေ ဝစမာနာ။

(ဃ) ယေ စ ဂဟိတပဋိသန္ဓိကာ သမ္ဘတိနိဗ္ဗတ္တာ ဝါ တေ ဥပပဇ္ဇမာနာတိ အဓိပ္ပေတာ။ ဋ။ ၁၃၃။

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ မနုဿမံသစက္ခုနာဝိယဖြင့် လူတို့၏မံသစက္ခုဖြင့် မြင်သကဲ့သို့ ဒိဗ္ဗစက္ခုဖြင့်မြင်၏ဟူသော အဓိပ္ပာယ်ကို သိစေသည်။ (ဘာဝတ္ထ။)

က–ဝါကျ၌ ဒက္ခာမိသြလောကေမိဖြင့် ပဿာမိ၌ ဒိသဓာတ်သည် အပေက္ခန (သြလောကန) ရှုကြည့်ခြင်းအနက်ကိုဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

**မှတ်ချက်။** ပဿာမိကို ဒက္ခာမိဟု ပရိယာယ်ဖွင့်၍ ဒက္ခာမိ–၌ ဒိသဓာတ်သည် သြလောကနအနက်တည်းဟု သြလောကေမိဖြင့် ဖွင့်ပြန်သည်ဟု တမျိုးကြံနိုင်သည်။ သံဝဏ္ဏနာကျမ်း၌ကား တိုက်ရိုက် အဆိုအမိန့်မရှိ။

## ● ပါဌဝိနိစ္ဆယ

မနုဿမံသစက္ခုနာဟုသမာသ်လည်းကောင်း၊ မနုဿာနံမံသစက္ခုနာဟု ဝါကျလည်းကောင်း နှစ်ချက်ရှိ၏။ သမာသ်ဝါကျအနက်အထူးမရှိသော ကြောင့် ၂–ပါဌ်သင့်သည်။ မနုဿာ မံသစက္ခုနာဟုရှိလျှင်။ မနုဿာ၊ တို့သည်။ မံသစက္ခုနာ၊ ဖြင့်။ သတ္တေ၊ တို့ကို။ ပဿန္တိဝိယ၊ မြင်ကုန် သကဲ့သို့–ဟု အနက်ပေး၍ အတ္ထယုတ္တိရှိသောကြောင့် ယင်းပါဌ်လည်းသင့်သည်။

**နည်းနှင့်ဥပစာ။** ဌာနဖြစ်သော သတ္တဝါ၏ သတ္တေဟူသော အမည်ကို ဌာနီဖြစ်သော ရူပါရုံ၌တင်စား၍ ဌာနီဖြစ်သော ရူပါရုံကို သတ္တေဟုဆိုသောကြောင့် ဌာနူပစာသဒ္ဒါမည်၏ (နာနတ္တ ရိကနည်း။)

† ရူပဒဿနမေဝေတ္ထ သတ္တဒဿနန္တိ ဝေမာနေတိအာဒိနာ ပုဂ္ဂလာဓိဋ္ဌာနေန ဝုတ္တံ။ ဝိမတိ၊ ၁။ ၈၂။

ခ–ဝါကျဖြင့် ( စုတိခဏ, ပဋိသန္ဓေခဏ ဟူသည် စိတ္တက္ခဏ တစ်ချက်မျှဖြစ်၍ အလွန်လျင်မြန်သောကြောင့် ) ယင်းစုတိခဏ, ပဋိသန္ဓေခဏ၌ ဒိဗ္ဗစက္ခုဖြင့် မမြင်နိုင်ဟူသော အဓိပ္ပာယ်ကို သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com



နည်းနှင့်ဥပစာ။ အနီးရှိသော စုတိဆဲ သတ္တဝါ၏ စဝမာနေ ဟူသောအမည်ကို အနီးဖြစ်သောစုတေခါနီး သတ္တဝါ၌ တင်စား၍ အနီးဖြစ်သော စုတေခါနီးသတ္တဝါကို စဝမာနေဟု ဆိုသောကြောင့် သမီပူပစာ။

အနီးရှိသော ပဋိသန္ဓေနေဆဲသတ္တဝါ၏ ဥပပဇ္ဇမာနေ ဟူသော အမည်ကို အနီးဖြစ်သော ပဋိသန္ဓေနေပြီးစ, ဖြစ်ပြီးစသတ္တဝါ၌ တင်စား၍ အနီးဖြစ်သော ပဋိသန္ဓေနေပြီးစ, ဖြစ်ပြီးစသတ္တဝါကို ဥပပဇ္ဇမာနေဟု ဆိုသောကြောင့် သမီပူပစာ။

**မှတ်ချက်။** စဝမာနေ ဥပပဇ္ဇမာနေ ၂-ပုဒ်ကို သတ္တေ၌စပ်၍ ဥပစာတင်သည်ဟုမှတ်။ စုတူပပါတဉာဏာယနှင့် ဥပစာတူသည်။

ဂ-ဝါကျ၌ အာသန္နစုတိကာဖြင့် စုတိ၏အနီး ဖြစ်ကုန်သော သတ္တဝါတို့သည် စဝမာနမည်ကုန်၏ဟု သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ ဣဒါနိ စဝိဿန္တိဖြင့် အာသန္နစုတိကာ၌ အာသန္နအရ အတီတာသန္နကိုနယူရ၊ အနာဂတာသန္နကိုယူရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ စဝမာနာ၌ မာနပစ္စည်း၏ အနာဂတ်ကတ္တုသာဓန အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ စဝိဿန္တီတိ စဝမာနာဟု အနာဂတ် ကတ္တုသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

ဃ-ဝါကျ၌ ဂဟိတပဋိသန္ဓိကာဖြင့် ယူအပ်ပြီးသော ပဋိသန္ဓေ ရှိကုန်သော သတ္တဝါတို့သည် ဥပပဇ္ဇမာနမည်ကုန်၏ဟု သိစေသည်။ (ဘာဝတ္ထ။)

ဃ-ဝါကျ၌ သမ္ပတိနိဗ္ဗတ္တာ ဝါ ဖြင့် ဥပပဇ္ဇမာန၌ မာနပစ္စည်း၏ အတိတ်ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၁]၊ သမ္ပတိ (ယခု) ဥပပဇ္ဇိံသူတိ ဥပပဇ္ဇမာနာဟု အတိတ်ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ် ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဒုတိယပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** ပါရာ၊ ဂံ၊ သစ်၊ ၂။ ၂၈၂-၌ ဂဟိတပဋိသန္ဓိကာ ကိုပင် သမ္ပတိနိဗ္ဗတ္တာဝါဖြင့် ဆင့်ဖွင့်သည်ဟုဆိုသည်။ စဝနမာနေ၌ မာန ကား အနာဂတသမီပပစ္စုပ္ပန်၊ ဥပပဇ္ဇမာနေ၌ မာနကား အတီတ သမီပ ပစ္စုပ္ပန် ဖြစ်၍ စုတေဆဲ, ပဋိသန္ဓေနေဆဲ ဟု ပစ္စုပ္ပန်ဆတ်ဆတ်မရသင့် ဟူလို။

---

(က) ဟီနေတိ (လ) ဟိဠိတေ။

(ခ) ပဏီတေတိ (လ) တဗ္ဗိပရီတေ။

(ဂ) သုဝဏ္ဏေတိ (လ) ဣဋ္ဌကန္တမနာပဝဏ္ဏ ယုတ္တေ။

(ဃ) ဒုဗ္ဗဏ္ဏေတိ (လ) အမနာပဝဏ္ဏယုတ္တေ။

(င) အဘိရူပေ ဝိရူပေတိပိအတ္ထော။ ၄။ ၁၃၃။

က-ဝါကျ၌ ဟိဠိတေဖြင့် ဟီနသဒ္ဒါလာမကအနက်ကို ဟော သတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ။)

ခ-ဝါကျ၌ တဗ္ဗိပရီတေဖြင့် ပဏီတသဒ္ဒါ ဥတ္တမအနက်ကို ဟော သတည်းဟုသိစေသည်။ (နာမလိလိင်္ဂတ္ထ။)

**မှတ်ချက်။** ကွင်းပါဠိတို့ဖြင့် ဘာဝတ္ထပြသည်။

ဂ-ဝါကျ၌ ဣဋ္ဌကန္တမနာပဝဏ္ဏယုတ္တေဖြင့် သုဝဏ္ဏေ၌ သုသဒ္ဒါ၏ သုန္ဒရအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ သုန္ဒရော ဝဏ္ဏော ဧတေသံ သတ္တာနန္တိ သုဝဏ္ဏာဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** သု+ဝဏ္ဏ (ဒု+ဝဏ္ဏ) ၂-ပုဒ်ကို ယုတ္တသဒ္ဒါဖြင့် ဖွင့်ရ ကား ဗဟုဗ္ဗီဟိသမာသ်ပြသည်ဟုမှတ်ရာ၏။

* သံဝဏ္ဏေတဗ္ဗ၊ ဒိပဒ၊ ယုတ္တသဒ္ဒါဖြင့်ဖွင့်ကာပြ၊ ဗဟုဗ္ဗီဟိသမာသ ကြံစရာ။ **(သစ်)**

ဃ-ဝါကျ၌ အနိဋ္ဌာကန္တမနာပဝဏ္ဏယုတ္တေဖြင့် ဒုဗ္ဗဏ္ဏေ၌ ဒုသဒ္ဒါ

http://www.dhammadownload.com



၏အသုန္ဒရအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊၁ အသုန္ဒရော ဝဏ္ဏော တေသံ သတ္တာနဉ္စ ဒုဗ္ဗဏ္ဏာဟု ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၂ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

င-ဝါကျဖြင့် သုဝဏ္ဏေဒုဗ္ဗဏ္ဏေ၌ ဝဏ္ဏသဒ္ဒါကား ဇာတိစသော အနက်ကို မဟော၊ သဏ္ဌာနကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

**မှတ်ချက်။** အတ္ထုဒ္ဓါရအတ္ထုဒ္ဓေသဝါကျအတိုင်း အဓိပ္ပေတတ္ထစသည်အာဘော်ဖော်လေဦး။

(က) သုဂတေတိ သုဂတိဂတေ။

(ခ) အလောဘနိဿန္ဒ ယုတ္တတ္တာ ဝါ အဓေ မဟဒ္ဓနေ။

(ဂ) ဒုဂ္ဂတေတိ ဒုဂ္ဂတိဂတေ။

(ဃ) လောဘနိဿန္ဒယုတ္တတ္တာ ဝါ ဒလိဒ္ဒေ အပ္ပန္နပါနေ။

(င) ယထာကမ္မူပဂေတိ ယံ ယံ ကမ္မံ ဥပစိတံ၊ ဋ္ဌ။ ၁၃၃

တေန တေန ဥပဂတေ။

က-ဝါကျဖြင့် သုဂတေပုဒ်ကို သုန္ဒရံ ဂတိံ ဂတာ သုဂတာ ဟု မဇ္ဈေလောပိဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည် ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

ခ-ဝါကျ၌ အဓေမဟဒ္ဓနေဖြင့် သုဂတေ၌ သုသဒ္ဒါ၏သမိဒ္ဓိ အနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း၊၁ သမိဒ္ဓိ (ပြည့်စုံကြွယ်ဝခြင်းသို့) ဂတာတိသုဂတာဟု ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၂ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျ၌ အလောဘနိဿန္ဒယုတ္တတ္တာဖြင့် အလောဘဓာတ်ကြောင့် ကြွယ်ဝချမ်းသာ (အဓမဟဒ္ဓနဖြစ်) သတည်းဟု သိစေသည်။

http://www.dhammadownload.com



ဂ-ဝါကျဖြင့် ဒုဂ္ဂတေပုဒ်ကို ဒုက္ခံ ဂတိ ဂတာ ဒုဂ္ဂတာဟု မဖွေ လောပ် ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာလိင်္ဂပဒတ္ထ။)

ဃ-ဝါကျ၌ ဒလိဒ္ဒေ အပ္ပန္နပါနေဖြင့် ဒုဂ္ဂတေ၌ ဒုသဒ္ဒါ၏ အသမိဒ္ဓိအနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အသမိဒ္ဓိ (မပြည့်စုံခြင်း ဆင်းရဲနွမ်းပါးခြင်းသို့) ဂတာတိ ဒုဂ္ဂတာဟု ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ဃ-ဝါကျ၌ လောဘနိဿန္ဒယုတ္တတ္တာဖြင့် လောဘစာတ်ကြောင့် ဆင်းရဲနွမ်းပါး အစာရေစာရှားပါးခြင်း (ဒလိဒ္ဒအပ္ပန္နပါန) ဖြစ်သတည်း ဟု သိစေသည်။

**မှတ်ချက်။** ခ-ဃ ဝါကျဟိတ်တို့၏ အဓိပ္ပာယ်အကျယ်ကို သာရတ္ထဒ္ဒီ၌ရှု။ အဆေမဟာဒ္ဒနေဖြင့် သုခံ ဂတာ သုဂတာ၊ ဒလိဒ္ဒေအပ္ပန္နပါနေဖြင့် ဒုက္ခံ ဂတာ ဟူသော ဝစနတ္ထကို ပြသည်ဟုကြံနိုင်သေးသည်။

င-ဝါကျ၌ ယံ ယံ ကမ္မံ ဥပစိတံဖြင့် ယထာကမ္မံ၌ ယထာနိပါတ်၏ ဝိစ္ဆာအနက်ဟော၏အဖြစ်ကိုလည်းကောင်း[၁]၊ ယထာနှင့်ကမ္မကို "ယံ ယံ ကမ္မံ ယထာကမ္မံ"ဟု အဗျယီဘာဝသမာသ် တွဲစပ်ရမည်၏အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

င-ဝါကျ၌ တေန တေန ဥပဂတေနဖြင့် ယထာကမ္မေန ဥပဂတံ ယထာကမ္မူပဂံ ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ နောက်ပုဒ်၌ တ-ဟူသောပုဒ်တစ်စိတ်ကျေသည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

## ● နည်းနှင့်ဥပစာ

**စဝမာနေတိအာဒိဟိ။** အကြောင်းအာရုံ (ဝိသယ) သတ္တဝါ

http://www.dhammadownload.com



စသည်၏ စဝမာနစသောအမည်ကို အကျိုးဒိဗ္ဗစက္ခုကိစ္စ၌ တင်စား၍ အကျိုး ဒိဗ္ဗစက္ခုကိစ္စကို စဝမာနေ စသည် ဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တ ရိကနည်း။)

**မှတ်ချက်။** ရှေ့စဝမာနေ ဥပပဇ္ဇမာနေတိ တွေ ဝါကျ၌ သမိပူပစာတင်ခဲ့သည်။ ၂-မျိုးရသည်ဟုမှတ်။

† စဝမာနေတိအာဒီဟိ ဒိဗ္ဗစက္ခုကိစ္စံ ဝုတ္တံတို့ ဝိသယမုခေန ဝိသယိဗျာပါရမာဟ။ သာရတ္ထ။ ၁။ ၄၀၁။

---

(က) ဒုဋ္ဌု စရိတံ။

(ခ) ဒုဋ္ဌံ ဝါ စရိတံ ကိလေသပူတိကတ္တာတိ ဒုစ္စရိတံ။

(ဂ) ကာယေန ဒုစ္စရိတံ ကာယတော ဝါ ဥပ္ပန္နံ ဒုစ္စရိတန္တိ ကာယဒုစ္စရိတံ။

(ဃ) ဧဝံ ဝစိမနောဒုစ္စရိတာနိပိ ဒဋ္ဌဗ္ဗာနိ။ ဋ္ဌ။ ၁၃၄။

က-ဝါကျဖြင့် ဒု-ဥပသာရ၏ ကုစ္ဆိတ ( = ဒုဋ္ဌု) အနက်ဟော၏ အဖြစ်ကို လည်းကောင်း[၁]၊ ဒုစ္စရိတပုဒ်ကို ဒုဋ္ဌု စရိတံ ဒုစ္စရိတံ ပ ပဋ္ဌမာတပ္ပုရိသ်၊ ဝါ-တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

**အနက်ယောဇနာ။** ဒုဋ္ဌု၊ စက်ဆုပ်ဖွယ်၊ ဝါ-မကောင်းသဖြင့် စရိတံ၊ ကျင့်အပ်သော အကျင့်တည်း။ ဒုစ္စရိတံ၊ စက်ဆုပ်ဖွယ်၊ ဝါ မကောင်းသဖြင့် ကျင့်အပ်သောအကျင့်။

† ဒု-ကုစ္ဆိတေ သဒတ္ထေသု၊ ဝိရူပျတ္ထေပျ သောဘဏေ။

သိယာဘာဝါ သမိဒ္ဓိသု၊ ကိစ္ဆေစာ နန္ဒနာဒိကေ။ ဓာန် ၁၁၇၀

ခ-ဝါကျ၌ ဒုဋ္ဌံစရိတံဖြင့် ဒု ဥပသာရ၏ ကုစ္ဆိတ (ဒုဋ္ဌ) အနက်ဟော၏အဖြစ်ကိုလည်းကောင်း[၁]၊ ဒုစ္စရိတပုဒ်ကို ဒုဋ္ဌံ စရိတံ ဒုစ္စရိတံ ကမ္မဓာရယ်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသ

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com



**အနက်ယောဇနာ။** ဒုဋ္ဌ၊ ပျက်သော။ စရိတံ၊ အကျင့်တည်း။ ဒုစ္စရိတံ၊ ပျက်သောအကျင့်။

**မှတ်ချက်။** ကိလေသပူတိကတ္တာ–ဖြင့် ဘာဝတ္ထ အာဘော်ကို ပြသည်။

ဂ–ဝါကျ၌ ကာယေနဒုစ္စရိတံဖြင့် ကာယဒုစ္စရိတပုဒ်ကို တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသ လိင်္ဂပဒတ္ထ။)

**မှတ်ချက်။** ဒုဋ္ဌု + စရိတံကို ကာယေနနှင့်တွဲ၍ အောက်ပါအတိုင်း အနက်ပေး။

ကာယေန၊ ကိုယ် (စောပနကာယ = ကာယဝိညတ်)ဖြင့် ဒုစ္စရိတံ စက်ဆုပ်ဖွယ်၊ ဝါ – မကောင်းသဖြင့် ကျင့်အပ်သော အကျင့်တည်း။ ကာယဒုစ္စရိတံ၊ ကိုယ်ဖြင့်စက်ဆုပ်ဖွယ်၊ ဝါ–မကောင်းသဖြင့် ကျင့်အပ် သောအမှု။

ဂ–ဝါကျ၌ ကာယတော ဥပ္ပန္နံ ဒုစ္စရိတံ – ဖြင့် ကာယဒုစ္စရိတ ပုဒ်ကို ကာယတော ဥပ္ပန္နံ ဒုစ္စရိတံ – ဟု မဇ္ဈေလောပီ ပဉ္စမီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင် ပဒတ္ထ။)

**မှတ်ချက်။** ဒုဋ္ဌ+စရိတံကို ကာယတောနှင့် တွဲ၍ အောက်ပါ အတိုင်း အနက်ပေး။ သာရတ္ထ။ ၁။ ၄၀၃–၌ ယထာက္ကမံ ယောဇေတဗ္ဗံ ဟု ဖွင့်သည်။

ကာယတော၊ ကိုယ် (စောပနကာယ = ကာယဝိညတ်) မှ။ ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသော။ ဒုစ္စရိတံ၊ ပျက်သောအကျင့်တည်း၊ ဝါ – အကျင့် ပျက်တည်း။ ကာယဒုစ္စရိတံ၊ ကိုယ်မှဖြစ်ပေါ်လာသော ပျက်သောအကျင့်၊ ဝါ–အကျင့်ပျက်။

**နည်းနှင့်ဥပစာ။** ဌာနဖြစ်သောကိုယ်၏ ကာယဟူသော အမည်ကို ဌာနီဖြစ်သော စောပနကာယ ( = ကာယဝိညတ်) ၌ တင်စား၍ ဌာနီ ဖြစ်သော စောပနကာယကို ကာယေန ကာယတောဟု ဆိုသောကြောင့် ဌာနူပစာ။ (နာနက္ခရိကနည်း။)

http://www.dhammadownload.com



ဂ-ဝါကျဖြင့် ဝစီဒုစ္စရိတ, မနောဒုစ္စရိတပုဒ် တို့ကိုလည်း ကာယဒုစ္စရိတပုဒ်ကို ဝိဂ္ဂဟပြုသည်အတိုင်း သိမှတ်ကြလေဟု သိစေသည်။ (ဘာဝတ္ထ။)

**ဆိုလိုရင်းကား.....** ဒုဋ္ဌု စရိတံ ဒုစ္စရိတံ။ ဝစိယာ ဝါစာယ ဒုစ္စရိတံ ဝစီဒုစ္စရိတံ။ ဒုဋ္ဌံ စရိတံ ဒုစ္စရိတံ။ ဝစီတော ဥပ္ပန္နံ ဒုစ္စရိတံ ဝစီဒုစ္စရိတံ။ မနသာ ဒုစ္စရိတံ မနောဒုစ္စရိတံ။ မနတော ဥပ္ပန္နံ ဒုစ္စရိတံ မနောဒုစ္စရိတံ ဟု အစဉ့်အတိုင်းတွဲလေဟုဆိုလိုသည်။ အတိဒေသဝါကျမျိုးတည်း။

**မှတ်ချက်။** ရှေးမူအဋ္ဌကထာ၌ ဒုဋ္ဌုစရိတံ ဒုဋ္ဌံ(ဝါ)စရိတံဟု ဋ္ဌု + ဋ္ဌံ ၂-မျိုးရှိသည်။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၂၈၉ ၌ "ဒုဋ္ဌံဟု နိဂ္ဂဟိတန္တနှင့်ရှိတတ်သည်။ နိပါက်ဖြစ်၍မသင့်။ နိဂ္ဂဟီတာဂမသော်လည်းကြံ" ဟု ဆိုသည်။

---

(က) သမန္နာဂတာတိ သမင်္ဂီဘူတာ။

(ခ) အရိယာနံ ဥပဝါဒကာတိ ဗုဒ္ဓပစ္စေကဗုဒ္ဓ (လ) ဂိဟိသောတာပန္နာနမ္ပိ။ ဋ္ဌ။ ၁၃၄။

## ● အာဘောဂနှင့် သံဝဏ္ဏနာ

ခ-ဝါကျ၌ သမင်္ဂီဘူတာဖြင့် သမန္နာဂတာသဒ္ဒါသည် "သံ = အညီအညွတ်+အနု = လျော်စွာ + အာဂတ = ရောက်" ဟူသော အနက်ကို၊ ဝါ-ယုတ္တအနက်ကိုမဟော၊ ပြည့်စုံခြင်း = သံပုဏ္ဏအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

**မှတ်ချက်။** သာရတ္ထ၌ အဓိပ္ပာယ်အာဘော် ဖော်ပြထားသည်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၂၉၀ ကြည့်။

ခ-ဝါကျ၌ ဗုဒ္ဓပစ္စေကဗုဒ္ဓ (လ) သောတာပန္နာနမ္ပိဖြင့် လိင်အရိယာ, အစာရအရိယာ, ပဋိဝေဓအရိယာစသည်တွင် ဤ၌ အရိယာအရပဋိဝေဓအရိယာကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

## ● ပါဠိစိန္တိဿယ

ယာဝသိဝထိကံဂန္တွာပိ ( ဋ္ဌ။ ၁၃၅ ) ၌ သိဝထိကံ, ဆဝထိကံ

http://www.dhammadownload.com



သိဝဋ္ဌိကံ, သိဝဓိကံဟု ပါဌ်အမျိုးမျိုးရှိရာ "ဆဝါဓိယျန္တေတြသိဝထိကာ၊ ဏွု၊ ဆသ္သ သော၊ ထတ္တံ ဋ္ဌတ္တဉ္စ။ဆဝသိကာပိဟူသော ဓာန်ဋီ၊ ၄ဝ၆–ကို ထောက်၍ ဆဝသဒ္ဒါ့ုပပဒ+ဓာဓာတ်+ဏွုပစ္စည်း၊ ဆ–ကို သ–ပြု၊ ဓာ–၌ ဓ–ကို ထပြု၊ သ–၌ အ–ကို ဣပြု၊ ဓာ–၌ အာကို ဣပြု၊ ဏွုကို အက–ပြု၊ ဋ္ဌတ္တိဓောတကာ အာပစ္စည်းသက် ကပ်သင့်ရာကပ်၍ သိဝထိကာဟုလည်းကောင်း၊ ဆဝ၌ ဆကို သမပြု၊ အ–ကို ဣ–မပြုလျှင် ဆဝထိကာဟုလည်းကောင်း ရုပ်ပြီးသောကြောင့် သိဝထိကံ ဆဝထိကံ ၂–ပါဌ်သာ သင့်သည်။ ကျန် ၂–ပါဌ်မသင့်။

(က) မိစ္ဆာဒိဋ္ဌိကာတိ ဝိပရီတဒဿနာ။

(ခ) မိစ္ဆာဒိဋ္ဌိကမ္မ သမာဒါနာတိ မိစ္ဆာဒိဋ္ဌိ ဝသေန သမာဒိန္န နာနာဝိဓကမ္မာ ယေ စ မိစ္ဆာဒိဋ္ဌိ မူလကေသု ကာယကမ္မာ ဒီသု အညေပိ သမာဒပေန္တိ။ ဋ္ဌ။ ၁၃၅။

## ● အံသောဂနှင့် သံဝဏ္ဏနာ

က–ဝါကျ၌ ဝိပရီတဒဿနာဖြင့် မိစ္ဆာ သဒ္ဒါသည် မိစ္ဆာဝါစာ၌ မိစ္ဆာသဒ္ဒါကဲ့သို့ မုသာအနက်၊ ကာမေသု မိစ္ဆာစာရ၌ မိစ္ဆာသဒ္ဒါကဲ့သို့ လာမကအနက်ကိုမဟော ဤ၌ မိစ္ဆာသဒ္ဒါ၏ ဝိပရီတအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဒိဋ္ဌိပုဒ်ကို ကတ္တုသာဓန ဝစနတ္ထမပြုရ၊ ဘာဝသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] တိ–ပစ္စည်းသည် ကတ္တုသာဓန၌ မသက်၊ ဘာဝသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊[၃] ဒိသဓာတ်၏ ဒဿန (အပေက္ခာန) အနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း၊[၄] မိစ္ဆာ ဝိပရီတာ ဒိဋ္ဌိဧတေသန္တိ မိစ္ဆာဒိဋ္ဌိကာ ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၅] က–ပစ္စည်း၏သမာသန္တကာ၏ အဖြစ်ကိုလည်းကောင်း[၆] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ဒုတိယပစ္စယတ္ထ။

၄။ ဒုတိယ ဓာတွတ္ထ။ ၅။ အဘိဓာနတ္ထ၊ သမာသလိင်္ဂ ပဒတ္ထ။

၆။ ဘာဝတ္ထ။

## သံဝဏ္ဏနာနှင့်အညီဝိဂ္ဂဟ

ဒဿနံဒိဋ္ဌိ။ မိစ္ဆာ ဝိပရီတာ ဒိဋ္ဌိ ဧတေသန္တိ မိစ္ဆာ ဒိဋ္ဌိကာ။ (ဖောက်ပြန်သောအယူရှိကုန်သော–ဟု အနက်ပေး။)

http://www.dhammadownload.com



ခ–ဝါကျ၌ မိစ္ဆာဒိဋ္ဌိဝသေန သမာဒိန္န နာနာဝိဓကမ္မာဖြင့် သမာဒါနပုဒ်ကို သမာဒါတဗ္ဗာနီတိ သမာဒါနာနိဟု ကမ္မသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ယုပစ္စည်း၏ ကမ္မသာဓနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ (သံ+အာ+ဒါ+ယုကို သမာဒိန္န=သံ+အာ+ဒါ+တ၌ တပစ္စည်းဖြင့်ဖွင့်။) ကမ္မအရ နာနာဝိဓကံကိုယူရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ ကမ္မသမာဒါနပုဒ်ကို သမာဒါနာနိ ကမ္မာနိ ယေသန္တိ ကမ္မသမာဒါနာဟု ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ သမာဒါန ကမ္မ ဟူလိုလျက် ဝိသေသနပရနိပါတအားဖြင့် ကမ္မသမာဒါနဟု ဆိုသည်၏ အဖြစ်ကိုလည်းကောင်း[၅]၊ မိစ္ဆာဒိဋ္ဌိဝသေန ကမ္မသမာဒါနာ မိစ္ဆာဒိဋ္ဌိ ကမ္မသမာဒါနာ ဟု တတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၆] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓေယျတ္ထ။

၄။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၅။ ဘာဝတ္ထ။

၆။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

**အနက်ယောဇနာ။** ယေသတ္တာ၊ တို့သည်။ မိစ္ဆာဒိဋ္ဌိ ကမ္မသမာဒါနာ၊ မိစ္ဆာဒိဋ္ဌိ (ဖောက်ပြန်သောမြင်ခြင်း)၏ အစွမ်းဖြင့် ကောင်းစွာယူအပ်၊ ဝါ– ဆောက်တည်အပ်သော အထူးထူး အပြားပြားသော ကံရှိကုန်၏။

ခ–ဝါကျ၌ သမာဒပေန္တိဖြင့် သမာဒါနာပုဒ်ကို သမာဒပေန္တိတိ သမာဒါနာဟု ဟေတုကတ္တုသာဓနေဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယုပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ကာရိက် ပစ္စည်းကျေသည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

ခ–ဝါကျ၌ ယေ–ဖြင့် ကာရိုက် ကတ္တားကိုလည်းကောင်း[၁]၊ အညေပိဖြင့် ကာရိုက်ကံကိုလည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။

ခ–ဝါကျ၌ မိစ္ဆာဒိဋ္ဌိမူလကေသု ကာယ ကမ္မာဒိသု သမာဒပေန္တိဖြင့် မိစ္ဆာဒိဋ္ဌိကမ္မကို မိစ္ဆာဒိဋ္ဌိမူလကာနိ ကမ္မာနိ မိစ္ဆာဒိဋ္ဌိ ကမ္မာနိဟု ပုဗ္ဗပဒဥတ္တရပဒလောပ ကမ္မဓာရယ် သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကို

http://www.dhammadownload.com


လည်းကောင်း[၁]၊ ကမ္မအရ ကာယကံကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ မိစ္ဆာဒိဋ္ဌိကမ္မ သမာဒါနာကို မိစ္ဆာဒိဋ္ဌိ ကမ္မေသု သမာဒါနာ မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနာဟု သတ္တမီတပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓေယျတ္ထ။

၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျတစ်ဝါကျလုံး အကျဉ်းချုပ်အားဖြင့် မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနှင့် သမာဒါနာဟုဆိုလျက် **ကေသေသနည်း၊ သာမညနိဒ္ဒေသနည်း၊** အားဖြင့် မိစ္ဆာဒိဋ္ဌိ ကမ္မ သမာဒါနာဟု ပြီးသတည်းဟု သိစေသည်။ [၁](ဘာဝတ္ထ။)

---

(က) ကာယသ သောဒါတိ ဥပါဒိန္နကဗ္ဗန္ဓရိစ္ဆာဂါ။

(ခ) ပရံမရဏာတိ တဒနန္တရံ အဘိနိဗ္ဗတ္တက္ခန္ဓဂ္ဂဟဏေ။

(ဂ) အထဝါ ကာယသ သောဒါတိ ဇီဝိတိန္ဒြိယဿုပစ္ဆေဒါ။

(ဃ) ပရံမရဏာတိ စုတိစိတ္တတော ဥဒ္ဓံ။ ဋ္ဌ။ ၁၃၅။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ သံဝဏ္ဏနာဖြင့် ကာယ သဒ္ဒါသည် ရာသိ အနက်ကို မဟော၊ ဥစ္စိန္နဘာဝနေတ္တိကော ဘိက္ခဝေ တထာဂတဿ ကာယော တိဋ္ဌသိ၊ အဟမ္ဗေ ကာယော ဗဟိဒ္ဓါစနာမရူပံ (မ၊ ဋ္ဌ၊ ၁။ ၃၃၇)၌ ကဲ့သို့ ခန္ဓာပဥ္စက(ဒေဟ)အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဘေဒ=ပျက်၏ ဟူသည် (ယင်းခန္ဓာကို)စွန့်ခြင်းပင် တည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။

† ကာယောတု ဒေဟရာသိသု၊ ဓာန်။ ၁၀၈၅။

**နည်းနှင့်ဥပစာ။** အပေါင်းဖြစ်သော ဒေဟရာသိတို့၏ ကာယ အမည်ကို အစိတ်ဒေဟ၌တင်လေ။ အတ္ထုဒ္ဓါရ အတ္ထုဒ္ဒေသည်၌ ရနေကျ ဥပစာတည်း။ ပရံကို တဒနန္တ ရံဖွင့်ရာ၌လည်း ဓာန်ကိုကြည့်၍ ဥပစာတင်လေ။

http://www.dhammadownload.com


ခ–ဝါကျ၌ တဒနန္တရံဖြင့် ပရသဒ္ဒါသည် ပစ္စနိက ဥတ္တမအညအနက်တို့ကို မဟော၊ ပဏ္ဍာဘာဂအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ပရံ၌ ဒုတိယာဝိဘတ်၏ သတ္တမျတ္ထ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ပဏ္ဍာဘာဂအနက်ဟော ပရသဒ္ဒါနှင့်ယှဉ်ရာဝယ် အပါဒါန်ငဲ့ရကား မရဏာ၌ ပဉ္စမီဝိဘတ်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ ဝိဘတျတ္ထ။ ၃။ ဝိဘတ္တိပဒ။

✝ ပစ္စနီကောတ္တမေသွည္သေ၊ ပဏ္ဍာဘာဂေ ပရောတိသု။ ဓာန်။ ၈၄၄။

ခ–ဝါကျ၌ အဘိနိဗ္ဗတ္တကမ္မဂ္ဂဟဏေဖြင့် ပရံမရဏာဟူသည် အဝိတရာဂဖြစ်သော ပုထုဇ္ဇဉ်သေက္ခပုဂ္ဂိုလ်၏ ခန္ဓာအသစ်ကို ရယူခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** ကာယဿ၊ ဥပါဒိန္န. ခန္ဓာ၏၊ ဝါ–ကို။ ဘေဒါ၊ ပျက်စီးသည်မှ၊ ဝါ–စွန့်သည်မှ။ ပရံ၊ နောက်ခန္ဓာ အသစ်ကို ယူခြင်း၌။

ဂ–ဝါကျ သံဝဏ္ဏနာဖြင့် ကာယအရ အကြောင်းဖြစ်သော ဇီဝိတိန္ဒြေကိုယူရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အကြောင်းဇီဝိတိန္ဒြေကျိုးပြတ်လတ်သော် အကျိုးခန္ဓာပဉ္စကဟူသော ကာယပြတ်သည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ ဘာဝတ္ထ။

**နည်းနှင့်ဥပစာ။** အကျိုးဖြစ်သော ခန္ဓာပဉ္စက ( ဒေဟ ) ၏ ကာယအမည်ကို အကြောင်းဖြစ်သော ဇီဝိတိန္ဒြေ၌တင်စား၍ အကြောင်းဖြစ်သော ဇီဝိတိန္ဒြေကို ကာယဟုဆိုသောကြောင့် ဖလူပစာ။ ( အဝိနာဘာဝနည်း။)

**မှတ်ချက်။** "ယေန တိဋ္ဌတိ၊ တဿ ဥပစ္ဆေဒေနေဝ ကာယော ဘိဇ္ဇတိ။ သာရတ္ထ၊ ၁။ ၄၀၆–နှင့်အညီ ဖလူပစာကြံသည်။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၂၉၀–၌ကား ကေဒေသျူပစာလည်း ကြံထားသေးသည်။ အောက်ပါအတိုင်း ဥပစာတင်လေ။

**တစ်နည်း။** အပေါင်းဖြစ်သော ခန္ဓာပဉ္စက၏ ကာယ ဟူသော အမည်ကို အစိတ်ဖြစ်သော ဇီဝိတိန္ဒြေ၌ တင်စား၍ အစိတ်ဖြစ်သော ဇီဝိ

http://www.dhammadownload.com



တိမ်ခြွေကိုလည်း ကာယဟုဆိုသောကြောင့် ကေဒေသျှပစာ၊ ဝါ-သမုဒါယူပစာ။ (နေယျတ္ထနည်း၊ ရုဠှီနည်း။)

ဂ-ဝါကျ၌ ဥပဗ္ဗေဒါဖြင့် ဘေဒ ပုဒ်ကို ဘိန္ဒ ဥပဗ္ဗေဒန် ဘေ ဒေါဟု ဘာဝသာဓ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] ဏ-ပစ္စည်း၏ ဘာဝသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] ဘိဒိဓာတ်၏ ဆေဒန အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

ဃ-ဝါကျ၌ စုတိစိတ္တတောဖြင့် မရဏာပုဒ်ကို မရီယတေ မရဏံဟု ဝစနတ္ထပြု၍ မရဏာအရ စုတိစိတ်ကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] မရဏာ၌ အာသဒ္ဒါသည် ပဉ္စမာယောဝိဘတ်၏ ကာရိယမဟုတ်၊ ပဌမီကေဝုစ်သွာ ဝိဘတ်၏ကာရိယ၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ ဝိဘတ္တိပဒ။

ဃ-ဝါကျ၌ ဥဒ္ဓံဖြင့် ပရသဒ္ဒါ၏ ဥပရိအနက် ဟော၏ အဖြစ်ကိုလည်းကောင်း၊[၁] ဒုတိယာဝိဘတ်၏ သတ္တမျတ္ထ၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ ဝိဘတျတ္ထ။ .

---

(က) အပါယန္တိ ဝေမာဒိသဗ္ဗံ နိရယဝေဝစနံ။

(ခ) နိရယော ဟိ သဂ္ဂမောက္ခ ဟေတုဘူတာ ပုညသမ္မတာ အယာ အပေတတ္တာ။

(ဂ) သုခါနံ ဝါ အာယဿ အဘာဝါ အပါယော။ ၄။ ၁၃၅။

## ● အာဘောဂနှင့် သံဝဏ္ဏနာ

က-ဝါကျဖြင့် အပါယ, ဒုဂ္ဂတိ, ဝိနိပါတပုဒ်တို့ကား နိရယသဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်းဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ အယာ အပေတတ္တာဖြင့် အပါယောပုဒ်ကို အယာ အပေတော အပါယော ဟု ပဥ္စမီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] (အဗျယီဘောမပြုရ။ ဖျာဘိရေက အာဘော်) အပ-ဥပသာရ၏ အပေတအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

http://www.dhammadownload.com



ခ-ဝါကျ၌ ပုညသမ္ဘတာဖြင့် အယ- ပုဒ်ကို ဝေါ ဣမသ္မာ သုခန္တိ အယော(သာရတ္ထ၊ ၁။ ၄၀၆)ဟု ဝစနတ္ထပြု၍ အယအရကောင်းမှုကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ သဂ္ဂမောက္ခ ဟေတုဘူတာဖြင့် ပုညဟူသည် နတ်ရွာ နိဗ္ဗာန်ရောက်ကြောင်းတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** အပါယော၊ ချမ်းသာသုခ၏ ဖြစ်ကြောင်း ကောင်းမှုကင်းသော။

ဂ-ဝါကျ၌ အာယဿ အဘာဝါဖြင့် အပါယောပုဒ်ကို နတ္ထိ အာယော ဧတ္ထာတိ အပါယောဟု သတ္တမီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] အပ သဒ္ဒါ၏ အဘာဝ အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

**မှတ်ချက်။** သျှ-၌ကား နည်းနှစ်ပါးလုံးပင် ပဥ္စမီ တပ္ပုရိသ်ကို ပြသည်ဟုဆိုသည်။ အာယပုဒ်ကို သာရတ္ထ၊ ၁။ ၄၀၆-၌ "အာယန္တိ ဧတသ္မာ သုခနီတိ အာယော" ဟု ဝိဂ္ဂဟပြု၍ ပုညကမ္မာဒီနံ သုခသာဓနံ ဟု အရကိုပြသည်။ ဧတသ္မာ၊ထိုကောင်းမှုစသည်တို့သည် သုခကို ပြီးစေနိုင်ခြင်းသတ္တိမှ။ ဝါ-ကြောင့်။သုခါနိ၊တို့သည်။ အာယန္တိ၊ဖြစ်ပေါ်လာရကုန်၏။ ဣတိ အာယော။

**အနက်ယောဇနာ။** အပါယော၊သုခတို့၏ ဖြစ်ပေါ်ရာဖြစ်သော ကောင်းမှုစသည်တို့သည် သုခကိုပြီးစေနိုင်ခြင်း (သုခသာဓနသတ္တိ)မရှိသော။

---

(က) ဒုက္ခဿ ဂတိ ပဋိဿရဏန္တိ ဒုဂ္ဂတိ။

(ခ) ဒေါသဗဟုလတာယ ဝါ ဒုဋ္ဌေန ကမ္မုနာ နိဗ္ဗတ္တာဂတီတိ ဒုဂ္ဂတိ။ ၄။ ၁၃၅။

က-ဝါကျ၌ ဒုက္ခဿ ဂတိ-ဖြင့် ဒုဂ္ဂတိ၌ ဒု သဒ္ဒါသည် ကုစ္ဆိတ အနက်ကိုမဟော၊ ဒုက္ခအနက်ဟော၏အဖြစ်ကိုလည်းကောင်း၊[၁] ဒုဂ္ဂတိပုဒ်ကို ဒုက္ခဿဂတိ ဒုဂ္ဂတိဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com



က—ဝါကျ၌ ပဋိသရဏံ-ဖြင့် ဂတိသဒ္ဒါသည် နိဋ္ဌာစသောအနက်ကိုမဟော၊ ပတိဋ္ဌာအနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

**မှတ်ချက်။** အတ္ထုဒ္ဒါရ၊ အတ္ထုဒ္ဓေသ ဝါကျတိုင်းရသော အဘိဓေယျတ္ထ၊ အဓိပ္ပေတတ္ထအာဘော်နှင့် ကေဒေသျှုပစာရသည်ကိုသတိပြု။

✝ ဘာဝသောဒေ ပတိဋ္ဌာယံ၊ နိဋ္ဌမ္ဘာသယပုဒ္ဓိသု။ ဝါသဋ္ဌာနေ

စ ဂမနေ၊ ဝိသဋ္ဌတ္တေ ဂတီရိတာ။ ဓာန်။ ၇၉၃။

**အနက်ယောဇနာ။** ဒုဂ္ဂတိ၊ ဆင်းရဲ၏တည်ရာ လဲလျောင်းရာ (ဖြစ်သော)။

ခ—ဝါကျ၌ ဒုဋ္ဌေန ကမ္မုနာ နိဗ္ဗတ္တာ ဂတိဖြင့် ဒုသဒ္ဒါ၏ကုစ္ဆိတ(ဒုဋ္ဌ)အနက်ဟော၏အဖြစ်ကိုလည်းကောင်း၊¹ ဒုအရ မကောင်းမှု အကုသိုလ်ကံကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း၊² ဒုဂ္ဂတိ—ကို ဒုဋ္ဌေန ကမ္မုနာ နိဗ္ဗတ္တာ ဂတိ ဒုဂ္ဂတိဟု မဇ္ဈေလောပီတတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း³ သိစေသည်။

၁။ ဉပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓေယျတ္ထ။ ၃။ အဘိဓေယျတ္ထ။

သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** ဒုဋ္ဌေန ကမ္မုနာကိုထောက်၍ ဂတိသဒ္ဒါ ဘာဝအထူး (ဘာဝဘေဒ) အနက်ကိုဟောသည်။ ကြွင်းပါဌ်ဖြင့် ဘာဝတ္ထပြသည်။

**အနက်ယောဇနာ။** ဒုဂ္ဂတိ၊ ဒေါသသည် ဖျက်ဆီး အပ်သော အကုသိုလ်ကံကြောင့်ဖြစ်သော ဘာဝအထူး။

---

(က) ဝိဝသာ နိပတန္တိ ဧတ္ထ ဒုက္ခပ္ပကာရိနောတိ ဝိနိပါတော။

(ခ) ဝိနဿန္တာ ဝါ ဧတ္ထ နိပတန္တိ သမ္ဘိန္နမာနင် ပစ္စင်္ဂါတိ ဝိနိပါတော။

(ဂ) နတ္ထိ ဧတ္ထ အဿာဒ သညီတော အယောတိ နိရယော။

ဋ္ဌ။ ၁၃၅။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က—ဝါကျ၌ ဝိဝသာ နိပတန္တိ ဧတ္ထဖြင့် ဝိ-ဉပသာရ၏ ဝိဝသအနက်ဟော၏အဖြစ်ကိုလည်းကောင်း၊¹ နိ ဉပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း၊² ဝိနိပါတသဒ္ဒါ၏ ဝိရှေး နိရှေးရှိသော ပတဓာတ်၏ အဖြစ်ကိုလည်းကောင်း၊³ ဏ-ပစ္စည်း၏အဓိကရဏသာဓန၌

http://www.dhammadownload.com



သက်သည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ ဝိနိပါတပုဒ်ကို ဝိဝသာ နိပတန္တိ ဧတ္ထာတိ ဝိနိပါတောဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း[၅] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဒုတိယ ဓာတု ပဒ။ ၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓာနတ္ထ။

က-ဝါကျ၌ ဒုက္ကဋကာရီနောဖြင့် ဝိဝသ (မိမိအလိုကင်းသူ) ဟူသည် မကောင်းမှုကိုပြုလေ့ရှိသူ (ဒုက္ကဋကာရီ) ပုဂ္ဂိုလ်ပင်တည်းဟု သိစေသည်။ ဘာဝတ္ထ။

ခ-ဝါကျ၌ ဝိနဿန္တာ ဧတ္ထ ပတန္တိ-ဖြင့် ဝိ ဥပသာရ၏ ဝိနဿန အနက်ဟော၏အဖြစ်ကိုလည်းကောင်း[၁]၊ နိ-ဥပသာရ၏ဓာတွတ္ထာ နုဝတ္တက၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဝိနိပါတသဒ္ဒါ၏ ဝိရှေး နိရှေး ရှိသော ပတဓာတ်၏ အဖြစ်ကိုလည်းကောင်း[၃]၊ ဏ-ပစ္စည်း၏အဓိကရဏသာဓနန္ဒ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ ဝိနိပါတပုဒ်ကို ဝိနဿန္တာ နိပတန္တိ ဧတ္ထာတိ ဝိနိပါတော ဟု အဓိကရဏ သာဓနဝစနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း[၅] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဒုတိယ ဓာတုပဒ ၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓာနတ္ထ။

**အနက်ယောဇနာ။** ဝိနိပါတော၊ မကောင်းမှုကို ပြုလေ့ရှိသူတို့ အလိုကင်းကုန်လျက် (မကျချင်ဘဲ) ကျရောက်ရာ ငရဲ၊ ဝါ၊ အင်္ဂါခြေလက် ပျက်စီးလျက် ကျရောက်ရာငရဲ။

ခ-ဝါကျ၌ သမ္ဘိန္နမနင်္ဂပစ္စင်္ဂါဖြင့် ဝိနဿန္တ ဟူသည် ပျက်စီးသော ကိုယ်အင်္ဂါကြီးငယ်ရှိသော သတ္တဝါတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ နတ္ထိဧတ္ထအယောဖြင့် နိရယောပုဒ်ကို နတ္ထိဧတ္ထအယော တိ နိရယောဟု သတ္တမီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကို လည်း ကောင်း[၁]၊ နိ-သဒ္ဒါသည်နိသေဓအနက်ကိုမဟော၊ အဘာဝအနက်ကို ဟောသည် ၏ အဖြစ်ကိုလည်းကောင်း[၂]၊ ရအာဂုံ၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဥပသဂ္ဂ လိင်္ဂတ္ထ။ ၃။ ဘာဝတ္ထ။

**အနက်ယောဇနာ။** နိရယော၊ သာယာမှု (အဿာဒ) မရှိရာငရဲ။

ဂ-ဝါကျ၌ အဿာဒသညိတောဖြင့် အယောပုဒ်ကို ဣယတိ အဿာဒီယတီတိ အယော (သာရတ္ထ၊ ၁။ ၄၀၇)ဟု ဝစနတ္ထပြု၍ အယ အရသာယာမှု (အဿာဒ) ကို ယူရမည်ဟုသိစေသည် (အဘိဓေယျတ္ထ။)

http://www.dhammadownload.com



(က) ဥပပန္နာတိ ဥပဂတာ။

(ခ) တတ္ထ အဘိနိဗ္ဗတ္တာတိ အဓိပ္ပါယော။

(ဂ) သုန္ဒရာ ဂတိ သုဂတိ။

(ဃ) ရူပါဒိဝိသယေဟိ သုဋ္ဌု အဂ္ဂေါတိ သဂ္ဂေါ။

(င) သော သဗ္ဗော ဟိ လုဇ္ဇနပလုဇ္ဇနဋ္ဌေန လောကော။

ဋ္ဌ။ ၁၃၆။

က-ဝါကျ၌ ဥပဂတာဖြင့် ဥပပန္နာ၌ ပဒစာတ်သည် (ပဇ္ဇတေ ဉာယတေ အတ္တော ဧတေနာတိပဒံ၌ကဲ့သို့) ဉာဏအနက်မဟော၊ ဂတိ အနက်ဟော၏အဖြစ်ကိုလည်းကောင်း[၁]၊ ဥပပန္န၌အန္တသဒ္ဒါ၏ တပစ္စည်း၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း[၂]၊ ဥပပန္နပုဒ်ကို ဥပပန္နာတိ ဥပဂတာဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ တ-ပစ္စည်း၏ ကတ္တုသာဓန၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဒုတိယဓာတုပဒ။ ၃။ အဘိဓာနတ္ထ။

၄။ ဒုတိယပစ္စယတ္ထ။

ခ-ဝါကျဖြင့် ဥပဂတာ = ကပ်ရောက်ကုန်၏ဟူသည် ထိုငရဲပြည်၌ ဖြစ်ကုန်သတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** ဥပပန္နာ၊ ကပ်ရောက်ကြကုန်၏ (သဒ္ဒတ္ထ)၊ ဝါ- (ထိုငရဲ၌) ဖြစ်ကြရကုန်၏ (အဓိပ္ပါယတ္ထ)။

ဂ-ဝါကျဖြင့် သုဂတိ၌ သုသဒ္ဒါသည် သမ္မာဘူသစသော အနက်ကို မဟော၊ သုန္ဒရအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ သုဂတိ ပုဒ်ကို သုန္ဒရာ ဂတိ သုဂတိဟု ကမ္မဓာရယသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

**အနက်ယောဇနာ။** သုဂတိ၊ ကောင်းသောဂတိ။

ဃ-ဝါကျ၌ သုဋ္ဌုအဂ္ဂေါဖြင့် သဂ္ဂေါပုဒ်ကို သုဋ္ဌအဂ္ဂေါဟု ပါဒိ ပုဗ္ဗပဒကမ္မဓာရယသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ သဂ္ဂေါ

http://www.dhammadownload.com



ကို သု+အံဂ္ဂေါဟု ပဒစ္ဆေဒပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ သုသဒ္ဒါ၏ သုဋ္ဌု အနက်ဟော၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနဋ္ဌ၊ သမာသလိင်္ဂပဒဋ္ဌ။ ၂။ သန္ဓိလိင်္ဂပဒ။

၃။ ဥပ သဂ္ဂလိဋ္ဌ။

**အနက်ယောဇနာ။** သဂ္ဂေါ၊ (ရူပါရုံစသောကာမဂုဏ်တို့ဖြင့်) ကောင်းစွာလွန်စွာမြတ်သော (လောက)။

**မှတ်ချက်။** သုဋ္ဌု၊ ကောင်းစွာ။ အဂ္ဂေါ၊ ကြာမြင့်စွာတည်ရာ တည်း။ ဝါ-ကပ်ရောက်အပ်သည်တည်းဟု ပါရာ၊ ဂံ၊ သစ်၊ ၂။ ၃၀၁-၌ ဆိုသည်။ ယင်းအလို သဂ္ဂေါ၊ ကောင်းစွာကြာမြင့်စွာတည်ရာ-ဟု အနက် ပေး။

င-ဝါကျ၌ လုဇ္ဇနပလုဇ္ဇနဋ္ဌေနဖြင့် လောကောပုဒ်ကို လုဇ္ဇတိ ပလုဇ္ဇတီတိ လောကောဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကို လည်းကောင်း[၂]၊ လုဓာတ်၏ အဖြစ်ကိုလည်းကောင်း[၃]၊ ယင်းလုဓာတ်၏ လုဇ္ဇနပလုဇ္ဇန အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနဋ္ဌ။ ၂။ ဒုတိယပစ္စယဋ္ဌ။

၃။ ဒုတိယဓာတုပဒ။ ၄။ ဒုတိယဓာတွတ္ထ။

**မှတ်ချက်။** ဆရာတော်ဗုဓ် နေဋ္ဌိကောက်ကျမ်း စတုဗျူဟ ဟာရ၌ လောကပုဒ်ဝိဂ္ဂဟနှင့်ဉာဉ်ကောက်များကိုရှုလေ။

**ဒိဗ္ဗစက္ခုဉာဏကထာပြီး၏။**

---

(က) အာသဝါနံ ခယညာဏာယာတိ အရဟတ္တမဂ္ဂညာဏတ္ထာယ။

(ခ) အရဟတ္တမဂ္ဂေါ ဟိ အာသဝဝိနာသနတော အာသဝါနံ ခယောတိ ဝုစ္စတိ။

(ဂ) တတြ စေတံ ဉာဏံ တပ္ပရိယာပန္နတ္တာ။ ဋ္ဌ။ ၁၃၆။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့် ကျမ်းတက်

ခ–ဝါကျကား ယုတ္တိဒဋ္ဌိ ကရဏဝါကျ။ ထို ၍ က–ဝါကျကား ယတ္တိဒဋ္ဌိယဝါကျ။

## ကျမ်းတက်မှတ်ဖွယ်

အရဟတ္တမဂ်ကိုမှ အာသဝါနံခယဆိုပါသလော–ကြောင့် ခ–ဝါကျမိန့်။ ပါရာ၊ ဂ်၊ သစ်၊ ၂။ ၃၀၂။

သဒ္ဒါထူး၍ အနက်ထူးသည်ဟုပြခြင်းငှာ ခ–ဝါကျမိန့်။ ဆင်တဲဂဏ္ဌိ။ ၂၉၆။

ဂ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ ခ–ဝါကျကား ပက္ခ။ (အာသဝါနံ ခယဖွင့်ပြီးနောက် အာသဝါနံခယဉာဏဖွင့်။)

**တစ်နည်း။** ဂ–ဝါကျကား ဝါကျာရမ္ဘ။ ထို–၍ ခ–ဝါကျကား အာရဒ္ဓဝါကျ။ (မူလသံဝဏ္ဏေတဗ္ဗအာသဝါနံခယဉာဏ၌ အာသဝါနံခယ ဖွင့်ပြပြီးနောက် ခယနှင့်ဉာဏ အဘယ်သို့တွဲ စပ်ရမည်နည်း–ဟု စကားကျန်ကို ဆက်လက်ဖွင့်ပြသောကြောင့် ဂ–ဝါကျကို ဝါကျာရမ္ဘ ဟု ဆိုနိုင်သည်။)

---

## ● ဝိဂ္ဂဟနှင့် ဉာဏ်ကောက်

**ခယော။** ခေပေတိ ပါပဓမ္မေ သမုစ္ဆိန္ဒတီတိ ခယော။ မဂ္ဂေါ။ သီ၊ ဋီ၊ သစ်၊ ၂။ ၁၅၅။ ယောမဂ္ဂေါ၊ အကြင်အရဟတ္တမဂ်သည်။ ပါပဓမ္မေ၊ အကုသိုလ် တရားတို့ကို။ ခေပေတိ၊ ကုန်ခန်းစေတတ်၏။ သမုစ္ဆိန္ဒတိ၊ အကြွင်းမဲ့ သတ်ဖြတ်တတ်၏။ ဣတိ သော မဂ္ဂေါ ခယော။ ဟေတုကတ္တု သာဓန။ ခိဓာတ်+ဏ–ပစ္စည်း။

ခိဓာတ်၏အရ သုဒ္ဓကတ္တုပြု ကြိယာအရကား အကုသိုလ်တရား သည် မုချ။ ဟေတုကတ္တုပြုကြိယာအရကား အရဟတ္တမဂ်၏ သမုစ္ဆေဒ ပဟာနသတ္တိသည် ဥာနူပစာ။ ဏ–ပစ္စည်း၏ အရကား ထိုဥာနူပစာဖြင့် မှတ်အပ်သော သတ္တိမန္တ ဖြစ်သော အရဟတ္တမဂ်ရ၏။

http://www.dhammadownload.com



**မှတ်ချက်။** သီ+ဖြေ။ ၆၃၁-၌ သီ၊ ဋီ၊ သစ်၊ ၁၅၅-လာ ခယ သဒ္ဒါ၏ ဝိဂ္ဂဟအမျိုးမျိုးကို ရေးခဲ့ပြီ။ နီတိ၊ ဓာတု၊ ၁၈-လည်း ရှုလေ။

**ပရိယာပန္န။** ပရိစ္ဆိန္ဒိတွာ အာပန္နံ ဂဟိတံ ပရိယာပန္နံ။ သူစိ။ ပရိပုဗ္ဗ+အာပုဗ္ဗ+ပဒဓာတ်+တ-ပစ္စည်း။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျသံဝဏ္ဏနာဖြင့် အာသဝါနံခယအရ အရဟတ္တမဂ်ဉာဏ် ကို ယူရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဉာဏာယဋ္ဌ အာယသဒ္ဒါ၊ ဝါ- သ- ဝိဘတ်သည် တုမတ္ထသမ္ပဒါန်၌မသက်၊ တဒတ္ထသမ္ပဒါန်၌သက်သည့်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ ဝိဘတျတ္ထ။

ခ-ဝါကျ၌ အရဟတ္တမဂ္ဂေါဖြင့် အာသဝါနံခယအရ အရဟတ္တ မဂ်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ အာသဝဝိနာသနတောဖြင့် ခယပုဒ်ကို အာသဝေ ခေပေတီတိ ခယောဟု ဟေတုကတ္တုသာဓနဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ ဟေတုကတ္တုသာဓန၌သက်သည်၏အဖြစ်ကို လည်းကောင်း[၂]၊ ခီဓာတ်သည် ဟိံသနအနက်ကိုမဟော၊ ပျက်စီးကုန်ခန်းစေခြင်း= ဝိနာသန အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

ဂ-ဝါကျ၌ တတြ စေတံ ဉာဏံ ဖြင့် ခယနှင့် ဉာဏကို ခယေ ဉာဏံ ခယဉာဏံ ဟု အာဓာရသတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည် ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ )

ဂ-ဝါကျ၌ တပ္ပရိယာပန္နတ္တာဖြင့် တတြ၌ တြ-ပစ္စည်း (ခယေ-၌ သတ္တမီဝိဘတ်) သည် အာကာသေ သကုဏာ ပက္ခန္ဒိ၌ကဲ့သို့ ဝိသယာ ဓာရ၌မသက်၊ ရက္ခေ သာခါကဲ့သို့ အာဓာရသတ္တမီ၌ သက်သတည်းဟု သိစေသည်။ (ဝိဘတျတ္ထ။)

http://www.dhammadownload.com



† တတြ စေတံ ဉာဏန္တိ၀တွာ ခယေတိ စ အာစာရေ ဘုမ္မံ၊ န ဝိသယေတိ ဒဿေန္တော "တပ္ပရိယာပန္နတ္တာ"တိ အာဟ။ သာရတ္ထ၊ ၁။ ၄၀၈။

## ● နည်းနှင့်ဥပစာ

**အာသဝါနံခယဉာဏာယ။** အပေါင်းဖြစ်သော မဂ်, ဖိုလ်, နိဗ္ဗာန် ဘင်္ဂက္ခဏတို့၏ အာသဝါနံ ခယအမည်ကို အစိတ်ဖြစ်သော အရဟတ္တ မဂ်၌တင်စား၍ အစိတ်ဖြစ်သော အရဟတ္တမဂ်ကို အာသဝါနံ ခယ ဟု ဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ–သမုဒါယူပစာ။

အလွန်အားဖြင့်ဆိုအပ်သောနည်းသည် ဥက္ကဋ္ဌနည်းမည်၏။ ပြယုဂ်ကား အာသဝါနံ ခယဟူသည်တည်း။ ဤ၌ အာသဝါနံခယအရ မဂ်, ဖိုလ်, နိဗ္ဗာန်, ဘင်္ဂက္ခဏ ၄–ပါးလုံးကို ရသင့်သော်လည်း ဤ၌ အလွန် အားဖြင့် အရဟတ္တမဂ်ကိုယူသောကြောင့် ဥက္ကဋ္ဌနည်းမည်၏။

† ဥက္ကဋ္ဌနိဒ္ဒေသဝသေန အရဟတ္တမဂ္ဂဉာဏံ။ သာရတ္ထ၊ ၁။ ၄၀၈။

မပြားဘဲလျက် ပြားသကဲ့သို့ဆိုခြင်းသည် အဘေဒဘေဒူပစာသဒ္ဒါ မည်၏။ ပြယုဂ်ကား–အာသဝါနံခယဉာဏတည်း။ ဤ၌ ခယအရ သမ္ပာဒိဋ္ဌိ မဂ္ဂင်နှင့်ဉာဏအရ အမောဟစေတသိက်တို့ မပြားဘဲလျက်ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာသဒ္ဒါမည်၏။

မှတ်ချက်။ တတြစေတံ ဉာဏံကိုထောက်၍တင်သည်။

(က) အဗ္ဗညာသိ ဓာနိ ပဋိဝိဒ္ဓါ။

(ခ) တဿ စ ဒုက္ခဿ နိဗ္ဗတ္တိကံ တဏှံ အယံ ဒုက္ခသမု ဒယောတိ။

(ဂ) တဒုဘယမ္ပိ ယံ ဌာနံ ပတွာ နိရုဇ္ဈတိ တံ တေသံ အပ္ပ ဝတ္တိ နိဗ္ဗာနံ အယံ ဒုက္ခနိရောဓောတိ။

(ဃ) တဿ စ သမ္ပာပကံ အရိယံမဂ္ဂံ အယံ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါတိ။ ဋီ။ ၁၃၆။

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ ဓာနိဖြင့် အဘိဥပသာရ၏ ဓာတွတ္တာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဉာဓာတ်သည် ဤအရာ၌ ဘူဝါဒိဂဏိကဓာတ် မဟုတ်၊ ကီယာဒိဂဏိကဓာတ်၏အဖြစ်ကိုလည်းကောင်း[၂]၊ ကံ ပုရိသံ ဉာတိ တုဿတီတိ ကညာ၊ ကံပုရိသံ ဥေတိ တောသေတီတိ ကညာတို့၌ကဲ့သို့ ဉာဓာတ်သည် တောသနအနက်ကိုမဟော၊ ဗုဒ္ဓိအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ ဓာတွတ္ထ။

က–ဝါကျ၌ ပဋိဝိဇ္ဈိဖြင့်သိ၏ ( ဓာနိ ) ဟူသည် ထိုးထွင်းခြင်း၊ ဝါ–ထိုးထွင်းသိခြင်း (ပဋိဝိဇ္ဈန) ပင်တည်းဟု သိစေသည်။

**အနက်ယောဇနာ။** အဗ္ဘညာသိ၊ သိပြီ၊ ဝါ–ထိုးထွင်းပြီ၊ ဝါ–ထိုးထွင်း၍သိပြီ။

ခ–ဝါကျ၌ ဒုက္ခဿနိဗ္ဗတ္တိကံဖြင့် ဒုက္ခသမုဒယောပုဒ်ကို ဒုက္ခံ သမုဒေတီတိ ဒုက္ခသမုဒယောဟု ဟေတုကတ္တုသာဓန ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဏာပစ္စည်း၏ ဟေတု ကတ္တုသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ (သမုဒယ= သံ+ဥ+ဣ+ဏ) သံပုဗ္ဗဥပုဗ္ဗ ဣဓာတ်၏ နိဗ္ဗတ္တနအနက်ဟော၏အဖြစ်ကို လည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

၃။ ဒုတိယဓာတွတ္ထ။

**မှတ်ချက်။** "သမုဒေတီတိ သမုဒယော။ ဒုက္ခဿ သမုဒယော ဒုက္ခသမုဒယော"ဟု ဂရုကနည်း ဝိဂ္ဂဟပြုသည်ဟုလည်း အာဘော် ဖော်နိုင်သည်။

ခ–ဝါကျ၌ တဏှာဖြင့် ဒုက္ခသမုဒယပုဒ်ကို အထက်ပါအတိုင်း ဝိဂ္ဂဟပြု၍ ယင်းဒုက္ခသမုဒယအရ တဏှာကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

http://www.dhammadownload.com



## ● ပါဠိဝိနိစ္ဆယ

**နိဗ္ဗတ္တိကံ။ နိဗ္ဗတ္တကံ။** နိဗ္ဗတ္တိကကား နိပုဗ္ဗ + ဝတ္တဓာတ် + ဏျ ပစ္စည်း။ ဏျပစ္စည်းကို အကပြု။ တဏှာသော ကတ္တိလိင်ပုဒ်နှင့် စပ်သဖြင့် ကတ္တိလိင်ဖြစ်ရကား အကအပြု၏ အ–ကို ( ဥပါသိကာ ဒါယိကာပုဒ်တို့၌ကဲ့သို့ ) ဣပြု၍ပြီးသောကြောင့် နိဗ္ဗတ္တိကာ ဟု ရှိသော ပါဠိ သာသင့်သည်။

ဂ–ဝါကျ၌ တဒုဘယမ္ပိ ယံ ဌာနံ ပတ္တာ နိရုဇ္ဈတိ တံ ဓောသံ အပ္ပဝတ္တိ ဖြင့် ဒုက္ခနိရောဓောပုဒ်ကို ဒုက္ခံ နိရုဇ္ဈတိ ဓောန ဓော္တတိ ဝါ ဒုက္ခနိရောဓောဟု ကရဏ၊ ဝါ–အဓိကရဏသာဓနေ ကိတန္တ ဒုတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဏ–ပစ္စည်း၏ ကရဏ၊ ဝါ–အဓိကရဏသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** နိရုဇ္ဈတိ ဓောန ဓော္တတိ ဝါ နိရောဓော၊ ဒုက္ခဿ နိရောဓော ဒုက္ခနိရောဓောဟု ဂရုကနည်း ဝိဂ္ဂဟကိုပြသည်ဟုလည်း အာဘော်ဖော်နိုင်သည်။

ဂ–ဝါကျ၌ နိဗ္ဗာနံ ဖြင့် ဒုက္ခနိရောဓပုဒ်ကို အထက်ပါ အတိုင်း ဝိဂ္ဂဟပြု၍ ယင်း ဒုက္ခနိရောဓအရ နိဗ္ဗာန်ကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

## နည်းနှင့်ဥပစာ

**ပတ္တာ။** ဌာနဖြစ်သော ဒုက္ခသမုဒယ ၂–ပါးစုံရှိသော ပုဂ္ဂိုလ်၏ ပတ္တာဟူသောအမည်ကို ဌာနီဖြစ်သော ဒုက္ခသမုဒယ ၂–ပါးစုံ၌ တင်စား၍ ဌာနီဖြစ်သော ဒုက္ခသမုဒယနှစ်ပါးစုံကိုလည်း ပတ္တာဟုဆိုသောကြောင့် ဌာနူပစာ။ (နာနန္တရိကနည်း။)

✝ တဒုဘယဝတော ဟိ ပုဂ္ဂလဿ ပတ္တိ တဒုဟယဿ ပတ္တိတိ ဝုတ္တံ။ သာရတ္ထ၊ ၁။ ၄၀၈။

http://www.dhammadownload.com



ယ-ဝါကျ၌ တဿသမ္ဗာပက်ဖြင့် ဒုက္ခနိရောဓဂါမိနီပုဒ်ကို ဒုက္ခနိရောဓံ ဂမေတိ ဂစ္ဆတိ ဝါ တေနာယာတိ ဒုက္ခနိရောဓဂါမိနီ ဟု ဟေတုကတ္တုသာဓနေ။ ဝါ-ကရဏသာဓနေ ကိတန္တ တပ္ပုရိသ်သမာသ်ဝစ နတ္ထုပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၁] ဏီ-ပစ္စည်း၏ ဟေတုကတ္တုသာဓနေ၊ ဝါ-ကရဏသာဓနေ၌သက်သည်၏ အဖြစ်ကိုလည်းကောင်း၊[၂] (ဂမု+ဏီ-နောက်၌ ဣတ္ထိ ဇောတကဣနီသက်) ဂမုဓာတ်၏ ပါပုဏန အနက်ဟော၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

၃။ ဒုတိယဓာတွတ္ထ။

မှတ်ချက်။ ဂမေတိ ဂစ္ဆတိ ဝါ တေနာယာတိ ဂါမိနီ။ (ဂမေတိတိ ဂါမိနီ, ဂစ္ဆတိ တေနာယာတိ ဂါမိနီ) ဒုက္ခနိရောဓဿ ဂါမိနီ ဒုက္ခနိရောဓဂါမိနီ ဟု ဂရုကနည်း ဝိဂ္ဂဟပြုသည်ဟုလည်း အာဘော် ဖော်နိုင်သည်။

ယ-ဝါကျ၌ အရိယမဂ္ဂဖြင့် ဒုက္ခနိရောဓမိနီပုဒ်ကို အထက်ပါ အတိုင်း ဝိဂ္ဂဟပြု၍ ယင်းအရ အရိယမဂ်ကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

---

## ● နည်းဥပစာမှတ်ဖွယ်

ဣမေ အာသဝါတိ ယထာဘူတံ။ (ဝိ၊ ၁။ ၆။)

အစိတ်ဖြစ်သော အာသဝေါတရားတို့၏ ဣမေအာသဝါဟူသော အမည်ကို အပေါင်းဖြစ်သော အလုံးစုံသော ကိလေသာ၌တင်စား၍ အလုံးစုံသော ကိလေသာကို ဣမေအာသဝါဟု ဆိုသောကြောင့် ဧကဒေသူပစာ။ ဝါ-အဝယဝူပစာ။ (ပဓာနနည်း, ဥပလက္ခဏနည်း။)

† အာသဝဝိမုတ္တိသီသေနေဝ သဗ္ဗသံကိလေသဝိမုတ္တိ ဝုတ္တာ။

သာရတ္ထ၊ ၁။ ၄၀၈။

http://www.dhammadownload.com



(က) တဿ မေ ဓဝံ ဇာနတော ဓဝံ ပဿတောတိ တဿ မယှံ ဓဝံ ဇာနန္တဿ ဓဝံ ပဿန္တဿ သဟ ဝိပဿနာယ ကောဋိပ္ပတ္တံ မဂ္ဂံ ကထေသိ။

(ခ) ကာမာသဝါတိ ကာမာသဝတော။ ဋ္ဌ။ ၁၃၇။

## ● အာသဝေါဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ တဿမယှံဖြင့် တသဒ္ဒါ၏ ပသိဒ္ဓ ဝိသယ တ၏အဖြစ်ကိုလည်းကောင်း၁၊ မေသဒ္ဒါ၏စတုတ္ထီ သဝိဘတ်၏ကာရိယအဖြစ်ကိုလည်းကောင်း၂ သိစေသည်။

၁။ သဗ္ဗနာမ–လိင်္ဂတ္ထ။ ၂။ ဝိဘတ္တိပဒ။

က–ဝါကျ၌ ဇာနန္တဿ ပဿန္တဿဖြင့် ဇာနတော ပဿတော၌ အန္တပစ္စည်းကို န္တပစ္စည်းကဲ့သို့ငဲ့၍ သ–ဝိဘတ်နှင့်တကွ တောပြု၍ ပြီးသတည်းဟုသိစေသည်။ (ဝိဘတ္တိပဒ။ ဝိဘတ္တိပဒ။)

က–ဝါကျ၌သဟ(လ)ကထေသိဖြင့် တဿမေ စသော ဤပါဠိဖြင့် အထွတ်အထိပ်သို့ ရောက်သော ဝိပဿနာ, အထွတ်အထိပ် ရောက်သော မဂ်ကိုဟောတော်မူ၏ဟု သိစေသည်။ (ဘာဝတ္ထ။)

ခ–ဝါကျ၌ ကာမာသဝတောဖြင့် ကာမာသဝါ၌ အာ သဒ္ဒါသည် ယောဝိဘတ်, သိဝိဘတ်၏ကာရိယမဟုတ်၊ သ္မာဝိဘတ်၏ ကာရိယတည်းဟုသိစေသည်။ (ဝိဘတ္တိပဒ။)

## ပါဠိဝိနိစ္ဆယမှတ်ဖွယ်

ဒိဋ္ဌာသဝါပိ စိတ္တံ ဝိမုစ္စိတ္ထ ဟူသော ပါဌ် ပါဠိတော်၌ မရှိသင့်။ အကြောင်းကား..... ဘဝါသဝသဒ္ဒါဖြင့် ဘဝရာဂကိုသိသကဲ့သို့ ဘဝဒိဋ္ဌိကိုလည်း သိသည်ဖြစ်၍ ဒိဋ္ဌာသဝကိုလည်း သင်္ဂြိုဟ်အပ်သောကြောင့်တည်း။ (ပါဠိတော်၊ ၆–နှင့်ယှဉ်ကြည့်ပါ။ သာရတ္ထ၊ ၁။ ၄၀၉။)

**ဝိမုတ္တမိတိ၊ ဝိမုတ္တမှီတိ။** ပါဠိတော်။ ၆–၌ ဝိမုတ္တမိတိ ရှိသော ပါဌ်သင့်သည်။ ဣမိနာ ပစ္စဝေက္ခဏာဉာဏံ ဒဿေတိဟု ဝိ၊ ဋ္ဌ၊ ၁။ ၁၃၇ ဆိုသဖြင့် ဉာဏ်အရ ပစ္စဝေက္ခဏာ ဉာဏ်ရကြောင်း ထင်ရှား၏။ ယင်းပစ္စဝေက္ခဏာဉာဏ်သည် ဘာကိုအာရုံပြုမည်နည်း။ မဂ္ဂဖလဥ္စ နိဗ္ဗာနံပစ္စဝေက္ခတိ

http://www.dhammadownload.com



ပဏ္ဍိတော ဟိနေ ကိလေသေ သေသေစ ဟူသော သင်္ဂဟကို ထောက်၍ အာသဝေါတို့မှ လွတ်သော အရဟတ္တဖိုလ်စိတ်ကိုသာ အာရုံပြု၏။ ထို့ကြောင့် "စိတ္တေ၊ သည်။ ဝိမုတ္တသ္မိံ၊ အာသဝေါတို့မှ လွတ်လပ်သော်။ ဝိမုတ္တံ။ (ငါ၏စိတ်သည် အာသဝေါတို့မှ) လွတ်ပြီ။ ဣတိ၊ ဤသို့။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ အဟောသိ၊ ဖြစ်ပြီ-ဟု ဆိုမှသဘာဝကျသည်။ အဟံ၊ ငါသည်။ ဝိမုတ္တော၊ သည်။ အမှိ၊ ဖြစ်၏ (ဝိမုတ္တော+အမှိ) ဟုဆိုလျှင် ပစ္စဝေက္ခဏာဉာဏ်က မိမိကိုယ်ကို အာရုံပြုသည်ဟု ဆိုရာရောက်မည်။ ထို့ကြောင့် ဝိမုတ္တမိတိရှိသော ပါဌ်သာ သင့်သည်။ ဝိမုတ္တမှိတိရှိသော ပါဌ် မသင့်ပါ။

---

(က) ဝုသိတန္တိ ဝုတ္ထံ ပရိဝုတ္ထံ။

(ခ) ကတံ စရိတံ နိဋ္ဌိတန္တိ အတ္ထော။

(ဂ) ဗြဟ္မစရိယန္တိ မဂ္ဂဗြဟ္မစရိယံ။

(ဃ) ပုထုဇ္ဇနကလျာဏကေန ဟိ သဒ္ဓိံ သတ္တသေက္ခာ ဗြဟ္မစရိယ ဝါသံ ဝသန္တိနာမ၊ ခီဏာသဝေါ ဝုတ္ထဝါသော။

(င) တသ္မာ ဘဂဝါ အတ္တနော ဗြဟ္မစရိယဝါသံ ပစ္စဝေက္ခန္တော ဝုသိတံ ဗြဟ္မစရိယန္တိ အဇ္ဈာသိ။ ဋ္ဌ။ ၁၃၇။

## ● ဝါကျခွဲနှင့် ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သင်္ခေပ ဝါကျ။

ဂ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

ဃ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ခ-ဂ- ဝါကျကား အာရဒ္ဓဝါကျ။

---

## ဃ-ဝါကျလီနတ္ထ ရကျမ်းတက်

ဆရာမြတ်စွာဘုရားသည် ဝုသိတံ ဗြဟ္မစရိယံ ဟု အတိတ်ကာလ အားဖြင့်ဟောတော်မူ၏။ အဘယ်ကြောင့် အတိတ်ကာလဖြင့် ဝုသိတံ

http://www.dhammadownload.com



ဟူသနည်း။ ကလျာဏပုထုဇ္ဇဉ်နှင့်တကွ သေက္ခ ပုဂ္ဂိုလ်တို့သည် ဗြဟ္မစရိယ ကို သုံးကြသည်မဟုတ်လော.....ကြောင့် ဃ-ဝါကျမိန့်။ (ပါရာ၊ ဋ၊ သစ်၊ ၂။ ၃၀၉။)

င-ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၍ ဃ-ဝါကျကား လဒ္ဓဂုဏိယ ဝါကျ။

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ဝုသိတံ။** ဝုသ္သတိ ဝုသီယတိ စရိယတီတိ ဝုသိတံ။ ကမ္မသာဓန။ ယံဗြဟ္မစရိယံ၊ အကြင်မဂ်တည်းဟူသော မြတ်သော အကျင့်ကို။ မေ၊ ငါ ဘုရားသည်။ ဝုဿတိ ဝုသီယတိ စရိယတိ၊ ကျင့်သုံး အပ်၏။ ဣတိ တံ ဗြဟ္မစရိယံ ဝုသိတံ။ ဝသဓာတ်+တ ပစ္စည်း။

ဝသဓာတ်၏အရကတ္တာဠ္ဌ ကြိယာ အရကား မဂ္ဂသမ္ပယုတ္တစေတနာသည် မုချ။ ကမ္မဋ္ဌကြိယာအရကား ထိုအားတပ်သော မဂ္ဂဗြဟ္မစရိယ၏ သဟ ဇာတာဒိသတ္တိရ၏။ တ-ပစ္စည်း၏အရကား မဂ္ဂဗြဟ္မစရိယံရ၏။

✝ ဝုဿတီတိ ဝုသိတံ။ အရိယမဂ္ဂေါ။ အရိယဖလဋ္ဌ။ မ၊ ဋီ၊ ၁။ ၉၅။

✝ ဝုဿတီတိ ဝုသီယတိ စရိယတီတိ အတ္တော။ အံ၊ ဋီ၊ ၂။ ၂၅၇။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ပရိဝုတ္ထံဖြင့် ဝုသိတံသဒ္ဒါကား ဝုတ္ထ, ပရိဝုတ္ထ တို့၏ ဝေဝုစ်စကားလှယ် ပရိယာယ်တည်းဟု သိစေသည်။ (ပရိယာယ်ပြ အဘိ ဓေယျတ္ထ။)

**မှတ်ချက်။** ဝုသိတံ (ဝသ+တ) ကို ဝုတ္ထံ (ဝသ+တ) ဖြင့် ဖွင့်ရာ ဓာတ်ပစ္စည်းမထူးသဖြင့် ဒုတိယဓာတွတ္ထ, ဒုတိယပစ္စယတ္ထ အာဘောဂ်ကို ပြသည်ဟုမဆိုသာသဖြင့် ပရိယာယ်ပြဟု အာဘောဂ်ဖော်လိုက်သည်။

ခ-ဝါကျ၌ ကတံစရိတံဖြင့် ဝုသိတ = သုံးအပ်၏ ဟူသည် ကတ=ပြု အပ်၊ စရိတ=ကျင့်အပ်သည်ကို ဆိုသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



**မှတ်ချက်။** အချို့ကား: ဝသဓာတ် ကရဏ အနက်ဟောသည်ဟု ဆိုကြ၏။ ဝါဒန္တ ဟုမှတ်ရာ၏။

**နိဋ္ဌိတံ, နိဋ္ဌာပိတံ။** ကတံ = ပြုအပ်၏။ (ကရ+တ) စရိတံ ကျင့် အပ်၏ (စရ+တ) ဟူသော သကမ္မကပုဒ်ကို နိဋ္ဌာပိတံ = ပြီးစေအပ်၏ဟု ကာရိက်ကူ၍ ဖွင့်မှသာ မူလ သံဝဏ္ဏေတဗ္ဗ၏ အဓိပ္ပာယ်ကိုမှီသည်။ (ကံရောတိကို အဘိနိပ္ဖာဒေတိ ဖွင့်သကဲ့သို့။) ကတံကရဏီယံပုဒ်အဖွင့်၌ "ကိစ္စံနိဋ္ဌာပိတန္တိ အတ္ထော"ဟုဖွင့်လတ္တံ့ ဖြစ်သည်။ ထိုကြောင့် "နိဋ္ဌာပိတံ" ဟုရှိသောပါဌ်သာ ယုတ္တတရဖြစ်သည်။

ဂ-ဝါကျသံဝဏ္ဏနာဖြင့် ဗြဟ္မစရိယံအရ သာသန ဗြဟ္မစရိယကို မယူရ၊ မဂ္ဂဗြဟ္မစရိယကိုယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။) နှာ။ ၃၅၄-ကြည့်။

---

## နည်းနှင့်ဥပစာ

**ဗြဟ္မစရိယံ။** အပေါင်းဖြစ်သော သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မ စရိယ ၂-ပါး၏ ဗြဟ္မစရိယအမည်ကို အစိတ်ဖြစ်သော မဂ္ဂဗြဟ္မစရိယ၌ တင်စား၍ အစိတ်ဖြစ်သောမဂ္ဂဗြဟ္မစရိယကို ဗြဟ္မစရိယဟုဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ (နေယျတ္ထနည်း၊ ရုဠှီနည်း။)

---

(က) ကတံ ..ရဏီယန္တိ စတူသု သစ္စေသု (လ) သောဠသဝိဓမ္ပိ ကိစ္စံ နိဋ္ဌာပိတန္တိ အတ္ထော။

(ခ) နာပရံ ဣတ္ထတ္တာယာတိ ဣဒါနိ ပုနဣတ္ထ ဘာဝါယ။ ဧဝံ သောဠသကိစ္စ ဘာဝါယ, ကိလေသက္ခယာယ ဝါ မဂ္ဂဘာ ဝနာကိစ္စံ မေ နတ္ထီတိ အဗ္ဘညာသိ။ ဋ္ဌ။ ၁၃၇။

## အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ကိစ္စံဖြင့် ကရဏီယံ၌ အနီယပစ္စည်း၏ ကမ္မသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ကတ္တဗ္ဗန္တိ ကရဏီယံဟု ကမ္မသာဓန ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဒုတိယပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** ကရဏီယ–၌ အနီယပစ္စည်းကို ကိစ္စ၌ ရိစ္စပစ္စည်းဖြင့် ဖွင့်သည်။

က–ဝါကျ၌ စတူသု (လ)သောဥသဝိဓမ္မိဖြင့် ကရဏီယအရ မဂ်တစ်ပါး၌ ပရိညာ, ပဟာန, သစ္ဆိကိရိယ, ဘာဝနာဟု ကိစ္စ ၄–ပါး၊ မဂ် ၄–ပါး၌ ကိစ္စ ၁၆–ပါးကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

က–ဝါကျ၌ နိဋ္ဌာပိတံဖြင့် ကရဏီယ = ပြုအပ်၏ ဟူသည် နိဋ္ဌာပိတ=ပြီးစေအပ်သည်ကိုပင် ဆိုသတည်းဟုသိစေသည်။ (ဘာဝတ္ထ)

ခ–ဝါကျ၌ ပုန–ဖြင့် အပရံ သဒ္ဒါသည် "ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ"၌ ကဲ့သို့ ပစ္ဆာဘာဂအနက် (ပုနအနက်)ကို ဟောသည်ဟုသိစေသည်။ (နိပါတလိင်္ဂတ္ထ။)

ခ–ဝါကျ၌ ဣတ္ထဘာဝါယဖြင့် ဣတ္ထတ္တ၌–ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဣတ္ထံ ဘာဝေါ ဣတ္ထတ္တံဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

ခ–ဝါကျ၌ ဧဝံဖြင့် ဣတ္ထံ၌ ဣမသဒ္ဒါ၏ နိဒဿန အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၁]၊ သောဠသကိစ္စဘာဝါယဖြင့် ဣတ္ထံပုဒ်ကို ဣမေပကာရာ ဣတ္ထံဟု ဝစနတ္ထပြု၍ ဣတ္ထံအရ အရိယာမဂ်၏ဗျာပါရဖြစ်သော ပရိညာ သုံးပါးကိုယူရမည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ သဗ္ဗနာမလိင်္ဂတ္ထ။ ၂။ အဘိဓေယျတ္ထ။

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

ဣတ္ထံ။ ဣမေ ပကာရာ ဣတ္ထံ။ ဣမေ၊ ဤသို့ သဘော ရှိကုန်သော။ ပကာရာ၊ မဂ်၏ကိစ္စဗျာပါရဖြစ်သော ပရိညာစသော အပြားတို့ တည်း။ ဣတ္ထံ၊ ဤသို့(လ)အပြားတို့။ ဣတ္ထံဘာဝေါ ဣတ္ထတ္တံဟု ဘာဝတဒ္ဓိတ်ဆင့်သော်လည်း ယင်းမဂ်၏ကိစ္စဗျာပါရ ဖြစ်သော ပရိညာစသည်ကိုပင် ရသည်ဟုသိစေလို၍ "ဣတ္ထဘာဝါယကို သောဠသကိစ္စ ဘာဝါယ" ဟု ဖွင့်သည်။ သာရတ္ထ၊ ၁။ ၄၀၉။

http://www.dhammadownload.com



**တစ်နည်းသဒ္ဒဝိဒူအလို။** ဣမေ ပကာရာ အဿ အတ္ထီတိ ဣတ္ထံ။ အဿ၊ ထိုမဂ်အား။ ဣမေပကာရာ၊ ဤသို့သဘောရှိကုန်သော မဂ်၏ကိစ္စ ဗျာပါရဖြစ်သော ပရိညာစသော အပြားတို့သည်။ အတ္ထိ၊ ရှိကုန်၏။ ဣတိ ဣတ္ထံ။ (ဣမပုဒ်+တ္ထံပစ္စည်း အဿတ္ထိအနက်။)

ဣတ္ထံဘာဝေါ ဣတ္ထတ္တံ။ ဣမေပကာရာအရ သောဠသကိစ္စပင် ရ၏ဟု သဒ္ဒဝိဒူတို့ကြံသည်။ အဿတ္ထိ၌ ဘေားစီသည်မဟုတ်။

ခ–ဝါကျ၌ ကိလေသက္ခယာယဖြင့် ပရိညာစသည်တို့တွင် ပဟာန သာလျှင် ပြဓာန်းသောကြောင့် ဣတ္ထတ္တံအရပဟာနကို ယူရမည်ဟု သိစေ သည်။ (အဘိဓေယျတ္ထ။)

**မှတ်ချက်။** ဣတ္ထတ္တံအရ ဝါဒန္တရ အကျယ်ကို ပါရာ၊ ဂံ၊ သံစ်၊ ၂။ ၃၁၀။ သီ၊ ဋီ၊ သစ်၊ ၂။ ၁၆၀–၁–တို့၌ရှုလေ။

---

## နည်းနှင့်ဥပစာ

အစိတ်ဖြစ်သော ကိလေသာတို့ကို ကုန်စေခြင်း ပဟာန၏ ဣတ္ထတ္တံ ဟူသောအမည်ကို အပေါင်းဖြစ်သော ပရိညာ စသည်တို့၌ တင်စား၍ အပေါင်းဖြစ်သော ပရိညာစသည်တို့ကို ဣတ္ထတ္တံ ဟု ဆိုသောကြောင့် ဧက ဒေသူပစာ၊ ဝါ–အဝယဝူပစာ။ (ပဓာနနည်း။)

† ပရိညာဒီသုပဟာနမေ ပဓာနံ၊ တဒတ္ထာယ ဣတာရေသန္တိ

အာဟ "ကိလေသက္ခယာယဝါ" တိ။ သာရတ္ထ၊ ၁၀။ ၄၁၀။

ခ–ဝါကျ၌ မဂ္ဂဘာဝနာကိစ္စဖြင့် နတ္ထိ၏ ကတ္တားကို သိစေသည်။ (ဘာဝတ္ထ)

ခ–ဝါကျ၌ နတ္ထိဖြင့် နာပရံ (န+အပရံ)၌ န သဒ္ဒါသည် အဘာဝ (နတ္ထိ) အနက်ကိုဟောသည်ဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

**အနက်ယောဇနာ။** ဣတ္ထတ္တာယ၊ ဤသို့ ၁၆–ပါးသော မဂ်ကိစ္စ ဖြစ်ခြင်းအကျိုး၊ ဝါ– ဤသို့ ကိလေသာကို ကုန်စေခြင်း ပယ်ခြင်း ငှာ။ (မဂ္ဂဘာဝနာကိစ္စ၊ သည်။) မေ၊ ငါဘုရားအား။ န–မရှိတော့ပြီ။ ဣတိ အဗ္ဘညာသိ–ဟု ပါဠိတော်ကို အနက်ပေးလေ။

http://www.dhammadownload.com



(က) ဝေဠုပန ဝတ္ထု ပုန တံ ဘာဂဝတော ဓမ္မဒေသနံ အဗ္ဘာနုမောဒမာနော "အဘိက္ကန္တ (လ) ဂေါတမာ" တိ အာဒိ မာဟာ။

(ခ) တတ္ထာယံ အဘိက္ကန္တသဒ္ဒေါ ခယသုန္ဒရာဘိရူပ အဗ္ဘနုမောဒနေသု ဒိဿတိ။

(ဂ) ဣဓာပိ အဗ္ဘနုမောဒနေယေဝ။ ဋ္ဌ။ ၁၃၉။

## ဝါကျခွဲနှင့် ကျမ်းတက်

က-ဝါကျကား အနုသန္ဓေဝါကျ။ ဝါ-အနုသန္ဓေသမ္ဗန္ဓသမုဒါယတ္ထဝါကျ။ ခ-စသည်ကား အဝယဝတ္ထ၊ ဝိတ္ထာရဝါကျ။

ဂ-ဝါကျကား ဝိသေသဝါကျ။ ထို-၍ ခ-ဝါကျကား သာမည ဝါကျ။ (နှာ-၁၇၈-၉ ပြန်ကြည့်ပါ။)

### ဝေဠုပနတ္ထု, ဝေဠုကတ္ထုဝါကျများ

* ဝေဠုပနဝတ္ထု၊ တွေ့လေရာ၊ မှတ်ပါ နုသန္ဓေ (သစ်)

* ဝေဠုကတ္ထု၊ သာဓကော၊ တဖြာလဒ္ဓဂုဏ် (ရွှေ)

* ဝေဠုကတ္ထု၊ ထားသည်မှာ၊ ညီစွာထက်အောက်ညီ။

(တောင်တွင်းကြီး)

* ဝေဠုကတ္ထု၊ တသ္မာတေန၊ အယံဟေတ္ထာတိ, မနသိကတ္ထု၊ ကျမ်းမှာလာကြုံ၊ လဒ္ဓဂုဏ်။ (တောင်တွင်းကြီး)

---

## ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**အဘိက္ကန္တာ။** အဘိက္ကမိတ္ထ ဝိဂစ္ဆိတ္ထာတိ အဘိက္ကန္တာ။ ယာရတ္တိ၊ သည်။ အဘိက္ကမိတ္ထဝိဂစ္ဆိတ္ထ၊ ကျော်လွန်ပြီ။ အဘိ+ကမု+တ။ ကတ္တု သာဓန။

အဘိဥပသာရပုဒ်အရကား ဓာတွတ္ထာ နုဝတ္တက ဘောဂဏ်ရ၏။ ကမု ဓာတ်၏အရကား ကျော်လွန်ခြင်းကင်းခြင်းကြိယာရ၏။ ယင်း၏ညှဉ့်ဒြဗ်နှင့်

http://www.dhammadownload.com



ကာလဝတ္တ ကာလအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် ဌာနူပစာရ၏။ တ–ပစ္စည်း အရကား ကျော်လွန်သော ကင်းသော ညဉ့်ဒြဗ်ရ၏။ (ခဃ–အနက်ဟော အဘိက္ကန္တ သဒ္ဒါ။)

✝ အဘိက္ကန္တာတိ ဧတ္ထ အတိက္ကန္တာ၊ ဝိဂတာတိ အတ္ထော။ သာရတ္ထ၊ ၁။ ၄၁၁။

**အဘိက္ကန္တ**။ အတိဝိယ ကာမိယတီတိ အဘိက္ကန္တော။ ယော ပုဂ္ဂလော ဝိညူဟိ အတိဝိယ ကာမိယတိ = အလိုရှိအပ်၏။ ဣတိ သော အဘိက္ကန္တော။

အဘိဥပသာရအရကား အတိဝိယဘောဝ်ဂုဏ်ရ၏။ ကမုဓာတ်အရ ကတ္တုဗ္ဗကြိယာကား ပညာရှိတို့၏ဆန္ဒ ပြဌာန်းသော စိတ်ဖြူပါဒ်သည်မှချ။ ကမ္မဗ္ဗကြိယာအရကား ထိုစိတ်ဖြူပါဒ်အားတပ်သော၊ ပုဂ္ဂိုလ်၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူပစာ။ တ–ပစ္စည်းအရကား ထိုဖြင့် မှတ်အပ်သော ပုဂ္ဂိုလ်ရ၏။

**မှတ်ချက်**။ သုန္ဒရ, အဘိရူပ, အဗ္ဘာနုမောဒနဟော အဘိက္ကန္တ သဒ္ဒါ ကမ္မသာဓ်ချည်းသာမှတ်။

---

## ● ပါဠိဝိနိစ္ဆယ

**အာမေဍိတံ**။ **အမေဍိတံ**။ အာပုဗ္ဗ + မေဍိ ဓာတ် = တပစ္စည်း ဖြင့် ပြီးသောကြောင့် အာမေဍိတရှိသောပါဠ်သာသင့်သည်။

**မှတ်ချက်**။ မေဍိဥမ္မာဒေ၊ အာပုဗ္ဗော ဒွိတ္တိကူတ္တုမုစ္စာရဏေ ဝတ္တတိ။ ဓာန်၊ ဋီ။ ၁၀၇။ ယင်းအလို အာမေဍနံ ဒွိတ္တိကူတ္တုမုစ္စာရဏံ အာမေဍိတံဟု ဝိဂ္ဂဟပြု။

---

(က) အထဝါ အဘိက္ကန္တန္တိ အတိက္ကန္တံ အတိမနာပံ၊ အတိသုန္ဒရန္တိ ဝုတ္တံ ဟောတိ။

(ခ) တတ္ထ ဧကေန အဘိက္ကန္တသဒ္ဒေန ဒေသနံ ထောမေတိ။

(ဂ) ဧကေန အတ္တနော ပသာဒံ။

(ဃ) အယံ ဟိ ဧတ္ထ အဓိပ္ပါယော "အဘိက္ကန္တံ ဘောဂေါတမ (လ) မမ ပသာဒေါ"။ ဋ္ဌ။ ၁၃၉။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

က-ဝါကျ၌ အတိသုန္ဒရန္တိ ဝုတ္တံ ဟောတိကား ပဒပိဏ္ဍတ္ထပြ ဝိတ္ထာရဝါကျ။ ထို-၍ အဘိက္ကန္တန္တိ အတိက္ကင့် အတိမနာပံကား သခေ်ပ ဝါကျ။

ခ-ဂ ဝါကျကား ဝိသေသဝါကျ။ ထို-၍ က-ဝါကျကား သာ မည ဝါကျ။

**မှတ်ချက်။** ခ-ဂ ဝါကျသည် ပါဠိတော်၌လာသော အဘိက္ကန္တ သဒ္ဒါ ၂-ခု၏ ထူးခြားပုံကိုဖွင့်ပြသောကြောင့် ဝိသေသဝါကျ။ တတ္ထနှင့် ချီသော်လည်း ဝိတ္ထာရဟုမဆိုရ။

## ခ-ဂ ဝါကျ အနုသန္ဓေတက်။

ဤသို့ က-ဝါကျဖြင့် အဘိက္ကန္တသဒ္ဒါ၏ သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ တို့ကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ အဘိက္ကန္တ သဒ္ဒါ ၂-ခုတို့၏ အထူးကိုပြခြင်းငှာ တတ္ထစသောဝါကျကိုမိန့်။

ဂ-ဝါကျကား ပကတ္တရဝါကျ။ ထို-၍ ခ-ဝါကျကား သခေ်ပ ဝါကျ။

ဃ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ခ-ဂ ဝါကျကား သခေ်ပ ဝါကျ။

**မှတ်ချက်။** ခ-ဝါကျကို အဘိက္ကန္တံ (လ) ဓမ္မဒေသနာဝါကျဖြင့်၊ ဂ-ဝါကျကို အဘိက္ကန္တံ (လ) မမပသာဒေါဖြင့် ချဲ့သည်ဟုမှတ်။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**အတိက္ကင့်။** အတိပုဗ္ဗ+က္ကသုဓာတ်+တ-ပစ္စည်း။

**အတိမနာပံ။** အတိ+မနာပ ( = မန+အပ+ဏ၊ မနံ အာပေတိ ဝဍ္ဎေတီတိ. မနာပ) အတိဝိယ မနာပံ အတိမနာပံ။

## အဘိက္ကန္တံသဒ္ဒါ၏လိင်

ဝစနဟူသော နပုလ္လိင်သဒ္ဒါကို ငဲ့၍ (နပုလ္လိင်ဝစနသဒ္ဒါ၏လိင် နောက်သို့လိုက်၍) အဘိက္ကန္တံဟု နပုလ္လိင်၏အစွမ်းဖြင့်ဆိုသည်။

http://www.dhammadownload.com



## အနက်ယောဇနာမှတ်ဖွယ်

အတိက္ကန္တံ နှင့် ဓမ္မဒေသနာသည် တုလျာဓိကရဏဖြစ်လျက် လိင်မတူရကား ယင်းသို့မရှိသင့်ဟုမမှတ်သင့်။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာ ဟူသော။ ယဒိဒံ ယံ ဣဒံ ဝစနံ၊ အကြင်စကားသည်။ အတ္ထိ၊ရှိ၏။ တံဝစနံ၊ သည်။ အဘိက္ကန္တံ၊အလွန်အလိုရှိအပ်စွ။(သဒ္ဒတ္ထ)။ ဝါ-အလွန်ကောင်းစွ။

**တစ်နည်း။** အဘိက္ကန္တံကား အနက်ကိုမျှသာပြသောပုဒ် (အတ္ထမတ္တဒဿနံ)တည်း၊ သဒ္ဒါကိုငဲ့သော ပုဒ်မဟုတ်၊ ထိုကြောင့် အနက်၏အစွမ်းလိင်၊ ဝိဘတ်ကိုပြန်အပ်၏။

"ယဒိဒံ ယံ အယံ ဓမ္မဒေသနာ၊ သည်။ အတ္ထိ၊ ၏။ သာဓမ္မဒေသနာ၊ သည်။ အဘိက္ကန္တံ အဘိက္ကန္တာ၊ စွ၊ ဝါ-စွ"

**မှတ်ချက်။** ဤဒုတိယနည်းအလိုအဘိက္ကန္တံကား ဓမ္မဒေသနာပုဒ်ကို လိုက်၍ ဣတ္ထိလိင်၊ ပသာဒေါပုဒ်သို့လိုက်လျှင် ပုလ္လိင်ဟုဖြေလေ။ သာရတ္ထ၊ ၁။ ၄၁၂-ကြည့်။

## ⓫ အာသောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ အတိက္ကင်္ခ အတိမနာပံဖြင့် အဘိက္ကန္တံ၌ အဘိသဒ္ဒါ၏ အတိသယအနက်ဟော၏အဖြစ်ကိုလည်းကောင်း[၁]၊ကမှတတ်သည် ပဒဝိဂ္ဂေပ အနက်ကိုမဟော၊ ဣဋ္ဌာအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဒုတိယဓာတွတ္ထ၊

## ⓬ နည်းနှင့်ဥပစာ

အဘိက္ကန္တံ။ အဘိက္ကန္တာဟု ဣတ္ထိလိင်၊ အဘိက္ကန္တောဟု ပုလ္လိင် အားဖြင့်ဆိုသင့်လျက် အဘိက္ကန္တံဟု နပုလ္လိင်အားဖြင့် ဆိုသောကြောင့် လိင်္ဂဝိပလ္လာသနည်း။

ဓမ္မဒေသနာ။ ဓမ္မနှင့် ဒေသနာတို့အရ မပြားဘဲ ပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒေဘေဒူပစာ။

http://www.dhammadownload.com



**တစ်နည်း။** အပေါင်းဖြစ်သော အလုံးစုံသော တရားဒေသနာ၏ ဓမ္မဒေသနာဟူသော အမည်ကို အစိတ်ဖြစ်သော ဝေရဉ္စပုဏ္ဏားအား ဟောကြားအပ်သော ဒေသနာ၌တင်စား၍ အစိတ်ဖြစ်သော တရားဒေသနာကို ဓမ္မဒေသနာဟုဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ (ရွှေဥမင်သျှအလို။)

**သဒ္ဓါဇနေနတော။** အစိတ်ဖြစ်သော သဒ္ဓါတရား၏ သဒ္ဓါဟူသော အမည်ကို အပေါင်းဖြစ်သော လောကီဂုဏ်၌တင်စား၍ အပေါင်း ဖြစ်သော လောကီဂုဏ်ကို သဒ္ဓါဟုဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။

ပြဋ္ဌာန်းသောသဒ္ဓါကိုဆိုသဖြင့် မပြဋ္ဌာန်းသော လောကီဂုဏ်ကို ရသောကြောင့် ပစာနနည်း။

**ပညာဇနေနတော။** အစိတ်ဖြစ်သော ပညာတရား၏ ပညာ ဟူသော အမည်ကို အပေါင်းဖြစ်သော လောကုတ္တရာဂုဏ်၌ တင်စား၍ အပေါင်း ဖြစ်သော လောကုတ္တရာဂုဏ်ကို ပညာဟုဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ-အဝယဝူပစာ။

ပြဋ္ဌာန်းသောပညာကိုဆိုသဖြင့် မပြဋ္ဌာန်းသော လောကုတ္တရာဂုဏ်ကိုရသောကြောင့် ပစာနနည်း။

† သဒ္ဓါပမုခါ ဟိ လောကိယာ ဂုဏာ၊ ပညာပမုခါ လောကုတ္တရာ။ သာရတ္ထ၊ ၁။ ၄၁၂။

---

(က) နိက္ခန္တြိတန္တိ အဓောမုခဌပိတံ၊ ဟေဋ္ဌာမုခဇာတံ ဝါ။

(ခ) ဥက္ကုဇ္ဇေယျာတိ ဥပရိမုခံ ကရေယျ။

(ဂ) ပဋိစ္ဆန္နန္တိ တိဏာပဏ္ဏာဒိပဋိစ္ဆာဒိတံ။ ဌ။ ၁၄၀။

## ● အာသောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ အဓောမုခဌပိတံဖြင့် ကုဇ္ဇတော်၏ အဓောမုခီကရဏ (အောက်၌မျက်နှာပြုခြင်း) အနက်ယောာ၏အဖြစ်ကိုလည်းကောင်း၊ မိဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း၊ ပရပယောဂဖြင့် မှောက်သည်

http://www.dhammadownload.com



ကိုလည်းကောင်း သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဘာဝတ္ထ။

**အနက်ယောဇနာ။** နိက္ကုဇ္ဇိတံ၊ (မိမိသဘောအားဖြင့်ပင်၊ ဝါ- သူ့အလိုလို) အောက်၌ မျက်နှာရှိသည် ဖြစ်သော၊ ဝါ-မှောက်နေသော။

**မှတ်ချက်။** ကုဇ္ဇ အဓောမုခီကရဏေ ဟု နီတိ၊ ဓာတု။ ၄၉-ဆိုသောကြောင့် နိဥပသာရကား အနတ္ထက,ဓာတွတ္ထနုဝတ္တကဖြစ်သည်ဟုမှတ်။

ခ-ဝါကျဖြင့် ဥပုဗ္ဗကုဇ္ဇဓာတ်၏ ဥပရိမုခကရဏ (အထက်၌မျက်နှာပြုခြင်း)အနက်ဟော၏အဖြစ်ကိုလည်းကောင်း၊[၁] ဥ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏ အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

† ဥက္ကုဇ္ဇတီတိ ဥပရိမုခံ ကရောတိ။ နီတိ၊ ဓာ။ ၄၉။

**အနက်ယောဇနာ။** ဥက္ကုဇ္ဇေယျ၊ အထက်၌ မျက်နှာပြုရာ၏။ ဝါ-လှန်ရာ၏။

ဂ-ဝါကျ၌ ပဋိစ္ဆာဒိတံဖြင့် ပဋိစ္ဆန္နံ၌ နှ သဒ္ဒါ၏ တ-ပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း၊[၁] ပဋိစ္ဆန္နံပုဒ်ကို ပဋိစ္ဆာဒီယတီတိ ပဋိစ္ဆန္နံ ဟု ကမ္မသာဓနဝိဂ္ဂဟပြုရမည်၏အဖြစ်ကိုလည်းကောင်း၊[၂] တ-ပစ္စည်း၏ သမ္မသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၃] သိစေသည်။

၁။ ဒုတိယပစ္စယပဒ။ ၂။ အဘိဓာနတ္ထ၊ ၃။ ဒုတိယပစ္စယတ္ထ။

ဂ-ဝါကျ၌ တိဏပဏ္ဏာဒိဖြင့် ဖုံးလွှမ်းအပ်၏ဟူသည် မြက်စသည်ဖြင့် ဖုံးလွှမ်းအပ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

---

(က) ဝိဝရေယျာတိ ဥဂ္ဃါဋေယျ။

(ခ) မူဠ္ဟဿာတိ ဒိသာမူဠ္ဟဿ။

(ဂ) မဂ္ဂံ အာစိက္ခေယျာတိ ဟတ္ထေ ဂဟေတွာ "ဧသမဂ္ဂေါ" တိ ဝဒေယျ။

(ဃ) အန္ဓကာရေတိ ကာဠပက္ခ (လ) တမသိ။ ဋ္ဌ။ ၁၄၀။

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် ဝိဝရေယျ၌ ဝရဓာတ်၏ ဝိဝရဏ (ဖွင့်လှစ်ခြင်း) အနက်ဟော၏အဖြစ်ကိုလည်းကောင်း၊[၁] ဝိ–ဥပသာရ၏ ဓာတွတ္ထဗာဓက၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

**မှတ်ချက်။** ဝရ–အာဝရဏေ (တားမြစ်ပိတ်ပင်ခြင်း) ဟု နီတိ၊ ဓာ၊ ၃၃၆–၌ ဆိုသည်။ ဝိ ဥပသာရကြောင့် ဝိဝရဏ (ဥဃ္ဃါဋန) ဖွင့်လှစ်ခြင်း အနက်ဟောသောကြောင့် ဓာတွတ္ထဗာဓက ဟု အာဘော်ဖော်ရသည်။

ခ–ဝါကျဖြင့် မူဋ္ဌအရ အရပ်မျက်နှာဖြင့် တွေဝေသော သူကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ဂ–ဝါကျ၌ ဝဒေယျဖြင့် အာစိက္ခေယျ၌ အာပုဗ္ဗစိက္ခဓာတ်၏ ကထန အနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊[၁] အာ–ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက ၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

**မှတ်ချက်။** စိက္ခ စက္ခ ဝိယတ္တိယံ ဝါစာယံ။ နီတိ၊ ဓာ။ ၂၆–ဆိုသော ကြောင့် အာ–ဥပသာရကား အနတ္ထက, ဓာတွတ္ထာနုဝတ္တက ဖြစ်သည် ဟုမှတ်။

ဂ–ဝါကျ၌ ဟတ္ထေ ဂဟေတွာ ဧကမဂ္ဂေါတိဖြင့် ပြောဆိုပုံအခြင်း အရာ (ကထနာကာရ) ကို သိစေသည်။ (ဘာဝတ္ထ။)

ဃ–ဝါကျ၌ တပသိဖြင့် အန္ဓကာရသဒ္ဒါကား အမိုက်မှောင်ဟော တမသဒ္ဒါ၏ဝေဝုစ်စကားလှယ်ပရိယာယ်တည်း၊ ဝါ–အန္ဓကာရသဒ္ဒါသည် တမ(အမိုက်မှောင်)အနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း၊[၁] အန္ဓကာရေ ၌ ဧ–သဒ္ဒါ၏ သို့ဝိဘတ်ကာရိယ၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ပရိယာယ်ပြအဘိဓေယျတ္ထ၊ ဝါ–နာမလိင်္ဂတ္ထ။ ၂။ ဝိဘတ္တိပဒ။

http://www.dhammadownload.com



**မှတ်ချက်။** အန္တကာရော တမော နိတ္တိဟု ဓာန်၊ ၇၀-၌ ပရိယာယ် ဖွင့်ပြသောကြောင့် ပရိယာယ်ပြ အဘိဓေယျတ္တအာဘော် ဖော်၍ အန္ဓကာရသဒ္ဒါ တမအနက်ဟောဟုလည်း ဆိုနိုင်သဖြင့် နာမလိင်္ဂတ္တအာဘော် ဖော်ရပြန်သည်။ သဘောတူရာ၌ ဤနည်းကိုမှီးပါလေ။

ဃ-ဝါကျ၌ ကာဠပက္ခ (လ) စတုရင်္ဂေဖြင့် အမိုက်တိုက်၏အင်္ဂါ လေးပါးကိုသိစေသည်။ (ဘာဝတ္ထ။)

## ပါဠိဝိနိစ္ဆယမှတ်ဖွယ်

**မိစ္ဆာဒိဋ္ဌိဂဟန်**။ တော်ချုံဟောဂဟနသဒ္ဒါကား ဂဟဓာတ် + ယုပစ္စည်း။ ယင်းကို အနပြု၊ ဒန္တဇန-ကို မုဒ္ဓဇဏ-မပြန်ရ၊ ထိုကြောင့် ဂဟနဟု ဒန္တဇန-ရှိသော ပါဠ်သင့်သည်။

† နဝနဂဟနာဒီသု။ ဝနဂဟနာဒီသု အနာဒေသသံ ဏော နဟောတိ။ ဝနဂဟနံ။ ဥဒကဂဟနံ။ ကလလဂဟနံ ဣစ္စာဒိ။ နီတိ၊ သုတ္တ။ ၁၁၃၆။

---

(က) ဓဝံ ဒေသနံ ထောမေတွာ (လ) "သောဟ"န္တိ အာဒိမာဟ။

(ခ) တတ္ထ သောဟန္တိ သော အဟံ။

(ဂ) ဘဝန္တံ ဂေါတမံ သရဏံ (လ) သရဏန္တိ ဂစ္ဆာမိ။

(ဃ) ဘဝံ မေ ဂေါတမော (လ) ပယိရုပါသာမိ,။

(င) ဓဝံ ဝါ ဇာနာမိ ဗုဇ္ဈာမီတိ။

(စ) ယေသံ ဟိ ဓာတူနံ ဂတိ အတ္ထော၊ ဗုဒ္ဓိပိ တေသံ အတ္ထော။

(ဆ) တသ္မာ "ဂစ္ဆာမိ" တိဣမဿ (လ) ဝုတ္တော။ ဋ္ဌ။ ၁၄၀။

## ● ဝါကျခွဲနှင့်ကျမ်းတက်

က-ဝါကျကား အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထပြ သခေ်ပ ဝါကျ။ ခ-စသောဝါကျကား အဝယဝတ္ထ အကျယ်ပြ ဝိတ္ထာရဝါကျ။ (ရှေ့၌ အကျယ် ရေးခဲ့ပြီ။)

http://www.dhammadownload.com


ဂ-ဝါကျကား ပက္ခိတ္တရဝါကျ။ ထို-၍ ခ-ဝါကျကား ပက္ခဝါကျ။

ဃ-ဝါကျကား ဝိတ္ထာရ။ ထို-၍ ဂ-ဝါကျကား သင်္ခေပဝါကျ။

င-ဝါကျကား ပက္ခိတ္တရဝါကျ။ ထို-၍ ဃ-ဝါကျကား ပက္ခဝါကျ။

စ-ဝါကျကား ကာရဏဝါကျ။ ထို-၍ င-ဝါကျကား ဖလဝါကျ။

## ခ-ဝါကျဋီကာအယူတွတ်ပုစ္ဆာတက်

ဆရာ၊ ဆရာသည် င-ဝါကျဖြင့် ဂစ္ဆာမိဟူသော ပုဒ်၏အနက်ကို ဗုဇ္ဈာမိဟုဆိုတော်မူ၏။ ဂစ္ဆာမိဟူသောပုဒ်၏ ဗုဇ္ဈာမိဟူသော ဤအနက်ကို အဘယ်ကြောင့် (ကထံ) ရအပ်ပါသနည်း–ကြောင့် စ-ဝါကျမိန့်။ သာရတ္ထ၊ ၁။ ၄၁၄။

ဆ-ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၍ စ-ဝါကျကား လဒ္ဓဂုဏီယ ဝါကျ။

**မှတ်ချက်။** တသ္မာအတ္ထောဒဋ္ဌဗ္ဗောဝါကျကဲ့သို့ တသ္မာ အတ္ထော ဝုတ္တောဟူသော ဤဝါကျကိုလည်း လဒ္ဓဂုဏ်ဟုပင်မှတ်ပါ။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ပသန္နာကာရ။** အာဒရံ ကရဏံ အာကာရော။ (အာဒရံ၊ အရိုအသေကို။ ကရဏံ၊ ပြုခြင်း။ အာကာရော၊ အရိုအသေကို ပြုခြင်း။) အစိတ်ဝိဂ္ဂဟ။

ပသန္နေဟိ ကတ္တဗ္ဗော အာကာရော ပသန္နာကာရော (အပေါင်း ဝိဂ္ဂဟ။) ပသန္နေဟိ၊ ကြည်ညိုကုန်သောသူတို့သည်။ ကတ္တဗ္ဗော၊ ပြုအပ်သော။ အာကာရော၊ အရိုအသေပြုခြင်းတည်း။ ပသန္နာကာရော၊ ကြည် ညိုကုန်သောသူတို့သည် ပြုအပ်သော အရိုအသေပြုခြင်း။ မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ်။ ပသန္န+ကတ္တဗ္ဗ။

ပသန္နဟူသော ဝိသေသနပုဒ်အရကား ကြည်ညိုကုန်သော သူတို့ ဖြစ်သည်မှချ။ ယင်းတို့၏ပြုအပ်သော အရိုအသေအမှုနှင့် သာကေသာရျ, နိပ္ပါဒကနိပ္ပါဒေတဗ္ဗအဖြစ် စပ်ခြင်းသမ္ဗန်သည် ဉာနုပစာ။ ပသန္နာကာရ

http://www.dhammadownload.com



ဟူသော သမာသ်ပုဒ်လုံးအရကား ကြည်ညိုကုန်သောသူတို့သည် ပြုအပ်သော အရိုအသေအမှုရ၏။

**မှတ်ချက်။** သာရတ္ထ၊ ၁၊ ၄၁၃-၌ ပသန္နကာရန္တိ ပသန္နေဟိ ကတ္တဗ္ဗံ သက္ကာရံဟုဖွင့်သည်။ ယင်းဖြင့် အထက်ပါအစိတ်အပေါင်း ဝိဂ္ဂဟကိုပြသည်ဟု ပါရာ၊ ဂံ၊ သစ်၊ ၂။ ၃၂၂-ကြံသည်။ ကတ္တဗ္ဗောတိ ကာရော (သက္ကာရရ၏)။ ပသန္နေဟိ ကာရော ပသန္နကာရောဟုဆိုလိုလျက် ဝါစာသိလိဋ္ဌအကျိုးငှာ မဇ္ဈေဒီဃပြု၍ ပသန္နာကာရော ပြီးသည်ဟု တစ်မျိုးကြံနိုင်သေးသည်။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ဝိဓာတာ။** ဝိပုဗ္ဗ+ဓာဓာတ်+တု ပစ္စည်း၊ ပုလ္လိင်၊ သတ္တာဒိဂိုဏ်း၊ ဥကာရန္တ။

**သရဏံဂစ္ဆာမိ။** သရဏံပုဒ်ကား ပဌမာဝိဘတ်န္တပုဒ်၊ ဒုတိယာဝိဘတ္တန္တပုဒ်မဟုတ်။

**ဟိတာသ။** ဟိဓာတ် + တ္တ ပစ္စည်း၊ ဝါ. ဓာဓာတ် + တ္တ ပစ္စည်း (ထောမ)

**အဃာသ။** နု+ဟနဓာတ်+ကွိ ပစ္စည်း။ နပုလ္လိင်။

† နဟန္တိ ဧတ္တန္တိ အဃံ၊ ဟနသ ဃော။ သာရူပ်ဟိ အဂန္တဗ္ဗတ္တာ ဝါ အဃံ။ ဓာန်၊ ဋီ။ ၈၄။

**တစ်နည်း။** အဃသဒ္ဒါကား ဆင်းရဲဒုက္ခဟောမူ အဃဓာတ် + အ- ပစ္စည်း၊ နပုလ္လိင်။ ကိလေသာဟောမူ ဓာတ်-ပစ္စည်းရှေးနည်းတူ။ လိင်ကား ပုလ္လိင်။ ၂-ဝိကပ်လုံးကရဏ သာဓနချည်းဟုမှတ်လေ။

† အဃန္တိ ဒုက္ခံ (လ) အဃောတိ ကိလေသော။ (လ) တတ္ထ အဃယန္တိ ပါပံ ကရောန္တိ သတ္တာ ဧတေနာတိ အဃံ၊ ကိန္တံ ဒုက္ခံ၊ ဧဝံ အ ဃာ။ နီတိ၊ ဓာတု။ ၂၉၀။

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

ခ–ဝါကျဖြင့် သောဟံပုဒ်ကို သော အဟံဟု ပဒစ္ဆေဒ မပြုရ၊ သော အဟံဟု ပဒစ္ဆေဒပြုရမည်ဟု သိစေသည်။ (သန္ဓိလိင်္ဂပဒ)

ဂ–ဝါကျ၌ သရဏန္တိဖြင့် ဂစ္ဆာမိ၌ ဂမုဓာတ်သည် အဓိ ဂါမံ နေတိ၌ နီဓာတ်ကဲ့သို့ ဒွိကမ္မကဓာတ် မဟုတ်သောကြောင့် သရဏံပုဒ် နောင် ဣတိကြေသည်၏ အဖြစ်ကို လည်းကောင်း၊[၁] ယင်းသရဏံပုဒ်၏ ပဋ္ဌမန္တ၏ အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။ သာရတ္ထ၊ ၁။ ၄၁၃။ ဝိမတိ၊ ၁။ ၈၆။

၁။ ဘာဝတ္ထ။ ၂။ ဝိဘတ္တိပဒ။

ဃ–ဝါကျ၌ ပရာယဏံဖြင့် သရဏသဒ္ဒါပရာယဏသဒ္ဒါ၏ ဝေဝုစ် စကားလှယ် ပရိယာယ်တည်းဟုသိစေသည်။ (အဘိဓေယျတ္ထ။)

**တစ်နည်း။** ယင်းပရာယဏံဖြင့် သရဏသဒ္ဒါသည် ဆည်းကပ်ကိုးကွယ် ရာ (ပရာယဏ)အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

ဃ–ဝါကျ၌ အဃဿ စ တာတာ ဟိတဿ စ ဝိဓာတာဖြင့် ကိုး ကွယ်ရာ၏အဖြစ် (ပရာယဏဘာဝ)ဟူသည် အကျိုးမဲ့ကို တားမြစ်ခြင်းဖြင့် လည်းကောင်း၊ အစီးအပွားကို ပြီးစေခြင်းဖြင့်လည်းကောင်း ဖြစ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** ဤကား "ပရာယဏဘာဝေါ စ အနတ္ထ နိသေဓ နေန အတ္ထသမ္ပဋိပါဒနေန စ ဟောတီတိ အာဟ "အဃဿ တာတာ ဟိတဿ စ ဝိဓာတာတိ" ဟူသော သာရတ္ထ၊ ၁။ ၄၁၄။ အလိုအာဘော် တည်း။ အဋ္ဌကထာဝါကျ. ပါဠ်ပျောက်ဖော်မှု "ဆည်းကပ် ကိုးကွယ်ရာ (ပရာယဏ) ဟူသည် မကောင်းမှုမှ စောင့်ရှောက်တတ်သူ၊ အစီးအပွားကို စီမံတတ်သူတည်း"ဟု အာဘော်ဖော်ရာ၏။

ဃ–ဝါကျ၌ ဘဇာမိဖြင့် ဂစ္ဆာမိ၌ ဂမုဓာတ်၏ ပဝတ္တနဂတိ၊ ဉာဏ ဂတိ၊ ဣရိယာပထဂတိ သုံးပါးတွင် ဆည်းကပ်ခြင်း ဣရိယာပထဂတိ အနက်ကိုဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

ဃ–ဝါကျ၌ သေဝါမိဖြင့် ဘဇာမိ၌ ဘဇဓာတ်၏ ဝိဿာသ, သေဝန, ဘဇန, ဒါန အနက်လေးပါးတွင် သေဝအနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

http://www.dhammadownload.com



ဃ-ဝါကျ၌ ပယိရုပါသာမိဖြင့် သေဝါမိ၌ သိ-ဓာတ်၏ သေဝန, ဗန္ဓန နှစ်ပါးတွင် သေဝန အနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

**မှတ်ချက်။** ဂစ္ဆာမိတိအာဒီသု ပုရိမဿ ပုရိမဿ ပစ္ဆိမံ ပစ္ဆိမံ အတ္ထဝစနံဟူသော သာရတ္ထ၊ ၁။ ၄၁၄-နှင့်အညီ ပါရာ၊ ဂံ၊ သစ်၊ ၃၂၃- လာ အာဘော်များတည်း။ ယင်းဋီကာ၌ တစ်နည်း အာဘော်ဖော်သေးသည်။

င-ဝါကျ၌ ဓာနာမိဖြင့် ဂစ္ဆာမိ၌ ဂမုဓာတ်သည် ဉာဏဂတိအနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

င-ဝါကျ၌ ဗုဇ္ဈာမိဖြင့် ဓာနာမိ၌ ဉာဓာတ်သည် မာရဏ, တောသန, နိသာနအနက်ကိုမဟော၊ အဝဗောဓနအနက်ကို ဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

† ဉာ မာရဏတောသန နိသာနေသု။ နီတိ၊ ဓာ။ ၅၁။

ဉာအဝဗောဓနေ။ နီတိ၊ ဓာ။ ၂၄၉။

**အနက်ယောဇနာ။** ဘဝန္တံ ဂေါတမံ၊ အရှင်ဂေါတမကို။ သရဏံ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏၊ ဝါ-သိပါ၏။

**မှတ်ချက်။** ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ဗုဒ္ဓံ ကို။ သရဏံ.....ဟူ၍ ဂစ္ဆာမိ၊ ၏။ ဝါ-၏-ဟု အနက်ပေး။

---

## ● ပါဠိဝိနိစ္ဆယ

**အဃဿတာတာ။ အဃဿ ဟတာ။ အ:ဿဿ တတာ။** အဃဿာတိ ဒုက္ခတောတိ ဝဒန္တိ၊ ပါပတောတိ ပန အတ္ထော ယုတ္တော၊ ္ဃဿတ္တေ စေတံ သာမိဝစနံ။ သာရတ္ထ၊ ၁။ ၄၁၄။

ယင်းသို့ အဃဿပုဒ်ကို အပါဒါန်ပုဒ် ဖြစ်ကြောင်း ဖွင့်ပြသော ကြောင့် အပါဒါန်ကိုင်သောတာဓာတ်.....တုပစ္စည်းဖြင့်ပြီးသော တာတာ ပါဌ်သင့်သည်။ (တာ ပါလနေ။ နီတိ၊ ဓာ။ ၁၄၄။ တာတာ၊ စောင့် ရှောက်၏။ ဘယ်မှ စောင့်ရှောက် သနည်း။ အဃဿ၊ မကောင်းမှုမှ။ ယင်းသို့အပါဒါန်ကိုင်သည်။)

http://www.dhammadownload.com



မှန်၏။ ဝိမတိ၊ ၁။ ၈၆–၌လည်း အဃသာတိ အဃတော ပါပ တော။ တာတာတိ ပဒံ အပေက္ခိတွာ နိဿက္ကသော ၀ ယုတ္တတ္တာ–ဟု လည်းကောင်း၊ ပါရာ၊ ယော။ ၉၀–၌လည်း တာတာတိ ပါလကော၊ တာဓာတု ပါလနေ၊ ၊ တုပစ္စယော–ဟုလည်းကောင်း ဖွင့်သည်။ (စာဖြေရာ၌ ဤအတိုင်းသာဖြေရာ၏။)

## ဆင်တဲဂဏ္ဌိဝါဒ

အဃဿ ဟတာဟု သီလက္ခန် ဥဒါန်း မဇ္ဈိမနိကာယ် ခုဒ္ဒကပါဠ အဋ္ဌကထာပါဠ်တို့၌ရှိသည်။ ဤဋီကာ၌လည်း ရှေးသက ဝါဒကို ပြရာ၌ အနတ္ထနိဿေဓနေန အတ္ထသမ္ပဋိပါဒနေန စ ပေါတိတိ အာဟ “အဃဿ ဟတာ ဟိတဿ စ ဝိဓာတာ” တိ ဟု ဟတာနှင့် ရှိသည်။ ( ဆရာ ကြည့်သော စာမူမှာရှိသည်ကို ဆိုလိုသည်။ ယခုခေတ် သာရတ္ထဋီကာ စာအုပ်၌ ဤသို့ မရှိတော့ချေ။) အဃဿ ဟတာအရကိုရည်၍ အနတ္ထ နိသေဓနေန ဟု မိန့်သည်ကို ထောက်၍ အဃဿ၊ အကျိုးမဲ့ကို၊ ဝါ– ဆင်းရဲအပေါင်းကို။ ဟတာ၊ မြစ်တတ်၏။ ဝါ–ပယ်တတ်၏။ ပေး။ အဃပ္ပဟာန်နှင့်အလျော်။ နှာ။ ၃၀၂။

## ယောဇနာဝါဒကွဲပါဠ်ကွဲ

ပါရာ၊ ယော။ ၉၀–၌ ဓာတာတိပိ ပါဌော–ဟု ပါဠ်ကွဲပြသည်။ ယင်းပါဠ်မှန်သည်ဟုလည်းကောင်း၊ မှားသည်ဟုလည်းကောင်း မဆုံးဖြတ် ခဲ့သဖြင့် ယင်းပါဠ်ကို မှတ်သားထားဖွယ် မလိုတော့ချေ။

---

## ● နည်းနှင့်ဥပစာ

**ဂစ္ဆာမိ။** အပေါင်းဖြစ်သော ပဝတ္တနဂတိ၊ ဣရိယာပထဂတိ၊ ဉာဏဂတိတို့၌ ဂစ္ဆာမိအမည်ကို အစိတ်ဖြစ်သော ဣရိယာပထဂတိ၊ ဉာဏဂတိ၌ တင်စား၍ အစိတ်ဖြစ်သော ဣရိယာပထဂတိ၊ ဉာဏဂတိ တို့ကို ဂစ္ဆာမိဟုဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ–သမုဒါယူပစာ။ (နေယျတ္ထနည်း၊ ရုဠှီနည်း။)

---

ဓမ္မဉ္စ ဘိက္ခုသံဃဉ္စာတိ ဧတ္ထ ပန

(က) အဓိဂတမဂ္ဂေ (လ) ဓာရေတီတိ ဓမ္မော။

(ခ) သော အတ္ထတော အရိယမဂ္ဂေါ စေဝ နိဗ္ဗာနဉ္စ။

http://www.dhammadownload.com



(ဂ) ဝုတ္တဥ္စေတံ “ယာဝတာ ဘိက္ခဝေ (လ) အဂ္ဂမက္ခာယတီတိ ဝိတ္ထာရေတဗ္ဗော။

(ဃ) န ကေဝလဥ္စ (လ) သဒ္ဒိံ ပရိယတ္တိမေဝါပိ။ ၄။ ၁၄၁။

## ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို–၍ က–ဝါကျ ကား အာရဒ္ဓဝါကျ။

**တစ်နည်း။** ခ–ဝါကျကား အဘိဓေယျတ္ထပြပက္ခ ရဝါကျ။ ထို၍ က–ဝါကျကား ဝိဂ္ဂဟပြပက္ခဝါကျ။

ဂ–ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ထို–၍ ခ–ဝါကျကား အာဂမဒဠှီယဝါကျ။

ဃ–ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို–၍ ခ–ဝါကျ ကား အာရဒ္ဓဝါကျ။

**မှတ်ချက်။** ခ–မူလအာရဒ္ဓဝါကျမှ ဃ–မူလိ ဝါကျာရမ္ဘ ဝါကျ တက်လာသည်။ အာဂမဒဠှီကရဏ ဂ–ဝါကျကိုကျော်၍ ဝါကျခွဲကျမ်း တက်ရသည်။

ဃ–ဝါကျ၌ နကေဝလဥ္စချီသော ဝါကျကား ဗျတိရေကဝါကျ၊ အပိစခေါ်ချီသောဝါကျကား အနွယဝါကျ။

---

## အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ ဓာရေတိဖြင့် ဓမ္မော သဒ္ဒါ၏ ရေဓာတ်၏ အဖြစ်ကို လည်းကောင်း[၁]၊ ရမ္မပစ္စည်း၏ကတ္တုသာဓနေ၌ ဿက်သည်၏ အပြစ်ကိုလည်း ကောင်း[၂]၊ ဓာရေတီတိဓမ္မောဟုကတ္တုသာဓနေဝစနတ္ထ ပြုရမည်၏အဖြစ်ကို လည်းကောင်း[၃]၊ ရေဓာတ်၏စုရာဒိ ဂဏိကဓာတ် (ရေတိဟုမဖွင့်ဘဲ ဓာရေတိ– ဟု ဏေပစ္စည်းဖြင့်ဖွင့်သည်ကိုသတိပြု။)၏အဖြစ်ကိုလည်းကောင်း[၄] သိစေ သည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။
၄။ ဘာဝတ္ထ။

http://www.dhammadownload.com



က-ဝါကျ၌ အပတမာနေဖြင့် ( စာရေတိ = ဆောင်၏ဟူသည် ဘယ်ပုံဆောင်သလဲ? မကျအောင်ဆောင်၏ဟူသော ) စာရဏာ ကာရ။ ဆောင်ပုံအခြင်းအရာကို သိစေသည်။ (ဘာဝတ္ထ။)

က-ဝါကျ၌ စတူသုအပါယေသုဖြင့် အပါယ် လေးပါးသို့ မကျ အောင် ဆောင်၏ဟူသော အဓိပ္ပာယ်ကိုသိစေသည်။ (ဘာဝတ္ထ။)

က-ဝါကျ၌ ယထာနုသိဋ္ဌ ပဋိပဇ္ဇမာနေဖြင့် မဂ္ဂဋ္ဌပုဂ္ဂိုလ်ကို ယူရမည် ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

**မှတ်ချက်။** ဆုံးမတော် မူသည့်အတိုင်း ကျင့်သော ကလျာဏ ပုထုဇဉ်တို့ကိုလည်း ယထာနုသိဋ္ဌ ပဋိပဇ္ဇမာနေ အရယူသင့် သော်လည်း ပုထုဇဉ်တို့ကား အပါယ်မကျအောင် ဓမ္မက ဆောင်နိုင်ဖို့ရာ မသေချာ မကျိန်းသေသောကြောင့် မဂ္ဂဋ္ဌပုဂ္ဂိုလ်ကိုသာ 'ပဋိပဇ္ဇမာန အရယူရသည်။ မှန်၏။ သမ္မတ္တနိယာမ (မဂ်) သို့ရောက်မှ အပါယ်မှ စိတ်ချ လက်ချ လွတ် မြောက်နိုင်သည် မဟုတ်လော။ သာရတ္ထ။ ၁။ ၄၁၄။

က-ဝါကျ၌ အဓိဂတမဂ္ဂေ သစ္ဆိကတ နိရောဓေဖြင့် ဖလဋ္ဌာန် ပုဂ္ဂိုလ်ကိုပြသည် (အဘိဓေယျတ္ထ။)

ခ-ဝါကျဖြင့် ဓမ္မအရ မုချအားဖြင့် အရိယာမဂ်နှင့် နိဗ္ဗာန်ကိုယူရ မည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

ဃ-ဝါကျဖြင့် အရိယာမဂ်နှင့် နိဗ္ဗာန်သာဓမ္မမည်သည် မဟုတ်ဟူ သော ဗျတိရေက အဓိပ္ပာယ်ကိုလည်းကောင်း[၁]၊ ဥပစာ အားဖြင့် အရိယာဖိုလ် နှင့် ပရိယတ္တိတရားသည်လည်း ဓမ္မမည်သည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ အဘိဓေယျတ္ထ။

## ● နည်းနှင့်ဥပစာ

**စတူသုအပါယေသု။** အစိတ် ဖြစ်သော အပါယ် လေးပါး၏ စတူသုအပါယေသုဟူသောအမည်ကို အပေါင်းဖြစ်သော အပါယ်လေးပါး သံသရာဝဋ်ဆင်းရဲတို့၌တင်စား၍ အပေါင်းဖြစ်သော (လ) ဆင်းရဲတို့ကို စတူသုအပါယေသုဆိုသောကြောင့် ဧကဒေသူပစာ၊ ဝါ-အဝယဝူပစာ။

http://www.dhammadownload.com



ပြဋ္ဌာန်းသော အပါယ်လေးပါးကို ဆိုသဖြင့် မပြဋ္ဌာန်းသော သံသရာဝဋ်ဆင်းရဲကို ရသောကြောင့် ပဓာနနည်း။

**မှတ်ချက်။** "အပါယေသုကို ဒုက္ခဗဟုလ ဖြစ်ရကား ပြဋ္ဌာန်းသောအားဖြင့်ဆိုသည်။ ဓမ္မကား အလုံးစုံသော ဝဋ္ဋဒုက္ခမှ ထုတ်ဆောင်သည်သာ" ဟူသော ပါရာ၊ ဂံ၊ သစ်၊ ၂။ ၃၂၄။ နှင့်အညီ နည်းဥပစာ တည်း။

**အဓိဂတမဂ္ဂေသမ္ဘိကတနိရောဓေ။** ဆိုခဲ့ပြီးသည်မှလည်းကောင်း၊ ဆိုလတ္တံ့သည်မှလည်းကောင်း အကြွင်းကိုသာယူရသောနည်းသည် ပါရိသေသနည်းမည်၏။ ပြယုဂ်ကား အဓိဂတမဂ္ဂေသမ္ဘိကတနိရောဓေဟူသည်တည်း။ ဤပြယုဂ်၌ ပဋိပန္နမာနေအရ ဆိုလတ္တံ့သော မဂ္ဂဋ္ဌပုဂ္ဂိုလ်မှကြွင်းသော ဖလဋ္ဌပုဂ္ဂိုလ်ကိုသာ အဓိဂတမဂ္ဂေသမ္ဘိကတနိရောဓေအရ ယူရသောကြောင့် ပါရိသေသနည်း။

အပေါင်းဖြစ်သော မဂ္ဂဋ္ဌ ၄–ယောက် ဖလဋ္ဌ ၄–ယောက် တို့၏ အဓိဂတမဂ္ဂေသမ္ဘိကတနိရောဓေဟူသောအမည်ကို အစိတ်ဖြစ်သော ဖလဋ္ဌ ၄–ယောက်၌တင်စား၍ အစိတ်ဖြစ် ဖလဋ္ဌ ၄–ယောက်ကို အဓိဂတမဂ္ဂေသမ္ဘိကတနိရောဓေဟုဆိုသောကြောင့် ဧကဒေသျူပစာ၊ ဝါ– သမုဒါယူပစာ။

**မှတ်ချက်။** အဓိဂတမဂ္ဂေ သမ္ဘိကတနိရောဓေတိ ပဒဒွယေနပိ ဖလဋ္ဌာဝ ဒဿိတာ၊ န မဂ္ဂဋ္ဌာတိ တေ ဒဿေန္တော "ယထာနုသိဋ္ဌံ ပဋိပန္နမာနေစာ" တိ အာဟ ဟူသော သာရတ္ထ၊ ၁။ ၄၁၄–နှင့်အညီ နည်းဥပစာတည်း။ ပါရိသေသနည်းရလျှင်ဧကဒေသျူပစာရမြဲ။ ဧကဒေသျူရတိုင်းကား ပါရိသေသနည်း မရသည်ကိုလည်း သတိပြုပါ။

**ဓာရေတီတိဓမ္မော။** အကြောင်းဖြစ်သော အရိယာမဂ် နိဗ္ဗာန်တို့၏ ဓမ္မအမည်ကို အကျိုးဖြစ်သော အရိယာဖိုလ်၌တင်စား၍ အကျိုးဖြစ်သော အရိယာဖိုလ်ကို ဓမ္မောဟု ဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တရိကနည်း။)

**မှတ်ချက်။** ဤကား ဓတ္တေ မဂ္ဂေါ အနိယျာ နိကာတာယ (လ) တထာပိ ဖလာနံစသော သာရတ္ထနှင့် အညီတည်း။ ဓမ္မအရ ပရိယတ္တိ

http://www.dhammadownload.com



ရအောင် အောက်ပါအတိုင်း ဥပစာ ဆက်ကြံရမည်။ ယင်း သာရတ္ထဒီပင် ပရိယတ္တိဓမ္မသပနစသည် ဆက်လက်ဖွင့်ပြထားသည်။

**တစ်နည်း။** အကျိုးဖြစ်သော အရိယာမဂ်နိဗ္ဗာန်တို့၏ ဓမ္မအမည်ကို အကြောင်းဖြစ်သော ပရိယတ္တိဓမ္မ၌ တင်စား၍ အကြောင်း ဖြစ်သော ပရိယတ္တိဓမ္မကို ဓမ္မဟုဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

**မှတ်ချက်။** အကြောင်းပရိယတ်၊ အကျိုးမဂ် နိဗ္ဗာန်။ အကြောင်း မဂ်, နိဗ္ဗာန်အကျိုးအရိယာဖိုလ်ဟု အကြောင်းအကျိုးဆက်သည်ကို သတိ ပြုရာ၏။

---

(က) ရာဂဝိရာဂမနေဇမသောကံ၊ ဓမ္မမသင်္ခတမပ္ပဋိကူလံ။

မဓုရမိမံပဂုဏံ သုဝိဘတ္တံ၊ ဓမ္မမိမံ သရဏတ္ထမုပေဟိတိ။

(ခ) ဧတ္တဟိ ရာဂဝိရာဂေါ့တိ မဂ္ဂေါ ကထိတော။

(ဂ) အနေဇ မသောကန္တိ ဖလံ။

(ဃ) ဓမ္မမသင်္ခတန္တိ နိဗ္ဗာနံ။

(င) အပ္ပဋိကူလံ (လ) သဗ္ဗဓမ္မက္ခန္ဓာတိ။ ဋ္ဌ။ ၁၄၁။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–မှ–င–တိုင်အောင်ကား ဝိတ္ထာရဝါကျ။ ထို–၍ က–ဝါကျ ကား သင်္ခေပဝါကျ။

ခ–မှ င–တိုင်အောင် အဖွင့်တစ်မျိုးစီဖြစ်၍ ပက္ခ, ပက္ခန္တရချည်းသာ တည်း။ ခ–ပက္ခ၊ ဂ၊ ပက္ခန္တရ စသည်။

---

## ● အဘောဂနှင့်သံဝဏ္ဏနာ

ခ–ဝါကျ၌ မဂ္ဂေါ ကထိတောဖြင့် ရာဂေါ ဝိရဇ္ဇတိ ပဟီယတိ ဧတေနာတိ ရာဂဝိရာဂေါဟု ဝစနတ္ထပြု၍ ယင်းအရ မဂ်ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ဂ–ဝါကျ၌ ဖလံဖြင့် နတ္ထိ ဇောသင်္ခါတာ တဏှာ တသ္မိန္တိ အနေဇံ။ နတ္ထိ သောကော တသ္မိန္တိ အသောကံဟု ဝစနတ္ထပြု၍ဖိုလ်ကိုယူ ရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

ဃ–ဝါကျ၌ နိဗ္ဗာနံဖြင့် ယထာသဘာဝံ ဓာရေတီတိ ဓမ္မောဟု ဝစနတ္ထပြု၍ နိဗ္ဗာန်ကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

http://www.dhammadownload.com



၄-ဝါကျ၌ ပိဋကတ္တယေန ဝိဘတ္တာ သဗ္ဗမေဃကုန္တာဖြင့် နတ္ထိ ပဋိကူလော ဝိရုဒ္ဓတ္တော စတသ္မိန္တိ အပ္ပဋိကူလော။ ပဂုဏေန ပဝတ္တိတော, ပကဋ္ဌော ဝါ ဂုဏော တသ္မိန္တိ ပဂုဏော။ ဥဒ္ဒေသနိဒ္ဒေသာဒိနာ သမ္မာ ဝိဘဇ္ဇိယတီတိ သုဝိဘတ္တောဟု ဝစနတ္ထပြု၍ ပရိယတ္တိကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

## ● ပါဠိဝိနိစ္ဆယ

**သရဏတ္တမုပေဟိ။ သရဏတ္တမုပေဟိ။** သရဏတ္တံ သရဏာယ ပရာယဏာယဟု သီ၊ ဋီ၊ သစ်၊ ၁။ သာမညဖလသုတ်အဖွင့်နှင့်အညီ စတုတ္ထီ သဝိဘတ်၏ကောဇရိယတ္တံကို အာယဖြင့် လဲလှယ် ဖွင့်ပြ သောကြောင့် သရဏတ္တမုပေဟိ (သရဏတ္တံ+ဥပေဟိ) ဟူသော ပါဠ်သာသင့်သည်။

**ဓမ္မဒသာ။ ဓမ္မရသာ။** သာရတ္ထ၊ ၁။ ၄၁၅-၌ အရိယဓမ္မဿ ပစ္စက္ခဒဿာဝိတာယဟုလည်းကောင်း၊ ဝိမတိ၊ ၁။ ၈၇-၌ အရိယဓမ္မဿ ဒိဋ္ဌတ္တာဓမ္မဒသာဟုလည်းကောင်း ဒီသဓာတ်ဖြင့်သာဖွင့်ပြသောကြောင့် ဓမ္မဒသာပါဠ်သာသင့်သည်။ (ဒီသကို ဒသပြုသည်ဟုမှတ်။)

(က) အဇ္ဈတဂ္ဂေတိ စတ္ထ အယံ အဂ္ဂသဒ္ဒေါ အာဒိကောဋိ ကောဋ္ဌာသ သေဋ္ဌေသု ဒိဿတိ။

(ခ) အဇ္ဈတဂ္ဂေ သမ ဒေါဝါရိက (လ) အဂ္ဂမက္ခာယတီတိ အာဒီသု သေဋ္ဌေ။

(ဂ) ဣတ္တ ပနာယံ အာဒိမှိ ဒဋ္ဌဗ္ဗော။

(ဃ) တသ္မာ အဇ္ဈတဂ္ဂေတိ အဇ္ဈတံ (လ) ဝေဒိတဗ္ဗော။

ဋ္ဌ။ ၁၄၂။

## ● ဝါကျခွဲ နှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၌ -က-ဝါကျကား သင်္ခေပ ဝါကျ။

**မှတ်ချက်။** သမယအဖွင့် ပရိယာယော အဖွင့်တို့ကိုရှု အာဂမ ဒဋ္ဌိစသည်ခွဲလေဦး ကျမ်းတက်ကိုလည်း ယင်း ဝါကျတို့ကို နည်းမှီး၍ သိလောက်ပါပြီ။

http://www.dhammadownload.com



ဂ–ဝါကျကား ဝိသေသဝါကျ။ ထို-၍ ခ–ဝါကျကား သာမညဝါကျ။ (အဓိပ္ပေတတ္တဝါကျစသည်ခွဲလေဦး။)

ဃ–ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၍ ဂ–ဝါကျကား လဒ္ဓဂုဏီယဝါကျ။

## ● ဝိဂ္ဂဟာနှင့်ဉာဉ်ကောက်

**အဇ္ဈတ။** အဇ္ဈ ဘာဝေါ အဇ္ဈတာ (တံ အဇ္ဈတံ) အဇ္ဈ၊ ယနေ့၏။ ဘာဝေါ၊ အဖြစ်တည်း။ အဇ္ဈတာ၊ ယနေ့၏အဖြစ်။ ဘာဝတဒ္ဓိတ်။ အဇ္ဈပုဒ်+တာပစ္စည်း။

အဇ္ဈဟူသော ဘာဝတဒ္ဓိတ်အရကား အရုဏ်တက်ချိန်မှစ၍ နောက်နေ့ အရုဏ်တက်ချိန်တိုင်အောင်သော ကာလသည် အဇ္ဈမည်သော်လည်း အရာဌာနအားလျော်စွာ ပုဏ္ဏားတို့၏ သရဏဂုံ ဆောက်တည်ရာ အခိုက်အတန့်ကာလသည်မှချ။ ယင်း၏ ပုဏ္ဏားတို့၏ သရဏဂုံ ဆောက်တည်ခြင်း ကြိယာနှင့် ကာလကာလဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနပစာ။ တာ–ပစ္စည်းအရကား ထို-ဖြင့် မှတ်အပ်သော ပုဏ္ဏားတို့၏ သရဏဂုံ ဆောက်တည်ခြင်းကြိယာရ၏။

**အနက်ယောဇနာ။** အဇ္ဈတဂ္ဂေ၊ ယနေ့၏ အဖြစ်ကို အစပြု၍၊ ဝါ-ယနေ့၏ အဖြစ်ဟူသော ပုဏ္ဏားတို့၏ သရဏဂုံ ဆောက်တည်ခြင်းကို အစပြု၍–ဟု အနက်ပေး။ အဇ္ဈဒဂ္ဂေ၏အနက်ကို ပါဠိဝိနိစ္ဆယ အဖြေ၌ ရှုလေ။

**မှတ်ချက်။** ဤပုဒ်ဉာဉ်ကောက်ကို သဘောမိခဲ့သည်။ သတိပြုလေ။ ပါရာဇိကဏ်၊ သဒ္ဒ၊ ၂။ ၃၃၁-လည်းကြည့်။

† အဇ္ဈတန္တိ အဇ္ဈဘာဝန္တိ ဝုတ္တံ ဟောတိ။ ဋီ။ ၁၄၂။

## ● စာတုပစ္စယာဒိဝိဘာဂ

**ကောဋ္ဌာသ။** ကောဋ္ဌသဒ္ဒူပပဒ + သိဓာတ် + အ – ပစ္စည်း။ ကောဋ္ဌ။ ဝုစ္စတိ သရီရံ၊ တတ္ထ သေတီတိ ကောဋ္ဌာသော။ သူစိ။

http://www.dhammadownload.com



**အင်္ဂုလိ။** အင်္ဂဓာတ်+ဥလိပစ္စည်း။ အင်္ဂတိ ဥဂ္ဂစ္ဆတီတိ အင်္ဂုလိ၊ ကရသာခါ။ မောဂ်၊ ၇။ ၁၉၅။ (အင်္ဂုလဂ္ဂ = အင်္ဂုလိ + အဂ္ဂပုဒ်ဖြစ်။ အင်္ဂုလိကား ဣတ္ထိလိင် ဣကာရန္တ၊ ရတ္တာဒိဂိုဏ်း။)

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ အယံ အဂ္ဂသဒ္ဒေါ (လ) ဒီသတိဖြင့် အဂ္ဂသဒ္ဒါသဒ္ဒန္တရိက်ကိုမငဲ့သော သာမညသဒ္ဒါဖြစ်သော် ယင်းကောဋ္ဌာသ စသော အနက်ကိုဟောသတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ။)

ဂ-ဝါကျဖြင့် အဂ္ဂသဒ္ဒါ ယင်း ကောဋ္ဌာသစသော အနက်ကို ဟောသော်လည်း ဤ၌ အာဒိအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

ဃ-ဝါကျ၌ အဗ္ဘတံ အာဒိ ကတ္တာဖြင့် အဗ္ဘတဂ္ဂေကို အဗ္ဘတံ အဂ္ဂေဟု ပဒစ္ဆေဒပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဤ၌ အဂ္ဂေသဒ္ဒါ၏ အာဒိအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၂]၊ အဗ္ဘတဂ္ဂဟု ဒုတိယာကေဝုစ် ဆိုလျက် အဗ္ဘတဂ္ဂေဟု ကေဝုစ်ကို ဗဟုဝုစ်ပြန်သော ဝစနဝိပလ္လာသ၏ အဖြစ်ကိုလည်းကောင်း[၃]၊ ဝါ၊ ဝါ-ဒုတိယာဝိဘတ်ကို သတ္တမီဝိဘတ်ပြန်သော ဝိဘတ္တိဝိပလ္လာသ၏ အဖြစ်ကိုလည်းကောင်း[၄]၊ အဂ္ဂပုဒ်ကို ကတ္တာဟူသော ပါဌသေသနှင့်စပ်ရမည်၏ အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ နာမလိင်္ဂတ္ထ။ ၃။ ဘာဝတ္ထ။
၄။ ဘာဝတ္ထ။ ၅။ သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။

အဗ္ဘတန္တိ အဗ္ဘဘာဝန္တိ ဝုတ္တံဟောတိ၌ အဗ္ဘဘာဝံဖြင့် အဗ္ဘတံပုဒ်ကို အဗ္ဘဘာဝေါ အဗ္ဘတာ (အဗ္ဘတံ)ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ တာ-ပစ္စည်းသည် ဒေဝတာစသည်၌ကဲ့သို့ သွတ္ထတဒ္ဓိတ်၌မသက်၊ ဘာဝတဒ္ဓိတ်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

**မှတ်ချက်။** အတ္ထုဒ္ဒါရအတ္ထုဒ္ဓေသ ဝါကျအရာ၌ သမယအဖွင့် ပရိယာယအဖွင့်များကိုရှု၍ အာဘော်သံဝဏ္ဏနာ စုံအောင်ဖော်ရာ၏။

http://www.dhammadownload.com



## ● ပါဠိဝိနိစ္ဆယ

**အဇ္ဈတဂ္ဂေ။ အဇ္ဈဒဂ္ဂေ။** အဇ္ဈတဂ္ဂေကို အဇ္ဈတံ အာဒိံ ကတွာ ဟုလည်းကောင်း၊ အဇ္ဈတန္တိ အဇ္ဇဘာဝံဟုလည်းကောင်း ဖွင့်ပြသောကြောင့် အဇ္ဈတဂ္ဂေ၌ ရှေ့ပုဒ်သည် အဇ္ဇပုဒ်၊ ဘာဝတဒ္ဓိတ်တာပစ္စည်းဖြင့်ပြီးသည်။ သန္ဓိစပ်၍ အဇ္ဈတဂ္ဂေဖြစ်သည်။ ထိုကြောင့် ယင်းပါဠ်သင့်သည်။

အဇ္ဈဒဂ္ဂေ ဣစ္စေဝ ဝါ ပါဠောဟုပါဠ်န္တရကို အဋ္ဌကထာ၌ပြသောကြောင့်လည်းကောင်း၊ ပါဠ်န္တရကိုလည်း " တံ န သုန္ဒရံ " စသည်မပယ်မြစ်သောကြောင့်လည်းကောင်း၊ အဇ္ဇပုဒ်+အဂ္ဂပုဒ် ဒ-အာဂုံလာ၍ အဇ္ဇဒဂ္ဂေဟု ရုပ်ပြီးသောကြောင့်လည်းကောင်း၊ အဇ္ဇဒဂ္ဂေ၊ ယနေ့ကိုအစပြု၍ဟု အနက်ယောဇနာက အတ္တယုတ္တိရှိသောကြောင့် လည်းကောင်း အဇ္ဇဒဂ္ဂေရှိသောပါဠ်လည်းသင့်သည်။

---

## ● နည်းနှင့်ဥပစာ

**ဝေဠဂ္ဂံ။** ဝေဠုနော၊ ဝါး၏။ အဂ္ဂံ၊ အဖျားတည်းဟု အနက်ပေး။ ဝါးနှင့်အဖျားမပြားဘဲ ပြားသကဲ့သို့ဆိုသောကြောင့် အဘေဒဘေဒူပစာ။ ဥဏ္ဏဂ္ဂံ၊ အင်္ဂုလဂ္ဂလည်း အတူတူပင်။

**အဇ္ဈတဂ္ဂေ။** အပေါင်းဖြစ်သော ယနေ့နံနက် အရုဏ်ရက်မှစ၍ နောက်နေ့ အရုဏ်တက်တိုင်အောင်ကာလ၏ အဇ္ဇအမည်ကို အစိတ်ဖြစ်သောပုဏ္ဏား သရဏဂုမ်ဆောက်တည်ရာကာလ၌ တင်စား၍ အစိတ်ဖြစ်သော ပုဏ္ဏားသရဏဂုမ်ဆောက်တည်ရာကာလကို အဇ္ဇဟု ဆိုသောကြောင့် ဧကဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

**မှတ်ချက်။** အဇ္ဈတဂ္ဂေ၌ ရနိုင်သောနည်းတို့ကို အာဘော်အဖြေ၌ ရေးခဲ့ပြီ။

---

(က) ပါဏုပေတန္တိ ပါဏေဟိ ဉပေတံ။

(ခ) ယာဝ မေ ဇီဝိတံ ပဝတ္တတိ၊ တာဝ ဉပေတံ။

(ဂ) အနညသတ္ထုကံ (လ) ဓာရေတု ဓာနာတု။

http://www.dhammadownload.com



(ဃ) အဟဉ္စိ သစေပိ မေ (လ) ဝဒေယျန္တိ။

(င) ဇတ္တေ စ ပြဟ္ဝဏော (လ) ဝေဒိတဗ္ဗော။ ဌ။ ၁၄၂။

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သခေ်ပ ဝါကျ။

**မှတ်ချက်။** ရှေ့ဝါကျ၌ အဓိပ္ပာယ်မထင်ရှားသည်ကို ထင်ရှား ပေါ်လွင်အောင် ယံ, တံ (ယံဝ, တာဝ) ဖြင့်ဖွင့်သည်။ ထိုကြောင့် နောက် ဝါကျကို ဝိတ္ထာရခွဲ။ တပ္ပါကဋီလည်းကြံသင့်၏။

✝ ယတ္ထ ယတ္ထ ပဒေသွေဝ၊ အဓိပ္ပါယော အပါကဋော။

တတ္ထေဝ ယံ တံ သဒ္ဒေဟိ၊ သံဝဏ္ဏေယျေဝ ကောဝိဒေါ။

**(သမ္ဗန္ဓစိန္တာဂဏ္ဌိသစ်)**

## အနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် ပါဏောဟိ ဥပေတံ ပါဏုပေတံဟု တတိယာ တပ္ပုရိသ်သမာသ် **ဝဓနေ့ထွပြုရမည်ဟု** ပြတော်မူပြီး၍ ယခုအခါ၌ ယင်းသရဏာဂုမ်၏ **အာပါဏကောဋိက သရဏာဂုမ်၏** အဖြစ်ကို ချဲ့ပြလိုရကား ခ-ဝါကျမိန့်။ **သာရတ္ထ၊ ၁။ ၄၂၅။**

ဂ-ဝါကျ၌ **အနုညသတ္ထုကံ (လ) သရဏာဂတံဖြင့်** ပါဠိ၌ သရဏာ ဂတံကိုလည်းကောင်း၊ မံဘာဝံ (လ) **တနာတုဖြင့်** ပါဠိ၌ ဤသို့ပြန်၍ **ယော်ဇနာရမည်ကိုလည်းကောင်း။ ဖွင့်ပြသောကြောင်း ပကာသ** ရဝါကျ။ ထို-၍ က-ခ ဝါကျကား **ပကာ။**

**မှတ်ချက်။** ပါရာ၊ ဂံ၊ **သစ်၊** ၂။ ၃၃၁-၌ ပါဏုပေတံ ပါဏု ပေတံဝေဟု အဝဓာရဏာအနက်ကြံ၍ **ယင်း၏ဝေဖလကို** အနုညသတ္ထုကံ ဟု ဖွင့်ပြသည်ဟုလည်းကောင်း၊ **တီဟိသရဏာဂမနေဟိ စသည်ဖြင့်** သရဏာ ဂတံကို ဖွင့်သည်ဟုလည်းကောင်း ဆို၏။

ဃ-ဝါကျကား ကာရဏ၊ ဝါ-ယုတ္တိဒဋ္ဌိကရဏဝါကျ။ **ထို-၍** က-ခ-ဝါကျကား ဖလ၊ ဝါ-ယုတ္တိဒဋ္ဌိယဝါကျ။

http://www.dhammadownload.com



## အနုသန္ဓေတက်

ဤသို့ က–ခ ဝါကျတို့ဖြင့် ပါဏုပေတံသဒ္ဒါ၏ တတိယာတပ္ပုရိသ် သမာသ်၏အဖြစ်ကိုလည်းကောင်း၊ ယင်း၏ အာပါဏကောဋိကသရဏာဂုမ်၏ အဖြစ်ကိုလည်းကောင်း ပြတော်မူပြီး၍ ယခုအခါ၌ အသက်နှင့်တကွ မိမိ ကိုယ်ကို ရတနာသုံးပါးကို ပူဇော်လျက် သရဏာဂုမ်ကိုလည်းစောင့်ပါ၏ဟု ဖြစ်သော ပုဏ္ဏားအလိုကိုတဖန်ပြလိုရကား ဃ–ဝါကျမိန့်။ သာရတ္ထ၊ ၁။၄၂၅။

## အာစရိယဝါဒအနုသန္ဓေတက်

ဤသို့ က–ခ ဝါကျတို့ဖြင့် (လ) ပြတော်မူပြီး၍ ယခုအခါ၌ အဓ္ဓတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ၌ နိတတ္ထအားဖြင့် ပုဏ္ဏား၏သရဏာ ဂုမ်၏ အတ္တသန္နိယျာတန အဖြစ်ကိုပြပြီး၍ ယင်း၌ နေယျတ္ထအားဖြင့် ပုဏ္ဏား၏အလို အဓိပ္ပာယ်ကိုပြလိုရကား ဃ–ဝါကျမိန့်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၃၃၂။

င–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ က–ခ–ဂ–ဃ– ဝါကျ တို့ကား အာရဒ္ဓဝါကျ။

## င–ဝါကျလိနတ္ထ ရကျမ်းတက်

ဆရာ၊ ဝေရဉ္ဇာပုဏ္ဏားသည် ပါဏုပေတံ သရဏံ ဂတံဟုဆို၏။ ဘောဟံ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စဖြင့်ပင် သရဏာဂုမ် ဆောက်တည်ခြင်းပြီးသည်မဟုတ်လော (အာဘော်–"လော")။ အဘယ်ကြောင့် ပုဏ္ဏားသည် ပါဏုပေတံ သရဏံ ဂတံကို တစ်ဖန်ဆိုပြန် သနည်း ပုနရုတ္တိ, နိရတ္ထကသာမဟုတ်လော (ဒေါသာရောပန–"လော") ကြောင့် င–ဝါကျမိန့်။ ကား–အတ္တသန္နိယျာတနဟူသော အတ္တန္တ ရဝိညာ ပနအကျိုး၄ာ ထပ်၍ဆိုရကား သင်တင်သော ပုနရုတ္တိ, နိရတ္ထကဒေါသ ဝေရဉ္ဇာပုဏ္ဏားအားမရောက်ဟူလို။

† သိဒ္ဓေ သတျာရမ္ဘော နိယမာယ ဝါ ဟောတိ အတ္တန္တ ရ
ဝိညာပနာယ ဝါ၊ ဉာသ်။

* နက်ထူးမြဲထွေ၊ သိပစေ၊ ပြီးနေထပ်ဆိုရာ။ (ပေါ်ရာဏ)

http://www.dhammadownload.com



## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**အနညသတ္ထုကံ။** နတ္ထိ အညော သတ္ထာ ဧတဿာတိ အနည သတ္ထုကော။ ပါရာ၊ ယော၊ ၉၀။ ဧတဿဖြာဟ္မဏဿ၊ ထိုဝေရွှေဥာပုဏ္ဏား အား၊ အညော၊ ဘုရားမှတစ်ပါးသော သတ္ထာ၊ ဆရာသည်။ နတ္ထိ၊မရှိ။ ဣတိ အနညသတ္ထုကော။ (တံ အနညသတ္ထုကံ)။ တဂ္ဂုဏသံဝိညာဏ တတိယာ ဗဟုဗ္ဗိဟိသမာသ်။ န+အည+သတ္ထု+ဧ။

နအညသတ္ထုဟူသော ဗဟုဗ္ဗိဟိသမာသ်ပုဒ်လုံး အရကား ရတနာ သုံးပါးမှတစ်ပါး ဆရာမရှိခြင်း အဘာဝဘောဂုဏ်သည် မုချ။ ယင်း၏ ဝေရွှေဥာပုဏ္ဏားဒြဗ်နှင့် ဂုဏ်, ဂုဏေ အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဌာန် ပစာ။ ဧတဟူသောအညပုဒ်အရကား ထို-ဖြင့် မှတ်အပ်သော ဘုရားမှ တစ်ပါး ဆရာမရှိသော ဝေရွှေဥာပုဏ္ဏားရ၏။ (ထိုသို့ပင်ရငြားသော်လည်း စသည် ဝိသေသနကောက်ဆက်ကောက်၊ အနညသတ္ထုကံပုဒ်ကို ဥပါသကံ ဟူသော ပါဠိသေသမှာ ဝိသေသနစပ်။)

**မှတ်ချက်။** အညော၊ ဘုရားမှတစ်ပါးသော။ သတ္ထာ၊ ဆရာ တည်း။ အညသတ္ထာ၊ ဘုရားမှတစ်ပါးသော ဆရာ၊ နတ္ထိ အညသတ္ထာ ဧတဿာတိ အနညသတ္ထုကောဟုလည်း အစိတ်အပေါင်း ဝိဂ္ဂဟပြုနိုင် သည်။ ဉာဉ်ကောက်မထူးပြီ။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**အသိ။** အသ+ဣ။ ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း။

† အသ-ခေပနေ။ အသီယတိ ခိပီယတီတိ အသိ = ခဂ္ဂေါ။

မောဂ်၊ ၇၊ ၇။ (ဓာန်၊ ဋီ။ ၃၁။)

**သီသံ။** သီဓာတ်+သ(သက်)ပစ္စည်း။

† သယန္တိ ဧတ္ထ ဦကာတိ သီသံ = မုဒ္ဓါ၊ ကာလတိပုစ။ မောဂ်၊

၇။ ၂၁၄။ (ဓာန်၊ ဋီ။ ၂၅၆။)

http://www.dhammadownload.com



**တိခိဏ။** တိဧခတ်+ကိဏပစ္စည်း။ ကအနုဗန်ချေ၍ ဣဏကြွင်းဧကို ခပြု။

✝ တေဧယိတ္တာတိ တိခိဏံ။ နိသိတံ။ မောဂ်၊ ၇။ ၆၀။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ပါဏုပေတံပုဒ်ကို ပါဏေဟိ ဥပေတံ ပါဏုပေတံဟု တတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

ခ-ဝါကျဖြင့် ပုဏ္ဏားဆောက်တည်သော သရဏဂုမ်သည် အာပါဏကောဋိက(အသက်ထက်ဆုံးဆောက်တည်သော) သရဏဂုမ်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ ဓာနာတုဖြင့် ဓာရေတု = ဆောင်တော်မူပါလောဟူသည် အသိအမှတ်ပြုတော်မူပါလော ဟူသောအဓိပ္ပာယ်ကိုသိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** ဓရဓာတ် ဉာဏအနက်မဟောသောကြောင့် ဓာတွတ္ထအာဘော်မဖော်ရ။

## ● ပါဠိဝိနိစ္ဆယ

အဇ္ဇတဂ္ဂေ။ အဇ္ဇတဂ္ဂေ။ အဇ္ဇသန္တိယျာတနံ။ အဇ္ဇသန္တိယျာဒနံ—သန္တိယျာတနံ ပုဒ်ကားသံပုဗ္ဗ+နိပုဗ္ဗ+ယတဓာတ်+ယုပစ္စည်း။ ယတဓာတ်၌ တ-ကို ဒ-မပြုလျှင်သန္တိယျာတနပါဠ်သင့်၍ ယင်း တ-ကို ဒ-ပြုသော် သန္တိယျာဒနသင့်သည်။ နိယျာတေတိ နိယျာဒေတိ ပါဠိကဲ့သို့တည်း။

✝ နိယျာတေတိ၊ နိယျာတယတိ။ တ-ကာရဿ ပန ဒ ကာ
ရတ္တေ ကတေ နိယျာဒေတိ၊ နိယျာဒယတိ။ နီတိ၊ ဓာ။
၁၀၉။

http://www.dhammadownload.com



## နည်းနှင့်ဥပစာ

**အသိနှာ**။ အစိတ်ဖြစ်သော သံလျက်၏ အသိနှာ အမည်ကို အပေါင်းဖြစ်သော ဦးခေါင်းကို ဖြတ်နိုင်သော လက်နက် အလုံးစုံ၌ တင်စား၍ ဦးခေါင်းကို ဖြတ်နိုင်သော လက်နက်အလုံးစုံကို အသိနှာဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ- အဝယဝူပစာ။ (ဥပလက္ခဏာ နည်း။)

---

(က) ဥပါသကဥ္စ မံ ဘဝံ ဂေါတမော ဓာရေတု။

(ခ) အဓိဝါသေတု စ မေ ဝေရဉ္ဇာယံ ဝဿာဝါသံ။

(ဂ) တယောမာသေ ဝေရဥ္ဇံ ဥပနိဿာယ မမ အနုဂ္ဂဟတ္ထံ ဝါသံ သမ္ပဋိစ္ဆတု။ ဌ။ ၁၄၂။

## အာဓာရနှင့် သံဝဏ္ဏနာ

ပါဠိတော်အဓိဝါသေတုစ၌ စသဒ္ဒါကား သမုစ္စည်း၊ ယင်းသည်လည်း ဝုတ္တသမုစ္စည်း ဝုစ္စမာနသမုစ္စည်း၊ အဝုတ္တသမုစ္စည်း သုံးပါးတွင် ဝုတ္တသမုစ္စည်း၊ ကြိယာသမုစ္စည်း၊ ကာရကသမုစ္စည်း၊ ဝါကျသမုစ္စည်း သုံးပါးတွင် ဝါကျသမုစ္စည်းဖြစ်သောကြောင့် က-ဝါကျ တစ်ဝါကျလုံး အဓိဝါသေတုစ၌ စသဒ္ဒါဖြင့် ဆည်းသည်ဟုသိစေသည်။ (ဘာဝတ္ထ။)

ဂ-ဝါကျ၌ တယောမာသေဝါသံဖြင့် ဝဿသဒ္ဒါသည် နှစ်ဟူသော အနက်၊ မိုးဟူသောအနက်တို့ကိုမဟော၊ မိုးဥတုအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဝဿအရ ဝဿန္တဥတုလေးလ(မိုးလေးလ)ကိုမယူရ ကေဒေသျူပစာ၊ ဝါ-သမုဒါယူပစာအားဖြင့် မိုးသုံးလကို ယူရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ဝဿာဝါသပုဒ်ကို ဝဿေ အာဝါသော ဝဿာဝါသော ဟု ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓေယျတ္ထ။

၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

† ဝဿံ ဟာယနဝုဋ္ဌိသု။ ဓာန်။ ၁၀၆၂။

http://www.dhammadownload.com



ဂ-ဝါကျ၌ ဝေရဥ္စံ ဥပနိဿာယဖြင့် ပါဠိတော်၌ ဝေရဥ္စာယံ ကား သာမိပိကာဓာရ၊ ဝါ၊ သမီပပုဗ္ဗဓာ ပုဒ်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** ဝေရဥ္စာပုဒ်အဖွင့် အဖြေ၌ ဥပစာတင်ပုံ ရေးခဲ့ပြီ။ နှာ။ ၂၀၂-ကြည့်။

ဂ-ဝါကျ၌ မမဖြင့် မေသဒ္ဒါကား နာဝိဘတ်နှင့်တကွအမှသဒ္ဒါ ၏ကာရိယမဟုတ်၊ စတုတ္ထီ သ-ဝိဘတ်နှင့် အမှသဒ္ဒါ၏ ကာရိယတည်းဟု သိစေသည်။ (ဝိဘတ္တိပဒ။)

ဂ-ဝါကျ၌ အနုဂ္ဂဟတ္ထံဖြင့် မေ၌ သ-ဝိဘတ်သည် ဆဋ္ဌီ အနက်၌ မသက်၊ စတုတ္ထီအနက်၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၁]၊ မေကို ဝေရဥ္စာယံ ၌မစပ်ရ၊ အနုဂ္ဂဟတ္ထံဟူသော ပါဌသေသ၌ စပ်ရမည်၏ အဖြစ်ကိုလည်း ကောင်း[၂]၊ သိစေသည်။

၁။ ဂိဘတျတ္ထ။ ၂။ ဘာဝတ္ထ။

**မှတ်ချက်။** အနုဂ္ဂဟတ္ထံ၊ ချီးမြှောက်ခြင်းငှါ- ဟု ဆိုရာ ဘယ် သူအားချီးမြှောက်ခြင်းနည်းဟု သမ္ပဒါန်ကိုငဲ့သည်၊ မေ၊ ငါ့အားဟု အဖြေ ထွက်သည်။ ထို့ကြောင့် မေ၌သဝိဘတ်ကား သမ္ပဒါန်တည်းဟု အနုဂ္ဂဟတ္ထံ ဟူသော စပ်ပုဒ်ကပြသည်။

ဂ-ဝါကျ၌ သမ္ဗဋ္ဋိစ္စတ ဖြင့် အစိဝါသေတု၌ ဝါသ ဓာတ်ကား ဆည်းကပ်မှီဝဲခြင်းအနက် (ဥပသေဝတ္ထ)ကို ဟောရာ ဤ၌ အဓိဥပသာရ ကြောင့် သာယာခြင်း (သာဒိယန) အနက်ကိုဟော၏။ သာယာတော်မူ ပါလောဟူသည် စိတ်တော်ဖြင့် ခံယူတော်မူပါလော.....ဟု ဆိုလိုသည်ဟု သိစေသည်။ (ဘာဝတ္ထ။)

**အစိဝါသေတု။** သာယာတော်မူပါလော၊ ဝါ-ခံယူတော်မူပါ လောဟုအနက်ပေး။

† ဝါသ ဥပသေဝါယံ။ နိတိ၊ ဓာ၊ ၃၄၇။

## နည်းဥပစာမှတ်ဖွယ်

**ဝဿာဝါသံ။** အပေါင်း ဖြစ် သော မိုး လေးလ၏ ဝဿ အမည်ကို အစိတ် ဖြစ်သော မိုးသုံးလ၌ တင်စား၍ အစိတ် ဖြစ်သော

http://www.dhammadownload.com



မိုးသုံးလကို ဝဿဟု ဆိုသောကြောင့် ကေဒေသျှပစာ။ ဝါ-သမုဒါယူပစာ။ (နေယျတ္ထနည်း၊ ရုဋ္ဌီနည်း။)

## ● ပါဠိဝိနိစ္ဆယ

**ခန္တိံ ဓာရေတွာ။ ခန္တိံ ဓာရေတွာ။** ခန္တိံ၊ အလိုကို။ ဓာရေတွာ၊ ဖြစ်စေတော်မူ၍-ဟု အနက်ပေး။ ဓာရေတွာ ရှိလျှင် ဥပ္ပန္နံ၊ ဖြစ်သော။ (ထည့်ပါ)။ ခန္တိံ၊ အလိုကို။ ဓာရေတွာ၊ အတွင်း၌သာလျှင် (ဝစီဘေဒ ဖြင့်မဖြဘဲ၊ ဝါ နှုတ်တော်မမြွက်ဘဲ) ဆောင်တော်မူ၍ဟုပေး။ ၂ ချက်သင့်။

† ခန္တိံ ဓာရေတွာတိ ခန္တိံ ပဝတ္တေတွာ၊ ရုစိံ ဥပ္ပာဒေတွာတိ ဝုတ္တံ ဟောတိ။ "ခန္တိံ ဓာရေတွာ" တိပိ ပါဠော၊ ဥပ္ပန္နံ ရုစိံ အဗ္ဘန္တရေယေဝ ဓာရေတွာ ဝစီဘေဒေန အပကာသေတွာတိ ဝုတ္တံ ဟောတိ။ သာရတ္ထ၊ ၁။ ၄၂၅။

**အဉ္စလိ။ အဉ္စလိ။** ဒသနခသမောဓာနသမုဇ္ဇလံဖြင့် အာဘာသော ဇလတိ ဒိပ္ပတီတိ အဉ္စလိ-ကို ပြုသည်။ ဝါ- အဉ္စတိ ဒိပ္ပတီတိ အဉ္စလိပြု။ အဉ္စဗျတ္တိဂတိကန္တီသု အလိ၊ အဉ္စလိ၊ ဓာန်၊ ဋီ။ ၂၆၈။ အဉ္စတိ ဘတ္တိ မနေန ပကာသေတီတိ အဉ္စလိ=ကရပုဋော။ မောဂ်၊ ၇။ ၁၉၆။ ၌လာသည်။ ထိုကြောင့် အဉ္စလိရှိသောပါဠိသာသင့်သည်။

(က) ဒုတ္တိက္ခာတိ ဒုလ္လဘဘိက္ခာ။

(ခ) သာ ပန ဒုလ္လဘဘိက္ခတာ (လ) ပုဗ္ဗဏ္ဏာပရဏ္ဏေ ဟောတိ။

(ဂ) ဝေရဉ္စာယံ ပန (လ) ဆာတကဒေါသေန အဟောသိ။

(ဃ) တသ္မာ တမတ္ထံ ဒဿေန္တော "ဒွီဟိတိကာ" တိ အာဒိမာဟ။ ၄။ ၁၄၃။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို၍ က-ဝါကျကား အာရဒ္ဓဝါကျ။

http://www.dhammadownload.com



ဂ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို ၍ ခ–ဝါကျကား အာရဒ္ဓဝါကျ။

ဂ–ဝါကျ၌ ဝေရဉ္စာယံချီသော ဝါကျကား ဗျတိရေက ဝါကျ။ အပိစသည်ချီသောဝါကျကား အန္ဝယဝါကျ။

**မှတ်ချက်။** မအူသျှ၌ ဂ–ဝါကျ၌ ပနသဒ္ဒါကို အထူးကိုဆိုဦးအံ့ ဟုပြန်သည်။ ယင်းအလို ဂ–ဝါကျကား ဝိသေသဝါကျ။ ထို–၍ ခ–ဝါကျကား သာမညဝါကျ။

ဂ–ဝါကျ၌ ယသ္မာ (လ) အဟောသိဝါကျကား ကာရဏဝါကျ။ ဃ–ဝါကျကား ဖလဝါကျ။

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ဒုဋ္ဌိက္ခာ။** ဒုလ္လဘာ ဘိက္ခာ ဧတ္ထာတိ ဒုဋ္ဌိက္ခာ။ ဧတ္ထ၊ ဤဝေရဉ္စာပြည်၌။ ဒုလ္လဘာ၊ခဲယဉ်းသဖြင့် ရအပ်သော၊ ဝါ–ရခဲသော၊ ဘိက္ခာ၊ ဆွမ်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ သာဝေရဉ္စာဒုဋ္ဌိက္ခာ။ ဒု+ဘိက္ခာ။ တေ။ သတ္တမိဗဟုဗ္ဗီဟိ။

ဒုဘိက္ခာဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား ခဲယဉ်း သဖြင့် ရအပ်သော ဆွမ်း၊ ဝါ ရခဲသောဆွမ်းသည်မှုချ။ ယင်း၏ ဝေရဉ္စာပြည်ဒြဗ် နှင့်ဌာနီဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ဌာနူပစာ။ တေဟူသောအည်ပုဒ်အရ ကား ထိုဖြင့်မှတ်အပ်သောဝေရဉ္စာပြည်ဒြဗ်ရ၏။

## ဝိဂ္ဂဟမှတ်ဖွယ်

**ပုဗ္ဗဏ္ဏ။** အဒီယတိ ဘက္ခိယတီတိ အန္နံ။ အပရန္နဿ ပုဗ္ဗေ ပဝတ္တံ အန္နံ ပုဗ္ဗဏ္ဏံဟု အစိတ်အပေါင်း ဝိဂ္ဂဟပြု။ ပါဠိဝိနိစ္ဆယလည်းကြည့်။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ဆာတက။** ခါဒဓာတ်+တပစ္စည်း။ သွတ္တက ပစ္စည်းသက်။

တစ်နည်း။ ဆာဓာတ်၊ တပစ္စည်း သွတ္တ က ပစ္စည်းသက်။

http://www.dhammadownload.com



† ခါဒဘာကၡေဏ တော ခဿ ဆော။ ဆာခုဒါယံဝါ ဆာတော၊ သုစိ။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ ဒုလ္လဘာဘိက္ခာဖြင့် ဒု–သဒ္ဒါ၏ မပြည့်စုံခြင်း၊ ဝါ– ရခဲခြင်း အသမိဒ္ဓိအနက်ကိုဟောသည်ဟုသိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ။)

† အသမိဒ္ဓိယံဒုတ္တိကွံ။ ဓာန်၊ ဋီ။ ၁၁၆၉။

## ● ပါဠိဝိနိစ္ဆယ

ပုဗ္ဗဏ္ဏ။ ပုဗ္ဗန္န။ ပုဗ္ဗ+အန္န။ အပရဏ္ဏာဿ၊ ပဲ၏။ ပုဗ္ဗေ၊ ရှေး၌။ ပဝတ္တံ၊ ဖြစ်သော။ အန္နံ၊ ထမင်းတည်း။ ပုဗ္ဗန္နံ၊ ပဲ၏ရှေ့၌ဖြစ်သော ထမင်း န္န–ကိုဏ္ဏ–ပြုလျှင် ပုဗ္ဗဏ္ဏ၊ မပြုလျှင် ပုဗ္ဗန္နသင့်သည်။ ၂–ချက်သင့်။

မှတ်ချက်။ ပုဗ္ဗဏ္ဏာဿ အပရေ ပဝတ္တံ အန္နံ အပရန္နံ (အပရဏ္ဏံ) ဟုပြုလေ။

† အပရန္နဿ ပုဗ္ဗေ ပဝတ္တံ အန္နံ ပုဗ္ဗန္နံ၊ ပုဗ္ဗဏ္ဏာဥ္။ ဓာန်၊ ဋီ။ ၄၅၁။

## ● နည်းနှင့်ဥပစာ

ပုဗ္ဗဏ္ဏ။ အကျိုးဖြစ်သောပဲ၏ ရှေ့၌ဖြစ်သော ထမင်း၏ ပုဗ္ဗဏ္ဏအမည်ကို အကြောင်းဖြစ်သောပဲ၏ ရှေ့၌ဖြစ်သော ကောက်စပါး၌ တင်စား၍အကြောင်းဖြစ်သော ကောက်စပါးကို ပုဗ္ဗဏ္ဏဟုဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

အပရဏ္ဏ။ အကျိုးဖြစ်သော ကောက်စပါး၏ နောက်၌ဖြစ်သော ထမင်း၏ အပရဏ္ဏအမည်ကို အကြောင်းဖြစ်သော ကောက်စပါး၏ နောက်၌ဖြစ်သော ပဲ၌တင်စား၍ အကြောင်းဖြစ်သော ကောက်စပါး၏ နောက်၌ဖြစ်သော ပဲကို အပရဏ္ဏဟုဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

http://www.dhammadownload.com



**မှတ်ချက်။** အနု- ခွဲတင်လျှင်လည်း ရနိုင်သည်။ အနုသဒ္ဒါကား ကောက်ပဲ့၌ ဩဒနော ပစ္စတေကဲ့သို့ ဖလူပစ္စာ။ ပါရာ၊ ဂ၊ သစ်၊ ၂။ ၃၃၅။

(က) ဒွိဟိတိကာတိ ဒွိဓာ ပဝတ္တ ဉှိဟိတိကာ။

(ခ) ဉှိဟိတံနာမ ဠကိရိယာ။

(ဂ) ဒွိဓာ ပဝတ္တာ စိတ္တဠကိရိယာ စိတ္တ ဉှိဟာ။

(ဃ) "တွေ့ လစ္ဆာမ န ခေါ ကိဉ္စိဘိက္ခုမာနာ နလစ္ဆမာ" တိ။၊

(င) "ဇီဝိတုံ ဝါ သက္ခိဿာမ နခေါ နော" တိ အဃမေတ္တ

အဓိပ္ပာယော။ ၄။ ၁၄၃။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ=ဝါကျ ကား ဝါကျာရမ္ဘ ဝါကျ။ ထို-၌ က-ဝါကျ ကား အာရဒ္ဓဝါကျ။

**မှတ်ချက်။** က-ဝါကျဖြင့် ဒွိဟိတိကာပုဒ်၏ ဝိဂ္ဂဟကိုပြ၍ ဉှိဟိတပုဒ်ဝိဂ္ဂဟကိုဆက်ပြလိုသဖြင့် ခ-ဝါကျ တက်လာသည်။ အာဘော်နှင့်ယှဉ်ကြည့်၍ကျမ်းတက်ပါ။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၌ ခ-ဝါကျကား အာရဒ္ဓဝါကျ။

## ဂ-ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် ဉှိဟိတ မည်သည် အမူအရာ ကြိယာတည်းဟုဆို၏။ အမူအရာ ကြိယာဟူသည် အဘယ်မှာ အမူအရာ ကြိယာနည်း-ကြောင့် ..... ဂ-ဝါကျမိန့်။ ကား.....ဂ-ဝါကျဖြင့် ဉှိဟိတ ဟူသည် နှစ်ဖြာဖြစ်သောစိတ်၏ အမူအရာ ကြိယာတည်းဟု ငါပြဆို၏ ဟူလို။

† ကဿပနေသာကြိယာတိအာဟ "စိတ္တဠကိရိယာ"တိ။ သာရတ္ထ၊

၁။ ၄၂၆။

ဃ-င-ဝါကျတို့ကား ဝိတ္ထာရ ဝါကျ။ ထို-၌ ဂ-ဝါကျ ကား သခေ်ပဝါကျ။

http://www.dhammadownload.com



## ဃ–င–ဝါကျ ကျမ်းတက်

ဆရာ၊ ဆရာသည် ဂ–ဝါကျဖြင့် နှစ်ဖြာသော စိတ်၏အမူအရာ ကြိယာတည်းဟုဆိုတော်မူ၏။ ဝေရဥ္စာပြည်၌အဘယ်သို့လျှင် စိတ်၏အမူ အရာနှစ်ဖြာဖြစ်သနည်း။ ဝေရဥ္စာပြည်၌ စိတ်၏ အမူအရာ နှစ်ဖြာဖြစ်ပုံ အကျယ်ကို မပြပြီလော..... ကြောင့် ဃ–င–ဝါကျမိန့်။ (ယင်း ၂–ဝါကျ ဘာသာပြန်လေ။)

† ကထံ ပနေတ္ထ ဉှိတာသ ဒွိဓာ ပဝတ္တတီတိ အာဟ၊

"လဋ္ဌာမနုခေါ" တိ အာဒိ။ သာရတ္ထ၊ ၁။ ၄၂၆။

ဃ–ဝါကျဖြင့် တောင်းရမ်းစားသောက်ရသော ဆင်းရဲသူတို့စိတ် အမူအရာကြိယာ (စိတ်လှုပ်ရှားပုံ) ကို၊ င–ဝါကျဖြင့် အစိုးရသူ ချမ်းသာ သူတို့၏ စိတ်အမူအရာ ကြိယာကို ပြသည်။ ထို့ကြောင့် င–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ ဃ–ဝါကျကား ပက္ခဝါကျ။

မှတ်ချက်။ ဆင်းရဲသူတွေက ဝေရဥ္စာပြည် ငတ်မွတ်နေသဖြင့် "တို့တောင်းစားလို့မှ ရပါမလား" ဟု စိတ်လှုပ်ရှားမှု ဖြစ်နေကြသည်။ အစိုးရသူချမ်းသာသူတွေမှာတော့ စားစရာရှိသော်လည်း ဆင်းရဲသူတွေ လုယက်တိုက်ခိုက်ခံရမည်ဖြစ်၍ "တို့သက်ဗိုးမှ ရှည်ပါမလား" ဟု စိတ် လှုပ်ရှားမှုဖြစ်နေကြရသည်။ ဉှိသည်ပင်လျှင် ဒွိဓာ ပဝတ္တာ စိတ္တဣရိယာ စိတ္တ ဉှိဟာတည်းဟု ဃ–င–ဝါကျတို့ဖြင့် ဖွင့်ပြသည်။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

ဉှိတံ။ ဉှိဟနံ ဉှိတံ။ ဉှိဟနံ၊ ဆင်းရဲသူ တွေ၏ တောင်းစားလို့မှရပါမလားဟူသော စိတ်၏အမူအရာကြိယာ၊ အစိုးရသူ ချမ်းသာသူတွေ၏ "သက်ဗိုးမှရှည်ပါမလား" ဟူသော စိတ်အမူအရာ ကြိယာတည်း။ ဘာဝသာဓနေ၊ ဉှိဟဓာတ်+တပစ္စည်း။

ဉှိဟဓာတ်အရကား ဆင်းရဲသူတွေ၏ တောင်းစားလို့မှ ရပါ မလားဟူသော စိတ်အမူအရာကြိယာ၊ အစိုးရသူ ချမ်းသာ သူတွေ၏

http://www.dhammadownload.com



"သက်ဓိုးမှ ရှဲည်ပါမလား" ဟူသော စိတ် အမူအရာ ကြိယာရ၏။ တ–ပစ္စည်း၏အရလည်း ဘာဝသာဓနေတို့၏ သဘောသည် ဓာတ်အရပစ္စည်းအရအထူးမရှိသောကြောင့် ယင်းဆင်းရဲသူတွေ၏ (လ) သက်ဓိုးမှ ရှည်ပါမလား, ဟူသောစိတ်အမူအရာကြိယာရ၏။

**မှတ်ချက်။** ဤဟာန်၊ စိတ်အမူအရာတည်းဟု အနက်ကျဉ်းပြန်၍ အကျဉ်းအတိုင်းမကောက်ရ။ ဃ–င–ဝိတ္ထာရ ၂–ဝါကျကို ရှု၍ အကျယ်ကောက်ရသည်။ သို့မှအဖွင့်နှင့် ညီသည်ဟုမှတ်။ ဉာဏ်ကောက်ရာ၌ ဤသည်ကိုနည်းမှီ၍အဖွင့်ကုန်အောင်ကောက်ပါလေ။

**အနက်ယောဇနာ။ ဤဟိတံ။** ဆင်းရဲသူတွေ၏ (လ) သက်ဓိုးမှရှည်ပါမလားဟူသော စိတ်အမူအရာကြိယာ–ဟု အနက်ပေးပါ။

**ဒွိဟိတိကာ။** ဒွိဓာ ပဝတ္တံ ဤဟိတံ ဧတ္ထာတိ ဒွိဟိတိကာ။ ဧတ္ထ၊ ဤဝေဒနာပြည်၌။ဒွိဓာ၊ နှစ်ဖြာ။ ပဝတ္တံ၊ ဖြစ်သော။ ဤဟိတံ၊ ဆင်းရဲသူတွေ၏ (လ) သက်ဓိုးမှ ရှည်ပါမလားဟူသော စိတ်၏အမူအရာကြိယာသည်။ အတ္ထိ၊ ၏။ ဣတိ သာ ဝေဒနာ ဒွိဟိတိကာ။ ဒွိပုဒ်+ဤဟိတပုဒ်+ဧတပုဒ်။ (ဓာပစ္စည်းနှင့် ပဝတ္တပုဒ်ချေ။ သုတ္တအနက်၌ ဏိက ပစ္စည်း။ တစ်နည်း၊ သမာသန္တ က–ပစ္စည်း၊ ဣတ္ထိလိင်ဖြစ်၍ ဤဟိတဝယ် တ–ပုဒ်၌ အ–သရကို ဣပြု။) ဗဟုဗ္ဗီဟိသမာသ်။

ဒွိ ဤဟိတ ဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ်လုံး အရကား နှစ်ဖြာဖြစ်သော ဆင်းရဲသူတွေ၏ (လ) သက်ဓိုးမှ ရှည်ပါမလားဟူသော စိတ်အမူအရာကြိယာရ၏။ ယင်း၏ ဝေဒနာပြည်နှင့် ဌာနီ ဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဧတဟူသော အညပုဒ် အရကား ထိုဖြင့်မှတ်အပ်သော နှစ်ဖြာဖြစ်သော ဆင်းရဲသူတွေ၏ (လ) သက်ဓိုးမှ ရှည်ပါမလားဟူသောစိတ်အမူအရာရှိသော ဝေဒနာပြည်ဒြဗ်ရ၏။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**လဇ္ဇာမ။** လဘဓာတ်+ဿာမဝိဘတ်။ ဿာမဝိဘတ်ကို ဆာမပြု၊ ဓာတွန် ဘ–ကို စ ပြု ဆ–သို့ကပ်။

† ဝသ. လဘေဟိ ဆာမိ ဆာမ။ .....လဇ္ဇာမိ၊ လဇ္ဇာမ၊နီတိ၊ သုတ္တ။ ၉၆၄။ (ကစ္စည်း။ ၄၈၁။)

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် ဒွိဟိတိကာပုဒ်ကို ဒွိစာ ပဝတ္တံ ဉာဏ်ဟိတံ တွောတိ ဒွိဟိတိကာဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဒွိဓာပဝတ္တ ဉာဏ်ဟိတဟူလိုလျက် ဓာပစ္စည်း ပဝတ္တပုဒ်တို့ကို ချေသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ သွတ္တ ဏိကပစ္စည်း၏ အဖြစ်ကိုလည်းကောင်း[၃]၊ ဝါ–သမာသန္တ က–ပစ္စည်း တ–၌ အသရကို လှုပြု ဒွိဟိတိကာဟု ရုပ်ပြီးသည်၏ အဖြစ်ကိုလည်းကောင်း[၄] သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

၃။ ပစ္စယတ္ထ၊ ဝါ–၄။ ဘာဝတ္ထ။

ခ–ဝါကျဖြင့် ဉာဏ်ဟိတံ၌ ဉာဏ်ဟဓာတ်၏ အားထုတ်ခြင်း အနက် ဟော၏ အဖြစ်ကိုလည်းကောင်း[၁]၊ တ–ပစ္စည်း၏ ဘာဝသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဉာဏ်ဟန် ဉာဏ်ဟိတံဟု ဘာဝသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

**မှတ်ချက်။** ဉာဏ်ဟိတံ=ဉာဏ်ဟဓာတ် + တ–ပစ္စည်းကို လှုရိယာ= အရဓာတ်+ဏျပစ္စည်းဖြင့် ဖွင့်သည်။ ဓာတ်, ပစ္စည်း နှစ်မျိုးလဲ ဖွင့်သဖြင့် ဒုတိယဓာတွတ္ထ၊ ဒုတိယပစ္စယတ္ထ အာဘော်ဖော်ရသည်။

† ဓာတွတ္ထော၀ ကြိယာနာမ၊ ကာစိဟာ (ကာစ + ဉာဏ်ဟာ )

ကာစဖေဋ္ဌကာ။ သောဒစိန္တာ။ ၄၀။

---

## ● ပါဌ်ဝိနိစ္ဆယ

**ဒွိဟိတိကာ** ပါဌ်ကို အဋ္ဌကထာ ဖွင့်ပြပြီးဖြစ်သည်။ ဒုဟိတိကာ ဟုရှိက သင့်မသင့် ဖြေဆိုပါဟုမေးလျှင်.....

**ဒုဟိတိကာ။** အနက်ကား ဒွိဟိတိကာနှင့်အတူပင်၊ ဒွိသဒ္ဒါကို ဒု– ပြု၍ ဒုဟိတိကာပါဌ်လည်းသင့်သည်။ တစ်နည်း။ ဒုပုဒ်+ဉာဏ်ဟိတပုဒ်။ ဒုက္ခံ ဉာဏ်ဟိတံ တွောတိဒုဟိတိကာဟု ဝစနတ္ထပြု။ တွေ၊ဉာဏ်ဝေရှုခြာပြည့်၌။ ဒုက္ခံ၊ ဆင်းရဲသော။ ဉာဏ်ဟိတံ၊ အသက်မွေးခြင်းသည်။ အတ္ထိ၊၏။ လှုတိဒုဟိတိကာ

http://www.dhammadownload.com



ဟုကြံ၍။ ဒုဟိတိကာ၊ ဆင်းရဲသော အသက်မွေးခြင်း ရှိ၏ဟု အနက်ပေးကအတ္တယုတ္တိရှိသည်။ ထိုကြောင့် ဒုဟိတိကာရှိသော ပါဠ်လည်းသင့်သည်။ သာရတ္ထ၊ ၁။ ၄၂၆။

**ဒွိဓာပဝတ္တဤဟိတိကာ။ ဒွိဓာပဝတ္တာ ဤဟိတိကာ။** ပဝတ္တသဒ္ဒါသည် ဤဟိတသဒ္ဒါသာ စပ်ရ၍ ဏိကပစ္စည်း၌ မစပ်ရသောကြောင့် ပဝတ္တဤဟိတိကာဟုသမာသ်ရှိသော ပါဠ်သာသင့်သည်။ ပဝတ္တာဤဟိတိကာရှိသော ပါဠ်ကားမသင့်။ ရှင်းဦးအံ့။ ဒွိဓာ၊ နှစ်ဖြာ။ ပဝတ္တံ၊ ဖြစ်သော။ ဤဟိတံ၊စိတ်အမူအရာတည်းဟုစပ်၍ အဓိပ္ပာယ်ယူရမည်။ ဒွိဓာ၊ နှစ်ဖြာ။ ပဝတ္တာ၊ဖြစ်သော။ဤဟိတိကာ၊ စိတ်အမူအရာရှိသော ဝေရဉ္ဇာပြည်ဟု စပ်လျှင် နှစ်ဖြာ ဖြစ်သည်ကား ဝေရဉ္ဇာပြည်ဟု မလိုအပ်သော အနက်အဓိပ္ပာယ် ရောက်သွားပေမည်။

---

## ● နည်းနှင့်ဥပစာ

**ဤဟိတံ။** အပေါင်းဖြစ်သော ကိုယ်အမူအရာ စိတ်အမူအရာ ကြိယာ၏ ဤဟိတအမည်ကိုအစိတ်ဖြစ်သော စိတ်အမူအရာ ကြိယာ၌ဟင်စား၍ အစိတ်ဖြစ်သော စိတ်အမူအရာ ကြိယာကို ဤဟိတံဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ သမုဒါယူပစာ။ (နေယျတ္ထနည်း၊ ရုဠှီနည်း။)

---

(က) အထဝါ ဒွိဟိတိကာတိ ဒုဋ္ဌိဝိကာ။

(ခ) ဤဟိတံ ဤဟာ ကြိယာန် ပဝတ္တနံ ဇီဝိတဝုတ္တိ အာဒီနိ ပဒါနိ ဧကတ္ထာနိ။

(ဂ) တသ္မာ ဒွေဓာ ဤဟိတံ ဧတ္ထ ပဝတ္တတီတိ ဒွိဟိတိကာ တိ အယမေတ္ထ ပဒတ္ထော။ ဋ္ဌ။ ၁၄၃။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ယုတ္တိဒဠှီကရဏဝါကျ။ ထို–၍ က–ဝါကျကား ယုတ္တိဒဠှီယဝါကျ။

**မှတ်ချက်။** ဒွိဟိတိကာကို ဒုဋ္ဌိဝိကာဖွင့်ရာ ဤဟိတ သဒ္ဒါ ဇီဝိတ အနက်ဟောဟု ဆိုလိုသည်။ ဒွိဓာပဝတ္တ ဤဟိတိကာဟု ဖွင့်သော ပဉ္စမဝိကပ်၌ ဤဟိတသဒ္ဒါကြိယာအနက်ဟောဟုဖွင့်ပြီးနောက်ဒုဋ္ဌိဝိကာဟု

http://www.dhammadownload.com



ဖွင့်ရာဝယ် မိမိဖွင့်သော အတ္ထသံဝဏ္ဏနာအတွက် အသင့်ယုတ္တိ ဖြစ်စေ, အာဂုံအကိုးသာကေဖြစ်စေ တစ်ခုခုဖြင့် ခိုင်မြဲအောင် မရေးသားနိုင်လျှင် ဒုဋ္ဌီဝိကာဟုဖွင့်သော ဒုတိယဝိကပ် သံဝဏ္ဏနာလေးနက်ခိုင်မာမှု မရှိနိုင်ချေ။ ထိုကြောင့် ဤဟိတံ၊ ဤဟာစသော ခ-ဝါကျသံဝဏ္ဏနာ (ယုတ္တိဝါကျ)ကို ရေးသားရပြန်သည်။

ဂ-ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို-၍ ခ-ဝါကျကား လဒ္ဓဂုဏီယဝါကျ။

## လဒ္ဓဂုဏဝါကျမှတ်ဖွယ်တစ်မျိုး

တေန (သို့) တသ္မာချီသော ဝါကျ၏ရှေ့၌ ယုတ္တိဝါကျရှိသလော။ အယုတ္တိဝါကျရှိသလောဟုသတိပြုရာ၏။ ယုတ္တိဝါကျမရှိလျှင် တေန (သို့) တသ္မာချီသောဝါကျကို လဒ္ဓဂုဏ၊ အယုတ္တိဝါကျရှိလျှင် လဒ္ဓဒေါသဟု မှတ်။ ဤ၌ ခ-ဝါကျဟူသော ယုတ္တိဝါကျ နောက်၌ တက်လာ သဖြင့် ဂ-ဝါကျကား လဒ္ဓဂုဏဝါကျသာတည်း။

* တေန တသ္မာ၊ ရှေ့အလာ၊ ယုတ္တာ ယုတ္တိ စမ်းကြကုန်။
အယုတ္တိရောက်၊ မိမိနောက်က၊ လဒ္ဓဒေါသာ၊ ယုတ္တိမှာ၊ ယူပါ
လဒ္ဓဂုဏ်။ (ရွှေ)

* ယုတ္တိနောင်မှ၊ တက်တုံက၊ လဒ္ဓဂုဏ။ အယုတ္တိ နောင်မှ၊
တက်တုံက၊ လဒ္ဓဒေါသ။ (ဘုရားကြီး)

---

## ● ဝိဂ္ဂဟနှင့်ဉာသ်ကောက်

**ဒ္ဓိဟိတိကာ**။ ဒုက္ခေန ဤဟိတံ ပပဏ္ဏတိ ဧတ္ထာတိ ဒ္ဓိဟိတိကာ။ ဧတ္ထ၊ ဤဝေရဉ္ဇာပြည်၌။ ဒုက္ခေန၊ ဆင်းရဲသဖြင့်။ ဤဟိတံ၊အသက်မွေးခြင်းသည်။ ပဝတ္တတိ၊ ဖြစ်၏။ ဣတိ သာ ဒ္ဓိဟိတိကာ။ ဒုပုဒ် + ဤဟိတ+ဧတပုဒ် (သွတ္ထဏိကသက်။)

ဒုဤဟိတဟူသော ဗဟုဗ္ဗီဟိ သမာသ် ပုဒ်အရကား ဆင်းရဲသဖြင့် အသက်မွေးခြင်းသည်မှချ။ ယင်း၏ ဝေရဉ္ဇာပြည်နှင့် ဌာနီဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဧတဟူသော အညပုဒ် အရကား ထို-ဖြင့် မှတ်အပ်သော ဆင်းရဲသဖြင့် အသက်မွေးခြင်းရှိသော ဝေရဉ္ဇာပြည် ရ၏။

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ ဒုန္နိဝိကာဖြင့် ဒွိဟိတိကာ ပုဒ်ကို ဒု+ဉှိတိကာ ဟုပုဒ်ဖြတ်၍ ဒု၌ ဥသရကို ဝ–ပြု၍ ရုပ်ပြီးသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဉှိဟိတိကာ၌ ဉှိဟိတသဒ္ဒါ၏ ဇီဝိတ (အသက်မွေးခြင်း) အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ နာမလိင်္ဂတ္ထ။

✝ ဒုသဒ္ဒေ ဝါ ဥကာရဿ ဝကာရံ ကတွာ ဒွိဟိတိ ကာတိ
အယံ နိဒ္ဒေသောတိ အာဟ "အထဝါ" တိ အာဒိ။
သာရတ္ထ။ ၁။ ၄၂၆။

ခ–ဝါကျဖြင့် ဉှိဟိတံ ဉှိဟာ ဣရိယနံ ပဝတ္တနံ ဇီဝိတံ စသော ပုဒ်တို့ တူသောအနက်ရှိသောကြောင့် ဒုန္နိဝိကာဟု ဖွင့်သော မိမိ၏မူလ သံဝဏ္ဏနာ မှန်ကန်၏ဟု သိစေသည်။ (ဘာဝတ္ထ။)

ဂ–ဝါကျဖြင့် ဒွိဟိတိကာပုဒ်၌ ဒုသဒ္ဒါသည် ကုစ္ဆိတ စသော အနက်ကိုမဟော၊ ဒုက္ခအနက်ဟော၏အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းပုဒ်ကို ဒုက္ခေန ဉှိဟိတံ ပဝတ္တတိ ဧတ္ထာတိ ဒွိဟိတိကာဟု ဘိန္နာဓိကရဏ သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဉှိဟိတံ၊ ဟူသော ကတ္တားကို ပဝတ္တတိ၌ စပ်ရမည်၏အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။
၃။ သမ္ဗန္ဓသံဝဏ္ဏနာ၊ ဝါ–ဘာဝတ္ထ။

**အနက်ပေး။** ဒွိဟိတိကာ၊ ဆင်းရဲသဖြင့် အသက်မွေးခြင်း၏ ဖြစ်ရာ (ဝေရဉ္ဇာ)။ ဝါ–ဆင်းဆင်းရဲရဲအသက်မွေးရသော (ဝေရဉ္ဇာ)။

---

(က) သေတင်္ဂိကာတိ သေတကာနိ အင်္ဂိနိ ဧတ္ထာတိ
သေတင်္ဂိကာ။
(ခ) ဒိဝသမ္ပိ (လ) ဝုတ္တံ ဟောတိ။
(ဂ) သေတင်္ဂိကာတိပိပါဠော။
(ဃ) တဿေတ္ထာ–သေတာ အင်္ဂိ ဧတ္ထာတိ သေတင်္ဂိကာ။
(င) အဲင်္ဂိတိ အာတုရတာ ဗျာဓိ ရောဂေါ။ ဋ္ဌ။ ၁၄၃–၄။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သခေ်ပဝါကျ။

ဂ-ဝါကျကား ပကၡန္တရ ဝါကျ။ ထို-၍ ခ-ဝါကျကား ပက္ခဝါကျ။

**မှတ်ချက်။** သေတင်္ဂိကာ ဟူသော သဒ္ဒါမှ သေတင်္ဂိကာ ဟူသော သဒ္ဒါတစ်မျိုးကို လဲလှယ်ပြလိုသောကြောင့် ဂ-ဝါကျ၌ အပိသဒ္ဒါ ထားသည်ဟုမှတ်။

ဃ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏဝါကျ။ ထို-၍ ဂ-ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

**မှတ်ချက်။** ဃ-ဝါကျသည် ဂ-ဝါကျကို အတ္တယုတ္တိဖြင့် ခိုင်မြဲစေသည်။ ထိုကြောင့် ယုတ္တိဒဋ္ဌိကရဏ ကြံရသည်။ **တစ်နည်း။** ဂ-ဝါကျကား ပဒသံဝဏ္ဏနာမျိုး။ ယင်းကို ပြပြီးနောက် ပဒတ္ထသံဝဏ္ဏနာမျိုးကို ဆက်လက်ပြလို၍ ဃ-ဝါကျ တက်လာ သောကြောင့် ယင်း ဃ-ဝါကျကို ဝါကျာရမ္ဘဝါကျဟု ကြံနိုင်သည်။

င-ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို-၍ ဃ-ဝါကျ ကား အာရဒ္ဓဝါကျ။

**မှတ်ချက်။** သေတင်္ဂိကဝယ် အင်္ဂသဒ္ဒါသည် သေတင်္ဂိကာ၌ အင်္ဂသဒ္ဒါကဲ့သို့ အရိုးဟူသောအနက်ကို ဟောသလောဟူသော စောဒနာ ပသင်္ဂကိုပယ်ချလို၍ တက်လာသောကြောင့် င-ဝါကျကို ဝါကျာရမ္ဘဟု ဆိုသည်။

---

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**သေတင်္ဂိကာ။** သေတကာနိ အင်္ဂါနိ ဧတ္ထာတိ သေတင်္ဂိကာ။ ဧတ္ထ၊ ဤဝေဿန္တရာပြည်၌။ သေတကာနိ၊ ဖြူကုန်သော။ အင်္ဂါနိ၊ လူအရိုးတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိသာ သေတင်္ဂိကာ။ သေတပုဒ် အင်္ဂပုဒ် ဧတပုဒ်။ သမာသန္တ က-ပစ္စည်း သတ္တမီ ဗဟုဗ္ဗီဟိသမာသ်။

သေတအင်္ဂဟူသော ဗဟုဗ္ဗီဟိ သမာသ်ပုဒ်လုံးအရကား ဖြူသော အရိုးတို့ဒြဗ်သည်မှချ။ ယင်းတို့၏ ဝေဿန္တရာပြည်ဒြဗ်နှင့် ဌာနီဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဧတဟူသော အညပုဒ်အရကား ထိုဖြင့် မှတ်အပ်သော ဝေဿန္တရာဒြဗ်ရ၏။

http://www.dhammadownload.com



**မှတ်ချက်။** ဝိတ္ထာရ ခ–ဝါကျကိုမျှော်၍ကောက်လျှင် " သေတ အင်္ဂဟူသော(လ)အရကား တစ်နေ့ပတ်လုံးတောင်း၍ (လ) လူတို့၏ မှိုပွင့် အဆင်းရှိသော ဖြူသောအရိုးတို့ ဒြပ်ရ၏ဟုအကျယ်ကောက်နိုင်သည်။

**အနက်ယောဇနာ။** သေတင်္ဂိကာ၊ ဖွေးဖွေးဖြူသောလူရိုးရှိသော(ဝေရဉ္ဇာ)။

**သေတင္ဂိကာ။** သေတာ အင္ဂိ ဧတ္ထာတိ သေတင္ဂိကာ။ ဧတ္ထ၊ ဤ ဝေရဉ္ဇာပြည်၌။ သေတာ၊ ဖြူသော။ အင္ဂိ၊ (ကောက်) အနာသည်။ အတ္ထိ၊ ၏။ ဣတိ သာ သေတင္ဂိကာ။ သေတပုဒ် + အင္ဂိပုဒ် + ဧတပုဒ် + သမာသန္တ က ပစ္စည်း။

သေတင္ဂိကာဟူသော ဗဟုဗ္ဗိဟိသမာသ် ပုဒ်လုံးအရကား ဖွေးဖွေး ဖြူနေသော ကောက်အနာသည်မှချ။ ယင်း၏ ဝေရဉ္ဇာပြည်နှင့်ဌာနီဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်. ဌာနူပစာ။ ဧတဟူသော အညပုဒ်အရကား ထိုဖြင့် မှတ်အပ်သော ဖွေးဖွေးဖြူသော ကောက်နာရှိသော ဝေရဉ္ဇာပြည်ရ၏။

**အနက်ယောဇနာ။** သေတင္ဂိကာ၊ ဖွေးဖွေးဖြူသော ကောက် အနာရှိသော (ဝေရဉ္ဇာ)။

## ဥပစာမှတ်ဖွယ်

ဝေရဉ္ဇာပြည်၌ ကောက်နာရှိသည် မဟုတ်၊ ကောက်ပင်၌ သာ ကောက်နာရှိသည်။ ကောက်နာရှိသော ကောက်ပင်၊ ဝါ–ဖလံဖြူနာစွဲသော ကောက်ပင်များရှိသောကြောင့်သာ ဝေရဉ္ဇာ ပြည်ကို သေတင္ဂိကာဟုဆိုသည်။ သာရတ္ထ၊ ၁။ ၄၂၆–၌ ဧတေန သေတင္ဂိကာ နာမ ဧကာ ရောဂဇာတီတိ ဒဿေတိဟု ဖွင့်သည်။ သေတင္ဂိကာ သဿရောဂေါဟု ဓာန်။ ၄၅၄– ဆိုသည်။ ထိုကြောင့် .....

သေတင္ဂိကာ၊ ကောက်ရောဂါ၊ ဝါ–ကောက်နာ။

သေတင္ဂိကာ၊ ကောက်နာရှိသော ကောက်ပင်။ သေတင္ဂိကာ။ ကောက်နာရှိသော ကောက်ပင်တို့ ပေါက်ရာ ဝေရဉ္ဇာပြည်ဟု သေတင္ဂိကာ သုံးမျိုးရှိလာသဖြင့် အောက်ပါအတိုင်း ဥပစာကြံရ၏။

ဌာနီဖြစ်သော ကောက်နာရှိသော ကောက်ပင်တို့၏ သေတင္ဂိကာ အမည်ကို ဌာနဖြစ်သော ဝေရဉ္ဇာပြည်၌တင်စား၍ ဌာနဖြစ်သော ဝေရဉ္ဇာ ပြည်ကိုသေတင္ဂိကာဟုဆိုသောကြောင့် ဌာနျူပစာ။ (အဝိနာဘာဝနည်း။)

http://www.dhammadownload.com



## ● ဓာတုပစ္စယာဒိဝိဘာဂ

အင္ဂိ။ အသဓာတ်+ဣပစ္စည်း။ သ-ကို ဠ ပြု။ တစ်နည်း အာပုဗ္ဗ+ ဠာဓာတ်၊ ဣပစ္စည်း၊ နပုလ္လိင်၊ ဣကာရန္တ။ ရတ္တာဒိဂိုဏ်း။

† အသတိ ခေပတိ အဒ္ဒါနန္တိ အင္ဂိ..... အာဘုသော တိဋ္ဌတိ

ဇောနှာတိ ဝါ အင္ဂိ။ သူစိ။

သေတ။ သိတ ဓာတ်+ဏပစ္စည်း။ တစ်နည်း။ သိဓာတ်+တ ပစ္စည်း။
† သေဝိယတီတိ သေတော။ သူစိ။

အင္ဂိ။ အင္ဂဓာတ် + ဣပစ္စည်း။ ဣတ္ထိလိင် ဣကာရန္တ၊ ရတ္တာဒိ ဂိုဏ်း။ (သေတာအင္ဂိရှိသည်ကိုထောက်၍ ဣတ္ထိလိင်ဟု မှတ်။ ပုလ္လိင်ဆိုလျှင် သေတောအင္ဂိ၊ နပုံဆိုလျှင် သေတံအင္ဂိ ဟုရှိရမည်။ ယင်းသို့မရှိ)

† အင္ဂတိ ဟိံသတီတိ အင္ဂိ။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၃၃၇။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဖြင့် သေတင္ဂိကာပုဒ်ကို သတ္တမီဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထပြုရမည်ဟုသိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

ဃ–ဖြင့် သေတင္ဂိကာပုဒ်ကိုလည်း သတ္တမီဗဟုဗ္ဗီဟိ သမာသ်ပင် ဝစနတ္ထပြုရမည်ဟုသိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

င–ဝါကျ၌ အာတုရတာဖြင့် အင္ဂိပုဒ်ကို အင္ဂတိ ဟိံသတီတိ အင္ဂိဟု ကတ္တုသာဓနဝစနတ္ထပြု၍အင္ဂိအရ အနာကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ဗျာဓိ ရောဂေါဖြင့် ယင်းပုဒ်တို့၏အနာရောဂါဟော အာတုရတာ၏ ဝေဝုစ်စကားလှယ်ပရိယာယ်၏အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ သံရုပ်ကြား အဘိဓေယျတ္ထ။ ၂။ ပရိယာယ်ပြ အဘိဓေယျတ္ထ။

† ဗျာဓိရောဂေါတိ တောနိ "အာတုရတာ" တိ ဣမဿ ဝေဝစ

နာနိ။ သာရတ္ထ၊ ၁။ ၄၂၆။.

---

## ● ပါဠိဝိနိစ္ဆယ

သေတင္ဂိကာ။ သေတင္ဂိကာ။ ဝိဂ္ဂဟနှင့်ဉာဏ်ကောက် အဖြေရှု၍လည်းကောင်း၊ "သေတဝဏ္ဏကာရဏာဝသေန အင္ဂတိဟိံသတီတိ သေတင္ဂိကာ၊

http://www.dhammadownload.com



သာဝေ သေတင္ဂိကာ" ဓာန်၊ ငြိ၊ ၄၅၄။ သူစိ။ ကိုထောက်၍လည်းကောင်း၊ ၂-ချက်သင့်မြေလေ။

## ● နည်းနှင့်ဥဝစာ

ဂဗ္ဘဂဟာထကာလေ။ အတူ ဖြစ်သော ကိုယ်ဝန်၏ ဂဗ္ဘအမည်ကို အတူရှိသောစပါးဖုံး၌တင်လေ။ သဒိသူပစာ။

(က) ဝပ္ပကာလေ သုဋ္ဌု အဘိသန်ရိတ္တာပိ ဝုတ္တသဿံ တတ္ထ သလာကာ ဝေ သမ္ဘဝတီတိ သလာကာ ဝုတ္တာ။

(ခ) သလာကာယ ဝါ တတ္ထ ဇီဝိတံ ပဝတ္တေန္တီတိ သလာကာ ဝုတ္တာ။ ဋ္ဌ။ ၁၄၄။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

### က-ဝါကျသာရတ္ထအာဘော်

က-ဝါကျ၌ တတ္ထ သလာကာ ဝေ သမ္ဘဝတီဖြင့် သလာကာ ဝုတ္တာ၌ ဝုတ္တသဒ္ဒါသည် ဆံချခေါင်းရိတ်ခြင်း (ကေသာရောပဏ) အနက်ကိုမဟော၊ ပြီးပြည့်စုံခြင်း (နိပ္ဖတ္တိ) အနက်ဟော၏အဖြစ်ကိုလည်းကောင်း[၁]၊ သလာကာမတ္တံ ဝုတ္တံ ဧတ္ထာတိ သလာကာ ဝုတ္တာဟု သတ္တမိဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ သလာကာ မတ္တဟူသော ရှေ့ပုဒ်၌ မတ္တ ဟူသော နောက်ပုဒ်ကျေသည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ ယင်းကျေသော မတ္တသဒ္ဒါသည် ပဒပူရဏမဟုတ်၊ အဝဓာရဏ အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၄]၊ သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

၃။ ဘာဝတ္ထ။ ၄။ နာမလိင်္ဂတ္ထ။

မှတ်ချက်။ က-ဝါကျ၌ တတ္ထဖြင့် သတ္တမိဗဟုဗ္ဗီဟိပြ၊ သလာကာဝေ သမ္ဘဝတီဖြင့် ကြွင်းအာဘော်များကို ပြသည်။ သာရတ္ထ၊ ၁။ ၄၂၆-လည်းကြည့်။

### သာရတ္ထအလိုအစိတ်အပေါင်းဝိဂ္ဂဟ ဉာသ်ကောက်

ဝုတ္တံ။ ဝတ္တတိ သမ္ဘဝတီတိ ဝုတ္တံ။ ယံသဿံ၊ အကြင် ကောက်နှံသည်။ သလာကာမတ္တံ၊ ကောက်ရိုးတံမျှသာလျှင်။ ဝတ္တတိသမ္ဘဝတိ၊

http://www.dhammadownload.com



ပြည့်စုံ၏။ ဣတိ တံသဿ ဝုတ္တံ၊ ကတ္တု သာဓနေ၊ ဝတု ဓာတ် + တပစ္စည်း။

ဝတုဓာတ်အရကား ပြည့်စုံသော အခြင်းအရာအားဖြင့်ဖြစ်သော ကောက်နှံဟူသော အဋ္ဌကလာပ်ရုပ်ရှစ်ခု၏ ဥပါဒ်သည်မှချ။

ရှေးရှေး၌ဖြစ်သော အဋ္ဌကလာပ်ရုပ် ရှစ်ခုသည် ဖလူ၊ နောက်နောက်ဖြစ်သော အဋ္ဌကလာပ်ရုပ်ရှစ်ခုသည် ကာရဏူ။ (ဤအကောက်ကို ချန်လှပ်၍လည်းကောက်နိုင်သည်။

တ-ပစ္စည်းအရကား ဥပဒဝန္တဖြစ်သော ကောက်နှံရ၏။

**သလာကာဝုတ္တ။** သလာကာ မတ္တံ ဝုတ္တံ ဧတ္ထာတိ သလာကာ ဝုတ္တာ။ ဧတ္ထ၊ ဤဝေရဉ္စာပြည်၌။ သလာကာမတ္တံ၊ ကောက်ရိုးတံမျှသာ လျှင်။ ဝုတ္တံ၊ ပြည့်စုံ၏။ ဣတိသာ သလာကာဝုတ္တာ၊ သလာကာပုဒ်+ဝုတ္တာ ပုဒ်+ဧတပုဒ်။ သတ္တမီဗဟုဗ္ဗီဟိသမာသ်။

သလာကာဝုတ္တာဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်လုံးအရကား ကောက်ရိုးတံမျှသာပြည့်စုံခြင်းသည်မှချ။ ယင်း၏ ဝေရဉ္စာပြည်နှင့် ဌာနီဌာနအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ဧတဟူသောအညပုဒ်အရကား ထိုမှချ ဌာနူပစာဖြင့် မှတ်အပ်သော ဝေရဉ္စာပြည်ရ၏။

## ဝိမတိပဌမနည်းဝိဂ္ဂဟ

သဗ္ဗံ သဿံ သလာကမတ္တံ ဝေ ဝုတ္တံ နိဗ္ဗတ္တံ သမ္ဗန္နံ ဧတ္ထာတိ သလာကာဝုတ္တာ။ ဝိမတိ၊ ၁။ ၈၈။

## က-ဝါကျ ဝိမတိအာဘော်

က-ဝါကျ၌ ဝုတ္တသဿံ တတ္ထ သလာကာ ဝေ သမ္ဗန္ဓတိဖြင့် ဝုတ္တံပုဒ်ကို ဝပိယိတ္တာတိ ဝုတ္တံ ဟု ဝစနတ္ထပြု၍ ဝုတ္တအရ စိုက်ပျိုးအပ်သော ကောက်ကိုယူရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ သလာကာဝုတ္တာပုဒ်ကို ဝုတ္တံ သလာကာဝေ ဟောတိ ဧတ္ထာတိ သလာကာဝုတ္တာဟု ဝိသေသနပရနိပါတ သတ္တမီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ သလာကာ ဝုတ္တာဟု ဝိသေသနပရနိပါတ၏ အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

၃။ ဘာဝတ္ထ။

http://www.dhammadownload.com



## ဝိမတိဒုတိယနည်းအစိတ်အပေါင်းဝိဂ္ဂဟနှင့် ဉာသ်ကောက်

**ဝုတ္တံ။** ဝပီယိတ္ထာတိ ဝုတ္တံ။ ယံ သဿံ၊ အကြင် ကောက်ကို။ ဝပီယိတ္ထ၊ စိုက်ပျိုးအပ်ပြီ။ ဣတိ တံ သဿံ ဝုတ္တံ။ (ကမ္မသာနေကောက်, ကောက်လေ။) ဝပဓာတ်+တ ပစ္စည်း။

† ဝပ ဗီဇနိက္ခေပေ။ ဗီဇံ ဝပတိ။ ဗီဇံ ဝပ္ပတိ။ နီတိ၊ ဓာ၊ ၁၂၁။

**သလာကာဝုတ္တာ။** ဝုတ္တံ သလာကာဝေ ဟောတိ ဧတ္ထာတိ သလာကာဝုတ္တာ။ ဧတ္ထ၊ ဤဝေရဉ္စာပြည်၌။ ဝုတ္တံ, စိုက်ပျိုး ထားသော ကောက်သည်။ သလာကာဝေ။ ကောက်ရိုးတံသာလျှင်။ ဟောတိ၊ ဖြစ်၏ ဟုပေး။ ဝိသေသနပရနိပါတ သတ္တမိဗဟုဗ္ဗိဟိ သမာသ်။ ဉာဏ်ကောက် လွယ်ပြီ။

† ကေသောရောပဟဏဇီဝိတ၊ ဝုတ္တီသု ဝပနေစ ဝါပသမ ကရ

ဏေ။ ကထနေ ပမုတ္တဘာဝ၊ ဈွေသနာဒေါ ဝုတ္တမပိ တီသု။

ဓာန်။ ၇၉၆။

† ဝစ္ဆ ဝပ ဝစ ဝသာ၊ ဝုတ္တသဒ္ဒေါ ပဝတ္တတိ။ ကေသော ဟာရေ ရောပိတေစ၊ ကထိတေ စ ယထာက္ကမံ။ နီတိ၊ ဓာတု။ ၄၀။

ခ–ဝါကျဖြင့် သလာကာဝုတ္တာ၌ ဝုတ္တသဒ္ဒါသည် ကေသော ရောပဟဏ စသော အနက်ကိုမဟော၊ *အသက်မွေးခြင်း ဇီဝိတအနက်ဟော သည်၏အဖြစ်ကိုလည်းကောင်း[၁]၊ သလာကာဝုတ္တာကို သလာကာယ ဝုတ္တံ ဇီဝိကာ ဧတိဿန္တိ သလာကာဝုတ္တာဟု ဘိန္နာဓိကရဏ သတ္တမိဗဟုဗ္ဗိဟိ သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်။** ဝိမတိ၊ ၁။ ၈၈–ကြည့်။ ဧတိဿံ၊ ဤဝေရဉ္စာ ပြည်၌။ သလာကာယ၊ စာရေးတံဖြင့်။ ဝုတ္တံ၊ အသက်မွေးခြင်းသည်။ အတ္ထိ၊ ရှိ၏ဟု အနက်ပေး။ ဉာသ်ကောက်လွယ်ပြီ။

---

(က) န သုကရာ ဥဉ္ဆေန ပဂ္ဂဟေန ယာပေတုန္တိ ပဂ္ဂဟေန

ယော ဥဉ္ဆော တေန ယာပေတုံ န သုကရာ။

http://www.dhammadownload.com



(ခ) ပတ္တံ ဂဟေတွာ ယံ အရိယာ ဥဇ္ဈေ ကရောန္တိ၊ ဘိက္ခာ စရိယံ စရန္တိ၊ တေန ဥဇ္ဈေန ယာပေတုံ န သုကရာတိ ဇုတ္တံ ဟောတိ။

(ဂ) တဒါ ကိရ သတ္တဌဂါမေ ပိဏ္ဍာယ စရိတွာ ကောဒိဝ သမ္မိ ယာပနမတ္တံ န လဘန္တိ။ ဋ္ဌ။ ၁၄၄။

## ● အနက်ယောဇနာ

**ပဂ္ဂေဟေန၊** (လက်တို့ဖြင့်) ကိုင်အပ်သောသပိတ်ဖြင့် (သာရတ္ထ)။ ဆွမ်းကိုခံယူကြောင်းဖြစ်သောသပိတ်ဖြင့် (ဝိမတိပဌမနည်း)၊ သပိတ်ကို ကိုင်ခြင်းဖြင့်(ဝိမတိဒုတိယနည်း)။

**မှတ်ချက်။** ဝိဂ္ဂဟအဖြေနှင့်ယှဉ်ကြည့်၊ ပဂ္ဂဟေနပုဒ်ကို ဥဇ္ဈေနနှင့် ကရိဏ်း၊ ဥဇ္ဈေနပုဒ်ကို ပဂ္ဂဟေနနှင့် ကရိဏ်းစပ်ပါ။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၌ က-ဝါကျကား သင်္ခေပဝါကျ။

ဂ-ဝါကျကား တပ္ပါကဋီကရဏဝါကျ။ ထို-၌ ခ-ဝါကျကား တပ္ပါကဋီကရဏီယ။ ဝါ-အပါကဋဝါကျ။

**မှတ်ချက်။** ခ-ဝါကျ၌ ယာပေတုံ န သုကရာကိုထင်ရှားစေရန် ဂ-ဝါကျတက်လာသည်။ ယာပေတုံ န သုကရာ နှင့် ယာပနမတ္တံ န လဘန္တိ အဓိပ္ပာယ်အတူတူပင်။

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ပဂ္ဂဟေန။** ပဂ္ဂယှတီတိ ပဂ္ဂဟော။ ပတ္တော။ သာရတ္ထ၊ ၁၊ ၄၂၇။ ယောပတ္တော၊ အကြင်သပိတ်ကို။ ဟတ္ထေဟိ၊ လက်တို့ဖြင့်။ ပဂ္ဂယှတိ ကိုင်အပ်၏။ ဣတိ သော ပတ္တော ပဂ္ဂဟော။ ပပုဗ္ဗ + ဂဟဓာတ် + အ-ပစ္စည်း။ ကမ္မသာဓန။

http://www.dhammadownload.com



ပ–ဥပသာရ အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ် ရ၏။ ဂဟ ဓာတ်အရ ကတ္တုဒြကြိယာအရကား သပိတ်ကိုင်သူ၏ သတိဝီရိယ စသည် ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည်မှုချ။ ကမ္မဒြကြိယာအရကား သပိတ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ အ–ပစ္စည်းအရကား ထို–ဖြင့် မှတ် အပ်သောသပိတ်ရ၏။

**တစ်နည်း။** ပဂ္ဂယှတိ ဧတေန ဘိက္ခာတိ ပဂ္ဂဟော။ ဝိမတိ၊ ၁။ ၈၈။ ဧတေန၊ ဤသပိတ်ဖြင့်။ ဘိက္ခာ၊ ဆွမ်းကို။ ပဂ္ဂယှတိ၊ ခံယူအပ် ၏။ ဣတိ သော ပတ္တော ပဂ္ဂဟော။ ပ + ဂဟ + အ။ ကမ္မန္တော ဂဂဝ က်ရဏသာခ်။ ပ–ဥပသာရတူပြီ။

ဂဟဓာတ်၏အရ ကတ္တုဒြကြိယာအရကား ဆွမ်းခံသောရဟန်း၏ ဂတဝတ်, ပစ္စာဂတဝတ်ကို ဆောင်ခြင်းဟူသော ကမ္မဋ္ဌာန မနသိကာရ ပြဋ္ဌာန်းသောစိတ္တုပ္ပာဒ်သည် မှုချ။ ကရဏဒြကြိယာအရကား ထိုစိတ္တုပ္ပာဒ် အား တပ်သောသပိတ်၏ ပကတူပနိဿယသတ္တိသည်ဖလူပစာ။ အ–ပစ္စည်း အရကား ထိုဖြင့်မှတ်အပ်သောသပိတ်ရ၏။

**တစ်နည်း။** ပဂ္ဂဟဏံ ပဂ္ဂဟော။ ပဂ္ဂဟဏံ၊ ကိုင်ယူခြင်း။ ပဂ္ဂဟော၊ ကိုင်ယူခြင်း။ ပ+ဂဟ+အ။ ဘာဝသာဓန၊ ပ ပုဒ် အရတူပြီ။

ဂဟဓာတ်အရကား သပိတ်ကိုကိုင်ယူခြင်း၊ ဝါ–စွဲကိုင်ခြင်း ကြိယာ ရ၏။ အ–ပစ္စည်းအရလည်း ဘာဝသာဓနတို့ သဘောသည်ဓာတ်အရ ပစ္စည်း အရ အထူးမရှိသောကြောင့် ယင်းကိုင်ယူခြင်း၊ ဝါ–စွဲကိုင်ခြင်းကြိယာ ပင်ရ၏။

✝ အထဝါ ပဂ္ဂဟေနာတိ ဂဟဏေန။ ဝိမတိ၊ ၁။ ၈၉။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ပိဏ္ဍာယ။** ပိဏ္ဍဓာတ် + အ–ပစ္စည်း။ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အ–ကာရန္တ။

✝ ပိဏ္ဍ–သဃာတေ အ။ သူစိ။

**စရိတွာ**–ဋ္ဌ တွာပစ္စည်းကား ဟိတ်အနက်။

✝ ပိဏ္ဍာယ စရိတွာတိ ပိဏ္ဍာယ စရဏဟေတု။ သာရတ္ထ၊ ၁။ ၄၂၇။

http://www.dhammadownload.com



**ဒီဝသ။** ဒိဝုဓာတ် + အသပစ္စည်း။ ဒိဗ္ဗန္တိ ဧတ္ထာတိ ဒိဝသော = ဒိန်။ မောဂ်၊ ၇။ ၂၁၈။

**န သုကရာ...**ကား ဝေဿန္တရာသဒ္ဒါ၏ စပ်ရာဖြစ်၍ ဣတ္ထိလိင်၊ ကညာ ဒိဂိုဏ်း၊ အာကာရန္တ။

## နသုကရာမှတ်ဖွယ်

နတ္ထိ သုကရာ ဧတ္ထာတိ နသုကရာ။ ဧတ္ထ၊ ဤဝေဿန္တရာပြည်၌။ သုကရာသုကရဘာဝေါ၊ ချမ်းသာသဖြင့် ပြုအပ်သည်၏အဖြစ်၊ ဝါ-ပြုလွယ်သည်၏အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ သာ နသုကရာ။ နပုဒ်သုကရပုဒ်+တေပုဒ်။ သတ္တမီဗဟုဗ္ဗီဟိသမာသ်။ (သုကရောကား ဘာဝလောပ, ဘာဝပ္ပဓာန်ပုဒ်။)

နသုကရာဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်အရကား 'ချမ်းသာသဖြင့် ပြုအပ်သည်၏အဖြစ်၊ ဝါ-ပြုလွယ်သည်၏အဖြစ်မရှိခြင်း' အဘာဝဘော ဂုဏ်သည်မုချ။ ယင်းအဘာဝဘောဂုဏ်၏ ဝေဿန္တရာပြည်ဒြပ်နှင့် ဂုဏ်ဂုဏ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဥာနုပစာ။ တေဟူသောအညပုဒ်အရကား ထို-ဖြင့် မှတ်အပ်သော ဝေဿန္တရာပြည်ရ၏။

✝ န သုကရာတိ သုကရာဘာဝေါ ဧတ္ထ နတ္ထိ တိ န သုကရာ။

သာရတ္ထ၊ ၁။ ၄၂၇။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ပဂ္ဂဟေနပုဒ်ကို ယာပေတုံ၌ သဒ္ဒက္ကမအားလျော်စွာ မစပ်ရ၊ အတ္ထက္ကမ အားလျော်စွာ ဥဋ္ဌေနဥ၌ ကရိုဏ်းစပ်ရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းဥဋ္ဌုနပုဒ်ကိုလည်း သဒ္ဒက္ကမအားလျော်စွာ ပဂ္ဂဟေန၌မစပ်ရ၊ အတ္ထက္ကမအားလျော်စွာ ယာပေတုံ၌ ကရိုဏ်းစပ်ရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။ ၂။ သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။

ခ-ဝါကျ၌ ပတ္တံဂဟေတွာဖြင့် ပဂ္ဂဟဟူသည် ဆွမ်းရှာခြင်းငှာ ကိုင်ယူအပ်ရကား သပိတ်ဟူသော အနက်ပြီး၏ဟု သိစေသည်။ (ဘာဝတ္ထ။)

✝ ဥဋ္ဌုတ္တာယ ဂဟေတဗ္ဗော ပတ္တောတိ သိဒ္ဓါတိတိ အာဟ "ပတ္တံဂဟေတွာ" တိ။ ဝိမတိ၊ ၁။ ၈၉။

http://www.dhammadownload.com



ခ–ဝါကျ၌ ဘိက္ခာစရိယံဖြင့် ဥဋ္ဌသဒ္ဒါသည် ဆွမ်းရှာခြင်း၊ ဝါ ဆွမ်းအတွက် လှည့်လည်ခြင်းအနက်ကို ဟောသည်ဟုသိစေသည်။ (နာမ လိင်္ဂတ္ထ။)

## ● ပါဌ၀ိနိစ္ဆယ

ဥဋ္ဌေနံ။ ဥဋ္ဌေန။ ဥဆိ ဥဋ္ဌေ။ ဥဋ္ဌော ပရိယေသနံ။ နီတိ၊ ဓာတု၊ ၃၉။ ဥဆိဓာတ်ဖြင့်ပြီးသောကြောင့် ဥဋ္ဌေနပါဌ်သာသင့်သည်။

## ● နည်းနှင့်ဥပစာ

**ဘိက္ခာစရိယံစရန္တိ။** ဘိက္ခာစရိယံ = ဆွမ်းအလို့ငှာ လှည့်လည်ခြင်းနှင့် စရန္တိ = လှည့်လည်ခြင်းကို မပြားဘဲပြားသကဲ့သို့ ဘိက္ခာစရိယံ စရန္တိဟု ဆိုသောကြောင့် အဘေဒဘေဒူပစာသဒ္ဒါမည်၏။

(က) တေနခေါပနသမယေန (လ) ဥပဂတော။

(ခ) တေနသမယေန ဥတ္တရာပထဝါသိကာ။

(ဂ) ဥတ္တရာပထတော ဝါ အာဂတတ္တာ ဇဝံ လဒ္ဓဝေါဟာရာ

ဌ။ ၁၄၄။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် တေနခေါပနသမယေန၌ တေနဟူသောနိယတ်၏ အနိယတ်ကို ယသ္မိံသမယေ (လ)ဥပဂတောဟုဖော်၍ အနက်ယောဇနာ ရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ တေန၌ နာဝိဘတ်၏ သတ္တမျတ္ထ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဝိဘတျတ္ထ။

ခ–ဝါကျ၌ တေနသမယေနဖြင့် ခေါပနနိပါဒ်ပုဒ်တို့၏ အနက်မဲ့ အနတ္ထက၏အဖြစ်ကိုလည်းကောင်း[၁]၊ ဥတ္တရာပထဝါသိကာဖြင့် ဥတ္တရာပထော

http://www.dhammadownload.com



နိဝါသော ဓာတေသန္တိ ဥတ္တရာပထကာဟု ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၂] ကပစ္စည်း၏ နိဝါသအနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ပစ္စယတ္ထ။

ဂ–ဝါကျဖြင့် ဥတ္တရာပထတော အာဂတာ ဥတ္တရာပထကာ ဟု ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ကပစ္စည်း၏အာဂတတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။

## ဥဒုက္ခလပုဒ်မှတ်ဖွယ်

ဥဒ္ဓံ မုခမဿာတိ ဥဒုက္ခလံ။ အဿ၊ ထိုဆုံအား။ ဥဒ္ဓံ၊ အထက်၌။ မုခံ၊ အဝသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တံ ဥဒုက္ခလံ။ ဥဒ္ဓပုဒ် + မုခပုဒ် + အလပစ္စည်း။ ဥဒ္ဓ၌ဓချေ။ ဥဒကျန်။ မုခ၌ မကိုချေ။ ဥခကျန်။ ခကို ခွင်းချေ၍ အလ၌ အ–သို့ကပ်။ ဒ–ကိုလည်း ဥကပ်။ ဥဒုခလဖြစ်။ ခ–၌ အသဒိသဒွေဘော် က–လာ။ ဥဒုက္ခလပြီး၏။ ကိတ်နာမ်ပုဒ်။ နပုလ္လိင်၊ စိတ္တာဒိ၊ အကာရန္တ။ နီတိ၊ သုတ္တ။ ၁၃၉၉။

## ဥဒူခလ

ထောမ၌ ဥဒူခလရှိသည်။ ဥဒ္ဓံ ခံ လာတီတိ ဥဒူခလံ။ ဥဒ္ဓံ၊ ၌။ ခံ၊ အဝကို။ လာတိ၊ ယူတတ်၏ဟု ပေး။

---

## ● ပါဠိဝိနိစ္ဆယ

ဥတ္တရာပထကာ။ ဥတ္တရာဟကာ။ ဥတ္တရာပထာ။ ဥတ္တရာပထတော အာဂတာ၊ ဥတ္တရာပထေ ဝါ နိဝါသော ဓာတေသန္တိ ဥတ္တရာပထကာ–ဟု ဝစနတ္ထပြု။ ပထသဒ္ဒါကို ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ဟ–ပြုလျှင် ဥတ္တရာ ဟကာ။ ဟ မပြုလျှင် ဥတ္တရာပထကာ ဟု ပြီးသည်။ ထို့ကြောင့် ရေ့. ၂–ပါဌ်သင့်။ သာရတ္ထ၊ ၁။ ၄၂၇။ ဝိမတိ၊ ၁။ ၈၉။

http://www.dhammadownload.com



**ဝါဏိဇ။ ဝါဏိဇ္ဇ။** ဝဏ သဒ္ဒေ ဣဇော။ ဓာန်၊ ၄၂။ ၄၆၉။ ဝဏဓာတ်+ဣဇပစ္စည်း။ ကုန်သည်ဟောလျှင် ဇ-ချေးဘော်မဲ့ ဝါဏိဇ သဒ္ဒါသင့်သည်။ ဤအသံဝါဏိဇကား မြင်းကုန်သည် ဟောတည်း။

**မှတ်ချက်။** ဝါဏိဇဿ ကမ္မံ ဝါဏိဇ္ဇံ။ ဝါဏိဇပုဒ် + ဏျ ပစ္စည်း။ ကုန်သည်၏အမှု၊ ဝါ-ကုန်သည်၏ကုန်သွယ်မှုရသည်။ ကုန်သည် မရ-ဟု မှတ်ရာ၏။

**မန္ဒုရံ။ မန္ဒိရံ။ မန္ဒုရံ။** ဝါဇိသာလာ တု မန္ဒုရာ (အမရ ကောသ)။ ယင်း၌ မြင်းစောင်း မြင်းတင်းကုတ် ဟောရာဝယ် မန္ဒု ရသာ ရှိသောကြောင့်လည်းကောင်း၊ အဋ္ဌကထာ၌ အဿာနဋ္ဌဟူသော သဒ္ဒါကို ရိုက်ကိုထောက်၍ လူနေရာမဟုတ်၊မြင်းတို့နေထိုင်ရာသာဖြစ်သင့်သောကြောင့် လည်းကောင်း၊ သာရတ္ထ၌ အဿသာလ်ဟု ဖွင့်သောကြောင့်လည်းကောင်း၊ ထောမဒ္ဒလည်း မန္ဒုရာ အဿသာလာယ်ဟု ဆိုသောကြောင့်လည်းကောင်း၊ မောဂ်၊ ၇။ ၁၄၇-၌လည်း အမန္ဒိ အသုန္ဒရတ္တာ ဧဋ္ဌတ္တမဂမိတိ မန္ဒုရာ = ဝါဇိ သာလာဟု ဆိုသောကြောင့်လည်းကောင်း၊ ဤ၌ မြင်းတင်းကုတ်ဟော "မန္ဒုရ" သဒ္ဒါသာ သင့်သည်။ ကြွင်းမသင့်ပါ။

---

(က) ပတ္ထပတ္ထပုလကန္တိ ကေမေကဿ ဘိက္ခုနော ပတ္ထပတ္ထ ပမာဏာ ပုလက်။

(ခ) ပတ္ထောနာမ နာဠိမတ္တံ ဟောတိ ဧကဿ ပုရိသဿ အလံ ယာပနာယ။

(ဂ) ဝုတ္တမ္ပိ ဟေတံ "ပတ္ထောဒနော နာလ မယံ ဒုဝိန္န"န္တိ။

(ဃ) ပုလက်နာမ နိတ္ထုသံ ကတွာ ဥဿေဒေတွာ ဂဟိတ ယဝတဏ္ဍုလာ ဝုစ္စန္တိ။ ဋ္ဌ။ ၁၄၅။

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဃ-ဝါကျတို့ကား ဝိတ္ထာရဝါကျ။ ထို-၌ က-ဝါကျကား သခေ်ပဝါကျ။

**မှတ်ချက်။** ခ-ဝါကျဖြင့် ပတ္ထအရကောက်ကို၊ ဃ-ဝါကျဖြင့် ပုလကအရကောက်ကိုဖွင့်ပြသည်။ က-ဝါကျဖြင့်ကား ပတ္ထပတ္ထနှင့်ပုလက

http://www.dhammadownload.com



သမာသ်တွဲပုံ (အပေါင်း) ကိုသာပြသည်။ ထိုကြောင့် က-ဝါကျဖြင့် အပေါင်းဖွင့်ပြပြီးနောက် အရကောက်အစိတ်ကိုဖွင့်ပြလို၍ ခ-ဃ-၂-ဝါကျ တက်လာသည်ဟုမှတ်ရာ၏။ တတ္တပတ္တောနာမစသည် တတ္တနှင့်ရေးသော် ရေးသင့်သည်သာ။ ခ-ဃ-ဝါကျတို့ကို "ပေါင်းပြီးစိတ်ပြ၊ပက္ခန္တရ"ခွဲလတ္တံ့ ဖြစ်၍ ခ-ဃ-ဝါကျကို ဝိတ္ထာရဟု ရှုံရှုံ့ဝံ့ဝံ့ ဆုံးဖြတ်ရာ၏။

## ခ-ဝါကျထပနာတိကပုစ္ဆာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် ပတ္တပတ္တပုဒ်နှင့် ပုလကပုဒ်ကို မဇ္ဈေလောပီကမ္မဓာရယ်သမာသ် ဝစနတ္တပြုရသောဟုဆိုတော်မူ၏။ ပတ္တ မည်သည် အဘယ်မျှအတိုင်းအရှည်နည်း။ (ကိံပမာဏောနာမ-ဟု ပုစ္ဆာ ထုတ်) ပတ္တမည်သည် ယောကျ်ား ၂ ယောက်မျှလောက် (ဝ လောက်)ပါသလော၊ (ဂ-ဝါကျ နာလံ = န+အလံ=ကိုရှု၍ အာဘော်ဆင်ပါ။) ဤသို့ကြောင့် ခ-ဝါကျမိန့်။ (အဓိပ္ပာယ်ဘာသာပြန်လေ။)

ဂ-ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ထို-၍ ခ-ဝါကျကား အာဂမဒဠှီယဝါကျ။

**မှတ်ချက်။** ခ ဝါကျ၌ တစ်စလယ် (တစ်ကွမ်းစား) သည် ယောကျ်ား ၁-ယောက်အတွက် ဝလောက်သည်ဟုဆိုသော အနွယစကားကို ပဋ္ဌော ဒနော+န+အလံ+ဒုဝိန္နံ = ၂=ယောက်အတွက် မလောက်ဟူသော ဗျတိ ရေကအာဂုံဖြင့် ခိုင်မြဲစေသည်။

ဃ-ဝါကျကား ပက္ခန္တရ။ ထို-၍ ခ-ဝါကျကား ပက္ခဝါကျ။

**မှတ်ချက်။** ဃ-ဝါကျ၌ ပုလကနာမ ယဝတဏ္ဍုလာ ဝုစ္စန္တိကား လိုရင်းပဓာန။ ပုလကမည်သည် မယောဆန်တည်းဟုဆိုသည်။

---

## ● ဝိဂ္ဂဟနှင့် ဉာဉ်ကောက်

**ပတ္တပတ္တပုလက။** ပတ္တပတ္တပမာဏံ ပုလကံ ပတ္တပတ္တပုလကံ။ ပတ္တပတ္တပမာဏံ၊ တစ်စလယ်(တစ်ကွမ်းစား)တစ်စလယ် အတိုင်းအရှည် ရှိသော။ ပုလကံ (ဖွဲမရှိသည်ကိုပြ၍ ပေါင်း၍ယူအပ်သော) မယောဆန် တည်း။ ပတ္တပတ္တပုဒ်+ပုလကပုဒ်။ မဇ္ဈေလောပီကမ္မဓာရယ်သမာသ်။

http://www.dhammadownload.com



ပတ္တ ပတ္တ ဟူသော ဝိသေသနပုဒ်အရကား တစ်စလယ် တစ်စလယ် အတိုင်းအရှည်ပမာဏသည်မှချ။ ယင်း၏ (ဖွဲမရှိသည်ကိုပြု၍ ပေါင်း၍ယူအပ်သော) မုယောဆန်နှင့်ပမာဏ ပမာဏဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ဌာနူပစာ။ ပတ္တပတ္တပုလက်ဟူသောသမာသ် ပုဒ်အရကား တစ်စလယ် တစ်စလယ်အတိုင်းအရှည်ရှိသော (ဖွဲမရှိသည်ကိုပြု၍ ပေါင်း၍ယူအပ်သော) မုယောဆန်ရ၏။

**မှတ်ချက်။** လက်သည်းကွင်းအတွင်း စကားရပ်များမှာ ယ-ဝါကျအဖွင့်စကားများဖြစ်ရာ ဤသည်ကိုနည်းမှီ၍ အဖွင့်နှင့်အညီ ဉာဏ်ကောက်ပါလေ။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ပတ္တ။** ပ ရှေးရှိသော+ဌာဓာတ်+အ-ပစ္စည်း။

† ပတိဋ္ဌတေ အသ္မိန္တိ ပတ္ထော။ ဌဿထော။ ဓာန်၊ ဋီ၊ ၆၁၈။ သူစိ။

**နာဠိ။** နလဓာတ်+ဣဏ်ပစ္စည်း။

† ပတ္ထောတု နာဠိ နာဠိယံ။ ဓာန်။ ၄၈၄။ နလ ဂန္ဓေ ဣဏ်။ ဓာန်၊ ဋီ။ ၎င်း။

**ထုသ။** တုသဓာတ်+သ ပစ္စည်း။

† တုသ တုဋ္ဌိမှိ။ တဿ ထော၊ ထုသော။ ဓာန်၊ ဋီ။ ၄၅၃။

**တဏ္ဍုလ။** တမဓာတ်+ဥလ (ကအနုဗန်ရှိသောဥလ) ပစ္စည်း။

† တမိဿ ဍုက်။ တမိယတိ ဝိကာရမာပါဒိယတီတိ တဏ္ဍုလော။ မောဂ်၊ ၇။ ၁၉၃။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဧကမေကဿာတိကျွနော်ဖြင့် ရဟန်းတစ်ပါး တစ်ပါးအား တစ်စလယ် တစ်စလယ်လှူသည်ဟု သိစေသည်။ (ဘာဝတ္ထ)။

http://www.dhammadownload.com



**မှတ်ချက်။** ဝိ၊ ၁။ ၇–၌ ဘိက္ခုနံ ပတ္တ ပတ္တ ပုလကံဟု ရှိရာ ရဟန်းအားလုံးအတွက် တစ်စလယ်လျှသလောဟု သံသယဖြစ်ဖွယ် ရှိ၍ ပတ္တ ပတ္တ ဟူသော ဝိစ္ဆာပုဒ်နှင့် လျော်ညီစွာ ရဟန်းတစ်ပါး တစ်ပါးအား တစ်စလယ်စီလျှသည်ဟုသိစေလို၍ "ကေမေကဿ ဘိက္ခုနော" ဟု ကေဝုစ် ဖြင့်ဖွင့်သတည်း။

က–ဝါကျ၌ ပတ္တပတ္တပမာဏံပုလကံဖြင့် ပတ္တပတ္တပမာဏံ ပုလကံ ပတ္တပတ္တပုလကံဟု မဇ္ဈေလောပီကမ္မဓာရယ်သမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

ခ–ဝါကျ၌ နာဠိမတ္တံဖြင့် ပတ္တအရတစ်စလယ် (နာဠိ) ကို ယူရမည်ဟုသိစေသည်။ (သုရုပ်ကြားအဘိဓေယျတ္ထ။)

**တစ်နည်း။** နာဠိမတ္တံဖြင့် ပတ္တသဒ္ဒါတစ်စလယ်ဟော နာဠိသဒ္ဒါ၏ ဝေဝုစ် စကားလှယ် ပရိယာယ် တည်းဟု သိစေသည်။ ( ပရိယာယ် အဘိဓေယျတ္ထ။)

**မှတ်ချက်။** ပတ္တော နာဠိ နာရိယံ ဟု ဓာန်၌ ပရိယာယ်ပြ ထားသည်ကိုသတိပြု။

**တစ်နည်း။** ပတ္တသဒ္ဒါသည် တစ်စလယ်, တောင်စဉ် တောင်တန်း (သာနု) အနက်တို့ကိုဟောသော်လည်း ဤ၌ တစ်စလယ်အနက်ကိုသာအလို ရှိအပ်သတည်းဟု သိစေသည်။ (အဓိပ္ပေတတ္ထ။ )

**မှတ်ချက်။** အတ္ထုဒ္ဓါရ, အတ္ထုဒ္ဓေသဝါကျ၌ ဖော်နေကျအာဘော် များတည်း။

† ပတ္တောတု မာနသာနုသု။ ဓာန်။ ၁၀၄၄။

**တစ်နည်း။** ပတ္တသဒ္ဒါသည် နာဠိ = တစ်စလယ်အနက်ကို ဟော သတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ။)

ခ–ဝါကျ၌ ကေဿ ပုရိသဿ အလံ ယာပနာယ–ဖြင့် တစ်စလယ် သည် ယောက်ျားတစ်ယောက်သာမျှတလောက် (ဝလောက်) သည်ဟု သိစေ သည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com



ဃ-ဝါကျ၌ ယဝတဏ္ဍုလာဝုစ္စန္တိဖြင့် ပုလက သဒ္ဒါ ဆန်သာမည ဟော၏။ သို့ရာတွင် ဤကေဒေသျူပစာအားဖြင့် မုယောဆန်ကို ဟော သတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ။) ဝါ–ပုလကအရ မုယောဆန်ကို ယူရမည်ဟုသိစေသည်။ (သရုပ်ကြားအဘိဓေယျတ္ထ)

**မှတ်ချက်။** ပါဠိဝိနိစ္ဆယအနေဖြင့်ယှဉ်ကြည့်။ ပဋ္ဌပဋ္ဌ မှုလက် နာမစသည်ရှိလျှင် အာဘော်တစ်မျိုးဖြစ်သည်ကို တွေ့ရမည်။

ဃ-ဝါကျ၌ နိတ္ထုသံ ကတွာ ဥသောဒေတွာဖြင့် ဖွဲမရှိသည်ကို ပြု၍ ပေါင်း၍ယူအပ်သောမုယောဆန်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

## ● ပါဠိဝိနိစ္ဆယ

ပုလက်။ မှုလက်း P-T-S ၌ shrivelled grain (Sukka yava of dried barley) ဟု ပုလက ပုဒ်၏ အနက်ကို ဖွင့်ပြသည်။ P-S-E-D ၌ကား ပုလကား, ပုလက် = Empty, bad or shrivelled grain ဟု ဆိုသည်။ အမရကောသ၌မူ ပုလာကသဒ္ဒါ တုစ္ဆဓည အနက်ဟောကြောင်း ညွှန်း၍ မဟေဇ္ဇရဋီကာကတုစ္ဆဓညကို တဏ္ဍုလသုည (စံပါးဖျင်း) ဟု ဖွင့်သည်။ ပုလသဒ္ဒါရောမဋ္ဌ = ကြက်သီးမွေးညင်းထခြင်း၊ ကဂ္ဂံ = ဆပ်ဆန် အနက်ဟော၍ သွတ္တက–ပစ္စည်းသက်လျှင် ပုလကရုပ် ပြီးကြောင်း ထောမက ဖွင့်ပြသည်။

ယဝတဏ္ဍုလာဝုစ္စန္တိ (မုယောဆန်)ဟု ဖွင့်ပြသော ဤအဋ္ဌကထာ စကားကို အလေးအနက်ထားကာ ဖော်ပြပြီး ဘာသန္တရကျမ်းဂန်တို့အဆို နှင့်ညှိနှိုင်း၍ ဆုံးဖြတ်ချက်ချရပါမူ.....ပုလက (သို့မဟုတ်) ပုလာကသဒ္ဒါ သည်သာဆန်စပါးအနက်ကို ဟောနိုင်ကြောင်းတွေ့ရ၍ ဥပစာအားဖြင့် မုယောဆန်(ယဝတဏ္ဍုလ)အနက်ကိုဟောသည်ဟုဆိုနိုင်သည်။ (မှုလက သဒ္ဒါဆန်စပါးအနက်ဟောနိုင်ကြောင်းကား မတွေ့ရ။ ထိုကြောင့် ပုလက် ရှိသောပါဠိသာသင့်သည်။

## ဂဏ္ဍိသတ်ဝါဒ

လောက၌ဖွဲဆန်ကွဲမရှိသော ဆန်သာမန်ကို ခိုင်ခံ့ရကား အရင်း အမြစ်ကဲ့သို့ဖြစ်သောကြောင့် ဆန်ရင်းဟူသည်။ ဤ၌ မြင်းကျွေးရန်ဖြစ်

http://www.dhammadownload.com



သောကြောင့် ဖွဲ့မရှိသော ဆန်ကို ယူသည်။ ထိုကြောင့် မူလကံ နာမ စသည်မိန့်။

နိတ္ထုသံကတွာ ဂဟိတံဖြင့် မူလံ ကတွာ ဂဟိတံ မူလကံကို ပြ သည်။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၃၄၁။

ဤအလိုမူလကံသင့်သည်ဟု ဆိုလိုသည်။ မူလသဒ္ဒါမှုချ အရင်း အမြစ်ဟော။ သဒိသူပစာအားဖြင့် ဆန်ရင်းကိုဟောသည်။ မူလကံနိတ္ထုသံ၊ ဖွဲ့မရှိသည်ကို။ ကတွာ၊ ပြု၍။ ဂဟိတံ၊ ယူအပ်သည်တည်းဟု အနက်ပေး။

## ပဏ္ဍောဒနော နာလမယံ ဒုဝိန္နံ

အယံပဏ္ဍောဒနော၊ ဤတစ်စလယ်ချက်ထမင်းသည်။ ဒုဝိန္နံ၊ သင်ပုပ္ပကားနှင့် ငါ ၂-ယောက်အတွက်။ နာလံ = န+အလံ၊ မလောက်-ဟု အနက်ပေး။ ပါဠိကား ဒွါဒသနိပါတ၊ သတ္တမ၊ ကောသိယဇာတ်။ အသီတိနိပါတ၊ တတိယ၊ သုဓာဘောဇနဇာတ်တို့၌လာသည်။ ဇာ၊ ဋ္ဌ၊ ၅။ ၄၁၀ ၌ "ထောကံ ဣဒံ မမ ယာပနမတ္တမေဝ"ဟု ဆိုသည်။ ပါဠိ၌ ၂-ယောက် အတွက်မလောက်ဆိုသောစကားအတူပင်။ ပါ၊ ရာ၊ ယော။ ၉-၌ "အယံ ပဏ္ဍောဒနော ဒုဝိန္နံ ဇနာနံ ယာပနာယ နာလံ နယုတ္တံ"ဟု ဖွင့်သည်။ ထို ကြောင့် နာလမယံ ဒုဝိန္နံရှိသောပါဌ်သာသင့်သည်။

နာဠိမယံဒုဝိန္နံ ..... ရှိသောပါဌ်ကား ပဏ္ဍောဒနော ဟူသော ဝိသေသန နပုလ္လိင်ပုဒ်နှင့် မညီညွတ်သည့်အပြင် ဇာတကပါဠိ အဋ္ဌကထာ တို့၌လည်း ယင်းပါဠိမရှိ မဖွင့်သောကြောင့် ပါဌ်များဟုမှတ်။

---

## ● နေတ္တိမှတ်ဖွယ်

က-ဝါကျ ဝုတ္တမ္ပိဟောတံ၌ ဝုတ္တံ၏ကတ္တားကား မစ္ဆရိယကောသိ ယေန-တည်း။ ထိုကြောင့် ဝစဇာတ်အရ မစ္ဆရိယကောသိယ၏ မစ္ဆရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်ဟူ၍ ပဒဋ္ဌာနာဟာရ စသည်ထုတ်လေ။ (ဝုတ္တံ၌ ဝစဇာတ်အရ ဘုရား၏ ဒေသနာဉာဏ်ဟု မမှားစေလင့်။)

http://www.dhammadownload.com



## ● နည်းနှင့်ဥပစာ

**ပုလက်နာမ။** အပေါင်းဖြစ်သောဆန်း သာမည၏ ပုလက ဟူသော အမည်ကို အစိတ်ဖြစ်သော မုယောဆန့်ဒြပ်စင်စား၍ အစိတ်ဖြစ် သော မုယောဆန့်ကို ပုလကဟု ဆိုသောကြောင့် ဧကဒေသျူပစာ၊ ဝါ– သမုဒါယူပစာ။ (နေယျတ္ထနည်း, ရုဠှီနည်း။)

---

### အာဘော်သံဝဏ္ဏနာမှတ်ဖွယ်

ပညတ္တန္တိ နိစ္စဘတ္တသင်္ခေပေန ဌပိတံ–၌ ဌပိတံ–ဖြင့် ပညတ္တံ၌ ပပုဗ္ဗဥပစာတ်သည် တောသန နိသာနအနက်တို့ကို မဟော၊ ထပန (နိက္ခိပန) ထားခြင်းအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ပ–ဥပသာရ၏ ဓာတွတ္ထဗာဓကအဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဒုတိယဓာတွတ္တ။ ၂။ ဥပသဂ္ဂလိင်္ဂတ္တ။

† ဥပနိသာနတောသနေသု ..... ..... ပပုဗ္ဗော နိက္ခိပနေ။ နီတိ၊

ဓာတု။ ၃၂၂။

နိစ္စဘတ္တသင်္ခေပေန–ဖြင့် ထားအပ်၏ဟူသည် နိစ္စဘတ် အသွင် ဖြင့် တည်ထားအပ်သတည်းဟု သိစေသည်။

**မှတ်ချက်။** နိစ္စဘတ္တသင်္ခေပေန ပညပီယတိ ဌပီယတီတိ ပညတ္တံဟု ကမ္မသာဓနေဝစနတ္ထပြုလေ။

---

(က) ပုဗ္ဗဏှသမယန္တိ ဒိဝသဿ ပုဗ္ဗဘာဂသမယံ။

(ခ) ပုဗ္ဗဏှသမယေတိ အတ္ထော။

(ဂ) ပုဗ္ဗဏှေ ဝါ သမယံ ပုဗ္ဗဏှသမယံ။

(ဃ) ပုဗ္ဗဏှေ ဧတံ ခဏန္တိ ဝုတ္တံ ဟောတိ။

(င) ဧဝံ အစ္စန္တသံယောဂေ ဥပယောဂဝစနံ လဗ္ဘတိ။

ဋ္ဌ။ ၁၄၆။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝိတ္ထာရဝါကျ၊ ဝါ–ဝါကျာရမ္ဘ ဝါကျ။ ထို–၍ က–ဝါကျကား သင်္ခေပဝါကျ။ ဝါ–အာရမ္ဘဝါကျ။

## ခ–ဝါကျ အနုသန္ဓေတက်

ဤသို့ က–ဝါကျဖြင့် အဟာသ ပုဗ္ဗော ပုဗ္ဗဏှော။ ပုဗ္ဗဏှော စ သော သမယောစာတိ ပုဗ္ဗဏှသမယောဟု ဝစနတ္တပြုရမည်၏ အဖြစ်ကို ပြပြီး၍ ယခုအခါ၌ ပုဗ္ဗဏှသမယံကား ဘုမ္မတ္ထ၌ ဒုတိယာဝိဘတ်၊ ဝါ–ယင်း၌ ဒုတိယာဝိဘတ်ကား ဘုမ္မတ္ထဟု ပြခြင်းငှာ ခ–ဝါကျမိန့်။

† ပုဗ္ဗဏှ သမယန္တိ ဣဒံ ဘုမ္မတ္ထေ ဥပယောဂဝစနံ အာဟ

" ပုဗ္ဗဏှသမယေတိ အတ္ထော " တိ။ သာရတ္ထ၊ ၁။ ၄၂၇။

ဂ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က– ခ– ဝါကျ ကား ပက္ခဝါကျ။

† အစ္စန္တသံယောဂေ ဝါ ဣဒံ ဥပယောဂဝစနန္တိ ဒဿေတုံ

ယထာ အစ္စန္တသံယောဂတ္ထော သမ္ဘဝတိ၊ တထာ အတ္ထံ

ဒဿေန္တော အာဟ "ပုဗ္ဗဏှေဝါ သမယန္တိ" အာဒိ။

သာရတ္ထ၊ ၁။ ၄၂၇။

ဃ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၍ ဂ–ဝါကျကား သင်္ခေပဝါကျ။

င–ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို–၍ ဃ–ဝါကျကား လဒ္ဓဂုဏိယ ဝါကျ။

**မှတ်ချက်။** အာဘော်အဖြေကို ကျေပွန်စွာရှုလျှင် ထပ်နာ အာဘော်စသည်နားလည်နိုင်ပါသည်။

---

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ပုဗ္ဗဏှ။** အဟာသ ပုဗ္ဗော ပုဗ္ဗဏှော။အဟာသ၊ နေ့၏။ ပုဗ္ဗော၊ ရှေ့တည်း၊ ဝါ–ရှေ့အဖို့တည်း။ ပုဗ္ဗဏှော၊ နေ့၏ရှေ့၊ ဝါ–ရှေ့အဖို့။ ပုဗ္ဗ ပုဒ် အဟပုဒ်။ ဝိသေသန ပရနိပါတ ဆဋ္ဌီ တပ္ပုရိသ်သမာသ်။

http://www.dhammadownload.com



အဟဟူသော ဝိသေသနပုဒ်အရကား နေ့ဒြဗ်သည်မှချ။ ယင်း၏ ရှေ့အဖို့(ရှေ့ပိုင်း) နှင့် အပေါင်းအစိတ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဠာန္နပစာ။ ပုဗ္ဗဏှဟူသောသမာသ်ပုဒ်လုံးအရကား နေ့၏ရှေ့အဖို့ (ရှေ့ပိုင်း) ရ၏။

(ဂဏ္ဌိသစ်၌။ အဟဿ ပုဗ္ဗော ပုဗ္ဗဏှံ၊ ပုဗ္ဗဏှဥ္စ တံ သမယောစာတိ ပုဗ္ဗဏှ သမယော-ဟု ပြုသည်။ အဟံဟူသော နပုလ္လိင်သို့ လိုက်၍ ပုဗ္ဗဏှံဟု ချသည်မှတ်။)

**ပုဗ္ဗဏှသမယ။** ပုဗ္ဗဏှော စ သော သမယောစာတိ ပုဗ္ဗဏှ သမယော။ ပုဗ္ဗဏှောစ၊ နေ့၏ရှေ့အဖို့သည်လည်း။ ဟောတိ ဟုတ်၏။ သော၊ ထိုနေ့၏ ရှေ့အဖို့ဟူသည်။ သမယောစ၊ အချိန်အခါသည် လည်း။ ဟောတိ၊ ဟုတ်၏။ ဣတိ ပုဗ္ဗဏှသမယော။ ပုဗ္ဗဏှပုဒ် + သမယ ပုဒ်။ ကမ္မဓာရယ်သမာသ်။

ပုဗ္ဗဏှဟူသော ဝိသေသနပုဒ်အရကား နေ့၏ရှေ့အဖို့သည် မှချ။ ယင်း၏အချိန်အခါနှင့် ဝိသေသန ဝိသေသျ၊ ဂုဏ်ဂုဏီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဠာန္နပစာ။ ပုဗ္ဗဏှသမယဟူသော သမာသ်ပုဒ်လုံး အရကား ထိုမှချဠာန္နပစာတို့ဖြင့် မှတ်အပ်သော နေ့၏ရှေ့ အဖို့ ဖြစ်သော အချိန်အခါရ၏။

**မှတ်ချက်။** ဤပုဗ္ဗဏှသမယ အပေါင်းဝိဂ္ဂဟကား အဋ္ဌကထာ က ခ ဝါကျနှင့်အညီ ဝိဂ္ဂဟတည်း။ ဂ-ဃ ဝါကျနှင့်အညီ ယင်း ပုဗ္ဗဏှ သမယ၏ ဝိဂ္ဂဟကို အောက်ပါအတိုင်းမှတ်လေ။

**တစ်နည်း။** ပုဗ္ဗဏှေ သမယော ပုဗ္ဗဏှသမယော။ ပုဗ္ဗဏှေ၊ နေ့၏ ရှေ့အဖို့၌။ သမယော၊ အချိန်အခါတည်း။ ပုဗ္ဗဏှသမယော၊ နေ့၏ ရှေ့အဖို့၌ အချိန်အခါ။ ပုဗ္ဗဏှပုဒ်၊ သမယပုဒ်၊ သတ္တမီတပ္ပုရိသ်သမာသ်။

ပုဗ္ဗဏှ ဟူသော ဝိသေသနပုဒ် အရကား နေ့၏ ရှေ့အဖို့သည် မှချ။ ယင်း၏တစ်ခုသောအချိန်အခါနှင့် အပေါင်းအစိတ်အဖြစ်ဖြင့် စပ် ခြင်း သမ္ဗန်သည် ဠာန္နပစာ။ ပုဗ္ဗဏှသမယ ဟူသော သမာသ်ပုဒ်လုံး

http://www.dhammadownload.com



အရကား ထိုမုချဋ္ဌာနူပစာတို့ဖြင့်မှတ်အပ်သော နေ့၏ရှေ့အဖို့၌ တစ်ခုသောအချိန်အခါရ၏။

**မှတ်ချက်။** က–ခအလို နေ့၏ရှေ့အဖို့ ရှေ့ပိုင်းရ၍ ဂ–ဃအလို နေ့၏ရှေ့အဖို့တွင် အချိန်တစ်ချိန်ရသည်။ ထိုကြောင့် က–ခ အလို ပုဗ္ဗဏှသမယံကား အာဓာရ။ ဂ–ဃ အလို အစ္စန္တ သံယောဂ ဟု ဋီ=၌ ဆိုသည်။

ပုဗ္ဗဏှသမယံ၊ နေ့၏ရှေ့အဖို့ (ရှေ့ပိုင်း) ဖြစ်သော အခါ၌။ (က–ခ–နှင့်အညီ)၊ ဝါ–နေ့၏ရှေ့အဖို့ (ရှေ့ပိုင်း) ၌ တစ်ခုသောအချိန်အခါပတ်လုံး။ (ဂ–ဃ=နှင့်အညီ။)

## ဝါဒအထူးမှတ်ဖွယ်

မောဂ်၊ ပဉ္စိကာ၊ ၃။ ၁၁၀–၌ ပုဗ္ဗဏှပုဒ်ကို။ "ပုဗ္ဗောစ သော အဟောစာတိ ပုဗ္ဗဏှော" ဟု ဝိသေသနပုဗ္ဗပဒကမ္မဓာရယ် ဝစနတ္ထ ပြုသည်။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**အဟ။** ပုဗ္ဗဏှ၌ အဟသဒ္ဒါကား ဟာဓာတ် + အပစ္စည်း။ ဒိဝသောတု အဟံ ဒိနံ။ ဓာန်။ ၆၇ အလို အဟသဒ္ဒါ နပုလ္လိင်၊ စိတ္တာဒိ။ မောဂ်ပဉ္စိကာအလို အဟောဟုရှိသဖြင့် ပုလ္လိင်၊ ပုရိသာဒိ။

✝ န ဇဟာတိ ပစ္စာဂမနန္တိ အဟံ။ ဟာ စာဂေ။ အ။ (ပစ္စာဂမနံ၊ တစ်ဖန်ပြန်လာခြင်းကို။ နဇဟာတိ၊ မစွန့်ကာတ် – ဟု ပေး။)

---

## ● အာဒေသာဂမနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် ပုဗ္ဗဏှ၌ အဟသဒ္ဒါ၏ ဒိဝသပရိယာယ်၊ ဝါ–ဒိဝသ အနက်ဟော၏အဖြစ်ကိုလည်းကောင်း[၁]၊ ပုဗ္ဗသဒ္ဒါ ပုဗ္ဗဘာဂအနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၂]၊ ပုဗ္ဗနှင့် အဟကို အဟသသ ပုဗ္ဗော ပုဗ္ဗဏှောဟု

http://www.dhammadownload.com



ဝိသေသနပရ နိပါတ္တ ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္တပြုရမည်၏အဖြစ်ကို လည်းကောင်း၊[၃] ပုဗ္ဗဏှနှင့် သမယကို ပုဗ္ဗဏှော စ သော သမယောစာတိ ပုဗ္ဗဏှသမယော ဟု ကမ္မဓာရာယ်သမာသ်ဝစနတ္တပြုရမည်၏အဖြစ်ကို လည်းကောင်း၊[၄] သိစေသည်။

၁။ အဘိဓေယျတ္တ၊ ဝါ-နာမလိင်္ဂတ္တ။ ၂။ နာမလိင်္ဂတ္တ။ ၃။ အဘိဓာနတ္တ၊ သမာသလိင်္ဂပဒတ္တ။ ၄။ အဘိဓာနတ္တ၊ သမာသလိင်္ဂပဒတ္တ။

ခ-ဝါကျဖြင့် ပုဗ္ဗဏှသမယံ၌ ဒုတိယာဝိဘတ်သည် သတ္တမျတ္တတည်းဟု သိစေသည်။ (ဝိဘတျတ္တ။)

ဂ-ဝါကျဖြင့် ပုဗ္ဗဏှနှင့်သမယကို ပုဗ္ဗဏှေ သမယံ ပုဗ္ဗဏှသမယံဟု သတ္တမီဗဟုဗ္ဗီဟိသမာသ်ဝစနတ္တပြုရမည်ဟု သိစေသည်။ ( အဘိဓာနတ္တ၊ သမာသလိင်္ဂပဒတ္တ။)

ဃ-ဝါကျဖြင့် ပုဗ္ဗဏှသမယံ၌ သမယသဒ္ဒါ၏ ခဏအနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊[၁] (သမယအဖွင့်ပြန်ကြည့်ပါ။) ပုဗ္ဗဏှသမယဟူသည် နေ့၏ ရှေ့အဖို့၌ တစ်ခုသောအချိန်အခါတည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ နာမလိင်္ဂတ္တ။ ၂။ ဘာဝတ္တ။

င-ဝါကျဖြင့် ပုဗ္ဗဏှသမယံ၌ ဒုတိယာဝိဘတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] ယင်းဒုတိယာဝိဘတ်၏ အစ္စန္တသံယောဂတ္တ၏ အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ ဝိဘတ္တိပဒ။ ၂။ ဝိဘတျတ္တ။

---

## ● ပါဠိဝိနိစ္ဆယ

**ပုဗ္ဗဏှ။ ပုဗ္ဗန္။** ပုဗ္ဗာဒိဥတ္တရပဒဿ အဟဿ ဏှာဒေသော ဟောတိ။ မောဂ်၊ ၃။ ၁၁၀။ ပုဗ္ဗာဒိဥတ္တရပဒဿ၊ ပုဗ္ဗစသည်နောက်ပုဒ်ရှိသော။ အဟဿ၊ အဟသဒ္ဒါ၏။ ဏှာဒေသော၊ ဏှအပြုသည်။ ဟောတိ၊ ၏။ အဟသဒ္ဒါကို ဏှပြု၍ပြီးသောကြောင့် ပုဗ္ဗဏှသင့်သည်။

**စဉ်းစားဖွယ်။** သီဟိုဠ်မူ မောဂ္ဂလ္လာနပါဠ်၌ အဟဿနှာဒေသော ဟောတိ-ဟု ဒန္တဇ န-နှင့်ရှိသည်။ ယင်းအလို မည်သို့ဆုံးဖြတ်မည်နည်း။ ပါဠိဝိနိစ္ဆယကား နိရုတ္တိပဒီပသမ္ဘိဒါဉာဏ်အရာဖြစ်၍ ခက်ခဲစွာတကား။

http://www.dhammadownload.com



## နည်းဥပစာမှတ်ဖွယ်

**ပုဗ္ဗဏှသမယ။** နေ့၏ရှေ့အဖို့နှင့် အချိန်အခါတို့ မပြားဘဲပြား သကဲ့သို့ဆိုသောကြောင့် အဘေဒဘေဒူပစာ။

(က) နိဝါသေတွာတိ ပရိဒဟိတွာ။

(ခ) ဝိဟာရနိဝါသနပရိဝတ္တနဝသေနေတံ ဝေဒိတဗ္ဗံ။

(ဂ) န ဟိ တေ တတော ပုဗ္ဗေ အနိဝတ္ထာ အဟေသုံ။ ဋ္ဌ။ ၁၄၆။

## ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရဒ္ဓဝါကျ။

ဆရာ၊ ပါဠိတော်၌ ဘိက္ခူ ပုဗ္ဗဏှသမယံ နိဝါသေတွာ = ရဟန်းတို့သည်ပုဗ္ဗဏှသမယ၌ သင်းပိုင်ကိုဝတ်၍ဟု လာ၏။ ကျောင်း၌နေကုန်စဉ် သင်းပိုင်ကိုမဝတ်ဘဲနေကြကုန်သလော (ဗျတိရေကအာဘော်။ ဂ-ဝါကျကြည့်။) ကျောင်း၌ နေကုန်စဉ်လည်း သင်းပိုင်ကိုဝတ်လျက် နေကြကုန်သည်မဟုတ်လော။ ( အန္ဓယအာဘော် )။ ယင်းသို့ နေကုန်သော် အဘယ်ကြောင့် နိဝါသေတွာဟူသနည်း ကြောင့် ခ-ဝါကျကိုမိန့်။ သာရတ္ထ၊ ၁။ ၄၂၇။

ဂ-ဝါကျကား ယုတ္တိဒဋ္ဌီကရဏ ဝါကျ ( ဗျတိရေကဒဋ္ဌီကရဏ ဝါကျ။) ထို-၍ ခ-ဝါကျကား ယုတ္တိဒဋ္ဌီယဝါကျ။ **တစ်နည်း။** ဂ-ဝါကျကား ကာရဏဝါကျ။ ထို-၍ ခ-ဝါကျကား ဖလဝါကျ။

## ဂ-ဝါကျကို ဝါကျပရိဝတ္တနယောဇနာပုံ

ကသ္မာ၊ အဘယ်ကြောင့်။ ဝေဒိတဗ္ဗံ၊ သိအပ်သနည်း။ (ခ-ဝါကျပြန်စပ်။) ဟိယသ္မာ၊ အကြင်ကြောင့်။ တေ၊ တို့သည်။ တတော ပုဗ္ဗေ အနိဝတ္ထာ န အဟေသုံ၊ တသ္မာ ဝေဒိတဗ္ဗံ၊ သိအပ်သတည်း။ (ခ-ဝါကျပြန်စပ်။)

http://www.dhammadownload.com



## အနက်ယောဇနာနည်းနှင့်ဝါကျမှတ်ဖွယ်

အထက်ပါအတိုင်း အကြောင်း အကျိုး၊ အရင်းအဖျား၊ အပြန်အလှန် ယောဇနာခြင်းကို ဝါကျပရိဝတ္တန ယောဇနာခြင်းဟု ခေါ်သည်။ ဂ-ဝါကျကို ကာရဏာဝါကျကြံခိုက် ယောဇနာပုံတည်း။ ဒင္ဂီဝါကျ ကြံလျှင် ထုံးစံအတိုင်း- ဟိသစ္စံ၊ မှန်၏။ တော၊ တို့သည်(လ)နဟေသုံ- ဟု ယောဇနာလေ။ "နဟိ" ချို၍ ရေးသားသော ဝါကျမျိုးကို ဤအတူ-

၁။ ယုတ္တိဒဋ္ဌိကရဏာ (ဗျတိရေကဒဋ္ဌိကရဏာ)။

၂။ ကာရဏာဝါကျဟု ၂-မျိုး မှတ်ရာ၏။ ကျမ်းတက်ရာ၌ကား "အဘယ်ကြောင့်-ကသ္မာ" ချို၍ အောက်ပါအတိုင်း ကာရဏာတက် တက်လေ။

## ကျမ်းတက်ပုံ

ဆရာ၊ ပါဠိတော်၌ နိဝါသေတ္တာဟု ဆို၏။ နိဝါသေတ္တာ ဟု သာမန်ဆိုလျက် ယင်း ခ-ဝါကျအနက်ကို အဘယ်ကြောင့် သိသနည်း- ကြောင့် ဂ-ဝါကျမိန့်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၃၄၃။

* နဟိတက်ရာ၊ ဟိနက်မှာ၊ ဟိတ်ပါဒဋ္ဌိစွဲ။ (ရွှေ)

---

## ● ဝိဂ္ဂဟနှင့်ဉာသ်ကောက်

**ဝိဟာရနိဝါသန**။ ဝိဟာရေ နိဝတ္ထံ နိဝါသနံ ဝိဟာရနိဝါသနံ။ ဝိဟာရေ၊ ကျောင်း၌။ နိဝတ္ထံ၊ ဝတ်ထားသော။ နိဝါသနံ၊ သင်းပိုင်တည်း။ (ဝိဟာရအရ ကျောင်းနှင့် နိဝါသနအရသင်းပိုင် ဌာနဌာနီ စပ်ကောက်လေ။)

**ဝိဟာရနိဝါသနပရိဝတ္တန**။ ဝိဟာရနိဝါသနဿ ပရိဝတ္တနံ ဝိဟာရနိဝါသနပရိဝတ္တနံ။ ဝိဟာရနိဝါသနဿ၊ ကျောင်း၌ ဝတ်ထားသော သင်းပိုင်ကို။ ပရိဝတ္တနံ၊ ပြန်လှန်ခြင်းတည်း။ သာရတ္ထ၊ ၁။ ၄၂၇-၈။

http://www.dhammadownload.com



## ● ဓာတုပစ္စယာဒိဝိဘာဂ

နိဒ္ဒဟိတွာ။ နိပုဗ္ဗ+ဓာဓာတ်+တွာပစ္စည်း နီတိ၊ ဓာတု။ ၁၀၅။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် နိဝါသေတွာဠ် ဝသဓာတ်သည်နိဝါသ (နေခြင်း) အနက်ကိုမဟော၊ အစ္ဆာဒန (ဖုံးလွှမ်းခြင်း = ဝတ်ခြင်း) အနက်ကိုဟော သတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

† ဝသ နိဝါသေ။ ဝသ–အစ္ဆာဒနေ၊ နီတိ၊ ဓာတု။ ၁၈၄။ ၃၄၉။

(က) ပတ္တစီဝရမာဒါယာတိ ပတ္တံဟတ္ထေဟိစီဝရံကာယေနအာဒိယိတွာ။

(ခ) သမ္ပဋိစ္ဆာဒေတွာ ဓာရေတွာတိ အတ္ထော။

(ဂ) ယေန ဝါတေန ဝါ ဟိ ပကာရေန ဂဏှန္တာ အာဒါယ

ဣစ္စေဝ ဝုစ္စတိ။

(ဃ) ယထာ "သမာဒါယေဝပက္ကမတိ" တိ။ ဋ္ဌ။ ၁၄၆။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၍ က–ဝါကျကား သင်္ခေပ ဝါကျ။

### အနုသန္ဓေတက်

ဤသို့ က–ဝါကျဖြင့် အာဒါယကို အာဒိယိတွာဟု ဖွင့်ပြပြီး၍ (သဒ္ဒါကိုပုဗ္ဗာနုသန္ဓေထားသည်။) ယခုအခါဠ် အာဒိယိတွာပုဒ်၏အနက်ကို ဖွင့်ပြလိုရကား ခ–ဝါကျမိန့်။

ဂ–ဝါကျကား ယုတ္တိဒဋ္ဌီကရဏ ဝါကျ။ ထို–၍ ခ–ဝါကျကား ယုတ္တိဒဋ္ဌီယဝါကျ။

http://www.dhammadownload.com



## ထပနာတိကကျမ်းတက်

ဆရာ၊ ဆရာသည် ခ-ဝါကျဖြင့် အာဒါယ (အာဒီယိတွာ) သဒ္ဒါသည် သမ္ပဋိစ္ဆန, ဓာရဏ ၂-နက်ဟောသောဟု ဆို၏။ အာဒါယ (အာဒီယိတွာ)ဟူသောသဒ္ဒါသည် တစ်ခုတည်းဖြစ်လျက် သမ္ပဋိစ္ဆန,ဓာရဏ၂-နက် ဟောနိုင်ပါသလော။ အသင့် ယုတ္တိကား အဘယ်နည်း—ကြောင့် ဂ-ဝါကျ မိန့်။ (အဓိပ္ပာယ်ဘာသာပြန်။)

ဃ-ဝါကျကား အာဂမာဒင္ဓိကရဏ ဝါကျ။ ထို-၍ ခ-ဝါကျကား အာဂမဒင္ဓိယဝါကျ။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ အာဒီယိတွာဖြင့် အာဒါယ၌ ယ-သဒ္ဒါသည်, အာယ အပြု၏ ယ-သဒ္ဒါမဟုတ်။ တွာပစ္စည်း၏ ကာရိယတည်းဟု သိစေသည်။ (ဒုတိယပစ္စယတ္ထပဒ။)

က-ဝါကျ၌ ပဋ္ဌံ ဟတ္ထေဟိ စိဝရံ ကာယေန-ဖြင့် အာဒါယ၏ ကရိဏ်းကား ပဋ္ဌံအတွက် ဟတ္ထေဟိ စိဝရံအတွက် ကာယေနတည်း ဟု သိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျ၌ သမ္ပဋိစ္ဆာဒေတွာဖြင့် အာပုဗ္ဗ+ဒါဓာတ်သည် ပေးခြင်း = ဒါနအနက်ကိုမဟော၊ အာ-ဥပသာရကြောင့် သမ္ပဋိစ္ဆာဒန = ဖုံးလွှမ်းခြင်းအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အာ-ဥပသာရ၏ ဓာတွတ္ထ ဗာဓကအဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

## သမ္ပဋိစ္ဆေတွာဟုပါဠိရှိလျှင်

က-ဝါကျ၌ သမ္ပဋိစ္ဆေတွာဖြင့် အာ-ပုဗ္ဗ+ဒါဓာတ်သည် ပေးခြင်း = ဒါနအနက်ကိုမဟော၊ အာ-ဥပသာရကြောင့် သမ္ပဋိစ္ဆန = ခံယူ

http://www.dhammadownload.com



ခြင်း အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်းဟုဖော်လေ။ (ကြွင်း အာဘော် သံဝဏ္ဏနာ တူပြီ။)

ခ-ဝါကျ၌ ဓာရေတွာဖြင့် အာ-ပုဗ္ဗဒါဓာတ်သည်ပေးခြင်း ဒါန အနက်ကိုမဟော၊ ဓာရဏ = ဆောင်ယူခြင်းအနက်ကို ဟောသည်၏အဖြစ် ကိုလည်းကောင်း[၁]၊ အာ-ဥပသာရ၏ ဓာတွတ္ထဗာဓက၏အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

## ပါဠိဝိနိစ္ဆယ

**သမ္ပဋိစ္ဆာဒေတွာ၊ သမ္ပဋိစ္ဆေတွာ။** ဆဒ-သံဝရဏေ.....ပဋိစ္ဆာဒေတိ။ နီတိ၊ ဓာတု။ ၁၂။ သမ္ပဋိစ္ဆာဒေတွာရှိလျှင် သံ+ပဋိ+ဆဒ+ဏေ+တွာ ပစ္စည်းဖြင့်ပြီးသည်၊ ဖုံးလွှမ်း၍ဟုအနက်ပေး။

သမ္ပဋိစ္ဆေတွာရှိလျှင် သံ + ပဋိ + ဆေဓာတ် + တွာပစ္စည်း၊ ဂဟဏတ္ထ။ ခံယူ၍အနက်ပေး။ သမ္ပဋိစ္ဆ န္တိ တမေဝရူပံ ပဋိဂ္ဂဏှန္တိ ဝိယ (ဋီကာကျော်)ဟု ဖွင့်သည်။ ထိုကြောင့် ၂ ချက်သင့်။

**မှတ်ချက်။** ပါရာ၊ ဂံ၊ သစ်၊ ၂။ ၃၄၃-၌ သမ္ပဋိစ္ဆန္တိ ကို ဆေ-ဓာတ်ဟု ဆို၍ သမ္ပဋိစ္ဆာဒေတွာမသင့်ဟု ဆုံးဖြတ်သည်။ နီတိ၊ ဓာတု။ ၁၉၀-၌ကား ဣသု ဣစ္ဆာယံ ဣစ္ဆတိ။ သမ္ပဋိစ္ဆတိ။ သမ္ပဋိစ္ဆန်-ဟုရှိသည်။ နှာ။ ၆၀၃-သမ္ပဋိစ္ဆနလည်းကြည့်။

(နော စ ခေါ ဥပဋ္ဌကဋ္ဌာနံ လဒ္ဓါ လဒ္ဓေါ)- လဒ္ဓါတိ လဘိတွာ၊ လဒ္ဓေါတိ ဝါ ပါဌောဟု သာရတ္ထ၊ ၁။ ၄၂၈-ဖွင့်သည်။ ဥပဋ္ဌကဋ္ဌာနံ၊ ကို။ လဒ္ဓါ၊ ရသောကြောင့်။ ဥပဋ္ဌကော၊ အလုပ်အကျွေးသည်။ နောစ ခေါ ဟောတိ၊ မဟုတ်ဟုအနက်ပေး။ လဒ္ဓေါရှိလျှင်။ ဥပဋ္ဌကဋ္ဌာနံ၊ ကို။ လဒ္ဓေါ၊ ရသည်။ နောစခေါဟောတိ-ဟု အနက်ပေး။ ထိုကြောင့် ၂-ချက်သင့်။

(က) ဧဝံ ပုစ္ဆန္တောပိ စ အတ္တသဥ္စိ တံ တထာဂတာ ပုစ္ဆန္တိ။

(ခ) ယံ အတ္တနိဿိတံ ကာရဏနိဿိတံ၊ တဒေဝ ပုစ္ဆန္တိ။ နော အနတ္တသဥ္စိတံ။

http://www.dhammadownload.com



(ဂ) ကသ္မာ ?

(ဃ) ယသ္မာအနတ္တသဋ္ဌိတော သေတုယာတောတထာ ဂတာနံ။

(င) သေတု ဝုစ္စတိ မဂ္ဂေါ။

(စ) မဂ္ဂေနေဝ တာဒိသဿ ဝစနဿ ယာတော။

(ဆ) သမုစ္ဆေဒေါတိ ဝုတ္တံ ဟောတိ။ ဋ္ဌ။ ၁၄၈။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သင်္ခေပဝါကျ။

**မှတ်ချက်။** က-ဝါကျ၌ အတ္တပုဒ်ကိုကာရဏ၊ သဋ္ဌိတပုဒ်ကို နိဿိတ ဟုလည်းကောင်း၊ ယံ-တဒေဝဟု အနိယတ်နိယတ်ဖြင့်လည်းကောင်း၊ အကျယ်ဖွင့်သောကြောင့် ခ-ဝါကျကို ဝိတ္ထာရဟုဆိုသည်။

ဂ-ဝါကျကား ကာရဏပုစ္ဆာဝါကျ။

ဃ-ဝါကျကား ကာရဏဝိသဇ္ဇနာဝါကျ။ ထို-၍ က-ခ-ဝါကျကား ဖလဝါကျ။

င-စ-ဆ ဝါကျကားဝိတ္ထာရဝါကျ။ ထို-၍ ဃ-ဝါကျကား သင်္ခေပ။

**မှတ်ချက်။** င-ဝါကျဖြင့် သေတုပုဒ်အရကောက်ကို၊ စ-ဝါကျဖြင့် သေတုနှင့် ယာတသမာသ်တွဲပုံနှင့် အနတ္တသဋ္ဌိတေ၌ ဝိဘတျတ္တကို ဆ-ဝါကျဖြင့် ယာတော ပုဒ်ကို အကျယ်ဖွင့်ပြသည်။

ထို-င-စ-ဆ ဝိတ္ထာရဝါကျတွင် စ-ဝါကျကား ပက္ခန္တရ၊ ထို-၍ င-ဝါကျကား ပက္ခဝါကျ။ ဆ-ဝါကျကား ပက္ခန္တရ၊ ထို-၍ စ-ဝါကျကား ပက္ခဝါကျ။

---

## ● ဝိဂ္ဂဟနှင့်ဉာသ်ကောက်

**သေတုယာတော။** သေတုနာ ယာတော သေတုယာတော။ သေတုနာ၊ အရဟတ္တမဂ်ဖြင့်။ အနတ္တသဋ္ဌိတဿ၊ အကြောင်းကို မမှီသော စကား (အကျိုးမဲ့သောစကား) ကို။ ယာတော၊ အကြွင်းမဲ့ဖြတ်တော်မူခြင်းတည်။

http://www.dhammadownload.com



သေတုဃာတော၊.....ဖြတ်တော်မူခြင်း။ သေတုပုဒ်+ဃာတပုဒ်။ တတိယာ တပ္ပုရိသ်သမာသ်။

သေတုဟူသော ဝိသေသနပုဒ်အရကား အရဟတ္တမဂ်သည်မှချ။ ယင်း၏အနုတ္တသဥ္ဇီတ စကားကို အကြွင်းမဲ့ဖြတ်တော်မူခြင်းနှင့် သတ္တိမန္တ သတ္တိ, ဂုဏောဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ သေတုဃာတောဟူသော သမာသ်ပုဒ်လုံးအရကား ထိုဖြင့် မှတ်အပ်သော အရဟတ္တမဂ်ဖြင့် အနုတ္တသဥ္ဇီတစကားကို အကြွင်းမဲ့ ဖြတ်ခြင်းရ၏။

ထိုသို့ပင်ရငြားသော်လည်း အနုတ္တသဥ္ဇီတေဟူသော ကံပုဒ်နှင့် ယင်း အနုတ္တသဥ္ဇီတေ၏အဖွင့် တာဒိသဝစနသပုဒ်၏, ဖလူပစာသဒ္ဒါ ဖြစ်သောကြောင့် အရဟတ္တမဂ်ဖြင့် အနုတ္တသဥ္ဇီတစကားဖြစ်ပေါ်ကြောင်း ကိလေသာကိုအကြွင်းမဲ့ဖြတ်ခြင်းရ၏။

**မှတ်ချက်။** ဤညာသ်ကောက်ကား အဋ္ဌကထာ ၄-စ-ဆ-ဝါကျ၊ ဝစနသ စ သမုဋ္ဌါတော တမ္ဗူလကိလေသာနံ့ သမုဋ္ဌါတေနာတိ ဝေဒိတဗ္ဗံ ဟူသော သာရတ္ထ၊ ၁။ ၄၃၂-ကိုရှု၍ ကောက်သောညာသ် ကောက်တည်း။ အာဘော်အဖြေ၊ ဥပစာအဖြေနှင့်ယှဉ်ကြည့်ပါ။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**သဥ္ဇီတ။** သံ+ဓာ+တ။

**သေတု။** သိဓာတ်+တုပစ္စည်း။ သေဝိယတိ ဇနေဟီတိ သေတု။ မောဂ်၊ ၇။ ၇၀။ ပုလ္လိင်၊ ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ။

† ပုရိသေ သေတု အာဋ္ဌိယံ၊ ဓာန်။ ၁၈၉။

**ဃာတော။** ဟနဓာတ် + ဏပစ္စည်း။ ဟနတီတိ ဃာတောဟု ဝိဂ္ဂဟပြု။ ကစ္စည်း။ ၅၉၀။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

ခ-ဝါကျ၌ ကာရဏနိဿိတံဖြင့် အတ္တသဥ္ဇီတံ၌ အတ္တသဒ္ဒါသည် ဝုမိဓနအနက်ကိုမဟော၊ကာရဏအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၁၊ သဥ္ဇီတံသဒ္ဒါ၏ နိဿိတအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၂၊ သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ နာမလိင်္ဂတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** သာရတ္ထ၌ အတ္ထသဥ္ဟိတန္တိ ပယောဇနေသာဝေ ဟု ဖွင့်သည်။ အတ္ထသဒ္ဒါသည် အကျိုး (ပယောဇန) အနက်ကိုဟောသည်။ အတ္ထသဥ္ဟိတ=အကျိုးရှိသော စကားသည်ပင် မေးခြင်း ( ပုစ္ဆန္တိ ) ၏ အကြောင်းဖြစ်၍ အဋ္ဌကထာ၌ ကာရဏနိဿိတံဟုဖွင့်သည်။

ငဝါကျဖြင့် သေတုသဒ္ဒါသည် တံတား, အကြောင်း အနက်တို့ကို မဟော၊ (အရဟတ္တ) မဂ်ဟူသောအနက်ကို ဟောသတည်းဟု သိစေသည်။ (နှာမလိင်္ဂတ္ထ။)

**မှတ်ချက်။** အတ္ထုဒ္ဒေသဝါကျအတိုင်းဖော်လေဦး။

† အာလိယံ သေတု ကာရဏော။ ဓာန်။ ၁၁၀၀။

ခဝါကျ၌ မဂ္ဂေနေဝ ဃာတောဖြင့် သေတုဃာတောကို သေ တုနာဃာတော သေတုဃာတောဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

ခဝါကျ၌ တာဒိသဿဝစနဿဖြင့် အနတ္ထသုဥ္ဟိတေ၌ သို့ ဝိဘတ် သည် သာမိအနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ အနတ္ထ သဥ္ဟိတအရ စကားဒြဗ် ထိအောင် ယူရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။ သာရတ္ထ၊ ၁။ ၄၃၂၊ ဝိမတိ၊ ၁။ ၉၀။

၁။ ဝိဘတျတ္ထ။ ၂။ အဘိဓေယျတ္ထ။

ဆဝါကျဖြင့် ဃာတော=သတ်၏ဟူသည် သမုစ္ဆေဒ = အကြွင်းမဲ့ ပယ်ဖြတ်ခြင်းပင်တည်းဟုသိစေသည်။ (ဘာဝတ္ထ။)

**တစ်နည်း။** ဃာတော = ဟန+ဏ-ကို သမုစ္ဆေဒ = သံ+ဥ+ဆိဒိ အ-ဖြင့် ဖွင့်သည်။ ဃာတောကိုဟနနံ သမုစ္ဆေဒနံ ဃာတောဟု ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဏ-ပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည် ၏အဖြစ်ကိုလည်းကောင်း[၂]၊ ဟနဓာတ်၏ သမုစ္ဆေဒန အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

http://www.dhammadownload.com



## ● နည်းနှင့်ဥပစာ

**အနတ္တသဥ္ဉီတော။** အကျိုးဖြစ်သော အကျိုးမဲ့ စကား၏ အနတ္တသဥ္ဉိတ အမည်ကို အကြောင်း ဖြစ်သော ကိလေသာ၌ တင်စား၍ အကြောင်းဖြစ်သော ကိလေသာကို အနတ္တသဥ္ဉိတေဟု ဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

**တာဒိသသဿဝစနသဿ။** အကျိုးဖြစ်သော ထိုကဲ့သို့ ရှုအပ်သော အကျိုးမဲ့ စကား၏ တာဒိတဿ ဝစနဿ အမည်ကို အကြောင်းဖြစ်သော ကိလေသာ၌တင်စား၍ အကြောင်းဖြစ်သော ကိလေသာကို တဒိသဿ ဝစနဿဟုဆိုသောကြောင့် ဖလူပစာ။ (အဝိနာဘာဝနည်း။)

**သေတု။** အတူဖြစ်သော တံတား၏ သေတုအမည်ကို အတူရှိသော မဂ်၌ တင်စား၍ အတူရှိသောမဂ်ကို သေတုဟု ဆိုသောကြောင့် သဒိသူပစာ။ (နေယျတ္ထ၊ ရုဠှီနည်း။)

**တစ်နည်း။** အပေါင်းဖြစ်သော တံတား, အကြောင်းမဂ်တို့၏ သေတုအမည်ကို အစိတ်ဖြစ်သောမဂ်၌တင်စား၍ အစိတ်ဖြစ်သောမဂ်ကို သေတုဟုဆိုသောကြောင့် ကေဒေသျူပစာ။ ဝါ-သမုဒါယူပစာ။

**မဂ္ဂေါ။** အပေါင်းဖြစ်သော အရိယာမဂ်လေးပါး၏ မဂ္ဂေါအမည်ကို အစိတ်ဖြစ်သော အရဟတ္တမဂ်၌တင်စား၍ အစိတ်ဖြစ်သော အရဟတ္တမဂ်ကို မဂ္ဂေါဟုဆိုသောကြောင့် ကေဒေသျူပစာ။ ဝါ-သမုဒါ ယူပစာ။

**မှတ်ချက်။** မဂ္ဂေါ,မဂ္ဂေနေဝဟု သာမန်ဆိုသော်လည်း သမုစ္ဆေဒေါ ကိုထောက်၍ အရဟတ္တမဂ်ကိုရသည်။

## နေတ္တိမှတ်ဖွယ်

သေတုအရ အရဟတ္တမဂ်ကိုရသဖြင့် ပဒဋ္ဌာနာဟာရ, လက္ခဏာ ဟာရစသည်မေးနိုင်သည်ကိုသတိပြု။

---

(က) ဣဒါနိ အတ္တသဥ္ဉိတန္တိ ၉ ၄ (လ) ဒွိဟာကာရေဟိ" တိ အာဒိမာဟ။

(ခ) တဏ္ဍ အာကာရေဟိတိ ကာရဏေဟိ။

http://www.dhammadownload.com



(ဂ) ဓမ္မံ ဝါ ဒေသေဿာမာတိ အဋ္ဌုပ္ပတ္တိယုတ္တံ သုတ္တံ ဝါ ပုဗ္ဗစရိတကာရဏယုတ္တံ ဇာတကံ ဝါ ကထယိဿာမ။

(ဃ) သာဝကာနံ ဝါ(လ)ပညပေဿာမ အာဏံ ဥပေဿာမ။

ဋ္ဌ။ ၁၄၈။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-မှ ဃ-တိုင်အောင်ကား အဝယဝတ္ထကို ဖွင့်ပြသော ဝိတ္ထာရ ဝါကျ။ ထို-၍ က-ဝါကျကား အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထကိုဖွင့်ပြသော သင်္ခေပဝါကျ။

ဂ-ဝါကျကား ပက္ခန္တရ။ ခ-ဝါကျကား ပက္ခဝါကျ။ ဃ-ဝါကျကား ပက္ခန္တရ။ ဂ-ဝါကျကား ပက္ခဟုထုံးစံအတိုင်းခွဲလေ။ ပေါင်းပြီး စိတ်ပြ။ ပက္ခန္တရများတည်း။

---

## ● ဝိဂ္ဂဟနှင့်ညာသ်ကောက်

**အဋ္ဌုပ္ပတ္တိ**။ ဥပ္ပဇ္ဇတိ ဧတ္ထ, ဧတာယာတိ ဥပ္ပတ္တိ (အစိတ်ဝိဂ္ဂဟ) အတ္ထဿ ဥပ္ပတ္တိ အဋ္ဌုပ္ပတ္တိ။ (အပေါင်းဝိဂ္ဂဟ။) အတ္ထဿ၊ တရား ဟော ခြင်း၏အကြောင်း၏။ ဥပ္ပတ္တိ၊ ဖြစ်ရာတည်း။ ဝါ၊ အတ္ထဿ၊ တရားဟော ခြင်းစသောအကျိုး၏။ ဥပ္ပတ္တိ၊ ဖြစ်ကြောင်း တည်း။ ဣတိ အဋ္ဌုပ္ပတ္တိ။ အတ္ထပုဒ်+ဥပ္ပတ္တိပုဒ်။ ဆဋ္ဌီတပ္ပုရိသ် သမာသ်။

အတ္ထ ဟူသော ဝိသေသနပုဒ်အရ တရားဟောခြင်း၏အကြောင်း၊ ဝါ-တရားဟောခြင်းတည်းဟူသောအကျိုးမှရ၏။ ယင်း၏ ပစ္စုပ္ပန်ဝတ္ထုနှင့် အကြောင်းအကျိုး, အကျိုးအကြောင်း အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ အဋ္ဌုပ္ပတ္တိဟူသော သမာသ်ပုဒ်လုံးအရကား တရားဟောခြင်း၏ အကြောင်း၏ ဖြစ်ပေါ်ရာ၊ ဝါ-တရားဟောခြင်းတည်းဟူသော အကျိုး၏ ဖြစ်ကြောင်း ပစ္စုပ္ပန်ဝတ္ထုရ၏။

† အတ္ထော ဓမ္မဒေသနာယ ဟေတု ဥပ္ပဇ္ဇတိ ဧတ္ထ, ဓမ္မဒေသနာ ဒီကော ဝါ အတ္ထော ဥပ္ပဇ္ဇတိ ဧတာယာတိ အဋ္ဌုပ္ပတ္တိ။ ပစ္စုပ္ပန္နဝတ္ထု။ ဝိမတိ၊ ၁။ ၉၀။

http://www.dhammadownload.com



**အာကာရော။** အာကရောတိ အတ္တနော အနုရူပတာယ သမရိယာဒံ သပရိစ္ဆေဒံ ဖလံ နိပ္ဖတ္တေတီတိ အာကာရော။ သာရတ္ထ၊ ၁။ ၄၃၂။ ယံကာရဏံ၊ အကြင် အကြောင်းသည်။ အတ္တနော၊ မိမိအား။ အနုရူပတာယ၊ လျောက်ပတ်သည်၏ အဖြစ် အားဖြင့်။ သမရိယာဒံ သပရိစ္ဆေဒံ၊ အပိုင်းအခြားနှင့်တကွသော။ ဖလံ၊ အကျိုးကို။ ကရောတိ၊ ပြုတတ်၏။ နိပ္ဖတ္တေတိ၊ ပြီးစေ တတ်၏။ ဣတိ တံ ကာရဏံ အာကာရော။ ကတ္တုသာဓန။ အာပုဗ္ဗ+ကရဓာတ်+ဏပစ္စည်း။

အာ ဥပသာရအရကား ဓာတွတ္ထာနုဝတ္တက ဘောဂဏ် ရှ၏။ ကရဓာတ်အရကား မိမိအား လျောက်ပတ်သည်၏ အဖြစ်ဖြင့် အပိုင်းအခြားနှင့်တကွသော အကျိုးကို ပြုတတ် ပြီးစေတတ်သော အကြောင်းတရား၏ဥပ္ပါဒရှ၏။ ဏ ပစ္စည်း အရကား ဥပ္ပါဒဝန္တ ဖြစ်သော ယင်းအကျိုးကိုပြုတတ်ပြီးစေတတ်သော အကြောင်းတရားရှ၏။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

ခ–ဝါကျဖြင့် အာကာရသဒ္ဒါ သဏ္ဌာနစသောအနက်ကိုမဟော၊ ကာရဏအနက်ကိုဟောသတည်းဟုသိစေသည်။

**မှတ်ချက်။** အတ္တုဒ္ဒေသအတိုင်းဖော်လေဦး။

✝ အာကာရော ကာရဏေ ဝုတ္တော။ သဏ္ဌာနေ ဣင်္ဂိတေ ပိစ။

ဓာန်။ ၉၈၂။

ဂ=ဝါကျဒ္ဒြ ကထယိဿာမဖြင့် ဒေသေ ဿာမဒ္ဒြ ဒိသိဓာတ်၏ ဥစ္စာရဏ(ပြောဆိုခြင်း)အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၁]၊ ကြွင်းပါဠိများဖြင့် ဓမ္မအရသုတ်, ဓာတ်ကိုယူရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ အဘိဓေယျတ္ထ။

ဃ–ဝါကျဒ္ဒြ ဋ္ဌပေဿာမ ပညပေဿာမဒ္ဒြ ပပုဗ္ဗ ဥပ ဓာတ်သည် ထားခြင်း (နိက္ခိပန = ဌပန) အနက်ကိုဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

✝ ပပုဗ္ဗော နိက္ခိပနေ။ နိတိ၊ ဓာတု။ ၃၂၂။

http://www.dhammadownload.com



**အဋ္ဌုပ္ပတ္တိ။ အတ္ထုပ္ပတ္တိ။** ဝိဂ္ဂဟာအဖြေ၊ ဝိမတိ၌ ဖွင့်သော ဝိဂ္ဂဟာကို ထောက်၍လည်းကောင်း၊ တ္ထကာရသ္သ ဋ္ဌကာရံ ကတွာဟူသော သီ၊ ဋီ၊ သစ်၊ ၁။ ကို ထောက်၍လည်းကောင်း၊ အဋ္ဌုပ္ပတ္တိရှိသောပါဌ်သာသင့်သည်။

† အရုဏ်ယတော အဝဂန္တဗ္ဗတော အတ္ထော။ ဝုစ္စတိ သုတ္တ ဒေသနာယ ဝတ္ထု၊ တဿ ဥပ္ပတ္တိ အတ္ထုပ္ပတ္တိ။ သောဝေ အဋ္ဌုပ္ပတ္တိ တ္ထကာရဿ ဋ္ဌကာရံ ကတွာ။ သီ၊ ဋီ၊ သစ်၊ ၁။ ၂၁၆။

## နည်းနှင့်ဥပစာ

**အာကာရေဟိ။** အပေါင်းဖြစ်သော ကာရဏ, သဏ္ဌာန, ဣင်္ဂိတ တို့၏ အာကာရအမည်ကို အစိတ်ဖြစ်သော ကာရဏ၌တင်.....ကေဒေသျူ ပစာ၊ ဝါ–သမုဒါယူပစာ။ (အတ္ထုဒ္ဓါရ, အတ္ထုဒ္ဓေသဉ္ဂဟနေကျဥပစာ။)

## နည်းဥပစာမှတ်ဖွယ်

**ဒုဗ္ဘိက္ခဝိဇိတံ။** အကြောင်းဖြစ်သော ငတ်မွတ် ခေါင်းပါးခြင်း ကိုအောင်နိုင်ခြင်း၏ ဒုဗ္ဘိက္ခ ဝိဇိတံအမည်ကို အကျိုးဖြစ်သော စိန္တာ, ဝိဃာတကိုအောင်ခြင်း၌တင်စား၍ အကျိုးဖြစ်သော စိန္တာ, ဝိဃာတကို အောင်ခြင်းကို ဒုဗ္ဘိက္ခဝိဇိတံဟု ဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တ ရိက်နည်း။)

**ရှင်းလင်းချက်။** ဝေရဉ္ဇာပြည်သို့ ရောက်ရှိသော ရဟန်းများ ကား ငတ်မွတ်ခေါင်းပါးခြင်း ဒုဗ္ဘိက္ခကို အောင်နိုင်ကြသည် မဟုတ်။ ယင်းဒုဗ္ဘိက္ခကြောင့် ဖြစ်ပေါ်လာသော "ဝေရဉ္ဇာပြည် အနီးအပါး သာယာ ဝပြောသောရွာနိဂုံးများသို့သွား၍ ဆွမ်းခံရလျှင်ကောင်းမှာပဲ၊ ဘုရားရှင် ထားမြစ်ထားလို့သာ ငတ်မွတ်နေရသည်ဟု ကြံစည်မှု = စိန္တာ၊ စိတ် ဆင်းရဲမှု = ဝိဃာတတို့ကို ထိန်းသိမ်း ထားနိုင်ခြင်း၊ အောင်နိုင်ခြင်းကို ဒုဗ္ဘိက္ခဝိဇိတံဟုတင်စား၍ ဆိုသတည်း။ ဋ္ဌ။ ၁၄၉။ ကထံ ? အယံဝေရဉ္ဇာ စသောအကျယ်ဝါကျကြည့်ပါ။

**တုမေ့နိဿာယ။** ဌာနဖြစ်သောပုဂ္ဂိုလ်တို့ ဒြဗ်၏ တုမှေဟူသော အမည်ကို ဌာနီဖြစ်သောအလိုနည်းသောအကျင့် (အပ္ပိစ္ဆပဋိပဒါ) ၌ တင်

http://www.dhammadownload.com



စား၍ ဌာနီဖြစ်သော အပ္ပိစ္ဆ၊ပဋိပဒါကို တုမေ့ဟု ဆိုသော ကြောင့် ဌာနူပစာ။ (နာနန္တ ရီကနည်း။)

**မှတ်ချက်။** တုမေ့နိဿာယာ (ဋ္ဌ။ ၁၅၀) တိ တုမှာကံ ဣမံ အပ္ပိစ္ဆပဋိပဒံ နိဿာယ။ သာရတ္ထ၊ ၁။ ၄၃၅။ ဤအဖွင့်နှင့် အညီ ဌာနူပစာ တင်သည်။ ပါ၊ ရာ၊ ဂံ၊ သစ်၊ ၂။ ၃၅၄–၌ ဂုဏူပစာဟု ဆိုသည်။ ဂုဏူပစာ ဆိုလျှင် ဌာနူပစာနှင့်တူမည်။

---

(က) သမ္ဗန္ဓန္တိ မဓုရံ။

(ခ) သာဒုရသန္တိ အတ္ထော။

(ဂ) ယထေဝ ဟိ "တတြဿ ရက္ခော သမ္ဗန္ဓဖလော စ ဥပပန္န ဖလောစာ" တိ ဧတ္ထ မဓုရဖလောတိ အတ္ထော။ ဧဝမိဓာပိ သမ္ဗန္ဓန္တိ မဓုရံ သာဒုရသန္တိ ဝေဒိတဗ္ဗံ။ ဋ္ဌ။ ၁၅၀။

## ဝါကျခွဲနှင့်ကျမ်းတက်

## လျှဉ်းပါး၍ပုစ္ဆာတက်ပုံ

ဆရာမဟာမောဂ္ဂလ္လာန်ထေရ်သည် ဟေဋ္ဌိမတလံ သမ္ဗန္ဓံဟု မြတ်စွာဘုရားအားလျှောက်ထား၏။ (ဝိ၊ ၁။ ၈–စာပိုဒ်၊ ၁၇။ကိုရှု၍ ထပနာထားသည်။) ယင်းဟေဋ္ဌိမတလံ သမ္ဗန္ဓံ ဟူသော စကား၌ သမ္ဗန္ဓသဒ္ဒါသည် ပရိပုဏ္ဏသမ္ဗန္ဓ, သမဂ္ဂိသမ္ဗန္ဓအနက်ကိုဟောပါသလော။ (အာဘော် အဖြေ၌ ဗျတိရေကအာဘော်ကို ကျမ်းတက်ရာ၌ စောဒက၏ အာဘော် ပြုသည်။) ယင်း၌ သမ္ဗန္ဓသဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း– ကြောင့် မဓုရံ ဟူသော သံဝဏ္ဏနာကိုမိန့်။ ကား– ယင်း၌ သမ္ဗန္ဓသဒ္ဒါသည် ပရိပုဏ္ဏသမ္ဗန္ဓ, သမဂ္ဂိသမ္ဗန္ဓအနက်ကိုမဟော၊ မဓုရသမ္ဗန္ဓအနက်ကို ဟော၏ဟူလို။

ခ–ဝါကျကား ဝိဏ္ဏာရ ဝါကျ။ ထို–၍ က–ဝါကျကား သင်္ခေပဝါကျ။

ဂ–ဝါကျကား တပ္ပါကဋီကရဏ ဝါကျ။ ထို–၍ က–ခ–ဝါကျကား တပ္ပါကဋီကရဏီယဝါကျ။ ဝါ–အပါကဋဝါကျ။

http://www.dhammadownload.com



## တပ္ပါကဋိကရဏနှင့်အပါကဋ

တပ္ပါကဋိကရဏ = တံ အပါကဋံ + ပါကဋိ + ကရဏ = မပေါ်လွင် မထင်ရှားသော ရှေ့ဝါကျကို + ပေါ်လွင် ထင်ရှားအောင် + ဖွင့်ပြသော ဝါကျ။ ရှေ့ (မူလ) ဝါကျကို ပေါ်လွင်ထင်ရှားအောင် ဥပမာ, ဟိတ်, အနိယတ်နိယတ်စသည်တို့ဖြင့် ဖွင့်ပြလိုသဖြင့် တက်လာသောနောက် (မူလီ) ဝါကျကို (တပ္ပါကဋိ ကရဏသဿ ဒီပကံ ဝါကျံအရ) တပ္ပါကဋိ ကရဏဝါကျ ဟု ခေါ်သည်။ ယင်းနောက် (မူလီ) ဝါကျကို ထောက်၍ ရှေ့ (မူလ) ဝါကျသည် ဥပမာ စသည်ဖြင့် ပေါ်လွင်ထင်ရှားအောင် ဖွင့်ပြအပ် (အဖွင့်ခံရ) သောကြောင့် တပ္ပါကဋိကရဏီယ ဝါကျ မည်၏။ ဝါ-မထင်ရှားသောကြောင့် အပါကဋဝါကျမည်၏။

**ရှင်းလင်းချက်။** သမ္ဗန္ဓသဒ္ဒါ မခုရအနက်, သာဒုရသ အနက်ကိုဟောသည်ဟု က-ခ-ဝါကျဖြင့် ဖွင့်ပြပြီးနောက် ယင်းအနက်ကို ဟောသည်ဟုဆိုရာ၌ ဥပမာနဖြင့်ပေါ်လွင်ထင်ရှားအောင်ဖွင့်ပြလို၍ ဂ-ဝါကျ တက်လာသည်။ သမ္ဗန္ဓဖလော၌ သမ္ဗန္ဓသဒ္ဒါသည် မခုရအနက်ဟောသကဲ့သို့ ဤဟေဋ္ဌိမတလံ သမ္ဗန္ဓံ၌ သမ္ဗန္ဓ သဒ္ဒါ သည်လည်း မခုရ အနက်ကို ဟောသည်ဟုပေါ်လွင်ထင်ရှားအောင်ဖွင့်ပြသည်ဟုမှတ်ရာ၏။

## တပ္ပါကဋိကရဏဝါကျအမျိုးမျိုး

၁။ ဒဋ္ဌိကရဏနှင့်ရောသော တပ္ပါကဋိကရဏဝါကျ။

၂။ ဝိတ္ထာရ, ဟေတု စသည်နှင့် ရောသော တပ္ပါကဋိ ကရဏ ဝါကျ။

၃။ ဒဋ္ဌိကရဏ၊ ဝိတ္ထာရစသည် မရောဘဲ ဥပမာန ဥပမေယျ သက်သက်ဖြင့် ဖွင့်သော တပ္ပါကဋိကရဏဝါကျ။

၁။ ဤ၌ ဂ-ဝါကျကား အာဂမဒဋ္ဌိကရဏနှင့် ရောသော တပ္ပါ ကဋိကရဏည်း။ ဂ-ဝါကျ ဥပမာနဖက်၍ ထုတ်ပြသော "တတြသဿ (လ) ဖလောစ"ဝါကျမှာ မ၊ ၂။ ၂၉-လာ ပါဠိဖြစ်ရာ ယင်း ဥပမာနဝါကျကို အာဂမဒဋ္ဌိကရဏဟုယူသင့်၏။ သို့သော် က-ခ-မူလဝါကျ စကားကို ဂ-ဝါကျ၌ ဥပမေယျ အဖြစ်ဖြင့် ထပ်ပြထားသဖြင့် ဥပမာန ဥပမေယျ

http://www.dhammadownload.com



စုံနေသောကြောင့် တပ္ပါကင္ဂိကရဏ ဝါကျဟု ဆုံးဖြတ်ရတော့သည်။ က–ခ–နှင့် ဂ–ဝါကျ ယှဉ်ကြည့်ပါ။

## ဝါကျပြင်၍ရေးလိုက်လျှင်

(က) သမ္ပန္နံ့ မဓုရံ၊ သာဒုရသင်္က အတ္တော။

(ခ) တတြိဿ ရက္ခော သမ္ပန္နဖလော စ ဥပပန္နဖလောစာတိ

အာဒီသုဝိယ။

ဤသို့ပြင်ရေးလိုက်လျှင် ခ–ဝါကျကို ဘာဝါကျဟု နာမည်ပေးမည်နည်း။ ဥပမာန၊ ဝါ–အာဂမဒဠ္ဌိကရဏဟု နာမည်ပေးရမည် မဟုတ်လော။ ဋ္ဌ။ ၁၀၁။ ကေမန္တံ့အဖွင့်။ ၁၀၂–အဘိဝါဒေတိ ဝါကျများနှင့် ယှဉ်ကြည့်လျှင် ဥပမေယျ ဒဠ္ဌိယဝါကျကို ဥပမာန အာဂမဒဠ္ဌိကရဏဖြင့် ဖွင့်ထားကြောင်း တွေ့ရပေမည်။ သို့ဖြစ်၍ ဤ၌ ဂ–ဝါကျကို ဒဠ္ဌိကရဏနှင့် ရောသော တပ္ပါကင္ဂိကရဏဟူ၍ ဆိုခဲ့ပေသည်။

၂။ အယံပနေတ္တ ချီသော ဒီ၊ ဋ္ဌ၊ ၁။ ၃၀–ကို အယန္တိ အာဒိ တပ္ပါကင္ဂိကရဏံ ဟု သီ၊ ဋီ၊ သစ်၊ ၁။ ၁၅၄ ၌ ဖွင့်ပြ၏။ ယဥ္စိတံ (လ) တံ ပရမတ္ထတော ဝိဇ္ဇမာနန္တိ။ ဒီ၊ ဋ္ဌ၊ ၁။ ၃၀–ကို ယဥ္စိတိ အာဒိ တပ္ပါကင္ဂိကရဏံ၊ ဟေတုဒဿနံဝါ၊ ဟု သီ၊ ဋီ၊ သစ်၊ ၁။ ၁၅၅–၌ ဖွင့်ပြ၏။ ဒီ ဋ္ဌ၊ ၁။ ၃၀–လာ ယင်းဝါကျတို့ကို ဝိတ္ထာရနှင့်ရောသော တပ္ပါကင္ဂိကရဏဟုယူရာ၏။

၃။ ရူပါရမ္မဏာဠီ (လ) မနောဒွါရေယေဝ အာပဇ္ဇတိ။ ယထာ ဟိ သကုဏော (လ) ကေကွဏေယေဝ ဘဝန္တိ။ အဘိ၊ ဋ္ဌ၊ ၁။ ၁၁၄–၌ ဟထာဟိချီသောဝါကျကား ဒဠ္ဌိကရဏစသည်မရောဘဲ ဥပမာနဥပမေယျ သက်သက်ဖြင့် ပေါ်လွင်ထင်ရှားအောင် ဖွင့်ပြသော တပ္ပါကင္ဂိ ကရဏ ဝါကျမျိုးတည်း။

* မူလစကား၊ လျှိုးဝှက် ငြား၍ ထင်ရှားပြဘိ နိပါတ်ရှိ၊ ယှဉ်ဘိပါကဋ္ဌာ။ **(ရေစကြို)**

* လိနတ်တဖြာ၊ ဥပမာနောက်၊ ဟိလျှင်ရောက်၊ နက်ကောက် ထင်ရှားစွဲ။ **(ရွှေ)**

http://www.dhammadownload.com



* နောက်ဝါကျရှိ၊ ယထာဟိ၊ ပြဘိပါကဋ္ဌိ။ (သစ်)

† ပုဗ္ဗေ အပါကဋေယော၊ ဥပမာဒီဟိ ယံ ပန။
ပါကဋံ ကရဏံ တဿ၊ တပ္ပါကဋီကရနာမကံ။
ဂန္ထာ ဘရဏ။ ၁၅။ (–ဂန္ထဋ္ဌိ။ ၄၁-၃။)

† တံ အပါကဋံ ပုဗ္ဗဝါကျံ ပါကဋံ ကရောတိ၊
တဿ ဝါ အပါကဋဿ ပုဗ္ဗဝါကျဿ ပါကဋံ ကရောတိ
အနေနာတိ တပ္ပါကဋီကရံ။ ပစ္ဆိမဝါကျံ။ ဂန္ထာဘရဏ။ ဋီ၊
နှာ။ ၁၄။ (–၂၁။)

† ဥပမာဒီဟီတိ ဥပမာနဥပမေယျာဒီဟိ။
အာဒိသဒ္ဒေန ဟေတုအာဒိကေ သင်္ဂဏှာတိ။
ဂန္ထာဘရဏ၊ ဋီ။ နှာ၊ ၁၄။

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

မဇ္ဈရ။ မဇ္ဈ အဿ အတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ မဇ္ဈရံ။ (ရူ။ ၃၅၉။) အဿဟေဋ္ဌိမတလဿ၊ ထိုအောက်မြေအပြင်အား၊ ဝါ-တသ္မိံ၊ ထို-၌။ မဇ္ဈ၊ ချိုသောအရသာသည်။ အတ္ထိ၊ ၏။ ဣတိ တံ မဇ္ဈရံ။ အဿတ္ထိတဒ္ဓိတ်။ မဇ္ဈပုဒ် ရပစ္စည်း။

မဇ္ဈဟူသောတဒ္ဓိတ်ပုဒ်အရကား ချိုသောအရသာသည်မှချ။ ယင်း၏ အောက်မြေအပြင်နှင့် ဂုဏ်ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ရပစ္စည်း အရကား ထို ဖြင့်မှတ်အပ်သော ချိုသော အရသာ ရှိသော (ဟေဋ္ဌိမတလံဟူသော သမ္မန္တပုဒ်၏တုလျက်နှင့်သာဒုရသံဟူသော ဝိတ္ထာရ အောက်မြေပြင်ရ၏။ အဖွင့်ကိုမျှော်၍ ဉာဏ်ကောက်သည်။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ပရိပုဏ္ဏသမ္ဗန္ဓ, သမ်ဂီသမ္ဗန္ဓ မဇ္ဈရသမ္ဗန္ဓဟု သပန္ဓ သုံးမျိုးတွင် ဤ၌မဇ္ဈရသမ္ဗန္ဓကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

**တစ်နည်း။** က-ဝါကျဖြင့် သမ္ဗန္ဓသဒ္ဒါသည် ပရိပုဏ္ဏ အနက် သမ်ဂီအနက်ကိုမဟော၊ မဇ္ဈရအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

† သမ္ဗန္ဓော တိသု သမ္ပုဏ္ဏေ မဇ္ဈရေ စ သမ်ဂီနိ။ ဓာန်။ ၈၄၅။

http://www.dhammadownload.com



## သမ္မန္ဒသုံးမျိုးအထူး

၁။ မကြွင်းမကျန်၊ ပြည်စုံဟန်၊ ပရိပုဏ္ဏာသမ္မန္ဒ။

၂။ အစဉ်မပြတ်၊ ပြည်စုံလတ်၊ မှတ်လေသမ်ဂီသမ္မန္ဒ။

၃။ ဂုဏ်နှင့်မှချ၊ ပြည်စုံက၊ မှတ်ကြမဓုရ သမ္မန္ဒ။

(မန်လည်ဋီကာကျော်နိယံ)

## အာဘော်အဆက်

ခ-ဝါကျဖြင့် မဓုရဟူသည် ချိုမြိန်သောအရသာရှိခြင်းပင်တည်း။ ဝါ-မဓုရ သဒ္ဒါသည် ပိယ အနက်ကိုမဟော၊ သာဒု = အချို ဟူသော အနက်ကိုဟောသတည်း ဟု သိစေသည်။ (ဘာဝတ္ထ၊ ဝါ- နာမလိင်္ဂတ္ထ။)

† သာဒုမှိ မဓုရော ပိယေ။ ဓာန်။ ၁၀၆၇။

## ● နည်းနှင့်ဥပစာ

**ဟေဋ္ဌိမတလံသမ္မန္ဒံ။** ဌာနဖြစ်သော အောက်မြေအပြင်၏ ဟေဋ္ဌိမ တလအမည်ကို ဌာနီဖြစ်သောပထဝီမဏ္ဍ, ပထဝေါဇ, ပထဝီပပ္ပဋကဍ္ဍ တင်စား၍ ပထဝီမဏ္ဍ, ပထဝေါဇ, ပထဝီပပ္ပဋကကို ဟေဋ္ဌိမတလဟုဆိုသော ကြောင့် ဌာနူပစာ။ (နာနတ္တ ရိကနည်း။)

**မှတ်ချက်။** ဟေဋ္ဌိမတလံ သမ္မန္ဒ္ဒီစသည်ဖွင့်သော ဋ္ဌ။ ၁၅၀-နှင့် ယှဉ်ကြည့်ပါ။

**သမ္မန္ဒံ။** အပေါင်းဖြစ်သော သမ္ပုဏ္ဏ, မဓုရသမ်ဂီတို့၏ သမ္မန္ဒ အမည်ကိုအစိတ်မဓုရ၌တင်လေ။ ဧကဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

**မဓုရံ။** အပေါင်းဖြစ်သော သာဒုပိယတို့၏ မဓုရအမည်ကို အစိတ် သာဒု၌တင်၊ ဧကဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

## ● ပါဠိဝိနိစ္ဆယ

**သာဒုရသ-သာဓုရသ။** ရသဟူသောပုဒ်နှင့်ယှဉ်တွဲနေသဖြင့် အကောင်း (သုန္ဒရ)အနက်သာဓုကားဤ၌မလို။ သဒ-အဿာဒနေ အဿာဒီယတီတိ

http://www.dhammadownload.com



သာဒု ရှု။ ဖ၃၅-ကိုလည်းကောင်း၊ သဒ္ဒအဿာဒနေ၊ ဏာ-စသော သူစိကိုထောက်၍ လည်းကောင်း၊ သဒ္ဒဓာတ်+ဏာပစ္စည်းဖြင့်ရုပ်ပြီး၍ ချိုသောအရသာ ဟောသဖြင့် သဒ္ဒါသာ ဤသို့ရှိသင့်သည်။

(က) ခုဒ္ဒမဓုန္တိ ခုဒ္ဒကမက္ခိကာဟိ ကတမဓု။

(ခ) အနီဠကန္တိ နိမ္မက္ခိကံ နိမ္မက္ခိကဏ္ဍကံ ပရိသုဒ္ဓံ။

(ဂ) တေံ ကိရ မဓု သဗ္ဗမဓူဟိ အဂ္ဂဉ္စ သေဋ္ဌဉ္စ သုရသဉ္စ ဩဇဝန္တဉ္စ။

(ဃ) တေနာဟ "သေယျထာပိ ခုဒ္ဒမဓုံ အနီဠကံ၊ ဧဝမဿာ ဒန္တိ။ ဋ္ဌ။ ၁၅၁။

● ဝါကျစွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရ ဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

ဂ-ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို-၍ က-ခ ဝါကျကား အာရဒ္ဓဝါကျ။

ဃ-ဝါကျကား အာဂမဒဠှီကရဏဝါကျ။ ထို-၍ ဂ-ဝါကျကား အာဂမဒဠှီယဝါကျ။

## ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

ခုဒ္ဒမဓု။ ခုဒ္ဒါဟိ ကတံ မဓု ခုဒ္ဒမဓု။ ခုဒ္ဒါဟိ၊ ပျားငယ်၊ ဝါ - ယင်းပျားတို့သည်။ ကတံ၊ ပြုအပ်သော။ မဓု၊ ပျားရည်တည်း။ ခုဒ္ဒမဓု၊ ပျားငယ်၊ ဝါ - ယင်းပျားတို့သည် ပြုအပ်သော ပျားရည်။ (ခုဒ္ဒါမဓုဟုဆိုလိုလျက် ရဿပြု၍ ခုဒ္ဒမဓုံပြီးသည်။) ခုဒ္ဒါပုဒ် + မဓုပုဒ်။ တတိယာ တပ္ပုရိသ်သမာသ်။

ခုဒ္ဒါဟူသော ဝိသေသနပုဒ်အရကား ပျားငယ်၊ ဝါ-ယင်းပျားတို့ ဖြစ်သည်မှချ။ ယင်းတို့၏ ပျားရည်ဖြစ်နှင့် သာဓက သာချ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ ခုဒ္ဒမက္ခိကာ ဟူသော သမာသ်ပုဒ်လုံး

http://www.dhammadownload.com



အရကား ထို-ဖြင့် မှတ်အပ်သော ပျားငယ်၊ ဝါ-ယင်းပျားတို့သည် ပြုအပ်သော ပျားရည်ရ၏။

**တစ်နည်း။** ခုဒ္ဒါပဟိ ကတံ ခုဒ္ဒံ (အစိတ်ဝိဂ္ဂဟ)။ ကတတဒ္ဓိတ်။ ခုဒ္ဒါပုဒ်+ဏ-ပစ္စည်း။ ခုဒ္ဒါပဟိ၊ တို့သည်။ ကတံ၊ ပြုအပ်သည်တည်း။ ခုဒ္ဒံ၊ -တို့သည်ပြုအပ်သည်။

ခုဒ္ဒဥ္စ တံ မဓုစာတိ ခုဒ္ဒမဓု (အပေါင်းဝိဂ္ဂဟ)။ ခုဒ္ဒဥ္စ၊ ပျားငယ်၊ ဝါ-ယင်းပျားငယ်တို့သည်ပြုအပ်သည်လည်း။ ဟောတိ၊ ဟုတ်၏။ မဓုစ၊ ပျားရည်သည်လည်း။ ဟောတိ၊ ဟုတ်၏။ ဣတိ ခုဒ္ဒမဓု။ ခုဒ္ဒ နှင့် မဓု ဝိသေသနဝိသေသျှစပ်။ ကမ္မဓာရယ်သမာသ်။ အနက်အတိုင်း ကောက်လေ။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ခုဒ္ဒ။** ခုဓာတ်+ဒပစ္စည်း။ **တစ်နည်း။** ခုဒဓာတ်+ဒပစ္စည်း+ ဣတ္ထိလိင် အာပစ္စည်း။ ကညာဒိဂိုဏ်း။ အာကာရန္တ။ သူစိ။

**မဓု။** မဓုဓာတ် + ဥပစ္စည်း။ ဓာန်၊ ဋီ။ ၄၉၄။ **တစ်နည်း။** မနဓာတ် + ကုပစ္စည်း (ကအနုဗန်ရှိသော ဥ-ပစ္စည်း)။ ဓာတွန် န-ကို ဓ-ပြု။

✝ မညတိ ဉာယတိ မဓုရန္တိ မဓု။ မောဂ်၊ ၇။ ၆။

**မက္ခိကာ။** မက္ခိဓာတ်-ဏွုပစ္စည်း+ဣတ္ထိလိင် အာ။

✝ မက္ခိ သံဃာဋေ ဏွု၊ မက္ခိကာ။ ဓာန်၊ ဋီ။ ၆၄၅။

## အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ခုဒ္ဒသဒ္ဒါသည် အဓမ, ကပဏ စသော အနက်တို့ကို မဟော၊ ပျား(မက္ခိကာဘေဒ)အနက်ဟော၏အဖြစ်ကိုလည်းကောင်း၁၊ ခုဒ္ဒမဓုပုဒ်ကို ခုဒ္ဒါပဟိ ကတံ မဓု ခုဒ္ဒမဓု ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၂၊ သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓေယျတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

http://www.dhammadownload.com



**တစ်နည်း။** က ဝါကျဖြင့် ခုဒ္ဒသဒ္ဒါသည် အဓမ, ကပဏ စသော အနက်တို့ကိုမဟော၊ ပျား(မက္ခိကာဘေဒ)အနက်ဟော၏ အဖြစ်ကိုလည်းကောင်း¹၊ ခုဒ္ဒပုဒ်ကို ခုဒ္ဒါပဟိ ကတံ ခုဒ္ဒံ ဟု ကာတတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း²၊ ဏ–ပစ္စည်း၏ ကတတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း³၊ ခုဒ္ဒနှင့် မဓုပုဒ်ကို ခုဒ္ဒဥ္စ တံ မဓုစာတိ ခုဒ္ဒမဓုဟု ကမ္မဓာရာယ်သမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း⁴၊ သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ပစ္စယတ္ထ။ ၄။ အဘိဓာနတ္ထ၊ သမာလိင်္ဂပဒတ္ထ။

✝ ခုဒ္ဒါ စ မက္ခိကာဘေဒေ၊ မဓုမှိ ခုဒ္ဒမပ္ပကေ။
အဓမေ ကပဏေစာပိ၊ ဗဟုမှိ စတူသုတ္တိသု။ ဓာန်။ ၈၂၃။

## ဂတ္တိဝါဒ

ခ–ဝါကျ၌ နိမ္မက္ခိကံဖြင့် အနိဋ္ဌက = အပြစ်မရှိဟူသည် ပျားရည်၌ ပျားကောင်၊ ပျားဥ မရှိခြင်းတည်း ဟု သိစေသည်။ (ဘာဝတ္ထ။)

ခ–ဝါကျ၌ နိမ္မက္ခိကဏ္ဍတံဖြင့် နိမ္မက္ခိကာပုဒ်ကိုနတ္ထိ မက္ခိကာ ဧတ္ထာတိ နိမ္မက္ခိကံ (ဧတ္ထ၊ ဤပျားရည်၌။ မက္ခိကာ၊ ပျားကောင်တို့သည်။ နတ္ထိ။)ဟုဝစနတ္ထပြု၊ မက္ခိကသဒ္ဒါဖြင့်, ပျားဥ = မက္ခိကဏ္ဍလည်းယူ၍ နိမ္မက္ခိတံ၊ ပျားကောင်၊ ပျားဥတို့မရှိသောပျားရည်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** ဤအာဘော်ကား သာရတ္ထ၊ ၁။ ၄၃၆–လာ ဂဏ္ဌိသုံးပုဒ်အာဘော်တည်း။ ဆိုလိုရင်းကား နိမက္ခိကပုဒ်ကို နိ+မက္ခ = ပျားကောင်မရှိ နိ + အဏ္ဍ = ပျားဥမရှိဟုဖွင့်ပြသည်။ မက္ခသဒ္ဒါဖြင့် အဏ္ဍ = ဥကိုလည်း ယူရမည်ဟုဆိုလိုသည်။ ဤအလိုနိမက္ခိကဏ္ဍကပုဒ်ကိုမက္ခိကာစ အဏ္ဍနိစ မက္ခိကဏ္ဍာ၊နတ္ထိ မက္ခိကဏ္ဍာ ဧတ္ထာတိ နိမ္မက္ခိကဏ္ဍဟု ဝိစနတ္ထပြုရမည်။ နိမ္မက္ခိကဏ္ဍံ၊ ပျားကောင် ပျားဥတို့မရှိသော (ပျားရည်) ဟု အနက်ပေး။ အမှာကံခဏ္ဍိ–ဟုတက်လာသောသရတ္ထဋီကာအလိုကား–နိမ္မက္ခိကံ၊ ပျားကောင်မရှိသော။ နိမ္မက္ခိကဏ္ဍကံ = မက္ခိကာနံ အဏ္ဍာနိ မက္ခိ

http://www.dhammadownload.com



ကဏ္ဍာနိ။ နတ္ထိ မက္ခိကဏ္ဍာ ဧတ္ထာတိ နိမ္မက္ခိကဏ္ဍာကံ။ ဧတ္ထ၊ ဤပျားရည်၌၊ မက္ခိကဏ္ဍာ၊ ပျားကောင် တို့၏ ဥတို့သည်။ နတ္ထိဣတိ နိမ္မက္ခိကဏ္ဍာကံ။ နိမ္မက္ခိလဏ္ဍာကံ၊ ပျားကောင်တို့၏ ဥတို့မရှိသောဟုပေး။ ဤအလို နိမ္မက္ခိကံပုဒ်ကို နိမ္မက္ခိကဏ္ဍာကံဖြင့် မဖွင့်၊ အနီဠကံပုဒ်ကိုပင် နိမ္မက္ခိကံ နိမ္မက္ခိကဏ္ဍာကံ ၂-ပုဒ်တို့ဖြင့် ဖွင့်သည်ဟုမှတ်။ ဤ အမှာကံခန္တီအလို အောက်ပါအတိုင်းအာဘော်ဖော်ရမည်။

## အမှာကံခန္တီဝါဒ

ခ-ဝါကျ၌ နိမ္မက္ခိကံဖြင့် အနီဠကအပြစ်မရှိဟူသည် ပျားရည်၌ ပျားကောင်မရှိခြင်းတည်းဟုလည်းကောင်း[၁]၊ နိမက္ခိကဏ္ဍာကံဖြင့် ပျားရည်၌ ပျားဥမရှိခြင်းတည်းဟုလည်းကောင်း[၂]၊ သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ဘာဝတ္ထ။

ခ-ဝါကျ၌ ပရိသုဒ္ဓံဖြင့် ပျားကောင်ပျားဥမရှိသဖြင့် စင်ကြယ်သတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** အနီဠကံ၊ ပျားကောင် ပျားဥမရှိသည်ဖြစ်၍ စင်ကြယ်သော။ ခုဒ္ဒမဓုံ၊ ယင်းပျားတို့သည်ပြုအပ်သော ပျားရည်၊ ဝါ-ယင်းပျားရည်။

---

## အနီဠကပုဒ်မှတ်ဖွယ်

ပါရာ၊ ဂံ၊ သစ်၊ ၂။ ၃၅၉-၌ အနီဠကံ၌ ဣလသဒ္ဒါကား ဒေါ သတ္တ၊ နတ္ထိ၊ ဣလံ ဧတ္ထာတိ အနီဠကံ-ပြုသည်ဟုဆိုသည်။ နတ္ထိ လေံ ဒေါသော ဧတ္ထာတိ အနေလကံ (အနေဠက) အနိလကံ အနီဠကံ-ဟု ပါဠိ အမျိုးမျိုးရှိသင့်သည်။ န+လေ+က-ဟု ပုဒ်ခွဲ။ ဧ-ကို ဤ-ပြု။ လ-ကို ဠ-ပြုလျှင် အနီဠက-ဟု ပြီးသည်။ အကျယ်ကို တိပိဋက ပါဠိမြန်မာ အဘိဓာန်၊ အတွဲ ၁။ အနီဠကပုဒ်နှင့် အတွဲ ၂-အနေဠကပုဒ် အဖွင့် ကြည့်ပါ။

---

(က) သာဓာဟံ ဘန္တေတိ သာဓု အဟံ ဘန္တေ။

(ခ) ဧတ္ထ သာဓူတိ အာ ယာစနမေတံ။

http://www.dhammadownload.com



(ဂ) ပရိဝတ္တေယျန္တိ ဥက္ကုဋ္ဌေယျ၊ ဟေဋ္ဌိမတလံ ဥပရိမံ ကရေယျ။ ဋ္ဌ။ ၁၅၁။

က–ဝါကျ၌ သာရအဟံဖြင့် သ ဓာဟံကို သာရအဟံ ဟု ပဒစ္ဆေဒ ပြုရမည်ဟု သိစေသည်။ (သန္ဓိလိင်္ဂပဒ။)

ခ–ဝါကျဖြင့် သာရသဒ္ဒါသည် သုန္ဒရ စသော အနက်ကိုမဟော၊ တောင်းပန်ခြင်း = အာယာစန အနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

**မှတ်ချက်။** အတ္ထုဒ္ဓါရ, အတ္ထုဒ္ဓေသအတိုင်းဖော်လေဦး။

✝ သုန္ဒရေ ဒဠှိကမ္မေစာ၊ ယာစနေ သမ္ပဋိစ္ဆနေ။

သဓ္ဓနေ သမ္ပဟံသာယံ၊ သာရစ္စာဘိဓေယျလိင်္ဂိကံ။

ဓာန်။ ၇၉၀။

ဂ–ဝါကျ၌ ဥက္ကုဋ္ဌေယျဖြင့် ပရိ ဥပသာရရှေ့ ဓာတွတ္ထာနုဝတ္တကဏ် အဖြစ်ကိုလည်းကောင်း[၁]၊ ဝတုဓာတ်သည်ဖြစ်ခြင်း၊ (နိဗ္ဗတ္တန) အနက်ကို မဟော၊ လှန်ခြင်း = ပရိဝတ္တနအနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

✝ ဝတု ဝတ္တနေ။ ပရိဝတ္တတိ။ နီတိ၊ ဓာ။ ၆၇။

ဂ–ဝါကျ၌ ဟေဋ္ဌိမတလံ ဥပရိမံ ကရေယျဖြင့် ဥက္ကုဋ္ဌေယျ၌ ဥ– ဥပသာရရှေ့ ဓာတွတ္ထဗာဓကဏ်အဖြစ်ကိုလည်းကောင်း[၁]၊ ကုဋ္ဌဓာတ်သည် ဤ၌ အဓောမုခိကရဏအနက်ကိုမဟော၊ ဥဒ္ဓံမုခကရဏအနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ လှန်၏ဟူသည် အောက်မြေအပြင်ကို အထက်မြေအပြင် ပြုခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။ ၃။ ဘာဝတ္ထ။

## နည်းဥပစာမှတ်ဖွယ်

**ကေ အဟံ အဋ္ဌေ ဟတ္ထံ။** အပေါင်းဖြစ်သော လက်တစ်ခုလုံး၏ ဟတ္ထ (ပါဏိ) အမည်ကို အစိတ်ဖြစ်သော လက်ဝါးပြင် (ပါဏိတလ) ၌ တင်စား၍ အစိတ်ဖြစ်သော လက်ဝါးပြင်ကို ဟတ္ထံဟုဆိုသောကြောင့် ကေဒေသျူပစာ၊ ဝါ သမုဒါယူပစာ။

✝ ကေ ဟတ္ထန္တိ ကေ ပါဏိတလံ။ သာရတ္ထ၊ ၁။ ၄၃၆။

http://www.dhammadownload.com



(က) အလင်္ကို ပင့်ကွေ့ပဝစန်။

(ခ) ဝိပလ္လာသမ္ပိ သတ္တာ ပဋိလဘေယျုံ့ ဝိပရီတဂါဟမ္ပိ သတ္တာ သမ္ဘာပုဏေယျုံ။ ဋ္ဌ။ ၁၅၁။

က ဝါကျဖြင့် အလံသဒ္ဒါသည် ဘူသနစသော အနက်ကိုမဟော၊ ပယ်မြစ်ခြင်း = ပင့်ကွေ့ပ အနက်ကို ဟောသတည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

✝ ဘူသနေ ဝါရဏေစာလံ၊ ဥစ္စတေ ပရိယတ္တယံ။ ဓာန်။ ၁၁၉၀။

ခ ဝါကျ၌ ဝိပရီတဂါဟံဖြင့် ဝိပလ္လာသသဒ္ဒါ၏ ဝိပရီတ အနက် ဟော၏အဖြစ်ကိုလည်းကောင်း၊ ဝါ-ဝိပလ္လာသသဒ္ဒါ၏ ဝိပရီတ (ဝိပရီယာယ) ၏ ဝေဝုစ်စကားလှယ် ပရိယာယ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဝိပလ္လာသ ဟူသော ရှေ့ပုဒ်၌ ဂါဟဟူသော နောက်ပုဒ်ကျေသည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ဝါ-အဘိဓေယျတ္ထ။ ၂။ ဘာဝတ္ထ။

ခ-ဝါကျ၌ သမ္ဘာပုဏေယျုံဖြင့် ရကုန်ခြင်းဟူသည် ရောက်ကုန်ခြင်း ပင်တည်းဟုသိစေသည်။ (ဘာဝတ္ထ။)

(သီဟနာဒကထာပြီး၏။)

---

## ● နည်းနှင့်ဥပစာ

**ဝိနယပညတ္တိယာ။** အပေါင်းဖြစ်သော အလုံးစုံသော ဝိနည်းကို ပညတ်ခြင်း၏ ဝိနယပညတ္တိအမည်ကို အစိတ်ဖြစ်သောပညတ်ပြီး သိက္ခာပုဒ်မှ ကြွင်းသော သိက္ခာပုဒ်ကို ပညတ်ခြင်း ပါတိမောက္ခုဒ္ဒေသ တို့၌ တင်စား၍ ယင်းတို့ကို ဝိနယပညတ္တိဟုဆိုသောကြောင့် ဧကဒေသူပစာ။ ဝါ-သမုဒါယူပစာ။

✝ ဝိနယပညတ္တိ ယာတိ ပုဗ္ဗေ အပညတ္တသိက္ခာပဒံ သန္ဓာယ ဝုတ္တံ။

သာရတ္ထ၊ ၁။ ၄၃၈။ (—ဝိမတိ၊ ၁။ ၉၁။)

http://www.dhammadownload.com



(က) ရဟောဂတဿာတိ ရဟသိ ဂတဿ။

(ခ) ပဋိသလ္လီနဿာတိ သလ္လီနဿ၊ ဧကီဘာဝံ ဂတဿ။

ဋ္ဌ။ ၁၅၂။

## အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ရဟောဂတောပုဒ်ကို ရဟသိ ဂတော ရဟော ဂတောဟုသတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ မနောဂိုဏ်းအရာဖြစ်၍ ဩအက္ခရာလာသည်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ ဘာဝတ္ထ။

ခ-ဝါကျ၌ သလ္လီနဿဖြင့် ပတိဥပသာရကား အနတ္ထကတည်း ဟု သိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ။)

ခ ဝါကျ၌ ဧကီဘာဝံဂတဿဖြင့် ပဋိသလ္လီနဟူသည် တစ်ယောက်တည်းနေမှသာ ပဋိသလ္လီနကိုစွပြီးသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

---

(က) စိရံ အဿ ဌိတိ။

(ခ) စိရာ ဝါ အဿ ဌိတီတိ စိရဋ္ဌိတိကံ။ ဋ္ဌ။ ၁၅၂။

## အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် စိရဋ္ဌိတိကံပုဒ်ကိုစိရံ အဿ ဌိတိတိ စိရဋ္ဌိတိကံဟု ဘိန္နာဓိကရဏ စတုတ္ထီဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

ခ-ဝါကျဖြင့် စိရဋ္ဌိတိကံပုဒ်ကို စိရာ အဿ ဌိတိတိ စိရဋ္ဌိတိကံဟု တုလျာဓိကရဏစတုတ္ထီဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထ ပြုရမည်ဟုသိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

**မှတ်ချက်။** က-ဝါကျ၌ စိရံ၌ ဒုတိယာ ဝိဘတ်ကား အစ္စန္တ သံယောဂအနက်။ ခ-ဝါကျ၌ စိရာကား ဋ္ဌိတိသို့လိုက်၍ ကာလနှင့်ကာလ ဝန္တ အထူးမပြုဘဲ ပဌမာနှင့်ဆိုသည်။ ဤ၌စိရံစိရာဟု ဝိဘတ်နှင့် ဆိုသောကြောင့် စိရသဒ္ဒါကိုနာမ်ပုဒ်ဟုမှတ်။ ဓာန်၊ အဗျယဝဂ်၊ ၁၁၃၆-လာ စိရံကား နိပါတ်တည်း။

**ဌိတိ။** ဌိတိ။ ဌိတိဟုရသနှင့်ရှိရမည်ကို အမှတ်မှား အဖတ်မှား အရေးမှား၍ ဋ္ဌိတိဟု ဋ-ဌ ဒိဃနှင့်ရှိတတ်သည်။ သဂ်ဟကျမ်းဥပွါဒဋ္ဌိတိ

http://www.dhammadownload.com



ဘင်္ဂဝသေနကို ဥပ္ပါဒဋ္ဌိတိ ဘင်္ဂဝသေနဟု ရွတ်မိ ရေးမိ တတ်သည်။ ဌာဓာတ်+တိပစ္စည်း။ ဌာပါနမိဣျစသုတိဖြင့် ဌာဓာတ်၏အစိတ် အာ-ကို ဣပြု၍ပြီးသောကြောင့် "ဋ္ဌိတိ" ဟု ဋ-ဌ် ဣ-ရဿနှင့် ရှိသော ပါဌ်သာ သင့်သည်။

✝ ဌာနံ ဋ္ဌိတိ။ ရူ။ ၆၀၄။

## ● နည်းနှင့်ဥပစာ

**စိရာဝါအဿဋ္ဌိတိ။** စိရာအရကြာမြင့်စွာသောကာလနှင့် ဋ္ဌိတိ အရတည်ခြင်းကာလ၀န္တ တရားတို့မပြားဘဲလျက် ပြားသကဲ့သို့ စိရာဋ္ဌိတိဟု ဆိုသောကြောင့် အဘေဒဘေဒူပစာ။

✝ စိရာတိ စိရကာလယုတ္တာ ဋ္ဌိတိ အဘေဒေန ဝုတ္တာ။ သာရတ္ထ၊ ၁။ ၄၃၈။

(က) ကောနုခေါ ဘန္တေ ဟေတု ကာရဏာပုစ္ဆာ။

(ခ) တဿ ကတမောနုခေါ ဘန္တေ အတ္ထော။ ဋ္ဌ။ ၁၅၃။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ကော-ဒ္ဓ ကိံသဒ္ဒါကား အကြောင်းကိုမေးခြင်း = ကာရဏာပုစ္ဆာအနက်တည်းဟုသိစေသည်။ (ကိံ ဟူသော သဗ္ဗနာမ်ပုဒ်၏ အနက်ကိုဖွင့်ပြသောကြောင့် သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ။)

ခ-ဝါကျဖြင့်ဟေတု၊ အကြောင်းကား။ ကောနုခေါ = အဘယ် နည်းဟုအနက်ယောဇနာရမည်ကိုသိစေသည်။ (ဘာဝတ္ထ။)

(က) ဟေတုပစ္စယောတိ ဥဘယမေတံ ကာရဏာဓိဝစနံ။

(ခ) ကာရဏံ ဟိ ယသ္မာ တေန တဿ ဖလံ ဟိနောတိ

ပဝတ္တတိ၊ တသ္မာ ဟေတူတိ ဝုစ္စတိ။

(ဂ) ယသ္မာ တံ ပဋိစ္စ ဇေတိ ပဝတ္တတိ၊ တသ္မာ ပစ္စယောတိ ဝုစ္စတိ။

(ဃ) ဧဝံ အတ္ထတော ဧကမ္ပိ ဝေါဟာရ ဝသေန စ ဝစန သိလိဋ္ဌ တာယ စ တတြ တတြ ဧတံ ဥဘယမ္ပိ ဝုစ္စတိ။

(င) သေသမေတ္ထ ဥတ္တာနတ္ထမေဝ။ ဋ္ဌ။ ၁၅၃။

http://www.dhammadownload.com



## ● ဝါကျခွဲ နှင့်ကျမ်းတက်

ဆရာ၊ သာရိပုတ္တရာ မထေရ်သည် ကောနခေါ ဘန္တေ ဟေတု၊ ကောပစ္စယောဟု လျှောက်ထား၏။ ပဋ္ဌာနပစ္စယုဒ္ဒေသ ဟေတုပစ္စယော၌ ဟေတုသဒ္ဒါသည် အသာဓာရဏအကြောင်း၊ ပစ္စယသဒ္ဒါသည် သာဓာရဏ အကြောင်းကို ဟောသကဲ့သို့ (ဥပမာလင်္ကာရ) ဤ၌လည်း ဟေတုသဒ္ဒါက အသာဓာရဏအကြောင်း၊ ပစ္စယသဒ္ဒါက သာဓာရဏအကြောင်းကို ဟောသလော။ ဟေတုသဒ္ဒါ, ပစ္စယသဒ္ဒါ ၂–ပါးကား အဘယ်အနက်ကို ဟောပါသနည်း..... ကြောင့် ဥဘယမေတံ ကာရဏာဓိဝစနံ– ဟူသော သံဝဏ္ဏနာကိုမိန့်။ သာရတ္ထ၊ ၁။ ၄၃၉။

**မှတ်ချက်။** ဤကျမ်းတက်ကား သံဝဏ္ဏနာ (အဖြေ) ကို ရှောင်၍ သံဝဏ္ဏေတဗ္ဗသို့ ကျမ်းတက်ပုံတည်း။ လီနတ္ထ ရဂျမ်းတက်ဟုလည်း ဆိုနိုင်သည်။

## ခ–ဂ–ဝါကျသို့ ပုစ္ဆာတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် ဟေတုပစ္စယသဒ္ဒါ ၂–ခုအပေါင်းသည် ကာရဏအနက် ဟောသောဟု ဆိုတော်မူ၏။ အဘယ်ကြောင့် အကြောင်း (ကာရဏ)ကို ဟေတုဟုဆိုအပ်သနည်း။ (တသ္မာ ဟေတူတိ ဝုစ္စတိကို ကသ္မာ ဟေတူတိ ဝုစ္စတိ–ဟု ပုစ္ဆာထုတ်။ ကြွင်းနည်းတူပြီ။) အဘယ်ကြောင့် အကြောင်း (ကာရဏ)ကို ပစ္စယဟုဆိုသနည်း။ (ကသ္မာ ပစ္စယောတိ ဝုစ္စတိ–ဟု ပုစ္ဆာထုတ်။) အကြောင်း (ကာရဏ)၏ ဟေတုမည်ခြင်း, ပစ္စယမည်ခြင်း၏ အကြောင်းကို အကျယ်မပြပြီလော–ကြောင့် ခ–ဂ–ဝါကျမိန့်။

ခ–ဂ–ဝါကျကား ဝိတ္ထာရ။ ထို–၍ က–ဝါကျကား သခေ်ပဝါကျ။

ထို ခ–ဂ–ဝါကျတွင် ဂ–ဝါကျ ပက္ခန္တရ။ ထို–၍ ခ–ဝါကျကား ပက္ခဝါကျ။

**မှတ်ချက်။** ခ–ဝါကျ၊ ဂ–ဝါကျတို့၌ ယသ္မာ တသ္မာ ကာရဏ ဖလ၊ အနိယတ်, နိယတ်ခွဲလေဦး။

ဃ–ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို–၍ က – ဝါကျကား အာရဒ္ဓဝါကျ။

http://www.dhammadownload.com



**မှတ်ချက်။** က–ဝါကျကား မူလဝါကျ။ ယင်းမှ ဃ–ဝါကျ တက်လာသည်ဟုမှတ်။ အောက်ပါကျမ်းတက်ပုံကိုရှု၍ မူလ–မှ မူလီဝါကျ သို့ကျမ်းတက်ရသည်ကိုသိလေ။

## လီနတ္ထ ရကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် ဟေတုပစ္စယသဒ္ဒါ ၂–ခုအပေါင်း သည်အကြောင်း(ကာရဏ)အနက်ကိုဟောသောဟုဆို၏။ ယင်းသို့အနက် အားဖြင့် တူသော် အဘယ်ကြောင့် ၂–ခုဆိုသနည်း။ ဟေတုဖြစ်စေ, ပစ္စယောဖြစ်စေ တစ်ခုခုသာဆိုသင့်သည်မဟုတ်လော။(အကယ်၍ မဆိုသင့်ဘဲ ဆိုချေသော် ပုနရုတ္တိဒေါသ, နိရတ္ထကဒေါသရောက်ရာ၏)ဟု သူစောဒနာ ဖွယ်ရှိသောကြောင့် ဃ–ဝါကျမိန့်။

**မှတ်ချက်။** ဃ–ဝါကျ၌ ဇဝ် အတ္ထတော ဇော်မွိ ကိုရှု၍ ကျမ်းတက်။ ပိ–သဒ္ဒါလက္ခဏာအရစိ။ စောဒကာဘောဂစတုက္က ထုတ်နိုင်သည်ကို သတိပြု။

* ပုနရုတ္တိ၊ ရှိသည့်အရာ၊ ကျမ်းဂန်မှာ၊ မှန်စွာလီနတ္ထ ရစုဒ် ထုတ်မြဲ။ (မန်လည်)

င–ဝါကျကား အတိဒေသသံဝဏ္ဏနာ၊ ဝါ– ဝါကျာရမ္ဘ ဝါကျတည်း။

---

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ဟေတု။** ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု။ ဧတေန၊ ဤအကြောင်းဖြင့်။ ဖလံ၊အကျိုးသည်။ ဟိနောတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တံ ကရဏံ ဟေတု။ ဟိဓာတ် + ႋတုပစ္စည်း။ ကရဏသာဓန။

ဟိဓာတ်၏အရ ကတ္တုဒြကြိယာအရကား အကျိုးတရား ဟူသော ပစ္စယုပ္ပန္နဓမ္မ၏ဥပါဒ်သည်မှုချအားဖြင့်ရ၏။ ကရဏတ္ထ ကြိယာအရကား ထိုအကျိုးတရားဟူသော ပစ္စယုပ္ပန္နဓမ္မအားတပ်သော အကြောင်းတရား၏ ဟေတွာဒိပစ္စယသတ္တိသည် ဖလူပစာအားဖြင့် ရ၏။ တု–ပစ္စည်းအရကား ထိုမှုချဖလူပစာတို့ဖြင့် မှတ်အပ်သောအကြောင်းတရားရ၏။

http://www.dhammadownload.com



## သာရတ္ထဒီပိကာဝိဂ္ဂဟနှင့်ညှိသည်ကောက်

ဟိနောတိဖလဿ ဟေတုဘာဝံ ဥပဂစ္ဆတီတိ ဟေတု။ ယံကာရဏံ အကြင်အကြောင်းသည်။ ဖလဿ၊အကျိုး၏။ ဟေတုဘာဝံ၊ အကြောင်း၏အဖြစ်သို့၊ ဟိနောတိ ဥပဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ တံ ကာရဏံ ဟေတု။ ကတ္တုသာဓန။

ဟိဓာတ်၏အရကား အကျိုး၏အကြောင်းအဖြစ်သို့ ကပ်ရောက်တတ်သောကြောင့်တရား ဟေတွာဒိ သတ္တိလက္ခဏ သဘာဝ ရ၏။ တု–ပစ္စည်းအရကား သတ္တိမန္တ, လက္ခဏဝန္တ, သဘာဝဝန္တ ဖြစ်သော အကြောင်းတရားရ၏။

## အဝုတ္တကမ္မသာဓနညှိသည်ကောက်

**ပစ္စယ။** ကာရဏံ ပဋိစ္စ ဖလံ ဧတိ ပဝတ္တတီတိ ပစ္စယော။ ကာရဏံ၊ အကြောင်းကို။ ပဋိစ္စ၊ စွဲ၍။ တဿကာရဏဿ၊ ထိုအကြောင်း၏။ ဖလံ၊အကျိုးသည်။ ဧတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ တံ ကာရဏံ ပစ္စယော။ ပတိပုဗ္ဗ+ဣဓာတ်+ဏ+ပစ္စည်း။ အဝုတ္တကမ္မသာဓန။

ပတိ–ဟူသောဥပသာရပုဒ်အရကား အကြောင်းကို အစွဲပြုခြင်း ပဋိစ္စဘောဂုဏ်ရ၏။ ဣဓာတ်၏အရကား အကျိုးတရားဟူသော ပစ္စယုပ္ပန္နမွ၏ဥပါဒ်သည်မှုချအားဖြင့်ရ၏။ (ဖလံ ဧတိ–ကိုရှု၍ကောက်) အဝုတ္တကမ္မဋ္ဌကြိယာအရကား ထို–အားတပ်သော အကြောင်းတရား၏ဟေတွာဒိသတ္တိသည်ဖလူပစာအားဖြင့်ရ၏။ ဏ–ပစ္စည်းအရကား ထိုမှုချဖလူတို့ဖြင့် မှတ်အပ်သောအကြောင်းတရားရ၏။

**မှတ်ချက်။** ကာရဏံ ပဋိစ္စ ဧတိ ပဝတ္တတိ ဖလံ ဧတေန ကာရဏေနာတိ ပစ္စယော–ဟု မအူသျှဥ္ဓိကရဏသာဓ်ဝိဂ္ဂဟပြု၏။ ကတ္တုဋ္ဌ ကရဏဋ္ဌ, ပစ္စယဋ္ဌ အစွဲမျှသာထူးသည်။ အရကောက်မှာ အဝုတ္တ ကမ္မသာဓန ကောက်နှင့်အတူတူပင်။

---

## ● ဓာတုပစ္စယာ ဒီဝိဘာဂ

**ဟေတု။** ဟိ–ဓာတ်။ တု ပစ္စည်း ပုလ္လိင်၊ရတ္တာဒိဂိုဏ်း၊ ဥကာရန္တ။

## ရုပ်ထူးမှတ်ဖွယ်

ဟေတုယော ဟေတုယာရှိသည်ကား ဣတ္ထိလိင် ရုပ်နှင့်တူသော ပုလ္လိင်ရုပ်ထူးတည်း။ နီတိ၊ သုတ္တ၊ ၅၅၊ နီတိ၊ ၁–လည်းကြည့်။

http://www.dhammadownload.com



ပဋိစ္စ။ ပတိပုဗ္ဗ+ဣဓာတ်+ တွာပစ္စည်း။ နိတိ၊ ဓာ။ ၂-ကြည့်။
ဝေါဟာရ။ ဝိ+အဝ+ဟရဓာတ်+ ဏ-ပစ္စည်း။ တစ်နည်း။ ဝိ+ဟရ+ဏ။

† ဝေါဟာရီယတေတိ ဝေါဟာရော။ ဟရ-ဟရဏေ။ ဏော။ ဝိပုဗ္ဗော ဟရ ဝစနေတိ ဝါ ဓာတု။ သူစိ။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က- ဝါကျ ဖြင့် အသာဓာရဏော ဟေတု သာဓာရဏော ပစ္စယောဟုဆိုစေကာမူ ဤ၌ဟေတု,ပစ္စယသဒ္ဒါ ၂-ခုလုံးပင်အကြောင်းသာမန်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

ခ-ဝါကျ၌ တေန ဟိနောတိဖြင့် ဟေတု ပုဒ်ကို ဝိဂ္ဂဟ အဖြေအတိုင်း ကရဏသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ တုပစ္စည်း၏ ကရဏသာဓန၌သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဟေတုသဒ္ဒါ၏ ဟိဓာတ်၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတုပဒ။

ခ-ဝါကျ၌ ပဝတ္တတိဖြင့် ဟိနောတိ၌ ဟိဓာတ်သည် ပဝတ္တနအနက်ကိုဟောသတည်းဟု သိစေသည်။ (ဓာတွတ္ထ။)

ခ-ဝါကျ၌ ကာရဏံဖြင့် ဟေတုသဒ္ဒါ ကာရဏအနက် ဟော၊ ဝါ-ဟေတုအရ ကာရဏကိုယူရမည်ဟုသိစေသည်။ (နာမလိင်္ဂတ္ထ။ ဝါ-အဘိဓေယျတ္ထ။)

ဂ-ဝါကျ၌ တံ ပဋိစ္စ တေဝိဖြင့် "နိဿယောပုဒ်ကိုနိဿာယ နံ-ဝသတီတိ နိဿယော"ဟု အဝုတ္တ ကမ္မသာဓနပြုသကဲ့သို့ ပစ္စယောပုဒ်ကိုလည်း ကာရဏံ ပဋိစ္စ တေတိ ပစ္စယော ဟု အဝုတ္တ ကမ္မသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဏပစ္စည်း၏အဝုတ္တကမ္မသာဓန၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ပစ္စယသဒ္ဒါ၏ ပတိပုဗ္ဗ ဣဓာတ်၏အဖြစ်ကိုလည်းကောင်း[၃]၊ ပတိဥပသာရ၏ပဋိစ္စအနက်ဟော၏အဖြစ်ကိုလည်းကောင်း[၄]၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတုပဒ။

၄။ ဥပသဂ္ဂလိင်္ဂတ္ထ။

ဂ-ဝါကျ၌ ပဝတ္တတိဖြင့် တေဝိ၌ ဣဓာတ်သည် ပဝတ္တနအနက်ကိုဟောသတည်းဟုသိစေသည်။ (ဓာတွတ္ထ။)

http://www.dhammadownload.com



(က) ဣဒါနိ တံ ဟေတုဥ္စပစ္စယဥ္စ ဒဿေတုံ ဘဂဝါစ. သာရိပုတ္တ ဝိပဿီတိ အာဒိမာဟ။

(ခ) တတ္ထ ကိလာသုနော အဟေသုန္တိ န အာလသိယ ကိလာသုနော။

(ဂ) န ဟိ ဗုဒ္ဓါ နံ အာလသိယံ ဝါ ဩသန္နဝီရိယတာ ဝါ အတ္ထိ။

(ဃ) ဗုဒ္ဓါ ဟိ ဧကဿ ဝါ (လ) ဥဿန္နဝီရိယာ။ ဋ္ဌ။ ၁၅၃။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-စသောဝါကျကား အဝယဝတ္ထ အကျယ်ပြ ဝိတ္ထာရဝါကျ။ ထို-၌ က-ဝါကျကား အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထ အကျဉ်းကိုပြသော သခေ်ပဝါကျ။ (တွေ့နေကျဝါကျမျိုးတည်း။ )

## ● ခ-ဝါကျအဖြေရှောင်၍ကျမ်းတက်ပုံ

ဆရာ၊ မြတ်စွာဘုရားသည် "ကိလာသုနော အဟေသုံ"ဟု ဟောတော်မူ၏။ (သံဝဏ္ဏေတဗ္ဗကို ထပနာထား။) ကိလာသုနောအဟေသုံ= (အားမထုတ်ကုန်)ဟု ဟောတော်မူရာ၌ ယင်းဝိပဿီစသော ဘုရားတို့ ပျင်းရိသည်၏အဖြစ်ဖြင့် အားမထုတ်ကုန်ပါသလော။ (န အာလသိယ ကိလာသုနော-ဟုရှိရာ န-ကိုပယ်၍ အာဘော်ပြုသည်။ "န-မရှိက န-ကို သွင်း၊ န၊ ရှိလျှင်းက န-ကိုပယ် ဟူသော ကျမ်တက်နည်း အတိုင်းပင်။) အဘယ်ကြောင့် အားမထုတ်ကုန်ပါသနည်း-ကြောင့် န-အာလသိယ ကိလာသုနောဟူသော သံဝဏ္ဏနာကိုမိန့်။

**အဓိပ္ပာယ်ကား။** ယင်းသံဝဏ္ဏနာဖြင့် ပျင်းရိကုန်သည်၏အဖြစ်ဖြင့်အားမထုတ်ကုန်သည်မဟုတ် အကျိုးမရှိသည်၏အဖြစ်ဖြင့် အားမထုတ်ကုန်ဟု ငါပြဆို၏ဟူလို။

ဂ-ဝါကျကား ကာရဏ ဝါကျ။ ထို-၌ ခ-ဝါကျကား ဖလဝါကျ။

## ကာရဏဝါကျထပနာတိကတက်ပုံ

ဆရာ၊ဆရာသည် ခ-ဝါကျဖြင့် ပျင်းရိ ကုန်သည်၏ အဖြစ်ဖြင့် အားမထုတ်ကုန်သည် မဟုတ် ( အဟုတ်သော်ကား အကျိုးမရှိသည်၏

http://www.dhammadownload.com



အဖြစ်ဖြင့် အားမထုတ်ကုန်)ဟုဆိုတော်မူ၍။ အဘယ်ကြောင့် ဆရာ ယင်းသို့ဖွင့်ဆိုနိုင်ပါသနည်း။ ယင်းသို့ဖွင့်ဆိုရာ၌ အကြောင်းကို မပြပြီလော.......ကြောင့် ဂ-ဝါကျမိန့်။ (အဓိပ္ပာယ်ပါဠိ၌လျောက်ပြန်လေ။)

† တတ္ထ ကာရဏမာဟ နမဟိတိအာဒိ။ သာရတ္ထ။ ၁။ ၄၄၀။

**မှတ်ချက်။** ပါရာ၊ ဂ၊ သစ်၊ ၂။ ၃၆၅-၌ကား " ဘုရားရှင်တို့အား အဘယ်ကြောင့် အာလသိယာကိလာသု မဖြစ်သနည်း"ဟု ကျမ်းတက်သည်။

ဃ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ဂ-ဝါကျကား သင်္ခေပဝါကျ။

ဃ-ဝါကျ ဗုဒ္ဓါပိဟိ (လ) ဒေသေန္တိကား အနွယ ဝါကျ။ နပရိသာယ ရှိသောဝါကျ၊ နာပိမဟန္တ ဘာဝံရှိသော ဝါကျတို့ကား ဗျတိရေကဝါကျ။ (ဗုဒ္ဓါပိဟိရှိသောဝါကျ၌ သမကေနေဝ-၌ ဧဝသဒ္ဒါ ဧဝဖလပြလို၍ နောက် ၂-ဝါကျ တက်လာသည်။ ထိုကြောင့် ဗျတိရေကဝါကျများတည်း။ ဗျတိရေက ဝါကျ အချင်းချင်း ပက္ခ, ပက္ခန္တရဖြစ်သည်ကိုလည်း သတိပြုပါ။)

---

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**ကိလာသုနော။** အပ္ပံ လသန္တီတိ ကိလာသုနော။ ဝိပဿီအာဒယော၊ ကုန်သော။ယေဗုဒ္ဓါ၊တို့သည်။ အပ္ပံ၊ အနည်းငယ်ကို။ လသန္တိ၊ နှစ်သက်တတ်ကုန်၏။ ဣတိ တော ကိလာသုနော။ ကိံသဒ္ဒူပပဒ + လသဓာတ်+ဏုပစ္စည်း။ ကတ္တုသာဓန။

ကိံ ဟူသော ဝိသေသနပုဒ်အရကား အပ္ပ-ဂုဏ်ရ၏။ လသ ဓာတ်၏အရကား ဝိပဿီစသော ဘုရားရှင်တို့၏ အပ္ပေါဿုက္က နိရုဿာဟဖြစ်သော မဟာကြိယာစိတ်သည် မုချ။ (သာရတ္ထ၌ ကိလာသုနောပုဒ်ကို အပ္ပေါဿုက္ကာ, နိရုဿာဟာဖွင့်သည်ကိုရှု၍ ကောက်သည်။) ရှေးရှေး၌ဖြစ်သောပါရမီဉာဏ်, ဝိပဿနာဉာဏ်စသည်တို့သည်ဖလူပစာ။ နောက်နောက်၌ဖြစ်သော အာသယာနုသယဉာဏ် စသည်တို့သည် ကာရဏူပစာ။ ဏုပစ္စည်းအရကား ထိုမုချဖလူ ကာရဏူပစာတို့ဖြင့် မှတ်အပ်သော အနုတ္တရဝိမောက္ခဂုဏ် (ဉဉ်ကောက်အတိုင်းအကျယ်ရေး) ဒြဗ်ဝိသေသတို့ရ၏။

http://www.dhammadownload.com



**မှတ်ချက်။** ဓာန်၊ ဋီ၊ သျှ။ ၂–၅၁၆–၌ အပွံ၊ အနည်းကို။ လသတိ၊ နှစ်သက်တတ်၏–ဟု ပေးသည်။ အပွံကား ကိ၏အဖွင့်။

✝ လသ ကန္တိယံ၊ အပွံ လသတီတိ ကိလာသု၊ ဏု။ ဓာန်၊ ဋီ။ ၅၁၆။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**အာလသိယံ။** အလီယတိ ဗန္ဓိယတီတိ အလသော = မန္ဒကာရီ။ မောဂ်၊ ၇၊ ၂၁၇။ အလသဿ ဘာဝေါ အာလသိယံ။ အလသပုဒ်+ဏိယပစ္စည်း။ နီတိ၊ သုတ္တ။ ၇၆၂။ အလသဿ၊ ပျင်းရိသောသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်းဟု အနက်ပေး။ အောက်ပါ အတိုင်းဉာဏ်ကောက်။

အလသ–ဟူသော တဒ္ဓိတ်ပုဒ်အရကား ပျင်းရိသောသူ ဒြဗ်ရ၏။ ယင်း၏ ပျင်းရိခြင်းဟူသော ထိနမိဒ္ဓ၏အစွမ်းဖြင့်ဖြစ်သော အကုသိုလ်နှင့် ဠာနဠာနီ, ဂုဏောဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဠာ်နူပစာ။ ဏိယ ပစ္စည်းအရကား ထို–ဖြင့် မှတ်အပ်သော ပျင်းရိခြင်းဟူသော ထိနမိဒ္ဓ၏ အစွမ်းဖြင့် ဖြစ်သော အကုသိုလ်ရ၏။

✝ အလသိယံဝါတိဣမိနာ ထိနမိဒ္ဓဝသပ္ပဝတ္တာနံ အကုသလာနံ အဘာဝမာဟ။ သာရတ္ထ၊ ၁။ ၄၄၀။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

ခ–ဝါကျဖြင့် အားမထုတ်(ကိလာသု)ဟူသည် ပျင်းရိသည်၏အဖြစ်ဖြင့် အားမထုတ်သည် မဟုတ်၊ အဟုတ်သော်ကား အကျိုးမရှိသည်၏ အဖြစ်ဖြင့် အားမထုတ်သတည်းဟုသိစေသည်။ သာရတ္ထ၊ ၁။ ၄၄၀။ (ဘာဝတ္ထ။)

**တစ်နည်း။** ကိလာသုနောပုဒ်ကို အပွံ လဘတ္တီတိ ကိလာသုနော ဟု ဝစနတ္ထပြု၍ ကိလာသုအရ ပျင်းရိသောကြောင့် အားမထုတ်

http://www.dhammadownload.com



သော ပုဂ္ဂိုလ်ကို မယူရ၊ အကျိုး မရှိသောကြောင့် အားမထုတ်သော ပုဂ္ဂိုလ်ကိုယူရမည်ဟုသိစေသည်။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၃၆၅။ (အဘိဓေယျဝတ္ထု။)

## ● ပါဌ၀ိနိစ္ဆယ

**ကိလာသုနော။ ကိဋ္ဌာသုနော**–ကိ သဒ္ဒူပပဒ + လသဓာတ်+ဏု ပစ္စည်းဖြင့်ပြီးကြောင်း ဓာန်၊ ဋီ၊ ၅၁၆–ဆိုသောကြောင့် ကိလာသုရှိ သောပါဠ်သာသင့်သည်။ (ဝိဂ္ဂဟအဖြေပြန်ကြည့်။)

## ● နည်းနှင့်ဥပစာ

**သကလစက္ကဝါဠေသု။** ဌာနဖြစ်သောအလုံးစုံသော စကြဝဠာ၏ သကလစက္ကဝါဠေသုအမည်ကို ဌာနီဖြစ်သော ယင်းစကြဝဠာနေ သတ္တဝါ အပေါင်း၌ တင်စား၍ (လ) သတ္တဝါအပေါင်းကို သကလစက္ကဝါ ဠေသုဟု ဆိုသောကြောင့်ဌာနူပစာ။ (နာနန္တ ရိကနည်း။)

## ● အာဘော်သံဝဏ္ဏနာနှင့်ဥပစာမှတ်ဖွယ်

အနုဒ္ဒိဋ္ဌ ပါတိမောက္ခံ အနုဒ္ဒမာသံ အာဏာပါတိမောက္ခံ အနုဒ္ဒိဋ္ဌ အဟောသိ–ဖြင့် ပါတိမောက္ခံ အနုဒ္ဒိဋ္ဌ အဟောသိဟု အဟောသိ ပါဌသေသဖြည့်စွက်၍ ယောဇနာရမည်၏အဖြစ်ကို လည်းကောင်း[၁]၊ ပါတိ မောက္ခံအရအာဏာပါတိမောက်ကို ယူရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ လခွဲတိုင်း အာဏာပါတိမောက်မပြသည်၏အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ အဘိဓေယျတ္ထ။ ၃။ ဘာဝတ္ထ။

**ပါတိမောက္ခံ။** အပေါင်းသြဝါဒပါတိမောက်, အာဏာပါတိ မောက်၏ ပါတိမောက္ခအမည်ကို အစိတ်အာဏာပါတိမောက်၌တင်လေ။ ကေဒေသျူပစာ၊ ဝါ–သမုဒါယူပစာ။

---

ခန္တီ ပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ၊ န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။ ဋ္ဌ။ ၁၅၄။

http://www.dhammadownload.com



## ● အနက်ယောဇနာ

တိတိက္ခာ၊ တိတိက္ခာဟုဆိုအပ်သော။ ခန္တီ၊ သည်းခံခြင်းသည်။ ပရမံ၊ မြတ်သော။တပေါ၊အကျင့်တည်း။ (ဤကားခန္တီသဒ္ဒါနှင့် တိတိက္ခာသဒ္ဒါအတူကြဲ၍အနက်ယောဇနာခြင်းတည်း။)

ခန္တီ၊ အနိဋ္ဌာရုံကိုပယ်သောအားဖြင့် သည်းခံခြင်းသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်တည်း။ တိတိက္ခာ၊ ဣဋ္ဌာရုံကိုပယ်သောအားဖြင့် သည်းခံခြင်းသည်။ ပရမံ၊ မြတ်သော။ တပေါ၊တည်း။ (ယင်းသဒ္ဒါနှစ်ပါးအထူးကြဲ၍အနက်ယောဇနာခြင်းတည်း။)

**မှတ်ချက်။** သာရတ္ထ၊ ၁။ ၄၄၁–အဖွင့်နှင့် ၄၄၂–အပိဘာဂဝါချီသောဒုတိယအဖွင့်ကိုရှု၍ပေးသည်။

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

## ဂါထာအပရဒ္ဓသို့အနုသန္ဓေတက်ပုံ

ဤသို့ခန္တီပရမံစသော ရှေ့ ၂–ပါဒဖြင့် အကြောင်းကို အဦးမူ၍ အလျော်အားဖြင့် ဩဝါဒပါတိမောက်ကို ပြဆိုတော်မူပြီး၍ ယခုအခါ၌ ဆန့်ကျင်ဘက်(ဗျတိရေက)အားဖြင့် ယင်းဩဝါဒပါတိမောက်ကို ပြခြင်းငှာ နဟိစသောဂါထာအပရဒ္ဓမိန့်။

✝ ဇဝံ ကာရဏမုခေန အနွယတော ပါတိမောက္ခံ ဒဿေတွာ ဣဒါနိ ဗျတိရေကတော တံ ဒဿေတုံ "နဟိ" တိအာဒိ ဝုတ္တံ။ သာရတ္ထ။ ၁။ ၄၄၂။

## ကာရဏဖလဝါကျခွဲ

သာရတ္ထ ပုဗ္ဗာနုသန္ဓေစကားကိုထောက်၍ ဂါထာ၌ ပဌမပါဒသည် အကြောင်းပြကာရဏဝါကျ။ နိဗ္ဗာနံ စသော ဒုတိယပါဒသည် အကျိုးပြ ဖလဝါကျတည်း။

ဂါထာ၌ တတိယပါဒ စတုတ္ထပါဒ တို့ကား ဗျတိရေက ဒဠှ ကရဏဝါကျ။ ထို–၍ ပဌမ ဒုတိယပါဒတို့ကား အနွယဒဠှယဝါကျ။

http://www.dhammadownload.com



## တတိယစတုတ္ထပါဒအနက်ယောဇနာပုံ

ပရူပဃာတီ၊ သူတစ်ပါးကိုညှဉ်းဆဲလေ့ရှိသောသူသည်။ ပဗ္ဗဇိတော၊ နှင်ထုတ်သင့် (အပ်) သော မကောင်းမှုကိုနှင်ထုတ်တတ်သော ရဟန်းမည်သည်။ န ဟောတိ၊ မဖြစ်။

ပရံ၊ သူတစ်ပါးကို။ ဝိဟေဌယန္တော၊ ညှဉ်းဆဲသောသူ သည်။ သမဏော၊ ငြိမ်းစေသင့်သော အကုသိုလ်ကို ငြိမ်းစေတတ်သော ရဟန်းမည်သည်။ နဟောတိ၊ မဖြစ်။ ( ဤကား တတိယပါဒနှင့် စတုတ္ထပါဒကို ပရိယာယ်ဟုကြံ၍ အနက်ပေးပုံတည်း။)

**တစ်နည်း။** ယောသမဏော၊ အကြင်ရဟန်းသည်။ ပရံ၊ သူတစ်ပါးကို။ ဝိဟေဌယန္တော၊ ဖျက်ဆီးလျက်။ ပရူပဃာတီ = ပရ+ဥပဃာတီ၊ မြတ်သော မိမိ၏ သီလကိုဖျက်ဆီးလေ့ရှိသည်။ ဟောတိ၊ ၏။ သောသမဏော၊ သည်။ ပဗ္ဗဇိတောနာမ၊ ပဗ္ဗဇိတမည်သည်။ နဟောတိ၊ မဖြစ်။ (န–ဘလုံးကျေသည်–ဟုမှတ်။ သာရတ္ထအဖွင့်ကြည့်။)

---

## ● ဝိဂ္ဂဟနှင့်ဉာသ်ကောက်

**ခန္တီ။** ပရူပဝါဒံ ပရာပကာရံ သီတုဏှာဒိဘေဒဥ္စ ဂုဏော ပရောစံ ခမတိ သဟတိ အဓိဝါသေတီတိ ခန္တီ။ ယာဓမ္မဇာတိ၊ သည်။ ပရူပဝါဒံ၊ သူတစ်ပါးတို့၏ စွပ်စွဲကဲ့ရဲ့ခြင်းလည်း ဖြစ်သော၊ ပရာပကာရံ (ပရ+အပကာရ) သူတစ်ပါးတို့၏ ကျေးဇူးမဲ့ပြုခြင်းလည်း ဖြစ်သော။ ဂုဏောပရောစံ (ဂုဏ+ဥပရောစံ) အကောင်းဂုဏ်ကို နှောင့်ယှက်ဖျက်ဆီးမှုကို။ ခမတိသဟတိ၊ သည်းခံတတ်၏။ အဓိဝါသေတိ၊ ပြန်၍မပြော, ပြန်၍မပြုဘဲ သူတစ်ပါးကပြောသမျှ, ပြုသမျှကို (အဓိ) မိမိအပေါ်၌သာ+ဝါသေတိ၊ တည်နေစေ၏။ (မိမိသာအနာခံ၏။) ဣတိ သာ ခန္တီ။ ကတ္တုသာဓန။ ခမုဓာတ်+တိပစ္စည်း။ ( ဂါထာ၌ ဆန်းကြောင့် ဒီဃပြု၍ "ခန္တီ"ဟု ဖြစ်သည်။)

ခမုဓာတ်၏အရကား သူတစ်ပါးတို့၏ စွပ်စွဲကဲ့ရဲ့ခြင်းလည်း ဖြစ်သော သူတစ်ပါးတို့၏ ကျေးဇူးမဲ့ပြုခြင်းလည်းဖြစ်သော အကောင်းဂုဏ်ကို

http://www.dhammadownload.com



နှောင့်ယှက်ဖျက်ဆီးမှုကို သည်းခံတတ်သော အဓိဝါသနခန္တီ၏သည်းခံခြင်း သတ္တိလက္ခဏာသဘာဝရ၏။ တိ ပစ္စည်းအရကား သတ္တိမန္တ, လက္ခဏာဝန္တ, သဘာဝဝန္တဖြစ်သော သည်းခံတတ်သော အဓိဝါသနခန္တီရ၏။

**တပေါ။** သီလာဒီနံ ပဋိပက္ခဓမ္မေ သဝိသေသံ တပတိ သန္တ ပတိ ဝိဓမေတီတိ တပေါ။ သီလာဒီနံ၊ သီလစသည်တို့၏။ ပဋိပက္ခဓမ္မေ၊ လောဘ စသော ဆန့်ကျင်ဘက် တရားတို့ကို။ သဝိသေသံ၊ အထူးနှင့်တကွ။ တပတိသန္တပတိဝိဓမေတိ၊ လောင်မြိုက်ပယ်ဖျောက်ဖျက်ဆီးတတ်၏။ ဣတိ တပေါ။ (ပရမတ္ထကောက် ကောက်လေ။)

## ● ဓာတုပစ္စယာဒိဝိဘာဂ

**တိတိက္ခာ။** တိဇဓာတ် + ခ ပစ္စည်း + ဣတ္ထိလိင် အာ–ပစ္စည်း။ ကညာဒိဂိုဏ်း အာကာရန္တ။

† တိတိက္ခနံ ခမနံ တိတိက္ခာ။ သာရတ္ထ၊ ၁။ ၄၄၁။

† တိဇခန္တိယံ၊ ခေါ၊ ဒွိတ္တံ၊ ကတ္တာဒိ၊ အာ။ ဓာန်၊ ဋီ။ ၁၆၁။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

စတုတ္ထပါဒ၌ သမဏောဖြင့် တတိယပါဒ၌ ပဗ္ဗဇိတ သဒ္ဒါ၏ ဝေဝုစ်စကားလှယ် ပရိယာယ်ကား သမဏတည်းဟု သိစေသည်။ (အဘိဓေယျတ္ထ။)

**တစ်နည်း။** ပရံဝိဟေဌယန္တောဖြင့် ပရူပဃာတီပုဒ်ကိုပရံ ဥပဟနတိ သီလေနာတိ ပရူပဃာတီဟု ကတ္တုသာဓနေ ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း¹၊ ဏီပစ္စည်း၏ ကတ္တုသာဓနေ၌သက်သည်၏အဖြစ်ကိုလည်းကောင်း²၊ ဟနဓာတ်သည် ဂတိအနက်ကိုမဟော၊ ဟိံသာအနက်ကို ဟောသည်၏အဖြစ်ကိုလည်းကောင်း³၊ သိစေသည်။

၁။အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

**မှတ်ချက်။** ပရူပဃာတီ = ပရ + ဥပ + ဟန + ဏီ–ကို ပရံ+ဝိ+ ဟေဌဓာတ်+အန္တ ပစ္စည်းဖြင့် ဓာတ်ပစ္စည်း ၂မျိုးလုံးလဲ၍ ဖွင့်သည်ဟုမှတ်။

http://www.dhammadownload.com



## ● ပါဠိဝိနိစ္ဆယ

**ဝိဟောဠယန္တော။ ဝိဟောဓယန္တော။** နီတိ၊ ဓာ။ ၅၇-၌ ဧဠ ဟေဠ ဝိဗာဓာယံဟုဆိုသောကြောင့်လည်းကောင်း၊ဤ၌လည်း ဝိပုဗ္ဗ-ဟေဠဓာတ်+ ဏာယ ပစ္စည်း+အန္တ ပစ္စည်းဖြင့် ပြီးသောကြောင့်လည်းကောင်း၊ ဝိဟေဠယန္တော ရှိသောပါဠိသာသင့်သည်။

**ပရိယောဒပန်။ ပရိယောဒါပန်။** ပရိပုဗ္ဗ + အဝပုဗ္ဗ + ဒါဓာတ်+ ဏာပေပစ္စည်း+ယုပစ္စည်းဖြင့် ပြီးသောကြောင့် ပရိယောဒါပန်ဟုနေသင့်၏။ သို့သော် တတိယပါဒ၌ ဘ-ဂိုဏ်းကြိုက်စေ,ရှိစေလိုသောကြောင့် "ဒါ"၌ အာ-သရကို ဆန္ဒာနုရက္ခဏာအကျိုးငှာ အ-ရဿပြု၍ ပြီးသောကြောင့် "ပရိယောဒပန်"ဟု ရဿနှင့်ရှိသောပါဠိသာ ဤ၌သင့်သည်။

**ပုဗ္ဗာရာမေ။ ပုပ္ဖါရာမေ။** ပုဗ္ဗ = သာဝတ္ထိမြို့၏ အရှေ့ဘက်၌ (ကတ = ဆောက်လုပ်ထားသော) အာရာမ = အရာမ်ကျောင်းတိုက်-ဟု ဆိုလိုသည်၊ ထိုကြောင့် ပုဗ္ဗာရာမေဟုရှိသောပါဠိသာသင့်သည်။

† ပုဗ္ဗာရာမေတိ သာဝတ္ထိယာ ပါစီနဒိသာဘာဂေ ကတတ္တာ ဝဝံ လဒ္ဓဝေါဟာရေ မဟာဝိဟာရေ။ သာရတ္ထ၊ ၁။ ၄၄၅။

## ● နည်းနှင့်ဥပစာ

မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ- ဆွမ်း (တတိယ ပါဒ) ကျောင်း၌ ရောင့်ရဲခြင်း (စတုတ္ထပါဒ) ဟူသော အစိတ်ကို မှတ်၍ ဆိုသဖြင့် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါး၌ ရောင့်ရဲ ခြင်း ဟူသော အပေါင်းကိုလည်းရသောကြောင့် ဥပလက္ခဏာနည်း။

အစိတ် ဖြစ်သော ဆွမ်း, ကျောင်း ၂-ပါး၌ ရောင့်ရဲခြင်း၏ မတ္တညုတာ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံဟူသောအမည်ကို အပေါင်း ဖြစ်သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါး၌ ရောင့်ရဲ ခြင်း၌ တင်စား၍ အပေါင်းဖြစ်သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါး၌ ရောင့်ရဲခြင်းကို မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ

http://www.dhammadownload.com



သဃနာသနံ ဟု ဆိုသောကြောင့် ကေဒေသူပစာ၊ ဝါ-အဝယဂူပစာ။ သာရတ္ထ၊ ၁။ ၄၄၃-၄ ၌ အကျယ်ရှုလေ။

## နေတ္တိမှတ်ဖွယ်

သာရတ္ထ၌ လက္ခဏာဟာရနယေန ဓာတိဘာဝတော- ဟု ဖွင့်သဖြင့် ဥပလက္ခဏာနည်းနှင့် နေတ္တိလက္ခဏာဟာရ တူသည်ဟုမှတ်၍ ယင်းဥပလက္ခဏာနည်းရရာ၌ လက္ခဏာဟာရနေတ္တိထုတ်ရာ၏။

---

(က) တေသံ ဗုဒ္ဓါနန္တိ တေသံ (လ) ဗုဒ္ဓါနံ။

(ခ) အန္တ ရဓာနေနာတိ ခန္တ ရဓာနေန၊ ပရိနိဗ္ဗာနေနာတိ ဝုတ္တံ ဟောတိ။

(ဂ) ဗုဒ္ဓါနဗုဒ္ဓါနန္တိ ယေ တေသံ ဗုဒ္ဓါနံ အနုဗုဒ္ဓါ (လ) ဓာနေန။ ၄။ ၁၅၅။

က-ဝါကျဖြင့် ဗုဒ္ဓအရ ဝိပဿီ, သိခီ, ဝေဿဘူဘုရားသုံးဆူတို့ကို ယူရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ တေသံသဒ္ဒါ၏ ပသိဒ္ဓ ဝိသယတ-သဒ္ဒါ၏ အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ သဗ္ဗနာမလိင်္ဂတ္ထ။

ခ-ဝါကျ၌ ခန္တ ရဓာနေနဖြင့် အန္တ ရဓာနအရ သာသနန္တ ရဓာန ကိုမယူရ၊ ခန္ဓာကွယ်ခြင်း (ခန္တ ရဓာရ) ကိုယူရမည်ဟု သိစေသည်။

(အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ ပရိနိဗ္ဗာနေနဖြင့် ခန္တ ရဓာနဟူသည် ဝေါဟာရအားဖြင့် ပရိနိဗ္ဗာန်ပြုခြင်းပင်တည်းဟုသိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** အန္တ ရဓာနေန၊ ခန္ဓာတော်ကွယ်ပျောက်သဖြင့်၊ (သဒ္ဒတ္ထ)။ ဝါ-ပရိနိဗ္ဗာန်စံလွန်တော်မူသဖြင့် (ဝေါဟာရတ္ထ။)

ဂ-ဝါကျ၌ ဗုဒ္ဓါနံအနုဗုဒ္ဓါဖြင့် ဗုဒ္ဓါနဗုဒ္ဓါပုဒ်ကို ဗုဒ္ဓါ စ အနုဗုဒ္ဓါ စ ဗုဒ္ဓါနုဗုဒ္ဓါဟု ဒွန်သမာသ်ဝစနတ္ထမပြုရ၊ ဗုဒ္ဓါနံ အနုဗုဒ္ဓါ ဗုဒ္ဓါနုဗုဒ္ဓါဟုဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

http://www.dhammadownload.com



ဂ–ဝါကျ၌ သမ္ဘုခသာဝကာဖြင့် ဗုဒ္ဓါနုဗုဒ္ဓါအရ မျက်မှောက် (လက်ရှိ)တပည့်တွေကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

ဂ–ဝါကျ၌ တေသဥ္စခန္ဓန္တရာဓာနေနဖြင့် ဗုဒ္ဓါနုဗုဒ္ဓါနံ ပုဒ်ကို အန္တရ ဓာနေန၌စပ်၍ အနက်ယောဇနာရမည်ဟုသိစေသည်။ (ဘာဝတ္ထ၊ ဝါ–သမ္ဗန္ဓ။

---

(က) နာနာကုလာပဗ္ဗဇိတာတိ (လ) ဝိဝိဓေကုလာ နိက္ခမ္မ ပဗ္ဗဇိတာ။

(ခ) ဝိကိရတီတိ ဝိက္ခိပတိ။

(ဂ) ဝိဓမတီတိ ဌာနန္တ ရံနေတိ။

(ဃ) ဝိဒ္ဓံသေတီတိ ဌိတဌာနတော အပနေတိ။ ဋ္ဌ။ ၁၅၆။

## အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ နိက္ခမ္မ–ဖြင့် နာနာကုလာ၌ အာ–သဒ္ဒါသည် ပဉ္စမာ ဝိဘတ်၏ ကာရိယမဟုတ်၊ ပဌမီသွာဝိဘတ်၏ ကာရိယ၏အဖြစ်ကိုလည်း ကောင်း[၁]၊ ယင်းနာနာကုလာပုဒ်၏ ဥပ္ပတ္တိဝိသယအပါဒါန်ဖြစ်ရကား နိက္ခမ္မ ဟူသော ပါဌသေသ၌ စပ်ရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ နာနကို ဝိဝိဓ– ဟု ဖွင့်သဖြင့် နာနာနိပါတ်၏ ဝိဝိဓအနက်ကို ဟောသည်၏အဖြစ်ကို လည်း ကောင်း[၃]၊ သိစေသည်။

၁။ ဝိဘတ္တိပဒ။ ၂။ သမ္ဗန္ဓ။ ၂။ နိပါတလိင်္ဂတ္ထ။

ခ–ဝါကျဖြင့် ဝိကိရတိ၌ ကိရဓာတ်၏ ဝိက္ခိပနအနက်ကို ဟော သည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဝိဥပသာရ၏ဓာတွတ္ထာနုဝတ္တက၏ အဖြစ် ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

† ကိရော ဝိက္ခေပဝိကိရေ။ (ဓာတွတ္ထသင်္ဂြိုဟ်။)

ဂ–ဝါကျဖြင့် ဝိဓမတိ–၌ ဓမဓာတ်သည် အရပ်တစ်ပါးသို့ ပို့ဆောင် ခြင်း (ဌာနန္တ ရနယန) အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ဝိ– ဥပသာရ၏ ဓာတွတ္ထဝိသေသက၏အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

http://www.dhammadownload.com



မှတ်ချက်။ မေသဒ္ဒဂ္ဂိသံယောဂေသု (အသံမည်အောင် တီးမှုတ်ခြင်း = သဒ္ဒါမီးမှုတ်ခြင်း = အဂ္ဂိသံယောဂ) ဟုသာ ဓာတ်ကျမ်းတို့၌လာသည်၊ နယနအနက်ကား ဓာတ်ကျမ်းတို့၌မလာ၊ ဝိ ဥပသာရက အထူးပြုသောကြောင့်သာ ယင်းအနက်ကိုဟောသည်ဟုမှတ်ရာ၏။

ဃ-ဝါကျဖြင့် ခံသဓာတ်၏ ဝိဒ္ဓံသနအနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊[၁] ဝိ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

✝ ဝိဒ္ဓံသေ ခံသ ယာယနေ။ (ဓာတွတ္ထ သင်္ဂြိုဟ်။)

---

(က) အကိလာသုနော စ ဝေ (လ) ပရိစ္စ ပရိစ္ဆိန္ဒိတွာ ဩဝဒိတုံ အကိလာသုနော အဟေသုံ။

(ခ) ဘိ သနကေတိ ဘယာနကေ ဘယဇနနကေ။

(ဂ) ဣဒံ ပဇဟထာတိ အကုသလံ ပဇဟထ။

(ဃ) ဣဒံ သမ္ပဇ္ဇ ဝိဟရထာတိ ကုသလံ ဥပသမ္ပဇ္ဇ ပဋိလဘိတွာ နိပ္ဖါဒေတွာ ဝိဟရထ။ ဋ္ဌ။ ၁၅၆။

က-ဝါကျ၌ ပရိစ္ဆိန္ဒိတွာဖြင့် ပရိစ္စ၌ ပရိပုဗ္ဗ+ဣဓာတ်၏ ပရိစ္ဆိန္ဒနအနက်ဟော၏အဖြစ်ကိုလည်းကောင်း၊[၁] ပရိ-ဥပသာရ၏ ဓာတွတ္ထာ နုဝတ္တက၏ အဖြစ်ကိုလည်းကောင်း၊[၂] စ္စ-သဒ္ဒါသည် ကိတ် ဏျ ပစ္စည်း၏ ကာရိယမဟုတ်၊ တွာ-ပစ္စည်းကာရိယ၏အဖြစ်ကိုလည်းကောင်း၊[၃] သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဒုတိယ ပစ္စယပဒ။

ခ-ဝါကျ၌ ဘယာနကေ ဖြင့် ဘိ သနကေ၌ ဘိသိ ဓာတ်သည် ကြောက်ခြင်းအနက်ကိုဟောသတည်းဟုသိစေသည်။ (ဒုတိယဓာတွတ္ထ။)

မှတ်ချက်။ နီတိ၊ ဓာတု။ ၁၈၃-၌ ဘိသိ ဘယေဟု ရှိသည်။ ဘိ သနကေ၌ ဘိသိဓာတ်ကို ဘယာနကေ-ဟု ဘီဓာတ်ဖြင့် လဲလှယ်ဖွင့်သည်။ ထိုကြောင့် ဒုတိယဓာတွတ္ထဖော်ရသည်။

http://www.dhammadownload.com



ခ-ဝါကျ၌ ဘယဇနနကေဖြင့် ဘိံသနကေပုဒ်ကို ဘိံသိယတိတိ ဘိံသနကော(ဝနသဏ္ဍော)ဟု ကမ္မသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကို လည်းကောင်း၊[၁] ယုပစ္စည်းကမ္မသာဓန၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

**ရှင်းလင်းချက်။** ဘိံသနကေ-၌ ဘိသိ ဓာတ် + ယု ပစ္စည်း + သွတ္ထကပစ္စည်း။ တစ်နည်း-ဘိသိဓာတ်+န- အာဂုံ+ဏွုပစ္စည်း၊ ဝါ-အက ပစ္စည်း-ဟုအမျိုးမျိုးကြံကြသည်။ ယင်းဘိသိဓာတ်၏ ဓာတ်နက်ကား ဘယေ၊ (ကြောက်ခြင်း)တည်း။ ဘိံသနအနက်ကို ဘယဇနနကေ-ဟု ဖွင့်ခြင်းသည် ဘိံသနကေ၌ ဘိသိဓာတ်အနက်ကို ကံပုဒ်ပြု၍ ဖွင့်ခြင်းမျိုးတည်း။

ပိယောတိ ပီတိဇနနကော (သုဒိန္နဘာဏဝါရ။ ဝိ၊ ၄၊ ၁။ ၁၇၁။) ၌ ဓာတ်နက်ကိုကံပုဒ်ထား၍ဖွင့်သဖြင့် အဋ္ဌကထာဆရာဘာကိုပြ, ဘာကို သိစေသနည်း။

ပိယာယိတဗ္ဗောတိ ပိယောတိ အာဟ ပိတိဇနနကောတိ ဟု သာရတ္ထ၊ ၂။ ၄-၌ ဖွင့်သဖြင့် ပိယောပုဒ်၏ ကမ္မသာဓနအဖြစ်ကိုပြ၊ ကမ္မသာ ဓနပြုရမည်ကိုသိစေသတည်းဟုမှတ်ရာ၏။ ထို့ကြောင့် ဤဘိံသနကေကို ဘယဇနနကေ ဖွင့်ရာ၌လည်း ဤနည်းတူ ကမ္မသာဓ်အာဘော်ကို ဖော်ခဲ့ ပေသည်။

* ဓာတ်နက်ကံထား၊ ဖွင့်တုံငြား၊ မှတ်သားကမ္မသာဓနေ။ **(သစ်)**

## ဝါဒန္တ ရမှတ်ဖွယ်

ဘယာနကေပုဒ်ကိုထောမ၌ ဘီဓာတ်+အာနက ပစ္စည်းဟုဆို၍ "ဝိဘေတိ ဇတသ္မာတိ ဘယာနကော" ဟု အပါဒါန သာဓနေ ဝိဂ္ဂဟ ပြုသည်။

ဂ-ဝါကျ၌ အကုသလ်ဖြင့် ဣဒံပုဒ်၏အစွဲကို ပဇဟထ ကြိယာကို ထောက်၍ အကုသိုလ်ကိုစွဲရမည်ဟုသိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ )

ဃ-ဝါကျ၌ ကုသလံဖြင့် ဣဒံပုဒ်၏အစွဲကို သမ္ပဇ္ဇ ကြိယာကို ထောက်၍ ကုသိုလ်စွဲရမည်ဟုသိစေသည်။ (သဗ္ဗနာမလိင်္ဂတ္ထ။)

ဃ-ဝါကျ၌ပဋိလဘိတွာ-ဖြင့် ဥပ- ဥပသာရ၏ အနတ္ထကပဒါ လင်္ကာရ၏အဖြစ်ကိုလည်းကောင်း၊[၁] သံ-ဥပသာရ၏ဓာတွတ္ထ ဝိသေသက၏

http://www.dhammadownload.com



အဖြစ်ကိုလည်းကောင်း၊ ပဒဓာတ်၏ပဋိလာဘနအနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊ ဓွသဒ္ဒါသည် ကိတ်ကျပစ္စည်း၏ကာရိယမဟုတ်၊ တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း၊ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၃။ ဒုတိယဓာတွတ္ထ။

၄။ ဒုတိယပစ္စယပဒ။

ဃ–ဝါကျ၌ နိပ္ပါဒေတွာဖြင့် ရ၏ (ပဋိလာဘန) ဟူသည် ပြီးစေခြင်း (နိပ္ပါဒန) ကိုပင် ဆိုသတည်းဟုသိစေသည်။ (ဘာဝတ္ထ)

---

(က) အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ အဂ္ဂဟေတွာ ဝိမုစ္စိံသု။

(ခ) တေသံ ဟိ စိတ္တာနိ ယေဟိ အာသဝေဟိ ဝိမုစ္စိံသု။

(ဂ) န တေ တာနိ ဂဟေတွာ ဝိမုစ္စိံသု။

(ဃ) အနုပ္ပါဒ နိရောဓေန ပန နိရုဇ္ဈမာနာ အဂ္ဂဟေတွာ ဝိမုစ္စိံသု။

(င) တေန ဝုတ္တံ "အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံ သူ" တိ။ ဋ္ဌ။ ၁၅၆။

## ● အနက်ယောဇနာ

ခ–ဟိသစ္စံ၊ မှန်၏။ တေသံဘိက္ခုသဟဿာနံ၊ ထိုရဟန်းတစ်ထောင်တို့၏။ စိတ္တာနိ၊ စိတ်တို့ကို။ ယေဟိအာသဝေဟိ၊အကြင်အာသဝေါတရားတို့သည်။ ဝိမုစ္စိံသု၊ လွတ်အပ်ကုန်ပြီ။ (ဤ၌ဝိမုစ္စိံသုကား=ဝိ+မုစ+ယ+ဥံ၊ဝိဘတ်။ ကမ္မရုပ်တည်း။)

ဂ–တေအာသဝါ၊ ထိုအာသဝေါတရားတို့သည်။ တာနိစိတ္တာနိ၊ တို့ကို။ န ဂဟေတွာ၊ အာရုံ၏ အစွမ်းဖြင့် မယူကုန်မူ၍။ ဝိမုစ္စိံသု၊ လွတ်ကုန်ပြီ။ (ဤ၌ဝိမုစ္စိံသုကားကတ္တုရုပ်တည်း။)

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝိတ္ထာရ ဝါကျ။ ထို–၌ က–ဝါကျကား သင်္ခေပဝါကျ။

http://www.dhammadownload.com



## ခ–ဝါကျ ထပနာတိကကျမ်းတက်

ဆရာ၊ဆရာသည် က–ဝါကျဖြင့် အဂ္ဂဟေတွာဝိမုစ္စံ်သုဟု ဝိသေသနဝိသေသျကြိယာအဖြစ်ဖြင့်ဖွင့်ဆို၏။ ယင်းကြိယာ ၂–ပါးတို့၏ ကတ္တားကံတို့ကို အသို့သိအပ်ပါသနည်း ယင်းကြိယာ ၂–ပါးတို့၏ ကတ္တားကံတို့ကို အကျယ်မပြပြီလော–ကြောင့် ခ–ဝါကျမိန့်။

ဂ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ ခ–ဝါကျကား အာရဒ္ဓဝါကျ။

## ဂ–ဝါကျထပနာတိကကျမ်းတက်

ဆရာ၊ ဆရာသည် ခ–ဝါကျဖြင့် အာသဝေဟိ ကား ကတ္တား၊ စိတ္တာနိကား ဝုတ္တကံ (ပစ္စတ္တဗဟုဝုစ်) ဝိမုစ္စံ်သုကား ကမ္မဝါစကဟု ဆိုတော်မူ၏။ ယင်းကမ္မရုပ်ဝါကျဖြင့်သာ ပါဠိတော်ကို ဖွင့်နိုင်ပါသလော။ အဘယ်ဝါကျ မျိုးဖြင့်လည်း ပါဠိတော် ဖွင့်နိုင် ပါသနည်း– ကြောင့် ဂ–ဝါကျဆက်မိန့်။

### အနုပါဒါယ အာသဝေဟိစိတ္တာနိ ဝိမုစ္စံ်သု။

## ခ–သံဝဏ္ဏနာနှင့်အညီအနက်ယောဇနာ

အာသဝေဟိ၊ အာသဝေါတရားတို့သည်။ အနုပါဒါယ၊ အာရုံ၏ အစွမ်းဖြင့်မယူ မူ၍။ စိတ္တာနိ၊ တို့ကို။ ဝိမုစ္စံ်သု၊ လွတ်အပ်ကုန်ပြီ။

## ဂ–သံဝဏ္ဏနာနှင့်အညီအနက်ယောဇနာ

အာသဝေဟိ၊ အာသဝေါတရားတို့သည်။ စိတ္တာနိ၊ တို့ကို။ အနုပါဒါယ၊ အာရုံ၏အစွမ်းဖြင့်မယူမူ၍၊ ဝိမုစ္စံ်သု၊ လွတ်ကုန်ပြီ။

## အထဝါတက်သောဝိမတိဋီကာအလို

အာသဝေဟိ၊ အာသဝေါတရားတို့မှ။ အနုပါဒါယ (တစ်စုံတစ်ခုသော သင်္ခတတရားကိုတဏှာ၏အစွမ်းဖြင့်)မယူမူ၍။ စိတ္တာနိ၊စိတ်တို့သည်။ ဝိမုစ္စံ်သု၊ လွတ်ကုန်ပြီ။

**မှတ်ချက်။** ဝိမတိ၊ ၁။ ၉၄–အထဝါတက်သော အဖွင့်ကား တာမာ်သဝါပီ စိတ္တံ ဝိမုစ္စိတ္တ–ဝိ၊ ၁။ ၆–နှင့် လျော်ညီပါပေသည်။

http://www.dhammadownload.com



ဃ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ဝါကျကား အာရဒ္ဓဝါကျ။

## ဃ-ဝါကျသာဘောဂါယုတ္တပုစ္ဆာတက်

ဆရာ၊ ဆရာသည် က-ဝါကျဖြင့် အင်္ဂဟေတွာ ဝိမုစ္စိ'သုဟု ဖွင့်ဆို၏။ ရုံခါအာသဝဝိပ္ပယုတ်ဖြစ်၍လွတ်သည်ကို အင်္ဂဟေတွာဝိမုစ္စိ'သု ဟူသလော။ အဘယ်သို့လွတ်သည်ကို အင်္ဂဟေတွာဝိမုစ္စိ'သုဟု ဆိုသနည်း-ကြောင့် ဃ-ဝါကျမိန့်။

ကား-ဃ-ဝါကျဖြင့် တစ်ဖန်မဖြစ်သောအားဖြင့် ချုပ်ကုန်သော အာသဝတို့သည်အင်္ဂဟေတွာ ဝိမုစ္စိ'သုပင်တည်းဟု ငါပြဆို၏ဟူလို။

င-ဝါကျလဒ္ဓဂုဏဝါကျ။ ထို-၍ ဃ=ဝါကျကား လဒ္ဓဂုဏိယဝါကျ။

## ● ဝိဂ္ဂဟနှင့်ဥဿ်ကောက်

**အာသဝါ**။ ဓမ္မတော ယာဝဂေါတြဘုံ, ဩကာသ တောယာဝဘဝဂ္ဂံ သဝန္တီတိ အာသဝါ။ အဘိ၊ ဋ္ဌ၊ ၁။ ၉၀။ ယေဓမ္မာ၊ အကြင်ကာမစသော တရားတို့သည်။ ဓမ္မတော၊ တရားအားဖြင့်။ ယာဝဂေါတြဘုံ၊ ဂေါတြဘူ တိုင်အောင်။ ဩကာသတော၊ အရပ် ဒေသအားဖြင့်။ ယာဝဘဝဂ္ဂံ၊ ဘဝဂ် တိုင်အောင်။ သဝန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ တေဓမ္မာ အာသဝါ။ အာပုဗ္ဗ+ သုဓာတ်+ပစ္စည်း။ ကတ္တုသာဓန။

အာဟူသောဥပသာရပုဒ်အရကား ဓာတွတ္ထာနုဝတ္တက ဘောဂုဏ်၊ ဝါ—အန္တောကရဏတ္ထ ဘောဂုဏ်ရ၏။ (အန္တောကရဏတ္ထော ဟိ အယံ အာကာရော။ အဘိ၊ ဋ္ဌ၊ ၁။ ၉၀။)

သု-ဓာတ်၏ အရကား ဓမ္မအားဖြင့် ဂေါတြဘူ, ဖြစ်ရာအရပ်ဒေသ အားဖြင့် ဘဝဂ်တိုင်အောင်ဖြစ်တတ်သော ကာမာသဝစသည်တို့၏ သတ္တိ လက္ခဏသဘာဝရ၏။ ဏ-ပစ္စည်းအရကား သတ္တိမန္တ, လက္ခဏဝန္တ သဘာဝ ဝန္တဖြစ်သော ကာမာသဝစသော အာသဝေါတရားတို့ရ၏။

http://www.dhammadownload.com



## ● ဓာတုပစ္စယာဒိဝိဘာဂ

နိရုတ္တိမာနာ။ နိပုဗ္ဗ+ရုဓောတ်+ယပစ္စည်း+မာနပစ္စည်း။ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ အဂ္ဂဟေတွာ–ဖြင့် အနုပါဒါယ (န+ဥပ+အာ+ဒါ+တွာ) န–သဒ္ဒါ၏ ပဋိသေဓ အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဥပ ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း[၂]၊ အာ–ဥပသာရ၏ ဓာတွတ္ထဗာဓက၏ အဖြစ်ကိုလည်းကောင်း[၃]၊ ယ–သဒ္ဒါ၏ တွာပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၄]၊ န ဥပါဒါယ အနုပါဒါယဟု (န ကတွာ အကတွာကဲ့သို့) ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ၊ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။

၄။ ဒုတိယပစ္စယပဒ။ ၅။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

ခ–ဝါကျဖြင့် အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု–၌ အာသဝေဟိကား ကတွတ္ထ၌ ကရိဏ်းဝိဘတ်[၁]၊ စိတ္တာနိကား ဝုတ္တကမ္မတ္ထ၌ ပဌမာဗဟုဝုစ်ဝိဘတ်[၂]၊ ဝိမုစ္စိံသု–၌ ဥံုဝိဘတ်ကား ကမ္မသာဓန[၃] ( ကမ္မဝါစက ) ဟု သိစေသည်။

၁။ ဝိဘတျတ္ထ။ ဝိဘတ္တိပဒ။ ၂။ ဝိဘတျတ္ထ။ ဝိဘတ္တိပဒ။

၃။ ဒုတိယဝိဘတျတ္ထ။

ဂ–ဝါကျဖြင့် အာသဝေဟိကား လိင်္ဂတ္ထ၌ ပဌမာဝိဘတ်[၁]၊ အာသဝါဟုဆိုလိုလျက် ဝိဘတ္တိ ဝိပလ္လာသအားဖြင့် အာသဝေဟိ[၂]ဟု ရှိသည်၊ စိတ္တာနိကား ကမ္မတ္ထ၌ ဒုတိယာဗဟုဝုစ်ဘက်[၃]၊ ဝိမုစ္စိံသု၌ ဥံုဝိဘတ်ကား ကတ္တုသာဓန[၄] (ကတ္တုဝါစက) ဟု သိစေသည်။

၁။ ဝိဘတျတ္ထ။ ဝိဘတ္တိပဒ။ ၂။ ဘာဝတ္ထ။ ၃။ ဝိဘတျတ္ထ။

ဝိဘတ္တိပဒ။ ၄။ ဒုတိယဝိဘတျတ္ထ။

ဃ–ဝါကျဖြင့် ရဲခါအာသဝဝိပ္ပယုတ်ဖြစ်၍ လွတ်သကဲ့သို့လွတ်သည် မဟုတ်၊ နောက်တစ်ဖန်မဖြစ်ခြင်းဟူသော ချုပ်ခြင်းဖြင့် လွတ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com



## ● ပါဠိဝိနိစ္ဆယ

**နိရုဇ္ဈာမာနာ။ နိရုဇ္ဈမာနေ။** နိရုဇ္ဈမာနာနိ။ ခ–ဝါကျ၌ ယေဟိ အာသဝေဟိ၊ ဂ–ဝါကျ၌ တေ–အရနှင့် နိရုဇ္ဈာမာနာ အရတူကြောင်းကို သာရတ္ထ၊ ၌ "နိရုဇ္ဈမာနာအာသဝါ"ဟု ဖွင့်ပြသောကြောင့် နိရုဇ္ဈမာနာ ရှိသောပါဌ်သာသင့်သည်။

**မှတ်ချက်။** ယောဇနာ၌ နိရုဇ္ဈမာနေ အာသဝေ ဟု ဖွင့်၍ အင္ဂဟောတွာ၌ကံစပ်ရမည်ဟုဆိုသည်။ အာသဝတရားသည် အင္ဂဟောတွာ ပုဒ်၏ကံမဖြစ်သင့်သောကြောင့် ယောဇနာစကားမသင့်ဟုမှတ်ရာ၏။

## ● နည်းနှင့်ဥပစာ

**အာသဝေဟိ။** ဤ၌အစိတ်ဖြစ်သော အာသဝါတရားတို့ကို မှတ်၍ဆိုသဖြင့် အပေါင်းအလုံးစုံသော ကိလေသာ၊ အလုံးစုံသော အကုသိုလ် တရားတို့ကိုလည်းရသောကြောင့် ဥပလက္ခဏာနည်း။

**တစ်နည်း။** ဤ၌ပြဋ္ဌာန်းသော အာသဝါတရားတို့ကို ဆိုသဖြင့် မပြဋ္ဌာန်းသော အလုံးစုံသော ကိလေသာ၊ အလုံးစုံသော အကုသိုလ်တရား တို့ကို ရသောကြောင့် ပဓာနနည်း။

အစိတ်ဖြစ်သော အာသဝါတရားတို့၏ အာသဝေဟိအမည်ကို အပေါင်းဖြစ်သော အလုံးစုံသောကိလေသာ၊ အလုံးစုံသော အကုသိုလ် ဓမ္မတို့၌တင်စား၍ အလုံးစုံသော ကိလေသာ၊ အလုံးစုံသော အကုသိုလ် တရားတို့ကို အာသဝေဟိဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ အဝယဝူပစာ။

**မှတ်ချက်။** ဋ္ဌ။ ၁၁။ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုတ္တံ၏ အဖွင့်သာရတ္ထ။ သီ၊ ဋီ၊ သစ်၊ ၁။ အာသဝဝိမုတ္တိ သီသေနေဝ သဗ္ဗကိလေ သဝိမုတ္တိ ဝုတ္တာဟူသော သာမညဖလသုတ် အဖွင့်နှင့်အညီ နည်းဥပစာတည်း။

တတြသုဒံ သာရိပုတ္တ ဘိသနကဿ ဝနသဏ္ဍဿ ဘိသန ကတသ္မိံ ဟောတီတိ။

(က) တတြတိ ပုရိမဝစနာပေက္ခံ။

(ခ) သုဒန္တိ ပဒပူရဏမတ္တေ နိပါတော။

http://www.dhammadownload.com



(ဂ) သာရိပုတ္တာတိ အာလပနံ။

(ဃ) အယံပနေတ္ထ အတ္ထယောဇနာ တတြတိယံဝုတ္တံ "အညံ တရသ္မိံ ဘိံ သနကေ ဝနသဏ္ဍေ" တိ (လ) ဘိံသန ကတသ္မိံ ဟောတိ။

(င) ဘိံသနကိရိယာယဟောတိ အတ္တော။ ဋ္ဌ။ ၁၅၇။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

ဂ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ ခ-ဝါကျကား ပက္ခဝါကျ။

### အနုသန္ဓေတက်

ဤသို့ က-ခ-ဂ-ဝါကျတို့ဖြင့် ပဒဝိနိစ္ဆယကို ပြပြီး၍ ယခုအခါ၌ အတ္ထယောဇနာကိုပြခြင်းငှာ အယံပနေတ္ထစသောပါဠ်ကိုမိန့်။

င-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ဃ-ဝါကျကား သခေ်ပ။ ဝါ၊ င-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ ဃ-ဝါကျကား အာရဒ္ဓဝါကျ။

---

## ● ဝိဂ္ဂဟနှင့်ဉာသ်ကောက်

**ဘိံသနကတသ္မိံ။** ဘိံသိယတေ ဘိံသနံ။ ဘိံသိယတေ၊ ကြောက်ခြင်း။ ဘိံသနံ၊ ကြောက်ခြင်း။ ကရဏံ ကတံ။ ကရဏံ၊ ပြုခြင်း။ ကတံ၊ ပြုခြင်း။ (အစိတ်ဝိဂ္ဂဟ။)

ဘိံသနဿ ကတံ ဘိံသနကတံ။ ဘိံသနဿ၊ ကြောက်ခြင်းကို။ ကတံ၊ ပြုခြင်းတည်း။ ဘိံသနကတံ၊ ကြောက်ခြင်းကို ပြုခြင်း၊ (အပေါင်းဝိဂ္ဂဟ) ဘိံသနပုဒ် ကတပုဒ်။ ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ်သမာသ်။

ဘိံသနဟူသော ဝိသေသနပုဒ်အရကား ကြောက်ခြင်းသည် မုချ။ ယင်း၏ ပြုခြင်းကြိယာနှင့် ကမ္မကမ္မီ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။ ဘိံသနကတဟူသော သမာသ်ပုဒ်အရကား ကြောက်ခြင်းကို ပြုခြင်းရ၏။

**အနက်ယောဇနာ။** ဘိံသန+ကတသ္မိံ၊ ကြောက်ခြင်းကို ပြုခြင်းကြောင့်။

http://www.dhammadownload.com



## ● တတုပစ္စယာဒိဝိဘာဂ

သဏ္ဍာ။ သဏဓာတ်+ဍပစ္စည်း။ ဝါ-သမုဓာတ် + ဍ ပစ္စည်း။

† သဏ ဒါနေ။ ဒွေဝ။ သမု ဥပသမေဝါ။ သူစိ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ပုရိမ ဝစနာပေက္ခဖြင့် တတြ၌ တသဒ္ဒါကား ဆိုအပ်ပြီးသော "အညတရသ္မိံ ဘိံသနကေ ဝနသဏ္ဍေ"ဟူသော စကားကိုစွဲသော ပဏ္ဏတ္တိဝိသယ "တ" သဒ္ဒါတည်းဟု သိစေသည်။ (ဃ-ဝါကျတတြာတိယံ ဝုတ္တံ၊အညတရသ္မိံ ဘိံသနကေဝနသဏ္ဍေတိ-၌လည်း အာဘောဂ်အတူတူ ဟုမှတ်။) သဗ္ဗနာမလိင်္ဂတ္ထ။

ခ-ဝါကျဖြင့် သုဒ္ဓံသဒ္ဒါ၏ နိပါတ်ပုဒ်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်း၏ ပဒပူရဏအနက်၏အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။

ဂ-ဝါကျ၌ အာဘောဂ်သံဝဏ္ဏနာကို နှာ။ ၂၅၅။ အာလပနမတ္တံ အတိုင်းမှတ်ပါ။

ငဝါကျ ဘိံသနကြိယာယဖြင့် ကရဏံကတံဟု ဘာဝသာဓနေ ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ တ-ပစ္စည်း၏ ဘာဝသာဓနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဘိံသနနှင့်ကတကို ဘိံသနဿ ကတံ ဘိံသနကတံဟု ကမ္မတ္ထဆဋ္ဌီတပ္ပုရိသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။ သာရတ္ထ၊ ၁။ ၄၄၈။ ဝိမတိ၊ ၁။ ၉၄။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

## သံဝဏ္ဏနာများနှင့်အညီ

သာရိပုတ္တ၊ သာရိပုတ္တရာ။ တတြ၊ ထို အမှတ်မရှိ တစ်ပါးသော ကြောက်မက်ဖွယ်သော တောအုပ်၌။ (သုဒ္ဓံအနက်မရှိ။) ဘိံသနကသ္မ၊

http://www.dhammadownload.com



ကြောက်မက်ဖွယ်သော။ ဝနသဏ္ဍာသ၊ တောအုပ်၏။ ဘိံသန+ကတသို့၊ ကြောက်ခြင်းကိုပြုခြင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ (ကိံဟောတိ စသည် ပါဋ္ဌိတော်၌ဆက်ပါ။)

**မှတ်ချက်။** ဋ္ဌ-၌ ကိံဟောတိ ဣဒံဟောတိ-ဖြင့် ဘိံသနာက တသို့ဟောတိ၏ ဘဝနာကာရ ကား ပါဋ္ဌိ၌ "ယောကောစိ (လ) လောမာနိပဟံသန္တိ"တည်းဟု ပြသည်။

(က) အထဝါ ဝါတြာတိ သာမိအတ္ထေ ဘုမ္မံ။

(ခ) သုဏ္ဍတိ နိပါတော။

(ဂ) ဣဒန္တိ အဓိပ္ပေတမတ္ထံ ပစ္စက္ခံ ဝိယ ကတွာ ဒဿနဝစနံ။

(ဃ) သုဏ္ဍဒန္တိ သုဒံ။

(င) ဘိံသနကတသ္မိန္တိ ဘိံသနကဘာဝေတိ အတ္ထော။ ကေဿ တကာရဿ လောပေါ ဒဋ္ဌဗ္ဗော။

(စ) ဘိံသနကတ္တသ္မိံယေဝ ဝါ ပါဌော။

(ဆ) ဘိံသနကတာယ ဣတိဝါ ဝတ္တဗ္ဗေ လိင်္ဂဝိပလ္လာသော ကတော။

(ဇ) နိမိတ္တတ္ထေ စေတံ ဘုမ္မဝစနံ။ ဋ္ဌ။ ၁၅၇။

## အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် တတြ၌ တပစ္စည်းကား သတ္တမိအနက်၌မသက်၊ သာမိအနက်၌သက်သတည်းဟုသိစေသည်။ (ဝိဘတျတ္ထ)

ခ-ဝါကျဖြင့် သုသဒ္ဒါကား နိပါတ်တည်းဟု သိစေသည်။ (နိပါတလိင်္ဂပဒ။)

ဂ-ဝါကျဖြင့် ဣဒံကား ဥာ-ကမ္မာထက်၌ဖြစ်သော အဓိပ္ပာယ် (ကြက်သီးမွေးညင်းထခြင်း)ကို မျက်မှောက်ကဲ့သို့ပြတတ်သော သဒ္ဒါတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** ဤအလို ဣဒံလောမဟံသနံ၊ ဤအမွေးတို့၏ ရှင်ခြင်းသည်ဟုအနက်ပေး။

http://www.dhammadownload.com



ဃ–ဝါကျဖြင့် သုဒ်ကို သု+က္ကဒ်ဟုပဒစ္ဆေဒပြုရမည်ဟု သိစေသည်။ (သန္ဓိလိဂ်ပဒ။)

င–ဝါကျ၌ ဘိသနကဘာဝေဖြင့် ဘိသနကတ္တံ၌ တ္တပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌သက်သည်၏အဖြစ်ကိုလည်းကောင်း^၁၊ ဘိသနကဿ ဘာဝေါ ဘိသနကတ္တံဟုဘာဝတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း^၂၊ သိစေသည်။

၁။ ပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

င–ဝါကျ၌ ကေဿ (လ) ဒဠှဗ္ဗောဖြင့် ဘိသနကတ္တသို့ဟု ဆိုလိုလျက် တ တစ်လုံးကိုချေ၍ "ဘိသနကတသို့" ဟု ရုပ်ပြီးသတည်းဟု သိစေသည်။ (ဘာဝတ္ထ)

## သံဝဏ္ဏနာနှင့်အညီအစိတ်အပေါင်းဝိဂ္ဂဟ

ဘိသယတီတိ ဘိသနော။ ( အစိတ်။ ) ယောဝနသဏ္ဍော။ အကြင်တောအုပ်သည်။ ဘိသယတိ၊ ကြောက်စေတတ်၏။ ဣတိ သော ဘိသနော။ ဘိသဓာတ်+ယု–ပစ္စည်း။ ဟေတုကတ္တုသာဓန။

ဘိသဓာတ်အရ သုဒ္ဓကတ္တုဒြကြိယာကား ကြောက်သောပုဂ္ဂိုလ်၏ ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်မှုချ။ ဟေတုကတ္တုဒြကြိယာ အရကား ထို အားတပ်သောတောအုပ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ ယုပစ္စည်းအရကား ထိုမှုချဋ္ဌာနူပစာတို့ဖြင့် မှတ်အပ်သော ကြောက်အပ်ကြောက်မက်ဖွယ်ကောင်းသော တောအုပ်ရ၏။

**ဘိသနကော။** ဘိသနောဧဝ ဘိသနကော။ က–ပစ္စည်း သွတ္ထ။

ဘိသနကဿ ဘာဝေါ ဘိသနကတ္တံ၊ တ–ချေ၍ ဘိသနကတံ။ ဘိသနကဿ၊ ကြောက်မက်ဖွယ်တောအုပ်၏ ဘာဝေါ၊ အဖြစ်တည်း။ ဘိသနကတံ၊ အဖြစ်။ ဘိသနကပုဒ်+တ္တ ပစ္စည်း။

ဘိသနကဟူသော တဒ္ဓိတ်ပုဒ်အရကား ကြောက်မက်ဖွယ်ကောင်းသော တောအုပ် ဒြဗ်သည်မှုချ။ ယင်း၏ကြောက်မက်ဖွယ် အခြင်း အရာ (ကြောက်စရာကောင်းလောက်အောင် တောနက်ခြင်းစသည်) နှင့် ဂုဏော

http://www.dhammadownload.com



ဂုဏ်အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန္ဓသည် ဌာနူပစာ။ တ္တ-ပစ္စည်းအရကား ထိုမုချ ဌာနူပစာဖြင့် မှတ်အပ်သော တောအုပ်၏ ကြောက်မက်ဖွယ် အခြင်းအရာရ၏။

**အနက်ယောဇနာ။** ဘိံသနကတသ္မိံ၊ ကြောက်မက်ဖွယ်၏ အဖြစ်ကြောင့်၊ ဝါ-ကြောက်မက်ဖွယ် အခြင်းအရာကြောင့်-ဟု အနက်ပေး။ သာရတ္ထ၊ ၁။ ၄၄၈။ ဝိမတိ၊ ၁၊ ၉၄။

စ-ဝါကျဖြင့် တ-တစ်လုံးကိုမချေလျှင် ဘိံသနကတ္တသ္မိံဟုပင် ပါဠိ ရှိသင့်သည်ဟု သိစေသည်။ (ဘာဝတ္ထ။)

ဆ-ဝါကျဖြင့် ဘိံသနကတာယ - ဟု ဆိုလိုလျက် ဣတ္ထိလိင်ကို နပုလ္လိင်ပြန်ခြင်း လိင်္ဂဝိပလ္လာသအားဖြင့် "ဘိံသနကတ္တသ္မိံ" ဟုဆိုသတည်း ဟု သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** င-စ-ဆ ဝါကျတို့၌ အာဘော်ကိုရှု၍ ပါဠိဝိနိစ္ဆယ ကို သိလေ။

ဇ-ဝါကျဖြင့် ဘိသနကတသ္မိံစသည်ပါဠိများ မည်သို့ရှိစေ၊ သ္မိံ ဝိဘတ်ကား နိမိတ်အနက်တည်းဟု သိစေသည်။ (ဝိဘတျတ္ထ။)

## သံဝဏ္ဏနာများနှင့်အညီ

သာရိပုတ္တ၊ သာရိပုတ္တရာ။ ဘိံသနကဿ၊ သော။ တတြတဿ ဝနသဏ္ဍဿ၊ ထိုတောအုပ်၏၊ ဘိံသနကတသ္မိံ၊ ကြောက်မက်ဖွယ်၏ အဖြစ်ကြောင့်။ ဣဒံလောမဟံသနံ၊ ဤ အမွေးတို့၏ ရွှင်ခြင်းသည်။ သုဟောတိ၊ ဖြစ်၏-ဟု ပါဠိ၌အနက်ပေး။

---

(က) ယေဘုယျေန လောမာနိ ဟံသန္တိတိ ဗဟုတရာနိ လောမာနိ ဟံသန္တိ။

(ခ) ဥဒ္ဓံ မုခါနိ သူစိသဒိသာနိ ကဏ္ဍကသဒိသာနိစ ဟုတွာ တိဋ္ဌန္တိ။

(ဂ) အပ္ပါနိ န ဟံသန္တိ။

(ဃ) ဗဟုတရာနံ သတ္တာနံ ဝါ ဟံသန္တိ။

(င) အပ္ပကာနံ အတိသူရပုရိသာနံ န ဟံသန္တိ။ ဋ္ဌ။ ၁၅၇။

http://www.dhammadownload.com



က-ဝါကျဖြင့် ဗဟုတရာနိဖြင့် ယေဘုယျေနသဒ္ဒါ၏ ဗဟုလဝါစက၏ အဖြစ်ကိုလည်းကောင်း၊[၁] ယင်းပုဒ်ကို လောမာနိ၌ ဝိသေသနစပ်ရမည်၏ အဖြစ်ကိုလည်းကောင်း၊[၂] ယင်းပုဒ်၌ ပဋ္ဌမာဗဟုဝုစ်ဝိဘတ် ကျေသည်၏ အဖြစ်ကိုလည်းကောင်း၊[၃] သိစေသည်။

၁။ နိပါတလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။ ၃။ ဝိဘတ္တိပဒ။

**မှတ်ချက်။** ဤအာဘော် သံဝဏ္ဏနာတို့ကား "ယေဘုယျေန ဣစ္စေဝမာဒယော သဒ္ဒါ ဝိဘတျန္တပဋိရူပကာ နိပါတာဗျာယာတိ ဝေဒိတဗ္ဗာ။ နီတိ၊ သုတ္တ။ ၆၅၆-အလိုယေဘုယျေနပုဒ်ကိုနိပါတ်ကြံ၍ ဖော်သော အာဘော်တည်း။ "ယေဘုယျသဒ္ဒေါ ဗဟုလတ္ထဝါစကော ပါဋိပဒိကော။ ဓာန်၊ ဋီ၊ ၄၆၀-အလို ပါဋိပဒိကနာမ်ပုဒ်ကြံ၍လည်း တစ်နည်းဖော်နိုင်သေးသည်။ ပါဋိပဒိကကြံခိုက်-ယေဘုယျေန၊ များသောအားဖြင့်-ဟု တတိယာ ဝိသေသနအနက်ပေး။

**အနက်ယောဇနာ။** ယေဘုယျေန၊ များစွာကုန်သော။ လောမာနိ၊ တို့သည်။ (နိပါတ်ကြံခိုက်အနက်။)

ခ-ဝါကျဖြင့် ဟံသနာကာရကို သိစေသည်။ (ဘာဝတ္ထ)

**အနက်ယောဇနာ။** ဟံသန္တိ၊ ရွှင်ကုန်၏။ (သဒ္ဒတ္ထ) ဝါ၊ ဟံသန္တိ၊ အထက်၌ အဦးအဖျားရှိကုန်သည်ဖြစ်၍လည်းကောင်း၊ အပ်နှင့်လည်းကောင်း၊ ဆူးနှင့်လည်းကောင်း၊ တူကုန်သည်ဖြစ်၍လည်းကောင်း၊ တည်ကုန်၏။ (အဓိပ္ပါယတ္ထ၊ ဝါ-ဘာဝတ္ထ။)

ဂ-ဝါကျဖြင့် ဗျတိရေကအဓိပ္ပာယ်ကို သိစေသည်။ (ဘာဝတ္ထ)

ဃ-ဝါကျဖြင့် ယေဘုယျအရ လောမဝတ္တ သတ္တဝါကို ယူရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] ယင်း၏ ဗဟုလဝါစက၏ အဖြစ်ကိုလည်းကောင်း၊[၂] ယင်း၌ဆဋ္ဌီဗဟုဝုစ်ဝိဘတ်ကျေသည်၏ အဖြစ်ကိုလည်းကောင်း၊[၃] သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ နိပါတလိင်္ဂတ္ထ။ ၃။ ဝိဘတ္တိပဒ။

**အနက်ယောဇနာ။** ယေဘုယျေန၊ များစွာကုန်သော သတ္တဝါတို့၏။ လောမာနိ၊ တို့သည်-ဟုပေး။

င-ဝါကျဖြင့် ဗျတိရေကအဓိပ္ပာယ်ကိုသိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com



## ● နည်းနှင့်ဥပစာ

ထင်ရှားရှိသော လူအစရှိသောသူတို့၏ပြုးရွှင်ခြင်းကြိယာ၏ ဟံသန္တိ ဟူသောအမည်ကို ထင်ရှားမရှိသော အမွေးတို့၏ ရွှင်ခြင်း၌ တင်စား၍ ထင်ရှားမရှိသော အမွေးတို့ ရွှင်ခြင်းကို လောမာနိ ဟံသန္တိဟုဆိုသော ကြောင့် တဒ္ဓမ္မူပစာ။

## ● ပါဠိဝိနိစ္ဆယမှတ်ဖွယ်

ဗုဒ္ဓုတ္တကာရကေ။ ဗုဒ္ဓုတ္တကရဏေ။ ပါရာ၊ ယော။ ၉၉-၌ ဗုဒ္ဓုတ္တကာရ ကေတိ ဗုဒ္ဓဘာဝကာရကေ-ဟု ဖွင့်သောကြောင့် ဗုဒ္ဓုတ္တကာရကေရှိသော ပါဠ်သာသင့်သည်။ ဋ္ဌ။ ၁၅၈။

(က) အဒ္ဓနိယန္တိ အဒ္ဓါနက္ခမံ။

(ခ) ဒီဃကာလိကန္တိ ဝုတ္တံ ဟောတိ။ ဋ္ဌ။ ၁၅၉။

က-ဝါကျဖြင့် အဒ္ဓနိယံ၌ အဒ္ဓသဒ္ဒါသည်အဒ္ဓါနရှည်စွာသော ကာလ အနက်ဟော၏အဖြစ်ကိုလည်းကောင်း[၁]၊ အဒ္ဓသံ ခမံ အဒ္ဓနိယံဟု ခမ(ယောဂ္ဂ) တဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဣယပစ္စည်း၏ ခမတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၃]၊ (အဒ္ဓ+ဣယ)န-လာ၍ အဒ္ဓနိယဟု ရုပ်ပြီးသည်၏အဖြစ်ကိုလည်းကောင်း[၄]၊ သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ။ ၃။ ပစ္စယတ္ထ။ ၄။ ဘာဝတ္ထ။

† အဒ္ဓေါ ဘာဂေ ပထေ ကာလေ။ ဓာန်။ ၉၉၅။

ခ-ဝါကျဖြင့် အဒ္ဓနိယ = ရှည်စွာသောကာလအား ခန့်၏ဟူသည် ရှည်စွာသောကာလရှိသတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောစနာ။** အဒ္ဓနိယံ၊ အရှင်ခန့်သည်၊ ကြာရှည်ခံသည်။

(က) အာဂမေဟိ တွန္တိ တိဋ္ဌ တာဝ တွံ။

(ခ) အဓိဝါသေဟိ တာဝ တွန္တိ ဝုတ္တံ ဟောတိ။

(ဂ) အာဒရတ္ထဝသေနေဝေတ္ထ ဒွိက္ခတ္တုံ ဝုတ္တံ။

(ဃ) ဧတ္ထ စ တတ္ထာတိ သိက္ခာပဒညတ္တိယာစနာပေက္ခံ ဘုမ္မဝစနံ။ ဋ္ဌ။ ၁၅၉။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သခေ်ပဝါကျ။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ထို-၍ က-ခ ဝါကျကား အာရဒ္ဓဝါကျ။

## ဂ-ဝါကျအယုတ္တပုစ္ဆာတက်

ဆရာ၊မြတ်စွာဘုရားသည် အဂမေဟိ တွဲ သာရိပုတ္တ အာဂမေဟိ တွဲ သာရိပုတ္တ-ဟု ၂-ကြိမ်မိန့်တော်မူ၏။ (ပါဠိတော်ထပနာထား။) ယင်း အာဂမေဟိ တွဲ သာရိပုတ္တကို အာမေဍိတ်လက္ခဏာတွင် အဘယ်၏ အစွမ်းဖြင့် ၂-ကြိမ်မိန့်တော်မူပါသနည်း-ကြောင့် ဂ-ဝါကျမိန့်။

ဃ-ဝါကျကို ဝါကျာရမ္ဘဝါကျဟု မအူသျှဆို၏။ သို့သော် အာဂမေ ဟိတွဲ စသည်ကိုဖွင့်ပြပြီးနောက် တတ္တကိုဖွင့်သဖြင့် ပက္ခန္တ ရကြံသင့်၏။

---

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**သိက္ခာပဒပညတ္တိယာစနာ။** ယာစိယတီတိ ယာစနာ။ သိက္ခာပဒပညတ္တိ ယေဝ ယာစနာ သိက္ခာပဒပညတ္တိယာစနာ။ (အစိတ်ဝိဂ္ဂဟ)။ သိက္ခာပဒ ပညတ္တိယာစနံ အပေက္ခတီတိ သိက္ခာပဒပညတ္တိယာစနာပေက္ခံ။ (အပေါင်း ဝိဂ္ဂဟ)

ယံဘုမ္မဝစနံ၊ အကြင်သတ္တမီဝိဘတ်ရှိသော တတ္တဟူသောပုဒ်သည်။ သိက္ခာပဒပညတ္တိယာစနံ၊ တောင်းပန်အပ်သောသိက္ခာပုဒ်ကို ပညတ်ခြင်း ကို။ အပေက္ခတိ၊ ငဲ့တတ်၏။ ဣတိ တံဘုမ္မဝစနံ၊ သည်။ သိက္ခာပဒပညတ္တိ ယာ စနာပေက္ခံ မည်၏။ သိက္ခာပဒဗညတ္တိယာစနသဒ္ဒူပပဒ+အပပုဗ္ဗ+ဣက္ခ ဓာတ်+အ-ပစ္စည်း။ ကတ္တုသာဓနကိတန္တ ဒုတိယာ တပ္ပုရိသ်သမာသ်။

သိက္ခာပဒပညတ္တိယာစနဟူသော ဝိသေသနပုဒ်အရကား တောင်း ပန်အပ်သော သိက္ခာပုဒ်ကို ပညတ်ခြင်းသည် မှချ။ ယင်း၏ သတ္တမီ ဝိဘတ်ရှိသော ကတ္တဟူသောပုဒ်နှင့် ဝါစ္စ ဝါစက အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူပစာ။

http://www.dhammadownload.com



အပဟူသော ဥပသာရပုဒ်အရကား ဓာတွတ္ထာနုဝတ္တကသောဂုဏ် ရ၏။ ဣက္ခဓာတ်၏အရကား သတ္တမီဝိဘတ်ရှိသော တတ္ထ ဟူသော ပုဒ်၏ ဝါစကသတ္တိရ၏။ အ-ပစ္စည်းအရကား သတ္တိမန္တဖြစ်သော သတ္တမီဝိဘတ် ရှိသော တတ္ထဟူသောပုဒ်ရ၏။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ တိဋ္ဌဖြင့် အာဂမေဟိ-ဟု အာ-ဥပသာရ၏ ဓာတွတ္ထ ဗာဓက၏အဖြစ်ကိုလည်းကောင်း[၁]၊ ဂမုဓာတ်သည် ဂတိအနက်ကိုမဟော၊ ရပ်ခြင်းတိဋ္ဌ၊ ဝါ-ဂတိနိဝတ္တိအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

ခ-ဝါကျ အဓိဝါသေဟိ-ဖြင့် တိဋ္ဌ၊ ရပ်ဦးလော-ဟူသည် သည်းခံ ဦးလော-ဟု ဆိုလိုသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** အာဂမေဟိ၊ ရပ်ပါဦးလော။ (သဒ္ဒတ္ထ) ဝါ- သည်းခံဦးလော။ (အဓိပ္ပါယတ္ထ၊ ဝါ-ဘာဝတ္ထ။)

## ဓာတ်ကျမ်းဝါကျ

သဒ္ဒနီတိ၊ ဓာတုမာလာ။ ၂၀၃-၌ အာဂမေတီတိ-မှဟုတ္တံ အဓိ ဝါသေတီတိ အတ္ထော-ဟု လည်းကောင်း၊ ၎င်း။ နှာ။ ၃၃၄-၌ အာဘော ဂမု ဤသမာဓိဝါသနေ။ အာဂမေတိ-ဟု လာသည်။ ယင်းအလို အာပုဗ္ဗ+ ဂမုဓာတ် + စုရာဒိဂိုဏ်းဖြင့်ပြီးသော အာဂမေတိ, အာဂမေဟိကား ဤ သ အဓိဝါသန = အနည်းငယ်သည်းခံခြင်း အနက်ဟောတည်းဟု ဆိုရ ပေမည်။ ယင်းအလို အာဂမေဟိ = အနည်းငယ် သည်းခံဦးလော-ဟု အနက်ပေး။ အာဂမေဟိ ကို အဓိဝါသေဟိ ဖွင့်သည်ကား ဘာဝတ္ထ မဟုတ်၊ သဒ္ဒတ္ထပင်ဖြစ်ရာ၏။

---

(က) တတ္ထ အာသဝါ တိဋ္ဌန္တိ ဓောသူတိ အာသဝဋ္ဌာနီယာ။

(ခ) ယေသုဒိဋ္ဌ (လ) အာသဝါ တိဋ္ဌန္တိယေဝ။

(ဂ) ယသ္မာ နေသံ တေ ကာရဏံ ဟောန္တီတိ အတ္ထော။

(ဃ) တေ အာသဝဋ္ဌာနီယာ ဝီတိက္ကမမေ့ော (လ) အယမေတ္ထ ယောဇနာ။

(င) ယဒိ ဟိ ပညပေယျ (လ) န ပရိမုစ္စေယျ။ ဋ္ဌ။ ၁၅၉။

http://www.dhammadownload.com



## ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဃ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၌ က–ဝါကျကား သင်္ခေပ ဝါကျ။

## အယုတ္တပုစ္ဆာ(စောဒနာ)တက်

ဆရာ၊ဆရာသည် က–ဝါကျဖြင့် အာသဝဋ္ဌာနီယပုဒ်၏ ဝစနတ္ထကို ဆို၏။ ယင်းအသဝတို့ဟူသည် အဘယ်နည်း။ ယင်းအာသဝတို့၏ တည်ရာ (အာသဝဋ္ဌာနီယ)ဓမ္မတို့ဟူသည် အဘယ်နည်း–ကြောင့် ခ–ဂ–ဝါကျမိန့်။

**မှတ်ချက်။** ဝိတ္ထာဟိမှာ၊ အစိတ်ဖြာ၊ မေးပါ ဝါကျကုန်နှင့် အညီ ပုစ္ဆာထုတ်ပါ။

† ကေ ပနတေ အာသဝါ၊ ကေ စ ဓမ္မာ တဒမိကရဏဘူတာ တိ အာဟ " ယေသုဒိဋ္ဌဓမ္မိက သမ္ပရာယိကာ " တိ အာဒိ။ သာရတ္ထ၊ ၁။ ၄၄၉။

ဂ–ဝါကျကား ကာရဏဝါကျ။ ထို–၌ ခ–ဝါကျကား ဖလဝါကျ။

**မှတ်ချက်။** နေသံ အာသဝါနံ၊ တို့၏။ တေဝီတိက္ကမဓမ္မာ၊ တို့သည်။ ကာရဏံ၊ အကြောင်းတည်း။ ယသ္မာဟောန္တိ၊ တသ္မာ အာသဝါ တိဋ္ဌန္တိယေဝ–ဟု အနက်ယောဇနာ။

ဃ–ဝါဝါကျကား ပက္ခန္တရဝါကျ။ ထို–၌ ခ–ဝါကျကားပက္ခ။

င–ဝါကျကား ဗျတိရေက ယုတ္တိဒဋ္ဌိကရဏ ဝါကျ။ ဃ–ဝါကျကား ယုတ္တိဒဋ္ဌိယဝါကျ။

## င–ဝါကျအယုတ္တပုစ္ဆာ (စောဒနာ) တက်

ဆရာ၊ ဆရာသည် ဃ–ဝါကျ ဖြင့် အာစသဝဋ္ဌာနီယ ဖြစ်သော ဝီတိက္ကမဓမ္မတို့ ၊ သံဃာဒိသေသထင်ရှားမဖြစ်သေးလျှင် သိက္ခာပုဒ်မပညတ်သေး ဟုဆို၏။ အာသဝဋ္ဌာနီယဖြစ်သော ဝီတိက္ကမဓမ္မထင်ရှားမရှိဘဲ သိက္ခာပုဒ် ကိုပညတ်ခြင်း၌ အဘယ်အပြစ်ရှိသနည်းကြောင့် င–ဝါကျမိန့်။ သာရတ္ထ၊ ၁။ ၄၄၉။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**အာသဝါ။** အာသဝန္တိ တေန တေန ပစ္စယဝသေန ပဝတ္တန္တီတိ အာသဝါ။ သာရတ္ထ၊ ၁။ ၄၄၉။ ယေဥပဒ္ဒဝါ၊ အကြင်ဒိဋ္ဌဓမ္မိကဖြစ်သော

http://www.dhammadownload.com



ပရူပဝါဒစသောဘေးရန်, သမ္ပရာယိကဖြစ်သော အပါယဒုက္ခ ဟူသော ဘေးရန်တို့သည်။ တေန တေန ပစ္စယဝသေန၊ ထိုထိုအကြောင်း၏ အစွမ်းဖြင့်။ အာသဝန္တိ၊ ပဝတ္တန္တိ၊ဖြစ်တတ်ကုန်၏။ ဣတိတေဥပဒ္ဒဝါ အာသဝါ။ အာ-ပုဗ္ဗ+သုံစာတ်+ ဏပစ္စည်း။ ကတ္တုသာဓန။ (သတ္တိ, သတ္တိမန္တ ခွဲ၍ ပရမတ္ထကောက်လေ။)

**အာသဝဋ္ဌာနိယာ။** တိဋ္ဌန္တိ ဧတေသူတိ ဌာနိယာ။ (အစိတ်။) အာသဝါနံ ဌာနိယာ အာသဝဋ္ဌာနိယာ။ အာသဝါနံ၊ ဘေးရန်တို့၏။ ဌာနိယာ၊ တည်ရာအကြောင်းတို့သည်။ ဆဋ္ဌီတပ္ပုရိသ်သမာသ်။ အာသဝ ပုဒ်+ဌာနိယပုဒ်။

အာသဝဟူသော ဝိသေသန ပုဒ်အရကား ဒိဋ္ဌဓမ္မိက ဖြစ်သော ပရူပဝါဒစသောဘေးရန်၊ သမ္ပရာယိကဖြစ်သော အပါယဒုက္ခ ဟူသော ဘေးရန်(ခ-ဝါကျကြည့်ကောက်) သည်မှချ။ ယင်း၏ဝီတိက္ကမ ဒေါသနှင့် အကျိုးအကြောင်းအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ အာသဝ ဌာနိယဟူသော သမာသ်ပုဒ်အရကား ထိုဖြင့် မှတ်အပ်သော ဒိဋ္ဌဓမ္မိက ဖြစ်သော ပရူပဝါဒစသောဘေးရန်, သမ္ပရာယိကဖြစ်သော အပါယ ဒုက္ခဟူသောဘေးရန်တို့၏ တည်ရာ အကြောင်းဖြစ်သော ဝီတိက္ကမရ၏။

**မှတ်ချက်။** ၄၊ ၁၅၆-အာသဝေဟိပုဒ် ဝိဂ္ဂဟ နှင့် မတူသည်ကို သတိပြု။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ဝီတိက္ကမ။** ဝိပုဗ္ဗ+အတိပုဗ္ဗ+ကမုဓာတ်+အ-ပစ္စည်း။(ဝိ+အတိက္ကမ။ ကမ္မဓာရယ်သမာသ်ပုဒ်။)

† ဝိရူပေါ အတိက္ကမော ဝီတိက္ကမော။ သူစိ။ (ပါဠိပဒ။ ၂။ ၄၄၁။)

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က- ဝါကျဖြင့် အာသဝဋ္ဌာနိယာပုဒ်၏ အာသဝသဒ္ဒူပပဒ ဌာဓာတ်အဖြစ်ကိုလည်းကောင်း[၁]၊ အသဝါ တိဋ္ဌန္တိ ဧတေသူတိ အသဝဋ္ဌာနိ ယာဟု (လဟုကနည်း) ဝိဂ္ဂဟပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဝါ- တိဋ္ဌန္တိ ဧတေသူတိ ဌာနိယာဟု အဓိကရဏသာဓနဝစနတ္ထပြုရမည်၏အဖြစ်

http://www.dhammadownload.com



ကိုလည်းကောင်း³၊ အနိယပစ္စည်း၏ အဓိကရဏသာဓနေ၌ သက်သည်၏ အဖြစ် ကိုလည်းကောင်း⁵၊ အာသဝနှင့် ဌာနိယာပုဒ်ကို အာသဝါနံ ဌာနိယာ အာသဝဌာနိယာဟု (ဂရုကနည်း) ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း⁷၊ သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ အဘိဓာနတ္ထ။ ၃။ အဘိဓာနတ္ထ။

၄။ ဒုတိယပစ္စယတ္ထ။ ၅။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

ခ-ဝါကျ၌ ဒိဋ္ဌဓမ္မိက သမ္ပရာယိကာ ဒုက္ခာသဝါ ကိလေသာ သဝါစဖြင့် အာသဝါ၏ အရုပ်ကိုလည်းကောင်း³၊ ယင်းဝါကျ၌ ပစ္ဆပဝါဒ (လ) ဗန္ဓနာဒယောဖြင့် ဒိဋ္ဌဓမ္မိကသရုပ်ကိုလည်းကောင်း²၊ အပါယဒုက္ခ ဝိသေသာဘူတာဖြင့် သမ္ပရာယိက သရုပ်ကိုလည်းကောင်း³၊ (ကိလေသာသဝ သရုပ်ကား ထင်ရှားသဖြင့် မဖွင့်တော့။) သိစေသည်။

၁။ အဘိဓေယျတ္ထ။ ၂။ အဘိဓေယျတ္ထ။ ၃။ အဘိဓေယျတ္ထ။

ဂ-ဝါကျ၌ ကာရဏံဖြင့် ဌာနိယသဒ္ဒါကို အဓိကရဏသာဓိပြုသော်လည်း တည်ရာသာမညမဟုတ်၊ တည်ရာအကြောင်းတည်းဟုသိစေသည်။ (ဘာဝတ္ထ)

ဃ-ဝါကျ၌ ဝီတိက္ကမမွောဖြင့် အာသဝဌာနိယ အရ ဝီတိက္ကမကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)

---

## ● နည်းနှင့်ဥပစာ

**သံဃေပါတုဘာဝန္တိ။** အပေါင်းဖြစ်သော သံဃာ၏ သံဃေဟူသော အမည်ကို အစိတ်ဖြစ်သော ဝီတိက္ကမပုဂ္ဂိုလ်၌ တင်စား၍ အစိတ် ဖြစ်သော ဝီတိက္ကမပုဂ္ဂိုလ်ကို သံဃေဟုဆိုသောကြောင့် ဧကဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။ (ဝဓိရကြည့်။)

**ဝီတိက္ကမမွော။** အကြောင်းဖြစ်သော လွန်ကျူးမှု၏ ဝီတိက္ကမ အမည်ကို အကျိုးဖြစ်သော ဘေးရန် (အာသဝ)၌ တင်စား၍ အကျိုး ဖြစ်သော ဘေးရန် (အာသဝ) ကိုလည်း ဝီတိက္ကမဟု ဆိုသောကြောင့် ကာရဏူပစာ။ (နာနန္တရိကနည်း။)

**အာသဝါတိဋ္ဌန္တိယေဝ။** အပေါင်းဖြစ်သော သေအရက်, ဘေး ရန်, အာသဝေါ ၄-ပါးတို့၏ အာသဝအမည်ကို အစိတ်ဖြစ်သော ဘေး ရန်၌တင် ဧကဒေသျူပစာ၊ ဝါ-သမုဒါယူပစာ။

http://www.dhammadownload.com



† သုရာယုပဒ္ဒဝေ ကာမာ၊ သဝါဒိမ္ဓိစ အာသဝေါ။ ဓာန် ၉၆၉။

(က) ယတောတိ ယဒါ။

(ခ) ယသ္မိံကာလေတိ ဝုတ္တံ ဟောတိ။

(ဂ) သေသံ ဝုတ္တာနုသာရေနေဝ ဝေဒိတဗ္ဗံ။

(ဃ) အယံ ဝါ ဟေတ္ထ သခေ်ပတ္ထော။

(င) ယသ္မိံသမယေ (လ) ဥဒ္ဒိသတိ ပါတိမောက္ခံ။ ဋ္ဌ။ ၁၆၀။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သခေ်ပဝါကျ။

ဂ-ဝါကျကား အတိဒေသဝါကျ။ ဝါ-ဝါကျာရမ္ဘ ဝါကျ။ ထို-၍ က-ခ-ဝါကျကား အာရဒ္ဓဝါကျ။

ဃ-ဝါကျကား အကျဉ်း ဖြစ်သောအနက်ကို ပြအံ့ဟု စကားစ စကားပျိုးကိုပြသောဝါကျတည်း။

**မှတ်ချက်။** ဝိမတိ၊ ၁။ ၉၅ ၌ ဟိသဒ္ဒေါ ပသိဒ္ဓိယံဟု ဖွင့်၏။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၃၈၃-၌ ကား "ဝါသဒ္ဒါကား ဓေတ္တ" ဟိသဒ္ဒါကား ဝါကျာရမ္ဘ။ ဟိ၊ ဆက်၍ဆိုအံ့။ အယံဝါ၊ လျှင်။ ဧတ္ထ၊ ၌။ သခေ်ပတ္ထော၊ အပေါင်းဖြစ်သောပုဒ်တို့၏ အကျဉ်းဖြစ်သော အနက်တည်း-ဟု ပေး" ဟု ဆိုသည်။

င=ဝါကျကား စကားပျိုးနှင့်အညီ အကျဉ်းဖြစ်သော အနက်ကို ဖွင့်ပြသောကြောင့်၊ ဝါ—အကျဉ်းချုပ် အနက်ယောဇနာကို ပြသော ကြောင့် သခေ်ပတ္ထ ဝါကျမျိုးတည်း။ (ဤဝါကျမျိုးတွေ့ရခဲသည်။)

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ယတော၌ တောပစ္စည်းသည် ပဥ္စမျတ္ထ၌ မသက်၊ သတ္တမျတ္ထ (ဘုမ္မတ္ထ)၌ သက်သတည်းဟုသိစေသည်။ (ဝိဘာဟျတ္ထ။)

† လိင်္ဂတ္ထေ ကတ္တုကမ္မေသု၊ ဟေတွတ္ထေ ဝဓိသာမိသု။

ဝိသေသနေ စ ဘုမ္မတ္ထေ၊ နိဒ္ဒါရဏေ စ တော ဘဝေ။

(မြို့ပြင်ကြီး၊ အဋ္ဌသာ၊ ဂဏ္ဌိ၊ ၁၀၇။)

http://www.dhammadownload.com



ခ-ဝါကျဖြင့် ယဒါ-၌ ဒါပစ္စည်း၏သတ္တမျတ္တ၏အဖြစ်ကိုလည်းကောင်း¹၊ယ-သဒ္ဒါ၏ကာလအနက်ကိုစွဲသည်၏အဖြစ်ကိုလည်းကောင်း²၊ သိစေသည်။

၁။ ဝိဘတ္တျတ္တ။ ၂။ သဗ္ဗနာမလိင်္ဂတ္တ။

(က) ရတ္တိယော ဇာနန္တီတိ ရတ္တညူ။

(ခ) အတ္တနော ပဗ္ဗဇိတဒိဝသတော ပဋ္ဌာယ ဗဟုကာ ရတ္တိ ယော ဇာနန္တိ။

(ဂ) စိရပဗ္ဗဇိတာတိ ဝုတ္တံ ဟောတိ။

(ဃ) ရတ္တညူ ဟိ မဟတ္တံ ရတ္တညုမဟတ္တံ။

(င) စိရပဗ္ဗဇိတေဟိ မဟန္တဘာဝန္တိ အတ္ထော။

(စ) တတြ ရတ္တညုမဟတ္တံ (လ) ပညတ္တန္တိ ဝေဒိတဗ္ဗံ။ ဋီ။ ၁၆၁။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သခေ်ပ။

ဂ-ဝါကျကား ဥဇုကတ္ထ (အဖြောင့်အဓိပ္ပာယ်) ကို ပြသောကြောင့် ဝိတ္ထာရဝါကျ။ ထို-၍ ခ-ဝါကျဝင်္ကတ္ထကိုပြသောကြောင့် သခေ်ပ။

ဃ-င- ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ခ-ဂ-ဝါကျကား ပက္ခဝါကျ။

င-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ဃ-ဝါကျကား သခေ်ပဝါကျ။

စ-ဝါကျကား န တာဝ သာရိပုတ္တစသော ပုဒ်တို့၏ အဖွင့်ကို ပြသောကြောင့် ပက္ခန္တရဝါကျ။ ထို-၍ က-ခ-ဂ-ဃ-င-ဝါကျတို့ကားပက္ခဝါကျ။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ရတ္တညူပုဒ်ကို ရတ္တိယော ဇာနန္တီတိ ရတ္တညူဟု ကတ္တုသာဓနေ ကိတန္တ ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္တပြုရမည်၏အဖြစ်ကိုလည်းကောင်း¹၊ ရူပစ္စည်း၏ ကတ္တုသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း²၊ သိစေသည်။

၁။ အဘိဓာနတ္တ၊ သမာသလိင်္ဂပဒတ္တ။ ၂။ ဒုတိယပစ္စယတ္တ။

http://www.dhammadownload.com



**ရတ္တညူ။** ရတ္တိဟူသော ဝိသေသနပုဒ်အရကား ညဥ့်တို့ဖြစ်သည် မှချ။ ယင်းတို့၏ သိခြင်း ကြိယာနှင့် ကမ္မကမ္မိ, အာရုံအာရမ္မဏိက အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန္ဓသည် ဌာနူပစာ။ (သမာသ်ကောက်။)

ဉာဏ်တ်၏ အရကား ထေရ်ကြီးဝါကြီး ရဟန်းတို့၏ သတိသညာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်မှချ။ ရှေးရှေး၌ဖြစ်သော ခိုင်မြဲသော သညာ (ထိရသညာ) နလုံးသွင်း (မနသိကာရ) စသည်ဖလူပစာ။ (သညာ၏ ပဒဋ္ဌာန်၊ ပညာ့တ် ပဒဋ္ဌာန်ကို ကောက်သည်။) နောက်နောက်၌ ဖြစ်သော စိရပဗ္ဗဇိတဂုဏ် စသည်ဖလူပစာ၊ ရူပစ္စည်း၏အရကား ထို-ဖြင့် မှတ်အပ်သော ညဥ့်တို့ကိုသိသော ရဟန်းတို့ဖြစ်ရ၏။

**ရုပ်ပြီးပုံ။** ရတ္တိ+ဉာ+ရူ=ဥ-ဒွေးဘော်လာ။ တ္တိ-၌ ဣ-ကို အ-ပြု ရ-အနုဗန်ချေ။ ည-ဦသို့ကပ်၊ ရတ္တညူပြီးသည်။

**မှတ်ချက်။** ခ-ဂ-ဝါကျ၌ အာဘော်ကို ဘာသာပြန်၍ဖော်လေ။ ဘာဝတ္တသံဝဏ္ဏနာတည်း။

**စိရပဗ္ဗဇိတာ။** စိရံ ပဗ္ဗဇိတာနံ ,တေသံဘိက္ခူနန္တိ စိရပဗ္ဗဇိတာ။ ပဗ္ဗဇိတာနံ၊ ရဟန်းပြုကုန်သော။ တေသံဘိက္ခူနံ၊ တို့အား။ စိရံ၊ ကြာမြင့်စွာသော ကာလသည်။ အတ္ထိ၊ ၏။ ဣတိစိရပဗ္ဗဇိတာ။ စိရပုဒ်+ပဗ္ဗဇိတပုဒ်+တေပုဒ်။ ဗာဟိရတ္ထဗဟုဗ္ဗီဟိသမာသ်။

စိရပဗ္ဗဇိတဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်အရကား ရဟန်းပြုကုန်သောသူတို့၏ ကြာမြင့်စွာသော ကာလသည်မှချ။ ယင်းကာလ၏ ရဟန်းတို့ဖြစ်နှင့် ကာလကာလဝန္တအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန္ဓသည် ဌာနူပစာ။ တေ-ဟူသော အညပုဒ်အရကား ထိုဖြင့်မှတ်အပ်သော ရဟန်းတို့၏ဖြစ်ရ၏။

**အနက်ယောဇနာ။** စိရပဗ္ဗဇိတာ၊ ရဟန်းပြုကုန်သော သူတို့အား ကြာမြင့်စွာသော ကာလရှိကုန်သော ရဟန်းတို့ (သဒ္ဒတ္ထ)၊ ဝါ-ရဟန်းပြု၍ ကြာမြင့်ကုန်သော ရဟန်းတို့။ (အဓိပ္ပါယတ္ထ)၊ ဝါ-ထေရ်ကြီး ဝါကြီး ဖြစ်ကုန်သော ရဟန်းတို့ (ဝေါဟာရတ္ထ)။

ဃ-ဝါကျဖြင့် ရတ္တညူမဟတ္တံပုဒ်ကို ဒုတိယာတပ္ပုရိသ် ဝစနတ္ထ မပြုရ၊ ရတ္တညူဟိ မဟတ္တံ ရတ္တညုမဟတ္တံဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။)

http://www.dhammadownload.com



၄-ဝါကျ၌ မဟန္တဘာဝံဖြင့် မဟန္တသ ဘာဝေါ မဟတ္တံဟု ဘာဝ တဒ္ဓိတ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ တ္တ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ မဟာသဒ္ဒါ၏ မဟန္တ သဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ နာမလိင်္ဂပဒ။

## ● နည်းနှင့်ဥပစာ

**ဥပသေနံဝက်န္တပုတ္တံ။** ဌာနဖြစ်သော ဥပသေန မထေရ်၏ ဥပသေနံဟူသော အမည်ကို ဌာနီဖြစ်သော သိက္ခာပုဒ်ကို လွန်ကျူးခြင်း ဝီတိက္ကမ၌ တင်စား၍ ဌာနီဖြစ်သောသိက္ခာပုဒ်ကို လွန်ကျူးခြင်း ဝီတိက္ကမကို ဥပသေနံဟု ဆိုသောကြောင့် ဌာနူပစာ။ (နာနန္တရိကနည်း။)

## အာဘော်သံဝဏ္ဏနာမှတ်ဖွယ်

ဝေပုလ္လမဟတ္တန္တိ ဝိပုလဘာဝေန မဟတ္တံ။ ၄။ ၁၆၁။

ဝိပုလဘာဝေနဖြင့် ဝေပုလ္လံပုဒ်ကို ဝိပုလာနံ ဘာဝေါ ဝေပုလ္လံဟု ဘာဝတဒ္ဓိတ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဏျပစ္စည်း၏ ဘာဝတဒ္ဓိတ်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ ဝိပုလဘာဝေန မဟတ္တံဖြင့် ဝေပုလ္လေန မဟတ္တံ ဝေပုလ္လမဟတ္တံဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

**အနက်ယောဇနာ။** ဝိပုလာနံ၊ များကုန်သော ထေရ, နဝ, မဇ္ဈိမ ရဟန်းတို့၏။ ဘာဝေါ၊ အဖြစ်တည်း။ ဝေပုလ္လံ၊ များကုန်သော ထေရ နဝ, မဇ္ဈိမရဟန်းတို့၏ အဖြစ်။ ဝေပုလ္လေန၊ များကုန်သော ထေရ, နဝ , မဇ္ဈိမရဟန်းတို့၏အဖြစ်ဖြင့်။ မဟတ္တံ၊ များသည်၏အဖြစ်တည်း။ ဝေပုလ္လ မဟတ္တံ၊ များသောထေရ, နဝ, မဇ္ဈိမရဟန်းတို့၏အဖြစ်ဖြင့် များသည်၏ အဖြစ်။

**ဝိပုလ။** ဝိပုဗ္ဗ+ပုလဓာတ်+အ-ပစ္စည်း။

✝ ဝိပုဗ္ဗော ပုလ မဟတ္တေ အ။ ဝိသေသေန ပုလတီတိ ဝိပုလံ။ သူစိ။

http://www.dhammadownload.com



(က) လာဘဂ္ဂ မဟာတ္တန္တိ လာဘဿ အဂ္ဂမဟာတ္တံ။

(ခ) ယော လာဘဿ အဂ္ဂေါ ဥတ္တမော မဟန္တ ဘာဝေါ။

(ဂ) တံ ပတ္တော ဟောတီတိ အတ္ထော။

(ဃ) လာဘေန ဝါ အဂ္ဂမဟတ္တမွိ။

(င) လာဘေန သေဋ္ဌတ္တဉ္စ မဟန္တတ္တဉ္စ ပတ္တောတိ အတ္ထော။

ဋ္ဌ။ ၁၆၂။

## ● ဝါကျခွဲကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သခ်ေပ ဝါကျ။

ဂ-ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို-၍ က-ခ-ဝါကျကား အာရဗ္ဘ ဝါကျ။

မှတ်ချက်။ ပါဠိတော်၌ လာဘဂ္ဂမဟတ္တံပုဒ်ကို ပတ္တောမှာ စပ်၍ အနက်ပေးဟု ဖွင့်ပြသည်။

ဃ-င-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ခ-ဝါကျကား ပက္ခ ဝါကျ။

င-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ဃ-ဝါကျကား သခ်ေပဝါကျ။

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

လာဘာ။ လဘီတဗ္ဗောတိ လာဘော။ ယောစီဝရာဒိပစ္စယော၊ အကြောင်းသင့်စသော ပစ္စည်းကို။ ဘိက္ခုနာ၊ ရဟန်းသည်။ လဘီတဗ္ဗော၊ ရအပ်၏။ ဣတိ သောစီဝရာဒိပစ္စယော၊ သည်။ လာဘော၊ လာဘမည်၏။ လာဘဓာတ်+ဏ-ပစ္စည်း။ ကမ္မသာဓန။

လာဘဓာတ်၏အရ ကတ္တုဋ္ဌကြိယာအရကား ရဟန်း၏ ပီတိသော မနသပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည်မှုချ။ ကမ္မဋ္ဌကြိယာအရကား ထိုအား တပ်သော သင်္ကန်းစသောပစ္စည်း၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။ ဏ-ပစ္စည်းအရကား ထိုဖြင့်မှတ်အပ်သော သင်္ကန်းစသောပစ္စည်းရ၏။

† စီဝရာဒိလာဘီတဗ္ဗပစ္စယော လာဘော။ သာရတ္ထ၊ ၁။ ၄၅၀။

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် လာဘဂ္ဂမဟတ္တံကို လာဘသ အဂ္ဂမဟတ္တံ လာဘဂ္ဂ မဟတ္တံဟုဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။)

ခ-ဝါကျ၌ ဥတ္တမောမဟန္တ ဘာဝေါဖြင့် အဂ္ဂသဒ္ဒါသည် အာဒိစသောအနက်ကိုမဟော၊ ဝရ(ဥတ္တမ)အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ မဟတ္တံပုဒ်ကို မဟန္တ သ ဘာဝေါ မဟတ္တံဟု ဘာဝတဒ္ဓိတ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ တ္တပစ္စည်း၏ ဘာဝတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၃]၊ မဟတ္တံ၌ မဟာသဒ္ဒါ၏ မဟန္တ သဒ္ဒါ၏ ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၄]၊ (အဂ္ဂမဟတ္တံကို ဥတ္တမော မဟန္တ ဘာဝေါ-ဟု ဝိဘတ်တွဲဖွင့်သဖြင့်) အဂ္ဂပုဒ်နှင့် မဟတ္တံပုဒ်ကို အဂ္ဂ တံ မဟတ္တဉ္စာတိ အဂ္ဂမဟတ္တံ ဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၅]၊ သိစေသည်။

၁။ နာမလိင်္ဂတ္ထ၊ ၂။ အဘိဓာနတ္ထ။ ၃။ ပစ္စယတ္ထ။ ၄။ နာမလိင်္ဂပဒ။

၅။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

**အနက်ယောဇနာ။** လာဘဂ္ဂမဟတ္တံ၊ လာဘ်လာဘ၏ မြတ်သည်များ၏ အဖြစ်သို့။

ဂ-ဝါကျ၌ လာဘဂ္ဂမဟတ္တံ-၌ ဒုတိယာဝိဘတ်၏ ကမ္မတ္ထ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းပုဒ်ကို ပတ္တော၌စပ်၍အနက်ယောဇနာရမည်၏ အဖြစ်ကိုလည်းကောင်း[၂] သိစေသည်။

၁။ ဝိဘတျတ္ထ။ ၂။ သမ္ဗန္ဓ၊ ဝါ-ဘာဝတ္ထ။

ဃ-ဝါကျဖြင့် လာဘေန အဂ္ဂမဟတ္တံ လာဘဂ္ဂမဟတ္တံဟု တတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ဟု သိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ )

င-ဝါကျ၌ သေဋ္ဌတ္တဉ္စ မဟန္တတ္တဉ္စ ပတ္တောဖြင့် အဂ္ဂမဟတ္တံ၌ အဂ္ဂသဒ္ဒါ၏ သေဋ္ဌ (ဝရ) အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၁]၊ မဟာသဒ္ဒါ၏ မဟန္တ သဒ္ဒါ၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း[၂]၊ အဂ္ဂပုဒ်နှင့်မဟန္တ ပုဒ်ကို (စ သဒ္ဒါ နှစ်လုံးဖြင့် ဖွင့်သောကြောင့်) အဂ္ဂေါ စ သော မဟန္တောစာတိ အဂ္ဂမဟန္တော ဟု ဝိသေသနောဘယပဒကမ္မဓာရယ် (အချို့ကား ဒွန်ပြသည်ဟု ကြံကြသေးသည်။ (ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃]၊

http://www.dhammadownload.com



အဂ္ဂမဟန္တသဿ ဘာဝေါ အဂ္ဂမဟတ္တံဟု ဘာဝတဒ္ဓိတ်ဝစနတ္တပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၅]၊ တ္တ ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၆]၊ လာဘာဂ္ဂမဟတ္တံ၌ ဒုတိယာဝိဘတ်၏ ကမ္မတ္ထ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း[၆]၊ ယင်းပုဒ်ကို ပတ္တော၌ စပ်၍ အနက်ယောဇနာရမည်၏ အဖြစ်ကိုလည်းကောင်း[၇]၊ သိစေသည်။

၁။ နာမလိင်္ဂပဒတ္ထ။ ၂။ နာမလိင်္ဂပဒ။ ၃။ အဘိဓာနတ္ထ။

၄။ သမာသလိင်္ဂပဒတ္ထ။ ၄။ အဘိဓာနတ္ထ။ ၅။ ပစ္စယတ္ထ။

၆။ ဝိဘတျတ္ထ။ ၇။ သမ္ဗန္ဓ၊ ဝါ–ဘာဝတ္ထ။

**အနက်ယောဇနာ။** လာဘာဂ္ဂမဟတ္တံ၊ လာဘ်လာဘအားဖြင့် မြတ်သည်၏အဖြစ် များသည်၏အဖြစ်သို့။

## နည်း ၂–ပါးအထူး

ပဥ္စမဝိကပ်၌ မဟတ္တ–ကို ဘာဝတဒ္ဓိတ်ပြု။ အဂ္ဂနှင့်မဟတ္တကို ကမ္မဓာရယ်တွဲ။ လာဘနှင့်အဂ္ဂမဟတ္တကို ဆဋ္ဌီတပ္ပုရိသ်တွဲ။

ဒုတိယဝိကပ်၌ အဂ္ဂနှင့် မဟန္တကို ဝိသေသနောဘယပဒ ကမ္မဓာရယ်တွဲ။ အဂ္ဂမဟန္တဿ ဘာဝေါဟုဘာဝတဒ္ဓိတ်ဝစနတ္တပြု၊ လာဘနှင့်အဂ္ဂမဟတ္တံတတိယာတပ္ပုရိသ်တွဲ။

---

## ● အာဘော်သံဝဏ္ဏနာမှတ်ဖွယ်

ဗာဟုသစ္စမဟတ္တန္တိ ဗာဟုသစ္စဿ မဟန္တဘာဝံ။ ဋ္ဌ။ ၁၆၂။

ယင်းဖြင့် မဟတ္တံပုဒ်ကို မဟန္တဿ ဘာဝေါမဟတ္တံဟုဘာဝတဒ္ဓိတ် ဝစနတ္တ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ တ္တ– ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ ဗာဟုသစ္စဿ မဟတ္တံ ဗာဟုသစ္စမဟတ္တံဟုဆဋ္ဌီတပ္ပုရိသ်သာမသ်ဝစနတ္တပြုရမည်၏အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ အဘိဓာနတ္ထ၊ ၂။ ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

**အနက်ယောဇနာ။** ဗာဟုသစ္စမဟတ္တံ၊ များသော အကြားအမြင်ရှိသောသူ၏အဖြစ်ဖြင့် များသည်၏အဖြစ်သို့။

† ဗဟုသုတဿ ဘာဝေါ ဗာဟုသစ္စံ။ သာရတ္ထ၊ ၁။ ၄၅၀။

http://www.dhammadownload.com



## ● ပါဠိဝိနိစ္ဆယမှတ်ဖွယ်

ဥမ္မုဇ္ဇမာနာ။ ဥပဇ္ဇမာနာ။ ဥပုဗ္ဗ + မုဇ္ဇဓာတ် + မာနပစ္စည်း သာရတ္ထ၊ ၁။ ၄၅၀-၌ အယောနိသော ဥမ္မုဇ္ဇမာနာတိ အနုပါယေန အဘိနိဝိသမာနာဟုဖွင့်။ ထို့ကြောင့် ဥမ္မုဇ္ဇမာနာပါဠ်သာသင့်သည်။

(က) တတ္ထ နိရုတ္တိဒေါတိ အဗ္ဗုဒဝိရဟိတော။

(ခ) အဗ္ဗုဒါ ဝုစ္စန္တိ ဓောရာ။

(ဂ) နိဗ္ဗောရောတိ အတ္ထော။

(ဃ) ဓောရာဟိ စ ဣမသ္မိံ အတ္ထေ ဒုဿီလာဝ အဓိပ္ပေတာ။

(င) တေဟိ အဿမဏာဝ ဟုတွာ သမဏပဋိညတာယ ပရေသံ ပစ္စယေ ဓောရေန္တိ။

(စ) တသ္မာ နိရုတ္တိဒေါတိ နိဗ္ဗောရော။

(ဆ) နိဒ္ဒုဿီလောတိ ဝုတ္တံ ဟောတိ။ ဋ္ဌ။ ၁၆၂။

## ● အနက်ယောဇနာ

ဣမသ္မိံ အတ္ထေ၊ ဤ "နိရုတ္တိဒေါ ဟိ သာရိပုတ္တဘိက္ခုသံဃော" ဟု ဟောတော်မူအပ်သော ဘိက္ခုသံဃာဟူသောအနက်၌ (သာရတ္ထ၊ ၁။ ၄၅၁။) ဝါ-ဤသံဃာအရာ၌။ (ဝိမတိ၊ ၁။ ၉၆။)

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ဝါကျာရမ္ဘ ဝါကျ။ ထို-၍ က-ဝါကျ ကား အာရဒ္ဓဝါကျ။

### ခ-ဝါကျဥပမာလင်္ကာရထပနာတိကတက်ပုံ

ဆရာ- ဆရာသည် က-ဝါကျဖြင့် နိရုတ္တိဒေါ ဟူသည် အဗ္ဗုဒမှ ကင်းသောဟုဆို၏။ ယင်း၌အဗ္ဗုဒသဒ္ဒါသည် ကလလာဟောတိ အဗ္ဗုဒံ (သံ၊ ၁။ ၂၀၈) ၌ကဲ့သို့ (ဥပမာ) အမြှုပ်ဟူသောအနက်၊ သကနာမေဟိ သုတ်အဗ္ဗုဒံပြယုဂ်ကဲ့သို့ (ဥပမာ) အဗ္ဗုဒသချာအနက်ကို ဟောသလော။ အဗ္ဗုဒ သဒ္ဒါအဘယ် အနက်ကိုဟောပါသနည်း....ကြောင့် ခ-ဝါကျကိုမိန့်။

http://www.dhammadownload.com



ဂ–ဝါကျကား ဝါကျာရမ္မဏဝါကျ။ ထို–၍ က–ဝါကျကား အာရဒ္ဓ ဝါကျ။

ဃ–ဝါကျကား ဝါကျာရမ္မဏဝါကျ။ ထို–၍ ခ–ဝါကျကား အာရဒ္ဓဝါကျ။

## ဃ–ဝါကျထပနာတိကကျမ်းတက်

ဆရာ၊ ဆရာသည် ခ–ဝါကျဖြင့် အဗ္ဗုဒသဒ္ဒါသည် စောရအနက်ကို ဟောသောဟုဆို၏။ ဤသံဃအရာ၌ မုချခိုးသူကို စောရဟု အလိုရှိအပ် သလော ( ဃ–ဝါကျ အဓိပ္ပေတာ–မျှော်တက် )။ အဘယ်ကိုစောရဟု အလိုရှိအပ်ပါသနည်း။ (ကောစောရောတိ အဓိပ္ပေတော–ဟု ပုစ္ဆာထုတ်) ကြောင့် ဃ–ဝါကျမိန့်။

င–ဝါကျကား ကာရဏာဝါကျ။ ထို–၍ ဃ–ဝါကျကား ဖလဝါကျ။

## င–ဝါကျအယုတ္တပုစ္ဆာတက်

ဆရာ၊ဆရာသည် ဃ–ဝါကျဖြင့် ဤ သံဃ အရာ၌ ဒုဿီလတို့ကို သာလျှင် စောရဟု အလိုရှိအပ်သောဟု ဆိုတော်မူ၏။ ဒုဿီလ တို့၏ စောရအဖြစ်ကား အသို့နည်း။ (သာရတ္ထ)။ ဝါ–အဘယ်ကြောင့် ဒုဿီလ တို့ကို စောရဟု အလိုရှိအပ်ပါသနည်း။ ( အဖြေရှောင် ) ကြောင့်– င– ဝါကျမိန့်။

† ကထံ ပန ဒုဿီလစ်နံ စောရဘာဝေါတိ အာဟ "တေဟိ အဿမဏာဝ ဟုတ္တာ" တိ အာဒိ။ သာရတ္ထ၊ ၁။ ၄၅၁။

ခ–ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို–၍ င–ဝါကျကား လဒ္ဓဂုဏိယ ဝါကျ။

ဆ–ဝါကျကား ဝိတ္ထာရ (ပဒဝိဂ္ဂဟတ္ထပြ) ဝါကျ။ ထို–၍ ခ–ဝါကျ ကား သင်္ခေပဝါကျ။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**သမဏပဋိညာ။** သမဏော ဣတိ ပဋိညာ ယေသံ တေ သမဏ ပဋိညာ။ ပါရာ၊ ယော။ ၁၀၁။ ယေသံဒုဿီလာနံ၊ အကြင် ဒုဿီလ ရဟန်းတို့အား။ သမဏောဣတိ၊ ရဟန်းစစ်တို့ဟူ၍။ ပဋိညာ၊ ဝန်ခံခြင်းတို့

http://www.dhammadownload.com



သည်။ သန္တိ၊ ကုန်၏။ ဣတိတေ ဒုဿီလာ သမဏပဋိညာ။ သမဏပုဒ် + ပဋိညာပုဒ်+ယ-ပုဒ်+ဗဟုဗ္ဗီဟိသမာသ်။

သမဏပဋိညာဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်အရကား ရဟန်းတို့ဟု ဝန်ခံခြင်းရ၏။ ယင်း၏ ဒုဿီလရဟန်းတို့နှင့် ဂုဏ်ဂုဏေအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဌာန္ဓပစာ။ ယ-ဟူသော အညပုဒ်အရကား ရဟန်းစစ်တို့ဟု ဝန်ခံခြင်းရှိသော ဒုဿီလရဟန်းတို့ဒြဗ်ရ၏။

**သမဏပဋိညတာ။** မသဏပဋိညာနံ ဘာဝေါ သမဏပဋိညတာ။ သမဏ္ဏပဋိညာနံ၊ ရဟန်းစစ်တို့ဟု ဝန်ခံခြင်းရှိသော ဒုဿီလရဟန်းတို့၏။ ဘာဝေါ၊ အဖြစ်တည်း။ သမဏပဋိညတာ.....အဖြစ်။ သမဏပဋိညာပုဒ်+ တာပစ္စည်း။

သမဏပဋိညာဟူသော တဒ္ဓိတ်ပုဒ်အရကား ရဟန်းစစ်တို့ဟု ဝန်ခံခြင်းရှိသော ဒုဿီလရဟန်းတို့၏ ဒြဗ်သည်မှချ။ ယင်း၏ ရဟန်းစစ်တို့ဟု ဝန်ခံခြင်းနှင့် ဂုဏေဂုဏ်အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာန္ဓပစာ။ တာ ပစ္စည်းအရကား ထိုဖြင့်မှတ်အပ်သော ရဟန်းစစ်တို့ဟု ဝန်ခံခြင်းရ၏။

**မှတ်ချက်။** ဗဟုဗ္ဗီဟိဒ္ဒ ဘောစီးပုံ။ နှာ။ ၉၃-၄=ကြည့်။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**အဗ္ဗုဒ။** အဗ္ဗဓာ တ်+ဒ ပစ္စည်း။ ဓာတွန်ကျေပြီးမှ လာသော အာဂုံ အ-ကို ဥ-ပြု။

✝ အဗ္ဗဟိ သာဂတိမှိ ဒေါ။ အာဂမဿု (အာဂမဿ+ဥ။ အာ ဂမဿ ဓာတွန်ကျေပြီးမှလာသော အာဂုံ အ-ကို၊ ဥ-ဥပြု။) သူစိ။

**တစ်နည်း။** အဗ္ဗုသဒ္ဒူပပဒ+ဒါဓာတ်+အ-ပစ္စည်း။

✝ အဗ္ဗု ဝုစ္စတိ ဥပဒ္ဒဝံ၊ တံ ဒေတိတိ အဗ္ဗုဒံ။ သံ၊ ဋီ၊ ၁။ ၁၃၉။

**မှတ်ချက်။** ပါရာ၊ ဂံ၊ သစ်၊ ၂။ ၃၈၅-၌ အဗ္ဗန္တိ ဟိံသန္တိတိ အဗ္ဗုဒါဟု ဝိဂ္ဂဟပြု၏။ ယင်းအလို အဗ္ဗဓာတ်+ဥဒပစ္စည်း။

## ● ပါဠိဝိနိစ္ဆယ

အဗ္ဗုဒ။အဗ္ဗုဒ-ဟု ပါဠိ ၂-မျိုးရှိရာ အဗ္ဗုဒပါဠိသာသင့်ကြောင်း အထက်ပါဓာတ်ပစ္စည်းစသည်ကို ကိုးကား၍ဖြေလေ။

http://www.dhammadownload.com



## အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် နိရဗ္ဗုဒေါကို နိ+အဗ္ဗုဒေါ–ဟု ပဒစ္ဆေဒပြုရမည်၏ အဖြစ်ကိုလည်းကောင်း¹၊ ရ–အာဂုံ၏ အဖြစ်ကိုလည်းကောင်း²၊ နိ ဥပသာရ၏ ကင်းခြင်း=ဝိရဟ အနက်ဟော၏အဖြစ်ကိုလည်းကောင်း³၊ နတ္ထိအဗ္ဗုဒေါ တေသ ဘိက္ခုသံဃဿာတိ နိရဗ္ဗုဒေါဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း⁴၊ သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ သန္ဓိလိင်္ဂပဒ။ ၃။ ဥပသဂ္ဂလိင်္ဂတ္ထ။

၄။ အဘိဓာနတ္ထ၊ သမာသလိင်္ဂပဒတ္ထ။

## ဉာဿကောက်

နိ+အဗ္ဗုဒ+တေ။ နိအဗ္ဗုဒ ဟူသော ဗဟုဗ္ဗီဟိ သမာသ် ပုဒ်အရကား ခိုးသူ,အမြုပ်, ဒုဿီလပုဂ္ဂိုလ်တို့၏မရှိခြင်း ကင်းခြင်း ဝိရဟဘော ဂုဏ်သည်မုချ။ ယင်း၏ဘိက္ခုသံဃာဒြဗ်နှင့် ဂုဏ်ဂုဏောအဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည်ဌာနူပစာ။ တေဟူသောအညပုဒ်အရကား ထိုဖြင့်မှတ်အပ်သော ခိုးသူ, အမြုပ်, ဒုဿီလမရှိသော ကင်းသောဘိက္ခုသံဃာ ရ၏။ (ဘိက္ခုသံဃောနှင့် နိရဗ္ဗုဒေါ တုလျတ်, လိင်္ဂတ်။)

ခ–ဝါကျဖြင့် အဗ္ဗုဒသဒ္ဒါသည် အမြုပ်၊ အဗ္ဗုဒသချာအနက်ကို မဟော၊ ခိုးသူအနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

ဂ–ဝါကျဖြင့် နိရဗ္ဗုဒသဒ္ဒါသည် နိစ္စောရအနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

ဃ–ဝါကျဖြင့် ဤသံဃအရာ၌ ဒုဿီလပုဂ္ဂိုလ်ကိုသဒိသူပစာအားဖြင့် စောရဟုအလိုရှိအပ်သတည်းဟုသိစေသည်။ ဝါ–စောရအရ ဒုဿီလ ကိုယူရမည်ဟုသိစေသည်။ (အဓိပ္ပေတတ္ထ၊ ဝါ–အဘိဓေယျတ္ထ။)

င–ဝါကျ၌ စောရေဟိဖြင့် စောရာပုဒ်ကို စောရေဟိတိ စောရာ ဟု ကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း¹၊ ဏ–ပစ္စည်း၏ကတ္တုသာဓန၌ သက်သည်၏အဖြစ်ကိုလည်းကောင်း²၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

http://www.dhammadownload.com



င-ဝါကျ၌ ကြွင်းပါဠိဖြင့် ဒုဿီလပုဂ္ဂိုလ်တို့ကားရဟန်းစစ်မဟုတ်ကြဘဲ ရဟန်းစစ်ဟုဝန်ခံကြသောကြောင့် ရဟန်းစစ် (သူတစ်ပါး) တို့၏ ပစ္စည်း ၄-ပါးတို့ကိုခိုးယူရာရောက်သောကြောင့် ယင်းဒုဿီလ ပုဂ္ဂိုလ်တို့ကို စောရ=သူခိုးဟု သဒိသူပစာ အားဖြင့် ဆိုသတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**စောရေဋ္ဌိတိစောရော။** ယေ ဒုဿီလာ စောရေဋ္ဌိ တေ စောရာ။ စုရဓာတ်+ဏ-ပစ္စည်း။ ကတ္တုသာဓန။

စုရဓာတ်၏ အရကား ရဟန်းစစ် မဟုတ်ကြဘဲ ရဟန်းဟု ဝန်ခံခြင်းဖြင့် ရဟန်းစစ် (သူတစ်ပါး) တို့အတွက် လှူဒါန်းမည့်ပစ္စည်း ၄-ပါးတို့ကို ခိုးယူတတ် ( အလှူခံတတ် ) သော ဒုဿီလပုဂ္ဂိုလ်တို့၏ မာယာသာဠေယျ စသည် ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ် သည် မုချ။ ရှေးရှေး၌ဖြစ်သော အယောနိသော မနသိကာရစသည်တို့သည်ဖလူပစာ။ နောက်နောက်၌ ဖြစ်သော အနိဋ္ဌဖလမှန်သမျှသည် ကာရဏူပစာ။ ဏ-ပစ္စည်းအရကား ထိုဖြင့်မှတ်အပ်သော ဒုဿီလပုဂ္ဂိုလ်ဒြဗ်တို့ရ၏။ (င-ဝါကျ တစ်ဝါကျလုံး ရှု၍ကောက်ပုံကိုနည်းယူပါ။)

## ● နည်းနှင့်ဥပစာ

**အဗ္ဗုဒါ။** အပေါင်းဖြစ်သော အမြုပ်, အဗ္ဗုဒသချာ, ခိုးသူ အနက်တို့၏ အဗ္ဗုဒါအမည်ကို အစိတ်ဖြစ်သော ခိုးသူ၌ တင်စား၍ အစိတ်ဖြစ်သော ခိုးသူကို အဗ္ဗုဒါဟုဆိုသောကြောင့် ဧကဒေသူပစာ။ ဝါ-သမုဒါယူပစာ။

**နိရဗ္ဗုဒါ။** အပေါင်းဖြစ်သော အမြုပ်, အဗ္ဗုဒသချာ, သူခိုးတို့ မရှိခြင်း၏နိရဗ္ဗုဒါအမည်ကို အစိတ်ဖြစ်သော ခိုးသူမရှိသော ဘိက္ခုသံဃာ၌ တင်စား၍ခေါ်။ ဧကဒေသူပစာ၊ ဝါ-သမုဒါယူပစာ။

**မှတ်ချက်။** ဤဥပစာကား ခ-ဝါကျသံဝဏ္ဏနာနှင့်အညီ နည်းဥပစာတည်း။

**တစ်နည်း။** အဗ္ဗုဒ-အတူဖြစ်သော ခိုးသူ၏ အဗ္ဗုဒအမည်ကို အတူရှိသောဒုဿီလ၌ တင်စား၍ အတူရှိသော ဒုဿီလကို အဗ္ဗုဒဟုဆိုသောကြောင့် သဒိသူပစာ။ (ရှင်နည်း။)

http://www.dhammadownload.com



**နိရုဗ္ဗုဒ။** အတူဖြစ်သော ခိုးသူမရှိခြင်း၏ နိရုဗ္ဗုဒ အမည်ကို အတူရှိသော ဒုဿီလမရှိခြင်း၌တင်စား၍ အတူရှိသောဒုဿီလ မရှိခြင်းကို နိရုဗ္ဗုဒေါဟုဆိုသောကြောင့် သဒ္ဒိသူပစာသဒ္ဒါမည်၏။ (ရှင်ဇိနည်း။)

**မှတ်ချက်။** ဤဥပစာကား ဃ-င- ဝါကျ တို့နှင့်အညီ နည်း ဥပစာများတည်း။

## အာဘောဇ်သံဝဏ္ဏနာမှတ်ပွယ်

(က) နိရာဒီနဝေါတိ နိရုပဒ္ဒဝေါ နိရုပသဂ္ဂေါ။

(ခ) ဒုဿီလာ ဒီနဝရဟိတောယေဝါတိ ဝုတ္တံ ဟောတိ။ ဋီ။ ၁၆၂။

က-ဝါကျ၌ နိရုပဒ္ဒဝေါဖြင့် နိရာဒီနဝေါ၌ အာဒီနဝသဒ္ဒါအပြစ် (ဒေါသ)အနက်ကိုမဟော၊ ဥပဒ္ဒဝ = ဘေးရန်အနက်ကို ဟောသည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ နိရုပသဂ္ဂေါဖြင့် ဥပဒ္ဒဝ, ဥပသဂ္ဂ သဒ္ဒါတို့၏ ပရိယာယ်တူ၏ အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ အဘိဓေယျတ္ထ။

† ဒေါသော အာဒီနဝေါ ဘဝေ။ ဓာန်။ ၇၆၆။ ဥပသဂ္ဂေါ ဥပဒ္ဒဝေါ။ ဓာန်။ ၄၀၁။

ခ-ဝါကျဖြင့် နိရာဒီနဝေါ၌ နိသဒ္ဒါ၏ ဝိရဟ အနက် ဟော၏ အဖြစ်ကိုလည်းကောင်း[၁]၊ နတ္ထိ အာဒီနဝေါ ဧတေသံ ဘိက္ခူ သံဃဿာတိ နိရာ ဒီနဝေါ-ဟု ဧတုတ္တိဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ ပြုရမည်၏အဖြစ်ကိုလည်း ကောင်း[၂]၊ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ အဘိဓာနတ္ထ၊ သမာသ လိင်္ဂပဒတ္ထ။

(က) အပဂတကာဠကောတိ ကာဠကာ ဝုစ္စန္တိ ဒုဿီလာ ယေဝ။

(ခ) တေ ဟိ သုဝဏ္ဏဝဏ္ဏာပိ သမာနာ ကာဠကဓမ္မယောဂါ ကာဠကာတွေဝ ဝေဒိတဗ္ဗာ။

(ဂ) တေသံ အဘာဝါ အပဂတကာဠကော။ ဋီ။ ၁၆၂။

http://www.dhammadownload.com



## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ယုတ္တိဒဠှီကရဏဝါကျ။ ထို-၍ . က-ဝါကျကား ယုတ္တိဒဠှီယဝါကျ။

## ခ-ဝါကျထပနာတိကကျမ်းတက်

ဆရာ၊ဆရာသည် က-ဝါကျဖြင့် ဒုဿီလ ပုဂ္ဂိုလ်တို့ကို သာလျှင် ကာဠကတို့ဟုဆိုအပ်ကုန်သောဟု ဆိုတော်မူ၏။ ယင်းဒုဿီလ ပုဂ္ဂိုလ်တို့သည် ရွှေအဆင်းကဲ့သို့သောအဆင်းရှိကုန်သည် မဟုတ်လော (တေ-လ-သမာနာဟူသော လက္ခဏာအရစိဝါကျကိုအာဘော်ပြု။) ယင်းသို့ ဖြစ်ပါလျက် အဘယ့်ကြောင့် ဒုဿီလပုဂ္ဂိုလ်တို့ကို ကာဠာကာဟု ဆိုအပ်ကုန်သနည်း(က-ဝါကျဝုစ္ဆန္တိပြန်သွား။) ကြောင့် ခ-ဝါကျ မိန့်။ (အဓိပ္ပာယ်ဘာသာပြန်လေ။)

ဂ-ဝါကျပက္ခန္တရဝါကျ။ ထို-၍ က-ခ-ပက္ခဝါကျ။

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**အပဂတကာဠကော။** အပဂတာ ဝိဂတာ ကာဠကာ တေသ္မာ သံဃမှာတိ အပဂတကာဠကော။ ပါရာ၊ ယော။ ၁၀၁။ တေသ္မာ သံဃ မှာ၊ ဤသံဃာမှ။ အပဂတာဝိဂတာ၊ ကင်းကုန်သော။ ကာဠကာ၊ ဒုဿီလတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ သော သံဃော. အပဂတ ကာဠကော။ အမဂတပုဒ်+ကာဠကပုဒ်+တေပုဒ်။ ပဉ္စမီ ဗဟုဗ္ဗီဟိသမာသ်။

အပဂတ ကာဠက ဟူသော ဗဟုဗ္ဗီဟိ သမာသ် ပုဒ်အရကား ဒုဿီလတို့၏အဘာဝ (တေသံ အဘာဝါ .ကိုရှု၍ကောက်။) ရ၏။ ယင်း၏ သံဃာဒြဗ်နှင့်ဂုဏ်ဂုဏအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ဥာန္ဓုပစာ။ တေဟူသောအညပုဒ်အရကား ထိုဖြင့်မှတ်အပ်သော ဒုဿီလ ကင်းသော မရှိသော သံဃာရ၏။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ကာဠက။** ကလဓာတ်+ဏျပစ္စည်း၊ ဝါ- ကာဓာတ် + ဠ-ပစ္စည်း+ သွတ္ထ က ပစ္စည်း။ တိပိဋကဲ၊ ဓာန်။ ၆-လည်းကြည့်။

† ကာယတိ ဖရုသံ ဝဒတီတိ ကာဠော=ကဏ္ဍော။ မောဂ်၊ ၇။ ၂၂၅။

http://www.dhammadownload.com



## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ကာဠက သဒ္ဒါသည် ရှဥ့်နက်, အမည်းဟူသော အနက်တို့ကိုမဟော၊ သဒိသူ, ဂုဏူပစာအားဖြင့် ဒုဿီလ အနက်ကိုဟော သတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ။)

ခ-ဝါကျ၌ ကာဠက ဓမ္မယောဂါ– ဖြင့် ဒုဿီလ၏ အဖြစ် ဟုဆိုအပ်သော မည်းညစ်သော မကောင်းမှုတရားနှင့် ယှဉ်ခြင်းကြောင့်၊ ဝါ– ဂုဏူပစာအားဖြင့် ဒုဿီလပုဂ္ဂိုလ်ကို ကာဠကခေါ်သတည်းဟု သိစေသည်။ (ဘာဝတ္ထ)

† ကာဠကဓမ္မယောဂါတိ ဒုဿီလတာ သင်္ခါတပါပဓမ္မယော- ဂတော။ သာရတ္ထ၊ ၁။ ၄၅၁။

ဂ-ဝါကျဖြင့် အပဂတ ကာဠကောပုဒ်ကို အပဂတာ ဝိဂတာ ကာဠကော ဧတသ္မာ သံဃမှာတိ အပဂတကာဠကောဟု ပဉ္စမီဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရမည်ဟုသိစေသည်။ (အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ)

## ● ပါဌဝိနိစ္ဆယ

**အပဂတ ကာဠကော။ အပဟတကာဠကော။** ပါရာယော–၌ အပဂတာ ဝိဂတာ ကာဠကာ ဧတသ္မာ သံဃမှာတိ အပဂတကာဠကော ဟု ဆိုသောကြောင့် အပဂတကာဠကောပါဠ်သင့်သည်။ ဋ္ဌ–၌ အပဟတ ကာဠကောတိပိ ပါဌောဟုဖွင့်သောကြောင့်လည်းကောင်း၊ ဟနဓာတ်သည် ဂတိ အနက်ရှိ၍ အပဟတနှင့်အပဂတအနက်တူသောအကြောင့်လည်းကောင်း၊ အဋ္ဌကထာ၌ သော ဒုဋ္ဌပါဌော။ တံ နသုန္ဒရံစသည် ယင်း အပဟတပါဠ်ကို မပယ်သောကြောင့်လည်းကောင်း၊ အပဟတကာဠကောရှိသောပါဠ်လည်း သင့်သည်။

## ● နည်းနှင့်ဥပစာ

**ကာဠကာ။** အတူဖြစ်သောအမည်း၏ ကာဠကာဟူသောအမည်ကို အတူရှိသော ဒုဿီလပုဂ္ဂိုလ်၌တင်စား၍ အတူရှိသော ဒုဿီလပုဂ္ဂိုလ်ကို ကာဠကာဟုဆိုသောကြောင့် သဒိသူပစာ။

**တစ်နည်း။** အကုသိုလ်ဓမ္မ၏ အမည်းဂုဏ်၏ ကာဠကဟူသောအမည်ကို ဂုဏဖြစ်သော ဒုဿီလပုဂ္ဂိုလ်၌ တင်စား၍ ဂုဏဖြစ်သော ဒုဿီလ ပုဂ္ဂိုလ်ကို ကာဠကာဟုဆိုသောကြောင့် ဂုဏူပစာသဒ္ဒါ။

http://www.dhammadownload.com



ဂုဏ်နှင့် ဂုဏော မကင်းကောင်းသောကြောင့်၊ သဟာစရဏနည်း။ (ဆင်တဲဂဏ္ဌိ။ ၃၃၆။)

(က) သုဒ္ဓေါတိ အပဂတကာဠကတ္တာယေဝ သုဒ္ဓေါ ပရိယော ဒါတော ပဘဿရော။

(ခ) သာရေ ပတိဋ္ဌိတောတိ သာရော ဝုစ္စတိ သီလသမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနဂုဏော တသ္မိံ သာရေ ပတိဋ္ဌိ တတ္တာ သာရေ ပတိဋ္ဌိတော။ ဋ္ဌ။ ၁၆၂။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ အပဂတကာဠကတ္တာ ယေဝဖြင့်၊ အပဂတ ကာဠ ကောကား သုဒ္ဓေါ၏အကြောင်းတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

က-ဝါကျ၌ ပရိယောဒါတောဖြင့် သုဒ္ဓေါ သဒ္ဒါကား ကေဝလ အနက်ကိုမဟော၊ ဖြူစင်ခြင်း(ပရိယောဒါတ)အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလင်္ကာတ္ထ။)

† သုဒ္ဓေါ ကေဝလ ပူတေသု။ ဓာန်။ ၁ဝ၆၉။

က-ဝါကျ၌ ပဘဿရောဖြင့် သုဒ္ဓေါ = စင်ကြယ်၏ ဟူသည် ကာဠကမွေတို့မရှိသောကြောင့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သတည်း ဟုသိစေသည်။ (ဘာဝတ္ထ)

**ပဘဿရော။** ပဘာ သရတိ နိစ္ဆရတိ တေသွာ သီလေနာတိ ပဘဿရော။ ဝါ-ပဘဿရော ပဘာယန္ သီလံ ယဿာတိ ပဘဿရော။ ပါရာ၊ ဂံ၊ သစ်။ ၂။ ၃၈၆။

ခ-ဝါကျ၌ သာရော(လ)ဒဿနဂုဏော-ဖြင့်သာရအရ သဒိသူပစာ အားဖြင့် သီလသမာဓိစသော ဂုဏ်တို့ကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

ခ-ဝါကျ၌ တသ္မိံ(လ)ပတိဋ္ဌိတောဖြင့် ယင်းသီလစသော အနှစ် သာရ၌တည်သောကြောင့် ဘိက္ခုသံဃသည် သာရေပတိဋ္ဌိတမည်သတည်း ဟု သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



## နည်းနှင့်ဥပစာ

သာရေပတိဋ္ဌိတော။ အတူဖြစ်သော သစ်ပင်အနှစ်၏ သာရဟူသောအမည်ကို အတူရှိသော သီလသမာဓိစသော ဂုဏ်၌တင်စား၍ အတူရှိသော သီလသမာဓိစသော ဂုဏ်ကို သာရေဟုဆိုသောကြောင့် သဒိသူပစာသဒ္ဒါ။ (နေယျတ္ထနည်း။ ရုဠှီနည်း)

---

(က) သောတာပန္နောတိ သောတံ အာပန္နော။

(ခ) သောတောစာတိ စ မဂ္ဂဿေတံ အဓိဝစနံ။

(ဂ) သောတာပန္နောတိ တေန သမန္နာဂတဿ ပုဂ္ဂလဿ။

(ဃ) ယထာဟ–သောတော သောတောတိ ဟိဒံ (လ) ဧဝံ နာမော ဧဝံဂေါတ္တောတိ။

(င) ဣဓ ပန မဂ္ဂေန ဖလဿ နာမံ ဒိန္နံ။

(စ) တသ္မာ ဖလဋ္ဌော သောတာပန္နောတိ ဝေဒိတဗ္ဗော။ ဋ္ဌ။ ၁၆၃။

## ဝါကျခွဲနှင့်ကျမ်းတက်

ခ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ က–ဝါကျကား အာရဒ္ဓဝါကျ။

### သောတသဒ္ဒါ၏ အတ္ထုဒ္ဓါရ

၁။ မံသသောတ = သောတဓာတု သောတိန္ဒြိယံစသည်။

၂။ ဝိညာဏသောတ = သောတေန သဒ္ဒံ သုတွာ။

၃။ ဉာဏသောတ = ဒိဗ္ဗာယ သောတဓာတုယာ။

၄။ တဏှာသောတ = တဏှာသောတော ဒိဋ္ဌိသောတော။

၅။ ရေအယဉ် (ဓာရာ) သောတ = ဂင်္ဂါယ နဒိယာ သောတေန ဝုယှမာနံ။

၆။ အရိယာမဂ္ဂသောတ = သောတာပန္နော၌ သောတ။

၇။ စိတ္တသန္တတိသောတ=ပုရိသဿ စ ဝိညာဏသောတံ ပဇာနာတိ။

† မံသဝိညာဏ ဉာဏေသု။ တဏှာဒိသု စ ဒိဿတိ၊ ဓာရာယံ အရိယာမဂ္ဂေ၊ စိတ္တသန္တတိယမ္ပိ စ။ နီတိ၊ ဓာတု၊ ၂၄၂–၃။

http://www.dhammadownload.com



**မှတ်ချက်။** ဤသောတသဒ္ဒါ၏အနက်များကိုရှု၍ ခ–ဝါကျကို အောက်ပါအတိုင်း ကျမ်းတက်ရာ၏။

## ခ–ဝါကျထပ်နာတိကကျမ်းတက်

ဆရာ၊ ဆရာသည် က–ဝါကျဖြင့် သောတာပန္နောပုဒ်ကိုဒုတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထပြုသောဟုဆို၏။ ယင်း၌ သောတ သဒ္ဒါသည် မံသသောတ(လ)စိတ္တသန္တတိသောတ (အရိယမဂ္ဂ သောတချန်၍ ကျန် ၆–နက်လျှဉ်းပါး) ဟူသောအနက်တို့ကို ဟောသလော၊ သောတသဒ္ဒါ အဘယ် အနက်ကိုဟောသနည်း– ကြောင့် ခ–ဝါကျမိန့်။ (အဓိပ္ပာယ်ဘာသာပြန်။)

ဂ–ဝါကျကား ပက္ခန္တရ။ ထို–၍ ခ–ဝါကျကား ပက္ခဝါကျ။ (ခ–ဝါကျဖြင့် သောတကို ဖွင့်၍ ဂ–ဖြင့် သောတာပန္နကိုဖွင့်သည်။)

ဃ–ဝါကျအာဂမဒဠှီကရဏဝါကျ။ ထို–၍ ဂ–ဝါကျကား အာဂမ ဒဠှီယဝါကျ။

င–ဝါကျကား သောတအရ ဤ၌အလိုရှိအပ်သော အနက်ထူးကို ဖွင့်ပြသောကြောင့် ဝိသေသဝါကျ။ ထို–၍ ခ–ဂ–ဝါကျကား သာမညဝါကျ။

## သာရတ္ထအနုသန္ဓေတက်

ဤသို့ ဂ–ဝါကျဖြင့် မဂ္ဂသမင်္ဂီပုဂ္ဂိုလ်သည် သောတာပန္နမည်၏ဟု ဆို၍ ယင်းအနက်ကိုဥဒါဟရဏ်ဖြင့် ပြီးစေ၍ ယခုအခါ၌ ဤ၌အလိုရှိအပ် သော ပုဂ္ဂိုလ်ကိုထုတ်၍ပြလိုရကား ဣတာပနစသောပါဠ်ကိုမိန့်။ သာရတ္ထ၊ ၁။ ၄၅၁။

စ–ဝါကျကား လဒ္ဓဂုဏဝါကျ။ ထို–၍ င–ဝါကျကား လဒ္ဓဂုဏိယ ဝါကျ။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**သောတ။** ပဋိပက္ခမ္ဗေ အနဝသေသတော သဝတိ ပေလ္လတိတိ သောတော။ ယောအရိယမဂ္ဂေါ၊ သည်။ ပဋိပက္ခမ္ဗေ၊ ဆန့်ကျင်ဘက် ဖြစ်သောတရားတို့ကို။ အနဝသေသတော၊ အကြွင်းမဲ့။ သဝတိ ပေလ္လတိ၊

http://www.dhammadownload.com



ပယ်ရှားတတ်၏။ ဣတိ သော သောတော။ သုဓာတ် + တ–ပစ္စည်း။ ကတ္တုသာဓန။

သုဓာတ်၏အရကား သောတာပတ္တိမဂ်၏ ဆန့်ကျင်ဘက် တရားတို့ကို အကြွင်းမဲ့ပယ်ရှားတတ်သောသတ္တိလက္ခဏာသဘာဝရ၏။ တ–ပစ္စည်းအရကား သတ္တိမန္တ, လက္ခဏဝန္တ, သဘာဝဝန္တ ဖြစ်သော သောတာပတ္တိမဂ်ရ၏။ (ပရမတ္ထကောက်။)

**မှတ်ချက်။** သာရတ္ထ၊ ၁။ ၄၅၁–၌ သဝနတော ပေလ္လနတော ဟူသော တ–ပုဒ်၏ဝိဂြိုဟ်ကိုပြသည်။ ဓာတ်ကျမ်းတို့၌ ပေလုဓာတ်, ပေလဓာတ်ဟု ဘူဝါဒိဂိုဏ်း ဒွေဘော်မဲ့ဓာတ်သာလာသည်။ ထို့ကြောင့် ပေလနတော–ဟု ရှိသင့်သည်ထင်၏။

## ● ဓာတုပစ္စယာဒိဝိဘာဂ

မဂ္ဂ။ မဂ္ဂဓာတ်+အ–ပစ္စည်း။

† ကေန္တတော ဓာတိဇရာဗျာဒိဒုက္ခာဒီဟိ ပီဠိတေဟိ သတ္တေဟိ ဒုက္ခက္ခယံ နိဗ္ဗာနံ ပါပုဏနတ္ထာယ မဂ္ဂီတဗ္ဗော ဂဝေသိတဗ္ဗောတိ မဂ္ဂေါ။ နီတိ၊ ဓာ။ ၂၈၆။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် အာပန္နောပုဒ်ကို အာပဇ္ဇတီတိ အာပန္နောဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] တ–ပစ္စည်း၏ ကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊[၂] သောတ နှင့် အာပန္န–ကို သောတံ အာပန္နော သောတာပန္နောဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၃] သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

**မှတ်ချက်** "ကတ္တုသာဓန၊ နောက်ပုဒ်ပြ၊ ရှေ့ကပုဒ်နှင့် ဒုတိယာ တပ္ပုရိသ်သမာသ်တွဲမြဲ" ဟူသော နိယံကို ပြောင်းပြန်လှန်၍ ဒုတိယာ တပ္ပုရိသ်သမာသ်ပြလျှင် နောက်ကို ကတ္တုသာဓနပြုဟု ပြရာရောက်သည် ကြ၍ ၁၊ ၂–အာဘော်ကို ဖော်သည်။

http://www.dhammadownload.com



* ဒုတိယာ တပ္ပုရိသ၊ တွေ့တုံက၊ နောက်ပဒ၊ ကြံကြ ကတ္တုသာဓ်။ **(သစ်)**

ခ–ဝါကျရဖြင့် သောတသဒ္ဒါသည် မံသသောတ, ဉာဏ သောတ စသောအနက်ကို မဟော၊ အရိယာမဂ်အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ)

**မှတ်ချက်။** အ်တ္ထုဒ္ဓါရ အတ္ထုဒ္ဓေသဝါကျ၌ ဖော်နေကျအတိုင်း ဖော် လေဦး။

ဂ–ဝါကျဖြင့် သောတာပန္နအရ သောတာပတ္တိမဂ္ဂသမံဂီပုဂ္ဂိုလ်ကို ယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ။)

ဃ–ဝါကျဖြင့် သောတသဒ္ဒါသည် မုချအားဖြင့် သောတာပတ္တိမဂ် ကိုဟောသော်လည်း ဤ၌သဒိသူပစာ၊ ကာရဏူပစာအားဖြင့် သောတာ ပတ္တိဖိုလ်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

င–ဝါကျဖြင့် သောတာပန္နအရ မုချအားဖြင့် သောတာပတ္တိ မဂ္ဂသမံဂီပုဂ္ဂိုလ်ကိုရသော်လည်း သဒိသူပစာ၊ ကာရဏူပစာ အားဖြင့် သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်ကိုယူရမည်ဟုသိစေသည်။ (အဘိဓေယျတ္ထ)

**ရှင်းလင်းချက်။** ဖလသစ္ဆိကိရိယာယ (သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ) ပဋိပန္နော (ကျင့်ဆဲ)ဟု ဆိုရာ၌ ပစ္စုပ္ပန်ပဋိပန္န သဒ္ဒါသည် သောတာပတ္တိ မဂ္ဂဋ္ဌပုဂ္ဂိုလ်ကို ဟောသကဲ့သို့ ဤ၌လည်း အာပန္နသဒ္ဒါပစ္စုပ္ပန် (ဝတ္တမာနကာလိက) ဖြစ်၍ သောတာပတ္တိမဂ္ဂဋ္ဌာန်ကို သောတသဒ္ဒါက သောတာပတ္တိမဂ်ကို မုချဟောသည်။ ဥပစာအားဖြင့်ကား သောတသဒ္ဒါက သောတာပတ္တိဖိုလ်၊ သောတာပန္နသဒ္ဒါ သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်ကိုဟောသည်ဟုသိစေလို၍ ဃ–င– ၂–ဝါကျ တက်လာသည်။ ယင်းသို့ သောတာပတ္တိဖိုလ်နှင့် ယင်းဖလဋ္ဌာန် ပုဂ္ဂိုလ် ရမှသာ "ယော ပစ္ဆိမကော ဘိက္ခု၊ သော သောတာပန္နော" ဟူသော ပါဠိနှင့် ညီမည်ဖြစ်သည်။ (ဝတ္တမာနကာလိကောတိအာဟ။ သာရတ္ထ၊ ၁။ ၄၅၁။)

**မုချသောတာပန်။** အာပန္နော၌ တ–ပစ္စည်းကို အတိတ်ဟော ယူ၍ "သောတံ၊ အရိယာမဂ်သို့။ အာပန္နော၊ ရောက်ပြီးသောသူတည်း" ဟုဆိုလျှင် သောတာပန္နသဒ္ဒါသည်မုချအားဖြင့် သောတာပတ္တိ ဖလဋ္ဌကို

http://www.dhammadownload.com



ဟောနိုင်သည်။ (အတီတကာလိကဗ္ဗော ပန သရသတောဝ နာမ လာဘော သီယာ။ သာရတ္ထ၊ ၁။ ၄၅၁။)

## ● နည်းနှင့်ဥပစာ

**သောတ။** အကြောင်းဖြစ်သော သောတာပတ္တိမဂ်၏ သောတ ဟူသောအမည်ကိုအကျိုးဖြစ်သော သောတာပတ္တိဖိုလ်၌တင်စား၍အကျိုး ဖြစ်သော သောတာပတ္တိဖိုလ်ကို သောတဟုဆိုသောကြောင့် ကာရဏူပစာ (နာနတ္တ ရိကနည်း။)

**မှတ်ချက်။** ဤကား "မဂ္ဂေန ဖလဿ နာမံ ဒိန္နံ" ဟူသော အဋ္ဌကထာနှင့်အညီ ဥပစာတည်း။ သောတာပန္နပုဒ်၌လည်း အောက်ပါ အတိုင်း ကာရဏူပစာပင်တင်။

**သောတာပန္န။** အကြောင်းဖြစ်သော သောတာပတ္တိ သမင်္ဂီ ပုဂ္ဂိုလ်၏ သောတာပန္နဟူသောအမည်ကို အကျိုးဖြစ်သော သောတာပတ္တိ ဖလဋ္ဌ ပုဂ္ဂိုလ်၌တင်။ ကာရဏူပစာ။ နာနတ္တ ရိကနည်း။

**တစ်နည်း။ သောတ။** အတူဖြစ်သော (အင်္ဂဂိက, သတ္တင်္ဂိက) သောတာပတ္တိမဂ်၏ သောတဟူသောအမည်ကို အတူရှိသော (အင္ဂဂိက, သတ္တင်္ဂိက) သောတာပတ္တိဖိုလ်၌တင်စား၍ အတူရှိသော သောတာပတ္တိ ဖိုလ်ကို သောတဟု ဆိုသောကြောင့် သဒိသူပစာ။

**မှတ်ချက်။** ဤကား " မဂ္ဂေန ဟိ အတ္တနာ သဒိသဿ အင္ဂဂိ ကဿ သတ္တင်္ဂိကဿ ဝါ ဖလဿ သောတောတိနာမံ ဒိန္နံ" ဟူသော သာရတ္ထအဖွင့်နှင့်အညီ ဥပစာတည်း။ သောတာပန္နပုဒ်၌လည်း သဒိသူပစာပင် အောက်ပါအတိုင်းတင်ပါ။

**သောတာပန္န။** အတူဖြစ်သော (အင္ဂဂိက, သတ္တင်္ဂိက) သော တာပတ္တိမဂ္ဂသမင်္ဂီပုဂ္ဂိုလ်၏ သောတာပန္နဟူသောအမည်ကို အတူရှိသော သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ်၌တင်။ သဒိသူပစာ။

**တစ်နည်း။ သောတ။** အပေါင်းဖြစ်သော မံသ, ဝိညာဏ, ဉာဏ, တဏှာစာရာ, အရိယာမဂ္ဂ, တ္တသန္တ တိတို့၏ သောတ ဟူသောအမည်ကို အစိတ်ဖြစ်သော အရိယာမဂ်၌တင်စား၍ အစိတ်ဖြစ်သော အရိယာမဂ် ကို သောတဟုဆိုသောကြောင့် ဧကဒေသျူပစာ၊ ဝါ- သမုဒါယူပစာ။

http://www.dhammadownload.com



**မှတ်ချက်။** ဤကား "သောတောတိ စ မဂ္ဂဿေတံ အဓိဝစနံ" ဟူသော အဋ္ဌကထာဖွင့်နှင့် နိတိ၊ ဓာတု။ ၂၄၂ လာ သောတသဒ္ဒါ၏ အတ္ထုဒ္ဓါရတို့ကို ရှု၍တင်သောဥပစာတည်း။ ဤအလို **သောတပုဒ်၌သာ** ဥပစာတင်ပါ။ သောတာပန္နခြ တင်ဖွယ်မလိုဟုမှတ်။ သူ့အဖွင့်နှင့်သူ ဥပစာတွဲ၍ သေချာစွာမှတ်ပါ၊ ရှုပ်ထွေးတတ်သည်။

## ● နေတ္တိဟာရမှတ်ဖွယ်

သောတအရ ခ-ဝါကျ သံဝဏ္ဏနာကိုထောက်လျှင် သောတာပတ္တိမဂ်ကိုရသည်။ ပဒဋ္ဌာနဟာရထုတ်ပါဟုမေးလျှင်—

### ဝိထိစိတ်အစဉ်ကိုရှု၍

၁။ ပရိတံ။ ၂။ ဥပစာ။ ၃။ အနုလုံ။ ၄။ ဂေါတြဘူ။ ၅။ သောတာပတ္တိမဂ်။ ၆။ သောတာပတ္တိဖိုလ်။ ၇။ အပါယ်ဘေးမှလွတ်မြောက်ခြင်း။ ၈။ အထက်မဂ်ဖိုလ်အကျိုး—ဟု အကြောင်းအကျိုး စဉ်ထား၍ အောက်ပါ အတိုင်းထုတ်ပါ။

သောတာပတ္တိမဂ်၏ ပဒဋ္ဌာန်ကား (၄) ဂေါတြဘူတည်း။ ထို ဂေါတြဘူ၏ ပဒဋ္ဌာန်ကား (၃) အနုလုံတည်း။ ထိုအနုလုံ၏ ပဒဋ္ဌာန်ကား (၂) ဥပစာတည်း။ ထို ဥပစာ၏ပဒဋ္ဌာန်ကား (၁) ပရိကံတည်း။ ဤသို့ အောက် သက်ဩရယောရယအားဖြင့်လည်းကောင်း၊ ထို သောတာပတ္တိမဂ် သည် (၆) သောတာပတ္တိဖိုလ်၏ နီးစွာသောအကြောင်းတည်း။ ထို သောတာ ပတ္တိဖိုလ်သည် (၇) အပါယ်ဘေးမှလွတ်ခြင်း (၈) အထက်မဂ်ဖိုလ်၏ နီးစွာ သောအကြောင်းတည်း။ ဤသို့ အာရယာရယအားဖြင့်လည်းကောင်း၊ ပဒဋ္ဌာန် ကို စိစစ်ခြင်းသည် ပဒဋ္ဌာနဟာရ မည်၏ ဟူလိုသောဝ်—ဟု နေတ္တိ ထုတ် ရာ၏။

### သဘာဝအကြောင်းများကိုရှု၍

သောတာပတ္တိမဂ်ပဒဋ္ဌာန်ကား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ ဟူသော ဥပစာရသမာဓိဇောတည်း (၁-၂-၃-၄-ကို ပေါင်းလိုက်သည်။)

http://www.dhammadownload.com



ထိုဥပစာရ သမာဓိဇော၏ ပဒဋ္ဌာန်ကား ယောနိသောမနသိကာရတည်း။ ထို ယောနိသောမနသိကာရ၏ ပဒဋ္ဌာန်ကား သပ္ပုရိသူပနိဿယတည်း။ ထို-၏ ပဒဋ္ဌာန်ကား အတ္တသမာပဏိဓိတည်း။ ထို-၏ ပဒဋ္ဌာန်ကား ပုဗ္ဗေကတပုညတာတည်း။ -ဤသို့ အောက်သက်ဩရယှော်ရယှအားဖြင့် လည်းကောင်း၊ ထို သောတာပတ္တိမဂ်သည် သောတာပတ္တိဖိုလ်၏ နီးစွာသော အကြောင်းတည်း။ ထို-သည် အပါယ်ဘေးမှလွတ်ခြင်း အထက်မဂ်ဖိုလ်၏ နီးစွာသောအကြောင်းတည်း။ ဤသို့ အာရုယှာရုယှအားဖြင့် (လ) ဟူလို သောဝ်။ (ဆရာတော်ဗုဓ် နေ့တ္တိကောက် ပဒဋ္ဌာနဟာရ ပုဇယတေပုဒ် အကောက်ကိုကြည့်ပါ။)

---

(က) အဝိနိပါတဓမ္မောတိ ဝိနိပါတေတီတိ ဝိနိပါတော။

(ခ) နာဿ ဝိနိပါတော ဓမ္မောတိ အဝိနိပါတဓမ္မော။

(ဂ) န အတ္တာနံ အပါယေသု ဝိနိပါတနသဘာဝေါတိ ဝုတ္တံ ဟောတိ။

(ဃ) ကသ္မာ ?

(င) ယေ ဓမ္မာ အပါယဂမနီယာ၊ တေသံပရိက္ခယာ။ ဠ။ ၁၆၃။

## ● အနက်ယောဇနာ

ဓမ္မော၊ သဘောသည်။ ဝါ-သက္ကာယဒိဋ္ဌိ စသော အကုသိုလ် တရားသည် ဟုပေး။ သာရတ္ထ၊ ၁။ ၄၅၁။

---

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

**မှတ်ချက်။** ခ-ဝါကျဖြင့် အပေါင်းဝိဂ္ဂဟကို ပြ၍ က ဖြင့် အစိတ်ဝိဂ္ဂဟကိုပြသည်။ ဝိဂ္ဂဟအာဘော်တို့နှင့်ယှဉ်ကြည့်။

ဂ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ ခ-ဝါကျကား သင်္ခေပ ဝါကျ။

http://www.dhammadownload.com



ဃ–ဝါကျကား ကာရဏပုစ္ဆာဝါကျ။ င–ဝါကျကား ကာရဏာ ဝိသဇ္ဇနာဝါကျ။ ထို–၍ ဂ–ဝါကျကား ဖလဝါကျ။

## ဃ–ဝါကျ အနုသန္ဓေတက်။

ဤသို့ ဂ–ဝါကျဖြင့် မိမိကိုယ်ကို (လ) မရှိဟု ပြပြီး၍ (ပုဗ္ဗာနုသန္ဓေ ဂ–ဝါကျဘာသာပြန်။) ယခုအခါ၌ အဝိနိပါတဓမ္မအဖြစ်၏အကြောင်းကို မေးလိုရကား ကသ္မာ–ဟူသောပါဌ်ကိုမိန့်။

† ကသ္မာတိ အဝိနိပါတနဓမ္မတာယ ကာရဏံ ပုစ္ဆတိ။ သာရတ္ထ၊ ၁။ ၄၅၁။

## ဃ–င–ဝါကျထပနာတိကပုစ္ဆာတက်

ဆရာ၊ဆရာသည် ဂ–ဝါကျဖြင့် မိမိကိုယ်ကို(လ)မရှိဟု ဆိုတော်မူ၏။ အဘယ်ကြောင့် အဝိနိပါတဓမ္မဖြစ်သနည်း။ ပုထုဇဉ်နှင့်အတူတူပင်။ မဟုတ်လော–ကြောင့် ဃ–င–ဝါကျမိန့်။

**အဝိပ္ပာယ်ကား။** င–ဝါကျဖြင့် အပါယ်သို့ ကျရောက် လားရောက်စေတတ်ကုန်သောသဘော၊ ဝါ–သက္ကာယဒိဋ္ဌိ စသောအကုသိုလ်တရားတို့၏ ကုန်ခြင်းကြောင့်မိမိကိုယ်ကိုအပါယ်တို့၌ကျရောက်စေတတ်သော သဘောတရားမရှိ (ဂ–ဝါကျသို့ပြန်စပ်၍ အဝိပ္ပာယ်ပြန်)ဟု ငါပြဆို၏ဟူလို။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**အပါယဂမနီယာ။** အပါယံ ဂမေန္တီတိ အပါယဂမနီယာ။ ယေ ဓမ္မာ၊အကြင်သက္ကာယဒိဋ္ဌိစသောအကုသိုလ်တရားတို့သည်၊ပုထုဇ္ဇနသတ္တေ တို့ကို။ အပါယံ၊ အပါယ်သို့။ ဂမေန္တိ၊ လားရောက်စေတတ်ကုန်၏။ ဣတိ တေ အပါယဂမနီယာ။ အပါယသဒ္ဒူပပဒ+ဂမုဓာတ်+အနီယပစ္စည်း။ ယောတုကတ္တုသာဓန။ ကိတန္တတပ္ပုရိသ်သမာသ်။

အပါယဟူသော ဝိသေသနပုဒ်အရကား အပါယ် ၄–ပါးဖြစ်သည် မှချ။ ယင်း၏လားရောက်စေတတ်သော သက္ကာယဒိဋ္ဌိစသော အကုသိုလ်

http://www.dhammadownload.com



တ်ရားနှင့်အကျိုးအကြောင်း ဇော+ဇနကအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနပစ္စာ။ (သမာသ်ကောက်။)

ဂမုစာတ်၏အရ သုဒ္ဓကတ္ထုဖြကြိယာအရကား အပါယ် ၄-ပါး၌ ဖြစ်သော ပုထုဇဉ်သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာ၏ဥပါဒ်သည်မှချ။

ဟေတုကတ္ထုဖြကြိယာအရကား ထိုအပါယ် ၄-ပါး၌ဖြစ်သော ပုထုဇဉ်သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာ၏ ဥပါဒ်အားတပ်သော သက္ကာယဒိဋ္ဌိ စသောအကုသိုလ်တရားတို့၏ ဇနကသတ္တိသည်ဖလူပစာ။

အဲနီယပစ္စည်းအရကား ထိုမှချ ဌာန ဖလူပစာတို့ဖြင့် မှတ်အပ် သောသက္ကာယဒိဋ္ဌိစသောအကုသိုလ်တရားရ၏။

**မှတ်ချက်။** ဂမေန္တီတိ ဂမနီယာ။ အပါယဿ ဂမနီယာ အပါယ ဂမနီယာဟုလည်း ဝိဂ္ဂဟပြုနိုင်သည်။ ဆိုခဲ့ပြီးသော ဉာဏ်ကောက်ကို နည်းမှီ၍ကောက်လေ။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ပရိက္ခယ။** ပရိပုဗ္ဗ+ခိဓာတ်+ဏပစ္စည်း။

✝ ခိ ခယေ။ နီတိ၊ ဓာ။ ၂၄၅။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဝိနိပါတေတိ-ဖြင့် ဝိနိပါတောပုဒ်ကိုဝိနိပါတေတီတိ ဝိနိပါတော-ဟု ဟေတုကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း ကောင်း[၁]၊ ဏပစ္စည်း၏ ဟေတုကတ္တုသာဓန၌ သက်သည်၏ အဖြစ်ကိုလည်း ကောင်း[၂]၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

### သာရတ္ထဝိဂ္ဂဟ

ဝိရူပံ သဒုက္ခံ သဥပါယာသံ နိပါတေတီတိ ဝိနိပါတော။ အပါယ ဒုက္ခေ ခိပနကော။ ဝိရူပံ၊ ဖောက်ဖောက်ပြန်ပြန်။ သဒုက္ခံ၊ ဒုက္ခနှင့်

http://www.dhammadownload.com



တကွ။ သဥပါယာသံ၊ ဥပါယာသနှင့်တကွ။ (အပါယ်ဒုက္ခ၌)။ နိပါတေ တိ၊ ကျစေတတ်၏။ ဣတိ ဝိနိပါတော၊ အပါယဒုက္ခေ၊ အပါယ်ဒုက္ခ၌၊ ခိပနကော၊ ပစ်ချတတ်သောသဘော။ အပါယဂနိယာကိုမှီး၍ ဉာဏ်ကောက်ပါ။

ခ–ဝါကျဖြင့် နတ္ထိ ဝိနိပါတော ဓမ္မော အဿာတိ အဝိနိပါတ ဓမ္မောဟု တိပဒစတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်း ကောင်း¹၊ ဝါ–ဝိနိပါတော ဓမ္မော ဝိနိပါတဓမ္မောဟု ကမ္မဓာရယ်သမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း²၊ နတ္ထိ ဝိနိပါတဓမ္မော အဿာတိ အဝိနိပါတဓမ္မောဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်းကောင်း³၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ဝါ– ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၃။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

## ဝိနိပါတဓမ္မပုဒ်ဉာဏ်ကောက်

အဿ၊ ထိုသောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ်အား။ ဝိနိပါတဓမ္မော၊ မိမိ ကိုယ်ကို အပါယ်တို့၌ ကျစေတတ်သောသဘောသည်၊ ဝါ သက္ကာယဒိဋ္ဌိ စသောအကုသိုလ်တရားသည်။ နတ္ထိ၊ မရှိ။ ဣတိ သော အဝိနိပါတ ဓမ္မော။ နပုဒ်+ဝိနိပါတဓမ္မပုဒ်+ဝ.ပုဒ်၊ စတုတ္ထီဗဟုဗ္ဗီဟိသမာသ်။

ဝိနိပါတဓမ္မဟူသော ဗဟုဗ္ဗီဟိသမာသ်ပုဒ်အရကား မိမိကိုယ်ကို အပါယ်တို့၌ ကျစေတတ် (ပစ်ချတတ်) သော သဘော၊ ဝါ–သက္ကာယဒိဋ္ဌိ စသောအကုသိုလ်တရား၏မရှိခြင်း အဘာဝဘောဂုဏ်သည်မှချ။ ယင်း၏ သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ်နှင့် ဂုဏ်ဂုဏေအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ တ–ဟူသော အညပုဒ်အရကား ထိုဖြင့်မှတ်အပ်သောမိမိကိုယ်ကို အပါယ်တို့၌ ကျစေတတ် (ပစ်ချတတ်) သော သဘော၊ ဝါ–သက္ကာယ ဒိဋ္ဌိစသောအကုသိုလ်တရားမရှိသော သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ်ရ၏။

ဂ–ဝါကျဖြင့် ဓမ္မသဒ္ဒါသည် ပရိယတ္တိစသောအနက်တို့ကိုမဟော၊ သဘာဝအနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း¹၊ မိမိကိုယ်ကိုအပါယ် တို့၌ ကျစေခြင်းသဘောမရှိဟူသောအဓိပ္ပာယ်ကိုလည်းကောင်း²၊ သိစေသည်။

၁။ နာမလိင်္ဂတ္ထ။ ၂။ ဘာဝတ္ထ။

http://www.dhammadownload.com



**မှတ်ချက်။** င–ဝါကျ၌ အာဘော်ကို င–ဝါကျ ကျမ်းတက် အဓိပ္ပာယ်ပြန်ကိုရှု၍ ဘာဝတ္ထဖော်လေ။

(က) ဝိနိပတနံ ဝါ ဝိနိပါတော။

(ခ) နာဿ ဝိနိပါတော ဓမ္မောတိ အဝိနိပါတ ဓမ္မော။

(ဂ) အပါယေသု ဝိနိပါတနသဘာဝေါ အဿ နတ္ထီတိ ဝုတ္တံ ဟောတိ။ ဋ္ဌ။ ၁၆၃။

## ● အာဘော်ဂနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် ဝိနိပါတပုဒ်ကို ဝိနိပတနံ ဝိနိပါတောဟုဘာဝသာဓနေ ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၁၊ ဏပစ္စည်း၏ဘာဝသာဓနေ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း၂၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။

**မှတ်ချက်။** ဤ ခ–ဝါကျ၌ -အာဘော်သံဝဏ္ဏနာကား ဝိနိပါတေ တီတိ ဝိနိပါတောစသော ပဋ္ဌမဝိကပ် ခ–ဝါကျ အာဘော်နှင့်သံဝဏ္ဏနာ အတူတူမှတ်။ ဝိနိပါတော–ကျစေခြင်းနှင့် ကျခြင်းသာထူး၏။

င–ဝါကျဖြင့် သောတာပတ္တိဖလဋ္ဌပုဂ္ဂိုလ်အား အပါယ်သို့ကျခြင်း သဘောမရှိဟု သိစေသည်။ (ဘာဝတ္ထ။)

(က) သမ္ဗောဓိနိယာမေန မဂ္ဂေန နိယတတ္တာ နိယတော။

(ခ) သမ္ဗောဓိ ပရံ အယနံ ပရာဂတိ အဿာတိ သမ္ဗောဓိ ပရာယဏော။

(ဂ) ဥပရိ မဂ္ဂတ္တယံ အဝဿံ သမ္ပာပကောတိ အတ္ထော။

(ဃ) ကသ္မာ ပဋိလဒ္ဓပဋ္ဌမမဂ္ဂတ္တာတိ။ ဋ္ဌ။ ၁၃၆။

က–ဝါကျဖြင့် နိယတောပုဒ်ကို နိယမိယတေတိ နိယတော–ဟု ကမ္မသာဓနေဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၁၊ တ–ပစ္စည်း၏ ကမ္မသာဓနေ၌

http://www.dhammadownload.com



သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ မဖောက်မပြန်သည်၏ အဖြစ်ကို မှတ်တတ်သော (ရအပ်သော) မဂ်သည် (ခုနစ်ဘဝအထက်မဖြစ်ဖို့ရန်) ပိုင်းခြားသတ်မှတ် ဆုံးဖြတ်အပ်သည်၏ အဖြစ်ကိုလည်းကောင်း၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

**မှတ်ချက်။** နိယတောပုဒ်ကို မဂ္ဂေနဟု အဝုတ္တကတ္တားဖြင့် ဖွင့်သဖြင့် နိယတပုဒ်၏ ကမ္မသာဓ်အဖြစ်ကို ဖွင့်ပြရာရောက်သည်။

* သံဝဏ္ဏေတဗ္ဗ၊ ကိတ်ပဒ၊ ကတ္တားအဝုတ္တနှင့်ဖွင့်၍ပြ၊

ကမ္မသာဓနေကြံစရာ။ (သစ်)

**သမ္မတ္တနိယာမေနာတိ** သမ္မာသဘာဝနိယာမကေန ပဋိလဒ္ဓ မဂ္ဂေန။ သာရတ္ထ၊ ၁။ ၄၅၁–၂။ သမ္မာဘာဝဖြင့် သမ္မတ္တပုဒ်ကို သမ္မာ ဘာဝေါ သမ္မတ္တံ ပြုဟုပြသည်။ နိယာမကေန (နိ+ယမု+ကတ္တား ဟောဏ္ဍုု) ဖြင့် ဖွင့်ပြသဖြင့် နိယမုတီတိ နိယောမော–ဟု သိစေသည်။

**အနက်ယောဇနာ။** သမ္မတ္တနိယာမေန၊ မဖောက်မပြန်သည်၏ အဖြစ်ကိုမှတ်တတ်သော။ မဂ္ဂေန၊ ရအပ်သောမဂ်ဖြင့်။

**မှတ်ချက်။** အဋ္ဌသာလိနီ၌တစ်မျိုးဖွင့်သေးသည်။

ခ–ဝါကျ၌ ဂတိဖြင့် အယနံ၌ ဣဓာတ်၏ ဂတိ အနက်ဟော၏ အဖြစ်ကိုလည်းကောင်း၊ ယု ပစ္စည်း၏ ကမ္မသာဓနေ၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ အယိတဗ္ဗန္တိ အယနံဟု ကမ္မသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဒုတိယပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

**အနက်ယောဇနာ။** ပရာယဏံ၊ (ပရံ) သောတာပတ္တိမဂ်ထက် ပိုလွန်သည်ဖြစ်၍ (အယနံ) ရောက်ထိုက်သောတရားဟုပေး။

**တစ်နည်း။** ခ–ဝါကျ၌ ပရာဂတိဖြင့် ပရာယဏသဒ္ဒါသည် ပြဋ္ဌာန်းခြင်း (တပ္ပရ) အလိုရှိအပ်သောဝတ္ထု (ဣဋ္ဌ) အနက်ကိုမဟော၊ မှီရာ (နိဿယ) အနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

† နိဿယေ တပ္ပရေ ဣဋ္ဌေ၊ ပရာယဏပဒံ တီသု၊ ဓာန်။ ၉၆၃။

http://www.dhammadownload.com



**အနက်ယောဇနာ။** ပရာယဏံ၊ မှီရာ။

ခ-ဝါကျ၌ သမ္မောဓိ ပရံ အယနံ အဿ-ဖြင့် ပရာယနံကို ပရံ အယနံပရာယဏံ ဟု ကမ္မဓာရာယ်သမာသ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ သမ္မောဓိ ပရာယဏံ အဿာတိ သမ္မောဓိပရာယဏောဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။ ၂။ အဘိဓာနတ္ထ။ သမာသလိင်္ဂပဒတ္ထ။

**အနက်ယောဇနာ။** အဿ၊ ထို သောတာပတ္တိဖလဋ္ဌ ပုဂ္ဂိုလ်အား။ သမ္မောဓိ၊ အထက်မဂ်သုံးပါးဟူသော။ ပရာယဏံ၊ သောတာပတ္တိမဂ်ထက် ပိုလွန်သည်ဖြစ်၍ ရောက်ထိုက်သောတရားသည်။ ဝါ-မှီရာသည်။ အတ္ထိ၊ ၏။ ဣတိသောသမ္မောဓိပရာယဏောဟု-အနက်ပေး။

**မှတ်ချက်။** ဂ-ဃ-ဝါကျ ဘာဝတ္ထအာဘော်ဖော်လေ။

---

## ● နည်းနှင့်ဥပစာ

**သမ္မောဓိ။** ဤ၌သမ္မောဓိဟူသောနည်းသည် ဆိုခဲ့ပြီးသော သောတာပတ္တိမဂ်မှကြွင်းသော အထက်မဂ်သုံးပါးကိုယူရသောကြောင့် ပါရိ သေသနည်း။

အပေါင်းဖြစ်သောမဂ် ၄-ပါး၏ သမ္မောဓိအမည်ကို အစိတ်ဖြစ်သော သောတာပတ္တိမဂ်မှ ကြွင်းသောအထက်မဂ် ၃-ပါး၌ တင်စား၍ အထက်မဂ်သုံးပါးကို သမ္မောဓိဟုဆိုသောကြောင့် ဧကဒေသျူပစာ၊ ဝါ သမုဒါယူပစာ။

**မှတ်ချက်။** သမ္ဗုဇ္ဈတီတိ သမ္မောဓိ-ဟု ဝိဂ္ဂဟပြုက မဂ် ၄-ပါး လုံးရသော်လည်း သောတပတ္တိမဂ်ကိုရပြီးဖြစ်၍ သမ္မောဓိအရ အထက် မဂ်သုံးပါးကိုသာယူရသည်။ ထိုကြောင့် ဥပရိမဂ္ဂတ္တယ်ဟုဖွင့်သည်။ သာရတ္ထ၊ ၁။ ၄၅၂ ၌ လည်း သော စ ဣဓ ပဋ္ဌမမဂ္ဂဿ အဓိဂတတ္တာ အဝသိဋ္ဌောဝ အဓိဂန္တဗ္ဗဘာဝေန ဣစ္ဆိတဗ္ဗော-ဟုဆိုသည်။

http://www.dhammadownload.com



**သမ္ပါပကော။** ဥပရိမဂ္ဂတ္တယံ အဝသံ သမ္ပာပုဏာတီတိ သမ္ပာပကော။ သာရတ္တ၊ ၎င်း။ မချွတ်ရလတ္တံ့ဖြစ်၍ သမိပဝတ္တမာန်အားဖြင့် ပစ္စုပ္ပန်ဝိဂ္ဂဟပြုသည်ဟုမှတ်ရာ၏။

---

(က) အာမန္တေသီတိ အာလပိ အဘာသိ သမ္ဗောဓေသိ။

(ခ) ကိန္တိ? အာစိက္ခံ ခေါ ပနေတန္တိ ဝေမာဒိ။

(ဂ) အာစိက္ခန္တိ စရိတံ ဝတ္တံ အနုဓမ္မတာ။

(ဃ) တံ ခေါ ပနေတံ အာစိက္ခံ ဒုဝိဓံဟောတိ ဗုဒ္ဓါစိက္ခံ သာဝကာစိက္ခန္တိ။

(င) ကတမံ ဗုဒ္ဓါစိက္ခံ?

(စ) ဣဒံ တာဝ ဂေါ-ယေဟိ (လ) ဓနုပဒစာရိကံ ပက္ကမန္တိ။

(ဆ) သာဝကာ ပန (လ) ယထာသုခံ ပက္ကမန္တိ။ ဋ္ဌ။ ၁၆၃။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပကန္တရဝါကျ။ ထို-၍ က-ဝါကျကား ပကဝါကျ။

## ခ-ဝါကျထပနာတိကကျမ်းတက်

ဆရာ၊ဆရာသည် က-ဝါကျဖြင့် အာမန္တေသိ၌ အာပုဗ္ဗမန္တဓာတ်သည် နိမန္တန(ပင့်ဖိတ်ခြင်း) အနက်ကို မဟော၊ အာလပန= ခေါ်ခြင်း အနက်၊ သမ္ဗောဓန=သိစေခြင်းအနက်ကိုဟောသော်ဟုဆို၏။

အဘယ်ကိုသိစေပါသနည်း (ကိန္တိ သမ္ဗောဓေသိ-ဟု အဋ္ဌကထာ အရှိအတိုင်း ပုစ္ဆာထုတ်။) သိစေပုံအခြင်းအရာ (သမ္ဗောဓနာကာရ) ကို မပြပြီလော-ဟု သူမေးဖွယ် ရှိသောကြောင့် ထိုအမေးကို မိမိကိုယ်တိုင် မေး၍ ဖြေတော်မူလိုသောဆရာသည် ခ-ဝါကျကိုမိန့်။

## ပုစ္ဆာဝါကျပုစ္ဆာတက်နည်း

ဤ တက်နည်းကား ပုစ္ဆာဝါကျကို ပုစ္ဆာတက်နည်းတည်း။ အချို့ကား "ယင်း၌ ဖြစ်ထိုက်သော ပုစ္ဆာကား အဘယ်နည်း၊ ယင်း၌ဖြစ်ထိုက်သောပုစ္ဆာကိုမပြပြီလော-ဟု တက်ကြသေးသည်။ ဝါဒန္တရဟုမှတ်။

အထခေါ ဘဂဝါ အယံသ္မန္တံ အာနန္ဒံ အာမန္တေသိ (ကိန္တိ) အာစိက္ခံ ခေါ ပနေတံ အာနန္ဒစသည် ပါဠိတော် ၂-ဝါကျအကြား၌ ကိန္တိပုစ္ဆာထည့်၍ အာမန္တေသိ၏ အာမန္တနာကာရကိုပြသည်။

http://www.dhammadownload.com



ဂ–ဝါကျကား ပက္ခန္တရဝါကျ။ ထို–၍ က–ခဲ– ဝါကျကား ပက္ခဝါကျ။

ဃ–ဝါကျကား ဝိတ္ထာရဝါကျ။ ထို–၍ ဂ–ဝါကျကား သင်္ခေပဝါကျ။

**မှတ်ချက်။** ယင်းအာစိဏ္ဏကိုချဲ့ပြခြင်းဌာ တံခါပနေတံစသည် မိန့်ဟု ဂ်၊ သစ်၊ ကျမ်းတက်ပြသည်။

စ–ဝါကျကား ပရိဟာရ (အဖြေ) အကျယ်ပြ ဝိတ္ထာရဝါကျ။ ထို–၍ င–ဝါကျကား ပုစ္ဆာအကျဉ်းပြသင်္ခေပဝါကျ။

ဆ–ဝါကျကား ဝါကျာရမ္ဘဝါကျ။ ထို–၍ စ–ဝါကျကား အာရဒ္ဓဝါကျ။

**မှတ်ချက်။** သာဝကတို့ကားဘုရားရှင်ကဲ့သို့ပန်ကြား၍ ကြွသွားကြကုန်သလော ဟု စောဒနာဖွယ်ရှိ၍ ဆ–ဝါကျမိန့်သည်။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ဇနပဒစာရိကံ။** စရဏံ စာရိကာ။ စရဓာတ် + ဏျပစ္စည်း + အာပစ္စည်း။ ဏျကို အက–ပြု၊ အက၌ အ–ကို (ဥပါသိကာ ဒါယိကာ စသည်တို့ကဲ့သို့ ဣ–ပြု။) **တစ်နည်း။** စရဏံစာရော။ စရဓာတ်+ဏ–ပစ္စည်း။ စာရောဧဝစာရိကာ။ စရပုဒ်+ဏိကပစ္စည်း(သွတ္ထ) + အာ–ပစ္စည်း။ ဇနပဒေသု စာရိကာ ဇနပဒစာရိကာ၊ ဇနပဒေသု၊ ဇနပုဒ်တို့၌။ စာရိကာ၊ လှည့်လည်ခြင်းတည်း။ ဇနပဒ စာရိကာ၊ ဇနပုဒ်တို့၌လှည့်လည်ခြင်း။ ဇနပဒပုဒ်+စာရိကပုဒ်။ သတ္တမီ တပ္ပုရိသ်သမာသ်။

ဇနပဒဟူသော ဝိသေသနပုဒ်အရကား ထိုထိုဇနပုဒ်တို့ ဒြဗ်သည် မှချ။ ယင်း၏ လှည့်လည်ခြင်းကြိယာနှင့် ဌာန ဌာနီ၊ နိဿယ နိဿိတ အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနပစာ။ ဇနပဒစာရိကဟူသောသမာသ် ပုဒ်လုံးအရကား ထိုဖြင့်မှတ်အပ်သော ဇနပုဒ်တို့၌လှည့်လည်ခြင်းရ၏။

**အနုဓမ္မတာ။** အနုဂတော ဓမ္မော အနုဓမ္မော။ အနုဂတော၊ လောကုတ္တရာတရားသို့အစဉ်လိုက်သော။ ဓမ္မော၊ တရားတည်း။အနုဓမ္မော၊ တရား။ အနုပုဒ်+ဓမ္မပုဒ်။ ကမ္မဓာရာယ်သမာသ်။

http://www.dhammadownload.com



အနုပဟူသောဝိသေသနပုဒ်အရကား လောကုတ္တရာတရားသို့ အစဉ်လိုက်ခြင်း အနုဂတဘောဂုဏ်သည်မှချ။ ယင်း၏ တရားဒြပ်နှင့် ဂုဏ်ဂုဏော အဖြစ်ဖြင့်စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ အနုဓမ္မဟူသော သမာသ်ပုဒ်အရကား ထိုဖြင့်မှတ်အပ်သော လောကုတ္တရာတရားသို့ အစဉ်လိုက်တတ်သော တရားရ၏။

**အနုဓမ္မတာ။** အနုဓမ္မောဧဝ အနုဓမ္မတာ။ အနုဓမ္မ ပုဒ်+သွတ္ထတာပစ္စည်း။

† အနုဓမ္မတာတိ လောကုတ္တရာ နုဂတော ဓမ္မော။ သာရတ္ထ၊ ၁။ ၄၅၂။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ဝတ္တုံ။** ဝတ္တဓာတ်+အ-ပစ္စည်း။ ဝါ-ဝရဓာတ်+တ္တ-ပစ္စည်း။

† ဝတ္တ ဝတ္တနေ ဝတ္တသမာဒါနေ ဝါ။ ဝရ ဝါရဏသမ္ဘတ္တီသု ဝါ။ တော။ ဝရဏံ ဝတ္တံ။ သူစိ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ အာလပိဖြင့် အာ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း[၁]၊ မန္တ ဓာတ်သည် ဖိတ်ကြားခြင်း = နိမန္တနအနက်ကို မဟော ခေါ်ခြင်း = အာလပန၊ ပြောဆိုခြင်း = ဘာသနအနက်ကိုဟောသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ ဥပသဂ္ဂလိင်္ဂတ္ထ။ ၂။ ဓာတွတ္ထ။

**အနက်ယောဇနာ။** အာမန္တေသိ၊ ခေါ်တော်မူပြီ။ မိန့်တော်မူပြီ (သဒ္ဒတ္ထ)။ ဝါ-သိစေတော်မူပြီ (အဓိပ္ပါယတ္ထ)။

က-ဝါကျ၌ သမ္ဘောဓေသိဖြင့် ခေါ်တော်မူခြင်း၊ မိန့်တော်မူခြင်း ဟူသည် သိစေတော်မူခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ။)

ခ-ဝါကျဖြင့် ပါဠိတော်၌ အာစိဏ္ဏံ ခေါ ပနေတံ စသည်ကား အာမန္တေသိ၏ အာမန္တနာကာရပြ စကားတည်းဟု သိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com



ဂ-ဝါကျ၌ စရိတံဖြင့် အာစိဏ္ဏံ၏ အာပုဗ္ဗ စရဓာတ်၏ အဖြစ်ကို လည်းကောင်း[၁]၊ ဣဿာသဒ္ဒါ၏ တ-ပစ္စည်း၏ ကာရိယ၏ အဖြစ်ကိုလည်း ကောင်း[၂]၊ အာ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ ဒုတိယ ပစ္စယပဒ။

၃။ ဥပသဂ္ဂလိင်္ဂတ္ထ။

---

## ဝိဂ္ဂဟနှင့်ဉာသ်ကောက်

**အာစိဏ္ဏံ။** အာစရိတဗ္ဗန္တိ အာစိဏ္ဏံ။ ယံဝတ္တံ၊ အကြင်ပင့်ဖိတ် ထားသော ဒါယကာတို့ကို ပန်ကြား၍ ဓနပုဒ်လှည့်လည်ခြင်း ဟူသော ကျင့်ဝတ်ကို (ယေ ဟိ နိမန္တိတာ-လ-ပက္ကမန္တိ ဟူသော ပါဠိတော် စကား ကို အနွယအားဖြင့် မြန်မာပြန်၍ အနက်ပေးသည်။) တတာဂတေဟိ၊ ဘုရားရှင်တို့သည်။ အာစရိတဗ္ဗံ၊ ကျင့်အပ်၏။ ဣတိ တံ ဝတ္တံ အာစိဏ္ဏံ။ အာပုဗ္ဗ+စရဓာတ်+တ-ပစ္စည်း။ ကမ္မသာဓန။

အာ-ဥပသာရအရကား ဓာတွတ္ထာနုဝတ္တကဘောဂျာ ရ၏။ စရဓာတ်၏အရ ကတ္တုဗ္ဗကြိယာအရကား ဘုရားရှင်တို့၏ မဟာကရုဏာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်မှချ။ ကမ္မဋ္ဌကြိယာအရကား ထိုအားတပ် သောကျင့်ဝတ်၏အာရမ္မဏာပစ္စယသတ္တိသည်ဖလူပစာ။ တ-ပစ္စည်း၏အရ ကား ထိုဖြင့်မှတ်အပ်သော ပင့်ဖိတ်ထားသော ဒါယကာတို့ကိုပန်ကြား၍ ဓနပုဒ်၌ လှည့်လည်ခြင်းဟူသော ကျင့်ဝတ်၊ ဝါ-လောကုတ္တရာတရား အားလျော်သောသဘောရ၏။

**မှတ်ချက်။** ဝတ္တံ အနုဓမ္မတာ ဟူသော အဖွင့်၊ ယေ ဟိ နိမန္တိ တာ-လ-ပက္ကမန္တိ ဟူသောပါဠိကိုရှု၍ ဉာသ်ကောက်သည်။ ဤသည်ကို နည်းမှီ၍အကျယ်ဉာသ်ကောက်ရာ၏။

---

## ● ပါဠိဝိနိစ္ဆယ

**အာစိဏ္ဏံ။ အာစိန္နံ။** အာ-ပုဗ္ဗ + စရဓာတ် + တ-ပစ္စည်း။ တရာ ဒီဟိတ္ထဓလ္လာဖြင့် ရကာရန္တ ဓာတ်နောက်၌ တ-ပစ္စည်းကို ဏ္ဏပြု၍ ပြီး သောကြောင့်လည်းကောင်း၊ အစရိယိတ္တာတိ အာစိဏ္ဏော၊ ဣဿ္ဆာ ဒေသော ဟုရှု။ ၆၁၄-ဆိုသောကြောင့် အာစိဏ္ဏံရှိသောပါဠိသာသင့်သည်။

http://www.dhammadownload.com



**ပက္ကမန္တိ။** ပက္ကမန္တီတိ။ ဣတိက္ကဒံ တာဝဂေါဟု ပြန်စပ်ရန် အတွက် ဣတိသဒ္ဒါနှင့်ပက္ကမန္တီတိဟု ရှိသင့်၏။ သို့သော် ဣတိသဒ္ဒါ မပါဘဲ သိလောက်သောကြောင့်၊ ဝါ– ဣတိသဒ္ဒါ ဂမျမာန် ဖြစ်သောကြောင့် ပက္ကမန္တိဟု ဣတိသဒ္ဒါမရှိသော ပါဠိသာသင့်သည်။

✝ ဣတိသဒ္ဒေါ ဂမျမာနတာ ယန ဝုတ္တော။ သာရတ္ထ၊ ၁။ ၄၅။

## ဂမျမာနစသည်မှတ်ဖွယ်

(၁) လုတ္တနိဒ္ဒိဋ္ဌ = ရေးပြီးမှချေ၍ ညွှန်းသောပုဒ်။

(၂) ဂမျမာန = သိလောက် သိကောင်းသောပုဒ်။

(၃) အဇ္ဈာဟရိတဗ္ဗ = နောက်ဝါကျမှ သီဟဂတိက အဓိကာရဏာ အားဖြင့် ဆောင်အပ်သောပုဒ်။

* လုတ္တနိဒ္ဒိဋ္ဌ၊ ဂမျမာနာ၊ အဇ္ဈာဟရိတဗ္ဗ၊ ဤသုံးဝ၊ ဘောဒသဒ္ဒါမျိုး။

* ရေး၍လည်းချေ၊ လာချေတဝ၊ ဝါကျတစ်ပါး၊ ဆောင်တုံငြား၊ အပြားစဉ်သင့်ကိုး။

**တစ်နည်း။** သိကောင်း၍ မဆိုမှု ဂမျမာနတ္တ။ ဂါထာနုရက္ခဏာ စသည်အကျိုးငှာ ချေမှု လုတ္တနိဒ္ဒိဋ္ဌ။ ဆိုကောင်းလျက်ကြွင်းမှု ပါဌသေသ။

**မှတ်ချက်။** သမ္ဗန္ဓစိန္တာ ဂဏ္ဌိသစ်၊ ၃၉–၄၀ ၌ အကျယ်ရှုလေ။

---

## ● နည်းနှင့်ဥပစာ

**ဇေပဒစာရိကံ ပက္ကမန္တိ။** ဇေပုဒ်တို့၌ လှည့်လည်ခြင်း ကြိယာနှင့် ဖဲသွားခြင်း(ပက္ကမန္တိ) ကြိယာတို့မပြားဘဲပြားသကဲ့သို့ ဇေပဒစာရိကံ ပက္ကမန္တိဟု ဆိုသောကြောင့် အဘေဒဘေဒူပစာသဒ္ဒါမည်။

**မှတ်ချက်။** "ကံပုဒ်လွန်တို့၊ စပ်စေဖို့ရာ၊ ပုဒ်မပါ၊ ကတွာ ထည့်လေမင်း ဇေပဒစာရိကံ၊ ကို။ ကတွာ၊ ပြု၍။ ပက္ကမန္တိ၊ ကုန်၏ဟုကံ ပုဒ်ကိုကတွာ၌စပ်။ ဤလိုအရာဌာနမျိုး၌ အဘေဒဘေဒူပစာရသည်ဟုမှတ်။

http://www.dhammadownload.com



(က) အာယာမာတိ အာဂစ္ဆ ယာမ။

(ခ) အပလောကေဿာမာတိ စာရိကံ စရဏာတ္ထာယ အာပုစ္ဆိဿာမ။

(ဂ) ဝေန္တိ သံမ္ပဋိစ္ဆနတ္ထေ နိပါတော။ ဋ္ဌ။ ၁၆၅။

## ● အဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ အာဂစ္ဆဖြင့် အာယာမ၌ အာသဒ္ဒါကား ယာဓာတ်ကိုအထူးပြု၍တည်သည်မဟုတ် (ဂံ၊ သစ်)။ ဝါ- ဘူသတ္တစသော အနက်ကို မဟော၊ အာဂစ္ဆနှင့်တူသောအနက်ရှိ၏။ ဝါ-အာဂစ္ဆအနက်ကိုဟော၏ ဟုသိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ။)

**မှတ်ချက်။** ယာ-ဓာတ်ကား ဂတိအနက်ကို ဟောသည်။ ထို့ကြောင့် ဂစ္ဆာမ-ဟုသာရတ္ထဖွင့်သည်။

**အနက်ယောဇနာ။** အာယာမ၊ လာ သွားကြစို့။

† အာသဒ္ဒေါ အာဂစ္ဆာတိဣမိနာ သမာနတ္ထော။ သာရတ္ထ၊ ၁။ ၄၅၆။

ခ-ဝါကျ၌ အာပုစ္ဆိဿာမ-ဖြင့် အပလောကေဿာမ၌ လောကဓာတ်သည် ဥလ္လောကန, အဝလောကနအနက်တို့ကို မဟော၊ အာပုစ္ဆနအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အပ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ ဓာတွတ္ထ။ ၂။ ဥပသလိင်္ဂတ္ထ။

**မှတ်ချက်။** စာရိကံ စရဏာတ္ထာယ၌ ဥပစာကို ဇနပဒ စာရိကံ ပက္ကမန္တိ အတိုင်းမှတ်ပါ။

ဂ-ဝါကျဖြင့် ဝေသဒ္ဒါ၏ နိပါတ်၏အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းဝေသဒ္ဒါသည် နိဒဿနစသော အနက်ကိုမဟော၊ သမ္ပဋိစ္ဆန အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ နိပါတလိင်္ဂပဒ။ ၂။ နိပါတလိင်္ဂတ္ထ။

† ဝေ နိဒဿနာကာရော၊ ပမာသု သမ္ပဟံသနေ။ ဥပဒေသေ စ
ဝစနေ၊ ပဋိဂ္ဂါဟေ ဝဓာရဏေ၊ ဂရဟာယေ ဒမတ္ထေ စ၊ ပရိမာဏေ စ
ပုစ္ဆနေ။ ဓာန်။ ၁၁၈၆။

http://www.dhammadownload.com



(က) ဘဂဝတော ပစ္စသောသိတိ ဘဂဝတော ဝစနံ ပဋိအသောသိ။

(ခ) အဘိမုခေါ ဟုတွာ သုဏိ သမ္ပဋိစ္ဆိ။

(ဂ) ဝေတ္တိ ဣမိနာဝစနေန ပဋိဂ္ဂဟေသီတိ ဝုတ္တံ ဟောတိ။ ဋ္ဌ။ ၁၆၅။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ပက္ခန္တရဝါကျ။ ထို-၍ က-ဝါကျကား ပက္ခဝါကျ။

ဂ-ဝါကျကား ဝိတ္ထာရ ဝါကျ။ ထို-၍ ခ-ဝါကျကား သခေ်ပဝါကျ။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျ၌ ဝစနံဖြင့် ဘဂဝတောပုဒ်ကို ဝစနဟူသော ပါဌသေသ၌ စပ်ရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ ဘဂဝတော၌ သ....ဝိဘတ်၏ သာမျတ္ထ၏အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

**မှတ်ချက်။** အဋ္ဌကထာအလို- ဘဂဝတော၊ ၏။ ဝစနံ၊ ကို-ဟု အနက်ပေး။ ပစ္စသောသိ(ပတိ+အသောသိ) ပတိပုဗ္ဗသုဓာတ်၌ ဘဂဝတောပုဒ်ကိုတိုက်ရိုက်စပ်လျှင် "ဒေဝဒတ္တဿ ပဋိသုဏောတိ"၌ ကဲ့သို့ သမ္ပဒါန်လည်းဖြစ်နိုင်သည်။ ဤအလို ဘဂဝတော၊ အား-ဟု သမ္ပဒါန် လည်းပေးနိုင်သည်။ သာရတ္ထ၊ ၁။ ၄၅၆။

က-ဝါကျ၌ ပဋိအသောသိဖြင့် ပစ္စသောသိကို ပဋိ+အသောသိ ဟုပဒစ္ဆေဒပြုရမည်ဟုသိစေသည်။ (သန္ဓိလိင်္ဂပဒ။)

ခ-ဝါကျ၌ အဘိမုခေါဟုတွာဖြင့် ပဋိသဒ္ဒါသည် ပဋိဒါနစသော အနက်တို့ကိုမဟော၊ အဘိမုခအနက်ကို ဟောသတည်းဟု သိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္ထ။)

**မှတ်ချက်။** ပဋိ-ပတိကား ကာရိယကာရီမျှသာ၊ အတူတူဟုမှတ်။

† ပဋိသဒ္ဒေါ အဘိမုခဝစနော။ သာရတ္ထ၊ ၁။ ၄၅၆။

http://www.dhammadownload.com



✝ ပဋိဒါန နိသေဓေသု၊ ဝါစာဒါန နိဝတ္တိသု။ သာဒိယေျ ပဋိ
နိဓိမှိ၊အာဘိမုချဂတီသုစ။ ပဋိဗောဓေ ပဋိဂတေ၊ တထာ
ပုနကြိယာယစ။ သမ္ဘာဝနေ ပဋိစ္စတ္တေ၊ ပဋိတိ လက္ခဏာ
ဒိကေ။ ဓာန်။ ၁၁၇၈–၉။

ခဝါကျ၌ သုဏ–ဖြင့်ပြသော အာဘော်သံဝဏ္ဏနာကို၊ ဋ္ဌ။ ၈၃။ အသောတသီတိ သုဏာ၌ရေးခဲ့ပြီ။ ပြန်ကြည့်လေ။

ခ–ဝါကျ၌ သမ္ပဋိစ္ဆိ–ဖြင့် နားထောင်၏ ဟူသည် ဝန်ခံခြင်းပင် တည်းဟု သိစေသည်။ (ဘာဝတ္ထ)

**သမ္ပဋိစ္ဆိ။** သံပုဗ္ဗ+ပတိပုဗ္ဗ+ဣသုဓာတ်+ဤဝိဘတ်။

ဂ–ဝါကျဖြင့် သမ္ပဋိစ္ဆိ–ဝန်ခံ၏ဟူသည် "ဓဝံဘန္တေ = အရှင်ဘုရား မိန့်တော်မူသည်အတိုင်းပါဘုရားဟုမြတ်စွာဘုရားစကားတော်ကို' လက်ခံ ခြင်းပင်တည်းဟုသိစေသည်။ (ဘာဝတ္ထ။)

---

(က) အထခေါ ဘဂဝါ နိဝါသေတွာတိ ဣဓ ပုဗ္ဗဏှသမယန္တိ
ဝါ သာယနှသမယန္တိ ဝါ န ဝုတ္တံ။

(ခ) ဓဝံသန္တေပိ ဘဂဝါ ကတဘတ္တကိစ္စော မဇ္ဈန္ဟိကံ ဝီတိနာ
မေတွာ (လ)–တေနုပသင်္ကမိ။ ဋ္ဌ။ ၁၆၅။

## က–ခ–၂–ဝါကျကို မျှော်၍ကျမ်းတက်

ဆရာ၊ဆရာသည် ခ–ဝါကျ၌ မဇ္ဈန္ဟိကံဝီတိနာမေတွာ ဥပသင်္ကမိ မွန်းတည့်လွန်စေ၍ ဝေရဉ္ဇာပုဏ္ဏားအိမ်သို့ ချဉ်းကပ်တော်မူသောဟု ဆို၏။ အထခေါ်စသော စကား၌ ညနေချမ်းအခါ နံနက်ခင်း အခါဟု မဆိုအပ် သည်မဟုတ်လော။ ယင်းသို့ဖြစ်လျက် အဘယ်ကြောင့် မဇ္ဈန္ဟိကံ ဝီတိနာမေတွာ ဥပသင်္ကမိ–ဟု ဆိုပါသနည်းကြောင့် က–ခ– ၂–ဝါကျမိန့်။

ကား.....မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးသည်၏ အဖြစ်ကြောင့် မဇ္ဈန္ဟိကံ ဝီတိနာမေတွာ ဥပသင်္ကမိဟု ငါပြဆို၏ဟူလို။

**မှတ်ချက်။** နနုဣဓ–လ–ဝုတ္တံ။ (စော+ဘော။) အထ ကသ္မာ မဇ္ဈန္ဟိကံ ဝီတိနာမေတွာ ဥပသင်္ကမီတိဝုတ္တံ။ (စော)နနု ဘဂဝါ ကတ

http://www.dhammadownload.com



ဘတ္တကိစ္စော။ (စော+ဘော)။(တသ္မာ ◦ကတဘတ္တကိစ္စတ္တာ) မဇ္ဈန္ဟိကံ ဝီတိ နာမေတွာ ဥပသင်္ကမိတိ ဝုတ္တံ။ (ပရိဟာရ) ဟု စတုက္က ထုတ်ကြည့်လျှင် မည်သို့ကျမ်းတက်ထားကြောင်းသိသာပါသည်။

## လဒ္ဓဂုဏပရိဟာရဝါကျ

"ဇဝံယဒိ၊ သန္ဓေ့ချိလျက်၊ ယုတ္တိနောက်မှ၊ တက်တုံက၊ လဒ္ဓဂုဏ။ အယုတ္တိနောက်မှ တက်တုံက၊ ဒေါသဖော်သတည်း" (ဘုရားကြီးနိယံ) ဇဝံယဒိ, ဇဝံသန္ဓေ့စသည်ချိလာသောဝါကျများတွင် ယုတ္တိဝါကျနောင် တက်လာလျှင် လဒ္ဓဂုဏပရိဟာရဝါကျ။ ယုတ္တိမတန်သော ဝါကျနောင်၌ တက်လာလျှင် လဒ္ဓဒေါသပရိဟာရဟု ၂-မျိုး။ ဤတွင် ဤခ—ဝါကျ ကား ယုတ္တိဝါကျ နှောင်တက်လာသောကြောင့် လဒ္ဓဂုဏ ပရိဟာရဝါကျမျိုးတည်း။ ဝါကျာရမ္ဘဝါကျပင်ဟုမှတ်ပါ။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

သုဝဏ္ဏရသပိဉ္ဇရာဟိ။ သုဝဏ္ဏဿ ရသော သုဝဏ္ဏရသော။ သုဝဏ္ဏဿ၊ ရွှေ၏။ရသော၊ရေအယဉ်တည်း။ သုဝဏ္ဏရသောဝိယ ပိဉ္ဇရော ယာသံ ရံသီနန္တိ သုဝဏ္ဏရသပိဉ္ဇရာ။ ယာသံရံသီနံ။ အကြင်ဘုရား ရောင်ခြည်တော်တို့အား။ · သုဝဏ္ဏရသောဝိယ၊ ရွှေရေအယဉ်ကဲ့သို့။ ပိဉ္ဇရော ရွှေအဆင်းသည်။ အတ္ထိ၊ ၏။ ဣတိ တာ သုဝဏ္ဏရသပိဉ္ဇရာ။ အနက်ရှု၍ ဉာဏ်ကောက်လေ။ မခက်တော့ပြီ။

**ပိဉ္ဇနိရု။** ပိဉ္ဇတိ ပီတဝဏ္ဏဘာဝေန ပဝတ္တတီတိ ပိဉ္ဇရော။ ပိဉ္ဇ ဓာတ်+အရပ်စ္စည်း။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၃၉၂။

---

## ● ပါဌဝိနိစ္ဆယ

**မဇ္ဈန္တိကော။** အဟဿ မဇ္ဈောမဇ္ဈဟော။ သောဧဝမဇ္ဈန္ဟိကော၊ ဟဿနှောဟူသောဓာန်၊ ဋီ။ ၇၆၇—အလို မဇ္ဈိန္ဟိကောရှိသော ပါဌ်သာ သင့်သည်။

**မှတ်ချက်။** မောဂ်၊ ၃။ ၁၀၀—၌ မဇ္ဈဏှောဟုပါဌ်ရှိ၍ အဟ—ကို ဏှပြုကြောင်း ဆိုထားသည်။ သီဟိုဠ်မူ၌ န-ပြုဟု ရှိပြန်သည်။ အမှန်ဆုံးဖြတ်နိုင်ဖို့ခက်သည်။ ဋ္ဌ။ ၁၄၆—ပုဗ္ဗဏှသမယအဖွင့် ပါဌဝိနိစ္ဆယ အဖြေနှင့်ယှဉ်ကြည့်ပါ။

http://www.dhammadownload.com



(က) တဥ္စ ခေါ် နော အသန္တ္တိ ဗ္ဗေ ပန လိင်္ဂဝိပလ္လာသော ဝေဒိတဗ္ဗော။

(ခ) သော စ ခေါ် ဒေယျဓမ္မော အမှာကံ နော အသန္တော်တိ အယံ ဟေတ္ထ အတ္ထော။

(ဂ) အထဝါ ယံ ဒါနဝတ္ထုံ မယံ တုမှာကံ ဒဒေယျာမ၊ တဥ္စ ခေါ် နော အသန္တ္တိ ဧဝမေတ္ထ အတ္ထော ဝေဒိတဗ္ဗော။ ဋ္ဌ။ ၁၆၅။

## ● ဝါကျခွဲနှင့်ကျမ်းတက်

ခ-ဝါကျကား ယုတ္တိဒဋ္ဌိကရဏ ဝါကျ။ ထို-၍ က-ဝါကျ ကား ယုတ္တိဒဋ္ဌိယဝါကျ။

## ခ-ဝါကျထပနာတိကတက်

ဆရာ၊ဆရာသည် က-ဝါကျဖြင့် တဥ္စ ခေါ် နော အသန္တ ဟူသော ပါဠ်၌ ပုလ္လိင်၏နပုလ္လိင်ပြန်ခြင်း (လိင်္ဂဝိပလ္လာသ) ကို သိအပ်သောဟု ဆိုတော်မူ၏။ ယင်းသို့ဆိုရာ၌ အတ္ထယုတ္တိရှိသော် ဆရာ က-ဝါကျသံဝဏ္ဏနာ သင့်တန်ရာ၏။ (ဒဋ္ဌိကရဏပရိကပ္ပ) ယင်းသို့မဟုတ်က အဘယ်သို့လျှင်သင့်တန်ပါမည်နည်း။ အတ္ထယုတ္တိကိုမဆိုပြီလော ကြောင့် ခ-ဝါကျမိန့်။

ကား..... ခ-ဝါကျဖြင့် ထိုဒေယျဓမ္မသည် ငါတို့အား မရှိသည် မဟုတ်(ရှိသည်သာ)ဟု အတ္ထယုတ္တိကိုငါပြဆို၏ဟုလိုသောဝ်။

ဂ-ဝါကျကားပက္ခန္တရဝါကျ။ ထို=၍ က-ဝါကျကား ပက္ခဝါကျ။

## ဂ-ဝါကျအနုသန္ဓေတက်

ဤသို့ က-ဝါကျဖြင့် တဥ္စ ခေါ် နော အသန္တ ဟူသော ပါဠ်၌ ပုလ္လိင်၏နပုလ္လိင်ပြန်ခြင်း (လိင်္ဂဝိပလ္လာသ)ကိုသိအပ်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ လိင်္ဂဝိပလ္လာသကိုကြဉ်၍လည်း (လိင်္ဂဝိပလ္လာသမဟုတ်ဘဲ) အနက်ကို သိသင့်၏ဟုပြခြင်းငှာ ဂ-ဝါကျမိန့်။

✝ ဝိနာ လိင်္ဂဝိပလ္လာသေနေတ္ထ အတ္ထော ဒဋ္ဌဗ္ဗောတိ အာဟ "အထဝါ" တိအာဒိ။ သာရတ္ထ၊ ၁။ ၄၅၇။

http://www.dhammadownload.com



## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

**ဝိပလ္လာသော။** အသန် အာသော။ အသန်၊ ဖြစ်ခြင်း။ အာသော၊ဖြစ်ခြင်း။ ဝိပရီအာသော ဝိပလ္လာသော။ ဝိပရိ၊ ဖေါက်ဖေါက်ပြန်ပြန်။ အာသော၊ဖြစ်ခြင်း။ဝိပလ္လာသော၊ ဖေါက်ဖေါက်ပြန်ပြန်ဖြစ်ခြင်း၊ ဖေါက်ပြန်ခြင်း။ ပါဒိပုဗ္ဗပဒကမ္မဓာရယ်သမာသ်။

**လိင်္ဂဝိပလ္လာသော။** လိင်္ဂဿ ဝိပလ္လာသော လိင်္ဂဝိပလ္လာသော။ လိင်္ဂဿ သော အသင္ခ္ယော ဟူသော ပုလ္လိင်၏။ ဝိပလ္လာသော၊ တံအသင္တံဟု နပုလ္လိင်အဖြစ်ဖြင့် ဖေါက်ပြန်ခြင်း၊ ဝါ-နပုလ္လိင်ပြန်ခြင်း။ လိင်္ဂပုဒ် ဝိပလ္လာသပုဒ်။ ဆဋ္ဌီတပ္ပုရိသ်သမာသ်။

လိင်္ဂဟူသော ဝိသေသနပုဒ်အရကား သော အသင္ခ္ယောဟူသော ပုလ္လိင်သည်မှချ။ ယင်း၏တံအသင္တံဟု နပုလ္လိင်အဖြစ်ဖြင့် ဖေါက်ပြန် ခြင်း၊ ဝါ-နပုလ္လိင်ပြန်ခြင်းနှင့် ဝိကာရီဝိကာရ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဥာနုပစာအားဖြင့်ရ၏။ လိင်္ဂဝိပလ္လာသဟူသော သမာသ်ပုဒ်အရကား သောအသင္ခ္ယော ဟူသော ပုလ္လိင်၏တံအသင္တံဟု နပုလ္လိင်အဖြစ်ဖြင့် ဖေါက်ပြန်ခြင်း၊ ဝါ-နပုလ္လိင်ပြန်ခြင်းရ၏။

### ဝိဂ္ဂဟမှတ်ဖွယ်များ

**ဒေယျ။** ဒ္ဒါတဗ္ဗောတိ ဒေယျော။ ဒါဓာတ်+ဏျပစ္စည်း။

**ဒေယျဓမ္မ။** ဒေယျော ဓမ္မော ယဿ ပစ္စယဿာတိ ဒေယျဓမ္မော။ ယဿပစ္စယဿ၊ အား ဒေယျော၊ ပေးလှူအပ်, ပေးလှူထိုက်သော။ ဓမ္မော၊ သဘောသည်။ အတ္ထိ၊ ၏။ ဣတိ သော ပစ္စယော ဒေယျဓမ္မော။ ပေးလှူအပ်-ပေးလှူထိုက်-ပေးလှူသင့်သော သဘောရှိသောပစ္စည်း။

**ဒါနဝတ္ထု။** ဒါတဗ္ဗန္တိ ဒါနံ (ထမင်း သည်)။ ဒါနဉ္စ တံ ဝတ္ထု စာတိ ဒါနဝတ္ထု။ ဓာန်၊ ၃၆၊ ၄၄၂။

---

## ● ဓာတုပစ္စယာဒိဝိဘာဂ

**သင္တံ။** အသဓာတ် + အန္တပစ္စည်း။ ဤဒွိပုလ္လိင်။ ဂစ္ဆန္တာဒိဂိုဏ်း အ- ကာရန္တ။

http://www.dhammadownload.com



**မှတ်ချက်။** နီတိ၊ ဓာ။ ၂၃၆–သမုဓာတ် အတ္ထိ = အနက်ပြ ရာ၌ "သန္တော သံဝိဇ္ဇမာနော" ပြယုဂ် ထုတ်သည်။ ယင်း အလိုသန္တ သဒ္ဒါ သမုဓာတ်+အန္တ ပစ္စည်းဟု ကြံရာ၏။

✝ အသ သမ္ဘာဝေ၊ သဗ္ဗတ္ထာသဿာဒိလောပေါ စာတိ

အ–ကာရဿ လောပေါ။ အတ္ထီတိသံ၊ သန္တော။

ရူ ၆၃၀။

---

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျဖြင့် သောအသန္တော ဟူသော ပုလ္လိင်ကို တံအသန္တံ ဟုနပုလ္လိင်ပြန်၍ဆိုထားသတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

ခ–ဝါကျဖြင့် နပုလ္လိင်ပင် ဆိုသော်လည်း သောအသန္တော ဟု ပုလ္လိင်အနက်ကိုသိရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ တ–သဒ္ဒါ၏ ဒေယျဓမ္မကို စွဲသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ သဗ္ဗနာမလိင်္ဂတ္ထ။

ဂ–ဝါကျဖြင့် တဥ္စခေါ်၌ တံဟူသော နိယတ်၏ အနိယတ်ကို ယံ ဒါနဝတ္ထုံ(လ) ဒဒေယျာမ–ဟု ဖြည့်စွက်၍ အနက်ယောဇနာ ရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ တံသဒ္ဒါဒါန ဝတ္ထုကိုစွဲသည်၏ အဖြစ်ကိုလည်းကောင်း[၂]၊ လိင်္ဂဝိပလ္လာသမဟုတ်ဘဲ သာမညသဒ္ဒါဖြစ်သောကြောင့် တံ အသန္တံ ဟု နပုလ္လိင်ဖြင့်ဆိုသည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ သဗ္ဗနာမလိင်္ဂတ္ထ။ ၃။ ဘာဝတ္ထ။

**အနက်ယောဇနာ။** တဥ္စ ခေါ် သော စ ခေါ် ဒေယျဓမ္မော၊ ထိုပေးလှူ အပ်သောသဘောရှိသောပစ္စည်းသည်လည်း။ အမှာကံ၊ အကျွန်ုပ်တို့အား။ အသန္တံ–အသန္တော၊ ထင်ရှားမရှိသည်။ နော၊ မဟုတ်။ နောအသန္တော၊ ထင် ရှား ရှိပါ၏။ ဒွိပဋိသေဓော ပကတျတ္ထောနှင့် အညီ။) ဤကား က–ခ–နှင့် အညီအနက်။

**တစ်နည်း။** ယံ ဒါန ဝတ္ထုံ မယံ တုမှာကံ ဒဒေယျာမ။ ( အနိ ယတ်) တဥ္စ ခေါ် ဒါနဝတ္ထုံ၊ ထိုလှူဖွယ်ဝတ္ထုသည်လည်း။ အသန္တံ၊ ထင်ရှားမရှိ သည်။ နော၊ မဟုတ်။ ဤကား ဂ–ဝါကျနှင့်အညီ အနက်။

http://www.dhammadownload.com



## ● ပါဠိဝိနိစ္ဆယ

**ဝိပလ္လာသ။ ဝိပ္ပလ္လာသ။** ဝိပရိ + အာသ။ ရိ-၌ ရ-ကို လပြု။ ဣ-သရကို ယ-ပြု။ လ-ယသို့ကပ်။ လျ-ကို ယဝတံသုတ်ဖြင့် လ-ပြု။ ယဝတံသုတ်ဖြင့်ပြီးသော လ-ကိုဒွေဘော် လ္လ ပြု။ လ္လ-ကို အာသို့ကပ်။ ဝိပလ္လာသ ဟု ပြီးသည်။ ထို့ကြောင့် ဝိပလ္လာသဟုရှိသောပါဠိသာသင့်သည်။

* ယဝတံသုတ်၊ ပြီးပြယုဂ်၊ မုချဒွေဘော်လာမြဲတည်း။

(ဘုရားကြီး)

† ဖစ္စန္တော ဝိပလ္လာသော။ ရူ။ ၄၁။

† လယာနံ လ္လယုဂံ။ ဝိပရိ အာသော ဝိပလ္လာသော။ နီတိ၊ သုတ္တ။ ၁၁၀။

---

## ● နည်းမှတ်ဖွယ်

**တဠခေါ်နောအသန္တံ။** ဣတ္ထိလိင်ကို ပုလ္လိင် နပုလ္လိင် အားဖြင့် (လ) လိင်္ဂဝိပလ္လာသနည်းမည်၏။ ကား-တဠခေါ်နော အသန္တံ ဟူသည်တည်း။ ဤ၌ တဠခေါ်နောအသန္တံဟူသော နည်းသည်၊ သောစခေါ်နော အသန္တော= ဟုဆိုအပ်သော ပုလ္လိင်ကို တဠခေါ်နောအသန္တံဟု နပုလ္လိင်အားဖြင့် ပြန်သော ကြောင့် လိင်္ဂဝိပလ္လာသနည်းမည်၏။

---

## ● နေတ္တိဟာရ

ဒဒေယျာမ ၌ ဒါစာတ်၏ အရကိုယူ၍ အောက်ပါ အတိုင်း ပဒဋ္ဌာနဟာရနေတ္တိထုတ်ရာ၏။

ပဒဋ္ဌာနာဟာရဟူသော်ကား-လ-မည်၏။ အဘယ်သို့စိစစ်သနည်း ဟူမူကား ဒါစာတ်အရဒါနစေတနာ၏ ပဒဋ္ဌာန်ကား အလောဘောဒါန ဟေတုဟူသည်နှင့်အညီ အလောဘတည်း။ ယင်း အလောဘ၏ ပဒဋ္ဌာန် ကား ယောနိသောမနသိကာရတည်း စသည် အောက်သက် ဩရုယှာ ရုယှအားဖြင့်လည်းကောင်း၊ ယင်းဒါန စေတနာသည် ပေးလှူခြင်းဒါန၏ နီးစွာသောအကြောင်းတည်း။ ယင်းဒါနသည်များစွာသော လူအပေါင်း၏ချစ် ခြင်းစသော ဒိဋ္ဌဓမ္မိကအကျိုး၊ နတ်ပြည်၌ ဖြစ်ရခြင်း စသောသမ္ပရာယိက အကျိုး၏ နီးစွာသော အကြောင်းတည်း။ ဤသို့အထက်တက် အာရုယှာ ရုယှအားဖြင့်လည်းကောင်း၊ ပဒဋ္ဌာန်ကိုစိစစ်ခြင်းသည် ပဒဋ္ဌာနာဟာရမည်၏ ဟူလိုသောဝ်။

http://www.dhammadownload.com



(က) နောပိ အဒါတုကမျတာတိ အဒါတုကာမတာပိ နောနတ္ထိ။

(ခ) ယထာ ပဟူတ ဝိတ္တူပကရဏာနံ မစ္ဆရီနံ။ ဋ္ဌ။ ၁၆၆။

ဂ-ဝါကျ၌ နောပိ၌ အပိသဒ္ဒါကို အဒါတုကမျတာပုဒ် ၌ ထိုင် ၍ အနက်ယောဇနာရမည်၏အဖြစ်ကိုလည်းကောင်း[၁]၊ အဒါတုကမျတာ၌ ဏျပစ္စည်း ၏ သွတ္ထ၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ အဒါတုကာမာဝေ အဒါတုကမျံဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၃]၊ နတ္ထိပါဠ္ဌသေသထည့်၍ အနက်ယောဇနာရမည်၏ အဖြစ်ကိုလည်းကောင်း[၄]၊ ဝါ-နော နိပါတ်၏ အဘာဝ အနက်ဟော၏ အဖြစ်ကိုလည်းကောင်း[၅] သိစေသည်။

၁။ ဘာဝတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ အဘိဓာနတ္ထ။

၄။ ဘာဝတ္ထ။ ဝါ-၅။ နိပါတလိင်္ဂတ္ထ။

**အနက်ယောဇနာ။** အဒါတု ကမျတာပိ၊ သည်လည်း။ နော (နတ္ထိ) မရှိ။ ဝါ-နော၊ ငါတို့အား။ နတ္ထိ၊ မရှိ။ သာရတ္ထ၊ ၁။ ၄၅၇။

ခ-ဝါကျဖြင့် အသဒိသူပစာကို သိစေသည်။ (ဘာဝတ္ထ။)

† ကေသံ အဒါတုကာမတာဝိယာတိ အာဟ "ယထာ" တိ အာဒိ။ သာရတ္ထ၊ ၁။ ၄၅၇။

တံ ကုတေတ္ထ လဗ္ဘာ ဗဟုကိစ္စာ ဃရာဝါသာတိ တတြာယံ ယောဇနာ

---

(က) ယသ္မာ ဗဟုကိစ္စာ ဃရာဝါသာ၊ တသ္မာ။

(ခ) ဧတ္ထ သန္တေပိ ဒေယျဓမ္မေ ဒါတုကမျတာယစ တံ ကုတော လဗ္ဘာ။

(ဂ) ကုတော တံ သက္ကာ လဒ္ဓုံ။

(ဃ) ယံ မယံ တုမှာကံ ဒေယျဓမ္မံ ဝဒေယျာမာတိ ဃရာဝါသံ ဂရဟန္တော အာဟ။ ဋ္ဌ။ ၁၆၆။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ဗဟုကိစ္စာ ဃရာဝါသာ ကား တံကုတေတ္ထ လဗ္ဘာ ၏ အကြောင်းတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

http://www.dhammadownload.com



ခ-ဝါကျကို ကုတောတ္တဖြင့် ကုတောတွေဟု ပဒစ္ဆေဒ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း¹၊ တွေ တံကုတော လဇ္ဇာဟု သမ္ဗန္ဓပြုရမည်၏ အဖြစ်ကိုလည်းကောင်း²၊ တွေ ဃရာဝါသေဟုစွဲလျှင် သန္တေပိ ဒေယျဓမ္မေ သန္တိယာပိ ဒါတုကမျတာယ-ဟု ပါဌသေသထည့်ရမည်၏ အဖြစ်ကိုလည်းကောင်း³၊ ဝါ တွေဒ္ဒ် တေသဒ္ဒါကား ဒေယျဓမ္မေ ဒါတုကမျတာယ ကို စွဲရမည်၏ အဖြစ်ကိုလည်းကောင်း⁴၊ သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ သမ္ဗန္ဓ။ ၃။ ဘာဝတ္ထ။ ၄။ သဗ္ဗနာမလိင်္ဂတ္ထ။

**အနက်ယောဇနာ။** ယသ္မာ ဗဟုကိစ္စာ ဃရာဝါသာ တသ္မာ တွေ ဃရာဝါသေ၊ ဝါတွေ ဒေယျဓမ္မေ သန္တေပိ တွေ ဒါတု ကမျတာယ သန္တိယာပိ တံ ကာရဏံ၊ ဝါ တံ ကိစ္စံ ကုတော လဇ္ဇာ-ဟု အနက်ပေး။

ဂ-ဝါကျသက္ကာလဒ္ဓံဖြင့် လဇ္ဇာ-ကို ဖွင့်သည်။ ယင်းသို့ ဖွင့်သဖြင့် လဇ္ဇာ ဟူသော (ကိတန္တပတိရူပက) ကိတ်အတုနိပါတ်ပုဒ်သည် ကတ္တုဝါစကနိပါတ်မဟုတ်၊ ကမ္မဝါစက နိပါတ်တည်းဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ။)

✝ အတ္ထိ သက္ကာ လဇ္ဇာ ဣစ္စေတေ ပဌမာယ။ နီတိ၊ သုတ္တ။ ၃၇၉။

ဃ-ဝါကျဖြင့် တံကုတောတ္တ ၌ တံနိယတ်၏၊ အနိယတ်ကို သိစေသည်။ (ဘာဝတ္ထ။)

**မှတ်ချက်။** ယံ ယေန ကာရဏေန ဟု စွဲလျှင် တံ ကုတောတ္တ၌ တံကိုတံကာရဏံဟုစွဲ။ ယံယေန ကိစ္စေန- စွဲလျှင် တံကိစ္စံစွဲ။ ယံကို ဒဒေယျာမဥ္စ်စပ်၍ ယံဒဒေယျာမ၊ အကြင်ပေးလှူကုန်ရာ၏-ဟု ကြိယာ ပရာမသနပေးလျှင် တံဒါနံ-ဟုစွဲရာ၏။ သာရတ္ထ၊ ၁။ ၄၅၇။

---

## ● ဝိဂ္ဂဟမှတ်ဖွယ်

**ဃရာဝါသာ။** ဃရေ အာဝသန္တီတိ ဃရာဝါသာ။ ဃရာဝါသာ၊ ဤဥ္စ်နေကုန်သောသူတို့သည်၊ ဝါ-အိမ်ရာတည်ထောင် လူ့ဘောင်၌ နေကုန်

http://www.dhammadownload.com



သောသူတို့သည်။ ဗဟုကိစ္စာ၊ များသောကိစ္စရှိကုန်၏၊ ဝါ-အလုပ်များကုန်၏။ ဃရ+အာ+ဝသ+ဏ။

**ဃရာဝါသံ။** အာဝသန် အာဝါသော၊ နေခြင်း။ ဃရေ အာဝါသော။ ဃရာဝါသော၊ အိမ်၌နေခြင်း။ ဃရာဝါသံ-အိမ်၌နေခြင်းကို။ ဂရဟန္တော၊ ကဲ့ရဲ့လိုသည်ဖြစ်၍ဟု အနက်ပေး။

## ● နည်းမှတ်ဖွယ်

ဃ-ဝါကျ ဒဒေယျမာတိ၌ ဣတိသဒ္ဒါကား ဣတိအယံ ယောဇနာဟူသော နိဂုံးကိစ္စ၊ ဣတိ-လ-အာဟဟူသော နိဒဿနကိစ္စ ၂-ကိစ္စ ၂-နက် ပြီးသောကြောင့် အမ္ဗသေစန ဂရုသိဉ္စာန နည်း (ကေပ္ပဟာရ ဒွိစ္ဆေဒ တစ်ချက်ခုတ်နှစ်ချက်ပြတ်-နည်း) တည်း။

(က) အပိစ တံ ကုတေတ္ထ လဗ္ဘာတိ ဣမသ္မိံ တေ မာဟဗ္ဘန္တရေ ယမဟံ တုမှာကံ ဒဒေယျံ၊ တံ ကုတော လဗ္ဘာ။

(ခ) ဗဟုကိစ္စာ ဟိ ဃရာဝါသာတိ ဝေမေတ္ထ ယောဇနာ ဝေဒိတဗ္ဗာ။ ဋ္ဌ။ ၁၆၆။

က-ဝါကျ၌ ဣမသ္မိံဖြင့် ဣဓ၌ ဣသဒ္ဒါ၏ ဣမသဒ္ဒါ၏ ကာရိယ၏ အဖြစ်ကို လည်းကောင်း[၁]၊ ခ-ပစ္စည်း၏ သတ္တမျတ္ထ၌ သက်သည်၏ အဖြစ်ကိုလည်း ကောင်း[၂]၊ တေမာသဗ္ဘန္တရေဖြင့် ဣမသဒ္ဒါတေမာသဗ္ဘန္တရ ကိုစွဲသည်၏အဖြစ် ကိုလည်းကောင်း[၃]၊ ယမဟံတုမှာကံဒဒေယျံဖြင့် တံ-ဟူသော နိယတ်၏ အနိယတ်ကိုလည်းကောင်း[၄]၊ ကုကေတ္ထကို ကုတောဇတ္တေဟု ပဒစ္ဆေဒ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၅]၊ သိစေသည်။

၁။ သဗ္ဗနာမလိင်္ဂပဒ။ ၂။ ဝိဘတျတ္ထ။ ၃။ သဗ္ဗနာမလိင်္ဂတ္ထ။
၄။ ဘာဝတ္ထ။ ၅။ သန္ဓိလိင်္ဂပဒ။

ခ-ဝါကျဖြင့် ပါဠိတော်၌ "ဗဟုကိစ္စာ ဃရာဝါသာ" ဟူသော စကားသည် တံကုတဇ္ဇေလဗ္ဘာ၏ ဒဋ္ဌိကရဏ စကား၊ ဝါ၊ အကြောင်းပြ စကားတည်းဟုသိစေသည်။ (ဘာဝတ္ထ။)

**အနက်ယောဇနာ။** ဇ္ဇေ၊ ဤဝါတွင်း သုံးလအတွင်း၌။ ယံ ဒေယျဓမ္မံ အဟံ တုမှာကံ ဒဒေယျံ၊ တံ ဒေယျဓမ္မံ ကုတော လဗ္ဘာ။

http://www.dhammadownload.com



(က) သွာတနာယာတိ ယံ မေ တုမှေသု သက္ကာရံ ကရောတော သွေ ဘဝိဿတိ ပုညဉ္စေဝ ပီတိပါမောဇ္ဇဉ္စ။

(ခ) တဒတ္ထာယ။ ဋ္ဌ။ ၁၆၆။

က–ဝါကျ၌ သွေဘဝိဿတိဖြင့် သွာတန်ပုဒ်ကို သွေဘဝိဿတီတိ သွာတန်ဟု ဘဝိဿတိတဒ္ဓိတ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း[၁]၊ တန–ပစ္စည်း၏ ဘဝိဿတိတဒ္ဓိတ်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း[၂]၊ သွေ–၌ ဧ–ကို အာ–ပြု၍ သွာတနဟုရုပ်ပြီးသည်၏အဖြစ်ကိုလည်းကောင်း[၃]၊ သိစေသည်။

၁။ အဘိဓာနတ္ထ။ ၂။ ပစ္စယတ္ထ။ ၃။ ဘာဝတ္ထ။

က–ဝါကျ၌ ပုညဉ္စေဝ ပီတိပါမောဇ္ဇဉ္စဖြင့် သွာတနအရ–နက်ဖြန် ဖြစ်လတ္တံ့သော ကုသိုလ်ပီတိနှင့် ပါမောဇ္ဇကို ယူရမည်ဟု သိစေသည်။ (အဘိဓေယျတ္ထ။)

† အဇ္ဇာဒီဟိ တနော။ အဇ္ဇ ဘဝေါ အဇ္ဇတနော။ သွာတနော။ မောဂ်။ ၄။ ၂၅၀။

**မှတ်ချက်။** ဤ၌သွာတနအရ ပုညနှင့် ပီတိပါမောဇ္ဇ (နပုလ္လိင် အနက်များကို)ရသောကြောင့် သွာတနပုဒ်ကို နပုလ္လိင်ဟုမှတ်။

---

## ● ဝိဂ္ဂဟနှင့်ဉာဏ်ကောက်

သွေ ဘဝိဿတီတိ သွာတနံ။ ယံပုညဉ္စ၊ အကြင်ကုသိုလ်ကောင်းမှု သည်လည်းကောင်း၊ ယံပီတိပါမောဇ္ဇဉ္စ၊ အကြင်ပီတိ ပါမောဇ္ဇသည်လည်း ကောင်း။ သွေ၊ နက်ဖြန်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ တံ ပုညဉ္စ ပီတိပါမောဇ္ဇဉ္စ သွာတနံ။သွေပုဒ်+တန–ပစ္စည်း။ ဘဝိဿတိတဒ္ဓိတ် (ဘဝ တဒ္ဓိတ်ဟုလည်း ဆိုနိုင်သည်။)

သွေဟူသောတဒ္ဓိတ်ပုဒ်အရကား နက်ဖြန်ဟူသော ကာလပညတ် ဒြဗ်သည်မှချ။ ယင်းနက်ဖြန်ဟူသော ကာလပညတ်ဒြဗ်၏ဖြစ်ပေါ်လတ္တံ့ သောကုသိုလ်ကောင်းမှု၊ ပီတိပါမောဇ္ဇနှင့် ကာလ ကာလဝန္တ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ။ တန–ပစ္စည်းအရကား ထို–ဖြင့် မှတ်အပ် သော နက်ဖြန်ဖြစ်လတ္တံ့သော ကုသိုလ်ကောင်းမှုနှင့် ပီတိပါမောဇ္ဇရ၏။

ခ–ဝါကျဖြင့် သွာတနာယ၌ အာယသဒ္ဒါသည် နာဝိဘတ်၏ ကာ ရိယမဟုတ်၊ သဝိဘတ်၏ကာရိယ၏ အဖြစ်ကိုလည်းကောင်း[၁]၊ ယင်းသဝိဘတ်

http://www.dhammadownload.com



သည် တုမတ္တစသည်၌မသက်၊ တဒတ္ထသမ္ပဒါန်၌ သက်သည်၏အဖြစ်ကို လည်းကောင်း၊၂၊ သိစေသည်။

၁။ ဝိဘတ္တိပဒ။ ၂။ ဝိဘတျတ္ထ။

မှတ်ချက်။ နှာ၊ ၅၄၄ တဒတ္ထာယအဖွင့်ကြည့်။

---

(က) ဗုဒ္ဓပ္ပမုခန္တိ ဗုဒ္ဓပရိဏာယကံ။

(ခ) ဗုဒ္ဓံ သံဃတ္ထေရံ ကတွာ နိသိန္နန္တိ ဝုတ္တံဟောတိ။

(ဂ) ပဏီတေနာတိ ဥတ္တမေန။

(ဃ) သဟတ္ထာတိ သဟတ္ထေန။ ဋ္ဌ။ ၁၆၇။

က–ဝါကျဖြင့် ဗုဒ္ဓပ္ပမုခ၌ ပမုခသဒ္ဒါ အာဒိ (အစ) အနက်ကို မဟော၊ ပဓာန (ဇေဋ္ဌက) အနက်ကိုဟောသတည်းဟုသိစေသည်။ (နာမလိင်္ဂတ္ထ။)

† အာဒေါ ပဓာနေ ပဋ္ဌမံ၊ ပမုခဋ္ဌ တိလိင်္ဂကံ။ ဓာန်။ ၉၃၂။

## ဝိဂ္ဂဟမှတ်ဖွယ်

**ဗုဒ္ဓပရိဏာယက။** ဗုဒ္ဓေါ ပရိဏာယကော ဧတဿာတိ ဗုဒ္ဓ ပရိဏာယကော။ ဧတဿဘိက္ခုသံဃဿ၊ အား။ ဗုဒ္ဓေါ၊ ဘုရားဟူသော။ ပရိဏာယကော၊ အကြီးအမှူးဦးစီးပဓာနသည်။ အတ္ထိ၊ ၏–ဟုပေး။

ခ–ဝါကျဖြင့် ဗုဒ္ဓပရိဏာယက (ဘိက္ခုသံဃာ)ဟူသည် ဘုရားကို သံဃထေရ်ပြု၍နေသော ဘိက္ခုသံဃာပင်တည်းဟု ဥဇုကတ္ထကိုသိစေသည်။ (ဘာဝတ္ထ)

ဂ–ဝါကျဖြင့် ပဏီတသဒ္ဒါသည် မဓုရအနက်ကို မဟော၊ ဥတ္တမ အနက်ကိုဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္ထ။)

† ပဏီတော တိသု မဓုရေ၊ ဥတ္တမေ ဝိဟိတေ ပျထ။ ဓာန်။ ၉၄၀။

---

## ● ပါဠိဝိနိစ္ဆယမှတ်ဖွယ်

**ပရိဏာယက။** ပရိပုဗ္ဗ + နီဓာတ် + ဏွုပစ္စည်း။ ပရိ ဥပသာရ နောက် နီ၌ ဒန္တဇ–န–ကို မုဒ္ဓဇ ဏ။ ဤ–ကို ဧ ဝုဒ္ဓိပြု၊ ဧ–ကို အာယပြု။ ဏွုပစ္စည်းကို အက–ပြု ခွင်းချေကပ်၍ ပရိဏာယက–ဟု ပြီးသည်။ ထို

http://www.dhammadownload.com



ကြောင့် ပရိဏာယကရှိသော ပါဠ်သင့်။ ပရိနာယက ရှိသော ပါဠ်ကား မသင့်။

**ပဏီတ**။ ပပုဗ္ဗ+နီဓာတ်+တ ပစ္စည်း။ ပ–ဥပသာရ နောက်၌ ဒန္တဇန–ကို မုဒ္ဓဇဏ–ပြန်၍ ပြီးသောကြောင့် ပဏီတရှိသော ပါဠ်သင့်။ ပနီတရှိသောပါဠ် မသင့်။

* ပ–ပရိနှင့်၊ နီ–ဥ–ညြနောက်၊ န–ငယ်ရောက်၊ မဖေါက် ဏ ကြီး ပြန်ပါလေ။ **(ဘုရားကြီး)**

ယ–ဝါကျဖြင့် သပ်ာတ္တာ၌ သွာဝိဘတ် (တ္တာ၌ အာ–ကား သွာ ဝိဘတ်၏ကာရိယ)သည် ပဥ္စမီအနက်၌ မသက်၊ ကရိဏ်းအနက်၌ သက် သတည်းဟု သိစေသည်။ (ဝိဘတျတ္တ။)

† အာရဗ္ဘေ သဟတ္ထေ စ ပဥ္စမီ–––သဟတ္တာ ဒါနံ ဒေတိ၊ သဟတ္တာ ပဋိဂ္ဂဏှာတီတိ ဧတ္ထ ကရဏေ။ နိရုတ္တိ၊ နာ။ ၁၉၄။

**မှတ်ချက်**။ အချို့ကား သဟတ္တာ၌ အာ–ကား ပဥ္စမီဝိဘတ်၏ ကာရိယမဟုတ်၊ နာ–ဝိဘတ်၏ကာရိယ–ဟု အာဘော်ဖေါ်၏။ သင့်မည် မထင်။ ဆင်တဲဂဏ္ဌိ။ ၃၄၃–လည်းကြည့်။

(က) သန္တပ္ပေဝတ္တာတိ သုဋ္ဌု တပ္ပေတွာ ပရိပုဏ္ဏံ သုဟိတံ ယာဝဒတ္ထံ ကတွာ။

(ခ) သမ္ပဝါရေတွာတိ သုဋ္ဌု ပဝါရေတွာ။

(ဂ) "အလ" န္တိ ဟတ္ထသညာယ, မုခသညာယ, ဝစီဘေဒေန စ ပဋိက္ခိပါပေတွာ။

(ဃ) ဘုတ္တာဝိန္တိ ဘုတ္တဝန္တံ။ ဋ္ဌ။ ၁၆၇။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က–ဝါကျ၌ သုဋ္ဌုဖြင့် သန္တပ္ပေဝတ္တာ၌ သံသဒ္ဒါသည် သမောဓာန စသောအနက်ကိုမဟော၊ သုဋ္ဌု အနက်ကိုဟောသတည်းဟု သိစေသည်။ (ဥပသဂ္ဂလိင်္ဂတ္တ)

က–ဝါကျ၌ ပရိပုဏ္ဏံကတွာဖြင့် သန္တပ္ပေဝတ္တာ၌ တပ ဓာတ်သည် ဒိတ္တိ(ထွန်းပခြင်း)ဥဗ္ဗေဂ(ထိတ်လန့်ခြင်း)သန္တာပ(ပူပန်ခြင်း) ခယ (ကုန်ခြင်း) အနက်တို့ကိုမဟော၊ ပီဏန(နှစ်သက်ရောင့်ရဲခြင်း၊ ဝါ၊ တင်းတိမ်

http://www.dhammadownload.com



အားရခြင်း၊ပြည့်စုံခြင်း) အနက်ကိုဟောသတည်းဟုသိစေသည်။ (ဒုတိယ ဓာတွတ္ထ။)

က-ဝါကျ၌ သုဟိတံ ယာဝဒတ္ထံ ဂတတ္တာဖြင့် နှစ်သက် ရောင့်ရဲ စေ၍ဟူသည် တင်းတိမ် အားရ ဝသည်ကိုပြ၍ ဝါ- အလိုရှိတိုင်းပြ၍၊ ဝါ-စားချင်သလောက် စားစေ၍ ဟူသော အဓိပ္ပာယ်ကို သိစေသည်။(ဘာဝတ္ထ။)

ခ-ဝါကျဖြင့် သမ္ပဝါရေတွာ၌ သံသဒ္ဒါသည် သမောဓာနစသော အနက်ကိုမဟော၊ သုဋ္ဌုအနက်ကိုဟောသတည်းဟုသိစေသည်။ (ဥပသဂ္ဂ လိင်္ဂတ္ထ)

ဂ-ဝါကျ၌ ပဋိက္ခိပါပေတွာဖြင့် ပဝါရေတွာ၌ ပပုဗ္ဗဝရဓာတ် သည် "သံဃံ ဘန္တေ ပဝါရေမိ " ၌ ကဲ့သို့ နိမန္တန ( ဖိတ်ကြားခြင်း ) အနက်ကိုမဟော၊ ဘုတ္တာဝီ ပဝါရိတော၌ကဲ့သို့ ပယ်မြစ်ခြင်း ပဋိပက္ခေပ(ဝါရဏ) အနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း¹၊ ပ-ဥပသာရ၏ ဓာတွတ္ထာ နုဝတ္တက၏အဖြစ်ကိုလည်းကောင်း²၊ သိစေသည်။

၁။ ဒုတိယဓာတွတ္ထ။ ၂။ ဥပသဂ္ဂလိင်္ဂတ္ထ။

ဂ-ဝါကျ၌ "အလ" န္တိ-လ-ဝစီဘေဒေနစဖြင့် ပယ်မြစ် တား မြစ်၏ဟူသည် "တော်ပြီ" ဟု လက်ကာပြခြင်း မျက်နှာရိပ် မျက်နှာကဲ ပြခြင်း, နှုတ်ဖြင့်တိုက်ရိုက်ပြောခြင်းပင်တည်းဟု သိစေသည်။ (ဘာဝတ္ထ)

**အနက်ပေး။** သမ္ပဝါရေတွာ၊ ကောင်းစွာ တားမြစ်စေ၍ (သဒ္ဒတ္ထ) ဝါ-လက်မှတ်သညာ၊ မျက်နှာရိပ်ကဲ၊ တနဲ့နှုတ်သံ၊ ဤသုံးတန်ဖြင့် "တန်ပြီ တော်ပြီ"ဟု တားမြစ်စေ၍။ (ဘာဝတ္ထ)

ဃ-ဝါကျဖြင့် ဘုတ္တာဝိ၌ တာဝီပစ္စည်း၏ အတိတ် ကာလ၏ အဖြစ်ကိုလည်းကောင်း¹၊ အဘုဥ္ဇိတိ ဘုတ္တာဝီဟု အတိတ်ကတ္တုသာဓနဝစနတ္ထပြု ရမည်၏အဖြစ်ကိုလည်းကောင်း² သိစေသည်။

၁။ ဒုတိယပစ္စယတ္ထ။ ၂။ အဘိဓာနတ္ထ။

---

(က) ဩနီတပတ္တပါဏိန္တိ ပတ္တတော ဩနီတပါဏိံ။

(ခ) အပနီတဟတ္ထန္တိ ဝုတ္တံ ဟောတိ။

http://www.dhammadownload.com



(ဂ) တိစီဝရေန အစ္ဆာဒေသီတိ တိစီဝရံ ဘဂဝတောအဒါသိ။

(ဃ) ဣဒံ ပန ဝေါဟာရ ဝစနမတ္တံ ဟောတိ " တိစီဝရေန အစ္ဆာဒေသိ " တိ။ ဋ္ဌ။ ၁၆၇။

## ● ဝါကျခွဲနည်းကျမ်းတက်

ခ-ဝါကျကား ဝိတ္ထာရဝါကျ။ ထို-၍ က-ဝါကျကား သင်္ခေပဝါကျ။

ဂ-ဝါကျကား ပကတ္တရဝါကျ။ ထို-၍ က-ခ-ဝါကျကား ပက္ခဝါကျ။

ဃ-ဝါကျကား ဝါကျာဂမ္ဘဝါကျ။ ထို-၍ ဂ-ဝါကျကား အာရဒ္ဓဝါကျ။

## ဃ-ဝါကျထပနာတိကကျမ်းတက်

ဆရာ၊ ဆရာသည် ဂ-ဝါကျဖြင့် တိစီဝရေန အစ္ဆာဒေသိ-ကို တိဝစီရံ ဘဂဝတော အဒါသိ=တိစီဝရကိုမြတ်စွာဘုရားအား လှူပြီဟု ဖွင့်တော် မူ၏။ ယင်းသို့သော် အသို့မူ၍ တိစီဝရေနအစ္ဆာဒေသိဟူသနည်း (တိစီဝရံ'ဘဂဝတော အဒါသိဟု မဆိုသနည်း။ ဗျတိရေက ပုစ္ဆာ။) ပုဏ္ဏားသည် တိစီဝရဖြင့် ဘုရားရှင် ကိုယ်တော်ကိုပင် ,ကိုယ်တိုင် ဖုံးလွှမ်း ပါသလောကြောင့် ဃ-ဝါကျမိန့်။ ပါရာ၊ ဂံ၊ သစ်၊ ၂။ ၃၉၈။

ကား-ဃ-ဝါကျဖြင့် "တိစီဝရေန အစ္ဆာဒေသိ" ဟူသော ဤ စကားသည် ဝေါဟာရ စကားမျှ (ခေတ်သုံး။ အရပ်သုံးမျှ) သာ ဖြစ်၏။ အမှန်မှာ တိစီဝရေန အစ္ဆာဒေသိ=တိစီဝရဖြင့် ဖုံးလွှမ်း၏ ဟူသည် သက်န်း လှူ၏ဟူသော အဓိပ္ပာယ်ပင်တည်းဟု ငါပြဆို၏ဟူလို။

## ရွှေဥမင်ဆရာတော်ဝါဒ

ရွှေဥမင်နိဿယ၌ ပန၊ သစ္စံ ဟုဆိုသည်။ ဆိုသင့်ပါသည်။ ရှင်း ဦးအံ့။ ဝိစီဝရေန အစ္ဆာဒေသိ-ကို တိစီဝရံ ဘဂဝတော အဒါသိ ဟု အဋ္ဌကထာဖွင့်ရာ သံဝဏ္ဏေတဗ္ဗပါဠိတော်နှင့် အဋ္ဌကထာစကားအဓိပ္ပာယ် ချင်းအတော်ပင် ကွာခြားနေရကား "ယင်းသို့ အဘယ်ကြောင့် ဖွင့်နိုင်

http://www.dhammadownload.com



သနည်း” စောဒနာဖွယ်ရှိသောကြောင့် မိမိဖွင့်ခဲ့သော တိစိဝရံ ဘဂဝတော အဒါသိ သံဝဏ္ဏနာကို ခိုင်မြဲစေလို၍ ဣဒံ ပနစသော ဃ- ဝါကျတက် လာသည်ဟု ကြံနိုင်သည်။ ထိုကြောင့် ပန ကို သစ္စံ ဟု ဆိုသော ရွှေဥမင် ဆရာတော် ဝါဒ ကိုလည်း သာရအားဖြင့် မှတ်သား သင့်ပါ သည်။ ယင်း အလို ဃ-ဝါကျကား ယုတ္တိဒဠှီကရဏ ဝါကျတည်း။

## ● ဝိဂ္ဂဟနှင့်ဉာဉ်ကောက်

**သြနီတပတ္တပါဏိ။** သြနီတော ပတ္တတော ပါဏိတေဿာတိ သြနီတ ပတ္တပါဏိ။ သာရတ္ထ၊ ၁။ ၄၅၈။ တေဿဘဂဝတော၊ အား။ ပတ္တတော၊ သပိတ်မှ။ သြနီတော၊ ဖယ်အပ်ပြီးသော။ ပါဏိ၊ လက်တော်သည်။ အတ္ထိ၊ ၏။ ဣတိ သော သြနီတပတ္တပါဏိ။ သြနီတပုဒ်+ပတ္တပုဒ် + ပါဏိပုဒ် + တေပုဒ်။ ဘိန္နာဓိကရဏတိပဒတဂ္ဂုဏသံဝိညာဏစတုတ္ထီ ဗဟုဗ္ဗီဟိသမာသ်။

သြနီတပတ္တပါဏိဟူသော ဗဟုဗ္ဗီဟိသမာသ် ပုဒ်လုံး အရကား သပိတ်မှဖယ်အပ်ပြီးသော လက်တော်ဒြဗ်သည်မှချ။ ယင်းသပိတ်မှ ဖယ် အပ်ပြီးသောလက်တော်၏ မြတ်စွာဘုရားဒြဗ်နှင့်အစိတ်အပေါင်း အဘေဒ ဘေဒအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူပစာ၊ တေဟူသော အညပုဒ် အရကား ထိုဖြင့်မှတ်အပ်သော သပိတ်မှ ဖယ်ပြီးသောလက်တော်ရှိသော မြတ်စွာဘုရားဒြဗ်ရ၏။ ထိုသို့ပင် ရငြားသော်လည်း ဝိသေသန ပုဒ်တို့၏ သဘောသည်ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောသောကြောင့် ဆိုအပ်ခဲ့ ပြီးသော အန္တ တ္ထသည်သာ ပဓာနအားဖြင့်ရ၏-ဟု ဝိသေသနကောက် ဆက်ကောက်။

**မှတ်ချက်။** သြနီတပတ္တပါဏိကို ဘဂဝန္တံ၌ စပ်ရသည်။

## ● ဓာတုပစ္စယာဒိဝိဘာဂ

**ပတ္တ။** ပတဓာတ် + တ-ပစ္စည်း။ ဝါ-ပတသဒ္ဒူပပဒ + တာဓာတ် အ-ပစ္စည်း။

✝ ပတတိ ယတ္ထ သော ပတ္တော။ ပတ ဂတိယံ တော။
ပါတတော။ (ရူ။ ၆၅၀-၌ပတတော-ရှိ) တာယတီတိပိ
ပတ္တော။ တာ လပနေ။ အ။ သူစိ။

http://www.dhammadownload.com



**ပါဏိ။** ပဏဓာတ်+ဏ္ဃဏ်ပစ္စည်း။ ပဏာတိ ဝေါဟရတီတိ ပါဏိ၊ ပဏာတိဝေါဟရတိ ဧတေနာတိဝါ ပါဏိ။ ကရော။ မောဂ်၊ ၇။ ၁၀။

**ဟတ္ထ။** ဟသဓာတ်+ထ-ပစ္စည်း။ ဝါ-ဟရဓာတ် + ထ-ပစ္စည်း။

† ဟသ ဟသနေ ထော။ ဟသန္တ္တ နေနာတိ ဟတ္ထော ဟရ ဟရဏေဝါ။ ဟရန္တ္တနေနာတိ ဝါ အတ္ထော။ သူစိ။

**အစ္ဆာဒေသီ။** အာပုဗ္ဗ+ဆဒဓာတ်+စုရာဒိဏေပစ္စည်း။ ဤဝိဘတ်။

## ● အာဘောဂနှင့်သံဝဏ္ဏနာ

က-ဝါကျဖြင့် ဩနီတပတ္တ ပါဏိပုဒ်ကို ဩနီတော ပတ္တတော ပါဏိ ဧတဿာတိ ဩနီတပတ္တပါဏိဟု ဘိန္နာဓိကရဏ တိပဒ တဂ္ဂုဏ သံဝိညာဏစတုတ္ထိဗဟုဗ္ဗီဟိသမာသ် ဝဇနတ္တ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊[၁] ပတ္တောနီတပါဏိဟုဆိုလိုလျက် ပတ္တနှင့် ဩနီတ ရှေ့နောက်ပြန်သည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ အဘိဓာနတ္တ။ သမာသလိင်္ဂတ္တ။ ၂။ ဘာဝတ္တ။

ခ-ဝါကျဖြင့် ဩနီတသဒ္ဒါ အဝပုဗ္ဗနီဓာတ်၏ အဖြစ်ကိုလည်းကောင်း၊[၁] ပါဏိသဒ္ဒါသည် သတ္တဝါအနက်ကိုမဟော၊ လက်ဟူသောအနက်ကိုဟောသည်၏အဖြစ်ကိုလည်းကောင်း၊[၂] သိစေသည်။

၁။ ဒုတိယဓာတုပဒ။ ၂။ နာမလိင်္ဂတ္တ။

**မှတ်ချက်။** ဂ-ဝါကျဘာသာပြန်၍ ဘာဝတ္တ အာဘော် ဖေါ်လေ။

## ● ပါဌ်ဝိနိစ္ဆယ

**ဩနီတပတ္တပါဏိ။ ဩဏီတပတ္တပါဏိ။** ဩနိတ္တပတ္တပါဏိ-အဝပုဗ္ဗ+နီဓာတ်+တ-ပစ္စည်း အဝ-ကို ဩ-ပြုသောကြောင့် ဩနီတ။ ဩ-၏နောက်၌ န-ကို ဏ-ပြန်၍ ဩဏီတသင့်သည်။ သာရတ္ထ၊ ၁။ ၄၅၈-၌ ဩနိတ္တံ နာနာဘူတံ ဝိနာဘူတံ အာမိသာပနယနေန ဝါ သုစိကတံ ပတ်ံ ပါဏိတော အဿာတိ ဩနိတ္တပတ္တပါဏိ-ဟု ဆိုသောကြောင့် ဩနိတ္တလည်း သင့်သည်။ ထိုကြောင့် ၃-ပါဌ်လုံးသင့်သည်ဟုမှတ်။

**မှတ်ချက်။** အဿာဘာဝတော၊ အား။ ပါဏိတော လက်မှ။ ဩနိတ္တံနာနာဘူတံဝိနာဘူတံ၊ တသီးတခြားဖြစ်သော။ ဝါ-တစ်နည်းကား။

http://www.dhammadownload.com



အာမိသာပနယနေန၊ ဆွမ်းစသောအာမိသကို ပယ်သောအားဖြင့်။ သုစိကတံ၊ စင်ကြယ်အောင်ပြုပြီးသော။ ပတ္တံ၊ သပိတ်သည်။ အတ္ထိ၊ ၏ဟုအနက်ပေး။ လက်တို့ကိုလည်းကောင်း၊ သပိတ်ကိုလည်းကောင်း၊ ဆေးကြောပြီးနောက် သင့်လျော်ရာ၌ သပိတ်ထားပြီး ထိုင်နေတော်မူသော–ဟု အဖြော်အဓိပ္ပာယ်ကို သာရတ္ထ၌ဖွင့်ပြသည်။

## ● နည်းနှင့်ဥပစာ

**တိစီဝရေန။** အကျိုးဖြစ်သော သင်္ကန်းသုံးထည်၏ တိစီဝရေန အမည်ကို အကြောင်းဖြစ်သော (သင်္ကန်းသုံးထည်စာ) ပုဆိုးသုံးထည်၌ တင်စား၍အကြောင်းဖြစ်သော ပုဆိုးသုံးထည်ကို တိစီဝရေနဟု ဆိုသောကြောင့် ဖလူပစာ (အဝိနာဘာဝနည်း။)

**မှတ်ချက်။** ဝေရဉ္ဇပုဏ္ဏားက မြတ်စွာဘုရားအား လှူသည်မှာ သင်္ကန်းသုံးထည်မဟုတ်၊ သင်္ကန်းသုံးထည်စာ သင်္ကန်းလျာ ဆိုးသုံးထည်သာဖြစ်သည်။ ထို့ကြောင့် ကေမေကော သာဋကော သဟဿံ အဂ္ဃတိဟုဆိုသည်။ ဤအဖွင့်ကိုထောက်၍ ဖလူပစာတင်သည်။ "စတ္တာသု ပစ္စယေသု န ကောစိ ပရိက္ခာရော သမဏပရိဘောဂေါ အဒိန္နောနာမ အဟောသိ။ ပါဠိယံ ပန စီဝရမတ္တမေဝ ဝုတ္တံ" ဋ္ဌ။ ၁၆၇– ဤစကားကိုထောက်လျှင် ဝေရဉ္ဇပုဏ္ဏားအလှူကား သင်္ကန်းမျှသာ မဟုတ်၊ ပစ္စည်းလေးပါးလုံး လှူသည်ဟုသိနိုင်သည်။ ထိုကြောင့် အောက်ပါနည်းဥပစာလည်း ရနိုင်ပြန်သည်။

**တစ်နည်း။ တိစီဝရေန။** အစိတ်ဖြစ်သောသင်္ကန်းသုံးထည်၏ တိစီဝရေနအမည်ကို အပေါင်းဖြစ်သောပစ္စည်းလေးပါး၌တင်စား၍ အပေါင်းဖြစ်သော ပစ္စည်းလေးပါးကို တိစီဝရေနဟု ဆိုသောကြောင့် ဧကဒေသူပစာ၊ အဝယဝူပစာ။ (ဥပလက္ခဏာနည်း။)

(က) ကေမေကဉ္စ ဘိက္ခုံ ကေမေကေန ဒုဿယုဂေနာတိ ကေမေကေန ဒုဿယုဂဠေန။

(ခ) အထခေါ် လ–ယထာဘိရုန္တံ ဝိဟရိတွာတိ ယထာဇ္ဈာသယံ ယထာရုစိံ ဝါ သံဝသိတွာ။

(ဂ) ယေန ဗာရာဏသီ တဒဝသရိ။

(ဃ) တေန အဝသရိ တဒဝသရိ။ ဋ္ဌ။ ၁၆၇–၈။

http://www.dhammadownload.com



က–ဝါကျ၌ ဒုဿယုဂဋ္ဌေနဖြင့် (ယုဂ–ကို ယုဂဋ္ဌဖွင့်။) ယုဂသဒ္ဒါသည် ယုဂဋ္ဌသဒ္ဒါ၏ ဝေဝုစ် စကား လှယ် ပရိယာယ် တည်းဟု သိစေ သည်။ (အဘိဓေယျတ္ထ။)

† ယုဂံ တု ယုဂဠံ ဒွန္ဒံ၊ ယမကံ ယမလံ ယမံ။ ဓာန်။ ၆၂၈။

ယုဂဠ။ ယုဂလ။ ယုဇ ယောဂေ၊ အ၊ ယုဂံ။ အလ ပစ္စယေ ယုဂဠံ။ ဠတ္တံ။ ယုဂလမ္ပိ။ ဓာန်။ ဋီ။ ၆၂၈။ ၂–ပါဌ်သင့်။

ပဋ္ဋုဏ္ဏ။ ပတ္တုဏ္ဏ။ ပတ္တုဏ္ဏန္တိပိ ပါဌ္ဌနြ ရုံ။ ပဋ္ဋုဏ္ဏရဋ္ဌေ ဇာတတ္တာ ပဋ္ဋုဏ္ဏန္တိပိ ဝဒန္တိ ဓာန်။ ဋီ။ ၂၉၀။ ဤအလို ၂–ချက်သင့်ဟုမှတ်။

ခ–ဝါကျ၌ ယထာဏ္ဍ္ဍာသယံ ယထာရုစိဖြင့် ယထာဘိရုစ္စ၌ အဘိရုစ္စသဒ္ဒါသည် အဘိရုစိ၏ပရိယာယ်တည်း (အနွယာဘောဂ)။ အဿာဒ၏ပရိယာယ်မဟုတ် (ဗျတိရေကာဘောဂ) ဟု သိစေသည်။ (အဘိဓေယျတ္ထ)။

**မှတ်ချက်။** အဓိပ္ပာယ်အကျယ်ကို သာရတ္ထ၊ ၁။ ၄၅၈–၌ ရှုလေ။

ခ–ဝါကျ၌ ဝါသံ ဝသိတွာဖြင့် ဝိဟရိတွာ၌ ဝိပုဗ္ဗ ဟရဓာတ်၏ ဝိဟရဏ (နေခြင်း) အနက်ဟော၏ အဖြစ်ကို လည်းကောင်း၊ ဝိဥပသာရ၏ ဓာတွတ္ထ ဝိသေသက၏အဖြစ်ကိုလည်းကောင်း၊ သိစေသည်။

**မှတ်ချက်။** ဝိဟရတိ–ပုဒ်အဖွင့်၏ အာဘော်နှင့် မတူသည်ကို သတိပြု။ ဝါသံ ဝသိတွာကား ဇနပဒစာရိကံ ပက္ကမိ သုကဲ့သို့ **အဘေဒဘေဒူပစာ** တည်း။

ဂ–ဝါကျဖြင့် တဒဝသရိ၌ တ–ဟူသော နိယတ်၏အနိယတ်ကို ယေန ဇာရာဏာသီဟုဖော်ရမည်ဟုသိစေသည်။ (ဘာဝတ္ထ။)

ဃ–ဝါကျဖြင့် တဒဝသရိပုဒ်ကို တံ အဝသရိဟု ပဒစ္ဆေဒပြုရမည်၏အဖြစ်ကိုလည်းကောင်း¹၊ တံ–၌ ဒုတိယာဝိဘတ်၏ ကရိဏ်းအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း² သိစေသည်။

၁။ သန္ဓိလိင်္ဂပဒ။ ၂။ ဝိဘတျတ္ထ။

† တဒဝသရီတိ တွေ တန္တိ ရကဏာဏွေ ဥပယောဂ ဝစနန္တိ အာဟ "တေန အဝသရိ တဒဝသရီ" တိ။ သာရတ္ထ၊ ၁။ ၄၅၉။

**ဝေရဉ္ဇကဏ္ဍအဖြေပြီး၏။**

**မစိုးရိမ်ပါရာဇိကဏ်အဖြေပထမပိုင်းပြီးပြီ။**

★ ★ ★

# ဝိဂ္ဂဟနှင့်ညာသ်ကောက်အညွှန်း အက္ခရာဝလိ


| ပုဒ် | မျက်နှာ |
|---|---|
| အစ္ဆရိုတ္တံ | ၄၉၅ |
| အစ္ဆရိုယတ္ထာ | ၅၄၃ |
| အညာ | ၃၈၅ |
| အနဘိဒံ | ၃၉၈ |
| အနိယမော | ၁၇၅ |
| အနိယမနိဒ္ဒေသဝစနံ | ၁၇၅ |
| အနုမာနံ | ၃၄၈ |
| အနေကဝိဟိတော | ၅၅၁၂ |
| အတ္တပစ္စက္ခဝစနံ | ၃၂-၃၃ |
| အတိက္ကန္တ မာနုသကံ | ၆၀၇ |
| အဓိကရဏ | ၁၈၉ |
| အပဂတကာဠကော | ၇၆၉ |
| အပဂတ္ထ | ၄၁၈၊ ၄၁၉ |
| အပရနေယျော | ၃၄၈ |
| အပါယဂမနီယာ | ၇၇၉ |
| အပေက္ခမာန | ၁၉၃ |
| အဗ္ဗုဒ | ၇၆၅ |
| အဘာဝံ | ၃၉၈ |
| အဘိညာတာ | ၁၁၃ |
| အဘိဇ္ဈယျ | ၂၇၆-၇ |
| အဘိလာပ | ၁၄၀၊ ၁၉၇ |
| အမတ | ၂၈၈ |
| အရိ | ၂၇၀ |
| အရိယသာဝက | ၂၈၇ |
| အလဂဒ္ဒ | ၁၄၉ |
| အလဂဒ္ဒူပမာ | ၁၄၉ |
| အံသမ သမ | ၃၀၃ |
| အသမော | ၃၀၄ |
| အာကာရ | ၅၇၄ |

| ပုဒ် | မျက်နှာ |
|---|---|
| အာစိဏ္ဏ | ၇၈၈ |
| အာဏာဗာဟုလ္လ | ၁၂၁ |
| အာဏာရဟ | ၁၂၁ |
| အာတာပေါ | ၅၉၀ |
| အာဒီကမ္မိက | ၅၅၅ |
| အာနန္ဒ | ၆၉ |
| အာသန္န | ၃၇၈ |
| အာသဝါ | ၇၄၁၊၇၅၄ |
| အာဟနန | ၄၆၄ |
| ဉစ္စာကုလ | ၂၅၇ |
| ဉဏ္ဏိန္နမူလာ | ၃၉၈ |
| ဥဒ္ဒေသ | ၅၇၄ |
| ဥပေက္ခာ | ၅၁၄ |
| ဥပေက္ခာသတိပါရိသုဒ္ဓိ | ၅၃၅ |
| ဧဝံနာမော | ၅၇၀ |
| ဧကောဒိ | ၅၀၁-၂-၃-၄-၅ |
| ဩနီတပတ္တပါဏိ | ၈၀၆ |
| ကရုဏာဝိဟာရ | ၁၈၆ |
| ကဠေဝရ | ၂၉၆-၇ |
| ကာယဒုစ္စရိတံ | ၆၁၅ |
| ကိလာသုနော | ၇၂၈ |
| ကောသလ္လ | ၄၈ |
| ဂဂ်ါ | ၂၁၈ |
| ဂန္ထ | ၄၁၉၊ ၄၂၀ |
| ဂန္ထသေယျာ | ၄၂၇ |
| ဂဏန် | ၄၈၀ |
| ဂါရဝံ | ၃၃၀ |
| ဂုဏာဝိသိဋ္ဌ | ၃၃၀ |
| ဃရာဝါသ | ၇၉၉ |

| ပုဒ် | မျက်နှာ |
|---|---|
| စက္ကု | ၆၀၅ |
| စရဏာ | ၂၈၇ |
| စိရပဗ္ဗဇိတာ | ၇၅၇ |
| စောရာ | ၇၆၇ |
| ဆိန္နဝဠမကာ | ၅၄၂ |
| ဇနပဒစာရိကံ | ၇၈၆ |
| ဇလာဗု | ၄၂၃ |
| ဇလာဗုဇ | ၄၂၃ |
| ဈာနံ | ၄၈၁ |
| ဈာနပဋိပက္ခ | ၄၅၂ |
| ဉာဏံ | ၅၉၂ |
| တံသမုဋ္ဌာန | ၅၂၅ |
| တိတ္ထံ | ၅၈၃ |
| တိတ္ထိယာ | ၅၈၄ |
| တပဿီ | ၄၁၀၊၄၁၄ |
| တယော | ၄၀၉၊၄၁၄ |
| ဒါနဝတ္ထု | ၇၉၅ |
| ဒိဗ္ဗ- | ၅၉၇၊၅၉၉၊၆၀၀၊၆၀၁၊၆၀၂ |
| ဒိသံ | ၂၈၈ |
| ဒီဃနိကာယ | ၁၅၆ |
| ဒေယျဓမ္မ | ၇၉၅ |
| ဒေသနာ | ၁၄၀ |
| ဒေသနာဝိလာသ | ၃၈၇ |
| ဒုစ္စရိတံ | ၆၁၄ |
| ဓမ္မာဘိလာပ | ၁၄၀ |
| ဓမ္မော | ၈၂ |
| နဂရံ | ၂၀၁ |
| နိဒါနံ | ၄၈ |
| နိဒါနကောသလ္လ | ၄၈ |

| ပုဒ် | မျက်နှာ |
|---|---|
| နိဒ္ဒေသော | ၁၇၅ |
| နိရဗ္ဗုဒေါ | ၇၆၅ |
| နိယ | ၄၉၃ |
| နိယက | ၄၉၄ |
| နိယကဇ္ဈတ္တ | ၄၉၄ |
| နိယမတ္ထော | ၄၄၅ |
| နိရုတ္တိ | ၃၃၃ |
| နိဝါတေ | ၂၀၈-၉ |
| နိဿရဏာ | ၄၄၉ |
| ပကာသနံ | ၃၅၃ |
| ပကာသေန္တော | ၂၅၂ |
| ပစ္စယ | ၇၂၅ |
| ပဇာ | ၃၄၁ |
| ပညတ္တိ | ၁၄၀ |
| ပဋိဝေဓ | ၁၄၁ |
| ပဌမမဟာသံဂီတိ | ၄၆ |
| ပဒပူရဏေန | ၂၃၅ |
| ပဘာသရော | ၇၇၁ |
| ပရိညေယျာ | ၂၇၇ |
| ပရိယတ္တိ | ၁၄၈ |
| ပရိယတ္တိဘေဒါ | ၁၄၉ |
| ပရိယာယော | ၃၈၂ |
| ပဟာတဗ္ဗာ | ၂၇၈ |
| ပဟီနာ | ၃၈၉၊၃၉၀ |
| ပါရိဇုည | ၂၅၈ |
| ပိဋက | ၁၁၇ |
| ပိသောဒရာဒိပက္ခေပလက္ခဏာ | ၃၃၃ |
| ပီတိ | ၄၇၅ |
| ပီတိသုခံ | ၄၇၈ |


http://www.dhammadownload.com

http://www.dhammadownload.com




| ပုဒ် | မျက်နှာ | ပုဒ် | မျက်နှာ |
|---|---|---|---|
| ပုရိသဓမ္မသာရထိ | ၃၀၆ | ဝိနယော | ၈၆ |
| ပေဋကေ | ၄၅၈ | ဝိနိပါတဓမ္မ | ၇၈၁-၂ |
| ပေါရာဏာ | ၁၉၆ | ဝိပလ္လာသ | ၇၉၅ |
| ဖလိတော | ၃၆၂ | ဝိမောက္ခ | ၃၂၃ |
| ဖဿာဒယော | ၄၉၀ | ဝိမောက္ခန္တ | ၃၂၄ |
| ဗြဟ္မဏာ | ၂၄၁ | ဝိမောက္ခန္တိက | ၃၂၄ |
| ဗုဒ္ဓပရိဏာယက | ၈၀၂ | ဝိရာဂ | ၅၁၂ |
| ဗောဓိ | ၄၃၇-၈ | ဝိဝဋ္ဋ | ၅၆၂ |
| ဘာဂျံ | ၃၃၃ | ဝိဝဋ္ဋဋ္ဌာယီ | ၅၆၂ |
| ဘာဝေတဗ္ဗာ | ၂၇၈ | ဝိဝိတ္တိ | ၄၇၃ |
| ဘိံသနကတသ္မိံ | ၇၄၄ | ဝိဝိတ္တော | ၄၇၄ |
| ဘိံသနကော | ၇၄၇ | ဝိဝေကော | ၄၇၃ |
| ဘုမ္မဝစနံ | ၂၀၁ | ဝိဝေကဇံ | ၄၇၈ |
| မဂ္ဂဖလဘာဂိနော | ၃၂၀ | ဝိသုဒ္ဓိ | ၆၀၆ |
| မနုဿ | ၃၀၆-၇ | ဝိဟာရနိဝါသန | ၆၉၉ |
| မနောမယိဒ္ဓိ | ၂၈၂ | ဝိဟိတော | ၅၅၁ |
| မဟာကာရုဏိက | ၈ | ဝေနယိကော | ၄၀၆-၇-၈ |
| မာတိကာ | ၂၁ | ဝေါဟာရ | ၁၂၁ |
| ယထာဓမ္မ | ၁၃၈ | သံဃေန | ၂၂၄ |
| ယထာရဟ | ၃၁၂ | သံဝဋ္ဋ | ၅၆၁ |
| ယမုနာ | ၂၁၈ | သံဝဋ္ဋကပ္ပ | ၅၆၁ |
| ယောဂါဝစရ | ၄၆၅ | သံဝဋ္ဋဋ္ဌာယီ | ၅၆၂ |
| ရဇ္ဇညူ | ၇၅၇ | သကရဏီယော | ၆၀ |
| လဒ္ဓိ | ၁၉၇ | သကျကုလပ္ပသုတ | ၇၁ |
| လာဘာ | ၇၅၉ | သက္ကာသနံ | ၃၅၃ |
| ဝစနသိလိဋ္ဌတာ | ၄၃၀ | သတ္ထိကာတဗ္ဗာ | ၂၇၈ |
| ဝပ္ပုမ | ၅၄၂ | သမဏာ | ၂၅၁ |
| ဝရဘူရိမေဓသော | ၄၃၉ | သမဏပဋိည | ၇၆၄ |
| ဝိနယော | ၄၀၄-၅ | | |

http://www.dhammadownload.com




| ပုဒ် | မျက်နှာ | ပုဒ် | မျက်နှာ |
|---|---|---|---|
| သမဏပဋိညတာ | ၇၆၅ | သာတ္ထံ | ၃၅၂ |
| သမယပ္ပဝါဒကော | ၁၈၀ | သိက္ခာပဒပညတ္တိ | ၇၅၁ |
| သမ္ပဒါနံ | ၁၁၈ | သာဒု | ၃၆၂ |
| သမ္ပသာဒန | ၄၉၇ | သုတ္တံ | ၁၀၅ |
| သမ္ပဇည | ၅၁၉ | သုဝဏ္ဏရသပိဉ္ဇရ | ၇၉၃ |
| သမ္ပဇာနော | ၅၁၉ | သုဝိဒူရဝိဒူရ | ၂၇၂ |
| သဗျဉ္ဇနံ | ၃၅၃ | သေက္ခော | ၅၄ |
| သမာဓိဇံ | ၅၀၉၊၅၁၀ | သေဋ္ဌော | ၂၆၁ |
| သမ္ပာပကော | ၇၈၅ | သောတ | ၇၇၃ |
| သမ္မောဒနီယံ | ၃၆၅ | သောဘနဂမန | ၂၉၁ |
| သတ္ထာ | ၃၁၃-၄ | သောမနဿံ | ၉၅ |
| သတော | ၅၁၈ | သွာတနာယ | ၈၀၁ |
| သဝိတက္ကံ | ၄၇၀ | ဟေတု | ၇၂၃ |


## ဓာတုပစ္စယအညွှန်း အက္ခရာဝလိ


| | | | |
|---|---|---|---|
| အက္ခာတော | ၉၇ | အန္တရာယော | ၂၃၆ |
| အင်္ဂုလိ | ၆၅၈ | အန္တမသော | ၂၀၉ |
| အဃဿ | ၆၄၈ | အဓိဂမံ | ၄၄၅ |
| အဇ္ဈာဒေသိ | ၈၀၇ | အဓိစ္စ | ၃၃၁ |
| အဇ္ဈတ္တံ | ၄၉၄ | အဓိပ္ပါယော | ၁၄၂-၃ |
| အညာ | ၄၃၁ | အဓိပ္ပေတံ | ၂၃ |
| အတိ ဣဋ္ဌ | ၆၄၁ | အမ္ဗုဒ | ၇၆၅ |
| အတိမနာပံ | ၆၄၁ | အဘိက္ကန္တံ | ၆၄၁ |
| အတ္တနာ | ၈၃ | အဘိနိဗ္ဗတ္တိ | ၄၂၄ |
| အတ္တနော | ၃၀၄ | အရဟံ | ၂၇၀-၁-၂ |
| အတ္ထော | ၁၄၁ | အရိယာ | ၂၄၂ |
| အနုမာနံ | ၃၄၈ | အစိဏ္ဏ | ၇၈၈ |
| အန္တ | ၂၉၇ | အာလသိယ | ၇၂၉ |

http://www.dhammadownload.com




| ပုဒ် | မျက်နှာ |
|---|---|
| အဿိ | ၄၁၅ |
| အသိ | ၆၆၂ |
| အဿိ | ၄၁၅ |
| ကေမေကာ်သို့ | ၁၃၂ |
| ဧတ္တောဝတာ | ၄၆၆ |
| ဥက္ကဋ္ဌ | ၃၂၉ |
| ဥဏှ | ၃၆၆ |
| ဥတ္တရ | ၃၀၄ |
| ဥတ္တာနီကရဏ | ၃၅၃ |
| ဥဒက | ၃၆၆ |
| ဥသိရ | ၂၀၉ |
| ဩဒါတ | ၅၇၅ |
| ကန္တာရ | ၃၁၄ |
| ကလျာဏ | ၂၆၅ |
| ကသိဏ | ၄၈၅ |
| ကာလ | ၄၈၊ ၁၉၀ |
| ကာဋ္ဌက | ၇၆၉ |
| ကိတ္တိ | ၂၆၂ |
| ကုဏ္ဍုဋိ | ၄၃၀ |
| ကုဏ္ဍုဌော | ၄၃၀ |
| ကုဋ္ဌိ | ၄၂၀ |
| ကုဒါလ | ၁၁၉ |
| ကောဋ္ဌာသ | ၆၅၇ |
| ခေမ | ၂၉၂ |
| ဂဏ္ဍ | ၄၁၉ |
| ဂုဏ | ၂၂၅ |
| ဆာတက | ၆၆၇ |
| ဇာတိ | ၂၄၂၊၅၄၃ |
| ဋ္ဌိတိ | ၄၂၇ |

| ပုဒ် | မျက်နှာ |
|---|---|
| တတိယဗျာနသမင်္ဂိနော | ၅၂၆ |
| တတော်နိဒါန် | ၁၅၀-၁ |
| တာလ | ၃၉၃ |
| တိမိဏ | ၆၆၃ |
| တိဏ္ဍ | ၅၈၄ |
| တိတိက္ခာ | ၇၃၃ |
| တိရစ္ဆာန | ၃၀၇ |
| ထာမ | ၅၁၅ |
| ထုတိ | ၂၆၂ |
| ဒဿနတော | ၄၅၉ |
| ဒီဃတိ | ၁၁၄ |
| ဓမ္မော | ၁၄၂ |
| ဓီရော | ၁၈၁ |
| ဓေနု | ၁၀၆ |
| နမော | ၉ |
| နာဠိ | ၂၁၀ |
| နိကာယ | ၁၅၈-၉ |
| နိယမော | ၁၇၅ |
| နိရုဠှမာနှာ | ၇၄၀ |
| နိရုဒ္ဓ | ၅၄၃ |
| နိဝုတ္တ | ၅၄၃ |
| နေက္ခမ္မ | ၄၄၉ |
| ပစ္စက္ခ | ၃၄၈ |
| ပဋိစ္စ | ၇၂၅ |
| ပဋိပါဋိ | ၅၅၅ |
| ပဏ္ဍ | ၈ဝ၆ |
| ပရိက္ခယ | ၇၈၀ |
| ပရိတ္တိန္န | ၅၄၃ |
| ပရိဟာယမာန | ၅၆၃ |

http://www.dhammadownload.com




| ပုဒ် | မျက်နှာ | ပုဒ် | မျက်နှာ |
|---|---|---|---|
| ပရိယာပုဋ္ဌာ | ၁၅၀ | ဝိဓ | ၅၅၁ |
| ပရိယောဒါတ | ၅၃၆ | ဝိပုလာယ | ၅၁၅-၇၅၉ |
| ပရံ | ၅၈၄ | ဝိဝိဓ | ၉၇ |
| ပလိတ | ၇၁ | ဝိသဒါယ | ၅၁၅ |
| ပါဏိ | ၈၀၇ | ဝိဟိတ | ၅၅၁ |
| ပါရိသုဒ္ဓိ | ၅၃၆ | ဝီတိက္ကမ | ၇၅၃ |
| ပိဋ္ဌရ | ၇၉၃ | ဝူပသမ | ၄၉၀ |
| ပိတ္တ | ၆၀၂ | ဝေါဟာရ | ၇၂၅ |
| ပေဋကော | ၄၅၉ | သချာ | ၂၂၅ |
| ဗဋ္ဌာ | ၁၁၄ | သဏ္ဌာ | ၇၄၅ |
| ဗျာမ | ၂၉၇ | သံဋ္ဌ | ၇၉၅ |
| ဘိံသနကတံ | ၇၄၇ | သဏ္ဌာန | ၄၉၅ |
| ဘိံသနော | ၇၄၇ | သန္တာယ | ၃၄ |
| ဘိံသနကော | ၇၄၇ | သတ္တာ | ၃၁၄ |
| မဂ္ဂ | ၇၇၃ | သဒ္ဓါ | ၄၉၈ |
| မတ္တ | ၂၃၂ | သမ္ဘင်္ဂီတွိ | ၇၉၂ |
| မတ္တက | ၃၉၃ | သမ္ဘင်္ဂီတွန | ၆၀၃ |
| မဟတာ | ၂၂၄ | သမ္ဘင်္ဂီတွေတွာ | ၇၀၂ |
| မဟာ | ၂၂၄ | သမယ | ၁၈၁ |
| ယောနိ | ၄၂၄ | သမဝါယ | ၁၉၀ |
| ရက္ခ | ၃၉၃ | သမတ္တ | ၆၀၃ |
| ရုဟိရ | ၆၀၃ | သမာဓိ | ၅၀၉ |
| လဍ္ဍာမ | ၆၇၁ | သမာန | ၄၅၄ |
| ဝတ္တံ | ၇၈၇ | သမ္မာ | ၂၇၈ |
| ဝဍ္ဍံ | ၄၉၈ | သယံ | ၃၄၈ |
| ဝဏ္ဏော | ၃၃၁ | သရဏံဂစ္ဆာမိ | ၆၄၈ |
| ဝိဇ္ဇာ | ၂၈၃ | သသာ | ၁၀၆ |
| ဝိဓာတာ | ၆၄၈ | သာမ | ၅၇၅ |
| ဝိဒ္ဓံသကာနိ | ၄၅၉ | သာမံ | ၂၇၈ |

http://www.dhammadownload.com




| ပုဒ် | မျက်နှာ | ပုဒ် | မျက်နှာ |
|---|---|---|---|
| သိဒ္ဓေန | ၁၇၅ | သေမှ | ၆၀၃ |
| သိလိဋ္ဌ | ၂၃၆ | သေယျ | ၄၂၇ |
| သိတ | ၃၆၆ | သေယျထိဒံ | ၁၇၅ |
| သိသံ | ၆၆၂ | ဟတ္ထ | ၈၀၇ |
| သုပ္ပသန္န | ၅၀၉ | ဟေတု | ၁၉၀ |


## ပါဠိဝိနိစ္ဆယအညွှန်း အက္ခရာဝလိ


| | | | |
|---|---|---|---|
| အဃသသတာတာ | ? | ဥပေက္ခာ။ဥပေခါ | ၆၂ |
| အဃသသဟတာ | ? | ဥမ္မုဇ္ဇမာန၊ ဥပဇ္ဇမာန | ၇၆၃ |
| အညာတိ။အညာသိ | ၂၇၅ | ဩနီတ။ ဩဏီတ | ၈၀၇ |
| အဇ္ဈတဂ္ဂေ–အဇ္ဈဒဂ္ဂေ | | ကပဏ။ ကပန | ၄၁၂ |
| အဋ္ဌကထာ။အတ္ထကထာ | ၁၁ | ကဠေဝရ။ ကလေဝရ | ၂၉၉ |
| အဋ္ဌကထာအကံသု။ | | ကာဓေဟိ။ ကာစေဟိ | ၁၆၅ |
| အဋ္ဌကထာမကံသု | ၁၁ | ကာတဗ္ဗော။ ဝေဒိတဗ္ဗော | ၁၇၆ |
| အဋ္ဌုပ္ပတ္တိ။ အတ္ထုပ္ပတ္တိ | ၇၀၉ | ကိလာသု။ကိဋ္ဌာသု | ၇၃၀ |
| အတ္တနောပန။ အတ္တနာပန | ၃၀၄ | ကုဒါလ။ ကုဒ္ဒါလ | ၁၂၀ |
| အတ္တသန္နိယာတန | | ခန္တီ စာရေတွာ–ခန္တီ ဓာရေတွ | |
| အတ္တသန္နိယာဒနံ | | ဂဘီရာ။ ဂဘီရာ | ၁၃၄ |
| အတ္တနာ (အတ္တနော) | | ဂိမှာနံ။ ဂိမ္ဟာနံ | ၇၆ |
| အတ္တသန္နိယာတနံ အတ္တသန္နိယာဒနံ | | ဂမ္ဘီရာ။ ဂမ္ဘီရာ။ | |
| အနောတတ္တ။အနောဒတ္တ | ၁၆၅ | စရဏ။ စရန | ၂၈၈ |
| အပဂတ(ဟတ)ကာဠကော | ၇၇၀ | ဆတ္တပဏ္ဏ။ ဆတ္တပဏ္ဏိ | ၇၇ |
| အပ္ပဋိမော၊ အပ္ပဋိသမော | ၃၀၅ | ဆအဘိညာ။ဆအဘိညေ | ၂၈၄ |
| အဗ္ဗုဒ။အဗ္ဗုဒ | ၇၆၅ | ဇမ္ဗုသိရိဋ္ဌယေ | ၁၆၄–၅ |
| အလတ္တံ။ အလဒ္ဒံ | ၁၀ | ဉာတေယျံ, ဒဋ္ဌေယျံ, ပတ္တေယျံ။ | |
| အဟံခေါကေသိ။ ကေစိ | ၃၈၉ | ဉာတာယံ, ဒိဋ္ဌာယံ, ပတ္တာယံ | ၂၉၉ |
| အာစိဏ္ဏံ (နံ) | ၇၈၈ | တစ္ဆကာနံ။ တစ္ဆကာနံ | ၁၁၀ |
| အာဏာဏျံ။ အာနဏျံ | ၅၀ | တဒန္တရေသု။တဒနန္တရေသု၊ | ၃၁၀ |

http://www.dhammadownload.com




| ပုဒ် | မျက်နှာ |
|---|---|
| အာမေဍိတံ၊ အာမေဍိတံ | |
| ဥတ္တာပေါ။ ဥက္ကလာပေါ | ၇၇ |
| ဥစ္စာကုလ။ ဥစ္စကုလ | ၂၅၈ |
| ဥစ္စိနိတေန။ ဥစ္စနိ၊ တေန | ၇၆ |
| ဥဆ္ဆေန-ဥဆ္ဆေန | |
| ဥတ္တရကုရု။ ဥတ္တရကုရု | ၃၀၁ |
| ဥတ္တရာပထကာ။ | |
| ဥတ္တရာပဟကာ | ၆၈၆ |
| ဥပါလိတ္ထေရေန။ | |
| ဥပါလိထေရေန | ၃၅ |
| ဓမ္မဒသာ ဓမ္မရသာ | |
| နနိဗ္ဗျာနံခမန္တိ။ နနိဗ္ဗာနက္ခမန္တိ | ၁၅၁ |
| နာထော။ နဓော | ၁၀ |
| နာဘိ။ နာဘိ | ၂၇၄ |
| နာလမယံ နာဠိမယံ | |
| နိမုဒ္ဒိတွာ | |
| နိမုဋ္ဌိတွာ | |
| နိဗ္ဗတ္တိကံ-နိဗ္ဗတ္တက | |
| နိမ္ဗ။ နိမ္ဗ | ၂၀၇ |
| နိရဿိ။ နိဥဿိ | ၄၁၆ |
| နိရုဗ္ဘာမာနာ (နေ) | ၇၄၃ |
| ပက္ကမန္တိ။ ပက္ကမန္တိတိ | ၇၈၉ |
| ပစ္စူသ။ ပစ္စူသ | ၄၉ |
| ပဋ္ဌပမာဏံ။ ပဋ္ဌပမာဏာ | ၂၃၃ |
| ပဋိနိဒ္ဒေသော။ ပတိနိဒ္ဒေသော | ၁၇၆ |
| ပဋိသမ္ဘိဒါ။ ပဋိသမ္ဘိဒါ | ၁၄၆ |
| ပဋိ(ပတိ)အဿောသိ | ၇၉၁ |
| ပဋ္ဌုတ္တာ။ ပတ္တုတ္တာ | ၈၀၉ |

| ပုဒ် | မျက်နှာ |
|---|---|
| တဒတ္တ။ တမတ္တ | ၁၉၁ |
| တပဿိ။ တပဿီ | ၄၁၂ |
| တိန္ဒုကာစီရ။ တိန္ဒုကစီရ | ၁၈၂ |
| တဿကိမည်း။တဿမေကိမည် | ၅၀ |
| တာဝသဟဿဓာ | |
| တာဝသဟဿဝါ | ၃၀၁ |
| ဒိဋ္ဌာသဝါပိ | |
| ဒိဋ္ဌိသီလသာမညသင်္ခါတ | |
| ဒူရေပိ၊ ထုလ်ပိ | |
| ဒိဋ္ဌိသီလသာမည | |
| ပရိဝေဏံ။ ပရိဝေနံ | ၇၇ |
| ပဟိန။ ပဟိန | ၂၇၉ |
| ပဠနဋ္ဌော။ ပိဠနဋ္ဌော | ၁၁၊ ၁၈၂ |
| ပုလကံ။ ပူလကံ | ၆၉၁ |
| ပုဗ္ဗဏှ။ ပုဗ္ဗန | ၆၉၇ |
| ဖရသု။ ပရသု | ၂၇၄ |
| ဗလိဗဒ္ဒ။ ပလိဗဒ္ဒ | ၃၃၁-၂ |
| ဗဟုကာရတ္တာ။ | |
| ဗဟုပကာရတ္တာ | ၇၃ |
| ဗဟိတပါပတ္တာ။ | |
| ဗာဟိရ ပါပတ္တာ | ၂၄၅ |
| ဗုဒ္ဓတ္တကာရဏေ (ကာရဏော) | ၇၄၉ |
| ဗုဒ္ဓေါ။ ဗောဒ္ဓေါ | ၃၂၆ |
| ဗြဟ္မံအဏာတိ။ ဗြာဟ္မံအဏာတိ | ၂၄၄ |
| ဗြာဟ္မဏော။ ဗြဟ္မဏော | ၂၄၄ |
| ဘိဝထိကံ ဘဝထိကံ | |
| ဘီသနကတသို့ | |
| ဘီသနကတ္တသို့ | ၇၆၇ |

http://www.dhammadownload.com




| ပုဒ် | မျက်နှာ | ပုဒ် | မျက်နှာ |
|---|---|---|---|
| ပဏ္ဏာနိ+ပတန္တိ။ | | ဘုမ္မဝစနေ။ ဘူမဝစနေ။ | ၁၈၇ |
| ပဏ္ဏာ+နိပတန္တိ | ၂၁၁ | မဈ္ဈန္တိကော(ဏှိကော) | ၇၉၃ |
| ပဏီတ။ ပနီတ | ၈၀၃ | မဏ္ဍူက မဏ္ဍုက | ၃၂၁ |
| ပထမ။ ပဌမ | ၄၈ | မန္ထရုံ။ မန္ထိရံ | ၆၈၇ |
| ပဒဗျဉ္ဇနသိလိဋ္ဌ။ ဗျဉ္ဇနသိလိဋ္ဌ | ၂၃၇ | မနသာမံသစက္ခုနာ- | |
| ပပ္ပေါဋေတွာ။ ပပ္ပေါဋေတွာ | ၇၇ | မနသာနံ မံသစက္ခုနာ | |
| ပရိဝေဏ၊ ပရိဝေန | ၇၇ | မာဏဝေန။ မာနဝေန | ၇၇ |
| ပဟုတ ပဟူတ | ၇၆ | ရောသေတိ။ ဒေါသေတိ | ၄၁၂ |
| ပရိဏာယက | | ယဒိစ္ဆကံ။ ယာဒိစ္ဆကံ | ၃၃၁ |
| ပမာနံ။ ပမာဏံ | ၁၁၀ | ယထာဘုစ္စ။ ယထာဘုစ္စ | ၂၅၃ |
| ယာဝဒေ။ ယာဝဒေဝ | ၅၀ | သာရဏာတ္တမုပေဟိ | |
| ယွာဟံ-ယမဟံ-ယာဟံ | | သတ္တပဏ္ဏ။ သတ္တပဏ္ဏိ | |
| ယုဂဠ။ ယုဂလ | ၈၀၉ | သတ္တေ။ သတ္တေ | ၃၁၅-၆-၇ |
| လဃိမာ။ လိဃိမာ | ၃၃၇ | သဃာတ သဃတ | ၂၂၇-၈ |
| လဒ္ဓသဒ္ဒါနံ။ လဒ္ဓသဒ္ဒါနံ | ၃၅၉ | သမန္တာဂတ။ သမ္မန္တာဂတ | ၂၆၆ |
| လဒ္ဒါ။ လဒ္ဓေါ | ၇၀၂ | သာတ္ထံ။ သတ္ထံ | ၃၅၅ |
| ဝဝတ္ထပေတဗ္ဗော။ | | သမီပ။ သမိပ | ၂၀၂ |
| ဝဝဋ္ဌပေတဗ္ဗော။ | ၂၃ | သမ္မူဟ။ သမုဟ | ၁၆၁ |
| ဝါဏိဇ။ ဝါဏိဇ္ဇ | ၆၈၇ | သမ္မောဒနီယ။ သမ္မောဒနိယ | ၃၆၇ |
| ဝိဒူရ-ဝိဒူရ | ၂၇၃ | သာရဏာတ္တမုပေဟိ | |
| ဝိပရိယယော။ ဝိပရိယာယော | ၃၃၅ | သာဌေယျ။ သာဓေယျ | ၃၃၇ |
| ဝိပလ္လာသ။ ဝိပ္ပလ္လာသ | ၇၉၇ | သာဒုရသ။ သာဓုရသ | ၇၁၄ |
| ဝိမုတ္တမိတိ | | သဗ္ဗျယတိ။ သဗ္ဗျာယတိ | ၂၄၅ |
| ဝိမုတ္တမှိတိ | | သောဘဏ။ သောဘန | ၂၉၅ |
| ဝိသဂန္ဓံ။ ဝိသဂန္ဓံ | ၇၇ | သေကျော။ သေခေါ | ၆၂ |
| ဝိဟေဌယန္တော။ | | သာဒု။ သာဓု | ၃၆၃ |
| ဝိဟေဓယန္တော | ၇၃၄ | သာဓေန္တော။ သာဝေန္တော | ၃၅၀ |
| သမ္ပဋိစ္ဆာဒေတွာ | ၇၀၂ | သာရထိ။ သာရထိ | ၃၀၉ |

http://www.dhammadownload.com




| ပုဒ် | မျက်နှာ | ပုဒ် | မျက်နှာ |
|---|---|---|---|
| သံဝဏ္ဏနကောဝိဒေဟိ | ၁၀ | သိထိလ။ သထလ။ သိင္ဂလ | ၉၉ |
| သင်္ဂီတိ။ သင်္ဂီတိ | ၄၈ | သိနေရု။ သိန္နေရု | ၃၀၁ |
| သခ်တဋ္ဌ။ သခ်တတ္တ | ၁၈၂ | သေတင္ဆိကာ– | |
| သီလသမ္ပန္နတရံ | | သေတင္ဆိကာ | |
| သမန္နာဂတ။ သမနာဂတ | | သယ်ာတ | |
| သိဝဋ္ဌိကံ–သိဝဓိကံ | | | |


## နည်းနှင့်ဥပစာအညွှန်းအက္ခရာဝလိ


| | | | |
|---|---|---|---|
| အပရဏ္ဏ | ၆၆၈ | အနေကဝိဟိတ (လ) | |
| အဘိက္ကန္တံ | ၆၄၂ | အကုသလာမွော | ၄၀၃ |
| အမုတြာသိံ | ၅၇၂ | အညာယ | ၃၈၄ |
| အမှမိုသံဝင္ကကပ္ပေ | ၅၂၇ | အစ္ဆာသန္နံ | ၃၇၀ |
| အယံဝိနယော | ၁၀၀ | အတိဒူရံ | ၃၇၀ |
| အတ္တနောသန္တာနေ | ၅၄၇ | အဇ္ဈုဒါ | ၇၆၇ |
| အနေကေပိသံဝင္ကကပ္ပေ | ၅၆၆ | အဘိနိဗ္ဗတ္တိ | ၄၂၈ |
| အရှတ္တံ | ၄၉၆ | အန္တော | |
| အနန္တေနေ | ၃၀၅ | ဥပေက္ခာသတိပါရိသုဒ္ဓိံ | ၅၃၇ |
| အင္ဂလောကမွော | ၃၀၀ | ဥစ္စာကုလ | ၂၅၉ |
| အဘူတံ | ၂၉၅ | ဥပပဇ္ဇမာနေ | ၆၁၀ |
| အတစ္ဆံ | ၂၉၅ | ဥတ္တရိမနုဿဓမ္မေ | ၅၁ |
| အဘိညေယျံ | ၂၈၀ | ဧကောဒိ | ၅၀၆ |
| အရဟံ | ၂၇၄ | ဧတံနိရုတ္တိလက္ခဏံ | ၃၃၆ |
| အရိနံ | ၂၇၄ | ဧကံသမယံ | ၁၉၇ |
| အရိ | ၂၇၀ | ဧကသာလကေ | ၁၈၂ |
| အရိယမဂ္ဂေန | ၂၅၄ | ဧကံဒိသံ | ၁၁၅ |
| အန္တာဝန္တ | ၁၆၈ | ကန္တာရံတာရေတိ | ၃၁၇–၈ |
| အဓိပညာ | ၁၂၅ | ကပ္ပေသရန္တိ | ၅၈၅ |
| အန္တာဝန္တိကာ | ၁၆၈ | ကရုဏာဝိဟာရေန | ၁၈၇ |

http://www.dhammadownload.com




| ပုဒ် | မျက်နှာ |
| --- | --- |
| အဓိစိတ္တ | ၁၂၅ |
| အဓိသီလ | ၁၂၅ |
| အဓိသီလသိက္ခာ | ၁၂၄ |
| အဟိတ၊ ဒုက္ခ | ၁၅၂ |
| အာသဝါတိဋ္ဌန္တိ | ၇၅၅ |
| အာသဝါနံခယဉာဏာယ | ၆၂၉ |
| အာသဝေဟိ | ၇၉။ ၇၄၇ |
| အာလောကော | ၅၈၈ |
| အာဘာဿရတောဟေဋ္ဌာ | ၅၆၇ |
| အာသန္နံ အမ္ဗရုက္ခံ | ၁၇၀ |
| ဣမံလောကံ | ၃၄၅ |
| ဣတ္ထတ္တံ | ၆၃၈ |
| ဣတ္ထမ္ဘူတချာနတ္တေ | ၂၆၆ |
| ဣမေအာသဝါတိယထာဘူတံ | ၆၃၂ |
| ဥပက္ကိလေသံဝိနိမုတ္တ | ၆၀၄ |
| ဥပသေနံ | ၇၅၉ |
| ဥပေက္ခကောစဝိဟာသိ | ၅၁၇ |
| ဂေါယူထာနိ | ၂၁၉ |
| စက္ခု | ၆၀၆ |
| စရဏ | ၂၅၈၊ ၂၈၉ |
| စတူသုအပါယေသု | ၆၅၃ |
| စဝမာနေ | ၆၁၀ |
| ဝစမာနေတိအာဒိဟိ | ၆၁၃ |
| စာရိကံ ပက္ကာမိ | ၇၀ |
| စာရိကံစရမာနတ္တာယ | ၇၉၀ |
| စိရဒိဋ္ဌောသမ္မာသမ္ဗုဒ္ဓေါ | ၁၇၀ |
| စုတိယာစ ဥပပါတေစ | ၅၉၂ |
| စုတူပပါတဉာဏာယ | ၅၉၃ |
| စေတောသမ္မာသာဒယတိ | ၅၀၀ |
| ကလျာဏော | ၂၆၆ |
| ကဋ္ဌေဝရေ | ၂၉၉ |
| ကသ္မီရ-ဂန္ဓာရာ | ၁၆၉ |
| ကာယံဝါစဋ္ဌ | ၁၀၀ |
| ကာယတော | ၆၁၅ |
| ကာလင္ကော | ၁၉၁ |
| ကာဋ္ဌကာ | ၇၇၀ |
| ကုရုန္ဒီနာမာဒီသု | ၁၇ |
| ကုသိနာရာယံ | ၅၀ |
| ကောဋ္ဌနာဒံ | ၁၇၁ |
| ခုရဂ္ဂေ | ၁၆၆ |
| ခေတ္တံ | ၁၅ |
| ဂင်္ဂါယစရန္တိ | ၂၁၉ |
| ဂဏ္ဍာမိ | ၆၅၁ |
| ဂဗ္ဘ | ၄၂၂ |
| ဂဗ္ဘသေယျာ | ၄၂၈ |
| ဂဗ္ဘသေယျာပုနဗ္ဘဝါဘိနိဗ္ဗတ္တိ | ၄၂၅ |
| တေနသမယေန | ၁၉၄ |
| ဒဒေယျာမာတိ | ၇၉၉ |
| ဒါယာဒ | ၁၆၇ |
| ဒါယာဒေါသာသနဿ | ၁၆၇ |
| ဒိဗ္ဗံ | ၅၉၇၊ ၅၉၉၊ ၆၀၀ |
| ဒိသံ | ၂၈၉ |
| ဒီဃနိကာယ | ၁၆၁ |
| ဒေဝမနုဿာနံ | ၃၂၂ |
| ဒေဝေဟိ | ၃၄၅ |
| ဒေသနာ | ၁၃၄၊ ၁၄၆ |
| ဒေသနာဝိလာသ | ၃၉၁ |
| ဓမ္မဒေသနာ | ၆၄၂ |

http://www.dhammadownload.com




| ပုဒ် | မျက်နှာ | ပုဒ် | မျက်နှာ |
|---|---|---|---|
| ပုဗ္ဗဏှ | ၆၆၈ | မဏ္ဍူကောဟံ | ၃၂၂ |
| ပုဗ္ဗဘာဂပဋိပဒါ | ၄၄၄ | မဟာပစ္စရိယံ | ၁၇ |
| ပုဗ္ဗာစရိယာနုဘာဝံ | ၁၆ | မဟာပထဝီအကမ္ပိ | ၁၇၂ |
| ပုဗ္ဗေ၀ | ၅၃၁ | မဟာဝိဟာရဝါသ | ၁၆ |
| ပုဗ္ဗေနိဝါသံ | ၅၈၈ | မဟာဝိရော | ၁၇၁ |
| ပုဗ္ဗေနိဝါသာနုဿတိ | ၅၄၇ | မာရေန | ၃၄၅ |
| ပုဗ္ဗေနိဝါသာနုဿတိမှိ | ၅၄၇ | မူလံ | ၂၁၁ |
| ပုရိသဒမ္မသာရထိ | ၃၁၀ | မောဂ္ဂလိဗြဟ္မဏာဿဂေဟာ | ၁၆၄ |
| ပုလက်နာမ | ၆၉၄ | ယထာဘုစ္စ(လ)အရဟတ် | ၃၆၀ |
| ဗုဒ္ဓနိသေဝိတံ | ၁၃ | ယမုနာယစရန္တိ | ၂၁၉ |
| ဗုဒ္ဓရုပ် | ၁၆၆ | ယောဂါဝစရော | ၄၆၈ |
| ဗောဓိပတိဋ္ဌာန် | ၁၇၂ | ရတနတ္တယံ | ၁၅ |
| ဗြဟ္မံ | ၂၄၆ | ရာဇဂဟေအဋ္ဌာရသဝိဟာရံ | ၇၉ |
| ဗြဟ္မစရိယံ | ၆၃၆ | လက္ခဏူပနိဇ္ဈာန | ၄၈၇ |
| ဗြဟ္မုနာ | ၃၄၅ | လုမ္ဗိနိဝနေ | ၂၂၁ |
| ဘဂဝါ | ၃၃၇၊၃၃၈၊၃၃၉ | လောကံတပနတော | ၁၄၆ |
| ဘဂဝါတိဝစနံ | ၃၃၂ | လောကိယဇနပ္ပသာဒက | ၃၅၅ |
| ဓိရာ ဝါ အဿ | ၇၂၂ | ဓမ္မဓာတုံ | ၄၂၈ |
| ဆဒ္ဒန္တ ဒဟတော | ၁၆၅ | ဓမ္မပဏ္ဏာကာရမှိ | ၁၆၉ |
| ဆန္ဒော | ၄၅၅ | ဓမ္မဝိနယ | ၈၃ |
| ဇနပဒစာရိကံ | ၇၈၉ | ဓမ္မသင်္ဂီတိ | ၆၂ |
| ဇေဋ္ဌမူလနက္ခတ္တံနာမ | ၁၆၉ | နဝသတ္တာဝါသာ | ၃၀၀ |
| တံခေါ်ပနာတ | ၂၆၆ | နာမဂေါတ္တ(လ)သာကာရံ | ၅၇၇ |
| တဋ္ဌခေါ်နော‌အသန္တံ | ၇၉၇ | နိရုဗ္ဗုဒ္ဓါ | ၇၆၇ |
| တဏ္ဍံ | ၂၉၅ | နိဝါသ=နိဝုတ္ထက္ခန္ဓာ | ၅၄၉ |
| တပတီတိတပေါ | ၄၁၂ | ပံသုကူလာနိ | ၅၁ |
| တပန္တီတိတပါ | ၄၁၆ | ပစ္စုဋ္ဌေတိ | ၃၈၀ |
| တပဿီ | ၄၁၃ | ပညာ | ၁၄ |
| တမော | ၅၈၈ | ပဋ္ဌမတ္တေဟိဘိက္ခူသတေဟိ | ၂၃၃ |

http://www.dhammadownload.com




| ပုဒ် | မျက်နှာ |
|---|---|
| တမ္ဗပဏ္ဏိဒီပံ | ၁၆၉ |
| တာလာဝတ္ထု | ၃၉၆ |
| တိစီဝရေန | |
| (တိတ္ထိယာဥ္) တိတ္ထ | ၅၈၅ |
| တိတ္ထိယာ | ၅၈၅ |
| ပရူပဝါဒဝိဝဇ္ဇတော | ၇၃ |
| ပဿဒ္ဓေါကာယော | ၄၄၂ |
| ပသံသာဝစနံ | ၅၈၈ |
| ပဟာတဗ္ဗဥပဟီနံ | ၂၈၀ |
| ပါဒါနိ | ၃၂၂ |
| ပါဒေါ၀ စလိ | ၁၆၈ |
| ပါဠိယာဒေသနာ | ၁၃၅ |
| ပိဋကံပိဋကတ္ထဝိဒူ | ၁၂၀ |
| ပီတိယာ | ၅၁၄ |
| ပုညပ္ပဘာဝနိဗ္ဗတ္တ | ၁၆၆ |
| ပုဏ္ဏမာယံမဟာဝီရော | ၁၇၁ |
| ပုတ္တာနံ မနံ | ၁၆၇ |
| လောကဿန္တော | ၃၀၀ |
| လောကဟိတာယ | ၁၁–၁၂ |
| လောမာနိဟံသန္တိ | ၇၄၉ |
| ဝဋ္ဋီသု | ၁၆၄ |
| ဝဏ္ဏာဂမောဝဏ္ဏဝိပရိယာ | |
| ယောတိ | ၃၃၅ |
| ဝနစာရုံဂတော | ၁၆၈ |
| ဝဏ္ဏ ဂမနော | ၃၃၅ |
| ဝရာဘူရိမေဓသော | ၄၃၉ |
| ဝါသံဝသိတွာ | ၈၀၉ |
| ဝဿာဝါသံ | ၆၆၅ |
| ဝိညာဏဋ္ဌိတိ | ၄၂၈ |

| ပုဒ် | မျက်နှာ |
|---|---|
| ပဋ္ဌပိထေရာပဋ္ဌရဋ္ဌာနိ | |
| ပသာဒေသုံ | ၁၆၉ |
| ပညာဓနုနတော | ၆၄၃ |
| ပဏ္ဏာကာရ | ၁၆၉ |
| ပတွာ | ၆၃၁ |
| ဘဝါဘဝံ | ၁၃ |
| ဘဒ္ဒနာမော | ၁၆၉ |
| ဘာဂျ | ၃၃၆ |
| ဘာဝိတဗ္ဗဥဘာဝိတံ | ၂၇၉ |
| ဘိက္ခုသင်္ဃေန | ၂၂၉ |
| ဘိက္ခူဟိ | ၇၉ |
| ဘူတံ | ၂၉၅ |
| ဘေရိံစရာပေသိ | ၁၆၆ |
| မံသစက္ခု | ၆၀၈ |
| မတ္တညုတာ | ၇၃၃ |
| မဟာကာရုဏိကဿ | ၁၁–၁၂ |
| မဟာဂေါစရ | ၇၈ |
| သဒေဝကံ | ၃၄၃ |
| သဒေဝမနုဿ | ၃၄၅ |
| သတော | ၅၂၀ |
| သဒ္ဓါဓနုနတော | ၆၄၃ |
| သဗ္ဗတံကေရသံဝိမုတ္တိရဿ | |
| မေဝဟောတိ | ၈၃ |
| သဗ္ဗတာဋ္ဌာဝစရေ | ၁၇၀ |
| သမ္ဗောဓိ | ၇၈၄ |
| သမဏော | ၂၅၃ |
| သမာဓိ | ၁၄ |
| သမယေန | ၁၈၃ |
| သမာရကံ | ၃၄၄ |

http://www.dhammadownload.com

http://www.dhammadownload.com